http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

တွဲဖက်အကျိုးတော်ဆောင်

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်၏

# လယ်တီဝိပဿနာ

အမှတ်-၄

သာသနာ-၂၅၄၈ ကောဇာ-၁၃၆၆ ခရစ်-၂၀၀၅

http://www.dhammadownload.com

# ကောင်းကင်၏ဂုဏ်

## "အေးမည့်နည်းသမီး"

၁ ကိုင်တွယ်ကာင်းစင် မိုးကောင်ကင်သို့ ရန်လျှင်ကိလေ ဖေးကျောလေ၍ မတွေ့မကာပ် မယှဉ်အပ်အောင် ကျင့်ဆောင်စေပြီ။

၂ ငှက်များပျံသန်း ကောင်းကင်နန်းသို့ စိတ်ဖြန်းအနိစ္စ ဒုက္ခအနတ္တ ဉာဏ်သုံးဝဖြင့် သင်္ခါရမှ တရားစုကို ပွားရှုစေရာ။


၃ ကောင်းကင်ပြင်ကျယ် ထိတ်လန့်မွှယ်သို့ သုံးသွယ်ဘ၀ သံဝေဂဉာဏ် ရင့်သန်စေမှု ဖန်ဖန်ရှုသုံး။

၄ အဆုံးမထင် မိုးကောင်းကင်သို့ နှိုင်းယှဉ်ကင်းပ သီလဉာဏ်ဖြင့် ပွားစေချင်၏။

၅ မငြိမတွယ် ကောင်းကင်နှယ်သို့ သုံးသွယ်သုံးမျှ အကြောင်းကို တွယ်တာငြိကပ် မရှိလတ်အောင် မြင့်မြတ်စေမှု သာရာဟအား စံပြကောင်းကင် ဆုံးမသင်သည့် ပွားလျှင်ဘ၀နော သာ - မသာဟု ဖသသာချပ်တွေး ပေးထက်ပေး အေးမည့်နည်းလမ်းတည်။

"မိခင်ရောင်" စာအုပ်တိုက်၊
တိုက်(၄) အခန်း(၄၀၂) ကျိုက်ဝေ ... ရန်ကုန်မြို့
ဖုန်း-၀၁-၇၀၁၄၃၃၊ ၀၉-၅၀-၁၅၁၃

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
နာဂလိုဏ်ဂူ ဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက်
လယ်တီဝိပဿနာ လယ်တီတောရ တရားရိပ်သာ
ကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာပဏ္ဍိတ၊
ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ
မူလ အာဘိဓမ္မိက

# ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်

ပြုစုတော်မူသော

# လယ်တီဝိပဿနာ အမှတ် (၄)

ယောစဉ်တရားတော်များ

သာသနာ-၂၅၄၈ ကောဇာ-၁၃၆၆ ခရစ်-၂၀၀၅

မိခင်စာအုပ်အမှတ် (၅၃)

http://www.dhammadownload.com

အမှန်တရားသည်အောင်အံ့

သစ္စာ မေတ္တာ

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၃၂၀၁၁၃၀၅၀၃ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၁၂၁၀၅၀၃ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၃၅၀၀ကျပ် |
| ထုတ်ဝေသည့်ရက်စွဲ | ၂၀၀၅ခုနှစ် |
| အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသူ | ဒေါ်ချယ်ရီသိန်း၊(မြ-၀၃၉၈၁) |
| | မိခင်ဧရာဝတီစာအုပ်တိုက် |
| ပုံနှိပ်သူ | ဦးကျင်ရင် (မြ-၀၅၄၁၇) |
| | ရွှေခြင်္သေ့ပုံနှိပ်တိုက် |
| စီစဉ်သူ | မိခင်ဧရာဝတီစာအုပ်တိုက်မိသားစု |
| မျက်နှာဖုံးဒီဇိုင်း | **Eagle** |
| အတွင်းဖလင် | ကိုအောင်ခင်ဦး |
| စာအုပ်ချုပ် | ကိုမောင်မောင်အုန်းအဖွဲ့ |

ဖြန့်ချိရေး - မိခင်ဧရာဝတီစာအုပ်တိုက်
တိုက်(၄)၊ အခန်း(၄၀၂)၊ ကျိုက်သောင်ကမ်းနား၊
အထက်ပုဇွန်တောင်လမ်းမကြီး၊ ရန်ကုန်မြို့။
☎ ၀၁- ၇၀၁၄၃၁၊ ၀၉-၅၀၁-၅၆၁၃

http://www.dhammadownload.com

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
# နာဂလှိုဏ်ဂူဘုရားကုန်းမြေ
# ကလေးဝတောရစာသင်တိုက်
# လယ်တီဝိပဿနာ လယ်တီတောရတရားရိပ်သာ
# ကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက၊
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# တွဲဖက်အကျိုးတော်ဆောင်
# အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊
# မူလအာတိမ္မိက
# ဘဒ္ဒန္တဇာဂရာဘိဝံသ
# ၏
# ဘဝဖြစ်စဉ်

## ဇာတိဌာန မွေးရပ်မြေ

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ - မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဥ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာတ တတိယသားရတနာ ဖြစ်သည်။

## ကျောင်းအပ်ပညာသင်ခြင်း

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏ကျေးဇူးကြောင့်ကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော် ဦးစန္ဒိမာ၊ ဆရာတော် ဦးကုမုဒ၊ ဆရာတော် ဦးဉာဏဝံသ တို့ထံ အပ်နှံ၍ ဘုန်းတော်ကြီးသင်ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

## ရှင်သာမဏေဘဝ

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ - အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင် - အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော် မယ်တော်တို့က ရှင်ဒါယကာ - ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ သာသနာ့အမွေ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာဂရဖြစ်သည်။

## စာသင်ထွက်ခဲ့ခြင်း

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော် ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရ ကျောင်းတိုက် ကျမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်၌ မဟာနာယက ပထမဆရာတော်ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ၊ ဒုတိယဆရာတော် ဘဒ္ဒန္တကုမုဒနှင့် စာချဆရာတော်များဖြစ်ကြသော-

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ်၊ ဓမ္မိကာရုံဆရာတော်)
- အရှင်သြဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တိုရေဝန်းကျောင်းဆရာတော်)
- အရှင်ပညာသိရီ (ယခု ဟုမ္မလင်းမြို့၊ သဝန်ရွာဆရာတော်)
- အရှင်ခန္တိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတကျောင်းဆရာတော်)
- အရှင်သုမန (တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းတိုက်နိုင်ငံတော်သံဃမဟာနာယက)

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

- အရှင်ပညာသိရီ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင် တောရကျောင်းတိုက်၊ တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသီခ ဓမ္မာစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့ အရှေ့လယ်တီကျောင်းတိုက် ပဌာန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊
- စာချဆရာတော် ဘဒ္ဒန္တမာလာသိရီ (ယခု နိုင်ငံတော်သြဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့)
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီတိုက် ပဓာနနာယကဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊

စသော ဆရာတော်များထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ်တို့ကို သင်ယူခဲ့သည်။

အဆူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှအဆုံး တိုင်အောင် သင်ကြားခဲ့ရသည်။

ဆရာတော်ဘုရား စာချစဉ် အသုံးပြုတော်မူသော ထွေးခံကြီး နှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြုဆောင်ရွက် ခဲ့သည်မှာ ရိုးမြေကျသည်အထိပင် ဖြစ်သည်။

### ရဟန်းဒါယကာ ဒါယိကာမများ

မုံရွာမြို့ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင် ကေဝလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ တနင်္လာနေ့တွင် မုံရွာမြို့ တရုတ်တန်း ဇေယျသုခဆန်စက် ပိုင်ရှင် ဦးဘရွှေ - ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံ၊

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

အမေရိကန်နိုင်ငံများမှ ရဟန်းဒါယကာ - ဒါယိကာမများက ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများအဖြစ် (၆၅)ကြိမ်တိုင်တိုင် သိက္ခာထပ်တင် ထောက်ပံ့လှူဒါန်း၍ ဒါယကာ ခံယူကြသည်။

## ပခုက္ကူစာသင်နည်း

ရဟန်း (၁)ဝါအရ ဓမ္မာစရိယတန်း အောင်မြင်ပြီးသောအခါ ပခုက္ကူအလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော်မူရာ **"သုဝဏ္ဏဝတီ"** ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒဆရာတော်နှင့် ဂဏဝါစကဆရာတော်များထံတော်တွင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံကို အဋ္ဌကထာ၊ ဋီကာများနှင့်တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေးချီးမြှောက်မှုကို ခံယူရရှိခဲ့သည်။

## မန္တလေးစာသင်နည်း

မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော်သံချောင်းဆရာတော် ဦးပဏ္ဍဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းဆရာတော် ဦးစန္ဒိမ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း ရွှေရေးဆောင်နည်းကို သင်ယူခဲ့သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

## လားရှိုးမြို့

၁၃၂၁ ခုနှစ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ မဟာဗောဓာရုံကျောင်းတိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ၊ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ) မြို့လယ်ကျောင်းဆရာတော်၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူနေထိုင်ခဲ့သည်။

## အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်းအမှတ် ဝိနည်းစာပြန်ပွဲတွင် **"ပထမ"**ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမငယ်တန်း"**ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမလတ်တန်း"** ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမကြီးတန်း"**ကို ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့ သပြေပင်တောရကျောင်း ပါဠိပါမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမဆင့် ပထမ၊ ဒုတိယဆင့် ဒုတိယ၊ တတိယဆင့် ပထမ အောင်မြင်ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ သီလက္ခန်နှင့် အဋ္ဌသာလိနီ (၂)ကျမ်း ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း (၁)ဝါရတွင် **"ပါရာဇိကဏ်"** ကျမ်းကို အောင်မြင်ခဲ့သည်။ ကျမ်းရင်းအစိုးရဓမ္မာစရိယတန်း **"ပါဠိဘာသာ"**ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ (ပါဠိဘာသာ)ဖြင့် ရခဲ့သည်။

ရဟန်း (၂)ဝါအရတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ် သုတ္တန္တပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက်

http://www.dhammadownload.com



တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဒီဃဘာဏက"**ဘွဲ့ပုံလက်မှတ်ရရှိခဲ့သည်။

ရဟန်း(၄)ဝါအရတွင် **"မဟာဝဂ္ဂါဒိ"** မြန်မာဂုဏ်ထူးကို အောင်မြင်တော်မူခဲ့သဖြင့် **"သာသနာဓဇ သီရိပဝရ ဓမ္မာစရိယ"**ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း(၅)ဝါအရတွင် **"သုတ္တန္တ ပိဋက ဒီဃနိကာယ်"**ရေးဖြေစာမေးပွဲအောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် **"ဒီဃနိကာယ ကောဝိဒ"**ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။

ထိုအချိန်မှစ၍ ရထား၊ သင်္ဘောအထက်တန်း အခမဲ့စီးနင်းလိုက်ပါခွင့် တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

ဒီဃဘာဏကဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့ သပြေပင်တောရ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးကုမုဒတို့က ဦးဆောင်လျက် တပည့်ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပပေးခဲ့သည်။

ရဟန်း(၁၀)ဝါအရတွင် စာမျက်နှာ (၂၂၆၀)ပါရှိသော ဝိနယပိဋကတော်ကို အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးနီထီးဖြူတော်နှစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဝိနယဓရ"**ဘွဲ့လက်မှတ်ကို ရရှိတော်မူခဲ့သည်။

ရဟန်း(၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း (၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော် **"ဝိနယကောဝိဒ"**ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူဖြင့် **"ဂုဏ်ပြုပွဲဇော်ပွဲ"**ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက်

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

လယ်တီနိကာယဉက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရ သပြေပင်တောရဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ၊ စစ်ကိုင်းတိုင်းကောင်စီ ဥက္ကဋ္ဌ၊ မုံရွာမြို့နယ် ကောင်စီဥက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း(၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ် ပြုလက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝ အဘိုးဆရာတော်ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ ကျရှုံးခြင်းမရှိအောင်မြင်ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိမှုန်ဝါး ဖြစ်ခဲ့ငြားလည်း-

"ဘာကြောင့်ညာကြောင့် မဖြောင့်လုပ်ကိုင်"
"လူအညံ့စား ကိုယ့်အားမပိုင်"
"ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်"
"ကိုယ့်အလုပ် ကြိုးကုတ်အောင်ပန်းတိုင်"

ဟူသော ရှင်သာမဏေဘဝက ရေးသားသောစကားဖြင့် အမြဲအားမြှင့် ပေးတော်မူခဲ့သည်။

## နိုင်ငံတော်အစိုးရနှင့်ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြုတံဆိပ် (၃)ခု

ပရိယတ္တိစာပေများကို (၄၀)နှစ်ကျော် ပို့ချလျက် သာသနာ့ တာဝန်များ ထမ်းဆောင်တော်မူခဲ့သောကြောင့်-

၁၃၅၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က **"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်၊

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

၁၃၅၈ ခုနှစ်တွင် ပခုက္ကူစာချနည်း ရာပြည့်အထိမ်းအမှတ် **"မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ဂဏအနုနာယက"** ဘွဲ့ပုံလက်မှတ်။

၁၃၆၀ ပြည့်နှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း ရာပြည့်အထိမ်းအမှတ် **"ပရိယတ္တိ သာသနဟိတဓရ"**ဘွဲ့ပုံလက်မှတ်၊

၁၃၆၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက **"အဂ္ဂမဟာပဏ္ဍိတ"**ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ခံယူရရှိတော်မူသည်။

၁၃၆၅ ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး တည်ထောင်သည့် ရာပြည့်အထိမ်းအမှတ် **"မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဂဏ ဝိနာယက"**ဘွဲ့ပုံလက်မှတ်တို့ကို ချီးမြှင့်ခံရသည်။

### ကျမ်းဂန်ရေးသားပြုစုခြင်း

အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူကလေးဝတောရဆရာတော် သည် သပြေပင်တောရ ဆရာတော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိ ရေးပြောနည်းခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ (၁)၊ (၂)၊ (၃)၊ (၄)တို့ကို ရေးသားပြီး ဓမ္မဒါနလှူဒါန်းခဲ့ပါသည်။

### ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်း အာမိသတရားဓမ္မဖြင့် ချီးမြှောက်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးများအား နေ့စဉ်ရှိခိုးပူဇော်ခဲ့သည့်အပြင် နှစ်စဉ် ပင့်လျှောက်၍ ပူဇော်ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်သည်။

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

### စာသင်တိုက်များ ဖွင့်လှစ်ဦးဆောင် သာသနာပြုဓမ္မစေတီများ တည်ထားကိုးကွယ်ခြင်း

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ ရန်ကုန်မြို့၊ နာဂလိုဏ်ဂူကလေးဝ တောရ စာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍-

- မုံရွာသပြေပင်တောရ စာသင်တိုက်၊
- ဟိုပန်မြို့ မြသိန်းတန် စာသင်တိုက်၊
- ဒဂုံမြို့သစ်မြောက်ပိုင်း မင်္ဂလာရာမ စာသင်တိုက်၊
- မန္တလေးမြို့ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်၊
- လှည်းကူးမြို့ မဟာဇေယျမင်းကျောင်း စာသင်တိုက်၊
- ပဲခူးမြို့ မဟာဗောဓိ စာသင်တိုက်၊
- ပဲခူးမြို့ မဟာပဒုမဝိနယဓရ စာသင်တိုက်၊
- ဗဟန်း ဃောဇနာရာမ စာသင်တိုက်၊
- ချောင်းဦးမြို့ ကိုင်းဆယ်ရွာ ဇေယျာရန်နိုင် စာသင်တိုက်၊
- သီပေါမြို့ ခန္တီအာရာမ စာသင်တိုက်၊
- ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော် ပရိယတ္တိ စာသင်တိုက်၊
- လှည်းကူးမြို့၊ ရွှေကြာရံလယ်တီတောရရိပ်သာ၊
- ပဲခူးမြို့၊ မဟာကြီးဘုရားကျောင်းစာသင်တိုက်၊
- ပျော်ဘွယ်မြို့၊ ရှားတောဓမ္မရိပ်သာ၊
- မန္တလေးမြို့၊ သမင်္ဂါရာမပညာဒါနကျောင်းတိုက်၊
- မိုးပြဲ၊ လယ်တီတောရရိပ်သာ၊

တို့ကို ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း (၄)ဝါရမှစ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ (၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

http://www.dhammadownload.com

# နာဂလိုဏ်ဂူ ကလေးဝဆရာတော်

## ယနေ့ ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

### ကျောင်း (၅)မျိုး

ယနေ့ သာသနာတော်နှစ် ၂၅၄၈ နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့ဝန်ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စသော ပညာရပ်များ (အခမဲ့)သင်ပေးခြင်း၊ လူကြီးသူမတို့အား တရားဓမ္မဟောပြပေးခြင်းဖြင့် ပစ္စုပ္ပန်သံသရာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့်သာဝကနှင့်မတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင်တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ်တွင် ဘုန်းတော်ကြီးများ သာသနာပြုစခန်းချ၍ နေထိုင်ရာ **"ကျောင်း"**အမျိုးအစား (၅)မျိုးကို တွေ့ရသည်။

၁။ တရားရိပ်သာကျောင်း

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ

၃။ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်းကြီးများ

၄။ အကြည်ညိုခံသာသနာပြုကျောင်း

၅။ ကလေးသူငယ်များအား စာပေပညာသင်ပေးသည့် (ဘ-က) ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရသည်။

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

## သာသနာပြုစခန်း (၄)မျိုး

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ အမွှမ်းတင် ဘာဝနာတရားကို ဟောကြား၍ ကျမ်း(၄)ကျမ်းအဖြစ်သို့ ရောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော်သည် နံပါတ် ၁-၃-၄-၅ အမျိုးအစားကျောင်းများစွာတို့ကို ဦးဆောင်ဖွင့်လှစ်၍ မိမိ၏သာသနာပြု စွမ်းအားကို မြင့်မားစေတော်မူလျက် ရှိသည်။

## နံပါတ် (၅)အမျိုးအစားကျောင်း

ကလေးဝဆရာတော်သည် နံပါတ်(၅)အမျိုးအစားကျောင်း ဖြစ်သည့် နယ်စပ်ဒေသနှင့်တောင်တန်းဒေသ တိုင်းရင်းသားကလေး သူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၌ "ဝ"ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ လူမျိုးများစွာ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသားမျိုးစုံ နှစ်စဉ်တစ်ထောင်ကျော် လာရောက်ခိုနားလျှက် (ကျောင်းသုံးစာအုပ်၊ ခဲတံ၊ ဘောလ်ပင် စသည် မဝယ်ရစေဘဲ) အခမဲ့ပညာသင်ကြားခွင့်ရသော ပညာရေးကျောင်းကြီး ဖြစ်လာလေပြီ။ ကျေးဇူးရှင် မူလကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်းတိုက်၌ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်း ပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိသော လက်ရှိကလေးဝ ဆရာတော်သည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားကလေးသူငယ်များအား **"စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ"** ခေါင်းစဉ်ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏သာသနာပြုစွမ်းအားကို နေ့စဉ်မြှင့်တင်တော်မူလျက် ရှိသည်။

## နံပါတ်(၁)တရားရိပ်သာကျောင်း

၁၃၆၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်း တိုက်ကို လက်ခံရရှိတော်မူသော ဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက်

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

ရှိသော ဗုဒ္ဓဒေသနာနည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌ မေးမှိန်လျက် ရှိနေသည်ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း တစ်ရာကျော်ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာခာတ်အလင်းရောင် ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသော ဆန္ဒဖြင့် လယ်တီတောရရိပ်သာများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရားခစန်း (၈၀)ကြိမ်၊ အခြားတရာဌာနပေါင်း (၉၀)ကျောင်းတို့၌ (၇)ရက်တရားစခန်းပေါင်းများစွာ ဖွင့်လှစ်ရန် အားပေးကူညီတော်မူသည်။ လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီဝိပဿာနာပြန့်ပွားရေး အားသစ်တော်မူလျက်ရှိသည်။ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်သည် ရန်ကုန်မြို့၊ ပြည်လမ်းမကြီးပေါ်တည်ရှိ၍ ဆိတ်ငြိမ်တောရကျောင်းသဖွယ်ဖြစ်ပြီး ယောဂီများ အေးအေးလူလူ တရားနာယူရာ ဖြစ်သည်။

### နံပါတ် (၃)အမျိုးအစားစာသင်တိုက်

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ နာဂလိုဏ်ဂူကလေးဝတောရ စာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ အခြားစာသင်တိုက်များကို စာသင်တပည့်ကြီးများကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

### ပြည်ပသာသနာပြုလုပ်ငန်း

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်၊ ဂျပန်၊ ဆိုဗီယက်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွချီ၍ တရားဟောတော်မူခြင်း၊ တရားအားထုတ်နည်း သင်ပြခြင်း၊ ဗုဒ္ဓသာသနာ

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

တော်ဆိုင်ရာ မေးခွန်းများကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော်မူသည်။

### သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်

နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် ပထမအကြိမ် မြို့နယ်ဝန်ဆောင် ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သမ္မုတိရသံဃာ့ ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ တတိယ, စတုတ္ထအကြိမ် ၁၆-၆-၉၁ နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

ပဉ္စမအကြိမ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ တနင်္လာနေ့၊ ၅-၃-၂၀၀၁ နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တာဝန်များ ထမ်းဆောင်လျက်ရှိသည်။

### လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် တောတောင်အနှံ့ သီတင်းသုံးတော်မူပြီး ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်း၊ သံခိပ်ကျမ်း၊ ပါဠိကျမ်းပေါင်း (၁၀၀)ကျော်ရေးသားပြီး ဤကမ္ဘာ့လူထုအား ဝိဇ္ဇာစာတ်အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့ပါသည်။ အဆိုပါ ကျမ်းပေါင်းများစွာကို မူကောင်းမူသန့် ရရှိစေရေး၊ ထွန်းကားပြန့်ပွားရေးအတွက် အဖွဲ့အစည်းဖွဲ့၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာတွင် နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် အဆိုပါအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ယူလျက်ရှိသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၌ ဒီပနီ (၁၀)ကျမ်း (အင်္ဂလိပ်စာမူ)ကို အုပ်ရေ (၂၀၀၀)ရိုက်နှိပ်ဒါနပြုတော်မူသည်။

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့

ဗုဒ္ဓဒေသနာတော်နည်း စည်းမပျက် ဆက်လက်ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ သမထ၊ ဝိပဿနာတရားတော်များ ပြန့်ပွားရေးအတွက် လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ကို စတင်ဦးဆောင်ဖွဲ့စည်းတော်မူခဲ့သည်။ ဌာနပေါင်း (၁၀၀)ကျော်တို့၌ တရားစခန်းများ ဖွင့်စေတော်မူခဲ့သည်။

## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့

ထို့အတူ လယ်တီကမ္မဋ္ဌာနစရိယများအား သင်တန်းပေး၍ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ကို ဖွဲ့စည်းလျက် ဝိပဿနာပြန့်ပွားရေးဆောင်ရွက်ရာတွင် လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

## အန္ဒယ်တော်ဝင် ဘုရားကျောင်းကန်၊ စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့

ကျေးဇူးတော်ရှင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ လယ်တီနိကာယ သပြေပင်တောရကျောင်း စာသင်တိုက်၊ ပထမ ပဓာန မဟာနာယကဝိကျွတ္တဒီပကာဒိကျမ်းပြု ဘဒ္ဒန္တကေဝလာဘိဝံသ၊ မဟာထေရ် ဒုတိယမြောက် ပဓာန နာယကအရညဝါသီ ဓုတင်္ဂရေ ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ သာသနာပြု ပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော် ဘဒ္ဒန္တသာဂရ စသော ကျေးဇူးတော်ရှင် ဆရာတော်တို့မှ ဆင်းသက်ပိုင်သ အန္ဒယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့ကို ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ ၁၉-၁၁-၂၀၀၂ နေ့က စတင်ဦးဆောင်ဖွဲ့စည်းလျှက် သာသနာတော်စည်ပင်ပြန့်ပွားရေး အားပေးတော်မူသည်။

မိခင်ဇရာဝတီ

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

## စွယ်စုံသာသနာပြု

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများက ပေးစွန့်၍ လက်ခံရယူခဲ့သော ကျောင်းတိုက်များကို ပရိယတ္တိစာသင်တိုက်၊ ပဋိပတ္တိတရားရိပ်သာအဖြစ် ရောက်ရှိအောင် ဆောင်ရွက်၍ ဖော်ပြပါအတိုင်း စွယ်စုံသာသနာပြုတော်မူသည်။ ရရှိထားသော ကျောင်းတိုက်များကိုလည်း သင့်လျော်ရာပုဂ္ဂိုလ်များအား လွှဲအပ်လှူဒါန်းတော်မူသည်။

၁။ ကျေးဇူးတော်ရှင် မူလကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်ပေးသနားတော်မူခဲ့သော နာဂလိုဏ်ဂူကလေးဝတောရကျောင်းကို ရဟန်းသာမဏေ သီလရှင် တစ်ထောင့်သုံးရာကျော် (၁၃၀၀)ကျော် သီတင်းသုံး၍ ပညာရင်နို့သောက်စို့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားကလေးသူငယ်များ သာသနာ့နွယ်ဝင်သီလရှင်များ နေထိုင်ပညာသင်ယူရာ စာသင်တိုက်ကြီး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နန္ဒမူရိပ်သာအဖြစ်ရောက်အောင် ဆောင်ရွက်၍ အနွယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေးအား လွှဲအပ်ထားပြီးဖြစ်သည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့်တော်မူခဲ့သော ပဲခူးမြို့၊ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ ဓမ္မာစရိယအားလွှဲအပ်၍ ကျောင်းသား (၅၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသနာဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ်သို့ ရောက်ရှိစေတော်မူသည်။

၄။ ပဲခူးမြို့၊ အနောက်တောရွှေဟောင်းသမိုင်းဝင် မဟာကြီးစေတီတော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀)ကျော် သီတင်းသုံးရာစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်လှစ်သာသနာပြုတော်မူသည်။

http://www.dhammadownload.com



၅။ မုံရွာမြို့ ရှမ်းတော်ရပ်၊ သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့၊ မင်းကြီးတောင်တန်း ဗေဒါရီဂူနန်း ကလေးဝတောရကျောင်းကို အရှင်သုန္ဒရအား သဘောကျသာသနာပြုရန် လွှဲအပ်ထားပါသည်။

၇။ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုဒ် ရွှေရေးတောင်ကျောင်းတိုက် သူဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော်ဘဒ္ဒန္တစန္ဒိမာ မဟာထေရ်ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တသုဒဿန ဓမ္မာစရိယအား လွှဲအပ်၍ စာချစာသင် (၇၀)ကျော် သီတင်းသုံးရာ စာသင်တိုက်အသွင် ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမကျောင်းတိုက် ဆရာတော်ကြီး၏ ချီးမြှင့်မှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒေဘာသ (၂)ပါးတို့ကို တာဝန်ပေးခါ စာချစာသင် (၅၀)ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

၉။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင် စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရံစေတီတော် လယ်တီတောရကို ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အား အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်စေသည်။

၁၀။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ စည်းကား (၂)ရပ်ကွက်၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းဖွင့်၍ နယ်စပ်ဒေသ၊ တောင်တန်းဒေသ၌ သမထဝိပဿနာ ထွန်းကားစေခဲ့သည်။

၁၁။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က)၊ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့်ရရှိထားသော ဦးကျော်ဇံပါ ဂေါပကအဖွဲ့က (၄၇)စုံညီ၏ သြဝါဒကိုခံယူ၍ အပ်နှံလှူဒါန်းသည်ကို လက်ခံလျက် ကျီးတဖုတ်ဖုတ်

http://www.dhammadownload.com



လယ်တီမူ၊ ရှုပ်ထွေးပွေလီနေသော လယ်တီမူကို သံဃာ့အဖွဲ့အစည်း အဆင့်မြင့် (၄၇)စုံညီ (၄)ကြိမ်တိုင်တိုင် သန့်စင်အောင် ရှင်းလင်း သုမ်သင် အဆုံးအဖြတ်ခံ၍ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ (၂၄-၁၂-၂၀၀၅)နေ့၌ လယ်တီဝိပဿနာ (၈၀)ကြိမ်မြောက် တိုင် ရှိခဲ့ပြီ။ အဆိုပါ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပိုင်ရေးဆိုင်ခွင့် ရှင်းလင်းအောင် ဆောင်ရွက်ပြီး အနွယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့အား လွှဲအပ်ထားပြီ ဖြစ်သည်။ အနွယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုး (၁၇)ဌာနတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ ဖွဲ့စည်း၍ စောင့်ရှောက် စေလျက်ရှိသည်။

ဤသို့လျှင် ကလေးဝဆရာတော်သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန် သာသနာ့တံခွန်တို့ကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပစေတနာရှင် များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျှက် ရတနာသုံးပါး ဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော **"စွယ်စုံ သာသနာပြု"**အရှင်မြတ်တစ်ပါး ဖြစ်တော်မူသည်။

## ဆရာတော်အစိဋ္ဌာန် (၁)

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်း ငါ့ကြောင့်
အေးစေသော် ။ ။

## သာသနာပြုလုပ်ငန်းများ

### ဆရာတော်အစီအစဉ် (၂)

ငါသည်လူဇာတ် ငါသည်မြတ်၏၊
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှား ငါကြိုက်၊ ငါမလိုက်တည့်
ငါကြိုက် ငါမျိုး၊ ငါ့တန်ခိုးဖြင့်
ငါ့မျိုး ငါ့ဆွေ၊ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ၊ ငါ့ခန္ဓာဖြင့်
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုး ငါဇာတ် မြတ်စေသော်။ ။

**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့**

http://www.dhammadownload.com

# လယ်တီဝိပဿနာ

## နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့်နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာ အားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ လက်ဆင့်ကမ်း ပခုံးပြောင်းကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင်တရားတော်များ နှစ်ပေါင်း ၂၅၄၈ တာ ကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်၊ နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့ နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ဘဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူသူ၊ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သော ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာကို ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန် ကြည့်ရှုလိုသူများအတွက် အသံမှ တစ်ဆင့်ကူးယူ၍ စာအုပ်ရိုက်နှိပ်၍ ဓမ္မဒါနပြုရန် စီစဉ်ရပါသည်။

### ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်းသုံးမျိုး

နေဝန်း, လဝန်း, ဘုရားဟောကြားတရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြားတရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါသည်။ သာသနာတော် တည်ရှိပါက လူနတ်နိဗ္ဗာန်ချမ်းသာအကျိုး

http://www.dhammadownload.com



ပွားတိုးနိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော်တည်ရှိမှ သီလအမြစ် ကြီးပွားနိုင်ပါသည်။ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာမဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

**အယူအမြင်မှန်ကြောင်း အကြောင်းနှစ်မျိုး**

အသိဉာဏ်ဟူသမျှ သုတ အသိက စ,ရသည် ဆိုသည့်အတိုင်း ဘုရား, ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စင်များ၏ အသိဉာဏ် အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ၊ ပြောသံ၊ နာကြားခွင့်ရပါမှ တိုးပွားနိုင်၊ ဖြစ်ပွားနိုင်ပါသည်။

ဘုရား, ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ၊ ပြောသံကို မနာကြားရ၊ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ပင်ကိုယ်ဉာဏ်သည် အလိုလိုမရှင်မသန် မကြီးထွားနိုင်ပါပေ။

ကမ္ဘာလောက၌ အယူအဆ အယူဝါဒအမျိုးမျိုးတို့ကို ဆရာ အမျိုးမျိုးက ထူထောင်ထားကြလေသည်။ ပုထုဇဉ် ကမ္ဘာ့လူသားတို့သည် ဆရာအမျိုးမျိုး၊ ဘုရားအမျိုးမျိုးတို့၏မျက်နှာကို မော်ကြည့်နေကြသော နာနာသတ္တာရဉလ္လောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျက်နေရပေသည်။ အယူမှန်၊ အမြင်မှန်ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော်ကောင်းတို့၏ ဟောသံ၊ ပြောသံကို အခြေခံရပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားရန် အခွင့်အလမ်းရဖို့ပင် အင်မတန်ခက်ခဲလှပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့်ဖြောင့်မှန်သော နှလုံးသွင်းဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင် မှန်နိုင်ပေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော်တို့ကို မူရင်းမပျက်အောင် သတိရှေ့ဆောင်ပြီး ဖောက်သည်ချဟောဖော် ရေးသားကြရသည်။

ဘုန်းကြီးတို့.ရဲ့ တရားစကား၊ တရားအသံ၊ တရားစာတို့သည် တရားလိုလားသူတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး

http://www.dhammadownload.com

## နိဒါန်း

ပြန်ဆို၍ ဘာသာခြားတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း၊ အဆင့်ဆင့် ရောက်ရှိနိုင်ပါစေ။ အဆင့်ဆင့်ရောက်ရှိ၍ တစ်စုံတစ်ယောက်မျှ လိုက်နာကျင့်သုံး စိတ်နှလုံးအိမ်၌ ကိန်းငြိမ်းသွားသည်ဆိုပါက ရေးသား ထုတ်ဝေရကျိုးနပ်ပေပြီ။

ထိုမှတစ်ဆင့် ဉာဏ်နား ဉာဏ်မျက်စိရှင်တို့ဖြစ်ကြပြီး လျင်လျင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေ ဖြိုးမောက်တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်း သို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျှက် ဤလယ်တီဝိပဿနာ(၄)ကို ဟောအပ်ရေးသားအပ်ပါသည်။

မိလိန္ဒပဥှာလာ ယောဂီ၏ ဖော်ပြပါ မိုး၏ပုံပမာ ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်ကြ၍ ဉာဏ်အလင်းရောင်ဖြာနိုင်ပါစေဟု အဖွင့် နိဒါန်း ပျိုးအပ်ပါသည်။

## မိုး၏ဂုဏ်

၁။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြူခိုးညစ်ထေ ငြိမ်းစေလေသို့ ကိလေညစ်ကျူ ငြိမ်းစေမူ ပြုလေယောဂီတို့။

၂။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြေခိုးမြေငွေ့ ငြိမ်းလေစေ့သို့ ဖြန့်ဝေမေတ္တာ ငြိမ်းစေရာ၏။

၃။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် များမျိုးစေ့ကို ပေါက်ဖွားစေသို့ မျိုးစေ့သဒ္ဓါ ပွားစေကာဖြင့် ချမ်းသာသုံးမျိုး ပွားတိုးစေငှာ ပြုကျင့်ရာ၏။

၄။ မိုးခါသွန်းဖြိုး ရွာသည့်မိုးလျှင် ပွားတိုးမြေပြင် နွယ်သစ်ပင်ကို အစဉ်ချီးမြှောက် စောင့်ရှောက်တတ်သော ယောနိသောဖြင့် ဓမ္မောသဘာဝ စောင့်ရှောက်ရ၏။

၅။ မိုးရွာသွန်းဖြိုး ရွာသည့်မိုးကြောင့် ပြည့်ဖြိုးရေကန် ရေပြည့်လျှံသို့ ကျမ်းဂန်ဓမ္မစက် ဟောမြွက်အလာ ဒေသနာမိုးပေါက် ရွာသွန်း မြှောက်၍ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်လို များထိုထိုတို့

http://www.dhammadownload.com

# နိဒါန်း

စိတ်အလိုဆန္ဒ ပြည့်ဝစေဌာ ဗောဓနေယျံ ဂါထာပြန်လျှင် အံဝင်ဂွင်ကျ ဖြစ်ကြမည်ရေး မျှော်ထောက်တွေး-

**ဗောဓနေယျံ ဇနံ ဒိသွာ၊**

**သတသဟဿေပိ ယောဇနေ။**

**ခဏေန ဥပဂန္တွာ၊**

**ဗောဓေသိ တံ မဟာမုနိ။**

မဟာမုနိ= မြတ်စွာဘုရားသည်၊ သတသဟဿေပိ ယောဇနေ= ယူဇနတစ်သောင်းထက်၌လည်း တည်နေသော၊ ဗောဓနေယျံ ဇနံ= ကျွတ်ထိုက်သော သတ္တဝါကို၊ သစ္စာလေးပါး သိနိုင်မည့် ပုဂ္ဂိုလ်ကို၊ ဒိသွာ= မြင်တော်မူ၍၊ ခဏေန= ခဏချင်း၊ ဥပဂန္တွာ= အပင်ပန်းခံ ကြွသွားတော်မူ၍၊ တံ= ထိုကျွတ်ထိုက်သောသူကို၊ ဗောဓေသိ= ကောင်းစွာသိစေတော်မူခဲ့လေပြီ။ ဝါ= တရားဓမ္မ ဟောဖော်ပြ၍ သစ္စာလေးလီ သိစေတော်မူခဲ့လေပြီ။

## ပညာကြီးရှင် ဉာဏ်ကောင်းဆင်

မဟာထေရ်ထူး အမှူးပြုဆောင်
ကျွန်းသီဟိုဠ်ပေါ် ထေရ်ကျော်ငါးရာ
ရဟန္တာဝသီ သမ္ဘိဒါပတ္တ
သံဃိန္ဒတို့ ဘုရားမိန့်ရွတ် ပိဋကတ်ကို
မှတ်မှတ်ဖြူဖွေး ပေထက်ရေး၍
ဆေးလည်းကြပ်ကြပ် အထပ်တစ်ရာ တည်းဖြတ်ပါလည်း
အက္ခရာပုဒ်ဆွေး မှားယွင်းသေး၏။
ညစ်ကြေးစပ်ယှဉ် ပုထုဇဉ်သာ
ငါတို့မှာကား မမှားဘယ်သို့ ရှိရာတို့နည်း
ယွင်းချို့အက္ခရာ ပျက်သုန်ရာ၌
ပညာကြီးရှင် ဉာဏ်ကောင်းဆင်၍ မြင်စေသတည်း။ ။

မိခင်ဇရာဝတီ

http://www.dhammadownload.com

# ကျမ်းဦးမှတ်ဖွယ် အမှာစကား

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး သည် သက်တော်(၅၀)၊ သိက္ခာတော် (၃၀)ခန့်အရတွင် ပရိယတ္တိ သာသနာစခန်းမှ ပဋိပတ္တိသာသနာစခန်းသို့ ကြွလှမ်းတော်မူခဲ့သည်။ ပဋိပတ္တိကျင့်စဉ် ပါဠိတော်အရပ်ရပ်ကို သုံးသပ်၍ အာနာပါန ကမ္မဋ္ဌာန်းကို အခြေခံ၍ဝိပဿနာသို့ တက်သောလမ်းကို တွေ့ရှိ ရွေးချယ် တော်မူပြီးနောက် ထိုပါဠိတော်ကျင့်စဉ်ကြီးကို လက်တွေ့အမြဲ ကျင့်သုံး တော်မူခဲ့သည်။

ထို့ကြောင့် လယ်တီဆရာတော် ကျင့်သုံးသော ဝိပဿနာ ကျင့်စဉ်ဖြစ်၍ လယ်တီဝိပဿနာဟူ၍ အမည်သတ်မှတ်ခေါ်ဆိုကြ ပါသည်။

လယ်တီဆရာတော်အသစ် တီထွင်သော ဝိပဿနာဟူ၍ ကား အဓိပ္ပါယ်မယူဆသင့်ပါ။ သတိပဋ္ဌာန်ပါဠိတော်ကြီးများမှလည်း ကောင်း၊ အလားတူ ပါဠိတော်ကြီးများမှလည်းကောင်း၊ ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာကြီးများမှလည်းကောင်း နည်းယူထားအပ်သော ခိုင်မာ မှန်ကန်သော ဝိပဿနာကျင့်စဉ်များသာ ဖြစ်ပါသည်။

ဤသာသနာ၌ ဘုရားမှအပ မည်သည့်ပုဂ္ဂိုလ်မှ နိဗ္ဗာန် ရကြောင်း ကမ္မဋ္ဌာန်းတရား အသစ်တစ်ပါးတစ်ခုမျှ မဖော်ထုတ်နိုင်ပါ။ ပါဠိတော် အဋ္ဌကထာလာ ကမ္မဋ္ဌာန်းလေးဆယ်မှ အလွတ်သီးသန့် ကမ္မဋ္ဌာန်းကို မဖော်ထုတ်နိုင်ပါ။ ကမ္မဋ္ဌာန်းလေးဆယ့်တစ်ဟု အသစ်တစ်ခု ရှာဖွေနိုင် ပါက ပါဠိ အဋ္ဌကထာထက် လက်တစ်လုံးကျော် ကမ္မဋ္ဌာန်းသာ ဖြစ်ပါ လိမ့်မည်။ ကမ္မဋ္ဌာန်းအမှန်လည်း မဟုတ်နိုင်ပါ။ လယ်တီဝိပဿနာ ကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်းနည်းဟောင်း။

မိခင်ဇရာဝတီ

http://www.dhammadownload.com



ထိုစကားကို လေးနက်အောင် ထပ်၍ဆိုပါဦးမည်။ **"လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်းနည်းဟောင်းသာ ဖြစ်ပါသည်။"**

ဉာဏ်ထက်မြက်စူးရှသော ပုဂ္ဂိုလ်တို့အား ဉာဏ်ခန်းဆိုင်ရာကိစ္စသို့ရောက်သောအခါ နည်းပေါင်းအရာအထောင်ကို ဖြန့်ကျက်ဝေဖန်၍ ဉာဏ်ကွန့်မြူးလှုပ်ရှား ဉာဏ်ကစားမှုတို့သည် အသင်္ချေအနန္တဖြစ်သွားစမြဲတည်း။

အရှင်သာရိပုတ္တရာသည် -

**ယေဓမ္မာဟေတုပ္ပဘဝါ၊**

**တေသံ ဟေတုံ တထာဂတော အာဟ။**

ဟူသော စကားနှစ်ခွန်းကို ကြားရုံမျှဖြင့် လောကကြီးကို ဖြတ်ဖွာဖန်ဆင်းသည်၊ သို့မဟုတ် အကြောင်းမဲ့အလိုလို ဖြစ်သည်ဟူသော အယူအဆတို့ကို ပယ်ဖျောက်၍ ဝိပဿနာအစီအရင်ကိုပါ ရှင်းလင်းသိမှတ် အကျင့်မြတ်ဖြင့် သောတာပတ္တိမဂ်သို့ ဆိုက်ရောက်ခဲ့သည် မဟုတ်ပါလော။

ထို့ပြင် ပါဠိတော်ပုဒ်ဝါကျ တစ်ခုတစ်ခုကို ရှု၍ ဉာဏ်ကွန့်မြူးသောအခါ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီးများ ဖြစ်ပေါ်လာရပြန်သည် မဟုတ်ပါလော။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ နောက်တော်ပါးမှ ဉာဏ်ကွန့်မြူးလေ့ရှိသော ပုဂ္ဂိုလ်ထူးပေတည်း။ ပါဠိတော်ပုဒ်တို့ကို မူတည်၍ အာနာပါနဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ စသော ဒီပနီကျမ်းပေါင်းတစ်ရာကျော် ဖြစ်ပေါ်စေခြင်းကား ဆရာတော်၏ ဉာဏ်ကွန့်မြူးချက်တို့ပေတည်း။

ထို့ကြောင့် အာနာပါနပုဗ္ဗင်္ဂမဝိပဿနာကျင့်စဉ်ကို ဆရာတော်ဘုရားကြီးသည် အစ-အလယ်-အဆုံး သုံးသပ်ဆင်ခြင်၍ ဉာဏ်ကျက်စား

http://www.dhammadownload.com



ကွန့်မြူးပြီးမှ အမြဲလက်သုံးကျင့်စဉ်အဖြစ် သတ်မှတ်ကျင့်သုံးတော်မူပါသည်။

ဤ၌ ပဋိပတ္တိတရားတော်ကို စက်ရထားကြီးဥပမာဖြင့် ပြဆိုရာ၏။ ဤပတ္တိစက်ရထားကြီးကို မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်ပို့နိုင်သော အရှိန်ကြီးမား အားကောင်းလှစွာ၏ဟု တစ်ထစ်ချ ယုံကြည်ချက်ကျခြင်းကား သဒ္ဓါ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးကို စက်ရှိန်ဖွင့်နှိုးလိုက်ခြင်းကား သတိပဋ္ဌာန် သတိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးနိုးသော အချိန်ကစ၍ စက်ရှိန်စက်အား ဝင့်ကြွားစွာ ခုတ်မောင်းခြင်းသည် သမ္မပ္ပဓာန်-ဝီရိယ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားစနက်ပေတည်း။

ထိုစက်ရှိန်အားဖြင့် ခုတ်မောင်းပြေးသွားခြင်း ဒီဃရီမီတာ အရှိန်မကျ ခိုင်မြဲစွာ တည်ရှိခြင်းကား သမာဓိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်စနက်ပေတည်း။

ထိုသို့ အစဉ်ပြေးသွားသော စက်ရှိန်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော လိုရာစခန်းသို့ ဆိုက်ရောက်အောင် ဦးတည်ပေးခြင်း ဆိုက်ရောက်စေခြင်းကား ပညာ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက် အချာပဓာနစနက်ပေတည်း။

ထိုဥပမာအတိုင်းပင် လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါန အခြေခံဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ကျွမ်းကျင်လှစွာ မောင်းနှင်နိုင်စွမ်းရှိတော်မူခဲ့လေသတည်း။

ထို့ကြောင့် တိပိဋကဝိဒူ ဘာသန္တရဝိဒူ အရှင်အာဒိစ္စဝံသ အရှင်မြတ်က - **"ဤမြန်မာပြည်သာသနာ့သမိုင်း၌ ပိဋကတ်ထဲမှ နိဗ္ဗာန်သွားသောနည်းကို လယ်တီဆရာတော်သာ ထူးခြားစွာ တွေ့မြင်တော်မူပြီး လက်တွေ့ကျင့်သုံးတော်မူပါပေ၏"**ဟူ၍ အာသဘိဝါစာ တော[illegible]နာကို

http://www.dhammadownload.com



ဆိုတော်မူခဲ့သောဟူ၏။

ထိုသို့ အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနာ ပဋ္ဌာနပတ္တိစက်ရထားကြီးကို ခုတ်မောင်းသောနည်းကို အနာဂါမ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော ဆရာသက်ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရရှိလေ၏။ ထိုမှ တစ်ဆင့် တပည့်စဉ်ဆက်ရရှိကျင့်သုံးလာခဲ့ရာ ဆရာကြီးဦးဘခင်၊ ဆရာကြီး ဦးဂိုအင်ဂါ၏လက်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

ယခုအခါ၌ ဆရာကြီးဦးဂိုအင်ဂါသည် လယ်တီကမ္ဘာ့ဝိပဿနာ နည်းပြဆရာကြီးဖြစ်လျက် ထိုဆရာကြီးကို အမှီပြု၍ ကမ္ဘာသူ ကမ္ဘာသား များသည် လယ်တီဝိပဿနာကျင့်စဉ်တရားကို ကျင့်သုံးခွင့်ရရှိလာရပေ သတည်း။

ယခုအခါ၌ မုံရွာမြို့၊ ပဌမလယ်တီဆရာတော်ဘုရားကြီး၊ ဒုတိယ လယ်တီဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော် ဘဒ္ဒန္တဝါယမာဘိသီရိ၊ မုံရွာမြို့ သပြေပင်တောရ ဆရာတော် ဘဒ္ဒန္တကေဝလာဘိဝံသ အရှင်မြတ်ကြီးများ၏ နည်းနာနိဿယကို မှီးငြမ်း ပြု၍ လယ်တီဝိပဿနာ ပဋ္ဌာနပတ္တိလမ်းစဉ်ကို ရန်ကုန်မြို့ ကလေးဝတောရ စာသင်တိုက် ပဓာနနာယကဆရာတော်၊ ရန်ကုန်မြို့ ပြည်လမ်း အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ရဟန်းသာမဏေ သီလရှင် ပရဟိတ သာသနာပြုဆရာတော်ဖြစ်ပေသော ဒွိပိဋကဓရ ပုဗ္ဗဘာဂ အာဘိဓမ္မိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသသည် ကောင်းစွာသိရှိ ကျွမ်းကျင်ပါရင်္ဂတမြောက် ရောက်ရှိ ရရှိတော်မူလေသည်။

လယ်တီ ဘဒ္ဒန္တဇာဂရာဘိဝံသသည် ဒွိပိဋကဓရ အရည်အသွေး ကထာဝတ္ထုကျမ်းနှင့်တကွ အဘိဓမ္မာရှေ့ငါးကျမ်းကို အာဂုံပြန် ဆိုနိုင်ခြင်း၊

http://www.dhammadownload.com

# ကျမ်းဦးမှတ်ဖွယ် အမှာစကား

ဝီရိယ သမာဓိဉာဏ် စသည်၏အစွမ်းသတ္တိ အရည်အသွေးကို ထောက်ပါက လယ်တီဝိပဿနာနည်းကို သိသူအပေါင်းတို့တွင် **"သူမတူ"** တစ်မူထူးခြားသော ပုဂ္ဂိုလ်ဟု ခန့်မှန်းနိုင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ် (၇)ရက် တရားစခန်း (၈၀)ကြိမ်တိုင်အောင် ဖွင့်လှစ်၍ ဝိပဿနာယောဂီသူတော်စင်တို့ကို နေ့စဉ်တရားဒေသနာများကို ပါဠိအဋ္ဌကထာနည်းပေါင်းများစွာဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူရာ ထိုတရားဒေသနာစဉ်များကို ထောက်ဆ၍ **"သူမတူ"** တစ်မူထူးခြား ပြောင်မြောက်ကြောင်း သိမှတ်ရပါသည်။

ဝိပဿနာတရားစခန်း၌ ဟောကြားအပ်သောတရားသည် သာမညတရားမျိုး မဟုတ်ပါ။ ယောဂီသူတော်စင်အတွက် အထူးအရေးပါသော တရားဖြစ်သောကြောင့် ယောဂီသူတော်စင်တို့ အလုပ်စခန်းဖြောင့်တန်းအောင် အထူးရွေးချယ်စိစစ်၍ ဟောကြားရသော ဝိသေသတရားထူးဖြစ်ပေသည်။

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၃၃၇/က) လယ်တီမူကမ္မဋ္ဌာန်းကျောင်းတိုက်၌ လယ်တီမူဝိပဿနာ (၇)ရက်တရားစခန်းများ ကျင်းပရာတွင် ပဌမအကြိမ်မှ (၁၅)ကြိမ်အထိ နေ့စဉ်ဟောကြားအပ်သော တရားများကို စုပေါင်း၍ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူဝိပဿနာတရားတော် ပထမစာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

(၁၆)ကြိမ်မှ (၂၂)ကြိမ်အထိ လယ်တီမူဝိပဿနာ (၇)ရက်တရားစခန်း၌ နေ့စဉ်တရားတော်များကို စုပေါင်း၍ လယ်တီဝိပဿနာဒုတိယတွဲကျမ်းစာအုပ်ကို ထုတ်ဝေဓမ္မဒါနပြုခဲ့ပြီး ဖြစ်သည်။

(၂၃)ကြိမ်၊ (၂၄)ကြိမ်၊ (၂၅)ကြိမ် စသည်တို့မှာ ဟောကြားအပ်သော တရားတော်တို့ကို စုပေါင်းတတိယတွဲကို ထုတ်ဝေပြီး ဖြစ်သည်။

မိခင်ဇရာဝတီ

http://www.dhammadownload.com



ယခုတစ်ဖန် စတုတ္ထတွဲကို ဓမ္မဒါနထုတ်ဝေမည် ဖြစ်သည်။

ထိုနေ့စဉ်တရားတို့ကို သုံးသပ်ရသည်ရှိသော် ယောဂီသူတော်စင်အတွက် လိုအပ်သော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို မြှင့်တင်ပေးသည်ကို တွေ့ရှိရသည်။ ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ရင်း တရားအားထုတ်ရန် ဆန္ဒအားနည်းလာတတ်၏၊ စိတ်ဓာတ်ကျလာတတ်၏။ ဝီရိယလျော့လာတတ်၏။ ဝိပဿနာပညာအရှိန်ပျက်လာတတ်၏။ ထိုအခါ၌ ဆန္ဒစိတ်ဓာတ်၊ ဝီရိယဓာတ် ပညာအရှိန်အားကောင်းအောင် တရားဟောကြားပေးရလေသည်။

ထိုအခါ ယောဂီ၏သန္တာန်၌ ဆန္ဒစသော ဣဒ္ဓိပါတ်တရားအားကောင်းလာ၍ ဝိပဿနာဉာဏ်အားလဲ မြှင့်တက်လာလေသည်။ ထို့အတူ သတိပဋ္ဌာန် သတိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရား၊ သမ္မပ္ပဓာန် ဝီရိယ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရားစသော ဗောဓိပက္ခိယတရားများကိုလည်း အားကောင်းအောင် မြှင့်တင်ပေးရသည်။

ဗောဓိပက္ခိယတရား အရှိန်အဟုန် ဟန်ချက်ညီခဲ့သည်ရှိသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော ပဉ္စင်္ဂိကမဂ္ဂင်ဝိပဿနာ ဉာဏ်စဉ်အဆင့်ဆင့် မြှင့်တက်လာရလေသည်။

ဤအချက်ကို အထူးသတိပြု၍ တရားစခန်းတွင် တရားကို အထူးဂရုစိုက်၍ ဟောကြားဖို့လိုအပ်ကြောင်း ထင်ရှားလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည်-

(၁) သံသရာဘေးရန်၊ ဘဝ၏အန္တရာယ် ကမ္ဘာကပ်ဆိုးကြီးများ၏ အမြစ်ရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာဒုစရိုက် အကုသိုလ်နှင့်အပြစ်ကို ဖော်ပြ၍ ထိုတရားဆိုး အပြစ်ဆိုးမှ လွတ်လိုသောဆန္ဒ စသည်ဖြစ်ပွားအောင် နှိုးဆွပေးသည်ကို တွေ့ရှိရလေသည်။

http://www.dhammadownload.com



(၂) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ကောင်းမြတ်သော အကျိုးတရားကို ဖော်ပြ၍ ထိုတရားကောင်း တရားမြတ် အကျိုးထူး အကျိုးမြတ်တို့ကို ရလိုသောဆန္ဒ စသည်ဖြစ်ပွား အောင် အားပေးချီးမြှောက်သည်ကို တွေ့ရှိရသည်။

(၃) တစ်ရံတစ်ခါ အကုသိုလ်နှင့်အကုသိုလ်အပြစ်၊ ကုသိုလ်နှင့် ကုသိုလ်၏အကျိုး နှစ်မျိုးယှဉ်တွဲ၍ အကုသိုလ်နှင့်အကုသိုလ် အပြစ်မှလွတ်ရန်၊ ကုသိုလ်နှင့်ကုသိုလ်အကျိုး ရရှိရန် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ စသော ဗောဓိပက္ခိယတရား အရှိန်အဟုန်မြင့် တက်အောင် လှုံ့ဆော်ပေးသည်ကို တွေ့ရသည်။

ပထမနည်းကား အကုသိုလ်အပြစ်ပြ အကြမ်းနည်းတည်း။ ဒုတိယနည်းကား ကုသိုလ်အကျိုးပြ အနုနည်းတည်း။ တတိယနည်းကား အကြမ်းအနု နှစ်မျိုးယှဉ်တွဲပြသော နည်းပေတည်း။

ဤဒေသနာနည်းသည် ဗုဒ္ဓမြတ်စွာသည် မြင်းတို့ကို ဆုံးမသင် ကြားသော မြင်းမျိုးဆရာကြီးကေသီကို မိန့်ကြားသောနည်းဖြစ်သည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည်-

ဤဒေသနာသုံးမျိုးဖြင့် ယောဂီကို ဆန္ဒဓာတ်၊ စိတ်ဓာတ်၊ ဝီရိယ ဓာတ် စသော ဗောဓိပက္ခိယဓာတ်အားကို အားရှိသလောက် အရှိန် အဟုန်မြင့်တက်လာရန် ခမ်းနားဆန်းကြယ်သော တရားများစွာကို ဟောကြားထားသည်ကို အံ့သြစွာတွေ့ရှိရပါသည်။

**တောလေးဆယ်**

**မိုး**

**အေးမည့်နည်းလမ်း**

**ငါးမည်ရ ဒေသနာ**

**အကြောင်းရှစ်မျိုး**

**ဝေဒနာ (၁၀၈)**

မိခင်ဇရာဝတီ

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

မီးပူဖော်တဲ့ပုဏ္ဏား
မှန်ကြီးတစ်ချပ်
(၃၆)ထွေ နဝင်းကျေတရား
ဘဝဆို ဘယ်ဘဝမှ
ဝိပဿနာရှုနေသူအား မဂ္ဂင်(၈)ပါးဖြစ်ပွားနေပုံ
ဒေဝဒူတ
ယမမင်းစဉ်းစား
ငရဲလွတ်မှ လူလိမ္မာ
သေမင်းတမန် (၃) (၅)
ညဉ်သတ္တာယ သေကိန်းကျ
ရေထဲမျှောလိုက်ပြီဘုရား
(၆၆) မကြောက်ရအောင်
သာမညဆရာတော်
အခေါင်ထွင့်မြတ် ခြေရိုးခာတ်
ဦးထမ်းပုဲထမ်း
ႏှစ် (၁၀၀)တိုင် သင်ကြားပို့ချဇယား
အနုလောမခန္တီ
ရန်ပြေ မာန်ပြေတရား
နှလုံးသွေးရောင်
စိတ်ရောဂါပျောက်ကြပြီ
တရားရှိ တရားသိဖို့
အိမ်မက်ပေးတရား
အဆင့်မြင့်နေထိုင်နည်း
ဗုဒ္ဓဘာသာ (၄)မျိုး
ကိလေသာ လျှော့နည်း

မိခင်ဇရာဝတီ

http://www.dhammadownload.com



**မွေလို့သာပ မမွေလျှင် တူးရဲ့**

**ပြစ်မှုပျောက်တဲ့နည်း**

**တရားနဲ့နေတတ်ပါစေ**

**ဆုတောင်း** စသည် စသည်ဖြင့် အလွန်လေးနက် နူးညံ့ သိမ်မွေ့ဆန်းကြယ်သော နည်းတို့ဖြင့် ခြယ်လှယ်၍ မွမ်းမံထားသော တရားခွန်းများကို တွေ့ရှိရသည်။

**မဟာကာရုဏိကံ နာထံ**

**ဉေယျသာဂရ ပါရဂုံ**

**ဝန္ဒေနိပုဏ ဂမ္ဘီရံ**

**ဝိစိတြနယ ဒေသနံ။**

ဟူ၍ ဥဒါန်းအဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ တရားဒေသနာ တော်ကို-

(၁) နိပုဏနယ သိမ်မွေ့သောနည်း။

(၂) ဂမ္ဘီရနယ နက်နဲသောနည်း။

(၃) ဝိစိတြနယ ဆန်းကြယ်သောနည်း။

နှင့်ပြည့်စုံကြောင်း ချီးကျူးတော်မူခဲ့သည် မဟုတ်ပါလော့။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည်လည်း ထိုနည်းသုံးမျိုးကို ဦးထိပ်ရွက်ပန်ဆင်နည်းမှီးယူ၍ ဟောကြားထားကြောင်း ထင်ဟပ် ပေါ်လွင်နေပါသည်။

ထို့ပြင် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ တရားဒေသနာ၌-

(၁) သတ္ထ - အနက်အဓိပ္ပါယ်ကောင်းပါရှိခြင်း၊

(၂) သဗျဉ္ဇန - ချောမောပြေပြစ် ကျစ်လစ်ကောင်းမွန်သော စကားဝါကျပါရှိခြင်း၊

(၃) ကေဝလပရိပုဏ္ဏ - ပယ်နှုတ်စရာ မရှိအောင် ဘက်စုံ ပြည့်ဝခြင်း၊

http://www.dhammadownload.com



(၄) ဖရိသုဒ္ဓ ပြဟ္မစရိယပ္ပကာသက - စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မြတ်သော ပဋိပတ်ကျင့်စဉ်ကိုသာ ဦးတည်၍ ပြထားခြင်း၊

ဤတရားကောင်းအင်္ဂါလက္ခဏာ (၄)တန်နှင့် ပြည့်စုံအောင် အထူးဂရုပြု ဟောကြားထားသည်ကိုလည်း တွေ့ရှိရသည်။ ထို့ပြင် -

(၁) အာဒိကလျာဏ - ပထမပိုင်းနိဒါန်းစကားဖြင့် တရားဥဒ္ဒေသကို ပြသဖြင့် ကောင်းမြတ်လှပါသည်။

(၂) မဇ္ဈေကလျာဏ - အလယ်ပိုင်းတရားသား နိဒ္ဒေသကို ပြသဖြင့် ဘစ်ဆင့်တက် ကောင်းမြတ်လှပါသည်။

(၃) ပရိယောသာနကလျာဏ - နိဂုံးတရားဒေသနာအဆုံးတွင် ယောဂီတို့အား ဤလယ်တီမူဝိပဿနာ ကျင့်စဉ်တရားကို အားရှိအားကုန် ဦးလည်မသုတ် တရားစခန်းရက်အတွင်း ဉာဏ်အလင်းဓာတ်ကြီး ပေါက်ရောက်၍ မျက်မှောက်ပြုနိုင်အောင် အားထုတ်ကြရန် တိုက်တွန်းချက်ကိုပြသဖြင့် ထပ်ဆင့် ကောင်းမြတ်လှပါသည်။

ဤသို့လည်း ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ကို တွေ့ရှိရပါသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် ဝါကျတ္ထဒီပကကျမ်းပြုမုံရွာမြို့၊ သပြေပင်တောရဆရာတော်ဘုရားကြီး၏ သဒ္ဒဝိဟာရိက တပည့်ဖြစ်၍လည်း ကျဉ်းကျယ်၊ ကြောင်းကျိုးသာမညဝိသေသ၊ သာဓျ သာဓက စသော စကားဝါကျအသွားအလာ၌ အလွန်နားလည်ထားသူဖြစ်၍ တရားဒေသနာ အစဉ်အဆက်ချောပြေစေ့စပ်အောင် ဟောစွမ်းနိုင်ပါသည်။ **"ပုဒ်နေ၊ ပုဒ်ထား၊ ပုဒ်သွား၊ ပုဒ်လာ၊ ပုဒ်မှာ၊ ပုဒ်ထပ်၊ ပုဒ်ဟောစပ်"** ဟူသော ပဒဝါကျ သမ္ဗန္ဓ ယောဇနာ နည်းစနစ် (၆)မျိုးကို ကျမ်းရိုးကျနတတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း စကားလုံးများကို ပုလဲကုံး ပတ္တမြားကုံး များကဲ့သို့ အနေအထားခွဲခြား စေ့စပ်သပ်ယပ်မှန်ကန်စွာ ဝါကျသွယ်ကုံး၍ ဟောကြားနိုင်စွမ်း ရှိပါပေသည်။

မိခင်ဇရာဝတီ

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးများကို နိုင်နင်းသော ဂဏဝါစကစာချသူမြတ်ဖြစ်၍လည်း ဝိတဏ္ဍဝါဒ သမာနဝါဒ ယုတ္တ-အယုတ္တ စကားအဆစ်အပိုင်း ဝေဖန်ချက်တို့ဖြင့် ရှင်းလင်းဖော်ပြကာ ဟောကြားနိုင်ပါပေသည်။

ဉာဏ်ကောက်၊ အလင်္ကာကောက်၊ နေတ္တိကောက်၊ အဘိဓမ္မာကောက် စသော အရကောက် အမိပ္ပါယ်ကောက်ကျမ်းတို့ကို သင်ကြားပြသပေးနေသော ပုဂ္ဂိုလ်ဖြစ်၍လည်း ယောဂီသူတော်စင်၏ စိတ်နှလုံးကို ယူကြုံးပိုင်ပိုင် ဆွဲဆောင်နိုင်သော လိုရင်းအကျဉ်းအကျယ် မှတ်သားဖွယ်ကောက်ချက်ကို ဖော်လှစ်ချပြ၍ ဟောနိုင်ပါပေသည်။

ပဒဘာဇနီ၊ ဝိဘင်း၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ ပါဠိတော်ကြီးများ၏ အသွားအလာနည်းနာနိဿယကို ကောင်းစွာ အာဂုံရမိ သိရှိထားသော ပုဂ္ဂိုလ်ဖြစ်၍လည်း နိဒါန်းချီထားသော စကားအကျဉ်းကို အကျယ်တဝင့် ဖော်ပြချဲ့ထွင်ဟောကြားနိုင်ပါသည်။

စာချ၊ စာသင်၊ စာပြင်၊ စာပြု၊ စာရှု၊ စာမှတ်၊ စာဆုံးဖြတ်ဟူသော ဂဏဝါစကစာချ အင်္ဂါ (၇)ဖြာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍လည်း ကျက်၊ ကြည့်၊ ပြန်အံ သာမန်အစွမ်းဖြင့်မဟုတ်ပဲ ပါဠိ အဋ္ဌကထာ အာစရိယဝါဒနည်းပေါင်း ခြုံရုံ၍ ဒွိပိဋကမ ခွန်အားအပြည့်ဖြင့် ဟောကြားထားသည်ကို တွေ့ရသည်။

(၁) ဗုဒ္ဓမြတ်စွာသည် လယ်သမားကြီး ဘာရဒွါဇအား လယ်သမား လယ်ထွန်တရားဖြင့် ချေချွတ်ဟောကြားသည်။

(၂) ဂျွမ်းမင်းသား ဥဂ္ဂသေနအား တစ်ပတ်ဂျွမ်းထိုးဂါထာဖြင့် အရဟတ္တဖိုလ်ပေါက် တရားဟောကြားတော်မူ၏။

(၃) ဆွမ်းသုံးကြိမ် ထပ်၍ခံယူသဖြင့် ငြီးတွားသော ဥဒယပုဏ္ဏားအား ထပ်ကာထပ်ကာ ပြုကျင့်ရာ တရား(၁၆)ပါးကို ဟောကြားဆုံးမတော်မူသည်။

http://www.dhammadownload.com



(၄) မာနကြီးသော ဥရုဝေလကဿပရသေ့အား တန်ခိုးပေါင်း သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်မျိုးပြ၍ မာနချိုးပြီးမှ တရားကို ဟောကြားတော်မူသည်။ မီးပူဇော်သောရသေ့များအား မီးလောင်ပြင်တရားကို ဟောကြား၍ အရဟတ္တဖိုလ် ပေါက်စေသည်။

(၅) အဆဲပေါင်းတစ်ရာဖြင့် ဆဲသော ဘာရဒွါဇပုဏ္ဏားအား လက်ဆောင်ပေးဥပမာပြ၍ သင်ပုဏ္ဏား ဆဲသမျှ လက်ဆောင်ကို ငါဘုရားမယူလို၊ သင့်ဘာသာ သင့်အဆဲတွေကို ပြန်ယူသွားပေရော့ဟု ပြောဆိုပြီး တရားကိုဟောကြားသဖြင့် အဆဲသမားကြီး ရဟန္တာဖြစ်ပွားရပေသည်။

(၆) အချောအလှကြိုက် မယ်ခေမာ ဇနပဒကလျာဏီတို့အား သူတို့ထက်အလှကို ဖန်ဆင်းပြ၍ အိုနာသေ အကောင်ပုပ်အောင် နောက်ဆက်တွဲအပြစ်ကိုပါ ပြတော်မူကာ ရဟန္တာမများအဖြစ်သို့ ရောက်အောင် ဟောကြားတော်မူသည်။

(၇) ဉာဏ်ထိုင်းလှသော စူဠပန်ရဟန်းငယ်ကို ပုဝါဖြူလေးကို ဖန်ဆင်းပေးပြီး လက်ဖြင့်ချေစေ၍ မြူအညစ်အကြေးကို (ဆောင်တယ်) သုတ်တယ်လို့ နှလုံးသွင်းလေဟု ဟောကြားလိုက်သဖြင့် ပုဝါဖြူလေး ပေညစ်သွားခြင်းကို သံဝေဂယူ၍ စူဠပန်ရဟန်းငယ်သည်-

- ရာဂဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- ဒေါသဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- မောဟဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- လေ၏အဟုန် မြေမှုန့်ခုန် မြူမှုန်မဟုတ်ပြီ။
- ကိလေသာမြူကင်းအောင်မှု ကျင့်သူကင်းလိမ့်မည်။
- ကိလေသာမြူကင်း တရားမင်း သားရင်းဖြစ်ပေမည်။

http://www.dhammadownload.com



ဤတရားဒေသနာ၏အဆုံး၌ ရဟန္တာကြီး ဖြစ်သွားလေသည်။

(၉) အင်္ဂုလိမာလသည် ဗုဒ္ဓကိုလိုက်၍ သတ်၏။ ဗုဒ္ဓကိုမှီအောင် မလိုက်နိုင်သဖြင့် ရဟန်းရပ်လော့ဟု ဆို၏။
ဗုဒ္ဓသည် ရပ်လော့ဟူသော စကားကိုအခြေခံ၍ 'ဟဲ့-အင်္ဂုလိမာလ သင်သာမရပ်၊ ပြေးသွားနေပါတကား၊ ငါကား ရှေ့သို့ မပြေးသွားပြီ၊ ထာဝရ ရပ်တန့်နေပြီ'ဟု စကားအကျဉ်း မိန့်ကြား၍ ပုဂ္ဂိုလ်တစ်ဦး၏သံသရာ၌ ပြေးသွားနေပုံ၊ ရပ်ပုံကို ဟောကြားသဖြင့် အင်္ဂုလိမာလသည် ရဟန္တာကြီးဖြစ်ရလေသည်။

(၁၀) ဗုဒ္ဓမြတ်စွာသည် တရားပွဲတိုင်းပင် ဒါန၊ သီလ၊ ဘာဝနာကို ဟောကြားစမြဲ လက်စွဲတရားကို ဟောတော်မူ၏။
(၁) ဒါနဆိုတာ ဘာတဲ့လဲ စည်းစိမ်ချမ်းသာ ရှာတာဘဲ။
(၂) သီလဆိုတာ ဘာတဲ့လဲ ဘဝကောင်းကို ရှာတာဘဲ။
(၃) ဘာဝနာဆိုတာ ဘာတဲ့လဲ၊ ဝိပဿနာဆိုတာ ဘာတဲ့လဲ နိဗ္ဗာန်ချမ်းသာ ရှာတာပဲ။
ဤတရားကြီးသုံးပါး ထာဝရဟောတော်မူ၍ ဒါနရှင်၊ သီလရှင်၊ ဝိပဿနာယောဂီ သူတော်စင်ဖြစ်အောင် ဟောကြားတော်မူသည်။

ဤသို့စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တန်ဆာဆင်ပုံကို ခြုံငုံမှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲတို့၌ သိမ်မွေ့နက်နဲဆန်းကြယ် ကြည်ညိုမှတ်သားဖွယ်တို့ကို တခမ်းတနား ဟောကြားထားပုံကို ဤစာအုပ်၌ တွေ့မြင်ရှုမှတ်သားနိုင်မည် ဖြစ်ပါသည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

**တိုက်တွန်းချက်**

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ လယ်တီဝိပဿနာတရားစခန်း၌ ဟောကြားအပ်သော တရားတော်များကို စုပေါင်းထားသော ဤကျမ်းစာအုပ်ကို ဝိပဿနာယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသောသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ အစဉ်ရှုမှတ်သင့်လှပါသည်။ စာဖတ်သူတို့အား ဝိပဿနာအလုပ်ကို အမြဲအားထုတ်ရန် အနားမှတိုက်တွန်းနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ အမြဲအားပေး ဟောကြားနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဝိပဿနာကျင့်စဉ်လမ်းကြောင်း မတိမ်းမစောင်းအောင် ဖြောင့်ဖြူးအောင် ပြောဟောပေးနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်၏ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တရားတော်များ (ဤကျမ်းစာအုပ်)ကို ယောဂီသူတော်စင်ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လိုသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ လက်ကိုင်ထား၍ ဖတ်ရှုမှတ်သားကြရန် အလေးအနက်တိုက်တွန်း မှာကြားအပ်ပါသည်။

**ဇကမူလာ ဧကက္ခန္ဓော၊ တဏှာသာခါ ပဘိဇ္ဇရေ**
**တဏှာပလာသ ပဏ္ဏာနိ၊ ဇဝံနာနာနိ ကာယကာ**
**နာနာစရိယဘာဝေန၊ ဝိသုံ ဝိသုံ ပဘိဇ္ဇရေ**
**သောဂတောနတထေရာနံ၊ နယံ သေဝေယျ ပဏ္ဍိတော**
**သောဂတညော နတာနံတု၊ နဟိသေဝေယျ သဇ္ဇနော။**

အမြစ်တစ်ခုမှ ပင်စည်တစ်ခု ဖြစ်၏။ ပင်စည်တစ်ခုမှ ကိုင်းမများစွာ ဖွာထွက်၏။ ကိုင်းမကြီးများမှ အခက်အခက် အရွက်များစွာ ပလဖွာဖြာကွဲထွက်ကုန်၏။

ဤအတူ မြတ်စွာဘုရား တည်းဟူသော မူအမြစ်မှ သံဃာတည်းဟူသော ပင်မကြီးဖြစ်၏။ သံဃာတည်းဟူသော ပင်မကြီးမှ အသီတိ

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ရှစ်ကျိပ် ရဟန္တာတပည့်ကြီးများ တည်းဟူသော ကိုင်းမကြီးများ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာသာ ဖြစ်၏။ ထိုရဟန္တာကြီးများ၏ တပည့်အဆက်ဆက် အခက်အလက် အရွက်တွေ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာတော်သာ ဖြစ်လေ၏။

သာသနာနောက်ဖျားဥ္မှုကား-

ဝါဒကွဲပြားသော ဆရာတည်းဟူသော အကိုင်းမကြီးများသည် သံဃာအစုကြီးမှ ခွာထွက်ကွဲပြားကုန်၏။ ထိုဆရာကြီးတို့၏ တပည့်အဆက်ဆက် အခက်အလက်တို့ကား နိကာယ၊ ဂိုဏ်း၊ အုပ်စု ကွဲပြား၍ သံဃာတည်းဟူသော အစုအဝေးကြီးသည် အစိတ်စိတ် အမွှာမွှာ ဗလဖွာ ကွဲပြားလေ၏။

သို့ရာတွင် သောဂတ + သြနတ + ထေရ = ပါဠိတော်မြတ်ကို ဦးညွတ်လေးစားသော မထေရ်မြတ်ကြီးတို့၏ ပရိယတ် ပဋိပတ် နည်းကောင်းနည်းမြတ်ကို ပညာရှိအပေါင်း သူတော်ကောင်းသည် မှီဝဲ ဆည်းကပ်ကျင့်သုံးရာ၏။

သောဂတ + အည + သြနတ = ပါဠိတော်မှတစ်ပါးသော မိစ္ဆာဝါဒကို ညွတ်ကုန်သော ဆရာအတုအယောင်တို့၏ အတ္တနောမတိ တရားလက်သစ် နည်းမှားနည်းပျက်ကို ပညာရှိသူတော်ကောင်းသည် မမှီဝဲ မဆည်းကပ် မကျင့်သုံးသင့်ပေ။ အထူးသတိရှိရာသတည်း

**လယ်တီဘဒ္ဒန္တကုဏ္ဍလ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပဓာန နာယကဆရာတော်**
**အရှေ့လယ်တီတိုက်**
**မုံရွာမြို့။**

မိခင်ဇရာဝတီ

http://www.dhammadownload.com

# ရတနတ္တယ ပဏာမ

**ဇာဂရာဘိ ဇာဂရန္တံ၊**
**ဇာဂရတ္တာယ ဝါစကံ။**
**ဇာဂရံ ဇာဂရာဘိဝံသံ၊**
**ဇာဂရတ္ထံ နမေ အဟံ။ ။**

အဟံ= ဆရာနှုတ်ဖွား ရှင်နိုးကြားဟု မှည့်ထားသမုတ် **"ဇာဂရ"** ဟူသော အကျွန်ုပ်သည်၊ ဇာဂရတ္တာယ= မိုက်မဲစွာလှ မှောင်ကြီးကျ၍ မောဟပျော်မှိန်း တဖိန်းဖိန်းဖြင့် အိပ်ပျော်ခြင်းကင်း နိုးကြားစေခြင်းငှာ၊ ဝါ၊ နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားထုတ်စေခြင်းငှာ၊ ဝါစကံ= သနားခြင်းကရုဏာ အရင်းခံ ဒေသနာတော် ဉာဏ်ကွန့်မြူးလျှက် အထူးသိမြင် ဟောကြားတော်မူတတ်ပါသော၊ ဇာဂရာဘိ ဇာဂရန္တံ= အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်ကြသူတို့ထက် အလွန်အကြူး အထူးမြင့်မြတ် နိုးကြားတော်မူတတ်သော ဘုရားရှင်ကိုလည်းကောင်း၊ ဇာဂရံ= အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများ၍ နိုးကြားစေကြောင်း ကောင်းမြတ်သော တရားတော်ကိုလည်းကောင်း၊ ဇာဂရာဘိဝံသံ= အသိအလိမ္မာ ဉာဏ်ပညာဟု ဝိဇ္ဇာဉာဏ် အလင်းရောင်ဖြင့် နိုးကြားတော်မူခဲ့ကုန်ပြီးသော ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာ အပေါင်း သူတော်ကောင်းဟူသော မြင့်မြတ်ထင်ပေါ် မြတ်သောအနွယ်တော်ဝင် အရှင်သံဃာတော်ကိုလည်းကောင်း၊ ဝါ၊ စံညာဂုနန် ဆင့်ရန်တတွေ့ သူဌေ သုပဏ် ရှစ်တန်ထေရ်မော် ကျွန်းလုံးကျော်တို့ နွယ်တော်မပျက် ရွှေရေးဆရာတော်၊ သပြေပင်တောရဆရာတော်၊ ကလေးဝဆရာတော်၊ လားရှိုးဆရာတော်၊ ကုန်းသာရွာသီရိမင်္ဂလာကျောင်းဆရာတော် စသော မဟာထေရ်မြတ် အပေါင်းကိုလည်းကောင်း၊ ဇာဂရတ္ထံ= ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ပြား ငါးပါးနီဝရဏ အိပ်မောကျလွတ်ကင်း၍ အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်နိုင်ခြင်းအကျိုးငှာ၊ နမေ= ခြေလက်နဖူး တတောင်ဒူးဟု ငါးဦးတည်ရှိုး ကော်ရော်မျိုးဖြင့် နှိမ်ချိုးဦးချ ကန်တော့ရှိခိုးပါ၏အရှင်ဘုရား။

မိခင်ဇရာဝတီ

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | (၄၀)ကြိမ်မြောက် လယ်တီဝိပဿနာ | ၁ |
| | - တောလေးဆယ် | ၂ |
| ၂။ | (၄၁)ကြိမ်မြောက် လယ်တီဝိပဿနာ | ၆ |
| | - ရည်ရွယ်ချက် | ၉ |
| ၃။ | (၄၉)ကြိမ်မြောက် လယ်တီဝိပဿနာ | ၁၄ |
| | - မိုး | ၁၅ |
| | - အေးမည့်နည်းလမ်း | ၂၄ |
| ၄။ | (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ | ၂၉ |
| | - (၆၂)နှစ်ပြည့် | ၂၉ |
| | - လေးဌာန | ၃၆ |
| | - နောက်တစ်မျိုးက ဘူမန္တရ | ၃၇ |
| | - ရှေ့အစွန်း၊ နောက်အစွန်း | ၃၉ |
| | - ပုဂ္ဂိုလ် (၇)ယောက် | ၄၀ |
| | - (၅)မည်ရဒေသနာ | ၄၁ |
| | - ဓမ္မသဘင် | ၄၃ |
| | - နည်းပေးလမ်းပြ | ၄၅ |
| | - မပြောပလောက် | ၄၅ |
| | - သဗ္ဗညုတဉာဏ်တော်ကြီး | ၄၆ |
| | - အကြောင်းရှစ်မျိုး | ၄၆ |
| | - သုံးမျိုးခေါင်းတပ် | ၄၇ |
| | - သဿတဒိဋ္ဌိ | ၄၈ |
| | - လားရာဂတိနှင့်ဝေဒနာကမ္မဋ္ဌာန်းပေး | ၄၉ |
| | - ဝေဒနာ (၁၀၈) | ၅၀ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| | - ဆရာတော်ဘုရားကြီးရဲ့လက်ာ | ၅၃ |
| | - သက္ကာယဒိဋ္ဌိပျောက်ရင် | ၅၅ |
| | - ရှစ်သောင်းလေးထောင် အခါတော်နေ့ | ၆၂ |
| | - အာယတန + ဖဿကြောင့် | ၆၂ |
| | - နာမ်ရုပ်ကြောင့် အတွင်းအကြည် (၆)မျိုး | ၆၅ |
| | - ဖဿဘာကြောင့်ဖြစ် | ၆၈ |
| | - (၆၂)နှစ်ပြည့် ဓမ္မဒါန | ၇၃ |
| | - မီးပူဖော်တဲ့ပုဏ္ဏား | ၇၈ |
| | - ဝေဒနာတစ်လုံး | ၈၁ |
| | - ဝေဒနာကြောင့် တဏှာ | ၈၅ |
| | - ငြိမ်းချမ်းချင်ရင် | ၉၅ |
| | - မှန်ကြီးတစ်ချပ် | ၁၀၃ |
| | - ဒုက္ခသက်သက် | ၁၀၃ |
| | - (၃၆)ထွေ နဝင်းကျေတရား | ၁၀၇ |
| | - ဖြစ်ပွားပုံက | ၁၁၂ |
| | - လမ်းခွဲပြီ | ၁၁၄ |
| | - ဘဝဆို ဘယ်ဘဝမှ | ၁၁၅ |
| | - အတူတူ | ၁၁၅ |
| | - သုံးဆယ့်ခြောက်ထွေ | ၁၁၅ |
| | - သံသရာဝဋ်ဇာတ်သိမ်းကြစို့ရဲ့ | ၁၁၇ |
| | - ဝိပဿနာရှုနေသူအား မဂ္ဂင်ရှစ်ပါး ဖြစ်ပွားနေပုံ | ၁၁၇ |
| | - သုံးဆယ့်ခြောက်ထွေ ဆက်နွှယ်နေပုံ | ၁၁၈ |
| | - တရားရကြပြီ | ၁၁၉ |
| ၅။ | **(၆၃)ကြိမ်မြောက် လယ်တီဝိပဿနာ** | **၁၂၂** |
| | - ဒေဝဒူတ | ၁၂၂ |
| | - ယမမင်း စဉ်းစား | ၁၃၀ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- တောင့်တချက် (၅)မျိုး ၁၃၀
- ရေလွတ်မှ လူလိမ္မာ ၁၃၂
- သေမင်းတမန် (၅)မျိုး ၁၃၅
- ယမမင်းထံ အစစ်ခံသံပေါက် ၁၃၈
- အမျှဝေ ၁၅၈
- ပဋိသန္ဓေနေခြင်း ၁၆၀
- ညဉ်သဏ္ဍာယ သေကိန်းကျ ၁၆၇

၆။ **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်၏ ဩဝါဒကကထာ** **၁၇၁**

- ဒိဋ္ဌိဇုကမ္မ ၁၇၁
- ရေထဲမျှောလိုက်ပြီဘုရား ၁၇၄
- မဟာဝဇီရဉာဏ် ၁၇၇
- ‘ထ’ လေးလုံး ၁၈၁
- (၆၆) မကြောက်ရအောင် ၁၈၃
- သေခြင်းသုံးမျိုး ၁၈၃
- သာမညဆရာတော် ၁၈၅
- အမြတ်ခေါင်ဖျား ယောက်ျားအာဇာနည် ၁၈၆
- ဥတုသုံးလီ ရာသီမခြား ၁၈၇
- ကုလပသာဒကဇာတဒဂ် ၁၉၁
- အမြတ်ဆုံးပူဇော်မှု ၁၉၂

၇။ **(၆၈)ကြိမ်မြောက် လယ်တီဝိပဿနာ** **၁၉၄**

- အခေါင်ထွဋ်မြတ် ခြေရိုးဓာတ် ၁၉၄
- ဓမ္မစေတီ ၁၉၆
- ဦးထမ်းပုံ့ထမ်း ၁၉၈
- ငြင်းကြ ခုံကြဖူး ၁၉၉
- စာလာနည်း ၂၀၀

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - နှစ်(၁၀၀)တိုင်တိုင် သင်ကြားပို့ချခဲ့သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာဇယား | ၂၀၄ |
| | - အနုလောမခန္တီ သုံးမျိုး | ၂၀၇ |
| | - လုံးဝစကားမပြောရ | ၂၀၈ |
| | - မြတ်နိုးကြရ | ၂၁၀ |
| ၈။ | **(၇၂)ကြိမ်မြောက် လယ်တီဝိပဿနာ** | **၂၁၂** |
| | - ရန်ပြေမာန်ပြေတရား | ၂၁၂ |
| | - နှလုံးသွေးရောင် | ၂၁၇ |
| | - ဉာဏဒဿန | ၂၂၂ |
| | - သမ္မသန (၄)နည်း | ၂၂၇ |
| | - အောင်ပွဲ | ၂၂၉ |
| ၉။ | **ဟောလီးဒေးခြံတရား** | **၂၃၆** |
| | - ဆုပေး | ၂၃၆ |
| | - (၅)ပါးသီလခံယူကြပါတယ် | ၂၃၈ |
| | - နှုတ်ခွန်းဆက် | ၂၄၀ |
| | - နကုလပိတာ | ၂၄၁ |
| | - စိတ်ရောဂါပျောက်ကြပြီ | ၂၄၄ |
| | - ဓာတ်လေးပါး | ၂၄၇ |
| | - ဥပမာ (၄) | ၂၅၀ |
| | - တရားရှိ တရားသိဖို့ | ၂၅၃ |
| | - ရေမှန်ရိပ် | ၂၅၉ |
| ၁၀။ | **နာဂသုတ္တန်တရား** | **၂၆၃** |
| | - နာဂအမည်တော် | ၂၆၃ |
| | - အရှင်ဥဒါယီက လျှောက်ထား | ၂၆၇ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၁။ **(၁၂)ကြိမ်မြောက် လယ် + ဆယ် ဝန်ကြီးဌာန စုပေါင်းရဟန်းခံရှင်ပြု** ၂၉၃
- လယ် + ဆည်ဝန်ကြီးဌာန ၂၉၃
- သက်န်းတောင်း ၃၀၅
- လိုက်ဆိုကြ ၃၀၅
- ရဟန်းခံရှင်ပြုတရား ၃၀၈
- ဂုဏ် (၁၀)ပါး ၃၃၀
- လိုက်ဆိုကြ ၃၃၀
- အိပ်မက် (၄)မျိုး ၃၃၉
- အိပ်မက်ပေးတရား ၃၄၂
- ကန်းယောင်ဆောင် ၃၄၈

၁၂။ **ပခုက္ကူမြို့ အတုလအတိအဂ္ဂမဟာရာပြည့်ရတု** ၃၅၄
- အထူးမှာကြားတော်မူချက် ၃၅၅
- တာဝန်အသီးသီးယူ စာပေပို့ချတော်မူကြ ၃၅၆
- ပရိဘောဂစေတီထိုက်သည့် ဇေဝတန်ပမာ ၃၅၇
- ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီး ၃၅၈
- ဦးခေါင်းဖြင့် ရှိခိုးပါ၏ ၂၅၉
- ဦးထိပ်ဖြင့် ထမ်းရွက်ပါအံ့ ဘုရား ၃၆၀
- အောင်ပွဲရဂါထာများ ၃၆၂
- တရားလေးစား ကြည်ညိုရာမှ ၃၆၄

၁၃။ **ရှင်တော်ဗုဒ္ဓ၏ကျန်းမာရေးဆိုင်ရာအဆိုအမိန့်များ** ၃၆၆
- အဆင့်မြင့်နေထိုင်နည်း ၃၇၇
- ရှုကြည့်ပုံ ၃၈၇

၁၄။ **မြန်မာ့အသံမှ အသံလွှင့်တရား** ၃၈၂
- အင်အားပြည့်စုံ ဘေးရန်လုံတရားတော် ၃၈၂

၁၅။ **မြန်မာ့ရုပ်သံ "ဓမ္မစကြာတရားတော်"** ၃၈၇

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- ဂုဏ်မျိုးစုံလွှမ်းခြုံသည့် တရားတော် ၃၉၁
- ဓမ္မစကြာပါဠိတော် ၃၉၃
- နေ့ပိုင်း - ဓမ္မစကြာအသံလွှင့်တရားတော် ၃၉၉

၁၆။ **နာဂလိုဏ်ဂူကလေးဝတောရ သကြံန်တရားစခန်း** ၄၀၄

- အဘယ့်ကြောင့် တရားအားထုတ်ရသလဲ ၄၀၅
- ပုထုဇဉ်ဆိုတာ ၄၀၆
- ပုထုဇဉ် (၂)မျိုး ၄၀၆
- တစ်နည်း ပုထုဇဉ် ၄၀၉
- တစ်နည်း ၄၁၀
- နောက်တစ်နည်း ၄၁၁
- တစ်နည်းအားဖြင့် ၄၁၂
- နောက်တစ်နည်းက ၄၁၃
- ပုထုဇဉ်တို့ရဲ့နယ်မြေ သဘော-ဂတိဓမ္မတာ ၄၁၇
- ဒုစရိုက် (၁၀)မျိုးက (၄၀)ပွား ၄၁၈
- ပျော်မွေ့ဖွယ်နေရာ နည်းနည်းလေး ၄၁၉
- ဗုဒ္ဓဘာသာ (၄)မျိုး ၄၂၀
- စေလို့မရ ၄၂၄
- အလတ်စားဗုဒ္ဓဘာသာ ၄၂၅
- ပဋိစ္စသမုပ္ပါဒ် ဆွေးနွေးပွဲ ၄၂၆
- ဗုဒ္ဓဘာသာအကြီးစား ၄၂၇
- ပရမတ္ထ ဗုဒ္ဓဘာသာ ၄၂၉
- (၁၅၀၀) ကိလေသာ ၄၃၁
- ကိလေသာ လျှော့နည်း ၄၃၃
- ရေငုံနှုတ်ပိတ် ၄၃၆
- စည်းကမ်း ၄၃၇

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


- မွေ့လို့သာပ မမွေ့လျှင်တူးရဲ့ ၄၃၈
- မြတ်သောနေခြင်း ၄၄၂
- ရဟန္တာအရှင်မြတ်ကြီးတွေ ၄၄၃
- ကဏှဇာတ် ၄၄၇
- တဏှာအစစ် - ၁၀၈ ၄၆၀
- ဆရာတော်၏ဩဝါဒ ၄၆၂
- ဖွင့်ပွဲ ၄၇၆
- စကားလုံးဝမပြောရ ၄၇၇
- ရုပ်နာမ် (၂)ပါး အပ်နှင်းလှူဒါန်း ၄၈၀
- ကမ္မဋ္ဌာန်းတောင်းခံခြင်း ၄၈၁
- ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီ ဆရာတော်ဘုရားကြီးအားကန်တော့တဲ့အစီအစဉ် ၄၈၂
- ဆရာများသို့ ရုပ်နာမ်နှစ်ပါး အပ်နှင်းတဲ့အစီအစဉ် ၄၈၃
- ဝေနေယျသတ္တဝါများနှင့်အပြန်အလှန် တောင်းပန်ကြသည့်အစီအစဉ် ၄၈၃
- တောင်းပန်ကြပါမယ် ၄၈၄
- ကန်တော့ မေတ္တာပို့အမျှဝေ ၄၈၄
- အစီအစဉ်အရ ၄၈၅
- အချိန်ဇယား ၄၈၆

၁၇။ **သင်္ကြန်အထူးတရားစခန်း** **၄၉၂**
- ဒုစရိုက်နှင့်အကြောင်းရင်း ၄၉၃
- ပြစ်မှုပျောက်တဲ့နည်း ၄၉၅
- ပုဂ္ဂိုလ် (၂)ယောက် ၅၀၁
- ကျေးဇူးကျေတဲ့နည်း ၅၀၂
- ယာဉ်သုံးပါး ၅၀၉
- ပဗ္ဗတူပမသုတ္တန် ၅၁၁

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| | - မတူကြ | ၅၁၇ |
| | - ပေါက်ပင်ဥပမာ | ၅၁၈ |
| ၁၈။ | **သကြၤန်အတက်နေ့ ညဥ့်တရား** | **၅၂၃** |
| | - ခန္ဓာငါးတန် တိုင်းနိုင်ငံ | ၅၂၃ |
| | - ကာမတို့ရဲ့အပြစ် | ၅၂၄ |
| | - ခဂ္ဂဝိသာဏ | ၅၂၆ |
| | - စက်ဆုပ်ဖွယ်မြင် သမထနည်း | ၅၂၉ |
| | - ခာတ် | ၅၃၀ |
| | - မင်းကွန်းဆရာတော်ကြီး | ၅၃၂ |
| | - မြင်သိစိတ် | ၅၃၅ |
| | - နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီ | ၅၃၇ |
| | - မျက်လုံး | ၅၄၀ |
| | - နှစ်ဖက်လှ | ၅၄၁ |
| | - အဆင့်ဆင့် | ၅၄၂ |
| | - မရှိလေးပါး | ၅၄၃ |
| | - ဘဝငြိမ်းချမ်းရေး | ၅၄၄ |
| | - တရားနဲ့နေတတ်ကြပါစေ | ၅၄၅ |
| | - စာရင်းချုပ် | ၅၄၆ |
| | - စကားစဉ် (၆) | ၅၅၆ |
| | - အနုတ္တရိယ (၆)မျိုး | ၅၅၇ |
| | - ဓမ္မဋ္ဌိတိဉာဏ်၊ ယထာဘူတဉာဏ် | ၅၆၀ |
| | - လေးနည်း | ၅၆၁ |
| | - အ,ဖြုတ်၊ အ,တိုး | ၅၆၃ |
| | - ငြီးချင်း | ၅၆၆ |
| | - အံ့ဖွယ်သာသနာ | ၅၇၅ |
| | - ဆုတောင်း | ၅၈၀ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ဥပဇ္ဈာယ်ဆရာတော်ကြီး၏ဆုတောင်း | ၅၈၇ |
| | - ရွှေရုတု | ၅၉၃ |
| ၁၉။ | **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလ၏ ဟောပြောချက်တရားများ** | **၅၉၈** |
| ၂၀။ | **လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယအဖွဲ့** | **၆၀၉** |
| | - အထူးတရားစခန်းကျင်းပသည့်နေရာဌာနများ | ၆၀၉ |
| | - နာယကအဖွဲ့ | ၆၁၉ |
| | - အနွယ်တော်ဝင်ပိုင်သာသနိကအဆောက်အဦ များစာရင်း | ၆၂၄ |
| | - ဩဝါဒါစရိယဆရာတော်များ | ၆၃၀ |
| | - ဝန်ဆောင်နာယကဆရာတော်များအဖွဲ့ | ၆၃၀ |

http://www.dhammadownload.com

## ဆရာတော်အစီအခွန် (၁)

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်း ငှါကြောင့်
အေးစေသော်။ ။

## ဆရာတော်အစီအခွန် (၂)

ငါသည်လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှား ငါကြိုက်၊ ငါမလိုက်တည့်
ငါကြိုက် ငါမျိုး၊ ငါ့တန်ခိုးဖြင့်
ငါ့မျိုး ငါ့ဆွေ၊ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ၊ ငါ့ဆန္ဒဖြင့်၊
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုး ငါဇာတ် မြတ်စေသော်။

နာဂလိုဏ်ဂူ ကလေးဝတောရ ဆရာတော်ဘုရား ရေးသားပြုစု ခဲ့ပြီးသော ကျမ်းစာအုပ်များ–

၁။ ပါဠိဖတ်စာ
၂။ အစီအခွန်ကျင့်စဉ်နှင့်လယ်တီဝိပဿနာ
၃။ လယ်တီဝိပဿနာ အမှတ် (၂)
၄။ လယ်တီဝိပဿနာ အမှတ် (၃)
၅။ လယ်တီဝိပဿနာ အမှတ် (၄)

http://www.dhammadownload.com



**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်**
**ပဓာန နာယက**
**နာဂလိုဏ်ဂူဘုရားကုန်းမြေ**
**ကလေးဝတောရစာသင်တိုက်ဆရာတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**

## (၄၀)ကြိမ်မြောက်လယ်တီဝိပဿနာ

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟု ဆိုအပ်သော ရတနာသုံးရပ် ထွဋ်မှအမြတ်တို့အား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသော ရတနတ္တယပဏာမ ကုသိုလ်ကံ စေတနာ သမထဝိပဿနာ စိတ်ကောင်းစိတ်မြတ်တို့ကို မိမိတို့သဏ္ဍာန်၌ ရယူရန်ရှိနိုင်ရန် အကျိုးငှာ လာရောက်၍ လယ်တီဝိပဿနာ(၇)ရက် တရားစခန်း ကြိုးစားအားထုတ်ကြမည်။ အားထုတ်ကြမည် ဟူသော ကုသိုလ်ကံစေတနာစသည်တို့ကြောင့် မိမိတို့အလိုရှိအပ်၊ တောင်းတ အပ်သော မြတ်သောဆုထူး၊ ဆုမြတ်အပေါင်းတို့နှင့် ပြည့်စုံကြပါစေ၊ ပြည့်စုံခြင်းအကြောင်း ကောင်းမြတ်သော သူတော်ကောင်း တရားများ ကိုယ်စီကိုယ်ငှ လက်ကိုင်ထားနိုင်ကြသဖြင့် ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ လျင်မြန်စွာ စံမြန်းရရှိနိုင်ကြပါစေကုန်သတည်း။

(ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ ဘုရား)

http://www.dhammadownload.com



**အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထ သီလံ သမာဒိယာမိ။**

အရှင်ဘုရား တပည့်တော်များသည် အရိယာဉာဏ်ရ၍ ဝဋ်ဒုက္ခ ခပ်သိမ်း ငြိမ်းပါစေရန် သရဏဂုံ သုံးပါးနှင့်တကွ ရှစ်ပါးသီလ ဥပုသ်သီလ တော်မြတ်ကို ဆောက်တည် ကျင့်သုံးပါ၏။

**တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထ သီလံ သာဓုကံ ကတွာ ဝမ္မ အပ္ပမာဒေန သမ္ပာဒေထ။**

( အာမဘန္တေပါဘုရား)

**တောလေးဆယ်**

ယနေ့သာသနာတော်နှစ် ၂၅၄၅ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၃ နှစ်၊ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့၊ ဒီနေ့ထူးနေ့မြတ်မှာ ဘုန်းကြီးတို့ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်မှာ အကြိမ်(၄၀) မြောက်၊ ဖွင့်လှစ်အပ်တဲ့ တရားစခန်း၊ ဤတရားစခန်းမှာ အဓိကအားဖြင့် သမထဝိပဿနာ နှစ်မျိုးထဲက ဝိပဿနာဉာဏ်အဆင့်ဆင့် ရဖို့ရန် ရှေးဦးစွာ မိမိတို့ရဲ့ စိတ်ကလေး ငြိမ်းချမ်းမှုရအောင် ကြိုးစားကြရတာ။

အဲဒီလို ငြိမ်းချမ်းမှုရအောင် ကြိုးစားပြီးတဲ့အခါ သမ္မသနဉာဏ်နဲ့ ရုပ်တရား၊ နာမ်တရားတို့ကို လက္ခဏာယာဉ်သုံးပါးနဲ့ သုံးသပ်ပြီးတော့ ဒီရုပ်တရား နာမ်တရားတို့ကို အကြိမ်(၄၀)မြောက်မှာ "တော"လေးဆယ် နဲ့ အကျယ်တဝင့် သုံးသပ်နိုင်အောင် အကျယ်တဝင့် ရှုပွားနိုင်အောင်လို့ ရှေးဦးစွာ သမထကမ္မဋ္ဌာန်းများ အားထုတ်ကြရတာ။ အဲဒီတော့ ရုပ်တစ်ခုကိုပဲ အနိစ္စတော တော(၁၀)မျိုး၊ အနိစ္စလက္ခဏာပေါင်း ဆယ်မျိုး၊ ရုပ်ကိုပဲ ဒုက္ခလက္ခဏာထင်အောင် ဒုက္ခတောအစရှိသည်ဖြင့် တောနှစ်ဆယ်ငါးမျိုး၊ အဲဒီရုပ်ကိုပဲ အနတ္တတော အစရှိသည်ဖြင့် တောငါးမျိုး၊ ရူပက္ခန္ဓာအပေါ်မှာ တောလေးဆယ်၊ ဝေဒနက္ခန္ဓာအပေါ်မှာ တောလေးဆယ်၊ သညာက္ခန္ဓာအပေါ်မှာ တောလေးဆယ်၊ သင်္ခါရက္ခန္ဓာ အပေါ်မှာ တောလေးဆယ်၊ ဝိညာဏက္ခန္ဓာအပေါ်မှာ တောလေးဆယ်၊

http://www.dhammadownload.com



အဲသလို **တောလေးဆယ်** ငါးလီတော(၂၀၀)နဲ့ **သမ္မသနဉာဏ်** တော**လေးဆယ် တော(၂၀၀)နဲ့** သုံးသပ်နိုင်အောင် ရှုပွားနိုင်အောင် **အခြေခံဖြစ်တဲ့ သမထကမ္မဋ္ဌာန်းကစ**ပြီးတော့ အားထုတ်ကြရတာ။

**အဲဒီတောလေးဆယ်က** ဘာတွေလဲ လို့ဆိုတော့ ရူပက္ခန္ဓာကိုပဲ **ရုပ်အစု**ကိုပဲ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ရုပ်ထဲကနေပြီးတော့ ခွဲထုတ်လိုက်မယ်ဆိုရင် ထွက်လေ ဝင်လေဆိုတဲ့ ဝါယောရုပ်တစ်မျိုး ကိုလဲ-

**ရူပံ အနိစ္စံ ပလောကံ ၊ စလံ ပဘင်္ဂုံ အဒ္ဓုဝံ၊**
**ဝိပရိဏာမာသာရကံ၊ ဝိဘဝံ မစ္စုသင်္ခတံ။**

လို့ ရုပ်ကိုအနိစ္စတော၊ ပလောကတော၊ စလတော ပဘင်္ဂုံတော၊ အဒ္ဓုဝတော၊ ဝိပရိဏာမ ဓမ္မတော၊ အသာရကတော၊ ဝိဘဝတော မစ္စုတော၊ သင်္ခတတောလို့ ရုပ်ကို အနိစ္စတော အစရှိသည်ဖြင့် **အနိစ္စ** လက္ခဏာနဲ့ တောဆယ်မျိုးနဲ့ ရှုပွားတဲ့နည်း၊ အနိစ္စတော ရုပ်ကို မမြဲသောအားဖြင့် ရှုရမယ်။ မမြဲသောအားဖြင့် မမြဲဘူးဟူ၍ မမြဲသော အနေအားဖြင့် ရှုပွားရမယ်။

ပလောကတော= ပျက်ဆီးတတ်သောအားဖြင့်လည်း **ရှုရမယ်။** စလတော= တုန်လှုပ်တဲ့အခြေအနေကိုလည်း ရှုသိရမယ်။ ပဘင်္ဂုံတော= နဂိုကထဲက ပျက်တတ်တဲ့သဘောကိုလည်း မြင်ရမယ်၊ အဒ္ဓုဝတော= မမြဲတဲ့သဘောကိုလည်း မြင်ရမယ်။ ဝိပရိဏာမဓမ္မတော= ဖေါက်ပြန်တဲ့ အခြေအနေကိုလည်း မြင်အောင်ရှုရမယ်။ အသာရကတော= အနှစ် သာရမရှိပုံကိုလည်း ကြည့်ရှုတတ်ရမယ်။ ဝိဘဝတော= အခြေအနေ အမျိုးမျိုးနဲ့ ပျက်စီးပုံကိုလည်း မြင်ရမယ်။ မစ္စုတော= သေမင်းသဖွယ် လည်း ရှုရမယ်။ သင်္ခတတော= အကြောင်းတရားတွေ ပေါင်း၍ ပြုပြင်တတ်ပုံကိုလည်း ရှုပွားရမယ်။

ရုပ်အပါ်မှာ ဒုက္ခာနုပဿနာ ဒုက္ခအနေအားဖြင့် ရှုပွားတဲ့ နည်းက နှစ်ဆယ့်ငါးမျိုး။

http://www.dhammadownload.com



ဒုက္ခဥ္စရောဂါယံ ဂဏ္ဍံ၊ သလ္လာဗာဓံ ဥပဒ္ဒဝံ။
ဘယီတျပသဂ္ဂါတာဏာ၊ လေဏ် သရဏ်ာဝဓံ။
ဇာတိဇရာ မရဏံ ဗျာဓိသောကမုပဒ္ဒဝံ၊
ပရိဒေဝမုပါယာသံ သံကိလေသ သဘာဝကံ။

ဒုက္ခတော= ဒုက္ခအနေအားဖြင့်လည်းရှုရမယ်။ ရောဂတော= ရောဂါကြီးသဖွယ်လည်း မြင်ရမယ်။ အဃတော= ဆင်းရဲတဲ့ အနေအား ဖြင့်လည်း မြင်ရမယ်။ အဃတော= မကောင်းမှုအနေနဲ့လည်းမြင်ရမယ်။ ဂဏ္ဍတော အိုင်အမာကြီးလိုလည်း မြင်ရမယ်။ သလ္လတော= မြားငြောင့် သဖွယ်လည်း မြင်ရမယ်။ အာဗာဓတော= အနာရောဂါအနေအားဖြင့် လည်း မြင်ပါတဲ့။ ကြည့်ရှုပါ။ ဥပဒ္ဒဝတော= ဘေးရန်ခပ်သိမ်းအားလုံးဟာ ရုပ်ကိုမှီပြီးတော့မှ ဖြစ်တာပဲလို့လည်း မြင်ရမယ်။ ဘယတော= ကြောက်ဖွယ်အနေနဲ့လည်း မြင်ရမယ်။ ဤတိတော ထင်ရှားတဲ့ ဘေးရန် မထင်ရှားတဲ့ဘေးရန် ဒီလိုလည်း မြင်ပါ။ ဥပသဂ္ဂတော= ကပ်၍ ကြိတ်ညှပ် နှိပ်စက်တတ်တဲ့ အနေအားဖြင့်လည်း မြင်ရမယ်။ အတာဏတော= မစောင့်ရှောက်တတ်ဘူးလို့လည်း မြင်ရမယ်။

အလေဏတော= ပုန်းအောင်းရာမရှိဘူးလို့လည်း မြင်ရမယ်။ အသရဏတော= ခိုကိုးရာမရှိသောအားဖြင့်လည်း ရှုရမယ်။ ဝဓတော= သူသတ်အနေအားဖြင့်လည်း ရှုပါတဲ့။ ဇာတိ= ဖြစ်ခြင်း၊ ဇရာ မရဏံ ဗျာဓိ= ဆွေးမြေ့ယိုယွင်း အိုမင်းတဲ့အနေ၊ နာကျင်ကိုက်ခဲ ရောဂါစွဲတဲ့ အနေ၊ သေတဲ့အနေ၊ ငိုကြွေးပင်ပန်းတဲ့အနေအားဖြင့်လည်း ရှုရမယ်။ စိုးရိမ်ပူဆွေး စိတ်မအေးဖွယ်အနေနဲ့လည်း ရှုပါ။ ညစ်ညမ်းမှုအားလုံးကို ဖြစ်စေတတ်တဲ့ သဘောရှိတယ်လို့ ဒီလိုလည်းပဲ ဒုက္ခာနုပဿနာနဲ့ ဒုက္ခရှုတာနဲ့ပတ်သက်ပြီးတော့ နှစ်ဆယ့်ငါးမျိုး ရုပ်အပေါ် တောနှစ်ဆယ့် ငါးမျိုးနဲ့ ရှုပွားတဲ့နည်းနဲ့လည်း ရှုရလိမ့်မယ်။

**"အနတ္တာတိ ပရံရိတ္တံ တုစ္ဆံ သုညန္တိ တာလီသံ"**

အနတ္တအနေနဲ့ ရုပ်အပေါ်မှာ တောငါးမျိုးတဲ့။ အနတ္တတော= ကိုယ်ပိုင်မဟုတ်တဲ့အနေအားဖြင့်၊ ပရတော= တစိမ်းပြင်ပ အနေအားဖြင့်

http://www.dhammadownload.com



ရိတ္တတော= အချီအနှီးအနေအားဖြင့်၊ တုစ္ဆတော= ဘာမှအနှစ်သာရ မရှိတဲ့အနေအားဖြင့် အဲသလို ရုပ်အပေါ်အနတ္တတောင်းမျိုးနဲ့ ရှုပွားဆင်ခြင်တော့။ ခန္ဓာငါးပါးမှာ ရုပ်တစ်ခုထဲကိုပဲ တောလေးဆယ်၊ ဝေဒနာအပေါ်မှာ တောလေးဆယ်၊ သညာ အပေါ်မှာ တောလေးဆယ်၊ သင်္ခါရအပေါ်မှာ တောလေးဆယ်၊ ဝိညာဏက္ခန္ဓာအပေါ်မှာ တောလေးဆယ်နဲ့ ရှုပွားပြီးတော့ သွားမယ်ဆိုလို့ရှိရင်တဲ့။ ခန္ဓာငါးပါး တစ်ပါးပါးမှာ တောလေးဆယ်နဲ့ သမ္မသနဉာဏ်နဲ့ ရှုပွားနိုင်အောင်လို့ ဆိုပြီးတော့ မိမိတို့ရဲ့စိတ်ကလေးကို တည်ငြိမ်အေးချမ်းမှုရအောင် ရှေးဦးစွာ သမာဓိစခန်းဝင်ကြရပါတယ်။

အဲသလို သမာဓိစခန်း ဝင်ကြတဲ့အခါမှာလည်း ထွက်လေ ဝင်လေ ဆိုတဲ့ အာရုံတိုင်မှာပဲ စိတ်ကလေးကို ချည်ပြီးတော့ ထားနိုင်အောင် အားထုတ်ကြရပါလိမ့်မယ်။ အဲဒါကို မြတ်စွာဘုရားရဲ့ မဟာသတိပဋ္ဌာန် လေးပါးမှာ ကာယာနုပဿနာသတိပဋ္ဌာန်၊ အပိုင်းအားဖြင့် ပြောမယ်ဆိုရင် အာနာပါန ပဗ္ဗခေါ်တဲ့ အာနာပါနဆိုင်ရာအားထုတ်တဲ့အပိုင်း။ ဒီအပိုင်းကို ကြိုးစားပြီးတော့ စနစ်တကျလေး အားထုတ်နိုင်မယ်ဆိုရင် အကြိမ် (၄၀)မြောက်မှာ သမ္မသနဉာဏ်၊ ခန္ဓာငါးပါး၊ တောလေးဆယ်၊ ရူပက္ခန္ဓာအပေါ်မှာ တောလေးဆယ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့အပေါ်မှာ အသီးသီး တောလေးဆယ် လေးဆယ်စီ အားထုတ်ပြီးတော့ ရှုပွားသွားမယ်ဆိုလို့ရှိရင် ဝိပဿနာဉာဏ်ဟာလည်း ရင့်သန်ပြီးတော့ ဝဋ္ဋဒုက္ခခပ်သိမ်းငြိမ်းကြောင်း ငြိမ်းရာလမ်းစကို တွေ့နိုင်ပါလိမ့်မယ်။ ဒါကြောင့် ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းကြောင်း လမ်းစဖြစ်တဲ့ သီလကို ဆောက်တည်ပြီးတော့ သမထနှင့် ဝိပဿနာတရားများ ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့စကားကို နိဂုံးချုပ်အပ်ပါတည်း ။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
ပဓာန နာယက
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ

## လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ

ဟောကြားတော်မူသော
(၄၁)ကြိမ်မြောက်လယ်တီဝိပဿနာ

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့၊ မဟာပဝါရဏာနေ့၊ ဒီနေ့မှာ လေးဆယ်တစ်ကြိမ်မြောက်၊ လယ်တီဝိပဿနာ တရားစခန်း စတင်ပြီးတော့ ဖွင့်လှစ်ပြီးတော့ အားထုတ်ကြမယ်။ အားလုံးယောဂီသူတော်စင်များနှင့်တကွ ဘုန်းကြီးတို့တစ်တွေအားလုံးဟာ ဘုရားပွင့်တော်မူရာအခါနှင့် တွေ့ကြုံဆုံဆည်းပြီးတော့ ဘုရားပွင့်တော်မူရာအခါကဲ့သို့ ဘုရားတရားတော်များ ထင်ရှားရှိတဲ့အခါနဲ့ တွေ့ကြုံဆုံဆည်းကြ၊ မိမိတို့ကိုယ်တိုင်လည်းပဲ မစွန့်မပစ်ပဲ ဟောသမျှ ပြောသမျှ တရားတော်များကို သိရှိနားလည်းနိုင်တဲ့ဘဝ၊ အခါကောင်း၊ ဘဝကောင်း ရရှိ အကယ်၍များ ဘုရားကလည်း မပွင့်ဘူး၊ မိမိတို့က ပွင့်သော်လည်းပဲ မိမိတို့က စွန့်ပစ်ပြီးတော့ နေမယ်ဆိုရင် ဘုရားပွင့်ရာအခါနဲ့ ကြုံသော်လည်း အကျိုးမရှိပါဘူး။

မိမိတို့ကဉာဏ်ရှိပါရဲ့ ဘုရားစကားတော်များ၊ တရားစကားတော်များ မထွန်းကားတဲ့နေရာ၊ ဘုရားတရားတော်စကားတော်ကို

http://www.dhammadownload.com



မယုံကြည်တဲ့လူမျိုး၊ မယုံကြည်တဲ့ ဘာသာဝင်ဖြစ်ပြီးတော့ နေမယ်ဆိုရင်လည်း အင်မတန်ကို ကြောက်စရာကောင်းပါတယ်။ အခုကမ္ဘာမှာ ကမ္ဘာ့ပညာရှင်တွေ အများကြီးရှိပါတယ်။ ကမ္ဘာ့ပညာရှင်တွေ အများကြီး ရှိသော်လဲ ဘုရားတရားတော်များ ထွန်းကားတဲ့ ဒေသမဟုတ်တဲ့အတွက် ဘုရား တရားတော်များကို လိုက်နာခွင့်အားထုတ်ခွင့် မရကြပါ။ အကယ်၍များ ဘုရားမပွင့်ပါဘူးဆိုလို့ရှိရင် ကုသိုလ်တရားတွေက အားထုတ်ရယူရမည့် တရားတွေ၊ အကုသိုလ်တရားတွေက ပယ်ရှားရမဲ့ တရားတွေလို့ ကျကျနနမသိနိုင်တဲ့အတွက် အင်မတန် အပြစ်များ ပါတယ်။

**ဗုဒ္ဓရှင်တော်၊ မပွင့်ပေါ်လျှင်**
**လူတော်အများ၊ စိတ်ကောင်းထားလည်း**
**ဤကားကုသိုလ်၊ အကုသိုလ်နှင့်**
**ထိုထိုဘုံဘဝ၊ မသိကြ**
**များလှ အပြစ်တွေ။**

ဘုရားရှင်မပွင့်ပါဘူးဆို့လိုရှိရင်တဲ့ ဘုရားပွင့်သောအခါကဲ့သို့ မကြုံရပါဘူးဆိုရင် "**ဣမေဓမ္မာ ကုသလာ**" ဤတရားတွေက ကုသိုလ်တရားတွေ "**ဣမေဓမ္မာ အကုသလာ**" ဤတရားတွေက အကုသိုလ်တရားတွေ "**ဣမေဓမ္မာ သာဝဇ္ဇာ**" ဤတရားတွေက အပြစ်ရှိတဲ့တရားတွေ "**ဣမေဓမ္မာ အနဝဇ္ဇာ**" ဤတရားတွေက အပြစ်မဲ့တဲ့တရားတွေလို့ ဒီလိုကျကျနန မသိနိုင်ဘူး။ အဲလို မသိနိုင်တဲ့အခါ ကုသိုလ်မှန်း၊ အကုသိုလ်မှန်း၊ အပြစ်ရှိတဲ့တရားမှန်း အပြစ်မရှိတဲ့ တရားမှန်း မသိတဲ့အခါ ယောင်းယမ်းပြီးတော့ ပြုကြကျင့်ကြံ ပြုလုပ်ကြတဲ့အခါ အပြစ်အနာဆာတွေ အများကြီး ဖြစ်ပွားလာနိုင်တယ်။

**ဗုဒ္ဓရှင်တော်၊ ပွင့်ထွန်းပေါ်၍**
**ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်**
**ဤကားကုသိုလ်၊ အကုသိုလ်နှင့်**

http://www.dhammadownload.com



## ထိုထိုဘုံဘဝ၊ သိကြရ
## မျှားလှကျေးဇူးတွေ။

ဗုဒ္ဓရှင်တော်ဘုရားပွင့်လာတာနဲ့ ကြုံကြိုက်လို့ ယခုဗုဒ္ဓဘုရား ပွင့်သော အခါကဲ့သို့သော အခါကောင်းကို ရရှိကြတဲ့အတွက် အားလုံး ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဤတရားတွေက ကုသိုလ်တွေ၊ ဤတရားတွေက အကုသိုလ်တရားတွေ၊ ဤတရားတွေက အပြစ်ရှိတဲ့ တရားတွေ၊ ဤတရားတွေက အပြစ်မရှိတဲ့တရားတွေလို့ ကျကျနန သိခွင့်ရကြတယ်။ အဲလို သိကြတဲ့အခါ အကုသိုလ်တရားတွေဟာ မရှောင်နိုင်မှနေရော၊ ရှောင်ရမည့်တရားတွေလို့ သိလာကြပြီ။ ကုသိုလ် တရားတွေက မပြုနိုင်မှနေရော၊ ပြုရမည့် တရားတွေ၊ မပွားနိုင်မှ နေရော၊ ပွားရမည့် တရားတွေလို့ ဒီလိုသိပြီးတော့ လာတဲ့အခါ ဟော-ဆယ့်ခါတစ်ခါဆိုတာမျိုးလို ကြိုးစားဖြစ်တယ်။ အားထုတ်ဖြစ်တယ်။

အဲဒီလို ကုသိုလ်၊ အကုသိုလ်ခွဲခြားပြီးတော့ သိနိုင်တဲ့ ဘဝသည် အင်မတန်အကျိုးများတဲ့ဘဝ၊ အခုယောဂီသူတော်စင်များ သမထ ဝိပဿနာတရားစခန်း၊ တရားစခန်းဝင်ပြီးတော့ ကြိုးပမ်း အားထုတ်ကြ မယ်လို့ ဒီလို ကြိုးပမ်းအားထုတ်မယ်လို့ စိတ်ကူး စိတ်ကောင်းလေးတွေ ပေါ်လာတာ သိတဲ့အတွက်ပါပဲ။ အဲသလို သိရခြင်းဟာ များစွာကျေးဇူး ရှိတယ်၊ ကျေးဇူးရှိတယ်တဲ့။ ကျေးဇူးရှိတဲ့အတွက် ဘုရားရှင်ကို မိမိတို့ရဲ့ အမြတ်ဆုံး ပဋိပတ်လမ်းစဉ်၊ အမြတ်ဆုံးအကျင့်နဲ့ ပူဇော်မယ်လို့ ဆိုပြီး (၄၁)ကြိမ်မြောက် တရားစခန်း ဝင်ကြပြီ။

လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော်က မြတ်စွာဘုရား အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဟောကြားတော်မူခဲ့တယ်။ (၇)ဝါမြောက် အားလုံးသိကြပြီးတဲ့အတိုင်း တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာဒေသနာ တရားတော်ကို ဟောကြားတော်မူတယ်။ အဘိဓမ္မာဒေသနာတရား တော်ကို ဟောကြားတော်မူတယ်။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ရှိတာထဲက လူ့ပြည်မှာ လေးသောင်းနှစ်ထောင်၊ နတ်ပြည်မှာ

http://www.dhammadownload.com



လေးသောင်းနှစ်ထောင် ဟောကြားတော်မူတယ်။ နတ်ပြည်မှာ ဟောတဲ့ ဓမ္မက္ခန္ဓာ လေးသောင်းနှစ်ထောင်က ကျမ်းအားဖြင့် (၇)ကျမ်း၊ ဓမ္မသင်္ဂဏီနဲ့ ဝိဘင်ကျမ်းကို မြတ်စွာဘုရား (၁၂)ရက်စီ ဟောတော်မူတယ်။ ဓာတုကထာကျမ်းကို(၆)ရက်၊ ပုဂ္ဂလပညတ်ကျမ်းကို(၇)ရက်၊ ကထာဝတ္ထုကျမ်းကို (၈)ရက်၊ ယမိုက်ကျမ်းကို ရက်(၂၀)၊ ပဋ္ဌာန်းကျမ်းကို (၂၅)ရက်၊ အဲဒီလို သုံးလခွဲတန်းချပြီး မြတ်စွာဘုရား ဓမ္မသင်္ဂဏီ ဝိဘင်း အစရှိတဲ့(၇)ကျမ်းကို ဟောကြားတော်မူခဲ့တယ်။ အဲဒီလို ဟောကြားတော်မူခဲ့တဲ့ စကားတော်တွေကို ပြန်ပြီးတော့ ကြည့်လိုက်တဲ့အခါ ရှေးဦးစွာ မြတ်စွာဘုရားရဲ့ နတ်ဘုံနတ်နန်း နတ်စခန်းမှာ ပထမဆုံး မြည်ဟိန်းလာတဲ့ တရားတော် အသံတော်က "ကုသလာဓမ္မာ၊ ဒုတိယ အကုသလာဓမ္မာ၊ တတိယစကားတစ်ခွန်းက အဗျာကတာ ဓမ္မာ "တို့ပါပဲ။ ဒီစကားသုံးခွန်းကစပြီး မြတ်စွာဘုရား တာဝတိံသာနတ်ပြည် ကြွဟောတော်မူပါတယ်။ ခြင်္သေ့ဆီဟာ ရွှေခွက်ထဲမှာပဲ ရပ်တည်နိုင်သလို အင်မတန်ခက်ခဲနက်နဲတဲ့ တရားတော်တွေဟာလည်း နတ်တို့ရဲ့နားနဲ့မှ ပိုပြီးတော့ အဆင်ပြေမှာကိုး။ ဒါကြောင့် မြတ်စွာဘုရား ဒီစကားသုံးခွန်းက စပြီးတော့ နတ်ပြည်မှာ ဟောကြားတော်မူခဲ့ပါတယ်။

## ရည်ရွယ်ချက်

ကုသလာဓမ္မာ ကုသိုလ်တရားတွေရှိတယ်။ သတ္တဝါလဲ မဟုတ်၊ အသက်ရှိတယ်လို့လဲ မပြောဆိုနိုင်တဲ့ အပြစ်ကင်းပြီးတော့ ကောင်းကျိုး ပေးနိုင်တဲ့ တရားတွေရှိတယ်။ အဲဒီကုသလာဓမ္မာဆိုတဲ့ပုဒ်ကို ပထမဆုံး မြတ်စွာဘုရားဟောတော်မူတာ။ ဘယ်လို ရည်ရွယ်တော်မူပြီးတော့ မြတ်စွာဘုရား "ကုသလာဓမ္မာ" ဆိုတဲ့ စကားကုသိုလ်တရားတွေ စပြီး တော့ ဟောတော်မူပါသလဲ။ ရည်ရွယ်ချက်(၄)မျိုးရှိပါတယ်။ ရည်ရွယ်ချက် (၄)မျိုး၊ အဲဒီရည်ရွယ်ချက်(၄)မျိုးက ဘာလဲလို့ဆိုတော့ မြင့်မြတ်သော ကြောင့် ရှေးဦးစွာဟောပါတယ်။ ချီးမွမ်းအပ်သောကြောင့် ရှေးဦးစွာ

http://www.dhammadownload.com



ကုသိုလ်တရားတွေကို ဟောပါတယ်။ ကုသိုလ်တရားတွေဟာ ချီးမွမ်းအပ်တယ်။ မှန်တာပေါ့။ ကုသိုလ်တရားဟာ ကုသိုလ်ဆိုတဲ့ စကားလေးကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက **"အနာကင်းလစ် အပြစ်ကင်းကွာ အလိမ္မာနှင့် ချမ်းသာကောင်းကျိုး လေးမျိုး အချက် ကုသိုလ်နက်"** တဲ့။

ကုသိုလ်ဆိုတဲ့ စကားလေးကို ဘာသာပြန်လိုက်ရင် အနာကင်းခြင်းဆိုတဲ့အနက်၊ အနာကင်းတာကို ကုသိုလ်၊ အပြစ် ကင်းတာကို ကုသိုလ်၊ လိမ္မာရေးခြားရှိတာကို ကုသိုလ်၊ ချမ်းသာကောင်းကျိုးပေးတတ်တာကို ကုသိုလ်လို့ခေါ်ကြရတာ။ အဲဒီလို အနက်(၄)မျိုးထွက်တဲ့ ကုသိုလ်တရားကို ရှေးဦးစွာ ဘာကြောင့်ဟောရသလဲလို့ ဆိုတော့ အမြတ်တစ်နည်း ချီးမွမ်းတစ်ဖုံ၊ အလျော်တစ်မျိုး အကျိုးဆောင်ရွက်၊ ဤလေးချက်ကြောင့် "ဟောမြွက်ကုသလာ ရှေးဦးစွာ"တဲ့။ မြတ်တဲ့အတွက်ကြောင့် ရှေးဦးစွာ ကုသိုလ်ကိုဟောပါတယ်။ ချီးမွမ်းအပ်သောကြောင့်လည်း ကုသိုလ်ကို ဦးစွာဟောပါတယ်။ အလျော်တစ်မျိုး၊ သတ္တဝါအားလုံးနဲ့ မတည့်ဘူးဆိုတာ မရှိဘူးတဲ့။ ကုသိုလ်ဟာ သတ္တဝါအားလုံးနဲ့ အင်မတန်လျော်တယ်တဲ့၊ ကုသိုလ်လောက် မြင့်မြတ်တဲ့၊ ကုသိုလ်လောက်ကြီးမားတဲ့ မိတ်ဆွေမရှိဘူးတဲ့။ ဒါကြောင့် သတ္တဝါအားလုံးနဲ့လျော်တယ်။ သတ္တဝါအားလုံးနဲ့ ကုသိုလ်မတည့်ဘူးတာဆိုတာ မရှိဘူး။ "အကျိုးဆောင်လတ်၊ ကောင်းကျိုးကို ဆောင်တဲ့နေရာမှာ ကုသိုလ်လောက် ဆောင်တာမရှိဘူးတဲ့။ ဒါကြောင့်မို့ ကုသလာဓမ္မာ ဆိုတဲ့စကား ပထမဆုံး နတ်ပြည်နတ်ဘုံ နတ်နန်း နတ်စခန်းမှာ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီတော့ ယနေ့ယောဂီသူတော်စင်များ ကုသိုလ်ဆိုတာထဲက နေပြီးတော့ ကုသိုလ်ဆိုတာ ဒါနစသည် ဆယ်မျိုးယူတာလည်းရှိတယ်။ အဲဒီဆယ်မျိုးကို အကျဉ်းချုပ်လိုက်တော့(၃)မျိုး၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေ

http://www.dhammadownload.com



ဒါနကုသိုလ်၊ ဟော ရောင်းရင်းဝယ်ရင်း လူမှုရေးကိစ္စများ၊ ဆောင်ရွက်ရင်း ဒါနကုသိုလ် ဖြစ်နေတာပါပဲ။ ဒါနကုသိုလ်က တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဒါနကုသိုလ်ဆိုတာ တိရစ္ဆာန်ဘဝ ရောက်နေတာတောင်မှ ဒါနကုသိုလ်ဆိုတာ ဖြစ်နိုင်တာပါပဲ။ သို့သော်လည်းဘဲ လူပုဂ္ဂိုလ်တို့ပြုတဲ့ ဒါနနဲ့တော့ မတူတတ်ဘူး။ ကြီးကျယ်အောင်၊ မြင့်မြတ်အောင် လူတွေကတော့ ပြုတတ်တာကိုး။ သီလကုသိုလ် ထိုနည်းပဲ တိရစ္ဆာန်ဘဝ ရောက်ရင်တောင်မှ သီလစောင့်ထိန်းတာတွေ ရှိတယ်။ သီလစောင့်ထိန်းတာလဲပဲ ရှိကြတယ်။

အဲဒီလို ဒါန၊ သီလ၊ ဘာဝနာထဲက ဒါနကို မြတ်စွာဘုရား ပထမဆုံး ဟောထားတာ ဘာကြောင့်လဲဆိုတော့ သတ္တဝါအများမှာ ဖြစ်နိုင်ပါပဲ။ မှန်တယ်၊ ဗုဒ္ဓဘာသာဖြစ်စေ အခြားဘာသာများမှာဖြစ်စေ၊ ဒါနဟာနည်းမျိုးစုံနဲ့ ဖြစ်ခွင့်ရကြတယ်။ သို့သော်လဲပဲ ကိုယ်နှုတ်နှလုံး သုံးပါးကို ထိန်းသိမ်းတာ မပါသေးဘူးတဲ့။ သီလကုသိုလ်ကြတော့ ကိုယ်ရယ်၊ နှုတ်ရယ် ထိန်းသိမ်းတာ ပါလာပြီ။ မြင့်လည်း ပိုပြီးမြင့်လာပြီ၊ ဟောတတိယဘာဝနာ ကုသိုလ်ကြတော့ စိတ်ကိုထိန်းကြရတယ်။ တစ်ဆင့်ချင်း တစ်ဆင့်ချင်း မြင့်မြတ်ပြီးတော့လာတာ။ အဲဒီဘာဝနာ ကုသိုလ်မှာနှစ်မျိုးတဲ့ သမထဘာဝနာကုသိုလ်၊ ဝိပဿနာဘာဝနာ ဆိုပြီးတော့ အဲလို သမထဘာဝနာကုသိုလ် ဝိပဿနာဘာဝနာဆိုတော့ စောစောကပြောတဲ့-

အဲဒီကုသလာဓမ္မာ ကုသိုလ်တရားတွေကလည်း ဘာဝေတဗ္ဗ ပွားများရမည့်တရား ပွားများရမည့်တရားတွေလို့ မြတ်စွာဘုရားက **"ကြဒိပဇဟထက္ကဒံ ဥပသမ္ပဇ္ဇဝိဟရထ"** ဒီအကုသိုလ်တရားတွေကို ပယ်ကြ၊ ဒီကုသိုလ်တရားတွေကို ပြည့်စုံအောင် ကြိုးစားကြပါလို့ဆိုတဲ့ မိန့်ခွန်းတော်အလီလီကို နားထောင်တဲ့ အနေအားဖြင့် အဘိဓမ္မာ အခါတော်နေ့မှာ (၇)ရက်တရားစခန်းဝင်ကြတော့ အားလုံးယောဂီ သူတော်စင်များ တာဝတိံသာနတ်ဘုံ နတ်နန်း နတ်စခန်းမှာ လွန်ခဲ့တဲ့

http://www.dhammadownload.com



နှစ်ပေါင်း(၂၅၀၀) ကျော်က သုံးလတိုင်တိုင် အဘိဓမ္မာဒေသနာတော်မြတ် ဟောကြား တော်မူခဲ့တဲ့ ဗုဒ္ဓဘုရားကို အာရုံမှန်းပြီးတော့ **"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"** ယော ဘဂဝါ= ဘုန်းတော် ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူပ,ကင်း အကြင်တရားမင်းမြတ်စွာ ဘုရားသည်၊ အရဟံ= တစ်ထောင်ငါးရာ ကိလေသာမာန် သူပုန်ရန်ကို လေးတန် ဉာဏ်မဂ် ဓားသန်လျက်ဖြင့် ငုပ်တက်မကြွင်း အကုန်ရှင်းအောင် ခုတ်စင်း ဖြတ်တောက်တော်မူထသော၊ သမ္မာသမ္ဗုဒ္ဓေါ= သစ္စာမြတ် လေးတန် နက်နဲသည့်တရားမှန်တို့ကို ဖောက်ပြန်ခြင်းကင်းငြား ကိုယ်ပိုင်ဉာဏ် စွမ်းပကားဖြင့် ပိုင်းခြားထိမိ ဧကန်ပင် သိတော်မူသော၊ တိဒသပူရေ= သုံးကျိပ်သုံးပါး နတ်သိကြားတို့ ပျော်ပါးစံရာ ဝတီံသာမည် နတ်တို့ပြည်၌၊ ဒေဝါနံ= သန္တုသိခေါ် မည်ထင်ပေါ်သည့် မယ်တော် မိနတ် အမှူးတပ်၍ ချဉ်းကပ်ရောက်လာ နတ်ဗြဟ္မာတို့အား၊ ဓမ္မံ= သိမ်မွေ့ခက်ခဲ နက်နဲလှစွာ ဘိဓမ္မာဟု သညာထင်ပေါ် တရားတော်ကို၊ အဒေသယိ= ကရုဏာလှုံ့ဆော် ရွှေဉာဏ်တော်ဖြင့် ထုတ်ဖေါ်ကျူးသီ ဟောကြားတော်မူခဲ့လေပြီ။ အရဟတော= အမိုက်ကင်း၍ အလင်းကြီး လင်းတော်မူထသော၊ အရှုပ်ကင်း၍ အရှင်းကြီး ရှင်းတော်မူထသော၊ အညစ်ကင်း၍ အစင်ကြီး စင်တော်မူထသော၊ အနောက်ကင်း၍ အကြည်ကြီး ကြည်တော်မူထသော၊ အပူကင်းပျောက် အအေးရောက် တော်မူထသော၊ သမ္မာသမ္ဗုဒ္ဓဿ= သစ္စာမြတ်လေးတန် နက်နဲသည့် တရားမှန်တို့ကို ဖေါက်ပြန်ခြင်းကင်းငြား ကိုယ်ပိုင်ဉာဏ် စွမ်းပကားဖြင့် ပိုင်ခြားထိမိ ဧကန်ပင် သိတော်မူထသော။

တိဒသပုရေ-၌ ၊ ဒေဝါနံတို့အား၊ ဓမ္မံကို ဒေသကဿ ကရုဏာ လှုံ့ဆော် ရွှေဉာဏ်တော်ဖြင့် ထုတ်ဖော်ကျူးသီ ဟောကြားတော်မူခဲ့ပါ ပေသော၊ တဿဘဂဝတော= ရွှေဘုန်းတော်ရောင်ရှိန် တဝင်းဝင်းလွှန်စွာ ထိန်သည့် ဘုန်းတော်ရှင် ထိုမြတ်စွာဘုရားအား၊ မယံ= အကျွန်ုပ်တို့သည်၊ နမော နမာမ= ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကြပါကုန်၏။ ဣမိနာ=

http://www.dhammadownload.com



ရှိသေမြတ်နိုး တာဝတိံသာ နတ်ဘုံနတ်နန်း နတ်စခန်း၌ အဘိဓမ္မာ ဒေသနာတော်ကို သုံးလတိုင်တိုင် ဟောကြားတော်မူခဲ့သော မြတ်စွာဘုရားအား ရှိခိုးရခြင်း ပဏာမစေတနာကြောင့်၊ ယထိစ္ဆိတတွေ့ား တပည့်တော်တို့ ပွားများလိုတဲ့ ကုသိုလ်၊ အဆင့်ဆင့်မြင့်မြတ်တဲ့ ဘာဝနာကုသိုလ် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် ရလိုတိုင်းသော အကျိုးတရားသည်၊ သမိဇ္ဈတုး ပြီးပြည့်စုံပါစေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်**
**ပဓာန နာယက**
**နာဂလိုဏ်ဂူဘုရားကုန်းမြေ**
**ကလေးဝတောရစာသင်တိုက်ဆရာတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

# လယ်တီဘဒ္ဒန္တအာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**(၄၉)ကြိမ်မြောက်လယ်တီဝိပဿနာ**
**(၇)ရက်တရားစခန်းဖွင့်ပွဲ**

ယနေ့ သာသနာတော်နှစ် ၂၅၄၆ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၄ ခု၊ နယုန်လပြည့် မဟာသမယနေ့ (၄၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းဖွင့်ပွဲ။

ယနေ့ မဟာသမယအခါတော်နေ့ မြတ်စွာဘုရား မိဖက်ဘဖက်မှ ဆွေတော်မျိုးတော် အမျိုးကောင်းသား (၅၀၀)ရဟန္တာ ဖြစ်ခဲ့ပြီး အင်မတန်ကြီးကျယ်ခမ်းနားလှတဲ့ နတ်ပြဟ္မာအစည်းအဝေးကြီးလဲဖြစ် စရိုက်အားလျော်စွာ ကြည့်တော်မူ ရှုတော်မူ မြင်တော်မူပြီး မဟာသမယသုတ္တန်ဒေသနာတော်ရယ်၊ သုတ္တန်ကြီး(၆)မျိုးရယ် ဟောကြားတော်မူတဲ့နေ့။

ဒီနေ့မှာ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း စီးဖြန်းကြမည့် ယောဂီသူတော်စင်တို့ (၄၉)ကြိမ်မြောက်၊ လာမည့်ဝါဆိုလပြည့်နေ့ဆိုရင် လယ်တီဝိပဿနာတရားစခန်း ဖွင့်ပြီးတော့လာခဲ့တာ အကြိမ် (၅၀)

http://www.dhammadownload.com



မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်ပွဲကိုတော့ အခုလို ညနေ (၆)နာရီမဟုတ်ပဲနဲ့ ဝါဆိုလပြည့် ညနေ (၃)နာရီ ဝါဆိုသင်္ကန်း ကပ်ပွဲနဲ့ တွဲပြီးတော့ ဖွင့်ပွဲအခမ်းအနား ကျင်းပမှာဆိုတော့ ပိုပြီးတော့ အဆင်ပြေပါလိမ့်မယ်။

**မိုး**

အဲဒီတော့ ယခုအကြိမ် (၄၉)ကြိမ်မြောက် ဝိပဿနာတရား စခန်းမှာ ဝင်ရောက်ပြီးအားထုတ်ကြမည့် ယောဂီသူတော်စင်တို့အား အချိန်အခါကလဲ မိုးများရွာသွန်းပြီး ပူတဲ့အိုက်တဲ့အချိန်ကို ကျော်လွန်ခဲ့ပြီ။ အဲဒီ မိုးရွာတာကို ဥပမာထားပြီးတော့ မိလိန္ဒမင်းကြီးက အရှင်နာဂသိန် မထေရ်မြတ်ကို "မေဃဿ ပဉ္စအင်္ဂါနိ" မိုးအခါမှာ ရွာသွန်းဖြိုးတဲ့ မိုးရဲ့အချက်အလက် ငါးမျိုးဆိုတာ ဘာပါလဲဘုရားလို့လျှောက်ထားတယ်။

အဲဒီအခါမှာ အရှင်နာဂသိန်က မိုးရဲ့အချက်အလက် (၅)မျိုးကို ဟောကြားတော်မူပါတယ်။ မိုးအခါ မိုးရာသီမှာ ရွာသွန်းဖြိုးတဲ့ မိုးဟာ မြူတွေ၊ အခိုးတွေ၊ အညစ်အကြေးတွေကို ငြိမ်းစေနိုင်ပါတယ်။ နောက်တစ်မျိုး ဘယ်လိုစွမ်းသလဲဆိုတော့ မိုးအခါမှာ ရွာသွန်းတဲ့မိုးဟာ မြေခိုးမြေငွေ့တွေကိုလဲ ငြိမ်းစေပါတယ်တဲ့။

မိုးအခါမှာ ရွာသွန်းတဲ့မိုးဟာ မျိုးစေ့တွေကို ပေါက်ပွားစေနိုင်တယ်။ မြေပြင်မှာ ပေါက်နေတဲ့ နွယ်ပင်တို့သစ်ပင်တို့ သစ်ပင်ကြီး၊ သစ်ပင်ငယ် အသွယ်သွယ်ကို စောင့်ရှောက်နိုင်တယ်။ မိုးအခါမှာ ရွာသွန်းတဲ့မိုးကြောင့် မိုးတွေရွာသွန်းပြီဆိုရင် ရေကန်တွေလဲပြည့်လို့၊ ချောင်းတွေမြောင်းတွေလဲ ပြည့်လို့၊ တစ်ဖက် ဆည်ကန်တွေလဲ ပြည့်လို့၊ မိုးအခါမှာ ရွာသွန်းတဲ့မိုးရေရဲ့ အချက်အလက် (၅)မျိုး။

အဲဒါကို ဘုန်းကြီးက လင်္ကာလေးစီထားတယ်။

**"မိုးခါသွန်းဖြိုး ရွာသည့်မိုးသည်**
**မြူခိုးညစ်ထေ ငြိမ်းစေလေသို့**
**ကိလေညစ်ကျူ ငြိမ်းစေမှု ပြုလေယောဂီတို့"**

http://www.dhammadownload.com



မိုးရာသီ မိုးအခါမှာ ရွာသွန်းတဲ့မိုးဟာ မြူခိုးတို့၊ အညစ်အကြေးတို့ကို ငြိမ်းစေတယ်။ အဲဒီလိုပဲ တရားအားထုတ်ကြတဲ့ ယောဂီသူတော်စင်တို့ဟာ ကိလေသာအညစ်အကြေးကို ငြိမ်းအောင်ပြုရမယ်။ မိုးပမာ ကျင့်ရမယ်။ ဒါကို မြတ်စွာဘုရားကိုယ်တော်တိုင်လပဲ **"အာနာပါနဿတိ သမာဓိ ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော"** အစရှိသည်ဖြင့် ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးတော့ သမာဓိကို ရအောင်ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ပွားများအားထုတ်လို့ ရတဲ့သမာဓိဟာ၊ သန္တောစေဝ ပဏီတောစ= ငြိမ်လဲ ငြိမ်သက်တယ်၊ မြတ်လဲ မြတ်တယ်။ အသေစန ကောစ သုခေါ= နောက်ထပ်ချမ်းသာတစ်ခု ဖြည့်စွက်စရာမလိုဘူး။

သုခေါစ ဝိဟာရော= မျက်မှောက်ထင်ထင်လဲ ချမ်းသာစွာနေရတယ်။ ဥပ္ပန္နုပ္ပန္နေစ ပါပကေ အကုသလေဓမ္မေ ဌာနသော အန္တရဓာပေတိ= မိမိတို့သန္တာန်မှာ ဖြစ်တိုင်းဖြစ်တိုင်းသော အကုသိုလ်တရားတွေကိုလဲ တခဏချင်း ထုတ်ပယ် ကွယ်ပျောက်စေနိုင်တယ်။

ဥပမာကို မြတ်စွာဘုရားကိုယ်တော်တိုင် ဆက်ပြီးမိန့်တော်မူတယ် "သေယျထာပိ ဂိမှာနံ ပစ္ဆိမေ မာသေ" ဥပမာပြောမယ်ဆိုရင် နွေလတို့ရဲ့ နောက်ဆုံးလ၊ အခု နယုန်လ။ အဲဒီနွေလတို့ရဲ့ နောက်ဆုံးလဟာ တစ်နွေလုံး ပူနေတဲ့ အပူတွေကြောင့် မြူတွေ၊ အခိုးတွေ၊ မြူမှုန်တွေဟာ များနေတယ်။ အဲဒီအချိန်အခါမှာ **"ဉီဟတံ ရဇော ဇလ္လံ"** နွေရာသီမှာ သွေ့ခြောက်ပြီးတော့ များပြားနေတဲ့ မြူမှုန်တွေကို တခဏချင်း ရွာသွန်းတဲ့ မိုးရေဟာ ငြိမ်ပြီးတော့ အဲဒီမြူမှုန်တွေ ဖုံသိပ်သွားသလို မြူမှုန်တွေ ရှင်းသွားသလိုပါပဲ။

အခု အားထုတ်ကြမည့် အာနာပါနကမ္မဋ္ဌာန်းရဲ့ စွမ်းအင်ဟာလဲ နွေရာသီနောက်ဆုံးလမှာ ရွာသွန်းတဲ့မိုးရေလိုပါပဲတဲ့။ မြတ်စွာဘုရားကိုယ်တိုင် ဟောကြားထားတာရှိတယ်။ "ကိလေညစ်ကျူ ငြိမ်းစေမှု ပြုလေယောဂီတို့" ဆိုတဲ့အတိုင်း။ ရွာသွန်းဖြိုးထားတဲ့ မိုးရေဟာ

http://www.dhammadownload.com



မြူမှုန်ကိုငြိမ်းစေသလို ကိလေသာငြိမ်းစေရမယ်။ ဘယ်လိုငြိမ်းစေရမလဲ ဆိုရင် -

**"သတိမြဲရာ ပထမာ၊ ဒုမှာ ရှည်တိုသိ"**

မိမိတို့နေ့စဉ်နေ့တိုင်း အသုံးချနေတဲ့ ထွက်လေဝင်လေ၊ အဲဒီ အသုံးချနေတဲ့ ထွက်လေဝင်လေကိုပဲ သတိထားပြီးတော့ ရှုမှတ်ကြ၊ ပွားများကြ၊ အစဉ်အတိုင်း အားထုတ်ကြတယ်။ အဲဒီလို အားထုတ်လို့ရှိရင် မိမိတို့သန္တာန်မှာရှိတဲ့ ကာမစ္ဆန္ဒ၊ ဗျာပါဒ အစရှိတဲ့ အညစ်အကြေး ကိလေသာတရားတွေ ငြိမ်းပြီးတော့သွားတယ်။ ဒါကြောင့် မိုးလိုကျင့်ပါတဲ့။ နံပါတ်(၂)က-

**"မိုးခါသွန်းဖြိုး ရွာသည့်မိုးသည်**
**မြေခိုးမြေငွေ့ ငြိမ်းလေစေ့သို့**
**ဖြန့်ဝေ့မေတ္တာ ငြိမ်းစေရာ"**

နောက်တစ်ခုက မိုးရာသီရွာသွန်းတဲ့ မိုးရေဟာ မြေခိုးမြေငွေ့ ငြိမ်းစေတယ်။ နေပူတဲ့အခါ မြေခိုးတွေ မြေငွေ့တွေဟာ တရှိန်ရှိန်နဲ့ ပူနေတယ်။ အဲဒါကို မိုးရေကမှ ငြိမ်းပေးနိုင်တာ။ အဲဒီလိုပဲ သတ္တဝါတို့ သန္တာန်မှာ ပူထူနေတဲ့ ဒေါသ၊ ဗျာပါဒဆိုတဲ့ အပူတွေရှိတယ်။ အဲဒါတွေကို "ဖြန့်ဝေ့မေတ္တာ ငြိမ်းစေရာ၏"။ တစ်လောကလုံး လောကသားအားလုံး အပေါ်မှာ မေတ္တာဖြန့်ပြီးတော့ ဒေါသဗျာပါဒဆိုတဲ့ အပူခိုး အပူငွေ့ တွေကို ငြိမ်းစေပါ။ ဒါလဲပဲ ယောဂီသူတော်စင်များ ကမ္မဋ္ဌာန်းအားထုတ်တဲ့ အချိန်တိုင်း အချိန်တိုင်းမှာ အနောဒိဿ မေတ္တာခေါ်တဲ့ (၃၁)ဘုံသတ္တဝါ တွေအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ စိုးရိမ်ကင်းကြပါစေ၊ အချိန်တိုင်း အချိန်တိုင်းမှာ အကြိမ်ပေါင်းများစွာ တစ်နေ့တစ်နေ့ နှုတ်နဲ့မြွက်ပြီးတော့ မေတ္တာပွားကြရပါလိမ့်မယ်။

အဲဒီလို နှုတ်နဲ့မြွက်ပြီးတော့ မေတ္တာပွားတဲ့အတိုင်းပဲ သတ္တဝါ အားလုံးတို့အပေါ်မှာ အကျိုးလိုလားတဲ့စိတ်ရှိရင် ဒေါသ၊ ဗျာပါဒတွေဟာ ငြိမ်းပြီးတော့ သွားပါလိမ့်မယ်။ အဲဒီ ဒုတိယ "ဖြန့်ဝေ့မေတ္တာ ငြိမ်းစေ

http://www.dhammadownload.com



ရာ၏"။ မြေခိုးမြေငွေ့ငြိမ်းပြီးတော့ ပေးနိုင်တဲ့မိုးပမာ ကျင့်ပါတဲ့။ နံပါတ် (၃)က -

**"မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် များမျိုးစေ့ကို ပေါက်ပွားစေသို့ မျိုးစေ့သဒ္ဓါ ပွားစေကာဖြင့် ချမ်းသာသုံးမျိုး ပွားတို့စေငြါ ပြုကျင့်ရာ၏"။**

ရွာသွန်းလိုက်တဲ့မိုးရေဟာ မျိုးစေ့တွေကို ပေါက်ပွားစေသလို မိုးရွာလိုက်တဲ့အခါမျိုးစေ့တွေကို ပေါက်ပွားစေတယ်။ မျိုးစေ့ကနေ အပင်ပေါက်စေတယ်။ အဲဒီလိုပဲ သဒ္ဓါတရားတည်းဟူသော မျိုးစေ့ကို ပေါက်ပွားစေရမယ်။ ဒါကတော့ မိမိကိုယ်တိုင် အားထုတ်ရင်းနဲ့ သဒ္ဓါတရားပွားစေတာလဲ ရှိပါတယ်။ မိမိတို့ဆရာသမားများက ပွားအောင်ဟောပေးတာလဲ ရှိပါတယ်။ ဒါကြောင့် "မျိုးစေ့သဒ္ဓါ ပွားစေကာဖြင့် ချမ်းသာ (၃)မျိုး ပွားတိုးစေငြါ ပြုကျင့်ရာ၏"။

သုံးမျိုးဆိုတာ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာပါပဲ။ အဲဒီ ချမ်းသာသုံးမျိုး ပွားအောင် သဒ္ဓါတရားတည်းဟူသော မျိုးစေ့ကို ပွားစေရမယ်။ အဲဒီတော့ မိုးဟာ မျိုးစေ့ကိုပွားစေသလို ယောဂီသူတော်စင်များဟာလဲ မိမိတို့သဒ္ဓါတရား မျိုးစေ့ကို ပွားအောင်လုပ်ပြီး လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာရအောင် ကြိုးစားကြပါ။ နံပါတ်(၄)က-

**"မိုးခါသွန်းဖြိုး ရွာသည့်မိုးလျှင် ပွားတိုးမြေပြင် နွယ်သစ်ပင်ကို အစဉ်ချီးမြှောက် စောင့်ရှောက်တတ်သော ယောနိသောဖြင့် ဓမ္မောသဘာဝ စောင့်ရှောက်ရာ၏"။**

ရွာသွန်းတဲ့မိုးဟာ မြေပြင်မှာပေါက်နေတဲ့ နွယ်သစ်ပင်တွေထဲမှာ အကြီးကြီးတွေလဲရှိတယ်။ ငယ်ငယ်လေးတွေလဲ ရှိတယ်။ တောစိုးသစ်ပင်ကြီးတွေလဲ ရှိတယ်။ အဲဒီမိုးရေဟာ နွယ်သစ်ပင်တွေကို စောင့်ရှောက်သလို။ ယောနိသော မနသိကာရဖြင့် သမဏဓမ္မခေါ်တဲ့ ရဟန်းတရား၊ ယောဂီသူတော်စင်များလဲ ယခုတရားအားထုတ်နေတဲ့

http://www.dhammadownload.com



အချိန်မှာ ရဟန်းစာရင်းထဲ ဝင်တယ်။

ယောနိသော မနသိကာရဆိုတာ လမ်းရိုး လမ်းမှန်အတိုင်း နှလုံးသွင်းဆင်ခြင်တာ။ သူ့သဘာဝအမှန်က ဆင်ခြင်စဉ်းစားတာ။ ဉာဏ်က လမ်းရိုးလမ်းမှန်အတိုင်း မြင်တာ။ အနိစ္စကို အနိစ္စလို့ မြင်တယ်။ အနိစ္စကို နိစ္စလို့ မမြင်ဘူး။ ဒုက္ခကို ဒုက္ခလို့မြင်တယ်။ ဒုက္ခကို သုခလို့ မမြင်ဘူး။ အနတ္တဖြစ်တဲ့ ရုပ်နာမ်ကို အနတ္တလို့မြင်တယ်။ အနတ္တဖြစ်တဲ့ ရုပ်နာမ်ကို အတ္တလို့ မမြင်ဘူး။ ဒါဟာ ယောနိသော မနသိကာရရဲ့ ဓမ္မသဘာဝကို စောင့်ရှောက်ခြင်းပဲ။

ဒါလဲပဲ သမထကမ္မဋ္ဌာန်းကို လေးရက်ခွဲလောက် အားထုတ်တဲ့ အခါ ယောနိသောမနသိကာရကို တော်တော်အသုံးချရမှာပါပဲ။ ယောနိသောမနသိကာရကတော့ အရေးကြီးပါတယ်။ အားလုံး အားထုတ်တဲ့အချိန်က စပြီးတော့ ယောနိသော မနသိကာရပါပဲ။ ဘာကြောင့်လဲဆိုတော့ **"ယောနိသော မနသိကာရ မူလကာ သဗ္ဗေ ကုသလဓမ္မာ"**။

သဗ္ဗေ= အလုံးစုံကုန်သော၊ ကုသလဓမ္မာ= ကုသိုလ်တရားတို့သည်၊ ယောနိသောမနသိကာရ မူလကာ= ယောနိသော မနသိကာရလျှင် အရင်းခံရှိကုန်၏တဲ့။

ယောနိသော မနသိကာရ ဆိုတာ အင်မတန်အရေးကြီးတယ်။ ယောနိသော မနသိကာရ ဆိုတာ သင့်တင့်အောင် အဆင်ပြေအောင် သူ့သဘာဝ လမ်းရိုးလမ်းမှန်အတိုင်း ဆင်ခြင်စဉ်းစားတာကို ယောနိသော မနသိကာရလို့ ခေါ်တာကိုး။ တရားအားထုတ်မယ်လို့ စိတ်ကူးကထဲက ယောနိသောမနသိကာရက ပါလာတာ။ တရားအားထုတ်တဲ့အခါလဲ ယောနိသောနသိကာရက ရှိနေတာ။ ဒါကြောင့် ကုသိုလ်တရား အားလုံးရဲ့ အခြေခံက ယောနိသော မနသိကာရ။

ကုသိုလ်တရားအားလုံးရဲ့ အကြောင်းရင်းပဒဋ္ဌာန်ကို ရှာမယ် ဆိုရင်လဲ ယောနိသောမနသိကာရ ပါပဲ။ ဒါကြောင့် ယောဂီသူတော်စင်

http://www.dhammadownload.com



များသည် မိုးရေဟာ မြေပြင်မှာပေါက်နေတဲ့ နွယ်သစ်ပင်တွေကို စောင့်ရှောက်သလို ယောနိသောမနသိကာရနဲ့ မိမိတို့အားထုတ်အပ်တဲ့ "သမထဓမ္မ" ရဟန်းတရား၊ တစ်နည်းအားဖြင့် "သာသနဓမ္မ" မြတ်စွာဘုရားရဲ့ အဆုံးအမတရားများကို စောင့်ရှောက်ကြရမယ်။ နံပါတ်(၅)ကျတော့-

**"မိုးခါသွန်းဖြိုး ရွာသည့်မိုးကြောင့် ပြည့်ဖြိုးရေကန် ရေပြည့်လျှံသို့"**

မိုးရွာသွန်းလိုက်တဲ့အခါ ရေတွေ ရေကန်တွေလဲ ပြည့်လို့ ရေတွင်းတွေလဲပြည့်လို့ အိုင်တွေ တစ်ဖက်ဆည်ကန်တွေလဲ ရေပြည့်သွားသလိုပဲ။ မိုးရေကနေပြီး ကန်တွေကိုလဲ ရေဖြည့်သေးတယ်။ ထုံးအိုင်တွေကိုလဲ ဖြည့်ပေးတယ်။ အိုင်ကြီးတွေကိုလဲ ဖြည့်ပေးတယ်။ အိုင်လေးတွေလဲ ဖြည့်ပေးတယ်။ အင်းလေးကန်တို့ဆိုရင် တစ်ခါတစ်ရံ တစ်ပါတ်အတွင်း မိုးရေချိန် လေးလက်မလောက် တက်လာတာ ရှိတယ်။ မိုးရေဟာ ရေကန်ကြီးတွေ ဖြည့်ပေးသလို -

**"ကျမ်းဂန်ဓမ္မစက် ဟောမြွက်အလာ ဒေသနာ မိုးပေါက် ရွာသွန်းမြှောက်၍"**

ဒါက ကမ္မဋ္ဌာနာစရိယဆရာများနဲ့ ပတ်သက် တယ်။

**"ကျမ်းဂန်ဓမ္မစက် ဟောမြွက်အလာ ဒေသနာ မိုးပေါက် ရွာသွန်းမြှောက်၍"**

ဒေသနာမိုးပေါက် ရွာသွန်းမြှောက်၍ မြတ်စွာဘုရားက ဘယ်နေရာလေးမှာ ဘယ်လိုဟောတယ် စသည်ဖြင့် "တရားမိုးပေါက် ရွာသွန်းမြှောက်၍ မဂ်ပေါက်ဖိုဝင် နိဗ္ဗာန်မြင်လို များထိုထိုတို့ စိတ်အလိုဆန္ဒ ပြည့်ဝစေ၍ ပြုကျင့်ပါမှ"။

ဒါကတော့ ဘုန်းကြီးတို့ရဲ့ ပတ်သက်သွားပြီ။

**"မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်လို များထိုထိုတို့ စိတ်အလိုဆန္ဒ ပြည့်ဝစေ၍"**။

http://www.dhammadownload.com



ဒေသနာမိုးပေါက်တွေ ရွာသွန်းမြောက်ပြီးတော့ တရားလိုလား ကြတဲ့ ယောဂီသူတော်စင်တို့ စိတ်အလိုဆန္ဒ ပြည့်ဝစေငှါ ပြုကျင့်ပါမှ ပြုကျင့်ရမယ်။ အဲဒီလို ပြုကျင့်ပါမှ -

**"ဗောဓနေယျံ ဂါထာပြန်လျှင် အံဝင်ဂွင်ကျ ဖြစ်ကြမည်ရေး မျှော်ထောက်တွေး "**

**"ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။ ခဏေန ဥပဂန္တွာ၊ ဗောဓေသိ တံ မဟာမုနိ"**။

မဟာမုနိ= မြတ်စွာဘုရားသည်၊ သတသဟဿေပိ ယောဇနေ= ယူဇနာတစ်သောင်းထက်၌လဲ တည်နေသော၊ ဗောဓနေယျံ ဇနံ= ကျွတ်ထိုက်သောသတ္တဝါကို၊ ဒိသွာ= မြင်တော်မူ၍၊ ခဏေန= တခဏချင်း၊ ဥပဂန္တွာ= ကြွသွားတော်မူ၍၊ တံ= ထိုကျွတ်ထိုက်သော သူကို၊ ဗောဓေသိ= ကောင်းစွာသိစေဝေတော်မူခဲ့လေပြီ။

မြတ်စွာဘုရားမှာ ထုံးတမ်းစဉ်လာရှိတယ်။ ဘုရားနဲ့ ဘယ် လောက်ဝေးဝေး၊ ဒီပုဂ္ဂိုလ်ကတော့ တရားဟောလိုက်ရင် သစ္စာလေးပါး သိလိမ့်မယ်။ တစ်ခါတစ်ရံကျတော့ သစ္စာလေးပါး တရားသိလောက်တဲ့ အခြေအနေတောင် မဟုတ်ဘူး။ "အာယတိံ ဝါသနာယ" နောင်သောအခါ အထုံဝါသနာလေး ဖြစ်ပါစေတော့ဆိုပြီး အပင်ပန်းခံပြီး ကြွသွားတာတို့ အပင်ပန်းခံပြီး တရားဟောတာတို့ ရှိခဲ့တယ်။ ဒါကတော့ ဘုန်းကြီးတို့နဲ့ ပတ်သက်တဲ့ အချက်အလက်ပါပဲ။

မိုးအခါမှာ ရွာသွန်းဖြိုးတဲ့ မိုးရေဟာ ရေတွင်းရေကန်တွေ ပြည့်လျှံစေသလို တရားအားထုတ်ကြတဲ့ ယောဂီသူတော်စင်များရဲ့ စိတ် အလိုဆန္ဒပြည့်ဝအောင် ဟောရမယ်။ ပြောရမယ်။ နည်းလမ်းညွှန် ပြရမယ်။ သို့သော်လဲ အတိုင်းအတာနဲ့ ဟောကြရတယ်။ အားထုတ်တဲ့နေ့ တွေမှာ ဘုန်းကြီးတို့ဟောထားတဲ့ အရေးကြီးတဲ့ တရားစကားတွေ သူ့နေ့နဲ့သူ ဟောထားတာရှိတယ်။ အဲဒါကို သူ့အချိန်ကျရင် အမိက ထားပြီး ဖွင့်ပြပါလိမ့်မယ်။ ယောဂီသူတော်စင်များ တရားအားထုတ်ချိန်က

http://www.dhammadownload.com



(၇)ရက်ရတာ ရတဲ့ခုနစ်ရက် အချိန်လေးမှာ အချို့ပုဂ္ဂိုလ်များ နောက်ထပ် အားထုတ်ဖြစ်ချင်မှ ဖြစ်မှာမို့ တရားရှည်ရှည် မဟောဘူး။

အဲဒါကြောင့် အားထုတ်တဲ့ကာလ အချိန်ပြည့်အားထုတ် နိုင်အောင် တရားဟောမှု ပြောမှုကတော့ နည်းနည်းအချိန် လျှော့ပါလိမ့် မယ်။ လျှော့ပြီးထားပါတယ်။ ဒါကြောင့်မို့ ဒီမိုးနဲ့ ဥပမာထားပြီးတော့ ပြုကျင့်ကြပါ။ မူလစကားကို ပြန်ပြီးတော့ ကောက်မယ်ဆိုရင် မိုးရေဟာ-

(၁) မြူခိုးအညစ်အကြေးကို ငြိမ်းစေသလို ကိလေသာအညစ် အကြေးကို ငြိမ်းစေရမယ်။

(၂) မိုးရေဟာ မြေခိုး မြေငွေ့ကို ငြိမ်းစေသလို ကမ္ဘာလောက ဓာတ် (၃၁)ဘုံသားသတ္တဝါတို့အပေါ် မေတ္တာဖြန့်ဝေပြီး ဒေါသဗျာပါဒ အခိုးအငွေ့ငြိမ်းအောင် ဆောင်ရွက်ကြရ မယ်။

(၃) မိုးရေဟာ မျိုးစေ့ကို ပေါက်ဖွားစေသလို မိမိတို့ဟာလဲ သဒ္ဓါတရားတည်းဟူသော မျိုးစေ့ကို ပွားစေပြီးတော့ လူ၊ နတ်၊ နိဗ္ဗာန် ချမ်းသာသုံးမျိုး ပွားတိုးအောင်ပြုကျင့်ရမယ်။

(၄) မိုးရေဟာ မြေပြင်မှာ ပေါက်ပြီးတော့နေတဲ့ နွယ်ပင်သစ်ပင် အပေါင်းတို့ကို စောင့်ရှောက်သလို မိမိတို့အားထုတ်လတ့် ဖြစ်တဲ့ သမထဓမ္မရဟန်းတရား၊ သာသနဓမ္မ သာသနာ တော်က ပေးအပ်တဲ့ မြတ်စွာဘုရားရဲ့တရားတော်ကို လမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသော မနသိကာရနဲ့ စောင့်ရှောက်ရမယ်။

(၅) မိုးရေဟာ ရေတွင်း၊ ရေကန်၊ အိုင်များပြည့်စေသလို ဆရာတော် အရှင်မြတ်များဟာလဲပဲ ကျမ်းဂန်ဓမ္မစက် ဒေသနာမိုးပေါက် ရွာသွန်းမြောက်ပြီးတော့ တရားလိုလား ကြတဲ့ ယောဂီသူတော်စင်တို့ရဲ့ စိတ်နှလုံးအလိုဆန္ဒကို ဖြည့်ကျင့်ကြရမယ်။

http://www.dhammadownload.com



ဒါကြောင့် မြတ်စွာဘုရားက -

**ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။**

**ခဏေန ဥပဂန္တွာ၊ ဗောဓေသိ တံ မဟာမုနိ။**

မဟာမုနိ= မုနိငါးပါးတို့တွင် အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သတသဟဿေပိ ယောဇနေ= ယူဇနာတစ်သောင်း ခရီးဝေးကွာသော အရပ်၌လဲတည်ရှိသော၊ ဗောဓနေယျံဇနံ= သစ္စာလေးပါးသိနိုင်သည့် ပုဂ္ဂိုလ်ကို၊ ဒိသွာ= တွေ့မြင်သည်ရှိသော်၊ ခဏေန= တခဏချင်း၊ ဥပဂန္တွာ= အပင်ပန်းခံကြွသွားတော်မူ၍၊ တံ= ထိုသစ္စာလေးပါးသိမည့် ပုဂ္ဂိုလ်ကို၊ ဗောဓေသိ= တရားဓမ္မ ဟောဖော်ပြ၍ သစ္စာလေးလီ သိစေတော်မူခဲ့လေပြီတကား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၄၆ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၄ ခု၊ နယုန်လပြည့်ကျော် (၈)ရက်နေ့။

**အေးမည့်နည်းလမ်း**

လယ်တီဝိပဿနာ (၇)ရက် တရားစခန်း (၄၉)ကြိမ်မြောက် ဝင်ရောက်အားထုတ်ကြတဲ့ ယောဂီသူတော်စင်တွေ ရှေးဦးစွာ ကာယဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါး၊ မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ အာဇီဝဋ္ဌမကသီလ ဆောက်တည်ပြီးတဲ့အခါ မိမိတို့သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းများ အားထုတ်ထားကြပြီ။ မိမိတို့ အားထုတ် ထားတဲ့ တရားနဲ့ပတ်သက်ပြီးတော့ ထိုက်တန်သလောက်လဲ ကျေနပ်ကြပြီ။

မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ တရားတော်တွေနဲ့ တိုက်ဆိုင်ကြည့်မယ်ဆိုရင်လဲ အံဝင်ဂွင်ကျဖြစ်နေတာ တွေ့ရမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားက သားတော်ရာဟုလာအား **“သေယျထာပိ ရာဟုလ အာကာသော ကတ္ထစိနပတိဋ္ဌိတော”** ချစ်သား ရာဟုလာ သင်ဟာကောင်းကင်လို ကျင့်ရမယ်။ ကောင်းကင်နဲ့ တူစွာ ကျင့်ရမယ်။ ကောင်းကင်ဟာ တစ်စုံတစ်ခုသော အရာဝတ္ထု အပေါ်မှာ တည်ရှိနေတာ မဟုတ်ဘူး။ ဒါကြောင့်မို့-

**“အာကာသသမံ ရာဟုလ ဘာဝနံ ဘာဝေဟိ”**

ရာဟုလ= ချစ်သားရာဟုလာ၊ အာကာသသမံ= ကောင်းကင်နဲ့တူစွာ၊ ဘာဝနံ= ဘာဝနာတရားကို၊ ဘာဝေဟိ= ပွားများလော့။

**“အာကာသသမံ ဘာဝနံ ဘဂဝယတော ဥပ္ပန္နာ မနာပါ မနာပါဖဿာ စိတ္တံ နပရိယာဒါယ ဌဿန္တိ”**။

ကောင်းကင်နဲ့တူစွာ ဘာဝနာကို ပွားများတဲ့ပုဂ္ဂိုလ်မှာဆိုရင် ကောင်း၊ မကောင်းဖြစ်တဲ့ ဖဿ **“စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ”** ဆိုတဲ့ စကားတော်အတိုင်း။

http://www.dhammadownload.com



မြင်တာလေးနဲ့ပတ်သက်ပြီး မျက်စိအကြည်ဓာတ်ရယ်၊ ရူပါရုံရယ် တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာတဲ့ စက္ခုဝိညာဉ်ခေါ် မြင်သိစိတ်ကလေး ဖြစ်ပေါ်လာပြီးတဲ့နောက် တွေ့ထိကြိတ်နယ်ခြင်း ဖဿ။

ဖဿဖြစ်ပေါ်လာမှုကြောင့် ကောင်းတယ်။ မကောင်းဘူးဆိုတဲ့ ခံစားချက်တွေ အဲဒီကောင်းတယ်၊ မကောင်းဘူးဆိုတဲ့ ခံစားချက် တရားတွေ စိတ်ကိုလွှမ်းမိုးပြီးမနေရအောင် ကောင်းကင်နဲ့တူစွာ ဘာဝနာ တရားများ ကျင့်ကြံပွားများ အားထုတ်ပါလေ။ မြတ်စွာဘုရား မိန့်ကြား တော်မူတဲ့ စကားအတိုင်း ကောင်းကင်ရဲ့ဂုဏ်တွေကို ပြန်ကြည့်မယ်ဆိုရင် ကောင်းကင်ရဲ့ဂုဏ်တွေက-

**"ကိုင်တွယ်ကင်းစင် မိုးကောင်ကင်သို့**
**ရန်လျှင်ကိလေ ဝေးကွာလေ၍**
**မထွေမကပ် မယှုအပ်အောင်**
**ကျင့်ဆောင်စေငြား"**

နံပါတ် (၁)က ဘာလဲဆိုတော့ ကောင်းကင်ကြီးဟာ ကိုင်ပြီးတော့ ကြည့်လို့မရဘူး။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က စွဲကိုင်လိုက်မယ် ဆိုရင် ကိုင်လို့မရဘူး။ အဲဒီလိုပါပဲ "ရန်လျှင်ကိလေ ဝေးကွာလေ၍ မထွေမကပ် မယှုအပ်အောင် ကျင့်ဆောင်လေငြား" ယောဂီသူတော်စင် တို့မှာ ကိလေသာရန်သူတွေရဲ့ အစွဲအကိုင်မခံရအောင် ကျင့်ကြံရမယ်"လို့ မိန့်ကြားချက်ရှိတဲ့အတိုင်း မိမိတို့ဟာ လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာတွေရဲ့ အကိုင်အတွယ်မခံရအောင် ကျင့်ကြံခဲ့ကြပြီ။

နံပါတ် (၂)အနေနဲ့ "ငှက်များပျံသန်း ကောင်းကင်နန်းသို့ စီးဖြန်းအနိစ္စ ဒုက္ခ အနတ္တ ဉာဏ်သုံးဝဖြင့် သင်္ခါရမှု တရားစုကို ပွားရှုစေရာ"

နံပါတ် (၂)ကောင်းကင်ကြီးရဲ့ ဂုဏ်တစ်ခုကို ကြည့်မယ်ဆိုရင် ငှက်တွေ၊ နတ်တွေ၊ ပြဟ္မာတွေရဲ့ ပျံသန်းသွားလာရာ ဖြစ်သလို ယောဂီ သူတော်စင်များကလဲ အနိစ္စ ဒုက္ခ အနတ္တ ဉာဏ်လက္ခဏာယာဉ်သုံးပါးနဲ့ သင်္ခါရတရားအပေါ်မှာ ရှုပွားပြီးတော့ နေသင့်တယ်။

http://www.dhammadownload.com



ကောင်းကင်ဥပမာထားပြီးတော့ နှစ်ခုမြောက် မြတ်စွာဘုရား မိန့်ကြားချက်။ အရှင်နာဂသိန်ရဲ့ ဖြေကြားချက်ပါပဲ။ ငှက်များရဲ့ ကျက်စား ရာဟာ ကောင်းကင်ဖြစ်သလို ယောဂီများရဲ့ ကျက်စားရာဟာ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်ဖြစ်တယ်။ အဲဒါကျက်စားခဲ့ကြပြီ။

**"ကောင်းကင်ပြင်ကျယ် ထိန့်လန့်ဖွယ်သို့**
**သုံးသွယ်ဘဝ သံဝေဂဉာဏ်**
**ရင့်သန်စေမှု ဖန်ဖန်ရှုသုံး"**

ကောင်းကင်ပြင်ကြီးဟာ တစ်ခါတစ်ရံ မြေပြင်မှာနေတဲ့အခါ သိပ်မသိသာဘူး။ လေယာဉ်ခရီးနဲ့သွားတဲ့အခါ မြင်လောက်တဲ့ တံခါးပေါက်က ကြည့်လိုက်တဲ့အခါ ကောင်းကင်ကြီးက အင်မတန် ထိတ်လန့်စရာ တစ်စုံတစ်ခုတဲ့ဆိုရင် ဘာမှ အားကိုးစရာမရှိပဲကိုး ဆိုပြီးတော့ ဘုရားအာရုံ တရားအာရုံပဲ ထားကြရတာ။ ပေလေးသောင်း၊ ငါးသောင်း ပျံသန်းနေတဲ့ အခါမျိုးတို့ တစ်ခါတစ်ရံ မိုးလေပြင်းထန်တဲ့ အခါမျိုးတို့ တစ်ခါတစ်ရံ လေလှိုင်းနဲ့ တွေ့တဲ့အခါမျိုးတို့ ပိုပြီးတော့ ထိတ်လန့်ဖွယ် ဖြစ်တယ်။

အဲဒီလိုပဲ ကောင်းကင်ကြီးဟာ ထိတ်လန့်ဖွယ်ဖြစ်သလို **"သုံးသွယ်ဘဝ သံဝေဂဉာဏ် ရင့်သန်စေမှု ဖန်ဖန်ရှုသုံး"** ဆိုတဲ့ အတိုင်း-

ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝမှာလဲ အဲဒီကောင်းကင်ပြင်ကြီး ဟာ ထိတ်လန့်ဖွယ်ဖြစ်သလို ဒီဘဝသုံးရပ်ကြည့်မယ်ဆိုရင်လဲပဲ အားကိုး ရာ အားထားရာရယ်လို့ မရှိ ထိတ်လန့်ဖွယ်ဖြစ်တယ်။ ဒါကြောင့် "န အဿာ ဒေါ ကာတဗ္ဗော"တဲ့ စိတ်ရဲ့သာယာမှု မပြုထိုက်ဘူး။ အဲဒီလို ဘဝသုံးပါးမှာ သံဝေဂဉာဏ် ထိတ်လန့်ဖွယ်ဖြစ်တယ်။ ဒါကြောင့် "အာကာပြင်ကျယ် ထိတ်လန့်ဖွယ်သို့ သုံးသွယ်ဘဝ သံဝေဂဉာဏ် ရင့်သန်စေမှု ဖန်ဖန်ရှုသုံး" နံပါတ် (၄) အဆုံးမထင် မိုးကောင်းကင်သို့ နှိုင်းယှဉ်ကင်းပ သီလဉာဏ်မြင် ပွားစေချင်၏။ "အဆုံးမထင် မိုးကောင်းကင်သို့"

http://www.dhammadownload.com



ကောင်းကင်ကြီးဟာ အဆုံးမထင် နှိုင်းယှဉ်လို့မရသလို ပေကြိုး တာကြိုးနဲ့ ပေပေါင်းဘယ်လောက် တာပေါင်း ဘယ်လောက် နှိုင်းယှဉ်လို့ မရသလို "နှိုင်းယှဉ်ကင်းပ သီလဉာဏ်မြင့် ဖြစ်စေချင်၏"

ယောဂီသူတော်စင်များဟာလဲ နှိုင်းယှဉ်ခြင်းကင်းတဲ့ အတုမဲ့ အနှိုင်းမဲ့သီလ၊ နှိုင်းယှဉ်ခြင်းကင်းတဲ့ အတုမဲ့ အနှိုင်းမဲ့ဉာဏ်မျိုး ဖြစ်စေရမယ်တဲ့။ နှိုင်းယှဉ်ခြင်းကင်းတဲ့ သီလ၊ နှိုင်းယှဉ်ခြင်းကင်းတဲ့ ဉာဏ်မျိုး မဟုတ်စေကာမူ နှိုင်းယှဉ်ခြင်း ကင်းကြောင်း သီလမျိုး နှိုင်းယှဉ်ခြင်းကင်းကြောင်း ဉာဏ်မျိုးရအောင်တော့ အားထုတ်ခဲ့ကြပြီ။

နံပါတ် (၅)က- "မငြိမတွယ် ကောင်းကင်နှယ်သို့ သုံးသွယ်သုံးရွာ အဖြာဖြာကို တွယ်တာငြိကပ် မရှိလတ်အောင် မြင့်မြတ်စေမှု သားရာဟုအား စံပြုကောင်းကင် ဆုံးမသင်သည့် ပွားလျှင်ဘာဝနာ သာမသာဟု ဖဿာရှုပ်ထွေး ဝေထက်ဝေး အေးမည့်နည်းလမ်းတည်း"။

နံပါတ် (၅)ကတော့ ကောင်းကင်ကြီးကြည့်လိုက်မယ်ဆိုရင် ကောင်းကင်မှာသွားလို့ ကောင်းကင်မှာ ငြိကပ်နေတယ်ဆိုတာ မရှိဘူး။ ဒါကြောင့် "မငြိမတွယ် ကောင်းကင်နှယ်သို့ သုံးသွယ်သုံးရွာ အဖြာဖြာကို တွယ်တာငြိကပ် မရှိလတ်အောင် သက်ရှိသက်မဲ့ သုံးသွယ်သုံးရွာ အဖြာဖြာတွေနဲ့ ငြိတွယ်မှုမရှိအောင် မြင့်မြတ်စေမှု သားရာဟုအား စံပြုကောင်းကင် ဆုံးမသင်သည့်" ရာဟုလာအား ကောင်းကင်နဲ့တူစွာ ဘာဝနာပွားပါလို့။

"စံပြုကောင်းကင် ဆုံးမသင်သည့် ပွားလျှင်ဘာဝနာ သာမသာဟု ဖဿရှုပ်ထွေး ဝေးထက်ဝေး အေးမည့်နည်းလမ်းတည်း"။

အခု တစ်လောကလုံးကတော့ မြင်သိတာကို အကြောင်းပြုပြီး တော့ ကောင်း၊ မကောင်း အတွေ့အထိခံစားမှု ကြားသိတာကို အကြောင်းပြုပြီးတော့ ဖဿတွေ ဝေဒနာတွေ ရှုပ်ထွေးကြတယ်။ နံသိ၊ စားသိ၊ ထိသိ၊ တွေးကြံသိတာကို အကြောင်းပြုပြီးတော့ ရှုပ်ထွေးကြတယ်။

http://www.dhammadownload.com



အဲဒီ အရှုပ်အထွေးတွေကင်းအောင် ချစ်သားရာဟုလာ "အာကာသသမံ ဘာဝနံ ဘာဝေဟိ" ကောင်းကင်နဲ့တူစွာ ဘာဝနာပွားများပါလော့လို့ မြတ်စွာဘုရား မိန့်ကြားချက်အတိုင်း ဘုန်းကြီးတို့ ယောဂီသူတော်စင်များလဲ (၄၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းမှာ "ကောင်းကင်နဲ့တူစွာ ဘာဝနာပွားပါလော့ သားတော် ရာဟုလာအား မိန့်တော်မူတဲ့အတိုင်း ကောင်းကင်နဲ့ တူစွာဘာဝနာ ပွားများခဲ့ကြပြီ"။

မိမိတို့ ပွားများခဲ့လို့ ထိုက်သင့်သလောက် တရားအသိဉာဏ် ရခဲ့ကြပြီ။ အဓိကအားဖြင့် ခံစားမှု၊ စံစားမှု အရှုပ်အထွေးတွေ ကင်းအောင် ဘာဝနာပွားများခဲ့ကြပြီ။ ဘာဝနာမပွားများပဲ လက်ခံထား ခံစား စံစားလို့ကတော့ ဒီအရှုပ်အထွေး ဘယ်နည်းနဲ့မှ ငြိမ်းမှာမဟုတ် ပါဘူး။ ပွားများမယ်ဆိုရင်၊ အားထုတ်မယ်ဆိုရင် အရှုပ်အထွေး ကင်းရှင်းနိုင်တယ်။

ဒါကြောင့် "မြင်သိတာကို အကြောင်းပြုပြီးတော့ အရှုပ်အထွေး"။ ကြားသိတာ၊ နံသိတာ၊ စားသိတာ၊ ထိသိတာ၊ တွေးကြံသိတာကို အကြောင်းပြုပြီးတော့ အရှုပ်အထွေးအားလုံး ကင်းစင်ကြောင်း ကောင်းမြတ်တဲ့ ဘာဝနာတရားများ အားထုတ်ခဲ့ကြရတဲ့အတွက် မိမိတို့ လူ့ဘဝရကျိုးနပ်လေစွ့ဟု ဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်လို့ ပြောကြားရင်း ဘုန်းကြီးရဲ့ ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
ပဓာန နာယက
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ

# လယ်တီဘဒ္ဒန္တဇောတိကာဘိဝံသ

ဟောကြားတော်မူသော
(၆၂)ကြိမ်မြောက်လယ်တီဝိပဿနာ
(၇)ရက်တရားစခန်းဖွင့်ပွဲ

## (၆၂)နှစ်ပြည့်

ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ ဝါခေါင်လပြည့်နေ့၊ မေတ္တာအခါတော်နေ့။

ဒီနေ့မှာ ဘုန်းကြီးတို့ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်က (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်း ဖွင့်ပါတယ်။ (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းဖွင့်တဲ့ ဒီရက်တစ်ပါတ်အတွင်းမှာ ဘုန်းကြီးလဲ "အသက် (၆၂)နှစ်ပြည့်ပါမယ်"

(၆၂)နှစ်ဆိုတာနဲ့ (၆၂)ကြိမ်မြောက်ဆိုတာကို ပြန်ပြီးတော့ စဉ်းစားလိုက်တဲ့အခါ ဘုရားရှင်က မိစ္ဆာဒိဋ္ဌိ (၆၂)ပါးကို ဖြေရှင်းပြီးတော့ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်မြတ်ကြီး ဟောကြားတော်မူခဲ့တယ်။ အဲဒီလို ဟောကြားနိုင်တဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး ရရှိဖို့ရာ ဘုရားဆုပန်ဆင်တော်မူပြီးတဲ့နောက် "(၆၂)ခန်း ဒိဋ္ဌိလမ်းသို့ မသန်းမငွေ့

http://www.dhammadownload.com



ပြကတေ့ဖြင့် အလေ့ဖြူစင် အမြင်ဖြောင့်မတ် အကျင့်မြတ်လျှက် လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား”ကို အာရုံပြုကြမယ် ဆိုရင် မြတ်စွာဘုရားရဲ့ ဂုဏ်တော် (၉)ပါးမှာ “သုဂတော”ဆိုတဲ့ဂုဏ်။

သောဘဂဝါ= ထိုမြတ်စွာဘုရားသည်၊ ဣတိပိ= ဤသို့လျှင် ဒီပင်္ကရာ သမ္မာသမ္ဗုဒ္ဓ ဘုရားဗျာဒိပ် ရွှေတံဆိပ်ကို ခပ်နှိပ်ကြည်ဖြူ ခံယူသည်မှ လူတွင်ထင်ရှား ဘုရားစင်စစ် ဖြစ်သည့်တိုင်မြောက် အမြင် မှောက်သည့် (၆၂)ခန်း ဒိဋ္ဌိလမ်းသို့ မသန်းမငွေ့ ပြကတေ့ဖြင့် အလေ့ ဖြူစင် အမြင်ဖြောင့်မတ် အကျင့်မြတ်လျှက် ကောင်းစွာမပြတ် လာတော် မူတတ်ပါပေသောကြောင့်လဲ သုဂတော= သုဂတ ဟူသော နာမအမော် အမည်တော်ကြီးဖြင့် ထင်ပေါ်ကျော်ကြားတော်မူပါပေ၏။

မြတ်စွာဘုရားသည် သုဂတ၊ ဘာကြောင့် “သုဂတ”လို့ခေါ်သလဲ ဆိုတော့ အစိပ္ပါယ်ပြန်ဆိုတဲ့နည်းတွေ အများကြီးရှိတာထဲက ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းမှာ နိယတဗျာဒိပ်တော်ကြီး ပန်ဆင်တော် မူတဲ့နေ့က စပြီးတော့ ဘုရားဖြစ်တဲ့အချိန်ထိ (၆၂)ခန်း ဒိဋ္ဌိလမ်းသို့ မသန်း မငွေ့ ပြကတေ့ဖြင့် အလေ့ဖြူစင် အမြင်ဖြောင့်မတ် အကျင့်မြတ်ပြီးတော့ အလာကောင်းတော်မူတယ်။

လာခြင်းကောင်းတော်မူတဲ့ မြတ်စွာဘုရား၊ ဒီပင်္ကရာ မြတ်စွာ ဘုရား ခြေတော်ရင်းမှာ ဗျာဒိပ်တော်ပန်း ဆင်မြန်းတဲ့နေ့စကစပြီးတော့ ဘုရားဖြစ်သည့်တိုင်အောင် (၆၂)ခန်း ဒိဋ္ဌိလမ်းသို့ မသန်းမငွေ့ ပြကတေ့ ဖြင့် အလေ့ဖြူစင် အမြင်ဖြောင့်မတ် အကျင့်မြတ်လျှက် ကောင်းစွာမပြတ် လာတော်မူတတ်ပါပေသော မြတ်စွာဘုရားကို ရှိခိုး၍ ဦးညွှတ်၍ (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းကို ဖွင့်ကြ ပါတယ်ဘုရား။

တစ်နည်းအားဖြင့် ဘုန်းကြီးတို့ မြန်မာနိုင်ငံသာသနာကို ပြန်ပြီး တော့ကြည့်မယ်ဆိုရင် ဘုရားဖြစ်ပြီးတော်မူပြီးကာစ ရက်ပေါင်း ...းဆယ့်နှစ်ရက်ကျော်ကျော်လေး၊ ရက်(၅၀)တောင် မပြည့်သေးပါဘူး။

http://www.dhammadownload.com



အဲဒီအချိန်အခါမှာ "တပုဿ၊ ဘလ္လိက"တို့ ဒွေဝါစိက သရဏဂုံ ယူပြီးတော့ ဆံတော်(၈)ဆူ ပင့်ဆောင်ပူဇော်ခဲ့တယ်။ မုန့်ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့တယ်။ သပိတ်များလဲ လှူဒါန်းခဲ့ကြတယ်။ သပိတ် လှူတာကတော့ စတုမဟာရာဇ်နတ်မင်းကြီး လေးဦးကလှူတာပါ။[၁]

မြတ်စွာဘုရား ဘုရားဖြစ်ပြီးနောက် (၄၂)ရက်ကျော်ကျော်လေး လင်းလွန်းမည်ရ သတ္တာဟခေါ်တဲ့ "ရာဇာရတနသတ္တာဟ"မှာပဲ ဆံတော် (၈)ဆူရလို့ မြန်မာနိုင်ငံသာသနာ စခဲ့တယ်။ ဘုရားရှင်နဲ့ တွေ့ခဲ့ကြတယ်။ ဒီနောက် မြတ်စွာဘုရား (၈)ဝါ မြောက်တဲ့အခါ သုဝဏ္ဏဘုမ္မိ သထုံပြည်ကို ကြွတော်မူပြီး ဆံတော် (၆)ဆူ ချီးမြှင့်တော် မူပြန်ပါတယ်။

မြတ်စွာဘုရားရဲ့ မဟာသာဝကကြီး(၈)ကျိပ်ထဲမှာ မြန်မာပြည်က အရှင်ပုဏ္ဏ အရှင်မြတ်တစ်ပါး ပါပါတယ်။ ဟိုအချိန်အခါက သုနာပရန္တ တိုင်းလို့ ခေါ်ကြတဲ့ ကျောင်းတော်ရာသို့ ဝါတော်(၂၀)မှာ ကြွတော်မူ ခဲ့ပါတယ်။ အဲဒီလိုနဲ့ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ပထမဆုံး ဆံတော်(၈)ဆူ စောစောစီးစီး ဘုရားဖြစ်ပြီးနောက် ရက်လေးဆယ့် နှစ်ရက်ကျော်ကျော်လေးပဲ သရဏဂုံတည်ပြီး ဆံတော်ကို ပင့်ဆောင်လာ ခဲ့ကြ။ ဒီနောက် မြတ်စွာဘုရား (၈)ဝါအရ အရှင်ဂဝံပတိမထေရ်၏ ပင့်လျှောက်ချက်အရ ကြွလာတဲ့အခါ ဆံတော်ဓာတ်(၆)ဆူ။ ဝါ(၂၀) ရောက်တော့လဲ စက်တော်ရာ (၂)ဆူချပြီးတော့ ချီးမြှောက်တော် မူခဲ့တယ်။ ကမ္ဘာ့မြေပြင်မှာ အမိဋ္ဌာန်နဲ့ ခြေတော်ရာ(၆)ဆူ ချထားခဲ့ရာ ယခု သုံးဆူသာကျန်ရှိပါတယ်။

အဲဒီလို ချီးမြှောက်ပြီးတော့ ကြားကာလမှာ တော်တော်လေး သာသနာတော်ပြတ်ပြီးတော့ သွားသေးတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြီးနောက် နှစ်ပေါင်း (၂၃၅)နှစ်မှာ တတိယသံဂါယနာတင်ပွဲကြီး ကျင်းပခဲ့ တယ်။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ဦးဆောင်တယ်။ သီရိဓမ္မာ သောကမင်းကြီးက ဒါယကာခံတယ်။ အဲဒီလိုနဲ့ သာသနာတော်နှစ်

---

၁။ ဝိနယ မဟာဝဂ္ဂ

http://www.dhammadownload.com



(၂၃၆)နှစ်မှာ သံဂါယနာတင်ပွဲကြီးပြီးတော့ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်က ကိုးတိုင်းကိုးဌာန ပစ္စန္တရာဇ်အရပ် အစွန်အဖျား အရပ်တွေစီ သာသနာပြန့်ဖို့ ငါးပါးစီ၊ ငါးပါးစီ သာသနာပြုဖို့ လွှတ်ပါတယ်။

လွှတ်တဲ့အခါ အရှင်မဇ္ဈန္တိကထေရ် ခေါင်းဆောင်ပြီးတော့ ကသ္မီရ ဂန္ဓာရတိုင်း ကြွတော်မူတယ်။ အဲဒီမှာ သံယုတ္တနိကာယ် ဒုတိယတွဲက အာသီဝိသောပမသုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားတော်မူတယ်။ (သံ-၂-၃၈၀။)

နောက် မဟာဒေဝမထေရ်မြတ်ကြီး ဦးဆောင်တဲ့ ငါးပါးကတော့ မဟိံသကတိုင်း ကြွပြီးတော့ ဒေဝဒူတသုတ္တန်ကို ဟောကြားတော်မူခဲ့တယ်။ (မ-၃-၂၁၆။)

ရက္ခိတမထေရ် ဦးဆောင်တဲ့ မထေရ်ငါးပါးကတော့ ဝနဝါသီတိုင်း ကြွတော်မူပြီးတော့ အနမတဂ္ဂသုတ္တန်ကို ဟောကြားတော်မူခဲ့ပါတယ်။ (သံ-၁-၃၈၇။)

ယောနကဓမ္မရက္ခိတမထေရ် ဦးဆောင်တဲ့ မထေရ်ကြီးငါးပါးက အပရန္တကတိုင်း ကြွတော်မူပြီးတော့ အဂ္ဂိက္ခန္ဓောပမသုတ္တန်ကို ဟောကြားတော်မူခဲ့ပါတယ်။ (အံ-၂-၄၉၅။)

မဟာဓမ္မရက္ခိတမထေရ်ဦးဆောင်တဲ့ မထေရ်ကြီးငါးပါးက မဟာရဋ္ဌတိုင်းကြွပြီး မဟာနာရဒကဿပ ဇာတ်တော်ကို ဟောကြားတော်မူခဲ့ကြတယ်။ (ခု-၆-၂၅၇။)

မဟာရက္ခိတမထေရ် ဦးဆောင်တဲ့ ငါးပါးကတော့ ယောနကတိုင်း ကြွတော်မူပြီးတော့ ကာဠကာရာမသုတ္တံတော်ကို ဟောကြားတော်မူခဲ့တယ်။ (အံ-၁-၃၃၃။)

မဇ္ဈိမထေရ်ဦးဆောင်တဲ့ ငါးပါးကတော့ ဟိမဝန္တာအရပ်ကို ကြွပြီးတော့ ဓမ္မစက္កပဝတ္တနသုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားခဲ့ပါတယ်။ (ဝိ-၃-၁၄။)

http://www.dhammadownload.com



အရှင်သောဏ၊ အရှင်ဥတ္တရတို့ ဦးဆောင်တဲ့ မထေရ်ကြီးငါးပါးကတော့ သုဝဏ္ဏဘုမ္မိ သထုံပြည်ကိုကြွတော်မူပြီးတော့ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်မြတ်ကြီး ဟောကြားပြီးတော့ သာသနာပြုခဲ့ကြပါတယ်။ (ဒီ-၁-၁။)

အရှင်မဟာမဟိန္ဒမထေရ်မြတ်ကြီး ဦးဆောင်တဲ့ မထေရ်ငါးပါးကတော့ သီရိလင်္ကာ(သီဟိုဠ်) ကြွပြီးတော့ သစ္စသံယုတ် (သံ-၃-၃၆၃။)၊ သမစိတ္တသုတ္တန် (အံ-၁-၆၂။)၊ စူဠဟတ္ထိပဒေါပမသုတ္တန် (မ-၁-၂၃၂။)တို့ကို ဟောကြားပြီးတော့ သာသနာပြုခဲ့ကြတယ်။

အဲဒီလို သာသနာပြုဖို့ "ကိုးတိုင်း၊ ကိုးဌာန"သို့ ရဟန္တာအရှင်မြတ်ကြီးတွေ စျာန်ဟုန်စီးပြီးတော့ ကြွတော်မူကြတယ်။ အဲဒီတုန်းကတော့ တရားစာအုပ်တွေ ဘယ်ရှိဦးမှာလဲ။ ပေစာတောင် မပေါ်သေးဘူး။ စာအုပ်ဆိုတာလဲ မရှိသေးဘူး။ အရှင်မြတ်ကြီးတွေကတော့ မြတ်စွာဘုရားရဲ့ စကားတော်တွေကို အာဂုံနှုတ်တက်ဆောင်ပြီးတော့ တရားဟောခါ သာသနာပြုကြတယ်။ ရောက်တဲ့နေရာမှာ မြတ်စွာဘုရား စကားတော်တွေကို ဖောက်သည်ချ ဟောပြတော်မူကြတယ်။ အရှင်မဟာကဿပအစရှိတဲ့ မထေရ်မြတ်ကြီးတွေ၊ အရှင်အာနန္ဒာ အစရှိတဲ့ မထေရ်မြတ်ကြီးတွေ အာဂုံဆောင်ပြီးတော့ ထားကြသလိုပဲ အာဂုံဆောင်ထားကြတာကိုး။

စာအုပ်ပေါင်း (၄၀)ရှိ ပိဋကတ်သုံးပုံ တရားတော်တွေကို အာဂုံဆောင်ပြီးတော့ ထိန်းထားတာ နှစ်ပေါင်း (၄၅၀)နှစ်တိုင်အောင်ပါပဲ။ အဲဒီတော့ ဘုန်းကြီးတို့ မြန်မာပြည်မှာ မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် စောစောကပြောခဲ့တဲ့အတိုင်း (၃)ကြိမ် မြတ်စွာဘုရားဝါ(၂၀)ပတ်ဝန်းကျင်အထိပေါ့။ အဲဒီလိုထိအောင် သာသနာတော်ရောက်ခဲ့တယ်။ ဘုရားကိုယ်တော်တိုင် (၂)ကြိမ် ကြွတယ်။ စက်တော်ရာတွေ၊ ဆံတော်တွေ ချီးမြှောက်ခဲ့တယ်။ ဒီနောက်ကျတော့ သာသနာ့သမိုင်းကြောင်းဟာ လမ်းပြတ်သွားတာ။ ဘယ်လောက်ပြတ်သွားသလဲ

http://www.dhammadownload.com



ဆိုတော့ နှစ်ပေါင်း (၂၀၀)ကျော်ပြတ်သွားဟယ်။ သာသနာတော်နှစ် (၂၃၆)နှစ် ရောက်တဲ့အခါရောက်မှ အရှင်သောဏတို့ အရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိ သထုံပြည်ကို ကြွတော်မူလာတာ။

**သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ၊**
**ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလ မဒေသယုံ။**

သောဏုတ္တရာ မဟိဒ္ဓိကာ= တန်ခိုးကြီးပါဒ် ကြီးမားကြကုန်သော သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့သည်။ သုဝဏ္ဏဘူမိံ= သုဝဏ္ဏဘူမိ လို့ခေါ်တဲ့ သထုံပြည်သို့၊ ဂန္တွာန= ကြွတော်မူကြ၍၊ ဂန္တွာန= ကောင်းကင် ခရီးဖျာန်ဟုန်စီး၍ ကြွတော်မူကြပြီးလျှင်၊ ပိသာစေ= အသားစားကြူး ရေဘီလူးတို့ကို၊ နိဒ္ဓမိတွာန= နှိမ်နင်းကြကုန်၍၊ ဗြဟ္မဇာလံ= ဒိဋ္ဌိ(၆၂)ပါး တို့ကို ခွဲခြမ်းဝေဖန်၍ ဟောကြားရာဖြစ်သော ဗြဟ္မဇာလသုတ္တန် ဒေသနာ တော်မြတ်ကြီးကို၊ အဒေသယုံ= ဟောကြားတော်မူကြလေပြီ။

အဲဒီတော့ သာသနာနှစ် (၂၃၆)နှစ်သို့ ရောက်သည့်အခါ အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိ သထုံပြည် ရောက်လာတဲ့ အခါ သထုံပြည်မှာလဲ နန်းတွင်းမှာ ကလေးသူငယ်များ မွေးဖွားတယ် ဆိုရင် ပင်လယ်သမုဒ္ဒရာက အသားစားကြူး ရေဘီလူးတွေ တက်တက် ပြီးတော့ စားကြတာကိုး။ အဲဒါနဲ့ ကလေးသူငယ် လူမမယ်တွေဟာ အသားစားကြူး ရေဘီလူးတို့ရဲ့ စားဖတ်၊ ဝါးဖတ် ဖြစ်ပြီးတော့နေချိန် ဖြစ်တယ်။

အဲဒီလို ဖြစ်နေတဲ့အချိန် နေပြည်တော်အတွင်းမှာ တုတ်တွေ၊ ဓားတွေကိုင်ပြီး အသားစားကြူး ရေဘီလူးတွေ တက်လာရင် လူတွေက ဝိုင်းဝန်းပြီးတော့ ရိုက်ကြ၊ နှက်ကြချိန် အရှင်မြတ်(၂)ပါးကို လမ်းမှာ တွေ့ကြတယ်။ အရှင်မြတ်တွေကိုလဲ ရေဘီလူးလို့ထင်ကြတယ်။ အသား စားကြူး ရေဘီလူးတွေလို့ပဲ ထင်ကြတယ်။ သမုဒ္ဒရာကလာတဲ့ သမုဒ္ဒရာ ဘီလူးတွေလို့ပဲ ထင်ကြတော့ ရိုက်မယ်၊ ပုတ်မယ် လုပ်ကြတယ်။

http://www.dhammadownload.com



အဲဒီအခါ အရှင်မြတ်ကြီးတို့က အသားစားတဲ့ ရေဘီလူးတွေ မဟုတ်ဘူး။ တို့က သီလရှိတယ်။ သူတစ်ပါးကို မညှင်းဆဲဘူး ဆိုပြီးတော့ အဲဒီလိုမိန့်ကြားတဲ့အခါ အဲဒီလူတွေ သဘောပေါက်ပြီးတော့ အသားစားကြူး ရေဘီလူးတွေလဲ တက်လာရော အရှင်မြတ်ကြီး (၂)ပါးက တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ဖန်ဆင်းပြီး အဲဒီရေဘီလူးတွေထက် (၂)ဆ၊ (၃)ဆကြီးတဲ့ ခန္ဓာကိုယ်ကြီးမားတဲ့သဏ္ဍာန်ကြီးတွေ ဖန်ဆင်းလိုက်တဲ့အခါ ရေဘီလူးတွေဟာ သူတို့ထက်ကြီးတဲ့ပုဂ္ဂိုလ်တွေ၊ သူတို့ထက် တန်ခိုးကြီးတဲ့ ရေဘီလူးတွေ ဒီရောက်နေပြီဆိုပြီးတော့ ပြန်ပြေးကြတယ်။ အဲဒီနောက် မလာဝံ့ကြတော့ဘူး။

အဲဒီတော့မှ အရှင်သောဏ အရှင်ဉတ္တရတို့ တန်ခိုးကြီးတဲ့ မထေရ်ကြီးတွေဆိုပြီးတော့ ကိုးကွယ်ကြတယ်။ ကိုးကွယ် ကြရာကနေပြီး တော့ အမျိုးသား (၃၅၀၀၀) ရဟန်းပြုကြတယ်။ အမျိုးသမီးပေါင်း (၁၀၀၀၀)ဘိက္ခုနီမ ဝတ်ကြတယ်တဲ့။ အဲဒီတော့ ဘုန်းကြီးတို့ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် မြန်မာပြည်မှာ ပထမဆုံး သာသနာတော် ပြည့်ပြည့်စုံစုံ၊ ဘုရား၊ တရား၊ သံဃာလို့ ပြည့်ပြည့်စုံစုံ သမိုင်းကြောင်းအရ ပြည့်စုံတာ ကတော့ သထုံပြည်ရောက်မှ သုဝဏ္ဏဘူမိကျမှ အပြည့်အစုံ ရှိတယ်လို့ ပြောရမှာပါပဲ။

ဘာပြုလို့လဲဆိုတော့ သုဝဏ္ဏဘူမိ သထုံမှာ သာသနာပြု မနူဟာမင်းလက်ထက် ပုဂံ ရှင်အရဟံရဲ့ ညွှန်ကြားချက်ကြောင့် အနော်ရထာမင်းစောက ပုဂံကို ပိဋကတ်သုံးပုံ ပင့်တဲ့အခါ ပိဋကတ်တော် အစုံ (၃၀)၊ စာချဆရာတော် (တစ်ထောင်) ဒီလိုပင့်ခဲ့တာကိုး။ အဲဒီတော့ မြန်မာပြည်မှာ ပထမဆုံး သာသနာပြုတရားက ဘယ်တရားလဲလို့ဆိုတော့ ဗြဟ္မဇာလသုတ္တန်တရားတော်ကြီးပဲ။ အဲဒီ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်မြတ်ကြီးကို အရှင်မြတ်ကြီးနှစ်ပါး ဟောကြားတော်မူခဲ့တယ်။ ဗြဟ္မာဇာလသုတ္တန် ဒေသနာတော်မြတ်ကြီးကို ဟောတဲ့အခါ "ဒိဋ္ဌိ (၆၂)ပါး"ကို ဖြေရှင်းပြီး ဟောထားပါတယ်။

http://www.dhammadownload.com



အဲဒီ (၆၂)ပါးကို ဖြေရှင်းပြီး ဟောနိုင်တာဟာလဲ သဗ္ဗညုတ ဉာဏ်တော်ကြီးရရှိမှ ဟောနိုင်တာကိုး။ စုံလင်အောင် ပြောမယ်ဆိုရင် ဒိဋ္ဌိကြီးသုံးပါး၊ သက္ကာယဒိဋ္ဌိ(၂၀)၊ မိစ္ဆာဒိဋ္ဌိ(၆၂)ပါးလို့ ဒီလိုရှိတယ်။ အဲဒီတော့ အမှားအမြင်အယူဆိုတာ မိစ္ဆာဒိဋ္ဌိ၊ မှားတဲ့အမြင် မှားတဲ့အယူဟာ မိစ္ဆာဒိဋ္ဌိ၊ လောကဖြစ်သမျှအပြစ်တွေ အနာအဆာတွေ အားလုံးဟာ အမြင်မှားလို့ အယူမှားလို့ဖြစ်တာပါပဲ။

**"မိစ္ဆာဒိဋ္ဌိ ပရမာနိ ဘိက္ခဝေ ဝဇ္ဇာနိ"**

ဘိက္ခဝေ= ရဟန်းတို့၊ ဝဇ္ဇာနိ= ဖြစ်သမျှ အပြစ်အနာအဆာ အားလုံးတို့သည်၊ မိစ္ဆာဒိဋ္ဌိပရမာနိ= အမြင်မှားခြင်း၊ အယူမှားခြင်းလျှင် အလွန်အကဲရှိတယ်လို့ ဟောကြားတော်မူချက် ရှိတယ်။

**လေးဌာန**

မိစ္ဆာဒိဋ္ဌိကြီး (၃)ပါး၊ သက္ကာယဒိဋ္ဌိ (၂၀)၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါးလို့ ဒီလိုရှိတယ်။ မိစ္ဆာဒိဋ္ဌိ (၆၂)ပါးကို အကျယ်ချဲ့ပြီး ဟောကြားတဲ့ ဗြဟ္မဇာလ သုတ္တန်ဒေသနာတော်မြတ်ကြီး။ ဒီသုတ္တန်ဒေသနာတော်မြတ်ကြီးနှင့်တကွ အခြားအခြားအရာမျိုးကို ရောက်ရင်၊ စတ္တာရိ= လေးပါးကုန်သော၊ ဌာနာနိ= အရပ်ဌာနတို့သို့၊ ပတ္တာ= ရောက်သည်ရှိသော်၊ ဗုဒ္ဓါနံ= ဘုရားရှင်တို့၏၊ ဂဇ္ဇိတံ= ကြုံးဝါးချက်သည်၊ မဟန္တံ= ကြီးကျယ်များမြတ်သည်၊ ဟောတိ= ဖြစ်၏။

လေးဌာနကိုရောက်ရင်၊ လေးမျိုးရောက်ရင် ဘုရားရှင်တို့ရဲ့ ကျုံးဝါးတော်မူခြင်းဟာလဲ အင်မတန်ကြီးကျယ်တယ်။ ဉာဏ်အနုပဝိသတိ= သဗ္ဗညုတရွှေဉာဏ်တော်ကြီးကလဲ အင်မတန် ကြည်လင်တယ်။ ဗုဒ္ဓဉာဏဿမဟန္တဘာဝေါ ပညာယတိ= မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီး၏ ကြီးမြတ်ပုံကလဲ အင်မတန်ထင်ရှားတယ်။ ဒေသနာဂမ္ဘီရာ ဟောတိ= ဒေသနာတော်ကလဲ နက်နဲတယ်။ တိလက္ခဏာဟတာ= လက္ခဏာရေးသုံးပါးနဲ့ တံဆိပ်ခတ်ထားတယ်။ သုညတာပဋိသံယုတ္တာ၊

http://www.dhammadownload.com



ငါ၊ ငါ့ဥစ္စာ၊ သတ္တဝါ၊ အသက်၊ ဝိညာဉ်မှ ကင်းဆိတ်မှုနဲ့လဲ ယှဉ်စပ်တယ်။ အဲဒီလေးဌာနက ဘာတွေလဲလို့ဆိုရင်-

(၁) ဝိနည်းပညတ်တော်မူရာ ဝိနည်းပညတ်တော်မူခြင်းက တစ်ဌာန၊ ဒီအာပတ်က လဟုက= ပေ့ါတဲ့အာပတ်၊ ဂရုက= လေးတဲ့အာပတ်။ ဒီအာပတ်က သတေကိစ္ဆာ= ကုစားလို့ရတဲ့အာပတ်၊ အတေကိစ္ဆာ= ကုစားလို့မရတဲ့အာပတ်။ ဒီအာပတ်က လောကဝဇ္ဇ= လောကမှာလဲ အပြစ်ရှိတဲ့အာပတ်၊ ဒီအာပတ်က ပဏ္ဏတ္တိဝဇ္ဇ= ပညတ်ခြင်းကြောင့် အပြစ်ရှိတဲ့အာပတ်။ ဒီအကြောင်းအရာ ပေါ်လာလို့ရှိရင် သိက္ခာပုဒ်ကို ပညတ်ရတယ်။

ဒီလိုသိတော်မူ မြင်တော်မူတာဟာ အခြား အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့လို အဂ္ဂသာဝက၊ အရှင်မဟာကဿပစတဲ့ မဟာသာဝကတွေနဲ့ မဆက်ဆံဘူးတဲ့။ ဒါဟာ ဘုရားအရာသာဖြစ်တယ်။ အခြားပုဂ္ဂိုလ်တို့မှာ ဒီလိုဝိနည်းသိက္ခာပုဒ်တွေ ပညတ်ဖို့အင်အား မရှိဘူးတဲ့။ ဒါကြောင့် ဝိနည်းပညတ်မှုဆိုင်ရာမှာလဲပဲ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးဟာ ကြည်လင်တယ်။ ကြုံးဝါးပြန်တော့လဲ အင်မတန်ကြီးကျယ်တဲ့ ကြုံးဝါးချက်ကြီးတွေ၊ ဉာဏ်တော်ကြီးရဲ့ ကြီးကျယ်မြင့်မြတ်ပုံဟာလဲ အဲဒီရောက်မှ ထင်ရှားတယ်။ ဉာဏ်တော် ကြည်လင်တယ်။ ဒေသနာတော်ကလဲ နက်နဲခက်ခဲတယ်။

## နောက်တစ်မျိုးက ဘူမန္တရ

ဘူမန္တရဆိုတာ ဘုံအမျိုးစားတွေ သတိပဋ္ဌာန်လေးပါးရှိတယ်။ မဂ္ဂင်(၈)ပါးရှိတယ်။ ဣန္ဒြေ (၅)ပါး ရှိတယ်။ ဗိုလ် (၅)ပါး ရှိတယ်။ ဖဿ၊ ဝေဒနာ။ သည်တရားတွေက ကာမာဝစရတရားတွေ၊ သည်တရားတွေက ရူပါဝစရတရားတွေ၊ သည်တရားတွေက အရူပါဝစရတရားတွေ၊ သည်တရားတွေက လောကုတ္တရာတရားတွေ။

http://www.dhammadownload.com



ဒီအကြောင်းကြောင့် ဒီအကျိုးတရားတွေ ဖြစ်တယ်ဆိုပြီး (၂၄)ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးတွေ ဟောပြန်တော့လဲပဲ မြတ်စွာဘုရားရဲ့ ကြံုးဝါးတော်မူချက်ကြီးက အင်မတန်ကြီးကျယ်တယ်။ ဉာဏ်တော်ကြီး ကလဲ ကြည်လင်တယ်။

မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉ္ဉာဏ်တော်ကြီးမြတ်ပုံကလဲ ထင်ရှားတယ်။ အဲဒီနေရာမှာ ဒေသနာတော်လဲ နက်နဲတယ်။ လက္ခဏာ ရေးသုံးပါးလဲ ဆောင်တယ်။ သတ္တဇီဝမှ ကင်းဆိတ်မှုနဲ့လဲ စပ်ယှဉ်တယ်။ နောက်တစ်မျိုးက ဘာလဲလို့ဆိုတော့-

ပစ္စယာကာရ ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် အစရှိသဖြင့် ဟောကြားတဲ့ ပစ္စယာကာရ ပဋိစ္စသမုပ္ပါဒ်ဟာလဲပဲ တစ်ဌာနပဲ။ နောက်(၄)နံပါတ်က သမယန္တရအယူဝါဒတွေနဲ့ ဆိုင်တယ်။ ဗြဟ္မဇာလ သုတ္တန်ကြီးဟာ အယူဝါဒနဲ့ဆိုင်တဲ့ ဌာနကြီးတစ်ခုပါပဲ။

| | | |
|---|---|---|
| - | သဿတအယူဝါဒ | (၄) မျိုး |
| - | ဧကစ္စသဿတ | (၄) မျိုး |
| - | အန္တာနန္တိက | (၄) မျိုး |
| - | အမရာဝိက္ခေပိကဝါဒ | (၄) မျိုး |
| - | အဓိစ္စသမုပ္ပန္နိကဝါဒ | (၂) မျိုး |
| - | သညီဝါဒ | (၁၆) မျိုး |
| - | အသညီဝါဒ | (၈) မျိုး |
| - | နေဝသညီ နာသညီဝါဒ | (၈) မျိုး |
| - | ဥစ္ဆေဒဝါဒ | (၇) မျိုး |
| - | ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ | (၅) မျိုး |
| | **အားလုံးပေါင်း** | **(၆၂) မျိုး** |

(ဒီ-၁-၄-၉၅။)

အဲဒီ (၆၂)မျိုးကို ဘယ်လိုပုဂ္ဂိုလ်တွေက ဘယ်လိုအယူဝါဒ ရှိကြတယ်လို့ ခွဲခြားပြီးတော့ မြင်နိုင်တယ်ဆိုတာ သဗ္ဗညုတ ဉာဏ်တော်

http://www.dhammadownload.com



မြတ်ရဲ့အရာ။ အဲဒီလို ဒိဋ္ဌိ(၆၂)ပါးကို ခွဲခြားပြီးတော့ ဟောကြားတဲ့ နေရာမှာ မြတ်စွာဘုရားရဲ့ ကြုံးဝါးတော်မူချက်ကြီးက အင်မတန် ကြီးကျယ်တယ်။ ဉာဏ်တော်လဲကြည်လင်တယ်။ သဗ္ဗညုတဉာဏ်တော် ကြီးဟာ ကြည်လင်တယ်။ ဘုရားဉာဏ်တော်ဟာလဲ ထင်ရှားတယ်။ ဒေသနာတော်လဲ နက်နဲတယ်။ လက္ခဏာရေးသုံးပါးနဲ့လဲ စပ်ယှဉ်တယ်။ အတ္တ အတ္တနိယမှ ကင်းဆိတ်မှုနဲ့လဲ ယှဉ်တယ်။

(ဒီ-၁-၄၄-၉၃။)

အဲဒီလေးဌာနထဲမှာ အခုဗြဟ္မဇာလသုတ္တန် ဒေသနာတော်မြတ် ကြီးကလဲ တစ်ခုပါတယ်။

**ရှေ့အစွန်း၊ နောက်အစွန်း**

အဲဒီ အယူဝါဒ ဒိဋ္ဌိ(၆၂)ပါး ယူမှားဆိုတာက သာမန်နဲ့တော့လဲ မဖြစ်နိုင်ပါဘူး။ သာမန်နဲ့တော့ မယူနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေယူတဲ့ ပုဗ္ဗန္တကပ္ပိက= ရှေ့အစွန်းကို ကြံစည်ပြီးတော့ ယူတဲ့အယူဝါဒက (၁၈)မျိုး။ဒိဗ္ဗစက္ခုဉာဏ် ရရှိတဲ့ ပုဂ္ဂိုလ်တွေယူတဲ့ အပရန္တကပ္ပိက နောက်အစွန်းတွေ ကြံဆပြီးတော့ ယူတဲ့အယူဝါဒက (၄၄)မျိုး။

တစ်နည်းအားဖြင့် ဥစ္ဆေဒအပြတ်ဝါဒက (၇)မျိုး၊ သဿတ အမြဲဝါဒက (၅၅)မျိုး၊ အားလုံး (၆၂)မျိုး။ အဲဒီလို ခွဲခြားပြီးဟောတော့ ဒိဋ္ဌိအယူတစ်ခု စွဲလမ်းတဲ့ပုဂ္ဂိုလ်က အကျိုးအကြောင်းတွေပြတယ်။ သူပြတဲ့အကြောင်းကို **"တတ္ထ နဧကန္တေနကာရဏံ ပရိယေသိတဗ္ဗံ"** မိစ္ဆာဒိဋ္ဌိယူတဲ့ပုဂ္ဂိုလ်ရဲ့ ယူပုံအကြောင်းအရာကိုတော့ ဧကန္တအားဖြင့် အကြောင်းမရှာထိုက်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ မိစ္ဆာအယူရှိတဲ့ ပုဂ္ဂိုလ်ရဲ့၊ မှားယွင်းတဲ့အယူရှိတဲ့ ပုဂ္ဂိုလ်ရဲ့အယူဟာ အရူးခြင်းတောင်း လိုပဲတဲ့။ **"ဥမ္မတ္တက ပစ္ဆိသဒိသော"** အရူးခြင်းတောင်းလိုပဲ။

http://www.dhammadownload.com



အဲဒီတော့ မြတ်စွာဘုရားက ဒီဗြဟ္မဇာလသုတ္တန် တရားတော်မြတ်ကြီးကို ဟောကြားတဲ့နေရာမှာ ဒိဋ္ဌိ(၆၂)ပါးကို ဝေဖန်ပြီးတော့ ဟောကြားတော်မူတဲ့ ဒေသနာတော်မြတ်ကြီး။

**ပုဂ္ဂိုလ် (၇)ယောက်**

အဲဒီ ဒိဋ္ဌိ(၆၂)ပါးကို ဘယ်ပုဂ္ဂိုလ်တွေ သိနိုင်သလဲ။ ဘယ်ပုဂ္ဂိုလ်တွေဟာ ဒီမိစ္ဆာဒိဋ္ဌိ(၆၂)ပါးကို သိနိုင်သလဲ။ ဘယ်ပုဂ္ဂိုလ်တွေဟာ ဒီမိစ္ဆာဒိဋ္ဌိ(၆၂)မျိုးကို ကျော်လွန်၍ သီလ, သမာဓိ, ပညာ အဆင့်ဆင့်မှ အရဟတ္တဖိုလ်အထိ သိနိုင်သလဲဆိုတော့ ပုဂ္ဂိုလ်(၇)မျိုးရှိတယ်။

(၁) ဘုရားမြတ်စွာ ပစ္စေကာနှင့် ရဟန္တာအရှင်မြတ်များ၊
(၂) အနာဂါမ်၊
(၃) သကဒါဂါမ်၊
(၄) သောတာပန်၊
(၅) ဗဟုဿုတ အသင်အကြား အမြင်များတဲ့ပုဂ္ဂိုလ်၊
(၆) ဂန္ထဓုရ= ပိဋကတ်တော်တွေကို ဆောင်ထားတဲ့ပုဂ္ဂိုလ်၊
(၇) အာရဒ္ဓဝိပဿက= ဝိပဿနာတရား ကြိုးစားအားထုတ်တဲ့ပုဂ္ဂိုလ်၊ (ဒီ-၁-၄-၁၁၆။)

ဒီပုဂ္ဂိုလ်တွေဟာ ဒီဒိဋ္ဌိ(၆၂)မျိုးကို လွန်မြောက်ပြီးတော့ အသိထူး၊ ဉာဏ်ထူးရရှိတဲ့ပုဂ္ဂိုလ် ဖြစ်နိုင်တယ်။ ပြောရမယ်ဆိုရင် ဒီဗြဟ္မဇာသုတ္တန် ဒေသနာတော်ကြီးဟာ မြန်မာပြည်မှာ တော်တော်လေးစောတဲ့ သာသနာပြုတရားတော်ကြီးပါပဲ။ ဒါကြောင့် ဗြဟ္မဇာလသုတ္တန်တရားတော်ကြီးကို ဆက်လက်ပြီးတော့ အလျဉ်းသင့်သလို ဟောကြားကြရအောင်။

ဒိဋ္ဌိ(၆၂)မျိုး ဘုရားရှင်ဟောတော်မူတော့ တစ်မျိုးဟောပြီးတိုင်း၊ ဂစ်ပါး ဟောပြီးတိုင်း မြေတစ်ခါလှုပ်တယ်။ (၆၂)ကြိမ် မြေလှုပ်တယ်။ အားလုံးပြီးသွားတော့ တစ်ကြိမ်။ ဒါကြောင့် **"အယဉ္စ ဒသသဟဿီ**

http://www.dhammadownload.com



**လောကဓာတု အကမ္ပိတ္ထ"** ဒီလောကဓာတ်ကြီးဟာ တုန်လှုပ်သွားတာပဲ။ စကြာဝဠာပေါင်းတစ်သောင်း တစ်ခါထဲ တုန်လှုပ်စေနိုင်တဲ့ ဒေသနာတော်မြတ်ကြီး ဖြစ်တယ်။

**(၅)မည်ရဒေသနာ**

ဒိဋ္ဌိ(၆၂)ပါး ဝေဖန်ပြီးတော့ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်ကြီး နိဂုံးချုပ်တဲ့အခါမှာ မြတ်စွာဘုရား! ဒီဒေသနာတော်ရဲ့ နာမည်တော်ကို ဘယ်လိုခေါ်ရပါမလဲဘုရားလို့ အရှင်အာနန္ဒာမထေရ်မြတ်က လျှောက်ထားတော့ မြတ်စွာဘုရားက-

**"အတ္ထဇာလန္တိပိနံ ဓာရေဟိ"** ပစ္စုပ္ပန်အကျိုးစီးပွား တမလွန်အကျိုးစီးပွားကို ခွဲခြားဝေဖန်ပြီး ဟောရာဖြစ်သောကြောင့် အခုဟောတဲ့ တရားဒေသနာတော်ကို **"အတ္ထဇာလ"**လို့ခေါ်ပါ။ **"ဓမ္မဇာလံ ဣတိ ပိနံ အာနန္ဒ ဓာရေဟိ"** ဒိဋ္ဌိ(၆၂)ပါး ဝေဖန်ရာ စာမျက်နှာပေါင်း (၄၃) မျက်နှာရှိတဲ့ ဒီဒေသနာတော်ဟာ ပါဠိတွေအများကြီးပါရှိပြီး ဟောထားတာ။ ဒါကြောင့် **"ဓမ္မဇာလ"**လို့လဲ ခေါ်ပါတဲ့။

**"ဗြဟ္မဇာလ ဣတိပိနံ အာနန္ဒ ဓာရေဟိ"** ဒီဗြဟ္မဇာလသုတ္တန် ဒေသနာတော်ကို **"ဗြဟ္မဇာလ"**လို့လဲခေါ်တဲ့ ဒီဒေသနာတော်ကို ဘာကြောင့်လဲဆိုတော့ **"ဗြဟ္မ"**ဆိုတာဘာလဲ။ သဗ္ဗညုတဉာဏ်ပါပဲ။ **"သေဋ္ဌဋ္ဌေန ဗြဟ္မံ သဗ္ဗညုတဉာဏံ"** သဗ္ဗညုတဉာဏ်တော်ကြီးကို မြတ်သောကြောင့် **"ဗြဟ္မ"**တဲ့။

အဲဒီ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ဒိဋ္ဌိ(၆၂)ပါးတည်းဟူသော ကွန်ယက်ကို ဖြေရှင်းပြီးဟောရာဖြစ်သောကြောင့် ဤဒေသနာတော်ကို **"ဗြဟ္မဇာလ"**လို့လဲခေါ်တဲ့။ **"ဒိဋ္ဌိဇာလ"**လို့လဲ ခေါ်ဦး။ ဘာကြောင့်လဲလို့ ဆိုတော့ ဒိဋ္ဌိကွန်ယက်(၆၂)ပါးကို ခွဲခြားဝေဖန်ပြီးတော့ ဟောရာ ဖြစ်သောကြောင့် **"ဒိဋ္ဌိဇာလ"**လို့လဲ ခေါ်ပါတဲ့။ ပြီးတော့ **"အနုတ္တရော သင်္ဂါမဝိဇယောတိ ပိနံ ဓာရေဟိ"** အတုမရှိမြင့်မြတ်တဲ့ အောင်ပွဲရ ဒေသနာတော်ကြီးလို့လဲ ခေါ်နိုင်တယ်။ ဒေဝပုတ္တမာရ်၊ ကိလေသာမာရ်

http://www.dhammadownload.com



ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာန်၊ ဒီမာရ်တွေကို အောင်ပွဲခံနိုင်တဲ့ အတွက်ကြောင့်မို့ ဒီသုတ္တန်ဒေသနာတော်ကို **"အနုတ္တရ သင်္ဂါမဝိဇယ"** လို့လဲ ခေါ်နိုင်တယ်။ (ဒီ-၄-၁-၁၁၈။)

အဲဒီတော့ ဆိုလိုတာက ဘာလဲဆိုတော့ ဒိဋ္ဌိ(၆၂)ပါးကို မြတ်စွာဘုရားက အကျယ်တဝင့်ဟောတယ်။ ဟောပြီးတဲ့အခါကျတော့ အဲဒီဒိဋ္ဌိ(၆၂)ပါးသိဖို့ရာလမ်းကြောင်းလဲ ပြတယ်။ အဲဒီ ဒိဋ္ဌိ(၆၂)ပါး လွတ်မြောက်ပုံကိုလဲ ဆက်ပြီးတော့ ဟောတော်မူတယ်။ ဒါကြောင့် ယခုလို တရားအားထုတ်ခြင်းဟာ အဲဒီ ဒိဋ္ဌိ(၆၂)ပါးတို့မှ လွတ်ကင်းခြင်းရဲ့ အကြောင်းဖြစ်တယ်၊ လွတ်ကင်းနိုင်တယ်။

တစ်နည်းအားဖြင့် ပထမဆုံး သုဝဏ္ဏဘူမိ သထုံပြည်မှာ အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ ရှေးဦးစွာ သာသနာပြုတရားကလဲ ဒိဋ္ဌိ(၆၂)ပါးကို ခွဲခြားဝေဖန်ပြီးတော့ ဟောတဲ့ ဗြဟ္မဇာလသုတ္တန် ဒေသနာတော်ကြီး ဖြစ်တယ်။ ဘုရားအလောင်းတော်ကြီး ပါရမီဖြည့်စဉ်ကလဲ ဒိဋ္ဌိ(၆၂)ပါးက လွတ်ကင်းခဲ့တယ်။ ဘုရားဖြစ်တဲ့အခါလဲ ဒိဋ္ဌိ(၆၂)ပါးကို ခွဲခြားဝေဖန်ပြီးတော့ ဟောတော်မူတယ်။ ဒိဋ္ဌိ(၆၂)ပါးကို ခွဲခြားဝေဖန်ပြီးတော့ ဟောကြားတော်မူခဲ့တဲ့ ဗုဒ္ဓဘုရားကို (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက်တရားစခန်းပွဲမှာ **"ရှိခိုးပါ၏"**

မိမိတို့လဲ (၆၂)ခန်း၊ ဒိဋ္ဌိလမ်းသို့ မသန်းမငွေ့ ပြကတေ့ဖြင့် အလေ့ဖြူစင် အမြင်ဖြောင့်မတ် အကျင့်မြတ်ပြီးတော့ ဖြောင့်ဖြောင့်တန်းတန်းနဲ့ မိမိတို့အားထုတ်မည့် သမထဘာဝနာ၊ ဝိပဿနာဘာဝနာများ အားထုတ်နိုင်ပါရစေ။ အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ ဒီနေ့ (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာတရား စခန်းဖွင့်ပွဲ သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## (၆၂)ကြိမ်မြောက် တရားစခန်း

ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ ဝါခေါင်လပြည့်ကျော် (၂)ရက်။

ဘုန်းကြီးတို့ ယခုကျင်းပနေတဲ့ တရားစခန်းက (၆၂)ကြိမ်ဆိုတော့ မြန်မာနိုင်ငံမှာ သုဝဏ္ဏဘူမိ သထုံသာသနာ ရောက်ရှိပြီးတော့ လာတဲ့အခါမှာ ဒိဋ္ဌိ(၆၂)ပါးကို ဖြေရှင်းပြီးတော့ ဟောကြားတော်မူခဲ့တဲ့ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်ကြီးနဲ့ စထားခဲ့တယ်။ အဲဒီ သုတ္တန်ဒေသနာတော်ကြီးနဲ့ စထားတော့ ဒေသနာတော်ကြီးတည်အောင် ဆောင်ရွက်ခဲ့တယ်။

အဲဒီတော့ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်ကြီးမှာ ကြည့်မယ်ဆိုရင် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များကလဲ ရာဇဂြိုဟ်နဲ့ နာလန္ဒအကြားမှာ ခရီးသွားတော်မူကြတယ်။ သုပ္ပိယ ပရိဗိုဇ်က တပည့်တွေနဲ့ ဗြဟ္မဒတ်လုလင် အပါအဝင် ခရီးသွားတယ်။ တပည့် ပရိသတ်တွေနဲ့ ခရီးသွားတော့ ရာဇဂြိုဟ်နဲ့ နာလန္ဒ အကြားမှာ ရှိတဲ့ အမ္ဗလဋ္ဌိကခေါ်တဲ့ သရက်ဥယျာဉ်မှာ ညဉ့်ကိန်းစက်ကြတယ်။ နားကြတယ်။ အဲဒီအချိန်အခါမှာ သုပ္ပယပရိဗိုဇ်က ရတနာသုံးပါးနဲ့ ပတ်သက်ပြီး ကျေးဇူးမဲ့ ကဲ့ရဲ့စကားတွေချည်းပဲ ပြောတယ်။ တပည့်ဖြစ်တဲ့ ဗြဟ္မဒတ်လုလင်ကလဲ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးများကိုပဲ ပြောတယ်။

ဒီလိုပြောတော့ ဆရာတပည့်နှစ်ယောက်တော့ ဖြောင့်ဖြောင့် ဆန့်ကျင်ကြတယ်။ တပည့်ကလဲပဲ သုပ္ပိယဆရာ ပရိဗိုဇ် ရတနာသုံးပါးရဲ့ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောတဲ့နောက် မလိုက်ပဲနဲ့ ဆန့်ကျင်ပြီးတော့ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးပဲ ချီးကျူးပြောဆိုတယ်။

### စမ္မသဘင်

ပရိသတ်ချင်းမတူဘူး၊ ဘုရားရှင်နှင့် ရဟန်းငါးရာ သုပ္ပိယပရဗိုဇ် နဲ့ပရိသတ်တွေ သရက်ဥယျာဉ်တွင် တစ်ညဉ့်တာ အိပ်ကြ၊ ကိန်းစက်ကြ

http://www.dhammadownload.com



တယ်။ သုပ္ပိယက ဘုရားရှင်ဆီ လှမ်းမျှော်ကြည့်မိတယ်။ ကြယ်တာရာ ဝန်းရံခသလို ရဟန်းအပေါင်း ခြံရံနေတာ တွေ့တယ်။ တစ်ပါးတစ်လေမျှ လက်မလှုပ်၊ ခြေမလှုပ်ဘူး။ ချောင်းမဟန့်ဘူး။ မချေဘူး။ ရဟန်းသံဃာတွေက လေ့ကျင့်သင်ကြားထားတဲ့ အတတ်ရှိကြတယ်။ ဘုရားအပေါ် ရိုသေတယ်။ ဒါကြောင့် လေငြိမ်ရာမှာ ညှိထွန်းထားတဲ့ ဆီမီးလျှံလိုပဲ ငြိမ်လို့။ သုပ္ပိယက မိမိရဲ့ ပရိသတ်ဆီကြည့်လိုက်တော့ လက်ခြေတွေပစ်၊ ရောင်ရမ်း မြည်တမ်း၊ လျှာတွေထွက်၊ သွားရေတွေယို၊ အံကြိတ်ဟောက်၊ တရှူးရှူးနဲ့ အိပ်နေတာ တွေ့ရတယ်။ အဲဒီလို ကွာခြားပေမဲ့ မနာလိုတော့ ဘုရား, တရား, သံဃာကို မချီးကျူးနိုင်ဘူး။

ဒီအခြေအနေကို မြတ်စွာဘုရား ဓမ္မသဘင်မကြွလာမီ ရဟန်းတော်များ ဒီစကားပဲပြောနေကြတဲ့အချိန် မြတ်စွာဘုရားလဲ ဓမ္မသဘင်ကို ကြွလာတယ်။ ဒီအကျိုးအကြောင်းတွေ လျှောက်ထားတယ်။

**“ကာယနုတ္ထ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိသိန္နာ ကာစပနဝေါ အန္တရကထာ ဝိပ္ပကတာ”**

ရဟန်းတို့ ယခုငါဘုရားကြွလာတဲ့အချိန်မှာ ဘာစကားတွေ ပြောနေကြသလဲ။ အဘယ်စကားတွေများ ပြောနေကြသလဲ။ သင်တို့ လက်စမသတ်သေးတဲ့ စကားကဘာလဲလို့ မေးတော်မူတဲ့အခါ “မြတ်စွာဘုရား သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့ ဆရာတပည့် နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် တစ်မျိုးတစ်ဘာသာစီ တစ်မျိုးတစ်ဘာသာစီ။ သုပိယပရိဗိုဇ်က ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကားတွေ ပြောဆိုပါတယ်။ တပည့်ဖြစ်တဲ့ ဗြဟ္မဒတ်လုလင်က ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးထောမနာပြု ပြောနေပါတယ် ဘုရားလို့ လျှောက်ထားတဲ့အခါ-

http://www.dhammadownload.com



**နည်းပေးလမ်းပြ**

မြတ်စွာဘုရားက "ရဟန်းတို့ ငါဘုရားကိုဖြစ်စေ၊ တရားကို ဖြစ်စေ၊ သံဃာကိုဖြစ်စေ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်က ကျေးဇူးမဲ့ ကဲ့ရဲ့စကား ဆိုမယ်ဆိုရင် စိတ်မသက်သာ နှလုံးနာမှု မပြုကြနဲ့ ဒေါသ မထားကြနဲ့။ အကယ်၍ ရတနာသုံးပါးနဲ့ပတ်သက်ပြီး ကျေးဇူးမဲ့ ကဲ့ရဲ့ စကားတွေ ပြောမယ်ဆိုရင် သင်တို့ပြောတာတွေဟာ ဒီအကြောင်း ကြောင့် မမှန်ဘူးလို့ စသည်ဖြင့် ဖြေရှင်းတော့ ဖြေရှင်းကြ။

ဘုရား တရား သံဃာ ရတနာသုံးဖြာနဲ့ပတ်သက်လို့ ချီးကျူး စကား ပြောကြပြန်တော့လဲပဲ ဝမ်းပန်းတသာမဖြစ်လိုက်နဲ့ စိတ်ရဲ့ တက်ကြွမှုတွေ မဖြစ်လိုက်နဲ့။ သို့သော်လဲ ဤအကြောင်းကြောင့် သင်တို့ ပြောတာတွေ မှန်တယ်။ ဤအကြောင်းကြောင့် သင်တို့ပြောတဲ့စကား တွေဟာ ဟုတ်တယ်လို့ ဒီလိုတော့ဖြေရှင်းကြလို့ နည်းပေးလမ်းပြတော် မူတယ်။

**မပြောပလောက်**

မြတ်စွာဘုရားက ပြဟ္မဒတ်လုလင် ချီးကျူးတဲ့ ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ ကျေးဇူး၊ အဲဒီ ဂုဏ်ကျေးဇူးတွေထဲမှာ ဘုရားရှင်နဲ့ ပတ်သက်တဲ့ ဂုဏ်ကျေးဇူးများ ပြောဆိုမှုနဲ့ဆက်စပ်ပြီးတော့ "ရဟန်းတို့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ အငယ်စားသီလ၊ အလတ်စားသီလ၊ အကြီးစားသီလ တွေနဲ့ ပတ်သက်ပြီးတော့ ငါဘုရားဂုဏ်ကျေးဇူးတွေကို ပြောဆိုမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့သီလဆိုင်ရာ ငါဘုရားရဲ့ ဂုဏ်ကျေးဇူး တွေ ပြောဆိုမှုက **"အပ္ပမတ္တက"** အနည်းငယ်မျှလေးပဲ၊ မပြောပလောက် ပါဘူး ဆိုပြီးတော့-

http://www.dhammadownload.com



**သဗ္ဗညုတဉာဏ်တော်ကြီး**

**"အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ ဒူရနုဗောဓာ သန္တာ ပဏီတာ အတက္ကာဝစရာ နိပုဏာ ပဏ္ဍိတ ဝေဒနိယာ"**

ရဟန်းတို့ သီလမှတစ်ပါး အခြားဂုဏ်ကျေးဇူးတွေရှိတယ်။ အဲဒီဂုဏ်ကျေးဇူးတွေက နက်လဲနက်နဲတယ်၊ မြင်နိုင်ခဲတယ်၊ သိနိုင်ခဲတယ်၊ ငြိမ်သက်တယ်၊ မြင့်မြတ်တယ်၊ ကြံစည်တွေးတောလို့လဲ မပြီးစီးနိုင်ဘူး။ ပညာရှိတို့ သိအပ် သိသင့်တဲ့အရာသာ ဖြစ်တယ်။ အဲဒီတရားတွေကို ငါဘုရားဟာ ကိုယ်တိုင်သိပြီး ကိုယ်တိုင်မျက်မှောက်ပြုပြီ။

အဲဒီတရားတွေနဲ့ ပတ်သက်ပြီးတော့ ငါဘုရားကို တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ချီးကျူးမယ်ဆိုရင်တော့ ကောင်းသော ချီးကျူးခြင်းလို့ ဒီလိုပြောရမှာပါပဲ။ သီလမှတစ်ပါး အခြားတရားတွေဆိုတာ ဘာလဲလို့ဆိုတော့ **"သဗ္ဗညုတဉာဏ်တော်ကြီး"**ပါပဲ။ သဗ္ဗညုတဉာဏ်တော်ကြီးဟာ တစ်ပါးထဲဖြစ်စေကာမူ ဒီနေရာမှာ အများသုံးစကားဗဟုဝုစ်နဲ့သုံးတော်မူတယ်။ **"အတ္ထိ ဘိက္ခဝေ အညေဝဓမ္မာ"** အစရှိသည်ဖြင့် ဗဟုဝုစ်နဲ့ အသုံးပြုတော်မူတယ်။ ဘာကြောင့်လဲလို့ဆိုတော့ စိတ်အများမှာလဲ ယှဉ်တယ်။ မှန်ပါတယ်။ သဗ္ဗညုတဉာဏ်တော်ကြီးဟာ မဟာကြိယာစိတ်လေးခုမှာ ယှဉ်တယ်။ ပြီးတော့ အာရုံအားဖြင့်လဲ မပြုနိုင်တဲ့ အာရုံဆိုတာ မရှိဘူး။ အာရုံအနေနဲ့ ပြောမယ်ဆိုရင် သဗ္ဗညုတဉာဏ်တော်ကြီးဟာ **"ယာဝတကံ ဉေယျံ၊ တာဝတကံ ဉာဏံ"** ဆိုတဲ့အတိုင်း သိစရာမှန်သမျှကို အားလုံးသိနိုင်တဲ့ ဉာဏ်တော်ကြီး ဖြစ်တယ်။

**အကြောင်းရှစ်မျိုး**

အဲဒီလို ဟောတော်မူပြီးတော့ မြတ်စွာဘုရားက ဒိဋ္ဌိ(၆၂)ပါးကို အကျယ်တဝင့် ဟောတာပါပဲ။ ဒိဋ္ဌိ(၆၂)ပါး ဟောတော့ ပထမဆုံး

http://www.dhammadownload.com



သဿတဒိဋ္ဌိ (၄)ပါး၊ သဿတအယူမှားပုံ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ အတ္တရှိတယ်။ အတ္တမြဲတယ်။ လောကခေါ်တဲ့ လူလောက၊ နတ်လောက၊ ပြဟ္မလောက၊ ရုပ်လောက၊ နာမ်လောက။ လောကသည် မြဲတယ်။ အဲဒီလို အစချီပြီးတော့ သဿတဝါဒ ဆိုင်ရာလေးမျိုး။ သဿတ= မြဲတယ်လို့ ယူဆပုံလေးမျိုးကို ဟောကြားတော်မူတယ်။ အဲဒီမှာ အဲဒီလို ယူဆကြတဲ့ မိစ္ဆာဒိဋ္ဌိလေးဦး တို့ရဲ့အကြောင်းအချက်က (၈)မျိုးရှိတယ်။ (ဒီ-၄-၁-၉၉)

ဘာကြောင့် ဒီလို မိစ္ဆာဒိဋ္ဌိ(၆၂)မျိုး၊ တစ်မျိုးမျိုးယူကြသလဲလို့ ဆိုတော့ ခန္ဓာငါးပါးဟာလဲ မိစ္ဆာဒိဋ္ဌိယူခြင်းရဲ့အကြောင်းပဲ။

အဝိဇ္ဇာ၊ ဖဿ၊ သညာ၊ ဝိတက် (ကြံစည်မှု)၊ အယောနိသော မနသိကာရ (မသင့်မတင့်နှလုံးသွင်းမှု)၊ ပါပမိတ္တ (မိတ်ဆွေ မကောင်းခြင်း)၊ ပရတောဃောသ (သူတစ်ပါးတို့ထံက ဟောသံ၊ ပြောသံ)။ ဤအကြောင်း (၈)မျိုးဟာ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းရဲ့ အကြောင်းတွေ။ အဲဒီလို မိစ္ဆာဒိဋ္ဌိများ ဖြစ်လာပြီဆိုလို့ရှိရင် ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါး၊ သတ္တာဝါသဘုံ ကိုးဝတို့မှာ ဆီဆုံမှာကထားတဲ့ နွားလိုပဲ၊ တစ်နည်းအားဖြင့် ကြိုးချီခံထားရတဲ့ ခွေးလိုပဲ။

တစ်နည်းအားဖြင့် ဥပမာပြောမယ်ဆိုရင် ပင်လယ်သမုဒ္ဒရာထဲ နက်ရှိုင်းလှတဲ့ ရေပြင်ကျယ်ကြီးမှာ လေကြမ်း၊ မိုးကြမ်းမိလို့ ပျက်စီးသွားတဲ့ လှေလိုပါပဲ။ ဝဋ္ဋဒုက္ခစီကိုပဲ သွားတယ်။ ဝဋ္ဋဒုက္ခမှ ခေါင်းမထောင်နိုင်တော့ဘူး။ မြတ်စွာဘုရားက မိစ္ဆာဒိဋ္ဌိ (၆၂)ပါး ယူဆပုံတွေကို ဘယ်လို ဘယ်လိုယူဆတယ်။ အဲဒီ မိစ္ဆာဒိဋ္ဌိတွေမှ ဘယ်လို ဘယ်လို လွတ်မြောက်တယ်လို့ လွတ်မြောက်ပုံကိုလဲ ဟောကြားတယ်။

**သုံးမျိုးခေါင်းတပ်**

အဲဒီလို ယောနိ (၄)ပါး၊ ဂတိ (၅)ပါး၊ ဝိညာဏဋ္ဌိတိ (၇)ပါး၊ သတ္တာဝါသ ဘုံကိုးဝမှာ လည်ပတ်ပုံနဲ့ ပတ်သက်ပြီးတော့ ဝဋ္ဋကထာ ခေါ်တဲ့ ဝဋ္ဋနဲ့ဆက်စပ်တဲ့ စကားကိုများ ဟောကြားပြီဆိုရင်တော့

http://www.dhammadownload.com



ဦးတည်ပြီးတော့ မတည်ပြီးတော့ ဟောကြားတာ သုံးမျိုးရှိပါတယ်။

(ဒီ-၄-၁-၁၁၅။)

တခါတရံကျတော့ မြတ်စွာဘုရားက အဝိဇ္ဇာကို ခေါင်းတပ်ပြီးတော့ ဟောတော်မူပါတယ်။ တခါတရံကျတော့ တဏှာကို ခေါင်းတပ်ပြီးတော့ ဟောတော်မူတယ်။ တခါတရံ ဒိဋ္ဌိကို ခေါင်းတပ်ပြီး ဟောတော်မူတယ်။

**"ပုရိမာ ဘိက္ခဝေ ကောဋ္ဌိနပညာယတိ အဝိဇ္ဇာယ"**

ရဟန်းတို့ အဝိဇ္ဇာရဲ့ ရှေ့အစွန်းဟာ မထင်ဘူး။ တဏှာရဲ့ ရှေ့အစွန်းလဲ ဒီလိုပဲ။ ဒိဋ္ဌိရဲ့ အရှေ့အစွန်းလဲ ဒီလိုပဲ အစရှိသည်ဖြင့် ဝဋ္ဋကထာနဲ့ပတ်သက်ပြီးတော့ ဟောကြားခြင်းဟာ ခေါင်းတပ်ပြီးတော့ အဝိဇ္ဇာဦးခေါင်းတပ်ပြီးတော့၊ တဏှာကို ဦးခေါင်းတပ်ပြီးတော့၊ ဒိဋ္ဌိကို ဦးခေါင်းတပ်ပြီးတော့ သဿတဒိဋ္ဌိလေးမျိုးနဲ့ ပတ်သက်ပြီးတော့ ဖွင့်ပွဲနေ့ကပြောခဲ့သလိုပဲ။ သာမန်ပုဂ္ဂိုလ်တွေတော့ ဒီဒိဋ္ဌိ (၆၂)ပါးယူတာ မဟုတ်ဘူး။ ဘာကြောင့်လဲလို့ဆိုတော့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဉာဏ်ထူး ဉာဏ်မြတ်ရတဲ့ပုဂ္ဂိုလ်တွေမှ ယူမှားတတ်တဲ့ ဒိဋ္ဌိတွေဖြစ်လို့ပါပဲ။

**သဿတဒိဋ္ဌိ**

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ မိမိရဲ့ဝီရိယစွမ်းအား၊ သမာဓိစွမ်းအားကို အခြေခံပြီးတော့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရတယ်။ ရှေးဘဝဖြစ်စဉ်တွေကို အာရုံပြုနိုင်တယ်။ သိနိုင်တယ်။

**"အမုတြာသိံ"** ဤမည်သော ဘဝမှာဖြစ်ခဲတယ်။ အဲဒီဘဝမှာ **"ဧဝံနာမော"** နာမည်က ဤလို၊ **"ဧဝံဂေါတ္တော"** အနွယ်ကဤသို့၊ **"ဧဝမာဟာရော"** အစာအာဟာရက ဒီလိုအစာအာဟာရမျိုးစားခဲ့တာ၊ **"ဧဝမာယုပရိယန္တော"** အဲဒီဘဝရဲ့ သက်တန်းကဒီလို၊ **"သောတတော စုတော ဣဓူပပန္နော"** သူဟာ အဲဒီဘဝစုတေပြီးတော့ ဒီဘဝရောက်လာတယ်လို့ အဲဒီလို မြင်နိုင်တဲ့ပုဂ္ဂိုလ်။ အဲဒီလို မြင်နိုင်တဲ့အခါကျတော့

http://www.dhammadownload.com



သူကစဉ်းစားတယ်။ **"သဿတော အတ္တာစ လောကောစ"** ဟိုဘဝတုန်း ကလဲပဲ ငါပဲ၊ ဒီဘဝလဲ ငါပဲ။ အဲဒီတော့ အတ္တရှိတယ်။ အတ္တမြဲတယ်။ လောကရှိတယ်။ လောကမြဲတယ်လို့ ဒီလိုယူထားတယ်။

**လားရာဂတိနှင့်ဝေဒနာကမ္မဋ္ဌာန်းပေး**

အဲလို ယူဆတဲ့ ပုဂ္ဂိုလ်များကျတော့ မြတ်စွာဘုရားက **"ဇဝံ ဂတိကာ"** ဒီလို အတ္တသည်မြဲ၏။ လောကသည် မြဲ၏။ ခန္ဓာသည် မြဲ၏။ အဲဒီလိုယူဆတဲ့ ပုဂ္ဂိုလ်များဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် တစ်မျိုးမျိုး ဂတိရောက်နိုင်တယ်လို့ ဟောကြားတော်မူပြီးတဲ့အခါ အဲဒီလို ယူဆကြတဲ့ အယူဝါဒရှိကြတဲ့ တိတ္ထိတွေ၊ မိစ္ဆာဒိဋ္ဌိ အယူရှိကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဝေဒနာကို အခြေခံပြီးတော့ ဝေဒနာခံစားချက် အမျိုးမျိုးမှာ တပ်မက်ပြီးတော့ **"ဧကန္တသုခီနော ဘဝိဿာမ"** ဤဝေဒနာမှာ တို့တတွေ ချမ်းချမ်းသာသာ ဖြစ်ရမယ်။ ခံစားကြမယ်။ **"ဧတ္ထ သုခီနော ဘဝိဿာမ"** ဤဝေဒနာတို့မှာ ငါတို့ ချမ်းချမ်းသာသာ နေကြမယ်။ အဲသလို ယူဆပြီးတော့ ဝေဒနာနဲ့ပတ်သက်ပြီး တပ်မက်ကြတဲ့ ပုဂ္ဂိုလ်များဟာ ဝေဒနာခံစားချက်ကို အခြေခံပြီးတော့ အယူမှားကြတာပဲ။ အဲဒီပုဂ္ဂိုလ်တို့အား ဝေဒနာတွေပြပြီး မြတ်စွာဘုရားက ကမ္မဋ္ဌာန်းပေးချင်တာ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သဿတ အစရှိတဲ့ ဒိဋ္ဌိတွေမှ လွတ်ရာလွတ်ကြောင်း ကမ္မဋ္ဌာန်းကို ပေးလိုတဲ့ အတွက်ကြောင့်၊ တစ်နည်းအားဖြင့် မိမိကိုယ်တော်တိုင် ဝေဒနာနဲ့ ပတ်သက်လို့ဖြစ်စဉ်ကို ကျကျနနသိတဲ့အတွက် အဲဒီ ဒိဋ္ဌိတွေမှ လွတ်မြောက်ခဲ့တယ်လို့ မိန့်ကြားလိုတဲ့အတွက်-

**"ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ**
**အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ဝိဒိတွာ**
**အနုပါဒါ ဝိမုတ္တော ဘိက္ခဝေ တထာဂတော"**

http://www.dhammadownload.com



ဘိက္ခဝေ= ရဟန်းတို့၊ တထာဂတော= ငါဘုရားသည်၊ ဝေဒနာနံ= ဝေဒနာတို့၏၊ သမုဒယဉ္စ= ဖြစ်ပုံကိုလည်းကောင်း၊ (ငါဘုရားဟာ ဝေဒနာ ဖြစ်ပုံကိုလဲ မြင်တယ်။ အမှန်အတိုင်းသိတယ်။)

အတ္ထင်္ဂမဉ္စ= ဝေဒနာပျက်ပုံကိုလဲ မြင်တယ်။ အဿာဒဉ္စ= ဝေဒနာရဲ့သာယာဖွယ်ကိုလဲ သိတယ်။ အာဒီနဝဉ္စ= ဝေဒနာရဲ့အပြစ်အနာအဆာတွေကိုလဲ မြင်တယ်။ နိဿရဏဉ္စ= ဝေဒနာမှ ထွက်မြောက်ပုံကိုလဲ မြင်တယ်။ အဲဒါတွေကို **"ယထာဘူတံ ဝိဒိတွာ"** ဟုတ်တိုင်းမှန်စွာ သိပြီးတော့ ငါဘုရားဟာ အစွဲအလမ်းကင်းပြီးတော့ အဲဒီ ဒိဋ္ဌိတွေမှ လွတ်မြောက်ခဲ့ပြီ။ ဘုန်းကြီးတို့တတွေအားလဲပဲ မြတ်စွာဘုရားက နည်းပေးတာပဲ။ အခုတရားအားထုတ်ကြတယ်။ ပထမပိုင်းမှာ သမာဓိရအောင် အားထုတ်ကြတယ်။ စိတ်ကို တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် အားထုတ်ကြတယ်။

နောက်ပိုင်းမှာ ဟောဒီဝေဒနာရဲ့ သမုဒယဖြစ်ပုံ၊ အတ္ထင်္ဂမ= ပျက်ပုံ ချုပ်ပုံ၊ အဿာဒ= သာယာဖွယ်ဖြစ်ပုံ၊ အာဒီနဝ= အပြစ်အနာအဆာဖြစ်ပုံ၊ နိဿရဏ= ထွက်မြောက်ပုံ ထွက်မြောက်ကြောင်းတွေကို **"ယထာဘူတံ ဝိဒိတွာ"** ဆိုတဲ့အတိုင်း အမှန်အတိုင်းသိရမယ်။ အမှန်အတိုင်းသိအောင်လဲ ဝေဒနာကို ရှုကြရတော့မှာကိုး။

**ဝေဒနာ (၁၀၈) သဠာယတနဝဂ္ဂ သံယုတ်ပါဠိ အဋ္ဌသတသုတ် (၄၂၉)**

အဲဒီ ဝေဒနာရဲ့ဖြစ်စဉ်ကို ကျကျနနသိပြီလို့ဆိုတဲ့အခါ "အနုပါဒါနော" စွဲလမ်းမှုကင်းပြီးတော့ ဒီဒိဋ္ဌိမျိုးစုံမှ လွတ်ကင်းနိုင်တယ်လို့ ဒီလိုတရားပေးတော်မူတာပါ။ အဲဒီတော့ ဝေဒနာလို့ ဟောပြောလိုက်တာနဲ့ တစ်ပြိုင်နက်ထဲ ဘုန်းကြီးတို့က ဒီပါဠိကို ထောက်ပြီးတော့ ဝေဒနာဆိုတာ ဘယ်လိုဟာလဲ။ ဝေဒနာဆိုတာ ဘယ်နှစ်မျိုးလဲ။ အဲဒီတော့ ဝေဒနာဟာ အားလုံးသိနေတဲ့အတိုင်း ဝေဒနာဆိုမှတော့ "ခံစားစံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာခေတ် ခန္ဓာမှတ်လေ့"။

http://www.dhammadownload.com



ဝေဒနာဆိုတာ ခံစားစံစားတဲ့ ခံစားခြင်း၊ စံစားခြင်းလို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက မြန်မာပြန်တယ်။ ခန္ဓာသဒ္ဒါနဲ့ ပေါင်းလိုက်တဲ့အခါကျတော့ ခံစားမှုအစု၊ စံစားမှုအစု။ ဒီနေရာမှာ ခံစားတယ်ဆိုတဲ့ နေရာမှာ ဒုက္ခဝေဒနာကို ခံစားတယ်။ သုခဝေဒနာကို စံစားတယ်လို့ ဒီလိုခွဲခြားပြီးတော့ မြန်မာစကားမှာ သုံးကြပါတယ်။

အဲဒီ ခံစား၊ စံစားတဲ့ဝေဒနာဓာတ်ဟာ "သုံးရပ်ဝေခွဲ၊ ဆင်းရဲဒုက္ခ၊ သုခချမ်းသာ၊ ဥပေက္ခာမူ လျစ်လျူခံစား မထင်ရှားတည်း"။ အဲဒီဝေဒနာကို သုံးမျိုးခွဲလိုက်ပါ။ ဆင်းရဲတာကို ခံစားရင် ဒုက္ခဝေဒနာ။ ချမ်းသာတာကို စံစားရင် သုခဝေဒနာ။ ဥပေက္ခာဝေဒနာ ကျတော့ ခံစားမှု၊ စံစားမှု မထင်ရှားဘူးတဲ့။ အဲဒါကို ဥပေက္ခာဝေဒနာပေါင်း သုံးမျိုးပါ။

ဒါအားလုံး မြတ်စွာဘုရားပေးတယ်ဆိုတဲ့ နေရာမှာ သတ္တဝါတို့ သန္တာန်မှာ၊ ပုဂ္ဂိုလ်သတ္တဝါတို့သန္တာန်မှာ ဖြစ်နေတဲ့ ဖြစ်စဉ်တွေကိုပဲ ကြည့်ပြီးတော့ တရားပေးတာပါ။ အဲဒါကို ရှေးဆရာတော်များက ဒါကိုဘယ်လိုရှုရမလဲ။ **"ယောသုခံ ဒုက္ခတော ပဿ"** သုခဝေဒနာကို ဒုက္ခလို့ရှု၊ ဘာကြောင့်လဲ သုခဝေဒနာလဲ ပျက်မှာကိုး။ **"ဒုက္ခမဒက္ခိ သလ္လတော"** ဒုက္ခဝေဒနာ အောင့်တယ်၊ နာတယ်၊ ကျင်တယ် ဆိုတဲ့ ဝေဒနာကိုတော့ မြားညှောင့်သဖွယ် ရှုပါ။

**"အဒုက္ခ မသုခံ သန္တံ အဒက္ခိနံ အနိစ္စတော"** လစ်လျူရှုတဲ့ မထင်ရှားတဲ့ဝေဒနာတွေကိုတော့ အနိစ္စလို့ ဒီလို ရှုပါ။ ဝိပဿနာပိုင်း ရောက်တော့ ဒါလေးတွေဟာ ပိုပြီးတော့ ထင်မြင်လာပါလိမ့်မယ်။ အခုဟာကတော့ ဒိဋ္ဌိ(၆၂)ပါးကို အကျဉ်းချုပ်အားဖြင့် ပြောကြားပြီးတော့ အဲဒီ ဒိဋ္ဌိ(၆၂)ပါးမှလွတ်အောင် ဝေဒနာတွေကို ဟုတ်တိုင်းမှန်စွာ သိဖို့ပါပဲ။ အဲဒီ ဝေဒနာကို ဟုတ်တိုင်းမှန်စွာ သိအောင်လို့ဆိုပြီးတော့ တရား အားထုတ်နေတာပါပဲ။ အဲဒီတော့ ဆင်းရဲတဲ့ဝေဒနာ၊ ချမ်းသာတဲ့ ဝေဒနာ၊ မထင်မရှား လစ်လျူရှုတဲ့ဝေဒနာလို့ သုံးမျိုးပြီးတော့ **"ငါးပါးအလို တစ်ဖုံဆိုသော် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာဆင်း**ရဲ

http://www.dhammadownload.com



**လျစ်လျူခွဲ လော့"**

ဟော တစ်နည်းအားဖြင့် ကိုယ်ရဲ့ဆင်းရဲမှု၊ ကိုယ်ချမ်းသာမှု၊ စိတ်ဆင်းရဲမှု၊ စိတ်ချမ်းသာမှု၊ ဆင်းရဲချမ်းသာ မထင်မရှားတဲ့ ဥပေက္ခာဝေဒနာနဲ့ဆိုရင် ဝေဒနာဟာ ငါးမျိုးဖြစ်လာပါတယ်။ အဲဒီ ဝေဒနာငါးမျိုး **"တစ်ဖြာထို့ပြင် အမြင်အကြား အနံ့အားဖြင့် စားလျှက်တွေ့ထိ ကြံသိ(၆)ဖြာ ချမ်းသာဆင်းရဲ လစ်လျူခွဲညား ဆယ့်ရှစ်ပါး တည်း"။**

မြင်တာနဲ့ပတ်သက်ပြီးတော့ ဆင်းရဲတဲ့ဝေဒနာရှိတယ်။ ချမ်းသာတဲ့ဝေဒနာ ရှိတယ်။ လျစ်လျူရှုတဲ့ဝေဒနာ ရှိတယ်။ မြင်တာနဲ့ပတ်သက်ပြီး သုံးမျိုးဖြစ်သလိုပဲ။ ကြားတာနဲ့ပတ်သက်ပြီး သုံးမျိုး။ နံတာနဲ့ပတ်သက်ပြီး သုံးမျိုး။ စားတာနဲ့ပတ်သက်ပြီး သုံးမျိုး။ တွေ့ထိတာနဲ့ပတ်သက်ပြီးတော့ သုံးမျိုး။ ကြံသိတာနဲ့ပတ်သက်ပြီးတော့ သုံးမျိုးဖြစ်တယ်။ သုံးမျိုး၊ သုံးမျိုးစီ ဆိုတော့ **"မြင်၊ ကြား၊ နံ၊ လျက်၊ ထိ၊ သိ"** (၆)မျိုးနဲ့ဝေဒနာ (၃)မျိုးနဲ့ မြှောက်ပွားတဲ့အခါ ဝေဒနာ (၁၈)ပါး။ (၁၈)မျိုး ရှိလာပြီ။

အဲဒီဝေဒနာ (၁၈)ပါးကိုပဲ ဘုန်းကြီးတို့အတိတ်တုံးကလဲ ဒီဝေဒနာတွေဖြစ်ခဲ့တာပဲ။ ပစ္စုပ္ပန်မှာလဲဖြစ်ဆဲ၊ နောက်အနာဂါတ်ကာလမှာလဲ ဖြစ်ဦးမှာပဲ။ အဲဒါကို **"သုံးပါးကာလ၊ ဖွားထတုံသေး၊ ငါးဆယ်လေးတည်း"**။

ဝေဒနာ**သုံးပါး**ကို (မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ) ခြောက်မျိုးနဲ့ မြှောက်လိုက်ရင် (၁၈)ပါး။ အဲဒီ (၁၈)ပါးကို ကာလသုံးပါးနဲ့ မြှောက်ပွားလိုက်ရင် (၅၄)ပါး။ အဲဒီ (၅၄)ပါးကို သူ့သန္တာန်၊ ကိုယ့်သန္တာန်။ သူ့သန္တာန်မှာလဲ ဒီဝေဒနာတွေ ဒီလိုပဲ။ မိမိရဲ့အတွင်းသန္တာန်မှာလဲ ဒီလိုပဲ။ ဒါကြောင့် **"တစ်ရေးသန္တာန် မြှောက်ပွားပြန်က တစ်ရာ့ရှစ်လျှင် အကျယ်မြင်လော့"**။

http://www.dhammadownload.com



## ဆရာတော်ဘုရားကြီးရဲ့လက်ဘာ

သူ့သန္တာန်၊ ကိုယ့်သန္တာန် (၂)ပါးနဲ့ စောစောက (၅၄)ပါးကို မြှောက်ပွားလိုက်တဲ့အခါ ဝေဒနာ (၁၀၈)ပါး။ ဒီလိုအကျယ်တဝင့် လယ်တီဆရာတော်ဘုရားကြီးက ရေးတော်မူခဲ့တာ။ တဏှာအစစ် (၁၀၈)ကို အသိ-အကြား များကြတယ်။ ဝေဒနာ (၁၀၈)ကို အသိ-အကြား နည်းကြပါတယ်။ မြတ်စွာဘုရားက ဝေဒနာနံ= ဝေဒနာတို့၏၊ သမုဒယဉ္စ= ဖြစ်ပုံကိုလည်းကောင်း၊ အတ္ထင်္ဂမဉ္စ= ပျက်ပုံကိုလည်းကောင်း၊ အဿာဒဉ္စ= သာယာဖွယ်ကိုလည်းကောင်း၊ အာဒီနဝဉ္စ= အပြစ်အနာ အဆာကိုလည်းကောင်း၊ နိဿရဏဉ္စ= ထွက်မြောက်ပုံ ထွက်မြောက်နည်း ထွက်မြောက်ရာကိုလည်းကောင်း၊ ယထာဘူတံ= ဟုတ်တိုင်းမှန်စွာ၊ ဝိဒိတွာ= သိ၍၊ တထာဂတော= ငါဘုရားသည်၊ အနုပါဒါ= အစွဲအလမ်း မရှိသည်ဖြစ်၍၊ ဝိမုတ္တော= လွတ်တော်မူပြီတဲ့။

ဝေဒနာတွေကို ကျကျနနသိတာ။ ဝေဒနာများ ခက်လွန်းလို့လို့ အောက်မေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ လူတိုင်း လူတိုင်းမှာ ဒီဝေဒနာက ထင်ရှားပြီး သိနေလို့ပါပဲ။ သိသော်လဲပဲ ကျကျနန သိတာတော့ မဟုတ်ဘူး။ သာမန်အားဖြင့် သိသလိုလို၊ သိသလိုလို နဲ့ဖြစ်ပြီးတော့ သိနေလို့ပါပဲ။ ဒါကြောင့်မို့ မိမိတို့အားထုတ်တဲ့ ကမ္မဋ္ဌာန်းသည် အခုအခါမှာ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ မလှုပ်ယှက် အောင် အားထုတ်ပြီးတော့ တဖြည်းဖြည်းနဲ့ ဝေဒနာတို့ရဲ့ခံစားမှု၊ ဝေဒနာဖြစ်ပေါ်မှု မိမိသန္တာန်မှာ ခံစားမှု၊ စံစားမှုတွေနဲ့ ပတ်သက်ပြီး တော့ ဖြစ်ပုံ၊ ပျက်ပုံ အပြစ်အနာအဆာ သာယာဖွယ်ဖြစ်ပုံ၊ အပြစ်အနာ တွေများပုံ၊ အဲဒီ ဝေဒနာအပေါ်မှာ ဆန္ဒရာဂကင်းပြီးတော့ မိမိခံစား စံစားမှုတွေနဲ့ ပတ်သက်ပြီးတော့ ဆန္ဒရာဂကင်းပုံ၊ အဲဒီ ဝေဒနာတို့ရဲ့ ဖြစ်ဟန်ပျက်ဟန် ကျကျနနသိအောင် အားထုတ်။ အဲဒါကို မြတ်စွာ ဘုရားက **"ယထာဘူတံ ဝိဒိတွာ"** ဟုတ်တိုင်းမှန်စွာသိတယ်။ ယခု အားထုတ်နေတာလဲပဲ အဲဒီ ဝေဒနာတစ်မျိုးထဲတော့ သိဖို့မဟုတ်ပါဘူး။

http://www.dhammadownload.com



အခြား အခြားတရားတွေလဲ အများကြီးရှိပါသေးတယ်။

သို့သော်လဲပဲ မိစ္ဆာဒိဋ္ဌိအယူတွေဟာ ဝေဒနာတွေမှာ တပ်မက်ပြီးတော့ ဝေဒနာတွေနဲ့ ပတ်သက်ပြီးတော့ မိစ္ဆာအယူတွေ ယူကြတယ်။ ဒါကြောင့် မြတ်စွာဘုရားက သဿတဒိဋ္ဌိ အယူလေးခုကို ဟောပြီးတဲ့ အခါမှာ အဲဒီ သဿတအယူဒိဋ္ဌိ အလားတူ အယူမှားတို့မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းပေးတဲ့အနေအားဖြင့် မြတ်စွာဘုရားက ဝေဒနာကမ္မဋ္ဌာန်းကို ပေးတော်မူတယ်။

အဲဒီ ဝေဒနာကမ္မဋ္ဌာန်းပေးတဲ့နည်းတူပဲ။ အခုအားလုံး ဒကာ၊ ဒကာမတွေအားလဲပဲ ကမ္မဋ္ဌာနာစရိယဆရာတော်များက ဝေဒနာကမ္မဋ္ဌာန်း ဝေဒနာရဲ့ဖြစ်ပုံ၊ ဝေဒနာရဲ့ပျက်ပုံ ပေးပါလိမ့်မယ်။

အဲဒီလိုပေးတဲ့ကမ္မဋ္ဌာန်းသည် မြတ်စွာဘုရားကိုယ်တော်တိုင် ဒိဋ္ဌိအမျိုးမျိုးက လွတ်ကြောင်းကောင်းမြတ်တဲ့ ကမ္မဋ္ဌာန်းပါလားလို့ အာရုံထဲမှာထားပြီးတော့ ရှေ့ဆက်ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေသတည်းလို့ တိုက်တွန်းနှိုးဆော်ရင်း ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ ဝါခေါင်လပြည့်ကျော် (၁)ရက်။

**သက္ကာယဒိဋ္ဌိပျောက်ရင်**

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း (၆၂)ကြိမ်မြောက်မှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဗြဟ္မဇာလသုတ္တန် ဒေသနာတော်မှ ဒိဋ္ဌိ(၆၂)ပါးကို အခန်းဆက်ဟောလာခဲ့တိုင်း ဒီနေ့လဲ ဆက်ဟောပါမယ်။ သူ့အပိုင်းနဲ့သူရှု သူ့အပိုင်းနဲ့သူရှု ဝေဒနာ(၆)မျိုးရှု ဖဿ(၆)မျိုးရှု၊ အာယတန (၆)မျိုးရှု၊ အဲဒီလိုရှုမှတ်ပွားများမယ်ဆိုရင်တော့ (၆၂)ပါးသော ဒိဋ္ဌိများ ပ,ပျောက်နိုင်တယ်လို့ မြတ်စွာဘုရား မိန့်ကြားတော်မူချက်ရှိတယ်။ ဒါကြောင့် ယနေ့တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များဟာ သက္ကာယဒိဋ္ဌိ ပ,ပျောက်အောင် အားထုတ်နေကြခြင်းပဲ။

သက္ကာယဒိဋ္ဌိ ပ,ပျောက်လို့ရှိရင်တော့ သုတ္တန်ဒေသနာတော်များမှလာတဲ့ မိစ္ဆာဒိဋ္ဌိကြီး သုံးမျိုးလဲ ပ,ပျောက်အောင် အားထုတ်ပြီးသားဖြစ်တယ်။ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်မှာလာတဲ့ ဒိဋ္ဌိ(၆၂)မျိုးလဲ ပပျောက်အောင်အားထုတ်ပြီးသား ဖြစ်တယ်။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိကြီး (၃)မျိုး ဗြဟ္မဇာလသုတ္တန်ဒေသနာတော်လာ ဒိဋ္ဌိ(၆၂)ပါး။ ခန္ဓာငါးပါးနဲ့ ပတ်သက်လို့ရှိရင် သက္ကာယဒိဋ္ဌိ (၂၀)။ မိစ္ဆာဒိဋ္ဌိကြီး (၃)မျိုးဆိုတာ ဘာလဲ။ မိစ္ဆာဒိဋ္ဌိကြီး သုံးမျိုးဆိုတာ မှားယွင်းတဲ့အမြင်အယူကြီးသုံးမျိုး။ ဘာတွေလဲ လို့ဆိုတော့-

(၁) နတ္ထိကဒိဋ္ဌိ= ကုသိုလ်ကံကိုပြုလို့ ကောင်းမှုပြုလို့ ကောင်းကျိုး **"နတ္ထိ"**မရှိဘူး။ အကုသိုလ်ကံ မကောင်းမှုပြုလို့ အဲဒီ အကုသိုလ်ကံရဲ့ အပြစ် **"နတ္ထိ"** မရှိ။ အဲဒီလို ပြုသမျှကုသိုလ်ကောင်းမှု၊ ပြုသမျှ အကုသိုလ်တို့ရဲ့ အကျိုးရယ်၊ အပြစ်ရယ် မရှိဘူးလို့ ယူဆတဲ့ဒိဋ္ဌိကို **"နတ္ထိကဒိဋ္ဌိ"**။ အဲဒီတော့ နတ္ထိဒိန္န အစရှိသည်ဖြင့် ဟောကြားတဲ့

http://www.dhammadownload.com



ဒေသနာတော်မှာတော့ **"နတ္ထိ နတ္ထိ နတ္ထိ"**ချည်း (၁၀)မျိုးပေါ့။

**နတ္ထိဒိန္နံ၊ နတ္ထိယိဋ္ဌံ၊ နတ္ထိဟုတံ၊ နတ္ထိသုကဋ ဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော၊ နတ္ထိမာတာ၊ နတ္ထိပိတာ၊ နတ္ထိ အယံလောကော၊ နတ္ထိ ပရောလောကော၊ နတ္ထိ သတ္တာဩပပါတိကာ၊ နတ္ထိ လောကေသမဏဗြာဟ္မဏာ သမ္မာပဋိပန္နာ ယေ ဣမဉ္စလောကံ၊ ပရဉ္စလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ"**

ဆိုပြီးတော့ နတ္ထိ နတ္ထိ နတ္ထိ တဲ့။ လောကကြီးထဲမှာ မြင့်မြတ်ပြီး ကောင်းမွန်တဲ့အကျင့်ရှိတော်မူကြတဲ့ ဗုဒ္ဓမြတ်စွာ ပစ္စေကာနှင့် အရိယာ အပေါင်း အရှင်ကောင်းတွေရှိတယ်။

အဲဒီ အရှင်ကောင်းတွေကနေပြီး ဤလောကကြီးကို ကျကျနန သိပြီးတော့ ဟောကြ၊ ပြောကြတာတွေ။ အဲဒါတွေ ဘုန်းကြီးတို့တတွေက ရှိတယ်လို့ ယုံကြည်တယ်။ အချို့ပုဂ္ဂိုလ်များက **"နတ္ထိ"** မရှိပါဘူးလို့ ဒီလိုယူဆကြတယ်။

**"အဟေတုကဒိဋ္ဌိ"** ကောင်းကျိုး၊ မကောင်းတဲ့အပြစ်၊ ကောင်းတဲ့ အကျိုးစီးပွား၊ မကောင်းတဲ့အပြစ်အနာအဆာတို့ရဲ့ ရှေးအကြောင်း မရှိဘူးလို့ ယူဆတဲ့ဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ။

**"အကိရိယဒိဋ္ဌိ"** ကုသိုလ်ကောင်းမှု ပြုနေလို့လဲ ဘာမှအကျိုး မရှိဘူး။ အကုသိုလ်မကောင်းမှုပြုလို့လဲ ဘာမှအပြစ်မရှိပါဘူးလို့ ရှောင်ရှားလို့လဲပဲ ကုသိုလ်မရပါဘူးလို့ အဲဒီလိုယူတဲ့ အကိရိယဒိဋ္ဌိ။ အဲဒီ ဒိဋ္ဌိကြီး (၃)မျိုးရှိတယ်။

အဲဒီ မိစ္ဆာဒိဋ္ဌိကြီး (၃)ခုကတော့ အကယ်၍များ မိမိတို့ယူထား မယ်ဆိုရင်တော့ အပါယ်ဘုံဘဝမှ မလွတ်နိုင်ဘူး။ အပါယ်လေးပါးမှ မလွတ်နိုင်ဘူး။ အဲဒီ မိစ္ဆာဒိဋ္ဌိကြီးသုံးမျိုး ပ,ပျောက်ဖို့လဲပဲ တရားအားထုတ် ကြရမှာပါပဲ။ တရားအားထုတ်လိုက်တော့မှ သက္ကာယဒိဋ္ဌိ ပျောက်မယ်။

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိ ပျောက်တော့မှ မိစ္ဆာဒိဋ္ဌိကြီး (၃)မျိုးလဲ ပျောက်တယ်။ ဒိဋ္ဌိ (၆၂)ပါးလဲကင်းပျောက်တယ်။ အဲဒီတော့ ဘာကြောင့် တရားအားထုတ်သလဲ။ ဘယ်အကျိုးငှာ တရားအားထုတ်သလဲ ဆိုရင်တော့ သက္ကာယဒိဋ္ဌိ ပ,ပျောက်ဖို့။ သက္ကာယဒိဋ္ဌိဆိုတာ သက္ကာယ။

ထင်ထင်ရှားရှားရှိနေတဲ့ ရုပ်နာမ်အပေါင်း ထင်ထင်ရှားရှား ရှိနေတဲ့ ရုပ်အပေါင်း၊ နာမ်အပေါင်းအပေါ်မှာ ဒိဋ္ဌိ မှားတဲ့အမြင်။ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းအပေါ်မှာ မှားယွင်းဖောက်ပြန် မမှန်ကန်တဲ့ အမြင်အယူကို သက္ကာယဒိဋ္ဌိ၊ အဲဒီ သက္ကာယဒိဋ္ဌိ ပ,ပျောက်အောင် အားထုတ်နေကြတာပါပဲ။

အဲဒီတော့ သက္ကာယဒိဋ္ဌိက ခန္ဓာငါးပါးနဲ့ ပြောမယ်ဆိုရင်တော့ သက္ကာယဒိဋ္ဌိ (၂၀) ရှိပါတယ်။ သက္ကာဒိဋ္ဌိ (၂၀)၊ ရူပက္ခန္ဓာနဲ့ ပတ်သက်ပြီး သက္ကာယဒိဋ္ဌိ (၄)မျိုး၊ ဝေဒနာက္ခန္ဓာနဲ့ ပတ်သက်ပြီး သက္ကာယဒိဋ္ဌိ (၄)မျိုး၊ သညာက္ခန္ဓာနဲ့ ပတ်သက်ပြီး သက္ကာယဒိဋ္ဌိ (၄)မျိုး၊ သင်္ခါရက္ခန္ဓာနဲ့ ပတ်သက်ပြီး သက္ကာယဒိဋ္ဌိ (၄)မျိုး၊ ဝိညာဏက္ခန္ဓာနဲ့ ပတ်သက်ပြီး သက္ကာယဒိဋ္ဌိ (၄)မျိုး။ ရူပက္ခန္ဓာ၊ ရုပ်နဲ့ပတ်သက်ပြီး **"ရူပံ အတ္တတော သမနုပဿတိ"** ရုပ်ကို အတ္တလို့မြင်ရင် ဒါဟာ သက္ကာယဒိဋ္ဌိ၊ **"ရူပဝန္တံဝါ အတ္တာနံ"** အတ္တာနံ= မိမိကိုယ်ကို၊ ရူပဝန္တံ= ရုပ်ရှိ၏ဟူ၍၊ ပဿတိ= မြင်၏။ အတ္တကိုလဲပဲ ရုပ်ရှိတယ်လို့ မြင်တယ်။ **"အတ္တနိဝါ ရူပံ"** အတ္တအပေါ်မှာ ငါ့မှာရုပ်ရှိတယ်။ **"ရူပသ္မိံဝါ အတ္တာ"** ရုပ်မှာအတ္တ ရှိတယ်။

အဲဒီလို **ရုပ်နဲ့ပတ်သက်ပြီး** သက္ကာယဒိဋ္ဌိလေးမျိုး၊ သက္ကာယ ဒိဋ္ဌိလေးမျိုး၊ ရုပ်ကအားလုံး (၂၈)ပါး ရှိတာဆိုတော့ ရူပက္ခန္ဓာ အပေါ်မှာ သက္ကာယဒိဋ္ဌိ မှားယွင်းတဲ့အမြင်ဟာ (၁၁၂)မျိုး ရှိပါတယ်။ အဲဒီတော့ ကမ္ဘာလောကကြီးဟာ စကြာဝဠာမှာပဲကြည့်။ ဒီစကြာဝဠာမှာပဲ တိုက်ကြီးလေးတိုက်၊ တစ်နည်းအားဖြင့် အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်း၊ မြေ၊ ရေ၊ ပင်လယ်၊ သမုဒ္ဒရာ၊ နေ၊ လ

http://www.dhammadownload.com



စသည်ကျယ်ဝန်းလှပါတယ်။ အဲဒါတွေအကုန်လုံးကို ခေါတ်သားချုပ်လိုက်ရင် ရုပ်(၂၈)မျိုးပါပဲ။

**ဝေဒနာက္ခန္ဓာနဲ့ပတ်သက်ပြီး-** ဝေဒနာက္ခန္ဓာမှာ သက္ကာယဒိဋ္ဌိက (၇၂)မျိုးရှိတယ်။ (၇၂)မျိုးက ဘာလဲလို့ဆိုတော့ **"စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန"**။

**စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊**
**ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊**
**ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ။**

မနောကြောင့်ဖြစ်တဲ့ဝေဒနာ၊ ဖဿ(၆)မျိုးကို အရင်တည်ပြီး **"ချမ်းသာဆင်းရဲ လျစ်လျူ"** သုံးမျိုးနဲ့မြောက်ပွားတဲ့အခါ ဝေဒနာက္ခန္ဓာ(၁၈)မျိုး၊ ဝေဒနာ(၁၈)မျိုး။ အဲဒီဝေဒနာ (၁၈)မျိုးကို သက္ကာယဒိဋ္ဌိ (၄)မျိုးနဲ့ မြောက်ပွားလိုက်တဲ့ အခါမှာ သက္ကာယဒိဋ္ဌိ ဝေဒနာက္ခန္ဓာနဲ့ ပတ်သက်ပြီး (၇၂)မျိုး။

**သညာက္ခန္ဓာနဲ့ပတ်သက်ပြီးတော့-**

(၁) ရူပသညာ - ရူပါရုံကိုအမှတ်ပြုတဲ့သညာ၊
(၂) သဒ္ဒသညာ - သဒ္ဒါရုံကိုအမှတ်ပြုတဲ့သညာ၊
(၃) ဂန္ဓသညာ - ဂန္ဓာရုံကိုအမှတ်ပြုတဲ့သညာ၊
(၄) ရသသညာ - ရသာရုံကိုအမှတ်ပြုတဲ့သညာ၊
(၅) ဖောဋ္ဌဗ္ဗသညာ - ဖောဋ္ဌဗ္ဗာရုံကိုအမှတ်ပြုတဲ့သညာ၊
(၆) ဓမ္မ - ဓမ္မာရုံကိုအမှတ်ပြုတဲ့သညာလို့

သညာ (၆)မျိုးကို အခြေခံပြီး သက္ကာယဒိဋ္ဌိ (၄)မျိုးနဲ့ မြောက်ပွားတဲ့အခါ သညာက္ခန္ဓာအပေါ်မှာ သက္ကာယဒိဋ္ဌိပေါင်း (၂၄)မျိုး။

**သင်္ခါရက္ခာနှင့်ပတ်သက်ပြီးတော့-**

သင်္ခါရက္ခန္ဓာအပေါ်မှာလဲ သင်္ခါရက္ခန္ဓာက (၅၀)ရှိပါတယ်။ အဲဒီ (၅၀)ထဲက စေတနာကို ပဓာနထားပြီးတော့ -

http://www.dhammadownload.com



(၁) ရူပသဉ္စေတနာ
(၂) သဒ္ဒသဉ္စေတနာ
(၃) ဂန္ဓသဉ္စေတနာ
(၄) ရသသဉ္စေတနာ
(၅) ဖောဋ္ဌဗ္ဗသဉ္စေတနာ
(၆) ဓမ္မသဉ္စေတနာ

အဲဒီ စေတနာ(၆)မျိုးကို မူတည်ပြီး သက္ကာယဒိဋ္ဌိ (၄)မျိုးနဲ့ မြှောက်ပွားလိုက်တဲ့အခါမှာ သင်္ခါရက္ခန္ဓာအပေါ်မှာ သက္ကာယဒိဋ္ဌိ ပေါင်း (၂၄)မျိုး။

**ဝိညာဏက္ခန္ဓာနဲ့ပတ်သက်ပြီး-**

ဝိညာဏက္ခန္ဓာ ဝိညာဉ်(၆)ပါးကို သက္ကာယဒိဋ္ဌိ (၄)မျိုးနဲ့ မြှောက်ပွားလိုက်တဲ့အခါ ဝိညာဏက္ခန္ဓာအပေါ်မှာ သက္ကာယဒိဋ္ဌိ (၂၄)မျိုး။ ဝိညာဏက္ခန္ဓာမှာလဲ သက္ကာယဒိဋ္ဌိ (၂၄)မျိုးရတယ်။ အဲဒီတော့ ခန္ဓာငါးပါး သက္ကာယဒိဋ္ဌိ ခြုံပြီးတော့ ပြောမယ်ဆိုရင် ခန္ဓာငါးပါးမှာ သက္ကာယဒိဋ္ဌိ (၂၅၆)မျိုး ရှိပါတယ်။

ရုပ်အပေါ်မှာ သက္ကာယဒိဋ္ဌိပေါင်း (၁၁၂)မျိုး။ ရုပ်အပေါ်မှာ သက္ကာယဒိဋ္ဌိ ပျောက်သွားလို့ရှိရင်လဲ အခြားအကုန်ပျောက် သွားတော့တာပါပဲ။ အဲဒီတော့ သက္ကာယဒိဋ္ဌိ ပျောက်သွားတာနဲ့တစ်ပြိုင်နက်ထဲ မိစ္ဆာဒိဋ္ဌိကြီး (၃)မျိုး၊ ဒိဋ္ဌိ(၆၂)မျိုးတို့ဟာလဲပဲ အကုန်လုံး ပျောက်ပြီးတော့ သွားတယ်။ အဲဒီတော့ သက္ကာယဒိဋ္ဌိရှိနေရင်တော့ မိစ္ဆာဒိဋ္ဌိကြီး (၃)မျိုးလဲ ဖြစ်နိုင်တယ်။ ဒိဋ္ဌိ(၆၂)မျိုးလဲ ဖြစ်နိုင်တယ်။

အဲဒီတော့ ရုပ်အပေါ်မှာ သက္ကာယဒိဋ္ဌိ၊ ရုပ်က (၂၈)မျိုးရှိတယ်။ သက္ကာယဒိဋ္ဌိ (၂၈)မျိုးကို (၄)နဲ့မြှောက်ပွားလိုက်တဲ့ အခါကျတော့ ရူပက္ခန္ဓာ- ရုပ်အစုအပေါ်မှာ သက္ကာယဒိဋ္ဌိပေါင်း (၁၁၂)မျိုးရှိတာပေါ့။ ရုပ် (၂၈)မျိုးကဘာတွေလဲ-

http://www.dhammadownload.com



ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက ဒါရုပ်၊ ရူပက္ခန္ဓာနဲ့ ပတ်သက်ပြီးတော့ ရုပ်အစု (၂၈)မျိုးကို သရုပ်ကလေး ထုတ်ပြီးတော့ လင်္ကာလေးစီထားတယ်။ မှတ်သားဖို့ကောင်းတယ်။

**"ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား၍ စကားပုံသေ ရုပ်ခေါ်ပေ၏"**

ရုပ်၊ ရုပ်ဆိုတာဘာလဲ။ ဖောက်ပြန်တတ်တယ်။ အအေးကြောင့် လဲ ဖောက်ပြန်တယ်။ အပူကြောင့်လဲ ဖောက်ပြန်တယ်။ ထမင်းဆာလို့လဲ ဖောက်ပြန်တယ်။ ရေသောက်ချင်လို့လဲ ဖောက်ပြန်တယ်။ ဒါကြောင့် ရုပ်လို့ခေါ်ပါတယ်။ အဲဒီရုပ်က-

**"ရေဓာတ်၊ မြေဓာတ်၊ မီးလေဓာတ်ဟု လေးရပ်ဘုတ်ကြီး ပွားစည်းအနက်"**

ရေဓာတ်ရယ်၊ မြေဓာတ်ရယ်၊ မီးဓာတ်ရယ်၊ လေဓာတ်ရယ် အဲဒီလေးမျိုးကို မဟာဘုတ်၊ ပွားစည်းတယ်၊ တိုးပွားခြင်း အနက်ရှိတယ်။ ဘုန်းကြီးတို့တတွေရဲ့ဘဝကို ကြည့်မယ်ဆိုရင် ကလလရေကြည်လေးက စပြီး ယခု တဖြည်းဖြည်း တိုးပွားပြီးတော့ လာတယ်။ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်တွေဟာ တိုးပွားပြီးလာတာ။

**"စက် သော ဃာ ဇိ ကာ ငါးလီမူ အကြည်ရူပ ပသာဒတည်"** မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ခေါ်တဲ့အကြည်ရုပ် ငါးမျိုး။ **"ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဟု ငါးဖြာအာရုံ"** ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံလို့ ဂေါစရရုပ်က (၇)။

**"နှစ်စုံဘာဝ ဟဒယနှင့်"** အမျိုးသမီးလို့ သိမှတ်ကြောင်း ဖြစ်တဲ့ရုပ်နဲ့ အမျိုးသားလို့ သိမှတ်ကြောင်းဖြစ်တဲ့ရုပ် **"ဣတ္ထိဘာဝ၊ ပုမ္ဘာဝရုပ်"**။ ဟဒယရုပ် (နှလုံးသားရုပ်ကလေး)

**"ဇီဝ ဩဇာ ဆယ့်ရှစ်မှာမူ"** ဇီဝတဲ့ ရုပ်သက်ပေါ့။ ဩဇာဆိုတာ အာဟာရရုပ် အဲဒီ (၁၈)မျိုးက။ **"လေးဖြာဟေတု ကြောင်းစတုကြောင့် ဖြစ်မှုပေါလော သဘောသီးသီး ကိုယ်စီပြီး၍ ရုပ်ကြီးရူပ**

http://www.dhammadownload.com



**နိပ္ပန္နတည်း"**။ အကြောင်းလေးပါးကြောင့် အဲဒီရုပ် (၁၈)မျိုးဟာ ဖြစ်ပါတယ်။ အဲဒါကြောင့် နိပ္ပန္နရုပ်။ **"ထိုမှတစ်ပါး ကလာပ်ခြားမျှ အာကာသဟု ကာယဝစီ နှစ်လီကိုယ်နှုတ် လှုပ်မှုရှားမှု နှစ်ခု ဝိညတ်"**။ ရုပ်ကလေးတွေ တစ်ခုနဲ့တစ်ခု ခြားခြား ခြားခြားပြီးတော့ ပေးတဲ့ အာကာသ ပရိစ္ဆေဒရုပ်။

ကိုယ်ရဲ့လှုပ်ရှားမှု၊ စိတ်ရဲ့လှုပ်ရှားမှုကို ဖြစ်စေတတ်တဲ့ ဝိညတ်ရုပ်။ ကာယဝိညတ်၊ ဝစီဝိညတ် (၂)မျိုး။ **"ရူပဿလဟု မုဒုကမ္မ-ည ဝိကာရခေါ် ရုပ်သုံးဖော်ကား ပေါ့ပါးနူးညံ့၊ ကျန်းခန့်မှုရာ"**။ ဝိကာရရုပ် (၃)မျိုး ဘာတွေလဲလို့ဆိုတော့ ပေါ့ပါးတဲ့ ရုပ်(လဟုတာ)၊ နူးညံ့တဲ့ရုပ် (မုဒုတာ)၊ ခန့်ကျန်းတဲ့ရုပ် (ကမ္မညတာ)။

**"တဖြာထိုမှ ဥပစယ အစပွားတိုး အရိုးပြည့်မှီ တည်စဉ် သန္တတိ ရင့်ဘိဇရာ ပျက်မှာအနိစ္စ ဤလေးဝမူ လက္ခဏရုပ် ခေါ်သမုတ်၏"**။ ကျန်တဲ့ရုပ်က ဘာတွေလဲဆိုတော့ ဥပစယ အစပွားတိုး ရုပ်ရဲ့အစဆုံးဖြစ်တာ။ အရိုးပြည့်မှီ တည်စဉ်သန္တတိ တည်စဉ်အခါ ကျတော့ သန္တတိရုပ်လို့ခေါ် ရင့်ရုပ်ဇရာ ပျက်ရုပ်ကအနိစ္စ၊ ရုပ်တွေကို သိအောင်လို့ လယ်တီဆရာတော်ဘုရားက လင်္ကာလေးစီပေးထားခဲ့တာ။ သိအောင် အားထုတ်၊ သိအောင် လုပ်ကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရား စကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**ရှစ်သောင်းလေးထောင် အခါတော်နေ့**

ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ ဝါခေါင်လပြည့်ကျော် (၅)ရက်။ (၁၇-၈-၂၀၀၃) တနင်္ဂနွေနေ့။

ယနေ့ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့ဆိုတာ ဟိုနှစ်ပေါင်း (၂၅၄၈)နှစ်က ဗုဒ္ဓဘုရားဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကို အရှင်မဟာကဿပအစရှိတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ စတင်ပြီး စုပေါင်းပြီး သံဂါယနာတင် စောင့်ရှောက်ထိန်းသိမ်းလာခဲ့တဲ့ နေ့ထူး နေ့မြတ် ဖြစ်ပါတယ်။

**အာယတန + ဖဿကြောင့်**

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်ကြတဲ့ ယောဂီသူတော်စင်များဟာလဲ သမထပိုင်းကနေ ဝိပဿနာပိုင်း ရောက်ရှိလာပါပြီ။ အဲဒီလို ရောက်ရှိလာတော့ ဘုန်းကြီးတို့အစဆုံး ဖွင့်ပွဲနေ့က ပြောခဲ့ ဟောခဲ့တဲ့ ဗြဟ္မဇာလသုတ္တန် ဒေသနာတော်မြတ်မှာ မြတ်စွာဘုရားက ဒိဋ္ဌိ(၆၂)မျိုးကို ဝေဖန်ပိုင်းခြားပြီးတော့ ဟောတော်မူပြီးတဲ့နောက်မှာ အဲဒီ ဒိဋ္ဌိ(၆၂)မျိုးဟာ ဘာကြောင့်ဖြစ်သလဲ။

**"သဗ္ဗေတေ ဆဟိဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ"**

အလုံးစုံသော မိစ္ဆာဒိဋ္ဌိအယူရှိကြတဲ့ ရဟန်း၊ ပုဏ္ဏားတွေ အားလုံးဟာ အာယတန (၆)မျိုးကြောင့်ဖြစ်တဲ့ ဖဿ(၆)မျိုးတို့ဖြင့် တွေ့ထိ တွေ့ထိပြီးတော့ ခံစားကြတယ်။

**"တေသံ ဝေဒနာပစ္စယာ တဏှာ"**

ထိုမိစ္ဆာအယူရှိကြတဲ့ (၆၂)မျိုးသော မိစ္ဆာဒိဋ္ဌိအယူရှိကြတဲ့ ပုဂ္ဂိုလ်တို့ ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ၊ မရဏ၊ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ခေါ်တဲ့ အပြစ်တွေဟာ

http://www.dhammadownload.com



တစ်သီတစ်တန်းကြီးပဲလို့ အဲဒီလို ဟောကြားပြီးတဲ့နောက်ပိုင်းမှာ-

**"ယတော ခေါ ဘိက္ခဝေ ဘိက္ခု၊ ဆန္နံ ဖဿာယတနာနံ၊ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပိဒိတွာ ဥတ္တရိတရံ ပဇာနာတိ။**

အဲဒီ မိစ္ဆာဒိဋ္ဌိ (၆၂)မျိုးထက် လွန်ကဲတဲ့အချက်အလက်တွေကို သိနိုင်တာက ဘယ်ပုဂ္ဂိုလ်လဲလို့ဆိုတော့ ဖဿ (၆)မျိုးတို့ရဲ့ အကြောင်းဖြစ်တဲ့ အာယတန (၆)မျိုး။ အဲဒီ အာယတန ဖဿတရားတွေကို ဖြစ်တာကိုလဲ သိမယ်။ ပျက်တာကိုလဲ သိမယ်။ သာယာဖွယ်ကိုလဲ သိမယ်။ အပြစ်အနာအဆာကိုလဲ သိမယ်။ ထွက်မြောက်ကြောင်း လမ်းစဉ်ကိုလဲ သိမယ်ဆိုရင် ထွက်မြောက်ပုံ၊ ထွက်မြောက်ခြင်းကို သိမယ်ဆိုရင် ဒီမိစ္ဆာဒိဋ္ဌိတို့ထက် လွန်ကဲတဲ့အသိဉာဏ်ကို သိရှိနိုင်တယ်။ အဲဒီလို ဟောကြားတော်မူချက် ရှိတဲ့အတိုင်း ဤမိစ္ဆာဒိဋ္ဌိ၏ (၆၂)မျိုး။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သုတ္တန်ဒေသနာတော်လာ မိစ္ဆာဒိဋ္ဌိ (၃)မျိုး၊ သက္ကာယဒိဋ္ဌိများ အားလုံးဟာ ဒီဖဿ (၆)မျိုးကို အခြေခံ ပြီးတော့ ဝေဒနာခံစားမှုဖြစ်၊ အဲဒီတော့ ဖဿ(၆)မျိုးက ဘာကြောင့်ဖြစ်သလဲဆိုတော့ အာယတန (၆)မျိုးကြောင့်။ အာယတန (၆)မျိုး ဘာကြောင့်ဖြစ်သလဲဆိုတော့ နာမ်ရုပ်ကြောင့်။ ဘုန်းကြီးတို့တတွေ အားလုံးဟာ ဒီအဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ခဲ့ပြီ။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ခဲ့ကြပြီ။ နာမ်ရုပ်ကြောင့် အာယတန အကြည် (၆)မျိုး၊ အကြည် (၆)မျိုးကြောင့် ဖဿ တွေ့ထိမှု တွေဟာလဲပဲ မျက်စိရဲ့တွေ့ထိမှု အစရှိသည်ဖြင့် ဒီလမ်းစဉ်အတိုင်း သွားလာခဲ့ကြတယ်။

အဲဒီလို သွားလာခဲ့ကြတာကို အခြေခံပြီးတော့ ဒါကို ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် အခြေခံပြီးတော့ ပြောမယ်ဆိုရင်တော့ နေ့စဉ် နေ့စဉ် အာယတန(၆)မျိုး၊ ဖဿ(၆)မျိုးတို့ဖြင့် ရှုပ်ထွေးနေတယ်လို့ ဒီလိုပြောရမယ်။ အဲဒါကိုပဲ နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် အကြည်(၆)မျိုး၊

http://www.dhammadownload.com



အကြည် (၆)မျိုးကြောင့်၊ အတွေ့ဖဿ (၆)မျိုး၊ အဲဒါကို ပညတ်နယ်ပယ်က ဒါကိုပဲ **"လူ"**လို့ ခေါ်နေတာပါပဲ။ အဲဒီတော့ လူကိုမကြည့်ပဲနဲ့ လူသတ္တဝါကို မကြည့်တော့ပဲ သတ္တဝါရဲ့ အတွင်းခါတ်သားကို မြင်အောင်ကြည့်ကြရတယ်။ အဲဒါကို မြတ်စွာဘုရားက-

**"နာမ ရူပ ပစ္စယာ သဠာယတနံ"**

နာမ်ရုပ်ရခဲ့ကြပြီ။ အဲဒီ နာမ်ရုပ်ကြောင့် အတွင်းအာယတန (၆)မျိုး ဖြစ်တယ် ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်စကားလေး။ အဝိဇ္ဇာပစ္စယာ သင်္ခါရာကစပြီးတော့ အဲဒါကို ကြည့်ပြီးတော့ ကျေးဇူးတော်ရှင်လယ်တီဆရာတော် ဘုရားကြီးက မုံရွာလယ်တီကနေပြီးတော့ ဗုဒ္ဓဂါယာဘုရားဖူးကြွတော့ ရန်ကုန်သို့စီးလာတဲ့ ရထားပေါ်မှာ ရေးထားတဲ့ ပဋိစ္စသမုပ္ပါဒ်လင်္ကာကြီး (၁၃)ပုဒ်ရှိတယ်။ အဲဒီလင်္ကာကြီးတွေက စောစောက ပြောသလို **"နာမရူပ ပစ္စယာ သဠာယတနံ"**လို့ဆိုတဲ့ ပါဠိလဲပဲ ပေါ်လွင်အောင် ဆရာတော်ကြီးက ဖွင့်ဆိုခဲ့တယ်။ အဲဒီမှာ နိဒါန်းပျိုးတဲ့ အနေအားဖြင့်-

**"ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သည့် နတ်ဝိသုဒ္ဓိ တုမရှိအား တြိဒွါရ ညွတ်ဦးခ လျှက်"**

ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်ပြီး လှည့်တော်မူတဲ့ နတ်ဝိသုဒ္ဓိ ဝိသုဒ္ဓိနတ်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားကို ရှိခိုးပြီးတော့တဲ့။

**"ဘဝသုံးပါး ဟုန်းဟုန်းသွားသည့် ရထားသံသရာ ယာဉ်စကြာ၏ ခြင်းရာထုပ္ပါတ် သမုပ္ပါဒ်ကို အတတ်သိရန် နိဒါန်းပြန်ပိန့်"**

ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဆိုတဲ့ ဘဝသုံးပါးမှာ တဟုန်းဟုန်း အဆက်မပြတ် ပြေးသွားပြီးနေတဲ့ စက်သံသရာ ရထားကြီး။ အဲဒီ သံသရာရထားကြီးရဲ့ အခြင်းအရာအတုပ္ပါတ်ကို သိအောင်ရေး

http://www.dhammadownload.com



ပေအံ့လို့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက မြန်မာလင်္ကာ (၁၃)ပုဒ်ကို ရေးထားခဲ့တာရှိတယ်။ အဲဒီအထဲက ယနေ့ နာမရူပပစ္စယာ သင္ဂြာယတနံဆိုတဲ့ အပိုဒ်ကိုပြောမှာပါပဲ။ အဲဒီမှာ ဆရာတော်ဘုရားကြီးက ဘယ်လိုရေးသလဲ။ နာမ်ရုပ်ကြောင့် အတွင်း အာယတန (၆)ပါးဖြစ်တယ်။ အတွင်းအာယတန (၆)မျိုးကြောင့် ဖဿ (၆)မျိုးဖြစ်တယ်ဆိုတဲ့လင်္ကာ။ နာမ်ရုပ်ကြောင့် အတွင်းအာယတန (၆)မျိုးဖြစ်တယ်။

**နာမ်ရုပ်ကြောင့် အတွင်းအကြည် (၆)မျိုး**

**"ထင်ရှားစေ့စုံ၊ အဖုံဖုံလျှင် တည်တုံနာမ်ရုပ် ကိုယ်သမုတ်သား အထုတ်အထည် ကြီးငယ်ကာယ ပေါ်ပြန်ကလဲ ဒွါရတွင်မည် ဖိတ်ဖိတ်လည်သည့် အကြည်(၆)မျိုး ကိုယ်လုံးဖြိုးလျှက်"**

နာမ်ရုပ်ကြောင့် အာယတန(၆)ပါး။ နာမ်ရုပ်ကြောင့် ရူပကာယ၊ နာမကာယ ဖြစ်ပေါ်လာတယ်။ အဲဒီလို ရူပကာယ၊ နာမ်ကာယ ဖြစ်ပေါ်တာက ရူပကာယဆိုတာ ဘာလဲ။ **"စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ"** "မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်"လို့ အကြည်ဓာတ် (၅)မျိုး။

နာမကာယဆိုတာ **မနောဒွါရ**။ အဲဒီလို ရူပကာယ၊ နာမ်ကာယ တွေ ပေါ်လာတဲ့အခါကျတော့ ဒွါရတွင်မည် ဖိတ်ဖိတ်လည်သည့် အကြည်(၆)မျိုး ကိုယ်လုံးဖြိုးလျှက် **"စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ"**လို့ ဒွါရ(၆)မျိုး။

အဲဒီ အကြည်ဓာတ် (၆)မျိုးဟာ တစ်ခါထဲ သတ္တဝါတို့သန္တာန်မှာ ဖြစ်ပေါ်ပြီး လာတယ်။ အဲလို ဖြစ်ပေါ်လာတော့ ဥပမာအားဖြင့် ပြောမယ်ဆိုရင် မျက်စိအကြည်ဆိုတဲ့နေရာ မျက်စိမှာအိမ်ရှိတယ်။ မံသပိဏ္ဍ ခေါ်တဲ့ မျက်စိအိမ်၊ နားအိမ်၊ နှာခေါင်းအိမ်၊ လျှာအိမ်၊ ကိုယ်အိမ်လို့ အဲဒီလိုအိမ်ဖွဲ့ထားတာ။ မျက်စိအိမ်တော့ ပါပါရဲ့ အကြည်



16(A)

http://www.dhammadownload.com



ခာတ်မရှိလို့ရှိရင်လဲပဲ အရေးမပါဘူး။ အဲဒီတော့ ဘာနဲ့ဥပမာတူသလဲ ဆိုတော့ အုန်းသီး၊ ထန်းသီးများလို။ အုန်းသီး၊ ထန်းသီးများ သီးလာရင် အိမ်ပါလာတယ်။ အစေ့အဆန် ထည့်ဖို့အိမ်။ အဲဒီထဲမှာ အစေ့အဆန် ထည့်ချိန်ရောက်လာတဲ့အခါ အစေ့အဆန်ထည့်ရှိသလိုပဲတဲ့။

စက္ခုမျက်စိမှာလဲပဲ မျက်စိအကြည်ခာတ်ပါရှိပြီး နေတယ်။ နားစသည်မှာလဲ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်ခာတ် ပါရှိတယ်။ စိတ်မှာလဲပဲ ထိန်ပင်ရှိတော့ ထိန်ပင် စောင့်နတ်ရှိသလိုပေါ့။ ရှားပင်ရှိတော့ ရှားမှိုရှိသလိုပဲ။ စိတ်မှာလဲ အကြည်ရှိပြီးတော့ နေတယ်။ အဲဒါကို "ထင်ရှားစေ့စုံ အဖုံဖုံလျှင် တည်တံ့နာမ်ရုပ် ကိုယ်သမုတ်သား အထုပ်အထယ် ကြီးငယ်ကာယ ပေါ်ပြန်ကလဲ ဒွါရတွင်မည် ဖိတ်ဖိတ်လည်သည့် အကြည်(၆)မျိုး ကိုယ်လုံးဖြိုးလျှက်"။ အဲလို အကြည်(၆)မျိုး ရှိလာတဲ့အခါ **"အရိုးစီစဉ် အမြင်စက္ခု ကြားမှုသောတ ဃာနအနံ့ လျက်ရန် ဇိဝှါ ကာယာတွေ့ထိ အသိမနော မရောမယှက် တလက်လက်လျှင် အမျက်စိန်ရည် လဲ့လဲ့ကြည်သို့ (၆)မည်အာရုံ အလုံးစုံသည် ပုံသဏ္ဍာန်ရိပ် နိမိတ်အသွင် အကုန်ထင်၍ ဤရှင်ဤလူ ဤမူ နေလ ရူပသဏ္ဍာန် အသံအမျိုး အခိုးလှိုင်ပြန့် ရနံ့ထိုထို အချို အချဉ် ဤလျှင်အပူ ဤမူအအေး အတွေးအသိ ပြည့်စုံဘိ၍"**။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ အကြည်(၆)မျိုး ရှိတဲ့ အခါကျတော့ ဟော-မြင်နိုင်တယ်။ ငါမြင်တယ်။ သောတ အကြည်ရှိတဲ့ အခါကျတော့ ငါကြားတယ်။ ငါနံတယ်။ ငါလျှက်တယ်။ ငါတွေ့ထိတယ်။ ငါသိတယ်။ ဒါကြောင့် **"(၆)မည်အာရုံ အလုံးစုံသည် ပုံသဏ္ဍာန်ရိပ် နိမိတ်အသွင် အကုန်ထင်၍"**။ ဟော- ငါမြင်တယ်လို့ ပြောတာကလဲပဲ အဆင်းရူပါရုံကို မြင်နေတာကိုး။ ပုံတွေ၊ သဏ္ဍာန်တွေ၊ နိမိတ်တွေ။ အဲဒီလို မျက်စိအကြည်ခာတ်ကလေးကို အခြေခံပြီး ဒါကရှင်၊ ဒါကလူ၊

http://www.dhammadownload.com



ဒါကလ၊ ဒါကနေ အစရှိသည်ဖြင့် ဖြစ်တော့ အဲဒီ မျက်စိအကြည်ဓာတ်ကလေးမှာ ငါမြင်တယ်ဆိုတဲ့ ငါကြည့်တယ်ဆိုတဲ့ သက္ကာယဒိဋ္ဌိငရဲအိုးကြီးတစ်လုံးက ပေါ်ပေါက်လာတယ်။

ကြားမှုနဲ့ပတ်သက်ပြီး ငါကြားတယ်။ ငါအသံကြားတယ် ဆိုတဲ့ သက္ကာယဒိဋ္ဌိ ငရဲအိုးကြီးတစ်လုံးလဲ ပေါ်ပြီးလာတယ်။ ငါနံတယ်၊ ငါလျက်တယ်၊ ငါတွေ့တယ်၊ ငါသိတယ် ဆိုတဲ့ သက္ကာယဒိဋ္ဌိ ငရဲအိုးကြီး (၆)လုံးဟာ အဲဒီ အကြည်ဓာတ် (၆)မျိုးကို အခြေခံပြီးတော့ ပေါ်ပေါက်လာတယ်။ အဲဒီလို ပေါ်ပေါက်လာတဲ့အခါ **"ငါ၏ဤကိုယ် ငါမင်းပျိုဟု အဆိုအထင် အမြင်မှောက်မှား စိတ်နေကြွားဖို့ တံခါး(၆)သင်း ကိုယ်လုံးလင်းသည် (၆)သင်း အာယတန စွမ်းရည်တည်း"**။

အဲလို ငါမြင်တယ်၊ ငါကြားတယ်ဆိုတဲ့အခါ ဘာဖြစ်လဲ။ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ငရဲမီးတောက်ကြီးတွေဟာ တဟုန်းဟုန်းတောက်လာတယ်။ လောဘလဲ ဖြစ်နိုင်တယ်။ ဒေါသ၊ မောဟလဲ ဖြစ်နိုင်တယ်။ မာန ဖြစ်နိုင်တယ်။ ဣဿာ ဖြစ်နိုင်တယ်။ မစ္ဆရိယ ဖြစ်နိုင်တယ်။ မြင်တာကို အကြောင်းပြုပြီး အဲဒီ ငရဲမီးတောက်ကြီးတွေဟာ တောက်တော့တာပဲ။ ကြားတာကို အကြောင်း ပြုပြီးတော့လဲ လောဘ၊ ဒေါသ၊ မောဟမီးတောက်၊ မာန၊ ဣဿာ၊ မစ္ဆရိယ အစရှိတဲ့ မီးတောက်ကြီးတွေ တောက်လာတယ်။

အဲဒါ ဘာကြောင့်လဲဆိုတော့ **"ငါ၏ဤကိုယ် ငါမင်းပျိုဟု အဆိုအထင် အမြင်မှောက်မှား စိတ်နေကြွားဖို့ တံခါးခြောက်သင်း ကိုယ်လုံးလင်းသည် ခြောက်သင်းအာယတန စွမ်းရည်တည်း"** မိမိတို့ အတွင်းသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ နာမ်ရုပ်ကြောင့် ဖြစ်ပေါ်လာတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ခေါ်တဲ့ အကြည်(၆)မျိုး။ အဲဒီ အကြည် (၆)မျိုးရှိလာတဲ့ အတွက်ကြောင့်မို့ အကြည်(၆)မျိုးကို အခြေခံပြီး ငါမြင်တယ်၊ ငါကြားတယ် အစရှိတဲ့

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိ ငရဲအိုးကြီးတွေမှာ ပေါ်ပေါက်လာတဲ့ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ငရဲမီး တောက်တွေ။

အဲဒီ သက္ကာယဒိဋ္ဌိ ငရဲအိုးကြီးနဲ့ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ငရဲမီးတောက်တွေ ငြိမ်းဖို့ရာ အခုကြိုးစားနေကြတာပါပဲ။

**ဖဿဘာကြောင့်ဖြစ်**

ဆက်ပြီးတော့ မြတ်စွာဘုရား ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် မြတ်ကြီးမှာ ဘာဟောသလဲဆိုတော့ သဠာယတနပစ္စယာဖဿောလို့ ဟောတယ်။ သဠာယတန ဆိုတာ ဘာလဲလို့ဆိုတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ခေါ်တဲ့ အကြည်(၆)မျိုး။ အဲဒီ (၆)မျိုးကို အခြေခံပြီးတော့ ဖဿ ဖြစ်တယ်တဲ့။ ဒါနဲ့ပတ်သက်လို့ ဆရာတော်ဘုရားကြီးက "ဓာတ်မှန် အကြည် (၆)မျိုးတည်က (၆)မည်အာရုံ အလုံးစုံလည်း ဘယ်ပုံသဏ္ဌာန်ရိပ် နိမိတ်အသွင် ကိုယ်လုံးထင်လျှက် ဝိညာဉ် (၆)ဆင့် ဖွားဖွားဖွင့်က နှိုင်းသင့်တူမျှ ပမာပြမူ သိကြားစက်ရှိန် လက်လက်ထိန်သား"။

အဲဒီလိုပဲတဲ့ စည်ပြင်နဲ့တူတဲ့ မျက်စိအကြည်နဲ့ လက်ရိုက်တုတ်နဲ့ တူတဲ့ အဆင်းရူပါရုံ၊ နောက် အသံဟိန်းလာတာနဲ့တူတဲ့ မြင်သိစိတ် (စက္ခုဝိညာဉ်စိတ်) ဒီလို ဖြစ်ပေါ်လာတယ်။ အဲဒီတော့ မြင်တယ်၊ မြင်တယ်လို့သာ ပြောရတယ်။ တစ်မျိုးထဲနဲ့ မြင်နိုင်တာ မဟုတ်ဘူး။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကောင်းကင်မှာ မိုးတိမ်တွေရှိတယ်။ အဲဒီ မိုးတိမ်တွေ တစ်ခုနဲ့တစ်ခု မထိခိုက်ရင် ဘာမှမဖြစ်သေးဘူး။ မိုးတိမ်တစ်ခုနဲ့တစ်ခု တိုက်မိပြီဆိုတဲ့အခါ လျှပ်ရောင်တွေ အရောင် အလင်းတွေ ထွက်ပေါ်ပြီး လာတယ်။ အဲဒီလိုပဲ မိုးတိမ်ခြင်း တိုက်သလို အဆင်းရူပါရုံနဲ့ စက္ခုပသာဒ မျက်စိအကြည်ဓာတ် တိုက်ခိုက် မိတော့ လျှပ်ရောင်ပေါ်လာသလို မြင်သိစိတ် စက္ခုဝိညာဉ်စိတ် ပေါ်ပြီးလာတယ်။

http://www.dhammadownload.com



အဲဒီတော့ အဆင်းမျိုးစုံ ရူပါရုံနဲ့ မျက်စိအကြည်ဓာတ်ကလေးနဲ့ ထိခိုက်တော့ စက္ခုဝိညာဉ် မြင်သိစိတ်၊ နားအကြည်ဓာတ်နဲ့ အသံမျိုးစုံ သဒ္ဒါရုံ တွေ့ကြုံတဲ့အခါကျတော့ သောတဝိညာဉ်- ကြားသိစိတ်။ အဲဒီလို စိတ်တွေဟာ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်တွေ ဖြစ်ပေါ်လာတယ်။

**"ဝရဇိန်သွား ရွှတ်ရွှတ်ဝါးသို့ (၆)ပါးဖဿ ဖျမ်းဖျမ်းထ၍"** ဒါဘာပြောတာလဲ စက္ခုပသာဒမျက်စိအကြည် ဟိုဘက်က အာရုံ အဆင်းမျိုးစုံ ရူပါရုံ၊ အဲဒီလို တိုက်ဆိုင်တဲ့အခါကျတော့ ဝိညာဉ်(၆)ဆင့် ဖွားဖွားပွင့်က မြင်သိစိတ် စက္ခုဝိညာဉ်စိတ် ပေါ်လာတယ်။ အဲဒီတော့ ဆိုကြပါစို့။ ဝိဇ္ဇာမယဉာဏ်ပညာနဲ့ လူပုံတစ်ခု ပြုလုပ်ထားတယ်။ ဓာတ်ရုပ်ကြီးတစ်ခု လုပ်ထားတယ်။ အဲဒီမှာလဲ ဓာတ်မှန်ဘီလူး တပ်ပြီး တော့ထားတယ်။ အဲဒီမှန်မှာလာပြီးထင်လို့ ရှိရင်လဲပဲ မီးတောက်ကြီးတွေ ထပြီးတောက်တယ်။ အဲဒီလိုပဲ ဝိဇ္ဇာမယဓာတ်ရုပ်ကြီးနဲ့တူတဲ့ မျက်စိ အကြည်ဓာတ်ကလေးက အဆင်းမျိုးစုံဆီ လာပြီးတိုက်ခိုက်တဲ့အခါ မြင်သိစိတ်ဆိုတာ ပေါ်လာတယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အခုခေတ်မှာတော့ စည်က မဟာမြတ်မုနိ စသည်တို့မှာသာ သုံးကြတယ်။ အဲဒီမှာ စည်ပြင်ရှိတယ်။ အဲဒီစည်ပြင်ကို လက်ရိုက်တုတ်နဲ့ ရိုက်လိုက်တဲ့အခါ အသံထွက်လာတယ်။ စည်မျက်နှာပြင်၊ လက်ရိုက်တုတ် အသံ။ အဲဒီလို ဖြစ်ပေါ်လာတယ်။

**"ဝိညာဉ်(၆)ဆင့် ဖွားဖွားပွင့်က နှိုင်းသင့်တူမျှ ပမာပြုမူ သိကြားစက်ရှိန် လက်လက်ထိန်သား ဝရဇိန်သွား ရွှတ်ရွှတ်ဝါးသို့ (၆)ပါးဖဿ ဖျမ်းဖျမ်းထ၍"**။ အဲဒီတော့မှ ဖဿ တွေ့ထိမှု။ စက္ခုပသာဒ မျက်စိအကြည်ဓာတ်နဲ့ ရူပါရုံ ထိခိုက်လို့ မြင်သိစိတ်ပေါ် အဲဒီသုံးမျိုး ဆုံစည်းမှုဖြစ်ပေါ်တဲ့အခါ ဖဿဖြစ်ပါတယ်။ အဲဒီ ဖဿ ဖြစ်ပေါ်တဲ့အခါ **"(၆)ပါးဖဿ ဖျမ်းဖျမ်းထ၍ ရသ(၆)မည် အာရုံရည်ကို ကြိတ်နှိုးသောအား တွေ့ထိငြားက ဤကားကဣ**

http://www.dhammadownload.com



**အနိဋ္ဌနှင့် ဤမျှမကောင်း ဤမျှကောင်းဟု အကြောင်းထွေေ၀ါ အရေးပေါ်လျှက် (၆)ဖေါ်အာရုံ ရသ ဂုဏ်တို့ အကုန်ပေါ်ထွက် ရွှန်းရွှန်းတက်၍ မက်ဖွယ်မုန်းဖွယ် အနှုန်းချယ်သည့် (၆)ဖွယ် ဖဿစွမ်းရည်တည်း"**။

ဖဿဖြစ်ပေါ်တာက ဒီအတိုင်း အလိုလိုဖြစ်ပေါ်တာ မဟုတ်ဘူး။ မျက်စိ အကြည်ဓာတ်ကလေးရယ်၊ ရူပါရုံ အဆင်းမျိုးစုံရယ် အဲလို တွေ့ထိတဲ့အခါ မြင်သိစိတ်ဆိုတာ ဖြစ်ပေါ်တယ်။ အဲဒီ မြင်သိစိတ် ဖြစ်ပေါ်တဲ့အခါ **"ရသခြောက်မည် အာရုံရည်ကို ကြိတ်နှိုးသောအား တွေ့ထိငြားက ဤကားဣဋ္ဌ အနိဋ္ဌနှင့် ဤမျှမကောင်း ဤမျှ ကောင်းဟု"**။

စောစောက မြင်သိစိတ်ကလေး ဆိုရာမှာ မြင်တာနဲ့သိတာ တစ်ခြားစီ မြင်တော့သိတာပဲ။ သို့သော် ဣဋ္ဌာရုံလား၊ အနိဋ္ဌာရုံလား။ ကောင်းသလား၊ မကောင်းဘူး လား။ အဲဒီဟာက ဖဿအခိုက်ကျမှ ဒါကောင်းတယ်၊ ဒါဣဋ္ဌာရုံပဲ။ ဒါကတော့ အနိဋ္ဌာရုံပဲ။ ဤအာရုံက ကောင်းတယ်။ ဤအာရုံက မကောင်းဘူးဆိုတာ ဖဿရဲ့အလုပ်၊ အဲဒီလိုဆိုတော့ ဖဿက တော်တော်အရေးကြီးတယ်။ ဖဿ သန်လို့ရှိရင် ဝေဒနာ သန်တယ်။ ခံစားချက်သန်တယ်။ တွေ့ထိမှုသန်ရင် ဝေဒနာ ခံစားချက် သန်တယ်။ ဝေဒနာခံစားချက် သန်ရင် တဏှာသန်တယ်။

ဖဿပျော့ရင် ဝေဒနာပျော့တယ်။ ဝေဒနာပျော့ရင် တဏှာ ပျော့တယ်လို့ လယ်တီဆရာတော်ဘုရားကြီးက မိန့်တယ်။ အဲဒီတော့ ဆိုကြပါစို့ အမျိုးသမီးလေးတစ်ယောက်ရဲ့ သီချင်းဆိုသံကို ကြားပြီး ကောင်းကင်ကစျာန်ပျံနေတဲ့ ရှင်သာမဏေလေးတစ်ပါး စျာန်ကြိုးပြတ် ပြီး ကျလာတယ်ဆိုရာမှာ ဒီဖဿရဲ့အစွမ်း။ အမျိုးသမီးလေးရဲ့ အသံရယ်၊ သူ့သန္တာန်က နားအကြည်ရယ်၊ ထိခိုက်လို့ ကြားသိစိတ်ကလေး ဖြစ်ပေါ်တယ်။ အဲဒီ ကြားသိစိတ်ကလေးက ကြံများ၊ ပဲများ၊ ဂျုံများ ဆီဆုံမှာ ဆီကြိတ်သလို ဖဿက ဒီအာရုံဟာ ကောင်းတယ်၊ မကောင်းဘူးဆိုပြီး ဖြစ်ရာက ဘဝင်စိတ်ကို သွားခိုက်တယ်။ အဲဒီမှာ

http://www.dhammadownload.com



ကောင်းကင်ကနေ ကျလာရတယ်။ သိပ်အားသန်တဲ့ဖဿကိုး။ ဈာန်ရ ကိုရင်ကို ဆွဲချနိုင်တယ်။

ကျောင်းပေါက်ဝမုခ်ဦးမှာ အရုပ်လှလှလေး ပန်းပုထုထားတယ်။ အဲဒါလေးကြည့်ပြီးတော့ စိတ်ဝင်စားပြီး ဘဝင်ခိုက်ရာက သီဟိုဠ် (သီရိလင်္ကာ)မှာ ဘိက္ခုနီမတစ်ပါး သေဖူးတယ်။ တစ်ချို့ တစ်ချို့ကျတော့ ကြောက်ဖွယ် လန့်ဖွယ်ရုပ်ကြီးတွေ ကြည့်ပြီး လန့်ပြီး သေသွားတာလဲ ရှိတယ်။ အဲဒါကြောင့်မို့ ဒီဖဿက အရေးကြီးတယ်။

(၆၂)ပါးသော ဒိဋ္ဌိတွေဟာ ဒီဖဿနဲ့တွေ့ထိ တွေ့ထိပြီး ခံစား ကြတယ်။ အဲဒီလို ခံစားကြတဲ့အတွက်မို့ ထိုပုဂ္ဂိုလ်တို့ဟာ ခံစားမှုကြောင့် တဏှာဖြစ်တယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်ဆိုပြီး မကောင်းတဲ့ဆိုးကျိုးတွေဟာ တစ်ခါထဲ ဖဿကို အခြေခံပြီး ဖြစ်ပုံကို မြတ်စွာဘုရား ဟောတော်မူတယ်။ ဘုန်းကြီးတို့ အဲဒီမှာ နာမ်ရုပ်ကြောင့် အတွင်းအာယတနဖြစ်တယ်။ အတွင်းအာယတန (၆)မျိုးဖြစ်တဲ့အတွက် တစ်ခါ ဘာတွေဖြစ်သလဲဆိုရင် အပြင်အာရုံတွေ လက်ခံလာတယ်။

လက်ခံပြီးတော့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ် ဖြစ်ပေါ်တယ်။ မြင်သိစိတ်၊ ကြားသိစိတ်တွေ ဖြစ်ပေါ်တဲ့အခါကျမှ အာရုံရဲ့အရသာကို ကောင်း၊ မကောင်း ဆီကြိတ်သလို၊ နှမ်းကြိတ်သလို တွေ့ထိမှု ဖြစ်ပေါ်တာ ဖဿ။ အဲဒီလို ဖဿ (၆)မျိုး ဖြစ်ပေါ်တယ်တဲ့။ မြင်တာကို အကြောင်းပြုပြီးတော့ ဖဿဖြစ်တယ်။ ကြားတာကို အကြောင်းပြုပြီးတော့ ဖဿ ဖြစ်တယ်။ နံတာကို အကြောင်းပြုပြီးတော့ ဖဿဖြစ်တယ်။ လျှက်တာကို အကြောင်း ပြုပြီးတော့ ဖဿဖြစ်တယ်။ တွေ့ထိတာကို အကြောင်းပြုပြီးတော့ ဖဿ ဖြစ်တယ်။ တွေးသိကြံသိတာကို အကြောင်းပြုပြီးတော့ ဖဿဖြစ်တယ်။

ဒါကြောင့် ဖဿရဲ့စွမ်းအင်က (၆)ပါးဖဿ ဖျမ်းဖျမ်းထ၍ ရသခြောက်မည် အာရုံရည်ကို ကြိတ်နှိုသောအား တွေ့ထိငြားက

http://www.dhammadownload.com



ဤကာယကၠဌ အနိဌနှင့် ဤမျှမကောင်း ဤမျှကောင်းဟု အကြောင်း ထွေငေါ် အရေးပေါ်လျှက် ခြောက်ဖော်အာရုံ ရသဂုဏ်တို့ အကုန် ပေါ်ထွက် ရွှန်းရွှန်းတက်၍ မက်ဖွယ်ဖုန်းဖွယ် အနှုန်းချယ်သည် ခြောက်သွယ်ဖဿ စွမ်းရည်တည်း။

အဲဒီမှာ လောဘ၊ ဒေါသ၊ မောဟ မီးတောက်လာတယ်။ မြင်တာကို အကြောင်းပြုပြီး လောဘမီးတောက်တယ်။ ဘုန်းကြီးတို့ တတွေဟာ တရားရှုမှတ်တဲ့အခါမှာ ဖဿရဲ့သဘော။ **"ဆန္န ဖဿာယတနာဒ်"** အာယတနတို့ရဲ့ ဖြစ်ပုံ၊ ပျက်ပုံ၊ သာယာဖွယ်ဖြစ်ပုံ၊ အပြစ်အနာအဆာဖြစ်ပုံ ထွက်မြောက်ပုံ။ ဖဿ (၆)မျိုးတို့ရဲ့ဖြစ်ပုံ တရားရှုမှတ်တဲ့အခါ ဒါရှုကြရတာ ဖြစ်ပုံ၊ ပျက်ပုံ သာယာဖွယ်ဖြစ်ပုံ ပျက်ပုံ သာယာဖွယ် မုန်းဖွယ်ဖြစ်ပုံ၊ ထွက်မြောက်ပုံတွေကို ဒါတွေကိုစဉ်းစား ဆင်ခြင်ပြီးတော့ ကြည့်ရတာ။ ဒါတွေမြင်အောင် ကြည့်တာကိုပဲ တရားအားထုတ်တယ်လို့ဆိုတဲ့အတိုင်း မိမိတို့ဟာ ဒီနာမ်ရုပ်ကြောင့်ဖြစ်တဲ့ အာယတန (၆)မျိုး၊ အတွင်းအာယတန အကြည်ဓာတ် (၆)မျိုး၊ အဲဒီ အကြည်ဓာတ် (၆)မျိုးနှင့်တကွ အပြင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ကြံသိဖွယ်၊ အာရုံတွေကို အခြေခံပြီးမှ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်တွေ ဖြစ်ပေါ်။ အဲဒီလို ဖြစ်ပေါ်ပြီးတော့မှ ဖြစ်ပေါ်တဲ့ ဖဿ(၆)မျိုး။

မြင်တာကို အကြောင်းပြုပြီး ဖြစ်တဲ့ဖဿ(၆)မျိုး၊ ကြားတာကို အကြောင်းပြုပြီး ဖဿ(၆)မျိုး၊ နံတာကိုအကြောင်း ပြုပြီး ဖြစ်တဲ့ဖဿ (၆)မျိုး၊ လျှက်တာ၊ ထိတာ၊ သိတာကို အကြောင်းပြုပြီး ဖြစ်တဲ့ ဖဿ(၆)မျိုးတို့ရဲ့ အခြေအနေကို သိရှိအောင် ဆက်လက်အားထုတ်နိုင် ကြပါစေဟု တိုက်တွန်းနှိုးဆော်ရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ် အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ၆၂ နှစ်ပြည့် ဓမ္မဒါန

ယနေ့ဆိုရင် ဘုန်းကြီးတို့ အသက်(၆၂)နှစ်ပြည့်တဲ့နေ့ပါပဲ။ (၆၂)နှစ်ပြည့်တဲ့နေ့မှာ မွေးနေ့ရယ်လို့ ကြီးကြီးကျယ်ကျယ် ထူးမလုပ်ပါဘူး။ ယခု (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက်တရားစခန်းကြီးပမ်းပြီး တရားအားထုတ်နေကြတဲ့ ယောဂီ သူတော်စင်တို့အား တရားဓမ္မများဟောပြောခြင်းဖြင့် ဓမ္မဒါနပြုပါတယ်။ အဲလို ဓမ္မဒါနပြုတဲ့ အပြင် သဘက်ခါ တရားစခန်း သိမ်းတဲ့အခါမှာ ဘုန်းကြီးတို့ ဒီဓမ္မာရုံကြီးမှာ ဟောကြားထားတဲ့ ရက်ပေါင်း(၃၀)လောက် ဟောကြားထားတဲ့ လယ်တီဝိပဿနာနံပါတ်(၂) စာအုပ် ဓမ္မဒါနပြုမှာပါပဲ။

မွေးနေ့အလှူဆိုတော့ ယနေ့လှူရမှာပါပဲ။ သို့သော်လဲပဲ တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များ စာကြည့်နေရင် အနှောင့်အယှက်ဖြစ်မှာစိုးလို့ စောစော မလှူပါဘူး။ အထူးအားဖြင့်တော့ ဘုန်းကြီးတို့ရဲ့ ဇာတိ ကနီမြို့နယ်၊ ကုန်းသာရွာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ သီတင်းသုံးသွားတဲ့ ကျောင်းကန်တိုက်တာအတွင်းမှာ ရွှေရာသီက မိုးလေထန်တော့ စေတီတော်ကြီး ပြိုပျက်သွားတာ ရှိတယ်။ အဲဒီ **“ရွှေအံတော်စေတီတော်ကြီး”** ဉာဏ်တော် (၄၅)တောင်လောက် ရှိပါတယ်။ အဲဒီ စေတီတော်ကြီးကို ပြုပြင်ပြီး ထီးတော်တင်ပြီး သံဃာတော်အရှင်မြတ်များအား ဝါဆိုသင်္ကန်းဆက်ကပ် ပရိသတ်များကို ကြာဇံကြော်များ ကျွေးမွေးခြင်းဖြင့် မွေးနေ့ပွဲ ပြုလုပ်ပါတယ်။ အဓိကအားဖြင့် ဓမ္မဒါနကတော့ ပိုပြီးတော့ မွန်မြတ်ပါတယ်။

**“ဧတဒဂ္ဂံ ဘိက္ခဝေ ဒါနာနံ၊ ယဒိဒံ ဓမ္မဒါနံ”**

စွန့်ကြဲပေးကမ်း လှူဒါန်းတာမှန်သမျှထဲမှာ ဓမ္မဒါနဟာ အမြတ်ဆုံးလို့ မြတ်စွာဘုရား ဟောကြားထားချက် ရှိပါတယ်။ ဒါကြောင့်မို့ ယနေ့ ဖဿပစ္စယာ ဝေဒနာ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်မှာ ဖဿ(၆)ပါး ကြောင့် ဝေဒနာ(၆)ပါး ဖြစ်တယ်။ မြတ်စွာဘုရားက ကမ္ဘာလောက သတ္တဝါတွေရဲ့ သန္တာန်မှာ ဖြစ်နေတဲ့သဘောတွေကို ဟောကြားတာပါ။

http://www.dhammadownload.com



ဝေဒနာဆိုတာ အကြောင်းမဲ့ဖြစ်တာ မဟုတ်ဘူးတဲ့။ ပဋိစ္စသမုပ္ပါဒ် အကြောင်းရှိလို့ ဖြစ်ပေါ်တယ်။ ပဋိစ္စ= အကြောင်းတစ်ခုကို စွဲမှီပြီးတော့၊ သမုပ္ပါဒ= ဖြစ်ပေါ်တယ်။ ဝေဒနာ= ဘုန်းကြီးတို့ ယောဂီသူတော်စင်များအား ဝေဒနာဟာ ခန္ဓာငါးပါးထဲမှာဆိုရင် သီးခြားခန္ဓာတစ်ပါးထားပြီး ဟောကြားတော်မူခဲ့တယ်။

အဲဒီဝေဒနာကိုပဲ မဟာသတိပဋ္ဌာန်မှာ **"ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ"**လို့ ခေါင်းစည်းကြီးလေးခုထားပြီးတော့ ဟောရာမှာလဲ ကမ္မဋ္ဌာန်းအပိုင်းကြီး တစ်ပိုင်း အနေအားဖြင့် ဟောကြားတော်မူတယ်။ အနတ္တလက္ခဏာ သုတ္တန်ဒေသနာတော်မှာ ကြည့်မယ်ဆိုရင်လဲ ခန္ဓာငါးပါးထဲက ဝေဒနာက္ခန္ဓာကိုပဲ ဝေဒနာအနတ္တာ အစရှိသည်ဖြင့် အကျယ်တဝင့် ဟောကြားခဲ့တာ။ ဘုန်းကြီးတို့ ဒီတရားစခန်းမှာလဲပဲ လက်တွေ့၊ မျက်တွေ့ အားဖြင့် ဝေဒနာကိုပဲ များများစားစား တရားသဘောထား စကားပြောပါလိမ့်မယ်။

ဝေဒနာခန္ဓာကိုယ်မှာ ဖြစ်ပေါ်တဲ့ခံစားချက်ဝေဒနာ၊ ဟောဒီဝေဒနာဟာ ကမ္ဘာလောကကြီးကို အင်မတန်လွှမ်းပါတယ်။ အဲဒီအထဲမှာ သုခဝေဒနာကတော့ အစွမ်းအကောင်းဆုံးပါပဲ။ ချမ်းသာတဲ့ ဝေဒနာ၊ ချမ်းသာတဲ့ခံစားခြင်း၊ ချမ်းသာခံစားလိုမှုကြောင့် ချမ်းသာရှာတယ်။ ဒါကတော့ အားအကောင်းဆုံးပဲ။ ဖဿပစ္စယာဝေဒနာဆိုတာ ရှင်းအောင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက -

**"ဖဿ(၆)မည် သူ့စွမ်းရည်ဖြင့် ကြိတ်နှိုသောအား စက်ရှိန်ဝါးက (၆)ပါးအာရုံ မြွေမြွေတုံလျှက် (၆)စုံရသ အနိဋ္ဌနှင့် ဣဋ္ဌဟူသည် အရည်ဒီးဒီး ယိုထွက်စီးသော် ဓာတ်ကြီး(၆)ဖြာ ဝေဒနာဟု ထွေလာအထူး ထွက်ပေါ်မြူး၍"**

စက္ခုသမ္ဖဿ= မျက်စိအတွေ့၊ သောတသမ္ဖဿ= နားအတွေ့၊ ဃာနသမ္ဖဿ= နှာခေါင်းအတွေ့၊ ဇိဝှါသမ္ဖဿ= လျှာအတွေ့၊ ကာယသမ္ဖဿ= ကိုယ်အတွေ့၊ မနောသမ္ဖဿ= စိတ်အတွေ့လို့ဆိုတဲ့

http://www.dhammadownload.com



အတွေ့(၆)မျိုးရဲ့ စွမ်းရည်ကြောင့်။ အဲဒီစွမ်းရည်နဲ့ ကြံများ၊ ပဲများ၊ နှမ်းများ ကြိတ်ဝါးသလို ကြိတ်ဝါးလိုက်တဲ့အခါ ဖဿစွမ်းရည်က အဲလိုကြိတ်ဝါး လိုက်တဲ့အခါ (၆)ပါးအာရုံ မွှေမွှေတုံလျှက် စိတ်ဟာဘဝင်ခိုက်ပြီးတော့ (၆)စုံရသ အနိဋ္ဌနှင့်ဣဋ္ဌဟူသည် အရည်ဒီးဒီး ယိုထွက်စီးသော် ကောင်းတယ် မကောင်းဘူး။ အဲလို ဖြစ်ပေါ်လာတဲ့ အခါ **"ခာတ်ကြီး (၆)ဖြာ ဝေဒနာဟု ထွေလာအထူး ထွက်ပေါ်မြူး၍"** ဝေဒနာ ခာတ်ကြီး (၆)ပါး ဖြစ်ပေါ်လာတယ်။

အဲဒီတော့ (၃၁)ဘုံမှာ အလွန်ထင်ရှားတဲ့ ကျော်ကြားတဲ့ ခာတ်ကြီးတစ်ခုက **"ဝေဒနာ"**လို့ခေါ်တဲ့ ဝေဒယိကခာတ်ကြီး ခံစားချက် ခာတ်ကြီး။ ဒီခာတ်ကြီးကလဲ ထင်ရှားတယ်။ **"ချမ်းသာ"**ဆိုတဲ့စကား ဟာလဲ အင်မတန်ထင်ရှားတယ်။ **"ဆင်းရဲ"**ဆိုတဲ့ စကားဟာလဲ အင်မတန် ထင်ရှားပါတယ်။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ ဆင်းရဲမှာလဲ လူဆင်းရဲ၊ တိရစ္ဆာန်ဆင်းရဲ အစရှိသဖြင့် များပါတယ်။ အဲဒီတော့ ချမ်းသာဝေဒနာကို ခံစားတဲ့အခါမှာ သဒ္ဓါ၊ မေတ္တာနဲ့ယှဉ်တဲ့ ချမ်းသာ ဝေဒနာကတစ်မျိုး၊ တဏှာရာဂနဲ့ယှဉ်တဲ့ ချမ်းသာဝေဒနာက တစ်မျိုး၊ ချမ်းသာဆိုတဲ့ နေရာမှာ သာမိသသုခ၊ နိရာမိသသုခ (၂)မျိုး။

သာမိသသုခ ဆိုတာက တဏှာရာဂနဲ့ ပတ်သက်တဲ့ချမ်းသာ။ နိရာမိသသုခ ဆိုတာက သဒ္ဓါ၊ မေတ္တာနဲ့ယှဉ်တဲ့စပ်တဲ့ ချမ်းသာမျိုး။ အဲဒီတော့ အဲဒီလို ခာတ်ကြီး(၆)ဖြာ ပေါ်လာတဲ့အခါ **"ခာတ်ကြီး(၆)ဖြာ ဝေဒနာနှင့် ထွေလာအထူး ထွက်ပေါ်မြူး၍ (၆)ဦးရွှန်းစီ အာရုံ ရည်၍ မည်မည်ရရ စံစံကြမှ သုဘသုဘာ သာမသာနှင့် ထွေလာ များတောင်း ကောင်း,မကောင်းလဲ၊ ထောင်းထောင်းငေါ်ငေါ်၊ သိထင်ပေါ်၍၊ ကောင်းသော်စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှက် ရွှင်လန်းနှလုံး စွင့်စွင့်ပြုံး၏။"** ဟော- ချမ်းသာတဲ့ဝေဒနာတွေ ခံစားရတော့ပြုံးလို့ ကျေနပ်လို့။

http://www.dhammadownload.com



**"မုန်းဖွယ်တွေ့က ခြောက်သွေ့နွမ်းညှိုး၊ နှလုံးဆိုး၍၊ အခိုးလူလူ၊ ပွက်ပွက်ဆူမျှ၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၏။"** ဆင်းရဲတဲ့ ဝေဒနာနဲ့တွေ့တဲ့အခါ ခြောက်သွေ့နွမ်းညှိုး နှလုံးဆိုး၍ အခိုးလူလူ ပွက်ပွက်ဆူမျှ ပူပူပင်ပင် မရွှင်မလန်း စိတ်ကုန်ခမ်း၏။ ချမ်းသာတဲ့နေရာမှာလဲ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု (၂)မျိုး။ ဆင်းရဲတဲ့နေရာမှာလဲ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု (၂)မျိုး။ ကိုယ်ဆင်းရဲမှုကို ဒုက္ခ၊ စိတ်ဆင်းရဲမှုကို ဒေါမနဿ (စိတ်မသက်သာ နှလုံးနာမှု)၊ စိတ်ချမ်းသာမှုကို သောမနဿ (စိတ်သက်သာလိုက်တာ)။ အဲဒီလို သုခဝေဒနာ၊ ဒုက္ခဝေဒနာဆိုတာ ထင်ထင်ရှားရှား ပေါ်ပေါက်လာပြီး ချမ်းသာတဲ့ဝေဒနာ ခံစားတာလဲ ထင်ရှားပါတယ်။

ဆင်းရဲတဲ့ဝေဒနာလဲ **"ခြောက်သွေ့နွမ်းညှိုး နှလုံးဆိုး၍ အခိုးလူလူ ပွက်ပွက်ဆူမျှ ပူပူပင်ပင် မရွှင်မလန်း စိတ်ကုန်ခမ်း၏"**။ ပူပူပင်ပင် မရွှင်မလန်း စိတ်ကုန်ခမ်းတာ၊ သောကတအုံနွေးနွေး စိတ်မအေးဘူး။ ပူဆွေးညှိုးပိန် စိုးရိမ်ပြီးတော့ နေတာမျိုး၊ ပရိဒေဝ ငိုကြွေးတာမျိုး ဥပါယာသ တခါထဲ တက်သွားလောက်အောင် မေ့သွားလောက်အောင် ပူပန်ကြတယ်။ ဒါဆင်းရဲအနေနဲ့လဲ ထင်ရှားတဲ့ ဆင်းရဲကြီးတွေပါပဲ။

**"ချမ်းသာသုခ တစ်ခုမျှ၌ လောကအထု အကုန်စု၏"** သတ္တဝါတွေ အားလုံးကတော့ ချမ်းသာဖို့ပဲ မျှော်မှန်းကြတာ။

**"ပုပုရွရွ မြင်သမျှလဲ ချမ်းသာဖို့ချည်း လှုံ့လသည်း၏"** ရှိသမျှသတ္တဝါတွေဟာလဲ ချမ်းသာဖို့ပဲ လှုံ့လအားစိုက်နေတာပါပဲ၊ နောက်ဆုံးကျတော့ အဆိပ်သောက်ပြီးတော့ သေတဲ့လူတောင်မှ သေရင်အေးမယ်လို့ထင်လို့ အဆိပ်သောက်တာပါပဲ၊ သေရင်တော့ အေးမှာပဲတဲ့။ အသူတစ်ရာ၊ နှစ်ရာမက နက်တဲ့ချောက်ကြီးတွေထဲ ခုန်ချကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ အသူတစ်ရာ၊ နှစ်ရာနက်တဲ့ ချောက်ထဲ ခုန်ချရင်တော့ အေးမှာပဲဆိုပြီးတော့ သူခုန်တာပါပဲ။

http://www.dhammadownload.com



အဲဒါကြောင့်မို့ ခံစားမှုဝေဒယိတခက်ကြီးဟာ သတ္တဝါအားလုံး တို့ရဲ့ လဲလျောင်းရာလဲဖြစ်တယ်။ အကြီးအကဲ အချုပ်အချာလဲ ဖြစ်တယ်။ ဒါကြောင့် **"အရည်းသူမြတ် ပရမတ်ကို ချန်လှပ်ထား၍ အများ လောက ရှိသမျှတို့ ဒုက္ခပွားမှု များစွာပြုသည် သုခဝေဒနာ စွမ်းရည်တည်း။"** အရိယာအရှင်မြတ်ကြီးများကို ချန်ထားပြီးတော့ အများလောက ရှိသမျှတို့ ဒုက္ခပွားမှုများစွာပြုသည် သုခဝေဒနာစွမ်းရည် တည်း။ ဝေဒနာထဲမှာ သုခဝေဒနာက အင်မတန်စွမ်းရည်ကြီးပါတယ်။ အဲဒီသုခဝေဒနာ ခံစားဖို့အတွက် ဣဋ္ဌာရုံတွေရှာကြရတယ်။ ဣဋ္ဌာရုံ ဆိုတာ ကောင်းတဲ့အဆင်းမျိုးစုံ ရူပါရုံရှာရတယ်။ ကောင်းတဲ့အသံ သဒ္ဒါရုံ၊ ကောင်းတဲ့ အနံ့ဂန္ဓာရုံ၊ ကောင်းတဲ့ဖောဋ္ဌဗ္ဗာရုံ၊ ကောင်းတဲ့သိဖွယ် အကြံမျိုးစုံ ဓမ္မာရုံတွေကို ရှာကြရတယ်။

အနိဋ္ဌာရုံကိုတော့ ဘယ်သူမှမရှာပါဘူး။ အနိဋ္ဌာရုံက မလွှဲသာ မရှောင်သာပဲ လမ်းခုလတ်မှာ တွေ့ကြတဲ့အာရုံကိုး။ အဲဒီတော့ ဣဋ္ဌာရုံ အလိုရှိအပ်တဲ့ အာရုံတွေဟာ ပဋိစ္စသမုပ္ပါဒ်တွေပါပဲ။ ဘာကြောင့်လဲလို့ ဆိုတော့ မြဲမှုမမြဲပဲကိုး။ အနိစ္စဖြစ်တာကိုး။ ဣဋ္ဌာရုံသည် အနိစ္စ၊ အလိုရှိအပ်တဲ့ အကောင်းအာရုံသည် အနိစ္စ။ အဲလို အနိစ္စဖြစ်တော့ ပဋိစ္စသမုပ္ပါဒ်အကြောင်းရှိမှ သူကဖြစ်ပေါ်တာ ဆိုတော့ အဲဒီ ဣဋ္ဌာရုံကို ဣဋ္ဌာရုံအဆက်အဆက်ကြီးအတိုင်း ဖြစ်အောင်ရှာကြ၊ မှီးကြရတယ်။ ဣဋ္ဌာရုံကို ရှာကြရတယ်။ အလိုရှိအပ်တဲ့ အာရုံကိုး။ အဲဒီ အာရုံကို ရှာပြီးတော့ နေကြတယ်။

ဒီတော့ ဥပမာအားဖြင့် ပြောကြမယ်ဆိုရင် ဤသံသရာကြီးမှာ ခရီးသွားပြီးနေကြတော့ လောဘ၊ ဒေါသ အစရှိသော ကိလေသာ (၁၅၀၀)။ ရာဂ၊ ဒေါသ အစရှိတဲ့ မီး(၁၁)မျိုးတို့နဲ့ ဤသံသရာကြီးဟာ အလွန်ပူအိုက်ပါတယ်။ အဲလို လောဘ၊ ဒေါသ အစရှိသော မီး(၁၁)မျိုး တို့နဲ့ အလွန်ပူအိုက်လှတဲ့ သံသရာကြီးဟာ ဘာနဲ့တူသလဲဆိုတော့ အပူဒီဂရီလွန်ကဲတဲ့ ဟိုတုန်းက လွန်ခဲ့တဲ့ ဆယ်နှစ်၊ ဆယ့်ငါးနှစ်က

http://www.dhammadownload.com



ဘုန်းကြီးတို့ မြန်မာပြည်မှာ ကြုံခဲ့ဖူးပါတယ်။ အပူဒီဂရီ တစ်ရာ့တစ်ဆယ်၊ တစ်ရာ့ဆယ့်ငါးဆိုပြီးတော့ အဲဒီလို အပူဒီဂရီများလှတဲ့ နွေရာသီကြီးနဲ့ တူပါတယ်။ အဲဒီ အချိန်အခါမှာ လူတွေ မုံရွာတို့၊ မြင်းခြံတို့၊ ပခုက္ကူတို့၊ မန္တလေးတို့မှာ တစ်နေ့ တစ်နေ့ဆိုရင် လူ(၄၀-၅၀) ပျက်စီးကြတယ်။

အခုအခါ ပြောမယ်ဆိုရင်တော့ ယောဂီများက သတင်းစာ ကြည့်တာ မဟုတ်။ ဒီတစ်ပတ်အတွင်း လောကကြီးနဲ့ အကုန်ဖြတ်ထားတာမို့ ဒီသီတင်းပတ်အတွင်းမှာ ဖြစ်နေတာ ပြောမယ်ဆိုရင် ပြင်သစ်နိုင်ငံ ဘုန်းကြီးတို့သွားတုန်းက အေးလွန်းလို့။ သူတို့စီမှာ နွေရာသီမှာတောင်မှ နေ့ရော၊ ညရော ခြုံထည်နဲ့ အနွေးထည်နဲ့ နေကြရတာ။ အခုအဲဒီမှာ အပူဒီဂရီတွေ လွန်ကဲပြီး သက်ကြီးရွယ်အိုတွေ ပျက်စီးကြတယ်။ လူပေါင်းရာနဲ့ချီပြီး ပျက်စီးကြတယ်။ အဲဒီတော့ လောဘ၊ ဒေါသ အစရှိသော (၁၅၀၀) ကိလေသာတို့ ရာဂမီး၊ ဒေါသမီး အစရှိတဲ့ မီး(၁၁) မီးတို့နဲ့ အလွန်ပူအိုက်တဲ့ သံသရာကြီးဟာ အလွန်ပူတဲ့ နွေရာသီကြီးနဲ့ တူတယ်။

စက္ခုသမ္ဖဿဇာ ဝေဒနာစတဲ့ သုခသမ္ဖဿ ချမ်းသာတဲ့ တွေ့ထိမှု၊ ချမ်းသာတဲ့ခံစားမှု အဲဒီ(၆)မျိုးက ဘာနဲ့တူသလဲ ဆိုရင်တော့ နွေရာသီမှာ လေအေးအေးလေး၊ ရေအေးအေးလေးနဲ့ စပ်ပြီးတော့ ရရှိတဲ့သုခဝေဒနာနဲ့ တူတယ်။ အခုခေတ်မှာ ဆိုရင်တော့ ပန်ကာလေတွေ၊ ဘာတွေ မပူလို့ရအောင်လုပ်တာ။ အဲယားကွန်းတို့၊ ဘာတို့ တပ်တာ။ အဲဒါမျိုးပေါ့။ အဲဒီကလဲ အဆောက် အအုံရှိရတယ်။ အဲဒီ အဆောက် အအုံက ဘာလဲလို့ဆိုတော့ ဘုံနန်းတိုက်အိမ် သားမယား စတဲ့ ဣဋ္ဌာရုံ အစုဟာ အဆောက်အအုံတွေနဲ့ တူတယ်။

**မီးပုံဖော်တဲ့ပုဏ္ဏား**

**"အရည်းသူမြတ် ပရမတ်ကို ချန်လှပ်ထား၍ အများ လောက ရှိသမျှတို့ ဒုက္ခပွားမှု များစွာပြုသည် သုခဝေဒနာ**

http://www.dhammadownload.com



**စွမ်းရည်တည်း"** သုခဝေဒနာရဲ့ စွမ်းရည်ဟာ အင်မတန်ကြီးကျယ်ပါတယ်။ ဥပမာဆိုရရင် မီးပူဖော်တဲ့ ပုဏ္ဏားမျိုးရှိပါတယ်။ မီးပူဖော်တဲ့ ပုဏ္ဏားမျိုးတွေဟာ သူတို့ကလေးတစ်ယောက် မွေးဖွားလာကတည်းက မီးဖိုလေးထားပါရှိလာတယ်။ သူနဲ့အတူ ဖွားဖက်မီးဆိုပြီးတော့။ အဲဒီ ဖွားဖက်မီးဆိုတဲ့ မီးဖိုလေးကို ဒီကလေးက မီးမငြိမ်းအောင် လောင်စာထည့် မီးမှုတ်ပြီး မွေးပြီးထားရတယ်။ အဲဒါ တစ်သက်လုံး မီးမငြိမ်းအောင်ထားနိုင်ရင် ဗြဟ္မာ့ပြည် ရောက်တယ်လို့ ယူဆကြတယ်။ အဲဒီလို ယူဆကြတော့ ငယ်တဲ့အခါမှာ မိဘများက မီးမသေအောင် မွေးပေးကြတယ်။ အရွယ်ရောက်လာတဲ့အခါ မိဘများက ဘာပြောသလဲ ဆိုတော့ "မင်းအရွယ်ရောက်ပြီ။ လူ့လောကမှာ အိုးအိမ်ပြုပြီးတော့ လူလိုနေမလား။ သို့မဟုတ် ဒီမီးကိုပဲ လုပ်ကျွေးပြီးတော့ သေတဲ့နောက်တော့ ဗြဟ္မာ့ပြည်ရောက်တဲ့လမ်းကိုပဲ လိုက်မလားလို့ မေးကြတယ်။ "သူတော့ ဒီမီးကို ပြုစုလုပ်ကျွေးပြီး သေတဲ့အခါ ဗြဟ္မာ့ပြည် သွားပါမယ် ဆိုပြီး ထင်းပေါ၊ ရေပေါတဲ့နေရာ၊ လောင်စာပေါတဲ့ နေရာသွားပြီး မီးကို လုပ်ကျွေးဖို့ ရသေ့ဝတ်ပြီးနေတယ်။ ဖွားဖက်မီးလေး မသေအောင်ပေါ့။

ဖွားဖက်မီးလေး မသေအောင်ဆိုတော့ မီးအိုးကင်းလေးထဲမှာ မီးလေးထည့်။ မီးမှုတ်တဲ့ ပြောင်းနဲ့ မှုတ်မှုတ်ပေးရမယ်။ မှုတ်မှုတ်ပေးတဲ့ အခါကျမှ ဒီမီးတောက်က တောက်တာ။ အဲဒီတော့ ထင်းတို့၊ ဘာတို့ လောင်စာတွေထည့် နေရတယ်။ ဒီပုဏ္ဏားလေးဟာ ရသေ့ပြုပြီး ဖွားဖက်မီးလေး လုပ်ကျွေးလိုက်တာ။ အဲဒီမီးလေး သေမှာစိုးလို့ တစ်သက်တာကာလပတ်လုံး မီးအိုးကင်းထဲမှာ မီးထည့်ပြီး မီးမှုတ်ပြောင်းနဲ့ မီးမှုတ်၊ မီးတောက်လာတယ်။ ငြိမ်းသွားရင် ထင်းထပ်ထည့်ရတယ်။ အဲဒီအတိုင်းပါပဲ ဘုန်းကြီးတို့ဟာလဲ စက္ခုသမ္ဖဿဇာဝေဒနာ၊ မျက်စိ အတွေ့ကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားချက်တစ်မျိုး။ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ အတွေ့ကြောင့်ဖြစ်တဲ့ ခံစားချက် အားလုံး (၆)မျိုး။

http://www.dhammadownload.com



"မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်"က ဘာနဲ့တူသလဲဆိုတော့ မီးအိုးကင်းနဲ့တူတယ်။ အဲဒီ မီးအိုးကင်းပေါ်မှာ မှုတ်ပြီးတော့ ပေးနေတဲ့ မီးအိုးကင်းထဲ မီးမငြိမ်းအောင် မှုတ်ပြီးပေးနေတဲ့ မီးပြောင်းက "ဖဿ(၆)မျိုးနဲ့ တူတယ်"။

**"စက္ခုသမ္ဖဿ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောသမ္ဖဿ"**

အဲဒီလို မီးမှုတ်တဲ့ပြောင်းကလေးနဲ့ မှုတ်ပေးနိုင်မှ သုခဝေဒနာ၊ **"စက္ခုသမ္ဖဿဇာသုခဝေဒနာ၊ သောတသမ္ဖဿဇာ သုခဝေဒနာ၊ ဃာနသမ္ဖဿဇာသုခဝေဒနာ၊ ဇိဝှါသမ္ဖဿဇာသုခဝေဒနာ၊ ကာယသမ္ဖဿဇာသုခဝေဒနာ၊ မနောသမ္ဖဿဇာသုခဝေဒနာ"**

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်မှာ ချမ်းသာတဲ့ ခံစားချက်တွေဖြစ်ပေါ်မှာ။ အဲဒါက မီးတောက်နဲ့တူတယ်။ ဘုံ၊ နန်း၊ ဗိမာန်၊ သား၊ မယားစတဲ့ အချက်အလက်တွေဟာ ဘာနဲ့တူသလဲဆိုတော့ ထင်းပေါက်ကလေးတွေစတဲ့ လောင်စာတွေနဲ့တူတယ်။ အဲဒါကြောင့်မို့ မီးပူဇော်တဲ့ ပုဏ္ဏားလိုပဲ။ မီးပူဇော်တဲ့ ပုဏ္ဏားဟာ ဖွားဖက်မီးလေးကို မငြိမ်းအောင် တစ်ခါထဲ မီးတောက်နေအောင် မှုတ်နေရတယ်။ မီးပြောင်းနဲ့ မှုတ်နေရတယ်။ နောက်ထင်းတွေ ဘာတွေလဲစုနေရတာ။

**"အရည်းသူမြတ် ပရမတ်ကို ချန်လှပ်ထား၍ အများလောက ရှိသမျှတို့ ဒုက္ခပွားမှု များစွာပြုသည် သုခဝေဒနာ စွမ်းရည်တည်း"**။ နေ့စဉ်နေ့တိုင်း ရှာကြ၊ ဖွေကြ အားလုံးလုပ်ကြ၊ ကိုင်ကြတာမှန်သမျှ ချမ်းသာဖို့ပဲ။ သုခဝေဒနာ ခံစားဖို့အတွက် ဣဋ္ဌာရုံတွေ ရှာကြရတယ်။ အဲဒီ ဣဋ္ဌာရုံကလဲ အနိစ္စသဘောမမြဲတဲ့ သဘော ဖြစ်တဲ့အခါ ပဋိစ္စသမုပ္ပါဒ်သဘောကိုး။ ပဋိစ္စသမုပ္ပါဒ်ဆိုတော့ သူ့ရဲ့ဣဋ္ဌာရုံနဲ့ တွေ့ဖို့အကြောင်းတွေ ဖန်တီးကြရတယ်။ ဒါကြောင့် ဖဿ(၆)မျိုးကြောင့် ဝေဒနာ(၆)မျိုး ဖြစ်တယ်လို့ မြတ်စွာဘုရားက

http://www.dhammadownload.com



ဟောတယ်။ အဲဒီဝေဒနာ (၆)မျိုးမှာ သုခဝေဒနာဟာ အင်မတန် စွမ်းရည်ကြီးမားတယ်။ ဒါကြောင့်မို့ ဒီဘဝကနေ နောက်ဘဝ ကောင်းအောင် ကြိုတင်ပြီး ဒါနပြုရ၊ သီလပြုရ၊ ကသိုဏ်းဘာဝနာများ ပွားများရတဲ့ ဒုက္ခတွေဟာလဲ အများကြီးပဲ။ အဲဒါလဲ ချမ်းသာအတွက်ပါပဲ။

**ဝေဒနာတစ်လုံး**

ဒါကြောင့် ဒီဝေဒနာနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက အနတ္တလက္ခဏသုတ္တန်မှာ **"ဝေဒနာ အနတ္တာ"** ရဟန်းတို့ ဝေဒနာဟာ အတ္တမဟုတ်ဘူး။ အစိုးမရဘူး။ အကယ်၍များ ဝေဒနာခံစား စံစားချက်ဟာ အတ္တဖြစ်မယ်ဆိုလို့ရှိရင် **"နယိဒံဝေဒနာ အဗာဓာယ သံဝတ္တေယျ"** အဲဒီဝေဒနာ အဆိုးဝေဒနာဘယ်ဖြစ်မလဲ။

**"ယသ္မာစခေါဘိက္ခဝေ ဝေဒနာအနတ္တာ၊**
**တသ္မာဝေဒနာ အာဗာဓာယသံဝတ္တတိ"**

ဝေဒနာအစိုးမရတဲ့ အတွက်ကြောင့်မို့ အဆိုးဝေဒနာတွေ၊ "ခြောက်သွေ့၊ နွမ်းညှိုး၊ နှလုံးဆိုး၍၊ အခိုးလူလူ၊ ပွက်ပွက်ဆူမျှ ပူပူပင်ပင် မရှင်မလန်း၊ စိတ်ကုန်ခမ်း၏"လို့ ဒီလိုဝေဒနာတွေဖြစ်တာပေါ့၊ ဆက်ပြီးတော့- **"ဝေဒနာ နိစ္စာဝါအနိစ္စာဝါတိ"**= ရဟန်းတို့ ခံစား စံစားချက်များဟာ မြဲသလား၊ မမြဲဘူးလား"လို့ မေးတော်မူတော့၊ ရဟန်းတော်များက **"အနိစ္စာဘန္တေ"**= မမြဲပါဘုရား"။

**"ယံပနာနိစ္စံ ဒုက္ခံဝါတံသုခံဝါတိ"**= အဲဒီ မမြဲတဲ့ဝေဒနာဟာ ချမ်းသာလို့ပြောမလား၊ ဆင်းရဲလို့ပြောမလား"ဆိုတော့ **"ဒုက္ခံဘန္တေ"**= ဆင်းရဲလို့ပြောရမှာပါဘုရား"။

**"ယံပနာနိစ္စံဒုက္ခံဝိပရိဏာမဓမ္မံ၊ ကလ္လံနုတံသမနုပဿိတုံ၊ ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေအတ္တာတိ၊ နောဟေတံဘန္တေ"**= ရဟန်းတို့ မြဲလဲ မမြဲ၊ ဆင်းလဲဆင်းရဲတဲ့ ဖေါက်လွဲဖေါက်ပြန် ဖြစ်တတ်တဲ့ ဝေဒနာကို၊ **"ဧတံမမ"**= ဒီခံစား စံစားမှုသည် ငါရဲ့ခံစားမှုပဲ"။

18(A)

http://www.dhammadownload.com



**"ဧသောဟ မသ္မိ**= ဒီခံစား စံစားမှုဟာ ငါပဲ"။

**"ဧသောမေအတ္တာ**= ဒီခံစား စံစားမှုဟာ ငါရဲ့အတ္တပဲလို့ ဒီလို ရောင်ရောင်မှားမှား ယူဆလို့ရှုမြင်လို့တော်မလားလို့ မေးတဲ့အခါ"၊ **"နောဟေတံဘန္တေ**= ဘယ်လိုမှမသင့်တော်ပါဘူး ဘုရား"လို့ ရဟန်းတော်များက လျှောက်ကြတယ်။

မြတ်စွာဘုရားက- **"ယာကာစိဝေဒနာ အတီတာနာဂတ ပစ္စုပ္ပန္နာ"** အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်မှာ ဖြစ်တဲ့ခံစား စံစားမှုတွေ အားလုံး။

**အဇ္ဈတ္တာဝါ ဗဟိဒ္ဓါဝါ**= မိမိသန္တာန်မှာဖြစ်တဲ့ ခံစားချက် စံစားချက်တွေ သူတစ်ပါးသန္တာန်မှာ ဖြစ်တဲ့ ခံစား စံစားချက်တွေ၊ **ဩဠာရိကာဝါ သုခုမာဝါ**= ကြမ်းတမ်း၊ နူးညံ့တဲ့ခံစားချက် စံစားချက်တွေ၊ **ဟီနာဝါပဏီတာဝါ**= ယုတ်ညံ့တဲ့ ခံစားစံစားမှု၊ မြင့်မြတ်တဲ့ခံစား စံစားမှုတွေ၊ အထက်တန်းကျတဲ့ ခံစားချက် ခံစားချက် အားလုံး၊ **ယာဒူရေဝါ သန္တိကေဝါ**= အနီးအဝေးမှာ ရှိကြတဲ့ ခံစားချက် စံစားချက်အားလုံးဟာ၊ **နေတံမမ နေသောဟမသ္မိ နမေသော အတ္တာတိ ယထာဘူတံ သမ္မပညာယဒဋ္ဌဗ္ဗံ** = အဲဒီခံစားချက်တွေ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်၊ အတွင်းအပြင်၊ အနီးအဝေး၊ အကြမ်း၊ အနု၊ အယုတ်အမြတ် ခံစားချက် စံစားချက်တွေ အားလုံးဟာ၊ **နေတံမမ**= အဲဒီခံစား စံစားချက်ဟာ ငါရဲ့ခံစား၊ စံစားချက် မဟုတ်ဘူး။ **နေသောဟမသ္မိ**= အဲဒီ ခံစား စံစားချက်ဟာ ငါမဟုတ်ဘူး။ **နမေသောအတ္တာ**= အဲဒီ ခံစား၊ ခံစားချက် ငါရဲ့အနှစ်သာရ အတ္တမဟုတ်ဘူးလို့။

အဲဒီလို ဝေဒနာနဲ့ပတ်သက်လို့ သမ္မသနဉာဏ်၊ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ **အနတ္တဉာဏ်** မြင်လာတဲ့အခါ **"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ဝေဒနာယပိနိဗ္ဗိန္ဒတိ"** အဲဒီလို မြင်လာတဲ့ အခါ အမြင်မှန်ရှိလာတယ်။ မမြဲဘူး ဆင်းရဲတဲ့အခြေအနေ မပိုင်မစိုး အတ္တမဟုတ်တဲ့ အခြေအနေကို မြင်သိပြီးလာတဲ့အခါ ဒီဝေဒနာ

http://www.dhammadownload.com



အပေါ်မှာ ငြီးငွေ့တဲ့ဉာဏ် ဖြစ်တယ်။ နိဗ္ဗိန္ဒံဝိရဇ္ဇတိ= ငြီးငွေ့လို့ ရှိရင် တပ်မက်မှုကင်းတယ်။ ဝိရာဂါ ဝိမုစ္စတိ= တပ်မက်မှု မက်မောမှု ကင်းတော့ ကိလေသာမှ လွတ်ကင်းတဲ့ မဂ်ဉာဏ်ဖြစ်တယ်။ တပ်မက်မှု ကင်းတဲ့ မဂ်ဉာဏ်ဖြစ်တယ်။ တပ်မက်မှုကင်းတော့ ကိလေသာမှ လွတ်မြောက်တဲ့ ဖိုလ်ဉာဏ်ဖြစ်တယ်။ ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ် လာတယ်။

**ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ။**

လွတ်မြောက်တဲ့အခါကျတော့၊ ခီဏာဇာတိ= ဘဝပဋိသန္ဓေ ကုန်ပြီ။ ဝုသိတံ ဗြဟ္မစရိယံ= မြတ်တဲ့အကျင့်ကို ကျင့်ပြီးပြီ။ ကတံ ကရဏီယံ= ပြုဖွယ်ကိစ္စလဲပြုပြီးပြီ။ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ= ပြုဖွယ်ကိစ္စ မရှိဘူးလို့သိနိုင်တဲ့ ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာနိုင် တယ်လို့။ ဝေဒနာတစ်လုံးကို အခြေခံပြီးတော့ မြတ်စွာဘုရား အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရောက်အောင် ပို့သွားတဲ့ အစဉ်အလာ တရားစကားရှိတယ်။

**ဣမသ္မိံစပန ဝေယျာကရဏသ္မိံ အနုပါဒါယ**
**အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။**

ဒီစကားက အားလုံးအာသဝေါ ကင်းကွာ ရဟန္တာဖြစ်ကြတယ်။ ရုပ်ကမ္မဋ္ဌာန်း ခန္ဓာငါးပါးမှာ ရူပက္ခန္ဓာနဲ့ ပတ်သက်တဲ့ ကမ္မဋ္ဌာန်း၊ ဝေဒနာက္ခန္ဓာနဲ့ ပတ်သက်တဲ့ ကမ္မဋ္ဌာန်း၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်နဲ့ ပတ်သက်တဲ့ ကမ္မဋ္ဌာန်းတရားတွေကို ပဥ္စဝဂ္ဂီအရှင်မြတ်တွေ နာကြားရရုံနဲ့ အရိယာစခန်း တက်လှမ်းသွားကြတယ်။

ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၉၂ နှစ်ကကိုး။ မြတ်စွာဘုရားနဲ့ တွေ့ကြ၊ ကြုံကြ၊ ဆုံကြပြီး မထေရ်မြတ်ကြီးများက ကံကြောင့်ဖြစ်တဲ့ ဇာတိဉာဏ်လဲရှိတယ်။ သမာဓိကြောင့်ဖြစ်တဲ့ ဝိပဿနာဉာဏ်လဲ အင်အားကောင်းတယ်။ သမာဓိကြောင့်ဖြစ်တဲ့ ဝိပဿနာဉာဏ်က အင်အားကောင်းတဲ့အခါ သိနိုင်၊ မြင်နိုင်တဲ့ ဉာဏ်ထူး ဉာဏ်မြတ်တွေ ဟာလဲ ဖြစ်ပေါ်လာတယ်။ အဲဒီ အရှင်မြတ်ကြီးတွေက ဓမ္မစကြာ

http://www.dhammadownload.com



ဒေသနာတော် တရားကို တစ်ခါနာရုံနဲ့ သောတာပန်အားလုံး ဖြစ်ကြပြီးတဲ့နောက် အနတ္တလက္ခဏသုတ် ဒေသနာတော်ရောက်တဲ့အခါ အထက်မဂ်ဉာဏ် အဆင့်ဆင့်ရပြီး အရဟတ္တဖိုလ် ရောက်ရှိကြတယ်။ ဝေဒနာတစ်လုံးကို သဘောပေါက်ပြီး သွားရင်လဲပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိနိုင်ပါတယ်။ ဒါကြောင့်-

**ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ဝိဒိတွာ**"လို့ ဆိုတဲ့အတိုင်း ခံစား စံစားကြတဲ့ ဝေဒနာတို့ရဲ့ ဖြစ်ပုံ၊ ပျက်ပုံ သာယာဖွယ် အပြစ်အနာအဆာ ထွက်မြောက်ပုံ ထွက်မြောက်ကြောင်းတွေကို ကျကျနနသိပြီးတော့ မြင်ပြီး လက်တွေ့ မျက်တွေ့အားထုတ်ပြီး အရိယာစခန်း တက်လှမ်းနိုင်တယ်လို့ ဟောကြားတော်မူတဲ့ ဒေသနာတော်တွေရှိတဲ့ အတိုင်း (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်ကြတဲ့ ယောဂီသူတော်စင်များလဲ ဤဝေဒနာ (၆)မျိုး (တစ်နည်းအားဖြင့်) ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာ(၆)မျိုး၊

အဲဒီဝေဒနာရဲ့ သဘောသဘာဝ၊ ဝေဒနာရဲ့ဖြစ်ပုံ၊ ပျက်ပုံ၊ ဝေဒနာရဲ့အပြစ်အနာအဆာ ဝေဒနာရဲ့သာယာဖွယ်၊ ဝေဒနာမှ ထွက်မြောက်ပုံ လမ်းစဉ်တို့ကို ကျကျနန သိမြင်ပြီးတော့ အရိယာစခန်း တက်လှမ်းနိုင်ကြပါစေသတည်းလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ မွေးနေ့ဓမ္မဒါန တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**ဝေဒနာကြောင့်တဏှာ**

ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ ဝါခေါင်လပြည့်ကျော် (၇)ရက်၊ (၉-၈-၂၀၀၃) အင်္ဂါနေ့။

ယနေ့ လယ်တီဝိပဿနာ (၆၂)ကြိမ်မြောက် (၇)ရက်တရားစခန်းမှာ ဝင်ရောက်ပြီး သမထဘာဝနာ ကမ္မဋ္ဌာန်း၊ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့ မနက်ဖြန်ဆိုရင် (၆၂)ကြိမ်မြောက် (၇)ရက် တရားစခန်း အောင်ပွဲသဘင် ဆင်ယင်ကျင်းပနိုင်တော့မှာပါပဲ။ ဘုန်းကြီးတို့ ဒီ(၆၂)ကြိမ်မြောက် တရားစခန်းမှာ ဒိဋ္ဌိ (၆၂)ပါးကို အကျယ်အားဖြင့် ခွဲခြားဝေဖန်ပြီး ဟောတော်မူခဲ့တဲ့ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်ကြီးကို ဟောခဲ့ပါတယ်။

မြန်မာပြည်၊ သထုံသာသနာတော်ရဲ့အစ သထုံသာသနာတော် စတင်တဲ့ ဒေသနာတော်မြတ်ကြီး။ အရှင်သောဏ၊ အရှင်ဥတ္တရ မထေရ်မြတ်ကြီးတို့ ဤတရားနဲ့ပဲ သာသနာပြုတရားအနေနဲ့ ဒီဗြဟ္မဇာလ သုတ္တန် ဒေသနာတော်မြတ် အစဆုံးဟောတော်မူခဲ့တယ်။ ဒီထဲမှာ ဒိဋ္ဌိ(၆၂)ပါး။ ဒိဋ္ဌိ(၆၂)ပါးက လွတ်မြောက်ပုံကို ဖဿ (၆)မျိုး၊ ဝေဒနာ (၆)မျိုးလို့ ဆိုပြီးတော့ အဲဒီ တရားတွေကို ကျင့်စဉ်အနေအားဖြင့် ဒီဒိဋ္ဌိ(၆၂)ပါးက လွတ်လိုတဲ့ပုဂ္ဂိုလ်တွေဟာ ဒီအကျင့်လေးတွေကို ဒီတရားနည်းတွေကို အားထုတ်ရမယ်လို့ ညွှန်းပြထားတော်မူတဲ့အတိုင်း ဘုန်းကြီးတို့ ပစ္စုပ္ပန်ဘဝမှာ လူလို့သတ်မှတ်ပြီးတော့ နေကြတဲ့ နေ့စဉ် နေ့စဉ် တွေ့ကြုံပြီးတော့ နေကြတဲ့တရားတွေပါပဲ။ အဲဒီတရားတွေကို တဖြည်းဖြည်းချင်း၊ တဖြည်းဖြည်းချင်း ဟောလာတာ ယနေ့တော့ **"ဝေဒနာပစ္စယာ တဏှာ"** ဆိုတဲ့အပိုင်း ရောက်လာပြီ။

ဝေဒနာပစ္စယာ ခံစားခြင်း စံစားခြင်းဟူသောအကြောင်းကြောင့် တဏှာ(၆)ပါးသော တဏှာသည် ဖြစ်တတ်၏။ အဲဒီဝေဒနာကလဲ စက္ခုသမ္ဖဿဇာဝေဒနာ= မျက်စိအတွေ့ကြောင့် ဖြစ်ပေါ်လာတဲ့ဝေဒနာ၊

http://www.dhammadownload.com



သောတသမ္ဖဿဇာဝေဒနာ= နားအတွေ့ကြောင့် ဖြစ်တဲ့ဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ= နှာခေါင်းအတွေ့ကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ= လျှာအတွေ့ကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ= ကိုယ်အတွေ့ကြောင့် ဖြစ်ပေါ် လာတဲ့ဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ= စိတ်အတွေ့ကြောင့် ဖြစ်ပေါ် လာတဲ့ဝေဒနာလို့ ဝေဒနာ(၆)မျိုး။

အဲဒီလို ဝေဒနာ(၆)မျိုး ဖြစ်ပေါ်လာတဲ့အခါ တဏှာ(၆)မျိုး ဖြစ်တယ်။ တဏှာဆိုတာ "သာယာတပ်မက်စွဲလမ်းချက် ဖွဲ့ယှက်တဏှာ မည်" သာယာတာကို တဏှာလို့ခေါ်တယ်။ စွဲလမ်းတာ ဖွဲ့ယှက်တာ တဏှာလို့ခေါ်တယ်။ အဲဒီတဏှာက (၆)မျိုး၊ ဘာလဲလို့ ဆိုတော့ ရူပတဏှာ= အဆင်းမျိုးစုံအပေါ်မှာ တပ်မက်စွဲလန်းတယ်။ သဒ္ဒတဏှာ= အသံမျိုးစုံအပေါ်မှာ တပ်မက်စွဲလန်းတယ်။ ဂန္ဓတဏှာ= အနံ့မျိုးစုံ အပေါ်မှာ တပ်မက်စွဲလန်းတယ်။ ရသတဏှာ= ရသာမျိုးစုံ အပေါ်မှာ တပ်မက်စွဲလန်းတယ်။ ဖောဋ္ဌဗ္ဗတဏှာ= အတွေ့အထိမျိုးစုံ အပေါ်မှာ တပ်မက်စွဲလန်းတယ်။ ဓမ္မတဏှာ= အာရုံငါးပါးအပေါ် တပ်မက် စွဲလမ်းခြင်းမှတစ်ပါး ကျန်တာအားလုံးအပေါ် တပ်မက်တဲ့တဏှာ။ အဲဒီလို ခြောက်မျိုး ခြောက်မျိုးစီ ဖြာထွက်လာတာကိုး။

အဲဒီ(၆)မျိုးထဲက အတွင်းမှာ စက္ခုပသာဒ၊ မျက်စိအကြည်၊ အပြင်ကအဆင်းရူပါရုံတို့ ထိခိုက်တဲ့အခါ ဘာဖြစ်ပေါ်လာသလဲ။ စက္ခုဝိညာဏ် မြင်သိစိတ်ဖြစ်ပေါ်တယ်။ မြင်တာက ရုပ်ရဲ့အလုပ်၊ သိတာက နာမ်ရဲ့အလုပ်၊ စက္ခုဝိညာဏ် မြင်သိစိတ်ဖြစ်ပေါ်တော့ စက္ခုသမ္ဖဿ။ စက္ခုပသာဒနဲ့ ရူပါရုံနဲ့ ထိခိုက်တဲ့အခါ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ စက္ခုသမ္ဖဿကြောင့် ဖြစ်တဲ့ဝေဒနာ။

အဲဒီလိုဝေဒနာခံစားမှု ရှိတဲ့အခါ အဆင်းမျိုးစုံ ရူပါရုံကို တပ်မက်တဲ့တဏှာ ဖြစ်ပေါ်တယ်။ ဒီဝေဒနာအခိုက်မှာပဲ သဒ္ဓါတရား ယောနိသောမနသိကာရ အသုံးချပြီး ဝေဒနာရဲ့သဘောသဘာဝကို

http://www.dhammadownload.com



မြတ်စွာဘုရား ပေးသနားတော်မူတဲ့နည်းနဲ့၊ ဝိပဿနာနည်းနဲ့ ရှုပွားလိုက်တဲ့အခါမှာ ဝေဒနာကနေ တဏှာမဖြစ်တော့ပဲ ဝိပဿနာ ဉာဏ်အမြင်နဲ့ အဲဒီမှာ ဝေဒနာကို စခန်းသိမ်းစေနိုင်ပါတယ်။

တဏှာမဖြစ်အောင် ဝေဒနာရဲ့ သဘောမှန်ကို များများရှုကြ ရတယ်။ အဲဒီတော့ သစ္စာနည်းနဲ့ပြောမယ်ဆိုလို့ရှိရင် ပြောခဲ့တဲ့ အတွင်း အာယတန (၆)မျိုး၊ အပြင်အာယတန(၆)မျိုး။ တစ်နည်းအားဖြင့် ဝတ္ထု(၆)မျိုး၊ အာရုံ(၆)မျိုး၊ ဖဿ(၆)မျိုး၊ ဝေဒနာ(၆)မျိုး၊ တဏှာ(၆)မျိုး ဖြစ်ပေါ်နေတာတွေ အားလုံးကို ခြုံပြီးကြည့်ရင် ဘာတွေလဲလို့ဆိုတော့ တဏှာမှတစ်ပါး ကျန်တာတွေအားလုံးသည် ဒုက္ခသစ္စာတွေပဲ။ တဏှာ သည် သမုဒယသစ္စာလို့ ဒီလိုမြင်ရမှာ။ အဲဒီတော့ သတ္တဝါတို့သန္တာန်မှာ များများဖြစ်နေတဲ့ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ လျှက်တယ်၊ ထိတယ်၊ သိတယ် အားလုံးဒုက္ခတွေချည်းပဲ။

ဒုက္ခတွေချည်းထဲ ဖြစ်ပေါ်နေတာ။ အဲဒီဒုက္ခဟာ ပရိညေယျ တရား၊ ပိုင်းခြားပြီးတော့ သိရမည့်တရား၊ ပိုင်းခြားပြီး သိရမည့် တရားတွေကို ပိုင်းပြီးခြားပြီး ကျကျနနသိအောင် တစ်ခု တစ်ခုကို ခွဲခြမ်းကြည့်။ ဥပမာ-ဝါယောဓာတ်ဆိုရင် ဝါယောဓာတ်ရဲ့ ဖြစ်ပေါ်ပုံ၊ ဝါယောဓါတ် ပျက်သွားပုံ၊ ဝါယောဓာတ်ရဲ့လှုပ်ရှားပုံ၊ တွန်းကန်ပုံ၊ ဝါယောဓာတ်ရဲ့ သဘာဝ။

အဲဒီလိုကြည့်တဲ့အခါကျတော့ သူ့သဘာဝအမှန်ကို မြင်နိုင်တာ။ ဒါကိုမြတ်စွာဘုရားက မြင်စေချင်တာပါ။ အဲဒီတော့ ဒီတရားတွေကို မြင်အောင်ကြည့်နေတာဟာ သမ္မာဒိဋ္ဌိပဲ။ "ဒုက္ခေဉာဏံ"တဲ့။ တရားတွေ ဟာ ဒုက္ခတွေ၊ ဒုက္ခတွေကို ဒုက္ခမှန်းသိအောင် ပြုကျင့်နေတာသည် သမ္မာဒိဋ္ဌိမဂ္ဂင်ပဲ။

အဲဒီတော့ ခြုံပြီးတော့ပြောမယ်ဆိုရင် မြင်သိစိတ်ကလေး ဖြစ်ပေါ်တယ်။ မြင်သိစိတ်ကလေး ဖြစ်ပေါ်တော့ "ငါမြင်တယ်" ဒီလို ယူဆနေကြတာကိုး။ မည်သူ့ကြောင့်မြင်သလဲ၊ ဒီမြင်သိစိတ်ကလေးကို

http://www.dhammadownload.com



ဘယ်သူကဖန်တီးလိုက်တာလဲ။ ဘယ်သူမှ ဖန်ဆင်းတာမဟုတ်ဘူးတဲ့ အကြောင်းအကျိုးဆက်စပ်တော့ ဒီမြင်သိစိတ် ဖြစ်ပေါ်လာတယ်။ ဒါမှ အမြင်မှန်။

စက္ခုပသာဒ မျက်စိအကြည်ဓာတ်ကလေးကလဲ ကောင်းမှ၊ အဆင်းအာရုံကလဲ ရှိဦးမှ၊ နှလုံးသွင်း ဆင်ခြင်မှုနဲ့ အလင်းရောင်လေးကလဲ ရဦးမှ၊ အဲဒီလိုဆိုမှ မြင်သိစိတ်ကလေးက ဖြစ်ပေါ်တယ်။ အကယ်၍ အမှောင်အမဲချည်းဆိုရင်လဲ မြင်သိစိတ် မဖြစ်နိုင်ဘူး။ စက္ခုပသာဒ မျက်စိအကြည်ဓာတ်ကလေးက ချို့နေမယ်ဆိုရင်လဲ မမြင်နိုင်ဘူး။ မြင်စရာဖြစ်တဲ့ အဆင်းမျိုးစုံကလဲ မရှိဘူးဆိုရင် မမြင်နိုင်ဘူး။ ဒီမြင်သိစိတ်ကလေး တစ်ခုပဲပြောမယ်ဆိုရင် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က မြင်သိစိတ်ကို ဖန်တီးပေးနေတာ မဟုတ်ဘူး။ စက္ခုပသာဒ မျက်စိအကြည်နဲ့ အဆင်းမျိုးစုံနဲ့ တွေ့ဆုံတဲ့အတွက်ကြောင့် မျက်သိစိတ် ဖြစ်နေတယ်။ ဖြစ်ပြီးတော့လဲ ဒီမြင်သိစိတ်ဟာ အကြောင်းကြောင့် ဖြစ်ပေါ်လာတာဆိုတော့ ကုန်ခမ်းတတ်တဲ့ သူကလဲ အနိစ္စဓာတ်မျိုး၊ အနိစ္စသဘောမျိုးရှိတယ်။

အလားတူပဲ ကြားသိစိတ်ကလေးလဲ ပဋိစ္စသမုပ္ပါဒ် အကြောင်းကြောင့် ဖြစ်ပေါ်တဲ့ သဘောတရားမျိုး။ ဒါကို ပဋိစ္စသမုပ္ပါဒ် ခေါ်တာပါ။ အကြောင်းကင်းပြီးတော့ ဖြစ်တယ်လို့ဆိုရင် မမှန်ဘူး။ ငါမြင်တယ်၊ ငါကြားတယ်၊ ငါသိတယ်၊ မြင်တာကို ငါပြုတယ်၊ ကြားတာကို ငါပြုတယ်။ ကြားတာသည် ငါဆိုတာမျိုးလို အဲဒီလိုဆိုရင် အမြင်ကမမှန်ဘူး။

အခုယောဂီသူတော်စင်များ အားထုတ်နေကြတာ အဲဒီ အမြင်မှားကို ကျော်လွှားပြီး အမြင်မှန်ရအောင် အားထုတ်နေကြတာပါပဲ။ ဒါကြောင့်မို့ ယနေ့ (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်း အောင်မြင်ကြပြီ။ အောင်မြင်ပြီဆိုတော့ စောစောက ဒကာကြီး ဦးလှကိုက မိမိတို့ရဲ့ ဆွေတွေမျိုးတွေကိုလဲ တရားအားထုတ်ဖို့ ညွှန်ကြားကြပါ၊ တိုက်တွန်းကြပါဆိုပြီး တိုက်တွန်းစကားပြောတယ်။

http://www.dhammadownload.com



သာမန်အားဖြင့် ကြည့်မယ်ဆိုရင် ဒကာကြီးဦးလှကိုက သူ့သဘောနဲ့သူ တိုက်တွန်းနေတယ်လို့ ထင်ကြရတယ်။ မဟုတ်ပါဘူး။ မြတ်စွာဘုရားက သစ္စသံယုတ်မှာ "ရဟန်းတို့ သင်တို့ဟာ သင်တို့ရဲ့ ဆွေတွေ မျိုးတွေကို ချစ်တယ်ဆိုရင် အမေကို ချစ်တယ်၊ အဖေကိုချစ်တယ်ဆိုရင် အမေ၊ အဖေ၊ အမိ၊ အမကို တကယ်တမ်း ချစ်တယ်ဆိုရင် ဒီသစ္စာတရားတွေကို သိအောင်အားထုတ်ခိုင်းပါတဲ့။

အားလုံး ယောဂီသူတော်စင်များလဲ ဆွေရယ်၊ မျိုးရယ်၊ အဖေရယ်၊ အမေရယ်၊ အမိရယ်၊ အမရယ် အစရှိသည်ဖြင့် ချစ်တဲ့ ခင်တဲ့စိတ်က ရှိနေကြတယ်။ ရှိနေတော့ ဘာလုပ်ခိုင်းရမလဲဆိုရင် ဒီအမှန်တရားတွေကို မြင်အောင်၊ ထင်အောင် အားထုတ်ခိုင်းရမယ်။ ဒီမှာပဲ အားထုတ်၊ အားထုတ်၊ အခြားမှာပဲ အားထုတ်၊ အားထုတ်၊ ဤဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့ လာပြီးတော့ တွေ့ကြုံ ဆုံစည်းပြီးတော့ နေကြတဲ့အခါမှာ မိမိလဲအားထုတ်ကြရမယ်။ ဆွေမျိုးတွေလဲ အားထုတ်ဖြစ်အောင် တိုက်တွန်းကြရမယ်။ အဲဒီလို တိုက်တွန်းခြင်းဖြင့် မိမိဟာ ဆွေကောင်း၊ မျိုးကောင်း ဖြစ်တယ်။

မိမိရဲ့ ဆွေကျိုး၊ မျိုးကျိုး လိုလားတယ်ဆိုရင် တိုက်တွန်း ပေးကြရမှာ။ ဒါသဘာဝပဲတဲ့။ ဘာကြောင့်လဲလို့ဆိုတော့ ဗုဒ္ဓဘုရားရှင် သာသနာတော်ကြီးက နှစ်ပေါင်း ၂၅၄၇ နှစ်ရှိပြီ။ သာသနာငါးထောင် ဆိုတဲ့နေရာမှာ ပဋိသမ္ဘိဒါ ပတ္တရဟန္တာ အရှင်မြတ်ကြီးတို့ အနေနဲ့ တစ်ထောင်၊ သုက္ခဝိပဿက ရဟန္တာတို့အနေနဲ့ တစ်ထောင်၊ အနာဂါမ် တစ်ထောင်၊ သကဒါဂါမ် တစ်ထောင်၊ သောတာပန်တို့အနေနဲ့ တစ်ထောင်။ သာသနာတော်ရဲ့ သက်တမ်းကို ကြည့်မယ်ဆိုရင် သာသနာ ၂၅၄၈ နှစ် ရှိပြီ။

ဓမ္မစကြာဒေသနာတော်ကြီး ဟောကြားခဲ့တာ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို ဆင်ခြင်ခဲ့တာဆိုရင် နှစ်ပေါင်း ၂၅၉၂ နှစ်တာ ကာလရောက်ခဲ့ပြီ။ ဘုန်းကြီးတို့တတွေ ပဋိစ္စသမုပ္ပါဒ်တရားတွေ

http://www.dhammadownload.com



မြင်ဖို့ခက်တယ်။ သိဖို့ခက်တယ်ဆိုတဲ့နေရာမှာ အကုန်လုံး ခြုံပြီးပြောရင် ကြည့်ရင် ပိုပြီးမှန်တယ်။ သို့သော်လဲ စောစောကပြောတဲ့ ဆဆက္ကသုတ္တန် ဒေသနာတော် မှာလာတဲ့ ဖဿ(၆)မျိုး၊ ဝေဒနာ (၆)မျိုး၊ ဝိညာဏ်(၆)မျိုး၊ တဏှာ(၆)မျိုး။ အဲဒီလို (၆)မျိုးတွေထဲမှာ ဝေဒနာကလဲ (၆)မျိုးရှိတယ်။ ချမ်းသာတယ်၊ ဆင်းရဲတယ်၊ လစ်လျူရှုတယ်။ အဲဒီတော့ တရား တစ်မျိုးမျိုးကို သဘောပေါက်သွားဖို့ အရေးကြီးပါတယ်။ အခုအားထုတ် ကြတဲ့အခါ ဟောတဲ့အခါမှာတော့ ဘုန်းကြီးတို့တော်တော် ပြည့်ပြည့် စုံစုံလေး ဟောကြရတာ။

အလုပ်လုပ်တဲ့အခါ ကမ္မဋ္ဌာနာစရိယများက အကုန်လုံး လိုက်ပြီးတော့ ပြောနေမှာ မဟုတ်ဘူး။ မိမိခန္ဓာကိုယ်မှာ ဖြစ်တဲ့ သဘော သဘာဝလေးကို သဘောပေါက်ရုံလေးပဲ ပြကြရတယ်။ တရားတစ်ခုခု သဘောပေါက်သွားရင်လဲ တရားရောက်တယ်၊ တရားရတယ် ခေါ်တာ ပါပဲ။ ခတ်လေးပါး ဆိုကြပါစို့။ ခတ်လေးပါးထဲက တစ်ပါးပါးကို သဘောပေါက်ပြီး အရိယာ၊ ရဟန္တာဖြစ်ကြတဲ့ အရေအတွက်က မြောက်များစွာရှိပါတယ်။ ဒါကြောင့် မိမိတို့သန္တာန်မှာ ဖြစ်နေတဲ့ ရုပ်ပရမတ်တရား၊ နာမ်ပရမတ်တရားတွေကို တစွန်းတစလေးပဲ သိသိ၊ ထို့ထက် မြောက်များစွာပဲသိသိ သိအောင်အားထုတ်ကြရတယ်။

အရေးအကြီးဆုံးက မိမိဉာဏ်နဲ့သိသွားဖို့က အရေးကြီးဆုံးပါပဲ။ ဒါကြောင့် ယနေ့ (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရား စခန်းပွဲမှာ ဘုန်းကြီးကလဲ အသက် (၆၂)နှစ်ပြည့်။ (၆၂)နှစ်ဆိုတော့ ဓမ္မဒါနပဲ ဦးစားပေးပြီးတော့ ဆောင်ရွက်တဲ့ အတိုင်း ဟောဒီစာအုပ်လေး တွေကတော့ တစ်နေ့က ဒကာမကြီး ခေါ်ချိုပြောသလိုပဲ။ ဘုန်းကြီး တပည့်တော် တိတ်ခွေနာပါတယ်။ တိတ်ခွေကသဘောမပေါက်ဘူး။ စာအုပ်ကြည့်တဲ့အခါကျမှ သဘောပေါက်တယ်။

ဒီစာအုပ်တွေက အထူးမဟုတ်ပါဘူး။ ဒီလယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ဟောကြားထားတဲ့တရားတွေပါပဲ။ အဲဒီ

http://www.dhammadownload.com



အားထုတ်တဲ့ တရားတော်တွေကို အခြေခံပြီး ဟောထားတဲ့ တရားတွေ ဖြစ်တဲ့အတွက် ဆက်လက်ပြီးတော့ မိမိတို့ရဲ့အသိဉာဏ်ကို ရင့်သန်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေသတည်းလို့ တိုက်တွန်းရင်း ဘုန်းကြီးရဲ့ဩဝါဒ တရားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လောဘကင်းစင် ဘုရားရှင် ဦးတင်ရှိခိုးပါ၏၊ ဒေါသကင်းစင် ဘုရားရှင် ဦးတင်ရှိခိုးပါ၏။ မောဟကင်းစင် ဘုရားရှင် ဦးတင်ရှိခိုးပါ၏။

ကမ္ဘာ့လူထုကြီးဟာ အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ နစ်မျောပြီးနေတော့ ကာမသုခလ္လိကာနုယောဂ အစွန်းတစ်ခု၊ မိမိကိုယ်ကို ပင်ပန်းအောင် ကျင့်တဲ့အတ္တ ကိလမထာနုယောဂ အစွန်းတစ်ခု၊ အဲဒီ ဝဲဘက်၊ ယာဘက် အစွန်းမှာပဲ နေကြ၊ ထိုင်ကြ၊ သွားလာကြတယ်။ အလယ်က လမ်းကောင်း အကျော်လမ်းမတော် (၈)မျိုး ဒီမြေပုံကြီး(၈)မျိုး ကိုတော့ မတွေ့ကြဘူး။ တွေ့တဲ့ပုဂ္ဂိုလ်တွေ နည်းနည်းလေးပဲ ရှိပါ သေးတယ်။

ကမ္ဘာမှာ လူဦးရေသန်းပေါင်း (၆၃၀၀)ကျော်ရှိတယ်။ ဒါတောင် နတ်လောက၊ အပါယ်လောကတွေ မပါသေးဘူး။ ဒီလမ်းလိုက်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်တွေ နည်းနည်းလေးပဲ။ အဲဒီလမ်းကောင်းအကျော် လမ်းမတော် ကိုလဲပဲ စောစောကပြောတဲ့ လောဘဓာတ်၊ ဒေါသဓာတ်၊ မောဟဓာတ် တွေ ထိုက်တန်သလောက် ကင်းစင်မှလိုက်နိုင်ပါတယ်။ နောက် ဂန္ထလေးပါးနဲ့ ပြောမယ်ဆိုရင် အဘိဇ္ဈာကာယဂန္ထ၊ လောဘပါပဲ။ အဲဒါလဲ လောဘကင်းစင်မှ အဘိဇ္ဈာကာယဂန္ထမှ လွတ်ကင်းနိုင်တယ်။ ဗျာပါဒကာယဂန္ထ ဒေါသကင်းစင်မှ လွတ်ကင်းနိုင်တယ်။ သီလဗ္ဗတပရာ မာသကာယဂန္ထ၊ အတ္တာဝါဒုပါဒါခေါ်တဲ့ ဒိဋ္ဌိနဲ့ပတ်သက်တဲ့ ဂန္ထနှစ်ခုလဲ မောဟကင်းစင်မှ လွတ်ကင်းနိုင်တယ်။

သတိပဋ္ဌာန်နဲ့စကားပြောရင် လောဘကင်းစင်မှ ကာယာနု ပဿနာသတိပဋ္ဌာန် အောင်အောင်မြင်မြင် ဖြစ်နိုင်ပါတယ်။ ဒေါသ ကင်းစင်မှ ဝေဒနာနုပဿနာ အောင်မြင်နိုင်ပါတယ်။ မောဟကင်းစင်မှ စိတ္တာနုပဿနာ ဓမ္မာနုပဿနာနှစ်ပါး အောင်မြင်နိုင်တယ်။ မိမိတို့ လုပ်ငန်းက လောဘ, ဒေါသ, မောဟ ကင်းစင်အောင် လုပ်နေတာ ဆိုတော့ တနည်းအားဖြင့်ပြောမယ်ဆိုရင် သတိပဋ္ဌာန်လေးပါးနဲ့ ပြည့်စုံ အောင် အားထုတ်နေတဲ့လုပ်ငန်းကြီးလို့ ဒီလိုမြင်ကြရမယ်။ လောကီ

http://www.dhammadownload.com



ရေးရာမှာလဲ ကျေးဇူးပြုသေးတယ်။ အဋ္ဌကထာဆရာကြီးများ ဖွင့်တာ သိပ်ပြည့်စုံတယ်။ ဘယ်လိုလောကီရေးရာမှာလဲ ကျေးဇူးပြုတယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ အလောဘောအာရောဂျာ ပစ္စယော ဟောတိ။ အလောဘော= လောဘ၏ဆန့်ကျင်ဘက် အလောဘစေတ် သည်၊ အရောဂျာ= အနာရောဂါကင်းရှင်းကွာ၍ ကျန်းမာခြင်းအား၊ ပစ္စယော= ကျေးဇူးပြုသည်၊ ဟောတိ= ဖြစ်၏။

အလောဘစေတ်ဟာ ကျန်းမာရေးအတွက်လဲ ကျေးဇူးပြုတယ်၊ လောဘကင်းတဲ့အတွက် ကျန်းမာနိုင်တယ်၊ ဘယ်လိုလဲလို့ မေးစရာ ရှိတယ်။ လောဘနည်းတဲ့ပုဂ္ဂိုလ်ကျတော့ တယ်မက်ဖွယ်တော့ ဟုတ်တယ်။ တပ်မက်ဖွယ် ဟုတ်သော်လဲ အသပ္ပါယခေါ်တဲ့ မိမိနဲ့ မသင့်တဲ့အစာ၊ မိမိနဲ့ မသင့်တဲ့အာရုံကို သုံးဆောင်ခြင်း မပြုဘူး။ သင့်တော်တဲ့ အစားအစာ အာရုံတွေ့တောင်မှ အတိုင်းအတာလေးနဲ့ သုံးဆောင်တယ်။ လောဘစေတ်ခံက အားနည်းတာကိုး။ လောဘစေတ်ခံ အား များပြီဆိုမှတော့ မိမိနဲ့မသင့်တဲ့ အစာမှန်းသိပါရဲ့။ သို့သော်လဲ ကြုံတုံးဆိုပြီးတော့ သေလောက်အောင် စားလိုက်တတ်တယ် ခံစား တတ်တယ်။ ဒါကြောင့် အလောဘစေတ်သည် ကျန်းမာခြင်းရဲ့ အကြောင်း ဖြစ်တယ်။

အဒေါသစေတ်သည် နုပျိုခြင်းရဲ့အကြောင်း ဖြစ်တယ်။ ဒေါသ ကြီးတဲ့ ပုဂ္ဂိုလ်များကတော့ ဒေါသဆိုတဲ့မီးက လောင်ကျွမ်းလွန်းလို့ ပါးရေ၊ နားရေတွေ အတွန့်မြန်လာတယ်။ အဒေါသစေတ်ရှိတဲ့ ပုဂ္ဂိုလ်များက အဲဒီဒေါသကြီးလို့ ပါးရေနားရေတွန့်တာဟာ နှေးတယ်၊ နည်းတယ်။ ဒါကြောင့် ဒေါသကင်းစင်တဲ့ ပုဂ္ဂိုလ်များ အရွယ်နုပျိုတယ်။ အမောဟ စေတ်ဟာ အသက်ရှည်ခြင်းအကြောင်းဖြစ်တယ်။ မတွေဝေပဲကိုး။ မတွေဝေတဲ့ပုဂ္ဂိုလ်များ အကျိုးရှိတာ၊ မရှိတာကိုလဲ တိုင်းထွာနိုင်တယ်။ မိမိအကျိုးစီးပွားဖြစ်မည့်ဟာကိုလဲ သိတယ်၊ မဖြစ်တာကိုလဲ သိတယ်။ ဒါကြောင့် အသက်ဉာဏ်စောင့်ပြီးသား ဖြစ်သွားတယ်။ အမောဟစေတ်က

http://www.dhammadownload.com



အသက်ကိုစောင့်တယ်။

"အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်" ဒီစကားဟာ **"အမောဟော ဒီဃာယုကတာယ ပစ္စယော ဟောတိ"** အမောဟ ခာတ်သည် အသက်ရှည်ဖို့ပါပဲ။ အမောဟခာတ် အသက်ရှည်ခြင်းရဲ့ အကြောင်းဖြစ်တယ်ဆိုတာနဲ့ အံကိုက်ဖြစ်တယ်။ ဒီအလောဘ၊ အဒေါသ၊ အမောဟ ခာတ်တွေဟာ လောကီရေးမှာလဲ ကျေးဇူးပြုကြတယ်။ မိမိတို့ တရားအားထုတ်နေပေမည့် လောကုတ္တရာအတွက်သာ မဟုတ်ဘူး။ တစ်နည်းအားဖြင့် ပြောအုံးမည်တဲ့။ အဋ္ဌကထာဆရာကြီးက **"အလောဘော ဘောဂသမ္ပတ္တိယာ"** အလောဘခာတ်ဟာ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံဖို့ ဖြစ်ပါတယ်။ အဒေါသခာတ်ဟာ မိတ်ကောင်း ဆွေကောင်းတွေနဲ့ ပြည့်စုံဖို့ဖြစ်တယ်။ အမောဟခာတ်ဟာ မိမိရဲ့အကျိုး စီးပွားများစွာ ပြည့်စုံခြင်းရဲ့ အကြောင်းဖြစ်တယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဒိဗ္ဗဝိဟာရ= နတ်တွေ နေသလို ဗြဟ္မဝိဟာရ= ဗြဟ္မာနေသလို၊ အရိယဝိဟာရ= အရိယာ နေသလို အဲဒီလိုနေချင်လို့ရှိရင် လောဘ၊ ဒေါသ၊ မောဟ ကင်းစင်အောင် အားထုတ်ကြ။ လောဘကင်းစင်တော့ နတ်များနေသလို နေနိုင်တယ်။ ဒေါသကင်းစင်တော့ ဗြဟ္မာများနေသလိုပဲ နေနိုင်တယ်။ မောဟကင်းစင် တော့ အရိယာများနေသလိုပဲ နေနိုင်တယ်။ အရိယာများ ဘယ်လို နေသလဲဆိုတော့-

**ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿနကမ္ပတိ၊**
**အသောကံ ဝိရဇံခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။**

လောကကြီးထဲမှာ လူရယ်လို့ဖြစ်လာတော့ လာဘော- အလာဘော၊ ယသော- အယသော၊ နိန္ဒာ- ပသံသာ၊ သုခံ- ဒုက္ခံ။ ရခြင်း, မရခြင်း၊ အခြံအရံများခြင်း, မများခြင်း၊ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း၊ ချမ်းသာခြင်း, ဆင်းရဲခြင်း။ အဲဒီတရားတွေဟာ လောကဓမ္မ၊ လောကထဲမှာ ဒီတရားတွေဟာရှိနေတယ်။ အဲဒီ တရားဆိုး၊ တရားပျက်

http://www.dhammadownload.com



တွေထဲက လူတိုင်းလိုချင်တဲ့ လောကဓံက လေးမျိုး။ မလိုချင်တဲ့ လောကဓံက လေးမျိုး။

မိမိလိုချင်တာက လာဘ- ယသ- ပသံသာ- သုခ၊ မလိုချင်တဲ့ လောကဓံက အလာဘ-အယသ-နိန္ဒာ-ဒုက္ခ။ အဲဒီထဲက မလိုချင်တဲ့ လောကဓံတွေက များများတိုက်တယ်။ အရိယာပုဂ္ဂိုလ်များကတော့ စိတ်မတုန်လှုပ်ဘူး။ အဲဒါ မင်္ဂလာပဲ။ မတုန်လှုပ်တော့ဘူး။ ဘုရားက သိနေလို့ အရိယာဝိဟာရ= အရိယာလိုနေချင်ရင် မောဟဓာတ် ကင်းအောင်၊ အမောဟဓာတ်ကိန်းအောင် လုပ်ကြ။ ဒါကြောင့် တစ်ချို့ ဆုတောင်းကြတယ်။ လောကဓမ္မေဟိ= ဖြစ်ကပျက်ကုန် တွေ့ကြုံကြရိုး တရားဆိုး တရားပျက်တို့သည်၊ ဖုသိတေ= တစ်နေ့မိ တစ်နေ့မိဖြင့် တွေ့ထိခံစားရသည်ရှိသော်၊ ယေန စိတ္တေန= မတည်တန့်နိုင် မခန့်ခိုင်လတ် အကြင်စိတ်ဓာတ်ကြောင့်၊ ကမ္ပတိ= တရားမမြင် နားမဝင်ပဲ အားအင်ယိန္ဒမ်း ပင်ပန်းတုန်လှုပ်ကြလေကုန်၏၊ တံစိတ္တံ= ထိုကဲ့သို့ လောကဓံတရားဆိုး တရားမျိုးတို့ကြောင့် ပင်ပန်းတုန်လှုပ်တတ်တဲ့ စိတ်ပျော့ စိတ်ညံ့မျိုးသည်၊ မာဟောတု= တပည့်တော်တို့ သန္တာန်၌ တရံတဆစ်မျှ မဖြစ်ပါစေသတည်း။

ဘယ်လိုပင် ဆုတောင်းသော်လဲ မောဟဓာတ် ကင်းရှင်းပြီး အမောဟဓာတ်ကိန်းမှ ဆုတောင်းပြည့်မှာ ဖြစ်ပါတယ်။

## ငြိမ်းချမ်းချင်ရင်

အရိယာတို့ကဲ့သို့နေချင်ရင် တရားအားထုတ်ကြရမှာပါပဲ။ နတ်များလိုနေချင်ရင်လဲ တရားအားထုတ်ကြရမှာပါ။ ဗြဟ္မာတွေလို နေချင်ရင်လဲ တရားအားထုတ်ကြရမှာပါပဲ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် လောကစကားတွေပါ။ လောကကြီးတစ်ခုလုံးဟာ ငြိမ်းချမ်းချင်တယ်၊ သူ့အသိုင်းဝိုင်း၊ ကိုယ့်အသိုင်းဝိုင်း၊ လျစ်လျူရှုထားတဲ့ အသိုင်းအဝိုင်း၊ အသိုင်းအဝိုင်း သုံးမျိုးရှိတယ်။ အလောဘဓာတ်

http://www.dhammadownload.com



ကိန်းဝပ်လို့ရှိရင် မိမိအသိုင်းအဝိုင်းမှာ၊ မိမိအသိုင်းအဝိုင်းဖြစ်တဲ့ သက်ရှိသက်မဲ့တွေနဲ့ ပတ်သက်ပြီးတော့ ငြိမ်းချမ်းတယ်။ မိမိအသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီးတော့ စိတ်မအေးရတာရယ်၊ သူတပါးအသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီးတော့ မငြိမ်းတာရယ်၊ လျစ်လျူရှုပြီးတော့ ကြားနေဝါဒ အသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီးတော့ စိတ်မအေးရတာရယ်၊ အဲ့ဒီတော့ ဒီတရားတော်က မိမိအသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီးတော့ ငြိမ်းချမ်းရေးရမယ်၊ ဆန့်ကျင်ဘက် အသိုင်းအဝိုင်းနဲ့ ပတ်သက်လို့လဲ အေးမယ်။

အလောဘဓာတ်ကိန်းမယ်ဆိုရင် မိမိအသိုင်းအဝိုင်းမှာ သေမှု၊ ကျေမှု တစ်စုံတစ်ခုဖြစ်တော့လဲ မိမိမှာ အလာဘဓာတ် ကိန်းဝပ်နေတော့ ငြိကပ်မှု၊ တွယ်တာမှုအားနည်းပြီး နေတယ်။ စိတ်ကလေးက ငြိမ်းချမ်းပြီးတော့၊ ငြိမ်းချမ်းပြီး နေပါတယ်။ သူတစ်ပါးဆန့်ကျင်ဘက် အသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီးတော့လဲ ဒေါသကင်းစင်ပြီး အဒေါသဓာတ် ကိန်းဝပ်မှသာလျှင် ငြိမ်းချမ်းမှာပါပဲ။ ဒေါသကင်းစင်တော့ ရန်သူတွေအပေါ်မှာလဲ ရန်သူဆိုတဲ့အမှတ်သညာ မရှိတော့ပဲကိုး။ ဒါကြောင့် ငြိမ်းချမ်းတာ။ လောကမှာ မိမိအသိုင်းအဝိုင်း၊ ဆန့်ကျင်ဘက် အသိုင်းအဝိုင်း၊ ကြားနေဝါဒအသိုင်းအဝိုင်း၊ ဒီအသိုင်းအဝိုင်း သုံးမျိုးပဲ ရှိတာထဲက မောဟကင်းစင်ရင် ကြားနေအသိုင်းအဝိုင်းမှာလဲ ငြိမ်းချမ်းမယ်။

လူတွေမငြိမ်းချမ်းကြတာဟာ မိမိတို့အသိုင်းအဝိုင်းနဲ့ပတ်သက်ပြီး မငြိမ်းချမ်းဘူး။ ဆန့်ကျင်ဘက်အသိုင်းအဝိုင်းနဲ့ပတ်သက်ပြီး မငြိမ်းချမ်းဘူး။ ကြားနေအသိုင်းအဝိုင်းနဲ့ပတ်သက်ပြီးတော့ မငြိမ်းချမ်းဘူး။ အဲဒါတွေ ငြိမ်းချမ်းဖို့ဆိုတာ အလောဘဓာတ်၊ အဒေါသဓာတ်၊ အမောဟဓာတ်တွေ ကိန်းဝပ်မှ ငြိမ်းချမ်းတယ်။ အားကုန်ကြိုးစားပြီး ငြိမ်းချမ်းရေး ရှာနေ ကြတာ။ ငွေသန်းပေါင်းများစွာ အကုန်ခံပြီးတော့ ရှာနေကြတယ်။ ဘုန်းကြီးတို့ ဗုဒ္ဓတရားတော်က ညွှန်ပြနေတာတွေ ရှိပါတယ်။ မိမိအသိုင်း

http://www.dhammadownload.com



အဝိုင်းမှာလဲ ငြိမ်းချမ်းရမယ်။ ဆန့်ကျင်ဘက် အသိုင်းအဝိုင်းမှာလဲ ငြိမ်းချမ်းရမယ်။

အခြားဘာသာကြီးတွေက သူတို့ဘာသာထဲမှာ အပြည့်အဝ ဒီလမ်းစဉ်တွေရှိပါတယ်လို့ မပြောကြ၊ မပြောနိုင်ကြပါဘူး။ ဘုန်းကြီးတို့ ဘာသာမှာ လောဘလျှော့တဲ့နည်း၊ ဒေါသလျှော့တဲ့နည်း၊ မောဟလျှော့တဲ့ နည်းတွေ ရှိပါတယ်။ သုံးစွဲကြပါဆိုတော့ ဒီလမ်းစဉ်လိုက်ပြီး သုံးစွဲဖို့က ခက်တယ်။ ဘာကြောင့်လဲ စောစောကပြောသလို လွယ်လွယ်မှ မဟုတ်ပဲနဲ့။ ကာယကံ၊ ဝစီကံ၊ မနောကံ စောင့်ထိန်းကြရတာ။ ဥပုသ်စောင့်တယ်ဆိုရင်လဲ အစာမစားပဲနဲ့ နေရတာကိုး။ မကြာသေး ခင်က အိမ်တစ်အိမ် ခဏဝင်တယ်။ အဲဒီအိမ်မှာ ဆွစ်ဇလန်သား အမျိုးသား တစ်ယောက်က ထမင်းစားနေတယ်။ သူ့အမျိုးသမီးကို လှမ်းပြောတယ်။ ထမင်းစားဖို့ ခေါ်လိုက်ပါဆိုတော့ အမျိုးသမီးက ပြန်ပြောတယ်။ ထမင်းမစားဘူး။ ညစာမစားဘူးဆိုတော့ ထမင်းနံ့၊ ဟင်းနံ့တွေ နံပါလိမ့်မယ်ဆိုပြီး နေရာပြောင်းသွားတယ်။ ပြီးတော့ ဘာပြောသလဲ ဆိုတော့ "ဩော်-သူ့ဟာသူ ရွေးထားတဲ့လမ်းစဉ်ပဲ" ညနေစာမစားတဲ့ လမ်းစဉ်ပဲ။ လမ်းစဉ်က ကောင်းတော့ ကောင်းတယ်။ ဒါပေမယ့် လိုက်နာဖို့က ခက်တယ်။ ဟောနေကြ တရားဆက်ကြ ရအောင်။

သုခဝေဒနာရဲ့စွမ်းအင်ကြောင့် ကောင်းကောင်းမွန်မွန် ရူပါရုံကို တွေ့ပြီဆိုတော့ အဲဒီအချိန်အခါမှာ အဲဒီ သုခဝေဒနာကို သာယာတဲ့ တဏှာက ရူပတဏှာ= အဆင်းမျိုးစုံ ရူပါရုံကို သာယာတဲ့တဏှာ၊ သဒ္ဒတဏှာ= အသံမျိုးစုံကို သာယာတဲ့တဏှာ၊ ဂန္ဓတဏှာ= အနံ့မျိုးစုံကို သာယာတဲ့တဏှာ၊ ရသတဏှာ= အရသာမျိုးစုံကို သာယာတဲ့တဏှာ၊ မက်မောတဲ့တဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ= အတွေ့မျိုးစုံကို သာယာမက်မောတဲ့ တဏှာ၊ ဓမ္မတဏှာ= အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိမှ တစ်ပါး ကြွင်းကျန်တာတွေအားလုံးဟာ ဓမ္မတဏှာ။



20 (A)

http://www.dhammadownload.com



အဲဒီလို တဏှာ(၆)မျိုး ပွားပြီးတော့လာတဲ့အခါ ဘယ်လို ပွားသလဲလို့ဆိုတော့ ခြောက်သွေ့နေတဲ့ ထမင်းပန်းကန်ထဲက ထမင်း ဆိုကြပါစို့။ အဲဒီ ခြောက်သွေ့နေတဲ့ ထမင်းကိုထောပတ်များ ဆမ်းလိုက်လို့ ရှိရင် ဒီထမင်းဟာ စိုပြီးတော့လာတယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ညှိုးနွမ်းနေတဲ့ ပဒုမ္မာ ကြာပန်းကို ရေအေးအေးလေးနဲ့ ဆွတ်ဖြန်းလိုက်ရင် လန်းဆန်းပြီးတော့ လာသလိုပဲ။ အဆင်းမျိုးစုံ ရူပါရုံလို တွေ့တဲ့အခါမှာ အဲဒီမြင်တဲ့အခါမှာ မျက်စိအရသာ မြိန်ယှက်မှု၊ ဆိမ့်အိမ့်မှုတွေ ဖြစ်လာတယ်။ ဖြစ်လာတဲ့ အခါ မျက်စိအရသာ ခံစားလိုတဲ့ တဏှာကလဲပဲ တစ်ခါထဲပါပြီးလာတယ်။ အဲဒီတော့ ထမင်းကိုတွယ်တာတာကို အကြောင်းပြုပြီးတော့ ဆန်ကိုလဲ တွယ်တာတယ်။ ဆန်ကိုတွယ်တာတာကို အကြောင်းပြုပြီးတော့ စပါး၊ စပါးကိုတွယ်တာတာကို အကြောင်းပြုပြီးတော့ လယ်ယာ၊ လယ်ယာကို တွယ်တာတာကို အကြောင်းပြုပြီးတော့ ထွန်၊ နွား အစရှိသည်ကို တွယ်တာရတော့တာပဲ။

အဲဒီလို တစ်ခုကနေပြီးတော့ တွယ်တာမှုတွေဟာ အဆရာ ထောင်များလာတယ်။ မနေ့ကတုန်းက မီးလုပ်ကျွေးတဲ့ ပုဏ္ဏားလို မွေးသမျှ မီးထင်းတွေဟာ မီးစာဖြစ်သလိုပဲတဲ့။ ဒီရှာဖွေရသမျှ ချမ်းသာသုခတွေ အားလုံးဟာ တဏှာဖို့ချည်း ဖြစ်တယ်။ ဒါကြောင့် **"သုခဝေဒနာ စွမ်းရည်ဖြာ၍ ရသာမြိန်ရွှန်း အစိမ့်မွှမ်းက သွန်းသွန်းဆူကြွ ထိုသုခ၌ ပိယဟူသား အချစ်ပွား၍ ခြောက်ပါးဝေဒနာ မြိန်ယှက် စွာကို လွယ်ခါမနေး လိုတိုင်းပေးသည့် သူဌေးရတနာ** ပမာ **အလား ကြင်မယားနှင့် ဝတ်စားရွှေငွေ လယ်မြေလုပ်ခင်း ထမင်း ဘောဇဉ် သဘင်ပွဲလမ်း အဆန်းဆန်းတည်း"**။

စကြာမင်းကြီးများ လိုအပ်တာကို သူဌေးရတနာကနေပြီး ဖြည့်ဆည်းပူးပေးနေသလို။ "ပမာအလား ကြင်မယားနှင့် ဝတ်စား ရွှေငွေ လယ်မြေလုပ်ခင်း ထမင်းဘောဇဉ် သဘင်ပွဲလမ်း အဆန်းဆန်းတည်း

http://www.dhammadownload.com



ပန်းမျိုးနှံ့သော အဖြာဖြာလျှင် ရူပါရမ္မဏ စသည်အပုံ ပဉ္စာရုံနှင့် (အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အတွေ့အထိမျိုးစုံ)၊ ခြောက်စုံဖသ၊ စက္ခုစသား၊ ဒွါရခြောက်မည်၊ အကြည်အလင် ကိုယ်တွင်းဓာတ်နှ၊ အစုစုလျှင်၊ ဗဟုဘေဒါ များပြားစွာသည် ဓမ္မာရမ္မဏ ကာမဝတ္ထုအစုအပုံ ခြောက်အာရုံ၌ (အာရုံခြောက်ပါးမှာ) ခုံတမင်မင် ခင်တများများ နေ့စဉ်ပွား၍"။

ဒါသတ္တဝါတို့ရဲ့ဖြစ်စဉ်ကို တရားသဘောအနေနဲ့ အကယ်၍ ရူပါရုံကို တွေ့လို့ ရူပါရုံကို ဝိပဿနာဉာဏ်ဖြင့် မရှုနိုင်ပါဘူးဆိုလျှင် "ခုံတမင်မင် ခင်တများများ နေ့စဉ် ပွား၍ တရားအချက် သဘောနက်ကို အိမ်မက်တွင်မှ မမြင်ကြပဲ"။ တရားသဘောလို အိမ်မက်ထဲတောင်မှ မမြင်ကြဘူး။ မြင်ဖို့မလွယ်ဘူး။ "ကာမထောင်တွင်း ခန္ဓာကင်းသည် ခြောက်သင်းတဏှာ စွမ်းရည်တည်း"

ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာခေါ်တဲ့ တဏှာ(၆)မျိုး၊ တွယ်တာမှု၊ သာယာမှု (၆)မျိုး။ အဲဒီတော့ ဝေဒနာအပိုင်းမှာ တော်တော်အရေးကြီးတယ်။ အဲဒီမှာ သိပ်ပြီးအရေးကြီးပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက "ဝေဒနာကမ္မဋ္ဌာန်း" ပေးပြီးတော့ အဲဒီ ဝေဒနာကမ္မဋ္ဌာန်းက လမ်းခွဲတာပါပဲ။ ဝေဒနာကို ဝေဒနာရဲ့ဖြစ်စဉ်၊ ဝေဒနာရဲ့ ဖြစ်ပုံ၊ ဝေဒနာရဲ့အပြစ်အနာအဆာ၊ ဝေဒနာရဲ့သာယာဖွယ်၊ ဝေဒနာက ထွက်မြောက်မှု၊ ဝေဒနာက ထွက်မြောက်ပုံကျင့်စဉ်ကို ဒီလို ရှုစားသိမြင်နိုင်မယ်ဆိုရင် ဒီတဏှာဘက်မကူးတော့ပါဘူး။

အဲဒီတော့ ဝေဒနာအခိုက်မှာ သဒ္ဓါတရားနဲ့ ယောနိသောမနသိကာရ နှလုံးသွင်းမှန်ပြီးတော့သွားရင် ဒီဘက်ကလဲ လမ်းခွဲကာလမ်းမှန်ဖြစ်ပြီးတော့ သက်သာသွားတယ်။ အကယ်၍ ဝေဒနာမှာ အယောနိသော မနသိကာရ မသင့်မတင့်နှလုံးသွင်းပါတယ် ဆိုရင်တော့ တဏှာဘက်ကို ဆက်ပြီးတော့သွားတာကိုး။ မိုးမဆုံး၊ လေမဆုံး

http://www.dhammadownload.com



ဒုက္ခတုံးကြီးတွေ ဝိုင်းအုံခံရမှာပါပဲ။ ဒါကြောင့် ဝေဒနာကိုပင်လျှင် ဘုန်းကြီးတို့ ယောဂီများအားလုံး ဝေဒနာခံစားမှု၊ စံစားမှုတွေနဲ့ ပတ်သက်ပြီးတော့ ကြည့်ကြရမယ်။ အဲဒီလို ကြည့်ကြတော့ အခုပြောခဲ့တဲ့ စကားတွေကို ပြန်ပြီးတော့ချုံမယ်ဆိုရင် နေ့စဉ် နေ့စဉ် တွေ့ကြုံ ဆုံစည်း ပြီးနေတဲ့ ပဋိစ္စသမုပ္ပါဒ်ထဲမှာတော့ ပစ္စုပ္ပန်ပွန်ကျကျ အချက်အလက် တွေပါပဲ၊ အဲဒီတော့ ပစ္စုပ္ပန်မှာ ဖြစ်နေတာက ဘာတွေဖြစ်နေသလဲ၊ မိမိတို့ သန္တာန်မှာအကြည်(၆)မျိုးရှိတယ်။

အကြည်(၆)ပါးက အာရုံ(၆)ပါးနဲ့ တိုက်ဆိုင်ပြီးတော့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ် တွေဖြစ်ပေါ်လာတယ်။ အဲလို မြင်သိစိတ်စသည် ဖြစ်ပေါ်ရာက နေပြီးမှ ဒီအာရုံကို အာရုံရဲ့အရသာပေါ်အောင် ကြိတ်ပြီးတော့ နယ်ပြီးတော့ ပေးတဲ့ဖဿ (၆)မျိုး ဖြစ်ပေါ်လာတယ်။ အဲဒီ ဖဿ (၆)မျိုး ဖြစ်ပေါ် လာတော့ ဝေဒနာ(၆)မျိုး ဖြစ်ပေါ်တယ်။ အဲဒီ ဝေဒနာမှာလဲပဲ သတ္တဝါတိုင်းက သုခကိုပဲဦးတည်နေတာကိုး။ အဲဒီ သုခဝေဒနာအပေါ်မှာ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက် မရှုစားနိုင်ဘူးဆိုရင် တဏှာဘက် ဆက်ပြီးတော့သွားတယ်။

အဲဒီတော့ အကုန်လုံးခြုံပြောမယ်ဆိုရင် မြတ်စွာဘုရား ဆဆက္ကသုတ္တန်မှာ ဟောကြားတော်မူသည့်အတိုင်း ပဋိစ္စသမုပ္ပါဒ် အချက်အလက် အင်္ဂါ(၁၂)မျိုးထဲမှာ ဒီပစ္စုပ္ပန်မှာ တွေ့ကြုံနေရတဲ့ အချက်တွေကို အဓိကထားပြီးတော့ ဟောတာပါပဲ။ ဗြဟ္မဇာလသုတ္တန် ဒေသနာတော်မြတ်မှာ ဝေဒနာ၊ အာယတန၊ ဖဿကို တရားလမ်းပြ အနေနဲ့ ကြည့်ရှုဖို့ရာ မြတ်စွာဘုရား တရားလမ်းပြတော်မူတယ်။ ညွှန်ပြတဲ့အတိုင်းပဲ ပဋိစ္စသမုပ္ပါဒ်အချက်အလက်တွေထဲက အချို့ ထုတ်နှုတ်ပြီးတော့ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်မှာ ပြထားတဲ့ တရားကိုပဲ ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့နည်းလမ်းနဲ့ ပတ်သက်ပြီး ဟောပြညွှန်ပြပါတယ်။ အဲဒီလို ညွှန်ပြတော့ အဝိဇ္ဇာကစပြီး သင်္ခါရ၊

http://www.dhammadownload.com



ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏထိအောင် ပဋိစ္စသမုပ္ပါဒ် အချက်အလက်တွေ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့အချက်အလက်တွေ မြတ်စွာဘုရား ဘုရားဖြစ်ပြီးကာစမှာ ဒီတရားတွေကို ဆင်ခြင်ကာ ဘာကြောင့် တဏှာဖြစ်သလဲ။ ဝေဒနာကြောင့် တဏှာဖြစ်တယ်။ နောက် ဘာကြောင့် ဥပါဒါန်ဖြစ်သလဲ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။ ဘဝ ဘာကြောင့်ဖြစ်သလဲ ဥပါဒါန်ကြောင့် ဖြစ်တယ်။ ဇာတိ ဘာကြောင့် ဖြစ်သလဲ ဘဝကြောင့်ဖြစ်တယ်။ ဇရာ မရဏ ဘာကြောင့်ဖြစ်သလဲ ဇာတိကြောင့် ဖြစ်တယ်။ နောက်အကျိုးဆက် အနေအားဖြင့် စိုးရိမ် ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်မသက်သာ နှလုံးနာခြင်း၊ တက်အောင်ပူခြင်း ဆိုတာတွေ ဘာကြောင့်ဖြစ်သလဲဆိုတော့ ဇာတိ ကြောင့်ပါပဲ။

အဲဒီလို ဟောတော်မူပြီးတဲ့နောက် **"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"**။ သတ္တဝါအားလုံးတို့ရဲ့ ဖြစ်စဉ်ကြီးကို ကြည့်မယ်ဆိုရင်တော့ ရုပ်နာမ် (၂)မျိုးပါပဲ။ ရုပ်နာမ် (၂)မျိုးကို ကြည့်မယ်ဆိုရင်တော့ **"ဒုက္ခက္ခန္ဓဿ"** သုခရယ်လို့ ဘာမှမဖြစ်တဲ့ ဒုက္ခအတုံးအခဲကြီးတွေ ဖြစ်နေတာပါပဲ။ ဖြစ်နေတော့ ဘာဖြစ်သလဲ၊ ဒုက္ခတုံး ဒုက္ခခဲပဲ ဖြစ်နေတာပါပဲ။ ပျက်သွားတော့လဲ ဒုက္ခတုံး၊ ဒုက္ခခဲပဲ ပျက်သွားတာပါပဲ။ ဒါကြောင့် မြင်တယ်၊ ကြားတယ် အစရှိတဲ့ အချက်တွေနဲ့ ပတ်သက်ပြီးတော့ ယောကျ်ား၊ မိန်းမ မဟုတ်၊ ဓာတ်မှန်ကို ထုတ်လိုက်မယ်ဆိုရင် နာမ်ရုပ်နှစ်ခုသာ ဖြစ်တယ်လို့ ဒါမြင်ဖို့ပါပဲ။ နာမ်ရုပ်နှစ်ခုသာ ဖြစ်တယ်ဆိုတော့ ဥပမာ ဆိုကြပါစို့၊ နာမ်နဲ့ရုပ်မှာ ရုပ်ပဲ အရင်ကြည့် ကြပါစို့။

ဒီခန္ဓာကိုယ်ကြီးကို ကြည့်လိုက်တော့ ရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်လေးပါးနဲ့ ဖွဲ့စည်းထားတော့ မြေဓာတ်က (၂၀)ပါတယ်

http://www.dhammadownload.com



ဘာတွေလဲဆိုတော့ **"ဆံပင်-မွေးညှင်း"** အစရှိတဲ့ နှစ်ဆယ်ပါပဲ။ ဆံပင်ကို "သင်အမျိုးသားလား" ဆိုရင် ခေါင်းရမ်းမှာပါပဲ။ "သင် အမျိုးသမီးလား" ဆိုရင်လဲ ခေါင်းရမ်းမှာပါပဲ။ "အသက်ရှိသလား" ဆိုရင် "မရှိဘူး"လို့ ပြောလိမ့်မယ်။ အဲဒီတော့ ဆံပင်ကို လူလို့ခေါ်ရင်လဲပဲ ဟိုဘက်က သွားတို့၊ အရိုးတို့၊ အကြောတို့ကလဲ သူတို့ကိုတော့ မခေါ်နိုင်ဘူးလားလို့ ဒီလို စောဒကတက်ကြမှာ။ မြေဓာတ် (၂၀)၊ ရေဓာတ် (၁၂)၊ မီးဓာတ် (၄)၊ လေဓာတ် (၆)၊ ပေါင်း (၄၂)ပုံနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်။ ခန္ဓာကိုယ်ကို ကြည့်လိုက်ပြန်တော့လဲ ရုပ်ခန္ဓာကိုယ်။ ပြီးတော့ ကြံစည်တတ်တယ်၊ တွေးတော တတ်တယ်ဆိုတဲ့ အချက်အလက်ကလေးတွေ ထည့်လိုက်တော့ နာမ်နဲ့တွဲပြီးတော့သွားတာ ရုပ်နာမ် (၂)မျိုးပဲ။ အဲဒီ ရုပ်နာမ် (၂)မျိုးပဲလို့ မြင်နိုင်တဲ့ သမ္မာဒိဋ္ဌိဉာဏ်၊ ဒီဉာဏ်ဟာ အတော်အရေးကြီးတာပဲ။

အဝိဇ္ဇာနဲ့ သက္ကာယဒိဋ္ဌိ ပ,ပျောက်ဖို့ကတော့ သမ္မာဒိဋ္ဌိ ဉာဏ်ထူး ဉာဏ်မြတ်ရရှိမှပါပဲ။ သမ္မာဒိဋ္ဌိ ဉာဏ်ထူး ဉာဏ်မြတ်ရရှိဖို့ရာအတွက် ယခုတရားအားထုတ်ကြရတာပါပဲ။ တရားအားထုတ်တဲ့ အခါကျတော့ စောစောကပြောတဲ့ **"နာမရူပပစ္စယာ သဠာယတနံ" "သဠာယတန ပစ္စယာ ဖဿော"** အစရှိတဲ့ အချက်အလက်တွေ ရှင်းမသွားစေကာမူ မိမိတို့ခန္ဓာကိုယ်က ပြောတဲ့ရုပ်သဘော၊ ခန္ဓာကိုယ်ကပြောတဲ့ နာမ်သဘော၊ (၇)ရက်အတောအတွင်းမှာ ကျကျနနသိပြီးတော့ သွားကြပြီ။ အဲဒီတော့ မြင်မြင်သမျှ၊ ကြားရသမျှ၊ ကြံစည်နေတာတွေ၊ တွေးတောနေတာတွေ၊ တိုက်ကြတာတွေ၊ ခိုက်ကြတာတွေ၊ ကြိုက်ကြ တာတွေ၊ ငြင်းကြတာ၊ ခုံကြတာ အားလုံးဟာ အကုန်လုံးခြုံလိုက်တော့ ရုပ်နဲ့နာမ် (၂)မျိုးပါပဲ။

http://www.dhammadownload.com



**မှန်ကြီးတစ်ချပ်**

ဒီထက်ကောင်းတဲ့အချက် ဒီထက်မှန်တဲ့ အချက်ပြောမယ်ဆိုရင် ဒုက္ခတုံး၊ ဒုက္ခခဲကြီး ဖြစ်နေတာပါပဲလို့ မြင်ကြရမှာပါပဲ။ ဒါကြောင့် **"ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"**လို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို မြတ်စွာဘုရားက နိဂုံးချုပ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်အကြောင်းကို အစွဲပြုပြီးမှ ဖြစ်ပေါ်တယ်။ ဆိုကြပါစို့ မှန်ကြီးတစ်ချပ်ထောင်ပြီးတော့ ထားတယ်။ လူတစ်ယောက် အရိပ်ကြည့်ချင်တဲ့အခါ အဲဒီမှန်ထဲမှာ လူရိပ်ပေါ်လာပါတယ်။ လူရိပ်ပေါ်လာတော့ အဲဒီမှန်ရှေ့ ရပ်နေတုန်းသာ လူရိပ်ပေါ်တာပေါ့။ လူက ဘေးဖယ်လိုက်လို့ရှိရင် အရိပ်ကပျောက်သွားတယ်။ မှန်ထဲမှာ ပေါ်နေတဲ့ အရိပ်က ပျောက်ပြီးတော့သွားတာ။

အကယ်၍ လူရိပ်ပြန်ပေါ်စေချင်ရင် မှန်မျက်နှာစာရှေ့မှာ ပြန်ရပ်ရမှာပေါ့။ အလားတူပါပဲ ဘုန်းကြီးတို့ နေဝန်း၊ လဝန်းတွေရဲ့ အရိပ် ဆိုကြပါစို့။ ရေထဲမှာ နေဝန်းတွေ၊ လဝန်းတွေ ပေါ်ပြီးတော့ နေတယ်။ ရေကိုဖယ်လိုက်မယ်၊ ရေကို နေဝန်း၊ လဝန်းမပေါ်အောင် ဖုံးဖိလိုက်မယ်ဆိုရင် နေဝန်း၊ လဝန်းဟာ မပေါ်သလိုပဲ။ ဟော- စက္ခုပသာဒ မျက်စေ့အကြည်ရယ်၊ ရူပါရုံရယ် ရှိလာတော့ မြင်သိစိတ် ဖြစ်တယ်။ အကယ်၍ မျက်စိ (သို့မဟုတ်) ရူပါရုံ တစ်ခုခုချို့ယွင်းသွား မယ်၊ အကြည်ဓာတ်ကို ဖုံးကာထားမယ်ဆိုရင် မြင်သိစိတ်ဖြစ်ဖို့ဟာ မလွယ်ဘူး။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ - စွဲပြီးမှ ဖြစ်ကြတဲ့တရားတွေ၊ အကြောင်းအကျိုး တရားတွေ ပဋိစ္စသမုပ္ပါဒ်နည်း။

**ဒုက္ခသက်သက်**

ပဋ္ဌာန်းနည်းကလဲ ဒီအတိုင်းပဲ။ အကြောင်းအကျိုးတွေပဲ။ ဒါဖြင့် သစ္စာနည်းကကော သစ္စာနည်းကလဲ အကြောင်းနဲ့အကျိုး ဆက်ပြီး ဟောတာပါပဲ။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၊ သစ္စာနည်းတို့

http://www.dhammadownload.com



ဆိုတာ အကြောင်းနဲ့အကျိုး ဆက်စပ်နေတာချည်းပါပဲ။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နည်းရဲ့ နိဂုံးမှာ-

**"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"**ဆိုတဲ့ နိဂုံးအပိုဒ်။ အဲဒီအပိုဒ်ကို ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက ပေါ်လွင်အောင် "ဝဋ်သံသရာ ရှည်မြင့်စွာ၌ သူငါကစ ဖြစ်သမျှကား သတ္တမဟုတ် ခတ်မှန်ထုတ်သော် နာမ်ရုပ်နှစ်သင်း အမြင်လင်းတော့"။ သံသရာဝဋ်ဆင်းရဲကြီးက ရှည်ပါတယ်။ ဘယ်လောက်ရှည်သလဲဆိုတော့ **"ပုရိမာ ဘိက္ခဝေ ကောဋိ နပညာယတိ အဝိဇ္ဇာယ"**။ အဝိဇ္ဇာရဲ့ ရှေ့အစွန်းကို မထင်နိုင်ဘူး။ အဲဒီလို ဘဝသံသရာ ရှည်မြင့်ကြာက သူငါကစ ဖြစ်သမျှကား သတ္တမဟုတ် ခတ်မှန်ထုတ်ဖော် နာမ်ရုပ်နှစ်သင်း အမြင်လင်းလော့။ သူငါကစ ဖြစ်သမျှကို သတ္တဝါ မဟုတ်ပါဘူးတဲ့။ သူ့သဘာဝ အမှန်ကိုပြောမယ်ဆိုရင် နာမ်ရုပ်ပါပဲ။ "အရင်းအဝိဇ္ဇာ ထိုမှဖြာ၍ ဇရာမရဏ အဆုံးကျသည့် ဓမ္မအပြား (၁၂)ပါးကို ဤကားလူပင် ဤလျှင်နတ်ပဲ အထင်လွဲလျက် တဝဲလည်လည် ဝဋ်နွယ်စည်၏"။

အဝိဇ္ဇာကစပြီးတော့ ဇရာမရဏတိုင်အောင် ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကြီးကို "ဤကားလူပင် ဤလျှင်နတ်ပဲ အထင်လွဲလျက် တဝဲလည်လည် ဝဋ်နွယ်စည်၏ ရှည်လေသမျှ အနန္တကား သုခဟူသည် မြူမျှမကွက် အဆက်ဆက်လျှင် သက်သက်ဒုက္ခ ခတ်မှန်ရသည် ဘဝဤကိုယ် ဖြစ်ထုံးတည်း"။ ဆရာတော်ဘုရားကြီးရဲ့ လင်္ကာမှာ "ရှည်လေသမျှ အနန္တကား သုခဟူသည် မြူမျှမကွက် မြူမှုန်လေးမျှ တောင်မရှိပဲနဲ့ သက်သက်ဒုက္ခ အမှန်အရကောက်ရင် ဒုက္ခပါပဲတဲ့။

ဓမ္မစက္ကပဝတ္တနသုတ္တန်ဒေသနာတော်မှာလဲ **"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"**။ ခန္ဓာငါးပါးဟာ ဒုက္ခပဲလို့ဆိုတဲ့အတိုင်းပါပဲ။ ပဋိစ္စသမုပ္ပါဒ်နည်းကလဲ ဒုက္ခ၊ သစ္စာနည်းကလဲ ဒုက္ခ၊ ဒါကို ဆရာတော်ဘုရားကြီးက "သက်သက်ဒုက္ခ ခတ်မှန်ရသည် ဘဝဤကိုယ်

http://www.dhammadownload.com



ဖြစ်ထုံးတည်း"။ တရားအားထုတ်တယ်ဆိုတာ ဒုက္ခကိုမြင်အောင် ကြည့်တယ်။ အနိစ္စကိုမြင်အောင် ကြည့်တယ်။ အနတ္တကို မြင်အောင် ကြည့်တယ်။ ရုပ်ကိုမြင်အောင် ကြည့်တယ်။ နာမ်ကိုမြင်အောင် ကြည့်တယ်။

**"ဣဒံ ရူပံ"** = ဒါကရုပ်

**"ဣဒံ နာမံ"** = ဒါကနာမ်

**"အညမညံ အသံမိဿံ"** ရုပ်နဲ့ နာမ်နဲ့ မရောဘူး။ ဝိပ္ပယုတ္တပစ္စည်းပါပဲ။ မယှဉ်ဘူး။ ရုပ်နဲ့ နာမ်နဲ့ တစ်ခြားစီ။ ဘုရားရှင်က **"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"**။ အားလုံးအမှန်သရုပ် ထုတ်လိုက်တဲ့အခါမှာ နာမ်ရုပ်ပဲ။ အဲဒီ နာမ်ရုပ်ဟာ သုခလား၊ ဒုက္ခလား ဆိုတော့ "သုခဟူသည် မြူမျှမကွက် အဆက်ဆက် လျှင် သက်သက်ဒုက္ခ ခေတ်မှန်ရသည် ဘဝဥကိုယ် ဖြစ်ထုံးတည်း" ဆိုတဲ့အတိုင်း မိမိတို့ရဲ့ဖြစ်စဉ် မိမိတို့ရဲ့ ဖြစ်ထုံးကိုသိအောင် အားထုတ် ကြတာပါပဲ။

အားထုတ်ကြည့်တဲ့အခါကျတော့ အဲဒီတရားက ပြောထားတဲ့ အတိုင်း ခန္ဓာကိုယ်က ပြန်ပြောနေတာပါပဲ။ ခန္ဓာကိုယ်က ပြောတာကို မြင်အောင်ကြည့်တာကို တရားအားထုတ်တာပါပဲလို့ ခေါ်ကြရတာ။ ကျေးဇူးတော်ရှင် ကမ္မာကျော် ပထမလယ်တီဆရာတော် ဘုရားကြီးရဲ့ ပဋိစ္စသမုပ္ပါဒ် နိဂုံးလင်္ကာကို ရွတ်ဖတ်ပြီးတော့ပဲ ဘုန်းကြီးရဲ့ တရားစကား ကို နိဂုံးချုပ်ပါမယ်။

**"ဝဋ္ဋသံသရာ၊ ရှည်မြင့်စွာ၌၊ သူငါကစ၊ ဖြစ်သမျှ ကား၊ သတ္တမဟုတ်၊ ခေတ်မှန်ထုတ်သော်၊ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်းလော့"**။

**အရင်းအဝိဇ္ဇာ ထိုမှဖြာ၍ ဇရာ မရဏ အဆုံးကျသည့် ဓမ္မအပြား (၁၂)ပါးကို ဉာဏ်ကားလူပင် ဉာဏ်လျှင်နတ်ပဲ အထင်လွဲ လျှက် တဝဲလည်လည် ဝဋ္ဋနွယ်စည်၏။**

http://www.dhammadownload.com



"ရှည်လေသမျှ အနန္တကား သုခဟူသည် မြူမျှ မကွက် အဆက်ဆက်လျှင် သက်သက်ဒုက္ခ ဓာတ်မှန်ရသည့် ဘဝဤကိုယ် ဖြစ်ထုံးတည်း"

သာဓု - သာဓု - သာဓု

မိခင်ဇရာဝတီ

http://www.dhammadownload.com



# စခန်းသိမ်းအောင်ပွဲ

## ၃၆ တွေ့ နဝင်းကျေတရား

ယနေ့ သာသနာတော်နှစ် ၂၅၄၇ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅၊ ဝါခေါင်လပြည့်ကျော် (၈)ရက်နေ့။

(၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်း စခန်းသိမ်းအောင်ပွဲ။ စခန်းသိမ်းအောင်ပွဲမှာ ဒီ(၆၂)ကြိမ်မြောက် တရားစခန်းဖွင့်လာထဲက (၆၂)ပါးသော ဒိဋ္ဌိတို့ကို ဖြေရှင်းပြီး ဟောကြားတော်မူခဲ့တဲ့ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်မြတ်ကြီး။ တစ်နည်းအားဖြင့် အရှင်သောဏ အရှင်ဥတ္တရတို့ မြန်မာပြည်သာသနာပြု တရားတော်ကြီးနဲ့ စခဲ့တာ။ အဲဒီ တရားတော်ကြီးမှာ (၆၂)ပါးသော ဒိဋ္ဌိတို့မှ လွတ်ကြောင်း လမ်းစဉ်တွေကို မြတ်စွာဘုရား ချမှတ်တော်မူခဲ့တယ်။

ဝေဒနာ (၆)မျိုး၊ အာယတန (၆)မျိုး၊ ဖဿ (၆)မျိုး၊ ဒါတွေကို ကျကျနနသိမြင်ပြီးလို့ရှိရင် သိရှိအောင် အားထုတ်နိုင်မယ်ဆိုရင် ဒိဋ္ဌိအားလုံးမှ လွတ်မြောက်နိုင်လိမ့်မည်ဆိုတဲ့ မြတ်စွာဘုရား မိန့်ကြားတော်မူချက်ကို အခြေခံပြီးတော့ အာယတန (၆)မျိုး၊ သဠာယတန (၆)မျိုး၊ ဖဿ (၆)မျိုး စသည်ကို ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီ ဆရာတော်ဘုရားကြီးရဲ့ လင်္ကာတွေနဲ့ ဟောလို့ ပြောလို့ အတော်သင့် စုံခဲ့ပြီ။

အဲဒီတရားတွေ အားလုံးကိုခြုံငုံမိအောင် "(၃၆)တွေ့ နဝင်းကြေ တရား"။ မြတ်စွာဘုရား ဆဆက္ကသုတ္တန် ဒေသနာတော်ကြီးမှာ "(၃၆)တွေ့ နဝင်းကြေ" တရားတော်ကြီးကို ဟောတော်မူခဲ့ပါတယ်။ အဲဒီ "(၃၆)တွေ့ နဝင်းကြေ"တရားက ဘာလဲဆိုတော့ ဝတ္ထု(၆)မျိုး၊ အာရုံ(၆)မျိုး၊ ဝိညာဏ်(၆)မျိုး၊ ဖဿ(၆)မျိုး၊ ဝေဒနာ(၆)မျိုး၊ တဏှာ(၆)မျိုး။

ဝတ္ထု(၆)မျိုးဆိုတာ အတွင်းအာယတန (၆)မျိုးပါပဲ။ ဝတ္ထုဆိုတာ ဘာကိုခေါ်သလဲ။ "တည်ရာမှီရာ မြေပမာ လွန်စွာကျေးဇူးထုတ်" စိတ်ဝိညာဉ်(၆)မျိုးတို့ရဲ့ တည်ရာ မှီရာ မြေကြီးပမာဖြစ်တယ်။ စိတ်ဝိညာဉ်

http://www.dhammadownload.com



(၆)ပါးတို့ရဲ့ တည်ရာမှီရာ မြေကြီးပမာဖြစ်တဲ့အတွက် မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည်ဓာတ် အဲဒီ (၆)မျိုးကို စိတ်(၆)မျိုးတို့ရဲ့ တည်ရာမှီရာ ဖြစ်သောကြောင့် ဝတ္ထုလို့ခေါ်တာ။

စက္ခုပသာဒ= မျက်စိအကြည်ဓာတ်၊ သောတပသာဒ= နားအကြည်ဓာတ်၊ ဃာနပသာဒ= နှာခေါင်းအကြည်ဓာတ်၊ ဇိဝှါပသာဒ= လျှာအကြည်ဓာတ်၊ ကာယပသာဒ= ကိုယ်အကြည်ဓာတ်၊ မနောဟဒယ= စိတ်အကြည်ဓာတ်ကလေးတွေရှိတယ်။ အဲဒီ (၆)မျိုးကို ဝတ္ထု (၆)မျိုးလို့ ဒီလိုခေါ်ကြတယ်။

အဲဒီ(၆)မျိုးလဲ တော်တော်ပြည့်ပြည့်စုံစုံလေး ဟောခဲ့ပြီ၊ စက္ခုဝိညာဉ် အစရှိတဲ့ မြင်သိစိတ်တို့ရဲ့ တည်ရာမှီရာ မြေကြီးပမာ ဖြစ်သောကြောင့် စက္ခုပသာဒစသည်ကို ဝတ္ထု(၆)မျိုးလို့ ခေါ်ကြရတယ်၊ အဲဒါက အတွင်းအာယတန(၆)မျိုး၊ သတ္တဝါတိုင်း သတ္တဝါတိုင်း လူရယ်လို့ဖြစ်လာတဲ့အခါမှာ (၆)မျိုး(၆)လီ (၃၆)ပါပဲ (၃၆)တွေ နဝင်းကျေ တရားတွေချည်းဖြစ်နေတာပါပဲ။ အဲဒီတရားတွေကို ခြုံပြီးပြောမယ်ဆိုရင် ဒီသံသရာ ကြီးက မလွတ်စေနိုင်တဲ တရားတွေ၊ တနည်းအားဖြင့် အခုလက်တွေ့ မျက်တွေ့အားဖြင့် တွေ့နေကြတဲ့ ဖြစ်စဉ်တွေ။ အဲဒီ တရားတွေက မောင်းနှင်နေတဲ့အတွက် သူသူငါငါ အရှုပ်အထွေးတွေ ဖြစ်ပေါ်နေတယ်။ ခန္ဓာကိုယ်ကြီးက ဘာနဲ့တူသလဲဆိုရင် ခန္ဓာကိုယ် ကြီးဟာ ပင်လယ်သမုဒ္ဒရာကြီးမှာ ဖြတ်သန်းနေတဲ့ သဘော်ကြီးနဲ့ တူတယ်။ သံသရာက ပင်လယ်သမုဒ္ဒရာကြီးနဲ့တူတယ် သံသရာကြီးက ပင်လယ်သမုဒ္ဒကြီးလိုပဲတဲ့ ခန္ဓာကိုယ်ကြီးက အဲဒီပင်လယ်သမုဒ္ဒရာကြီး ထဲမှာ မြုပ်လိုက် မျောလိုက် စုံလိုက် ဆန်လိုက် ကူးလိုက် ခတ်လိုက်နေတဲ့ သဘော်ကြီးလို့ပဲတဲ့။ (၆)မျိုး(၆)လီ ကတော့-

၁။ ဝတ္ထု (၆)မျိုး
၂။ အာရုံ (၆)မျိုး

http://www.dhammadownload.com



၃။ ဝိညာဏ် (၆)မျိုး
၄။ ဖဿ (၆)မျိုး
၅။ ဝေဒနာ (၆)မျိုး
၆။ တဏှာ (၆)မျိုး

တို့က ဒီသတ္တဝါတွေကို သံသရာကြီးက မလွတ်နိုင်အောင် အစဉ်ထာဝရ မောင်းနှင်ပြီးတော့ နေတဲ့တရားတွေ ဖြစ်တာကြောင့်မို့ ဒီတရားစုတွေ သတ္တဝါတို့ရဲ့ ဗဟိုမဏ္ဍိုင်ချက်မဖြစ်တယ်။ ပြီးတော့ အာရုံ (၆)မျိုးက ဘာလဲဆိုတော့ အပြင်အာယတန(၆)မျိုးပါပဲ။ ဘာလဲဆိုတော့-

၁။ အဆင်းမျိုးစုံ ရူပါရုံ
၂။ အသံမျိုးစုံ သဒ္ဒါရုံ
၃။ အနံ့မျိုးစုံ ဂန္ဓာရုံ
၄။ အရသာမျိုးစုံ ရသာရုံ
၅။ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ
၆။ ကျန်အာရုံ ဓမ္မာရုံ

အဲဒါတွေဟာ အာရုံ(၆)ပါး။

အဲဒီအပြင် အာယတန (၆)မျိုးကို ဘာကြောင့် အာရုံလို့ ခေါ်ရသလဲဆိုတော့ "ဆွဲကိုင်မှီတွယ် ကျေးဇူးကြွယ်(၆) သွယ်ခေါ်အာရုံ" ဆွဲကိုင်မှီတွယ် ဆိုတာ စိတ်တို့ရဲ့ ဆွဲကိုင်စရာ မှီတွယ်စရာအဖြစ် ပြုတတ်တဲ့အတွက်ကြောင့် အာရုံလို့ ခေါ်ပါတယ်။ အာရမ္မဏ အာရုံ ဆွဲကိုင်စရာ မှီတွယ်စရာအာရုံလို့ ခေါ်ရတာ။ အတွင်းအာယတန(၆)ပါး မိမိတို့သန္တာန်မှာ ထင်ရှားဖြစ်ပေါ် နေတတ်တဲ့ အတွင်းအာယတန(၆)ပါး ရူပါရုံစသည့် (၆)မျိုးတို့က အပြင်အာယတန ဒီထက်များများ မပြောပဲနဲ့ဆိုရင်လဲ အတွင်းအာယတန စက္ခုပသာဒ စသည်(၆)မျိုးရယ်။ အပြင်အာယတန(၆)မျိုးရယ်၊ ဒီ(၁၂)မျိုးထဲနဲ့ပဲ အင်မတန် ရှုပ်ထွေးပါတယ်။ ဒါကြောင့် အဇ္ဈတ္တဗဟိဒ္ဓ ဗဟိဒ္ဓ အစရှိသည်ဖြင့် လျှောက်ထားချက်မှာ အတွင်းရုပ် အပြင်ရုပ်တွေနဲ့ ရှုပ်ထွေးပုံ အတွင်းအာယတန၊

http://www.dhammadownload.com



အပြင်အာယတန (၁၂)မျိုးနဲ့ ရုပ်ထွေးပုံကို ဟောတော်မူပြန်တယ်။

အဲဒီလို အတွင်းအာယတန၊ အပြင်အာယတနတို့ တိုက်ဆိုင်ဆုံစည်းမိတော့ ဘာထပ်ပြီးတော့ဖြစ်သလဲဆိုတော့ ဝိညာဏ်၊ ဝိညာဏ်ဆိုတာ "ခြောက်ပါးအာရုံ သိလေတုံ ခေါ်တုံ(၆)ဝိညာဏ်" အာရုံ(၆)ပါးကို သိတတ်တဲ့ အတွက်ကြောင့်မို့ ဒါဟာ အဆင်းပဲ၊ ဒါဟာအသံပဲ စသည် အဲဒီလို သိတတ်တဲ့အတွက်ကြောင့်မို့ ဝိညာဏ်လို့ ခေါ်တယ်။

"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏"။ အသိသဘောလေးကို ဝိညာဏ်လို့ ဒီလိုခေါ်ရတာ။ စက္ခုဝိညာဏ်= မြင်သိစိတ်၊ သောတ ဝိညာဏ်= ကြားသိစိတ်၊ ဃာနဝိညာဏ်= နံသိစိတ်၊ ဇိဝှာဝိညာဏ်= လျှက်သိ(စားသိ)စိတ်၊ ကာယဝိညာဏ်= ထိသိစိတ်၊ မနောဝိညာဏ်= တွေးကြံသိစိတ်လို့ စိတ်(၆)မျိုး ဝိညာဏ်(၆)မျိုး၊ ပေါ်လာပြီဆိုတော့ ဖဿ(၆)မျိုး ပေါ်လာပြန်တယ်။ **"အာရုံငြိလျှက် ရသာထွက် ကြိတ်စက်ဖဿမည်"**

ဖဿကတော့ ကြံ၊နှမ်း၊ပဲ၊ကြိတ်တဲ့စက်များလို့ဘဲ အဲဒီအာရုံ ပေါ်လာပြီ သိလာပြီဆိုရင် တွေ့ပြီးတော့ အရသာထွက်အောင် ကောင်း မကောင်း အရသာတွေပေါ်အောင် ဖဿကနေပြီးတော့ ကြိတ်ဝါးတယ်။ အဲဒီ ဖဿက(၆)မျိုး-

၁။ စက္ခုသမ္ဖဿ မျက်စိအတွေ့
၂။ သောတသမ္ဖဿ နားအတွေ့
၃။ ဃာနသမ္ဖဿ နှာခေါင်းအတွေ့
၄။ ဇိဝှါသမ္ဖဿ လျှာအတွေ့
၅။ ကာယသမ္ဖဿ ကိုယ်အတွေ့
၆။ မနောသမ္ဖဿ စိတ်အတွေ့

"ရသာအာရုံ ခံစားတုံ ခြောက်စုံဝေဒနာ" ဆိုတဲ့အတိုင်း အာရုံ၏ အရသာကို ခံစားတတ်တဲ့ တရားက ဝေဒနာ၊ အဲဒီဝေဒနာက -

http://www.dhammadownload.com



- စက္ခုသမ္ဖဿဇာဝေဒနာ= မျက်စိအတွေ့ကြောင့် ဖြစ်လာတဲ့ခံစားမှု၊
- သောတသမ္ဖဿဇာဝေဒနာ = နားအတွေ့ကြောင့် ဖြစ်လာတဲ့ခံစားမှု၊
- ဃာနသမ္ဖဿဇာဝေဒနာ = နှာခေါင်းအတွေ့ကြောင့် ဖြစ်လာတဲ့ခံစားမှု၊
- ဇိဝှာသမ္ဖဿဇာဝေဒနာ = လျှာအတွေ့ကြောင့် ဖြစ်လာတဲ့ခံစားမှု၊
- ကာယသမ္ဖဿဇာဝေဒနာ = ကိုယ်အတွေ့ကြောင့် ဖြစ်လာတဲ့ခံစားမှု၊
- မနောသမ္ဖဿဇာဝေဒနာ = စိတ်အတွေ့ကြောင့် ဖြစ်လာတဲ့ခံစားမှု၊

ပြီးတော့ တဏှာ- "သာယာတပ်မက် စွဲလမ်းချက် ဘွဲ့ယှက်တဏှာမည်"။ သာယာမက်တတ်လို့ တဏှာတဲ့။ အဲဒီ တဏှာကလဲ-

- ရူပတဏှာ = အဆင်းကိုတပ်မက်ခြင်း၊
- သဒ္ဒတဏှာ = အသံကိုတပ်မက်ခြင်း၊
- ဂန္ဓတဏှာ = အနံ့ကိုတပ်မက်ခြင်း၊
- ရသတဏှာ = အရသာကိုတပ်မက်ခြင်း၊
- ဖောဋ္ဌဗ္ဗတဏှာ = အတွေ့အထိကိုတပ်မက်ခြင်း၊
- ဓမ္မတဏှာ = ကျန်အာရုံကိုတပ်မက်ခြင်း၊

အဲဒီ တရား (၆)စုံတို့ဟာ (၃၆)ထွေ နဝင်းကျေတရားတွေ ဖြစ်ပါတယ်။ ဆဆက္ကသုတ္တန် လာတရားတွေပါပဲ။ အဲဒီတရား (၆)စုံတို့ဟာ ဆိုင်ရာဆိုင်ရာ ဆက်သွယ်လျက်ရှိကြပါတယ်။ စက္ခုဝတ္ထု ဆိုတဲ့ ဓာတ်မှန်အကြည်၌ အဆင်းဓာတ်ထင်လာက အဆင်းကိုမြင်ခြင်း ဆိုတဲ့ ဓာတ်ပေါ်ပါတယ်။ အဲဒီအခါ အာရုံအရသာကို ခံစားခြင်း သာယာ စွဲလမ်းခြင်းတို့ အဆက်ဆက်ဖြစ်ပေါ်လာပါတယ်။ ထို့အတူ သောတဝတ္ထု နားအကြည် စသည်ဖြစ်ပွားပုံကိုလဲ သိနိုင်ပါတယ်။ အဆိုပါ ပဈွပွန်ဖြစ်စဉ် (၆)စုံမှ တစ်ဆင့် ဥပါဒါန် စသည် ဖြစ်ပွားတော့တာပါပဲ။ မျက်လုံးက အစပြုပြီး ဇာတိ ဇရာ မရဏ စသော ဝဋ္ဋဒုက္ခတရားသို့တိုင် အဆက်ဆက် ဖြစ်ပွားလာမှုကို "ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဟု ခေါ်ရတာပါ"။ အဲဒီ စက်ရဟတ်ကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ လည်ပတ်စေတာ မဟုတ်ပါဘူး။ ဓမ္မတာအတိုင်း ဖြစ်ပေါ်မှုကြီး ဖြစ်ပါတယ်။ မျိုးစေ့ရှိလျှင်

http://www.dhammadownload.com



အပင်ပေါက်လိမ့်မည်။ မီးရှိလျှင် အရှိန်လိမ့်မည်ဆိုသလို အကြောင်းရှိက အကျိုးပေါ်ရမည်ဆိုတဲ့ အချက်ကို ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်ရတာပါ။

ဤကိုယ်သဏ္ဍာန်အတွင်းမှာ ပစ္စုပ္ပန်ကာလမှာ ဆိုခဲ့တဲ့တရားခြောက်ထွေအဆက်အနွယ် မပျက်ဖြစ်၍နေပါက နောင်အနာဂါတ်နှင့်ဆိုင်သော အကျိုးတရားများ ဖြစ်ပွားပေါ်ပေါက်ကြမြဲ ဖြစ်ပါတယ်။

## ဖြစ်ပွားပုံက

တဏှာတရားဖြစ်လာပြီဆိုရင် အပြင်းအထန် စွဲလမ်းခြင်းဆိုတဲ့ ဥပါဒါန်တရား ဖြစ်လာပါလိမ့်မယ်။ ဥပါဒါန် ဖြစ်လာပြီ ဆိုရင် သုစရိုက် ဒုစရိုက် ကောင်းဆိုးနှစ်တန် စရိုက်ဆိုးကောင်းဆိုတဲ့ ကံအမျိုးမျိုးတွေရယ်၊ မကောင်းသူတို့ လားရာဒုဂ္ဂတိဘဝ၊ ကောင်းသူတို့ လားရာသုဂတိဘဝ ဆိုတဲ့ ဘဝအမျိုးမျိုးဖြစ်လာပါလိမ့်မယ်။ ကံမြောက်အောင် စီရင်သော ကမ္မဘဝအမျိုးမျိုး၊ ဘုံဘဝအမျိုးမျိုး ရှိနေပါက ဇာတိ ပဋိသန္ဓေလေးမျိုး ဖြစ်ပေါ်လာပါမည်။

ပဋိသန္ဓေတည်နေခြင်း ဇာတိတရားရှိပါလျှင် အိုနာသေ စိုးရိမ်ပူဆွေးစတဲ့ ဝဋ္ဋဒုက္ခတရား အစဉ်မပြတ် ဖြစ်ပွားနေပါလိမ့်မယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက **"စွမ်းရည်ပြင်းထန် ဥပါဒါန်ဖြင့် ခန္ဓာဓမ္မ ကိုယ်ကာယ၌ အတ္တအစွဲ မြဲကြီးမြဲ၍ ရဲရဲရက်ရက် ကိုယ့်အတွက်ကြောင့် သက်သတ်ခိုးမှု စသည်ပြုလျှက် အကုသလ ဓမ္မဆယ်တန် အပြစ်လျှံ၏"**။

အစွဲပြင်းထန်တော့ သက်သတ်ခိုးမှု စသည်ပြု အသက်မွေးကြတယ်။ **"တစ်ဖန်နောက်နှောင်း ငါလျှင်ကောင်းစိမ့် အကြောင်းရည်ရော် အရှည်မျှော်လျက် သူတော်ဓလေ့ ရသေ့ရဟန်း လှူဒါန်းဝေငှ ပဥ္စင်္ဂနှင့် အဌအင်္ဂ ဒသင်္ဂတည့် လေးလီပြဟ္မ ဝိဟာရစျာန် ဆယ်တန်ကသိုဏ်း အလှိုင်းများစွာ ဘာဝနာဟု ဆယ်ဖြာပုည ကုသလကို လုံ့လကြိုးစား ကောင်းမှုပွားဏ်"**။

http://www.dhammadownload.com



ကာမုပါဒါန်ကြောင့် ကာမာစရ ဒါန သီလ ဥပေါသထကုသိုလ်၊ အတ္တဝါဒုပါဒါန်ကြောင့် ဒါန သီလ ဘာဝနာကုသိုလ် ကမ္မဘဝ ဖြစ်ပါတယ်။ နှစ်ပါးကုသိုလ် အကုသိုလ်ဟု ထိုထိုဘဝ ဖြစ်သမျှ၌ ဗီဇ ပြည့်ဖြိုး အမျိုးမျိုးကြောင့် အကျိုးတရား အရှည်ပွားသည် နှစ်ပါးဘဝ စွမ်းရည်တည်း။ တစ္ဆေပူးဝင်သူကဲ့သို့ စိတ်ညံ့စိတ်ကောင်း စေတနာညံ့ စေတနာကောင်းတွေ သူ့အခွင့်နှင့်သူ ဆိုက်ထိုက်ရာ ဆိုက်ထိုက်ရာ ကိုယ့်သဏ္ဍာန်မှာ ဖြစ်ပေါ်လာကြပါတယ်။ အဲဒါတွေအားလုံးဟာ အာဂန္တုကဓာတ် ပဋိစ္စသမုပ္ပါဒ်မျိုးတို့ ဖြစ်ပါတယ်။

အဲဒီက ဆက်ပြီးတော့ ဖြစ်တဲ့ဇာတိစသည်တို့နဲ့ ပတ်သက်ပြီး ဘဝစွမ်းရေ ကံနှစ်ထွေကြောင့် သဗ္ဗေသတ္တာ သတ္တဝါတို့ ဖြစ်ရာဘဝ ဆုံးပြန်ကလည်း ဧကစတု ငါးခုခန္ဓာ ကံချရာ၌ ဓမ္မတာစစ် သစ်တလဲလဲ အနဲနဲလျှင် ဖြစ်မြဲဇာတိ စသည်ဖြင့် ဘဝကြောင့် ဇာတိဖြစ်ပုံ ဇာတိကြောင့် ဇရာမရဏဖြစ်ပုံတို့ကို ဆက်ရေးသား ဆုံးမတော်မူပါတယ်။

အဲဒီနောက် **"သန္ဓေဇာတိ ခန္ဓာရှိက ဉာတိဘောဂ စသည့် သင်းပင်း တွေကွင်းခြင်းနှင့် မကင်းစသာ ကြုံကြိုက်လာသော် ပူဆာသောက ယူတငိုကြွေး သက်မွေးဝန်ထမ်း ပူချမ်းဒုက္ခ အနိဋ္ဌကြောင့် စိတ်ကမကြည် မဆည်ငင်ရှိုက် အလှိုက်အလှဲ ဆင်းရဲငါးပါး အကျဉ်း အားတည်း။ ကျယ်ပွားအနန္တ တွေ့ကြုံရသည် မူလဇာတိ အနှုန်းတည်း"** ဆိုတဲ့ဒုက္ခတုံး ဒုက္ခခဲတွေ ဖြစ်လာရပြန်ပါတယ်။

အဲဒီဒုက္ခတွေဟာ သတ္တဝါမဟုတ်။ ရုပ်နာမ်အတုံးအခဲတွေသာ ဖြစ်ပါတယ်။ အားလုံးဖြစ်သမျှ ဒုက္ခတွေဟာ ပစ္စုပ္ပန်မှာ ခြောက်မျိုး ခြောက်ထွေကို မမြင်နိုင်ကြ မရှုနိုင်ကြလို့ပါပဲ။

မျက်စိအကြည်နဲ့ အဆင်းအာရုံ ထိခိုက်လျှင် မြင်သိစိတ် ဖြစ်ပေါ်လာပါတယ်။ မည်သူမှ မတားဆီးနိုင်ပါ။ မြင်မှုဖြစ်လာလျှင် ခံစားမှု သာယာမှုတွေ ဖြစ်လာပါတယ်။ မြတ်နိုးဖွယ် နှစ်သက်ဖွယ် အာရုံကို

http://www.dhammadownload.com



မြင်လျှင် တပ်မက်မှုတဏှာ ဖြစ်လာပါတယ်။ ကိုယ်သဘောမကျတဲ့ အာရုံကိုမြင်ပါက စိတ်မသက်သာ နှလုံးနာတတ်ကြပါတယ်။ သာယာမှုတွေ ဖြစ်ပေါ်လာပါလျှင် လောဘနှင့်ဆိုင်တဲ့ အကုသိုလ်ကံတွေ ဖြစ်လာတတ်ပါတယ်။ နှလုံးမသာယာမှု အမျက်ထွက်မှု ဖြစ်လာသောအခါ ဒေါသနှင့်ဆိုင်သော အကုသိုလ်ကံတွေ ဖြစ်လာတတ်ပါတယ်။

အဲဒီအချိန်မှာ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရဖြစ်ပွား လာလျှင် ဒုဂ္ဂတိသံသရာကြီး ရှည်လျား၍ စည်ကားလာမည်မှာ အမှန်ဖြစ်ပါတယ်။

## လမ်းခွဲပြီ

စက္ခုဝတ္ထုစသော ဝတ္ထု(၆)မျိုးမှ စက္ခုသမ္ဖဿဇာဝေဒနာ မျက်စိအတွေ့ကြောင့်ဖြစ်တဲ့ ခံစားချက်စသော ဝေဒနာတိုင်အောင် သဘောတရားများမှာ ပုည အပုည ကွဲပြားခြင်း မရှိသေးပါ။ ဝေဒနာ ခံစားချက်နောက်မှသာ ပဋိစ္စသမုပ္ပါဒ်နည်းအရ ပုညစခန်း အပုညစခန်း လမ်းကွဲလာပါတယ်။

အယောနိသောမနသိကာရ မသင့်မတင့်နှလုံးသွင်းတတ်တဲ့ ဓာတ်ခံရှိနေပါက ဝေဒနာမှစလို့ အပုညစခန်းကြီး ဖွင့်တော့တာပါပဲ။ ယောနိသောမနသိကာရ သင့်တင့်အောင် နှလုံးသွင်းမှုလမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်းမှုဓာတ်ခံရှိနေပါက ပုညစခန်းကြီး ပွင့်လာပါတယ်။ ကသိုဏ်းလမ်းကြီး ပွင့်လာပါတယ်။

သဒ္ဓါတရားနှင့် ယောနိသောမနသိကာရသည် ပုညစခန်းပွင့်လန်းဖို့ အရင်းပဓာနကျပါတယ်။ ရူပါရုံနှင့် စက္ခုပသာဒ ထိခိုက်ကြ၍ မြင်သိဓာတ်ဖြစ်ပေါ်လာပြီး သာယာခြင်း နှလုံးမသာယာခြင်းဘက်သို့ ယိမ်းယိုင်မသွားပဲ ကြည်ညိုခြင်း ပေးလှူလိုခြင်း သနားကြင်နာခြင်း စတဲ့ တရားကောင်းတွေဖြစ်လာရင် ကုသိုလ်တရားတွေ ဖြစ်လာပြီး ပုညာဘိသင်္ခါရ ကမ္မဘဝတွေ ဖြစ်လာပြန်ပါတယ်။ ကုသိုလ်တရားတွေ

http://www.dhammadownload.com



ဖြစ်လာတော့ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝတွေ ဖြစ်လာလိမ့်မည်။ အဆိုပါ ဘဝတွေက ဇာတိစသည် ဆိုးကျိုး ဆိုးပြစ်တွေ ဖြစ်လာလိမ့်မည်။ အဲဒီလို ဝဋ်သံသရာလည်ပုံကို သိရမှာပါ။ အကုသိုလ်ဆိုင်ရာမှာဆို ဒီထက်ဆိုးတဲ့ သံသရာဆိုး လည်မှာပါပဲ။

## ဘဝဆို ဘယ်ဘဝမှ

ထို့ကြောင့် ဘုရားရှင်က "ရဟန်းတို့ ဘဝဆို ဘယ်ဘဝကိုမှ မချီးမွမ်းဘူး။ လက်ဖျောက်တီးတစ်ချက်လေးကာလမျှ တည်ရှိသော ဘဝကိုမျှလဲ မချီးမွမ်းနိုင်ဟု မိန့်တော်မူပါတယ်။

## အတူတူ

အဘိဓမ္မာသဘော ပဋိစ္စသမုပ္ပါဒ်သဘောတို့မည်သည် မျက်နှာကြီးငယ်မလိုက်တတ်ကြပါ။ သူ့ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာအတိုင်း ဖြစ်လေ့ရှိကြပါတယ်။ ဘုရင်ဧကရာဇ်မင်းမြတ်ကြီးလဲ ဘဝရှိ၍ ဇာတိမကင်းတဲ့အတွက် အိုနာသေစိုးရိမ်ပူဆွေး စိတ်မအေးစသည်တို့မှ မလွတ်နိုင်ပါ။ ဆင်းရဲမွဲတေ ဖွတ်ဘိုးအေတို့ ဝတ်စရာမရှိ ဖျင်တစ်ထောင်နေစရာမရှိ အိမ်မိုးခေါင်ဆိုသူတွေလဲ ဘဝရှိ၍ ဇာတိမကင်းသဖြင့် အိုနာသေစိုးရိမ် ပူဆွေးစသည့် ဝေပုံကျခံစားကြရပါတယ်။ ဒါတွေ အားလုံးအတူတူပါပဲ။

## သုံးဆယ့်ခြောက်ထွေ

သံသရာစက်လည်ပုံ စက္ကုဝတ္ထုစတဲ့ ခြောက်ပါးတွင် မျက်စိအကြည်ကား ငါဖြစ်သည်၊ ငါ့ဥစ္စာဖြစ်သည် မြင်သိစိတ်ကား ငါဖြစ်သည်၊ ငါ့ဥစ္စာဖြစ်သည် ငါမြင်သည်၊ ဖဿကား ငါဖြစ်သည်၊ ငါ့ဥစ္စာဖြစ်သည်၊ ငါတွေ့ထိသည်၊ ဝေဒနာခံစားချက်အပေါ်မှာ ငါခံစားသည်၊ ငါရဲ့ခံစားချက်ဖြစ်သည်။ တဏှာအပေါ်မှာ ငါကြိုက်သည်၊ ငါတပ်မက်သည်၊ ငါ့ရဲ့ တပ်မက်မှုပဲ စသည် အဲဒီလို စွဲလမ်းမှားလျှင် သက္ကာယဒိဋ္ဌိဖြစ်နေပြီ။ သက္ကာယဒိဋ္ဌိဖြစ်လျှင် ဒိဋ္ဌုပါဒါန်ဖြစ်ပြန်သောကြောင့် ဉပါဒါနပစ္စယာ

http://www.dhammadownload.com



ဘဝေါ ဆိုသည့်အတိုင်း ဘဝဖြစ်ရာမှ ဇာတိပဋိသန္ဓေ အိုနာသေစိုးရိမ်ပူဆွေးစသည် ဝဋ်ဒုက္ခသံသရာစက်လည်ပြန်ပြီ။ ပြီးတော့ လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးရဲ့ ပဋိစ္စသမုပ္ပါဒ်ကဗျာလေး ဆက်ရွတ်ပါ့မယ်။

၁။ စက္ခုဓာတ်မ ရူပဓာတ်ဖို၊
ဋ္ဌိန္နှံစုံတွဲ ဖြစ်မြဲနဂို၊
ဝိညာဉ်စက္ခု မြင်မှုထိုထို၊
တိဏ္ဏံ ဖဿော သဘောအလို။

၂။ ဖဿဓာတ်မင်း အရင်းထူထောင်၊
ဝေဒနာမီး ထိန်ငြီးတပြောင်၊
ဝေဒနာစက် စဉ်ဆက်သူဆောင်၊
တဏှာဆိုး အခိုးဆူပွက်လောင်။

၃။ တဏှာမီးပွင့် ကြီးရင့်ကုံလုံ၊
ဉပါဒါန်လေး အရေးတစ်ဖုံ၊
ဉပါဒါန်မျိုး တန်ခိုးဖုံဖုံ၊
ဘဝကြီး အပြီးပေါ်ရတုံ။

၄။ ဘဝရှိလို့ ဇာတိတည်နေ၊
လေးဖြာဇာတိ ဇာတိအခြေ၊
ဇာတိမူလ သူစပြန်လေ၊
လွန်ယိုယွင်း အိုမင်းဇရာပေ။

၅။ အိုခြင်းနာခြင်း မကင်းနိုင်ပေ၊
ပဋိစ္စဓာတ် ရဟတ်အပွေ၊
စိုးရိမ်ပူဆွေး ငိုကြွေးထွေထွေ၊
ဒုက္ခစက် စဉ်ဆက်ဆူလို့ဝေ။

၆။ ရုပ်ရောနာမ်ရော ဒုက္ခောဒုက္ခံ၊
ကြောင်းကျိုးဆက်စိုင်း စက်ဝိုင်းအမှန်၊
အကြောင်းချုပ်ရိုး၊ အကျိုးချုပ်ဟန်၊
ကြုံလာဆိုက် အမြိုက်ပြည်နိဗ္ဗာန်။

မိခင်ဇရာဝတီ

http://www.dhammadownload.com



**သံသရာဝဋ်ဇာတ်သိမ်းကြစို့ရဲ့**

မျက်စိအကြည်သည် မမြဲ၊ ဆင်းရဲကိုသာ ပေးတတ်တယ်။ ငါမဟုတ်၊ ငါ့အလို၊ ငါ့အကြိုက်မလိုက်လို့ ရုပ်လက္ခဏာအမှတ်တံဆိပ် အမှန်ကို မြင်အောင်ကြည့်ပါ။ ဝိပဿနာရှုပါ။ အဲဒီလို သုံးဆယ်ခြောက်ထွေ တရားတွေကို ရှုဆင်ခြင်၍ သူသိငါသိ ကမ္မာသိကို ကျော်လွန်နိုင်အောင် ကျင့်သုံးပြီး မျက်စိအကြည်စတဲ့ သုံးဆယ်ခြောက်ထွေ တရားတွေဟာ မည်သူ၏အလိုဆန္ဒ အမိန့်အာဏာကြောင့်မှ ဖြစ်ပေါ်လာကြသည် မဟုတ်။ အကြောင်းအကျိုး ဆက်နွယ်၍သာ ဖြစ်ပေါ်လာကြတယ်။ ဖြစ်ပြီးတော့လဲ အမြဲတည်နေကြတာ မဟုတ်။ ခဏချင်း ပျက်စီးသွားကြတယ်။ ချမ်းသာသုခကို ဘယ်အခါကာလကမှ ပေးနိုင်ကြသည် မဟုတ်။ အဲဒီ သဘောတရားတွေကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ စွဲလမ်းကင်းအောင် ရှုစားပွားများနိုင်ပါမှ တဖြေးဖြေး အဲဒီတရားတွေအပေါ်မှာ သာယာမှုကင်းပြတ်နိုင်ပါတယ်။ အဲဒီ တဏှာကင်းပြတ်မှုဟာ ဗုဒ္ဓဘာသာရဲ့ လွန်စွာထွဋ်မြတ်တဲ့ အကျိုးပါပဲ။ ဒီနည်းနဲ့ သံသရာဝဋ်ဇာတ်သိမ်းကြပါစို့ရဲ့။

**ဝိပဿနာရှုနေသူအား မဂ္ဂင်ရှစ်ပါးဖြစ်ပွားနေပုံ**

ပစ္စုပ္ပန်ကာလမှာ မိမိတို့သန္တာန်၌ ဖြစ်ပွားနေတဲ့ သုံးဆယ်ခြောက်ထွေ တရားတွေကို တစ်မျိုးချင်း ရှင်းလင်းအောင် မဂ္ဂင်ဉာဏ်အလင်းပွင့်နေစဉ်အခါ အဲဒီယောဂီရဲ့သန္တာန်မှာ မဂ္ဂင်ရှစ်ပါးဖြစ်ပေါ်နေပါတယ်။ စက္ခုစတဲ့ တရားတွေအပေါ် လက္ခဏာဉာဏ် ပွင့်လင်း၍နေလျှင် "သမ္မာဒိဋ္ဌိ" ဖြစ်ပေါ်နေပါတယ်။ အဲဒီတရားတို့နဲ့ ပတ်သက်ဆက်စပ်သော အကြံအစည်တို့ကိုသာ ကြံစည်နေပါက သမ္မာသင်္ကပ္ပ ဖြစ်နေပါတယ်။ ဝိပဿနာဆိုင်ရာ စကားပြောကြားနေပါက မုသားဆိုပြော ဂုံးချော ရန်တိုက် အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း အပြိန်းစကားမှ ရှောင်ပြီးသား ဖြစ်နေတော့ သမ္မာဝါစာဖြစ်နေပါတယ်။ ဝိပဿနာအလုပ် ကောင်းစွာ

http://www.dhammadownload.com



လုပ်နေတော့ သက်သတ်ခိုးမှု ကာမေသုတို့မှလဲ ရှောင်ပြီးသားဖြစ်နေတော့ သမ္မာကမ္မန္တမဂ္ဂင်လဲ ဖြစ်နေပါတယ်။ ဘုရားမကြိုက်သော အသက်မွေးမှုမှလဲ ရှောင်ပြီးသားဖြစ်နေတော့ သမ္မာအာဇီဝမဂ္ဂင်လဲ ဖြစ်နေပါပြီ။ တရားရှုမြင်တဲ့ အလုပ်ထဲမှာ စွဲမြဲတဲ့သတိကို သမ္မာသတိ တရား ရှုမြင်တဲ့ အလုပ်နဲ့တည်ကြည် စူးစိုက်နေတော့ သမ္မာသမာဓိမဂ္ဂင်လဲ ဖြစ်နေပါတယ်။ ဝိပဿနာဉာဏ် ထက်သန်လာပါက အရိယာစခန်း အဆင့်ဆင့် တက်လှမ်း၍ ဘဝစက်ရဟတ်ရပ်၍ ဒုက္ခပွဲသိမ်းနိုင်ပါပြီ။

**သုံးဆယ့်ခြောက်ထွေ ဆက်နွယ်နေပုံ**

အဲဒီ သုံးဆယ့်ခြောက်ထွေ တရားနေတို့ရဲ့ ဆက်နွယ်နေပုံကို ကြည့်ကြရအောင်။

| ဝတ္ထု | အာရုံ | ဝိညာဏ် | ဖဿ | ဝေဒနာ | တဏှာ |
|---|---|---|---|---|---|
| စက္ခုဝတ္ထု | ရူပါရုံ | စက္ခုဝိညာဏ် | စက္ခုသမ္ဖဿ | စက္ခုသမ္ဖဿဇာ ဝေဒနာ | ရူပတဏှာ |
| သောတဝတ္ထု | သဒ္ဒါရုံ | သောတဝိညာဏ် | သောတသမ္ဖဿ | သောတသမ္ဖဿဇာ ဝေဒနာ | သဒ္ဒတဏှာ |
| ဃာနဝတ္ထု | ဂန္ဓာရုံ | ဃာနဝိညာဏ် | ဃာနသမ္ဖဿ | ဃာနသမ္ဖဿဇာ ဝေဒနာ | ဂန္ဓတဏှာ |
| ဇိဝှါဝတ္ထု | ရသာရုံ | ဇိဝှါဝိညာဏ် | ဇိဝှါသမ္ဖဿ | ဇိဝှါသမ္ဖဿဇာ ဝေဒနာ | ရသတဏှာ |
| ကာယဝတ္ထု | ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဏ် | ကာယသမ္ဖဿ | ကာယသမ္ဖဿဇာ ဝေဒနာ | ဖောဋ္ဌဗ္ဗတဏှာ |
| မနဝတ္ထု | ဓမ္မာရုံ | မနောဝိညာဏ် | မနောသမ္ဖဿ | မနောသမ္ဖဿဇာ ဝေဒနာ | ဓမ္မတဏှာ |

ဤသုံးဆယ့်ခြောက်ထွေ နဝင်းတြေတို့ အချင်းချင်း ကွင်းဆက်နဲ့ ဖြစ်ပွားနေပုံ၊ စက်လည်၍နေပုံကို မိမိသန္တာန်မှာ ပစ္စုပ္ပန်ကာလ တရားအချက်တို့ကို သွက်သွက်ကြီးမြင်နိုင်ပါက အဆင့်မြင့် ယောဂီဖြစ်ပါပြီ။

http://www.dhammadownload.com



**တရားကြေပြီ**

ဥပရိပဏ္ဏာသပါဠိတော်ကြီးမှာ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ ဆဆက္ကသုတ္တန်ကြီးသည် ဗုဒ္ဓသာသနာတော်၌ အရေးကြီးလှတဲ့အတွက် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပါဠိတော်မှ အသီး ထုတ်၍ ဆဆက္ကသုတ်နိဿယကို ရေးသားပြီး ပို့ချတော်မူခဲ့ပါတယ်။ ဒီဆဆက္ကသုတ္တန်ကို နာကြားကြရသည့် ပုဂ္ဂိုလ်များစွာတို့ တရားရဖူးကြပါတယ်။

ဒီ (၃၆)ထွေ တရားတွေကို အမြင်ရှိ အသိရောက်တဲ့ အရိယာ၏ တပည့်ဟာ စက္ခုစသည်အပေါ်လဲ ငြီးငွေ့အဆင်းစသည့် အပေါ်မှာလဲ ငြီးငွေ့ဝိညာဉ်ပေါ်မှာလဲ ငြီးငွေ့၊ စက္ခုသမ္ဖဿ စသည်ပေါ်မှာလဲ ငြီးငွေ့တယ်။ ငြီးငွေ့တော့ တပ်မက်ခြင်းကင်းတယ်။ တပ်မက်ခြင်း ကင်းတော့ မဂ်ဉာဏ်ဖြစ်ပေါ်လာတယ်။ မဂ်ဉာဏ်ဖြစ်ပေါ်လာတယ်။ မဂ်ဉာဏ် ဖြစ်တော့ ကိလေသာမှ လွတ်တယ်။ ကိလေသာမှလွတ်တဲ့ ဖိုလ်ဖြစ်လာတော့ ကိလေသာမှလွတ်တယ်လို့ သိတဲ့ ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာပါတယ်။

အဲဒီနည်းလမ်းနဲ့ ခြောက်ကျိပ်သော အရှင်မြတ်တို့ တဏှာဒိဋ္ဌိကင်းကွာ အာသဝေါလွန်မြောက် ရဟန္တာအဖြစ် ရောက်ရှိတော်မူကြပါတယ်။ ဒီသုတ္တန်နာကြားပြီး အဲဒီခြောက်ကျိပ်တို့သာ ရဟန္တာဖြစ်တာ မဟုတ်သေး။

ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ ဟောတော့လဲ ရဟန္တာ ခြောက်ကျိပ်ပဲ။ ရှင်မောဂ္ဂလာန်ဟောတွေလဲ ခြောက်ကျိပ်ပါပဲ။ ရှစ်ကျိပ်သော သာဝကတွေ ဟောတော့လဲ ခြောက်ကျိပ်စီပါပဲ။ အဲဒီလို အဘိညာဉ်ရ မဟာထေရ်တွေဟောလို့ တရားရကြတာလဲ အဆန်းမဟုတ်ပါဘူး။ သီဟိုဠ်ကျွန်း ထိုထိုမဟာထေရ်တွေ ထိုထိုနေရာမှာ ဟောတော့လဲ ခြောက်ကျိပ်ပေါင်းများစွာရှိခဲ့ဖူးပါတယ်။

http://www.dhammadownload.com



နောက်ဆုံး ခြောက်ကိုပ်မက ရဟန္တာန်ဖြစ်တာလဲ ရှိသေးတယ်။ အမ္ဗလကာရကကျောင်းမှာ တိပိဋကစူဠနာဂမထေရ်က ဤသုတ္တန်ကြီး ဟောတော့ လူပရိသတ်က တစ်ဂါဝုတ်မျှရှိတယ်။ နတ်ပရိသတ်က တစ်ယူဇနာမျှရှိတယ်။

တရားတော်အဆုံးနိဂုံးမှာ ရဟန္တာတစ်ထောင်ဖြစ်တယ်။ နတ်ပရိသတ်ထဲမှာတော့ ဟိုမှာဒီမှာ တစ်ယောက်တစ်လေ ပြောက်ကျား လောက်သာ ပုထုဇဉ်ကျန်ပါသတဲ့။ အဲသလောက် အံ့ဖွယ်သုတ္တန်ကြီးလာ "သုံးဆယ့်ခြောက်ထွေ နဝင်းတျေ" တရားနာကြားကြရသဖြင့် မိမိတို့ အားထုတ်ဆဲ တရားဉာဏ်အဆင့်ဆင့်တက်နိုင်အောင် အားထုတ်နိုင်ကြ ပါစေကုန်သတည်း။ ကဲ ကဲ . . . ရွှေကျင်သာသနာပိုင် သပြေကန် ဆရာတော်ဘုရားကြီးရဲ့ ဓမ္မဒေသနာ နိဂုံးဂါထာ အသုံးပြုပြီး သာဓု ခေါ်ကြဦးစို့ရဲ့။

**ပုညံမေ သမ္ဘတံတေန၊ ဇနာပုဏ္ဏ မနောရထာ။**
**သုခိတာ မုဒိတာဟောန္တု စိရံ ဇီဝန္တု နာမယာ။**

မေ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ပါဠိဓမ္မပဒ စာရှိအရဖြင့် ဒါန တို့တွင် ထွန်ဆုံးပင်ဟု မြော်မြင်လိုလား တရားတွေပြ အခြေလှတီထွင် ဒေသက ဤအရှင်ငါသည် (ယံ) ပုညံ= ငါ၏တရား နာကြားကုန်ကြ ကောင်းလေစွ၊ နာကြားကြကာ ကြည်ညိုပါက ကောင်းလေစွဟု ညံ့လှ စိတ်ထား ဖိတ်မထားပဲ တရားမေတ္တာ ကရုဏာဖြင့် ရှုကာဟောပြ ဓမ္မဒေသနာ သညာဂုဏ်ပြ အကြင်မဟာပုည ကုသိုလ်ထူးကို၊ သမ္ဘတံ= ငါ၏တရား နာကြားကုန်ကြ ကောင်းလေစွ၊ နာကြားပြီးက သိကြပါက ကောင်းလေစွ၊ သိကြပြီးက ကျင့်ကြပါက ကောင်းလေစွဟု ကဿပ ထေရ်မဟာ စေတနာသို့ ဖြူစွာစိတ်ထား ဟောကြားမလပ် ဆည်းပူးအပ် ပါပေပြီ။ တေန= လာဘ်လဲမလို ကြည်ညိုမမျှော် ကျော်ဖို့မတွေး အေးစေ ဖို့ရာ ချမ်းသာဖို့ရန် ရည်သန်တောင့်တ ဟောပြရသည့် ဓမ္မဒေသနာ ဆိုကာဂုဏ်ပြ ထိုမဟာပုည ကုသိုလ်ရတနာမြတ်ကြောင့်၊ ဇနာ= တရား

http://www.dhammadownload.com



ဘက်တွင် သက်ဝင်ကျက်စား စိတ်ထားလှပ၊ ဓမ္မမာမက= ယောဂီ အပေါင်း သူတော်ကောင်းတို့သည်။ ပုဏ္ဏမနေ့ရထား= ကုသိုလ်ပညာ ဥစ္စာရရေး မျှော်တွေးမိဋ္ဌာန် စိတ်ကြံသမျှ ဆန္ဒလုံးစုံ ပြီးမြောက်ကြ ကုန်လျက်၊ သုခိတာ= သတိပညာ ဥစ္စာတိုးပွား တရားရကာ သာယာ လွန်ကဲ ကိုယ်လဲချမ်းသာ စိတ်ချမ်းသာလျက် လွန်စွာရွှင်ပြ ချမ်းသာကြ ကုန်သည်လည်းကောင်း၊ မုဒိတာ တရားဥစ္စာ ရသာလွှမ်းခြုံ ဝမ်းသာ ပျော်ရွှင်ကြကုန်သည်လည်းကောင်း၊ ဟောန္တု= ပျော်ဖွယ်ရာထင် ရွှင်ဖွယ်ရာခေတ် အသစ်သစ်ကြုံ ဖြစ်ကြပါစေကုန်သတည်း။ အနာမယာ= ၉၆ဖြာ ဘေးရောဂါတို့ စင်ကွာကင်းပ အာရောဂျဟု ပရမလာဘာ လွှမ်းလာအရ ကျန်းမာကြကုန်သည်ဖြစ်၍၊ စိရံဇီဝန္တု= သာသနာအကျိုး လောကအကျိုးကို သည်ပိုးနိုင်လျက် မပျက်အတည် အသက်ရှည်ကြပါစေ ကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်**
**ပဓာန နာယက**
**နာဂလိုဏ်ဂူဘုရားကုန်းမြေ**
**ကလေးဝတောရစာသင်တိုက်ဆရာတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

## လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**(၆၃)ကြိမ်မြောက်လယ်တီဝိပဿနာ**
**(၇)ရက်တရားစခန်းဖွင့်ပွဲ**

**ဒေဝဒူတ**

ယနေ့ သာသနာတော်နှစ် ၂၅၄၇၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ တော်သလင်းလပြည့်၊ ဂရုဓမ္မ အခါတော်နေ့။

ဘုန်းကြီးတို့ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်က ကြီးမှူး ဖွင့်လှစ်တဲ့ ဒီလယ်တီဝိပဿနာ(၇)ရက် တရားစခန်းက (၆၃)ကြိမ်မြောက် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဝါခေါင်လပြည့်နေ့က (၆၂)ကြိမ်မြောက် (၇)ရက် တရားစခန်းမှာ ဘုန်းကြီးတို့အသက်က(၆၂)နှစ် ဒီရက်ပိုင်းအတွင်းမှာ ပြည့်ခဲ့တော့ ဒိဋ္ဌိ(၆၂)ပါး ဟောခဲ့တယ်။

မြန်မာနိုင်ငံ သုဝဏ္ဏဘုမ္မိ(သထုံ)ပြည်မှာ သာသနာပြုကြွလာ တော်မူကြတဲ့ အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ ဝေခွဲပြီး ဟောကြား တော်မူခဲ့တဲ့ ပထမဆုံး သာသနာပြုတရားတော် ဟောခဲ့တယ်၊ အဲဒီတရား တော်နဲ့ပဲ ဖွင့်ခဲ့တယ်။

http://www.dhammadownload.com



ယနေ့လဲ ဘုန်းကြီးတို့(၆၃)နှစ်ထဲအရောက် ပထမဖွင့်လှစ်တဲ့ တရားစခန်းပါ။ ဒီတရားစခန်းမှာလဲ စောစောက (၆၂)ကြိမ်မြောက်မှာ အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ မြန်မာပြည် သုဝဏ္ဏဘူမိ သထုံပြည်ကို သာသနာပြုကြွလာတဲ့အခါ ဗြဟ္မဇာလသုတ္တန် ဒေသနာတော်မြတ်ကြီးကို အခြေနိဒါန်းထားပြီးတော့ ဟောခဲ့သလိုပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း၂၅၉၃ နှစ်က မြတ်ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူပြီးတော့၊ လွန်ခဲ့တဲ့ နှစ်ပေါင်း၂၅၄၇နှစ် က ပရိနိဗ္ဗာန် စံကြွသွားတော်မူပြီးနောက်မှာ ရာစု(၂)ခုကျော်ပြီး (၃)ရာစုလောက်ကျမှ မြန်မာပြည် အပါအဝင်ပေါ့လေ။ သီရိဓမ္မာသောကမင်းကြီးရဲ့ ပစ္စည်းလေးပါး အထောက်အပံ့ကိုယူပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးက (၉)တိုင်း(၉)ဌာနသို့ သာသနာပြု စေလွှတ်တော်မူခဲ့ပါတယ်။ မြန်မာပြည် (သုဝဏ္ဏဘူမိ)သထုံပြည်ကို အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ ခေါင်းဆောင်ပြီး ရဟန္တာမထေရ်မြတ်ကြီးငါးပါး မဟိံသကတိုင်းကိုတော့ မဟာဒေဝမထေရ်မြတ်ကြီး ခေါင်းဆောင်ပြီးတော့ ရဟန္တာအရှင်မြတ်ကြီး ငါးပါး။ ငါးပါးကြွရတဲ့ အကြောင်းကတော့ ရဟန်းပြုလိုတဲ့ ပုဂ္ဂိုလ်များရှိက အလွယ်တကူ ရဟန်းပြုပေးနိုင်ဖို့ ဖြစ်ပါတယ်။

မဟိံသကတိုင်းကို ငါးပါးကြွတော်မူတဲ့အခါ ခေါင်းဆောင်ဖြစ်တော်မူတဲ့ မဟာဒေဝမထေရ်မြတ်ကြီးက အဘယ်တရားကို ဟောတော်မူပါသလဲ။ **"ဒေဝဒူတသုတ္တန်"**ကြီးကို ဟောတော်မူတယ်။ (အင်-၁၊ ပါ) ဒေဝဒူတသုတ္တန်ဟာ အားလုံးယောဂီတွေနဲ့ မစိမ်းဘူး။ ဒီဒေဝဒူတ သုတ္တန်က မစိမ်းပါဘူး။ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာကျော်က စစ်ကိုင်းတောင်မှာ တောရဆောက်တည်ကျင့်သုံးနေတဲ့ ထွဋ်ခေါင်ဆရာတော် ဘုရားကြီးက "ယမမင်းထံ အစစ်ခံသံပေါက်" ဆိုပြီးတော့ ဘုန်းကြီးတို့ ကလေးဘဝက ဒါလေးတွေ ဖတ်ဖူးတယ်၊ ရဖူးတယ်။ ဘုန်းကြီးတို့ ဖတ်ဖူးသလိုပဲ၊ ရဖူးသလိုပဲ။ ယောဂီတွေလဲ

http://www.dhammadownload.com



တစ္စန်းတစတော့ ကြားဘူးနေကြမှာပါ။ ယမမင်းထံ အစစ်ခံသံပေါက် ဆိုတာ ဒီဒေဝဒူတသုတ္တန်ကြီးပါပဲ။ ဒီဒေဝဒူတသုတ္တန်ကြီးကို ဆရာတော် ဘုရားကြီးက မွမ်းမံပြီးတော့ သံပေါက်ကဗျာများ ရေးသားထားတာပါပဲ။ မဟာဒေဝမထေရ်ကြီးက မဟိံသကတိုင်းမှာ သာသနာပြုတဲ့အခါ ဒေဝဒူတသုတ္တန်ကြီးကို ပထမဆုံးဟောတော်မူတယ်။ ဒေဝဒူတဆိုတာက အဓိပ္ပါယ်(၃)မျိုး ထွက်ပါတယ်။

ပထမနည်းကတော့ "ဒေဝ" သေမင်းကိုဟောဆိုပါတယ်။ "ဒူတ" က တမန် "သေမင်းရဲ့တမန်"လို့ခေါ်ပါတယ်။ သေမင်းတမန်ကြီး(၃)မျိုးကို ဟောကြားတော်မူပါတယ်။ တစ်နည်းအားဖြင့် "ဒေဝ"ဆိုတာ အမြင် အထင်ရှိတဲ့ "နတ်"ကို ယူပါတယ်၊ "နတ်တည်းဟူသောတမန်" တတိယ နည်းကတော့ " ဒေဝ"ကို ဝိသုဒ္ဓိနတ် ဘုရားရှင်များကို ယူပါတယ်။ ဝိသုဒ္ဓိနတ်= ဘုရားရှင်တည်းဟူသော တမန် ဒီလိုအဓိပ္ပါယ်ရပါတယ်။ သေမင်းဟာ တမန်တဲ့။ သေမင်းရဲ့ တမန်(၃)မျိုး ဘာတွေလဲ။ သူအို၊ သူနာ၊ သူသေ (၃)မျိုးပါပဲ။ အဲဒီ(၃)မျိုးကို ဟောကြားတဲ့ သုတ္တန်ဖြစ်တဲ့ အတွက် "ဒေဝဒူတ" သုတ္တန်။ ပြီးတော့လဲ အမြင်အထင်ကို ဟောနိုင်တဲ့ နတ်တည်းဟူသော တမန်၊ နတ်သားတစ်ယောက် ကျကျနန နတ်ဝတ် တန်ဆာတွေ တန်းဆာဆင်ပြီးတော့ "ဘယ်နေ့ဘယ်ရက်တော့ ဘာဖြစ် လိမ့်မယ်ဟေ့ သတိထားနေကြ"လို့ လိုက်ပြောတာမှန်တယ်။ ဒါကြောင့်မို့ အဲဒီလို အမြင်အထင်ရတဲ့ နတ်တည်းဟူသော တမန်နဲ့တူသောကြောင့် အိုနာသေ(၃)မျိုးကိုလဲ ဒေဝဒူတလို့ ခေါ်ပါတယ်။

သူအိုက ပြောတာလဲမှန်တယ်၊ သူနာက ပြောတာလဲ မှန်တယ်၊ သူသေက ပြောတာလဲ မှန်တယ်။ ဘယ်လွဲမလဲ။ အဘိုးအို, အဘွားအို ပြောတာလဲမှန်တယ်၊ လူနာသည်, ရောဂါသည်တွေက ပြောတာလဲ မှန်တယ်၊ သေတဲ့လူတွေက ပြောတာလဲ မှန်တယ်၊ ဒါကြောင့်မို့ နတ်တမန်လို့ ခေါ်တယ်။ နတ်တမန် = မလွဲမချော်အောင် ပြောနိုင်တဲ့ နတ်တမန်တွေပဲ။ နောက်တစ်နည်းကတော့ မြတ်စွာဘုရား = ဝိသုဒ္ဓိနတ်

http://www.dhammadownload.com



တည်းဟူသော တမန်၊ ဘာကြောင့်လဲဆိုတော့ အလောင်းတော်မြတ် ဗောဓိသတ်ကြီးတွေ သဗ္ဗညုတဉာဏ်ရဖို့ မင်းမျိုး, ပုဏ္ဏားမျိုး၊ အမျိုးနှစ်မျိုးမှာ ဖြစ်ပြီးတော့ ချမ်းချမ်းသာသာနဲ့ လူ့လောကကြီးမှာ လူ့စည်းစိမ်ကို ကုံလုံကြွယ်ဝလို့ မရှိတာ မရှိဘူး၊ ပြည့်စုံပြီးနေတဲ့အခါဆိုတော့ သံဝေဂ မရနိုင်ဘူး၊ ပြည့်စုံနေတာကိုး။

အဲဒီအခါမှာ ဗြဟ္မာမင်းကြီးတွေက သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးပြရတယ်။ သူအို၊ သူနာ၊ သူသေ၊ ရဟန်း တည်းဟူသော နိမိတ်ကြီးလေးပါး မြင်ရတော့ အလောင်းတော်မြတ် ဗောဓိသတ်ကြီးတွေဟာ သတိသံဝေဂရပြီးတော့ တောထွက်ဘုရား ဖြစ်ကြတာကိုး။ ဒါကြောင့် ဝိသုဒ္ဓိနတ် တမန်လဲ မလွဲဘူး။ ဒေဝဒူတရဲ့ အဓိပ္ပါယ်လေးတွေကို ပြောပြီးတဲ့အခါ လောကသားတစ်ယောက်သည် **"သက်သတ်ခိုးမှု၊ ကာမေသုဆိုတဲ့ ကာယဒုစရိုက်၊ မုသားဆိုပြော ဂုံးချောရန်တိုက် အမိုက်အမဲ ဆဲရေးခြိမ်းချောက် အပြိန်းစကား နေ့စဉ်ပွား"**ဆိုတဲ့ ဝစီဒုစရိုက်၊ "သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု သူ့သက်ဇီဝေ သေစေချင်ဟူ အယူမှောက်မှား ဉာဏ်သုံးပါး မှတ်သားမနောကံ"ဆိုတဲ့ မနောဒုစရိုက်။

ဒုစရိုက်(၁၀)မျိုးပြုကျင့်တယ်။ လူတစ်ယောက် ဒုစရိုက်(၁၀)မျိုး ပြုပြီးတဲ့အခါ ဒုဂ္ဂတိဘဝပဲ ရောက်တော့တာပေါ့။ သူဟာ**"ကာယဿ ဘေဒါ ပရံမရဏာ"** ဒီခန္ဓာကိုယ် ပျက်စီးသွားတဲ့အခါ **"အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ"** ချမ်းသာခြင်းကင်းတဲ့နေရာ၊ ဒီဒုစရိုက်သမား ရောက်တဲ့နေရာက ဘယ်နေရာလဲ။ ချမ်းသာခြင်းကင်းတဲ့နေရာ၊ ဒုဂ္ဂတိ= မကောင်းသော သူတို့ရဲ့သွားရာနေရာ၊ ဝိနိပါတ= မိမိဆန္ဒတော့ လုံးဝမပါဘူး။ ဖရိုဖရဲနဲ့ ပြိုကွဲပြီး ကျရာနေရာ၊ နိရယ= တိုးတက်မှု၊ ကြီးပွားမှုမရှိတဲ့နေရာကို ရောက်သွားတယ်။ အဲဒီလို ရောက်သွားတဲ့အခါ ငရဲထိန်းတွေက သူ့ကို ခြေတွေ, လက်တွေကိုင်ပြီး တော့ ယမမင်းထံ အပ်နှင်းကြ၊ ပြကြတယ်။ ယမမင်းဆိုတာလဲ ရှိတယ်။

http://www.dhammadownload.com



ယမမင်းဆိုတာ ဝေမာတိကပြိတ္တာမင်းပါပဲ။ "ဝေမာတိက ပေတရာဇာ ဝေမာတိက ပြိတ္တာမင်းဆိုတဲ့ ယမမင်းစီကို အပ်နှင်းလိုက်တာ ဘယ်လို ပြောပြီး အပ်နှင်းလိုက်သလဲ။ ဒီဒုစရိုက်သမားကတော့ အမေ, အဖေကိုလဲ မရိုသေဘူး။ ရဟန်းတွေကိုလဲ မရိုသေဘူး။ ရဟန္တာ အရှင်မြတ်တွေကိုလဲ စော်ကားမော်ကားပြုတယ်။ မိမိဆွေကြီး, မျိုးကြီးတွေထဲက လူကြီးကိုလဲ မလေးစားဘူး။

**"ဣမဿ ဒေဝေါ ဒဏ္ဍံ ပဏိဏာတု"** ဒီဒုစရိုက်သမားကို ယမမင်းကြီးကိုယ်တိုင်သာ ဒဏ်ထားပါတော့။ အဲဒီတော့ ယမမင်းကြီးက စဉ်းစားတယ်။ ဒီလူဟာ အကုသိုလ်များတဲ့လူလား၊ အကုသိုလ်နည်းတဲ့ လူလားလို့ စဉ်းစားတယ်။ ဒုစရိုက်သိပ်များရင်တော့ ယမမင်းကြီးက မစစ်ဆေးတော့ဘူး။ သွားရော့-ငရဲ ဆိုပြီးတော့ ငရဲချလိုက်တယ်။ အကုသိုလ်နည်းတဲ့ ပုဂ္ဂိုလ်တွေဆိုရင်တော့ ပြန်သတိရတတ်တယ်။ အချို့ ပုဂ္ဂိုလ်ကတော့ ငရဲရောက်မှ မိမိရဲ့ကုသိုလ်လေး ပြန်သတိရတတ်တယ်။ တချို့ပုဂ္ဂိုလ်ကတော့ ယမမင်းကြီးက ပြတဲ့ကုသိုလ် သတိရပါစေတော့ ဆိုပြီး သတိရအောင် ဆောင်ရွက်ပေးရတာရှိတယ်။

အခု ဒေဝဒူတသုတ္တန်မှာတော့ အကုသိုလ်ဒုစရိုက် အလွန်အကျွံ များတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး၊ ဒုစရိုက်ခပ်ပါးပါးရှိတဲ့ ပုဂ္ဂိုလ်တွေကို ညှာတာတဲ့အနေအားဖြင့် လွတ်ရာ လွတ်ကြောင်း ဆိုပြီးတော့ ယမမင်းက ရှေ့နေလိုက်ပေးတာပါပဲ။ တစ်ချို့ ပုဂ္ဂိုလ်များကတော့ သူဟာနဲ့သူ ငရဲရောက်တာနဲ့ ပြုခဲ့တဲ့ကုသိုလ်ကို သတိရပြီးတော့ ငရဲကလွတ်ကြတယ်။ အချို့ပုဂ္ဂိုလ်က သင်္ကန်းလှူဖူးတယ်။ အမျိုးသမီးတစ်ယောက်က သင်္ကန်းလှူဖူးတယ်။ သူ့သားလေးတွေ သင်္ကန်းဝတ်ဖို့ လှူဖူးတယ်။ ဆရာတော်ကြီးတွေတောင် မဟုတ်ဘူး။ သူ့သားလေးတွေ သင်္ကန်း လှူဖူးတယ်။ ငရဲမီးရောင်မြင်တာနဲ့ သူ့သားလေးတွေ သင်္ကန်းရောင်ကို သတိရပြီး ကုသိုလ်ပွားကာ ငရဲက လွတ်သွားတယ်။ အချို့ပုဂ္ဂိုလ်တွေ ကတော့ ယမမင်းက ဘယ်လိုပဲ သတိပေးပေး မလွတ်တာတွေရှိတယ်။

http://www.dhammadownload.com



ယမမင်းဆီ အမတ်တစ်ယောက်ရောက်သွားတယ်။ သူ့မှာလဲ ဘာကုသိုလ်မှ မရှိဘူး။ ဘာကုသိုလ်မှ မရှိတော့ "ကိုယ်အပြစ်နဲ့ကိုယ် ကိုယ့်ဒုက္ခ ကိုယ်သာခံပေတော့"ဆိုပြီးတော့ ယမမင်းက လက်လျှော့ လိုက်တယ်။ အကုသိုလ်နည်းလို့၊ ယမမင်းသတိပေးလို့၊ ရှေ့နေလိုက်လို့ အမှုတစ်ခုက လွတ်လာတာမျိုးပေါ့။ ယမမင်းက ရှေ့နေ ရှေ့ရပ်လိုက်လို့ လွတ်သွားတာမျိုးလဲရှိတယ်။ အဲဒါမျိုးကျတော့ ယမမင်းက ရှေ့နေ လိုက်ပြီးတော့ "ဟောရောက်လာပြီ၊ ဒုစရိုက်သမား တစ်ယောက်" ရောက်လာတော့ "အမောင်- လူ့လောကတုန်းက နံပါတ်(၁) ဖြစ်တဲ့ သေမင်းတမန်ကိုများ၊ နတ်တမန်ကိုများ တွေ့ဖူးပါသလား" မေးတယ်။

**"နာဒဿံ ဘန္တေ"**= မမြင်ခဲ့ပါဖူးတဲ့။ အင်းဒီလူကတော့ ပထမ သေမင်းတမန်ကိုမေးတော့ သူမသိဘူးလို့ ဖြေတယ်။ ဆက်ပြီးတော့ ထင်ရှားအောင်မေးတယ်။ "သင်လူ့ပြည်, လူ့လောကတုန်းက အဘိုးအို, အဘွားအိုတွေ မတွေ့ဘူးလား။ မျက်စေ့ကမှုန်, ခါးကကိုင်း, ပါးရေ, နားရေတွေတွန့်လို့ အဲဒီလို အဘိုးအို, အဘွားအိုများ မတွေ့ဖူး ဘူးလား"လို့ မေးတယ်။ **"အဒဿံ ဘန္တေ"**= အဲဒီလို အဘိုးအို အဘွားအိုတွေ တွေ့ခဲ့ပါတယ်လို့ ဖြေတယ်။ "အဲဒီလို တွေ့တဲ့အခါ သင့်စိတ်ထဲမှာ ငါလဲပဲ ဒီလို အိုရမှာပဲ။ ဒီအဘိုးအို, အဘွားအိုကြီးတွေလဲ စောစောတုံးက သူတို့လက်၊ သူတို့ခြေ မှတ်ဉာဏ်တွေကောင်းပြီးတော့ လက်သီးလက်ရုံး တန်းပြီးတော့ နေခဲ့ကြတာပဲ။ အခုချိန်မှာတော့ လက်သီးလက်ရုံး မတမ်းနိုင်တဲ့ အချိန်ရောက်ကြပြီ၊ ငါလဲပဲ ဒီလိုဖြစ်မှာပဲလို့။ ကဲ- အိုမည့် အတူတူ၊ အိုမင်းမစွမ်း ဖြစ်မည့်အတူတူ မအိုခင်က ကြိုတင်ပြီးတော့ ကုသိုလ်ကောင်းမှုပြုမှပဲလို့ အကြံအစည်ဖြစ်ခဲ့ရဲ့လား"ဆိုတော့ **"နသက္ခိဿံ ဘန္တေ၊ ပမာဒဿံ ဘန္တေ"**= အဲဒီလို ပြုဖို့လဲ မေ့လျော့ခဲ့ ပါတယ်တဲ့၊ မပြုခဲ့ပါဘူးတဲ့။ အဲဒီလို ဖြေလိုက်တဲ့အခါ ယမမင်းက အမိန့်ချတယ်။ "လူ့ဘဝကိုရောက်တုန်း ပထမသေမင်းတမန်ဖြစ်တဲ့ အဘိုးအို, အဘွားအိုတွေတွေ့လို့မှ သတိမရ၊ ကုသိုလ်ပြုဖော် မရတဲ့

http://www.dhammadownload.com



မောင်မင်းကြီးသားတော့ ကိုယ်အပြစ်နဲ့ ကိုယ်သာခံ ပေတော့။ မောင်မင်း ပြုတဲ့ အကုသိုလ်ဒုစရိုက်တွေဟာ အမိအဖက ပြုတာမဟုတ်ဘူး၊ သားသမီး၊ ဆွေမျိုးတွေက ပြုတာမဟုတ်ဘူး၊ ဘယ်နတ်ဗြဟ္မာကမှ ပြုပေးတာမဟုတ်ဘူး။ **"တယေဝေတံ ကတံ"**= ဒီမကောင်းမှု အကုသိုလ်ရရှိအောင် သင်ကိုယ်တိုင် ပြုလုပ်ခဲ့တာ။ သင်ပြုတဲ့ အကုသိုလ် ဒုစရိုက်အပြစ်ကို သင်ပဲခံပေတော့"လို့ ဒီလို အမိန့်ချလိုက်တာ။ ယမမင်းက အဲဒီလို အမိန့်ချလိုက်ပြီးတော့လဲ ထပ်ပြီးတော့ မေးသေးတယ်။ နေအုန်းကွာ- မင်း လူ့ပြည်, လူ့လောကတုံးက နှစ်ခုမြောက်ဖြစ်တဲ့ သေမင်းတမန်၊ နတ်မင်းတမန် ဝိသုဒ္ဓိနတ်မင်း တမန်ကို သင်မမြင်ခဲ့ဖူးလား"တဲ့။

**"နာဒဿံ ဘန္တေ"**= သတိမပြုခဲ့ဘူး မမြင်ခဲ့ပါဘူးတဲ့။ နှစ်ခု မြောက်သော သေမင်းတမန်၊ နတ်မင်းတမန်ဆိုတာ ဘာပါလဲဆိုတော့ "လူ့ပြည်၊ လူ့လောကတုန်းက ရောဂါစွဲကပ်နေတဲ့လူနာတွေ၊ မကျန်းမမာ ဖျားနာနေတာတွေ၊ အနာရောဂါစွဲကပ်ပြီးနေတာတွေ သင်မမြင်ဖူးဘူး လား။ ကိုယ့်အရိုးကို မသယ်နိုင်တာတွေ၊ အခြား အခြားပုဂ္ဂိုလ်တွေက ထူပေးမှ ထနိုင်တာတွေ၊ လူမမာတွေ၊ ဆေးရုံကြီးအသီးသီးမှာလဲ ရှိတယ်၊ မမြင်ခဲ့ဖူးလား"ဆိုတော့ **"အဒဿံ ဘန္တေ"**= အဲဒါတွေတော့ မြင်ခဲ့ပါတယ် ဘုရား။ အဲဒီလိုမြင်တဲ့အခါ "ငါလဲပဲ တစ်နေ့ကျရင် နာရအုံးမှာပဲ။ မိမိအညစ်အကြေးတောင် မသန့်ရှင်းနိုင်တဲ့၊ မိမိကိုယ်တိုင် မထိုင်နိုင် မထနိုင်တဲ့၊ လူနာကိုမြင်တဲ့အခါ သြော်- တစ်နေ့ကျရင် ငါလဲ ဒီလိုဖြစ်ရ မှာပါလား။

အဲဒီလို မဖျားမနာပဲ ကျန်းမာနေစဉ် ကုသိုလ်ကောင်းမှု ကြိုတင် ပြုထားမှပါလားလို့ ဒီလိုကောင်းမွန်တဲ့ အကြံအစည်လေးများ မဖြစ်ခဲ့ ဖူးလားလို့"ဆိုတော့၊ **"နာသက္ခိဿံ ပမာဒဿံ ဘန္တေ"**= အဲဒီလိုဆိုတော့ မစွမ်းနိုင်ခဲ့ပါဖူး။ ကုသိုလ်ပြုဖို့အရေး နည်းနည်းလေးမှ မတွေးမိပဲ မေ့လျော့ခဲ့ပါတယ်"လို့ ဖြေပါတယ်။ "အဲဒီလိုဆိုရင် သင်ပြုတဲ့ကံ သင်သာ

http://www.dhammadownload.com



ခံပေတော့”တဲ့။ ဒီကိစ္စဟာလဲ လူ့ဘဝရောက်တဲ့အခါ အခွင့်သာရက် သားနဲ့ သေမင်းတမန်, နတ်မင်းတမန်, ဝိသုဒ္ဓိနတ်မင်းရဲ့ တမန်က အမှန်အတိုင်း ပြောရက်သားနဲ့ မေ့လျော့ရက်တယ်။

ယမမင်းက ဒုတိယသေမင်းတမန်၊ နတ်မင်းတမန်ကိုပြပြီး သတိရစေသော်လဲ မရနိုင်တဲ့အတွက် လက်လျော့ပြီး “သင်ပြုတဲ့ အကုသိုလ်ကံ သင်သာခံပေတော့ ”လို့ ယမမင်းက အမိန့်ချလိုက်တယ်။ “တတိယမြောက်ဖြစ်တဲ့ သေမင်းတမန်၊ နတ်မင်းတမန်၊ ဝိသုဒ္ဓိနတ်မင်း တမန်ကိုကော မမြင့်ခဲ့ဖူးလား”လို့မေးတော့ “မမြင်ခဲ့ပါဘူး”တဲ့။ “သေကျေ ပျက်စီးတဲ့လူ၊ တစ်ရက်သေပြီးတဲ့လူ၊ နှစ်ရက်သေပြီးတဲ့လူ၊ ဖူးဖူးရောင် ပွနေတဲ့လူ၊ ပြည်တစိုစို ပေါက်ကွဲယိုနေတဲ့ လူသေကို မမြင်ခဲ့ဘူးလား” ဆိုတော့ “မြင်ခဲ့ပါတယ်”တဲ့။

“အဲဒီလို မြင်တဲ့အခါ ငါလဲသေရမှာပဲ၊ မသေခင် ကုသိုလ် ကောင်းမှု ကြိုတင်ပြုမှပဲလို့များ သင်မစဉ်းစားမိဘူးလား။ အကြံမဖြစ်မိ ဘူးလား”ဆိုတော့ **“နသက္ခိံ ဘန္တေ ပမာဒသံ ဘန္တေ”**= အဲဒီလိုတော့ မပြုစွမ်းနိုင်ခဲ့ပါဘူး၊ မေ့လျော့မိ ပါတယ်။ အဲဒီလိုဆိုရင်တော့ “သင်ပြုတဲ့ အကုသိုလ်ကံ သင်သာခံပေတော့”လို့ ယမမင်းက အမိန့်ချလိုက်တယ်။ အဲဒီတော့ သူအိုဖြစ်တဲ့ အဘိုးအို၊ အဘွားအိုတွေက ပြောတာလဲ မှန်တယ်။ သူနာတွေကပြောတာလဲ အမှန်ပဲ။ သူသေက ပြောတာလဲ အမှန်ပဲ။ သို့သော် ပြောမှန်းမသိဘူး။

အဲဒီလို သုံးမျိုးလုံးမေးပြီးတော့မှ ဩော်- သူအိုက ပြောတာလဲ မသိ၊ သူနာက ပြောတာလဲမသိ၊ သူသေက ပြောတာလဲ မသိတဲ့အခါမှာ တော့ ကဲ- ကိုယ်ပြုတဲ့ အကုသိုလ်ကံ ကိုယ်ပဲခံပေတော့ ဆိုပြီးတော့ တစ်ခါထဲ **“ပဉ္စဝိဓ ဗန္ဓန”**ခေါ်တဲ့ ငါးဌာန ညှင်းဆဲမှုပြုကြတယ်။ လောလောပူတဲ့၊ အင်မတန်ပူတဲ့ သံလျက်တန်နဲ့ လက်နှစ်ချောင်းကို ထိုးတယ်။ ခြေနှစ်ချောင်းကို ထိုးတယ်။ အဲဒီလို အဲဒီငရဲသားဟာ ခါးစပ်တဲ့ ဒုက္ခခံနေရသော်လဲ အင်မတန်ပူပြင်းတဲ့ဒုက္ခခံနေရသော်လဲ အကုသိုလ်ကံ



24(A)

http://www.dhammadownload.com



မကုန်မချင်း၊ ဘယ်လောက်ညှင်းညှင်း မသေဘူး။ နောက်တော့ အင်မတန်ပူပါတယ်ဆိုတဲ့ သံပြားပေါ်အလျှောက်ခိုင်း၊ အင်မတန်ပူပါတယ်ဆိုတဲ့ သံပြားပေါ် ရထားလုပ်ပြီးမောင်း၊ အဲဒီလိုနဲ့ပဲ ငရဲရောက်သွားတယ် ဆိုကြပါစို့။

**ယမမင်းစဉ်းစား**

အင်မတန်ဆိုးတဲ့ ဒုက္ခကြီး ခံစား နေရတော့ ယမမင်းက တစ်နေ့ကျ ဘယ်နှယ့် စဉ်းစားသလဲ **"ယေကိရခေါ မနုဿလောကေ ဥပ္ပဇ္ဇန္တိ"**= လူ့ပြည်၊ လူ့လောကကိုရောက်ပြီးမှ မကောင်းညစ်ဆိုး အကုသိုလ် ဒုစရိုက်မျိုး ပြုလာခဲ့ရင် အခုလို အင်မတန်ပြင်းထန်လှတဲ့ ဆင်းရဲဒုက္ခတွေ ခံစားရတယ်နော်"။

သူစဉ်းစားတယ် **"အဟောဝတာဟံ မနုဿတ္တံ လဘေယျံ"**= ငါလူ့ဘဝ ရောက်ရင် ကောင်းမှာပဲ။ **"သမ္မာသမ္ဗုဒ္ဓေါစ လောကေ ဥပဇ္ဇေယျ"**= လောကကြီးမှာ ဘုရားပွင့်နေခိုက်မှာများ တွေ့ရရင် ကောင်းမှာပဲ။ **"တဉ္စာဟံ ဘဂဝန္တံ ပရိယုပါသေယျံ"**= အဲဒီဘုရားကို ချဉ်းကပ်ရရင် ကောင်းမှာပဲ။ **"သောစမေ ဘဂဝါ ဓမ္မံ ဒေသေယျ"**= မြတ်စွာဘုရားက ငါ့အား တရားဟောရင် ကောင်းမှာပဲ။ **"တဿစာဟံ ဘဂဝတော ဓမ္မံ အာဇာနေယျံ"**= ထိုမြတ်စွာဘုရား ဟောတဲ့တရားကို သိရင်ကောင်းမှာပဲ။ ယမမင်းခမျာ တွေးတောတယ်တဲ့။

**တောင့်တချက် (၅)မျိုး**

ယမမင်းကြီးက "လူ့ဘဝ တောင့်တတယ်၊ ဘုရား တောင့်တတယ်၊ ဘုရား ကိုးကွယ်ချင်တယ်၊ ဘုရား တရား နာရဖို့ တောင့်တတယ်၊ ဘုရား တရားနာပြီးပြန်တော့လဲ သိဖို့တောင့်တတယ်"။ အဲဒီ တောင့်တချက်တွေနဲ့ ယမမင်းကြီး တောင့်တပုံကို ငါ့ဘုရားဟောတာဟာ သာမံ ဒိဋ္ဌံ= ကိုယ်တိုင်မြင်တာ၊ သာမံ ဝိဒိတံ= ကိုယ်တိုင်သိတာပါတဲ့။

http://www.dhammadownload.com



သူတပါးစိက တစ်ဆင့်နားနဲ့ကြားလို့ ပြောတာ၊ ဟောတာမဟုတ်ဘူးတဲ့။ ယမမင်းကြီးရဲ့ တောင်းတပုံအချက်အလက်တွေဟာ ယမမင်း (ဝေမာတိကပြိတ္တာမင်း)က သူဟာ ဒီအတိုင်း တောင်းတတာပဲ။ "လူ့ပြည် ရောက်ဖို့ တောင်းတတယ်၊ ဘုရားနဲ့တွေ့ဆုံဖို့ တောင်းတတယ်၊ ဘုရားကိုချဉ်းကပ်ရဖို့ တောင်းတတယ်၊ ဘုရား တရားဟောဖို့ တောင့်တတယ်။ ဘုရားတရားကို သိချင်တယ်လို့ တောင်းတတယ်"။ အဲဒီ တောင်းတနေတာကို မြတ်စွာဘုရားက ကိုယ်တိုင်သိတာပဲ။ ဒါလေးက စဉ်းစားစရာ၊ စောစောက သေမင်းတမန်ကြီး (၃)မျိုးဟာ အမှန်ကို ပြောနေကြတာ မချွတ်မလွဲပြောတဲ့ တမန်တွေပဲ။

လူတိုင်း၊ လူတိုင်း ဒီတမန်တွေ တွေ့တော့တွေ့နေကြတာ။ "သူအိုတွေလဲ တွေ့နေကြတာပဲ၊ သူနာတွေလဲ တွေ့နေကြတာပဲ၊ သူသေတွေလဲ တွေ့နေကြတာပဲ"။ တွေ့နေပေမဲ့ သတိတရမဖြစ်ကြဘူး။ သူတော်စင်များကတော့ သတိတရဖြစ်လို့ပါပဲ။ ဗုဒ္ဓမြတ်စွာ သာသနာ တော်ကြီးနဲ့ တွေ့ခဲတယ်။ အဲဒီသာသနာတော်ကြီးမှာ မိမိတို့တရားဓမ္မ နာကြားကြရခဲတယ်။ နောက်ဆုံး ယမမင်းကြီးတွေးတောသလိုပဲ **"တဿစာဟံ ဘဂဝတော ဓမ္မံ အာဇာနေယျံ"**။ထိုဘုရားရှင်ရဲ့ တရားကို ဟောတဲ့အတိုင်း သိရရင်ကောင်းမှာပဲ။ သူကအဝေးကြီး ရှိသေး တယ်။ သူက လူ့ဘဝတောင် မရောက်သေးဘူး။ ဘုန်းကြီးတို့တတွေက ကျော်တက်လာပြီ။ ယမမင်းကြီး လူ့ဘဝ ဆုတောင်းနေတုံးရှိသေးတယ်။ ဘုန်းကြီးတို့ ယောဂီတို့က လူ့ဘဝရနေကြပြီ။ ယမမင်းကြီးက ဘုရားကို ကိုးကွယ်ဆည်းကပ်ချင်လို့ တောင့်တနေတုံးပဲ။ ဘုန်းကြီးတို့ ယောဂီတို့က ဘုရားကို ကိုးကွယ်ဆည်းကပ်နေရပြီ။ ယမမင်းကြီးက မြတ်စွာဘုရားရဲ့ တရားတော်ကို နာယူဖို့ တောင်းတနေဆဲပဲ ရှိသေးတယ်။ ဘုန်းကြီးတို့ ယောဂီတို့က ဘုရားတရားကို နာယူနေရပြီ။ ယမမင်းကြီးက မြတ်စွာ ဘုရား ဟောတဲ့တရားကို ဟောတဲ့အတိုင်းသိဖို့ တောင်းတနေတုံးပဲ ဘုန်းကြီးတို့ ယောဂီတို့က အသင့်အတင့်တော့ သိနေကြပြီ။

http://www.dhammadownload.com



အမှန်ပြောရရင် ယမမင်းကြီးဟာ မြတ်စွာဘုရားပွင့်တာနဲ့ တွေ့ချင်မှ တွေ့ရမယ်၊ ကိုးကွယ်ချင်မှ ကိုးကွယ်ရမယ်၊ တရားလဲ နာချင်မှနာရမယ်၊ တရားတော်ကိုလဲ သိချင်မှ သိနိုင်မယ်။ ကံကောင်းလို့ လူ့ဘဝရောက်လာသော်လဲ မြတ်စွာဘုရားပွင့်တဲ့ အခါနဲ့ကြုံအုံးမှကိုး။ ယခုယောဂီသူတော်စင်များ လူ့အဖြစ် ရရှိပြီးတော့ ဘုရားတရားနာရပြီး ဉာဏ်နဲ့သိဖို့အတွက် အခု လယ်တီဝိပဿနာ ၇-ရက် တရားစခန်းမှာ ဝင်ရောက်အားထုတ်နေတာ။

## ငရဲလွတ်မှလူလိမ္မာ

ဘုန်းကြီးတို့ မြန်မာစကားရှိတယ်။ "ငရဲလွတ်မှ လူလိမ္မာ၊ သတ္တဝါချမ်းသာမှ ပညာရှိ" ငရဲလွတ်အောင် လုပ်နိုင်မှ လူလိမ္မာဖြစ်မယ်။ သတ္တဝါအများချမ်းသာမှ ပညာရှိဖြစ်မယ်။ ဒါကြောင့် "ငရဲလွတ်မှ လူလိမ္မာ၊ သတ္တဝါချမ်းသာမှ ပညာရှိ" ငရဲမလွတ်ရင် လူလိမ္မာ မဖြစ်နိုင်ဘူး။ ဒါကြောင့် -

**စောဒိတာ ဒေဝဒူတေဟိ၊ ယေပမဇ္ဇန္တိ မာဏဝါ။**
**တေဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူ ပဂါနရာ။**

သေမင်းတမန်, နတ်မင်းတမန်, ဝိသုဒ္ဓိနတ်မင်းတမန်ဖြစ်တဲ့ သူအို သူနာ သူသေတို့က တိုက်တွန်းနှိုးဆော်နေကြပေမယ်လို့ အများစုက မေ့လျော့ပေါ့ဆပြီးတော့ နေကြတယ်။ အခုလို မေ့လျော့နေကြတဲ့ အတွက် ယုတ်ညံ့တဲ့ ဘုံဆိုး, ဘဝဆိုးဖြစ်တဲ့ "**ဟီနကာယ**"သို့ ရောက်ကြတယ်။ ကာလရှည်ကြာ စိုးရိမ်ပူဆွေးကြရတယ်။

**ယေစခေါ ဒေဝဒူတေဟိ၊ သန္တောသပ္ပုရိသာ ဣဓ၊**
**စောဒိတာ နပမဇ္ဇန္တိ၊ အရိယဓမ္မေ ကုဒါစနံ။**

သေမင်း၏တမန်ဖြစ်တဲ့ သူအို၊ သူနာ၊ သူသေတွေက တိုက်တွန်း နှိုးဆော်တဲ့အတွက် အသိတရားရရှိပြီးတော့ "**အရိယဓမ္မ**"ခေါ်တဲ့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတွေ အပေါ်မှာ မမေ့လျော့

http://www.dhammadownload.com



မပေါ့မဆနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ငရဲကလွတ်နိုင်တယ်။

**ဥပါဒါနေ ဘယံဒိသွာ၊ ဇာတိ မရဏ သမ္ဘဝေ**
**အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏ သင်္ခယေ။**

ဥပါဒါန် တရားဆိုး တရားပျက်အပေါ်မှာ ဘေးအနေအားဖြင့် မြင်ပြီးတော့ စွဲလမ်းမှုကင်းကွာပြီးတော့ အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ရောက်နိုင်ဖို့ လိုပါတယ်။ အဲဒီလိုရောက်နိုင်အောင်-

**ယေ အပမတ္တာ သုခိနော၊ ဒိဋ္ဌ ဓမ္မာဘိနိဗ္ဗုတာ၊**
**သဗ္ဗဝေရ ဘယာတီတာ၊ သဗ္ဗဒုက္ခံ ဥပစ္စဂုံ ။**

မမေ့မလျော့ မပေါ့မဆနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ မျက်မှောက်ဘဝမှာပဲ ချမ်းသာပြီးတော့ အလုံးစုံသော ဘေး၊ (၃၂)ပါးသော ကံကြမ္မာ၊ အနာရောဂါ၊ အိုဘေး၊ နာဘေး၊ သေဘေးစသည့်တို့ လွတ်ကင်းပြီး ဆင်းရဲအားလုံးကို လွန်မြောက်နိုင်ကြတယ်။ လွန်မြောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေက စောစောကပြောတဲ့ သေမင်းတမန်ဖြစ်တဲ့ သူအို၊ သူနာ၊ သူသေတွေက သတိပေးတာလေးကို သတိတရရှိတဲ့ပုဂ္ဂိုလ်တွေ။ (၂၅)ပါးသောဘေး၊ (၃၂)ပါးသောကံကြမ္မာ အစရှိတဲ့ ဘေးကင်းရာကုန်ရာဖြစ်တဲ့ နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ် ရရှိနိုင်တယ်။ ဒီဖြစ်စဉ်ကိုကြည့်မယ်ဆိုရင် သူအို၊ သူနာ၊ သူသေခေါ်တဲ့ သေမင်းတမန်, နတ်မင်းတမန်, ဝိသုဒ္ဓိနတ်မင်း တမန်တွေက နှိုးဆော်နေပေမဲ့ မေ့လျော့ပေါ့ဆပြီးနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ လမ်းကတမျိုး၊ သေမင်းတမန်တွေက နှိုးဆော်တိုက်တွန်း သတိပေးနေတဲ့အတွက် သတိတရဖြစ်ပြီး မြတ်စွာဘုရားရဲ့တရား၊ အရိယာဖြစ်အောင် ပြုတတ်တဲ့တရားတွေ အပေါ်မှာ မမေ့မလျော့ မပေါ့မဆနေမယ်ဆိုရင် ဝိမုတ္တိသုခ- အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်တယ်ဆိုတဲ့ သူတော်ကောင်းတို့ရဲ့ လမ်းစဉ်ကတစ်နည်း၊ မဟာဒေဝထေရ် ဦးဆောင်တဲ့ ရဟန္တာအရှင်မြတ်ကြီးငါးပါး မဟိံသက တိုင်းကို ရောက်တဲ့အခါ ဒီဒေဝဒူတသုတ္တန် ဒေသနာတော်မြတ်ကြီးကို ပထမဆုံး သာသနာပြုတရားအနေနဲ့ ဟောကြားတော်မူခဲ့ကြတယ်။

http://www.dhammadownload.com



မဟိသကတိုင်း ကြွတော်မူတဲ့ မဟာဒေဝမထေရ် ဦးဆောင်တဲ့ အရှင်မြတ်ကြီးတွေ ကိုယ်တိုင် ပထမဆုံး သာသနာပြုတရား ဒေဝဒူတသုတ္တန် ဒေသနာတော်အတိုင်း သူအို၊ သူနာ၊ သူသေခေါ်တဲ့ သေမင်းတမန်, နတ်မင်းတမန်, ဝိသုဒ္ဓနတ်မင်း တမန်တို့က သတိပေးလို့ သတိတရဖြစ်ပြီးနေကြတဲ့ ယောဂီတို့ဟာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားများကို ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေဟု တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၄၇ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ခုနှစ်၊ (၆၃)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ကြိုးစားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များအား မြတ်စွာဘုရား ဒေသနာတော်တွေကို ဟောကြားပြီး အားပေးကြရတယ်။ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း (၂၃၀၀)ကျော်လောက်က မြတ်စွာဘုရားရဲ့ တရားတော်တွေကို ဘုရားမပွင့်တဲ့ တရားတော်များ မပြန့်နှံ့သေးတဲ့ အစွန်အဖျားအရပ်မှာ ပြန့်နှံ့ဖို့ အရှင်မဟာဒေဝမထေရ် အမှူးပြုတဲ့ ရဟန္တာအရှင်မြတ်ကြီးငါးပါးက မဟိံသကတိုင်း ကြွပြီးတော့ ပထမဆုံး သာသနာပြုတရား ဟောခဲ့တာက ဒေဝဒူတသုတ္တန်ဒေသနာတော်မြတ်ကြီး၊ အင်္ဂုတ္တရနိကာယ်လာ ဒေဝဒူတ သုတ္တန်ဒေသနာမြတ်ကြီးရှိသလို မဇ္ဈိမနိကာယ်မှာ ဒေဝဒူတသုတ္တန် ဒေသနာတော်မြတ်ကြီးတစ်ခု မြတ်စွာဘုရား ဟောတော်မူပြန်ပါတယ်။

**သေမင်းတမန် (၅)မျိုး**

ဒေဝဒူတ သေမင်းတမန်ဆိုတာ သူအို၊ သူနာ၊ သူသေ(၃)မျိုး ဖွင့်ဖွဲ့တုံးက ဟောခဲ့တယ်။ ယနေ့တော့ မဇ္ဈိမနိကာယ်မှာလာတဲ့ ယမမင်းကနေပြီး စေလွှတ်ထားတဲ့ တမန်နဲ့တူတဲ့ ပုဂ္ဂိုလ်(၅)မျိုး။ (၅)မျိုးက ဘာလဲဆိုတော့-

၁။ ကလေးသူငယ်
၂။ သူအို
၃။ သူနာ
၄။ သူသေ
၅။ အကျဉ်းသား

ဒုစရိုက်သမားတစ်ယောက်ဟာ လူ့ပြည်မှာ အကုသိုလ်ဒုစရိုက် တရားတွေ များများကြီးပြုပြီး အဝီစိငရဲကျရောက်တော့မည့်ဆဲဆဲ ငရဲပြည်မှာ ယမမင်းဆိုတာ ငရဲမရောက်သင့်တာ မရောက်အောင် မကျသင့်တာ မကျအောင် သတိပေးစကားပြောပေးတာ။ တစ်နည်းအား

http://www.dhammadownload.com



ဖြင့် ယမမင်းဆိုတာ ဒုစရိုက်သမားတို့ရဲ့ ရှေ့နေပေါ့။ အဲဒီ ယမမင်းထံ ရောက်သွားတဲ့အခါ ကလေးသူငယ်လေးတွေပြပြီး "အမောင်လူသား လူပြည် လူ့လောကတုန်းက အညစ်အကြေးတွေ ပေရေလိမ်းကျံနေပြီး ကိုယ့်ဘာသာကိုယ် မစားနိုင်၊ မသောက်နိုင် အညစ်အကြေးတွေကို စားလိုစားဖြစ်နေတဲ့ ကလေးတွေကို မင်းမမြင်ခဲ့ဘူးလား"လို့ မေးတော့ "မြင်ခဲ့ပါတယ်ခင်ဗျာ"တဲ့။

"မြင်တဲ့အခါ တော်တော်လေးသိတတ်တဲ့ အရွယ်ရောက်တဲ့ အခါမှာ ကလေးသူငယ် လူမမယ်ဘဝနဲ့ လက်စမသိမ်းဘူး၊ အရိယာ ရဟန္တာဇာတ် မရောက်မချင်း လက်စမသိမ်းဘူး၊ ဘဝအဆက်ဆက်မှာ ငါလဲ ဒီကလေးသူငယ် လူမမယ်လေးလို ပြန်ဖြစ်ရအုံးမှာပါလားလို့ သတိရပြီးတော့ ကုသိုလ်ပြုဖို့များ မကြံစည်မိဘူးလား"လို့မေးတော့၊ "**ပမာဒဿံ ဘန္တေ**= ကလေးသူငယ် လူမမယ်လေးကို ကြည့်ပြီးတော့ သတိမရခဲ့ဘူး၊ မေ့နေခဲ့ပါတယ်၊ ကုသိုလ်ကောင်းမှု မပြုမိပါဘူး"တဲ့။

သူအိုပြပြီးတော့လဲ ဒီအတိုင်းမေးတယ်။ သူနာပြပြီးတော့လဲ ဒီအတိုင်းမေးတယ်။ သူသေကိုပြပြီးတော့လဲ ဒီအတိုင်းမေးတယ်။ နောက်ဆုံးကျတော့ အချုပ်ခံ အကျဉ်းသမားကိုကော မြင်ခဲ့ဘူးသလားလို့ မေးတော့ "မြင်ခဲ့ပါတယ်"တဲ့။ "အဲဒီ အကျဉ်းသမားဟာ ကိုယ်ကိုကိုယ် အစိုးမရတော့ ဘာများလုပ်နိုင်သလဲ။ သူ့ကိုကြည့်ပြီးတော့ ဘဝသံသရာ ဇာတ်မှာ ကိလေသာမကုန်ခမ်းသေးလို့ အရိယာဇာတ် မတက်လှမ်းနိုင် သေးရင် သူ့လိုပဲ အကျဉ်းသားဖြစ်နိုင်တယ်။ ကုသိုလ်ပြုမှ တော်မယ်။ ဒီအကျဉ်းသားလို ဒုစရိုက်တွေပြုလို့ မတော်ဘူးလို့များ စဉ်းစားရဲ့လား" လို့မေးတော့ "ဒီလိုလဲ မစဉ်းခဲ့မိဘူးတဲ့ မေ့လျော့ခဲ့မိပါတယ်"တဲ့။ အဲဒီတော့ "ဒုစရိုက်မှုတွေဟာ အသင်လူသားရဲ့ အမိကပြုခိုင်းတာလဲ မဟုတ်ဘူး။ ဆွေမျိုးတွေက ပြုခိုင်းတာလဲ မဟုတ်ဘူး။ သင်ကိုယ်တိုင် ပြုခဲ့တဲ့ အကုသိုလ် ဒုစရိုက်ကံတွေကို ကိုယ်သာခံပေတော့" ဆိုပြီးတော့ ယမမင်းက လက်လျော့လိုက်တယ်။ နောက်တစ်ခုတော့ ကျန်သေးတယ်၊

http://www.dhammadownload.com



ယမမင်းကြီးက လွှတ်ရာလွှတ်ကြောင်းလေး ပြန်စဉ်းစားပေးရှာတယ်။ ဩော်- ဒီလူ လူ့ပြည် လူ့ရွာတုံးက ကုသိုလ်ကောင်းမှုတွေ ပြုပြီး ငါ့အား အမျှအတန်း ပေးဝေခဲ့ဖူးသလားလို့ စဉ်းစားပြန်တော့လဲ ဘယ်ကုသိုလ်မှ ပြုပြီး အမျှဝေတာကို မစဉ်စားမိဘူး၊ သတိမရဘူး။ အဲဒီတော့မှ "အမောင်လူသား ဒုစရိုက်သမား သွားပေတော့" ဆိုပြီးတော့ လက်လွှတ်လိုက်တာကိုး။ အဲဒါကို ဟောကြားပြီးတဲ့အခါ မြတ်စွာဘုရားက- ရဟန်းတို့ အဲဒီလိုပဲ အချို့ချို့ပုဂ္ဂိုလ်တွေဟာ ယမမင်းစေလွှတ်လိုက်တဲ့ **"ကလေး၊ သူအို၊ သူနာ၊ သူသေ၊ အကျဉ်းသား"** သေမင်းတမန်(၅)မျိုးကို မြင်တွေ့တာ တောင်မှ သတိတရ မရှိကြဘူး၊ **"မမေ့မလျော့၊ မပေါ့မဆ သတိတရားနဲ့ နေကြပါ"**လို့ မိန့်တော်မူတယ်။

အဲဒီလို မိန့်တော်မူတဲ့အခါ ရဟန်းတော်တစ်ပါးက လျှောက်တယ်။ " မြတ်စွာဘုရား မမေ့မလျော့နေကြ အချိန်ကို အလဟဿမကုန်စေနဲ့ဆိုတာ ဘယ်လောက်အထိ မမေ့မလျော့နေရမလဲ ဘုရား" လို့ လျှောက်ထားတော့ မြတ်စွာဘုရားက တစ်ရှူ တစ်ရှိုက်ကလေးမျှတောင် မမေ့လျော့နဲ့လို့ မိန့်တော်မူတဲ့အတိုင်း အားထုတ်ပြီးတော့ နေကြရပြီ၊ တစ်ရှူ တစ်ရှိုက်တောင် မကဘူး၊ တစ်နာရီလျှင် ထောင်ချီပြီးတော့ ရှူတာရှိုက်တာ ထွက်လေဝင်လေကို သတိမပြတ် ရှုမှတ်ပြီးတော့ လာခဲ့ကြပြီ။

အဲဒီလို ရှုမှတ်နေကြတော့ မြတ်စွာဘုရားရဲ့ ဩဝါဒအတိုင်း လိုက်နာပြီးတော့ "ကလေး၊ သူအို၊ သူနာ၊ သူသေ၊ အကျဉ်းသားဆိုတဲ့ သေမင်းတမန်တွေကို ကြည့်ပြီးတော့လဲ သတိတရရှိကြတယ်။ အဲဒီလိုပဲ ဒေဝဒူသုတ္တန်ဒေသနာတော် မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။ အဲဒီ ဟောကြားတာကို လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်လောက်က ထွဋ်ခေါင်ဆရာတော်ကြီးဆိုတာ ရှိခဲ့ဖူးတယ်။

http://www.dhammadownload.com



## ယမမင်းထံ အစစ်ခံသံပေါက်

သတိသံဝေဂရပြီးတော့ တောတောင်စခန်းမှာနေပြီး ဒီဒေဝဒူတသုတ်နဲ့ ပတ်သက်ပြီးတော့ လူသူလေးပါး ကလေးသူငယ်ပါမကျန် သိရအောင် လင်္ကာလေးတွေ ရေးပြီးတော့ ယမမင်းထံ အစစ်ခံသံပေါက်၊ ထွန့်ခေါင်ဆရာတော်သံပေါက်လို့ သံပေါက်လင်္ကာတွေရှိတယ်။ အဲဒီ သံပေါက်တွေ ရေးပြီးတော့ထားခဲ့တာ အပိုဒ်(၃၀)ကျော်။ ဒီပြင် သံပေါက်တွေလဲ တစ်ရာကျော်လောက်ရေးပြီး ထားခဲ့၊ ထွန့်ခေါင် ဆရာတော်၏ ယမမင်းထံ အစစ်ခံသံပေါက်ဆိုပြီး ဘုန်ကြီးတို့ ငယ်ငယ်တုံးက ဖတ်ဘူးတယ်။

ဘုန်းကြီးတို့ဖတ်ဖူးသလိုပဲ ယောဂီ ဒကာကြီး၊ ဒကာမကြီးများလဲ "ယမမင်းထံ အစစ်ခံသံပေါက်" လို့ ကြားဘူးကြမှာပါပဲ။ အဲဒီတော့ ဒေဝဒူတသုတ္တန်ဒေသနာတော်မြတ်ကြီးက (၂)မျိုးရှိတယ်။ သူအို၊ သူနာ၊ သူသေလို့ ဒေဝဒူတသေမင်းတမန်(၃)မျိုး၊ ကလေး၊ သူအို၊ သူနာ၊ သူသေ၊ အကျဉ်းသားလို့ ယမမင်းတမန်(၅)မျိုး၊ နှစ်မျိုးဟောကြားပြီးတော့ ထားခဲ့တယ်။

ဟောကြားပြီးတော့ ယမမင်းကြီးက ဒုစရိုက်သမားများကို ညှာတာထောက်ထားတဲ့အနေနဲ့ ရှေ့နေလိုက်တာပေ့ါ။ ပြောရမယ်ဆိုရင် ဒုစရိုက်သမားများရဲ့ အကျိုးဆောင်၊ ယမမင်းဆိုတာ သူကတော့ ဝေမာတိက ပြိတ္တာမျိုးပဲ။ သူက နတ်စည်းစိမ်လို ရံခါခံစားရပေမယ့် သူလဲပဲ ဒုက္ခခံစားရတဲ့ ပုဂ္ဂိုလ်ထဲပါတာပဲ၊ ပြိတ္တာကိုး။ ထွန့်ခေါင် ဆရာတော် ဘုရားကြီးက ယမမင်းအနေနဲ့ ဘယ်လိုမေးသလဲဆိုတော့- "အိုဘယ့် ယောကျာ်း လူ့ပြည်သား၊ ဘယ်တရားများ ကျင့်ခဲ့တယ်၊ အမောင်ယောကျာ်း၊ အမောင့်အား သနားလှချည့်ကွယ်၊ ငရဲအိုးနှုတ်ခမ်း ရောက်နေပြီဟဲ့၊ သနားလှချည်ရဲ့ ပြန်စဉ်းစားစမ်းပါအုံး လူ့ပြည်တုန်းက ဘယ်တရားများ ကျင့်ခဲ့သလဲ"တဲ့။

http://www.dhammadownload.com



အဲဒီဒုစရိုက်သမားက ဘာဖြေသလဲ။ "ကျွန်တော်မျိုးမှာ လျှောက်စရာ၊ ဘယ်ဟာကိုမျှ မရှိတယ်။ ကျွန်တော်မျိုး ဘယ်တရား ကျင့်ခဲ့တယ်လို့ လျှောက်စရာ ဘာမှမရှိပါဘူး"တဲ့။ ဒုစရိုက်သမားမှာ ပြောစရာ ဆိုစရာ ဘာမှမရှိဘူး။ ဘာတရားမှ မကျင့်ခဲ့ဘူးတဲ့။ တရား ကျင့်တဲ့ ပုဂ္ဂိုလ်များဆိုရင်လဲ ယမမင်းထံ အစစ်ခံစရာ မလိုပါဘူး။ အခု အစစ်ခံနေရတာက ငရဲရောက်မယ့်ပုဂ္ဂိုလ်ကိုး။ တရားကျင့်နေတဲ့ ပုဂ္ဂိုလ်ဟာ ယမမင်းဆီရောက်စရာမရှိဘူး။ သံဝေဂရစရာ ကောင်းလွန်း လို့သာ ယောဂီများကို ဟောကြားရတာပါ။

ယမမင်းက ဆက်ပြီးတော့ မေးတယ်။ "ကုသိုလ်ကောင်းမှု တစ်ခုခုမပြုပါလားကွယ်"။ ယမရာဇာ မေးသောခါ ခမျာမှိုင်၍ နေရှာတယ်။ "အမောင်လူသား ဒုစရိုက်သမား မင်းကုသိုလ်ကောင်းမှု တစ်ခုလေးမှ မပြုခဲ့ဘူးလား"လို့ ယမမင်းက မေးလိုက်တော့ ဒုစရိုက် သမားက လူ့ဘဝကြီးရပေမယ့် ဒုစရိုက်မှုတွေနဲ့ အချိန်ဖြုန်းပြီး မူးလိုက် ရူးလိုက်နဲ့ ဒုစရိုက်သမားကြီး ဖြစ်နေတော့ ယမမင်းက ဆက်မေးတယ်။ "အမောင်ယောကျ်ား သတိထား စဉ်းစားပါဦးကွယ်"

ယမမင်းက သနားလွန်းလို့ မောင်မင်းကြီးသား စဉ်စားပါအုံးတဲ့။ အဲဒီမှာ ရှေ့ကနေနှပ်ကြောင်းပေးတယ်။ "ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ မထွန်းပါလားကွယ်"၊ "ကျွန်တော်တို့ရွာ၊ သာသနာ၊ ထွန်းလှပါ တော့တယ်"။ ဗုဒ္ဓမြတ်စွာသာသနာ မထွန်းဘူးလားဆိုတော့ သာသနာ ထွန်းပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စာသင်တိုက်ကြီးတွေကလဲ ပြည့်လို့၊ သံဃာအပါး ငါးဆယ်၊ တစ်ရာ၊ တစ်ထောင် ရှိကြတယ်။ ရိပ်သာကြီး တွေက သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ဟောကြား တော်မူကြပြီး၊ အမျိုးသားယောဂီ၊ အမျိုးသမီးယောဂီတွေကလဲ အားထုတ်ကြပါတယ်။ ဓာတ်တော်၊ မွေတော် စေတီပုထိုးတွေကလဲ မြန်မာပြည်မှာပြည့်လို့။ သူက သာသနာထွန်းကားတဲ့ နေရာရောက်သွားတာကိုး။ သာသနာမထွန်းကား တဲ့စီ ရောက်သွားရင်တော့ "ဗုဒ္ဓမြတ်စွာသာသနာ၊ မထွန်းပါလားကွယ်"၊

http://www.dhammadownload.com



လို့ မေးရင် "ကျွန်တော်တို့ရွာ သာသနာထွန်းလှပါတော့တယ်"လို့ ဘယ်ဖြေနိုင်မလဲ။ သာသနာမထွန်းကားတဲ့ နေရာကတော့ ပြောမနေနဲ့ သာသနာထွန်းပါတယ်လို့တောင် မပြောနိုင်ဘူး။ ဘုန်းကြီးတို့ဆီက ဒုစရိုက်သမားတွေက ပြောနိုင်သေးတယ်။

အကယ်၍ မေ့လျော့နေအုံးတော့ စာသင်တိုက်ကြီးတွေလဲ တွေ့ဘူးတယ်။ ရိပ်သာကြီးတွေလဲ တွေ့ဘူးတယ်။ ရွှေတိဂုံ၊ မဟာမြတ်မုနိ၊ ရွှေမော်ဓော၊ ပြည်ရွှေဆံတော်၊ တွံတေးရွှေဆံတော်၊ ကျိုက်ထီးရိုး၊ နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်၊ စွယ်တော်မြတ်စေတီတော် စတဲ့ စေတီတော်ကြီးတွေလဲ တွေ့ဖူးပါတယ်။ အဲဒီတော့ ထွန်းကားပါတယ်လို့ပဲ ဒီလိုဖြေရမှာပဲ။ ဆက်ပြီးတော့ ယမမင်းကြီး မေးတာက "ပဗ္ဗဇ္ဇိတ၊ ဒုလ္လဘ မရခဲ့လားကွယ်"၊ ဩော်- ရခဲတာ(၅)မျိုးရှိတယ်။

(၁) လူ့ဘဝရခဲတယ်။
(၂) ဘုရားအဖြစ်ရခဲတယ်။
(၃) ရဟန်းအဖြစ်ရခဲတယ်။
(၄) သဒ္ဓါတရား စသည်နဲ့ပြည့်စုံဖို့ရခဲတယ်။
(၅) သူတော်ကောင်းတရား ကြားနာရဖို့ အလွန် အလွန် ရခဲတယ်။

အဲဒီလို ရခဲတာတွေရှိနေတယ်။ သာသနာလဲထွန်းကားပေမဲ့ "သာသနာစက်၊ ရဟန်းဘက်၊ စိတ်မှမကွက်တယ်"။ ပဗ္ဗဇ္ဇိတ၊ ဒုလ္လဘ၊ မရပါလားကွယ်၊ သာသနာစက်၊ ရဟန်းဘက်၊ စိတ်မှ မကွက်တယ်။ သာသနာဘက်ဆိုရင် စိတ်တောင်မကွက်မိပါဘူးတဲ့။ ရဟန်းပြုဖို့ ဆိုတာတော့ ဝေးရော။ ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက ဗောဓိပက္ခိယဒီပနီမှာ သတိပေးထားတာရှိတယ်။ လူတစ်ယောက်က (၇)ရက်လောက် ရဟန်းဝတ်မလို့ပါလို့ပြောရင် အခြားတစ်ယောက်က "ဟာကွာ(၇)ရက်လေးနဲ့များ မဝတ်ပါနဲ့"လို့ မတားရဘူး။ အမြဲလဲ မနေနိုင်ပဲနဲ့၊ မဝတ်ပါနဲ့လို့ တားမိရင် "ကြီးစွာသော

http://www.dhammadownload.com



ခမ္မန္တရာယ်"ဖြစ်တယ်တဲ့။ တစ်ဦးတစ်ယောက်က (၁)ရက်လောက် ရဟန်းဝတ်မလို့၊ သာမဏေဝတ်မလို့၊ သီလရှင်ဝတ်မလို့၊ ယောဂီဝတ်မလို့ ပြောလာရင် (၁)ရက်လဲဝတ်ပါစေ။ သာမဏေဝတ်လဲ (၁)ရက်လဲ ဝတ်ပါလို့ တိုက်တွန်းပေးရမယ်။ ဘုန်းကြီးတို့ ကျေးဇူးရှင်ဆရာတော် တစ်ပါးက အသက်ကြီးမှ သားတစ်ယောက်ရမှ သူ့ယောက္ခမ၊ သူ့ဇနီးကို ပြောတယ်။ ပြောတဲ့အခါ သူ့ယောက္ခမက အထင်သေးလို့ "အောင်မယ်- မင်းက မဝတ်နိုင်ပဲနဲ့ လာပြောနေတယ်။ ဝတ်ချင်ရင် တစ်သက်လုံးပဲ ဝတ်လို့" ပြောလိုက်တယ်။ ပြောကြပါစို့။အသက်(၂၄)နှစ်လောက်မှာ ရဟန်းဝတ်တယ်။ ဘုန်းကြီးတို့ မုံရွာမြို့၊ သပြေပင်တောရမှာပဲ စာသင်တယ်။ ပထမငယ်၊ ပထမလတ်တန်းတွေ အောင်ပြီးတော့ မြို့စာမေးပွဲမှာ တတိယအမှတ်အများဆုံးရ အောင်မြင်တဲ့အထိပါပဲ။ အခုသက်တော်(၈၀)ကျော် ရဟန်းဘဝနဲ့ပဲ မြဲနေတာပါ။ ဒီဒုစရိုက်သမား ကတော့ သာသနာစက်၊ ရဟန်းဘက်၊ စိတ်မျှမကွယ်တယ်၊ ဘယ်လို့မှ စိတ်မကွက်မိဘူးတဲ့။ " ရဟန်းဖြစ်မှာ မင်းဆရာ မဟောပါ လားကွယ်"၊ "ကျနော်ဆရာ ဟောသောခါ နားမှာ မဝင်တယ်"။ မင်းဆရာ ဘုန်းကြီး တွေက ရဟန်းပြုဖို့အကြောင်း မဟောဘူးလား။ ဟောပါတယ် ခဏခဏဟောပါတယ်၊ ဒါပေမဲ့ ကျနော်နားထဲ မဝင်ဘူးတဲ့။ ဘုန်းကြီး သတိထားမိတယ်။ ကျောင်းသား တစ်ရာလောက် ရှိတယ်ဆိုရင် ကိုရင် ဘဝနဲ့ဆက်နေတာ ဆယ်ပါးလောက်ပဲ ရှိတယ်။

ဆယ်ပါးစုမိတော့ လူတစ်ထောင်လျှင် ကိုရင်တစ်ရာ ဖြစ်တယ် ဆိုပါစို့။ ကိုရင်တစ်ရာ စာသင်ရင်း၊ စိတ်ကူးနဲ့ စာသင်ရင်း အဲဒီ တစ်ရာထဲက ဆယ်ပါးလောက်ပဲ ရဟန်းဖြစ်တယ်။ တစ်ရာမှာမှ ဆယ်ပါးပဲ အဖတ်တင်ပါတယ်။ အဲဒီ ဆယ်ပါးထဲက ရဟန်းဝတ်နဲ့ ရာသက်ပန် ရိုးမြေကျ အရိုးထုတ် အသားတင် အဖတ်တင်တာဟာ တစ်ပါးလောက်ပဲ ရှိပါတယ်။ ဘုန်းကြီးတို့ အတူနေတဲ့ ရှင်သာမဏေ (ကိုရင်)တွေကို ပြန်ပြီးစဉ်းစားကြည့်မိတယ်။ ဘုန်းကြီးတို့ရွာကပဲ ကျေးဇူးရှင်ဆရာတော်က

http://www.dhammadownload.com



စာသင်တိုက်မြို့ကို အပါးတစ်ရာလောက် ပို့တယ်။ တကယ်တမ်း ရဟန်းဖြစ်ကြတော့ ဖြစ်တယ်ပြောပါတော့လေ၊ ရဟန်းအပါး(၂၀) လောက်ဖြစ်ပါတယ်။ သို့သော်လဲ ဒီအထဲက တဝက် လောက်ကတော့ ဝါနည်းနည်းနဲ့ပဲ လူထွက်သွားကြတယ်။ ဒါကြောင့်မို့ ရှင်သာမဏေ တစ်ရာပြုရင် ဆယ်ပါးခန့်လောက် ရဟန်းပြု ပါတယ်။ ဆယ်ပါးလျှင် တစ်ပါးလောက်ပဲ ဒီရဟန်းဘဝနဲ့ ရိုးမြေကျ အရိုးထုတ် သွားတာ ရှိပါတယ်။

ရဟန်းဖြစ်မှာ မင်းဆရာ မဟောပါလားကွယ်။ ကျနော်ဆရာ ဟောသောခါ နားမှာမဝင်တယ်"။ ဆရာတော်ကြီးက ဟောပါတယ်။ ဘုန်းကြီးတို့ ငယ်ငယ်တုံးက ဆရာဘုန်းကြီးက ဟောပါတယ်။ ဟောလို့မို့ ဖြစ်လာတာပဲ။ ငယ်ငယ်က ဒါတောင်စဉ်းစားမိတယ်။ တစ်ရက် တစ်နေ့မှာ ကျေးဇူးရှင်ဆရာတော်ဘုရားက ဘာပြောသလဲဆိုရင် "မြို့သွားရမယ်၊ စာသင်ရမယ်"လို့ ပြောတယ်။ ဘုန်းကြီးတို့က ငယ်တော့ စဉ်းစားတယ် "ကိုရင်ဘဝ ဘုန်းကြီးဘဝနဲ့ဆိုရင် ညနေလဲ ထမင်းစား ရတော့မှာ မဟုတ်ဘူး၊ ခက်တော့တာပဲ"လို့ စဉ်းစားမိတယ် ထိုင်ပြီးတော့ စိတ်အတော်ပျက်ခဲ့ဘူးတယ်။ နောက်တော့ စာသင်ဆိုတော့လဲ လိုက်တာ သွားလိုက်တာပဲ။ ဒလိမ့်ခေါက်ခွေးနဲ့ စိတ်ပါလှတယ် မဟုတ်ပါဘူး။ (၁၅)နှစ်သားအရွယ် စာလေးဘာလေး အနည်းငယ်သင်ပြီး ဘုရား ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တွေ သိလာတဲ့အခါကျတော့မှ-

"ဩော်-သာသနာဆိုတာ ဒါပါလား" အဘိဓမ္မာတရားတွေ သင်တဲ့အခါမှာတော့ စိတ်ဆိုတာ၊ နာမ်ဆိုတာ ဒီလို၊ ရုပ်ဆိုတာ ဒါပဲလို့ သိလာတော့မှ အဘိုးတန်စာပေ၊ အဘိုးတန်ပညာလို့ သဘောပေါက် ပြီးတော့ စိတ်ဝင်စားလာတာ။ အဲဒီတော့ "ကျနော့်ဆရာ၊ ဟောပြောရှာ နားမှာမဝင်တယ်၊ ကျနော်စိတ်မှာ ဒီအခါ ရွာသာရောက်တော့တယ်"၊ စိတ်က ရွာပဲ ရောက်တယ်။ လူ့ဘဝနဲ့ပဲ တစ်အိုးတစ်အိမ်ထူထောင်ပြီး နေချင်တယ်။ မှန်တာပေါ့ အမြင့်ဆုံးကို မျှော်ပြီးတိုင်းတာကြည့်ရင်

http://www.dhammadownload.com



ဘုန်းကြီးတို့ ဂေါတမဘုရားလောင်းလျှာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်တော်မူတဲ့အခါ ရဟန်းဘဝ(၉)ကြိမ်ပဲ ရပါတယ်။

ကပ်လေးသင်္ချေတစ်သိန်းကြွေအောင် လွန်လေခဲ့လျှင်း ကမ္ဘာတွင်းက ထွန်းလင်းရွှေဉာဏ် ပွင့်ကြွလွန်သား ငါးမာန်ပယ်နိုပ် အောင်တံဆိပ်နှင့် နှစ်ကျိပ်သုံးပါး ရှင်တော်များတွင် ရှေ့ဖျားနာမ ကောဏ္ဍညနှင့် မင်္ဂလမြတ်စွာ သုမေဓာ သုဇာတ ဖုဿ ဝေဿဘူ သုံးဆူတတန် ကက္ကုသန် ကောဏာဂမန ကဿပတို့ လောကသုံးပါး ပွင့်ထင်ရှားစဉ် ပယ်ရှားအိမ်ရာ သာသနာသမယ ဒုလ္လဘနှိုက် အရတော်လစ် ရဟန်းဖြစ်၍ ရှင်ချစ်ဘုရား မြတ်ကိုးပါး၏ ထံပါး ကပ်ဆည်း ခ,ယမ်းပည်းလျက် ခံနည်းရယူ ဂေါတြဘူနှင့် အတူရှေးရှိ နုလုံထိအောင် ဝိပဿနာ မဟာဝဇီရ ဉာဏအထူး လေ့လာဖူးသား ကျေးဇူးဥပနိဿယကြောင့် ဘဝယုတ်မြတ် လူနတ်တိရစ္ဆာန် သဏ္ဌာန် ထိုထို ဖြစ်ရာကိုယ်၌ လိုလိုလည်းကောင်း ဇာဓိလောင်းတို့ အကြောင်း အကျိုး ကောင်းနှင့်ဆိုးကို ထိုးထိုးထွင်းထွင်း ဆရာကင်းလည်း သိခြင်းတံထွာ ဓမ္မတာသည် မဟာသိဒ္ဓိဉာဏ်ကြီးတည်း ထို့ပြင်။

"လေးသင်္ချေလွန်လေဘိ ၊ သိန်းကပ်ရှိခေတ်တွင် ကောဏ္ဍညာ၊ မင်္ဂလာနှင့် သုမေဓာ သုဇာတ ကကုသံ ကောဏာဂ၊ ကဿပအရှင် ကိုးပါးတွင် စည်ပင်သာပါတဲ့ ဒို့လောင်းတော်မြတ်စွာ၏ သာသနာ (၉)ကြိမ်ထမ်းကို ကျမ်းကမှာခဲ့" ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရားဟာ-

၁။ ကောဏ္ဍည မြတ်စွာဘုရား
၂။ မင်္ဂလာ မြတ်စွာဘုရား
၃။ သုမေဓာ မြတ်စွာဘုရား
၄။ သုဇာတ မြတ်စွာဘုရား
၅။ ဖုဿ မြတ်စွာဘုရား
၆။ ဝေဿဘူ မြတ်စွာဘုရား
၇။ ကကုသန် မြတ်စွာဘုရား

http://www.dhammadownload.com



၈။ ကောဏာဂုံ မြတ်စွာဘုရား

၉။ ကဿပ မြတ်စွာဘုရား

အဲဒီဘုရားရှင်တို့ထဲမှာ ဘုန်းကြီးတို့ ဘုရားအလောင်းတော်ကြီးဟာ (၉)ကြိမ် ရဟန်းပြုတော်မူခဲ့တယ်။ နှစ်က လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလမှာ ရဟန်းဘဝ(၉)ကြိမ်ပဲ ရခဲ့တယ်။ ရဟန်း ဘဝက အင်မတန်အရေးကြီး ပါတယ်။ ရဟန်းရှိမှ သာသနာလဲ ရှိနိုင်ပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါ မြတ်စွာဘုရားက ရဟန်းတော်တွေကို သိပ်ပြီးတော့ အားကိုးတယ်။ ဘုရားကို ဘုရားမှန်း သိအောင်၊ တရားကို တရားမှန်းသိအောင် ရဟန်းတော်တွေက ဦးဆောင်တာကိုး။ ဒါကြောင့် အရှင်မဟာဗုဒ္ဓဃောသမ်ထေရ်မြတ်ကြီးက အဋ္ဌကထာကျမ်းတွေကို ရေးတဲ့အခါမှာ "ဘုရားကို ရှိခိုးပါ၏၊ တရားကို ရှိခိုးပါ၏၊ သံဃာတော်ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။" သံဃာကိုရှိခိုးတဲ့ နေရာမှာ ဘာကြောင့် "ဦးခေါင်းဖြင့်" ဆိုတဲ့စကား ပါလာတာလဲဆိုရင် ဘုရားပရိနိဗ္ဗာန်စံသွားတာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၇ နှစ်ရှိပြီ။ ဘုရားမရှိတဲ့ နောက်ပိုင်းမှာ "ဘုရားကို ဘုရားမှန်းသိအောင်၊ တရားကို တရားမှန်းသိအောင်၊ သံဃာကို သံဃာမှန်းသိအောင်" ဒီသံဃာတော် အဆင့်ဆင့်ကပဲ ဆောင်ရွက်ခဲ့ကြတာ တဆက်ထဲတောင် မဟုတ်ဘူး။ သာသနာ ၂၅၄၇ နှစ်ဆိုတော့ လူ့ဘဝ(၂၆)သက်စာလောက်၊ အသက်တစ်ရာရှိတဲ့ ရဟန်းတော်(၂၆)ဆက် သို့သော် အသက်တစ်ရာက ရှည်ခဲတာကိုး။ ယမမင်းက ဆက်ပြီးတော့ပြောတယ် "ယောကျာ်းစစ်ပ လုလုရ မင်းဘဝကို နှမြောတယ်"။ ယောကျာ်းဘဝ ရလာပြီးတော့ မင်းဘဝ နှမြောတယ် ကွယ်တဲ့။ "လူတို့ပြည်ရွာ အမောင်မှာ ဘာများ လုပ်ခဲ့တယ်"။ မင်းလူ့ဘဝ ရောက်လာခဲ့တာ ဘာတွေလုပ်ခဲ့သလဲတဲ့။ "ကျနော်မယား စားဖို့များ ကြိုးစားလုပ်ခဲ့တယ်"။ ဩော်- မင်းဟာ လူ့ဘဝလဲရတယ်၊ ယောကျာ်း အမျိုးကောင်းသားလဲ ဖြစ်တယ်၊ သာသနာနဲ့လဲ တွေ့တယ်၊ ဒါတောင် ဘာကုသိုလ်မှ မလုပ်ခဲ့ဘူးဆိုတော့ "မင်းဟာ ဝေပုလ္လတောင်တက်

http://www.dhammadownload.com



ပြီးတော့ ပတ္တမြားရတနာတွေမကောက်ပဲ၊ မီးသွေးတုံးကောက်လာတဲ့ လူလိုပဲ”တဲ့။ ဝေပုလ္လတောင်ပေါ်မှာ ဇောတိရသ အစရှိတဲ့ ရတနာတွေကို တွေ့သော်လဲ မကောက်ဘူး။ မြင်ပေမဲ့ မကောက်ဘူး။ မီးသွေးခဲ ကောက်လာတဲ့ လူလိုပဲ။ အဲဒီတော့ ဆက်ပြောပြန်တယ်၊ “အမောင် အမောင် ယောင်တောင်တောင် အမောင်မှားခဲ့တယ်”။လူ့ဘဝလည်း ရောက်တယ်၊ သာသနာထွန်းကားတာလဲ တွေ့တယ်၊ ယောင်တောင် တောင် လုပ်ရက်လေချင်းကွယ်။ ပြီးတော့ မေးပါအုံးမယ် “သဒ္ဓါ ဖြောင့်တန်း ဒါနခမ်း ပြောစမ်းပါအုံးကွယ်”။ သဒ္ဓါတရားနဲ့ ဘုရား တရား သံဃာ ရတနာသုံးပါးကို ယုံကြည်ပြီးတော့ သုတ္တန်နည်းအရ ထမင်း၊ အဖျော်စသည် အလှူဝတ္ထု (၁၀)မျိုး၊ ဝိနည်းဒေသနာတော်လာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး(၄)မျိုး၊ အဘိဓမ္မာဒေသနာတော်လာ အလှူဝတ္ထုက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံလို့ လှူဘွယ်ဝတ္ထုက(၆)မျိုး၊ ပြောစမ်းပါအုံး ဘယ်အလှူမျိုး လှူခဲ့ပါသလဲ ဆိုတော့ “သားကြီးရှင်ဖြစ် ကျွန်တော်စစ် ညှစ်၍လှူခဲ့တယ်”။ သားသမီးတွေရလာတော့ သားကြီးကို သားကြီးရှင် ဖြစ်ရုံကလေး လှူခဲ့ပါတယ်တဲ့။ ဆက်ပြီးတော့ မေးတာက “ပေးလှူသောအခါ စေတနာသုံးဖြာ ညီလားကွယ်”။ သားရှင်ပြုတဲ့အခါ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ ပရစေတနာ သုံးတန်ညီရဲ့လားတဲ့ မေးတဲ့အခါ၊ နည်းပါလှပါ စေတနာမှန်စွာလျှောက်ထားတော့မယ်။ စေတနာ အလွန်နည်းပါး ပါတယ်။ “ကျနော့်အလှူ ကြွေးတွေပူ ငွေကူမျှော်မိတယ်”၊ ကူငွေနှင့်သာ ငါလှူတာ တေမိပါရင် တော်တော့မယ်။ “ကျနော်မျိုးမှာ ဒီလိုသာ အောင့်မေ့မိပါတယ်”။ ဒီလိုပဲ အောင့်မေ့မိပါတယ်တဲ့။ “ယုတ်မြတ်မဟူ စားသောက်သူ ကြည်ဖြူပါလားကွယ်”။ ကျွေးမွေးလို့ စားသောက်ကြတဲ့ အခါ ကြည်ဖြူပါရဲ့လား။ ဘုန်းကြီးတို့ အချို့ အချို့ ကျေးလက်ဒေသ အရပ်တွေမှာ “အများရုံ” အများကို ကျွေးတဲ့ထမင်းရုံကတစ်ခု၊ “လက်တို့ရုံ” ထင်ရှားတဲ့ မျက်နှာကြီးတဲ့ ပုဂ္ဂိုလ်များကို လက်တို့ပြီး

http://www.dhammadownload.com



ကျွေးတဲ့ရုံကတစ်ခု ခွဲဆောက်ရတယ်။ မြို့မှာလဲ ဒီလိုပါပဲ၊ ရိုးရိုးက တစ်မျိုး၊ VIP ကတမျိုး ခွဲစီမံရတယ်။ ဒါကြောင့်မို့ -

**"ယုတ်မြတ်မဟူ စားသောက်သူ၊ ကြည်ဖြူပါလားကွယ်။**
**ငွေကူများရာ လူချမ်းသာ၊ မျက်နှာလိုက်၍ကျွေးခဲ့တယ်။**
**ငွေကူနဲပါး လူမွဲများ၊ မလွှဲသာ၍ ကျွေးခဲ့တယ်။**
**လူချမ်းသာလျှင် မဏ္ဍပ်ဝင်၊ ဖျာလျှင် သင်ဖြူခင်းပေးတယ်။**
**ဒီလိုကြွပါ ဟိုကြွပါ၊ ဖြာဖြာမစဲ ခေါ်ခဲ့တယ်။**
**ကွမ်းဆေးလှုတ် ဆီစက်စက်၊ ဝက်နှင့်ကြက်သား ကျွေးခဲ့တယ်"။**

အဲဒီတော့ ယမမင်းက ဘာပြောသလဲဆိုတော့- "မင့်အလှူမှာ ငွေကုန်တာ နှမျောပါဘိကွယ်"။ ငြီးရှာတယ် သနားလွန်းလို့။ ပြီးတော့ မေးသေးတယ်။ "ပရိက္ခရာ ဆောင်ရာမှာ၊ ကောင်းစွာ လှူလားကွယ်"။

**တိစီဝရဥ္စ ပတ္တောစ၊ ဝါသိသုစိစ ဗန္ဓနံ။**
**ပရိဿာဝန မိစ္စေတေ၊ ယုတ္တယောဂဿ ဘိက္ခုနော။**

ပရိက္ခရာက-

၁။ သင်္ကန်းကြီး

၂။ ဧကသီ

၃။ သင်းပိုင်

၄။ သပိတ်

၅။ ဓား

၆။ အပ်

၇။ ခါးပန်းကြိုး

၈။ ရေစစ်

အဲဒီလို ပရိက္ခရာ (၈)ပါး ကောင်းကောင်းမွန်မွန်လှူရဲ့လား ဆိုတော့ "ပရိက္ခရာဆို ပစ္စည်းကို ဖိုးချိုတာမှ ဝယ်ခဲ့တယ်"ဆိုတဲ့ အတိုင်းပဲ။ အခုခေတ်မှာ ပရိက္ခရာတွေကလဲ သားရေနွယ်တို့၊ သပိတ်အိပ်တို့၊ ရေစစ်တို့၊ ဓားတို့၊ သပိတ်တို့ ဆိုတာ ဖြစ်သလိုလေးတွေ (၈)ပါး

http://www.dhammadownload.com



ပြည့်ရုံလေး။ တချို့ဆိုရင် ပါတောင်မပါတော့ဘူး။

"လျှိုသောအခါ ပစ္စည်းမှာ၊ စင်ကြယ်ပါလားကွယ်"။ မင်းလျှိုတဲ့ ပစ္စည်းစင်ကြယ်ရဲ့လားတဲ့။ "ကျနော်လျှိုတာ ပစ္စည်းမှာ ခိုးတာများ ခဲ့တယ်"။ ယမမင်းက သနားလွန်းလို့ အကွက်ကောင်း၊ အဖြေကောင်း လေးများ ထွက်လာမလားလို့ မေးတာ၊ မထွက်လာဘူး။ လှူတာလဲ ခိုးတာများခဲ့တယ်တဲ့။ မှန်ပါတယ်။ ဘုန်းကြီးတို့ ကမ္ဘာကြီးတစ်ခုလုံး အသက်မွေးကြတာ မိစ္ဆာဇီဝက များပါတယ်။ အလောင်းတော်ကြီးများ ကတော့ အတုယူစရာ **"ကြီးငယ်တောင်းလျှင် ချိန်ခွင်တိုရှည် လိမ်လည် လုယက် ခိုးနှိပ်စက်၍ အသက်မွေးခြင်း ကင်းခဲ့ခြင်း ကြောင့်"**-

ကြီးငယ်တောင်းလျှင်- တောင်းကြီးနဲ့ဝယ်တယ် တောင်းငယ်နဲ့ ရောင်းတယ်။ ချိန်ခွင်တိုရှည်- ချိန်ခွင်ဆို သိကြပြီးသား။ လိမ်လည် လုယက်- ငွေအတု, ရွှေအတုနဲ့ လဲတယ်။ လုယက်တယ်၊ ခိုး၊ နှိပ်စက်၊ ဓားပြတိုက်ယူတယ်။ ဒီလို ပစ္စည်းတွေနဲ့ ကမ္ဘာကြီးတစ်ခုလုံး အသက်မွေး နေကြတာ။ အသက်မွေးဝမ်းကြောင်း စင်ကြယ်တာရှားပါးတယ်။ အဆိပ်၊ လက်နက်၊ လူ၊ အရက် (မူးယစ်ဆေး) ကြက်၊ ငှက်တွေ၊ ဝက်၊ ငါးတွေ၊ အသား တိုးအောင် ပြုစုမွေးမြူပြီး ရောင်းစားကြတယ်။ မမှန်မကန်တဲ့ ပစ္စည်းတွေရောင်းဝယ် ပြီးတော့ စားသောက်နေကြတာ များပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက အာဇီဝဋ္ဌမကသီလကို လူတွေကို ဦးစားပေးပြီးတော့ ဟောတော်မူတယ်။ အသက်မွေးဝမ်းကြောင်း စင်ကြယ်ဖို့ အရေးကြီးတယ်။ ယောဂီ သူတော်စင်များ ကံအားလျော်စွာ မိစ္ဆာဇီဝကင်းပုံလေး စဉ်းစားပြီးတော့ ကြည့်ပါ။ တစ်ချို့မှာ ခိုးမှုစားရတယ်။ တခါ တခါ ကျောင်းမှာသူခိုးတွေ ဖမ်းမိရင်၊ ဟာ-မရိုက်ကြပါနဲ့၊ ရုံးလဲမပို့နဲ့။ သူခမျာ ခိုးစားနေရတာကိုက အကုသိုလ်ကြီးလွန်းလို့။

http://www.dhammadownload.com



ဟော- မုသာဝါဒဆိုတာကတော့ သုံးချင်တိုင်း သုံးနေကြတာ။ သိပ်ပြီး ကြောက်စရာကောင်းတယ်။ မြတ်စွာဘုရားက မုသာဝါဒဆိုရင် အင်မတန်ကို အပြစ်ဟောတော်မူတာ။ သားတော်ရာဟုလာလေးအား ဆုံးမတာကြည့်ပါလား။ မြတ်စွာဘုရားက ရေခွက်ထဲ ရေလေးထည့်ပြီး မှောက်ညွှန်ပြလိုက်တယ်။ ကြည့်-ရာဟုလာ ဘာမှမကျန်ဘူး။ လူတစ်ယောက်ဟာ လိမ်ညာတတ်တယ်ဆိုရင်ဘာအကုသိုလ်မှမပြုရဲ၀ မရှိဘူး။ ဒါကြောင့် ချစ်သားရာဟုလာ လိမ်လည်မှုမှ ရှောင်ပါ။ အဲဒီလို လိမ်တဲ့နေရာမှာလဲ ဘုန်းကြီးတို့ ပိဋကတ်တော်က သိပ်ပြီးတော့ တိကျတယ်။ မဟုတ်မမှန်တဲ့ စကားကို ပြောဆိုတဲ့အခါမှာ မိမိစီကို လူတစ်ယောက်က လာပြီးငွေချေးတယ်တဲ့။ မချေးချင်၊ မငှားချင်တဲ့ အခါမှာ မချေးချင်တာနဲ့ တို့မှာအနိုင်နိုင်ပါအေလို့ ပြောတယ်တဲ့၊ မရှိပါဘူးတဲ့။ အပြစ်သိပ်မကြီးဘူး။

အဲဒီလို မဟုတ်ပဲနဲ့ ရုံးမှာသက်သေအဖြစ် သူခိုးသလား၊ မခိုးဘူးလား။ သက်သေအဖြစ် စစ်မေးတဲ့အခါ မမြင်ပဲနဲ့ မြင်တယ်လို့ ပြောတယ်။ မြင်ရဲ့သားနဲ့ မမြင်ဘူးလို့ ပြောတယ်။ ဘုန်းကြီးတို့ ပိဋကတ်တော်မှာ အင်မတန်ပြည့်စုံပါတယ်။ဂုံးတိုက်တဲ့ နေရာမှာလဲ ဒီအတိုင်းဘဲ၊ ဒါကြောင့်မို့ ကျေးဇူးတော်ရှင် ထွဋ်ခေါင်ဆရာတော် ဘုရားက အသက်မွေးဝမ်းကြောင်းနဲ့ပတ်သက်ပြီးတော့ စင်ကြယ်ဖို့ရာ “လျှိုသောအခါ ပစ္စည်းမှာ စင်ကြယ်ပါလားကွယ်”၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက လူတွေကို သိပ်ပြီးတော့ အာဇီဝဋ္ဌမကသီလ ဆောက်တည်စေချင်တာ။ အခုလင်္ကာတွေက တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆီလျော်လှတယ်လို့ မဟုတ်ဘူး။ ဒေဝဒူတသုတ္တန် ဒေသနာ တော်မြတ်ကြီးကို နည်းမှီပြီးတော့ ဉာဏ်ကွန့်မြူးပြီးတော့ ရေးသားတော် မူတဲ့ ထွဋ်ခေါင်ဆရာတော်ကြီးကို ကြည်ညိုလွန်းလို့။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ကလေးဘဝထဲက တွေ့ခဲ့တဲ့စာ၊ ဒီလင်္ကာလေးတွေကို ဟောချင်လွန်းလို့။ ဒေဝဒူတသုတ္တန်ဒေသနာတော် (၂)ပုဒ်ကတော့

http://www.dhammadownload.com



လွယ်လွယ်နဲ့ ရှာလို့ရတယ်။ ဒီသုတ္တန်ဒေသနာတော်ကို မဟောမီ (၁၅)ရက်လောက်ကထဲက ဒီသုတ္တန်ဒေသနာတော်ကို ဘယ်လိုဟောသလဲ။ မဟာဒေဝမထေရ်မြတ်ကြီး မဟိသကတိုင်းမှာ ပထမဆုံးသာသနာပြုတရား ဟောချင်ကယ်ဆိုကထဲက ယောဂီတွေကို မဟောခင်(၁၅)ရက်လောက်က ကြိုတင်ပြီးတော့ အနက်ရော အဓိပ္ပါယ်တွေပါ ကြိုးပမ်းကြရ၊ လေ့လာကြရတာ။ စတင်လေ့လာပြီဆိုရင်ပဲ ထွန့်ခေါင်ဆရာတော်ကြီး ရေးသားတော်မူတဲ့ "ယမမင်းထံ အစစ်ခံသံပေါက်" ဆိုတာလေးက ခေါင်းထဲရောက်လာတယ်။

အဲဒီ လင်္ကာသံပေါက်ကို တစ်ပတ်လောက်ရှာရတယ်။ မန္တလေးလှမ်းမှာတယ် မရဘူး။ စစ်ကိုင်းလှမ်းမှာတယ်။ အဲဒီစာအုပ်လေးတွေ တွေ့သေးလား မတွေ့ဘူး။ ကမ္ဘာအေး ပိဋကတ်တိုက်ကို သွားရှာတော့မှ တွေ့ခဲ့တယ်။ ဘာပြုလို့လဲဆိုတော့ ရှေ့ဖြစ်ဟောင်းအောင်မေ့ဖွယ်၊ ရှေ့ကဆရာတော်တွေက ဒီသံပေါက်ကလေးတွေချပြီးတော့ ဆုံးမခဲ့ကြတယ်။ သံပေါက်ကလေးတွေက အပုဒ်ပေါင်း(၃၀)ကျော်ဆိုတော့ ဒါလေးကို ကုန်အောင်တော့ ဟောရမှာပဲ။ထိုက်တန်သလောက် ဟောလို့ပြီးသွားပြီ။ နောက်နေ့မှ ဆက်ပြီးဟောကြရအောင်။ ယမမင်းက စေလွှတ်လိုက်တဲ့ တမန် "ကလေး၊ သူအို၊ သူနာ၊ သူသေ၊ အကျဉ်းသား" ဆိုတဲ့ သံဝေဂရဘွယ်(၅)မျိုးတို့ကို မိမိအာရုံထဲမှာထား။ တစ်ရှူ တစ်ရှိုက်ကလေးမှ အချိန်ကို အလား မကုန်စေနဲ့ ဆိုတဲ့အတိုင်း ယောဂီသူတော်စင်များဟာလဲ ထွက်လေ၊ ဝင်လေလေးတွေ တစ်ခုမှ မလွတ်ရအောင် ထွက်တိုင်း ဝင်တိုင်း၊ ထွက်လေ ဝင်လေ၊ ထုတ်တိုင်း မှုတ်တိုင်း ရှုမှတ်ပွားများနိုင်ကြပါစေ။ ဉာဏ်ရင့်သန်နိုင်ကြပါစေလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ဘုန်းကြီးတို့ (၆၃)ကြိမ်မြောက်တရားစခန်းမှာ မဟိသကတိုင်းမှာ မဟာဒေဝမထေရ်ကြီးဦးဆောင်ပြီးတော့ ဒေဝဒူတသုတ္တန်ဒေသနာ တော်မြတ်ကြီးကို ဟောခဲ့တယ်။ သေမင်းတမန်၊ နတ်မင်းတမန်၊ ဝိသုဒ္ဓိနတ်တမန် ယမမင်းတမန်- သဗ္ဗညုဘုရားရှင် တို့၏တမန်လို့ခေါ်တဲ့ ဒေဝဒူတသုတ္တန်ကို ဟောလာခဲ့ပါတယ်။

ရှေးအခါတုံးက ကျေးဇူးတော်ရှင် ထွဋ်ခေါင်ဆရာတော် ဘုရားကြီးက သံပေါက်ကလေးတွေစီထားခဲ့တယ်။ ထင်ရှားအောင် ထင်ရှားအောင် စီကုံးထားခဲ့တယ်။ အဲဒီ ထွဋ်ခေါင်ဆရာတော် ကြီးလဲ သာမန်ဆရာတော်ကြီးတော့ မဟုတ်ဘူး။ သူ့သမိုင်းတွေကို ဖတ်လိုက် တော့ "မြတ်စွာဘုရားရဲ့ ရွှေစိတ်တော်ကို နှစ်သိမ့်စေတတ်တဲ့ ဆရာတော်ကြီး"တဲ့။ ဘာကြောင့်လဲ တောရကျောင်းမှာ သီတင်းသုံး ပြီးတော့ သမထဘာဝနာ၊ ဝိပဿနာဘာဝနာများကိုလဲ စီးဖြန်း။ လယ်တီ ဆရာတော်ဘုရားကြီးလိုပဲ ရာဇပါမောက္ခဒီပနီ အစရှိတဲ့ ဒီပနီကျမ်းပေါင်း နှစ်ဆယ်ကျော် ရေးသားပြီးတော့ ထားခဲ့တယ်။ အဲဒီထွဋ်ခေါင်ဆရာတော် ဘုရားကြီး စီကုံးထားခဲ့တဲ့ "ယမမင်းထံ အစစ်ခံသံပေါက်"မှာ ဒါနနဲ့ ပတ်သက်တာတွေလဲ ပါတယ်၊ သီလနဲ့ပတ်သက်တာတွေလဲ ပါတယ်၊ ဘုရားဖူးတာတွေလဲ ပါတယ်။ မိဘတွေ ရိုသေမှုနဲ့ ပတ်သက်တာ တွေလဲ ပါတယ်။ ဥပုဉ်စောင့်သုံးမှုနဲ့ ပတ်သက်တာလဲ ပါတယ်။ကမ္မဋ္ဌာန်း စီးဖြန်းမှုနဲ့ ပတ်သက်တာတွေလဲ ပါတယ်။ တရားဆွေးနွေးမှုနဲ့ ပတ်သက်ပြီးတော့လဲ မေးထားတာပါတယ် စုံနေတာပါပဲ။

ပင်ရင်းသုတ္တန် ဒေသနာတော်မြတ်ကြီးမှာတော့ ကုသိုလ်နဲ့ ပတ်သက်တာ ရိုးရိုးပါပဲ။ အဲဒါကို ဆရာတော် ဘုရားကြီးက အကျယ် တဝင့် အလှူနဲ့ပတ်သက်ပြီးတော့ "ပရိက္ခရာညံ့လှပါ၊ ဖိုးချိုတာမှ ဝယ်ခဲ့တယ်"။ ပရိက္ခရာ ညံ့ညံ့လေး အဖိုးချိုတာမှဝယ်ခဲ့ပါတယ်။ "ကျွန်တော်လှူတာ ပစ္စည်းမှာ ခိုးတာများခဲ့တယ်"။ သမ္မာအာဇီဝ မဖြစ်ပဲနဲ့ ဒုစရိုက်မှုတွေနဲ့ပဲ များခဲ့တယ်။ ဒါကြောင့် "အမောင်လှူတာ ဗလချာ

http://www.dhammadownload.com



တန်ပါဦးတော့ကွယ်"။ မင်းလှူတာ ဘာမှတန်ဖိုးမရှိဘူး၊ တန်ပါဦးတော့ ဗလချာအလှူတွေ ဖြစ်နေလို့တဲ့။ ဆက်ပြီး သီလနဲ့ပတ်သက်ပြီးတော့- "အင်္ဂါငါးလီ ပဥ္စသီ ဆောက်တည်ပြီလားကွယ်။ အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ (၅)ပါးသီလကို ဆောက်တည်ရဲ့လားကွယ်။ ငါးပါးသီလကို မကျိုးမပေါက် မပြောက်အကြားအောင် ဆောက်တည်ရဲ့လားတဲ့။

အဲဒီလိုမေးတဲ့အခါ **"အင်္ဂါငါးပါး ကျင့်တရား ပျက်ပြားများခဲ့တယ်"**။ ငါးပါးသီလ ပေါက်တာပျက်တာ များခဲ့ပါတယ်တဲ့။ **"သက်သတ်ခိုးမှု ကာမေသု တစ်ခုမကျန် ပေါက်ခဲ့တယ်"**။ ပါဏာတိပါတ= သူ့အသက်သတ်ခြင်း၊ အဒိန္နာဒါန= သူ့ဥစ္စာခိုးခြင်း၊ ကာမေသုမိစ္ဆာစာရ= သူတပါးသားမယား ပြစ်မှားဖေါက်ပြန်ခြင်းဆိုတဲ့ သိက္ခာပုဒ်များ ဘယ်သိက္ခာပုဒ်မှ မလုံခဲ့ပါဘူးတဲ့။ **"မုသားသေရည် ကျန်နှစ်လီ၊ ဝသီရှိတိုင်း ကျင့်ခဲ့တယ်"**။ မုသားဆိုလဲ ပြောလိုက်တာပဲ။ သေအရက်ဆိုလဲ သောက်လိုက်တာပဲတဲ့။ ကမ္ဘာမှာ အရက်က လွှမ်းနေတယ်။ **"အရမ်းခက်တဲ့ကိစ္စ၊ အရက်ခမ်းကျမှ ပြီးတော့တယ်။ မြေမညီ ရေနဲ့ညှိ၊ လူမညီ သေနဲ့ညှိ"**လို့ပင် ဆိုကြတယ်။

အဲဒီမှာ ယမမင်းကြီးက- **"ဖြစ်ခဲလေစွ လူ့ဘဝ သနားလှတော့တယ်"**။ လူ့ဘဝကြီးမှာ ငါးပါးသီလ ပျက်စီးပြီးတော့ **"သက်သတ်ခိုးမှု ကာမေသု တစ်ခုမကျန် ပြုခဲ့တယ်၊ မုသားသေရည် ကျန်နှစ်လီ ဝသီရှိတိုင်း သောက်ခဲ့တယ်"**ဆိုတော့ ရခဲ့လှတဲ့ လူ့ဘဝကြီး ရခဲ့ပေမဲ့ အကျိုးမပြီး အချည်းနှီး ဖြစ်လို့ သနားလှတယ်ကွယ်။ ဆက်ပြီးတော့မေးတယ်- "ကဲ-ဘုရားဖူးများ ရောက်ခဲ့သေးလား၊ ဘုရားစေတီ ပုထိုးတွေ ဖူးမျှော်ခဲ့သေးလား" မေးတော့ **"ဘုရားဖူးများ တဟားဟား ပျော်ပါးရအောင် လိုက်ခဲ့တယ်"**။ သူများတွေ ဘုရားဖူးသွားတဲ့အခါ တဟားဟားနဲ့ ပျော်ဖို့ပါးဖို့ လိုက်ခဲ့တယ်တဲ့။ **"ဗုဒ္ဓဂုဏော စိတ်မစော ရယ်မောစားသောက် ပြန်ခဲ့တယ်"**။ ဘုရားသွားတဲ့အခါ ဗုဒ္ဓဂုဏ်တော်တွေကို စိတ်မစောပဲ ရယ်ရယ်မောမောနဲ့ပဲ ပြန်ခဲ့တယ်။

http://www.dhammadownload.com



မိဘတွေကိုကော ပြုစုခဲ့ရဲ့လားလို့ မေးတဲ့အခါ **"မာတာပိတ မိနှင့်ဖ၊ ညွတ်ခရဲ့လားကွယ်"**၊ မိဘများကို လုပ်ကျွေးပြီး တရိုတသေများ နေခဲ့ရဲ့လား လို့မေးတော့ **"မညွတ်ခပဲ ကျွန်ကော်လဲ၊ ဆဲတောင် ဆဲသေးတယ်"**။ မိဘဘိုဘွားတွေကို ရိုသေဖို့နေနေသာသာ တခါတရံ ဆဲတောင် ဆဲခဲ့ပါသေးတယ်။ မြန်မာနိုင်ငံ သုမုန္ဒြီမင်းရဲ့သား အတီတျာဟာ မိခင်စော်ကားလို့ မြောက်ဖြစ်ခဲ့ဖူးတယ်။

ဥပုသ်သီလနဲ့ ပတ်သက်ပြီးတော့ **"ဥပုသ်အင်္ဂါ အရိယာ ဖြူစွာ သီလစောင့်လားကွယ်"**။ ဥပုသ်စောင့်သုံးတဲ့အခါမှာ အရိယာ ဥပုသ်များ ဖြစ်ခဲ့ရဲ့လား။ " နိဂဏ္ဌဥပုသ်= တက္ကဒွန်းတွေ စောင့်တဲ့ဥပုသ်၊ ဂေါပါလဥပုသ်= တရားဘာဝနာ မစီးဖြန်းပဲ စကားပြောနေကဲ့ နွားကျောင်းသားဥပုသ်၊ ဂေါပါလဥပုသ်မဟုတ်ဘဲ အရိယာဥပုသ်များ ဖြစ်ခဲ့ရဲ့လားလို့ မေးတယ်။ **"ဘုန်းကြီးများထံ သီလခံ၊ ကြွက်ကြွက် ညံအောင် ဆူခဲ့တယ်"**။ သီလယူပြီး စကားတွေပြောပြီး နေခဲ့ပါတယ်တဲ့။ ဒီလိုဆိုရင် တရားကော ဆွေးနွေးခဲ့ရဲ့လား၊ **"တရားစကား အမောင် အား ဆွေးနွေးပါလားကွယ်"**။ တရားစကားကော ဆွေးနွေးခဲ့ရဲ့လား။ သတင်းစာထဲမှာပါတဲ့ "မဏ္ဍပ်အတွင်း တရားငြင်းနေကြသူများကို အရက်သမားများက ဖြန်ဖြေလိုက်ရခြင်း"ဆိုသလို မဏ္ဍပ်အတွင်းမှာ တရားငြင်းနေကြတဲ့သူတွေကို အရက်သမားများက ဖြန်ဖြေပေးလိုက် ရဖူးတယ်။ အဲဒီလိုပဲတဲ့ တရားစကား အမောင်အား ဆွေးနွေးပါ လားကွယ်။ **"ကျွန်တော်တို့ရွာ လူတွေဟာ စာငြင်းတာနဲ့ ရန်ဖြစ် တယ်"**။ ကျွန်တော်တို့ ရွာမှာ စာငြင်းရင်းနဲ့ ရန်ဖြစ်နေကြတာပဲတဲ့။

ယမမင်းကြီးက မေးတယ်။ **"ဘာဝနာလမ်းကမ္မဋ္ဌာန်း စီးဖြန်း ပါလားကွယ်"**၊ စိန်ဖူးတင်တဲ့ အနေအားဖြင့် ဘာဝနာလမ်းကို စီးဖြန်းပါရဲ့လားလို့မေးတော့၊ ဘာဝနာကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း တွေ ဟောပြောနေကြတဲ့ရိပ်သာတွေ ရှိတယ်။ ကျောင်းတိုက်ကြီးတွေ ရှိတယ်။ အဲဒီရိပ်သာတွေသွားပြီး ကမ္မဋ္ဌာန်းအားထုတ်ပါရဲ့လားကွယ်။

http://www.dhammadownload.com



ဘာဝနာလမ်း ကမ္မဋ္ဌာန်းစီးဖြန်းနည်းခဲ့တယ်။ လူ့ဘဝမှာ ရောက်နေသော်လဲပဲ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းရော မစီးဖြန်းခဲ့ပါဘူးတဲ့။ ဒီသံပေါက်တွေကို ခြုံပြီးကြည်မယ်ဆိုရင်တော့ ထွင့်ခေါင်ဆရာတော်ဘုရားက ဒါနခန်းနဲ့ ပတ်သက်ပြီးတော့လဲ မေးခဲ့တယ်။ သီလခန်းနဲ့ ပတ်သက်ပြီးတော့လဲ မေးခဲ့တယ်၊ လူကြီးသူမတွေအပေါ် ရိုသေမှု ရှိသလား၊ မရှိဘူးလားဆိုတာတွေလဲ မေးခဲ့တယ်။ တရားဆွေးနွေးမှုကော ပြုခဲ့ရဲ့လားလို့ ဒီလိုလဲမေးခဲ့တယ်။ အလှူလှူတဲ့အခါမှာလဲ မိမိလှူတဲ့ ပစ္စည်းဟာ သန့်ရှင်းရဲ့လားလို့ ဒီလိုလဲမေးခဲ့တယ်။ မိမိအလှူနဲ့ ပတ်သက်ပြီး ပင့်ဖိတ်လို့ ကြွလာကြတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ မျက်နှာကြီးငယ်မရွေး ကျွေးမွေးကြည့်ခဲ့ရဲ့လား။ အလှူမှာလဲ သံဃိကဖြစ်အောင် အကျင့်သီလ အာဟာရနဲ့ ပြည့်စုံတဲ့ ဆရာတော်ကြီးတွေကို ရွေးပြီး ပင့်တာကော ဟုတ်ရဲ့လား။

ဒါမ မဟုတ်ရင် မိမိအလွန်းသင့်ရာ လျော်သလိုပဲ ပင့်ပြီး လှူခဲ့သလား။ စုံနေအောင် မေးထားတာ။ စောစောက ပြောသလို နိဂဏ္ဍဥပုသ်၊ ဂေါပါလဥပုသ်၊ အရိယာဥပုသ်လို့ ရှိနေရာမှာ အရိယာဥပုသ် ဖြစ်အောင် စောင့်သုံးခဲ့ရဲ့လား။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခဲ့ရဲ့လား။ မေးတိုင်း မေးတိုင်းဟာ ဒါနမှုနဲ့ပတ်သက်လို့လဲ သိပ်အားမကိုးလောက်ဘူး ဒုစရိုက်သမားကိုး။ သီလမှုနဲ့ပတ်သက်လို့လဲ အားမကိုးလောက်ဘူး။ အဲဒါကြောင့် **"အမောင်ယောကျာ်း လျှောက်သမျှစကား အမှားတွေက များခဲ့တယ်"**။ လူ့ဘဝကြီးရပြီး တန်ဘိုးရှိတဲ့၊ အနှစ်သာရ ပြည့်ဝတဲ့ ကုသိုလ်လေးတစ်ခုမှ ရေရေရာရာ မပါပဲကိုး။ **"အားကိုးစရာ ကုသိုလ်မှာ ဘယ်ဟာကိုမှ မရှိတယ်"**။ "တစ်ခုကိုမျှ မေးမရ ဝမ်းနည်းလှချေကွယ်၊ မယ်မယ်ရရ ကုသိုလ်ရယ်လို့ မရှိဘူး၊ မင်းသတိရလေ မလားဆိုပြီး ရေလာမြောင်းပေးအနေနဲ့ မင်းရဲ့ ရှေ့နေရှေ့ရပ် လုပ်ပေးတာ။အဲဒါ ဘယ်ဟာမှ၊ တစ်ခုတစ်လေမှ ရေလာမြောင်းပေး လုပ်ပေးလို့ မရဘူး။ လမ်းဖြောင့်ပေးလို့ မရဘူး။ **"တစ်ခုကိုမျှ မေးမရ**

http://www.dhammadownload.com



**ဝမ်းနည်းလှချေကွယ်၊ အမောင်ဖြစ်ပုံ အလုံးစုံ အကုန်သနား တယ်"**။ အမောင်ဖြစ်ပုံကတော့ သိပ်သနားစရာ ကောင်းတာပဲ။ **"ယမရာဇာ မေးသောအခါ ခမျာမှိုင်၍ နေရှာတယ်"**၊ ယမမင်းက မေးတဲ့အခါ နောက်ဆုံးကျတော့ မှိုင်ပြီးတော့ နေတယ်။ ပြီးတဲ့အခါ- **"သည်သောအခါ ငရဲရွာ ဆွဲကာချတော့တယ်"**၊ သူ့ကိုကောင်းစေ ချင်လို့ သတိပေးလဲမရ၊ ရေလာမြောင်းပေး လုပ်လဲမရ။ ဒါနခန်း၊ သီလခန်း၊ ဘာဝနာခန်း စုံနေအောင်ခြုံပြီးတော့ အလီလီကို မေးခဲ့တာ။ သူ့မှာ ဘယ်ကုသိုလ်မှ မရှိတော့ **"အားကိုးစရာ ကုသိုလ်မှာ ဘယ်ဟာကိုမှ မရှိတယ်"**။ အားကိုးစရာကုသိုလ် ဘာမှမရှိတော့ဘူး။ ဒီတော့ ယမမင်းကြီးက မလွှဲသာတော့ပဲ လက်လျှော့လိုက်ရတယ်။

အဲဒီ ဒေဝဒူတသုတ္တန်ဒေသနာမှာ လာတဲ့အတိုင်း ဒုစရိုက် သမားတွေ ဒုစရိုက်မှုတွေနဲ့ အချိန်ကုန် မေ့လျော့နေတဲ့ ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက "အပ္ပမာဒ"= မမေ့ကြနဲ့။ ပထမဖွင့်ပွဲတုံးက ဟောတဲ့ အတိုင်း ယမမင်းကြီးက ဒုစရိုက်သမားတွေ ငရဲခံရပုံတွေ၊ ငရဲထိန်းတွေက နှိပ်စက်ပုံတွေကို တွေ့မြင်ပြီးတော့ စိတ်မကောင်းဖြစ်ပြီး တစ်နေ့တော့ ကြံစည်တယ်။ ဒီဒုစရိုက်သမားတွေ ဆင်းရဲခံကြရတယ်။ ဩော်- ငါဟာ လူ့ဘဝရရင် ကောင်းမှာပဲလို့ ဒီလိုလဲကြံစည်တယ်။ ယမမင်းကြီးက ကြံစည်တုံးရှိသေးတယ်။ ဘုန်းကြီးတို့တတွေကရပြီးပြီ။

**"အဟောဝတာဟံ မနုဿတ္တံ လဘေယျံ"** ငါလူ့ဘဝရရင် ကောင်းမှာပဲလို့ ကြံတယ်။ သူကလဲ ဝေမာတိကပြိတ္တာပဲ ရှိသေးတာကိုး။ သမ္မာသမ္ဗုဒ္ဓေါစ လောကော ဥပ္ပဇ္ဇေယျ= လောကမှာ ဘုရားပွင့်တာနဲ့ ကြုံရင် ကောင်းမှာပဲ။ **"သမ္မာ သမ္ဗုဒ္ဓဥ္စ ပယိရူပသေယျံ"** ကိုယ်ပိုင်ဉာဏ်နဲ့၊ ပင်ထွက်ဉာဏ်နဲ့ သိတဲ့မြတ်စွာဘုရားကို ချဉ်းကပ်ရရင် ကောင်းမှာပဲ။ ဘုန်းကြီးတို့တတွေက ဆည်းကပ်ကိုးကွယ်ခွင့်ရနေပြီ။ **"သောစမေ ဓမ္မံ ဒေသယျ"** ကိုယ်ပိုင်ဉာဏ်နဲ့ သစ္စာလေးပါးကို ထိုးထွင်း သိတော်မူတဲ့ မြတ်စွာဘုရားက ငါ့အား တရားဟောရင်ကောင်းမှာပဲလို့

http://www.dhammadownload.com



တရားနာရရင် ကောင်းမှာပဲလို့ ကြံတယ်။ ယမမင်းကြီးက လူဖြစ်ရရင် ကောင်းမှာပဲလို့ကြံ၊ ဘုန်းကြီးတို့က ရနေပြီ။ သစ္စာလေးပါးကို ကိုယ်ပိုင်ဉာဏ်နဲ့ သိမြင်တော်မူတဲ့ မြတ်စွာဘုရား ပွင့်ပေါ်ရင်ကောင်းမှာပဲ။ အဲဒီဘုရားကို ချဉ်းကပ်ကိုးကွယ်ရရင် ကောင်းမှာပဲလို့ ကြံနေတယ်။ ဘုန်းကြီးတို့က မြတ်စွာဘုရားကိုယ်စား ဟောတော်မူကြတဲ့ တရားကို နာနေရပြီ။ **"တဿစရဟံ ဘဂဝတော ဓမ္မံ အာဇာနေယျံ"** မြတ်စွာဘုရား ဟောတဲ့တရားကို သိရရင်ကောင်းမှာပဲလို့ ကြံတယ်။ ဘုန်းကြီးတို့က ကျကျနနသိဖို့ အားထုတ်နေရပြီ။ အဆင့်တွေ အများကြီး ကျော်လွန် နိုင်ခဲ့ကြပြီ။ ဟို-ငရဲသားတစ်ယောက်က **"သောဟံ နူနဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ၊ ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။"** သူက ငရဲကနေ စဉ်းစားတယ်။ သူဟာ ငရဲကလွတ်သွား ခဲ့လို့ရှိရင် ကံကောင်းထောက်မလို့ လူပြည်များ ရောက်ခဲ့ရင် **"ဝဒညူသီလ သမ္ပန္နော"**= အလှူခံပုဂ္ဂိုလ်တွေ ဟောတဲ့တရားကို နားလည်ပြီးတော့ သီလနဲ့ပြည့်စုံသူဖြစ်ပြီး ကုသိုလ်တွေ အများကြီးကို လုပ်အုံးမှာပဲလို့ သူစဉ်းစားသတဲ့။

အဲဒီ ငရဲသားကလဲ လူ့ဘဝကို တောင့်တတယ်။ ဘုန်းကြီးတို့ ရပြီးသား ဖြစ်နေပြီ။ အကယ်၍များ လူဖြစ်ရင် သီလနဲ့ ပြည့်စုံအောင် နေမယ်လို့ စဉ်းစားနေတုန်း ရှိသေးတယ်။ ဘုန်းကြီးတို့၊ ယောဂီတို့က သီလနဲ့ပြည့်စုံနေပြီ။ ကံကောင်းထောက်မလို့ လူ့ပြည်ရောက်လာရင် ကုသိုလ်တွေချည်း များများပြုလိုက်မယ်တဲ့။ ဘုန်းကြီးတို့ ယောဂီ သူတော်စင်များဟာ အဆင့်တွေအများကြီး ကျော်လာပါပြီ။ ဒေသနာ တော်မှာ ယမမင်းရဲ့ အကြံအစည်တွေနဲ့ ပတ်သက်လို့ မြတ်စွာဘုရားက ယမမင်းကြံစည်ပုံကို ထုတ်ပြီးတော့ ဟောတာ။ ယမမင်း ကြံစည်ပုံ၊ တွေးတောပုံကို တစ်ဆင့်ကြားနဲ့ ပြောတာမဟုတ်ဘူး။ **"သာမံယေဝ ဉာတံ သာမံ ဝိဒိတံ"**= ကိုယ်တိုင်သိတာ မှန်းရမ်းပြောတာ မဟုတ် ဘူးတဲ့။ တစ်နေ့သောအခါမှာ ယမမင်းကိုယ်တိုင် ကြံစည်နေတာကို

http://www.dhammadownload.com



ငါဘုရား ကိုယ်တိုင်သိတာတဲ့။ အဲဒီ ဒေသနာတော်အတိုင်း ယောဂီသူတော်စင်များက သြော်-ယမမင်းကြီးဟာ သူခမျာ တောင်းတရုံပဲ ရှိသေးတယ်။ တောင့်ရုံ၊ တရုံပဲ ရှိသေးတယ်။

ဘုန်းကြီးတို့ ကုသိုလ်ပြုတဲ့အခါမှာ ယမမင်းကြီးဟာ လူ့ဘဝရချင်ရှာလို့။ ဘုရားကို ကိုးကွယ်ချင်လွန်းလို့ ဘုရား တရားနာယူပြီး သိချင်လွန်းလို့ သူခမျာ တောင့်တနေရရှာတယ်။ မျှော်တာ မျှော်နေရတာ သူ့ခမျာ လူ့ဘဝ ဘယ်တော့ရမယ်လို့ မပြောနိုင်သေးဘူး။ လူ့ဘဝရပြန်တော့လဲ ဘုရားသာသနာနဲ့တွေ့ပြီး ဘုရားကိုးကွယ်ရမယ် ဆိုတာလဲ မပြောနိုင်သေးဘူး။ မြတ်စွာဘုရားက ငါ့အား တရားဟောရင် ကောင်းမှာပဲဆိုတဲ့ အခွင့်အလမ်းကလဲ ရချင်မှရမှာ။ တရားတော်နာယူပြီး တရားတော်ရဲ့ အနက်အဓိပ္ပါယ် အယူအဆ သဘောတရားတွေကို သိခွင့်ရချင်မှ ရအုံးမှာ မသေမချာ မရေမရာရှာဘူး။ အခု ယောဂီသူတော်စင်တွေကတော့ လူ့ဘဝရခဲ့ကြပြီ။ ဘုရားသာသနာနဲ့ ကြုံရဆုံရပြီ။ မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ခွင့်လဲ ရကြပြီ။ မြတ်စွာဘုရား တရားကိုလဲ နာယူခဲ့ကြရပြီ။ မြတ်စွာဘုရားရဲ့ တရားတော် အနှစ်သာရကို သိအောင် ကြိုးစားခွင့်လဲ ရရှိကြပြီ။

ယမမင်းကြီးရဲ့ တောင်းတချက်မှာ နောက်ဆုံးအဆင့်ဖြစ်တဲ့ တရားတော်ကို သိရပါလို၏ဆိုတဲ့ အခွင့်အရေးကိုလဲ ယောဂီတို့ ရရှိကြပြီ။ နောက်ဆုံးအဆင့်က **"တဿစာဟံ ဘဂဝတော ဓမ္မံ အာဇာနေယျံ"**။ အဟံ= ငါသည်၊ တဿဘဂဝတော= ထိုမြတ်စွာဘုရား၏၊ ဓမ္မံ= တရားတော်မြတ်ကို၊ (ဝါ) ပရမတ်တရား, ဓာတ်တရားကို၊ (ဝါ) ရုပ်တရား, နာမ်တရားကို၊ အာဇာနေယျံ= သိရပါမူကား အဟောဝတ သြော်-ကောင်းလေစွလို့ သူ့ခမျာ တောင်းတနေတုံးရှိသေးတယ်။ ဘုန်းကြီးတို့က သိအောင်ကို လုပ်နေကြရပြီ၊ မြတ်စွာဘုရားရဲ့ ရုပ်တရား၊နာမ်တရား၊ ပရမတ်တရား၊ ဓာတ်တရားတွေကို သိချင်လွန်းလို့ တောင်းတနေရှာတာ။ လူ့ဘဝမှ မရသေးတဲ့ ယမမင်းက အဝေးကနေ မျှော်မှန်းနေရတုံး

http://www.dhammadownload.com



ရှိသေးတာ ဘုန်းကြီးတို့က လက်တွေ့ရနေကြပြီနော်။

ဒါကြောင့် နောက်ဆုံးအဆင့်ဖြစ်တဲ့ ဘုရားရှင်ရဲ့ ပရမတ်တရား, ဓာတ်တရား ရုပ်နာမ်တရားတို့ကို မိမိတို့ရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ကြံပြီး လက်တွေ့မျက်တွေ့ အားထုတ်ပြီးတော့ ကိုယ်ပိုင်သိအောင် မြင်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အမျှဝေ**

ဟောကြားတော်မူအပ်သော ဟေဝဒူတသုတ္တန်ဒေသနာတော်မြတ်ကြီးကို လွန်ခဲ့တဲ့ နှစ်ပေါင်း(၁၃၀၀)ကျော်က မဟိသကတိုင်း၌ မဟာဒေဝ မထေရ်မြတ်ကြီး ဟောကြားတော်မူအပ်သော ဒေဝဒူတသုတ္တန် ဒေသနာတော်၊ ထွဋ်ခေါင်ဆရာတော် ရေးသားတော်မူအပ်သော "ယမမင်းထံ အစစ်သံပေါက်"တို့ကို (၆၃)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းသို့ ဝင်ရောက်ပြီး သမထ၊ ဝိပဿနာ ကျင့်ကြံ ပွားများကြကုန်သော ယောဂီသူတော်စင်တို့အား ဟောကြားအပ်သော ကုသိုလ်အဖို့အစုကို (ယမမင်းကြီးအား အမျှပေးဝေပါ၏)[၃]။ ယမမင်းကြီး တောင်းတတဲ့ လူ့ဘဝရပါမှု ကောင်းလေးစွဆိုတဲ့ အကြံအစည် အောင်မြင်ပါစေ။

မြတ်စွာဘုရား ဆည်းကပ်ကိုကွယ်ရပါမှုကောင်းလေစွဆိုတဲ့ အကြံအစည်အောင်မြင်ပါစေ။ မြတ်စွာဘုရားရဲ့ တရားတော်ကို နာရမှု ကောင်းလေစွ့ မြတ်စွာဘုရား တရားဟောပါမှု ကောင်းလေစွ့ဆိုတဲ့ အကြံအစည်အောင်မြင်ပါစေ။မြတ်စွာဘုရားဟောကြားတော်မူတဲ့ ရုပ်တရား၊ နာမ်တရား၊ ပရမတ်တရား၊ ဓာတ်တရားတို့ သိမြင်ပေါက်မြောက်ရပါမှု ကောင်းလေစွ့ဆိုတဲ့ အကြံအစည်များကို ပြည့်ပြည့်ဝဝ အောင်မြင်စေကြောင်း ကောင်းမြတ်တဲ့ အာသီသဖြင့် ဒီ(၆၃)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်းအဖွင့်က စပြီး ဟောကြားတော်မူခဲ့တဲ့ ဒေဝဒူတသုတ္တန် ဒေသနာတော်မြတ် ကုသိုလ်အဖို့အစုကို ယမမင်းကြီးအား (အမျှပေးဝေပါ၏)[၃] ။ မကြားမသိ မရှိပါစေနဲ့ ကြားပါသိပါစေ၊ ကြားရသိရ၍ သာဓု အကြိမ်ကြိမ် ခေါ်ဆိုနိုင်သဖြင့် သင်ယမမင်းကြီး ကြံစည်တောင့်တထားသည့် အကြံအစည် တောင့်တချက်အားလုံး အောင်မြင်ပြီးမြောက်လို့ ချမ်းသာခြင်းသို့ ရောက်ပါစေသတည်း။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု - သာဓု - သာဓု

မိခင်ဇရာဝတီ

http://www.dhammadownload.com



(၆၃)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက်တရားစခန်းမှာ ဝင်ရောက်အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များအား ဖွင့်ပွဲနေ့က စပြီး မဟိသကတိုင်း မဟာဒေဝမထေရ်မြတ်ကြီး ပထမဆုံး သာသနာပြု တရားအဖြစ်ဟောကြားအပ်သော ဒေဝဒူတသုတ္တန်။ အဲဒီတရား တော်မှာ-

**စောဒိတာ ဒေဝဒူတေဟိ၊ ယေပမဇ္ဇန္တိ မာဏဝါ။**
**တေဒီဃ ရတ္တံ သောစန္တိ ဟီန ကာယူပဂါ နရာ။**

ကလေးသူငယ် သူအို၊ သူနာ၊ သူသေ အကျဉ်းသားဆိုတဲ့ သေမင်းတမန်တို့က နှိုးဆော်တိုက်တွန်း ကြပါသော်လဲ အမြင်မှန်မရပဲနဲ့ နေကြတဲ့ ဒုစရိုက်သမားတွေဟာ အပါယ်ဘုံ အပါယ်စခန်း၊ ငရဲဘုံ ငရဲစခန်းမှာ ပင်ပန်းကြီးစွာ ခံကြရပါတယ်။ ကာလရှည်ကြာ စိုးရိမ်ကြပါ တယ်။

**ယေစခေါ ဒေဝဒူတေဟိ၊ သန္တော သပ္ပုရိသာ ဣဓ။**
**စောဒိတာနပမဇ္ဇန္တိ၊ အရိယဓမ္မေ ကုဒါစနံ။**

အဲဒီလူတွေနဲ့ မတူတဲ့ စောစောကပြောတဲ့ ဒုစရိုက်သမားတွေနဲ့ လမ်းခွဲပြီးတော့လာတဲ့ သူတော်စင် သူတော်ကောင်း တွေ ရှိတယ်တဲ့။ လောကကြီးထဲမှာ ကလေး၊ သူအို၊ သူနာ၊ သူသေ၊ အကျဉ်းသား ခေါ်တဲ့ ယမမင်းရဲ့တမန်တွေ နှိုးဆော်တိုက်တွန်းမှုကြောင့် သူတော်ကောင်း တွေဟာ၊ အရိယဓမ္မခေါ် သူတော်ကောင်းတရားတွေအပေါ် တရံတခါ လေးမျှ မမေ့မလျော့ကြ။ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာသူတော် ကောင်းကြီးတို့ဟာ မမေ့မလျော့နေကြတယ်။ ယခု တရားစခန်းဝင်ပြီး တရားအားထုတ်နေကြတာဟာ မမေ့မလျော့ နေကြတာပါပဲ။

**ဥပါဒါနေ ဘယံဒိသွာ၊ ဇာတိ မရဏ သမ္ဘဝေ။**
**အနုပါဒါဝိမုစ္စန္တိ၊ ဇာတိမရဏ သင်္ခယေ။**

ဇာတိမရဏ သမ္ဘဝေ= ပဋိသန္ဓေနေခြင်း၊ သေခြင်းကို ဖြစ်စေ တတ်သော ဥပါဒါနေ ဥပါဒါနစွဲလမ်းမှု လေးမျိုးအပေါ်၌၊ ဘယံ=

http://www.dhammadownload.com



ကြောက်ဖွယ်လန့်ရေးဘေးကို၊ ဒိသွာ= မြင်၍၊ အနုပါဒါ= ဥပါဒါန် ကင်းကြကုန်သည်ဖြစ်၍၊ ဇာတိမရဏသင်္ခယေ= ပဋိသန္ဓေနေခြင်း, သေခြင်းကင်းခြင်းကြောင့်၊ ဝိမုစ္စန္တိ= ဝဋ္ဋဒုက္ခအားလုံးမှ လွတ်မြောက်ကြကုန်၏။

**ပဋိသန္ဓေနေခြင်း**

အိုခြင်း၊ နာခြင်း၊ သေခြင်းကို ဖြစ်စေတတ်တဲ့ ဥပါဒါန်တရားတွေ အပေါ်မှာ ကြောက်မက်ဖွယ် ဘေးအနေအားဖြင့် မြင်ကြထင်ကြတဲ့ သူတော်ကောင်းတွေ ဥပါဒါန်ကင်းပျောက်ပြီးတော့ ဒုက္ခအားလုံးမှ လွတ်မြောက်နိုင်ကြတယ်။

**တေအပ္ပမတ္တာ သုခိနော၊ ဒိဋ္ဌဓမ္မာ ဘိနိဗ္ဗုတာ။**
**သဗ္ဗဝေရ ဘယာတီတာ၊ သဗ္ဗဒုက္ခံ ဥပစ္စဂုံ။**

အဲဒီလို မမေ့လျော့နေကြတဲ့ပုဂ္ဂိုလ်တွေ မျက်မှောက်ထင်ထင် ရှုမြင်ရတဲ့ဘဝမှာ ဘေးအားလုံးကို လွန်မြောက်ပြီးတော့ ရှိသမျှဘေးရန် ဒုက္ခတွေကို လွန်မြောက်နိုင်ကြတယ်။ ဒေဝဒူသုတ္တန်ဒေသနာတော်မှာ ဟောထားတဲ့ စကားတော်ထဲမှာ ဇာတိ၊ ပဋိသန္ဓေ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကိုဖြစ်စေတတ်တဲ့ ဥပါဒါန်တရား လေးပါးအပေါ်မှာ ကြောက်ဖွယ် လန့်ဖွယ်အနေအားဖြင့် မြင်ရမယ်လို့ဆိုတဲ့စကားရှိတယ်။

အဲဒီ ဥပါဒါန်နဲ့ပတ်သက်လို့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာများမှာ ဥပါဒါန်စွဲမနေပါနဲ့။ ဥပါဒါန်စွဲမနေပါနဲ့ ဆိုတာဟာ အပြောလွယ်တာပါပဲ၊ တဏှာပစ္စယာ ဥပါဒါန် ရူပတဏှာ= အဆင်းမျိုးစုံ ရူပါရုံမှာ တပ်မက်မှု၊ သဒ္ဒါတဏှာ= အသံမျိုးစုံ သဒ္ဒါရုံမှာ တပ်မက်မှု၊ ဂန္ဓတဏှာ= အနံ့မျိုးစုံ ဂန္ဓာရုံမှာ တပ်မက်မှု၊ ရသတဏှာ= အရသာမျိုးစုံ ရသာရုံမှာ တပ်မက်မှု၊ ဖောဋ္ဌဗ္ဗတဏှာ= အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံအပေါ်မှာ တပ်မက်မှု၊ ဓမ္မတဏှာ= တွေးစရာ ကြံစရာ တွေ့ဖူးကြုံဖူးတဲ့အပေါ်မှာ တပ်မက်မှု။

http://www.dhammadownload.com



အဲဒီ(၆)မျိုးကို အရင်းခံပြီးတော့၊ တစ်နည်းအားဖြင့် အာရုံ (၅)ပါးနဲ့ ပတ်သက်ပြီးတော့ ဖြစ်တဲ့တဏှာ၊ သဿတဒိဋ္ဌိနဲ့ ပတ်သက်ပြီး ဖြစ်တဲ့တဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ပတ်သက်ပြီးတော့ ဖြစ်တဲ့တဏှာ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာလို့ ခေါ်တဲ့တဏှာသုံးပါးကို တည်ပြီးအာရုံ (၆)ပါးနဲ့မြှောက် ကာလသုံးပါးနဲ့မြှောက်၊ သန္တာန်(၂)ပါးနဲ့ မြှောက်၊ တဏှာတပ်မက်မှု လိုချင်မှု။ သမုဒယသစ္စ တဏှာဟာ တစ်ရာ့ရှစ်မျိုး ပွားလာပါတယ်။ အများသိနေကြတဲ့ ဓမ္မစကြာဒေသနာမှာ တဏှာရဲ့ သတ္တိကို ဘယ်လိုဖွင့်သလဲလို့ဆိုရင်-

**"ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာ ဘိနန္ဒိနီ"**

ဒါဟာသူရဲ့စွမ်းအင်ပါပဲ။ ပေါနောဗ္ဘဝိကာ= ဘဝသစ်ကို ဖြစ်စေ တတ်တယ်၊ နန္ဒီရာဂသဟဂတာ= တပ်မက်မှုလိုချင်မှုနဲ့ တကွဖြစ်တယ်။ တတြတတြာဘိနန္ဒိနီ= ထိုထိုအာရုံတို့၌ နှစ်သစ်မှု၊ တွယ်တာမှု ဖြစ်စေ တတ်တယ်။ အာရုံတင်မဟုတ်ဘူး။ ထိုထိုရောက်ရာ ဘုံဘဝအပေါ်မှာလဲ တပ်နှစ်သက်တယ်။ တွယ်တာငြိတွယ်တတ်တယ်။ အဲဒီတဏှာက (၆)မျိုးရှိတယ်။ (၃)မျိုးရှိတယ်လို့လဲ ပြောရတယ်။ ဒါကြောင့် ကျေးဇူး တော်ရှင် လယ်တီဆရာတော်ဘုရားက ကာမုပါဒါန်နဲ့ ပတ်သက်ပြီးတော့ ဘယ်လိုဖွင့်ဆိုထားသလဲဆိုတော့ "တဏှာခြောက်မည် အရင်းတည်၍ အရှည်များလျား အစဉ်ပွားက လေးပါးအမှန် ဥပါဒါန်လည်း ခန္ဓာကာယ အဇ္ဈတ္တနှင့် ကာမအာရုံ အလုံးစုံ၌ အကုန်နှီးရင်း အစွဲပြင်း၏"။ ဖွတ်ကြီးလျှင် မိကျောင်း၊ မြွေကြီးလျှင် နဂါး၊ တစ္ဆေကြီးတော့ သရဲလို့ အဆိုရှိတယ်။

ဘုန်းကြီးတို့ မိုးရာသီမှာ စပြီးပေါက်လာတဲ့ ငယ်တဲ့သစ်ပင် လေးတွေ ဆွဲနုတ်လိုက်ရင် လွယ်လွယ်လေးပဲ။ အဲဒါ တဏှာနဲ့တူတယ်။ ဒီရိပ်သာထဲမှာရှိတဲ့ သရက်ပင်ကြီးတွေဆိုရင် ဆွဲနုတ်လို့ မရဘူး။ နုတ်ချင်တယ်ဆိုရင်တော့ တော်တော်လေး ပင်ပင်ပန်းပန်း ဆွဲနုတ်မှ

http://www.dhammadownload.com



ရမယ်။ တဏှာအဖြစ်နဲ့ ဆိုရင်တော့ သစ်ပင်ငယ်များ နုတ်ရသလိုပါပဲ။ ထိုထိုတဏှာ၏ အာရုံဝတ္ထုတို့အပေါ်မှာ ခင်စမင်စ သာယာစုံမက်စ ဖြစ်တဲ့လောဘသည် တဏှာ၊ ရွှေ့လွယ်ပြောင်းလွယ် ဖြေလွယ် ဖျောက်လွယ် ရှိပါသေးတယ်။ ဥပါဒါန်ဘဝ ရောက်သွားပြီဆိုရင်တော့ ပိုပြီးခက်တယ်။ "ခန္ဓာကာယ အဇ္ဈတ္တနှင့်" (အဇ္ဈတ္တ သန္တာန်မှာလဲ ဥပါဒါန်) ကာမအာရုံအလုံးစုံ၌ (ရူပါရုံ သဒ္ဒါရုံအစရှိတဲ့ အာရုံမှာ)အကုန်နှီးရင်း အစွဲပြင်း၏ အသင်းပွားများ သားမယားက စသည့်ဖြာဖြာ မဆုံးရာသား ကာမဝတ္ထု စွဲလန်းပြုသည့် ကာမုပါဒါန်။

ကာမုပါဒါန်ခေါ်တဲ့ သက်ရှိသက်မဲ့တွေအပေါ်မှာ စွဲလန်းနေတဲ့ ကာမုပါဒါန်ဟာ ဗုဒ္ဓသာသနာ ထွန်းကားသည်ဖြစ်စေ၊ မထွန်းကား သည်ဖြစ်စေ ဘာသာမျိုးစုံ ယူကြသူတို့မှာပင် ဖြစ်ပါတယ်။ "တစ်ဖန် ထို့ပြင် မိစ္ဆာဉာဉ်ဖြင့် အမြင်ယွင်းဖေါက် ခြောက်ဆယ့်နှစ်ပါး ပြားသည် ဒိဋ္ဌိ"၊ မှောက်မှားတဲ့ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိ၊ ဒိဋ္ဌိပါဒါန်၊ ဒီ(၆၂)ပါးသော မိစ္ဆာဒိဋ္ဌိ၊ ဒိဋ္ဌိကြီး(၃)ပါးတို့ဟာ သာသနာထွန်းကားပြီး ဗုဒ္ဓသာသနာ တော်ကို ယုံကြည်ကိုးစားတဲ့ ဗုဒ္ဓဘာသာများမှာ ဒိဋ္ဌုပါဒါန် မရှိပါဘူး။ ဒီ ဒိဋ္ဌုပါဒါန်ကတော့ ခရစ်ယာန်ဘုန်းကြီးတို့ ပသီဘုန်းကြီးတို့ ဒီပုဂ္ဂိုလ်တွေရဲ့ အဆုံးအမကို သန်သန်ယူကြတဲ့ ပုဂ္ဂိုလ်တွေမှာ ရှိတယ်။ နောက် သီလဗ္ဗတုပါဒါန် "တစ်စိထိုမှ ဂေါသီလကို ဝဋ်မှုထုတ်တတ် စွဲထင်မှတ် သည့် သီလဗ္ဗတုပါဒါန်"၊ ခွေးတို့ရဲ့အကျင့်, နွားတို့ရဲ့အကျင့်ကို ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်တယ်လို့ ယူတဲ့စွဲလန်းတဲ့ သီလဗ္ဗတုပါဒါန်၊ ဂေါဝတိက တက္ကဒွန်းတို့လို အိပ်တော့လဲ နွားလိုပဲ၊ ဇမ္ဗုက တက္ကဒွန်း တို့ကတော့ ခွေးလိုပြုကျင့်တာ။ ဒီခွေးအကျင့်၊ နွားအကျင့်တွေကို ဝဋ်မှုထုတ်ဆောင် ကယ်တင်တတ်တယ် ယူဆပြီးတော့ ကျင့်နေမယ်ဆိုရင် သူ့အကျင့်သီလ ပေါ့နေရင် နွားဖြစ်နိုင်တယ်။ အကယ်၍ အဲဒီအယူတင်း မယ်ဆိုရင် ငရဲကျနိုင်တယ်။ ဇမ္ဗုကတို့ကတော့ သေတဲ့အခါ အသူရ ကာယ်ဖြစ်တယ်။

http://www.dhammadownload.com



အဲဒီတော့ "တစိထိုမှ ဂေါသီလကို ဝင့်မှထုတ်တတ် စွဲထင်မှတ်သည့် သီလဗ္ဗတုပါဒါန် အထန်အပြင်း အယူတင်း၍ ဝင့်ခင်းဝင့်နွယ်၊ ဝင့်ပင်လယ်မှ လွတ်ဖွယ်မအား တမားမားသည် လေးပါးဉပါဒါန် စွမ်းရည်တည်း"။ အယူကပြင်းထန်လို့ သိပ်ပြီးတော့တင်းလို့ အထန်အပြင်း အယူတင်း၍ ဝင့်ဆင်း၊ ဝင့်နွယ်၊ ဝင့်ပင်လယ်မှ လွတ်ဖွယ်မအား တမားမားသည် လေးပါးဉပါဒါန် စွမ်းရည်တည်း။ အတ္တဝါဒုပါဒါန် ဗုဒ္ဓဘာသာမှာရော အခြားဘာသာတွေမှာပါ ဖြစ်တယ်။ **"ဗုဒ္ဓဘာသာထွန်းကားဗုဒ္ဓကို ယုံကြည်ပြီးနေတဲ့ ပုဂ္ဂိုလ်များမှာ ဉပါဒါန်လေးပါးထဲမှာ ကာမုပါဒါန်နဲ့ အတ္တပါဒုပါဒါန် ဖြစ်တယ်။ အခြားအယူရှိပုဂ္ဂိုလ်များကတော့ ဒိဋ္ဌုပါဒါန်ရော သီလဗ္ဗတုပါဒါန်ရော ကာမုပါဒါန်ရော အတ္တဝါဒုပါဒါန်ပါ (၄)ပါးလုံးဖြစ်တယ်"**။ အတ္တဝါဒါန်နဲ့ ကာမုပါဒါန် တရားများကို ဖြုံခွင်းနိုင်ရန် အဲဒီအထဲမှာ အဓိကကတော့ အတ္တဝါဒုပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုတာ သန္တာန်ဒြပ်ကို တွေ့နေမယ် မြင်နေမယ်ဆိုရင် သက္ကာယဖြစ်ထာပေ့ါ။ အတ္တဝါဒုပါဒါန်ဆိုတာ သက္ကာယဒိဋ္ဌိနဲ့ အလားတူတယ်၊ ကြည့်တတ်မယ်၊ မြင်တတ်မယ်ဆိုရင် သက္ကာယဒိဋ္ဌိကို ဖြုံခွင်းနိုင်တာပါပဲ။

သက္ကာယဒိဋ္ဌိနဲ့ အတ္တဝါဒုပါဒါန်ဆိုတာ သက္ကာယ သကာယ၊ သထင်ရှားရှိသော၊ ကာယဆိုတာ ရုပ်နာမ်အပေါင်း ထင်ရှားရှိတဲ့ ရုပ်အပေါင်း, နာမ်အပေါင်း ထင်ရှားရှိတဲ့ ရုပ်ခန္ဓာ, နာမ်ခန္ဓာ။ ဒိဋ္ဌိ= ထင်ရှားမရှိတဲ့ ငါရယ်, သူရယ်, အသက်ရယ် ငါငါနဲ့ မှားမှားယွင်းယွင်း မြင်တာ အဲဒါကို အတ္တဝါဒုပါဒါန်လို့ ခေါ်တယ်။ ဒီအတ္တဝါဒုပါဒါန်ဟာ လောကမှာ သတ်ကြတာတွေ၊ ဖြတ်ကြတာတွေ နှိပ်စက်ကြတာတွေဟာ ဒီအတ္တဝါဒုပါဒါန် အခြေခံပါတယ်။ ဒေဝဒတ်ကြီး မြတ်စွာဘုရားကိုသတ်ဖို့ ကျောက်မောင်းဆင်တာတွေ၊ အဇာတသတ်ဖခမည်းတော်ကြီး သတ်ဖို့ရာ စီမံတာတွေ အတ္တဝါဒုပါဒါန် အခြေခံတာပါပဲ။

အတ္တဝါဒုပါဒါန်ခေါ်တဲ့ သက္ကာယ ဒိဋ္ဌိရှိနေရင် ကံကြီး(၅)ပါး ခေါ်တဲ့ ပဉ္စာနန္တရိယကံလဲ ထိုက်နိုင်တယ်။ ဒါကြောင့်မို့ ဒီအတ္တဝါဒုပါဒါန်

http://www.dhammadownload.com



ကို ဖြိုခွင်းနိုင်အောင် အခု တရားအားထုတ်ကြရတာ။ ဥပါဒါနေဘယံ ဒိသွာ ဥပါဒါနေ ဥပါဒါန်တရားလေးပါး၌ ဘယံ= ကြောက်မက်ဖွယ် ဘေးကို၊ ဒိသွာ= မြင်ကြကုန်၍ ဥပါဒါန်တရား လေးပါးအပေါ်၌ ဘေးအနေနဲ့ မြင်အောင်ကြိုးစားရမယ် ဆိုတဲ့အတိုင်း၊ (၆၃)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်းအားထုတ် ကြိုးပမ်းနေကြတဲ့ ဒကာ, ဒကာမတွေဟာ ဝေဒနာအပေါ်မှာ သက္ကာယဒိဋ္ဌိ မဖြစ်အောင် ခံစားမှုအပေါ်မှာ သက္ကာယဒိဋ္ဌိမဖြစ်အောင် အသားအပေါ်မှာ၊ အရိုးအပေါ်မှာ၊ ဦးခေါင်းအပေါ်မှာ၊ လက်အပေါ်မှာ၊ ခြေအပေါ်မှာ၊ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ သက္ကာယဒိဋ္ဌိ အတ္တဝါဒုပါဒါန် ပျောက်အောင် ယခုတရားအားထုတ်နေခြင်းပဲ။

ယခုလို အားထုတ်နေခြင်းသည် **"ဥပါဒါနေ ဘယံ ဒိသွာ၊ ဇာတိမရဏ သမ္ဘဝေ၊ အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏ သင်္ခယေ"** ဆိုတဲ့ ဒေသနာတော်နဲ့ ကိုက်ညီနေတယ်။ စောစောက ပြောခဲ့သလို "တဏှာကြီးတော့ သရဲ" ဆိုတဲ့စကားလို။ "ဖွတ်ကြီးတော့ မိကျောင်း" ဆိုသလိုပဲ။ တဏှာက အခြေခံပြီးလာပါတယ်။ "တဏှာ ပစ္စယာ ဥပါဒါနံ" ဆိုတဲ့ ဘုရားစကားတော်အတိုင်း တဏှာလောဘကို အခြေခံပြီး ဥပါဒါန်ဖြစ်ကြရတယ်။ ဥပါဒါန်အခြေခံပြီး ဘဝဖြစ်၊ ဘဝအခြေခံပြီး ဇာတိဖြစ်၊ ဇာတိဖြစ်တော့ ဇရာ၊ မရဏ အိုနာသေစသည် ဒီလိုဖြစ်ပေါ်ပြီးလာတယ်။ ဒါကြောင့် **"ဥပါဒါနေ ဘယံ ဒိသွာ၊ ဇာတိမရဏ သမ္ဘဝေ၊ အနုပါဒါ ဝိမုစ္စန္တု၊ ဇာတိ မရဏ သင်္ခယေ"**။ ဇာတိမရဏ သမ္ဘဝေ= ပဋိသန္ဓေနေခြင်း အိုခြင်း၊ နာခြင်းကိုဖြစ်စေ တတ်သော ဥပါဒါနေစွဲလမ်းခြင်း ဥပါဒါန်တရား၌၊ ဘယံ= ကြောက်မက်ဖွယ်ဘေးကို၊ ဒိသွာပဿန္တု= မြင်နိုင်ကြပါ စေကုန်သတည်း။ ဇာတိမရဏ သင်္ခယေ ပဋိသန္ဓေ= အိုနာသေ ကုန်ခမ်းခြင်းကြောင့်၊ အနုပါဒါ= စွဲလမ်းမှု ကင်းကွာကြကုန်သည်ဖြစ်၍၊ ဝိမုစ္စန္တု= သံသရာ ဝဋ်ဆင်းရဲမှ လွတ်ထွက်နိုင်ကြပါစေကုန်သတည်း။ သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ဘုန်းကြီးတို့ ယနေ့(၆၃)မြောက် လယ်တီဝိပဿနာပြန်ပွားရေး အဖွဲ့ချုပ်က ကျင်းပတဲ့ လယ်တီဝိပဿနာ(၇)ရက် တရားစခန်းလဲ ပြီးမြောက်အောင်မြင်လို့ ယောဂီသူတော်စင်များလဲ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ မြတ်စွာဘုရားသာသနာတော်အတွင်းမှာသာ တွေနိုင်တဲ့ ဝိပဿနာ တရားတော်တွေကို အားထုတ်ကြိုးစားလို့အပြီးတိုင် မရောက်သေးစေကာမူ အောင်မြင်ခဲ့ပြီလို့ ဒီလိုပြောရမယ်။ မြတ်စွာ ဘုရားက မဟာပရိနိဗ္ဗာနသုတ္တန်မှာ " ရဟန်းတို့ အရဟတ္တဖိုလ် ရောက်တဲ့အခါမှ စိတ်ကိုလျှော့ပါတဲ့။ မိမိတို့တရား ဘာဝနာအားထုတ်တဲ့ လုပ်ငန်းကို အရဟတ္တဖိုလ်ရောက်တဲ့အခါမှ စိတ်ကိုလျှော့ပါတဲ့။ မိမိတို့ တရားဘာဝနာ အားထုတ်တဲ့လုပ်ငန်းကို အရဟတ္တဖိုလ်ရောက်မှ ကိစ္စကပြီးမှာကိုး၊ "မတ္ထကပတ္တ" အထွဋ်အထိပ်သို့ရောက်မှ အရဟတ္တဖိုလ် ရောက်မှ စိတ်ကိုလျှော့လိုက်ပါတဲ့။ မရောက်သေးပဲနဲ့ စိတ်ကို လျှော့လိုက်ရင် ကြီးပွားတိုးတက်မှုအားနည်းပြီး ဆုတ်ယုတ်သွားမယ်လို့ ဒီလိုမိန့်တော် မူတယ်။ မိမိတို့အားထုတ်ပြီးတဲ့ သမထကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မဋ္ဌာန်းတွေကို အချိန်ရရင် ရသလို ဆက်လက်ပြီး အားထုတ်ကြပါလို့ တိုက်တွန်းလိုပါတယ်။

တစ်နေ့ကတုံးက ဟောခဲ့တဲ့ ဥပါဒါန်၊ ဥပါဒါန်ဆိုတဲ့ စကားလုံး ဟာ အင်မတန်အသုံးတွင်ကျယ်ပါတယ်။ ပြောခဲ့တဲ့အတိုင်း သီလဗ္ဗတု ပါဒါန်နဲ့ ဒိဋ္ဌုပါဒါန်(၂)ပါးဟာ ဗုဒ္ဓဘာသာများမှာ မရှိသလောက်ပါပဲ။ ကာမုပါဒါန်နဲ့ အတ္တဝါပါဒါန်ကတော့ ဗုဒ္ဓဘာသာများလည်းရှိတယ်။ အဲဒီကာမအာရုံဝတ္ထုတွေကို စွဲလန်းတဲ့ ကာမုပါဒါန်နဲ့ သက္ကာယဒိဋ္ဌိခေါ်တဲ့ အတ္တဝါဒုပါဒါန် (၂)မျိုးထဲက သာသနာပရသေ့တွေ တောထွက်ပြီးတော့ သမထကမ္မဋ္ဌာန်းများ အားထုတ်ပြီးနေကြတော့ ဒီကာမုပါဒါန်ကို သာသနာပအခါမှာပင် အထိုက်အလျောက် ဖယ်ရှားနိုင်ပါတယ်။ အတ္တဝါဒုပါဒါန်ခေါ်တဲ့ အတ္တဒိဋ္ဌိတနည်းအားဖြင့် သက္ကာယဒိဋ္ဌိကိုတော့ သာသနာပအခါမှာ သရဘင်္ဂအစရှိတဲ့ ဘုရားလောင်း ရသေ့ကြီးများပင်

http://www.dhammadownload.com



မဖယ်ရှားနိုင်ခဲ့ကြဘူး၊ ကာမုပါဒါန်ကတော့ ဘဝ အဆက်ဆက်မှာ ရသေ့ရဟန်းပြုပြီးတော့ တရားအားထုတ်နေကြတဲ့ ရသေ့ရဟန်းကြီးတွေဟာ အထိုက်အလျောက် ပယ်နိုင်ကြတယ်။

အတ္တဝါဒုပါဒါန်ကိုတော့ သာသနာပမှာ ပယ်တဲ့နည်းလမ်းလဲ မရှိဘူး၊ ပယ်လဲမပယ်နိုင်ကြဘူး။ ထင်ရှားအောင်ပြောတော့ "သက္ကာယဒိဋ္ဌိ"ပေါ့။ သက္ကာယဒိဋ္ဌိကို အလောင်းတော်ကြီးများ ဘဝများစွာ သံသရာမှာ တောထွက်ပြီးတော့ ဘုရားမြတ်စွာ ပစ္စေကာနှင့်အရိယာ အလောင်းလျာကြီးတွေ ဘဝများစွာက တောတောင်စခန်းမြန်းပြီးတော့ တရားအားထုတ်ခဲ့ကြသော်လဲ အတ္တဝါဒုပါဒါန်ခေါ်တဲ့ သက္ကာယဒိဋ္ဌိကို အမြစ်ပြုတ်အောင် မဖြိုခွင်းနိုင်ကြဘူး။ ဖြိုခွင်းဖို့ အခြေခံတော့ ရခဲ့ကြပါတယ်။ အတ္တဝါဒုပါဒါန်ခေါ် သက္ကာယဒိဋ္ဌိကို ဖြိုမယ်ဆိုတော့ ဘယ်လိုဖြိုရမလဲ။ သက္ကာယဒိဋ္ဌိ အတ္တဝါဒုပါဒါန်ဖြိုဖို့ရာ အင်မတန်ခက်တယ်။ မြင့်မိုရ်တောင်ကြီးကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် ပြုရတာလွယ်တယ်။ ပင်လယ်သမုဒ္ဒရာထဲက ရေတွေ ခမ်းခြောက်အောင် ပြုဖို့လွယ်တယ်။ အတ္တဝါဒုပါဒါန်ခေါ်တဲ့ သက္ကာယဒိဋ္ဌိကို ဖြိုခွင်းနိုင်ဖို့ ခက်တယ်။ အဲဒီတော့ မြတ်စွာဘုရားက နည်းပေးတော်မူတယ်။

**"နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ"။**

အတ္တဝါဒုပါဒါန်ခေါ်တဲ့ သက္ကာယဒိဋ္ဌိဖြိုနည်းက နာမ်ရုပ်ကို ပိုင်းခြားသိလိုက်ရင် နာမ်ရုပ်ကို ပိုင်းခြားသိသောအားဖြင့် သိတဲ့ပုဂ္ဂိုလ်ဟာ သက္ကာယဒိဋ္ဌိကို ပယ်နိုင်ပါတယ်တဲ့။ အကျဉ်းချုပ်အားဖြင့် နာမ်နဲ့ရုပ်၊ အကျယ်အားဖြင့် လောကီစိတ်က (၈၁)၊ စေတသိက်က(၅၂)၊ ရုပ်က (၂၈)ပါး အဲဒီလို တရားတွေက ရှိနေတယ်။ အဲဒါတွေ အကုန်မြင်မှ လားဆိုတော့ မဟုတ်ဘူး။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက အားပေးထားတာရှိတယ်။ ရုပ်တွေ, နာမ်တွေနဲ့ပတ်သက်လို့ အဘိဓမ္မာ(၇)ကျမ်း တာဝတိံသာနတ်နန်းမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။ လအားဖြင့်ဆိုရင် ဝါတွင်း(၃)လ "ဓမ္မသင်္ဂဏီ ဝိဘင်း

http://www.dhammadownload.com



ဓာတုကထာ ကထာဝတ္ထု၊ ပုဂ္ဂလပညတ်၊ ယမိုက်ပဋ္ဌာန်း"။ ဓမ္မက္ခန္ဓာအားဖြင့် အဘိဓမ္မာပိဋကတ်မှာ (၄၂၀၀၀) ရှိပါတယ်။ (၄၂၀၀၀)ရှိတဲ့ အဘိဓမ္မပိဋကတ်မှာ ရုပ်တရား, နာမ်တရားတွေချည်းပဲ ဟောထားပါတယ်။

## ညဉ်သက္ကာယ သေကိန်းကျ

အဲဒီရုပ်တရား, နာမ်တရား တွေ အကုန်သိနိုင် မှလားလို့ ဆိုတော့ မဟုတ်ဘူးတဲ့။ ရုပ်တရားတွေထဲက ဆိုရင် "ရေ၊ မြေ၊ လေ၊ မီး" ဓာတ်ကြီးလေးခု။ စက္ခု သောတ ဃာန ဇိဝှါ ကာယ နာမ်တရားတွေထဲက ဆိုရင် စိတ် ဖဿ ဝေဒနာ သညာ စေတနာ (၅)မျိုးလောက်၊ ရုပ်ထဲက ဆိုရင် (၉)မျိုးလောက်။ အဲဒီလောက်ကလေးကို ကျကျနနသိနိုင်ရင် ဒါဟာ သက္ကာယဒိဋ္ဌိ သေကိန်းပဲ။ ယောဂီများ သက္ကာယဒိဋ္ဌိ သေအောင် သတ်တဲ့ ဆေးနည်းသိဖို့ပါ။ **"ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးခု စက္ခု သောတဃာန ဇိဝှါကာယာမန၊ ဆအကြည်ဓာတ်၊ ဖဿ ဝေဒနာ စေတနာနှင့် သညာတဝဏ်ဓာတ်မျှကို လှလှကိုယ်တွင် ကွင်းကွင်းမြင်က ညင်သက္ကာယ သေကိန်းကျသည် ဆေးများ သိဒ္ဓိ အကျော်တည်း"**။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက သိဒ္ဓိဆေးတစ်ခု ပေးခဲ့တယ်။ အဲဒီဆေးက သက္ကယဒိဋ္ဌိကို နိုင်တဲ့ဆေး၊ ရုပ်တွေနာမ်တွေ အကုန်လုံးမြင်မှ မဟုတ်ပါဘူး။ မြစ်ကလေး ချောင်းကလေးသာ ကူးနိုင်တဲ့ လှေငယ်လေးသာပိုင်တဲ့ လူတစ်ယောက်ဟာ ဒီလှေငယ်လေးနဲ့ပဲ မြစ်ချောင်းတွေကို ကူးပြီးရောင်းဝယ်စားသောက်ရတယ်။ အကယ်၍ လှေကြီးတွေ တည်ဆောက်နိုင်ပြီးဆိုရင် ပင်လယ်သမုဒ္ဒရာကူးမှာပေါ့။

အဲဒီလိုပါပဲ လောင်းငယ်လှေငယ်လေးနဲ့ မြစ်ကလေး, ချောင်းကလေးကို ကူးပြီးရောင်းဝယ်စားသောက် နေသလိုပါပဲ။ ဘုန်းကြီးတို့လို အဘိဓမ္မာပိဋကတ်တွေ ကုန်အောင်သင်ယူမနေနိုင်ပေမဲ့

http://www.dhammadownload.com



လောင်းငယ်, လှေငယ်လေးနဲ့ မြစ်ငယ်, ချောင်းငယ်လေးကူးပြီး ရောင်းဝယ်စားသောက် နေသလို။ ဓာတ်ကြီး(၄)ပါး၊ ပဿဒရုပ်က(၅)ခု နာမ်ပိုင်းက စိတ်ရယ်၊ ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ် အဲဒီ(၁၄)ခုဟာ သက္ကာယဒိဋ္ဌိဆိုတဲ့ အတ္တဝါဒုပါဒါန်ဖြုတ်ခွင်းတဲ့ နေရာမှာတော့ အကျော်အမော် ဆေးကောင်းတစ်လက်ပဲလို့ မိန့်တော်မူတယ်။ အဲဒီလို မိန့်တော်မူတဲ့အတိုင်း ယောဂီသူတော်စင်များ စပြီးတော့ (၆၃)ကြိမ်မြောက် စခန်းစတယ်ဆိုတော့ ပထမဆုံး ရုပ်ကမ္မဋ္ဌာန်းကစပြီး ရုပ်ကမ္မဋ္ဌာန်း ထွက်လေဝင်လေ ပညက်နယ်ပယ်က ထွက်လေဝင်လေ၊ တကယ်တော့ တွန်းကန်လှုပ်ရှားသဘောရှိတဲ့ ရုပ်ကိုစပြီးတော့ ကြည့်ရတာ။

အဲဒီကနေ သမာဓိရလာပြီဆိုတော့ မိမိခန္ဓာကိုယ်မှာ ဖြစ်တဲ့ ပူတယ်၊ အေးတယ်ဆိုတဲ့ မီးဓာတ်ကိုလဲ ကြည့်တယ်။ တွန်းကန်တယ်၊ လှုပ်တယ်ဆိုတဲ့ လေဓာတ်ကိုလဲကြည့်တယ်။ တွေ့ထိမှုဖဿ၊ ခံစားမှု ဝေဒနာတွေပါ အမျိုးစုံ သမာဓိရလာတဲ့အခါ ကြည့်ရှုပြီးလာခဲ့တာ။ အဲဒီတော့ ရုပ်ထဲက ရုပ်အချို့၊ နာမ်ထဲကနာမ်အချို့ အဲဒါကိုမြင်ရင် အတ္တဝါဒုပါဒါန်ခေါ်တဲ့ သက္ကာယကို ဖြုတ်နိုင်တယ်။ သာသနာတော် အတွင်းမှာမှ ဖြုတ်ခွင်းနိုင်တာ။ ဥပါဒါန်လေးပါးထဲမှာ ဒီအတ္တဝါဒုပါဒါန်ဟာ အရေးအကြီးဆုံးပဲ။ သာသနာပအခါမှာ အလောင်းတော်ကြီးတွေ တောင်မှ အထိုက်အလျောက် ကာမုပါဒါန်ကို ဖြုတ်ခွင်းနိုင်သော်လဲ အတ္တဝါဒုပါဒါန်ကို မဖြုတ်ခွင်းနိုင်ဘူး။ ကုန်ကုန်ပြောမယ်ဆိုရင် ဂေါတမ မြတ်ဗုဒ္ဓလောင်းလျာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်တော့ ရဟန်းဘဝ(၉)ဘဝပဲ ရခဲ့တယ်။ ရဟန်းဘဝရပြန်တော့လဲပဲ ကာမုပါဒါန်သာ အထိုက်အလျောက် ဖြုတ်ခွင်းနိုင်ခဲ့တယ်။ အတ္တဝါဒုပါဒါန် မဖြုတ်နိုင်ခဲ့ဘူး။ သာသနာတွင်း ဘုရားအဖြစ်သို့ ရောက်တဲ့အခါမှ အတ္တဝါဒုပါဒါန်ကို ဖြုတ်ခွင်းနိုင်လို့ အထက်ဉာဏ်အဆင့်ဆင့်ရကာ ဘုရား ဖြစ်တာပေါ့။

http://www.dhammadownload.com



ဒါကြောင့်မို့ ယောဂီသူတော်စင်များလဲ မိမိတို့ အထိုက် အလျောက် ကာမုပါဒါန် ဖြိုခွင်းနိုင်တဲ့ ဘဝတွေရချင်ရမယ် အတ္တဝါဒုပါဒါန် ဖြိုခွင်းဖို့ဆိုတာကတော့ သာသနာတော်တွင်းမှာသာ ရနိုင်မှာ။ ဒါကြောင့်မို့ မိမိတို့လဲ ဆက်လက် ပြီးတော့ ကြိုးစားရမှာပဲ။ ပင်လယ်သမုဒ္ဒရာကို ကူးနိုင်တဲ့ စက်လှေကြီး တွေ သင်္ဘောကြီးတွေ မတည်ဆောက်နိုင်ခင်မှာ လောင်းငယ်, လှေငယ်လေးများနဲ့ မြစ်ချောင်း လေးကူးပြီးတော့ စားသောက်ကြသလိုပဲ။ ဒီ(၁၄)မျိုးလောက်ကို သဘောကျရင် သိဒ္ဓိဆေးတစ်မျိုးပဲတဲ့။ ဆေးမှ သာမန်သိဒ္ဓိမဟုတ်ဘူး "ဆေးများသိဒ္ဓိအကျော်တည်း" ဆိုတော့ သိဒ္ဓိအကျော်ဆေးပါပဲတဲ့။

ဒါကြောင့် ဆရာတော်ဘုရားရဲ့ လင်္ကာလေးကို ရွတ်ဖတ်ပြီးတော့ ဘုန်းကြီးတရား နိဂုံးချုပ်ပါမယ်နော်။ လွန်ခဲ့တဲ့ တော်သလင်းလပြည့်ကျော် (၈)ရက်နေ့က မြန်မာ့အသံကနေ လွှင့်ခဲ့တဲ့ တရားစာအုပ်လေးတွေလဲ ဖတ်ကြည့်ကြ။ အဲဒီတရားက တရားအားထုတ်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်။ အခုအခါမှာ **"ဒေသနာနုသာရေနဉာဏံ ပေသေတွာ"**။ ဒေသနာနုသာရေန= မြတ်စွာဘုရား ဘုရားသားတော်များ ဟောကြားတော်မူသော ဒေသနာအစဉ်မှီသဖြင့်၊ ဉာဏံ= ဉာဏ်ကို၊ ပေသေတွာ= စေလွှတ်၍ ဆိုတဲ့စကားအရ မြတ်စွာ ဘုရားနှင့် သံဃာတော်အရှင်မြတ်တို့ ဟောတော်မူတဲ့တရားကို ဉာဏ်စေ လွှတ်ပြီးတော့ အသိထူး ဉာဏ်ထူးများ ဖြစ်ပေါ်တယ်လို့ အဌကထာ ဆရာကြီးများ ဖွင့်ဆိုကြတယ်။ အဲဒီလို ဒေသနာဉာဏ် အစဉ်လိုက်ပြီး စေလွှတ်ရုံနဲ့တော့ တရားရဖို့ရာ အင်မတန်ခက်တယ်။ ဒါကြောင့် ဘုန်းကြီးက တရားအားမထုတ်ပဲ တရားရတဲ့ပုဂ္ဂိုလ် ခုချိန်မှာ သိပ်မလွယ် ဘူးလို့ ပြောချင်တယ်။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် အဂ္ဂသာဝကကြီး သောတာပန်ဖြစ်တုန်းကတော့ ခပ်လွယ်လွယ်လေးပဲ။ ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။ အဲဒီဂါထာ

http://www.dhammadownload.com



နာယူပြီး သောတာပန်ဖြစ်ကြတယ်။ သို့သော်လဲ သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ဖို့မှာတော့ ရှင်မောဂ္ဂလာန်က(၇)ရက် တရားအားထုတ်ရ သေးတယ်။ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးက (၁၅)ရက်တိုင်တိုင် တရားအားထုတ်ရပါတယ်။

ပါရမီရင့်သန်ကြတဲ့ အရှင်မြတ်ကြီးများပင်လျှင် တရားအားထုတ် ရပါတယ်။ တရားအားထုတ်ပြီးမှ အတ္တဝါဒုပါဒါန်ကို ဖြုတ်ခွင်းနိုင်ရုံမျှမက အထက်ဉာဏ်များ ရနိုင်ပါတယ်။ အခု(၆၃)ကြိမ်မြောက် တရားစခန်းမှာ ကမ္မဋ္ဌာနာစရိယများက တရားပြကြတာလဲ ဒီသက္ကာယဒိဋ္ဌိ ဖြုတ်ခွင်းဖို့ အဓိကပါပဲ၊ အတ္တဝါဒုပါဒါန် ဖြုတ်ခွင်းဖို့ပါပဲ။

" ရေ၊ မြေ၊ လေ၊ မီး၊ ဓာတ်ကြီးလေးခု၊
စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန
ဆအကြည်ဓာတ် ဖဿ၊ ဝေဒနာ၊ စေတနာနှင့်
သညာတဝ ဤဓာတ်မျှကို လုလုကိုယ်တွင်
ကွင်းကွင်းမြင်က ညင်သက္ကာယ
သေကိန်းကျသည် ဆေးများ သိဒ္ဓိအကျော်တည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# လယ်တီမူဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
# သြဝါဒါစရိယ
# အဂ္ဂမဟာပဏ္ဍိတ
# ဘဒ္ဒန္တကုဏ္ဍလ
# ဟောကြားတော်မူသော
# (၆၆)ကြိမ်မြောက်လယ်တီဝိပဿနာ
# (၇)ရက်တရားစခန်းဖွင့်ပွဲ

**ဒိဋ္ဌိဇုကမ္မ**

(၈-၁၂-၂၀၀၃) ၁၃၆၅ခု နတ်တော်လပြည့် လယ်တီ နိကာယ အကျိုးတော်ဆောင် မုံရွာမြို့ အရှေ့လယ်တီကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလမဟာထေရ် အရှင်မြတ်ထံမှ (၆၆)ကြိမ် မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်းမှာ သြဝါဒများ နာယူဖို့ ဖြစ်ပါတယ်။ (၆၆)ကြိမ်မြောက် တရားစခန်းသို့ ဝင်ရောက်တရား အားထုတ်ကြတဲ့ ယောဂီသူတော်စင်များ ဘုရားသာသနာမှာမှ ပြုရတဲ့ ကုသိုလ်ဟာ သာသနာနဲ့တွေ့မှ ပြုရပါတယ်။

> **"ဒါန၊ သီလ၊ ဘာဝနာ အပစာယနဝေယျာဝစ္စ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ၊"**

ဒီတရားတွေဟာ သူတော်ကောင်းတိုင်း၊ သူတော်ကောင်းတိုင်း ပြုကျင့်ရတဲ့ ကုသိုလ်ဆယ်ပါးဖြစ်ပါတယ်။ အဲဒီကုသိုလ် ဆယ်ပါးထဲက သာသနာတွင်း၊ သာသနာပ ဒါနကုသိုလ်။ သာသနာတွင်း၊ သာသနာပ သီလကုသိုလ်။ သာသနာတော်တွင်း သာသနာပ သမထဘာဝနာ ကုသိုလ်၊ ဝိပဿနာဘာဝနာကတော့ သာသနာတွင်းမှာသာ ပြုလုပ်ရတဲ့ ကုသိုလ်။

http://www.dhammadownload.com



**"အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ၊"**

အဲဒီကုသိုလ်တွေထဲမှာ ဒိဋ္ဌိဇုကမ္မ၊ အခုလိုကမ္မဿကတဉာဏ်ကို ရရှိတဲ့ ဒိဋ္ဌိဇုကမ္မပုဂ္ဂိုလ်တရံတခါ သာသနာပမှာ ရရှိတတ်တယ်။ သာသနာပ ရောက်ရှိတဲ့အခါ ဒိဋ္ဌိဇုကမ္မ ကမ္မဿကတဉာဏ်ဆိုတာ ကွယ်သလောက် ဖြစ်သွားတယ်။ အချို့ အချို့သော ပုဂ္ဂိုလ်တွေ ကမ္မဿကတဉာဏ် ရရှိကြလို့ ကုသိုလ်တွေပြုကြတယ်၊ အကုသိုလ်တွေ ရှောင်ကြတယ်။

ယနေ့ကမ္ဘာကိုကြည့်ရင် အယူဝါဒများတွေ ရရှိထားခဲ့ကြတော့ ဒိဋ္ဌိဇုကမ္မ မရရှိနိုင်ကြ။ ဘုန်းကြီးတို့ ကမ္ဘာ့နိုင်ငံတွေ ကြည့်လိုက်စမ်း **နိုင်ငံအနည်းစု**ကလွဲပြီး ကျန်တဲ့နိုင်ငံတွေကြည့်မယ်ဆိုရင် ယခုသာသနာ **တွင်းပင် ဖြစ်သော်လည်း** ကမ္မဿကတဉာဏ် ဒိဋ္ဌိဇုကမ္မ ကွယ်ပြီးတော့ **နေရှာကြတယ်။ သူတို့ ဆိုင်ရာဆိုင်**ရာ ကိုးကွယ်တဲ့ဘုရားက ကာကွယ်ပေးလိမ့်မယ် ကိုယ်ရဲ့**မိုက်ပြစ်တွေကို** သူကခံယူပြီးတော့ ကောင်းမြတ်တဲ့ နေရာဌာနသို့ ဆောင်ပို့**ပေးလိမ့်**မယ်ဆိုတဲ့ ခံယူချက်ကရှိနေတော့ အကုသိုလ်ဆိုတာလဲ မသိသ**လောက်** ဖြစ်သွားတယ်။

အချို့ ချို့သော ပုဂ္ဂိုလ်**တွေ တိုင်း**ပြည်အတွက် ဒါနမှုကြီးတွေ လုပ်ကြတယ်။ ဆေးရုံကြီးတွေ ဆော**က်လုပ်**ကြတယ်၊ ဒါနကုသိုလ်တော့ ဖြစ်ပါတယ်။ သို့သော် ကမ္မဿကတာ**ဉာဏ်**ကတော့ သူတို့မှာ မရှိရှာဘူး။ ဒေါ်လာသန်းပေါင်းများစွာ လှူ**သော်**လဲပဲ ကမ္မဿကတ ဉာဏ် မဦးစီးလို့ရှိရင် လိုအပ်သောဌာန ဖြော**င့်**ဖြောင့်ဖြူးဖြူး မရောက်နိုင်ပါဘူး။

ပထမကုသိုလ် ကောင်းမှုလုပ်**တ**ယ်ဆိုလို့ရှိရင် ကမ္မဿကတ ဉာဏ်က အင်မတန် အရေးကြီးပါတ**ယ်**။ ကောင်းတာလုပ်ရင် ကောင်းတဲ့ အကျိုးပေးတယ် ဆိုတဲ့ဉာဏ်က သာသနာပမှာ မရှိသလောက်ဖြစ်တယ်။ အခုသာသနာအတွင်းမှာလဲပဲ သဒ္ဓါတရားသုံးခု မရတဲ့ ဗုဒ္ဓဘာသာ မဖြစ်တဲ့ ပုဂ္ဂိုလ်များကျတော့ ဘုရားကြည်ညိုခြင်း အဂ္ဂပသာဒ သဒ္ဓါတရား

http://www.dhammadownload.com



မရှိလို့ရှိရင် ကမ္မဿကတဉာဏ် ကွယ်သလောက် ဖြစ်တယ်။

အနော်ရထာမင်းလက်ထက် ဗုဒ္ဓသာသနာရောက်လာတဲ့ အခါက အခုပြည်ထောင်စုခေတ်သို့ ရောက်ရှိလာကြတဲ့ ဒို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအပေါင်းတို့ဟာ ဘုရားကြည်ညိုတဲ့စိတ်ထား၊ တရားကြည်ညို တဲ့စိတ်ထား၊ သံဃာကြည်ညိုတဲ့စိတ်ထား။ သာသနာတော်နဲ့ ပတ်သက် ပြီးတော့ အင်မတန်မှ တန်ဖိုးရှိတဲ့ ဒါန သီလ ဘာဝနာ ကြိုးစားအားထုတ် ခွင့်ရကြတယ်။

(၆၆)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်း ဝင်ရောက်ပြီး အားထုတ်ကြတဲ့ ယောဂီအပေါင်းတို့သည်(၇)ရက်တာမျှ နိက္ခမပါရမီတော်ကြီးကို ဖြည့်ကျင့်ကြတယ်။ အိမ်မှာရှိနေတဲ့ သားတွေ၊ သမီးတွေအပေါ် ချစ်ခင်တဲ့ လောဘစိတ်ကို ကျော်ခိုင်းပြီးတော့ မျိုသိပ်ပြီး တော့ လယ်တီဝိပဿနာဌာနသို့ ရောက်ရှိကြတယ်။ အဲဒါ (၇)ရက် နိက္ခမပါရမီ ဖြည့်နေတယ်လို့ ခေါ်နိုင်ပါတယ်။

အလွန်တရာရခဲသော သာသနာတော်ကြီးနဲ့တွေ့ကြုံတဲ့ အခါ သမယမှာ အရှုပ်အထွေးကို ဖြေရှင်းနိုင်ဖို့ လိုပါတယ်။ သားကိုမြင်ရင် သားကိုချစ်တယ်၊ သမီးကိုမြင်ရင် သမီးကိုချစ်တယ်၊ အိမ်သူအိမ်သားတွေ ပြည့်ပြည့်စုံစုံနေကြ ပျော်ကြတယ်။

သားသမီးမြေး များများရှိတဲ့ပုဂ္ဂိုလ်တွေဟာ ပိုပြီးတော့ချစ်တယ်၊ အမြစ် အင်မတန်တွယ်တဲ့ ကင်ဆာရောဂါဖြစ်တဲ့အခါ ရှိသမျှ ခန္ဓာကိုယ်ထဲမှာ အကုန်လုံးအမြစ်တွေစိုက်ဝင်နေသလို သားသမီးမြေး များများရှိတဲ့ပုဂ္ဂိုလ် အချစ်က အမြစ်စွဲတယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆွေတော် မျိုးတော် အပေါင်းတို့ကို ပယ်စွန့်ခဲ့တယ်။ အမိဘက်ကရှစ်သောင်း၊ အဖဘက်က ရှစ်သောင်း၊ ပေါင်း တစ်သိန်းခြောက်သောင်း၊ တူ၊ တူမတွေ ဦးကြီး၊ ဦးမင်းတွေ အစရှိတဲ့ ဆွေတော် မျိုးတော်တွေ ချစ်ခင်တဲ့တဏှာကို ဘယ်အချိန် ဘယ်အခါပယ်သလဲဆိုရင် (၂၉)နှစ်ရောက်တဲ့အခါ

http://www.dhammadownload.com



တောကြီးထွက်တော်မူတယ်။ ဒီအဖြစ်ကို တဖြည်းဖြည်းပယ်လိုက်တဲ့ အခါမှာ ပထမဆုံး မြတ်စွာဘုရား သီလနဲ့ပြည်စုံတော်မူတယ်။ စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလလို့ သုံးမျိုး၊ အင်မတန်စင်ကြယ်သည်ထက် စင်ကြယ်အောင် အကြမ်းစား စူဠသီလတို့ထက် မြင်လာတဲ့ မဇ္ဈိမသီလ၊ ဒုစရိုက်တရားတို့ကို အကုန်လုံး မှုန့်မှုန့်ညက်ညက် ချေမှုန်းနိုင်တဲ့ မဟာသီလ။ အဲဒီသီလကြီး(၃)မျိုးကို ကြိုးစားအားထုတ်ပြီးတော့ ဝိပဿနာတရားရဲ့ အခြေခံဖြစ်တဲ့ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန် ဈာန်တရားတွေကို ကြိုးစားအားထုတ်ပြီး အေးငြိမ်းတည်ငြိမ်သော အင်မတန် ခိုင်မာသော သမာဓိရခဲ့ပါတယ်။

တစ်ခုသော အချိန်အခါကာလက မြတ်စွာဘုရားသည် ကောက်ရိုးပုံ တဲကြီးအောက်မှာ သီတင်းသုံးနေတယ်။ ထိုစဉ်ကာလမှာ မိုးရွာပြီးတော့ မိုးကြိုးတွေ ပစ်ခွင်းလိုက်တယ်။ တခြိမ်းခြိမ်း တချွမ်းချွမ်းနဲ့ နွားကြီးတွေလည်း သေနေတယ်။ နွားလေးကောင်နဲ့ လယ်သမားတွေ ကလဲ သေနေတယ်။ နွားလေးကောင်နဲ့ လယ်သမားနှစ်ယောက်တို့ သေနေတဲ့အခါ မြတ်စွာဘုရားက စတုတ္ထဈာန် သမာဓိဖလသမာပတ် အချိန်ကာလ သမာပတ်မှထပြီး လှုပ်လှုပ်ရှားရှား မျက်တောင်တွေ ဘာတွေခတ်၊ စောစောပိုင်းကငြိမ်နေတာကို စတုတ္ထဈာန်ဝင်စားနေတဲ့ အခါ အာနာပါန ထွက်လေ ဝင်လေ မရှိတော့ဘူး။ ဘာနဲ့တူသလဲဆိုရင် အခု ကျောက်ဆင်းတုရုပ်ပွားတော်ကြီးလို တခါတည်း ငြိမ်နေတယ်၊ အဲဒီတော့ ဘေးကဘယ်လိုကြည့်သလဲ ဆင်းတုတော်ကြီးလိုပါပဲ ငြိမ်နေတယ်။

**ရေထဲမျှောလိုက်ပြီ ဘုရား**

အဲဒီတော့ အမျိုးသားတစ်ယောက် မြတ်စွာဘုရားထံ ရောက်သွားတယ်။ ဩော်- မြတ်စွာဘုရား သီတင်းသုံးနေတာပါလား ဆိုပြီး ချဉ်းကပ်တော့၊ "ဟိုဘက်က ဒကာ၊ ဒကာမတွေ ဘာကို

http://www.dhammadownload.com



ဝိုင်းကြည့်နေကြတာလဲကွယ်”လို့ မြတ်စွာဘုရားက မေးတယ်။

“မြတ်စွာဘုရား မိုးကြီးသည်းထန်းစွာရွာတယ်ဘုရား၊ မိုးကြိုးလည်း ပစ်တယ်ဘုရား၊ နွားလေးကောင်နဲ့ လယ်သမားနှစ်ယောက်သေတယ်ဘုရား၊ အဲဒါလာကြည့်ကြတာပါဘုရား”လို့ လျှောက်ထားတယ်။ “ဩော်- ဟုတ်လား”တဲ့ မြတ်စွာဘုရား မသိလိုက်ဘူး။ အဲဒီတော့ ဒကာက “မြတ်စွာဘုရား မိုးရွာ၊ မိုးကြိုးပစ်တာ မသိလိုက်ဘူးလား” လျှောက်တော့။ “မသိဘူး”လို့ ဘုရားကဖြေတယ်။ “မြတ်စွာဘုရား ကျိန်းနေသလား ဘုရား” ဆိုတော့လဲ၊ “မကျိန်းဘူး”လို့ ဖြေတယ်။ ဟိုက ဗုဒ္ဓဘာသာ အရည်အချင်းသိတဲ့ ပုဂ္ဂိုလ်မို့ပေါ့ သမာပတ်ဝင်စားတာ အလွန်ကောင်းတဲ့သမာဓိ မိုးကြိုးသံကိုတောင်မကြားတဲ့ သမာဓိနှင့်ပြည်စုံတော်မူသည့် မြတ်စွာဘုရားပါတကား။

ဒီသတင်းကြားတဲ့အခါ ပုက္ကုသာတိဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးက ကြည်ညိုတယ်။ သူက အာဠာရ အစရှိတဲ့ ရသေ့ကြီးတွေကို ကြည်ညိုနေတာ။ အဲဒီ ကြည်ညိုရာက “မြတ်စွာဘုရား တပည့်တော် ရသေ့ကြီး တစ်ပါးကို ကြည်ညိုဘူးပါတယ်။ အဲဒီရသေ့ကြီးအနားက လှည်းငါးရာဖြတ်သွားတာ ရသေ့ကြီး မသိဘူး။ လှည်းသံမကြားဘူးတဲ့ဘုရား။ တယ်ပြီး သမာဓိကောင်းတဲ့ ရှင်ရသေ့ပဲဆိုပြီး တပည့်တော် ကြည်ညိုနေတာ ဘုရား”။ “အခုမိုးကြိုးသံတောင် မကြားဘူးဆိုတော့ မြတ်စွာဘုရားရဲ့ သမာဓိက အသိန်းအသန်း ကုဋေမက အားကောင်းတဲ့ သမာဓိဂုဏ်တော်ပါဘုရား။ ထိုရသေ့ကြီးကို ကြည်ညိုတဲ့ သဒ္ဓါတရားတွေကို တပည့်တော် ရေထဲမျှောလိုက်ပါပြီ ဘုရား။ အဲဒီအချိန်ကစပြီး ဗုဒ္ဓမြတ်စွာ ဘုရားရှင်အား ကြည်ညိုပါတယ်ဘုရား။ လေထဲလွှင့်ပြစ်လိုက်ပါပြီ ဘုရား”။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံကာနီး အာရုံတက်ချိန်မှာ နောက်ဆုံးသင်္ကန်းတော်ကို ရယူသွားတဲ့ ဒကာတော်ပဲ။

အဲဒီတော့ မြတ်စွာဘုရားက သမာဓိအလွန်ကောင်းတယ်။ တစ်ဆင့်တက်တဲ့အခါ ဒါလောက်သမာဓိကောင်းမှတော့ ဝိပဿနာက

http://www.dhammadownload.com



ချက်ကနဲ ချက်ကနဲ ဟန်ချက်ညီညီ ရုပ်နာမ်ရဲ့ အဖြစ်ကို လင်းကနဲ မြင်တယ်။ အပျက်လည်း မြင်တယ်။ ယောဂီသူတော်စင် ပုဂ္ဂိုလ်အပေါင်းတို့က တရားအားထုတ်တဲ့အခါမှာ တခါတရံအဖြစ်ကလေး မမိပဲ ဖြစ်တယ်၊ တခါတရံ အပျက်ကလေး မမိပဲဖြစ်တယ်။ တခါတရံ ရုပ်နာမ်ကို မမြင်ပဲ ရှိသွားတတ်တယ်။ တစ်ချက်၊ နှစ်ချက်၊ သုံးချက် လျှော့သွားတတ်တယ် တခါတလေ စိတ်တွေလွင့်ပြီးတော့ တစ်နေရာကို ရောက်သွားတတ်တယ်။ မိမိအာရုံပြုရာ ပြန်ပြန်ပြီး သတိနဲ့ခေါ်ယူရတယ် ဒီအခြင်းအရာတွေ မြင်လိုက်တဲ့အခါမှာ မြတ်စွာဘုရားသည် သမာဓိလည်း ကောင်းပါပေတယ်။ ဉာဏ်တော်လဲ ကောင်းပါပေတယ်။

ဗဟိဒ္ဓဖြစ်တဲ့ အာရုံက ပဋိစ္စသမုပ္ပါဒ်တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုတော်မူတယ်။ မိမိခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရား၊ နာမ်တရား စစ်ကိုမြင်မှ အဖြစ်အပျက်ကိုမြင်တဲ့ အနိစ္စဖြစ်တယ်။ ဝိပဿနာရှုတယ်ဆိုတာ ဗဟိဒ္ဓကိုရှုလို့ ဝိပဿနာအစစ်လို့ မခေါ်နိုင်ဘူး၊ တရားအားထုတ်တယ်ဆိုရင် မိမိခန္ဓာကိုယ်ရဲ့ အဖြစ်အပျက်ကိုမြင်မှ အခြားအခြားသော သတ္တဝါအနန္တရဲ့ အနိစ္စကို တခါထဲမြင်တယ်။ ဗဟိဒ္ဓမှာဖြစ်တဲ့ ရုပ်တရား၊ နာမ်တရားရဲ့ အနိစ္စကို တကယ်မြင်ရန် မလွယ်ဘူး၊ ဗဟိဒ္ဓရဲ့ ရုပ်ဖြစ်ဆဲ၊ နာမ်ဖြစ်ဆဲကို ဒီကနေ ကြည့်လို့မမြင်ရဘူး။

ရုပ်ဖြစ်ဆဲ ချုပ်ဆဲသဘောကို လောကကြီးတစ်ခုလုံး အနိစ္စလို့ သိအောင် ဘာလုပ်ရမလဲ။ အာနပါနကမ္မဋ္ဌာန်းကြီးဖြင့် သမာဓိကို ခိုင်အောင် အာရုံတပါးကို မသွားနိုင်အောင်ထိန်း၊ ခိုင်ခိုင်ကြီးတုပ်နှောင်တဲ့ အင်မတန်အားကောင်းတဲ့ တိုင်ကြီးနဲ့ အလားသဏ္ဍာန် တူတဲ့ သမာဓိကို (၅)ရက်လောက် ထူထောင်ရတယ်။ သမာဓိတိုင်ကြီးက ဥပမာအားဖြင့် ရွှေတိဂုံကုန်းတော်ကြီးလောက်ရှိသတဲ့။



29(B)

http://www.dhammadownload.com



**မဟာဝဇီရဉာဏ်**

အဲဒီတိုင်ကြီးမှာ အင်မတန်လှုပ်ရှားတဲ့ မိမိတို့ရဲ့စိတ်ကို ဘယ်မှ မရောက်စေပဲ တုပ်နှောင်ချီပြီးတော့ အင်မတန်ခိုင်မြဲတဲ့ အဖြစ်မျိုးကို ရောက်အောင် အားထုတ်ခဲ့တယ်။ အဲဒီလို အားထုတ်မှ အနိစ္စအချက်ကို မြင်တယ်၊ ဒုက္ခအချက်ကိုမြင်တယ်၊ မိမိအဇ္ဈတ္တ သန္တာန်မှာဖြစ်တဲ့ ရုပ်တရား၊ နာမ်တရားတွေကို မြင်နိုင်တဲ့ ဉာဏ်အစွယ် ပေါ်ပေါက် လာတယ်။ မြတ်စွာဘုရားသည် စကြာဝဠာ ကုဋေတစ်သိန်း၌ သတ္တဝါ သင်္ခါရတို့၏ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ တဏှာ ဥပါဒါနဘဝဇာတိဇရာမရဏ အဲဒီပဋိစ္စသမုပ္ပါဒ် အင်္ဂါ တစ်ဆယ့်နှစ်ပါး။

တစ်ဆယ့်နှစ်ပါးဆိုတော့ ကုဋေတစ်သိန်းနဲ့ မြှောက်လိုက်တော့ ကုဋေတစ်သန်းနှစ်သိန်း၊ အဲဒီတစ်သန်းနှစ်သိန်းက အနိစ္စဘာဝနာက ကုဋေ တစ်သန်းနှစ်သိန်း၊ ဒုက္ခဘာဝနာ၊ အနတ္တဘာဝနာက ကုဋေ တသန်းနှစ်သိန်း၊ ပေါင်းလိုက်တော့ ကုဋေသုံးသန်းနဲ့ ခြောက်သိန်းရှိတယ်။ ဒါဟာ မဟာဝဇီရဉာဏ်။ မဟာဝဇီရဆိုတာ အင်မတန်ကြီးမား အားကောင်းသော ဝရဇိန်နဲ့တူသောဉာဏ် မဟာဝဇီရဉာဏ်၊ ဝရဇိန် လက်နက်တစ်ချက်ထဲနဲ့ မြင့်မိုရ်တောင်ကြီး ပြိုကွဲပြီး အောက်သမုဒ္ဒရာထဲ ရောက်သွားနိုင်တယ်။ အဲဒီ သိကြားမင်းရဲ့ ဝရဇိန်လက်နက်ထက် အဆတစ်ရာ၊ အဆတစ်ထောင် ကြီးမားသော ဝရဇိန်လက်နက်ကြီးဟာ မဟာဝဇီရဉာဏ်။

သိကြားမင်းရဲ့ ဝရဇိန်လက်နက်ထက် အဆတစ်ရာမက ကြီးမားတဲ့ မဟာဝဇီရဉာဏ်နဲ့ စိုက်ထုတ်ပြီးတော့ ပစ်လိုက်တဲ့အခါ လောကတစ်ခုလုံး အကုန်လုံး ကွဲပျက်သွားသလို ရှိသမျှ အနိစ္စပါတကား။ မြတ်စွာဘုရားက စတုတ္ထစျာန်သမာဓိ အခြေခံပြီးတော့ တရားအားထုတ် လိုက်တဲ့အခါမှာ ခင်ဗျားတို့ ကျုပ်တို့ ယောဂီအပေါင်း သူတော်ကောင်း တို့တွေက ကိလေသာကို ပယ်နိုင်တာနော်။ ဝါသနာမပယ်နိုင်ဘူး။

http://www.dhammadownload.com



## ဝါသနာ

အရှင်သာရိပုတ္တရာ ရေမြောင်းလေးတွေ့ရင် ခုန်ချင်တာဟာ ဘာပြုလို့လဲ။ ဟိုတုံးက မျောက်ဖြစ်ခဲ့ဘူးလို့။ ဒီကိလေသာ အစွမ်းသတ္တိကြောင့် ခုန်ချင်တယ်။ ပြီးတော့ ပိလိန္ဒဝစ္ဆမထေရ်ကြီးဟာ သူက ဘဝငါးရာဆက်ပြီးတော့ ပုဏ္ဏားဖြစ်ခဲ့တော့ သူက လူတွေ့ရင် "ဝသလ" လို့ ခေါ်သတဲ့။ တွေ့သမျှလူတွေကို "လူယုတ်မာ" "ဟေ့ လူယုတ်မာ"လို့ ခေါ်တယ်။ ဒါဟာ ကိလေသာမဟုတ်ဘူး ဝါသနာမပယ်တာ ဗုဒ္ဓမြတ်စွာဘုရားက အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူသော အချိန်က စပြီးတော့ (၁၅၀၀)ကိလေသာကိုလဲ ပယ်တယ်။

သစ္စပဋိစ္ဆာဒနမောဟ သစ္စာလေးပါးကိုဖုံးနေတဲ့ မောဟကိုလဲ ပယ်တယ်။ ဉေယျဓမ်တရားငါးပါးကို ဖုံးနေသော မောဟကိုလဲ ပယ်တယ်။ အားလုံးသော သာဝကတွေက သစ္စာလေးပါးကို ဖုံးနေသော မောဟကိုလဲ ပယ်တယ်။ ဝါသနာမပယ်ဘူး။ မြတ်စွာဘုရားကတော့ သစ္စာလေးပါးကိုဖုံးနေတဲ့ မောဟ အခိုင်အမာကြီး လေးခုကိုလဲပယ်တယ်။ ဉေယျဓမ်တရားငါးပါးကို ဖုံးနေသော မောဟကိုလဲပယ်တယ်။ အားလုံးသော သာဝကတွေက သစ္စာလေးပါးကိုဖုံးနေတဲ့ မောဟကိုသာ ပယ်တယ်။ ဒါကြောင့် ဝါသနာမပယ်ဘူး။ မြတ်စွာဘုရားကတော့ သစ္စာလေးပါးကိုဖုံးနေတဲ့ မောဟအစိုင်အခဲကြီး လေးခုကိုလဲပယ်တယ်။ ဉေယျဓမ်တရား ငါးပါး။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်ခေါ်တဲ့ ဉေယျဓမ်တရားငါးပါးကို ဖုံးလွှမ်းနေတဲ့ မောဟအတုံးအခဲကြီး (၅)ခုကိုလည်း ပယ်တယ်။

ဒါကြောင့် ဝါသနာနှင့်တကွ ကိလေသာကို ပယ်ခွာတယ်။ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် ဘာဝါသနာမှ မရှိပါဘူး။ ဒါကြောင့် ဥဒါန်းအဋ္ဌကထာ ဆရာတော်မြတ်က မှတ်တမ်းတင်ထားသော သစ္စာလေးပါးကို ဖုံးလွှမ်းသော မောဟကိုလည်းကောင်း၊ ဉေယျဓမ်တရားငါးပါးကို ဖုံးလွှမ်းသော မောဟကိုလည်းကောင်း

http://www.dhammadownload.com



ပယ်နိုင်တော်မူသောကြောင့် မြတ်စွာဘုရားသည် ဝါသနာနှင့်တကွ ကိလေသာတို့ကို ဖျက်ဆီးတော်မူတယ်။ ဗုဒ္ဓမြတ်စွာ တရားအားထုတ်တဲ့ အချိန်မှာ မြတ်စွာဘုရား ခြေရာတော်ကို နဖူးနဲ့တိုက်တိုက်ပြီး၊ လက်အုပ်ကလေး ချီချီ ချီချီပြီး နောက်ကလိုက်ရတာ။ မြတ်စွာဘုရားက ဒီပုံ သီလဆောက်တည်တယ်၊ မြတ်စွာဘုရားက ဒီပုံသမာဓိကို ထူထောင်တော်မူတယ်။

မြတ်စွာဘုရားက ဤကဲ့သို့သော ဝိပဿနာတရားကို အားထုတ်တော်မူတယ်။ တရားအားထုတ်တဲ့နေရာမှာလဲ ဇဟိဒ္ဓကို အနိစ္စလို့ ရှုတာထက်၊ ဖြစ်ပျက်ကို မြင်တာထက် မိမိခန္ဓာကိုယ်မှာ အဖြစ်အပျက်ကို မြင်တယ်။ ယောဂီသူတော်စင်အပေါင်းတို့ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ဘယ်နေရာမှ အနိစ္စ အပ်ဖျားလောက်ပဲ မြင်တာ၊ ခန္ဓာကိုယ်ထဲမှာ ဖြစ်နေတဲ့ ရုပ်တွေက နည်းတာမဟုတ်ဘူး။ တဖွားဖွားဖြစ်နေတာ။ လက်ဖျစ်တတွက်မှာ ကုဋေတစ်သိန်းဖြစ်တဲ့စိတ်၊ အဲဒီအထဲက တစ်ချက်လောက်ပဲ ဖမ်းနိုင်တာ။ သို့သော် တစ်ချက်လောက် တစ်နေရာ တစ်ကွက်လောက် အနိစ္စမိရင် အားလုံး အနိစ္စပါတကား။

ရှိရှိသမျှ သတ္တဝါတွေဟာ မမြဲတဲ့ အကျိုးအပဲ့၊ အစုတ်အပြတ်၊ အနှုတ်အဖွဲ့တွေပါတကားလို့ တပ်မက်ခြင်း ကင်းသွားတယ်။အနိစ္စမြင်လို့ ရှိရင် ဘာမှအသုံးမကျတဲ့ အကွဲတွေ၊ အအက်တွေ၊ အမှုန်တွေ၊ အမှိုက်တွေ၊ အကာတွေ၊ အခွံတွေဖြစ်ပါတကားဟု မြင်အောင်ကြည့်၊ အနိစ္စမဖြစ်ဘူးလား။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က အကျယ်တဝင့် စကြာ၀ဠာမှာရှိတဲ့ အလုံးစုံသော သတ္တဝါတွေ ပဋိစ္စသမုပ္ပါဒ် (၁၂)ပါးကို အနိစ္စရှု၊ ဒုက္ခရှု၊ အနတ္တရှု ကုဋေသုံးသန်း (၆)သိန်း အကျယ်ရှုပြီးမှ မိမိခန္ဓာကိုယ် မြတ်စွာဘုရား ဉာဏ်နဲ့ခေါ်ဆောင်ပြီးမှ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်၊ ခန္ဓာကိုယ်မှာရှိတဲ့ နာမ်တရားတို့ကို အနိစ္စ ဝိပဿနာ ရှုလိုက်တဲ့အခါ ဖြစ်ပျက်ကို မြင်သွားတော့၊ ခုနကပြောခဲ့တဲ့ သစ္စာလေးပါးကို ဖုံးလွှမ်းသော မောဟကိုလည်းကောင်း၊ ထိုမောဟမျိုး

http://www.dhammadownload.com



ပယ်ပြီးတော့ ဉာဏ်တော်ရောက်ရာ ဝါသနာနှင့်တကွ ကိလေသာကို ပယ်ပြီးပြီ။ ဒါကြောင့် မြတ်စွာဘုရားလိုတော့ တစ်လောကလုံး ဘယ်သူမှ ဝါသနာကိုမပယ်နိုင်ဘူး။

**"ဝါသနံ့နာမ အကုသလပက္ခေ ကိလေသ သတ္တိ၊ ကုသလပက္ခေ သမာဆန္ဒောဝုစ္စတိ"။**

ဝါသနာဆိုတာ ဘာတုံး။ အကုသိုလ်ရေးရာမှာ ကိလေသာရဲ့ သတ္တိကို ဝါသနာလို့ ခေါ်တယ်။ အကုသိုလ်ဆိုင်ရာဆိုတာ ဘာလဲ။ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ဖောဋ္ဌဗ္ဗ၊ လင်ကိစ္စ၊ မယားကိစ္စ၊ သားကိစ္စ အစရှိတဲ့ ကိစ္စကြီး အားလုံးထဲမှာ အထုံဝါသနာပါတာ ကိလေသာသတ္တိပဲ။ ဟိုတုံးက လောဘကလဲ အနန္တအသင်္ချေယျ၊ အဲဒီဝါသနာလေးတွေကပါလာတာ၊ အဲဒီဝါသနာပါလို့ တစ်ယောက်နဲ့တစ်ယောက် တွေ့တဲ့အခါမှာ ပါးရိုက်လိုက်တာတို့၊ မျက်စောင်းထိုးကြည့်လိုက်တာတို့၊ တောက်ခေါက်လိုက်တာတို့၊ ခါးထောက်ရင်ကော့လိုက်တာတို့ အဲဒါ ဒေါသရဲ့သတ္တိတွေပဲ။

အချို့တီးကြ၊ မှုတ်ကြ၊ အချို့ ကကြ၊ ခုန်ကြ ဒါတွေဟာ ကိလေသာသတ္တိတွေဘဲ။ **"အကုသပက္ခေ ကိလေသသတ္တိ"** အကုသိုလ်ရေးရာမှာ ကိလေသာရဲ့သတ္တိ ဝါသနာ၊ **"ကုသလပက္ခေသမာဆန္ဒောဝုစ္စတိ"**။ ကုသလပက္ခေ= ကုသိုလ်ရေးရာ၌၊ သမာဆန္ဒော= ကောင်းမြတ်သော ဆန္ဒကို၊ ဝုစ္စတိ= ဆိုအပ်ပါပေ၏။

ဘုရားရှိခိုးချင်တဲ့စိတ်၊ တံမျက်လှည်းချင်တဲ့စိတ်၊ ဘုရားရှိခိုးချင်တဲ့စိတ်၊ ဝေယျာဝစ္စဆောင်ရွက်ချင်တဲ့စိတ်၊ သနားတဲ့စိတ်၊ သူများကိုမေတ္တာဖြန့်ဝေချင်တဲ့စိတ်။ ဒါဘာလဲဆိုရင် **"သမာဆန္ဒ"** ဗုဒ္ဓမြတ်စွာက ကုသိုလ်ရေးရာမှာလဲ သမာဆန္ဒ မလုပ်တော့ဘူး၊ မရှိတော့ဘူး။ အကုသိုလ်ရေးရာမှာတော့ ပြောစရာမလိုတော့ဘူး။ အကုသိုလ် မရှိတော့ဘူး။ ကိလေသာ ပယ်သွားပြီ။ အငွေ့အသက်ဖြစ်တဲ့ ဝါသနာကိလေသာ အဟုန်မကျန်တော့ဘူး။ ဒါကြောင့် ဝါသနာနှင့်တကွ ကိလေသာကို သတ်တော်မူတယ်။ တရားအားထုတ်တဲ့ အချိန်အခါ

http://www.dhammadownload.com



ကာလမှာ အကျယ်တဝင့်တောင် ပြောစရာမလိုပါဘူး။

ဘုန်းကြီးရဲ့ညီတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသ အရှင်မြတ်ကြီး ဒီမှာ ဟောကြားတော်မူတဲ့ တရားစခန်းတိုင်း ဟောကြားတော်မူတဲ့ ဝိပဿနာ တရားကို "ကျမ်းမြတ်သုံးဆူ" ပေါ်နေပြီး၊ စတုတ္ထကျမ်း တစ်ကျမ်းလဲ မကြာမီ ပေါ်လာတော့မယ်။ အဲဒီလိုဟောထားတဲ့အတွက် ဘုန်းကြီးတို့က နဲနဲလောက် တိုက်တွန်းချင်တယ်။ ဘာတိုက်တွန်းရမလဲ ဆိုတော့ အားလုံးသော ယောဂီသူတော်စင်တွေဟာ သဒ္ဓါတရားလဲ အင်မတန် ပြည့်စုံနေတာ၊ သတိလဲ အင်မတန်ရှိတယ်၊ သမာဓိလဲ အင်မတန်ရှိတယ်၊ ပညာလဲပဲ အားထုတ်လိုက်ရင် ပညာထက်လာမှာပါ။ အထုံရှိပြီးတော့ အရေးကြီးဆုံးက ဝီရိယပါပဲ။

## 'ထ'လေးလုံး

(၇)ရက်စခန်းမှာ (၇)ရက်လုံးလုံး ထိုင်နိုင်ရမယ့် အချိန်တိုင်း အချိန်တိုင်းမှာ မပျင်းရိရဘူး။ အဲဒါအင်မတန် အရေးကြီးတယ်။ အချို့ကတော့ (၃)ရက်၊ (၄)ရက်နဲ့ ထွက်ပြေးတာရှိတယ်။ "အမယ်လေး ညောင်းလိုက်တာ မဖြစ်ပါဘူး၊ ကျန်းမာရေးက မကောင်းတာနဲ့"ဆိုပြီး နောက်ဆုတ်သွားတတ်တယ်။ အရေးကြီးတာက "ဝီရိယ"။

**အာရမ္ဘထနိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ**
**ဓုနာထ မစ္စုနောသေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။**

မြတ်စွာဘုရားတိုက်တွန်းထားတယ်၊ ထလေးလုံး ဂါထာ၊ "အာရမ္ဘထ"၊ "နိက္ကမထ"၊ "ယုဉ္ဇထ"၊ "ဓုနာထ" ထလေးချက်။

ဘိက္ခဝေ= သံသရာဘေးလာမည့်ရေးကို မြော်တွေးကြငြား အိုချစ်သားတို့၊ အာရမ္ဘထ= သူများထက်ဦးအောင် အားထုတ်ကြကုန်လော့။ (ပဌမဆုံး အာရမ္ဘဝီရိယ) ဘယ်နေရာမှာပဲဖြစ်ဖြစ် ကုသိုလ်ပြုတဲ့နေရာမှာ သူများထက်ဦးအောင် အားထုတ်တယ်။ စောပြီး အားထုတ်တယ်၊ ဘုရားရှိခိုးရင် ဝေယျာဝစ္စဆောင်ရွက်တဲ့နေရာမှာလဲ

http://www.dhammadownload.com



သူများထက်ဦးအောင် အားထုတ်တယ်။ အာရမ္ဘထ= သူများထက် ဦးအောင် အားထုတ်ကြကုန်လော့။ နိက္ကမထ= လာသောအချိန်အခါ ကာလ၌ အပျင်းခါတ်ကို နင်းချေပြီးတော့ နင်းချေပြီးတော့ ပျင်းလာရင် အဲဒီအပျင်းခါတ်ကို တွန်းတိုက်ပြီးတော့ အားထုတ်ကြကုန်လော့။

ယုဉ္ဇထ= တစ်ဆင့်ထက် တစ်ဆင့် တကယ်မြင်အောင် မလင့် ပုံသေ အားထုတ်ကြစေကုန်ရာ၏။ (အဆင့် ဒီအဆင့်လောက်ဆို တော်ပါပြီလေဆိုပြီး ရပ်နေတတ်တယ်၊ မရပ်နဲ့) ပရက္ကမဝီရိယ၊ အဲဒီ ဝီရိယခါတ်နဲ့ပြည့်စုံရင်၊ ကုဥ္ဇရော= ဆင်ပြောင်ကြီးသည်၊ နဠာဂါရံ= ကျူအိမ်ကလေးကို၊ ဓုနာတိက္ကဝ= မှုန့်မှုန့်ညက်ညက် နင်းချေဖျက်ဘိ သကဲ့သို့၊ မစ္စုနော= ရှင်သေမင်း၏၊ သေနံ= စစ်သည်ဗိုလ်ပါ (၁၅၀၀) ကိလေသာကို၊ ဓုနာထ- ဝီရိယသုံးပါးဖြင့် လုံးပန်းကြိုးကုတ်အားထုတ်၍ သေမင်း၏ စစ်သည်ဗိုလ်ပါ(၁၅၀၀)ကို စခန်းပွဲကြီးအတွင်း၌ နင်းချေ ဖျက်ဆီးကြကုန်ရာသတည်း။

သာဓု - သာဓု - သာဓု

ကိုင်း- ကိုင်း- ယောဂီသူတော်စင် အပေါင်းတို့သည် အာရဗ္ဘထ= သူများထက်ဦးအောင် လုံးလဝီရိယရှိကြပါ။ နိက္ကမထ= ပျင်းလာတဲ့အခါ၊ ဆုတ်နစ်တဲ့အခါ အဲဒါတွေကို နင်းချေပြီးတော့ အားထုတ်ကြပါ။ ယုဥ္စထ= ပရက္ကမထ မိမိရနေသော ဉာဏ်အဆင့် အတန်းရောက်နေတဲ့အခါ တင်းတိမ်ခြင်း အလျင်းမရှိမူ၍ (၇)ရက်လုံးလုံးအားထုတ်ကြပါ။ နောက်တခါ စခန်းပွဲမှာလဲ ကြိုးစားအားထုတ်ကြပြီး တစ်ဆင့်ထက် တစ်ဆင့်မြင့်အောင် လုံ့လဝီရိယစိုက်ထုတ်ပြီးတော့ မိမိတို့အားထုတ်သည့် အတိုင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို လျှင်မြန်စွာ ရောက်ရှိကြ ကုန်ရာသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## (၆၆) မကြောက်ရအောင်

ယနေ့(၆၆)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက်တရားစခန်း (၆၆)ဆိုရင် လောကက အင်မတန်ကြောက်ကြတယ်၊ ဘာကြောင့် ကြောက်သလဲဆိုရင် ခြသေ့်ရေမကူးဘူးဆိုတော့ တရားမမြင်လို့ ကြောက်ကြတာပါပဲ။ (၆၆) ရောက်ပေမဲ့ မကြောက်ရအောင် မရဏ သုံးမျိုးကို မြင်ကြရမယ်။ မရဏ(၃)မျိုးဆိုတာ -

**သေခြင်းသုံးမျိုး**

၁။ **သမ္မုတိမရဏ= တစ်ဘဝ တစ်ခါသေတဲ့မရဏ။**

ဟော- ဦးဖြူသေသွားပြီ၊ ဦးနီသေသွားပြီလို့ ပြောကြတာ သမ္မုတိမရဏကို တော်တော် မြင်ကြပါတယ်။ သို့သော်လဲပဲ အဲဒီ သမ္မုတိမရဏကို တကယ်တမ်းမြင်အောင် "မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းကြရတယ်"။ "ဒီကမ္မဋ္ဌာန်း စီးဖြန်းလို့ရှိရင် သေရမယ့်ဘေးကို ကြုံသော်လဲ မကြောက်ဘူးတဲ့။ အဲဒီလိုပဲ ဘုန်းကြီးတို့နဲ့တကွ ယောဂီ သူတော်စင်များ အားလုံးဟာ သေကြ၊ ကျေကြရမှာပါပဲ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကြုံကြရမှာပါပဲ။ သို့သော်လဲပဲ တစ်ယောက်နဲ့ တစ်ယောက် မတူဘူး။ အချို့ပုဂ္ဂိုလ်များက အာယုဋ္ဌာယ ဟောတဲ့ပုဂ္ဂိုလ်များက မင်းသေကိန်းရှိတယ်လို့ဟောတဲ့အခါ နေမထိထိုင်မသာ ဖြစ်တော့တာပဲ။

မရဏာနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းထားတဲ့ ပုဂ္ဂိုလ်များက သေကိန်းရှိတယ်ဆိုသော်လဲပဲ သေမှုနဲ့ပဲတ်သက်ပြီး အမြဲတမ်း သတိရှိ နေတဲ့အတွက် ဒုတ်တို့၊ လက်နက်တို့ပါတော့ မြွေ၊ ကင်းမကြောက်သလိုပဲ မကြောက်ဘူး။ သမ္မုတိမရဏကို သမထရှုပွားတဲ့နည်းနဲ့ အံတု အနိုင်ယူပါတယ်။

၂။ **ခဏိကမရဏ= ခဏိကမရဏဆိုတာ ခဏတိုင်း ခဏတိုင်း ဥပ္ပါဒဖြစ် ဝယ-ပျက်။**

http://www.dhammadownload.com



ဥပါဒ်= ဖြစ်၊ ဌီ= တည်၊ ရင့်၊ ဘင်= ပျက်။

ဖြစ်တာရယ်၊ ရင့်တာရယ်၊ ပျက်တာရယ် ဒီ၈ချက်(၃)မျိုးကို ခဏိက= ခဏတိုင်း ခဏတိုင်း မိနစ်မလပ် စက္ကန့်မလပ် မိမိသန္တာန်မှာ ပျက်စီးနေပုံ၊ ရုပ်ဓမ္မ၊ နာမ်ဓမ္မဖြစ်နေပုံ၊ ရင့်နေပုံ၊ ပျက်နေပုံကို မြင်အောင်ကြည့်တာ။ ဝိပဿနာဉာဏ်နဲ့ မြင်အောင်ကြည့်ရတာ။ အဲဒီမရဏ (၂)မျိုးကို များများရှုစားတဲ့ပုဂ္ဂိုလ်များဟာ သမုစ္ဆေမရဏ ဘဝသစ် မဖြစ်တော့ဘူးတဲ့။

**၃။ နှစ်မျိုးကိုမြင်သူဟာ ကံကိုကုန်စေတတ်တဲ့ မဂ်ဉာဏ်ကို ရရှိတယ်။ အဲဒီလို ရရှိကြတဲ့ ပုဂ္ဂိုလ်များရဲ့ သေကျေ ပျက်စီးမှုမျိုးက သမုစ္ဆေဒမရဏ။**

မဂ်ဉာဏ်နဲ့ကိလေသာတွေကို ဖြတ်တောက်ပြီးမှ သေကျေ ပျက်စီးခြင်းဆိုတော့၊ အရဟတ္တမဂ်ဉာဏ်ရပြီဆိုတော့ ဘဝအသစ် မဖြစ်တော့ဘူး။ အဲဒီတော့ ဒီနတ်တော်လပြည့်ဟာ (၆၆)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်းလဲ ဖြစ်တယ်။ အနန္တ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ မွေးလလဲ ဖြစ်တယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့မွေးနေ့ဟာ နတ်တော်လဆန်း(၁၃)ရက်၊ အင်္ဂါနေ့ပါ။ မွေးနေ့ရောက်တိုင်း မွေးနေ့ အထိမ်းအမှတ် ကျင်းပခဲ့ပါတယ်။ ဒီနှစ်ဆိုရင် (၁၅၆)နှစ်မြောက် ဖြစ်ပါတယ်။ ဒီနှစ် မွေးနေ့အခါတော်ပွဲ ဒီလယ်တီမူမှာ မကျင်းပနိုင်ခဲ့ ပါဘူး။ ဘာပြုလို့လဲဆိုတော့ ကျောင်းတိုက်ရဲ့ တာဝန်ခံ နာယက ဆရာတော်များက ဟိုသရက်မြို့၊ ကျိုက်ဒေယျံစေတီတော် တရားစခန်းမှာ သွားရောက်တရားပြနေကြရလို့ ဖြစ်ပါတယ်။ သရက်မြို့၊ ကျိုက်ဒေးယျံ တရားစခန်း ကျင်းပရန်အတွက် ဖုံးနဲ့ဆက်ပြီးပြောကြားတဲ့ ပုဂ္ဂိုလ်ကြီးက သက်တော်(၉၃)နှစ်ရှိတဲ့ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တ

http://www.dhammadownload.com



ဣန္ဒာစာရဖြစ်ပါတယ်။

ဘုန်းကြီးစီ မကြာမကြာ တယ်လီဖုန်းဆက်ပြီးတော့ ကိုယ်တိုင်ကြွပါ။ ကိုယ်တိုင်လာပါနဲ့ သရက်မြို့မှာ လယ်တီဝိပဿနာ ထွန်းကားစေချင်လိုပါတဲ့။ အဲဒီသရက်မြို့ တရားစခန်းသွားရောက်ပြီး နာယကဆရာတော်များက တရားပြနေကြရလို့ ဒီလယ်တီမူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှာ လယ်တီဆရာတော်ကြီးရဲ့ မွေးနေ့အခါတော်မကျင်းပနိုင်ခဲ့ပါဘူး။

## သာမညဆရာတော်

ဘုန်းကြီးကိုယ်တိုင်ကလည်း ဆရာတော်ဘုရားကြီးရဲ့ မွေးနေ့အာရုံရောက်ပါတယ်။ အာရုံအင်မတန်ကို စောစောစီးစီးက ရောက်ပြီးနေသော်လဲပဲ အဲဒီရက်ပိုင်းမှာ ဘားအံမြို့၊ သာမညဆရာတော်ဘုရားကြီးရဲ့ ဈာပနပွဲ၊ ကရင်ပြည်နယ်က မဟာနာယက ဆရာတော်ဘဒ္ဒန္တ ဇာနေယျက တယ်လီဖုန်းဆက်ပြီးပင့်တော့ ကြွခဲ့ရတယ်။ အဲဒီဆရာတော်ဘုရားကြီးရဲ့ မွေးနေ့အခါတော်ပွဲကို (၆၆)ကြိမ်မြောက်လယ်တီဝိပဿနာ(၇)ရက် တရားစခန်းဝင် ယောဂီများရဲ့ အားထုတ်မှုဓမ္မတရားဖြင့် ပူဇော်မယ်၊ ပူဇော်စေမယ်လို့ အာရုံထားပြီးတော့သာမညဆရာတော်ဘုရားကြီးရဲ့ အန္တိမ အဂ္ဂိဈာပနသွားခဲ့ပါတယ်။ ရောက်သွားတော့ ဆရာတော် ဘုရားကြီးကို ကြည်ညိုတဲ့ ဘုန်းကြီးရဲ့ တာဝန်က မိနစ်(၂၀) တရား ဟောဖို့နဲ့ ရေစက်ချဖို့တာဝန်။ သက်ဆိုင်တဲ့ပုဂ္ဂိုလ်များက (၁၀)မိနစ်စီ၊ (၁၀)မိနစ်စီ အတ္ထုပ္ပတ္တိ ဖတ်ကြ၊ သံဝေဂဖတ်ကြ။ ဘုန်းကြီးရဲ့တာဝန်က မိနစ်(၂၀) များများစားစား ဆရာတော်ဘုရားကြီးကို ပူဇော်ချင်တာ အမှန်ပဲ။ ပူဇော်ချင်တာ၊ ဒီထက်လဲပိုပြီးတော့ပူဇော်ချင်တယ်။

သက်တော်ထင်ရှားရှိစဉ်က ပရိသတ်လေးပါး အင်မတန်များပြားတဲ့နေရာဆိုတော့ သွားဖို့၊ လာဖို့ခက်တာနဲ့ မရောက်ဖြစ်ပါဘူး။

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး ပျံလွန်တော်မူတယ်ဆိုတော့ ရောက်ချင်စိတ်လဲ ရှိတာနဲ့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးကိုလဲ ပြောချင်စိတ်၊ ပူဇော်ချင်စိတ်တွေ ပေါ်ပေါက်တဲ့အတိုင်း လှမ်းပြီးတော့ ပင့်လိုက်တော့ သွားဖြစ်တယ်။

**အမြွတ်ခေါင်ဖျား ယောကျ်ားအာဇာနည်**

သာမညဆရာတော်ဘုရားကြီး သာမညတောင်မှာ ဘယ်လိုနေသလဲ ဒကာ၊ ဒကာမများလဲ သိချင်ကြမှာပဲ။ ဒါတွေက ဆွေမျိုးစပ်သလို အခုမှစပ်ရတာ။ ဒီအကြောင်း သိတာကတော့ ကြာပါပြီ။ ဘုန်းကြီးတို့အရှေ့လယ်တီ တိုက်အုပ်ဆရာတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တသေဌိလက လွန်ခဲ့တဲ့(၁၀)နှစ်လောက်က သာမညဆရာတော်ဘုရားကြီးစီ ရောက်သွားတယ်။ ရောက်သွားတော့ ဆရာတော်ဘုရားကြီးက "ကိုယ်တော်လေး ဘယ်ကလဲ"၊ "တပည့်တော် လယ်တီကပါဘုရား"လို့ ပြန်လျှောက်တယ်။ "လယ်တီကဆို အထဲကြွပါ။ စကားပြောစရာတွေ အများကြီးရှိပါတယ်"ဆိုပြီး ဆရာတော်ဘုရားကြီးက စကားပြောတယ်။ ပြောတော့ "တပည့်တော် ဒီတောတောင်ထဲမှာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဥတ္တမပုရိသဒီပနီ ကျမ်းလာ အတိုင်းနေတာတဲ့။ **ဥတ္တမပုရိသဒီပနီ** ဆိုတာ အမြွတ်ခေါင်ဖျား ယောကျ်ားအာဇာနည်ဆိုတာ ဘယ်လိုဟာလဲ။ အမြွတ်ခေါင်ဖျား မိန်းမအာဇာနည်ဆို ဘယ်လိုဟာလဲ" မေးခွန်းထုတ်ပြီး မြတ်စွာဘုရားက ရုပ်နဲ့ပတ်သက်ပြီး (၇)ဌာန ကျွမ်းကျင်လိမ္မာရမယ်၊ မြင်ရမယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့နဲ့ ပတ်သက်ပြီးတော့ (၇)ဌာန၊ (၇)ဌာနစီ၊ ကျွမ်းကျင်လိမ္မာ ထင်မြင်နိုင်တဲ့ အမျိုးကောင်းသားကို ယောကျ်ားအာဇာနည်၊ အမျိုးသမီးများကို မိန်းမအာဇာနည်။

မြင့်မြတ်ခေါင်ဖျား ယောကျ်ားအာဇာနည်၊ မိန်းမအာဇာနည်နဲ့ ပတ်သက်ပြီးတော့ လယ်တီဆရာတော်ဘုရားကြီးက ဥတ္တမပုရိသဒီပနီ

http://www.dhammadownload.com



ကျမ်းမှာ ရှင်းအောင် လင်းအောင် ပြဆိုထားတယ်။ သာမညဆရာတော်ဘုရားကြီး လေ့လာထားပြီးတော့မှ အင်မတန် ဝေးလံသီခေါင်တဲ့ သာမညတောင်မှာ ဒီတရားပဲအားထုတ်တာပဲတဲ့။ အဲဒါကြောင့် ဒီအကြောင်းကို သိပြီးတော့ ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကို ပူဇော်ချင်တာ။ ပူဇော်ချင်တော့ သီလကို ပူဇော်ချင်ရင် သီလရှိတဲ့ ပုဂ္ဂိုလ်ကို ပူဇော်ကြရတယ်။ သမာဓိကို ပူဇော်ချင်ရင် သမာဓိရှိတဲ့ ပုဂ္ဂိုလ်ကို ပူဇော်ကြရတယ်။ ဉာဏ်ပညာကိုပူဇော်ချင်ရင် အသိဓါတ်၊ အလိမ္မာဓါတ်၊ ဉာဏ်ပညာဓါတ်ရှိတဲ့ ပုဂ္ဂိုလ်ကို ပူဇော်ကြရတယ်။

အဲဒါလေးကို သွားရင်း လာရင်းနဲ့ လက်ာလေးစီပြီး မိနစ်(၂၀) လောက် စကားပြောခွင့်ရတဲ့အခါမှာ ဆရာတော်ဘုရားရဲ့ ဂုဏ်ကျေးဇူးတွေအာရုံပြုပြီး ဟောခဲ့တာ။ ဘုန်းကြီးတို့ မြတ်စွာဘုရား ကောသလတိုင်း၊ ဣစ္ဆာနင်္ဂလတောအုပ်ကြီးမှာ သီတင်းသုံးတော်မူတဲ့အခါ ဒကာ၊ ဒကာမတွေက နောက်ကလိုက်ပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်မယ်၊ ဆွမ်းကပ်မယ်နဲ့ မိမိအလှည့်ကို မကျနိုင်ဘူး။ ယာဉ်ရထားတွေ၊ လှည်းတွေနဲ့ ပစ္စည်းတွေ၊ ဆွမ်းဆန်တော်တွေ လှူဖွယ်ပစ္စည်းတွေတင်ပြီး ထောပတ်တွေဆီတွေတင်ပြီး နောက်ကနေ ဘာကြောင့် တကောက်ကောက် လိုက်နေကြသလဲဆိုတော့။ မြတ်စွာဘုရားရဲ့ သီလ သမာဓိ ပညာဂုဏ် ကျေးဇူးတွေကြောင့် လိုက်နေကြတာတဲ့။

ဘာကြောင့် ဒီတောအုပ်ကြီးထဲလိုက်နေကြသလဲ ဆိုတော့ မြတ်စွာဘုရားရဲ့ သီလ သမာဓိပညာဂုဏ်ကျေးဇူးတွေကြောင့် လိုက်နေကြတာတဲ့။

## ဥတုသုံးလီ ရာသီမခြား

အခုလဲပဲ သာမညဆရာတော်ဘုရားကြီးဟာ မြို့နဲ့အင်မတန် ဝေးလံသီခေါင်တဲ့ အရပ်ဒေသမှာနေသော်လဲပဲ ပြည်တွင်းပြည်ပ ဒကာ

http://www.dhammadownload.com



ဒကာမတွေ လေးစားကြည်ညိုကြတာ အကြောင်းမဲ့မဟုတ်ဘူး။

ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ဒီဂုဏ်တွေနဲ့ လွှမ်းခြုံထားတာကို အခြေခံပြီးတော့မှ ကြည်ညိုကြ၊ လေးစားကြတာ။

ဘုန်းကြီးတို့ကျောင်းမှာ လွန်ခဲ့တဲ့ ဒီဇင်ဘာလ(၃)ရက် (၃-၁၂-၂၀၀၃)၊ ၁၃၆၅ ခု နတ်တော်လဆန်း(၁၀)ရက် ဗုဒ္ဓဟူးနေ့က သင်္ကန်း အစုံပေါင်း (၇၀၀၀)လာရောက်ပူဇော်ကြတဲ့ ထိုင်ဝမ်က ဆရာတော် စင်တောက်အမှူးပြုတဲ့ ဒကာ၊ ဒကာမ (၁၀၀)ယောက်ဟာ ဒီဇင်ဘာလ (၈)ရက်နေ့မှာ ဆရာတော်ဘုရားကြီးစီသွားရောက် ကိုယ်တိုင်ကိုယ်ကျ ပူဇော်ကြဖို့ပဲ။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူတာနဲ့ သင်္ကန်းအစုံ (၁၀၀၀)ပဲ ပို့လိုက်နိုင်ပါတယ်။ အဲဒီလို ပြည်ပက ကြည်ညိုသူတွေ အများကြီးပါပဲ။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးတို့လဲ မတွေ့မကြုံဘူးတဲ့ ပုဂ္ဂိုလ်တွေအများကြီးပါပဲ။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဥတ္တမပုရိသ ဒီပနီ ကျမ်းဂန်တော်လာတဲ့အတိုင်း အားထုတ်ကြိုးစားပြီးတော့ သာမညတောင်မှာ လူမျိုးဘာသာမရွေး ပြည်တွင်း၊ ပြည်ပ ဒကာ ဒကာမ တွေအားလုံး ဘုရားသာသနာတော်စီ မျက်နှာမူအောင် သဒ္ဓါတရား ပွားများအောင် ဘုရားသာသနာတော်စီ မျက်နှာလှည့်အောင် ဆောင်ရွက် တော်မူနိုင်တဲ့ သာမညဆရာတော်ဘုရားကြီးကို အာရုံထားပြီးတော့။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ နည်းနာ နိဿယကို ယူပြီးတော့ သာမညတောင်မှာ အားထုတ်တော်မူတဲ့ ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကို အာရုံပြုပြီးတော့ လင်္ကာစီပြီး ကန်တော့ရအောင် ကဲ လိုက်ဆိုကြ။

"ဥတုသုံးလီ ရာသီမခြား သုံးပါးရတနာ မြတ်မွန်စွာ၌ သဒ္ဓါ ပွားအောင် ရှေ့ဆောင်လမ်းတွင် ဘုန်းသမ္ဘာရှင် ထေရ်သာမည ပုဂ္ဂလ

http://www.dhammadownload.com



ဝိသေသ ကျော်ကြားလှသည့်-

- သီလလွှမ်းခြုံ၊
- သမာဓိလွှမ်းခြုံ၊
- ပညာလွှမ်းခြုံ ထေရ်မြတ်ဂုဏ်အား ညွှတ်ကာမျှော်မှန်း

ကန်တော့ပန်းဖြင့် နှုတ်ခွန်းဆက်ကာ ရိုသေစွာ ကောင်းစွာပူဇော်ပါသည် ဘုရား”လို့။

ဆရာတော်ဘုရားကြီးရဲ့ သီလ၊ ပညာ၊ သမာဓိဂုဏ်ကို အဲဒီလို ပူဇော်ခဲ့ပါတယ်။ “ဥတုသုံးလီ ရာသီမခြား” ပြောမယ်ဆိုရင် ကျိုက်ထီးရိုး ဘုရားတောင်ပေါ်ဆိုတော့ အင်မတန် မိုးသဲတဲ့အခါကလွဲလို့ သွားနေတာ ကြတာပဲ။

သာမညဆရာတော်ထံ မိုးတွေဘယ်လောက်သဲသဲ သွားနေကြ တာပဲ၊ နွေမိုးဆောင်း ဥတုသုံးလီ (၁၂)ရာသီ သွားနေကြတာ။ ဒါအကြောင်းမဲ့ သွားနေကြတာ မဟုတ်ဘူး၊ ဆရာတော်ဘုရားကြီးရဲ့ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး၊ သာသနာ့ဂုဏ်ကို အာရုံပြုပြီး သွားကြတဲ့လူတွေ အများကြီးရှိပါတယ်။

ဒါကြောင့် “ဥတုသုံးလီ ရာသီမခြား သုံးပါးရတနာ မြတ်မွန်စွာ၌ ထေရ်သာမည ပုဂ္ဂလဝိသေသ ကျော်ကြားလှသည့် သီလလွှမ်းခြုံ၊ သမာဓိလွှမ်းခြုံ၊ ပညာလွှမ်းခြုံ ထေရ်မြတ်ဂုဏ်အား ညွှတ်တွားမျှော်မှန်း ကန်တော့ပန်းဖြင့် နှုတ်ခွန်းဆက်ကာ ရိုသေစွာ ကောင်းစွာပူဇော်ပါသည် ဘုရား”လို့။

ဘုန်းကြီးတို့ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးကို ပူဇော်လိုတဲ့ အခါ သီလရှိတဲ့ ပုဂ္ဂိုလ်ကို ပူဇော်ရတယ်၊ သမာဓိကို ပူဇော်ချင်တဲ့အခါ သမာဓိရှိသူကို ပူဇော်ကြရတယ်။ အသိအလိမ္မာ ဉာဏ်ပညာကို ပူဇော်ချင်ရင် ပရမတ်ကို မြင်နိုင် ထင်နိုင်တဲ့ ပညာရှင်ပုဂ္ဂိုလ်ကို ပူဇော် ရမယ်။

http://www.dhammadownload.com



မြတ်စွာဘုရား(၄၅)ဝါကာလပတ်လုံး ဟောကြားထားတဲ့ တရားတော်တွေကို ခြုံပြီးတော့ ကြည့်မယ်ဆိုရင် ဗောဓိပက္ခိယ(၃၇)ပါး ရတယ်။ ဗောဓိပက္ခိယ(၃၇)ပါးကို ခြုံပြီးတော့ အနှစ်ချုပ်လိုက်ရင် မဂ္ဂင်(၈)ပါး ရတယ်။

မဂ္ဂင်(၈)ပါးကို အနှစ်ချုပ်လိုက်ရင် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးရတယ်၊ဒါဟာမြတ်စွာဘုရားရဲ့ လမ်းစဉ်အစစ်ပဲ၊ အဲဒီ လမ်းစဉ်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတဲ့ ပုဂ္ဂိုလ် တွေရော လူတွေရော နတ်တွေရော ဗြဟ္မာတွေရော ပူဇော်ကြရတယ်။

အဲဒီတော့ သာမညဆိုတဲ့စကားလေးက မဂ်ညဏ်ကိုကောက်ယူ ရတယ်၊ ဘုန်းကြီးက ပြောလေ့ရှိတယ်။ သာမညမို့လို့သာ ဘုန်းရိပ် ကံရိပ်ကြီးတွေက ဒါလောက်ရှိနေတာ၊ ဝိသေသဆိုရင်တော့ ဘယ်လောက်များ ကြီးကျယ်လိုက်မယ်လဲ မသိဘူး။

အဲဒီသာမညက ဝိသေသနဲ့ တွဲနေတယ်။ သာမညဆိုတာ **"သမာနဿဘာဝေါသာမညံ"** တူသောသူ၏ ဖြစ်ကြောင်းဟာ သာမည အတူတူပဲ။ သူလည်းအတူတူ၊ ကိုယ်လဲအတူတူ၊ လူချင်းအတူတူ သာမည၊ အဲဒီအထဲက ထူးခြားလာတဲ့ ပုဂ္ဂိုလ်ဟာ ဝိသေသ၊

နာမည်တော်ကသာ သာမည၊ တကယ်တော့ ပုဂ္ဂိုလ်က ဝိသေသ၊ ဒါကသာမညပါကွာ မထူးပါဘူးဆိုတဲ့ စကားအနေနဲ့ သာမညပါကွာ မထူးပါဘူးဆိုတဲ့စကားမျိုးတော့ မဟုတ်ပါဘူး။

တကယ်တမ်းတော့ ဘုန်းကြီးတို့ (၅၅)ကြိမ်မြောက်တုံးက ဟောပြောခဲ့တဲ့ သာမညဖလသုတ္တန်ပါ။ သာမည၊ အဲဒီသာမညက **"သမဏဿဘာဝေါ သာမညံ"** ကိလေသာကို ငြိမ်းစေတတ်တဲ့ ကိလေသာကို ငြိမ်းအောင် ပြုတတ်တဲ့ ရဟန်း၏ဖြစ်ကြောင်းဖြစ်ရာကို သာမည။ ကိလေသာကို ငြိမ်းစေတတ်သော ရဟန်းရဲ့ဖြစ်ကြောင်းဖြစ်ရာ ဂုဏ်အပေါင်းသည် သာမည။ ရဟန်းဖြစ်ကြောင်း မဂ်ညဏ်ဆိုတဲ့ ဂုဏ်များရဲ့အကျိုး ဖိုလ်သည် သာမညဖလ။

http://www.dhammadownload.com



ဩော်-ဆရာတော်ဘုရားကြီးရဲ့ သာမညဆိုတဲ့စကားကတော့ ဒီနေရာမှာ ဆရာတော်ဘုရားကြီးက "သမဏဘာဝေါ သာမညံ ကိလေသာကို ငြိမ်းစေတတ်သည့် ဂုဏ်အပေါင်းသည် သာမည အဲဒီဂုဏ် ရှိတဲ့ ဆရာတော်ဘုရားကြီးသည် သာမညဆရာတော်၊ ဒီတော၊ ဒီတောင် ဒီစခန်းတွေမှာ ဘာနဲ့နေသလဲ သီလနဲ့နေတာ။ သမာဓိပညာနဲ့ နေတာ။

**ကုလပသာဒကတေဒဂ်**

ကွစ္ဆာနင်္ဂလတောအုပ်ထဲမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့အခါ ဒကာ ဒကာမတွေက ဆွမ်း၊ ဆန်တွေနဲ့ ဆီဦးထောပတ်တွေနဲ့ လိုက်ပြီးတော့ ပူဇော်ကြပါတယ်။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကြောင့်ပါပဲ မြတ်စွာဘုရား ရှိစဉ်အခါတုံးက "ကုလပသာဒက တေဒဂ်" ဆိုတာ ရှိတယ်။

ကာဠုဒါယီမထေရ်မြတ်ကြီးက ဆွေတော်မျိုးတော်တွေကို သာသနာတော်ဘက် မျက်နှာမူစေတယ်။ ဆရာတော် ဘုရားကြီးကလဲ ကမ္ဘာသူ ကမ္ဘာသား မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား အထူးအားဖြင့် အရိုင်းတွေကို ဘာမှသာသနာကို မကြည်ညိုသေးတဲ့ ပုဂ္ဂိုလ်တွေကိုပင် ကြည်ညိုစေတယ်။

မြတ်စွာဘုရားသခင်က ကာဠုဒါယီမထေရ်မြတ်ကြီးအား ကုလပသာဒကဧတဒဂ်ပေးတာ လူများအား ဘုရားသာသနာ ကြည်ညို အောင် ဆွဲဆောင်နိုင်လို့ပါပဲ။

သာမညဆရာတော်ကြီးကလဲ ပြည်တွင်းပြည်ပ ဒကာ ဒကာမ တွေကို သာသနာတော်ဘက် မျက်နှာမူအောင် ဆွဲဆောင်နိုင်တယ်။ အဲဒီလို ဆွဲဆောင်တော်မူနိုင်ခြင်းရဲ့ အကြောင်းဟာ ကိလေသာကို ငြိမ်းစေတတ်တဲ့ ရဟန်းလို့ ခေါ်ဆိုနိုင်ခြင်းရဲ့ အကြောင်းတရားတွေဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကျင့်စဉ်တွေပါပဲ။

http://www.dhammadownload.com



အရကောက်မယ်ဆိုရင် သာမညအရက အရိယာမဂ်တရား သာမညဖလအရက အရိယာဖိုလ်တရားအရ ကောက်ရပါတယ်။ ဒါကြောင့်မို့ ယနေ့ တရားအားထုတ်နေကြတဲ့ (၆၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းကြီးပမ်းအားထုတ်ကြတဲ့ ယောဂီဒကာ ဒကာမတွေဟာလဲ မြတ်စွာဘုရားမိန့်သလိုပါပဲ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံကာနီးမှာ မြင်မိုရ်တောင်လောက်ရှိတဲ့ ပန်းကုန်းကြီးတွေနဲ့ ပူဇော်ကြပါတယ်။

**အမြတ်ဆုံးပူဇော်မှု**

အဲဒီလို ပူဇော်တဲ့အခါ ဒါမြတ်သော ပူဇော်မှု မဟုတ်သေးဘူး။ ဘယ်လိုဟာမှ မြတ်သောပူဇော်ခြင်းလဲဆိုတော့ လောကုတ္တရာ တရား (၉)ပါးအား လျော်တဲ့အကျင့်နဲ့တဲ့၊ အကျင့်ဆိုတာဟာ ဘယ်လိုဟာလဲ။ အခု ယောဂီသူတော်စင်များ (၈)ပါးသီလယူထားတယ်။ မကြာမီ အားထုတ်မယ့် သမာဓိ၊ သမာဓိကနေတဆင့်တက်ပြီး သိမည့်ပညာ။

သိက္ခာသုံးပါး ကျင့်စဉ်တရားဟာ လောကုတ္တရာတရား (၉)ပါးအား လျော်တယ်။ အဲဒီလိုပူဇော်မှုကို မြတ်စွာဘုရားက အင်မတန်မြတ်နိုးတော်မူတယ်။ ယနေ့ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ မွေးနေ့က နတ်တော်လဆန်း(၁၃)ရက်နေ့။

ဒီ(၆၆)ကြိမ်မြောက် တရားစခန်းဟာလဲ ဆရာတော်ဘုရားကြီးရဲ့ မွေးနေ့၊ မွေးလမှာ ကျင်းပတဲ့ပွဲဖြစ်တယ်။ ယောဂီသူတော်စင်များဟာ မြတ်စွာဘုရားအား အမြတ်ဆုံး ပူဇော်ခြင်းဖြင့်၊ ကျေးဇူးတော် လယ်တီဆရာတော်ဘုရားကြီးအား အမြတ်ဆုံး ပူဇော်ခြင်းဖြင့် ဘယ်လိုပူဇော်မလဲ၊

**သီလံ သမာဓိ ပညာစ၊ ဝိမုတ္တိစ အနုတ္တရာ၊**
**အနုဗုဒ္ဓါ ဣမေဓမ္မာ၊ ဂေါတမေန ယသဿိနာ။ ။**

ဆိုတဲ့ စကားတော်အတိုင်း သီလနဲ့ပူဇော်မယ်။ သီလဆောက်တည်ပြီးတော့ သမာဓိရအောင် အားထုတ်ပြီးတော့ ပူဇော်မယ်။ ရုပ်ဓါတ်၊

http://www.dhammadownload.com



နာမ်ခါတ်၊ ပရမတ်တွေ သိအောင် အားထုတ်ပြီးတော့ ပညာမျိုးစုံဖြင့် ပူဇော်မယ်။ ဖိုလ်တရားဖြင့် ပူဇော်မယ်။

ဒါဟာအမြတ်ဆုံး ပူဇော်ခြင်းပဲ။ ဘုန်းကြီးတို့ လယ်တီဆရာတော်ဘုရားကြီးရဲ့ (၁၅၆)ကြိမ်မြောက် မွေးနေ့မှာ ဆွမ်းတွေ ဘာတွေ ကျွေးလို့ ညှော်သည်တွေကို စားကောင်းသောက်ဖွယ်တွေ ညှော်ခံလို့ ဆီမီးတွေ ထွန်းညှိလို့ ပန်းမာလာတွေလဲ ဝေဝေဆာဆာနဲ့ ပူဇော်တာက တစ်မျိုး။

အဲဒီလို ပူဇော်တာတွေထက် အဆပေါင်းများစွာ မြင့်တဲ့မြတ်တဲ့ ပူဇော်ခြင်းဖြင့် ဒို့တွေ ပူဇော်ရပြီ ယခုအချိန်ကစပြီးတော့ ပူဇော်မယ်၊ ပူဇော်ရမယ်လို့ ကျေကျေနပ်နပ်ကလေး စိတ်ထဲမှာ အားတက်သရော ရှိပြီး တရားစခန်းဝင်ပြီး (၆၆)ကြိမ်မြောက် တရားစခန်း အားထုတ်ပြီး (၆၆)တွေကို မကြောက်ရတော့တဲ့ အရိယာဘဝတွေကို ရရှိကြပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
## ပဓာန နာယက
## နာဂလိုဏ်ဂူဘုရားကုန်းမြေ
## ကလေးဝတောရစာသင်တိုက်ဆရာတော်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
## ဟောကြားတော်မူသော
## (၆၈)ကြိမ်မြောက်လယ်တီဝိပဿနာ
## (၇)ရက်တရားစခန်းဖွင့်ပွဲ

**အခေါင်ထွင့်မြတ် ခြေရှိုးခာတ်**

ဒီ(၆၈)ကြိမ်မြောက်(၇)ရက်တရားစခန်းအတွင်းမှာ ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ကြီးများရဲ့ အထိမ်းအမှတ်ပွဲတွေနဲ့ ဆုံဆည်း နေပါတယ်။

ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး (အလယ်တိုက်) နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲတော်။ မနေ့က (၁၂-၂-၂၀၀၄) ပြည်ထောင်စုနေ့ ကျေးဇူးရှင် ဘိုးကလေးဝ ဆရာတော်ဘုရားကြီးရဲ့ အထိမ်းအမှတ်ပွဲတော်။ အဲဒီလို ပရိယတ္တိ(ပိဋကတ်တော်များ) မပြတ် မလပ်ပို့ချပြီး၊ ပဋိပတ္တိ (သီလ၊ သမာဓိ၊ ပညာသိက္ခာသုံး) ကျင့်စဉ်များကို အသုံးပြုပြီးတော့ သာသနာတာဝန်နှစ်ရပ် ထမ်းဆောင်တော်မူကြတဲ့ ဆရာတော်ကြီးများရဲ့ အထိမ်းအမှတ်ပွဲတော်တွေ ကျင်းပပူဇော် ကြရတယ်။

http://www.dhammadownload.com



ဒါကြောင့် ပခုက္ကူရာပြည့် (မဟာဝိသုတာရာမကျောင်းတိုက်ကြီး ရဲ့ ရာပြည့်ပွဲတော်မှာ ဘုန်းကြီးအနေနဲ့-

**"ရဇောဟာရောမှိထေရာနံ၊ သာသနံယေသမာဘတံ၊**
**ပါဒဋ္ဌိနိစ သဗ္ဗာနိ၊ တေသံဝဟာမိမတ္ထကေ။**

ယေသံထေရာနံ= သာသနာဝန် အားသွန်ကြိုးပမ်း ထမ်းကြ ပျော်ပျော် ရှေးခေတ်ခုပေါ် အကြင်ဆရာတော် ဘုရားတို့သည်၊ သာသနံ= ဗုဒ္ဓဘုရား၏ အဆုံးအမ သာသနာတော်မြတ်ကြီးကို၊ အာဘတံ= ပင်ပန်းသမှု လျစ်လျူရှု၍ အမှုပါအောင် ဆောင်ရွက်တော်မူခဲ့ကြပါပေ သတည်း။

တေသံထေရာနံ= သာသနာဝန် အားသွန်ကြိုးပမ်း ထမ်းကြ ပျော်ပျော် ရှေးခေတ်ခုပေါ် ထိုဆရာတော် အရှင်မြတ်တို့၏၊ ရဇောဟာရော= ခြေဖ္ဖုကပ်တွယ် မြူမှုန်ပယ်ဖို့ အလွယ်ချိပ်ထား ခြေသုတ် အလားသည်၊ အမှိ= အမှန်စိတ်ထား နှိမ့်သောအားဖြင့် လေးစားလျှက် သာ ဖြစ်ရိုးပါတည်း။ တေသံထေရာနံ= သာသနာဝန် အားသွန်ကြိုးပမ်း ထမ်းကြပျော်ပျော် ရှေးခေတ်ခုပေါ် ထိုဆရာတော်ဘုရားကြီးတို့၏။ သဗ္ဗာနိ= ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ ပါဒဋ္ဌိနိ= အခေါင်ထွဋ်မြတ် ခြေရိုးခါတ်တို့ကို၊ မတ္ထကေ= မတ္ထကေန ဦးထိပ်ဖြင့်၊ သမ္ပဋိစ္ဆာမိ= လေးစားစွာ ခံယူထမ်းရွက် ထားပါအံ့သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**ဓမ္မစေတီ**

ပခုက္ကူ မဟာဝိသုတာကျောင်းတိုက်ကြီးဆိုတာ အားလုံးသိထားပြီးကြတဲ့အတိုင်း ကျေးဇူးတော်ရှင် ရေစကြိုဆရာတော် ဘဒ္ဒန္တဂန္ဓသာရ မဟာထေရ်မြတ်ကြီးက စပြီးတော့ ပိဋကတ်သုံးပုံနိကာယ်ငါးရပ် တရားတော်တွေကို သင်္ကြန်(၇)ရက်၊ ဝါဆိုလမှာ(၇)ရက်၊ သီတင်းကျွတ်မှာ(၇)ရက်ကို ချန်ထားပြီး ကျန်တဲ့အချိန်တွေမှာ"ဂဏဝါစက" စာချဆရာတော်(၂၀)ကျော်က တရားတွေကို ပို့ချနေကြတယ် ဆိုကြပါစို့။

ဝိနည်း(၅)ကျမ်းဆိုရင်(၂)နှစ်လောက်နဲ့ ပါဠိအဋ္ဌကထာဋီကာပါတွဲလို့ ဒီဃနိကာယ်ဆိုရင်(၁)နှစ်ခွဲလောက်နဲ့၊ အဲဒီလို ပိဋကတ်(၃)ပုံများ မပျောက်ပျက်အောင် ဆိုပြီးတော့ တစိုက်မတ်မတ် ပို့ချပြီးလာတော်မူခဲ့ကြတာ နှစ်(၁၀၀)ပြည့်သွားပြီတဲ့။

အဲဒီပိဋကတ်(၃)ပုံသည် ဓမ္မစေတီ၊ အဲဒီဓမ္မစေတီ ယခုအခါမှာ ထင်ရှိနေပြီး ဘုရားကိုယ်စား တရားဟောတော်မူနေကြတယ်။ အဲဒီ ဓမ္မစေတီတော်တွေကို ဗုဒ္ဓဘုရားတည်းဟူသော ပင်မပဒေသာပင်ကြီး ကမ္ဘာအလယ်မှာ ထွန်းပေါ်ပြီးလာခဲ့တယ်။

ထွန်းပေါ်တော်မူခဲ့တဲ့ ပင်မပဒေသာပင် မြတ်ဗုဒ္ဓက (၄၅)ဝါ ကာလပတ်လုံး တည်ထားခဲ့တဲ့ တရားစေတီ ဖြစ်တဲ့ဓမ္မစေတီ ရှစ်သောင်းလေးထောင် တည်ထောင်ပြီး ပွားပြီးထားတော်မူခဲ့တယ်။ ဘုရားရှင်ကိုယ်တော်တိုင် တည်ထားတဲ့ စေတီတော် ဘယ်လောက်ရှိသလဲ ဆိုတော့ (၈၄၀၀၀)ရှိပါတယ်။ ဘုန်းကြီးတို့ ရွှေတိဂုံစေတီဘုရားကြီး လူတရစ်၊ နတ်တရစ် တည်တယ်လို့ သမိုင်းမှာ အထင်အရှား ရှိပါတယ်။

အခုဓမ္မစေတီတော်ကြီးကို (၈၄၀၀၀)သုတ္တန် ဝိနည်း အဘိဓမ္မာ တရားတော်တွေ ပိဋကတ်အားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိတဲ့ တရားတော် ဓမ္မစေတီတော်တွေဟာ ဘုရားကိုယ်တိုင် တည်ခဲ့တဲ့ ဘုရားတွေ။

http://www.dhammadownload.com



ဘုရားကိုယ်တိုင်တည်ခဲ့တဲ့ ဘုရားတဲ့ အဲဒီဘုရားတွေသည် ပရိယတ္တိသာသနာ၊ အဲဒီဓမ္မစေတီ (၈၄၀၀၀)က ဟောပြထားတဲ့ အခု ယောဂီများ ကျင့်ကြံပွားများ အားထုတ်ထားတဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး အကျင့်တရားများသည် ပဋိပတ္တိသာသနာ အတိတ်သမိုင်း ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် ဘုန်းကြီးတို့မြန်မာနိုင်ငံမှာ ထင်ရှားတဲ့ သာသနာ ရောက်လာပုံက သထုံသာသနာနဲ့ ပုဂံသာသနာ။

သထုံသာသနာကို အရှင်သောဏနဲ့ အရှင်ဥတ္တရတို့က ဦးဆောင်ပြီးတော့ ပြုခဲ့ကြပါတယ်။ ပုဂံသာသနာတော်ကိုတော့ ရှင်အရဟံ မထေရ်မြတ်က ဦးဆောင်ပြီး ပြုခဲ့ပါတယ်။ "အနော်ရထာထံ ရှင်အရဟံ ခုန်ပျံကျလာဝဲ"ဟု ကဝိလက္ခဏာ သတ်ပုံကျမ်းက ညွှန်းဆိုထားပါတယ်။

အနော်ရထာမင်းစောအား ရှင်အရဟံက စတင်ဟောကြားတဲ့ အခါမှာ ကျင့်စဉ်ကစပြီး ဟောကြားခဲ့ပါတယ်။ အကျင့်တရားက စပြီး သီလ၊ သမာဓိ၊ ပညာကျင့်စဉ်က စဟောပါတယ်၊ အနော်ရထာ မင်းစောက သိပ်ပြီးတော့ သဘောကျတယ်။ သဘောကျတဲ့အတွက် ရှင်အရဟံကို အနော်ရထာမင်းစောက "အရှင်ဘုရား ပုဂံမှာသာသနာ တည်ပါပြီလား ဘုရား" လို့လျှောက်တယ်။

လျှောက်ထားတဲ့အခါ ရှင်အရဟံမထေရ်မြတ်က "သာသနာ တော့တည်ပြီ။ ဒါပေမယ့် အခြေအမြစ်နှင့်တကွ အခိုင်အမာသာသနာ မတည်သေးဘူး"လို့ ဒီလိုဖြေတယ်။ "ဒီလိုဆိုရင် အခြေအမြစ်နှင့်တကွ ခိုင်ခိုင်မြဲမြဲ သာသနာတည်အောင် ဘယ်လိုလုပ်ရပါမလဲ ဘုရား"လို့ လျှောက်ထားတော့ ရှင်အရဟံမထေရ်မြတ်က သထုံကို လက်ညှိုး ညွှန်တယ်။

သထုံကို လက်ညှိုးညွှန်တော့ အရှင်သောဏနှင့် အရှင်ဥတ္တရ တို့က ဗြဟ္မဇာလသုတ္တန်ကြီးကို ဟောပြီးတော့ ပိဋကတ်သုံးပုံ တရားတော် တွေနဲ့ သထုံသာသနာကို စခဲ့တယ်။ အဲဒီ သထုံကို လက်ညှိုးညွှန်တဲ့အခါ သထုံဘုရင် မနူဟာမင်းထံက ပိဋကတ် သုံးပုံအစုံ(၃၀)နဲ့ စာချဆရာတော်

http://www.dhammadownload.com



တစ်ထောင်ရယူခဲ့ပါတယ်။

အရှင်အရဟံ၏ ညွှန်ပြချက်အရ မြန်မာသက္ကရာဇ် ၄၁၉ ခုနှစ်တွင် သထုံမှ ပိဋကတ်တော်များ ပုဂံမြို့သို့ ပင့်ဆောင်ပြီးတော့ ပုဂံသာသနာတော်ကို ခိုင်မြဲအောင် စာပေကျမ်းဂန် ပို့ချစေခြင်း၊ သင်ယူစေခြင်းဖြင့် ပိဋကတ်သုံးပုံ သင်ယူစေခြင်းဖြင့် ပုဂံသာသနာတော်ကို ခိုင်မြဲအောင် ပြုလုပ်ခဲ့ပါတယ်။

**ဦးထမ်းပဲ့ထမ်း**

ရှင်အရဟံ၏ ညွှန်ကြားချက်နှင့်အညီ အနော်ရထာမင်းစောက ပုဂံသာသနာတော်ကို တည်ထောင်ခဲ့ရာမှ စပြီး ပုဂံသာသနာ ခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဗုဒ္ဓဝါဒ ဗုဒ္ဓသာသနာတော်ကြီး အခြေအမြစ်နှင့်တကွ တည်ရှိခဲ့ပါတယ်။ ဒါကြောင့်ကျေးဇူးတော်ရှင် မိုးညှင်းဆရာတော်ဘုရားက ခြောက်ထပ်ကြီးဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏနဲ့ တွေ့တဲ့အခါမှာ "ဦးထမ်းပဲ့ထမ်း ဘုရား" "ဦးထမ်းပဲ့ထမ်း ဘုရား" "ဦးထမ်းပဲ့ထမ်းဘုရား" လို့ လျှောက်ထားဘူးတယ်။

အရှင်ဘုရားတို့က ပရိတ်ယတ်နဲ့ မှန်မှန်လေး ပဲ့ကိုင်ပေးတော်မူကြပါဘုရား၊ တပည့်တော်တို့ ရှေ့ပိုင်းက တရားစခန်းတွေ ရိပ်သာတွေ ဖွင့်ပြီး ပဋိပတ်ဖြင့် ဦးကနေပြီးတော့ ပေါက်ပဲ့မယ်လို့ အဂ္ဂမဟာပဏ္ဍိတ မိုးညှင်းဆရာတော်ဘုရားက ခြောက်ထပ်ကြီး ဆရာတော်အား လျှောက်ထားတယ်။

"ဦးထမ်း ပဲ့ထမ်းပါပဲတဲ့"

အဲဒါကို ခြောက်ထပ်ကြီးဆရာတော်က ဘုန်းကြီးအား တစ်ဆင့်ပြောပြဘူးတယ်။ ကိုယ်တော်တို့ မုံရွာက မိုးညှင်းဆရာတော်က "တယ်အပြောကောင်းတာပဲ သာယာခြေင်း ရှိလိုက်တာ"လို့ပြန်ပြီးတော့ မိန့်ဖူးပါတယ်။

http://www.dhammadownload.com



**ငြင်းကြခုံကြဖူး**

ပဋိပတ်ကျင့်စဉ် အားသန်ကြတဲ့ ဓူတင်ဆောင် အရှင်မြတ်တွေက သာသနာတည်ထွန်းရေးမှာ ဓူတင်စတဲ့ ကျင့်စဉ်များသာ အဓိကဖြစ်ပါတယ်။ ပိဋကတ် အားသန်ကြတဲ့ ဓမ္မကထိက အရှင်မြတ်တွေက သာသနာတည်ထွန်းရေးမှာ ပိဋကတ်သုံးပုံ တရားတော် သင်အံပို့ချခြင်းသာ အဓိကဖြစ်ပါတယ်လို့ ငြင်းကြ ခုံကြဖူးတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းလေးရာကျော်လောက်မှာ သီဟိုဠ်ကျွန်း စဏ္ဍာလတိဿ ဘေးကြီးဖြစ်လို့ ဘေးကြီးလည်းငြိမ်းကာစ ပိတုရာဇ အမည်ရတဲ့ ဝဋ္ဋဂါမဏိမင်းကြီးလက်ထက်မှာ အဲဒီလို ငြင်းကြခုံကြတဲ့အခါမှာ စာပေကျမ်းဂန် အားသန်တော်မူကြတဲ့ ဆရာတော် အရှင်မြတ်ကြီးတွေက ဂါထာသုံးပုဒ်ထုတ်ဆောင်ပြီးတော့ အနိုင်ရယူဘူးပါတယ်။

**ယာဝတိဋ္ဌန္တိ သုတ္တန္တာ ၊ ဝိနယော ယာဝဒိပ္ပတိ။**
**တာဝရက္ခန္တိအာလောကံ၊သူရိယေ အဗ္ဘုဋ္ဌိတေယထာ။**

သုတ္တန် ပိဋကတ် ၊ အဘိဓမ္မာပိဋကတ် ဝိနည်းပိဋကတ်တို့ ထင်းရှားရှိနေခဲ့ပါလျှင် နေထွက်ရာအခါများလိုပဲတဲ့။ သာသနာရောင်ကို မြင်နိုင် တွေ့နိုင်ပါတယ်တဲ့။ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ သုတ္တန်၊ ဝိနည်း အဘိဓမ္မာဒီတရားတော်တွေကို သင်အံပို့ချတဲ့နည်းဟာ နှစ်နည်း။

(၁) စာသွားနည်း

(၂) စာလာနည်း

စာသွားနည်း- မန္တလေးနည်းကို ခေါ်ပါတာပါပဲ။ ပိဋကတ်တော်တွေကို တစ်ကျမ်းတစ်ဖွဲ့ ပေါက်ရောက်အောင်တော့ မဟုတ်ဘူး အခြေအမြစ်ကစ ကျကျနနသိအောင်ဆိုပြီးတော့ စာတစ်ပုဒ်ကို ဖြည်းဖြည်းလေး အဓိပ္ပါယ်ပြည့်စုံအောင် ပြောပြီးတော့ ရွှေရေးဆောင်ဘုရားကြီးတို့လို -

**"ပုဒ်နေ ပုဒ်ထား ပုဒ်သွား ပုဒ်လာ**
**ပုဒ်မှာ ပုဒ်ထပ် ပုဒ်ဟောစပ်ကို**

http://www.dhammadownload.com



**တတ်တတ်မမြင် မသိလျှင်ပဲ**
**ရှည်ကြာညဥ့်နေ့ အားထုတ်၍လည်း**
**မတွေ့မိပွါယ်အနက်ပျယ်လိမ့်**"တဲ့။

ပုဒ်တစ်ပုဒ်ရဲ့ အနေအထား ပုဒ်တစ်ပုဒ်ရဲ့အသွားအလာ သဒ္ဒါပုဒ်တစ်ခုရဲ့ အထပ်အဟတ်၊ အစပ်အဲဒါမျိုးတွေ အခြေအမြစ်ကျကျ သင်ပေးတဲ့နည်းက စာသွားနည်း။ ကျေးဇူးတော်ရှင် ရေစကြိုဆရာတော် ဘုရားကြီး စတင်တည်ထောင်တဲ့နည်းက "စာလာနည်း"။ ဒီစာလာနည်း ရရှိတော်မူခဲ့သော တပည့်ကြီး ဆရာတော် ဦးပညာသည် စာသွားနည်းပြ ရွှေရေးဆောင်ဆရာတော် ဦးကြည်ထံ ပထမစာဆို ဖြစ်ခဲ့ဘူးပါ သေးတယ်။

**စာလာနည်း**

မြတ်စွာဘုရား ပိဋကတ်တော်မှာ ဘာဟောတယ်၊ ဘယ်လို ဟောတယ်၊ ဘယ်လိုသိက္ခာပုဒ် ပညတ်တယ်လို့ ပိဋကတ်သုံးပုံကို တခါထဲ တိုက်ရိုက်သိအောင် ပို့ချတဲ့နည်း။

ပခုက္ကူနည်းကတော့ စာလာနည်း။ အဲဒီတော့ ကျေးဇူးတော်ရှင် ဆရာတော်ဦးဗုဓ်ဟာ စာလာကို အင်မတန်ကျွမ်းကျင်တော်မူပါတယ်။ ပိဋကတ်တော်နဲ့ ပတ်သက်လို့ ပြောစရာ ဆိုစရာ ဆုံးဖြတ်စရာရှိရင် ဆရာတော်ဦးဗုဓ်တို့ လက်ထက်က ဆရာတော်ဦးဗုဓ်လောက် ဉာဏ်ရည် တော်တဲ့သူ ထက်သူမရှိဘူးတဲ့ ။

ပခုက္ကူစာချနည်းခေါ် တဲ့ပိဋကတ်သုံးပုံ တိုက်ရိုက်စာချနည်းက မြစ်လည်ခေါင်ချ၍ ရေးကူးသလိုပါပဲ။ မန္တလေးနည်းကတော့ ရေကမ်းစပ် မှာချပြီးတော့ ရေကူးသင်တဲ့နည်းပါပဲ။

မာန်လည်ဆရာတော်ကြီးက ရေလည်မြစ်လည်ခေါင် ချပြီးတော့ ရေကူးနည်းကို သိပ်ပြီးတော့ အထင်မကြီးဘူး။ နောင်သောအခါမှာ ရေစကြိုဆရာတော်ဘုရားကြီးရေးတဲ့ ကခ်ါနိဿယ ကြည့်ပြီးတော့

http://www.dhammadownload.com



ရေစကြိုဆရာတော်ဘုရားကြီး နေထိုင်ရာကို လက်အုပ်ချီမိုးပြီးတော့ ရှိခိုးခဲ့ဖူးပါတယ်။

ပရိယတ္တိဆိုတဲ့ ပိဋကတ်တော် ဓမ္မစေတီတော် ဘုရားကိုယ်စား တော်ရှိနေတဲ့အတွက် ဘုန်းကြီးတို့ မြန်မာနိုင်ငံသာသနာဟာ မညှိုးမမှိန်ပဲ တောက်ပြောင်ပြီးနေပါတယ်။

**သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေဝိနယမှိစ၊**
**တမော ဘဝိဿတိလောကော၊ သူရိယေ အတ္ထင်္ဂတေယထာ။**

သုတ္တန်ဝိနည်း အဘိဓမ္မာခေါ်တဲ့ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဘုရားကိုယ်စားဘုရားတွေ ကွယ်ပျောက်သွားရင် နေဝင်ရာအခါကဲ့သို့ လောကကြီးဟာ အမိုက်မှောင်ကျလိမ့်မယ်။

အိန္ဒိယနိုင်ငံကြည့် ဘုရားကိုယ်စားဖြစ်တဲ့ ဓမ္မစေတီတော်တွေ မရှိဘူး။ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီ ပရိဘောဂစေတီများ ရှိပါတယ်။ ပရိဘောဂစေတီများ ဘုရားကျောင်းတော်ရာကြီးတွေ ရှိတယ်၊ ဗုဒ္ဓဂါယာ မဟာဗောဓိပင်ကြီးတွေ ရှိပါတယ်။ အပရာဇိတ အောင်ပလ္လင်တော် နေရာတွေ ရှိတယ်။

ဓမ္မစေတီခေါ်တဲ့ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် သင်ယူပို့ချမှု ဘုရားကိုယ်စားက ကွယ်ပျောက်ခဲ့တာ နှစ်ပေါင်း(၁၅၀၀)ကျော် ကြာခဲ့ပါပြီ။ နှစ်ပေါင်း (၁၂၀၀)ပဲ အိန္ဒိယနိုင်ငံမှာ ဓမ္မစေတီများ တည်တန့်ခဲ့ပါတယ်။ ဒါကြောင့် အိန္ဒိယနိုင်ငံကြီးမှာ ဗုဒ္ဓဘုရားရဲ့ သာသနာ့ အလင်းရောင် ကွယ်ပျောက်ပြီးသွားခဲ့တာ နှစ်ပေါင်း(၁၅၀၀)ကျော် လောက် ရှိခဲ့ပါပြီ။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ကံအားလျော်စွာ ဘုရားကိုယ်စား တရားတော်တွေ၊ ဓမ္မစေတီတော်တွေရှိတဲ့ အတွက် သာသနာရောင်ဟာ နေထွက်ရာအခါလို တောက်ပြောက်နေဆဲပါပဲ။

**သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ၊**
**ပဋိပတ္တိယံ ဌိတောဓီရော၊ ယောဂက္ခေမံ နစံသတိ။**

http://www.dhammadownload.com



သုတ္တန္တေ= သုတ္တန် ဝိနည်း အဘိဓမ္မာ ပိဋကတ်တရားတော်သည်၊ ရက္ခိတေ= စောင့်ရှောက်အပ်သည်ရှိသော်၊ ပဋိပတ္တိ= သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး ကျင့်စဉ်တရားကို၊ ရက္ခိတာ= စောင့်ရှောက်အပ်သည်၊ ဟောတိ= ဖြစ်ပါပေ၏။

သုတ္တန်ဝိနည်း အဘိဓမ္မာတရားတွေ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့လို့ရှိရင် သီလသမာဓိပညာ သိက္ခာသုံးပါး ကျင့်စဉ်တွေထိန်းသိမ်းစောင့်ရှောက်ပြီးသားဖြစ်တယ်။

**ပဋိပတ္တိယံ ဌိတော ဓီရော၊ ယောဂက္ခေမံ နဓံသတိ။**

ပဋိပတ္တိယံ= သီလ သမာဓိ ပညာ သိက္ခာသုံးပါးကျင့်စဉ်တရား၌၊ ဌိတော= တည်သော၊ ဓီရော= ပညာရှိသည်၊ ယောဂက္ခေမံ= ယောဂလေးပါးတို့၏ကုန်ရာ မဂ်ဖိုလ် နိဗ္ဗာန်တရားကို၊ နဓံသတိ= မဖျက်ဆီးမလျှောကျတော့ပေ မဆုံးရှုံးစေသည်သာတည်းလို့။

ပရိယတ္တိ အားသန်တော်မူကြတဲ့ ဓမ္မကထိက အရှင်မြတ်များက ဒီဂါထာ(၃)ဂါထာနဲ့ သာဓကဆောင်လိုက်တဲ့အခါမှာ အရှင်မြတ်များ အောင်ပွဲ ရသွားခဲ့ဘူးပါတယ်။

အဲဒီတော့ တတိယဂါထာမှာ သုတ္တန်ဝိနည်း အဘိဓမ္မာ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့လို့ရှိရင် ပဋိပတ္တိခေါ်တဲ့ သီလ သမာဓိ ပညာကျင့်စဉ်တွေလဲ ထိန်းသိမ်းပြီးသားဖြစ်တယ်။ အဲဒီပဋိပတ္တိကျင့်စဉ်ကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များဟာ ယောဂက္ခယ ယောဂ(၄)ပါးတို့ရဲ့ ကုန်ရာဖိုလ် နိဗ္ဗာန်မှ မဆုံးရှုံးနိုင်ဘူးတဲ့။

ဒီစကားကိုကြည့်သောအားဖြင့် ပရိယတ်သည် သာသနာ တည်ထွန်းရေးမှာ အရေးပါသလို ပဋိပတ္တိကိုလဲပဲ အဲဒီ ပရိယတ္တိကလာတဲ့ ညွှန်းပြတဲ့အနှစ်သာရဟာလဲ ကျင့်ကြံအားထုတ်ရမယ်။ ဒီတရားတိုက်ရဲ့ ဆောင်ပုဒ်တစ်ခုက **"ပရိယတ္တိ ပိဋကတ်စာပေသည် သာသနာတော်၏ ရေသောက်မြစ်၊ ပဋိပတ္တိကျင့်စဉ်သည် သာသနာတော်၏ အနှစ်၊ အမြစ် ရေလောင်း၊ အနှစ်ကို သုံးစွဲလေ"**။ မိမိတို့

http://www.dhammadownload.com



လယ်တီဝိပဿနာ ကျောင်းတိုက်ရဲ့ ဆောင်ပုဒ်အရ အနှစ်သုံးစွဲရမယ်။ မိမိတို့ လယ်တီဝိပဿနာရဲ့ ဆောင်ပုဒ်အရ အနှစ်သုံးစွဲရမယ်ဆိုတဲ့ အတိုင်း ယောဂီများ အနှစ်သုံးစွဲနေရပြီ။

အဲဒီတော့ ဘုရားပိဋကတ်တော်တွေကို စာလာနည်းအားဖြင့် နှစ်ပေါင်းတစ်ရာတိုင်တိုင် (၁၂၆၅-၁၃၆၅) ပိဋကတ်တော်တွေကို ထိန်းသိမ်းပြီး ပို့ချတော်မူကြတဲ့ ဒီခရီးစဉ်တလျှောက် သာသနာ တာဝန်ထမ်းဆောင်လာခဲ့ကြတဲ့၊ သာသနာတာဝန်ထမ်းရာဖြစ်တဲ့။

တစ်နည်းအားဖြင့် ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)ဓမ္မစေတီတော်တို့ရဲ့ တည်ရာဖြစ်တဲ့ "ပခုက္ကူမြို့ မဟာဝိသုတာရာမ" ကျောင်းတိုက်ကြီးကို ဂါထာ(၁)ဂါထာ စီကုံးပြီးရှိခိုးခဲ့ပါတယ်။

**သိရီမဟာသုတာရာမံ ဓမ္မစေတီယအာဝုတ္တံ၊**
**ဓမ္မနိဂ္ဃောသနိန္နာဒံ သိရသာ ဟံသတံ ဝန္ဒေ။ ။**

သိရီ= အသိလိမ္မာ ဉာဏ်ပညာနှင့် ဘုန်းကံတန်ခိုး ကျက်သရေ မင်္ဂလာ အမျိုးမျိုးတို့တည်ရာ ဖြစ်ပေထသော၊ ဓမ္မစေတီယ အာဝုတ္တံ= ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ဓမ္မစေတီတော်မြတ် ပိဋကတ်တို့၏ သီတင်းသုံးရာ ဖြစ်ပေသော၊ ဓမ္မနိဂ္ဃောသနိန္နါဒံ= ရာပေါင်းများစွာသော ရဟန်းတော်အရှင်မြတ်တို့၏ စာပေပို့ချသံ ဥပုသ်ပြုသံ၊ ပရိတ်ရွတ်သံ၊ စာဆိုသံ၊ ပိဋကတ်အသံတော်တို့ဖြင့် ချိန်းဟိန်းနေသော။

မဟာသုတာရာမံ မဟာဝိသုတာရာမံ= မဟာဝိသုတာရာမ နာမည်တော်သမိုက် ကျောင်းတိုက်တော်ကြီးကို(ဝါ) ဓမ္မစေတီတော်များ တည်ရှိလေရာ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်တော်ကြီးကို၊ သိရသာ= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ အဟံ= ဘဒ္ဒန္တဇာဂရဟု နာမမှည့်ခေါ် ဘုရားတပည့်တော် အကျွန်ုပ်သည်၊ သတံ ဝဿသတံ= အနှစ်တစ်ရာ ကာလပတ်လုံး၊ ဓမ္မနိဂ္ဃောသနိန္နါဒံ= တရားအသံတော်တို့ဖြင့် ချိန်းဟိန်း၍နေသော၊ မဟာသုတာရာမံ မဟာဝိသုတာရာမံ= မဟာဝိသုတာရာမ ထင်ရှားမှည့်ခေါ် ကျောင်းတိုက်တော်ကြီးကို၊ အဟံ=

http://www.dhammadownload.com



ကျွန်ုပ်သည်၊ သိရသာ= ဦးခေါင်းဖြင့်၊ ဝန္ဒေ ဝန္ဒာမိ ပဋ္ဌပတိဋ္ဌိတ= ဦးညွှတ်ခလျှက် ရိုသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဓု - သာဓု - သာဓု

**ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကို**
**ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး**
**စတင်တည်ထောင်၍ နှစ်(၁၀၀)တိုင်တိုင်**
**ပို့ချသင်ကြားတော်မူခဲ့ကြသော**
**ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်**
**ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာဇယား**

| ပိဋက | နိကာယ | ပါဠိတော် | | အဋ္ဌကထာ | | ဋီကာ | |
|---|---|---|---|---|---|---|---|
| | | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ |
| သုတ္တန္တ | ဒီဃ | ၃ | ၇၇၉ | ၃ | ၉၉၂ | ၅ | ၁၉၉၂ |
| ။ | မဇ္ဈိမ | ၃ | ၁၂၀၆ | ၄ | ၁၃၆၁ | ၃ | ၁၁၆၀ |
| ။ | သံယုတ္တ | ၃ | ၁၄၅၄ | ၃ | ၉၉၀ | ၂ | ၈၉၆ |
| ။ | အင်္ဂုတ္တရ | ၃ | ၁၆၅၁ | ၃ | ၁၁၇၀ | ၃ | ၁၀၄၄ |
| ဝိနယ | ခုဒ္ဒက | ၅ | ၂၂၆၀ | ၆ | ၂၁၈၅ | ၇ | ၃၁၆၂ |
| အဘိဓမ္မ | ။ | ၁၂ | ၄၉၈၇ | ၂၉ | ၁၄၆၁ | ၃ | ၁၄၅၈ |
| သုတ္တန္တ | ။ | ၁၁ | ၄၄၁၈ | ၂၉ | ၁၁၀၆၅ | ၃ | ၁၅၀၃ |
| | စုစုပေါင်း | ၄၀ | ၁၆၇၅၅ | ၅၁ | ၁၉၂၂၄ | ၂၆ | ၁၁၂၁၅ |

http://www.dhammadownload.com



## သင်္ဂါယနာတင်ပြီး ပိဋက
## ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများ

| ပိဋက | ပါဠိတော် | | အဋ္ဌကထာ | | ဋီကာ | |
|---|---|---|---|---|---|---|
| | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ |
| ဝိနယ | ၅ | ၂၂၆၀ | ၄ | ၁၃၆၀ | ၆ | ၂၆၇၃ |
| သုတ္တန္တ | ၃ | ၇၇၉ | ၃ | ၉၉၂ | ၅ | ၁၉၉၂ |
| အဘိဓမ္မ | ၁၂ | ၄၉၈၇ | ၃ | ၁၄၆၁ | ၃ | ၁၄၅၈ |
| စုစုပေါင်း | ၂၀ | ၈၀၂၆ | ၁၀ | ၃၈၁၃ | ၁၄ | ၆၁၂၃ |

အဲဒီလို ရေစကြိုဘုရားကြီးက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာက စတင်တည်ထောင်ခဲ့တဲ့ ကျောင်းတိုက်တော်ကြီး။ ဆရာတော်ဘုရားကြီးက ပိဋကတ်သုံးပုံ စာပေပို့ချမှုကို အလေးထားတော်မူတယ်။

ဘုန်းကြီးတို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ဒကာဒကာမတွေကို ဟောရေး ပြောရေး အလေးထားတယ်။ စာပေပို့ချမှု ကျမ်းဂန်ပြုမှုမှာလဲ အလေးထားတယ် စာပေပို့ချမှုကို စောစောက အလေးထားတယ်။

နောက်တော့ ကျမ်းဂန်ရေးသားမှုနဲ့ ဒကာ ဒကာမတွေကို တရားဟောမှုတရား ပြသမှုမှာ ပိုပြီးတော့ အလေးထားတော်မူတယ်။ စာပေကျမ်းဂန် ရေးသားမှု အလေးထားတော်မူခဲ့တဲ့အတွက် ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ထွက်ပေါ်စေနိုင်ပါတယ်။

စောစောပိုင်းက စာပေပို့ချပြီးနေတော်မူတယ်ဆိုတာ ရေစကြိုဆရာတော်ဆရာတော်ဘုရားကြီးက သိတော်မူထားတယ်။ နောက်တော့ လယ်တီဆရာတော်ဘုရားကြီးနဲ့ တွေ့ဆုံတယ်။ ရေစကြိုဆရာတော်ဘ

http://www.dhammadownload.com



ဘုရားကြီးက နဲနဲသိက္ခာဝါ ကြီးပုံရတယ်။

"ကိုလယ်တီ စောစောက စာပေပို့ချနေတယ် ကြားလို့ သီးခြား ဩဒိဿ မေတ္တာပို့နေရတယ် အခုတော့ တရားလှည့်ဟောနေတယ်ဆိုလို့ သဗ္ဗေသတ္တာထဲ ထည့်လိုက်ပြီတဲ့"

လယ်တီဆရာတော်ဘုရားက နယ်အနှံ့လှည့်ပြီးတော့ တရား ဟောတော်မူတယ်။ အကျိုးမများလို့တော့ မဟုတ်ပါဘူး။ ရေစကြို ဆရာတော်ဘုရားက ဘာမိန့်ပြန်သလဲဆိုတော့။

"လယ်တီဆရာတော် နယ်လှည့်ပြီးတော့ တရားဟောနေတာ ဟာ အိုးကွဲတွေ ရေလောင်းနေသလိုပါပဲ"။ ကိုယ်တော်က တရားတော့ ဟောပါရဲ့၊ နားကြားသူတွေက နားထဲမှာ ဉာဏ်ထဲမှာ သက်ဝင်အောင် မယူကြလို့ရှိရင် အိုးကွဲရေလောင်းနေတာပဲပေါ့တဲ့။ ဒါကြောင့် တရားနာတဲ့ အခါ အိုးကွဲရေလောင်းသလို မဖြစ်ဘို့ အရေးကြီးပါတယ်။ ဆိုကြပါစို့ သာသနာ တည်ထွန်းခြင်းရဲ့ အရင်းခံ ပိဋကတ်တော်ကပြထားတဲ့ (၆၈)ကြိမ်မြောက် တရားစခန်းမှာ-

## "ခန္တီပရမံ တပေါတိတိက္ခာ"

အရာရာကို သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းသည် မြတ်တဲ့အကျင့် အဓိဝါသနခန္တီကို မွန်မြတ်သော အကျင့်ပါလို့ မြတ်စွာဘုရား မိန့်ကြား ခဲ့တယ်။

အကောင်းလောကဓံတွေ့သော်လဲ စိတ်အားမတက်၊ အဆိုး လောကဓံ တွေ့သော်လဲ စိတ်မပျက် ဉာဏ်သက်ရည်ငံ သည်းခံခြင်းဟာ အဓိဝါသနခန္တီပါပဲ။

အခု(၆၈)ကြိမ်မြောက်တရားအားထုတ်ကြတဲ့ ယောဂီ သူတော်စင်များဟာ အဓိဝါသန ခန္တီမရှိရင် အခုလို(၇)ရက်စခန်း ပြီးမြောက်အောင် တရားအားထုတ်ဖို့ မလွယ်ဘူး

အခုနက ဒကာကြီး ဦးလှကိုကပြောတယ် "ယောဂီများဟာ အစအဆုံး အားထုတ်ကြတဲ့အတွက် အလွန်အားရ ကျေနပ်မိပါတယ်" တဲ့ ထူးခြားတဲ့အချက်ပဲ။ ဒါဘာကြောင့် အားထုတ်နိုင်သလဲဆိုတော့

http://www.dhammadownload.com



အဓိဝါသနခန္တီ ရှိလို့ပါပဲ၊ တပိုတွဲပြည့်နေ့ ဩဝါဒပါတိမောက် အခါ တော်နေ့မှာ ဘုရားရှင်တိုင်းရဲ့ အဆုံးအမဩဝါဒမှာ -

**" ခန္တီပရမံ တပေါ တိတိက္ခာ "**

အကောင်းအဆိုးလောကဓံတွေကို သည်းခံနိုင်တဲ့ အဓိဝါသနခန္တီ အရေးကြီးတယ်တဲ့။ အဲဒီ အဓိဝါသန ခန္တီမရှိလို့ရှိရင် ဒီတရားစခန်းကို ပြီးမြောက်အောင် အားထုတ်နိုင်ဖို့ မလွယ်ဘူး။ ဘုရားစကားတော်က "ခန္တီပရမံ တပေါတိတိက္ခာ" သိပ်ပြီးတော့ အရေးကြီးလို့ပါပဲ။

**သီလ သမာဓိ ပညာနံ၊ ခန္တီ ပဓာန ကာရဏံ။**

သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ရဲ့ အရေးအကြီးဆုံး အကြောင်းအချက်က ဘာလဲဆိုတော့"အဓိဝါသနခန္တီ" အရာရာသည်းခံနိုင်ခြင်းပဲတဲ့။

**သဗ္ဗေပိကုသလာဓမ္မာ၊ ခန္တျာယတ္တာဝ ဝုဍ္ဎရေ၊**

ကုသိုလ်အားလုံးဟာ ခန္တီကို အခြေခံမှ ရရှိနိုင်တယ်။ အဓိဝါသန ခန္တီနဲ့စပ်မှ ကုသိုလ်တွေတိုးပွားနိုင်ကြတယ်။ လောကုတ္တရာတရား အားလျော်တဲ့ ဉာဏ်အမြင်ဟာ အနုလောမခန္တီ။

အဲဒီ အနုလောခန္တီရဲ့ အရကောက်ရင် ဝိပဿနာဉာဏ်ကို အရကောက်ပါတယ်။ အဓိဝါသနခန္တီမရှိရင် အနုလောမခန္တီမဖြစ်နိုင် ပါဘူး။ အဓိဝါသနခန္တီပျက်ရင် အနုလောမခန္တီပျက်သွားနိုင်တာပါပဲ။ အနုလောမခန္တီခေါ်တဲ့ ဝိပဿနာဉာဏ်ကလဲ သုံးမျိုးရှိပါတယ်။

**အနုလောမခန္တီသုံးမျိုး**

၁။ မုဒုကာနုလောမခန္တီ - နူးညံ့တဲ့ ငယ်တဲ့ ဝိပဿနာဉာဏ်အမြင် သမ္မသနဉာဏ်နဲ့ ဥဒယဗ္ဗယဉာဏ်ကိုခေါ်ပါတယ်။ ယောဂီ များ အားထုတ်လို့ တွေ့ခဲ့ကြပါပြီ။ မုဒုကာနုမောမဉာဏ်ခေါ်တဲ့ သမ္မသနဉာဏ်နဲ့ ဥဒယဗ္ဗဉာဏ်(၂)မျိုးဟာလဲ အဓိဝါနသန ခန္တီမရှိရင် မရနိုင်ပါဘူး။

http://www.dhammadownload.com



၂။ မဇ္ဈိမာနုလောမခန္တီ အလတ်စားဖြစ်တဲ့ဝိပဿနာဉာဏ်၊ ဘင်္ဂဉာဏ်ကနေပြီး ပဋိသင်္ခါဉာဏ်အထိကို ခေါ်ပါတယ်။ ယောဂီတို့အားထုတ်ကြလို့ ထိုက်တန်သလောက်ရရှိခဲ့ကြပြီ။

၃။ တိက္ခာနုလောမခန္တီ ထက်တဲ့ ဝိပဿနာဉာဏ် ထက်မြက်တဲ့ ဝိပဿနာဉာဏ်ကို ခေါ်ပါတယ်၊

အဲဒီအထဲမှာ သင်္ခါရုပေက္ခာဉာဏ်မှ အထက်ဉာဏ်များ ထည့်ယူနိုင်ပါတယ်။ ဆိုလိုတာကတော့ "ခန္တီပရမံ တပေါတိသိက္ခာ"ဆိုတဲ့ ပရိယတ္တိ။

လိုက်နာကျင့်ကြံအားထုတ်ခြင်းဆိုတဲ့ ပဋိပတ္တိတရား အဲဒီလို ခန္တီပရမံ တပေါတိသိက္ခာ"ဆိုတဲ့ ဩဝါဒတော်ကြီးကို ဦးထိပ်ရွက်ပန်ဆင်ပြီး ကျင့်ကြံအားထုတ်ခဲ့တဲ့အတွက် အနုလောမခန္တီခေါ်တဲ့ ဝိပဿနာဉာဏ်အဆင့်ဆင့် -

မုဒုကာနုလောမခန္တီ = သမ္မသန + ဥဒယဗ္ဗဉာဏ်
မဇ္ဈိမာနုလောမခန္တီ = ဘင်္ဂမှ - ပဋိသင်္ခါဉာဏ်အထိ
တိက္ခာနုလောမခန္တီ = သင်္ခါရုပေက္ခာဉာဏ်မှ အထက်ဉာဏ်
ဟောအဲဒီ လိုဉာဏ်အဆင့်ဆင့်ကို ရရှိခဲ့ကြတယ်။

ပြောချင်တာကတော့ အဓိဝါသနခန္တီ အရာရာကို ခွင့်လွှတ်ခြင်းဆိုတာကို လက်ကိုင်ထားရှိတဲ့အတွက် အနုလောမဉာဏ်ခေါ်တဲ့ ဝိပဿနာဉာဏ် အဆင့်ဆင့် ရရှိခဲ့တယ်။ ဒီခန္တီမျိုးတွေကို လက်တွေ့ အသုံးချရရှိခဲ့ကြတယ်။

**လုံးဝစကားမပြောရ**

အဲလို လက်တွေ့အသုံးချရရှိအောင်ဆိုပြီးတော့ ဘုန်းကြီးတို့ တရားစခန်းမှာ "စကားလုံးဝမပြောရ" ဆိုတဲ့စည်းကမ်းကို တင်းတင်းကြပ်ကြပ် ထားပြီးတော့ ဖွင့်ခဲ့ပါတယ်။

http://www.dhammadownload.com



အဲဒီလို ဖွင့်ခဲ့တဲ့အတွက် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ဝစီပိတ်ကျင့်ပြီးတော့ တရားရသွားတဲ့ ပုဂ္ဂိုလ်ကလဲ ရှိခဲ့တာကိုး။ အကြောင်းမဲ့ စည်းမျဉ်း စည်းကမ်း ချမှတ်ထားတာ မဟုတ်ပါဘူး။

ဂင်္ဂါတီရမထေရ်ဆိုတာ မြတ်စွာဘုရားလက်ထက်က ဝစီပိတ်ကျင့်ပြီးတော့ တရားရသွားဖူးတယ်။ (၃)နှစ်ဝစီပိတ်ကျင့်ခဲ့တယ်။ ဂင်္ဂါတီရမထေရ်လောင်းလျာဟာ ကမ္ဘာတစ်သိန်းက ပွင့်တော်မူတဲ့ ပဒုမုတ္တရဘုရားလက်ထက်က ရေဒါနရေအလှူပြုခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ဂေါတမရှင်တော်ဘုရားလက်ထက်မှာ ပစ္စည်းဥစ္စာကြွယ်ဝတဲ့ သူကြွယ် ဖြစ်လာတယ်။ တနေ့သောအခါမှာ မိသားစု လူမှုရေးအရှုပ်အထွေးတွေကို စက်ဆုပ်ရွံ့ရှာပြီးတော့ ရဟန်းပြုပြီး ဂင်္ဂါမြစ်ကမ်းမှာ ထန်းရွက်လေး (၃)ရွက်မိုးပြီးတော့ သီတင်းသုံးပါတယ်။ ပံ့သကူသင်္ကန်းလဲ ဆောင်တယ်။

ပထမတစ်နှစ် တရားအားထုတ်တယ်။ "ငါ ရဟန္တာ မဖြစ်မချင်း စကားမပြောဘူး"ဆိုပြီး ပထမတစ်နှစ်ကျင့်လိုက်တာ တစ်နှစ်လုံးစကားမပြောဖြစ်ဘူးတဲ့။

ဒုတိယတစ်နှစ် "ရဟန္တာ မဖြစ်မချင်း စကားမပြောဘူး"လို့ အဓိဋ္ဌာန်နဲ့ဝစီပိတ် ကျင့်ပြီးတော့နေလိုက်တာ။ တစ်နေ့ကျတော့ အမျိုးသမီးတစ်ဦးက "ဒီကိုယ်တော်ကြည့်ရတာ စကားလဲမပြောဘူး။ အ,လို့လား စကားမပြောတတ်လို့လား၊ အကဲခတ်အုံးမှပဲ"ဆိုပြီး ဆွမ်းခံကြွလာတဲ့အခါ သပိတ်ထဲကို နွားနို့တွေလျှံနေအောင် လောင်းထည့်တယ်။

နွားနို့တွေလျှံလာတော့ အရှင်မြတ်က လက်ကာတယ်။ အမျိုးသမီးကလဲ ဆက်လောင်းတယ်။ လက်ကာလို့လဲမရ သပိတ်က လျှံနေတော့ "အလံဘဂိနီ" နှမတော်လောက်ပြီလို့ စကားပြောမိတယ်။

ရှေးအခါက ရဟန်းတော်များက အမျိုးသမီးများကို "ဘဂိနီ" ဆိုတဲ့ အသုံးအနှုန်းသုံးကြပါတယ်။ "တော်လောက်ပြီ"လို့ စကားတစ်လုံး

34(A)

http://www.dhammadownload.com



ပြောမိသွားတယ်။ ဝစီပိတ်ကျင့်တာတော့ ပျက်သွားပြီတဲ့။

နောက်တတိယနှစ် "စကားမပြောတော့ဘူး"လို့ အဓိဋ္ဌာန်ပြီးတော့ ကျင့်ပြန်တယ်။ စကားမပြောပဲနဲ့ သမထတရား၊ ဝိပဿနာတရားကို အားထုတ်လိုက်တာ၊ စကားမပြောပဲနဲ့ သမထတရား၊ ဝိပဿနာတရား အားထုတ်လိုက်တာ တခါထဲရဟန္တာ ဖြစ်သွားတယ်။

ဒါကြောင့် "ဂင်္ဂါတီရ"မထေရ်ရဲ့ထုံး၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ထဲက စကားမပြောပဲ တရားကျင့်တဲ့ထုံးက ရှိခဲ့တယ်။ အဲဒီထုံးကို အသုံးပြုပြီးတော့ ရှေးက ရေငုံဆရာတော် စသည်တို့ ပေါ်ပေါက်ခဲ့ဘူးပါတယ်။ အဲဒီ ရှေးထုံးစဉ်လာကို အသုံးပြုပြီး ဘုန်းကြီးတို့ လယ်တီဝိပဿနာ(၇)ရက် တရားစခန်းမှာ "စကားလုံးဝမပြောရ"ဆိုတဲ့ စည်းမျဉ်းစည်းကမ်းကို ထုတ်ပြန်ထားခဲ့ပါတယ်။

အဲဒီစည်းမျဉ်းစည်းကမ်းကို လိုက်နာပြီးတော့ ယောဂီသူတော်စင်များ(၇)ရက်တိုင်တိုင် တရားအားထုတ်ခဲ့ကြ တာပြီးမြောက်လို့ စောစောက ပြောတဲ့အတိုင်း။

အဓိဝါသနခန္တီအခြေခံပြီးတော့ အနုလောမခန္တီမျိုးကို ရရှိခဲ့ကြတယ်။

**မြတ်နိုးကြရ**

အဲဒီလို ခန္တီမျိုးကို ရရှိခဲ့ကြတာဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဓမ္မစေတီပေါင်း(၈၄၀၀၀)ထည်ရှိနေခြင်းကြောင့် ဖြစ်ပါတယ်။

ဓမ္မစေတီများတည်ရှိတာကို အကြောင်းပြုပြီးတော့ တရားရှင်ဘုရားနှင့် တရားရတနာတို့ဖြင့် လိမ်းကျံအပ်တဲ့ သံဃာရတနာ၊ တရားရတနာများကို ထိန်းသိမ်းတော်မူကြတဲ့ သံဃာတော်များကို ကြည်ညိုကြရတယ်၊

**မာနေန္တိ ဓမ္မ ကာမာယေ၊ ဓမ္မမာဂမ္မ ဒေသကံ၊**
**ဗုဒ္ဓဋ္ဌာမတဒံ သံဃံ၊ ဓမ္မောဇာ မတ လိမ္ပိတံ။ ။**



34(B)

http://www.dhammadownload.com



ယေ= ဖြဟ္မာနတ်လူအကြင်သူတို့သည်၊ ဓမ္မကာမာ= ချမ်းသာဖို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနောရွှင်ပျှ နှစ်လိုကြကုန်သည်ဖြစ်၍။

ဓမ္မံ= သုံးပုံပိဋကတ်ငါးရပ်နိကာယ်ကိုးသွယ် အင်္ဂါဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟု များမြောင်လှစွာသော တရားဒေသနာကို၊ မာနေန္တိ= မြတ်နိုးကြပေကုန်၏။

တေ= ထို ဓမ္မစေတီခေါ် မှတ် ပိဋကတ်တော်မြတ်ကို မြတ်နိုးကြကုန်သော သူတို့သည်၊ ဓမ္မမာဂမ္မ= သံသရာဝဋ်ဖွေ့ ကရွက်ခွေမှ လွတ်စေနိုင်ကြောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍၊ ဒေသကံ= လေးဆယ်နှင့်ငါး ချိန်မြင့်လျားအောင် ဟောကြားတော်မူတတ်သော၊ အမတဒံ= မြိတ်ရည်ချိုဆိမ့် ပီတိငြိမ့်အောင် ဟောမိန့်သာကြူ ပေးသနားတော်မူတတ်ပါပေသော၊ ဗုဒ္ဓဥ္စ= အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရည် တိုက်ကျွေးတော်မူတတ်သည့် ကျေးဇူးကြီးမား တရားသခင် ဘုရားရှင်ကိုလည်းကောင်း၊

ဓမ္မောဇာမတလိမ္ပိတံ= ကိလေသာချေးမြူ ဖွေးဖွေးဖြူ၍ မွေးကြူပြန့်ငြိမ်း အမြိုက်ရည် လိမ်းတော်မူအပ်သော၊ သံဃဉ္စ= ရှစ်ယောက် အရိယာ သံဃာတော်အရှင်မြတ်များကိုလည်းကောင်း၊ သုခုမဉာဏဂေါစရံ= သိမ်မွေ့သော သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သော၊ ဓမ္မစေတီယံ= ဓမ္မစေတီအမည်ရ ဘုရားကိုယ်စား ပိဋကတ်တရားတော်ကို၊

ဝါစကံ ဝါစေန္တံ= ပို့ချတော်မူကြသော (ဝါ)သင်အံပို့ချ ဆောင်ရွက်နာကြား၍နေကြသော၊ သံဃဉ္စ= သာသနာတော်၏ သက်တမ်း ၂၅၀၀ ကျော်အောင် စောင့်ရှောက်တော်မူခဲ့ကြသော ဆရာတော်သံဃာတော် အရှင်မြတ်များကိုလည်းကောင်း၊ မာနေန္တိ= ကျေးဇူးဂုဏ်သိရှိ နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွေ့ပြောင်းပဲ နှစ်ထောင်းအားရ မြတ်နိုးကြည်ညိုကြရပါကုန်သည်တကား။ သာဓု - သာဓု - သာဓု

မိခင်ဇရာဝတီ

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
ပဓာန နာယက
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ
**လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ**
ဟောကြားတော်မူသော
(၇၂)ကြိမ်မြောက်လယ်တီဝိပဿနာ
(၇)ရက်တရားစခန်းဖွင့်ပွဲ

**ရန်ပြေမာန်ပြေတရား**

ယနေ့ သာသနာတော်နှစ် ၂၅၄၈၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ နယုန်လပြည့်၊ ဗုဒ္ဓဟူးနေ့။

ဤနယုန်လပြည့်နေ့ဟာ ဗုဒ္ဓဘုရားရဲ့သမိုင်းမှာ အင်မတန်ထင်ရှားတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၉ နှစ်က ယခုလို နယုန်လပြည့်နေ့ မြတ်စွာဘုရား ဘုရားဖြစ်ခါစကလေးပဲ ရှိပါသေးတယ်။

ဘုရားဖြစ်ပြီးနောက် (၄)ဝါသာ ရှိတဲ့အချိန်လေး၊ ကပိလဝတ်ပြည်နဲ့ ကောလိယပြည် နှစ်ပြည်ထောင်မင်းတို့ 'ရောဟိနီ' မြစ်ရေကို အကြောင်းပြုပြီးတော့ အငြင်းပွားကြတယ်။ ပထမ- စကားနဲ့ နှုတ်နဲ့ အငြင်းပွားတယ်။ ဒုတိယကျတော့ ကိုယ်ထိလက်ရောက် တိုက်မယ် ခိုက်မယ်နဲ့ ဖြစ်နေတဲ့အချိန် မြတ်စွာဘုရား ကြွတော်မူပြီးတော့ ရန်ပြေမာန်ပြေတရားဟောတော်မူပါတယ်။

http://www.dhammadownload.com



အဲဒီလိုဟောတော့ နှစ်ပြည်ထောင်မင်းတို့ ကြည်ညိုပြီး တစ်ဖက်လျှင် မင်းသား (၂၅၀)စီ အပ်နှံကြတယ်။ အပ်နှံလိုက်တော့ မင်းသား (၅၀၀)ရဟန်းပြုကြတယ်။ ရဟန်းပြုကြသော်လဲ ရဟန်းဘဝမှာ မပျော်ပိုက်ကြဘူး။ အဲလိုမပျော်ပိုက်တာကို မြတ်စွာဘုရားက သိတော်မူလို့အဲဒီ ရဟန်း(၅၀၀)ကို ဟိမဝန္တာတောင် ကုဏာလအိုင်ကို ခေါ်ဆောင်သွားခဲ့တယ်။

ကုဏာလအိုင်ရောက်တဲ့အခါ ဂါထာ (၃၀၀)ရှိတဲ့ ကုဏာလဇာတ်တော်ကြီးကို ဟောတော်မူတယ်။ ဂါထာ (၃၀၀)ရှိတဲ့ ကုဏာလဇာတ်တော်ကြီးကို နာကြားလိုက်ရတော့ အရှင်မြတ် (၅၀၀) သောတာပန်တည်သွားကြတယ်။ သောတာပန်ဖြစ်တယ်ဆိုတာ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်နိုင်တာပါပဲ။ သက္ကာယဒိဋ္ဌိ ပယ်နိုင်တဲ့အတွက် အပါယ်တံခါးပိတ်ကြပြီ။

အဲလို ကုဏာလအိုင်ကနေဆက်ပြီးတော့ ကပိလဝတ်ပြည် မဟာဝုန်တောကြွတော်မူကြတယ်။ မဟာဝုန်တော ရောက်တဲ့အခါ အထက်မဂ်ဉာဏ် ဖိုလ်ဉာဏ်များအတွက် မြတ်စွာဘုရားက ကမ္မဋ္ဌာန်းပေးတော်မူတယ်။ ကမ္မဋ္ဌာန်းတရားကို အရှင်မြတ် (၅၀၀) ကြိုးစားလိုက်ကြတာ ယခုလို နယုန်လပြည့်ညဥ့်ရောက်တော့ ပထမဆုံး အကြီးဆုံးဖြစ်တဲ့ အရှင်မြတ်ကြီးက ရဟန္တာ စဖြစ်တယ်။ ရဟန္တာဖြစ်တဲ့အခါ ရဟန္တာဖြစ်တဲ့အကြောင်း မြတ်စွာဘုရားအား လျှောက်ထားဦးမှပဲ ဆိုပြီးတော့ မြတ်စွာဘုရားစီ သွားတယ်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ရဟန္တာဖြစ်ရင် အခြင်းအရာနှစ်မျိုးက ပေါ်ပေါက်စမြဲ။ 'ငါသိတဲ့တရားထူး တရားမြတ်တွေ လောကသားအားလုံး သိပါစေ'ဆိုတဲ့ အချင်းအရာတစ်ခု၊ မိမိတရားထူး တရားမြတ်ရတာကို ရွှေအိုးရသလို သူတစ်ပါးအား အသိမပေးချင်လိုတဲ့ အချင်းအရာတစ်ခု၊ တရားထူးရတာတော့ သူများမပြောချင်ဘူး။ ဒါပေမယ့် မိမိရထားတဲ့ တရားထူးကို နတ်နှင့်တကွသော လောကသားအားလုံး သိစေချင်တယ်၊ ရစေချင်တယ်။

http://www.dhammadownload.com



ဒါ ရဟန္တာအရှင်မြတ်ကြီးများမှာ ဖြစ်ရိုးဖြစ်စဉ်ပါ။ မြတ်စွာဘုရား အား လျှောက်ထားမလို့ ကြွသွားတော့ လူသူလေးပါး ကင်းရှင်းရဲ့ လားလို့ ကြည့်လိုက်တော့ နောက်က အရှင်မြတ်ကြီးတွေကကလဲ ရဟန္တာ ဖြစ်ကြောင်း လျှောက်ထားမလို့ နောက်ကတန်းစီပြီးတော့ ကြွလာ နေကြပြီ။ ငါးရာလုံး ရဟန္တာဖြစ်ကြတာကိုး။

ယခုလို နယုန်လပြည့်နေ့ညဥ့် အဲဒီလို ရဟန္တာချည်း ဖြစ်ကြလို့ လာကြတာချည်း ဖြစ်ကြတော့ မလျှောက်ထား ဖြစ်ကြပါဘူးလေ။ သူတစ်ပါးသိသွားမှာစိုးလို့၊ သို့သော်လဲ မိမိသိထားတဲ့ တရားထူး တရားမြတ်ကိုတော့ လောကသားတွေ သိစေချင်လိုက်တာ၊ သိစေချင် ကြတယ်။ အဲဒီလိုနဲ့ မြတ်စွာဘုရားကို ရှိခိုးပြီးနေကြတယ်။ စကြာဝဠာ ပေါင်းများစွာမှာ ရှိကြတဲ့ နတ်ဗြဟ္မာတွေလဲ ဘုရားရှင်နှင့်တကွ ရဟန္တာပျိုလေး (၅၀၀)ကို ဖူးမျှော်ဖို့ဆိုပြီး ရောက်လာကြတာ။ စကြာဝဠာ ပေါင်းများစွာက နတ်ဗြဟ္မာတွေ ရောက်လာကြတယ်။

ဗြဟ္မာမင်းကြီး (၄)ပါးက နောက်ကျနေတယ်။ အရှေ့အရပ်က ဗြဟ္မာမင်းကြီးတစ်ပါး၊ အနောက်အရပ်ကတစ်ပါး၊ တောင်အရပ်က တစ်ပါး၊ မြောက်အရပ်က တစ်ပါး ရောက်လာကြပြီး မြတ်စွာဘုရားကို ဘာလျှောက်ကြသလဲဆိုတော့-

**မဟာသမယော ဝနသ္မိံ၊ ဒေဝကာယာ သမာဂတာ။**

**အာဂတမှာ ဓမ္မသမယံ၊ ဒက္ခိတာယေ အပရာဇိတ သံဃံ။**

အရှင်မြတ်ဘုရား ဤမဟာဝုန်တောထဲမှာ ကြီးကျယ်ခမ်းနား လှတဲ့ နတ်အစည်းအဝေးပွဲကြီး၊ ဗြဟ္မာအစည်းအဝေးပွဲကြီးပါ၊ ရဟန္တာအရှင်မြတ်ကြီး ငါးရာ၊ ကြီးကျယ်ခမ်းနားလှတဲ့ ပရိတ်သတ်ကြီး ရောမပရိသတ်ကြီး ရောက်ရှိနေပါတယ်ဘုရား။ အဲဒီလို ရောက်လာရ တာလဲ အပရာဇိတသံဃာ၊ ကိလေသာစစ်ပွဲမှာ အရှုံးမရှိတဲ့ အောင်ပွဲရ ရဟန္တာအရှင်မြတ် (၅၀၀)ကို ဖူးမျှော်ဖို့လာကြပါတယ် ဘုရား။ နောက်ဗြဟ္မာကြီးတစ်ပါးက -

http://www.dhammadownload.com



**တတြဘိက္ခဝေါ သမာဒဟံသု၊**
**စိတ္တ မတ္တနော ဥဇုကံအကံသု။**
**သာရထီဝ နေတ္တာနိ ဂဟေတွာ၊**
**ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ။**

အဲဒီ ရဟန္တာအရှင်မြတ်ကြီး ငါးရာတို့ဟာ တည်ကြည်ငြိမ်သက် မလှုပ်ယှက်ပဲနဲ့ စိတ်တည်ကြည် သမာဓိရပြီ။ ရထားထိန်းများဟာ ဇက်ကြိုးကိုင်ပြီးတော့ ရထားကိုထိန်းသလို ဣန္ဒြေထိန်းပြီးတော့ နေကြပါတယ်ဘုရား။ မိမိရဲ့စိတ်ကိုလဲ ဖြောင့်မတ်အောင်ထားနိုင်ကြပါတယ်ဘုရား။ အရှင်မြတ်ငါးရာတို့ဟာ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဣန္ဒြေခြောက်ပါးတို့ကို ထိန်းသိမ်းပြီးတော့ နေကြပါတယ်ဘုရား။ တတိယ ဖြဟ္မာကြီးတစ်ပါးကလဲ လာပြန်ရော။ ဘယ်နှယ်လျှောက်သလဲဆိုတော့-

**ဆေတွာခိလံ ဆေတွာပလိဃံ၊ ဣန္ဒခီလံ ဥဟစ္စ မနေဇာ။**
**တေစရန္တိသုဒ္ဓါ ဝိမလာ၊ စက္ခုမတာ သုဒန္တာသုသုနာဂါ။**

ရာဂါ၊ ဒေါသ၊ မောဟ ဆိုတဲ့ ဆူးညှောင့်ခလုတ်တွေ အဝိဇ္ဇာ မင်းတုံး ချိုးဖဲ့ပြီးတော့ ဣန္ဒြေတွေကို ဆုံးမပြီး ကိလေသာတွေ စင်ကြယ်သန့်ရှင်းပြီး အင်မတန်ယဉ်ယဉ်ကျေးလှတဲ့ ရဟန္တာပျိုတို့ဟာ မြတ်စွာဘုရား ရှေ့တော်မှောက် ရောက်နေကြပါပြီ။ နောက်ဗြဟ္မာမင်းကြီး တစ်ပါးကတော့-

**ယေကေစိ ဗုဒ္ဓံသရဏံ ဂတာသေ၊**
**နတေ ဂမိဿန္တိ အပါယဘူမိံ။**
**ပဟာယ မာနုသံ ဒေဟံ၊**
**ဒေဝကာယံ ပရိပူရေဿန္တိ။**

ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ လူ့ပြည် လူ့ခန္ဓာကိုယ်ပယ်စွန့်ရတဲ့အခါမျိုးမှာ အပါယ်တံခါးပိတ်လို့ နတ်ဘုံ နတ်နန်း နတ်စခန်းတွေ ပြည့်ပါလိမ့်မယ်ဘုရား။ အဲဒီလို အသီးအသီး ဗြဟ္မာမင်းကြီး (၄)ပါးက

http://www.dhammadownload.com



လျှောက်ထားကြတယ်။ အဲဒီဂါထာတွေ ဘုရားရှင်လက်ခံတော့ ဘုရားဟောပင် ဖြစ်သွားတယ်။ လျှောက်ထားပြီးတဲ့အခါ မြတ်စွာဘုရားက လာရောက်ကြတဲ့ နတ်ဗြဟ္မာပရိသတ်ကြီးကလဲ အင်မတန် များတယ်။ များတော့ အချို့နတ်တွေ ဗြဟ္မာတွေက စဉ်းစားတယ်။ တို့လို နတ်အသေးအမွှားလေးတွေကိုတော့ မြတ်စွာဘုရားက နာမည်တောင် သိချင်မှ သိမှာလို့ တွေးနေကြတယ်။ တစ်ခါတစ်ရံ မြတ်စွာဘုရားစီ ဘုရားဖူး သွားတဲ့နတ်တွေ ဗြဟ္မာတွေကလဲ သူတို့ကို ဘယ်သူတို့ဆိုတာ မြတ်စွာဘုရားက သိစေချင်တယ်။ အမှန်က အကုန်သိနေတာပဲ။ ဘုန်းကြီးတို့ ခေတ်မှာလဲပဲ ဆရာတော် တစ်ပါးပါးစီသွားတာ။ အဲဒီ ဆရာတော်က မသိသလိုလုပ်နေရင် တပည့်တော်ဘယ်သူပါဘုရား၊ ဘယ်သူ့သားပါ ဘုရား၊ ဘယ်သူ့သမီးပါ ဘုရား၊ ဘယ်တုံးကလာဘူး ပါတယ်ဘုရား အစရှိသည်ဖြင့် လျှောက်ကြတယ် မဟုတ်လား။

နတ်ဗြဟ္မာ ပရိသတ်ကြီးက အင်မတန်ကြီးမားတော့ မြတ်စွာ ဘုရားက ရှေးဘုရားရှင်တို့ရဲ့ သာသနာတော်မှာ၊ လာလတ့ံ ဘုရားရှင် တို့ရဲ့ သာသနာမှာလဲ ယခုလိုပဲ နတ်ဗြဟ္မာ အစည်းအဝေးတွေ ရှိတယ်။ အဲဒီလို မိန့်ပြီးတော့ မဟာဝုန်တောမှာ ရောက်ရှိလာကြတဲ့ နတ်ဗြဟ္မာတို့ရဲ့ အမျိုးရယ်၊ အနွယ်ရယ် အမျိုးအနွယ်အမည်တွေကိုပါ ဂါထာပေါင်းများစွာ နဲ့ ဂါထာ (၆၈)ဂါထာနဲ့ မိန့်ကြားတော်မူတယ်။

နတ်ဗြဟ္မာတို့ရဲ့နာမည် နတ်ဗြဟ္မာတို့ရဲ့အမျိုး၊ နတ်ဗြဟ္မာ တို့ရဲ့အနွယ်ကို ဘာကြောင့် မြတ်စွာဘုရား မိန့်ရသလဲဆိုတော့-

ဒေဝတာနံ **စိတ္တ ကလ္လတာ ဇနနတ္ထံ** = နတ်ဗြဟ္မာတို့ရဲ့ စိတ်ခန့် ကျန်းအောင် စိတ်သက်သာအောင် မြတ်စွာဘုရား မိန့်တော် မူတယ်။ အဲဒီ နတ်ဗြဟ္မာတို့ရဲ့ ရည်ရွယ်ချက်ကလဲပဲ။

**ပဝုတ္တဇာတိ မခီလံ၊ ဩဃတိဏ္ဏ မနာသဝံ။**
**ဒက္ခေမောဃတရံ နာဂံ၊ စန္ဒံဝ အသိတနာတိဂံ။**

http://www.dhammadownload.com



ဇာတိကုန်ပြီးသား၊ ရာဂဒေါသ မောဟဆိုတဲ့ ညောင့်တွေ ပယ်နှုတ်ပြီးသား၊ အာသဝေါကုန်ပြီးသား ရဟန္တာအရှင်မြတ်ကြီးတွေ၊ လမင်းကြီးကဲ့သို့ အပြစ်ကင်းတဲ့ အရှင်မြတ်တွေ၊ သြဃတိဏ္ဏ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ အဝိဇ္ဇောဃ ဆိုတဲ့ သြဃကို ကူးမြောက်ပြီး ဖြစ်ကြတဲ့ အရှင်မြတ်များကြီးများ တပြိုက်နက် မရှေးမနှောင်း ရဟန္တာဖြစ်တော်မူကြတဲ့ ရဟန္တာအရှင်မြတ်ကြီး (၅၀၀)၊ အာသဝေါကင်းကွာကြတဲ့ ရဟန္တာ (၅၀၀)၊ ရာဂ၊ ဒေါသ၊ မောဟ ခေါ်တဲ့ ဆူးညောင့်ခလုတ် နှုတ်တော်မူကြပြီးတဲ့ ရဟန္တာ(၅၀၀)၊ ဇာတိပယ်ပြီးသား၊ သြဃာလေးပါးမှ လွန်မြောက်ပြီးသား၊ အရှင်တွေကို ဖူးမျှော်ဖို့ လာကြတယ်။ အဲဒီလို လာကြတဲ့အခါ မြတ်စွာဘုရားဖူးရန် လာကြတဲ့ ပရိတ်သတ်တွေထဲ ကြည့်လိုက်တဲ့အခါ ပရိသတ်(၆)မျိုးတွေ့တယ်။

အချို့ပရိတ်သတ်က လောဘ၊ ရာဂများတယ်။ အချို့နတ်ဗြဟ္မာ က ဒေါသများတယ်။ အချို့နတ်ဗြဟ္မာက မောဟများတယ်။ အချို့ နတ်ဗြဟ္မာက အကြံအစည် ဝိတက်များတယ်။ အချို့နတ်ဗြဟ္မာက ယုံကြည်မှုသဒ္ဓါများတယ်။ အချို့နတ်ဗြဟ္မာက အသိအလိမ္မာ ဉာဏ်ပညာ ဓာတ် များတယ်။ နတ်ဗြဟ္မာတွေ ဘယ်လောက်များများ သူ့အုပ်စုနဲ့သူ ပုံလိုက်တဲ့အခါကျတော့ (၆)မျိုးပဲ တွေ့ရပါတယ်။

### နှလုံးသွေးရောင်

ရာဂစရိုက်များတဲ့အခါ အလွန်နီမြန်းတဲ့ နှလုံးသွေးရောင်၊ ပကတိ အတိုင်းမနေပဲ လောဘရာဂများတဲ့အခါ အလွန်နီမြန်းတယ်။ ဒေါသ များတဲ့အခါ နှလုံးသွေးရောင်က မဲတယ်။ မောဟများတဲ့အခါ သားဆေး ရည်လိုပဲ နီဖျော့ဖျော့လေး ဖြစ်သွားတယ်။ အကြံအစည် ဝိတက်များတဲ့ အခါ ပဲပိစပ်ရေလိုပဲ။ ယုံကြည်မှုသဒ္ဓါတရား အားကောင်းလာပြီး ရတနာသုံးပါးအပေါ် ယုံကြည်မှုတွေ အားကောင်းလာတဲ့အခါ ဘုန်းကြီး တို့ရဲ့ နှလုံးသွေးက မဟာလျှေခါးပန်းလိုပဲတဲ့။ အသိဓာတ်, အလိမ္မာဓာတ်

http://www.dhammadownload.com



ပညာ အားကောင်းတဲ့အခါ နှလုံးသွေးအရောင်ဟာ ပွတ်သစ်စ ပတ္တမြားလိုပဲ အလွန်ကြည်လင်ပြီးတောက်ပလာတယ်။

ခြေရာဖြင့် အကဲခတ်နည်းလဲ ရှိပါသေးတယ်။ ဗာဝရီဆရာကြီး၏ တပည့် အဇိတဦးဆောင်သော ရသေ့တို့အား မြင်အောင် အဓိဋ္ဌာန်ဖြင့် ချထားသော မြတ်ဘုရား၏ ခြေတော်ရာကိုမြင်ကြလျှင် ရာဂများသူ၏ ခြေရာသည် အလယ်ကမထိပဲ ရှိတတ်တယ်။ ဒေါသများသူ၏ ခြေရာသည် နောက်သို့ဝင်သကဲ့သို့ ရှိတယ်။ မောဟများသူ၏ ခြေရာသည် ခြေဖျားဖနောင့်တို့ဖြင့် ဖိ၍နင်းသကဲ့သို့ ရှိတယ်။ ယခုတွေ့မြင်ရသော ဤခြေရာကား ကိလေသာအမိုးဖျက်ချိုး ဖွင့်လှစ်ပြီးသူ၊ သဗ္ဗညုမြတ်စွာ ဘုရား၏ ခြေတော်ရာဖြစ်တယ်လို့ ဆုံးဖြတ်ကြ၊ သိကြပါတယ်။

အဲဒီလိုပဲ အချို့ နတ်ပြဟ္မာအပေါင်းတို့ရဲ့ သန္တာန်မှာ ရာဂစရိုက်များတယ်။ အချို့နတ်ပြဟ္မာတွေက ဒေါသစရိုက်များတယ်။ အချို့နတ်ပြဟ္မာတွေက မောဟစရိုက်များတယ်။ အချို့နတ်ပြဟ္မာတွေက အတွေးအတောထူတယ်။ ဝိတက်စရိုက်များတယ်။ အချို့နတ်ပြဟ္မာတွေက ရတနာသုံးပါးအပေါ် ယုံကြည်မှုသဒ္ဓါ အားကောင်းတယ်။ အချို့နတ်ပြဟ္မာတွေက အသိဓာတ် အလိမ္မာဓာတ် ပညာအားကောင်းတယ်။

ဘုန်းကြီးတို့ အခုလယ်တီဝိပဿနာတရား အားထုတ်ကြတဲ့ ပရိသတ်တွေလဲ ဒီအတိုင်းပဲ နေမှာပါပဲ။ အထူးသဖြင့်တော့ မောဟ အားကြီးသူ၊ အတွေးအတောထူတဲ့ ဝိတက်အားကြီးသူတွေ များပါ လိမ့်မယ်။

"အာနာပါန အလျော်ကျ မောဟဝိတက်သာ"

မောဟဆိုတာ သစ္စာလေးပါးတရားကို မသိနိုင်အောင် ဖုံးလွှမ်း တတ်တဲ့ မောဟ၊ မိုက်မဲတတ်တဲ့ မောဟရယ်၊ အကြံအစည် အတွေး အတောတွေ ထူပြောတဲ့ဝိတက်များ နေမယ်ဆိုရင် အာနာပါနကမ္မဋ္ဌာန်း ကို စီးဖြန်းရမယ်။

"အာနာပါန အလျော်ကျ မောဟဝိတက်သာ"

http://www.dhammadownload.com



မြတ်စွာဘုရားက စရိုက် (၆)မျိုးနဲ့ ခွဲခြားပြီးတော့ တရားပေးတော်မူတယ်။ လောဘ, ရာဂ အားကြီးကြတဲ့ နတ်ပြဟ္မာများအတွက် သမ္မာပရိဗ္ဗာဇနိယသုတ္တန်ကို ဟောတော်မူတယ်။ ဒေါသစရိုက် အားကြီးကြတဲ့ နတ်ပြဟ္မာတွေအတွက် ကလဟဝိဝါဒသုတ္တန်ကို ဟောတော်မူပါတယ်။ မောဟစရိုက် အားကြီးကြတဲ့ နတ်ပြဟ္မာတွေအတွက် မဟာဗျူဟသုတ္တန်ကို ဟောတော်မူပါတယ်။ ဝိတက်စရိုက် အားကြီးကြတဲ့ နတ်ပြဟ္မာတွေအတွက် စူဠဗျူဟာ ဒေသနာတော်ကို ဟောကြားတော်မူပါတယ်။ သဒ္ဓါစရိုက်အားကြီးကြတဲ့ နတ်ပြဟ္မာတွေအတွက် တုဝဋ္ဋက သုတ္တန်ကို ဟောကြားတော်မူပါတယ်။

ဒီတုဝဋ္ဋကသုတ္တန်ဒေသနာတော်မြတ်ကို မုံရွာမြို့ အခုဘုန်းကြီးတို့ ဦးသန်းခင်တို့ရဲ့ဆရာ မြို့မရွှေဂူတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးက ဘာသာပြန် ဓမ္မဒါနပြုဖူးပါတယ်။ ဘုန်းကြီးတို့ ကိုရင်ဘဝမှာ တုဝဋ္ဋကသုတ် ဘာသာပြန်ကို ကေသရဝတီတိုက်မှာ ရိုက်တယ်လို့ ဖတ်ဖူးပါတယ်။ အသိဓာတ်, အလိမ္မာဓာတ် ဗုဒ္ဓိစရိုက် ကြီးမားကြတဲ့ နတ်ပြဟ္မာတွေအတွက် ပုရာဘေဒသုတ္တန်ကို ဟောကြားတော်မူပါတယ်။

အဲဒီတော့ မူရင်းနတ်ပြဟ္မာတို့ရဲ့ အမည်၊ အမျိုး၊ အနွယ်တွေကို ဖော်ပြီးတော့ ပြောကြားတဲ့ "မဟာသမယ"သုတ္တန်ကြီး"ရယ်။ စရိုက် (၆)မျိုးနဲ့ အံကိုက်စံညီ ဟောကြားထားတဲ့ မဟာသမယသုတ္တန်က (၆)မျိုး၊ မဟာသမယသုတ္တန်ဟာ (၇)မျိုးရှိပါတယ်။ ဒီ မဟာသမယသုတ္တန် (၇)မျိုးကို ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ပခုက္ကူမြို့ အလယ်တိုက်တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယမဟာထေရ်က မဟာသမယသုတ် (၇)မျိုးကို ရှင်းပြီးရေးသားထားတာ ရှိပါတယ်။ မြန်မာပြည်မှာတော့ မဟာသမယသုတ္တန် ဒေသနာနဲ့ ပတ်သက်လို့ ကျေးဇူးတော်ရှင် ဆရာတော်ရေးသားတဲ့ ကျမ်းလောက်ကောင်းမွန်တာ၊ နားရှင်းတာ မရှိဘူးလို့ ပြောရမှာပါပဲ။

http://www.dhammadownload.com



အဲဒီတော့ စရိုက်(၆)ပါး အားလျော်စွာမြတ်စွာဘုရား တရား ဟောခဲ့သလို အခုတရားပေးတဲ့အခါမှာလဲ စရိုက်ကြည့်ပြီး တရားပေးကြဖို့ သိပ်အရေးကြီးပါတယ်။ သို့သော်လဲပဲ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်တဲ့ မောဟ၊ အတွေးအတောထူပြောတဲ့ ဝိတက် "အာနာပါန အလျော်ကျ မောဟဝိတက်သာ" ဆိုတဲ့အတိုင်းပဲ။

မောဟစရိုက်နဲ့ ဝိတက်စရိုက် ထူပြောတဲ့ပုဂ္ဂိုလ်များအတွက် အာနာပါနကမ္မဋ္ဌာန်းနဲ့ ဆီလျော်တယ်တဲ့။ အခု တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ သစ္စာလေးပါး မသိသေးတဲ့၊ တစ်နည်းအားဖြင့် သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်မရကြသေးတဲ့ ပုဂ္ဂိုလ်များကို အာနာပါနမ္မဋ္ဌာန်းကို ပေးခြင်းဟာ အလွန်ဆီလျော်ပါတယ်။ စရိုက်နဲ့ ကမ္မဋ္ဌာန်း လွဲစရာမရှိပါဘူး။

တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ တစ်ယောက်နဲ့ တစ်ယောက် စိတ်နေစိတ်ထားတွေ မတူကြဘူး။ အတွင်းဓာတ်သားတွေ မတူကြဘူး။ ဒီနေ့ (၇၂)ကြိမ် လယ်တီဝိပဿနာ (၇)ရက် တရားစခန်း ကြိုးပမ်းအားထုတ်ကြတဲ့ ယောဂီတွေဟာ နေ့အားဖြင့် "မဟာသမယ နေ့"။

မဟာသမယ ဆိုတော့ ဒီနေ့ဟာ အင်မတန်ထူးခြားတဲ့နေ့တွေ ထဲမှာ တစ်နေ့အပါအဝင်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရေလုပွဲ ကြီးကို အကြောင်းပြုပြီးတော့ နှစ်ပြည်ထောင်မင်းတွေ စစ်ခင်းတော့မည့် အချိန် မြတ်စွာဘုရားက တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေး ပြီးသည့် စစ်ပြေငြိမ်းစေခဲ့တဲ့နေ့။ ရဟန္တာငါးရာ အရှင်မြတ်များဟာ ဒီနေ့ပဲ ရဟန္တာဖြစ်ကြတာပဲ။ နတ်ပြဟ္မာ ပရိသတ်ကြီးကလဲ အင်မတန်များပြား တယ်။ နတ်ပြဟ္မာအစည်းအဝေးကြီး ဖြစ်ပါတယ်။ ထူးခြားတာက ဂဠုန်နဲ့နဂါး၊ အခါတိုင်းဆိုရင် ဂဠုန်က နဂါးမြင်လို့ကတော့ ဘယ်တော့မှ ချမ်းသာမပေးဘူး။

http://www.dhammadownload.com



တစ်ချိန်က ဗာရာဏသီမြို့ထဲမှာ ပွဲရှိတော့ ဂဠုန်ကလဲ လူယောင်ဆောင်ပြီး ပွဲကြည့်၊ နဂါးကလဲ လူယောင်ဆောင်ပြီး ပွဲကြည့် ကြတယ်။ နတ်နဂါးတွေကိုး။ ပွဲလာကြည့်တော့ ဖြုတ်ဆို ဂဠုန်ကသိလိုက် တယ်။ နဂါးကို သိတာနဲ့လိုက်တာပဲ။ နဂါးကလဲ ပြေးတယ်။ ပြေးရင်းနဲ့ ရသေ့တစ်ပါး သီတင်းသုံးတဲ့ ကျောင်းသခ်ိန်းထဲဝင်ပြီး ရသေ့သင်္ကန်းခြုံပြီး နေလိုက်တာ ဂဠုန်က သင်္ကန်းကြောင့် နဂါးဦးခေါင်း ဦးနှောက်ဖောက် မစားပဲနဲ့ ဘေးမဲ့ပေးခဲ့ဘူးတယ်။

အဲဒီတုန်းကလဲ ဂဠုန်ကနဂါးကို ဘေးမဲ့ပေးခဲ့တယ်။ အခု မဟာသမယသုတ္တန် ဒေသနာဟောကြားတဲ့နေ့မှာလဲ ဟော- နဂါးတွေ၊ ဂဠုန်တွေ အတူလာကြတာ မြတ်စွာဘုရားစီ။ ဘာကြောင့်လဲ **"ဆန္ဒသော အာဂတာ"** ဆန္ဒတူတာ။ ဆန္ဒတူရင် ရန်သူမဟုတ်တော့ဘူး။ ဆန္ဒတူ အောင် ဆောင်ရွက်ကြရတာ။ "ဆန္ဒသော အာဂတာ"။ **အခါတိုင်းဆိုရင်** ဂဠုန်က နဂါးကို ထိုးသုတ်ပြီးတော့ နဂါးဆီကို မျိုလေ့ရှိတာကိုး။ မဟာသမယသုတ္တန် ဟောကြားတဲ့ နတ်ပြဟ္မာန်အစည်းအဝေးမှာတော့ ဘေးမဲ့၊ နဂါးတွေ, ဂဠုန်တွေ ဆန္ဒတူ သဘောကျလို့ မြတ်စွာဘုရားစီ သရဏဂုံ ဆောက်တည်ကြတယ်။ ဒီဖြစ်စဉ်ဟာလဲ ဒီနေ့ပဲ။

မဟာသမယသုတ္တန် (၇)မျိုး ဟောကြားတော်မူတဲ့နေ့လဲ ဖြစ်တယ်။ မြတ်စွာဘုရား ဟောကြားတော်မူသည်ကို နာကြားရတဲ့ အတွက် နတ်ပြဟ္မာများစွာအရိယာဖြစ်ကြတယ်။ မြတ်စွာဘုရား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူတဲ့အတွက်ကြောင့် ငြိမ်းချမ်းရေး ရကြတာကို အာရုံပြုပြီးတော့ မိမိတို့သန္တာန်မှာ ရှိနေတဲ့ လောဘရာဂစရိုက်၊ ဒေါသစရိုက်တွေ၊ မောဟစရိုက်တွေ၊ ဝိတက်စရိုက် ဆိုးတွေ ပပျောက်အောင် အားထုတ်မည့်အချိန် ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ပြောရရင် မိမိတို့ရဲ့ နှလုံးသွေးအရောင်ဟာ တစ်ခါတစ်ရံ ဒေါသဖြစ်လို့ မဲချင်မဲနေမယ်။ တစ်ခါတစ်ရံ လောဘဖြစ်လို့ နီမြန်းချင် နီမြန်းနေမယ်။ တစ်ခါတစ်ရံ မောဟဖြစ်လို့ သားဆေးရေလို

http://www.dhammadownload.com



နီဖျော့ဖျော့ ဖြစ်ချင်ဖြစ်နေမယ်။ တစ်ခါတစ်ရံ ကြံ့စည်းတွေးတောမှု ဝိတက်ဖြစ်လို့ ပဲပိစပ်ရေလို ညိုဖျော့ဖျော့ ဖြစ်ချင်ဖြစ်နေတယ်။ အဲဒီလို မဲနေတဲ့ နှလုံးသွေးရောင်၊ အလွန်နီမြန်းတဲ့ နှလုံးသွေးရောင်၊ နီဖျော့ဖျော့ နှလုံးသွေးရောင်၊ ညိုဖျော့ဖျော့ နှလုံးသွေးရောင်တွေ ပပျောက်ပြီး သဒ္ဓါစရိုက်ကြောင့် မဟာလှေခါးပွင့်ကဲ့သို့ ဝါဝင်းသော နှလုံးသွေးရောင်၊ ဗုဒ္ဓိ (ပညာ)ကြောင့် ပွတ်သစ်စပတ္တမြားကဲ့သို့ ကြည်လင်တောက်ပတဲ့ နှလုံးသွေးရောင်တွေဖြစ်ပြီး နှလုံးသွေးရောင် အရောင်ပြောင်းသွားအောင် တရားများများ အားထုတ်ဖို့ အရေးကြီးပါတယ်။

အဆင့်မြင့် အသိဓာတ် အလိမ္မာဓာတ်ရခြင်းရဲ့ အကြောင်းဖြစ်တဲ့ စိတ်တည်ကြည်ငြိမ်သက် မလှုပ်မယှက်ဖြစ်အောင် အာနာပါနကမ္မဋ္ဌာန်း ကစပြီးတော့ ကမ္မဋ္ဌာနာစရိယဆရာတော်များ ပြသကြတဲ့နည်းနာ နိဿယအတိုင်း ကြိုးစားအားထုတ်ပြီးတော့ မိမိတို့ရဲ့ နှလုံးသွေးရောင်ကို ကောင်းသည်ထက်ကောင်းအောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ် နိုင်ကြပါစေသတည်းလို့ တိုက်တွန်းဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

## ဉာဏဒဿန

ယနေ့ သာသနာတော်နှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက်။

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဝင်ရောက်ပြီး တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ ဝိပဿနာပိုင်းမှာ အားထုတ်နေကြတဲ့ အခါသမယဖြစ်ပါတယ်။ ဝိပဿနာဆိုတာ ဉာဏ်အမြင် တစ်မျိုးပါပဲ။ ဉာဏဒဿနဉာဏ်အမြင်ဟာ စိတ်ဖြာခွဲခြမ်းပြီးကြည့်ရင်

http://www.dhammadownload.com



(၆)ခုရှိပါတယ်။ အဘယ်ဉာဏ်ကို ဉာဏဒဿန ဉာဏ်အမြင်လို့ ဆိုပါသလဲ-

- ဒိဗ္ဗစက္ခုဉာဏ်ကိုလဲ ဉာဏဒဿန၊ စုတေခါနီး သတ္တဝါဘဝ တစ်ခုမှာ အသစ်ဖြစ်မည့် သတ္တဝါတွေကို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခု ဉာဏ်၊ နတ်မျက်စိလိုမြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်မျိုး၊ အဲဒီ ဒိဗ္ဗစက္ခုဉာဏ်ကလဲ ဉာဏဒဿနဉာဏ်အမြင်တစ်မျိုး၊
- ရုပ်တရား နာမ်တရားတွေကို မြင်နိုင်တဲ့ ဝိပဿနာဉာဏ် ကိုလဲ ဉာဏဒဿနဉာဏ်အမြင်တစ်မျိုး၊ ဒီဉာဏ်အမြင်ရရှိ အောင် ဒီနေ့ အားထုတ်နေကြတာ၊
- မဂ်ဉာဏ်ကလဲ ဉာဏဒဿနဉာဏ် အမြင်တစ်မျိုး၊
- ဖိုလ်ဉာဏ်ကလဲ ဉာဏဒဿနဉာဏ် အမြင်တစ်မျိုး၊
- ပစ္စဝေက္ခဏာဉာဏ် ဆင်ခြင်တဲ့ဉာဏ်၊ မိမိသန္တာန်မှာ ကုန်ခမ်းသွားပြီးဖြစ်တဲ့ ကိလေသာတွေ၊ ကျန်နေတဲ့ ကိလေသာတွေ တရားတွေကို ဆင်ခြင်နိုင်တဲ့ ပစ္စဝေက္ခဏာ ဉာဏ်ဟာလဲ ဉာဏဒဿန ဉာဏ်အမြင်တစ်မျိုး၊
- နိဗ္ဗာန်ဟာလဲ ဉာဏဒဿန ဉာဏ်အမြင်တစ်မျိုး၊

အဲဒီလို ဉာဏဒဿနမည်တဲ့ ဉာဏ်အမြင်ဟာ (၆)မျိုး ရှိတော့ အခု ယောဂီသူတော်စင်များ ဝိပဿနာဉာဏ် ရုပ်တရား နာမ်တရား တွေကို နည်းမျိုးစုံနဲ့ မြင်တဲ့ဉာဏ်၊ ဒီဝိပဿနာဉာဏ်သည်လဲ ဉာဏဒဿန။ ဉာဏဒဿနခေါ်တဲ့ ဝိပဿနာဉာဏ်အမြင်ကိုရအောင် သုံးလောကထွဋ်ထား မြတ်ဘုရားအလောင်းတော်ကြီးများလဲ အားထုတ် ခဲ့ကြရတယ်။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်တဲ့အခါ ဘုန်းကြီး တို့ ဂေါတမရှင်တော်ဗုဒ္ဓရဲ့လောင်းလျာဟာ နှစ်ကျိပ်သုံးပါးသော ရှင်တော်ဘုရားထဲမှာ ဘုရား (၉)ဆူ။

35(A)

http://www.dhammadownload.com



၁။ အရှင်ကောဏ္ဍည မြတ်စွာဘုရား၊
၂။ မင်္ဂလ မြတ်စွာဘုရား၊
၃။ သုမေဓ မြတ်စွာဘုရား၊
၄။ သုဇာတ မြတ်စွာဘုရား၊
၅။ ဖုဿ မြတ်စွာဘုရား၊
၆။ ဝေဿဘူ မြတ်စွာဘုရား၊
၇။ ကကုသန် မြတ်စွာဘုရား၊
၈။ ကောဏာဂုံ မြတ်စွာဘုရား၊
၉။ ကဿပ မြတ်စွာဘုရား၊

တို့ ပွင့်ပေါ်ထင်ရှားတဲ့အခါမှာ ရဟန်းဘဝရရှိပြီးတော့ “မဟာဝဇီရဝိပဿနာဉာဏ်”ရောက်အောင် အားထုတ်တော်မူဖူးပါတယ်။ ဂေါတြဘူဉာဏ်နဲ့ တွဲပြီးတော့ ယှဉ်ပြီးတော့ ဖြစ်တဲ့ အနုလောမဉာဏ်ထိအောင် အားထုတ်တယ်။ ဂေါတြဘူဆိုတာ ပုထုဇဉ်အနွယ်ကိုဖြတ်ပြီးတော့ အရိယာနွယ်ကို ကူးတော့မည့်ဉာဏ်ပါ။ ဂေါတြဘူဉာဏ်နဲ့ တွဲယှဉ်ပြီး ဖြစ်တဲ့ အနုလောမဉာဏ်ထိအောင် အလောင်းတော်ကြီး ကြိုးစားပြီး အားထုတ်ခဲ့တယ်။ ဒါကြောင့်-

လေးအသင်္ချေ တစ်သိန်းကျေအောင်
လွန်လေခဲ့လျှင်း ကမ္ဘာတွင်းက
ထွန်းလင်းရွှေဉာဏ် ပွင့်ကြဖန်သား
ငါးမာရ်ပယ်နှိပ် အောင်တံဆိပ်နှင့်
နှစ်ကျိပ်သုံးပါး ရှင်တော်များတွင်
ရှေ့ဖျားနာမ ကောဏ္ဍညနှင့် မင်္ဂလမြတ်စွာ
သုမေဓာ သုဇာတ ဖုဿ ဝေဿဘူ
ကကုသန် ကောဏာဂမန ကဿပတို့
လောကသုံးပါး ပွင့်ထင်ရှားစဉ်
ပယ်ရှားအိမ်ယာ သာသနာသမယ

http://www.dhammadownload.com



ဒုလ္လဘ၌ အရတော်လစ် ရဟန်းဖြစ်၍
ရှင်ချစ်ဘုရား မြတ်(၉)ပါး၏
ထံပါးကပ်ဆည်း ခရမ်းပြီးလျှက်
ခံနည်းရယူ ဂေါတြဘူနှင့်
အတူရှေးရှိ နုလုံထိအောင်
ဝိပဿနာ မဟာဝဇီရ ဉာဏအထူး
လေ့လာဘူးသား ကျေးဇူးဥပ
နိဿယကြောင့်

ဘုရား (၉)ဆူတို့ထံမှ ရဟန်းဘဝနဲ့ ဝရဇိန်ကဲ့သို့ ထက်မြက်တဲ့ မဟာဝဇီရဝိပဿနာဉာဏ်ကြီးကို ရရှိအောင် လေ့လာခဲ့တဲ့ ဥပနိဿယ ပစ္စည်းက ကျေးဇူးပြုတဲ့အတွက် -

ဘဝယုတ်မြတ် လူနတ်တိရစ္ဆာန်
သဏ္ဌာန်ထိုထို ဖြစ်ရာကိုယ်၌

ယုတ်တဲ့ဘဝ, မြတ်တဲ့ဘဝ, လူ့ဘဝ, နတ်ဘဝ, တိရစ္ဆာန်ဘဝ အမျိုးမျိုးနဲ့ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝမှာ-

လိုလိုလည်းကောင်း ဗောဓိလောင်းတို့
အကြောင်းအကျိုး ကောင်းနှင့်ဆိုးကို
ထိုးထိုးထွင်းထွင်း ဆရာကင်းလဲ
သိချင်းတံထွာ ဓမ္မတာသည်
မဟာသိဒ္ဓိ ဉာဏ်ကြီးတည်း။

အလောင်းတော်ကြီးဟာ တိရစ္ဆာန်ဘဝရောက်လဲ အခြား တိရစ္ဆာန်နဲ့တော့ မတူဘူး။ လူ့ဘဝရောက်လဲ အခြားလူတွေနဲ့တော့ မတူဘူး။ အကျိုးအကြောင်း အဆိုးအကောင်း နှိုင်းယှဉ်နိုင်တဲ့ အသိဉာဏ် ဟာ ထူးခြားတယ်။ ကျေးငှက်ကလေးဘဝရောက်လဲ အခြားကျေးငှက် တွေနဲ့ မတူဘူး။ ခွေးဘဝရောက်လဲ အခြားခွေးတွေနဲ့ မတူ၊ ငါးရံ့ဘဝ ရောက်ပြန်တော့လဲ ငါးရံ့မင်းပရိတ် ကြည့်ပါလား။

36(A)

http://www.dhammadownload.com



**ကေနနုခေါ ဥပါယေန၊ ဉာတီ ဒုက္ခာ ပမောစယီ။**

ငါးရံ့မင်းကြီးဖြစ်တဲ့အခါမှာ မိုးတွေခေါင်လို့ ရွှံ့ညွှန့်တွေထဲမှာ ခေါင်းစိုက်ပြီးတော့ နေရတဲ့အချိန် ဘယ်နည်းနဲ့များ ဆွေတော်မျိုးတော်တွေ ဒီဒုက္ခကလွတ်အောင် ရှုန်းပေးရပါ့မလဲလို့ ဆိုပြီး အလောင်းတော်ကြီးစဉ်းစားတယ် ငါးရံ့မင်းဘဝပဲ။ ငါးရံ့မင်းပရိတ်ကြောင့် ဆွေတော်မျိုးတော်တွေ ချမ်းသာကြတယ်။

ဆိုလိုတာက ဝိပဿနာဉာဏ်အဆင့်ဆင့် အခုယောဂီသူတော်စင်များ အားထုတ်နေကြတယ်။ အားထုတ်ကြတာ တစ်ဘဝနဲ့ ပြီးရော့လားဆိုတော့ ဒီလိုတော့လဲ ပြီးမှာမဟုတ်ဘူး။ ဉာဏ်အဆင့်ဆင့် ရအောင် ဒီဘဝလဲအားထုတ်တယ်။ ဒီဘဝကနေ တွန်းပို့လိုက်တဲ့ အရှိန်အဝါကြောင့် နောက်ဘဝတွေလဲ အားထုတ်ဖြစ်တယ်။ မြန်မြန် အသိဉာဏ်ရမယ်။

ဝိပဿနာအဆင့်ဆင့် ရင့်ကျက်ပြီးသွားတဲ့အခါကျတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ ဉာဏ်ထူး ဉာဏ်မြတ် ရရှိသွားနိုင်တယ်။ ဒါကြောင့်မို့ ယနေ့ ယောဂီသူတော်စင်များ အားထုတ်နေတဲ့ဉာဏ်ဟာ ရုပ်တရား နာမ်တရားတွေကို ဆင်ခြင်ပြီးတော့နေတဲ့ ဝိပဿနာဉာဏ် အဆင့်ဆင့် ဖြစ်ပါတယ်။ "သမ္မာသန ဉာဏ်အစ ထင်ကြ သင့်လှပြီ"။ သမ္မသနဉာဏ်ကစပြီးတော့ ရှုသင့်ပွားသင့်ပါတယ်။

ဘုရားရှင်ရဲ့သာသနာနဲ့ ကြုံမှသာလျှင် အားထုတ်ခွင့်ရကြတာ။ ကမ္ဘာ့လူထုကြီး ဘုရားရှင်သာသနာနဲ့ ကြုံတဲ့သူက နည်းနည်းလေး ရှိတာ။ အားထုတ်ခွင့်ရကြတော့ "ခန္ဓာဒိနည်း ဖွဲ့စည်းပြီးက သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်" ခန္ဓာ အာယတန ဓာတ် သစ္စာတွေ ဖွဲ့ပြီးတော့ လက္ခဏာ ယာဉ်သုံးပါးနဲ့ သုံးသပ်ကြတယ်။ သုံးသပ်တဲ့အခါ-

http://www.dhammadownload.com



**သမ္မသနည်း (၄)နည်း**

ကလာပသမ္မသနနည်း။ ရုပ်တရား နာမ်တရားတွေကို အပေါင်းရှုတဲ့နည်း။ အဒ္ဓါနသမ္မသနည်း ရုပ်နာမ်တွေကို ကာလသုံးပါးနဲ့ ရှုပွားတဲ့နည်း။ အတိတ်ကာလမှာဖြစ်တဲ့ ရုပ်တရား နာမ်တရားတို့သည် ပစ္စုပ္ပန်ကာလမှာ မရှိတော့ဘူး။ ပစ္စုပ္ပန်ကာလ ရုပ်တရား နာမ်တရားတို့သည် အနာဂါတ်မှာ မရှိတော့ဘူး အစရှိသည်ဖြင့် ရှုတဲ့ အဒ္ဓါနသမ္မသနနည်း။ သန္တတိ သမ္မသနည်း။ ပူတဲ့နေရာသွားတော့ ပူတဲ့ရုပ်ဟာ အေးတဲ့နေရာသွားတဲ့အခါ ပျောက်သွားပြီ။ ထမင်းဆာနေတဲ့ရုပ် ထမင်းစားပြီးတဲ့အခါ ဒီရုပ်အစဉ်ဟာ ပျောက်သွားပြီ။ စိတ်ဆိုးတဲ့အတွက်ကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်သဏ္ဍာန် ရုပ်အစဉ်ဟာလဲ စိတ်ပြေသွားတဲ့အခါ ပျောက်သွားပြီ။ သဏ္ဍာန်အစဉ်အားဖြင့်လဲ သုံးသပ်ကြရတယ်။

ဥပါဒ်၊ ဌီ၊ ဘင် ခဏငယ် (၃)ချက်၊ ဖြစ်တည်ပျက် ခဏိက သမ္မသနနည်း။ ဒီနည်းကတော့ ဘုရားရှင်များသာ သုံးသပ်နိုင်တယ်။ ဒါကြောင့် ဥပါဒ် ဌီ ဘင်မြင်ဖို့ရာ အင်မတန်ခက်ပါတယ်။ ကလာပသမ္မသနနည်းဖြင့် ရုပ်အပေါင်း နာမ်အပေါင်းအားလုံးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ခံစား ခံစားမှုအားလုံးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ရှုပါ။

အခု လယ်တီဝိပဿနာတရားစခန်းမှာ ပေါင်းရှုတာလဲ ရှုခဲ့ကြပြီ။ အတိတ် ပစ္စုပ္ပန် အနာဂါတ် ကာလအားဖြင့် ရှုပွားတဲ့နည်း၊ အဒ္ဓါနသမ္မသနနည်းလဲ ရှုပွားခဲ့ကြပြီ။ သန္တတိသမ္မသနနည်း အေးတဲ့အခါမှာ ဖြစ်နေတဲ့ ရုပ်အစဉ်၊ ပူတဲ့အခါမှာ ဖြစ်နေတဲ့ ရုပ်အစဉ် အစရှိသဖြင့် ရှုပွားခဲ့ကြပြီ။ သမ္မသနဉာဏ် ရုပ်တရား, နာမ်တရားတို့ကို သုံးသပ်တဲ့နည်း (၄)မျိုးထဲမှ (၃)မျိုးနဲ့ အဓိကထားပြီးတော့ အားထုတ်ခဲ့ကြပြီ။

ရုပ်တရား, နာမ်တရားတို့ရဲ့ ဥပါဒ် ဌီ ဘင်ဆိုတဲ့နေရာမှာ ဥပါဒ်ကို မြင်မှ ဌီကိုမြင်မှ ဘင်ကိုမြင်မှ ဝိပဿနာဉာဏ်ဖြစ်မယ်လို့ မဟုတ်ပါဘူး။ ခဏိကသမ္မသနနည်းအားဖြင့် သုံးသပ်တဲ့နည်းကတော့ ဘုရားရှင်တို့ရဲ့

http://www.dhammadownload.com



သုံးသပ်တဲ့နည်းလို့ ပြောကြရမှာပေါ့။ သမ္မသနနည်း ကစပြီး ဉာဏ်စဉ်တွေ အဆင့်ဆင့်ရရှိပြီးလာတော့ အရေးအကြီးဆုံးက သမ္မသနဉာဏ် ရုပ်တရား နာမ်တရားတွေကို လက္ခဏာယာဉ် (၃)ပါးနဲ့ ရှုပွားတဲ့ဉာဏ်ကတော့ အခြေခံကျပါတယ်။ ဒီဉာဏ်ကိုလဲ မိမိတို့သန္တာန်မှ ရရှိအောင် အားထုတ်ခဲ့ကြပြီ။

အလောင်းတော်ကြီးများ ဘဝပေါင်းများစွာ ဘဝပေါင်းများစွာ ဝိပဿနာဉာဏ်အဆင့်ဆင့် ရရှိအောင် အားထုတ်ကြသလိုပဲ။ မိမိတို့မှာလဲ ဉာဏ်အဆင့်ဆင့်ရရှိအောင် အားထုတ်ခဲ့ကြပြီ။ ဒါကြောင့် ပထမဆုံးသမ္မသနဉာဏ် ယောဂီတို့မှာ ဖြစ်ပွားခဲ့တယ်ဆိုက ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းဖို့ရာ ဖြစ်ပေါ်တာပဲ။

**တေဘူမကသင်္ခါရေသု၊ ပဿတော လက္ခဏတ္တယံ။**
**သမ္မသန နာမံဉာဏံ၊ ဇာတံ ပထမ ယောဂိနော။**

တေဘူမကသင်္ခါရေသု= ကာမရူပ အရူပတွင် ပါဝင်သမျှ သင်္ခါရတရားတို့၌၊ လက္ခဏတ္တယံ= မမြဲနိုင်လစ် ကြောက်ဖွယ်ဖြစ်နှင့် အနှစ်မဲ့သား အနိစ္စလက္ခယာဉ်, ဒုက္ခလက္ခယာဉ်, အနတ္တလက္ခဏယာဉ် သုံးပါးကို၊ ပဿတော= နည်းအဖုံဖုံ ကုန်အောင်စုံမျှ တလုံလဲလဲ ထင်မြင်စွဲအောင် ဆင်ခြင်၍နေသော၊ ပထမယောဂိနော= ပထမပင် အစထွင်၍ အစဉ်ကြိုးကုတ် အားထုတ်သော ယောဂီအား၊ သမ္မသနနာမံဉာဏံ= သမ္မသနအမည်ရလျှက် သင်္ခါရတွင်း ဉာဏ်အလင်းသည်၊ ဇာတံ= ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းဖို့ ကိန်းအားလျှော်စွာ ဖြစ်ပေါ်၍လာပေသတည်း။ ရုပ်တရား၊ နာမ်တရားတို့အပေါ် လက္ခဏာတင်ပြီး အားထုတ်သော ယောဂီအား ပထမဆုံး သမ္မသနဉာဏ်ဖြစ်ခဲ့တယ်။ အဲဒီ သမ္မသနဉာဏ်သည် ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းပြီးတော့ ကိန်းအားလျှော်စွာ ဖြစ်ပေါ်ခဲ့တယ်လို့ ဒီလိုယုံကြည်ကြတယ်။

ရှေးရှေးအလောင်းတော်ကြီးများ အားထုတ်ခဲ့ကြတဲ့ ဝိပဿနာဉာဏ် အလောင်းတော်ကြီးများအားထုတ်တဲ့ မဟာဝဇီရဉာဏ်၊ အဲဒီ

http://www.dhammadownload.com



ဉာဏ်ထူး ဉာဏ်မြတ်ကြီးကို ရရှိအောင် အားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့ ယနေ့ (၆)ရက်ပြည့်မြောက်လို့ လယ်တီ ဝိပဿနာ(၇)ရက် တရားစခန်းပြီးစီးအောင်မြင်ဖို့ အချိန်နီးကပ်ပြီးတော့ လာခဲ့ကြပြီ။ အဲဒီလို အားထုတ်ခွင့်ရနေကြတဲ့အတွက်ကြောင့်မို့ မိမိတို့လမ်းစဉ်ကြီးသည် ဘုရားအလောင်းအလျာ အဂ္ဂသာဝက မဟာသာဝက အရှင်မြတ်ကြီးတို့ရဲ့ လမ်းစဉ်ကြီးကို တို့တတွေလိုက်ပြီး တော့ အားထုတ်ရတယ်။

ဝမ်းပန်းတသာ ကျေကျေနပ်နပ်နဲ့ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တို့ကို ဆက်လက်ပြီးတော့ အားထုတ်ကြိုးစားနိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**အောင်ပွဲ**

ယနေ့ သာသနာတော်နှစ် ၂၅၄၈ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် (၈)ရက်နေ့။ (၇၂)ကြိမ်မြောက် လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းပြီး အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ မိမိတို့ ယခုအားထုတ်နေတာသည် အဘိညေယျတရား၊ ထူးခြားသောဉာဏ်ဖြင့် သိအပ်သောတရား၊ ပိုင်းခြား၍သိအပ်သော တရားတွေကို ထူးခြားသောဉာဏ်ဖြင့် သိဖို့၊ ပိုင်းခြား၍သိဖို့ပါပဲ။ အဲဒီတရားတွေက ဘယ်နှစ်မျိုးလဲဆိုတော့ (၇၂)မျိုး ရှိပါတယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ပရမတ္ထတရား (၄)ပါးတို့သည် ထင်ရှားရှိတဲ့အတွက်ကြောင့်မို့ သိအပ်တဲ့တရားတွေ သူ့လက္ခဏာနဲ့သူ။ အဲဒီ ပရမတ္ထတရား (၄)ပါးထဲက စိတ်အကျဉ်း (၈၉) အကျယ် (၁၂၁)ကို အာရုံကို သိတတ်တဲ့ လက္ခဏာချင်းတူရာ ပေါင်းပြီးတော့ စိတ်အားလုံးကို

http://www.dhammadownload.com



တစ်ပါးတစ်ခုယူ၍ ဖဿ ဝေဒနာစသော စေတသိက် (၅၂)ပါး၊ ရုပ် (၂၈)ပါးထဲက တရားရှုရမည့် ရုပ်က (၁၈)ပါး။

ပရိစ္ဆေဒတို့လို ရုပ်များကတော့ သမ္မသနရုပ်ထဲ မပါဘူး။ သမ္မသနရုပ်ဆိုတာ မိမိဉာဏ်နဲ့ သုံးသပ်ရမည့် ရုပ်။ အဲဒီရုပ်ထဲ မပါတဲ့ ရုပ်က (၁၀)ပါးရှိတယ်။ အဲဒီ (၁၀)ပါးကို ဖယ်လိုက်တော့ ရုပ်က (၁၈)ပါး၊ အဲဒီ ရုပ်(၁၈)ပါးက သမ္မသနရုပ်တဲ့။ အနိစ္စ အစရှိတဲ့ အချက်အလက်တွေနဲ့ သုံးသပ်ရတယ်။ ပြီးတော့ နိဗ္ဗာန်။

ဒါကြောင့် "နာမ် တေပညာ ရုပ် နိပ္ဖန် နိဗ္ဗာန် ယူဘိ ဒွါသတ္တတိ" ဆိုတဲ့ (၇၂)ပါးသော တရားတွေဟာ ယောဂီများသိရမည့် အဘိညေယျ တရားတွေ ဖြစ်ပါတယ်။ အဲဒီ အဘိညေယျတရား (၇၂)ပါးတို့ကို သိအောင် အခုတရားအားထုတ်ကြရတာ။ အဲဒီ တရားတွေကိုမြင်အောင် စိတ်နဲ့ပတ်သက်လို့ အခြေအနေကိုသိအောင်၊ စိတ်မှာမှီတွယ်နေတဲ့ စေတသိက်တွေနဲ့ ပတ်သက်လို့ အခြေအနေကိုသိအောင် အဖြစ်မှန်ကို သိအောင် အားထုတ်ကြရတာ။ ရုပ် (၂၈)ပါးထဲက ရုပ် (၁၈)ပါးတို့ရဲ့ အခြေအနေမှန်ကိုသိအောင် အားထုတ်ကြရတာ။ နိဗ္ဗာန်ရဲ့ သဘော သဘာဝကိုသိအောင် ဥပသမာနုဿတိ ပွားများအားထုတ်ကြရတာ။

ဒါကြောင့် သိရမည့် (၇၂)ပါးတို့ကို သိအောင်ဆိုပြီးတော့ လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်းကို ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီ များကို အားပေးချီးမြှောက်သော အနေအားဖြင့် မိမိတို့ကြည်ညိုတဲ့ သာသနာ၊ မိမိတို့အားထုတ်တဲ့ အကျင့်လမ်းစဉ်၊ မိမိတို့ ကြည်ညိုတဲ့ သာသနာသည် မြတ်ဗုဒ္ဓသာသနာ၊ အားထုတ်နေတဲ့ လမ်းစဉ်သည် အဲဒီဗုဒ္ဓရဲ့လမ်းစဉ်၊ ဗုဒ္ဓရဲ့လမ်းစဉ်ဆိုတော့ ယုံကြည် ကိုးစားလောက်တဲ့ အချက်အလက်တွေ ဘုန်းကြီးတို့စာပေမှာ များစွာရှိတယ်။

အသိထူး အမြင်ထူးရှိတဲ့ ပုဂ္ဂိုလ်ကြီးလို့ ယုံကြည်လောက်တဲ့ အထောက်အထားတွေများစွာ ရှိတယ်။ ဆိုကြပါစို့ သုတ္တန်နိပါတ် ဟိရီသုတ္တန်မှာ ရသေ့တစ်ပါး လူ့ဘဝမှာ ချမ်းချမ်းသာသာ ပစ္စည်းမနေ

http://www.dhammadownload.com



ပြည့်ပြည့်စုံစုံနဲ့နေပြီး ဟိမဝန္တာတော ထွက်ခဲ့တယ်။ တောထွက် ပြီးတော့ ရသေ့(၈)မျိုးထဲက ကြွေကျတဲ့အသီးအရွက်ကိုသာ စားတဲ့ ရသေ့ဆိုတော့ ရသေ့ထဲမှာတော့ မွန်မြတ်တဲ့ရသေ့ပါ။ အဲဒီရသေ့က မြတ်စွာဘုရားကို ဘုရားဟုတ်, မဟုတ် မေးခွန်းလေးခု မေးပါတယ်။ မေးတာက နှုတ်နဲ့ မြွက်ပြီးတော့ မေးတာမဟုတ်ဘူး။ စိတ်နဲ့မေးတာ။ ဘာတွေ မေးသလဲ ဆိုတော့-

၁။ အဘယ်သို့သော မိတ်ဆွေကို မပေါင်းသင်းအပ်၊ မဆက်ဆံအပ်ပါသနည်း။

၂။ အဘယ်သို့သော မိတ်ဆွေကို ပေါင်းသင်းအပ်၊ ဆက်ဆံအပ်ပါသနည်း။

၃။ အဘယ်သို့သော အားထုတ်ခြင်းမျိုးကို အားထုတ်အပ်ပါသနည်း။

၄။ အဘယ်အရသာသည် အမြတ်ဆုံးအရသာဖြစ်ပါသနည်း။

မေးခွန်း (၄)ခုကို စိတ်နဲ့မေးတာ၊ ဘုရားမှန်, မမှန်ကို စစ်တမ်းထုတ်တာပါပဲ။

အဘယ်သို့သော မိတ်ဆွေကို မပေါင်းသင်းအပ်၊ မမှီဝဲအပ်ပါသနည်း။ အရှက်တရားကင်းမဲ့သူကို မပေါင်းနဲ့။ အရှက်မရှိသူဆိုတာ ဒုစရိုက်တရားတွေကို ပြုရမှာ မရှက်ဘူး။ အဲဒီလူကို မပေါင်းနဲ့။

နောက်တစ်ခုက ငါ မင်းရဲ့မိတ်ဆွေပါလို့ ပြောပြပြီး မိမိရဲ့ဆောင်ရွက်ဖွယ်တွေကို ဆောင်ရွက်မပေးဘူး။ နောက်တစ်ယောက်ကတော့ နှုတ်ကသာချိုတယ်။ ကိုယ်မပါဘူး။ နောက်တစ်ယောက်က ဘယ်လိုလူလဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ကွဲပြားမှုကို ဘယ်တော့မျှား ဒီလူနဲ့ငါနဲ့ ခွာပြဲမလဲမသိဘူး။ သံသယလေးနဲ့ ဆက်ဆံနေတဲ့လူ။ နောက်တစ်ယောက်က မှားကွက်ရှာနေတဲ့လူ အဲဒီ လူမျှား မပေါင်းနဲ့။ မြတ်စွာဘုရားက တောက်လျှောက်ဖြေတယ်။

http://www.dhammadownload.com



အဘယ်သို့သော မိတ်ဆွေကို ပေါင်းအပ်၊ ဆက်ဆံအပ်ပါသလဲ။

မိမိအပေါ် သံသယမရှိ၊ လေးနက်စွာထစ် ယုံကြည်စိတ်ချပြီးတော့ ဆက်ဆံသူ၊ နောက်တစ်ယောက်က ရန်သူတစ်ယောက်က အပြစ်ရှာထောင်ပြပြီးတော့ စိတ်ဝမ်းကွဲအောင် လုပ်သော်လဲ မကွဲပြားတဲ့ မိတ်ဆွေ၊ အဲဒီ မိတ်ဆွေမျိုးကို ပေါင်းသင်းဆက်ဆံပေတော့။

အဘယ်သို့သော အားထုတ်ခြင်းမျိုးကို အားထုတ်ရပါမည်လဲလို့ မေးတဲ့အခါ ဝမ်းမြောက်ဖွယ်ဖြစ်ပြီးတော့ ချမ်းသာဆောင်ရွက်တတ်တဲ့ လုံ့လမျိုးကို ပြုရမယ်။ ဝမ်းသာဖွယ်လဲ ဖြစ်တယ်။ ဝမ်းမြောက်ဖွယ်လဲ ဖြစ်တယ်။ ချမ်းသာကိုလဲ ဆောင်တယ်။ အဲဒီ လုံ့လဝီရိယကို အားထုတ်ရမည်။

အခု ယောဂီသူတော်စင်များ (၇၂)ကြိမ်မြောက် သမထ၊ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်ခဲ့ကြတယ်။ ဝမ်းမြောက်ဖွယ်လဲ ဖြစ်တယ်။ ချမ်းသာလဲဆောင်တယ်။ အားထုတ်လာခဲ့တာ အစတစ်ရက် အားထုတ်တာနဲ့ မတူဘူး။ အားမထုတ်ခင်ကနဲ့ မတူဘူး။ (၇)ရက် အားထုတ်လိုက်တော့ တစ်သက်တစ်ခါ မမြင်ဖူးတဲ့ တရားတွေ မြင်ပြီ။ ထိုက်တန်သလောက် မြင်ပြီးသား ပုဂ္ဂိုလ်များကျတော့လဲ အရင်တစ်ခါနဲ့မတူဘူး။ ဒီတခါ တရားသားတွေ ပိုတက်လို့ အသိဉာဏ်တွေ ပိုရှင်းလာတယ်။ ဝမ်းမြောက်ဖွယ်လဲ ဖြစ်တယ်။ချမ်းသာဆောင်တယ်ဆိုတာ တရားရဲ့သဘောအတိုင်းပါပဲ။ တရားရဲ့သဘောအရ အကျိုးရကြတာ ဘာမှအထူးပြောစရာပင် မရှိတော့ဘူး။

အဘယ်အရသာသည် အမြတ်ဆုံးအရသာပါလဲ။

အရဟတ္တဖိုလ်အရသာဟာ အမြတ်ဆုံးပါပဲ။ အရဟတ္တဖိုလ်အရသာဟာ အကောင်းဆုံးအရသာ ဖြစ်တယ်။ အရဟတ္တဖိုလ်အရသာသည် ပဝိဝေကရသ= တစ်ယောက်တည်းခွဲခွာပြီးတော့ ဆိတ်ငြိမ်မှုရယူပြီးတော့မှ ရရှိအပ်တဲ့အရသာမျိုး။ ဥပသမရသ= လောဘ ဒေါသ အစရှိတဲ့ တရားတွေ ငြိမ်းပြီးမှ ရတဲ့အရသာမျိုး။ ဓမ္မပီတိ=

http://www.dhammadownload.com



တရားအားလျှော်တဲ့ တရားကြောင့်ရတဲ့ ပီတိမျိုး။ အဲဒီလို ပဝိဝေကရသ၊ ဥပသမရသ၊ ဓမ္မပီတိလို့ ခေါ်ဆိုရတဲ့ အရဟတ္တဖိုလ် အရသာသည် အမြတ်ဆုံး အရသာ။

သာကီဝင်မင်းသား (၇)ယောက် အရှင်အာနန္ဒာနှင့် ဒေဝဒတ်တို့ အပါအဝင် ရဟန်းပြုလာကြတော့ တစ်ယောက်သော သာကီဝင် ဘဒ္ဒိယက တောထဲမှာတရားအားထုတ်လို့ တစ်နေ့ကျတော့ အရဟတ္တဖိုလ်ဆိုတဲ့ တရားထူးရရှိတဲ့အခါ "အဟောသုခံ၊ အဟောသုခံ" သြော်- ချမ်းသာပါလေစွ၊ ချမ်းသာပါလေစွဲ့လို့ နေရာတိုင်းမှာ အဟောသုခံ၊ အဟောသုခံလို့ ဝမ်းမြောက်စကား ကျူးရင့်တယ်ဆိုပဲ။ ဟိုတုန်းက အလှည့်ကျရှင်ဘုရင်ရဲ့ ချမ်းသာကို ပြန်သတိရ မက်မော နေတယ်လို့ ထင်နေကြပေမည့်၊ အရှင်မြတ်ကတော့ ပဝိဝေကရသ၊ ဥပသမရသ၊ ဓမ္မပီတိမျိုးကို ရရှိပြီး အဟောသုခံ၊ အဟောသုခံလို့ ဥဒါန်းကျူးရင့်နိုင်တာပါ။

မြတ်စွာဘုရားက တရားထူးရလို့ ဥဒါန်းကျူးတာအမှန်ပဲလို့ မိန့်တော်မူပါတယ်။ အဲဒီတော့ ဘုန်းကြီးတို့ (၇၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းမှာလဲ (၇၂)ပါးသော တရားတို့ကို သဘောသဘာဝနှင့်တကွ သိရှိတာကို တရားပေါက်တယ်၊ တရား မြင်တယ်လို့ ခေါ်တာပါပဲ။ စောစောကပြောတဲ့ မထေရ်မြတ်ကြီး တောထဲ၊ တောင်ထဲမှာ "အဟောသုခံ" ချမ်းသာပါလေစွ၊ ချမ်းသာပါလေစွ၊ သြော်။ ဒီလို ဥဒါန်းကျူးနိုင်တာဟာလဲ ဒီတရားတွေကို သိလို့ပါပဲ။ ဒါကြောင့် တရားအရသာထဲမှာ အရဟတ္တဖိုလ်ဆိုတဲ့ တရားအရသာဟာ အကောင်းဆုံး ဖြစ်တယ်။

စိတ်နဲ့မေးတဲ့ မေးခွန်းလေးရပ်ကို မြတ်စွာဘုရား ဖြေတယ်။ အဲဒီတော့မှ ရသေ့သဘောကျပြီး ဒီပုဂ္ဂိုလ်ကတော့ ဘုရားမှန်တယ်။ ဒီပုဂ္ဂိုလ်ကတော့ သဗ္ဗညုတဉာဏ်ကြီးရထားတဲ့ ဘုရားမှန်တယ်ဆိုပြီး ဘုရားထံမှာ ရဟန်းပြုတယ်။ ရဟန်းပြုပြီး တရားအားထုတ်လိုက်တာ

http://www.dhammadownload.com



(၃)ရက်ထဲနဲ့ ရဟန္တာ ဖြစ်သွားတယ်။ ပါရမီက သာမန်ပါရမီမှမဟုတ်ပဲ။ ဘုရားထံမှာ မေးခွန်းလေးရပ်ကို မေးနိုင်လောက်တဲ့ပါရမီကလဲ ပါလာတယ်။ ဘုရားနဲ့ တွေ့ကြုံရတဲ့ ပါရမီကလဲ ပါလာတယ်။

ဒီမေးခွန်းလေးရပ်ဟာ သာမန်ပုဂ္ဂိုလ်တွေ မေးနိုင်တဲ့ မေးခွန်းလဲ မဟုတ်ဘူး။ အဲဒီတော့ ဝမ်းမြောက်လွန်းလို့ တထစ်ချဆုံးဖြတ်လိုက်တယ်။ "သဗ္ဗညုတ ဉာဏဦးခိုင်ဘုန်းလျှိုင်ဘုရား မှန်လှပြီး၏" ဒီဂေါတမ ရှင်တော်ဗုဒ္ဓဟာ ဘုရားအစစ်အမှန်ပဲ။ ဘုရားထံမှာ ရဟန်းပြုပြီး တရား အားထုတ်လိုက်တာ (၃)ရက်နဲ့ ရဟန္တာဖြစ်သွားတယ်။ ဒီနေ့ သူတော်စင် များဟာလဲ (၇၂)ကြိမ်မြောက်မှာ (၇၂)ပါးသော တရားတို့ကို သဘော သဘာဝနှင့်တကွ သိအောင်အားထုတ်ကြတယ်။ အဲဒီတရားတွေ တစ်ချို့ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ကျကျနန သိမြင်သွားပြီဆိုရင် အရဟတ္တဖိုလ်ဆိုတဲ့အရသာ အမွန်ဆုံးအရသာကို ခံစားနိုင်ပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့တတွေ ကိုးကွယ်ပြီးတော့နေတဲ့ သာသနာ က ဗုဒ္ဓသာသနာ၊ ကိုးကွယ်နေတဲ့ဘုရားက ဗုဒ္ဓဘုရား။ အဲဒီ ဗုဒ္ဓဘုရား သည် သဗ္ဗညုတဉာဏ်ကြီးကို တကယ်ရရှိတဲ့ ဗုဒ္ဓဘုရား။ ဤသာသနာ တော်နဲ့ တွေ့ကြုံဆုံဆည်းတဲ့အခါ ဒီသာသနာတော်ဟာ မိမိတို့ရဲ့ အားကိုး လောက်တဲ့ သာသနာလို့ ဒီလိုယုံကြည်ပြီးတော့ ရှေးအရိယာပုဂ္ဂိုလ် တွေက-

**သောအဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။**
**နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ။**

ဘန္တေ= အစိန္တေယျ ဂုဏ်ပေါင်းခသည့် သမန္တစက္ခု သုံးလောက ထွဋ်ထားမြတ်စွာဘုရား၊ သောအဟံ= ထိုတပည့်တော်သည်၊ ဗုဒ္ဓဿ= မြတ်စွာဘုရား၏၊ သုဗုဒ္ဓတဉ္စ= ဘုရားစစ် ဘုရားမှန်၏အဖြစ်ကို လည်းကောင်း၊ ဓမ္မဿ= တရားတော်မြတ်၏၊ သုဓမ္မတဉ္စ= တရားစစ် တရားမှန်၏အဖြစ်ကိုလည်းကောင်း၊ သံဃဿ= သံဃာတော်များ၏၊ သုသံဃတဉ္စ= ကောင်းသောသံဃာ တော်မြတ်၏အဖြစ်ကိုလည်းကောင်း။

http://www.dhammadownload.com



နမသသမာနော= ရှိခိုးလျက်၊ နမသသမာနော= သုံးလူ့ရှင်ပင် ကျွန်ထိပ်တင်သည် သဗ္ဗညုတ ဉာဏဦးခိုင် ဘုန်းလှိုင်ဘုရား မှန်လှငြား၏။

တို့အားထားကိုးကွယ်တဲ့ ဘုရားသည် သဗ္ဗညုတဉာဏ်နှင့် တရားအားလုံးကို အကုန်သိမြင်တဲ့ သဗ္ဗညုဘုရား မှန်လှငြား၏။ မြတ်ဖျား ဇိနေဝ် စိန္တေယျော်သည် ဆယ်ဖော်ဓမ္မ မြတ်ထွဋ်လှကို စလယ်အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောညွှန်ကြားခဲ့၊ ရှစ်ပါးအရိယာ မြတ်သံဃာလည်း သိက္ခာသုံးပါး ကျင့်အပ်ဖုံဖုံ အလုံးစုံကို အာရုံနှစ်လို့ အားသစ်မျို့၏။ ဤသို့စသည် ရတနာသုံးလီ၏ ဂုဏ်ရည် သီးသီး အံ့မပြီးကို တချီးမွမ်းမွမ်း မြွက်ဆိုညွှန်း၍ ဦးဇွန်းထိပ်ပြင် ဆက်လက်စုံတင်ပြီးလျှင်-

ဂါမာဂါမံ= တစ်ရွာမှတစ်ရွာသို့လည်းကောင်း၊ တစ်ရပ်ကွက်မှ တစ်ရပ်ကွက်သို့လည်းကောင်း၊ ပုရာပုရံ= တစ်မြို့မှတစ်မြို့သို့လည်း ကောင်း၊ တစ်တိုင်းပြည်မှတစ်တိုင်းပြည်သို့လည်းကောင်း၊ ဝိစရိဿာမိ= ကျင်လည်ကျက်စား သွားလာနေထိုင်ပါအံ့ မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်**
**ပဓာန နာယက**
**နာဂလိုဏ်ဂူဘုရားကုန်းမြေ**
**ကလေးဝတောရစာသင်တိုက်ဆရာတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

## လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**ဟောလီးဒေးခြံတရား**

## ကန်တော့ကြပါတယ်

### ဆုပေး

ဘုန်းတော်, ကံတော်, တန်ခိုးတော်, ပါရမီတော်တို့နှင့် ပြည့်စုံတော်မူကြ၍ သတ္တဝါအပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ကြကုန်သော အဆူဆူသော ဘုရားရှင်တို့နှင့်တကွ လှူပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် အရပ်ရပ် ဘုံအထပ်ထပ် ပြာသာဒ်အဆောင်ဆောင် ကျောင်းဆောင်တော်အသီးအသီး၊ ပလ္လင်တော်အသီးအသီး၌ သီတင်းသုံးစံနေကြကုန်သော ရုပ်ပွားတော်, ဆင်းတုတော်, ဓာတ်တော်, မွေတော်, စွယ်တော်, အံတော်, ဆံတော်, နဖူးသင်းကျစ်တော်, အသမ္ဗိန္န သမ္ဗိန္န ဓာတ်တော် မွေတော် အပေါင်းတကွ စေတီပုထိုးအပေါင်းတို့အားလည်းကောင်း၊ ဘုရားအလောင်းတော်ကြီးတို့သည် လေးသင်္ချေနဲ့ ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း တွက်ကိန်းများလှ ဘုံဘဝတို့၌

http://www.dhammadownload.com



အသက်ကိုမျှမငဲ့ကြပဲ ရေထုလေပြင် မိုးကောင်းကင်သို့ နှိုင်းယှဉ်ကြီးမား များထက်များအောင် မနားမနေ ဆည်းပူးလေသည့် သုံးထွေဆယ်လီ ပါရမီဟု ဝသီအထု ကြီးကျယ်မှုကြောင့် သိတော်မူအပ်သော၊ မြင်တော်မူသော၊ ဟောတော်မူအပ်သော၊ ပွားများတော်မူအပ်သော မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ပါး တရား တော်မြတ်အားလည်းကောင်း၊ ရှင်တော်မြတ်ဘုရားတို့သည် ဟောကြား တော်မူအပ်သော နည်းနာနိဿယအတိုင်း ကောင်းမွန်ဖြောင့်မှန် လျော်ကန်သင့်မြတ် ရှိသေလေးစား အပ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသဖြင့် ကိလေသာဆူဆေး အပူဘေးမှ ကင်းဝေးတော်မူကြ၍ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ စံမြန်းကြပြီးသော အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက အရှင်မွန် အရှင်မြတ်တို့အား လည်းကောင်း၊

လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုညွှန်ပြတတ်သော မြတ်ဗုဒ္ဓသာသနာတော်ကြီးကို ယခုတိုင်အောင် တည်ရှိရလေအောင် လက်ဆင့်ကမ်း သယ်ဆောင်တော်မူလာကြသော ကျေးဇူးတော်ရှင် ဆရာတော် သံဃာတော် အရှင်မြတ်တို့အားလည်းကောင်း၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရ သော ပဏာမကုသိုလ်ကံ စေတနာ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို နာကြားရခြင်းအစရှိသော ကုသိုလ်အစရှိသည်တို့ ကြောင့် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော ဆုထူးဆုမြတ် အပေါင်းနှင့် ပြည့်စုံကြ ပါစေ။ ပြည့်စုံခြင်းအကြောင်း ကောင်းမြတ်သော သူတော်ကောင်းတရား လက်ကိုင်ထားနိုင်ကြပါစေ။

သူတော်ကောင်းများ ကိုယ်စီကိုယ်င လက်ကိုင်ထားနိုင်သဖြင့် ဝိမုတ္တသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ စံမြန်းရရှိနိုင်ကြပါစေ။

မိခင်ရေဝတီ

http://www.dhammadownload.com



## ၅–ပါးသီလစံယူကြပါတယ်

ယနေ့ညဥ့် ၁၃၆၂ ခု၊ တန်ခူးလပြည့်ကျော် (၆)ရက်နေ့ ဟောလီးဒေးခြံမှာ ဟောလီးဒေးစားသောက်ဆိုင် ပိုင်ရှင်များက နှစ်ဘက်သော မိဘများကို ဦးထိပ်ထားပြီးတော့ တရားပွဲသဘင် ဆင်ယင်ကျင်းပတဲ့ပွဲ။ တန်ခူးလပြည့်ကျော် (၆)ရက်နေ့ကလဲ ဖြစ်နေတော့ ဒီလနဲ့ဥပမာနှိုင်းပြီးတော့ ဗုဒ္ဓဘုရားရှင်ရဲ့ဂုဏ်ကို အာရုံပြုဆင်ခြင်ပြီး အရှင်အာနန္ဒာမထေရ်ရဲ့ သစ္စာပြုထားတဲ့ဂါထာ။

ဒီဂါထာကို ရွတ်ဖတ်ပြီး ဒီတရားပွဲသဘင် ဖွင့်ကြရအောင်။

ဂိမှာနံ= ဒေါင်းငွေ့စကြာသူရိယာ၏ ရောင်ဝါပြင်းပြ နွေလေးလ တို့တွင်၊ ပထမသ္မိံဂိမှေ= ရှေးဦးအစ နွေကာလဖြစ်သော၊ မာသေ= ရနံ့သင်းထုံ ရောင်ဆင်းစုံသည့် ဖူးငုံရွက်ချပ် ပန်းရင်ငတ်တို့ ပွင့်လတ် ခါထူး လတန်ခူး၌၊ ဖုဿိတဂ္ဂေ= စွင့်စွင့်ကားကား ပင်လုံးကျွတ် ပွင့်သောအဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ= ကြီးကျယ်ခမ်းနား ပင်စုံပွား၍ မားမားမို့မို့ လေပြေတို့လျှင် ရို့ရို့လှုပ်ယိုင် ဂနိုင်ရစ်ဆည်း တောအုပ် ကြီးသည်၊ သသိရိကောယထာ= ကျက်သရေ ရွှန်းအိ တင့်တယ်လှပသော အသရေရှိသကဲ့သို့၊ တထူပမံ= ထိုတောအုပ်ကြီးသဖွယ် တင့်တယ်လှပ နက်နဲထူးခြားလှသည့် ကလျာဏသုံးပုံ သတ္တဗျဥ္ဇန စသောပန်းရနံ့ဂုဏ် တို့နှင့်ပြည့်စုံသော၊ နိဗ္ဗာနဂါမိံ= ခန္ဓာကိုယ်ကြီး လောင်စာမီးတို့ အငြိမ်းသတ် ချုပ်ငြိမ်းရာ နိဗ္ဗုတာသို့ လျှင်စွာဆတ်ဆတ် ရောက်စေတတ်သော၊ ဓမ္မဝရံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မာက္ခန္ဓာပေါင်း (၈၄၀၀၀)များမြောင်လှသော တရားဒေသနာတော်ကို၊ ဘဂဝါ= ဘုန်းတော် (၆)ဆူ အောင်လံထူ၍ ပြိုင်သူပကင်း တရားမင်းမြတ်စွာသည်၊ ပရမံဟိတာယ= ဝေနေယျများစွာ ချမ်းသာစေဖို့ မြတ်သော လောကုတ္တရာ နိဗ္ဗာန်အလို့ငှါ၊ အဒေသယိ= ကရုဏာလှုံ့ဆော် ရွှေညာဏ်တော်ဖြင့် ထုတ်ဖော်ကျူးသီ ဟောကြားတော်မူခဲ့လေပြီ။

http://www.dhammadownload.com



ဣဒမ္ပိဗုဒ္ဓေ= အယံ ဧဝ ဗုဒ္ဓေါ= ဤတရားဒေသနာတော် အရပ်ရပ်ကို ဟောပြတော်မူတတ်သည့် ဘုရားရှင်ကိုယ်တော်မြတ်သည် ပင်၊ ပဏီတံ= လောကီရတနာ အဖြာဖြာတို့ထက်ကဲသာ လွန်မြတ်ချီးမွမ်း အပ်သော၊ ရတနံ= ခိုကိုးရာအစစ် ရတနာကြီးဖြစ်တော်မူပါပေ၏။ ဧတေန သစ္စဝဇ္ဇေန= ဤသို့ မဖောက်မပြန် မှန်ကန်သောစကားကို ပြောဆိုရခြင်းကြောင့်၊ တေ တုမှာကံ= ဤဟောလီးဒေးခြံ၌ နှစ်ခြိုက်ရွှင်ပြ ခမ္မနာယူကြကုန်သော သင်သူတော်စင်အပေါင်းတို့အား၊ သုဝတ္ထိ= ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်းသည်၊ ဟောတုံ= မုချမသွေ ဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

တရားဒေသနာတော် အရပ်ရပ်ကို ဟောပြတော်မူတတ်တဲ့ ဗုဒ္ဓဘုရားအမှန်တဲ့။ ဒီလို မှန်ကန်သောစကားကို ပြောဆိုရသော ကြောင့် သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့အား ဘေးရန် ကုန်ကင်း ချမ်းသာအေးမြခြင်းဖြစ်ပါစေ။

**"အနာထာနံ ဘဝံနာထော၊ ဘီတာနံ အဘယံ ပဒေါ။**
**ဝိဿသ ဘူမိ သန္တာနံ၊ သရဏံ သရဏေသီနံ။**

ဘဝံ= ရှင်တော်ဘုရားသည်၊ အနာထာနံ= ကိုးကွယ်ရာမဲ့ ကုန်သော သူတို့၏၊ နာထော= ကိုးကွယ်ရာအစစ်အမှန်ကြီး ဖြစ်ပါပေ သတည်း။ ဘီတာနံ= ပစ္စုပ္ပန်သံသရာ ဘေးနှစ်ဖြာတို့မှ ကြောက်ရွံ့ ထိတ်လန့် နေကြကုန်သော ပုဂ္ဂိုလ်တို့အား၊ အဘယံ ပဒေါ= ဘေးမဲ့ ချမ်းသာပေးတော်မူတတ်ပါပေ၏။ သရဏေသီနံ= ကိုးကွယ်ရာကို ရှာမှီးနေကြကုန်သော ပုဂ္ဂိုလ်တို့အား၊ သရဏံ= ခိုကိုးရာအစစ် ဖြစ်တော် မူပါပေ၏။ သန္တာနံ= မရွှင်မလန်း ပင်ပန်းနွမ်းရိနေကြကုန်သောသူတို့၏ (ဝါ) သူတော်စင် သူတော်ကောင်းတို့၏၊ ဝိဿာသဘူမိ= အပန်းဖြေ အနားနေရာကြီး ဖြစ်တော်မူပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**နှုတ်ခွန်းဆက်**

သုံးလောကထွဋ်ထား မြတ်ဘုရားဟာ ကိုးကွယ်ရာမဲ့ကုန်သော သူအားလုံးတို့ရဲ့ ကိုးကွယ်ရာလဲ ဖြစ်တယ်။ ပစ္စုပ္ပန်သံသရာ ဘေးနှစ်ဖြာ တို့ရဲ့က ကြောက်ရွံ့ထိတ်လန့်နေကြတဲ့ ပုဂ္ဂိုလ်များအားလဲ ဘေးမဲ့ချမ်းသာ ပေးတော်မူပါတယ်။ မရှင်မလန်း ပင်ပန်းနွမ်းရိုပြီးနေကြတဲ့ ပုဂ္ဂိုလ်များရဲ့ ကိုးကွယ်ရာအပန်းဖြေရာ ဖြစ်တယ်။ သူတော်ကောင်း သူမြတ်လေးငါး တို့ရဲ့ အပန်းဖြေနားနေရာကြီးလဲ ဖြစ်တယ်။ မြတ်စွာဘုရားဟာ အကြောင်းအားလျော်စွာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာတဲ့ အကြောင်းကို အခြေခံပြီး ဟောတော်မူလေ့ရှိတယ်။

တစ်ခါတစ်ရံကျတော့ မြတ်စွာဘုရားစီ ရောက်လာကြတဲ့ အာဂန္တုတွေ၊ ဧည့်သည်တွေ၊ ဘိက္ခု၊ ဘိက္ခုနီနှင့်တကွ၊ ဒကာ ဒကာမတွေ ရောက်ရှိလာတဲ့အခါ ရဟန်းတော်များဆိုရင် "ကစ္စိ ဘိက္ခဝေ ခမနီယံ၊ ကစ္စိ ဘိက္ခဝေ ယာပနိယံ" ကျန်းမာရေးနဲ့ ပတ်သက်ပြီး မေးတော်မူတယ်။ နှုတ်ဆက်စကား ပြောကြားတဲ့အနေနဲ့ ရဟန်းတို့ ကျန်းခန့်သာလို့ မာကြရဲ့လား။ ဣရိယာပုတ် လေးပါး မျှတကြရဲ့လား။ ဟော- ဒါက နှုတ်ခွန်းစကားတစ်ခု၊ ကျန်းမာရေး နဲ့ ပတ်သက်ပြီးတော့ မေးတာပါပဲ။ ကျန်းမာရေး ဘယ်လောက် အရေးကြီးတယ်ဆိုတာ သတိပြုစရာပါပဲ။

နောက်ဘယ်လို မေးသေးသလဲဆိုတော့ "နစ ဘိက္ခဝေ ပိဏ္ဍကေန နကိလမိတ္ထ"= ဆွမ်းရေးကွမ်းရေးကော အဆင်ပြေကြရဲ့လား။ "ကစ္စိ သမဂ္ဂါ သမ္မောဒမနာ အဝိဝဒမာနာ ခီရောဒကီ ဘူတာ ဝိဟရတ"= ချစ်သားတို့ ညီညီညွတ်ညွတ် ရှိကြရဲ့လား။ မငြင်းခုံပဲ နွားနို့နဲ့ရေလို နှီးနှောညီညာနေကြရဲ့လားလို့ ရောက်သစ်စ ရဟန်းတော်တွေကို မြတ်စွာဘုရားက ဒီစကား(၃)ခွန်းနဲ့ နှုတ်ဆက်လေ့ရှိတယ်။ အလားတူပါပဲ ဒကာ ဒကာမတွေ လာတဲ့အခါမျိုးမှာလဲ ကျန်းမာရေးအခြေအနေကို မြတ်စွာဘုရားအား လျှောက်ထားကြတယ်။

http://www.dhammadownload.com



**နကုလပိတာ**

အဲဒီတော့ မြတ်စွာဘုရားနဲ့ အင်မတန်ရင်းနှီးအကျွမ်းဝင်တဲ့ "နကုလပိတာ" "နကုလမာတာ" တို့ဟာ မြတ်စွာဘုရားနဲ့ အကျွမ်းဝင်တဲ့ ဘဝပေါင်းများစွာက ဆွေဆက် မျိုးဆက်တွေဖြစ်တော့ သားအရင်းပမာ သဘောထားတယ်။ မြတ်စွာဘုရားနဲ့ အင်မတန် ရင်းနှီးကြတယ်။ တစ်နေ့ကျတော့ နကုလပိတာ ဒကာကြီးဟာ မြတ်စွာဘုရားဆီ ရောက်လာတယ်။ ဘာလျှောက်ထားသလဲဆိုတော့-

"ဇိဏ္ဏောဟ ဘန္တေ မဟလ္လကော အဒ္ဓဂတော ဝယောအနုပ္ပတ္တော"

တပည့်တော် အရွယ်ကြီးရင့်ပါပြီ ဘုရား။ ဆွေးမြေ့ယိုယွင်း အိုမင်းပါပြီ ဘုရား။ ဆွေးမြေ့ယိုယွင်း အိုမင်းပါပြီ ဘုရား။ အရွယ်ကြီး ရင့်ပြီးတော့ ကြီးမြတ်သည်၏အဖြစ်ကိုလဲ ယူခဲ့ပါပြီ။ ရှည်တဲ့အသက်လဲ ရှိခဲ့ပါတယ်။ ပစ္ဆိမအရွယ်လဲ ရောက်ခဲ့ပါပြီ။

အသက် (၁၀၀)တန်းမှာ (၃)ပိုင်း ပိုင်းလိုက်ရင် ပထမအရွယ်, ဒုတိယအရွယ်, တတိယအရွယ် (၃၃)နှစ်နဲ့ (၄)လစီ ပိုင်းရမယ်။ ပထမအရွယ်= ၃၃ နှစ် ၄ လ၊ ဒုတိယအရွယ်= ၃၃ နှစ် ၄ လ၊ တတိယ အရွယ်= ၃၃ နှစ် ၄ လ၊ အရွယ် (၃)ပါးနဲ့ ပိုင်းတဲ့နည်းပေါ့။ တစ်နည်း အားဖြင့် အခုချိန်အခါမှာ အသက် (၁၀၀)တန်း၊ ဆယ်နှစ်ပိုင်းခြားတဲ့ နည်းလဲ ရှိပါတယ်။ ထားပါတော့လေ။ နကုလပိတာ ဒကာကြီးက "ဝယောအနုပ္ပတ္တော"တဲ့။ နောက်ဆုံးအရွယ် ရောက်ပါပြီဘုရား။

ပြီးတော့ "အာတုရော" အမြဲတမ်းလဲ မကျန်းမာဘူးဘုရား၊ မကျန်းမာပါဘူး ဘုရား။ ရောဂါအမြဲနှိပ်စက်နေပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး လျှောက်ထားတယ်။ ဆက်ပြီး ဘာလျှောက်ထားသလဲ ဆိုတော့ "အနိစ္စ ဒဿာဝီ ဘန္တေ ဘဂဝတော မနောဘာဝနီယေစ ဘိက္ခူ"= တပည့်တော်ဟာ ဘုရားရှင်ကိုလဲ အမြဲဖူးချင်တယ်။ စိတ်ကို တိုးပွားစေတတ်တဲ့ သံဃာတော် အရှင်မြတ်တွေကို အမြဲတမ်း ဖူးမျှော်ချင်

38(A)

http://www.dhammadownload.com



ပါတယ်ဘုရား။ ဆက်ပြီးတော့ -

**"ဩဝဒတု ဘန္တေဘဂဝါ၊ အနုသာသတု ဘန္တေ ဘဂဝါ ယံ မမ အဿာယ ဟိတာယ သုခါယ"**

အရှင်ဘုရား တပည့်တော်ကို သွန်သင်ဆုံးမတော်မူပါ။ ဩဝါဒ ပေးတော်မူပါတဲ့။ ဒီပါဠိက ကြည့်မယ်ဆိုရင်တော့ ဆုံးမစကားချည်း ပေးဖို့တောင်းတာပါပဲ။ "ဩဝဒတု= ရှေးဦးစွာ တစ်ကြိမ်ဆုံးမတော်မူပါ"။ "အနုသာသတု= အဖန်ဖန် အထပ်ထပ် ဆုံးမတော်မူပါ"လို့ လျှောက်ထား တာပါပဲ။ တစ်နည်းအားဖြင့် -

ဩဝဒတု= အပြစ်မဖြစ်ခင် ကြိုတင်စဉ်းစား သတိထား၍ ဆုံးမ တော်မူပါ (အပြစ်မဖြစ်ခင် ကြိုတင်ပြီး ဆုံးမတော်မူပါ။) အနုသာသတု= အပြစ်ဖြစ်ပေါ်လာက အပြစ်ပြ၍ ဆုံးမတော်မူပါ။ တစ်နည်းအားဖြင့် ဩဝဒတု= ရှေးဦးစွာ တစ်ကြိမ်ဆုံးမတော်မူပါ။ အနုသာသတု= အဖန်ဖန် ဆုံးမတော်မူပါ။

**ဩဝဒတု ဘန္တေ ဘဂဝါ၊ အနုသာသတု ဘန္တေ ဘဂဝါ။**

ရှေးဦးစွာတစ်ကြိမ် ဆုံးမတော်မူပါ။ နောင်သောအခါ အကြိမ် ကြိမ် ဆုံးမတော်မူပါ။ အပြစ်မဖြစ်ခင်လဲ ဆုံးမတော်မူပါ။ အပြစ် ဖြစ်ပေါ်လာကလဲ အပြစ်ပြ၍ ဆုံးမတော်မူပါ။ အပြစ်မဖြစ်ခင်လဲ ဆုံးမ တော်မူပါ။ အပြစ်ဖြစ်ပေါ်လာကလဲ အပြစ်ပြ၍ဆုံးမတော်မူပါ။ တပည့်တော်တို့ ကြီးပွားချမ်းသာအတွက် မြတ်စွာဘုရား မျှော်မြင်ပြီး ဆုံးမတော်မူပါဘုရားတဲ့။

နကုလပိတာ ဒကာကြီးက သူ့ဟာသူပဲ သူအိုမင်းမစွမ်း ဖြစ်တဲ့အကြောင်း၊ ကျန်းမာရေးလဲ မကောင်းကြောင်း၊ အနာရောဂါ ဖိစီးနှိပ်စက်နေတဲ့အကြောင်း၊ အဲဒါတွေပဲ လျှောက်နေတယ်။ ပြီးတဲ့အခါ ဆုံးမတော်မူပါလို့ ဒီစကားလဲ လျှောက်တယ်။

အဲဒီလို လျှောက်တဲ့အခါ မြတ်စွာဘုရားက **"အာတုရောယံ ဂဟပတိ ကာယော အဏ္ဍဘူတော ပရိယောနဒ္ဓေါ"**

http://www.dhammadownload.com



ဂဟပတိ= ဒါယကာ၊ အယံ ကာယော= ဤခန္ဓာကိုယ်သည်၊ အာတုရော= အမြဲမပြတ် ရောဂါဖိစီးနှိပ်စက်၍နေပေ၏။ (ဒီခန္ဓာကိုယ်ကြီးဟာ ရောဂါဖိစီးနှိပ်စက်နေတဲ့ ခန္ဓာကိုယ်ကြီးတဲ့) အဏ္ဍဘူတော= ကြက်ဥ, ဘဲဥများလိုပဲ အထိမခံဘူး။ ထိမိ ခိုက်မိတာနဲ့ တစ်ခါထဲ ပေါက်ကွဲပြီး သွားနိုင်တယ်။ ပရိယောနဒ္ဓေါ= အရေထူ အရေပါးတွေနဲ့ ဖုံးအုပ်ထားပြီးတော့ အကြောတွေနဲ့ မွေးယှက်ထားတယ်တဲ့ ခန္ဓာကိုယ်မှန်ပါတယ်။ ခန္ဓာကိုယ်ကြီးကို ကြည့်လိုက်မယ်ဆိုရင် အရိုးတွေက တိုင်လိုသဘောထားပြီး အဲဒီအရိုးတွေမှာ အသားကပ်မြှုပ်၊ အကြောတွေနဲ့ ရစ်ပတ်ထိန်းပြီး အရေထူ အရေပါး အုပ်ထားတာကိုပဲ "ကိုယ်"လို့ ဒီလိုဆိုရတာကိုး။

အဲဒီလိုဆိုတော့ ဒီခန္ဓာကိုယ်ကြီးဟာ ရောဂါဆိုတာ ဘာရောဂါရယ်လို့ မပြောနိုင်ပေမည့် ဘာရောဂါဖြစ်နေတယ်လို့ ပြောလို့မရတဲ့ အချိန်မှာပင် ဒွါရ(၉)ပေါက်က ယိုစီးနေတဲ့ ဒီခန္ဓာကိုယ်ကြီးပဲဆိုတော့ အမြဲမွေးရာပါ အနာရောဂါကြီးကပါနေတယ်။ မြတ်စွာဘုရားက ဘာဆက်ပြီး မိန့်သလဲဆိုတော့ "လောကမှာ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဒီခန္ဓာကိုယ်ကြီးကို ရွက်ဆောင်ရင်း တစ်ခဏလေးမျှ ကျန်းမာပါတယ်လို့ ဝန်ခံပြောဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ မိုက်မဲခြင်းမှတစ်ပါး အခြားအကြောင်း မရှိဘူးတဲ့။

**"ယောဟိ ကောစိ ဣမံကာယံ ပရိဟရန္တော မုဟုတ္တမပိ**
**အာရောဂျံ ပဋိဇာနေယျ၊ ကိမညတြ ဗာလာ"။**

ဒီခန္ဓာကိုယ်ကြီးကို ရွက်ဆောင်နေတုန်းမှာ တစ်ခဏလေးမျှ ကျန်းမာပါတယ်လို့ ဝန်ခံလို့ရှိရင် မိုက်မဲခြင်းမှတစ်ပါး အခြား အကြောင်း မရှိဘူးတဲ့။ ဒါကြောင့် ဒီကိုယ်ကြီးဟာ ကျန်းမာစေကာမူ ဘယ်တော့မှ မကျန်းမမာတာ မှန်တယ်။ စိတ်အနာရောဂါ ကင်းဖို့အားထုတ်ပါလေတဲ့။ "ဒါမြတ်စွာဘုရားရဲ့ အဆုံးအမသြဝါဒ"ပါပဲ။

http://www.dhammadownload.com



ဒီခန္ဓာကိုယ်ကြီးက ဘယ်တော့မှ ကျန်းမာတယ်လို့ မပြောနိုင်ဘူး။ အဲဒီ မကျန်းမာတဲ့ ခန္ဓာကိုယ်ရှိနေစဉ်ပဲ "စိတ်အနာတရကင်းအောင်" "စိတ်အနာရောဂါကင်းအောင်"အားထုတ်ရမှာ။ စိတ်ရောဂါဆိုတာ ဘယ်လိုဟာတွေလဲဆိုတော့ "မိုက်, ရှုပ်, ညစ်, နောက်၊ အပူတွေရောက်ပြီး နေတာ စိတ်ရောဂါတွေပါပဲ"။

## စိတ်ရောဂါပျောက်ကြပြီ

"မိုက်"ဆိုတာ မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ။ မိုက်တယ်, မဲတယ်, မှောင်ကျတယ် မသိဘူးတဲ့။ မောဟဆိုတဲ့ အဝိဇ္ဇာ ဓာတ်။ အဲဒီ အမိုက်ကင်းပြီး အလင်းရမှ ရောဂါပျောက်တာ။

"အရှုပ်ကင်းပြီး အရှင်းကြီး ရှင်းမှစိတ်ရောဂါ ပျောက်တာ"။

"အညစ်ကင်းပြီး အစင်ကြီးစင်မှ စိတ်ရောဂါပျောက်တာ"။

"အနောက်ကင်းပြီး အကြည်ကြီးကြည်မှ စိတ်ရောဂါ ပျောက်တာ"။

"အပူကင်းပြီး အအေးဆိုက်မှ စိတ်ရောဂါပျောက်တာ"။

အဲဒီတော့ မြတ်စွာဘုရားနှင့်တကွ အရှင်ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်ကြီးများ အမိုက်ကင်းပြီး အလင်းကြီးလင်းတော်မူခဲ့ကြပြီ။ အရှုပ်ကင်းပြီးတော့ အရှင်းကြီးရှင်းတော်မူခဲ့ကြပြီ။ အညစ်ကင်းပြီးတော့ အစင်ကြီး စင်တော်မူခဲ့ကြပြီ။ အနောက်ကင်းပြီးတော့ အကြည်ကြီး ကြည်တော်မူခဲ့ကြပြီ။ အပူကင်းပြီးတော့ အအေးကြီးအေးတော်မူခဲ့ကြပြီ။ အပူကင်း ပျောက်ပြီး အအေးသို့ရောက်တော်မူခဲ့ကြပြီ။ အဲဒါ စိတ်ရောဂါ ကင်းကြတာပါပဲ။

အဲဒီလို စိတ်ရောဂါပျောက်အောင် ကြိုးစားကြရမယ်။ မြတ်စွာ ဘုရားရှင်ရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေ အများကြီးရှိတာထဲက "အရဟံ" ဂုဏ်တော်ကို ကြည့်မယ်ဆိုရင် ခုနကပြောတဲ့စိတ်ရောဂါ ပျောက်ပုံဟာပိုပြီး ထင်ရှားပါတယ်။ ကဲ လိုက်ပြီးတော့ဆိုကြ-

http://www.dhammadownload.com



"မိုက်, ရှုပ်, ညစ်, နောက်၊ အပူပျောက်တော်မူသော မြတ်စွာဘုရား"။

"အမိုက်ကင်း၍ အလင်းကြီးလင်းတော်မူသော မြတ်စွာဘုရား"။

"အရှုပ်ကင်း၍ အရှင်းကြီးရှင်းတော်မူသော မြတ်စွာဘုရား"။

"အညစ်ကင်း၍ အစင်ကြီးစင်တော်မူသော မြတ်စွာဘုရား"။

"အနောက်ကင်း၍ အကြည်ကြီးကြည်တော်မူသော မြတ်စွာဘုရား"။

"အပူကင်းပျောက် အအေးရောက်တော်မူသော မြတ်စွာဘုရား"။

ဘုန်းကြီးတို့တတွေဟာ မိုက်ရှုပ်ညစ်နောက် အပူရောက်နေတော့ ရောဂါသယ်ကြီးတွေ ဖြစ်မနေဘူးလား။ သာမန်အားဖြင့် ကြည့်မယ်ဆိုရင် ထမင်းမှန်း၊ ဟင်းမှန်းမသိအောင် ရူးတဲ့ပုဂ္ဂိုလ်တွေကျတော့ ဒီလူဟာ ရူးနေတဲ့လူ သူ့မှာစိတ်ရောဂါရှိတယ်။ စိတ်ရောဂါ ရှိတော့ သူ့မှာအမေမှန်း၊ အဖေမှန်းမသိဘူး။ ထမင်းမှန်း, ဟင်းမှန်းမသိဘူး ပြောခါဆိုကာနဲ့ စိတ္တဇရောဂါသည်တစ်ယောက်ကို လက်ညှိုးထိုး ပြောကြတယ်။ တကယ်တမ်းကျတော့ မိမိတို့ကိုယ်တိုင် စိတ်ရောဂါပျောက်နေတာ ဟုတ်ရဲ့လား။

မဟုတ်ဘူး။ မိုက်ရှုပ်ညစ်နောက် အပူရောက်နေကြဆဲပဲ မဟုတ်လား။ မိုက်ရှုပ်ညစ်နောက် အပူရောက်နေတဲ့အတွက် အားလုံး စိတ်ရောဂါတွေချည်းဖြစ်နေတော့ မြတ်စွာဘုရားက စိတ်ရောဂါ ကင်းအောင် ကြိုးစားတဲ့။ အဲဒီလို ဟောကြားတဲ့ တရားအကျဉ်းချုပ်ကို နကုလပိတာ ဒကာကြီး နာကြားပြီးတော့ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး စကြာမင်းကြီးဆီကနေပြီး အိမ်ရှေ့မင်းသားစီသွားသလို အရှင်သာရိပုတ္တရာမထေရ်မြတ်ထံသွားတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက နကုလပိတာ ဒကာကြီး လာတာ မြင်တာနဲ့စပြီး နှုတ်ဆက်တယ်။ ဘယ်လို နှုတ်ဆက်သလဲဆိုတော့-

http://www.dhammadownload.com



**"ဝိပ္ပသနာနိ ခေါ ပဟပတိ တေ ဣန္ဒြိယာနိ"။**

ဒကာကြီး စက္ခုန္ဒြေအစရှိတဲ့ ဣန္ဒြေတွေ ကြည်လင်လှ ချည်လား။ အရေအဆင်းတွေကလဲ သန့်ရှင်းကြည်လင်တယ်၊ မြတ်စွာဘုရားထံက အထူးအဆန်း တရားတော်တွေ နာခဲ့ရပုံရတယ်လို့ နှုတ်ဆက်စကား မေးလိုက်တဲ့အခါ-

**"ကထံ ဟိနော ဘန္တေ သိယာ ဘဂဝါ ဓမ္မကထံ ကထေတိ၊ အမတေန အဘိသိတ္တော"။**

အရှင်ဘုရား မြတ်စွာဘုရားဆီက တရားမနာရပဲ နေပါ့မလား။ မြတ်စွာဘုရားက အမြိုက်တရားနဲ့ သွန်းလောင်းလိုက်တယ်ဘုရား။ အမြိုက်ရေစင်နဲ့ သွန်းလောင်းလိုက်တယ်ဘုရား ဆိုပြီးတော့ မြတ်စွာဘုရား မိန့်ကြားတဲ့ တရားအကျဉ်းချုပ်ကလေးကို နကုလပိတာ ဒကာကြီးက ပြန်လျှောက်ထားတယ်။

ခန္ဓာကိုယ်ကြီးရဲ့ အမြဲတမ်းရောဂါတွေ နှိပ်စက်နေပုံ၊ ဥသဖွယ် ခန္ဓာကိုယ်ကြီးဖြစ်ပုံ၊ အရေထူ အရေပါးတွေနဲ့ အကြောတွေ မှေးယှက်ပြီးထားပုံ၊ ခန္ဓာကိုယ်ကြီးရှိနေရင် တခဏလေးမျှ ကျန်းမာတယ်လို့မရှိပုံ၊ ဒါကြောင့် ဒီခန္ဓာကိုယ်ကြီးကို မကျန်းမာသည်ဖြစ်စေ၊ ကျန်းမာသည် ဖြစ်စေ စိတ်အနာရောဂါကင်းအောင် ကြိုးစားပါလို့ မိန့်ကြားလိုက်တဲ့ အကြောင်း အကျဉ်းချုပ်စကားလေး လျှောက်ထားလိုက်တဲ့အခါ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက မေးခွန်းထုတ်တယ်။ ဒကာကြီး မြတ်စွာဘုရားကို ပြန်လျှောက်ခဲ့ရဲ့လား။

**"ကိတ္တာ ဝတာနုခေါ ဘန္တေ အာတုရ ကာယောစေဝ ဟောတိ အာတုရစိတ္တောစ"**

မြတ်စွာဘုရား အဘယ်မျှလောက်နဲ့ ခန္ဓာကိုယ်ကြီးဟာ မကျန်းမမာ ဖြစ်ပါသလဲ။ စိတ်ဟာ မကျန်းမမာ ဖြစ်ပါသလဲလို့ မေးလျှောက်ခဲ့ရဲ့လားလို့ အဘယ်မျှလောက်နဲ့ ခန္ဓာကိုယ်မကျန်းမာစေ ကာမူ စိတ်ကျန်းမာပြီလို့ ခေါ်ဆိုနိုင်ပါသလဲ။ စိတ်ကျန်းမာသူလို့

http://www.dhammadownload.com



ဘယ်တရားတွေ ရှိရင် ခေါ် ဆိုနိုင်ပါသလဲဘုရားလို့ ဒီမေးခွန်းလေးများ လျှောက်ထားခဲ့သေးရဲ့လား ဒကာကြီးလို့ မေးတဲ့အခါ အရှင်ဘုရား ဒီမေးခွန်းရဲ့ အဖြေကိုသိချင်လို့ အရှင်ဘုရားဆီ တကူးတကလာခဲ့ရ တာပါ။ မြတ်စွာဘုရားထံမှာတော့ မမေးခဲ့ရပါဘုရား။

အရှင်ဘုရားမိန့်ကြားတဲ့အတိုင်း ဘယ်အတိုင်းအတာအထိ ရှိခဲ့လို့ရှိရင် ကိုယ်တော့ကျန်းမာရဲ့ စိတ်မကျန်းမာမှု ဖြစ်သလဲ။ အဘယ် အတိုင်းအတာအထိရောက်ရင် ဘယ်အခြေအနေဆိုရင် ကိုယ်လဲ ကျန်းမာ၊ စိတ်လဲကျန်းမာမှုရပြီလို့ ဆိုနိုင်ပါသလဲ? အဓိကအားဖြင့်တော့ ဘယ်အတိုင်းအတာ ရောက်ရှိရင် စိတ်ဟာရောဂါပျောက်တယ်လို့ ခေါ် ရပါသလဲ။ ဒီမေးခွန်းရဲ့အဖြေကို အရှင်ဘုရားကပဲ တပည့်တော်ကို ဖြေကြားပေးပါ။ မြတ်စွာဘုရားကိုတော့ မမေးခဲ့မိဘူးတဲ့။ အဲဒီတော့ အရှင်သာရိပုတ္တရာက ဆက်ဟောတယ်။ ခန္ဓာငါးပါးဆက်ဟောပြီးတော့ တစ်ပါး တစ်ပါးလျှင် ဒိဋ္ဌိ (၄)မျိုးစီ။ သက္ကာယဆိုတဲ့ စကားလေးနဲ့ ပေါင်းလိုက်ရင် သက္ကာယဒိဋ္ဌိ လေးမျိုးစီရှိပုံ ခွဲခြမ်းပြပါတယ်။ သက္ကာယ ဆိုတာ ထင်ရှားရှိတဲ့ ရုပ်တရား, နာမ်တရားတို့ရဲ့အမည်၊ အဲဒီ ရုပ်တရား, နာမ်တရားတို့အပေါ် "ဒိဋ္ဌိ" ငါတံဆိပ်ခတ်လိုက်တော့ သက္ကာယဒိဋ္ဌိ၊ သူတံဆိပ်ခပ်နှိပ်ထားရင်လဲ သက္ကာယဒိဋ္ဌိ။

**ခတ်လေးပါး**

ရုပ်တရား နာမ်တရားတို့အပေါ်မှာ ယောကျ်ားတံဆိပ်၊ မိန်းမ တံဆိပ် ခပ်နှိပ်ထားရင် သက္ကာယဒိဋ္ဌိ။ အဲဒီတော့ သက္ကာယဒိဋ္ဌိ ဆိုတဲ့ သဘောလေး ဒကာ ဒကာမတွေ ရှင်းကြပြီနော်။ သဘောပေါက် ကြတယ်နော်။ ပထမဆုံး ခန္ဓာငါးပါးထဲက ရုပ်ဆိုကြပါစို့။ (၂)မျိုး, (၂)စားခွဲမယ်ဆိုရင် မဟာဘုတ်ရုပ် ပင်မ(၄)မျိုး၊ ဥပါဒါ= အမှီရုပ် (၂၄)မျိုး၊ ပင်မရုပ် (၄)မျိုးနဲ့ အရံရုပ် (၂၄)မျိုး။ အဲဒီမှာလဲ အရံရုပ်တွေ အသာထား ပြီတော့ ပင်မရုပ်= မဟာဘုတ်ရုပ် (၄)မျိုး စပြောရအောင် ပင်မရုပ်

http://www.dhammadownload.com



(၄)မျိုးက ပထဝီ= မြေ၊ အာပေါ= ရေ၊ ဝါယော= လေ၊ တေဇော= မီးပါပဲ။ အဲဒီ ပင်မရုပ်တို့ရဲ့လက္ခဏာကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက-

**"ခက်မာဖွဲ့စေး ပူအေးထောက်ကန် ဤလေးတန် မှတ်ရန်လက္ခဏာ"**

ပထဝီ= ခက်မာတဲ့သဘော, နူးညံ့ပျော့ပျောင်းတဲ့သဘောရှိတယ်။ အာပေါ= ဖွဲ့စည်းတဲ့သဘော, ယိုစီးတဲ့သဘော ရှိတယ်။ တေဇော= ပူတဲ့သဘော, အေးတဲ့သဘော ရှိတယ်။ ဝါယော= တွန်းကန်တဲ့သဘော, လှုပ်ရှားတဲ့သဘော ရှိတယ်။

ဒီဓာတ်ကြီး (၄)ပါးဟာ အရေးကြီးတာပါပဲ။ ပင်မရုပ်ကြီးတွေလို့ ဒီလိုခေါ်ရတယ်။ ဒါကြောင့် "ခက်မာဖွဲ့စေး ပူအေးထောက်ကန် ဤလေးတန် မှတ်ရန်လက္ခဏာ"။ ဓာတ်ကြီး (၄)ပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ်၊ ဓာတ်(၆)ပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ်။ ဓာတ်ကြီးလေးပါးနဲ့ ပြီးတဲ့ခန္ဓာကိုယ် ဆိုတော့ သူ့အပုံလေးနဲ့ သူ့အပိုင်းလေးနဲ့ ခွဲရှုရင် ခက်မာတဲ့သဘောရှိတဲ့ ဓာတ်ကခန္ဓာကိုယ်မှာ (၂၀)ရှိပါတယ်။

အားလုံးပုဂ္ဂိုလ်တွေရဲ့ခန္ဓာကိုယ်၊ ဘုန်းကြီးတို့ရဲ့ခန္ဓာကိုယ်၊ တိရစ္ဆာန်လေးတွေရဲ့ ခန္ဓာကိုယ်အားလုံးမှာ- "ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊"

ခက်မာတဲ့သဘော၊ နူးညံ့တဲ့သဘော ပထဝီဓာတ်က (၂၀)၊ ဒီခန္ဓာကိုယ်ကိုပဲ မြတ်စွာဘုရားက ပုံပြီးတော့ပြတယ်။ ဖွဲ့စည်း ယိုစီးတဲ့ အာပေါဓာတ်က (၁၂)မျိုး- "သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်" (၁၂)မျိုး။ တစ်ခုချင်းလေး ခွဲပြီးတော့ကြည့်ရမယ်။

http://www.dhammadownload.com



တေဇောဓာတ်က (၄)မျိုး- “ဒဟနတေဇော= အပူပြင်း၊ သန္တပ္ပန တေဇော= ရက်ခြားပူ၊ ပါစကတေဇော= အစာကျေကျက်စေ၊ ဇီရဏ တေဇော= အိုမင်းရင့်ရော်စေ။

ဝါယောဓာတ် (၆)မျိုး-

- ဥဒ္ဒင်္ဂမလေ = အထက်သို့ဆန်တက်သောလေ၊
- အဓောဂမလေ = အောက်သို့စုန်ဆင်းသောလေ၊
- ကုစ္ဆိဋ္ဌလေ = ဝမ်းတွင်းလေ၊
- ကောဋ္ဌာသယလေ = အူမ အူသိမ်တွင်းလေ၊
- အင်္ဂမင်္ဂါနုသာရီလေ = အင်္ဂါကြီးငယ် လှည့်ပတ်လေ၊
- အဿာသလေ = ထွက်လေ၊
- ပဿာသလေ = ဝင်လေ၊

ဤခန္ဓာကိုယ်ကြီးကို (၃၂)ပုံ ပုံပြီးတော့ စက်ဆုတ်ရွံ့ရှာဖွယ် အဖြစ်နဲ့ ရှုရမယ်။ ဓာတ်သဘောအနေနဲ့ ရှုတဲ့အခါကျတော့ (၄၂)ပုံ ပုံကြရတယ်။ ပင်မရုပ်က (၄)မျိုး။ သို့သော်လဲ နာမည်လေးတွေ အမျိုးမျိုးတပ်ပြီး ဟောတဲ့အခါကျတော့ ဘူတရုပ် (၄)ပါး စသည်ပါပဲ။ အပုံအားဖြင့် (၄၂)ပုံ၊ အားလုံး (၄၂)ပုံချင်း မတူကြဘူးလား။ တူတယ်နော်။ မြတ်စွာဘုရား ပုံပြီးတော့ပြခဲ့တာ (၄၂)ပုံ။ လူမျိုးတွေ ဘယ်လောက်ပဲရှိရှိ အမျိုးအစားတွေများများ လူမျိုးမရွေး၊ အသား အရောင်မရွေး အားလုံးဟာ ဒီ (၄၂)ပုံနဲ့ပဲ ဖွဲ့စည်းတည်ရှိကြတယ်။

ဒါလူ့ခန္ဓာကိုယ် ဖွဲ့စည်းပုံလေး။ ဓာတ်နဲ့ပြောရင် ဓာတ် (၄)ပါး။ အဲဒီတော့ ဒီဓာတ် (၄)ပါးမြင်ခဲ့လို့ရှိရင် ထိုက်တန်သလောက် တရား မြင်တာ။ တစ်နည်းအားဖြင့် ဓာတ် (၄)ပါးက ထင်လွယ်မြင်လွယ်တဲ့ အတွက် ရှေးအခါက ဓာတ် (၄)ပါးထဲက တစ်ပါးပါးမြင်ပြီးတော့ အရိယာ စခန်းတက်လှမ်းသွားတဲ့ ပုဂ္ဂိုလ်တွေအများကြီးရှိတယ်။ ဒါကြောင့် ဒီဓာတ်လေးပါးဟာ အတော်အရေးကြီးတယ်။ ဂန္ဓာရီဝိဇ္ဇာ အတတ်ပညာ ကို တတ်သိနားလည်ကြတဲ့ ပုဂ္ဂိုလ်တွေကလဲ ဒီဓာတ် (၄)ပါးပဲ

http://www.dhammadownload.com



အသုံးချကြတယ်။ မာတ် (၄)ပါးအသုံးချပြီးတော့ပဲ စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီ ဖြစ်ကြတာကိုး။

သိပ္ပံပညာရှင်တွေကလဲ ဆေးလမ်း၊ စက်ကိရိယာလမ်းတို့ တီထွင်ကြတာဟာ ဒီမာတ် (၄)ပါးနဲ့ပဲ တီထွင်ကြတာပါ။ မာတ် (၄)ပါးက လွတ်တာရှိပါ့မလား။ မရှိဘူး။ ဘုန်းကြီးတို့ ဗုဒ္ဓဘုရားကလဲ အရိယဝိဇ္ဇာ ဖြစ်အောင် ဒီမာတ် (၄)ပါးကိုပဲ ပေါက်ရောက်အောင် ရှုကြရတယ်။ မာတ် (၄)ပါး (၄၂)ပုံထဲက (၂)ပုံလောက် ဆွဲထုတ်လိုက်တဲ့အခါ ထွက်လေ၊ ဝင်လေဆိုတဲ့ ဝါယောရုပ် (၂)မျိုးထွက်လာတယ်။ (၄၀)ကိုအသာထား များလွန်းလို့။ အားလုံးသော ဒကာ ဒကာမတွေ လူ့ဘဝရောက်ရှိကြတဲ့ စဉ်က ထွက်လေနဲ့ လူ့ဘဝစခဲ့တာ။ လူ့ဘဝအစ “ကလလရေကြည်က” စပြီး မွေးဖွားလာတဲ့အခါ ထွက်လေကစ လူ့ဘဝခရီးရှည်ကြီး ဆက်ခဲ့ကြ ပါတယ်။ နောက်ဆုံး ဘဝနိဂုံးကျတော့လဲ ထွက်လေနဲ့ပဲ အဆုံးသတ်ကြ ရမှာပါပဲ။ ဒါဟာ လူတိုင်း၊ လူတိုင်းပဲ။ အဲဒီတော့ ထွက်လေ၊ ဝင်လေ သတိပြုမှတ်ပါ။

## ဥပမာ (၄)

ထွက်လေလို့ မြန်မာပြန်တယ်။ ဝင်လေလို့ မြန်မာပြန်တယ်။ သမုတိနယ်မှာတော့ မမှားဘူး။ ပရမတ်အနေကတော့ ထွက်လေ၊ ဝင်လေ ဆိုတာ တွန်းကန်လှုပ်ရှားတဲ့ သဘောလေးပဲ။ အဲဒီ တွန်းကန် လှုပ်ရှားတဲ့ ဝါယောရုပ်ကို “အစ္စိဝဏ္ဏ ရက္ခဆာယာ ပန်းမှာနံ့ရှိ ကျုပ်ထည့်ပတ္တမြား ဤ(၄)ပါး မှတ်သားဥပမာ”။

“မီးတောက်နဲ့မီးလျှံ” ဟော- သစ်သားတစ်ခုကို မီးရှို့ထားလိုက် မီးရှိနေတာ။ မီးရဲ့အလျှံလေးကလဲ ထွက်ပြီးတော့နေတာ။ အဲဒီ မီးနဲ့မီးလျှံဟာ တစ်ခြားစီမဟုတ်ဘူးလား။ တစ်ခြားစီ မီးနဲ့မီးလျှံ တစ်ခြားစီ မမြင်ဘဲ အတူတူမြင်ရင် မှားတယ်နော်။ သစ်ပင်နဲ့ သစ်ပင်ရိပ် တူရဲ့လား။ မတူဘူး။ သစ်ပင်နဲ့သစ်ပင်ရိပ် တူတယ်လို့ယူဆရင် မမှားဘူးလား။

http://www.dhammadownload.com



မှားတယ်။ မတူဘူးလို့ ယူဆရင်မှန်တယ်။ ပန်းပွင့်လေးမှာ ပန်းရယ်, အနံ့ရယ် မတူဘူး။ တစ်ခြားစီလို့ မြင်ရမှာ။

ပတ္တမြားကို ကျုပ်ထဲထည့်ပြီးတော့ ထားတယ်။ ကျုပ်နဲ့ပတ္တမြား အတူတူလို့ဆိုရင် မမှားဘူးလား။ အဲဒီလိုပဲ တွန်းကန်လှုပ်ရှား သဘောရှိတဲ့ ထွက်လေ၊ ဝင်လေလေးကို "ငါ"လို့ ယူလိုက်ရင် မမှားဘူး လား။ ငါရဲ့ရုပ်လို့ ယူလိုက်ရင် မမှားဘူးလား။ ရုပ်ထဲမှာ ငါရှိတယ်လို့ယူရင် မမှားဘူးလား။ အဲဒီရုပ်သည် ငါလို့ယူရင် မမှားဘူးလား။, ဟော- မီးနဲ့ မီးလျှံခွဲခြားပြီး မြင်သလို၊ သစ်ပင်နဲ့သစ်ပင်ရိပ်၊ ပန်းနဲ့အနံ့၊ ပတ္တမြားနဲ့ကျုပ် ခွဲခြားပြီး မြင်သလို မြင်ကြရမယ်။

အဲဒီတော့ ထွက်လေ ဝင်လေလေးမှာ ထင်ရှားရှိနေတာက တွန်းကန်လှုပ်ရှားနေတဲ့ ဝါယောရုပ်။ အဲဒီ ဝါယောရုပ်ကလေးက သက္ကာယ။ အဲဒီ သက္ကာယအပေါ်မှာ ငါရဲ့ထွက်လေ၊ ဝင်လေလို့ ယူဆလိုက်လို့ရှိရင် ငါဆိုတဲ့တံဆိပ် နှိပ်လိုက်တဲ့အတွက် ဝါယောရုပ် အပေါ် သက္ကာယဒိဋ္ဌိ မဖြစ်ဘူးလား။ ဖြစ်တယ်။ နောက်ဆုံးကျတော့ အနိစ္စတာဆိုတဲ့ ရုပ်တို့ရဲ့ သေကျေပျက်စီးခြင်း အနိစ္စတာရုပ်။ အဲဒီသေတဲ့ အနိစ္စတာရုပ် အပေါ်မှာ 'ငါသေတယ်' ငါသေတယ်လို့ သေတာတောင် သက္ကာယဒိဋ္ဌိ စွဲမနေကြဘူးလား။ စွဲနေတတ်တယ်နော်။

သက္ကာယဒိဋ္ဌိဆိုတာ လွယ်လွယ်နဲ့ မပြုတ်ဘူးဆိုတာ အဲဒါပဲ။ သက္ကာယဒိဋ္ဌိ ရှိနေရင် စိတ်ရောဂါရှိနေတာပဲတဲ့ ရုပ်အပေါ်၊ ဝေဒနာ အပေါ်၊ သညာအပေါ်၊ စေတနာ ဦးဆောင်တဲ့ (သင်္ခါရ)အပေါ်၊ စိတ်အပေါ်။

နောက်ဆုံး ထွက်လေ ဝင်လေကိုသိတဲ့ စိတ်အပေါ် ငါ့စိတ်လို့ ယူလိုက်လို့ရှိရင် မမှားပေဘူးလား။ မှားတော့ ဘာဖြစ်သလဲ၊ သက္ကာယဒိဋ္ဌိ မဖြစ်ဘူးလား။ ဖြစ်ပါတယ်ဘုရား။

**"သက္ကာယဒိဋ္ဌိ နသဂ္ဂါဝရဏာ မဂ္ဂါဝရဏာ"**

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိရှိနေရင် "ဒိဋ္ဌိသက္ကာ မကွာသမျှ လူတွင်စကြာ နတ်မှာသိကြား မိုးဖျားဗြဟ္မာ ဖြစ်တုံပါလည်း ခန္ဓာပြိုကွဲ ကုသိုလ်စဲက မလွဲပါယ်ရွာ ရောက်မြဲသာတည်း"။

မိန်းမရယ်၊ ယောကျ်ားရယ်လို့ အယူမှားတဲ့ သက္ကာယဒိဋ္ဌိများ မကွာသေးဘူးဆိုရင် လူမှာဆိုရင် စကြာမင်းကြီးဖြစ်နေပါစေ၊ နတ်မှာ ဆိုရင်လဲ သိကြားမင်းကြီး ဖြစ်နေပါစေ၊ ဗြဟ္မာမင်းကြီး ဖြစ်နေပါစေ၊ ကုသိုလ်ကံ ကုန်စဲရင် အပါယ်ဘုံ အပါယ်ငရဲသို့ ကျရောက်ရဦးမှာ အမှန်ပါပဲတဲ့။ ဘာကြောင့်လဲဆိုရင် သက္ကာယဒိဋ္ဌိကြီးက တန်းလန်း ရှိနေလို့ပါပဲ။

သက္ကာယဒိဋ္ဌိ= သက္ကာယဒိဋ္ဌိသည်၊ နသဂ္ဂါဝရဏာ= နတ်ပြည် ဗြဟ္မာပြည်ကိုမပိတ်ပင်၊ မဂ္ဂါဝရဏာ= မဂ်တရားကိုကား ပိတ်ပင်တတ်၏၊ အထူးသဖြင့် မဂ်ဉာဏ်ကို ပိတ်ပင်နိုင်ပါတယ်။ အဲဒီ ခန္ဓာငါးပါးမှာ တစ်ပါးတစ်ပါးလျှင် ဒိဋ္ဌိ (၄)မျိုးစီ (၄)မျိုးစီဖြစ်ပုံကို အရှင်သာရိပုတ္တရာ မထေရ်က တစ်ခါထဲ အကျယ်ချဲ့ပြီးဟောကြားတယ်။ ဟောကြားတဲ့ အတိုင်း သက္ကာယဒိဋ္ဌိ ပျောက်လို့ရှိရင် စိတ်ရောဂါပျောက်တာပဲ။ အဲဒီတော့ ဘုန်းကြီးတို့တတွေ စိတ်ရောဂါသည်တွေ ဖြစ်မနေကြဘူးလား။ အဲဒီ စိတ်ရောဂါကို ပျောက်အောင်ကုကြရမှာ။ ကုတဲ့နည်းကတော့ ဘုရားနည်းပဲ ရှိတယ်။

ဘုရားရှင်ရဲ့နည်းက ခက်သလားဆိုတော့ တရားပေးတဲ့အခါ လွယ်လွယ်ပေးတော့ လွယ်နေတာကိုး။ အလုပ်လုပ်ဖို့ရာသာ အရေးကြီး တာပါ။ လူ့ဘဝ မွေးဖွားစအချိန်ကတည်းက ထွက်လေ ဝင်လေ အသုံးချလာတာ။ တစ်သက်တာ ကာလပတ်လုံး ထွက်လေ ဝင်လေ ရှူလိုက် ရှူလိုက်နဲ့ လာခဲ့တာ။ နေ့စဉ်နေ့တိုင်း နေ့စဉ်နေ့တိုင်း၊ စက္ကန့်မဆိုင်း မိနစ်မဆိုင်း ထုတ်မှုတ်ပြီးတော့ လာခဲ့ကြတာ။ ထုတ်၊ မှုတ်သမျှ ထွက်လေ ဝင်လေ ဝါယောဓာတ်တို့ဟာ အကြိမ်ပေါင်းများစွာ ဒီဘဝမှာ ဖြစ်လိုက် ပျက်လိုက်နဲ့ သေမနေကြဘူးလား။ အဲဒီ ခဏိကမရဏ သေတဲ့နည်းကို မြင်အောင်ကြည့်ရမှာ။

http://www.dhammadownload.com



တစ်ဘဝမှာ တစ်ခါသေတဲ့နည်းကိုကြည့်တာက သမထ ကမ္မဋ္ဌာန်းလောက်ပဲ ဖြစ်ပါတယ်။ တစ်ဘဝမှာ တစ်ခါသေပုံကို အောက်မေ့မယ်, ဆင်ခြင်မယ်ဆိုရင် မရဏာနုဿတိ ကမ္မဋ္ဌာန်းတော့ ဖြစ်တယ်။ ရုပ်နာမ်တို့ရဲ့ ခဏတိုင်း ခဏတိုင်း သေကျေပျက်စီးနေပုံကို ရှုနိုင်မှ ဝိပဿနာအဆင့်ကို ရောက်ပါတယ်။ အဲဒီလို ဝိပဿနာအဆင့် ရောက်မှ -

**"နာမ ရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိပဟီနာ ဟောတိ"**။

နာမရူပဝဝတ္ထာနေန= နာမ်ရုပ်တို့ကို ပိုင်းခြား၍သိသော နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့်၊ သက္ကာယဒိဋ္ဌိ= သက္ကာယဒိဋ္ဌိကို၊ ပဟီနာ= ပယ်နိုင်သည်၊ ဟောတိ= ဖြစ်၏။

နာမ်ရုပ်ကို ပိုင်းခြားပြီးသိမှ သက္ကာယဒိဋ္ဌိကို ပယ်နိုင်တယ်။ သက္ကာယဒိဋ္ဌိ မပျောက်ရင် စိတ်ရောဂါ မပျောက်ပါဘူး။ အဲဒီတော့ မြတ်စွာဘုရားက စိတ်ရာဂါပျောက်အောင် ကြိုးစားကြလို့ နကုလပိတာ ဒကာကြီးကို မှာတာကိုး။ ဒီလိုနဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်က သက္ကာယဒိဋ္ဌိ (၂၀) ခန္ဓာငါးပါးတစ်ပါးလျှင် ငါးပါးစီ (၅ × ၄ = ၂၀)။ အဲဒီ သက္ကာယဒိဋ္ဌိ (၂၀)ပျောက်မှ စိတ်ရောဂါ ပျောက်တယ်လို့ ခေါ်နိုင်တယ်လို့ ဟောကြားလိုက်တဲ့အခါ နကုလပိတာ ဒကာကြီးက သဘောကျတော့တာကိုး။

## တရားရှိ တရားသိဖို့

တစ်ဆက်ထဲ ပြောမယ်ဆိုရင် တစ်နေ့ကျတော့ နကုလပီတာ ဒကာကြီးဟာ ဒီလိုတရားဓမ္မတွေ လေ့လာပြီး မြတ်စွာဘုရားနဲ့ဆို တရင်းတနှီးတရားတွေနာလို့ တရားတွေ ဆွေးနွေးလို့ အဲဒီလိုနဲ့ တရားဓမ္မ အရေဝပြီးနေတယ်။ တစ်နေ့ကျတော့ ပြင်းပြင်းထန်ထန် သာမန်ဆေး တိုက်ရင် အသက်မရှင်နိုင်လောက်အောင် ရောဂါပြင်းထန် မာရဏန္တိက ဝေဒနာမျိုးပေါ့။ မာရဏန္တိက ဝေဒနာဆိုတာ ဒီရောဂါနဲ့ အသက်ထွက်

http://www.dhammadownload.com



သေနိုင်လောက်တဲ့ ရောဂါဝေဒနာမျိုးပါ။ ဒီရောဂါကြောင့် အဲဒီလို ခန့်မှန်းရတဲ့ ရောဂါမျိုးကြီးဖြစ်ပေါ်တယ်။

အဲဒီအချိန် သူ့ဇနီး နကုလမာတာက ပါရမီဖြည့်ဖော် ဖြည့်ဖက် ဆိုတော့ စဉ်းစားတယ်။ အင်း- ဘာဆေးတိုက်လို့မှ မရတော့ဘူးဆိုတော့ တရားဆေးတိုက်မှပဲ ဆိုပြီးတော့ သီဟနာဒ= မကြောက်မရွံ့ ရဲဝံ့တဲ့အသံ (၆)မျိုးနဲ့ နကုလပိတာ အိပ်စက်လဲလျောင်းနေတဲ့ ဘေးနားသွားပြီးတော့-

**"မာသာပက္ခော ကာလမကာသိ"**

အို= အရှင်နကုလပိတာ နောက်ဆံတင်းပြီးတော့ မသေပါနဲ့။ နောက်ဆံတင်းပြီးတော့ သေတာ ဆင်းရဲပါတယ်။ ဘုရားရှင်က ကဲ့ရဲ့ပါတယ်တဲ့။ တရားမရှိပဲနဲ့ ပြောနိုင်ပါမလား။ စဉ်းစားကြည့်ကြနော်။ ဒီစကားမျိုး မပြောနိုင်ဘူး။ ခြေမကိုင်မိ, လက်မကိုင်မိတာ ဖြစ်ကြတယ်။ အင်မတန် အတွေ့အကြုံများပါတယ်ဆိုတဲ့ ဆရာဝန်ကြီးတွေ၊ ဆရာဝန်မကြီးလဲ သူတို့နဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပေါ်လာတဲ့ အခါများ ခြေမကိုင်မိ, လက်မကိုင်မိတာတွေ များများစားစား တွေ့ဖူးတယ်။

အတွေ့အကြုံကတော့ အိုနေတာကြီးတွေ တွေ့ဖူးတယ်။ သေနေတာကြီးတွေ တွေ့ဖူးတယ်။ နာနေတာတွေလဲ တွေ့ဖူးကြတာ။ အတွေ့အကြုံ အင်မတန်များပါတယ်။ သို့သော်လဲ မိမိနဲ့ဆက်စပ်လာပြီဆိုရင် တရားမရှိရင် ဒီစကားမျိုးမပြောနိုင်ဘူး။ "သြော်- နောက်ဆံတင်းပြီးတော့ မသေပါနဲ့။ အဲဒီလို ပြောနိုင်ဖို့က တရားရှိဖို့ လိုတာကိုး"။ အဲဒီလို ပြောပြီးတော့ ဘာဆက်ပြောသလဲလို့ဆိုတော့ "နကုလပိတာ ငါများသေသွားလို့ရှိရင် နကုလမာတာတို့မိသားစု အသက်မွေးဝမ်းကြောင်း အဆင်ပြေပါ့မလား"လို့ ဒီလိုလဲ မစဉ်းစားပါနဲ့။ သိုးမွေး လုပ်ငန်းတွေနဲ့ ပတ်သက်လို့ ကျွမ်းကျင်ပါတယ်။ အဲဒီပညာနဲ့ သားသမီး တွေနဲ့ အတူအသက်မွေးဝမ်းကြောင်း ဆောင်ရွက်ပါမယ်။ နေရေး ထိုင်ရေး စားရေး သောက်ရေးနဲ့လဲ ဘာမှမပူပါနဲ့။ ဒီစကားကိုလဲ

http://www.dhammadownload.com



ရဲရဲတောက်ပြောလိုက်တယ်။

နောက်စကားတစ်ခွန်း ထပ်ပြီးပြောတယ်။ နကုလပိတာ သင်သေသွားလို့ရှိရင် နကုလမာတာဟာ နောက်အိမ်ထောင် ပြုလိမ့်မယ်လို့လဲ မစဉ်းစားပါနဲ့။ (၁၆)နှစ်တိုင်တိုင် လူ့ဘဝမှာ ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးလာခဲ့တာ ရှင်လဲသိတယ်၊ ကျွန်မလဲသိတယ်။ ဒီစကားကိုလဲ ဒုတိယအကြိမ် ရဲရဲတောက်ပြောဆိုတယ်။

နောက်ပြီးတော့ နကုလပိတာ ကွယ်လွန်သွားလို့ရှိရင် နကုလမာတာဟာ ဘုရားစီရောက်ပါ့မလား။ သံဃာတော်တွေစီ ဖူးမှဖူးပါ့မလားလို့ ဒီလိုလဲမဖြစ်ပါနဲ့။ နကုလပိတာ ကွယ်လွန်သွားတဲ့အခါ ဘုရားကိုပိုပြီး ကိုးကွယ်ပါမယ်။ သံဃာတော်တွေကိုလဲ ပိုပြီးဖူးမျှော်ပါမယ်။ ဒါကြောင့်မို့ နောက်ဆံတင်းတဲ့စိတ်ကလေးနဲ့ သေမသွားပါနဲ့။ ဟော- ဒီသုံးမျိုးနဲ့ သစ္စာပြုပြီးတဲ့အခါကျတော့ နောက်သုံးမျိုး၊ နောက်သုံးမျိုးက မိမိသန္တာန်မှာရှိနေတဲ့တရား၊ မြတ်စွာဘုရားကို သက်သေ ထားသေးတယ်။

နကုလပိတာ ရှင်သေသွားလို့ရှိရင် နကုလမာတာဟာ ငါးပါးသီလအစရှိတဲ့ သီလတွေဖြည့်ကျင့်ပါ့မလားလို့ စိတ်မပူပါနဲ့။ မြတ်စွာဘုရားရဲ့တပည့် ဒါယိကာမတွေ၊ သီလဖြည့်ကျင့်တဲ့ အမျိုးသမီးတွေ အများကြီးရှိပါတယ်။ အဲဒီအထဲမှာ ကျွန်မလဲတစ်ယောက် အပါအဝင်ပါပဲ။ မယုံရင် ဘုရားသာမေးကြည့်ပါ။ ဒါကျတော့ မြတ်စွာဘုရားပါ သက်သေထားပြောတယ်။

နောက်တစ်မျိုး ဘာပြောသလဲဆိုတော့ "နကုလပိတာ ငါကွယ်လွန်သွားရင် နကုလမာတာဟာ သမာဓိကမ္မဋ္ဌာန်းမှ ရပါ့မလားလို့ မတွေးပါနဲ့။ မြတ်စွာဘုရားရဲ့ သမာဓိကမ္မဋ္ဌာန်းပေါက်ရောက်တဲ့ တပည့်တွေထဲမှာ နကုလမာတာလဲ တစ်ယောက်အပါအဝင်ပါပဲ။ ဒါကြောင့် နောက်ဆံတင်းပြီးတော့ သေမသွားပါနဲ့"။ မယုံရင် မြတ်စွာဘုရား မေးကြည့်ပါ။

http://www.dhammadownload.com



နောက်တစ်မျိုးကတော့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ယုံမှားသံသယကင်းပါပြီ။ တည်ရာမှီရာ ရပါပြီ။ သောတာပန် ဖြစ်ပြီလို့ ဒီလိုပြောတာပါ။ ဘုရားရှင်ရဲ့ တပည့်မ သာဝိကာတွေအများကြီး ရှိပါတယ်။ အဲဒီ သာဝိကာတွေထဲမှာလဲ နကုလမာတာဟာ တစ်ဦး အပါအဝင်ပါပဲ။ သောတာပန်ဖြစ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး မယုံရင်ဘုရား ကိုပဲ မေးလျှောက်ပါတဲ့။ ဒါကြောင့်မို့- မာသာပက္ခော ကာလမကာသိ= ငဲ့ကွက်ပြီးတော့ သေမသွားပါနဲ့။ နောက်ဆံတင်းပြီးတော့ မသေပါနဲ့။ ဒုက္ခာသာပက္ခဿ ကာလံ ကိရိယာ= သားတွေ, သမီးတွေ, ဇနီးတွေကို ငဲ့ကွက်ပြီးတော့ သေခြင်းဟာ အင်မတန်ဆင်းရဲလွန်းလို့ပါ။

မြတ်စွာဘုရားကလဲ ကဲ့ရဲ့တော်မူတယ်။ ဘာကြောင့်လဲဆိုတော့ ပြင်ပဥစ္စာတင် မဟုတ်သေးဘူးတဲ့။ မိမိခန္ဓာကိုယ်မှာရှိနေတဲ့ ဆံပင် အစရှိသည်တို့ကို တွယ်တာပြီး သေသွားကြတဲ့ ပုဂ္ဂိုလ်များပင် မိမိ ခန္ဓာကိုယ်ကို စားသောက်တဲ့ပိုးလောက်များ ဖြစ်တတ်တယ်။ မိမိတို့ နေအိမ်မှာပင် မကောင်းဆိုးဝါးတွေ ဖြစ်နေတတ်တယ်။ အဲဒီလို အချက် အလက်တွေကို ပြောပြပြီးတော့မှ နောက်ဆံမတင်းဖို့ ပြောတာပါ။ 'သီဟနာဒ'လို့ အဋ္ဌကထာဆရာနာမည်ပေးပါတယ်။ ဒီစကား (၆)ခွန်းဟာ ခြင်္သေ့မင်း များရဲ့ အသံလိုပဲ အင်မတန်ရဲရင့်တဲ့စကား (၆)မျိုး။

ယခု ပြောတဲ့အချက်တွေဟာ မှန်ကန်ပါတယ်တဲ့။ အဲဒီလို မှန်ကန်တဲ့အတွက်ကြောင့်မို့ နကုလပိတာ မှာရှိတဲ့ ရောဂါဟာ 'ဝူပသမေတု' ငြိမ်းပါစေသတည်း။ ပျောက်ပါစေသတည်းလို့ သီဟနာဒ စကား (၆)မျိုး ပြောကြားလိုက်တဲ့အခါ နကုလပိတာ ဒါယကာကြီး ဝမ်းမြောက်လို့ ရောဂါများပျောက်ပြီး တောင်ဝှေးလေးထောက်ကာ ထောက်ကာ မြတ်စွာဘုရားစီ ရောက်သွားတယ်။

ရောက်သွားတော့ သူကပဲဒီတစ်ခါတော့ လျှောက်သွားတယ်။ "တပည့်တော် သေလုမျောပါး မကျန်းမမာဖြစ်လို့ နကုလမာတာ အရှင်ဘုရား မယ်တော်ကြီးက သစ္စာ(၆)မျိုး ရဲရင့်တဲ့စကား (၆)မျိုး ပြောပြီး

http://www.dhammadownload.com



နောက်ဆံတင်းပြီးမသေဖို့ သစ္စာပြုတဲ့အတွက် ယခုလို လာနိုင်တာပါ ဘုရားလို့ လျှောက်ထားပါတယ်။ မြတ်စွာဘုရားက -

**"သုလဒ္ဓံ တေ ဂဟတိ"**

နကုလပိတာ ဒါယကာကြီး သင်သိပ်အရတော်တာပဲ။ ဒီလို အိမ်ရှင်မမျိုး ဒီလိုဆုံးမစကားမျိုး သေလုမျောပါး ဖြစ်နေတဲ့အခါ ပြောနိုင်တဲ့ပုဂ္ဂိုလ်ရဖို့ရာ အင်မတန်ခက်တယ်။ ကောင်းတာပဲ သင်လူ့ဘဝ ကြီးအရတော်တာပဲလို့ မြတ်စွာဘုရားက ချီးမွမ်းတော်မူတယ်။ ဒီအချက်အလက်လေးတွေ ပြန်ပြီးစဉ်းစားလိုက်မယ်ဆိုရင် တရားမရှိဘဲ ပြောနိုင်ပါ့မလား။ တရားမသိပဲနဲ့ ပြောနိုင်ပါ့မလား။ တရားသိဖို့ မလိုဘူး လား။ တရားရှိဖို့ မလိုဘူးလား။

တရားသိဖို့ တရားသိဖို့ဆိုတာ ကိုယ်ကိုတိုင် အားထုတ်ကြရမှာ နော်။ သီလ, သမာဓိ, ပညာ သိက္ခာ (၃)ပါး ကျင့်စဉ်တရားတွေကို အားထုတ်ကြမှ။ နည်းနာနိဿယတွေကလဲ မပျောက်သေးဘူး။ သြော်-ဒါယကာကြီး ဦးသိန်းလှိုင် ကွယ်လွန်တာ (၁)နှစ်တောင် မပြည့်သေးဘူး။ ပြီးခဲ့တဲ့နှစ်က ဒီတရားပွဲကြီးတွေ သူကိုယ်တိုင်စီမံလို့။ မြတ်စွာဘုရား တရားတော်တွေကို ဘုရား တရားတော် သံဃာတော်မှတစ်ပါး အခြား ယုံကြည်စရာ မရှိဘူးလို့ မမိုတ်မသုံ ယုံကြည်မှုကြီးတွေရှိတယ်။

တရားတော်ကိုလဲ သိပ်ပြီးတော့အားကိုးတာပဲ။ သူယုံကြည်သလို, သူအားကိုးသလို အးလုံးဓမ္မမိတ်ဆွေ သူတော်စင်တွေကို တရားဓမ္မ တရားရေအေး အမြိုက်ဆေးများ သောက်စေချင်တယ်။ ဒါကြောင့် ဒီတရားပွဲကို စီမံခဲ့တာ။ ဒါယကာကြီး ဦးသိန်းလှိုင် ကွယ်လွန်ပြီးတော့ သွားသော်လဲပဲ ဆက်လက်ပြီးတော့ ဦးတင်ငြိမ်း - ဒေါ်မို့မို့လှိုင်တို့က မိရိုးဖလာအားဖြင့် မိမွေဖမွေမပျက်အောင် ဆောင်ရွက်နေတဲ့ ပွဲလို ဖြစ်တယ်။ ဓမ္မမိတ်ဆွေ သူတော်စင်တို့ကိုလဲ ချမ်းချမ်းသာသာ တရားနာ နိုင်အောင် စီစဉ်ထားပုံ အထူးအားဖြင့် လျှောက်ထားတယ်။

http://www.dhammadownload.com



သူတော်စင်တွေ ရောက်တဲ့အခါ မပင်မပန်းတရားနာနိုင်အောင် စီစဉ်ထားတာ တွေ့ရတယ်။ အဲဒီတော့ တရားရှိဖို့ တရားသိဖို့အရေးကြီး တယ်။ တရားဆိုတာလဲ လမ်းစဉ်မရှိပဲနဲ့ သွားနေရင်တော့ မလွယ်ဘူး။ မြတ်စွာဘုရား ပြတော်မူတဲ့ လမ်းစဉ်တွေက ရှိနေသေးတယ်။ ထွက်လေ၊ ဝင်လေကို ရှုမှတ်။ ထွက်လေ၊ ဝင်လေကို ရှုမှတ်ဖို့မြတ်စွာဘုရားက လမ်းစဉ်ပေးတော်မူခဲ့တာ။ မဟာသတိပဋ္ဌာန သုတ္တန် ဒေသနာတော် မြတ်ကြီးကို ဟောကြားတော်မူတဲ့အခါ ဒီကမ္မဋ္ဌာန်းကို ပထမဆုံး စတင်ဟောခဲ့တယ်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားလေး သပြေပင်ရိပ်မှာ စျာန်ဝင်စားနေတဲ့အခါမှာလဲ ထွက်လေ၊ ဝင်လေ ကမ္မဋ္ဌာန်းပဲ အားထုတ် ခဲ့တာပါ။ အပရာဇိတ အောင်ပလ္လင်မှာ အောင်ပွဲခံကာနီး 'ပု-ဒိ-အာ'ဆိုတဲ့ ဝိဇ္ဇာ(၃)ပါးရကာနီး၊ ဘုရားဖြစ်ကာနီး ဘယ်ကမ္မဋ္ဌာန်းနဲ့များ ဘုရားဖြစ်ပါ လိမ့်မလဲလို့ ဘုန်းကြီးတို့လဲ စောစောကစဉ်းစားခဲ့ဘူးတယ်။ ဒီ ကာယဂတာသတိ အာနာပါနကမ္မဋ္ဌာန်းနဲ့ ဘုရားဖြစ်ပါတယ်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားလေး ဒေဝီလရသေ့ရဲ့ ဦးခေါင်းပေါ် ခြေစုံရပ်စျာန်ပျံနိုင်တာလဲ ဒီအာနာပါနကမ္မဋ္ဌာန်းပါပဲ။ (၄၅)ဝါ ကာလပတ်လုံး ဘုရားသီတင်းသုံးတဲ့အခါမှာလဲ လက်သုံးတော် ကမ္မဋ္ဌာန်းက ဒီကာယဂတာသတိ စာရင်းဝင် အာနာပါနကမ္မဋ္ဌာန်းပါပဲ။ ဘုန်းကြီးတို့တတွေ ဖွားမြင် လာတဲ့အချိန်ကစပြီးတော့ ထွက်လေနဲ့စပြီး ထွက်လေနဲ့ပဲ ဘဝကို အဆုံးသတ်ရမှာဆိုတော့။

အဲဒီ အဆုံးမသတ်မီလေးတော့ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော် နဲ့ တွေ့ရကျိုးနပ်အောင် ကြုံရကျိုးနပ်အောင်။ တောထဲ သွားနိုင်ရင်သွား၊ မသွားနိုင်ရင် သစ်ပင်ရင်း၊ ဒါမှမဟုတ် ဆိတ်ငြိမ်တဲ့နေရာလေးတစ်နေရာ မှာ ဘာမှမခက်ဘူး။ နေ့စဉ်နေ့တိုင်း တစ်နေ့တာ, တစ်နေ့တာ၊ တစ်ရက် တာ, တစ်ရက်တာ အကြိမ်ပေါင်း တစ်နာရီမှာ တစ်ထောင်ခန့်လောက် အသုံးချပြီးတော့ နေတော့ တစ်နေ့မှာ (၂၄၀၀၀)လောက် အသုံးချနေ

http://www.dhammadownload.com



တော့။ တစ်နာရီ (၁၀၀၀)လောက်ကလေး ရတဲ့အချိန်ကလေး ဆိတ်ငြိမ်တဲ့အခါလေး ရှုမှတ်ပွားများပြီးနေရင် ဟော- ထွက်လေ၊ ဝင်လေ နှာသီးဖျားလေးမှာ ထွက်ခိုက်၊ ဝင်ခိုက်ကလေးမှာ ရှုမှတ်ပြီး စိတ်ကလေး ငြိမ်းအေးသွားပြီ၊ ငြိမ်းသွားပြီဆိုတဲ့အခါလေးမှာ တွန်းကန် လှုပ်ရှားနေတဲ့ သဘောလေးကရုပ်၊ လှုပ်ရှားမှုကို သိနေတဲ့သဘော၊ ရှုမှတ်နေတဲ့ သဘောက နာမ်၊ ရုပ်နာမ်မျှသာ ဖြစ်နေပါလားဆိုတဲ့ အသိအမြင်ရှိပြီး အဲဒီ ရုပ်တရား, နာမ်တရားတို့ရဲ့ မမြဲတဲ့သဘောကိုသိပြီး အနိစ္စအမှတ်တံဆိပ်, ဆင်းရဲတဲ့သဘောကိုသိပြီး ဒုက္ခအမှတ်တံဆိပ်၊ သူ့သဘော သူဆောင် သူ့အလုပ်သူလုပ်နေတဲ့သဘော ကိုယ်မပိုင် အစိုးမရတဲ့ သဘောကိုသိပြီး အနတ္တအမှတ်တံဆိပ်ကို မြင်အောင် ကြည့်ပါ။

ဉာဏ်အဆင့်ဆင့် တက်သွားတဲ့အခါ ဝိပဿနာအထွဋ်အထိပ်ရောက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်တာကိုး။ ဒီလို မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီးတော့မှ ဘုရားကိုကိုးကွယ်မယ်ဆိုရင် ဘုရားမပြောင်းတော့ဘူး၊ တရားလဲမပြောင်းတော့ဘူး၊ သံဃာလဲမပြောင်းတော့ဘူး၊ ကိုးကွယ်ရာ မပြောင်းတော့ဘူး။ အဲဒီတော့ ယနေ့ လူ့ဘဝရရှိလာတယ်။ အိပ်တဲ့အခါ တောင်မှ မနားပဲနဲ့ ရှုကြ ရှိုက်ကြပြုလုပ်နေတဲ့ ထွက်လေ၊ ဝင်လေ ကမ္မဋ္ဌာန်းကို မဟာသတိပဋ္ဌာန်မှာ ရှေးဦးစွာ ဟောကြားတော်မူထားတဲ့ အတိုင်း ဆိတ်ငြိမ်တဲ့အရပ်ဒေသလေးယူပြီး စိတ်ကလေးငြိမ်အောင် အားထုတ်ကြပါ။ အဲဒီစိတ်ကလေး ငြိမ်အောင် အားထုတ်မှုက အရေးကြီးတာ။

## ရေမှန်ရိပ်

ဘုန်းကြီးတို့ ရေခွက်ကလေးတစ်ခုဆိုကြပါစို့။ ခွက်ကလေးတစ်ခု ထဲမှာ ရေတစ်ပိဿာထည့်ပြီးထားပါ။ အဲဒီရေလေးကို အဝါရောင်၊ အညိုရောင်တွေနဲ့ ဆိုးပြီးတော့ထားပါ။ မိမိရဲ့မျက်နှာရိပ် မြင်ချင်တာနဲ့ အဲဒီအရောင်တွေဆိုးထားတဲ့ ရေခွက်ကလေးကို ငုံ့ပြီး ရေမှန်ကြည့်စမ်းပါ။

http://www.dhammadownload.com



မျက်နှာရိပ်မမြင်ရဘူး။ ဘာကြောင့်လဲဆိုရင် ရေဟာရောင်စုံဆိုးထားလို့။

အဲဒီတော့ ရောင်စုံရှင်းသွားအောင် ရေလေးကြည်အောင် လုပ်ပြီးမှ မျက်နှာရိပ်မြင်နိုင်ပါတယ်။ အာရုံငါးပါးဆိုတဲ့ ရောင်စုံဆိုးထားတဲ့အခါ တရားမမြင်နိုင်ပါဘူး။ အာရုံငါးပါး ရောင်စုံတရားတွေ ဖယ်ရှားပြီးမှသာ တရားကိုမြင်နိုင်ပါတယ်။ အခုခေတ်ကာလမှာ အာရုံတွေလဲ စုံပါဘိသနဲ့။ စိတ်ကလေးဟာ မကြည်ဘူး။ ရုပ်တရား နာမ်တရားတွေ မြင်ရဖို့မလွယ်ဘူး။

တစ်နည်းအားဖြင့် အဲဒီရေခွက်ကလေးထဲက ရေလှိုင်းလေး ထပြီးနေမယ်ဆိုရင် မျက်နှာကြည့်ချင်လို့ ရေမှန်ငုံ့ကြည့်ရင် မြင်ပါ့မလား။ မမြင်ဘူး။ ဘာကြောင့်လဲ လှိုင်းထနေလို့။ အဲဒီလိုပဲ မိမိရဲ့စိတ်ဟာ ဒေါသဗျာပါဒ သူတစ်ပါးညှင်းပန်းနှိပ်စက်လိုတဲ့စိတ်၊ သူတစ်ပါးကို ဆင်းရဲစေလိုတဲ့စိတ်၊ အဲဒီလို ဖြစ်နေရင် ဒီဟာက ရုပ်၊ ဒီဟာကနာမ်လို့ မမြင်နိုင်ဘူး။

တစ်နည်းပြောမယ်ဆိုရင် အဲဒီရေခွက်ကလေးထဲက ရေတွေဟာ ရေမှော်တွေဖုံးလွှမ်းပြီးတော့နေရင် ရေမှန်ကြည့်လို့မြင့်ပါ့မလား။ မမြင်ဘူး။ အဲဒီလိုပဲ ထိနမိဒ္ဓ ထိုင်းမှိုင်းပြီးတော့နေရင် ရုပ်တရား နာမ်တရားကို မြင်ပါ့မလား၊ မမြင်ဘူး။ အဲဒီရေခွက်ကလေးထဲက ရေပဲ၊ အောက်က မီးမွှေးပေးလိုက်လို့ ပွက်ပွက်ဆူနေရင် မျက်နှာကြည့် လိုက်တော့ မျက်နှာရိပ်ပေါ်ပါ့မလား။ မပေါ်ဘူး။ ဘာကြောင့်လဲဆို ပွက်ပွက်ဆူနေလို့။

အဲဒီလိုပဲ စိတ်ကလေးဟာ ပျံ့လွင့်ပြီးတော့ နေမယ်ဆိုရင် မိမိသန္တာန်မှာ ဖြစ်နေတဲ့ရုပ်နာမ်တို့ကို မမြင်နိုင်ဘူး။ အဲဒီ ရေခွက်ကလေး ထဲက ရေတွေဟာ ရွှံ့ညွှန့်ရေတွေဖြစ်နေရင် မျက်နှာရိပ်ကြည့်လို့ မြင်နိုင်ပါ့ မလား။ မမြင်နိုင်ဘူး။ အဲဒီလိုပဲတဲ့ မိမိရဲ့စိတ်ကလေးဟာ ဝိစိကိစ္ဆာခေါ်တဲ့ ဇဝေဇဝါ သံသယဖြစ်နေတဲ့ စိတ်ကလေး။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်မှာလဲ မရှင်းဘူး။ အတိတ်အကြောင်းလဲ မရှင်းဘူး။

http://www.dhammadownload.com



အနာဂါတ် အကြောင်းလဲ မရှင်းဘူး။ ပစ္စုပ္ပန်အကြောင်းလဲ မရှင်းမလင်း တဲ့အခါကျတော့ မိမိသန္တာန်မှာဖြစ်နေနတဲ့ ရုပ်နာမ်တွေကို ဒီရုပ် ဒီနာမ်ရဲ့ အမှတ်တံဆိပ်က အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲလို့ ခွဲခြားသိနိုင်ပါ့မလား။ မသိဘူး။

ရှေးဦးစွာ ရေခွက်ကလေးကို ရောင်စုံပျောက်အောင်၊ လှိုင်းတွေ ပျောက်အောင်၊ မှော်တွေပပျောက်အောင်၊ ရေဆူပွက်မှုမရှိအောင်၊ ရွှံ့ညွန့်တွေကင်းအောင်၊ အဲဒီလို လုပ်လိုက်ရင် ရေလေးဟာ ကြည်ပြီး တော့မလာဘူးလား။ အဲဒီလို ရေလေးကြည်လာတဲ့အခါ မျက်နှာရိပ်လေး ကြည့်လိုက်တော့ သဲသဲကွဲကွဲ ဒီနားဘာရှိတယ်၊ ဒီနားမှဲ့မဲ့ရှိတယ်ကစပြီး တွေ့မြင်လာတယ်။ ဒါကြောင့်မို့ ကာမစ္ဆန္ဒ အစရှိတဲ့ တရားတွေကို နီဝရဏတရားလို့ ခေါ်တာပေါ့။ အဲဒီ အနောက်တရားတွေ ပ,ပျောက်အောင် ထွက်လေ၊ ဝင်လေကို စူးစူးစိုက်စိုက် ရှုလိုက်ရင် တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ စိတ်ကလေးပေါ်လာတယ်။

အဲဒီ အကြည်ဓာတ်ကလေး အကြည်စိတ်ကလေး ပေါ်လာ တော့မှ တွန်းကန်လှုပ်ရှား ဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်၊ လှုပ်ရှား တယ်လို့သိတဲ့ စိတ်ကလေးက နာမ်လို့ ခွဲခြားပြီးသိတယ်။ အဲဒီလို ထွက်လေ၊ ဝင်လေကို ရှုမှတ်ပွားများနေမယ်ဆိုရင် သက္ကာယဒိဋ္ဌိ အနာ ရောဂါ စိတ်ရောဂါ ပျောက်နိုင်တယ်။ သက္ကာယဒိဋ္ဌိ ပျောက်ဖို့ရာ နည်းလမ်းမရှိဘူးလား။ ရှိပါတယ်နော်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မြတ်စွာဘုရား ဟောကြား တော်မူတဲ့ တရားတော်ဒေသနာခေါ်တဲ့ မြေပုံတွေထင်ရှား ရှိမနေဘူး လား။ အဲဒီ မြေပုံတွေ မပျောက်သေးလို့ရှိရင် ဘုန်းကြီးတို့က နိဗ္ဗာန် သွားဖို့ရာလွယ်တယ်။ မြေပုံပျောက်သွားရင် လွယ်ပါတော့မလား။ မလွယ်ပါဘူး။ ဒါကြောင့်မို့ မြေပုံမပျောက်သေးခင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမယ်။ ဒါကြောင့်-

http://www.dhammadownload.com



**ပမာဒံ ဘယတော ဒိသွာ၊ အပ္ပမာဒဉ္စ ခေမတော၊**
**အပ္ပမတ္တာ သဒါ ဟောထ၊ ဧသာ ဗုဒ္ဓါ နုသာသနီ။**

ပမာဒံ= အာရုံငါးပါးတို့ဖြင့် မေ့လျော့ပေါ့ဆ ကုသိုလ်ကိစ္စ စိတ်ဒုံးဒုံးချ မပြုလုပ်ပဲနေသော ပမာဒတရားကို၊ ဘယတော= ကြောက်ဖွယ်လန့်ရေး ဘေးအနေအားဖြင့်၊ ဒိသွာ= မြင်၍၊ ဒိသွာပဿန္တု= မြင်နိုင်ကြပါ စေကုန်သတည်း။ အပ္ပမာဒံ= မမေ့မလျော့ မပေါ့ဆခြင်းကို၊ ခေမတော= ဘေးဘျမ်းကင်းကွာ အေးချမ်းသာသည့် အနေအားဖြင့်၊ ဒိသွာ-ပဿန္တု= မြင်နိုင်ကြပါစေကုန်သတည်း။ သဒါ= အခါခပ်သိမ်း၊ အပ္ပမတ္တာ= မမေ့မလျော့ မပေါ့ဆကြကုန်သည်၊ ဟောန္တု= ဖြစ်ကြပါစေ ကုန်သတည်း။ ဧသာ= ဤပမာဒတရားဆိုးကို ပယ်ရှား၍ အပ္ပမာဒ တရားကို လက်ကိုင်ထားကြပါဟု နှိုးဆော်တိုက်တွန်းတော်မူခြင်းသည်၊ ဗုဒ္ဓါနံ= ဆူဆူထွင်ရှထား မြတ်ဘုရားတို့၏၊ အနုသာသနီ= သွန်သင်ဆုံးမ နည်းလမ်းပြချက်ကြီး ဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
ပဓာန နာယက
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ
**လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ**
ဟောကြားတော်မူသော
နာဂသုတ္တန်

**နာဂ အမည်တော်**

ယနေ့ သာသနာတော်နှစ် ၂၅၄၅ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၂)ရက်နေ့။

ရန်ကုန်မြို့၊ စွယ်တော်မြတ်စေတီတော် ဆင့်အကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော် ကျင်းပပြီး ဓမ္မသဘင် ဆင်ယင်ကျင်းပတဲ့ အခါသမယမှာ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေ ဆရာတော်များ ဟောကြားကြတယ်။ ယနေ့ညဉ့် စွယ်တော်မြတ် စေတီတော်မှာ စတင်ပြီး တော့ ဓမ္မသဘင် ဆင်ယင်ကျင်းပကာ ပူဇော်ကြ တရားနာကြတယ်။

သုံးလောကထွဋ်ရှထား မြတ်ဘုရား ဇေတဝန်ကျောင်းတိုက်ကြီးမှာ သီတင်းသုံးနေစဉ် အရှင်အာနန္ဒာမထေရ်မြတ်က မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးတာ နှစ်အကြာဆုံး။ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကို နောက်ပါထားပြီးတော့ ဆွမ်းခံကြွတော်မူတယ်။ ဆွမ်းခံကြွလို့ ဆွမ်းဘုဉ်း ပေးပြီးတဲ့အခါ၊ အာယာမာနန္ဒ= အာနန္ဒာ - လာလိုက်ခဲ့ သွားကြစို့။

http://www.dhammadownload.com



မြို့ရှေ့ကျောင်းတိုက်လို့ခေါ်တဲ့ ပုဗ္ဗာရုံကျောင်းတိုက်မှာ နေ့သန့်စင်တော်မူပြီး ညချမ်းအချိန်ရောက်တဲ့အခါမှာ အဲဒီ ပုဗ္ဗာရုံကျောင်း အနီးမှာရှိတဲ့ မြစ်ထဲမှာရေချိုးတော်မူတယ်။

မြတ်စွာဘုရား ရေချိုးပြီး ရေသန့်အောင် ရေချိုးဆိပ်မှာပဲ သီတင်းသုံးနေတဲ့အချိန်၊ အဲဒီအချိန်မှာ ကောသလမင်းကြီးရဲ့ သေတ အမည်ရှိတဲ့ ဆင်ဖြူတော်ကြီးကို ရေချိုးပေးဖို့ အတီးအမှုတ် အကအခုန်တွေနဲ့ ရေချိုးဆိပ်ကို ခေါ်ဆောင်လာကြတယ်။ ရေချိုးဆိပ်မှာ ရှိနေကြတဲ့ လူတွေက **"အဘိရူပေါ ဝတဘော နာဂေါ၊ဒဿနီယော ဝတ ဘောနာဂေါ၊ ပါသာဒိကော ဝတ ဘောနာဂေါ"**။

ဘော= အချင်းတို့၊ နာဂေါ= နာဂအမည်ရတဲ့ ဆင်ပြောင်ကြီးသည်၊ အဘိရူပေါဝတ= အလွန်အကြူး အထူးလှပပါပေစွတကား၊ ဒဿနီယောဝတ= ကြည့်ရှုချင်စဖွယ် ဖြစ်ပါပေစွတကား။ ဒဿနီယော ဝတ= မျက်တောင်မခတ် မတ်တတ်ရပ်လျှက် ကြည့်ရှုအပ်ပါပေစွတကား။ ပါသာဒိကောဝတ= စိတ်ရဲ့ကြည်လင်မှုကို ဖြစ်ပါပေစွတကားလို့ ပြောကြ ဆိုကြတယ်။။

ကောသလမင်းကြီးရဲ့ သေတအမည်ရှိတဲ့ ဆင်ဖြူတော်ကြီး ရေချိုးဖို့ အတီးအမှုတ် အကအခုန်တွေနဲ့ ရေချိုးဆိပ်သို့ ဆောင်ယူလာတဲ့အချိန်။ မြတ်စွာဘုရားကလဲ ရေချိုးပြီးတော့ ရေသန့်ဖို့ရာ ရေချိုးဆိပ်မှာ သီတင်းသုံးနေတဲ့အခါ တိုက်တိုက်ဆိုင်ဆိုင် လူတွေက ပြောကြ ဆိုကြ။ အဲဒီလို လူတွေက ပြောကြဆိုကြတော့ အရှင်ဥဒါယီက "မြတ်စွာဘုရား ယခုလူတွေ ပြောကြဆိုကြတာ ကောသလ မင်းကြီးရဲ့ ဆင်ဖြူကြီးကို ကြည့်ပြီး 'အလွန်လှပတဲ့ ဆင်မင်းကြီးပါတကား။ အလွန်ကြည့်ရှုဖွယ်ကောင်းတဲ့ ဆင်မင်းကြီးပါတကား' စိတ်ရဲ့ကြည်လင်မှုကို ဖြစ်စေတဲ့ဆင်မင်းကြီးပါတကား။ လို့ ပြောနေကြတာဟာ ပကတိနာဂ အမည်ရတဲ့ ဆင်ကိုကြည့်ပြီး ပြောနေကြတာလား။ သို့မဟုတ် မြတ်စွာ ဘုရား တည်းဟူသော ဆင်မင်းကြီးကိုပဲ ပြောနေကြတာလား ဘုရား"လို့

http://www.dhammadownload.com



လျှောက်ထားတော့ မြတ်စွာဘုရားက မြင့်မားကြီးထွားတဲ့ ဆင်ကြီးတွေကိုလဲနာဂလို့ လောကက သုံးစွဲရိုးရှိတယ်။ ခန္ဓာကိုယ် မြင့်မားကြီးမားတဲ့ မြင်းကြီးတွေကိုလဲ နာဂလို့ ခေါ်ကြတယ်။ ခန္ဓာကိုယ် မြင့်မားတဲ့လူကိုလဲ နာဂလို့ခေါ်တယ်။ တစ်ခါတစ်ရံမှာ မြင့်မားတဲ့ သစ်ပင်ကြီးတွေကိုလဲ နာဂလို့ခေါ်ကြသေးတယ်။ အဲဒီလို နာဂအမည် ရတဲ့ ပုဂ္ဂိုလ်တွေ အရာဝတ္ထုတွေထဲမှာ -

**"အပိ စယော သဒေဝကေလောကေ သမာရကေ သဗြဟ္မကေသသမဏ ဗြဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ အာဂုံ နကရောတိ ကာယေန ဝါစာယ မနသာ၊ တမဟံ နာဂေါတိ ဝဒါမိ"**

နာဂ= အမည်ရတဲ့ ပုဂ္ဂိုလ်တွေ၊ အရာဝတ္ထုတွေ အများကြီး ရှိပါတယ်။ ရှိတာတွေထဲက ယော= အကြင်ပုဂ္ဂိုလ်သည်၊ သဒေဝကေ= နတ်နှင့်တကွသော၊ သမာရကေ= မာရ်မင်းနှင့်တကွသော၊ သဗြဟ္မကေ= ဗြဟ္မာမင်းနှင့်တကွသော၊ လောကေ= လောကကြီးထဲ၌၊ သသမဏ ဗြဟ္မဏိယာ= သာသနာအတွင်းအပြင် သမဏဗြဟ္မာဏနှင့်တကွ ဖြစ်သော၊ သဒေဝ မနုဿာယ= သမ္မုတိနတ်ဟု ဆိုအပ်သောမင်း၊ ကြွင်းသောလူနှင့်တကွဖြစ်သော၊ ပဇာယ= သတ္တလောကကြီးထဲ၌၊ ကာယေန= ကိုယ်ဖြင့်လည်းကောင်း၊ ဝါစာယ= နှုတ်ဖြင့်လည်းကောင်း၊ မနသာ= စိတ်ဖြင့်လည်းကောင်း၊ အာဂုံ= မကောင်းမှုကို၊ နကရောတိ= မပြု။

လောကကြီးထဲမှာ "သက်သတ်ခိုးမှု ကာမေသု သုံးခုကာယကံ" ဆိုတဲ့အတိုင်း ကာယကံဒုစရိုက် (၃)ခုလဲ မပြုဘူး။ "မုသားဆိုပြော ဂုံးချော ရန်တိုက် အမိုက်အမဲ ဆဲရေးခြောက်ချိန်း အပြိန်းစကား နေ့စဉ်ပွား လေးပါးဝစီကံ" ဆိုတဲ့အတိုင်း ဝစီကံဒုစရိုက် (၄)ပါးမှလဲ ရှောင်ကြဉ်တယ်။ "သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု သူ့သက်ဇီဝ သေစေချင်ဟု အယူမှောက်မှား ဤသုံးပါး မှတ်သားမနောကံ"ဆိုတဲ့ သူတစ်ပါးဥစ္စာကိုလဲ မတရားလိုချင်၊

http://www.dhammadownload.com



သူ့အသက်ကိုလဲ သေစေချင်၊ မှန်ကန်တဲ့အယူကိုလဲ ဖြောင့်မှန်စွာ မယူခြင်း၊ အဲဒီ မနောဒုစရိုက် (၃)ပါးကိုမှလဲ ရှောင်ကြဉ်တယ်။ အဲဒီ ဒုစရိုက်ဆယ်ပါးကို မပြုတဲ့ပုဂ္ဂိုလ်ဟာ လောကကြီးထဲမှာ နာဂအမည် ရထိုက်တယ်။ တံ= ထိုမကောင်းမှုကင်းသူကို၊ နာဂေါတိ= နာဂအမည် ရထိုက်၏ဟူ၍၊ အဟံ= ငါဘုရားသည်၊ ဝဒါမိ= ဟောမိန့်၏။ မြတ်စွာ ဘုရားက ဒီစကားမိန့်ကြားလိုက်တဲ့ အခါ အရှင်ဥဒါယီက **"အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ"**။

ဘန္တေ= ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပပါပေသော အရှင်မြတ်ဘုရား၊ ဘန္တေ= အစိန္တေယျ ဂုဏ်ပေါင်းခသည့် သမန္တစက္ခု သုံးလူ့ထွဋ်မှုထား အို-မြတ်စွာဘုရား၊ အစ္ဆရိယံ= အံ့ဩဘနန်း ထူးဆန်း လှပါပေစွ့ဘုရား။ အဗ္ဘုတံ= မဖြစ်စဖူး အခုမှ အသစ်အထူး ဖြစ်ပါပေစွ့ ဘုရား။

မြတ်စွာဘုရား အံ့ဩဘနန်းလဲဖြစ် အသစ်အထူးလဲ ဖြစ်ရပါ တယ်ဘုရား။ ဘာကြောင့်လဲလို့ ဆိုတော့ **"ယာဝ ဥဒ္ဒိဒံ ဘန္တေ ဘဂဝတာ သုဘာသိတံ အပိစ ယော သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သသမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ ကာယေန ဝါစာယ မနသာ အာဂုံ နကရောတိ၊ တမဟံ နာဂေါတိ ဝဒါမိ"**။

နတ်နှင့်တကွသော လောက သမုတိနတ်ဟု ဆိုအပ်သောမင်း ကြွင်းသောလူနှင့်တကွဖြစ်တဲ့ ဒီလောကကြီးထဲမှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့မှ ရှောင်ကြဉ် မကောင်းညစ်ဆိုး အကုသိုလ် တရားမျိုးတွေကို မပြုတဲ့ ပုဂ္ဂိုလ်ဟာ နာဂအမည် ရထိုက်တယ်လို့ မြတ်စွာ ဘုရားရဲ့ မိန့်ကြားတော်မူချက်ဟာ အံ့ဩဘနန်း ထူးဆန်းလှပါပေစွ့ ဘုရား၊ အထူးအသစ်ပါ ဘုရား။

http://www.dhammadownload.com



**အရှင်ဥဒါယီက လျှောက်ထား**

ဒီလိုဆိုရင် အရှင်မြတ်ဘုရားရဲ့ နာဂအမည်ရပုံ၊ မြတ်စွာဘုရား တည်းဟူသော ဆင်မင်းကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို တပည့်တော် လျှောက်ထားပါရစေဘုရားလို့ တောင်းပန်ပြီး အရှင်ဥဒါယီက လျှောက်ထားပါတယ်။

**မနုဿဘူတံ သမ္ဗုဒ္ဓံ၊ အတ္တဒန္တံ သမာဟိတံ။**

**ဣရိယမာနံ ဗြဟ္မပထေ၊ စိတ္တဿူပသမေရတံ။**

အစရှိသဖြင့် ဂါထာတွေ၊ ဂါထာတွေ အရှင်ဥဒါယီက မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတွေ ဗုဒ္ဓနာဂ အမည်ရတဲ့ ဆင်မင်းကြီးရဲ့ ဂုဏ်တော်တွေကို လျှောက်တယ်။

မိမိကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်ပါပေသော အို-မြတ်စွာဘုရား။ မြတ်စွာဘုရားသည် မိမိကိုယ်မိမိ ယဉ်ကျေးအောင် ဆုံးမထားပြီးသားလဲ ဖြစ်ပါတယ်ဘုရား။ တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ သမာဓိလဲ ရှိပါတယ်ဘုရား။ အရိယာမဂ်ခရီးမှာ ကြွသွားတော်မူတတ်ပါပေသော အို-မြတ်စွာဘုရား။ စိတ်၏ငြိမ်းချမ်းမှု၌ ပျော်ပိုက်တော်မူသော လူသားဖြစ်သော မြတ်စွာဘုရားကို-

**ယံမနုဿာ နမဿန္တိ၊ သဗ္ဗ ဓမ္မာန ပါရဂုံ။**

**ဒေဝါပိတံ နမဿန္တိ၊ ဣတိမေ အရဟတော သုတံ။**

တရားအလုံးစုံတို့၏ အထွဋ်အထိပ်သို့ ရောက်တော်မူသော မြတ်စွာဘုရား။ လူသားတို့၏ ရှိခိုးရာ မြတ်စွာဘုရားကို လူတွေတင်မကပါဘုရား။ နတ်တွေ, ဗြဟ္မာတွေလဲ ရှိခိုးကြတယ်လို့ အရှင်မြတ်ဘုရားထံမှ တပည့်တော်ကြားဘူးပါတယ် ဘုရား။ ဆက်ပြီး တော့-

**သဗ္ဗသံယောဇနာတီတံ၊ ဝနာ နိက္ခမ္မ မာဂတံ။**

**ကာမေဟိ နေက္ခမ္မ ရတံ၊ မုတ္တ သေလာ၀ ကဥ္စနံ။**

အလုံးစုံသော သံယောဇဉ် အနှောင်အဖွဲ့တို့ကို လွန်တော်မူပြီးသော မြတ်စွာဘုရား။ တဏှာတည်းဟူသော တောမှထွက်မြောက်

http://www.dhammadownload.com



တော်မူပြီးသော မြတ်စွာဘုရား၊ ကာမဂုဏ်အာရုံတို့မှ ထွက်မြောက်တော်မူပြီးသော မြတ်စွာဘုရား။ အပြစ်အနာအဆာကင်းတဲ့ သိင်္ဂီနိပ်ရွှေစင် အဆင်းကဲ့သို့ သန့်ရှင်းစင်ကြယ်တော်မူသော မြတ်စွာဘုရား။ လူသား စင်စစ်ဖြစ်တော်မူသော မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတွေကို လျှောက် ထားပြီး ဆက်ပြီးတော့-

**သဗ္ဗေ အစ္စ ရုစိနာဂေါ၊ ဟိမဝန္တော သိလုစ္စယေ။**

**သဗ္ဗေသံနာဂနာမာနံ၊ သစ္စနာမော အနုတ္တရော။**

ဟိမဝန္တာတောင်မင်းကြီးဟာ ကမ္ဘာလောကမှာ ရှိသမျှတောင် တွေထက် အမြင့်ဆုံး၊ ဟိမဝန္တာတောင်ကြီးဟာ တောင်တွေကို လွှမ်းမိုးပြီး မြင့်ပါတယ်။ အဲဒီလိုပဲ **"သဗ္ဗေ အစ္စ ရုစိနာဂေါ"**။ သဗ္ဗေ= အလုံးစုံ သော နာဂအမည်ရသော အရာဝတ္ထုမှန်သမျှကို၊ နာဂေါ= ဘုရားတည်း ဟူသော ဆင်မင်းကြီးသည်၊ အစ္စ ရုစိ= ကျော်လွန်၍ တင့်တယ်တော် မူပါပေ၏။

နာဂအမည်ရတာတွေ အများကြီးရှိပါတယ်။ ကိုယ်ခန္ဓာမြင့်မား ကြတဲ့ ဆင်မင်းကြီးတွေကလဲ နာဂကိုယ်ခန္ဓာမြင့်မားကြတဲ့ မြင်းကြီးတွေ ကလဲ နာဂ၊ မြင့်မားကြတဲ့လူတွေကလဲ နာဂ၊ မြင့်မားကြတဲ့ သစ်ပင်ကြီး တွေကလဲ နာဂ၊ နဂါးမင်းကြီးတွေကိုလဲ နာဂ၊ အဲဒီလို နာဂအမည်ရတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတော့ နာဂအမည်ရတဲ့ပုဂ္ဂိုလ်၊ အရာဝတ္ထုတွေကို လွန်ပြီးတော့ တင့်တယ်တော်မူသော မြတ်စွာဘုရား။

**"သဗ္ဗေသံ နာဂနာမာနံ၊ သစ္စနာမော အနုတ္တရော"**

နာဂအမည်ရတဲ့ ပုဂ္ဂိုလ်တွေအများကြီးရှိတာထဲက သစ္စနာမော အနုတ္တရော= အတုမရှိမြတ်တဲ့ နာဂနာမည်မှန်ရတာကတော့ ဘုရား တည်းဟူသော ဆင်မင်းကြီးဖြစ်ပါတယ်။ ဒါကြောင့် ရဟန်းခံတဲ့အခါမှာ ရဟန်းလောင်းများကို အမည်ပေးပြီး ကမ္မဝါ ရွတ်ဖတ်ကြတဲ့အခါ အကောင်းဆုံးနာမည် ဖြစ်တဲ့အတွက် ရဟန်းလောင်းကို 'နာဂ'တဲ့။ ရဟန်းလောင်းဆုံးမတဲ့ ဆရာတော် အရှင်မြတ်တွေက 'အာဝုသော နာဂ'

http://www.dhammadownload.com



ငါ့ရှင်နာဂ။ အာဂုသောနာဂ= မကောင်းမှုကင်း မကောင်းမှုကို မပြုခြင်းကြောင့် ပဋ္ဌင်းလောင်းမည် ဂုဏ်ရောင်ခြည်ဖြင့် ပြောင်လည်ထွန်းပ ငါ့ရှင်နာဂတဲ့၊ ရဟန်းလောင်းကို 'နာဂ' မကောင်းမှုကို မပြုတဲ့ပုဂ္ဂိုလ်လို့ ခေါ်ကြပြောကြတယ်။

အဲဒီလို မကောင်းမှုမပြုတဲ့အတွက်ကြောင့်မို့ ဘုရားရှင်ရဲ့ 'နာဂ' ဆိုတဲ့ အမည်တော်ကြီးဟာ အနုတ္တရနာမ= အတုမရှိတဲ့ နာမည်မှန်ဖြစ်တယ်။ နာမည်နဲ့ ဂုဏ်နဲ့ဒြပ် လိုက်ဖက်တယ်။ တစ်ချို့ 'မောင်ကောင်း' ဆိုပြီး မှည့်ခေါ်ထားတယ်။ တော်ကြာတော့ အဲဒီမောင်ကောင်းက မုဆိုးလုပ်နေတတ်တယ်။ ဒါကြောင့် နာမည်က ဂုဏ်နဲ့ဒြပ် လိုက်ဖက်ဖို့ လိုတယ်။ နာမည်က မောင်ကောင်း၊ ရပ်ထဲရွာထဲမှာ ဆိုးလိုက်တာက လွန်လို့ဆိုရင် ဒါ သစ္စနာမ မှန်ကန်တဲ့နာမည်မဟုတ်ဘူး။

**သဗ္ဗေသံ နာဂနာမာနံ၊ သစ္စနာမော အနုတ္တရော။**

သဗ္ဗေသံ= အလုံးစုံကုန်သော၊ နာဂ နာမာနံ= နာဂအမည်ရထိုက်ကုန်သောပုဂ္ဂိုလ်, အရာဝတ္ထုတို့တွင်၊ အနုတ္တရော= အတုမရှိ မြတ်သော၊ သစ္စနာမော= မြတ်စွာဘုရားသည် မှန်ကန်သောအမည် ရထိုက်သော အရှင်မြတ်ကြီး ဖြစ်ပါပေသည် မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

အရှင်ဥဒါယီက အဲဒီလို ချီးကျူးပြီးတဲ့အခါ-

**နာဂံဝေါ ကိတ္တယိဿမိ၊ နဟိ အာဂုံ ကရောတိသော။**
**သောရစ္စံ အဝိဟိံသာစ၊ ပါဒါနာဂဿ တေ ဒုဝေ။**

ဝေါ= သတ္တဝါနစ္စွာ မတုသာအောင် ကရုဏာကြီးမား ရှင်တော်မြတ်ဘုရားတို့၏၊ နာဂံ= နာဂအမည်ရကြောင်း ကောင်းမြတ်သောဖြစ်စဉ်ကို (ဝါ) ဘုရားဆင်မင်းကြီးဖြစ်ပုံကို၊ ကိတ္တယိဿာမိ= လျှောက်ကြားပါအံ့။ သော= ထိုဗုဒ္ဓနာဂ အမည်ရသည့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ အာဂုံ= မကောင်းညစ်ဆိုး အကုသိုလ်

http://www.dhammadownload.com



တရားမျိုးကို၊ နာဟိ ကရောတိ= ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးဖြင့် ပြုကျင့်တော်မမူပေ။

ဘုရားရှင်ဟာ ကာယကံလဲ စင်ကြယ်တယ်။ ဝစီကံလဲ စင်ကြယ်တယ်။ မနောကံလဲ စင်ကြယ်တယ်။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ကာစ ဘုရားမမှန်ဘူးလား၊ မှန်သလားလို့ သာတာဂီရိ၊ ဟေမဝတတို့၊ နတ်ဘီလူးကြီးတွေ၊ ဘုရားစစ်သလား၊ မစစ်ဘူးလားလို့ မေးကြတဲ့အခါ သာတာဂီရိနတ်ဘီလူးက မှန်ပါတယ်တဲ့၊ စင်ကြယ်သော ကာယကံလဲ ရှိတယ်။ စင်ကြယ်သော ဝစီကံလဲ ရှိတယ်။ စင်ကြယ်သော မနောကံလဲ ရှိတယ်။ ဘုရားမှန်တယ်ဟဲ့လို့ ဖြေလိုက်တယ်။

အဲဒီလို ဘုရားမှန်ရင် အချိန်ဆွဲမနေနဲ့။ တို့မြန်မြန်ပဲ ဘုရားဖူး၊ တရားနာသွားကြစို့ရဲ့လို့ဆိုပြီး သူငယ်ချင်းနှစ်ယောက် ဘုရားစီ ရောက်ကြတယ်။ ကာယကံမှု စင်ကြယ်ရဲ့လား၊ ဝစီကံမှုစင်ကြယ်ရဲ့လား၊ မနောကံမှု စင်ကြယ်ရဲ့လား မေးတော့၊ စင်ကြယ်တယ်၊ အပြစ်မရှိဘူးတဲ့။

ပြီးတော့ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် (၇)နှစ် တိုင်တိုင် မာရ်နတ်မင်းက မြတ်စွာဘုရားနောက် ခြေရာကောက် လိုက်ပြီးတော့ ကာယကံချွတ်ချော်တိမ်းပါးမှု၊ ဝစီကံချွတ်ချော်တိမ်းပါးမှု၊ မနောကံချွတ်ချော်တိမ်းပါးမှု ရှိခဲ့ရင် ပြောဖို့ ဆိုဖို့ ထုဖို့ ထောင်းဖို့ ဆိုပြီးလိုက်နေတာ (၇)နှစ်ကြာတဲ့အခါ မာရ်နတ်အရှုံးပေးပြီး သွားတယ်။

**"သတ္တဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိံ ပဒံ ပဒံ၊**

**ဩတာရံ နာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿ သတိမတော။**

(၇)နှစ် မြတ်စွာဘုရား ခြေရာကောက် မာရ်နတ်လိုက်နေတာ။ ချွတ်ချော်တိမ်းပါးမှုရှိမလားလို့ လိုက်တာ ဘာချွတ်ယွင်းချက်မှ မတွေ့ရ ပါဘူးတဲ့။ ဆီလိုအပေါက်ရှာပြီး အပြစ်ရှာလာခဲ့တာ၊ မတွေ့ဘူးတဲ့။ ဒါကြောင့် အရှင် ဥဒါယီမထေရ်မြတ်က-

**နာဂံ ဝေါ ကိတ္တယိဿာမိ၊ နဟိ အာဂုံ ကရောတိသော။**

**သောရစ္စံ အဝိဟိံသာစ။ ပါဒါနာဂဿ တေဒုဝေ။**

http://www.dhammadownload.com



သောရစ္စံ= စင်ကြယ်သော သီလတော်သည်လည်းကောင်း၊ အဝိဟိံသာစ= သတ္တဝါတို့ကို မညှင်းဆဲခြင်းသည်လည်းကောင်း၊ တေ= ဗုဒ္ဓဘုရား တည်းဟူသော အရှင်ဆင်မင်းကြီး၏၊ ပါဒါ= ရှေ့ခြေတော် နှစ်ဖက်တို့ မည်ပါကုန်၏။

ဗုဒ္ဓဘုရားကို ဆင်မင်းကြီးသဖွယ်ထား ရှေ့ခြေ (၂)ဖက်က စင်ကြယ်သော သီလနဲ့ သူတစ်ပါးကို မညှင်းဆဲတဲ့ အဝိဟိံသ ကရုဏာ စေတ် အပြည့်အဝရှိတော်မူခြင်း၊ အဲဒီ စင်ကြယ်သော သီလနဲ့သတ္တဝါ တို့ကို မညှင်းဆဲခြင်း၊ ကရုဏာတို့က မြတ်စွာဘုရား ဆင်မင်းကြီးရဲ့ ခြေတော် (၂)ဖက်နဲ့ တူပါပေတယ်တဲ့။

**တပေါ စ ဗြဟ္မစရိယံ၊ စရဏာ နာဂဿ တျာပရေ။**
**သဒ္ဓါ ဟတ္ထော မဟာနာဂေါ၊ ဥပေက္ခာ သေတ ဒန္တဝါ။**

အပရေ= တစ်ပါးကုန်သော၊ တပေါစ= ခြိုးခြံတော်မူသော အကျင့်သည်လည်းကောင်း၊ ဗြဟ္မစရိယဥ္စ= မြတ်သောသူတို့၏ အကျင့် သည်လည်းကောင်း၊ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့သည် ကျင့်အပ်သော အကျင့်မြတ်သည်လည်း ကောင်း၊ တေ= အရှင်ဘုရားတည်းဟူသော ဆင်မင်းကြီး၏၊ စရဏာ= နောက်ခြေတော်နှစ်ဖက်တို့ မည်ပါကုန်၏။

ဆင်မင်းကြီးရဲ့ နောက်ခြေတော်နှစ်ဖက်က ဘာလဲဆိုတော့ ခြိုးခြံတဲ့အကျင့်၊ ခြိုးခြံတာများ အင်မတန်အံ့ဩစရာ ကောင်းတယ်။ နန်းမသုံးဆောင်နဲ့ခံစားပြီး စွန့်ခွာတောထွက်လာတဲ့အခါ တစ်ကိုယ်ရေ တစ်ကာယနဲ့ ကျင့်သုံး၊ ဘုရားအဖြစ် ရောက်တော်မူပြီးတဲ့နောက် ရှင်ဘုရင်ဘဝက ရဟန်းပြုလာတဲ့ပုဂ္ဂိုလ်က-

ပုဏ္ဏာအမည်ရှိတဲ့ ကျွန်မ ကွယ်လွန်တော့ သူ့ခန္ဓာကိုယ်မှာ ပတ်ထားတဲ့ ပံ့သကူသင်္ကန်း ကောက်တော်မူတယ်။ ပိုးလောက်တွေက တပြည်သားလောက် ရှိတယ်။ တပြည်သားလောက်ရှိတဲ့ ပိုးလောက်တွေ ခါပြီး ပုဏ္ဏာအမည်ရှိတဲ့ ကျွန်မရဲ့ခန္ဓာကိုယ် ပတ်ထားတဲ့ အဝတ်ကို ပံ့သကူ

http://www.dhammadownload.com



ကောက်တော်မူတယ်။ အဲဒီအချိန်အခါမှာ မြေကြီးက မအံ့သြပဲ မနေနိုင်ဘူး။ ဒါကြောင့် မြေတုန်လှုပ်ရတယ်။ အဲဒီလို ခြိုးခြံတော်မူတဲ့ အကျင့်ရယ်၊ မြတ်တဲ့ပုဂ္ဂိုလ်တို့ရဲ့ အကျင့်။

အဲဒီ (၂)မျိုးဟာ မြတ်စွာဘုရားတည်းဟူသော ဆင်မင်းကြီးရဲ့ နောက်ခြေတော် (၂)ဖက်တို့ မည်ပါတယ်ဘုရား။

**သဒ္ဓါ ဟတ္ထော မဟာနာဂေါ၊ ဥပေက္ခာ သေတ ဒန္တဝါ။**

မဟာနာဂေါ= ဘုရားတည်းဟူသော ဆင်မင်းကြီးသည်၊ သဒ္ဓါ ဟတ္ထော= ရတနာသုံးတန် ကံ,ကံ၏အကျိုးတရားကို ယုံကြည်ကြည်လင်လှတဲ့ သဒ္ဓါတည်းဟူသော နှာမောင်းတော်ကြီးလဲ ရှိပါပေ၏။

မြတ်စွာဘုရားတည်းဟူသော ဆင်မင်းကြီးမှာ နှာမောင်းလဲ ရှိတယ်။ ဘာလဲဆိုတော့ 'သဒ္ဓါ'တရား။ သဒ္ဓါတရားဆိုတဲ့ နှာမောင်းကြီးရှိမှ ရတနာသုံးတန် ကံ,ကံ၏အကျိုးကို ယုံကြည်မှု၊ အလောင်းတော်ကြီးများ ပါရမီတရား ဖြည့်ကျင့်စဉ်မှာ သဒ္ဓါကအရေးကြီးတယ်။ ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့ ဘဝရောက်မှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကို ဆောင်ရွက်ဖြစ်တယ်။ ဒါကြောင့် သဒ္ဓါတရားတည်း ဟူသော နှာမောင်းတော်ကြီးလဲ ပါရမီဖြည့်စဉ်ကပင် ရှိပါတယ်ဘုရား။

**ဥပေက္ခာသေတ ဒန္တဝါ။**

ကောင်း, မကောင်း အာရုံမျိုးစုံ၌ လစ်လျူရှုခြင်းဆိုတဲ့ ဥပေက္ခာတဲ့။ ကောင်းတဲ့အာရုံတွေ့လို့လဲ ဝမ်းမသာဘူး။ မကောင်းတဲ့ အာရုံတွေ့လို့လဲ စိတ်မသက်သာ နှလုံးမသာယာမှု မဖြစ်ဘူး။ ဘုန်းကြီးတို့ ပုထုဇဉ်တွေ အများစုကတော့ ကောင်းတာတွေ့တော့ ဝမ်းသာလိုက်တာ။ မိမိသဘောမကျတဲ့ အာရုံနဲ့တွေ့တော့လဲ မဲ့ရွဲ့လို့ပါပဲ။ ဘုရားရှင်နှင့်တကွ အရိယာအပေါင်း သူတော်ကောင်းကြီးတို့ရဲ့ အရိယိဒ္ဓိ= အရိယာတို့ရဲ့ တန်ခိုးဣဒ္ဓိပါဒ်က-

မိကျောင်းမင်းကြီးများ ရေထဲသွားသလို ရေအစုန်လဲ ဒီအတိုင်းပဲ။ ရေအဆန်လဲ ဘယ်လိုပဲ ဆန်တက်ရ ဆန်တက်နိုင်တယ်။



41(B)

http://www.dhammadownload.com



ဒါကြောင့် ဘုရားမြတ်စွာ၊ ပစ္စေကာနဲ့ အရိယာအပေါင်း သူတော်ကောင်းတို့ရဲ့ စိတ်က ဣဋ္ဌာရုံ တွေ့တော့လဲ ဝမ်းမသာဘူး။ အနိဋ္ဌာရုံတွေ့တော့လဲ ဝမ်းမနည်းဘူး။ ပုထုဇဉ်တို့ရဲ့ စိတ်ကတော့ ရေထဲမျောနေတဲ့ ဘူးတောင်းများလိုပဲ။ ပေါလော၊ ပေါလောနဲ့ မျောပြီးနေသလို ဣဋ္ဌာရုံတွေတော့ ပြုံးလို့၊ အနိဋ္ဌာရုံ တွေ့တော့ မဲ့တယ်၊ ရွံ့တယ်။

မြတ်စွာဘုရား ဆင်မင်းကြီးမှာတော့ ကောင်း၊ မကောင်းဖုံ အလုံးစုံသော အာရုံတို့ကြောင့် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း အလျဉ်း မရှိတဲ့ ဥပေက္ခာခေါ်တဲ့ စွယ်တော်အဖြူကြီးလဲ ရှိတယ်။

**သတိဂီဝါ သိရောပညာ၊ ဝီမံသာဓမ္မ စိန္တနာ။**

**ဓမ္မကုစ္ဆိ သမာတပေါ၊ ဝိဝေကော တဿဝါလဓိ။**

သတိဂီဝါ= အရာရာမှာ ဆင်ခြင်တတ်တဲ့ သတိဆိုတဲ့ လည်တော်ကြီးလဲ ရှိတယ်။ သိရောပညာ= သဗ္ဗညုတဉာဏ်ဆိုတဲ့ ဦးကင်တော်ကြီးလဲ ရှိတယ်။

သဗ္ဗညုတဉာဏ်ဆိုတဲ့ ဦးကင်တော်ကြီးဆိုတာ အင်မတန် ချီးကျူးလို့ မကုန်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီး ဒါကြောင့် -

**သက္ကာသမုဒ္ဒေ ဥဒကံပမေတုံ အာဠှကေနဝါ၊**

**နတွေဝ တဝ သဗ္ဗညု၊ ဉာဏံ သက္ကာ ပမေတဝေ။**

သဗ္ဗညု= အလုံးစုံသောတရားတို့ကို သိတော်မူတတ်ပါပေသော အို-မြတ်စွာဘုရား၊ သမုဒ္ဒေ= သမုဒ္ဒရာ အဏ္ဏဝါ၌၊ ဥဒကံ= တည်နေပေါင်းစု ရေအထုကို၊ အာဠှကေနဝါ= ပြည်တောင်းဖြင့်လည်းကောင်း၊ အဍ္ဎေနဝါ= ပြည်တောင်းမှတစ်ပါး ပုန်း၊ ပီပါအပေါင်းဖြင့်လည်းကောင်း၊ ပမေတုံ= ဤ၍ ဤမျှ နှိုင်းဆ ချိန်တွယ်ခြင်းငှါ၊ သက္ကာ စွမ်းနိုင်သော်မူ စွမ်းနိုင်ရာပါလိမ့်ဦးမည် ဘုရား။ (သမုဒ္ဒရာမှာရှိတဲ့ ရေတွေကို ပိဿခွက် ရေတန်ချိန်ဖွဲ့၍ ချိန်တွယ်ရင် ချိန်တွယ်၍ ရစကောင်းပါသည်ဘုရား။) တဝ= ရှင်တော်မြတ်ဘုရား၏၊ ဉာဏံ= သဗ္ဗညုတတွင်ခေါ် ရွှေဉာဏ်တော်ကြီးကို၊ ပမေတုံ= ဤ၍ဤမျှ ဂဏန်းချ၍ နှိုင်းဆချိန်တွယ်ခြင်းငှါ၊

http://www.dhammadownload.com



နသက္ကာ= မစွမ်းနိုင်ပါဘုရား။ နသက္ကာပမေတဝေ= အဘယ်လူဇာတ် အဘယ်နတ်မှ ချင်တွယ်နှိုင်းဆခြင်းငှါ မစွမ်းနိုင်ပါသည်ဖြစ်၍ သမုဒ္ဒရာ ရေပြင်ကျယ်မက ကြီးမားတော်မူလှသည့် သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားစင်စစ် ဧကန်ဖြစ်ပါသည် ဘုရား။

သာဓု - သာဓု - သာဓု

မြတ်စွာဘုရားတည်းဟူသော ဆင်မင်းကြီး၏ သဗ္ဗညုတဉာဏ် တည်းဟူသော ဥကင်တော်ကြီးရှိသလို ဝီမံသာ ဓမ္မစိန္တနာ= တရားတော် တို့ကို ဆင်ခြင်စဉ်းစား ပွားများတော်မူနိုင်သည့် နှာမောင်းဖျားလည်း ရှိတော်မူပါသည်ဘုရား။ မြတ်စွာဘုရားတည်းဟူသော ဆင်မင်းကြီးမှာ တရားတော်တို့ကို တွေးတောဆင်ခြင်နိုင်သည့် နှာမောင်းဖျားလဲ ရှိတယ်။

**ဓမ္မ ကုစ္ဆိ သမာတပေါ၊ ဝိဝေကော တဿဝါလဓိ။**

ဓမ္မကုစ္ဆိသမာတပေါ= စတုတ္ထစျာန် သမာပတ်တည်းဟူသော ဝမ်းဗိုက်လည်းရှိတော်မူပါပေ၏။ ဘုရားတည်းဟူသော ဆင်မင်း ကြီးမှာ စတုတ္ထစျာန် သမာပတ်တည်းဟူသော ဝမ်းဗိုက်လဲရှိပါတယ်။ ဝိဝေကော= ဝိဝေကသုံးပါးတည်းဟူသော မြီးဆံလည်း ရှိပါသည် ဘုရား။ ဘုရားတည်း ဟူသော ဆင်မင်းကြီးမှာ ကာယဝိဝေက အပေါင်းအဖော် အပေါင်း အသင်းတွေနဲ့ ခွဲခွာနေနိုင်ခြင်းခေါ်တဲ့ ကာယဝိဝေက၊ သမာပတ် (၈)ပါးတည်းဟူသော စိတ္တဝိဝေက ကိလေသာတို့မှ ကင်းကွာခြင်း တည်းဟူသော ဥပဓိဝိဝေက ဝိဝေကသုံးပါးဆိုတဲ့ မြီးဆံလဲရှိပါတယ် ဘုရား။

**သောစျာယီ အဿာသရတော၊ အဇ္ဈတ္တံ သုသမာဟိတော။**
**ဂစ္ဆံသမာဟိတော နာဂေါ၊ ဌိတောစာပိ သမာဟိတော။**

သော= ထိုဘုရားတည်းဟူသော ဆင်မင်းကြီးသည်၊ စျာယီ= စျာန်ဝင်စားလေ့ရှိပါပေ၏။ အဿာသရတော= ထွက်လေ ဝင်လေ ရှုမှတ်ခြင်းကို အခြေခံ၍ ရရှိအပ်သော ဖလသမာပတ်၌ မွေ့လျော်တော် မူပါပေ၏။

http://www.dhammadownload.com



ဘုရားတည်းဟူသော ဆင်မင်းကြီးဟာ စျာန်ဝင်စားပြီးတော့လဲ နေလေ့ရှိတယ်။ အဿာသပဿာသ ထွက်လေဝင်လေကို အခြေခံပြီးတော့ ရရှိအပ်တဲ့ ဖလသမာပတ်မှာ မွေ့လျော်တော်မူတယ်။ ဘုရားဖြစ်တဲ့အခါမှ ထွက်လေဝင်လေ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို အသုံးချတော်မူတာမဟုတ်ပါဘူး။

ဘဝများစွာ သံသရာကျင်လည်လာတဲ့အခါမှာ ရသေ့၊ ရဟန်းဘဝနဲ့ နေပြန်တော့လဲ ထွက်လေဝင်လေကမ္မဋ္ဌာန်း အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်ခဲ့တယ်။ သိဒ္ဓတ္ထမင်းသားလေး ဖွားမြင်ပြီးနောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာကျင်းပတဲ့အခါမှာ အထိန်းတော်များက လယ်ထွန်မင်္ဂလာပွဲသွားပြီး ငေးမောနေတဲ့အချိန် အလောင်းတော်သိဒ္ဓတ္ထ မင်းသားလေးဟာ သပြေပင်ရိပ်မှာ အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းပြီး စျာန်ဝင်စားနေတာကို သုဒ္ဓေါဒနမင်းကြီး တွေ့ရလို့ ဦးနှိမ်ကန်တော့ခဲ့ပါတယ်။

ဒီနောက် ဥရုဝေလတောအုပ်မှာ (၆)နှစ်တာ တရားအားထုတ်ပြီး ဘုရားအဖြစ်ရောက်ခါနီးအချိန် ဗုဒ္ဓဂါယာ အပရာဇိတပလ္လင် ဘုရားဖြစ်ခါနီးအချိန် အဘယ်ကမ္မဋ္ဌာန်းရှုမှတ်ပြီး ဘုရားဖြစ်ပါသလဲဆိုတော့ ထွက်လေ ဝင်လေ ရှုမှတ်ပြီးတော့ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့တယ်။ ဘုရား အဖြစ်သို့ရောက်ပြီး (၄၅)ဝါကာလပတ်လုံး သီတင်းသုံးတော်မူတဲ့ အခါမှာ အများအားဖြင့် အာနာပါန ထွက်လေဝင်လေ ကမ္မဋ္ဌာန်းကိုပဲ လက်သုံးထားပြီးတော့ ချမ်းချမ်းသာသာ နေတော်မူတယ်။

ပရိနိဗ္ဗာန်စံကာနီးကျတော့လဲပဲ နောက်ဆုံးအချိန်မှာ အာနာပါန ထွက်လေ ဝင်လေ စသည်ကိုပင် ရှုမှတ်ပွားများတော်မူခဲ့ပါတယ်။ ဒါကြောင့် ထွက်လေ ဝင်လေဟာ မြတ်စွာဘုရားရှင်တို့ရဲ့ လက်သုံးတော် ကမ္မဋ္ဌာန်းကြီးဖြစ်တဲ့အတွက် မဟာသတိပဋ္ဌာန်သုတ္တန်ဒေသနာတော်ကြီးကို စတင်ဟောကြားတော်မူတဲ့အခါ အာနာပါနကမ္မဋ္ဌာန်းကြီးကို စပြီးတော့ ဟောကြားခါ တရားပေးပါတယ်။

http://www.dhammadownload.com



မြတ်စွာဘုရား တရားပေးတော့ ဘယ်ကမ္မဋ္ဌာန်းကို စပြီးတရား ပေးတာပါလိမ့်လို့ မေးရင် အာနာပါနဿတိကမ္မဋ္ဌာန်း စပြီးအရင်ဆုံး တရားပေးတယ်။ အာနာပါနဿတိကမ္မဋ္ဌာန်းဟာ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ရဲ့ လက်သုံးတော် ကမ္မဋ္ဌာန်း ဖြစ်တဲ့အတွက် ရှေးဦးစွာစပြီးတော့ ပေးတော်မူတယ်။ မဟာပုရိသဘူမိ= မြင့်မြတ်သောပုဂ္ဂိုလ်တို့၏ နယ်မြေလို့ သတ်မှတ်ကြ ပါတယ်။ ဘယ်လို အာနာပါနဿတိ ကမ္မဋ္ဌာန်းကို စပြီးပေးသလဲ ဆိုတော့-

**"စိတ်မိုက်နွားဆိုး သတိကြိုးနဲ့ မတိုးရုံးနိုင် အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ။"**

ဒီစိတ်ကလေးဟာ နွားဆိုးနွားမိုက်လိုပဲတဲ့။ ဆုံးမရခက်တယ်။ နှိပ်ကွပ်ရခက်တယ်။ အဲဒီစိတ်ကလေးကို ဆိုဆုံးမဖို့ ထွက်လေ ဝင်လေ ဆိုတဲ့ အာရုံတိုင်မှာပဲ 'သတိ'ဆိုတဲ့ ကြိုးနဲ့ခိုင်ခိုင်ချည်ထားရမယ်။ မြဲအောင်ချည်ထားရမယ်။ ဒါကြောင့် စိတ်မိုက်နွားဆိုး သတိကြိုးနဲ့ မတိုးရုံးနိုင် အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ။

ဟော- ဒီစိတ်ကလေးကို ဆိုဆုံးမဖို့ရာအတွက် ဒီစိတ်ကလေးကို ခိုင်ခိုင်ချည်ထားပါ။ ဘာကြိုးနဲ့လဲဆိုတော့ 'သတိ'ဆိုတဲ့ ကြိုးနဲ့ချည်တဲ့။ အာရုံတိုင်မှာ ချည်ရမယ်တဲ့။ ဘယ်တိုင်လဲဆိုရင် ထွက်လေ ဝင်လေ ဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ချည်ထားပါ။

**"ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုံးကြည့်ရှာ"**

ရိုင်းမိုက်တဲ့နွားလေးဟာ တိုင်မှာကြိုးနဲ့ချည်ထားတော့ လှည့်ပတ် ပြီး ရုန်းနေပါတယ်။ အာရုံမျိုးစုံတွေမှာ ကျက်စားနေခဲ့တဲ့ စိတ်ဆိုတော့ သူကလဲ ထွက်လေဝင်လေ အာရုံတိုင်မှာ ငြိမ်ငြိမ်မနေပဲနဲ့ ရုန်းနေပါတယ်။

**"ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုန်းကြည့်ရှာ"**

**"ရုန်းမရပါ ချည်တိုင်မှာ မောကာငြိမ်သက်ကာ"**

http://www.dhammadownload.com



ချည်တိုင်မှာ နွားကလေးမောပြီး ငြိမ်သက်ပြီး ဝပ်နေသလို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ ခိုင်ခိုင်ချည်ထားတော့ နွားဆိုးနွားမိုက်နဲ့တူတဲ့ ဒီစိတ်ကလေးမပြေးနိုင်တော့ပဲ မောပြီး ထွက်လေဝင်လေ အာရုံတိုင်မှာ ငြိမ်သက်ပြီးနေပါလိမ့်မယ်။

**"မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ"**

အဲဒီလို နွားကလေးမောပြီး ငြိမ်သက်ပြီး ဝပ်နေသလို ထွက်လေ ဝင်လေ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ချည်ပြီး ထားတဲ့အခါ စိတ်ကလေးဟာ တည်ကြည်ငြိမ်သက် မလှုပ်ယှက်တော့ပါဘူး။

ထွက်လေဝင်လေများ အသုံးချကြတာ အင်မတန်များပါတယ်။ တစ်နာရီမှာ ထွက်လေ ဝင်လေ အကြိမ်တစ်ထောင်လို့ ဆိုကြပါစို့။ တစ်နေ့ တစ်နေ့ (၂၄၀၀၀)လောက် အသုံးချနေတယ်။ သာမန်အားဖြင့် အကြိမ်ပေါင်း (၁၆၀၀၀) အသုံးချတယ် ဆိုရင်လဲ မမှားပါဘူးလေ။ အကြိမ်ပေါင်း (၁၆၀၀၀)ကျော် အသုံးချနေတဲ့ ထွက်လေ ဝင်လေလို့ ပြောရင် လူ့ဘဝပြဿနာပေါင်း (၁၆၀၀၀)လို့ ပြောနေကြတာနဲ့ အံကိုက်လို့ ပိုထင်ပေါ်တယ်။ အဲဒီ လူ့ပြဿနာပေါင်း (၁၆၀၀၀)ကျော် ဖြေရှင်းချင်ရင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် အသုံးချနေတဲ့ ထွက်လေ ဝင်လေကို ရှုမှတ်ပွားမည်ဆိုရင် လူ့ဘဝရဲ့ပြဿနာပေါင်း (၁၆၀၀၀) မငြိမ်းနိုင်ဘူးလား၊ ငြိမ်းနိုင်ပါတယ်။

လူ့ဘဝ ပြဿနာပေါင်း (၁၆၀၀၀) ဆွေမျိုးအားကိုးနဲ့ ရှင်းလို့ မရပါဘူး။ မိတ်ဆွေအားကိုးနဲ့ ဖြေရှင်းလို့လဲ မရပါဘူး။ ကိုယ့်ကိုယ်ကို အားကိုးပြီး ဖြေရှင်းမှရမယ်။ အဲဒီတော့ အကြိမ်ပေါင်း (၁၆၀၀၀)ကျော် အသုံးချနေကြတဲ့ ထွက်လေ ဝင်လေကို ရှုမှတ်ပြီး ပြဿနာပေါင်း (၁၆၀၀၀)ကျော် ငြိမ်းချင်ရင်ရပါတယ်။ ပြဿနာကို လူတွေအားလုံးက ကြောက်ကြတာပဲ။ အပူပြဿနာ ကြောက်တယ်။ အိုဘေးပြဿနာ ကြောက်တယ်။ နာဘေးပြဿနာ ကြောက်တယ်။ သေဘေးပြဿနာ ကြောက်တယ်။ အခြား ကပ်ဘေး၊ မွဲဘေးပြဿနာတွေ ကြောက်တယ်။

http://www.dhammadownload.com



ဘယ်ပြဿနာဖြစ်ဖြစ် ကြောက်ကြတာပဲ။ ကြောက်စရာချည်းပဲ။

ပြဿနာကလဲ နည်းနည်းမဟုတ်ဘူး။ ပြဿနာပေါင်း (၁၆၀၀၀) ငြိမ်းအေးဖို့ရာအတွက် မြတ်စွာဘုရားက အကြိမ်ပေါင်း (၁၆၀၀၀)ကျော် ဟောကြားဆုံးမထားတဲ့ တရားတော်၊ စကားတော်လဲ ရှိပါသေးတယ်။ အဲဒီတရားက သတိ အဝိပ္ပဝါသခေါ်တဲ့ အပ္ပမာဒတရားပါပဲ။ အပ္ပမာဒ ဆိုတာ ဘာလဲဆိုတော့ အာရုံငါးပါးရှောင်ရှားပြီးတော့ ကုသိုလ်တရားတွေ များများပြုနေရင် အပ္ပမာဒ။ ဘုန်းကြီးတို့ စွယ်တော်မြတ် စေတီတော် ဂေါပကလူကြီးများ ဂေါပကအနေနဲ့ ထမ်းဆောင်ကြတဲ့အခါ အိမ်က နေပြီး စေတီတော်စီ သွားရဦးမယ်။ တာဝန်အရပဲပြောပြောပေါ့။ "ဘုရားကိုမှန်း ခြေတစ်လှမ်း တစ်သန်းမကထိုက်" ဆိုတဲ့အတိုင်း ကုသိုလ်မဖြစ်ဘူးလား။ ဘုရားသွားတာ ရုပ်ရှင်ရုံ ပျော်ပွဲသွားတာမှ မဟုတ်ပဲ။ စားပွဲ သောက်ပွဲ ကြည့်ချင်ပွဲ သွားတာလဲ မဟုတ်ဘူး။ ဘုရားလာတဲ့အတွက် ကုသိုလ်ဖြစ်တယ်။

ရောက်တဲ့အခါ စေတီတော်ကြီးကို ဘယ်လိုပြုပြင်ရမလဲလို့ ဆင်ခြင်စဉ်းစားတော့ ဒီစိတ်ကလေးလဲ ကုသိုလ်မဖြစ်ဘူးလား၊ ဖြစ်ပါ တယ်။ ဩော်- စွယ်တော်မြတ်စေတီတော်အတွင်း သန့်ရှင်းမှုသန့်ရှင်း ရဲ့လား။ ဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တွေ အကုန်မှဆောင်ရွက်ကြရဲ့လား။ တစ်နည်းအားဖြင့် ထင်ရှားတာပြောမယ်ဆိုရင် စွယ်တော်မြတ်စေတီပိုင် မြေဟာ ဘယ်ကနေဘယ်အထိ ရှိတယ်။ အဲဒီအတိုင်းအတာ အတိုင်းရှိမှ ရှိရဲ့လား အစရှိသည်ဖြင့် စေတီတော်ကြီးရဲ့ ဝေယျာဝစ္စတွေ ဆောင်ရွက် ပြီးတော့ နေကြရတာ။ အဲဒါလဲ အပ္ပမာဒပဲ။

စေတီတော်မြတ်ကြီး ပရဝုဏ်ရောက်တဲ့အခါ ဘုရား (၉)ဆူ နှင့်တကွ မြတ်စွာဘုရားရဲ့ စွယ်တော်ပွားကို လက်အုပ်ချီမိုး ရှိခိုးပြီးနေတဲ့ အခါလဲ ကုသိုလ်စိတ်၊ ဘုရားရှေ့တော်မှာ သရဏဂုံသီလ ဆောက်တည် နေကြပြန်တော့လဲ ကုသိုလ်စိတ်ပဲ။

http://www.dhammadownload.com



အပ္ပမာဒဆိုတာ ကုသိုလ်တရားမမေ့တာ အပ္ပမာဒ ဒါနကုသိုလ်၊ သီလကုသိုလ်၊ အဲဒီကုသိုလ်တွေ ထက်မြတ်တဲ့။ သမထကုသိုလ်၊ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများနေတာ သမထကုသိုလ်ဖြစ်တယ်။ အဲဒီကနေ တစ်ဆင့်တက်ပြီးတော့ ဝိပဿနာကုသိုလ် ပွားတော့လဲ အပ္ပမာဒပဲ။ အဲဒီတော့ မြတ်စွာဘုရား (၄၅)ဝါကာလပတ်လုံး သီတင်းသုံးပြီးတော့ သတ္တဝါဝေနေများ ပိုလ်ခြေတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးပြီးတော့ ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ်က ရေတွင်းလေး အခုထက်ထိ ရှိပါသေးတယ်။

ဆွမ်းခံပြန်ကြွလာပြီဆိုရင် နေ့စဉ်နေ့တိုင်း နေ့စဉ်နေ့တိုင်း အဲဒီကျောက်ဖျာလေးပေါ်မှာ ခြေဆေးရင်းနဲ့ "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" ရဟန်းတို့ မမေ့ကြနဲ့။ ဘုရားအဖြစ် ရခဲတယ်။ လူ့အဖြစ် ရခဲတယ်။ ရဟန်းအဖြစ် ရခဲတယ်။ ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည် ပြည့်စုံတဲ့ သမ္မတ္တိစက်ကလဲ ရခဲတယ်။ သဒ္ဓါတရားရှိဖို့လဲ ခက်တယ်။ သူတော်ကောင်းတရား နာကြားရဖို့လဲ ပိုလို့ခက်တယ်။ ဒါကြောင့် မမေ့ကြနဲ့လို့ (၄၅)ဝါ ကာလပတ်လုံး နေ့တိုင်း နေ့တိုင်း သတိပေးတော်မူခဲ့တယ်။

နောက်ဆုံး ပရိနိဗ္ဗာန် စံကာနီးမှာလဲ အများသိကြတဲ့အတိုင်း-

**"ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။**
**ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"။**

မြတ်စွာဘုရားက ဘာကြောင့်မမေ့ကြနဲ့လို့ မိန့်တော်မူသလဲ ဆိုတော့ ဝယဓမ္မာ သင်္ခါရာ၊ သင်္ခါရ အစုအပုံ အလုံးစုံတွေဟာ မမြဲကြဘူး ပျက်ကြတယ်။ ဒါကြောင့် မမေ့ကြနဲ့။ အပ္ပမာဒ ဩဝါဒပေးတော်မူရခြင်းရဲ့ အကြောင်းက ဒုလ္လဘ (၅)မျိုးရခဲတဲ့အတွက်ကြောင့်။ နောက်တစ်ခုက ဘာလဲ။ သင်္ခါရတရားတွေဟာ ပျက်စီးတတ်လို့ မြင်မြင်သမျှ အားလုံးပျက်စီးတတ်တယ်ဆိုတဲ့ အကြောင်း ဒီ(၆)မျိုးကြောင့် မြတ်စွာဘုရားက အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားခဲ့တာ။

http://www.dhammadownload.com



အဲဒီတော့ **လူ့ဘဝ**မှာ ပြဿနာပေါင်း (၁၆၀၀၀)ကျော်ဆိုတော့ ပြဿနာပေါင်း **(၁၆၀၀၀)နဲ့** ဘယ်သူမှမနေချင်ဘူး။ မနေချင်ရင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် ထွက်လေဝင်လေ ရှုမှတ်ချက်ကိုရှုမှတ်ပြီး စိတ်ကလေးတည်ငြိမ်အောင် ကြိုးစားတာက စပြီးတော့ ဝိပဿနာ ဉာဏ်စဉ် အဆင့်ဆင့်တက်ပြီးတော့ သွားမယ်ဆိုရင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတော်မူတဲ့ အပွမာဒဩဝါဒကို လိုက်နာရာ မရောက်ဘူးလား။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် မြင့်ပြီးသွားတယ်။ မြတ်ပြီးတော့ သွားတယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့ လက်သုံးတော် ကမ္မဋ္ဌာန်းလဲဖြစ်တဲ့-

**"မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ**
**သမာဓိရ တည်ကြည်က စိတ်ကစင်ကြယ်မှာ"**

စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်တော့ဘူးဆိုရင် စိတ်ကလေးတည်ကြည်နေတော့ စိတ်စင်ကြယ်နေတယ်။ စိတ်ကလေး တည်ငြိမ်နေတဲ့ ပုဂ္ဂိုလ်မှာ ကာမစ္ဆန္ဒဖြစ်ပါဦးမလား။ ဗျာပါဒ, ဥဒ္ဒစ္စ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ ဖြစ်ပါတော့မလား။ နီဝရဏ ကင်းပြီးတော့ စိတ်ကလေးငြိမ်ပြီ။ အဲဒီလို စိတ်ကလေးငြိမ်ချမ်း တည်ကြည်ပြီးသွားမှ-

**"စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားသိရှိလာ"**

ရုပ်တွေ နာမ်တွေ ပိုင်းခြားသိမှ ဝိပဿနာဉာဏ်ပါ။ ဝိပဿနာ ဉာဏ်ဆိုတာ သူသိ၊ ငါသိ၊ ကမ္ဘာသိကို ကျော်လွန်သိတဲ့ဉာဏ်။ သူသိ၊ ငါသိ၊ ကမ္ဘာသိတွေကို ကျော်လွန်ပြီးတော့သိမှ ဝိပဿနာအသိ၊ အဲဒီ အသိထူးရချင်လို့ရှိရင် တည်ကြည်ငြိမ်သက်တဲ့ စိတ်ကလေးရရှိဖို့ လိုပါတယ်။ စိတ်တည်ကြည်ငြိမ်သက်ပြီဆိုရင် စိတ်ဟာစင်ကြယ်တယ်။ စိတ်စင်ကြယ်ရင် ဝိပဿနာဉာဏ်စဉ်တွေ ရနိုင်တယ်။ ဒါကြောင့်-

**သောစျာယီ အဿာသရတော၊ အဇ္ဈတ္တံသုသမာဟိတော။**

အဇ္ဈတ္တံသုသမာဟိတော= စျာန်ဝင်စားပြီး ကိုယ့်အတွင်းသန္တာန် ၌ တည်ကြည်ငြိမ်သက် မလှုပ်ယှက်သော သမာဓိရှိတော်မူပါပေ၏။

http://www.dhammadownload.com



**ဂစ္ဆံ သမာဟိတော နာဂေါ။**

နာဂေါ= မြတ်ဗုဒ္ဓတည်းဟူသော ဆင်မင်းကြီးသည်၊ ဂစ္ဆံ= ဂစ္ဆန္တော= ကြွတော်မူစဉ်၊ သမာဟိတော= တည်ကြည်ငြိမ်သက် မလှုပ်ယှက်ပါဘုရား။

မြတ်စွာဘုရားသည် ဟိုဟိုဒီဒီ ကြွချီတော်မူစဉ်မှာလဲ စိတ်တော်ဟာ တည်ငြိမ်သက်နေတယ်။

**ဌိတော စာပိ သမာဟိတော။**

မြတ်စွာဗုဒ္ဓတည်းဟူသော ဆင်မင်းကြီးဟာ ရပ်ပြီးတော့နေရင်လဲပဲ တည်ကြည်ငြိမ်သက် မလှုပ်ယှက်ဘူးတဲ့။

**သေယျံ သမာဟိတော နာဂေါ၊ နိသိန္နောပိ သမာဟိတော။**

ဘုရားတည်းဟူသော ဆင်မင်းကြီးဟာ ကျိန်းစက်နေတဲ့ အခါလဲ တည်ကြည်ငြိမ်သက် မလှုပ်ယှက်ဘူးတဲ့။ ဘုရားတည်းဟူသော ဆင်မင်းကြီးဟာ ပရိသတ်အလယ် ရောင်ခြည်တော်ခြောက်သွယ် အသွယ်သွယ်ဖြင့် ထိုင်နေတော်မူတဲ့အခါမှာလဲ စိတ်ဟာ တည်ကြည်တော်မူတယ်။

**သဗ္ဗတ္ထ သံဝုတော နာဂေါ၊ ဧသော နာဂဿ သမ္ပဒါ။**

သဗ္ဗတ္ထ= အလုံးစုံ သွားရပ်ထိုင်လျောင်း လေးပါးသော ဣရိယာပုထ်တို့၌၊ နာဂေါ= ဆင်မင်းကြီးသည်၊ သံဝုတော= စောင့်စည်းတော်မူပါပေ၏။ ဧသော= ဤသည်ကား၊ နာဂဿ= ဘုရားတည်းဟူသော ဆင်မင်းကြီး၏၊ သမ္ပဒါ= ပြည့်စုံမှု အမျိုးမျိုးတို့ဖြစ်ပါသည် အရှင်ဘုရား။

သာဓု - သာဓု - သာဓု

ဘုရားတည်းဟူသော ဆင်မင်းကြီး၏ ပြည့်စုံပုံတွေကို လျှောက်ထားပြီးတဲ့အခါ ဥဒါယီမထေရ်မြတ်က -

**ဘုဉ္ဇတိ အနဝဇ္ဇာနိ၊ သာဝဇ္ဇာနိ နဘုဉ္ဇတိ။**
**ဃာသမစ္ဆာဒနံ လဒ္ဓါ၊ သန္နိဓိံ ပရိဝဇ္ဇယံ။**

http://www.dhammadownload.com



အနဝဇ္ဇာနိ= အပြစ်မရှိသော အစာအာဟာရတို့ကို၊ ဘုဥ္စတိ= ဘုဉ်းပေးတော်မူပါပေ၏။ သာဝဇ္ဇာနိ= အပြစ်ရှိသော အစာအာဟာရတို့ကို၊ နဘုဥ္စတိ= ဘုဉ်းပေးတော်မမူ။

အရေးကြီးတာက စားဝတ်နေရေးကိုး။ မြတ်စွာဘုရားက အပြစ်မရှိတဲ့ အစာအာဟာရတွေ၊ အပြစ်မရှိတဲ့ အသုံးအဆောင်တွေသာ သုံးဆောင်တော်မူတယ်။ ဒါဘုရားဖြစ်မှလားဆိုတော့ မဟုတ်ပါဘူး။ ဘုရားလောင်းဘဝ ဘဝများစွာ ပါရမီတော်တွေ ဖြည့်ကျင့်နေတဲ့ အခါမှာ-

**"ကြီးငယ်တောင်းလျှင်၊ ချန်ခွင်တိုရှည်**
**လိမ်လည်လုယက်၊ ခိုးနှိုပ်စက်၍**
**အသက်မွေးခြင်း ကင်းခဲ့ခြင်းကြောင့်**
**မခေါမသီ စိန်ကိုစီသို့ ပြေညီသွားတော်**
**စွယ်တော်လေးဆူ ဆွတ်ဆွတ်ဖြူသား**
**ကိုယ်တော်သွား၏ နှစ်ပါးချင်းရာ**
**လက္ခဏာဖြင့် ယုတ်မာကောက်ကျစ်**
**ဆိုးညစ်သောသူ မပါမူ၍**
**ဖြောင့်ဖြူးသပ္ပါယ် လဲ္ဘကြယ်သို့**
**စင်ကြယ်သော အခြံအရံရှိတော်မူပါပေသော**
**မြတ်စွာဘုရား။**

မြတ်စွာဘုရားရဲ့ လက္ခဏာတော်ကြီး (၃၂)ပါးရှိတယ်။ အဲဒီ လက္ခဏာတော်ကြီး (၃၂)ပါးထဲမှာ သွားတော်လေးဆယ်ဟာ 'မခေါမသီ စိတ်ကိုစီသို့' စိန်ကလေးတွေ စီထားသလိုပဲ။ တစ်ချို့သူတွေရဲ့ သွားတွေက ခေါလို့။ တစ်ချို့သွားတွေက ငိုက်လို့နေတယ်။ ဘုရားရှင်မှာ 'မခေါမသီ စိန်ကိုစီသို့ ပြေညီသွားတော်' စွယ်တော်လေးဆူ ဆွတ်ဆွတ် ဖြူသား ကိုယ်တော်သွား၏ နှစ်ပါးချင်းရာ လက္ခဏာဖြင့် လက္ခဏာ (၃၂)ပါးထဲမှာ သုံးဆယ်အသာထားဦး။ နှစ်ပါးကိုပဲ ပြောကြစို့။

http://www.dhammadownload.com



သွားတော် (၄၀)လုံး ညီနေတယ်။ အဲဒီမှာ စွယ်တော်(၄)ဆူကလဲ ပါနေတယ်။ အခု ကိုယ်လို သူလို ပုဂ္ဂိုလ်တွေ ကြည့်မယ်ဆိုရင် သွားက များသောအားဖြင့် (၃၂)ချောင်း ရှိကြတယ်။ အများကတော့ (၃၂)ချောင်း၊ အချို့ မေးကြည့်လိုက်ရင် (၂၆)ချောင်းပဲ ရှိတယ်။ တစ်ချို့က (၂၈)ချောင်းပဲ ရှိတယ်။ မြတ်စွာဘုရားရဲ့ သမဒန္တလက္ခဏာ သွားတော် (၄၀)က မခေါမသီ စိန်ကိုစီသို့ ပြေညီသွားတော်။ မခေါမသီမငိုက်ပဲ စိန်ကိုစီထားသလိုပဲ။

'စွယ်တော်လေးဆူ ဆွတ်ဆွတ်ဖြူသား' ကိုယ်တော့သွား၏။ နှစ်ပါးချင်းရာ လက္ခဏာဖြင့်။ ယောကျ်ားမြတ်လက္ခဏာ (၃၂)ပါးထဲမှာ သုံးဆယ်အသာထားဦး။ သမဒန္တ= သွားတွေညီညာတာ။ အဲဒီလို သွားတော် (၄၀) ညီညာတာ၊ ဆွတ်ဆွတ်ဖြူတာ၊ စွယ်တော်(၄)ဆူ ရှိတာ ဘာကြောင့်လဲ။

ဘုန်းကြီးတို့ မြတ်စွာဘုရား စွယ်တော်မြတ်ပင့်ပြီးတော့ လာတဲ့ အခါမှာ မြတ်စွာဘုရား ကိုယ်တော်တိုင်ကြွလာသလိုပဲ။ လနဲ့ ချီပြီးတော့ ပူဇော်ကြတယ်၊ ကန်တော့ကြတယ်၊ ရှိခိုးလို့အားမရကြဘူး။ စွယ်တော် မြတ် ပြန်ကြွပြီးသွားတော့ ကိုယ့်ပစ္စည်းကျလို့ ပြန်ပြီးတော့ မကြွစေ ချင်ဘူး။

ဘုန်းကြီးတို့ သာသနာရေးဝန်ကြီး၊ နိုင်ငံတော်အကြီးအကဲ များနှင့်တကွ စွယ်တော်မြတ်သွားပင့်ကြတဲ့အခါ စွယ်တော်မြတ်က မကြွလာသေးဘူး။ အိပ်မက်က ရောက်လာပြီ။ စွယ်တော်မြတ်တည်မည့် ကုန်းမြေပေါ် နာဂလိုဏ်ဂူကုန်းမြေပေါ် ကောင်းကင်ယံကနေပြီးတော့ ရွှေကျောင်းဆောင်ကြီးနဲ့ ကြွလာတယ်လို့ အိမ်မက်မက်တယ်။ အိမ်မက် ထဲမှာ သြော်- မြတ်စွာဘုရား စွယ်တော်ဟာ ရွှေကျောင်းဆောင်ကြီးနဲ့ပဲလို့ ကြည်ညိုရတယ်။ ကြိုဆိုပွဲပြုလုပ်တဲ့အခါ ရဟန်းတော် (၁၀၈)ပါး ပါဝင်တဲ့အထဲမှာ ဘုန်းကြီးလဲ ဦးဆောင်ပြီးတော့ ပါဝင်ခဲ့ပါတယ်။ မြတ်စွာဘုရားမှာ စွယ်တော် (၄)ဆူ၊ သွားတော်က (၄၀) မခေါဘူး၊

http://www.dhammadownload.com



မသိဘူး၊ စိန်စီထားသလို။ အဲဒီ လက္ခဏာ (၂)ရပ်ကို ကြည့်ပြီးတော့ လက္ခဏာဖတ်တဲ့ပုဂ္ဂိုလ်များက ဘယ်နှယ့်ဖတ်သလဲ။ ယုတ်မာကောက်ကျစ် ဆိုးညစ်သောသူ မပါမူ၍ ဖြောင့်ဖြူသပ္ပါယ် လနှင့်ကြယ်သို့ လမင်းကြီးကို ကြယ်ကလေးတွေ ခြံရံပြီးတော့နေသလို။ ယုတ်မာကောက်ကျစ် ဆိုးညစ်တဲ့သူ မပါဘဲ ဖြောင့်ဖြူးသပ္ပါယ် လ၌ကြယ်သို့ စင်ကြယ်သော အခြံအရံ ရှိတော်မူသော မြတ်စွာဘုရား။

အခြံအရံအသိုင်းအဝိုင်းက အင်မတန်စင်ကြယ်တယ်။ သူတော်ကောင်းတွေနဲ့ အဂ္ဂသာဝကကြီးတွေ၊ မဟာသာဝကကြီးတွေ တကယ့်သူတော်ကောင်းကြီးတွေနဲ့ ခြံရံနေတော်မူတယ်။ လူယုတ်သူယုတ်တွေ အနည်းငယ်ပဲ မပြောပလောက်ဘူးပေါ့။ သို့သော် ရာနှုန်း ကိုးဆယ်ကိုးမက စင်ကြယ်တဲ့ အခြံအရံရှိတယ်။ အဲဒါ ဘာကြောင့်လဲလို့ဆိုတော့ ဒီလက္ခဏာ (၂)ရပ်၊ သွားတော် (၄၀)က ညီညာပြီးတော့ မခေါဘူး၊ မသီဘူး။ အဲလို လက္ခဏာတော်ကြောင့် ဒါဖြင့်ရင် ကောင်းလှချည်လား။ ဘာကြောင့်ပါလိမ့်။ ကြီးငယ်တောင်းလျှင် ချိန်ခွင်တိုရှည် လိမ်လည်လုယက် ခိုးနှိပ်စက်၍ အသက်မွေးခြင်း ကင်းခဲ့ခြင်းကြောင့် အာဇီဝဋ္ဌမကသီလနဲ့ ပြည့်စုံတာပါပဲ။

၄ ါကြောင့် အာဇီဝဋ္ဌမကသီလ ပေးရတယ်။ စွယ်တော်ကို အာရုံထားပြီးတော့ အလောင်းတော်ကြီး ရှေးအခါတုန်းက မိစ္ဆာဇီဝ ရှောင်ကြဉ်ပြီးတော့ သမ္မာအာဇီဝဖြင့် အသက်မွေးပုံ။ 'ကြီးငယ်တောင်းလျှင်' ဒါကတော့ ဈေးရောင်းတဲ့သူများ အတော်သတိထားရမည့်ဟာပေါ့။ ဝယ်တဲ့အခါ တောင်းကြီးနဲ့ဝယ်တယ်။ ရောင်းတဲ့အခါ တောင်းငယ်နဲ့ ရောင်းတယ်။ ချိန်ခွင်ကျတော့လဲ အမျိုးမျိုး၊ ပုန်းကလဲ အမျိုးမျိုး၊ တောင်းစဉ်းလဲချင် စဉ်းလဲ၊ ငွေလဲပဲ ငွေစဉ်းလဲပေါ့။ ငွေအတုနဲ့အစစ်ကို ဖလှယ်ပြီးတော့သုံးတာတို့၊ အသက်မွေးဝမ်းကြောင်းဟာ ကမ္ဘာကြီးမှာ လိုက်ကြည့်မယ်ဆိုရင် အမျိုးမျိုး၊ ဒုရာဇီဝတွေနဲ့ အသက်မွေးကြတာ အင်မတန်များပါတယ်။

http://www.dhammadownload.com



အလောင်းတော်ကြီးကတော့ ကြီးငယ်တောင်းလျှင် ချိန်ခွင်တိုရှည် လိမ်လည်လုယက် ခိုးနှိပ်စက်၍ အသက်မွေးခြင်း ကင်းခဲ့ခြင်းကြောင့် လိမ်ပြီး အသက်မွေးတာမရှိဘူး။ လုယက်ပြီး အသက်မွေးတာမရှိဘူး။ သတ်ဖြတ်ပြီး အသက်မွေးတာမရှိဘူး။ ခိုးပြီးတော့ အသက်မွေးတာမရှိဘူး။ ဟော- ဒီအသက်မွေးမှုက အင်မတန်အရေးကြီးတာ နေ့စဉ်စားဝတ်နေရေးအတွက် ကြိုးစားနေကြတော့ သမ္မာအာဇီဝဖြစ်ဖို့ရာ အင်မတန်ကို ခက်ပါတယ်။ ကြည့်လိုက်မယ်ဆိုရင် အင်မတန်တိုးတက်နေပါတယ်။ ချမ်းသာပါတယ်ဆိုတဲ့ နိုင်ငံကြီးတွေမှာနေကြတဲ့ ပုဂ္ဂိုလ်တွေလဲ အကြောင်းအမျိုးမျိုးကြောင့် အသက်မွေးဝမ်းကြောင်းဟာ မစင်ကြယ်ပါဘူး။

ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ဒကာ ဒကာမတွေအား အာဇီဝဋ္ဌမကသီလများများ ပေးရမယ်။ အာဇီဝဋ္ဌမကသီလဟာ အရေးကြီးတယ်။ အာဇီဝဋ္ဌမကသီလဟာ ကမ္ဘာစောင့်တရားကြီးပဲ။ အာဇီဝဋ္ဌမကသီလ ပျက်လို့ရှိရင် ကမ္ဘာပျက်တော့တာပဲ။ အာဇီဝဋ္ဌမကသီလ စောင့်ထိန်းမှုများများပြုရင် ကမ္ဘာကြီးချမ်းသာမှုတွေ ပိုပြီးတော့ ရပါလိမ့်မယ်။

ကြီးငယ်တောင်းလျှင် ချိန်ခွင်တိုရှည် လိမ်လည်လုယက် ခိုးနှိပ်စက်၍ အသက်မွေးခြင်း ကင်းခဲ့ခြင်းကြောင့် မခေါမသီ စိန်ကိုစီသို့ ပြေညီသွားတော် စွယ်တော်လေးဆူ ဆွတ်ဆွတ်ဖြူသား ကိုယ်တော်သွား၏။ နှစ်ပါးချင်းရာ လက္ခဏာဖြင့် ယုတ်မာကောက်ကျစ် ဆိုးညစ်သောသူ မပါမူ၍ ဖြောင့်ဖြူးသပ္ပါယ် လဥ္ဇကြယ်သို့ စင်ကြယ်သော အခြံအရံရှိတော်မူပေသော မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

စွယ်တော်မြတ်စေတီတော်ကြီး ပူဇော်ထားတဲ့။ စွယ်တော်လေးထဲက(၁)ဆူ၊ အဲဒီတစ်ဆူကိုပွားပြီးတော့ ပူဇော်ထားကြတာ၊ ဘုရားဖြစ်တဲ့

http://www.dhammadownload.com



အခါမှ စွယ်တော်ကိုချည်း ပူဇော်ကြတာမဟုတ်ဘူး။ ရှေးက ဒီစွယ်တော် ရခြင်းရဲ့အကြောင်း သုသုက္ကဒါဠလက္ခဏာတော်ကို အာရုံပြုပြီးတော့ ပူဇော်ကြရတာ။ ဘဝများစွာ သံသရာက ဖြည့်ကျင့်တော်မူခဲ့ပုံ အကြောင်း နှင့်တကွ မိစ္ဆာဇီဝကို ရှောင်ကြဉ်ပြီး သမ္မာအာဇီဝနဲ့ အသက်မွေးတော်မူတဲ့ အလောင်းတော်ကြီးဘဝက စပြီးတော့ ကြည်ညိုကြရတာ။

ဒါကြောင့် ဒီပက်ရာ သမ္မာသမ္ဗုဒ္ဓဘုရား ဗျာဒိတ်ရွှေတံဆိပ်ကို ခတ်နှိပ်ကြည်ဖြူ ခံယူသည်မှ လူထင်ရှား ဘုရားစင်စစ် ဖြစ်သည့် တိုင်အောင် မဏ္ဍိုင်ဗဟို မြင့်မိုရ်မေရု မြေအထုနှင့် ရေထုလေပြင် မိုးကောင်းကင်သို့ နှိုင်းယှဉ်ကြီးမား များထက်များအောင် မနားမနေ ဆည်းပူးလေသည့် သုံးထွေဆယ်လီ ပါရမီဟု ဝသီအထု ကြီးကျယ်မှု ကြောင့်တဲ့ ဘုရား။ ဘုရားဆိုတာ သာမန်ဖြစ်တာ မဟုတ်ဘူး။ လူတစ်ရာစာကို တစ်ယောက်ထဲ လူတစ်ထောင်စာကို တစ်ဦးထဲ။ အလောင်းတော်ကြီးက အခြားလူတွေ တစ်ရာပြုရတဲ့ကုသိုလ်ကို တစ်ယောက်ထဲ၊ တစ်ထောင် ပြုရမည့်ကုသိုလ်ကို တစ်ဦးထဲပြုတယ်။

"ရေထုလေပြင် မိုးကောင်းကင်သို့ နှိုင်းယှဉ်ကြီးမား များထက် များအောင်တဲ့ ကုသိုလ်ကတော့ များလေကောင်းလေပဲ။ ပင်လယ်ရေပြင် ကြီးလောက်များရင်လဲ ကောင်းတယ်။ မိုးကောင်းကင်လောက် ဆိုရင်လဲ ကောင်းတယ်။ "နှိုင်းယှဉ်ကြီးမား များထက်များအောင် မနားမနေ ဆည်းပူးတယ်"တဲ့။ ကုသိုလ်ကံ ပင့်ထောက်လို့ နတ်ဘုံနတ်နန်း နတ်စခန်း အလောင်းတော်ကြီး ရောက်သွားတယ်။ နတ်ပြည်မှာတော့ နတ်သား နတ်သမီးတွေ စည်းစိမ်ချမ်းသာ ခံစားလို့ ဥယျာဉ်ဗိမာန်နဲ့ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် ဆိုသလို ချမ်းသာမှုတွေက ဘာမှပြောစရာ မလိုဘူး။

ဒါပေမဲ့ အလောင်းတော်ကြီးက ပါရမီဖြည့်လို့ မကောင်းဘူး တဲ့။ အဲဒီ အလောင်းတော်ကြီး 'အဓိမုတ္တိကာလ ကိရိယာ'နဲ့ ကြာကြာ မနေလိုဘူး။ မြန်မြန်ပဲ စုတေချင်တယ်ဆိုပြီးတော့ အဓိဋ္ဌာန်နဲ့ မြန်မြန်လေး

http://www.dhammadownload.com



စုတေလာတာတွေတောင် ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ပါရမီဖြည့်ဖို့တဲ့။ လူ့ပြည်မှာ ပါရမီဖြည့်ရတာ ကောင်းတယ်။ နတ်တွေမှာ နတ်ဆင်းရဲ ရယ်လို့မရှိ၊ နတ်မွဲရယ်လို့ မရှိတော့ ပါရမီဖြည့်လို့ မကောင်းဘူး။

လူ့ပြည်မှာကျတော့ ကုသိုလ်ဒါနတွေများများ ပြုနိုင်တယ်။ အများကြီး အများကြီး ပါရမီဖြည့်စရာတွေ အများကြီးရှိပါတယ်။ ဒါကြောင့် အလောင်းတော်ကြီးများ နတ်ဘုံ နတ်နန်း နတ်စခန်း ရောက်တဲ့အခါတောင်မှ နတ်စည်းစိမ် သက်တမ်းပြည့်မခံစားဘူး။ အဓိမုတ္တိ ကာလံကိရိယာနဲ့ ယခုပင် ငါစုတေပါစေသတည်းလို့ စိတ်ထဲက တောင့်တပြီးတော့ နတ်ဘုံနတ်ရွာက စုတေလာခဲ့တာ အများကြီး 'မခေါ်မသိ စိတ်ကိုစီသို့' ပြေညီသွားတော် စွယ်တော်လေးဆူ ဆွတ်ဆွတ် ဖြူသား ကိုယ်တော်သွားတော် နှစ်ပါးခြင်းရာ လက္ခဏာဖြင့် ယုတ်မာ ကောက်ကျစ် ဆိုးညစ်သောသူ ဖြောင့်ဖြူးသပ္ပါယ် လဦကြယ်သို့ စင်ကြယ်သော အခြံအရံ ရှိတော်မူပါသော မြတ်စွာဘုရား။

**ဘုဉ္ဇတိ အနဝဇ္ဇာနိ၊ သာဝဇ္ဇာနိ နဘုဉ္ဇတိ။**

ဘုရားတည်းဟူသော ဆင်မင်းကြီး အပြစ်မရှိတဲ့ အစာအာဟာရ၊ အသုံးအဆောင်တွေကို သုံးဆောင်တယ်။ အပြစ်ရှိတာတွေ မသုံးဆောင်ဘူး။ ဘုရားဖြစ်တဲ့အခါ မပြောနဲ့။ အလောင်းတော်ဘဝတုန်းကတောင်မှ အပြစ်ရှိတဲ့ အစာအာဟာရတွေကို မစားဘူး။

**ဃာသမစ္ဆာဒနံ လဒ္ဓါ၊ သန္နိဓိ ပရိဝဇ္ဇယံ။**

ဃာသမစ္ဆာဒနံ= အစားအဝတ်ကို၊ လဒ္ဓါ= ရအပ်သည်ရှိသော်၊ သန္နိဓိံ= သိုမှီးခြင်းကို၊ ပရိဝဇ္ဇယံ= ရှောင်ကြဉ်တော်မူလျက်၊ ဘုဉ္ဇတိ= သုံးဆောင်တော်မူ၏။

အစားတွေ, အဝတ်တွေ ဘယ်လောက်များများ တောအုပ်ထဲမှာ မြတ်စွာဘုရား သီတင်းသုံးပြီးနေတဲ့အခါ နောက်ကနေပြီးတော့ ဆန်တွေ၊ ဆီတွေ၊ ပဲတွေ တင်ပြီးတော့ လူတွေက လှူကြြ တန်းကြသော်လဲ မြတ်စွာဘုရားက တစ်နေ့စာပဲ နောက်တစ်ရက်အတွက် ဘာလေးချန်လိုက်

http://www.dhammadownload.com



ဦးဟော့။ ဇေတဝန်ကျောင်းတော်မှာ အစာအာဟာရတွေ ဘာတွေ သိမ်းဆည်းထားတာ မရှိဘူး။ စားစရာ၊ ဝတ်စရာတွေ မသိမ်းဆည်းဘူး။ သိုမှီးပြီးတော့ မထားဘူး။

**သံယောဇနံ အဏုံထူလံ၊ သဗ္ဗဆေတွာန ဗန္ဓနံ။**

**ယေန ယေနဝ ဂစ္ဆတိ၊ အနပေက္ခောဝ ဂစ္ဆတိ။**

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က တိုင်းကြီး (၁၆)တိုင်းမှာ လှည့်လည်ပြီး သီတင်းသုံးတော်မူတဲ့အခါ ဒီနေရာကနေ ဟိုနေရာပြောင်းတော့မယ်ဆိုလို့ ဒကာ ဒကာမတွေ ငဲ့ကွက်တဲ့စိတ်၊ ကျောင်းကို ငဲ့ကွက်တဲ့စိတ် မရှိဘူး။ ဆက်ပြီး အရှင်ဥဒါယီက ငဲ့ကွက်မှုမရှိပုံ၊ အတွယ်အတာမရှိပုံလေးကို လျှောက်တယ်။

**"ယထာပိ ဥဒကေဇာတံ ပုဏ္ဍရိကံ ပဝဍ္ဎတိ**

**နုပလိမ္ပတိ တောယေနသုစိဂန္ဓိ မနောရမံ"။**

သုစိဂန္ဓိ= စင်ကြယ်သောအနံ့ရှိသော၊ မနောရမံ= စိတ်နှလုံးကို နှစ်ခြိုက်စေတတ်သော၊ ပုဏ္ဍရိကံ= ပုဏ္ဍရိတ်ကြာသည်။ ဥဒကေ= ရေ၌၊ ပဝဍ္ဎတိ= တိုးပွားလေ၏။ ပဝဍ္ဎေတွာ= တိုးပွားပြီး၍၊ တောယေန= ရေနှင့်၊ နုပလိမ္ပတိယထာ= မလိမ်းကျံသတဲ့သို့ပါဘုရား။

ကြာပုဏ္ဍရိတ်တွေဟာ ရေထဲမှာပွင့်ပေမဲ့ ရေနဲ့မလိမ်းကျံဘူး၊ မငြိကပ်ဘူး။

**တထေဝလောကေ သုဇာတော၊**

**ဗုဒ္ဓေါ လောကေ ဥပဇ္ဇတိ။**

**နုပလိမ္ပတိ လောကေန၊**

**တောယေန ပဒုမံ ယထာ။**

ပဒုမ္မာကြာဟာ ရေနဲ့မငြိကပ်သလိုပါပဲ။ မြတ်စွာဘုရား လောကမှာ ပွင့်ပြီးဖြစ်ပြီးတော့ နေပါသော်လဲပဲ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့ရဲ့ ဝပ်စင်းကော်ရော် ပူဇော်အထူးခံယူပြီး လောကကြီး အလယ်မှာ နေပါသော်လဲပဲ ကြာပဒုမ္မာများ ရေနဲ့မငြိကပ်သလို လောကကြီးနဲ့ မကပ်ငြိဘူးတဲ့။

http://www.dhammadownload.com



**မဟာဂိနီဝ ဇလိတော၊ အနာဟာရူပ သမ္မတိ။**
**သင်္ခါရေသု ပသန္တေသု၊ နိဗ္ဗုတောတိ ပဝုစ္စတိ။**

လောင်စာတွေ, ထင်းတွေနဲ့ မီးပုံရှို့ထားတဲ့ မီးတောက်ကြီးဟာ လောင်စာမရှိတော့တဲ့အခါ ငြိမ်းပြီးတော့သွားသလို သင်္ခါရတရားတွေ ကံ, စိတ်, ဥတုဟာကြောင့် လေးဖြာတို့ပေါင်းကာစုမှ ဖြစ်ပေါ်ရတဲ့ သင်္ခါရတရားတွေ ငြိမ်းပြီးသွားရင် ငြိမ်းပြီဟူ၍ ငြိမ်းသူဟူ၍၊ ဆိုနိုင်ပါ၏ ဘုရား။

မီးပုံ မီးတောက်ကြီးဟာ လောင်စာမ**ရှိတဲ့အခါ** ငြိမ်းပြီးတော့ **သွား**သလို ကံ, စိတ်, ဥတု, အာဟာရတွေ **အကြောင်း**အရာတွေစုံမှ ဖြစ်ပေါ်လာတဲ့ သင်္ခါရတွေငြိမ်းသွားတဲ့ အခါကျတော့ ငြိမ်းပြီ။ ငြိမ်းသော သူဟု ဆိုနိုင်ပါတယ် ဘုရား။

**အတ္တသာယံ ဝိညာပနီ၊ ဥပမာ ဝိညူဟိဒေသိတာ၊**
**ဝိညဿန္တိ မဟာနာဂါ၊ နာဂံ နာဂေနဒေသိတံ။**

အတ္တသာ= အနက်အဓိပ္ပါယ်ကို၊ ဝိညာပနီ= သိစေတတ်သော၊ ဥပမာ= နှိုင်းယှဉ်စရာဥပမာကို၊ ဝိညူဟိ= ပညာရှိတို့သည်၊ ဒေ**သိ**တာ= ဟောရိုးထုံးစံရှိပါသည်ဘုရား။ အနက်အဓိပ္ပါယ် **သိစေတတ်တဲ့** ခိုင်းနှိုင်းဖွယ်ရာ ဥပမာကို ပညာရှိများ ပြောရိုးဆိုရိုး ရှိ**ကြပါ**တယ်။ ဟော-အရှင်ဥဒါယီက (နာဂံ= ဗုဒ္ဓနာဂ အမည်ရတဲ့ဆင်မင်း**ကြီး**ကို)၊ နာဂေန= ဆင်ပေါက်သဖွယ်**ဖြစ်**သော အရှင်ဥဒါယီသည်၊ **ဒေသိတံ**= ဥပမာ အမျိုးမျိုးဖြင့် ဟော**ဆိုအပ်**သည်ကို၊ မဟာနာဂါ= ဆင်ပြောင်သဖွယ် ဖြစ်ကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့သည်၊ ဝိညဿန္တိ= သိတော်မူကြပါကုန်လိမ့်မည်။

ဗုဒ္ဓနာဂဆင်မင်းကြီးရဲ့ ဂုဏ်တော်တွေကို ဆင်ပြောင်သဖွယ် ဖြစ်ကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့ သိကြပါလိမ့်မယ်။ အရှင်ဥဒါယီက ဆင်ပေါက်ကလေးလိုပဲ ဘုရားရှင်က ဆင်မင်းကြီးနဲ့တူတယ်။ ရဟန္တာ အရှင်မြတ်ကြီးတွေက ဆင်ပြောင်သဖွယ် ဖြစ်ကြတယ်။

http://www.dhammadownload.com



ဒီအမိပ္ပါယ်တွေကို အရှင်မြတ်ကြီးများ သိတော်မူကြလိမ့်မယ်။

**ဝီတရာဂေါဝီတဒေါသော၊ ဝီတမောဟော အနာသဝေါ။**

**သရီရံ ဝိဇဟံနာဂေါ၊ ပရိနိဗ္ဗိဿတိ အနာသဝေါ။**

ရာဂကင်းတော်မူ၊ ဒေါသကင်းတော်မူ၊ မောဟကင်းတော်မူတဲ့ မြတ်စွာဘုရား အာသဝေါကင်းတော်မူတဲ့ မြတ်စွာဘုရားသည် ဒီခန္ဓာကိုယ်ကြီးကို ပယ်စွန့်ပြီးတော့ အေးအေးချမ်းချမ်း ပရိနိဗ္ဗာန် ဝင်စံတော်မူပါလိမ့်မယ် ဘုရား။ အဲဒီလို ဂါထာတွေနဲ့ မြတ်စွာဘုရား တည်းဟူသော ဆင်မင်းကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို အရှင်ဥဒါယီ ရွတ်ဖတ်ပူဇော် ထားခဲ့ပါတယ်။

ယနေ့ ရန်ကုန်စွယ်တော်မြတ်စေတီတော် ဆဋ္ဌမမြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပပြီး ဓမ္မသဘင် ဆင်ယင်ကျင်းပတဲ့အခါမှာ ပထမဆုံးညဥ့် ဘုန်းကြီးတာဝန်ကျတော့ ဘုရားတည်းဟူသော ဆင်းမင်းကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို အရှင်ဥဒါယီ မိန့်ကြားတဲ့အတိုင်း ဟောလို့ ပြောလို့ အတော်လေးလဲ ပြည့်စုံသွားပြီ။

ရာဂ၊ ဒေါသ၊ မောဟ အစရှိတဲ့ မီးတောက်မီးလျှံတွေ ချုပ်ငြိမ်း ပြီးတော့ ပရိနိဗ္ဗာန်ဝင်စံတော်မူလိမ့်မည် အရှင်ဥဒါယီက ဘုရားတည်း ဟူသော ဆင်မင်းကြီးဟာ ရာဂ ဒေါသ မောဟ အစရှိတဲ့ အညစ်အကြေး တွေ ကင်းပြီးတော့ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းရုပ်သိမ်းပါလိမ့်မယ်လို့ အဲဒီလို ချီးကျူးတဲ့အတိုင်း၊ ရာဂ၊ ဒေါသ၊ မောဟဆိုတာ မီး (၃)ပါး ဒီမီးပုံ မီးတောက်တွေ ငြိမ်းသွားမှသာ ငြိမ်းမှာပါ။

အဲဒီ ရာဂဆိုတဲ့ မီးတောက်ကြီး၊ ဒေါသဆိုတဲ့ မီးတောက်ကြီး၊ မောဟဆိုတဲ့ မီးတောက်ကြီးတွေ မငြိမ်းဘူးဆိုရင် ကမ္ဘာ့လူထု ကြီးဟာလဲ မငြိမ်းချမ်းနိုင်ကြဘူး။ အားလုံး လိုက်ဆိုကြ-

**လောဘ ဒေါသ၊ မောဟ ထိန်ထိန်**
**ကမ္ဘာစစ်ကြီး လောင်မီးကြိမ်ကြိမ်**
**လောဘ ဒေါသ မောဟငြိမ်းချိန်**
**ကမ္ဘာဝှမ်း ငြိမ်းချမ်းသည်အချိန်။**

မိခင်ဇရာဝတီ

http://www.dhammadownload.com



ဟော- ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းတဲ့အချိန်ဟာ လောဘ, ဒေါသ, မောဟ မီးတွေငြိမ်းတဲ့ အချိန်၊ အဲဒီမီးတွေငြိမ်းမှ ကမ္ဘာကြီး ငြိမ်းချမ်းပါတယ်။ ဒါကြောင့် တရားနိဂုံးအနေနဲ့ (၆)ကြိမ်မြောက် စွယ်တော်မြတ် စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ပတ်သက်၍ ဝေယျာဝစ္စ ပြုလုပ်ရခြင်း၊ သရဏဂုံ သီလဆောက်တည်ရခြင်း၊ တရား ပေစာ နာကြားရခြင်း အစရှိတဲ့ ကုသိုလ်ထူးတွေနဲ့ ဆုတောင်းပြီးတော့ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကပ်ကြီးသုံးပါးမှ လွတ်ကြပါစေလို့ ဆုတောင်းကြရအောင်။

ဆုတောင်းနဲ့ပဲ တရားနိဂုံးချုပ်ရအောင် လိုက်ဆိုကြ။

* လောဘမီးမျိုး တရားဆိုးကြောင့် အစာရေစာ ငတ်မွတ်ခေါင်းပါး သေကြေပျက်စီးရခြင်း ဘေးဆိုးကပ်ဆိုးကြီးမှ လွတ်မြောက်ကြပါစေ။ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် လောဘမီးဓာတ် အရှိန်ဟပ်သဖြင့် ငတ်မွတ်ခေါင်းပါး သေကျေပျက်စီးရခြင်း ဘေးဆိုး ကပ်ဆိုးကြီးမှ လွတ်မြောက်ကြပါစေ။
* ကမ္ဘာသူ ကမ္ဘာသား ပုဂ္ဂိုလ်သတ္တဝါအများတို့သည် ဒေါသမီးဓာတ် အရှိန်ဟပ်သဖြင့် လက်နက်မျိုးစုံ ထိခိုက်စူးရှ၍ သေကျေပျက်စီးရခြင်း ဘေးဆိုးကပ်ဆိုးကြီးမှ လွတ်မြောက်ကြပါစေ။
* မောဟမီးဓာတ် အရှိန်ဟပ်သဖြင့် ရောဂါမျိုးစုံ စွဲကပ်၍ ဖိစီးနှိပ်စက်ခံရသဖြင့် သေကျေပျက်စီးရခြင်းမှ လွတ်မြောက်ကြပါစေ။

ဧတေနပုညေန- အများလူကို ကိုယ်တူထပ်မျှ အဝါးဝလျှက် သိကြစေဌါ စေတနာမဟတ္တ အာသီသဖြင့် နာဂသုတ္တန် ဘုရားတည်းဟူသော ဆင်မင်းကြီးအကြောင်းကို ကောင်းစွာဟောပြ ဤပုညကြောင့်လည်းကောင်း၊ အညေနစ- ရှေးရှေးကပြု ကောင်းမှုထိုထို ကုသိုလ်မူလ

http://www.dhammadownload.com



ဟူသမျှကြောင့်လည်းကောင်း၊ သဒ္ဓမ္မဒီပေါ= ရှင်တော်ဘုရား ဟောကြား ပြသ ဓမ္မရတနာ ထောင်ရောင်ဝါကြီးသည်၊ အဃတမံ= ဟုတ်တိုင်းတိတိ မမြင်မိအောင် ဖုံးဖိကွယ်ကာ အဝိဇ္ဇာဟု ပိတ်ကာတိမ်တောင် အမိုက် မှောင်ကို၊ ဟန္ဒာန= ဖြေရှင်းပြီးသကာလ၊ သုစိရံ= အနှစ်များမြောင် ငါးထောင်ရှည်ကြာ အခါကာလပတ်လုံး၊ ဌာတု= မယိမ်းမယိုင် ကျောက်စာတိုင်ကြီးကဲ့သို့ ခိုင်ခိုင်မတ်မတ်ကြီး တည်ရှိပါစေသတည်း။

**သာဓု** - သာဓု - သာဓု။

**ရာဇာနော= သတ္တဝါကို** အာဏာလွှမ်းမိုး စိုးရသခင် ဘုရင် **မင်းမြတ် သမုနတ်တို့သည်၊ အဂတိဂ**ပကာ= အဂတိလေးသွယ် ကင်းကြ **ကုန်၍၊ ဓမ္မေန**= တရားသဖြင့်၊ **ဣမ**ဥ္စ လောကံ= ဤလောကတိုင်း ခရိုင်**နိုင်ငံတော်**ကြီးကိုလည်း**ကောင်း**၊ ဣမဥ္စသာသနံ= ဤသာသနာ တော်မြတ်ကြီးကိုလည်းကောင်း၊ ဓမ္မေန= တရားသဖြင့်၊ နိစ္စံပါလေန္တု= အစဉ်စောင့်ရှောက်နိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓု။

မေဃာ= သတ္တဝါတို့ ချမ်းသာဆင်းရဲ **အမြဲစောင့်**ရှောက် မိုးရေ ပေါက်တို့သည်၊ ကာလေ= သီးနှံအများ ဖြစ်ပွားသင့်ရာ ချိန်အခါ၌၊ ပဝဿန္တု= ကောင်းစွာမသေ့ ရွာသွန်းချပါစေကုန်သတည်း။ သဗ္ဗသတ္တာ= နတ်ပြဟ္မာဘုံ ကပ္ပါခြုံလျှက် လုံးစုံပြောထူ နတ်နှင့်လူတို့သည်၊ မုတ္တာ= တစ်ယောက်တစ်မျိုး ဆိုရိုးရှိကြ ဆင်းရဲဟူသမျှတို့မှ၊ မုတ္တာ= လွတ်မြောက် ကြကုန်သည်၊ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။ တိသရဏသရဏာ= ရတနာ သုံးရပ်ထွဋ်အမြတ်တို့ကို ဆည်းကပ်ကိုးကွယ်ကြကုန်သည်ဖြစ်၍၊ အညမည်= အချင်းချင်း၊ ဝါ= တစ်ယောက်က တစ်ယောက်အပေါ်၊ အဝေရကာ= ပြစ်ရှာစောင်းမဲ့ ကဲ့ရဲ့ငြူစူ ရန်သူဟု နှလုံးမသွင်းကြကုန်ပဲ၊ နိစ္စံအမြဲ ပမုဒိတဟဒယာ= ကြည်သာဝမ်းမြောက် မကွေ့ကောက်သော စိတ်နှလုံးရှိကြကုန်သည်၊ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

မိခင်ဇရာဝတီ

http://www.dhammadownload.com



**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်**
**ပဓာန နာယက**
**နာဂလိုဏ်ဂူဘုရားကုန်းမြေ**
**ကလေးဝတောရစာသင်တိုက်ဆရာတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
## လယ်တီဘဒ္ဒန္တအာဂရာဘိဝံသ
**ဟောကြားတော်မူသော**

### လယ် + ဆည်ဝန်ကြီးဌာန

ယနေ့ လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန (၁၂)ကြိမ်မြောက် စုစုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာမှာ ရဟန်းလောင်း(၁၃၂)ပါးတို့အား ယခုအချိန်ကစပြီးတော့ ရှင်ပြုဖို့ အစီအစဉ်ပါပဲ။ ရဟန်းခံကိစ္စကတော့ သိမ်ထဲမှာပြုမှာ။ အစီအစဉ်လေးတွေကို ကြိုတင်ပြီးတော့ လေ့ကျင့်ခန်းလုပ်ဖို့ပါပဲ။ နှစ်တိုင်းတော့ အခုလိုနေ့မှာ ရဟန်းပြုမယ်ဆိုရင် (၂၀)ရက်ဆိုရင် (၁၉)ရက်နေ့တစ်နေ့ ခေါ်ခဲ့ပါသေးတယ်။ ဒီနှစ်တော့ (၂)ရက်ခေါ်မဲ့အစား (၁)ရက်ထဲနဲ့ပြီးအောင် စီစဉ်ထားပါတယ်။

ရဟန်းလောင်းများ၊ ရှင်လောင်းများကို မနက်စောစောခေါ်တာပါပဲ။ မနက်စောစောခေါ်သော်လဲ ခုချိန်ကစပြီး (၁)နာရီ၊ (၂)နာရီခွဲလောက် လေ့ကျင့်လိုက်ရင် လေ့ကျင့်တဲ့အစီအစဉ် ပြီးသွားမှာပါပဲ။ (၁၀)နာရီနဲ့ (၁၂)နာရီကြားမှာ ရဟန်းလောင်း၊ ရှင်လောင်းများ အာဟာရကိစ္စပြီးအောင် ဆောင်ရွက်ထားပြီး (၁၂)နာရီမှာ ပြန်ပြီးတော့

http://www.dhammadownload.com



စုဝေးကြဖို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ (၁၂)နာရီစပြီး ကိုရင်ဝတ်၊ (၁)နာရီ သိမ်ဝင်ရင် ညဥ့်(၁၂)နာရီလောက်တော့ ပြီးမှာပါပဲ။

နံနက်(၁၀)နာရီ ဒီကအနားပေးလိုက်ရင် အာဟာရကိစ္စ စားရေး၊ သောက်ရေး စီမံကြဖို့ပါပဲ။ အခုအချိန်ကစပြီးတော့ ပါဠိဘာသာ၊ မြန်မာဘာသာ သက်န်းတောင်း သင်မှာပါ။ အဓိကအားဖြင့် သရဏဂုံ ပါပဲ။ ဒါကြောင့် သရဏဂုံကို အထပ်ထပ်ဆိုပြီးတော့ လေ့ကျင့်ထားကြဖို့ လိုပါတယ်။ ဘုန်းကြီးတို့ ရှေးကတော့ ကျေးလက်ဒေသတွေမှာ ရှင်ပြုကြမယ်ဆိုရင် အနည်းဆုံး (၃)လလောက် ဘုန်းကြီးကျောင်း သွားနေကြရတယ်။ ကလေးတွေဆိုတော့ ငယ်တယ်။ ငယ်ရွယ်တဲ့ အခါကျတော့ အဲဒီမှာ သက်န်းတောင်းတာတို့၊ သက်န်းယူတာတို့ လိင်(၁၀)ပါး၊ ဒဏ်(၁၀)ပါး၊ သေခိယကို ကြိုတင်ပြီးတော့ သင်ယူထားရ ပါတယ်။ အခုလို တစ်ပွဲတိုးထုံးမန်း မဟုတ်ပါဘူး။

အခုတော့ တစ်ပွဲထိုးထုံးမန်းနဲ့ ပြီးအောင်လုပ်တဲ့ နည်းပါတဲ့။ ကောင်းတော့ မကောင်းလှဘူး။ ရှေးအစဉ်အလာတော့ မဟုတ်ဘူး။ ဝန်ထမ်းတွေဆိုတော့ ရက်တစ်ပတ်လာပြီး ကြိုတင်သင်ပါဆိုရင်လဲ မသင်နိုင်ဘူး။ မှီသလောက်နဲ့ သင့်တော်သလောက်နဲ့ ဆောင်ရွက်ကြ ရတာပါပဲ။ အစဉ်အလာ မဟုတ်ဘူးဆိုတာတော့ သိထားဖို့တော့ လိုတာပေ့ါ။ တို့ရှင်ပြုတာ။ တို့တစ်မနက်ခင်းလေး လေ့ကျင့်တယ်။ နေ့လယ်ကျတော့ ရှင်သာမဏေ ဝတ်ပေးတယ်။ ဒါနဲ့ပြီးတော့တာပါပဲလို့ ပြောစရာရှိတယ်။ အခုတော့ ဘုန်းကြီးတို့ဘက်က အချိန်အားတယ်။ နေ့တိုင်းလဲ ကလေးတွေ စာသင်နေတာဆိုတော့ စာသင်တာလေးရပ်ပြီး ဆောင်ရွက်တာပါပဲ။ အားလုံး ရဟန်းလောင်း၊ ရှင်လောင်းတွေကို သင်ပေးနိုင်ပါတယ်။ အချိန်ရှိတယ်။

သို့သော်လဲပဲ ရဟန်းလောင်း၊ ရှင်လောင်းများထဲက ရှင်လောင်း များက ကျောင်းသားတွေဖြစ်နေလို့ စာမေးပွဲတွေနဲ့၊ ရဟန်းများက “လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာနက ဝန်ထမ်းတွေ

http://www.dhammadownload.com



ဖြစ်နေကြတယ်။" ဒါကြောင့် (၂)နာရီလောက် အပင်ပန်းခံ လေ့ကျင့်လိုက်ရင် (၂)လစာ ဖြစ်သွားမှာပါပဲ။ အဲဒါလေးကို ဆရာတော်ဦးသောဘိတ က ဆောင်ရွက်ပေးပါလိမ့်မယ်။ ဘုန်းကြီးက တစ်ခေါက်လောက် ပြောပေးပါအုံးမယ်။ အားလုံးလက်အုပ်ချီကြ၊ လိုက်ဆိုကြ။

**သလလဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။**

အလုံးစုံသော သံသရာဝဋ္ဋဆင်းရဲမှ ကင်းလွတ်ရာနိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ပါရန်အကျိုးငှာ တပည့်တော်၏ လက်၌ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ (နှစ်ထပ်သင်္ကန်းမပါ၊ ဒွိစုံသာ)တပည့်တော်ကို ချီးမြှောက်သောအားဖြင့် အရှင်သာမဏေ ပြုပေးတော်မူပါ အရှင်ဘုရား။ ဒါက ပါဠိ၊ မြန်မာ (၂)ဘာသာဖြင့် တပည့်တော်တို့လက်မှာရှိနေတဲ့ သင်္ကန်းကို ယူတော်မူပြီး တပည့်တော်တို့ကို သင်္ကန်းဝတ်ပေးပါလို့ ဆရာတော်ထံ သင်္ကန်းပေးတယ် ခေါ်တာ။ ပြီးတဲ့အခါမှ ပြန်တောင်းရတယ်။ ဘယ်လို တောင်းရသလဲဆိုရင်-

**"သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဇတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ"**

အရှင်ဘုရား အလုံးစုံသော သံသရာဝဋ္ဋဆင်းရဲမှ ကင်းလွတ်ရာနိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ပါရန် အကျိုးငှါ အရှင်ဘုရား၏ လက်၌ရှိသော (အခုမှ ဆရာတော်စီက သင်္ကန်းကို တောင်းယူရတဲ့အတွက် သင်္ကန်းတောင်းလို့ခေါ်တာ) ထိုသင်္ကန်းကို ပေးတော်မူ၍ တပည့်တော်ကို ချီးမြှင့်သောအားဖြင့် တပည့်တော်ကို ရှင်သာမဏေ ပြုပေးတော်မူပါ အရှင်ဘုရား။ ဒါက သင်္ကန်းကို ပေးတာနဲ့ တောင်းတာ။ ဘာပြုလို့ ဒီလိုလုပ်ရသလဲဆိုတော့ "သင်္ကန်းဆိုင်က သင်္ကန်းကို ကိုယ့်ဘာသာကိုယ် ယူဝတ်ရင် မဖြစ်ဘူးလားဘုရား"လို့

http://www.dhammadownload.com



မေးစရာရှိတယ်။ "မဖြစ်ဘူး"လို့ ဖြေရမယ်။ "ကိုယ့်ဘာသာ သင်္ကန်း ဝတ်ရင် ရဟန်းကြိုးထက် ရှင်ကြိုးခက်၏" အဆိုရှိပါတယ်။

"ရဟန်းတော်များ လက်ထဲက ယူတာမဟုတ်ပဲနဲ့ ကိုယ့်ဘာသာ ကို ဝတ်လိုက်ရင် အဲဒီပုဂ္ဂိုလ်ဟာ ရှင်သာမဏေလဲ မဖြစ်ဘူး။ ရဟန်းလဲ မခံထိုက်တော့ဘူး"။ (ရဟန်းမခံရတော့ဘူး။ ဘယ်တော့မှ ရဟန်းမခံရ တော့ဘူး)။ မပြုထိုက်ဘူး။ ဒါကြောင့် "ရဟန်းကြိုးထက် ရှင်ကြိုးခက်၏"။ ကြားဘူးကြတဲ့အတိုင်း ရဟန်းဘဝက ပါရာဇိကကျတာကို ရှင်သာမဏေ ပြုနေလို့ ရသေးတယ်။ ရှင်သာမဏေက ကြိုးပျက်သွားလို့ရှိရင် ဘာမှ လုပ်လို့မရတော့ဘူး။ သဘောပေါက်ကြတယ်နော်။ (သဘောပေါက် ပါတယ်ဘုရား)။ ဒါကြောင့်မို့ သင်္ကန်းတောင်းတယ်။ သင်္ကန်းယူတယ် ဆိုတာ အရေးကြီးပါတယ်။ နံပါတ်(၃)အဆင့်က ရှင်သာမဏေအဖြစ်ကို တောင်းရမှာ။ အခုဟာက သင်္ကန်းတောင်းတာနဲ့ သင်္ကန်းယူတာ။ ရှင်သာမဏေအဖြစ်ကို တောင်းရအောင် လိုက်ဆိုကြ။

> **"သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ၊ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ"**

"အရှင်ဘုရား အလုံးစုံဝဋ်ဒုက္ခငြိမ်း၍ ဇာတ်သိမ်းနိုင်ရန် ရှင်သာမဏေအဖြစ်ကို ရပါလိုကြောင်း ရိုသေစွာ တောင်းပန်ပါ၏။ တပည့်တော်ကို ချီးမြှောက်သောအားဖြင့် တပည့်တော်ကို ရှင်သာမဏေ ပြုပေးတော်မူပါ အရှင်ဘုရား"။

ဒီစကားရပ်က ရှင်သာမဏေအဖြစ်ကို ကိုယ်တိုင် တောင်းဆို ရမှာ။ အလားတူပဲ ရဟန်းပြုလိုတဲ့ ပုဂ္ဂိုလ်များ ရဟန်းအဖြစ်ကို ကိုယ်တိုင် တောင်းဆိုကြရတာ။ ရဟန်းအဖြစ်ကို သိမ်ထဲရောက်မှ ထပ်တောင်းရမှာ။ အခုဟာက တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်တိုင်အောင် ရှင်သာမဏေ အဖြစ်ကို ရပါလိုကြောင်း တောင်းရမှာ။ အဲဒီလို စောစောက သင်္ကန်း အပေးအယူ လုပ်ခဲ့တာ။ ရဟန်းတော်လက်ထဲက သင်္ကန်းကို တောင်းယူ

http://www.dhammadownload.com



ဝတ်ရုံပြီးတော့မှ ရှင်သာမဏေအဖြစ်ကို တောင်းရတာ။ အဲဒီလို တောင်းဆိုပြီးတဲ့အခါမှ သရဏဂုံ (၃)ပါးနှင့်တကွ (၁၀)ပါးသီလ ယူကြရတာ။

အဲဒီလို အစီအစဉ်အတိုင်း ဆောင်ရွက်မှ ရှင်သာမဏေဆိုတာ ဖြစ်ပါတယ်။ အထူးသဖြင့် "သရဏဂုံ ပီပီသသဖြစ်အောင် ဘုန်းကြီး ဦးသောဘိတက သင်ပေးပါလိမ့်မယ်။ အထပ်ထပ်သင်ယူကြပါ။ သရဏဂုံ ပီသပြီဆိုမှ (၁၀)ပါးသီလ ဆက်ပြီးသင်ပေးပါလိမ့်မယ်။ သင်္ကန်းတောင်း သင်္ကန်းယူတို့ထက် ပိုပြီးအရေးကြီးပါတယ်။ ဦးသောဘိတက ဆက်ဆောင်ရွက်လိုက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မိသားစုများ၏ (၁၂)ကြိမ်မြောက် ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲမှာ သာမဏေ ပြုကြမယ့် သာမဏေလောင်းလျာတို့၏ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော်ဖူးမြော် မာန်လျှော့ ကန်တော့ကြသော ရတနတ္တယပဏာမကုသိုလ် စေတနာ တို့ကြောင့် မိမိတို့အလိုရှိအပ်သော ဆုထူးဆုမြတ်နှင့် ပြည့်စုံကြပြီး ဝဋ္ဋဒုက္ခငြိမ်းရာအမှန်ဖြစ်သော နိဗ္ဗာနဓာတ် အမတအောင်ခန်း နိဗ္ဗာနန်းသို့ လျှင်မြန်စွာ ရောက်ရှိနိုင်ကြပါစေသတည်း။

"ပေးတဲ့ဆုအတိုင်း ပြည့်စုံရပါလို၏ဘုရား"။ လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (၁၂)ကြိမ်မြောက် ရဟန်းခံရှင်ပြု မင်္ဂလာပွဲမှာ ရဟန်းပြုကြမည့်၊ ရှင်ပြုကြမည့် ရဟန်းလောင်း၊ ရှင်လောင်း များလဲ စုံစုံညီညီရောက်ရှိပြီးတော့နေကြပြီ။ အခု (၁၂)ကြိမ်မြောက်မှာ ရဟန်းလောင်း (၂၁၈)ပါး၊ ရှင်သာမဏေလောင်းလျာ (၃၂)ပါး။ ဘုန်းကြီးတို့ကျောင်းထဲမှာ ဒုတိယအကြိမ်ကစပြီး ယခု (၁၂)ထိအောင် ရဟန်းပြုကြ၊ ရှင်ပြုကြ၊ အပါး(၁၀၀)အောက် လျှော့တာ သိပ်မရှိပါဘူး။ များသောအားဖြင့် (၁၅၀)ပါး၊ (၂၀၀)ပါး။ ဒကာကြီးများ မှတ်မိသေးလား မသိဘူး။ သူ့အကြိမ်လေးတွေနဲ့ သူပေါ့။ အဲ ဟုတ်ပြီ။ (၁၅၀)ပါးအောက်

http://www.dhammadownload.com



မလျှော့ခဲ့ပါဘူး။ ရဟန်းလောင်း၊ သာမဏေလောင်း အကုန်လုံး (၂၀၀၀) ပတ်ဝန်းကျင်လောက် ရှိသွားပြီ။ (၂၀၀၀)ကျော်ရင်တာ ကျော်မယ်။ မလျှော့ပါဘူး။

ဝန်ကြီးဌာန ဒုလ္လဘရဟန်း၊ သာမဏေပေါင်း (၂၀၀၀)ကျော်တို့ ရှင်ရဟန်းပြုခဲ့ရာ တရားယူရာ ကျောင်းတိုက်ကြီးဖြစ်ခဲ့ပြီ။ အဲဒီလို ပြုကြရတဲ့အခါမှာ မိမိတို့နေရတဲ့ကာလလေး ရုံးဘက်ဆိုင်ရာက အခွင့်ရသလို၊ ဒီဘက်ကလဲ စာရေး၊ ဝတ်ရေးကြောင့်ကြမဲ့နေရတယ်။ အခုလို အခွင့်အလန်းသာတဲ့အခါမှာ ကြိုးစားအားထုတ်သင့်ကြတယ်။ (၇)ရက်တာကာလအတွင်းမှာ အထူးသဖြင့်တော့ လ္ဘက်ရည်ဆိုင် ထိုင်တာတို့၊ အဖျော်ရည်ဆိုင်ထိုင်တာတို့၊ ကွမ်းယာဆိုင်သွားတာတို့ မထိုင်မသွားဖြစ်အောင် သတိထားကြပါ။ အပြင်လုံးဝမထွက်တာ ပိုကောင်းပါတယ်။

ဆွမ်းခံချိန်မှတစ်ပါး ကြားကာလလေးမှာ မိမိတို့မိသားစုများနဲ့ မတွေ့တာကောင်းပါတယ်။ တစ်သက်တာကာလပတ်လုံး တွေ့ရပါတယ်။ မတွေ့မရှိပါဘူး။ ရဟန်းပြုတဲ့အခါလေးမှာတော့ တရားပဲ အားစိုက်၊ တရားကို အောင်လံတံခွန်ထား၊ တရားကိုဦးထိပ်ရွက်ပန်ဆင်ပြီး အခြား အခြားကိစ္စတွေ ဘေးဖယ်ပြီးခဏထားလိုက်ပါ။ ဘေးဖယ်ထားစေချင်ပါတယ်။ ရုံးကိစ္စဟာ နိုင်ငံတော်ရဲ့တာဝန်ဖြစ်လို့ ကိုယ်ထားချင်သလို မရဘူးမှန်တယ်။ အခုတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ခွင့်ပြုထားတာဆိုတော့ လျစ်လျူရှု လို့ရတဲ့အပိုင်း ရောက်နေတယ်။ အရေးကြီးတဲ့ နိုင်ငံတော်အစိုးရရဲ့ ကိစ္စကို လျစ်လျူရှုထားနိုင်လို့ရှိရင် မိမိတို့ရဲ့မိသားစု ကိစ္စလေးတွေ ဘေးခဏထားလိုက်ကြဦး။

အထုံပါရမီရအောင်ဆိုပြီး ဝတ်ကြရတာ။ အခု (၁၂)ကြိမ်မြောက် ဆိုတော့ ရဟန်းလောင်းတို့ရဲ့ ခန္ဓာကိုယ်ဟာ အတွင်းခာတ် (၆)မျိုးနဲ့ အပြင်ခာတ် (၆)မျိုး ဖွဲ့စပ်ခေါ်ဆိုထားပါတယ်။ ခန္ဓာငါးပါးဆိုရင်တော့ အားလုံးသိကြပါတယ်။ သို့သော် ဒီခန္ဓာငါးပါးကို နည်းတစ်မျိုးနဲ့

http://www.dhammadownload.com



ဟောတော့ အာယတန(၁၂)ပါး၊ (၁၂)ပါးမှာ အတွင်းအာယတန (၆)ပါး၊ အပြင်အာယတန (၆)ပါး၊ အာယတနဆိုတာ ဘာလဲဆိုတော့ "ထွေထွေ လာလာ များတကာတို့ တည်ရာစုရာ သက်ရောက်ရာကို အာယတန ခေါ် ဆိုကြ၏"။

အာယတနဆိုတာ ထွေထွေလာလာ အာရုံတွေအမျိုးမျိုး "အဆင်းအာရုံ, အသံအာရုံ, အနံ့အာရုံ, အရသာအာရုံ, အတွေ့အာရုံ, တွေးကြံမှု စသည်အာရုံ"။ အဲဒီအာရုံတွေအများကြီး တည်ရာစုရာ သက်ရောက်ရာကို အာယတနလို့ခေါ်တယ်။ အဲဒီ အာယတန ဘာနဲ့ တူသလဲဆိုတော့ သင်္ဘောဆိပ်ကြီးများနဲ့တူတယ်။ ခရီးသွားမည့်သူတွေ ဆင်းကြ၊ တက်ကြ ခရီးသည်တွေ ဆင်းကြ၊ တက်ကြတဲ့ သင်္ဘောဆိပ်ကြီး နဲ့တူတယ်။ ဘူတာရုံ၊ ဈေးရုံ၊ ဇာတ်ရုံကြီးများနဲ့လဲ တူတယ်။ ဝင်ကြ၊ ထွက်ကြ၊ သွားကြ၊ လာကြ။ အဲဒီလို ဝင်ထွက် သွားလာနေသလိုပါပဲ။ ခန္ဓာကိုယ်ကြီးကလဲ ဒီအတိုင်းပဲတဲ့။ အတွင်းကလဲ (၆)မျိုးရှိတယ်။ အားလုံးသိကြတဲ့အတိုင်း မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်း အကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည် (၆)မျိုး။

"စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော၊ သဘောတရား ဤ(၆)ပါးမူ အဇ္ဈတ္တိက အမည်ရ၏" သတ္တဝါတို့သန္တာန်မှာ ဖြစ်ရှိနေတဲ့ ရှိနေတဲ့ အရှိတရားပါပဲ။ မျက်စိအကြည်ဓာတ်ကလေး ရဟန်းလောင်း၊ ရှင်လောင်းတို့သန္တာန်မှာ ရှိနေတယ်။ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ နားအကြည်ဓာတ်ကလေး ရှိတယ်။ နှာခေါင်းအကြည်ဓာတ်ကလေး ရှိတယ်။ လျှာအကြည်ဓာတ်ကလေး ရှိတယ်။ ကိုယ်အကြည်ဓာတ် ကလေး ရှိတယ်။ စိတ်အကြည်ဓာတ်ကလေး ရှိတယ်။ အဲဒါကို အတွင်း အာယတန (၆)မျိုး။ "ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗနှင့် ဓမ္မဟူသည် ဤ(၆)မည်ကား ဗာဟိရာယတန အမည်ရ၏"။ အဲဒီ အတွင်း(၆)မျိုးက အပြင်(၆)မျိုးနဲ့ စပ်မိမှ၊ တိုက်ဆိုင်မိမှ စိတ်တွေအမျိုးမျိုး ဖြစ်ပေါ်လာ တယ်။ မျက်စိ အကြည်ဓာတ်ကလေး ရဟန်းလောင်း၊ ရှင်လောင်းတို့

http://www.dhammadownload.com



သန္တာန်မှာ ရှိနေတယ်။ မြင်စရာအာရုံ အဆင်းဓာတ်ကလေးနဲ့ တိုက်ဆိုင်မိမှ မြင်သိစိတ် ဖြစ်ပေါ်မလာဘူးလား။ (ဖြစ်လာပါတယ် ဘုရား)။ **မြင်လာတယ်နော်။**

**နောက် နားအကြည်ဓာတ်ကလေး** အသံမျိုးစုံ သဒ္ဒါရုံနဲ့တိုက်ဆိုင်မိတဲ့ အခါကျတော့မှ ကြားသိတဲ့စိတ်ဖြစ်တယ်။ အပြင်နဲ့**အ**တွင်း ပေါင်းတာ။ အတွင်း(၆)မျိုးနဲ့ အပြင်(၆)မျိုး ပေါင်းတာပါပဲ။ **အဲဒီ**ထဲက စိတ်ကလေးက ဘယ်လိုများ ပွားလာနိုင်သလဲဆိုရင် "မနမ္မာမူ (၆)ဖြာ ဝိညာဉ်တဲ့" မနဆိုတဲ့ စိတ်အကြည်ဓာတ်ကလေးမှာ (၆)မျိုးပြားလာတယ်။ ဘယ်လိုပြားလာသလဲ။ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်၊ စိတ်ကလေးက ဖြစ်နေတာ ဓမ္မာယတန ဆိုတာဘာလဲ။ "ဓမ္မတွင်မူ အစဉ်ပါလစ် ရှေ့ဆယ့်တစ်မှ ကျန်သမျှတည်း။ ဓမ္မာယတနဆိုတာ ဘာလဲဆိုတော့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ အာပေါ၊ ဘာဝရုပ် (၂)ခု၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ အာကာသရုပ်၊ ဝိညာတ်ရုပ် (၂)ခု၊ ဝိကာရရုပ်(၃)ခု၊ လက္ခဏာရုပ် (၄)ခု၊ ပြီးတော့ အသင်္ခတဓာတ် (မဟာနိဗ္ဗာန်) အဲဒါကို ဓမ္မာယတနလို့ ဒီလိုခေါ်ရ**တယ်။**

အဲဒီ (၁၂)မျိုးမရှိရင် လောဘဖြစ်ပါ့မလား။ (မဖြစ်ပါ ဘုရား) မြင်မှ မမြင်ရပဲ။ လောဘလဲ ဖြစ်စရာမရှိဘူး။ ဒေါသလဲ ဖြစ်စရာမရှိဘူး။ မောဟလဲ ဖြစ်စရာမရှိဘူး။ မြင်တာကို အကြောင်းပြုပြီး တော့ လိုချင်မှုဖြစ်တယ်။ မြင်တာကိုအကြောင်းပြုပြီးတော့ စိတ်ဆိုးတယ်။ မြင်တာကို အကြောင်းပြုပြီးတော့ ဘာမှမသိတဲ့ မောဟဖြစ်တယ်။ အဲဒါကို မြတ်စွာဘုရားက အဲဒီ(၁၂)မျိုး၊ အတွင်း(၆)မျိုး၊ အပြင်(၆)မျိုးမှာ တစ်မျိုးမျိုးမှာ စက္ခုအကြည်ဓာတ်ကလေးမှာ မီး(၁၁)မျိုး တောက်လောင်တယ်။ ဒါကြောင့် အာဒိတ္တသုတ်နဲ့ ပြောမယ်ဆိုရင် "**သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ**" ရဟန်းတို့ လောကကြီး တစ်ခုလုံး မီးလောင်ပြင်ကြီးပဲ။

ဒါဖြင့် ဒီ(၁၂)မျိုးနဲ့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ကြီးမှာ အတွင်း(၆)မျိုး၊ အပြင်(၆)မျိုး အသုံးချပြီးနေကြတော့ ဟော- ရုပ်တော့လဲ

http://www.dhammadownload.com



အဲဒီ(၁၂)မျိုးထဲမှာ ရှုပ်နေတာကိုး။ အဲဒီ (၁၂)မျိုးအပေါ်မှာ မီးတောက်ကြီး (၁၁)တောက်၊ (၁၁)တောက်စီ တောက်ပါတယ်။ မြတ်စွာဘုရား ဘုရားဖြစ်ပြီးနောက် ဓမ္မစကြာတရား ဟောတော်မူတယ်။ အနတ္တလက္ခဏသုတ္တန် ဟောတော်မူတယ်။ ဒီနောက် နံပါတ်(၃)မှာ အာဒိတ္တပရိယာယ သုတ္တန် ဟောတော်မူတယ်။ အခု ဗုဒ္ဓဂယာ ရောက်ဘူးတဲ့ ပုဂ္ဂိုလ်များ ဂယာရွာ။ ဂယာရွာဘေးနားမှာ ဆင်ဦးကင်းနဲ့တူတဲ့ ကျောက်ဖျာကြီးတွေ ရှိတယ်။ အဲဒီမှာ အာဒိတ္တဒေသနာတော် ဟောတော်မူတယ်။ အာဒိတ္တ ဆိုတာ လောကကြီးတစ်ခုလုံး မီးလောင်ပြင်ကြီး ဖြစ်နေတယ်။ **"ကထံ ဘိက္ခဝေ သဗ္ဗံ အာဒိတ္တံ"**= ဘယ်လိုများ တစ်လောကလုံး လောင်သလဲတဲ့။ **"စက္ခု ဘိက္ခဝေ အာဒိတ္တံ"**= မျက်စိအကြည်ဓာတ်ကလေးမှာလဲ မီးတောက်က (၁၁)မျိုး တောက်လောင်တယ်။ **"ကေန အာဒိတ္တံ"**= အဘယ် မီးတောက်တွေနဲ့ တောက်သလဲ။ **"ရာဂဂ္ဂိနာ အာဒိတ္တံ"**= ရာဂမီး တောက်လောင်နေတယ်။ **"ဒေါသဂ္ဂိနာ အာဒိတ္တံ"**= ဒေါသမီး တောက်လောင်နေတယ်။ **"မောဟဂ္ဂိနာ အာဒိတ္တံ"**= မောဟမီး တောက်လောင်နေတယ်။ **"ဇာတိယာ အာဒိတ္တံ"**= ဇာတိမီး တောက်လောင်နေတယ်။ **"ဇရာယ အာဒိတ္တံ"**= ဇရာမီး တောက်လောင်နေတယ်။ **"မရဏေန အာဒိတ္တံ"**= မရဏမီး တောက်လောင်နေတယ်။ **"သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသေဟိ အာဒိတ္တံ"**= စိုးရိမ်ပူဆွေးခြင်း မီးတောက်၊ ငိုကြွေးခြင်းဆိုတဲ့ မီးတောက်၊ ဒုက္ခမီးတောက်၊ စိတ်မသက်သာ နှလုံးမသာယာခြင်း မီးတောက်၊ တွက်ကိန်းမလှ ထိန်းမရတဲ့ ဟိန်းချပူဆွေးတဲ့ ဥပါယာသဆိုတဲ့ မီးတောက်တွေ တောက်လောင်နေတယ်။ အဲဒီ (၁၁)မျိုး မီးတောက်လောင်နေတယ်လို့ ငါဘုရားဟောတယ်တဲ့။

ဒါအားလုံး ရှင်လောင်းများ၊ ရဟန်းလောင်းများ လွဲပါ့မလား။ မြတ်စွာဘုရားက မီးတောက်နဲ့တင်စားပြီး မိန့်တာကိုး။ အဲဒီတော့ မိမိတို့ရဲ့ အဇ္ဈတ္တ= အတွင်းသန္တာန်၊ ဗာဟိရ= အပြင်သန္တာန်မှာ မီးတောက်

http://www.dhammadownload.com



(၁၁)မျိုးစီရှိတော့ မီးစာက (၁၂)မျိုးပေါ့။ တစ်ခုတစ်ခုလျှင် မီးတောက် (၁၁)တောက်၊ (၁၁)တောက် တောက်ပါတယ်တဲ့။ အဲဒီလို တောက်တော့-
**"သောတံ အာဒိတ္တံ ဃာနံ ဇိဝှါ ကာယော မနော အာဒိတ္တော ဓမ္မာအာဒိတ္တာ၊ ကေနအာဒိတ္တာ၊ ရာဂဂ္ဂိနာ (ပ) အာဒိတ္တာတိ ဝဒါမိ"**။

"ပါဠိတော်လှစ်၏ မီးဆယ့်တစ်ကို (၁၂)အာယတန မြှောက်ပွားကမူ တစ်ရာ့သုံးဆယ် နှစ်ပါးကယ်က အကျယ်မီးပေါင်း ပေါင်းတုံ့ရှောင်းသည် ထောင်းထောင်း တောက်လောင်မစဲတည်း" မီး(၁၁)ပါးကို အာယတန (၁၂)ပါးနဲ့ မြှောက်ရင် မီးတောက်ပေါင်း (၁၃၂)တောက် မီးတောက်ကြီးတွေ အဲဒီအတွင်းအာယတန (၆)ပါး၊ အပြင်အာယတန (၆)ပါး။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ အတွင်းအာယတန (၆)ပါး။ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မဆိုတဲ့ အပြင်အာယတန (၆)ပါး။ ပေါင်းတော့ (၁၂)ပါးမှာ၊ မီး(၁၁)မျိုးစီ တောက်လောင်နေတဲ့ အတွက် ပေါင်းတဲ့အခါမှာ မီးတောက်ပေါင်း (၁၃၂)မျိုး။

"ပါဠိတော်လှစ် မီး(၁၁)ကို (၁၂)အာယတန မြှောက်ပွားကမူ တစ်ရာ့သုံးဆယ် နှစ်ပါးကယ်က အကျယ်မီးပေါင်း ပေါင်းတုံ့ရှောင်း သည် ထောင်းထောင်းတောက်လောင်မစဲတည်း။ မီးတောက်မှန်း သိပ်မသိကြဘူး။ တောက်တာတော့ နေ့တိုင်းပဲ။ ဟုံးကနဲ ထတောက်လိုက်၊ အရှိန်လျော့သွားလိုက်၊ နည်းနည်းတောက်လိုက်၊ နည်းတာ၊ များတာပဲ ကွာခြားတယ်။ မီးတောက်ကတော့ မစဲဘူး။ တစ်ဘဝတစ်ခါ သေတဲ့နည်းနဲ့ သေသွားတဲ့ လူတစ်ယောက်ဆုံးသွားပြီ ဆိုရင်တော့ မရဏမီးတောက်ကြီးပေါ့။ သို့သော်လဲ နေ့စဉ် နေ့စဉ် တောက်နေတော့ ဖြစ်လိုက် ဉပ္ပါဒ၊ ဝယပျက် မီးတွေကတော့ မရပ်မစဲ တောက်ဆဲပါပဲ။ မီးက (၁၁)တောက်၊ လောင်စာက (၁၂)မျိုး။ တစ်ခုတစ်ခု မျက်စိမှာလဲ မီးတောက်က တောက်ဆဲပဲ၊ နားမှာလဲတောက်ဆဲပဲ။ အဲဒီလိုဆိုတော့ မီးတောက်ပေါင်း (၁၃၂)မျိုး တောက်လောင်နေတယ်။ ဘယ်လို ငြိမ်းမလဲ။ ဘယ်လို ငြိမ်းကြမလဲ။

http://www.dhammadownload.com



ဘယ်လို ငြိမ်းကြမလဲဆိုတော့ ငြိမ်းတဲ့နည်းကတော့ ဘုရားနည်းပဲ ရှိပါတယ်။ ပကတိမီးငြိမ်းတာကတော့ ရှိပါတယ်။ မီးသတ်စက်ကောင်းကောင်းနဲ့ ငြိမ်းမယ်။ အခြားငြိမ်းတဲ့နည်းနဲ့ ငြိမ်းမယ်။ ပကတိမီးတော့ ငြိမ်းတဲ့နည်းတွေ ရှိပါတယ်။ သတ္တဝါတို့သန္တာန်မှာ မီးတောက်ပေါင်း (၁၃၂)မျိုးကို မီးတောက်ကြီး ငြိမ်းဖို့ကျတော့ သီလနဲ့ငြိမ်းမယ်။ ရဟန်းတော်များ သီလမကြာမီ ရကြတော့မယ်။ ဈာန်သမထနဲ့ ငြိမ်းမယ်။ တရားအားထုတ်ပြီးတော့ ဝိပဿနာနဲ့ ငြိမ်းမယ်။ မြတ်စွာဘုရားက- **"စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော"** ဟော- မျက်စိအကြည်ရယ်၊ ရူပါရုံရယ် ပေါင်းမိတဲ့အခါ မြင်သိစိတ်ကလေး ပေါ်လာတယ်။ သာမန် အားဖြင့် ဆိုရင်တော့ နာရီကိုကြည့်လိုက် ငါမြင်တယ်၊ လေဒီယို နားထောင်လိုက် ငါကြားတယ်။ ပန်ကာကိုကြည့်လိုက် ငါမြင်တယ်။ တကယ်တမ်းတော့ နာရီကိုကြည့်လိုက် လက်တန်ရယ်၊ နာရီခွက်ရယ်၊ အဲဒီ ရူပါရုံနဲ့ မိမိရဲ့စက္ခုပသာဒ မျက်စိအကြည်ဓာတ် တိုက်ဆိုင်လိုက်တဲ့ အခါမှ မြင်သိစိတ်ကလေး ဖြစ်ပေါ်တာ။ မြင်သိစိတ်ကလေးမှာလဲ ဖြစ်ဆိုတဲ့ မီးတောက်လောင်ဆဲပဲ၊ ကြားရာစသည်မှာလဲ မီး(၁၁)မျိုး။ အဲဒီလို မြင်မှု စသည်ဖြစ်တဲ့ အခါကျမှ ဖဿ-တွေ့ထိမှုဖြစ်တယ်။ အဲဒီလို တွေ့ထိမှု အခြေခံပြီးတော့မှ ဝေဒနာခံစားမှု ဖြစ်တယ်။

စောစောက ဖဿမှာလဲ မီးတောက်(၁၁)တောက် တောက်ရက်ပဲ။ အဲဒီလို ကျကျနနသိပြီးတဲ့အခါကျတော့မှ မိမိရဲ့မျက်စိရဲ့ အကြည်ဓာတ်အပေါ် အဆင်းရူပါရုံတွေအပေါ်မှာ ငြီးငွေ့တဲ့စိတ်တွေ ဖြစ်ပေါ်လာပြီဆိုရင် လမ်းကြောမှန်သွားပြီ။ ဒီအမြင်မှန်သွားပြီ။ အဲဒီလို မြင်တဲ့နည်းနဲ့ ရသေ့ညီနောင် ရှင်(၁၀၀၀)တို့အား အာယတန(၁၂)ပါး အပေါ် မီး(၁၁)မျိုး တောက်လောင်ပုံ။ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်တို့အပေါ်မှာ မီး(၁၁)မျိုးစီ တောက်လောင်ပုံ။ တွေ့ထိမှု ဖဿအပေါ်မှာ မီး(၁၁)မျိုး တောက်လောင်

http://www.dhammadownload.com



ပုံ၊ ခံစားမှုဝေဒနာပေါ်မှာ မီး(၁၁)မျိုး တောက်လောင်ပုံ။ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ရသေ့ညီနောင် ရှင်(၁၀၀၀)တို့ဟာ စောစောပိုင်းကဆိုရင် လောဘ ဒေါသစတဲ့ ကိလေသာတွေ စင်အောင် ရေချိုးကြသတဲ့။ ကိလေသာတွေ ခြောက်ခန်းသွားအောင် မီးလှုံကြသတဲ့။ အတွင်းကိလေသာတွေ မဖြစ်ပေါ်အောင် တုံးခုန်၊ ဖယ်ခပ်ကြသတဲ့။ ဘုရားရှင်အထံတော်မှာ ဒီမီးလောင်ပြင်မှာ မီးလောင်နေပုံတရား နာကြားပြီးတော့ အာသဝေါကင်းကွာ ရဟန္တာအဖြစ် ရောက်ရှိကြပါတယ်။

အဲဒါကြောင့် အခု(၁၂)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက ရဟန်းပြုကြမည့် ရဟန်းလောင်း၊ ရှင်လောင်းတို့ဟာလဲ မိမိတို့ခန္ဓာမှာ အာယတန (၁၂)မျိုးလုံး မီးတွေတောက်လောင်နေပုံကို ရှုပွားဆင်ခြင်ပြီး ရသေ့ညီနောင် ရှင်(၁၀၀၀)တို့ မီးတောက်ကြီးတွေ ငြိမ်းလို့ အတွင်းအပြင် အာယတန(၁၂)မျိုးမှာ မီးတောက်ကြီးတွေ (၁၁)မျိုး၊ (၁၁)မျိုးစီ တောက်လောင်နေမှုနဲ့ ပတ်သက်ပြီးတော့ သိမြင်ပြီး တရားသဘောပေါက်ကာ အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်များ ဖြစ်တော်မူကြပြီး မီးတောက်မီးလျှံတွေ ငြိမ်းသွားသကဲ့သို့ ရဟန်းလောင်း၊ ရှင်လောင်းတို့ဟာလဲ မိမိတို့သန္တာန်မှာ တောက်လောင်နေတဲ့ မီးတောက်မီးလျှံများ ငြိမ်းချမ်းအောင် ကြိုးစားနိုင်ကြပါ စေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



အားလုံးက ကန်တော့ကြသည်။ ဆရာတော် ဦးသောဘိတက ဆုပေးသည်။

**သက်န်းတောင်း**

**သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။**

အရှင်ဘုရား ဘုရားတပည့်တော်သည် အလုံးစုံရှိသမျှ သံသာရဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ ဘုရားတပည့်တော်၏လက်၌ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ ဘုရားတပည့်တော်အား ရှင်သာမဏေဖြစ်အောင် ပြုပေးတော်မူပါ အရှင်ဘုရား။ (ယူခဲ့ကြ၊ သင်္ကန်းကြီးစဉ်ငယ်လိုက်ထားကြ။)

**လိုက်ဆိုကြ**

**သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ၊ မံဘန္တေ အနုကမ္ပံဥပါဒါယ။**

အရှင်ဘုရား ဘုရားတပည့်တော်သည် အလုံးစုံရှိသမျှ သံသာရဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုပါရစေခြင်းအကျိုးငှာ ဘုရားတပည့်တော်အား အစဉ်သနားချီးမြောက်သောအားဖြင့် အရှင်ဘုရား၏လက်၌ရှိသော ထိုသင်္ကန်းကို ပေးတော်မူ၍ တပည့်တော်အား ရှင်သာမဏေဖြစ်အောင် ပြုပေးတော်မူပါအရှင်ဘုရား။

(သင်္ကန်းဝတ်ပေးကြပါ)

**သရဏဂုံယူကြရအောင်(လိုက်ဆိုကြ)**

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။**

http://www.dhammadownload.com



**ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။**

**တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။**

(၁၀)ပါးသီလ ဆက်ပေးသည်။ ကဲ ကဲ လိုက်ဆိုကြ။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ အဲဒါတွေ ပုံထားလိုက်ရင် သတ္တဝါတွေ ဘယ်လောက် များများ အတူတူပဲ။ ရုပ်ချောတဲ့သူတွေမှာလဲ ဆံပင်၊ မွေးညှင်း စသည် အတူတူပဲ။ မချောတဲ့ပုဂ္ဂိုလ်သန္တာန်မှာလဲ အတူတူပဲ။ ကမ္ဘာလောကကြီး တစ်ခုလုံးကို ခြုံပြီးတော့ကြည့် အတူတူပဲလို့ မြင်ရမှာပါ။

တူတယ်။ ဘာတူသလဲ မေးတော့ ရွံ့စဖွယ် ညှီနံ့ဆိုး အသိုးအပုပ် စက်ဆုတ်ဖွယ်တွေသာ ရှိတာချင်းအတူတူပဲ။ ဘယ်ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်မှ ဆံပင်လေးတွေဟာ ဒီအတိုင်းပဲထားလိုက်ရင် မဖီးမလိမ်းမပြင်မဆင်ပဲ အမွှမ်းအမံများမရှိရင် လူတိုင်းရဲ့ဆံပင်ဟာ အနံ့ဆိုးပါတယ်။ လူတိုင်းရဲ့ အသားဟာလဲ ဒီအတိုင်းပဲ။ နံလိုက်တာ၊ နံလိုက်တာလို့ ဒီလိုပြောကြ တယ်။ အတော်လေး မွမ်းနိုင် မံနိုင်မှ၊ မင်းတုန်းမင်းကြီးက တစ်နေ့ ဝတ်လဲတော် (၃)ကြိမ်လဲတာ။ တစ်ကြိမ် တစ်ကြိမ် အဝတ်လဲတိုင်း သာသနာပိုင် ဆရာတော်ဘုရားအား ဤစ်နေ့ သင်္ကန်း (၃)စုံ၊ (၃)စုံ လှူတယ်ဆိုတာကိုး။ သို့သော်လဲပဲ ဘယ်လောက်လဲလဲ ဘယ်လောက် ပြင်ပြင် ဘယ်လောက်ဆင်ဆင် တစ်ပွဲတိုးပဲ။ ဖီးလိမ်း ပြင်ဆင်ပြီးသွား တစ်နာရီလောက် ပွဲနေပွဲထိုင်ပြီး ဒီအဝတ်တွေ ပြင်ဆင်မွမ်းမံထားမှုတွေ အားလုံး စက်ဆုပ်ရွံ့ရှာဖွယ် အနံ့ဝင်လာတာပါပဲ။ ဒီတော့ လိုက်ဆိုကြ။

**"ဆေးလို့မပြောင်စင်တဲ့ ခန္ဓာကိုယ်၊ ကျွေးလို့မဝတဲ့ ခန္ဓာကိုယ်"၊**

http://www.dhammadownload.com



အဲဒါကို မြတ်စွာဘုရားက လောကဖြစ်စဉ်နဲ့ တရားပြတယ်။

ကမ္ဘာသူ၊ ကမ္ဘာသားတွေအားလုံးရဲ့ ခန္ဓာကိုယ်အတူတူပဲ။ အမျိုးသမီး၊ အမျိုးသားအားလုံးရဲ့ ခန္ဓာကိုယ် အတူတူပဲ။ မြတ်စွာဘုရားက ဒါကို မြင်စေချင်တာ။ ရဟန်းပြုခါနီး ခေါင်းရိပ်စဉ် အခါတုန်းက ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး စသည် (၃၂)မျိုး။ အဲဒါတွေ ဆင်ခြင်ကြရမှာ။ အခုတော့ ပြီးမှဆင်ခြင်ကြရတာ။ ဒါဖြင့် အခု (၂)နာရီ ရှိပြီ။ ရဟန်းလောင်းများက သိမ်ကိုကြွကြ။ ဦးတေဇနိယက ဒုလ္လဘ ရဟန်းတွေ တရားပြဖို့ စီစဉ်ပါ။

http://www.dhammadownload.com



**ရဟန်းခံရှင်ပြုတရား**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (၁၂)ကြိမ်မြောက် ရဟန်းခံရှင်ပြုမင်္ဂလာပွဲမှာ ဟောကြားအပ်သော တရား။

ယနေ့ ဒုလ္လဘရဟန်းတော်များ ရဟန်းဘဝ၊ ရှင်သာမဏေများ၊ ရှင်သာမဏေဘဝ ရရှိကြပြီ။ အဲဒီလို ရရှိကြတဲ့အလျောက် မိမိတို့ ရတဲ့အချိန်လေးမှာ ဗုဒ္ဓဘုရားရဲ့အဆုံးအမများ မိမိတို့ခန္ဓာကိုယ်မှာ စိတ်သန္တာန်မှာ ရရှိကြအောင် အားထုတ်ဖို့အရေးကြီးပါတယ်။ မြတ်စွာဘုရားက အန္ဓကဝိန္ဒသုတ္တန်မှာ ရဟန်းငယ်များနှင့် ပတ်သက်ပြီးတော့ အထူးအားဖြင့် ရဟန်းဖြစ်ခါစ ပုဂ္ဂိုလ်များကို ဘယ်လို ဟောရမယ်ဆိုတာ မြတ်စွာဘုရားက ညွှန်းပြထားတာရှိပါတယ်။ အဲဒီ ညွှန်းပြထားတဲ့ အချက်တွေကတော့ သီလသိက္ခာနဲ့ ပြည့်စုံအောင် ဟောပေးရမယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ထိန်းသိမ်းတတ်အောင် စကား နည်းနည်းပြောအောင် နည်းလမ်းပြောပေးရမယ်။

ဆိတ်ငြိမ်တဲ့အရပ်မှာ ပျော်မွေ့အောင် ပြောပေးရမယ်။ ရုပ်တရား၊ နာမ်တရားအစဉ်ကို ဉာဏ်မှာမြင်အောင် ပြောပေးရမယ်။ အခု ရဟန်းတော်များ ဒုလ္လဘရောက်ရှိလာကြပြီ။ ရဟန်း ဘဝကိုလဲ ဒုလ္လဘဘဝလို့ ခေါ်တာပါပဲ။ ရဟန်းတော်များ ရဟန်းငယ်များ ဘယ်လိုဆုံးမရမလဲဆိုတာနဲ့ ပတ်သက်ပြီးတော့ အကျဉ်းချုပ်အားဖြင့် ဟောကြားထားတာ ရှိတယ်။ မှတ်မိအောင် လင်္ကာလေးတွေနဲ့ **"အသက်ပမာ ကျင့်သိက္ခာ၊ ကောင်းစွာ စောင့်ပါလေ"**။

မြတ်စွာဘုရား ပညတ်တော်မူအပ်တဲ့ သိက္ခာပုဒ်သီလကို လူ့ဘဝတုန်းက (၅)ပါးသီလ၊ ဥပုသ်စောင့်တဲ့အခါ (၈)ပါးသီလ၊ ရှင်သာမဏေများ (၁၀)ပါးသီလ၊ ရဟန်းတော်များကျတော့ "ကုဋေကိုးထောင်တစ်ရာ့ရှစ်ဆယ်ငါးသန်းကြွယ် သုံးသွယ်သောင်းပြ သချ်ာရ"။ "ကုဋေကိုးထောင်တစ်ရာ့ရှစ်ဆယ် ငါးသန်းကြွယ် သုံးသွယ်သောင်းပြ သချ်ာရ"။ သရုပ်ကလေး သိထားရင်တောင် မနည်းဘူး။ တို့ရဟန်းဘဝ

http://www.dhammadownload.com



ရောက်ခဲ့ကြပြီ။ ရဟန်းတော်များရဲ့သီလက (၂၂၇)သွယ် သိက္ခာပုဒ်။

အကျယ်အားဖြင့် လိုက်ဆိုကြ။ (ကုဋေကိုးထောင်တစ်ရာ့ ရှစ်ဆယ် ငါးသန်းကြွယ် သုံးသွယ်သောင်းပြ သချ်ာရ)

အများသိနေကြတာက (၂၂၇)သွယ်။

| | | |
|---|---|---|
| - | ပါရာဇိက | ၄ ပါး |
| - | သံဃာဒိသိသ် | ၁၃ ပါး |
| - | အနိယတ | ၂ ပါး |
| - | နိဿဂ္ဂိပါစိတ် | ၃၀ ပါး |
| - | ပါစိတ် | ၉၂ ပါး |
| - | ပါဋိဒေသနီ | ၄ ပါး |
| - | သေခိယ | ၇၅ ပါး |
| - | အဓိကရဏသမထ | ၇ ပါး |
| | **စုစုပေါင်း** | **၂၂၇ ပါး** |

ဒါကတော့ အကျဉ်းချုပ်ကလေးကိုး။ အဲဒါတွေ စောင့်ထိန်းရမယ်ဆိုတော့ စောင့်ထိန်းတဲ့နည်းက- ရှေးအခါတုန်းက ရဟန်းတစ်ပါးက ရဟန်းတွေကျင့်ကြံရမယ့် သိက္ခာပုဒ်သီလ "ကုဋေကိုးထောင် တစ်ရာ့ရှစ် ငါးသန်းသုံးသောင်း" ရှိတယ်ဆိုတော့ ဒါတွေကို အကုန်လုံးတော့ မထိန်းနိုင်ပါဘူးဆိုပြီး စိတ်ပျက်လက်ပျက်နဲ့ပဲ လူထွက်မလို့ မြတ်စွာဘုရားထံ သွားလျှောက်တယ်။ မြတ်စွာဘုရားက သိက္ခာပုဒ်တွေ များရင် သုံးမျိုးပဲထိန်းပါတဲ့။ (ကိုယ်၊ နှုတ်၊ စိတ်သုံးပါး)။ ဒါလဲ များပါသေးတယ်လို့ လျှောက်ထားတော့ "စိတ်"တစ်ပါးကို နိုင်အောင် ထိန်းပါလို့ အမိန့်ရှိခဲ့တယ်။

အခု ဒုလ္လဘရဟန်းအရှင်မြတ်တွေလဲ "ကုဋေကိုးထောင် တစ်ရာ့ရှစ်ဆယ် ငါးသန်းသုံးသောင်း" သိက္ခာပုဒ်တွေကို မသိကြဘူး။ သီလစောင့်သူဟာ နွားကျောင်းတဲ့ လူလိုပဲ။

http://www.dhammadownload.com



**ယောဂဝံ နဝိဇာနာတိ။**
**နသောရက္ခတိ ဂေါဂဏံ။**
**ဧဝံ သီလံ အဇာနန္တော၊**
**ကိံ သောရက္ခေယျ သံဝရံ။**

ယော= အကြင်ပုဂ္ဂိုလ်သည်၊ ဂဝံ= မိမိကျောင်းတဲ့နွားကို၊ နဝိဇာနာတိ= မသိ၊ သော= ထိုပုဂ္ဂိုလ်သည်၊ ဂေါဂဏံ= နွားအပေါင်းကို၊ နရက္ခတိ= မစောင့်ရှောက်နိုင်။ နွားကျောင်းတဲ့ပုဂ္ဂိုလ်ဟာ သူ့နွား ဘယ်လိုအရောင်၊ ဘယ်လိုအဆင်းလို့ မသိရင် နွားမကျောင်းနိုင်ဘူး။ ဧဝံ= ဤသို့၊ သီလံ= မိမိစောင့်ထိန်းရမည့်သီလကို၊ အဇာနန္တော= မသိသောသူသည်၊ သံဝရံ= သီလသိက္ခာကို၊ ကိံရက္ခေယျ= အဘယ်မှာ စောင့်နိုင်ပါအံ့နည်း။ မိမိစောင့်ထိန်းရမယ့် သီလကို မသိတဲ့ပုဂ္ဂိုလ် ဘယ်လိုလုပ်စောင့်ထိန်းမလဲ။

မြတ်စွာဘုရားက စောစောကပြောတဲ့ ရဟန်းတော်လေးအား ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ် သုံးပါးသာ ထိန်းလို့ဆိုတော့ ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ်ဆိုတော့ များပါသေးတယ်ဘုရားလို့ ပြန်လျှောက်တော့ ကုဋေကိုးထောင်ကျော်တုန်းကလဲ များတယ်တဲ့။ ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ်ဆိုတော့လဲ များပါသေးတယ်တဲ့။ မြတ်စွာဘုရားက အဲဒီလိုဆိုရင် စိတ်သာထိန်းပါတော့တဲ့။ စိတ်တစ်မျိုးထဲ ထိန်းပါတဲ့။ စိတ်ကလေးကလဲ အထိန်းရခက်တယ်။

**ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။**

ဒီစိတ်ကလေးက အဝေးကိုသွားတတ်တယ်။ နယ်ကလာတဲ့ ပုဂ္ဂိုလ်များ မှန်းကြည့်လိုက်ပါလား။ ရောက်သွားပြီး မိမိတာဝန်ထမ်းတဲ့ နေရာရောက်မယ်။ အိမ်လဲရောက်မယ်။ ဒူရင်္ဂမံ= အဝေးသွားတတ်တာကိုး။ အဝေးသွားတဲ့နေရာမှာတော့ အမြန်ဆုံးဟာသူပဲ။ ဧကစရံ= အဖော်လဲမပါဘူး၊ သူတစ်ဦးထဲ ဘယ်သူနဲ့မှသွားတာ မဟုတ်ဘူး။ အသရီရံ= အထည်ကိုယ်ဒြပ်လဲ မရှိပါဘူး။ စိတ်ဟာ အသွားလဲမြန်တယ်။

http://www.dhammadownload.com



အထည်ကိုယ်လဲ မရှိပါဘူး။ ဂုဟာသယံ= မိမိတို့ရဲ့ နှလုံးအိမ်မှာရှိတဲ့ ဟဒယဝတ္ထုရုပ် ဂူမှာနေပါတယ်။

**ယေစိတ္တံ သံယမိဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။**

အဲဒီထဲမှာ အရေးကြီးတာက စောစောကပြောတဲ့စိတ်။ စိတ်ကိုသာ စောင့်ရှောက်ထိန်းသိမ်းနိုင်ပြီဆိုရင် မာရ်မင်း၏အနှောင် အဖွဲ့မှလွတ်ပြီ။ မာရ်မင်းရဲ့အနှောင်အဖွဲ့ဆိုတာက အာရုံငါးပါး ကာမဂုဏ်တရားတွေပါပဲ။ အဲဒီတော့ မြတ်စွာဘုရားက စိတ်ကလေး တစ်မျိုးသာ စောင့်ထိန်းပါ။ စိတ်ကလေးတစ်မျိုးပဲ စောင့်ထိန်းပြီး အားထုတ်ပြီးနေပါတဲ့။ ဒုလ္လဘအရှင်မြတ်များ သတိပဋ္ဌာန်နည်းနဲ့ စိတ်ကလေးစောင့်ရှောက်ဖို့ရာ ပြနေတာ။ တစ်နေရာမှာကတော့ "သာသနာတော်ကို ရောက်သစ်စရဟန်းများကို ဘယ်လိုထားရမလဲ ဘုရား"လို့ မေးလျှောက်တဲ့အခါကျတော့ "သူတို့ကို သတိပဋ္ဌာန် အားထုတ်ကြလို့ ဒီလိုပဲ တိုက်တွန်းရမှာပဲ"တဲ့။ သတိပဋ္ဌာန်တရားလေးပါး အားထုတ်ကြတဲ့။

ယနေ့ နေ့ပိုင်းကစပြီးတော့ အားထုတ်နေရပါပြီ။ အဲဒီတော့ စောစောကပြောခဲ့တဲ့ သီလသိက္ခာနဲ့ ပတ်သက်ပြီးတော့ ဘယ်လို စောင့်ထိန်းရမလဲဆိုတော့ ဥပမာက -

**ကိကီဝ အဏ္ဍံ၊ စာမရီဝ ဝါလဓိံ၊**
**ပိယံဝ ပုတ္တံ၊ နယနံဝ ဧကကံ။**
**တထေဝသီလံ၊ အနုရက္ခမာနာ၊**
**သုပေသလာ၊ ဟောထ သဂါရဝါ။**

ကိကီ= တီတီတူးမသည်၊ အဏ္ဍံ= မိမိဥဟု ဆိုအပ်သော သားကို၊ အနုရက္ခတိ ဣဝ= အစဉ်စောင့်ရှောက်ဘိသကဲ့သို့လည်းကောင်း၊ စာမရီ= စာမရီမည်တဲ့ သားကောင်သည်၊ ဝါလဓိံ= မိမိရဲ့မြီးဆန်ကို၊ အနုရက္ခတိ ဣဝ= အစဉ်စောင့်ရှောက်ဘိသကဲ့သို့လည်းကောင်း၊ ပိယံ= ချစ်ဖွယ် ကောင်းသော၊ ပုတ္တံ= မိမိရဲ့သားကို၊ အနုရက္ခတိ ဣဝ= အသက်ပေး၍

http://www.dhammadownload.com



အစဉ်စောင့်ရှောက်ဘိသကဲ့သို့လည်းကောင်း၊ ဧကကံ= တစ်လုံးတည်းသာကျန်ရှိတော့သော၊ နယနံ= မျက်လုံးကို၊ အနုရက္ခတိ ဣဝ= အစဉ်စောင့်ရှောက်ဘိသကဲ့သို့လည်းကောင်း၊ တထေဝ= ထို့အတူသာလျှင်၊ သီလံ= သီလကို၊ အနုရက္ခမာနာ= အစဉ်စောင့်ရှောက်ထိန်းသိမ်းကြကုန်လျှက်၊ သုပေသလာ= ကောင်းသောသီလ၊ စင်ကြယ်သောသီလ ရှိကြကုန်သည်၊ သဂါရဝါ= ဘုရား၊ တရား၊ သံဃာရတနာသုံးပါး သီလသိက္ခာများ အပေါ်မှာ ရိုသေလေးစားခြင်းရှိကြကုန်သည်၊ ဟောထ= ဖြစ်ကြပါကုန်လော့။

သာဓု - သာဓု - သာဓု

**“အသက်ပမာ ကျင့်သိက္ခာ၊ ကောင်းစွာ စောင့်ပါလေ”။**
**“ဣန္ဒြေကြီးစွာ ထိန်းသိမ်းကာ၊ ငြင်သာ အေးငြိမ်းစေ”။**

ဣန္ဒြေကြီးစွာ- ဆိုတာက တစ်ကမ္ဘာလုံးကတော့ တံခါးဖွင့်ဝါဒနဲ့ အာရုံငါးပါးကြိုက်သလို ခံစားကြတာကိုး။ တံခါးပိတ်ကြပါဆိုရင် မကြိုက်ကြဘူး။ လောကအနေနဲ့တော့ ပြောတာပါ။ ဣန္ဒြေမထိန်းပဲ တံခါးဖွင့်ဝါဒ ကျင့်သုံးတာ ကမ္ဘာကကောင်းပါတယ်တဲ့။ မြတ်စွာဘုရားသာသနာကတော့ ဣန္ဒြေ(၆)ပါးထိန်းပြီး တံခါးပိတ်ထားမှ ကောင်းတာ၊ (၆)ဒွါရ တံခါးလုံမှ ကောင်းတာ။ တံခါး (၆)ပေါက်လုံအောင် ပိတ်ရမယ်။

**“ဂုတ္တံ ဘိက္ခဝေ စိတ္တံ မဟတော အတ္ထာယ သံဝတ္တတိ”**

ဘိက္ခဝေ= ရဟန်းတို့၊ စိတ္တံ= စိတ်ကို၊ ဂုတ္တံ= သတိစွဲယှဉ်တံခါးကျဉ်ဖြင့် တားဆင်ကာဆီး လုံခြုံစေအပ်ပြီးသည်ရှိသော်၊ မဟတော အတ္ထာယ= အကျိုးများစွာဖြစ်ခြင်းငှာ၊ သံဝတ္တတိ= ဖြစ်၏။ တံခါး (၆)ပေါက်။ မျက်စိကလဲ တံခါးပေါက်တစ်ခုပဲ။ ပကတိတံခါးပေါက်လိုပါပဲ။ အဝင်အထွက် ရှိတယ်။ နားကလဲ တံခါးပေါက်တစ်ခု၊

http://www.dhammadownload.com



နှာခေါင်းကလဲ တံခါးပေါက်တစ်ခု၊ လျှာကလဲ တံခါးပေါက်တစ်ခု၊ ကိုယ်ကလဲ တံခါးပေါက်တစ်ခု၊ စိတ်ကလဲ တံခါးပေါက်တစ်ခု။ တံခါးပေါက် (၆)ပေါက် ရှိတယ်။ သတ္တဝါတွေ ဘယ်လောက်များများ၊ ကမ္ဘာသူ ကမ္ဘာသားတွေ ကမ္ဘာ့ကုသလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံပေါင်း (၁၉၀)လောက် ရှိတာ။ တံခါး (၆)ပေါက်စီရှိတာ အတူတူပဲ။

မြတ်စွာဘုရား ဘုရားမှန်တယ်ဆိုတဲ့ သက်သေက ခြံုပြီးတော့ မိန့်ကြားလိုက်တဲ့ စကားဟာ ကမ္ဘာကြီးတစ်ခုလုံး ငုံမိတယ်လေ။ မျက်စိတံခါးပေါက်က အဆင်းမျိုးစုံ ရူပါရုံ အသွင်းအထုတ်လုပ်တယ်။ နားဆိုတဲ့ တံခါးပေါက်က အသံမျိုးစုံ သဒ္ဒါရုံ အသွင်းအထုတ်လုပ်တယ်။ နှာခေါင်းတံခါးက အနံ့မျိုးစုံ ဂန္ဓာရုံ အသွင်းအထုတ်လုပ်တယ်။ လျှာတံခါးပေါက်က ရသာမျိုးစုံ ရသာရုံ အသွင်းအထုတ်လုပ်တယ်။ ကိုယ်တံခါးပေါက်က အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ အသွင်းအထုတ်လုပ်တယ်။ စိတ်ဆိုတဲ့ တံခါးပေါက်က အတွေးအကြံမျိုးစုံ ဓမ္မာရုံ အသွင်းအထုတ်လုပ်တယ်။ တံခါးပေါက်ဆိုတာ ကောင်းတာလဲ ဝင်တာပဲ။ မကောင်းတာလဲဝင်တာပဲ။ ဟိုနားက တံခါးပေါက် ကြည့်ပါလား။ အယုတ်အလတ် အမြတ်မရွေး ဝင်ထွက်နေကြတယ်လေ။

အဲဒီအတိုင်းပဲ မျက်စိအစရှိတဲ့ တံခါးပေါက်တွေက ကောင်းတာလဲ ဝင်တယ်။ မကောင်းတာလဲ ဝင်တယ်။ တံခါးပေါက်ဆိုတော့ ကြိုက်တဲ့ အာရုံလဲ ဝင်တယ်။ မကောင်းတဲ့၊ မကြိုက်တဲ့ အာရုံလဲဝင်တယ်။ ဒီတံခါးပေါက်တွေကို ပိတ်ထားနိုင်မှ တံခါးပိတ်ဝါဒ အဲဒါပြောတာပါ။ ကမ္ဘာလောကကြီးက က္ကန္ဒြေ(၆)ပါး တံခါးဖွင့်ဝါဒ ကျင့်သုံးကြတယ်။ မြတ်စွာဘုရားကတော့ က္ကန္ဒြေ(၆)ပါး တံခါးပိတ်ဝါဒ ကျင့်သုံးတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ တံခါး (၆)ပေါက်ကို ပိတ်ထားရမယ်။ တံခါး(၆)ပေါက်ကလဲ ဘယ်လောက်ကျယ်ဝန်းသလဲ ဆိုတော့ **"စက္ခု ဘိက္ခဝေ သမုဒ္ဒေါ"** ချစ်သားတို့ စက္ခုပသာဒဟာ သမုဒ္ဒရာကြီးပါ။ သမုဒ္ဒရာ ခရီးသွားတယ်။ သင်္ဘောပေါ်ကနေ

http://www.dhammadownload.com



ကြည့်တော့ သမုဒ္ဒရာရေပြင်ကြီးဟာ အကျယ်ကြီးပဲ။ ဒီထက် ကြီးကျယ်တဲ့ တံခါးပေါက်ကြီး ရှိတယ်တဲ့။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တံခါးပေါက်ကြီးများဟာ သမုဒ္ဒရာကြီးလိုပဲ ကျယ်ဝန်းလှပါတယ်။

မှန်တာပေါ့။ ဝင်လာသမျှ ဒုန့်ဒယ်နဲ့များ သိမ်းထားမယ်ဆိုရင် ဘုန်းကြီးတို့ ရဟန်းတော်အရှင်မြတ်တို့ရဲ့ဘဝဟာ ရူပါရုံဝင်သမျှသာ သိမ်းထားရရင် ရူပါရုံတွေ ဆန့်ပါ့မလား။ အသံမျိုးစုံ သဒ္ဒါရုံတွေကော ဆန့်ပါ့မလား။ အခု ဒုလ္လဘဝတ်တဲ့အခိုက်လေးမှာပဲ နည်းတာမဟုတ်ပဲ။ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ ရသာမျိုးစုံ ရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၊ အတွေး အကြံမျိုးစုံ ဓမ္မာရုံ ဒီလိုရှိတာကိုး။ အဲဒီတော့ ဒီတံခါးတွေကိုပိတ်ရမယ်။ ဣန္ဒြေ(၆)ပါး၊ တံခါး(၆)ပေါက်၊ အဝင်အထွက်ကို သတိထားရမယ်။ ဣန္ဒြေ(၆)ပါး၊ တံခါး(၆)ပေါက် ဘယ်လိုလုပ်ထိန်းမလဲ ပိတ်မလဲဆိုရင်-

အခု လယ်တီကမ္မဋ္ဌာနာစာရိယများ ပြကြတဲ့ သတိပဋ္ဌာန်နည်းနဲ့ပဲ တံခါး(၆)ပေါက်ကို ပိတ်ရမယ်။ သီလပိုင်းမှာလဲ အဘိဇ္ဈာနဲ့ ဒေါမနဿ မဖြစ်အောင် ပိတ်တဲ့နည်းရှိတယ်။ အဘိဇ္ဈာက လိုချင်တယ်။ ဒေါမနဿက စိတ်မသက်သာ နှလုံးနာတာ မြင်တာကိုအကြောင်းပြုပြီး လိုချင်စိတ် ဖြစ်တယ်။ စိတ်မသက်သာ နှလုံးနာမှုတွေ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။

> **ယတွာဓိကရဏ မေနံ စက္ခုန္ဒြိယံ အသံ ဝုတံ ဝိဟရန္တံ ဘိဇ္ဈာ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာဓမ္မာ အန္ဒွာသဝေယျုံ။**

မျက်စိဆိုတဲ့ တံခါးပေါက်ကို နိုင်အောင်မထိန်းရင် အဘိဇ္ဈာ အစရှိတဲ့ တရားဆိုး၊ တရားပျက်တွေ ဝင်တော့မှာပဲ။ လူဆိုး သူခိုးတွေ ဝင်ပြီတာမှတ်ပေတော့။ မိမိရဲ့စိတ်ထဲမှာ ဂျပိုးသူခိုးတွေ ဝင်လာရင် ဘယ်ကောင်းကျိုးတော့မလဲ။ အဘိဇ္ဈာလောဘ၊ စိတ်မသက်သာ နှလုံးမသာတဲ့ ဒေါမနဿဖြစ်ရင် ကောင်းကျိုးပေးပါ့မလား။ (မပေးပါဘုရား)။

http://www.dhammadownload.com



ဒါကြောင့် မြတ်စွာဘုရားက က္လန္ဒြေ(၆)ပါး တံခါးပိတ်ထားကြ၊ က္လန္ဒြေ(၆)ပါး တံခါးပိတ်ကျင့်သုံးကြ၊ တံခါးပိတ်ကြလို့ ရဟန်းငယ်များကို ဆိုဆုံးမရမယ်တဲ့။ "က္လန္ဒြေကြီးစွာ ထိန်းသိမ်းကာ ညင်သာအေးငြိမ်းစေ"။ နောက်တစ်မျိုး ဘာပြောရအုံးမလဲဆိုတော့ "စကားနည်းကာ သင့်ရုံသာ တိုင်းတာပြော ပါစေ"။ စကား နည်းနည်း ပြောပါတဲ့။ မပြောရဘူးတော့ မဟုတ်ဘူးတဲ့။ အတိုင်းအတာလေးနဲ့ သင့်ရုံသာပြောပါတဲ့။ စကား ပြောတိုင်း မကောင်းဘူး။ ကိန္နရီ ကိန္နရာများဟာ လူစကားပြောတတ် ပါတယ်တဲ့။ ဒါပေမဲ့ အကြောင်းနှစ်မျိုးကြောင့် လူစကားမပြောကြဘူး။ မုသာဝါဒ ဖြစ်မှာစိုးလို့ (သူတို့စကား ပြောလိုက်ရင် မုသားပြောမိမှာစိုးလို့) ကယားပြည်နယ်ရဲ့ အမှတ်အသားဖြစ်တဲ့ ကိန္နရီ ကိန္နရာတွေက စကားမပြောကြဘူး။ ပိသုဏဝါစာ ဖြစ်မှာစိုးလို့။ (ကုံးတိုက်စကား ပြောမိမှာစိုးလို့) အဲဒီတော့ ကမ္ဘာလောက ကြီးအားလုံးဟာ ကောင်းတယ်၊ မကောင်းဘူးဆိုတာက ဒွါရ (၃)ခု။ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ။ ကိုယ်ရယ်၊ နှုတ်ရယ်။ စိတ်မှာပဲ ကောင်းတယ်၊ မကောင်းဘူး ဖြစ်နေတာ။ စင်ကြယ်တယ်၊ မစင်ကြယ်ဘူး ဆိုတာလဲ ကိုယ်နှုတ်စိတ်ပါပဲ။ အဲဒီ (၃)မျိုးကို ပွားလိုက်တဲ့အခါကျတော့ ကိုယ်မှာ (၃)မျိုး၊ နှုတ်မှာ (၄)မျိုး၊ စိတ်မှာ (၃)မျိုး အဲဒါက ကိုယ်တိုင်ပြု ပြောကြံတာပါ။

နောက်သူတစ်ပါးကို တိုက်တွန်းတယ်။ အဲဒီ မကောင်းတဲ့ ဒုစရိုက်တွေ ပြုတာကိုချီးမွမ်းတယ်။ ပြီးတော့ သဘောတူတယ်ဆိုတော့ ကိုယ်နှုတ်စိတ်က (၁၀)ပါး၊ "ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊ ဖွားပြန်မူ မှတ်ယူ (၄၀)ကံ"။ ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ လေးမျိုးနဲ့ မြှောက်ပွားလိုက်တော့ (၄၀)ရရှိပါတယ်။ အဲဒီ (၄၀)စင်ကြယ်မှ သူတော်ကောင်းပဲ။ ကမ္ဘာလောကကြီးတစ်ခုလုံး ဒီ(၄၀)နဲ့ ညစ်နွမ်း နေကြပါတယ်။ ကိုယ်နှုတ်စိတ်မှာ ညစ်နွမ်းမှုတွေ ရှိနေကြတာကိုး။ အဲဒီတော့ ညစ်နွမ်းမှု (၄၀)နဲ့ ညစ်နွမ်းနေကြတာ။ မိုက်မဲ (၄၀)နဲ့ မိုက်မဲနေကြတာ။ သူတစ်ပါးအသက်ကို သတ်တယ်။ သူတစ်ပါးပစ္စည်း

http://www.dhammadownload.com



ခိုးတယ်။ သူ့သားအိမ်ယာကို ပြစ်မှား တယ်။ လောကကြီးက အဲဒီ ကိုယ်နဲ့ကျူးလွန်ခြင်းဆိုတဲ့ ကာယဒုစရိုက် လွန်ကျူးမှုနဲ့ ရှုပ်ပွေနေကြတယ်။

မုသားဆိုပြော၊ ဂုံးချောရန်တိုက်၊ အမိုက်အမဲ ဆဲရေးခြောက်ချိန်း၊ အပြိန်းစကား နေ့စဉ်ပွား၊ လေးပါးဝစီကံ။ ကမ္ဘာလောကကြီး ပြောဆိုနေကြတာတွေဟာ လိမ်ညာပြီးပြောဆိုတယ်။ ဂုံးချောပြီး၊ ကြမ်းကြမ်းတမ်းတမ်းပြောလို့ ဆဲရေးတိုင်းထွာလို့ ပြောနေကြတယ်။ ဘာမှအကျိုးမရှိတဲ့ စကားတွေပြောဆိုနေကြတယ်။ နှုတ်က အဲဒီ လေးမျိုးနဲ့ မစင်ကြယ်ကြဘူး။ နှုတ်သရမ်းနေကြတယ်။

သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု၊ သူ့သက်ဇီဝေ သေစေချင်ဟူ၊ အယူမှောက်မှား ဤသုံးပါး၊ မှတ်သားမနောကံ။ သူ့ဥစ္စာကို ပိုင်ဆိုင်ချင်တဲ့ အဘိဇ္ဈာ။ သူ့အသက်ကို သေစေချင်တဲ့ ဗျာပါဒ။ အမိမရှိဘူး၊ အဖမရှိဘူး၊ အမိအဖအပေါ်ပြစ်မှာလဲ အပြစ်မရှိဘူး။ ပြုစုလဲအကျိုးမရဘူး။ ကုသိုလ်အကုသိုလ်တို့ရဲ့ အကျိုးအပြစ်မရှိဘူးစတဲ့ မှားယွင်းတဲ့အယူ (၁၀)မျိုးကို ယူမှု မိစ္ဆာဒိဋ္ဌိ။ အဲဒီ (၃)မျိုးနဲ့လဲ ညစ်နွမ်းပြီးတော့နေတယ်။ ပေါင်းတော့ ဆယ်မျိုး။

ကိုယ်တိုင် ဒုစရိုက်(၁၀)မျိုးကို ကျူးကျော်ပြီးတော့ ညစ်နွမ်းတယ်။ သူတစ်ပါး မကောင်းမှုဒုစရိုက် ပြုလုပ်တာကို တိုက်တွန်းတယ်၊ ချီးမွမ်းတယ်၊ စိတ်တူတယ်၊ သဘောတူတယ်၊ ပေါင်းလိုက်တော့(၄၀)။ အဲဒီ(၄၀)မှရှောင်ကြဉ်ပြီး စင်ကြယ်မှုရှိသော မြတ်စွာဘုရားကိုရှိခိုးကြ။ နာဂလိုဏ်ဂူ စေတီတော်မြတ်ကြီးကို စတီးထီးတော်ကြီးနဲ့ (၁-၅-၂၀၀၄-၂-၅-၂၀၀၄)နေ့မှာ တင်လှူမလို့။ သိန်း(၂၀၀)ကျော် ကုန်ကျတယ်။ အခုလို စိန်ရတနာ၊ ရွှေငွေရတနာတွေနဲ့ ပူဇော်တယ်ဆိုတာ စောစောက ပြောတဲ့ ဒုစရိုက်(၄၀) စင်ကြယ်ပြီးသား။ ဦးပဥ္စင်းတို့ တပည့်တော်တို့ကို ဒီ(၄၀) စင်ကြယ်ပြီးသားလို့မှ မပြောနိုင်တာ။

http://www.dhammadownload.com



ဘုရားမြတ်စွာ၊ ပစ္စေကာနဲ့ အရိယာသာဝကအပေါင်း သူတော်ကောင်းကြီးတွေ လောကမှာရှိတယ်။ ဘုရားမြတ်စွာ ပစ္စေကာနဲ့ အရိယာသူတော်ကောင်းကြီးတွေမှာ ဒီလိုစင်ကြယ်မှုမျိုးတွေ ရှိကြတယ်။ ဟော- ဦးချရတာနော်။ အဲဒီလို စင်ကြယ်မှုတွေ ရှိတော်မူကြတဲ့ ဘုရားမြတ်စွာ ပစ္စေကာနဲ့ အရိယာသူတော်ကောင်းကြီးတွေကို အကြိမ်ကြိမ် ရှိခိုးပါတယ်။ မိမိလက်အုပ်ကလေး အဖိုးမတန်ဘူးလား။ (တန်ပါတယ် ဘုရား)။ ဒီ (၄၀)နဲ့ မစင်ကြယ်တဲ့သူတွေ သွားပြီးရှိခိုးရင် ဘာထူးမှာလဲ။ ဘုရားရှိခိုးတယ်ဆိုတာ စင်ကြယ်လို့ ရှိခိုးရတာ။ တရားကတော့ စင်ကြယ်အောင် ညွှန်းပြသွားလို့။ သံဃာတော်များလဲ ဘုရားရှင် အဆုံးအမအတိုင်း လိုက်နာလို့။ ကောင်းမွန် ဖြောင့်မှန်လျှော်ကန်သင့်မြတ်တဲ့ အကျင့်လက်ကိုင်ထားတော်မူကြလို့ တရားတော်တွေကိုလဲ ထိန်းတော်မူကြလို့ သံဃာတော်တွေကိုလဲ ဦးညွှတ်ကြရတယ်။

"ဣန္ဒြေကြီးစွာ ထိန်းသိမ်းကာ၊ ညင်စွာ အေးငြိမ်းစေ"။ ဣန္ဒြေကို မထိန်းသိမ်းရင် မကောင်းတဲ့ညစ်နွမ်းမှုတွေ တရားဆိုး၊ တရားပျက်တွေ ဖြစ်ပေါ်မလာနိုင်ဘူးလား။ (လာနိုင်ပါတယ်ဘုရား)။ ဒါကြောင့် မြတ်စွာဘုရားက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို ထိန်းပါ။ ဂျပိုးသူခိုးတွေ မဝင်အောင် တံခါးပိတ်ထားပါလို့ ဆိုလိုတာပါ။ အဲဒီလို ဣန္ဒြေအမြဲတမ်း ထိန်းသိမ်းနိုင်အောင် တရားအားထုတ်ရမယ်။ တရားအားထုတ်မှ ဣန္ဒြေစောင့်ထိန်းမှုရတယ်။ နောက်ဆက်ပြီးတော့ မြတ်စွာဘုရားက ရဟန်းတော်များကို ပြောပြစေချင်တယ်။ "စကားနည်းကာ သင့်ရုံသာ၊ တိုင်းတာပြောပါလေ"။ စကားနည်းရမယ်ဆိုတဲ့အတိုင်း စကားကလဲ ပြောတိုင်းမှ မကောင်းပဲကိုး။ စကားနဲ့ ပတ်သက်ပြီးတော့ အနောက်တိုင်းစကားပုံမှာလဲ "စကားမပြောမီ လျှာကို ကိုင်ထားပါ"တဲ့။ သူကတော့ တကယ်တန်း အရင်းတော့မကျဘူး။ စကားပြောတဲ့အခါ တရားနဲ့စပ်တဲ့စကားပြောလို့ ရပါတယ်။

http://www.dhammadownload.com



ဘုရားနဲ့စပ်တဲ့စကား၊ တရားနဲ့စပ်တဲ့စကား၊ သံဃာနဲ့စပ်တဲ့စကား သံဝေဂဉာဏ်နဲ့ စပ်တဲ့စကားကို ပြောရမယ်။ ဒါကြောင့်မို့ လိုက်ဆိုကြ။ "စကားနည်းကာ သင့်ရုံသာ၊ တိုင်းတာပြောပါလေ"။ "တောတောင်ကိုမှီး တစ်ကိုယ်တည်း အပြီးပျော်အောင်နေ"။ တရားအားထုတ်တဲ့အခါမှာ နေရာကသုံးနေရာ။ အရညဂတောဝါ= တောထွက်နိုင် တောထွက်ပါ။ ရုက္ခမူလဂတောဝါ= သစ်ပင်ရင်းမှာနေထိုင်ပါ။ သုညာဂါရဂတောဝါ= ဆိတ်ရာအရပ်မှာရှာပြီး နေထိုင်ပါ။ အဲဒါက တရားအားထုတ်ဖို့ သုံးနေရာညွှန်းတာ။

ယခု သာသနာတော်မှာ တောတောင်စခန်းမှာ သီတင်းသုံးတော်မူတဲ့ ဆရာတော်ကြီးတွေ၊ သံဃာတော်တွေ အဲဒီလိုရှိပြီးတော့ နေတာဟာ သာသနာတော်အတွက် အင်မတန်အားတက်စရာ ဖြစ်ပါတယ်။ တစ်ကိုယ်တည်း နေနိုင်အောင်နေပါ။ မြတ်စွာဘုရားက တစ်ကိုယ်တည်းနေတာကို အင်မတန် ချီးမွမ်းတော်မူတယ်။

- တောတောင်ကိုမှီး တစ်ကိုယ်တည်း၊ အပြီးပျော်အောင်နေ
- ရုပ်နာမ်အစဉ် ဉာဏ်နဲ့ယှဉ် မြင်အောင်ရှုပါလေ။

ရုပ်နာမ်ရှုလို့ဆိုတော့ ဗုဒ္ဓဘာသာများကတော့ ဒါတရားရှုခိုင်းတာပဲလို့ သိတယ်။ ဘယ်ဟာကို ရုပ်၊ ဘယ်ဟာကို နာမ်လို့ ခေါ်ပါသလဲလို့ ဒါလေး သိဖို့လိုပါတယ်။ ရုပ်တွေအားလုံး၊ နာမ်တွေအားလုံး မြင်မှဆိုရင် တရားမြင်ဖို့ အင်မတန်ခက်ပါတယ်။ လယ်တီကမ္မဋ္ဌာနာစရိယဆရာတော်များက ဝါယောဓာတ်ရုပ်ကို အခြေခံပြီးတော့ တရားပေးထားတာ။ ရုပ်ဟာ များများမဟုတ်ဘူး။ ဝါယောဓာတ်တစ်မျိုးထဲ။ ဝါယောဓာတ် ဆိုတာ လေဓာတ်ပါပဲ။ လေဓာတ်ဆိုတဲ့နေရာမှာ လေဟာ (၂)မျိုး ရှိပါတယ်။ အတွင်းမှာရှိတဲ့လေ၊ အပြင်မှာရှိတဲ့လေ။ အပြင်လေကို ကြည့်မယ်ဆိုရင် တောင်အရပ်ကလာတဲ့လေ၊ မြောက်အရပ်က လာတဲ့လေ၊ ပန်ကာလေ၊ ယပ်ခတ်တဲ့လေ စသည်များပါတယ်။ အတွင်းမှာရှိတဲ့ လေကလဲ အောက်စုံတဲ့လေ၊ အထက်ဆန်တဲ့လေ

http://www.dhammadownload.com



အင်္ဂါကြီးငယ်တွေမှာ သွားနေတဲ့လေ၊ အသားအကြောတွေထဲ လှည့်နေတဲ့လေ၊ ဝမ်းထဲမှာ ကိန်းနေတဲ့လေ၊ ထွက်လေ ဝင်လေရယ်လို့ (၆)မျိုး ရှိနေပါတယ်။

အခုဟာက ထွက်လေဝင်လေ။ အခြား အခြားလေတွေကို မကြည့်သေးဘူး။ အခုကြည့်ရမှာက ထွက်လေ ဝင်လေ တစ်စုံကိုပဲ အကြည့်ခိုင်းတာပါပဲ။ ထွက်လေဝင်လေကို ရှုတဲ့အခါ ထွက်လေ ဝင်လေကို သိတာနာမ်ပါပဲ။ နာမ်လဲအားထုတ်လို့သိ တရားသား တက်လာတော့ သိသွားပါလိမ့်မယ်။ အဲဒါကြောင့် လယ်တီကမ္မဋ္ဌာနာ စရိယ ဆရာတော် "ဦးတေဇနိယ"ပေးတဲ့ ကမ္မဋ္ဌာန်းအတိုင်း အားထုတ်ကြပါ။

- **ရုပ်နာမ်အစဉ် ဉာဏ်နဲ့ယှဉ်၊ မြင်အောင် ရှုပါလေ၊**
- **ရဟန်းငယ်များ ဤငါးပါး၊ ဟောကြားသင့်လှပေ။**

ရဟန်းငယ်များ ဟောကြားပေးပါလို့ မြတ်စွာကိုယ်တိုင် ဟောကြားခဲ့တဲ့ အန္ဓကဝိန္ဒတဲ့။

- **အန္ဓကဝိန္ဒ ထုတ်ဖော်ပြ၊ ဟောကြ ညွှန်ကြလေ။**

အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်မှာ မြတ်စွာဘုရား ဟောကြားခဲ့တဲ့အတိုင်း ရဟန်းငယ်များကို ဟောကြားလို့ ထိုက်တန်သလောက် ပြီးပါပြီ။ ရဟန်းငယ်များကို ဟောကြားရမည့် အကျဉ်းချုပ် တရားငါးမျိုးကို နာကြားပြီးကြပြီ။ စောစောကပြောတဲ့အတိုင်း "ရုပ်နာမ်အစဉ် ဉာဏ်နှင့်ယှဉ် မြင်အောင်ကြည့်ပါလေ" ဆိုသည့်အတိုင်း ရုပ်နာမ်ကို မြင်လာအောင် ဉာဏ်ထဲမှာတင်လာအောင် အားထုတ်ရမယ်။ အခုမှ ကျင့်စဉ်က စကာရှိသေးတယ်။ အခု ရုပ်တွေနာမ်တွေ မရှုတတ်ချင် နေပေစေ၊ အရေးမကြီးသေးဘူး။ စိတ်ကလေး ငြိမ်ပြီးတော့သွားအောင် စိတ်ကလေး ငြိမ်ပြီးဆိုရင် တံခါးပေါက် လုံခြုံတဲ့အိမ်လို၊ ကျောင်းလိုပါပဲ။ ဂျပိုးသူခိုးတွေ မဝင်တော့ဘူး။

http://www.dhammadownload.com



ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ နီဝရဏ ဆိုတဲ့ တရားဆိုး တရားပျက်တွေ ဂျပိုးသူခိုးတွေ မိမိသန္တာန်မှာ မဝင်အောင် ပထမဆုံး ဣန္ဒြေ(၆)ပါး တံခါးပိတ်ပြီး တံခါးပိတ်ကာ အားထုတ်ကြ။ ဒါကြောင့်မို့ မြတ်စွာဘုရား အနုကဝိန္ဒ သုတ္တန်မှာလာတဲ့ ညွှန်ကြားတော်မူတဲ့ အချက်တွေကို ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ အားထုတ်ကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန (၁၂)ကြိမ်မြောက် ဒုလ္လဘရဟန်းခံ ရှင်ပြုကြတဲ့ ရဟန်းတော်များနဲ့ ရှင်သာမဏေများအားလုံး၊ မိမိတို့ဟာသာသနာတော်ရဲ့ အရိပ်အထိုက်အလျှောက်ခိုလှုံကြရပြီ၊ အဲဒီလိုခိုလှုံကြတဲ့အခါ ရဟန်းပြုတဲ့နည်း၊ သာမဏေပြုတဲ့နည်းတွေနဲ့ စနစ်တကျပြုပေးခဲ့ကြတယ်။

ပဉ္စဝဂ္ဂီငါးဦးက **"လဘေယျာဟံ ဘဂဝန္တ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံလဘေယျံ ဥပသမ္ပဒံ"**။ တပည့်တော် မြတ်စွာဘုရားအထံမှာ ရှင်သာမဏေအဖြစ်၊ ရဟန်းအဖြစ်ကို ရလိုပါတယ်ဘုရား။ ဘုရားစီတောင်းပန်ကြတာ ရဟန်းပြုချင်ပါတယ် ဘုရားတဲ့။ အဲဒီလို ရဟန်းပြုချင်တယ်ဆိုတော့ မြတ်စွာဘုရားက- **"ဧဟိ ဘိက္ခု"**။ ဘိက္ခု= ရဟန်း၊ ဧဟိ= လာလော့။ **"ဧထ ဘိက္ခဝေါ"**။ ဘိက္ခဝေါ= ရဟန်းတို့၊ ဧထ= လာကြကုန်လော့။ မြတ်စွာဘုရားက ညာလက်တော်တန်းပြီးတော့ ရွှေနှုတ်တော်မြွက်လိုက်တယ်ဆိုရင်ပဲ "လာလော့ ရဟန်း"လို့ ဆိုလိုက်တာနဲ့ "စရထ ဗြဟ္မစရိယံ" မြတ်သောအကျင့်ကို ကျင့်ကြကုန်လော့။ သမ္မာ= ကောင်းစွာ၊ ဒုက္ခဿ= ဆင်းရဲဒုက္ခ၏၊ အန္တကိရိယာယ= နိဂုံးခါးပတ် အဆုံးသတ်စေခြင်းငှာ၊ ဗြဟ္မစရိယံ= မြတ်သောအကျင့်ကို၊ ဗြဟ္မစရိယံ= ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့၏အကျင့်ကို၊ ဗြဟ္မစရိယံ= ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့သည် ကျင့်အပ်သော အကျင့်ကို စရထကျင့်ကြကုန်လော့ နှုတ်တော်က ဧကေဝုစ် ဗဟုဝုစ် စကားမြွက်ရုံနဲ့ ရဟန်းဖြစ်ကြတယ်။ သာသနာတော်မှာ တစ်ချို့ရဟန်းတွေကိုတော့ **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"**လို့ မြတ်စွာဘုရားက ဒီသရဏသုံးပါးနဲ့ ရဟန်းပြုတာကို ခွင့်ပြုခဲ့တယ်။

ရာဟုလာသာမဏေလေး ရဟန်းမပြုခင်က ပြောပါတော့။ သရဏဂုံသုံးပါးနဲ့ ရဟန်းဖြစ်တယ်။ သာမဏေပြုတာလဲ ဒီအတိုင်းပဲ။ ရာဟုလာသာမဏေလေး ရှင်သာမဏေပြုတဲ့အခါမှ စပြီးတော့ သရဏဂုံ

http://www.dhammadownload.com



သုံးပါးနဲ့ ရဟန်းပြုတာကို ပယ်မြစ်ခဲ့တာပါပဲ။ သရဏဂုံသုံးပါးနဲ့ ရဟန်းပြုတဲ့နည်းလဲ မရှိတော့ဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော် ကပင် အသုံးပြုခွင့်မရတော့ဘူး။ အရှင်မဟာကဿပလောင်းလျာ ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့ အိုးနဲ့အိမ်နဲ့နေကြတယ်။ ဇနီးမောင်နှံ ဆိုသော်လဲပဲ မောင်နှမကဲ့သို့ နေကြတယ်။ နှစ်ဦးသားရဲ့အလယ်မှာ ပန်းကုံးတွေချထားပြီးတော့ စိတ်ဖောက်ပြန်တဲ့ ဘက်က ပန်းကုံးညှိုးမယ်။ စိတ်သန့်ရမယ်ဆိုပြီးတော့ မောင်နှမနှစ်ယောက်လို တစ်အိပ်ယာထဲ အိပ်နေကြသော်လဲ ဘယ်ဖက်က ပန်းကုံးမှမညှိုးဘူး။

အဲဒီလို မောင်နှမလိုနေကြရာက "တို့ ဒီလိုနေလို့တော့မဖြစ်ဘူး။ တောထွက်ကြစို့ရဲ့"ဆိုပြီး တောထွက်ကြတယ်။ တစ်နေရာမှာ လမ်းခွဲကြတယ်။ "ငါလဲပဲ ဘုရားစီသွားမယ်။ မင်းလဲသွားတော့"ဆိုပြီး လမ်းခွဲကြတဲ့အခါ "မြေငလျှင်လှုပ်သတဲ့" မြေကြီးက သာခုခေါ်တယ်။ ပါရမီရင့်သန်ကြတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ရာဂစိတ်နည်းပါးကြတယ်။ ဒီအတိုင်းပဲ မောင်နှမလိုနေလာကြတာ။ တရားထူးတော့ ရသေးတာ မဟုတ်ဘူး။ တရားလဲ အားမထုတ်ရသေးဘူး။ ဘဝအထုံအလျှောက် ကိလေသာရာဂတွေ ကင်းသလိုပဲ။

တစ်နေ့ကျတော့ ပိပ္ပလိလုလင်က ဘုရားစီသွားတယ်။ မြတ်စွာဘုရားက ပိပ္ပလိလာမည့်လမ်းက ကြိုတော်မူတယ်။ "ငါ့သားကြီး ပိပ္ပလိ နောင်သောအခါ "ကဿပထေရ်"ပုဂ္ဂိုလ်ကြီးဖြစ်လတ့်"။ မြတ်စွာဘုရားက သုံးယူဇနာကိုယ်တိုင် ထွက်ပြီးတော့ကြိုတော်မူတယ်။ ပိပ္ပလိလုလင် ရဟန်းပြုတဲ့အခါမှာ မြတ်စွာဘုရားက ဩဝါဒ (၃)မျိုးပေးတယ်။ အဲဒီ ဩဝါဒ(၃)မျိုး လက်ခံလိုက်တာနဲ့ ပိပ္ပလိလုလင်မှာ ရဟန်းကဿပ ဖြစ်သွားပါတယ်။ ဒါလဲ ရှင်မဟာကဿပတစ်ပါး ထဲသာ သက်ဆိုင်တာမို့ ဒီနည်းလဲ မရှိတော့ပါဘူး။

ပြီးတော့ ဘိက္ခုနီမများ ရဟန်းပြုတဲ့နည်း။ မိထွေးတော် ဂေါတမီကြီး ရဟန်းပြုတဲ့နည်း။ မိထွေးတော် ဂေါတမီအား မြတ်စွာ

http://www.dhammadownload.com



ဘုရားက သြဝါဒ (၈)မျိုးပေးတယ်။ အဲဒီ သြဝါဒ (၈)ပါးကို မိထွေးတော် ဂေါတမီက အမျိုးသမီးတစ်ယောက် မြလေးပန်းရသလို မြတ်စွာဘုရားရဲ့ သြဝါဒတော် (၈)ပါးကို ဦးထိပ်ရွက်ပန်ဆင်ပြီး နေပါမယ်ဘုရားလို့ လက်ခံလိုက်တာနဲ့ ရဟန်းဖြစ်သွားတယ်။ အဲဒီ ရဟန်းပြုတဲ့နည်းကလဲ အခြားသူတွေနဲ့ မသက်ဆိုင်လို့ မရှိတော့ဘူး။

ဒီနောက် ရဟန်းမများ ရဟန်းပြုတာက ဘိက္ခု= ရဟန်းတို့ထံမှာ ဉတ်ကမ္မဝါစာ (၄)ကြိမ်၊ ဘိက္ခုနီ= ရဟန်းမတို့ထံမှာ ဉတ်ကမ္မဝါစာ (၄)ကြိမ်။ ဦးပဉ္စင်းတို့ ရဟန်းခံတာနဲ့ မတူဘူး။ ဦးပဉ္စင်းတို့က ဉတ်(၁)ကြိမ်၊ ကမ္မဝါစာ (၃)ကြိမ်၊ ဘိက္ခုနီမများမှာ (၈)ကြိမ်၊ အန္တရာယိကဓမ္မများ မေးတဲ့အခါမှာလဲ ရဟန်းလောင်းများ (၁၃)မျိုး မေးပါတယ်။ ဘိက္ခုနီလောင်းများ (၂၄)ချက် မေးရတယ်။ အဲဒီလို မေးမြန်းတဲ့အခါ ရဟန်းပရိသတ်ရှေ့မှာ မေးတော့ အချို့ ဘိက္ခုနီမလောင်းတွေ ရှက်ကိုး ရှက်ကန်းဖြစ်လို့မို့ ဘိက္ခုနီမချင်းမေးခဲ့ရတယ်။ (၂၄)ချက် မေးရတယ်။ ဘိက္ခုနီမများထံ ဉတ် (၁)ကြိမ်၊ ကမ္မဝါစာ (၃)ကြိမ် ဖတ်ပြီးတော့ ရဟန်းတော်များထံ ဉတ် (၁)ကြိမ်၊ ကမ္မဝါစာ (၃)ကြိမ်၊ (၈)ကြိမ်၊ ဉတ် (၂)ကြိမ်၊ ကမ္မဝါစာ (၆)ကြိမ် ဖြစ်သွားတယ်။

အဲဒီ ဘိက္ခုနီ ရဟန်းပြုတဲ့နည်းကလဲ ကမ္မဝါစာ ဖတ်ပေးမယ့် ဘိက္ခုနီ ပြတ်သွားတဲ့အတွက် ဒီနည်းလဲမရှိတော့ဘူး။ တစ်ခါကတော့ "အဗုကာသိကာ"ဆိုတဲ့ အမျိုးသမီးလေးက ဘိက္ခုနီမ ပြုချင်တယ်။ အဲဒီလို ပြုချင်တဲ့အခါ သူသွားမယ့်လမ်း အနှောင့်အယှက်တွေက ပေးနေတယ်။ အဲဒါကြောင့် သံတမန်နဲ့ ရဟန်းပြုရန် မြတ်စွာဘုရားကို လျှောက်ထားတဲ့အတွက် သံတမန်နည်းနဲ့ ရဟန်းပြုခွင့် ရခဲ့တယ်။ အဲဒီ နည်းကလဲ "အဗုကာသိကာ"နဲ့သာ သက်ဆိုင်တာမို့ အခုမရှိတော့ပါဘူး။

သောပါက သာမဏေလေးကတော့ မြတ်စွာဘုရားက "ဧကံ နာမကိံ= တရားတစ်ပါးဆိုတာ ဘယ်ဟာလဲ"။ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာပါ ဘုရား"။ သတ္တဝါအားလုံးဟာ အာဟာရကြောင့် တည်နေပါတယ်ဘုရား။ "ဒွေနာမကိံ= တရားနှစ်ပါးဆိုတာ ဘာတွေလဲ"။

http://www.dhammadownload.com



"နာမဥ္စ ရူပဥ္စ= နာမ်နဲ့ရုပ်ပါဘုရား"။ "တရားသုံးပါးဆိုတာ ဘာတွေလဲ"။ "တိဿောဝေဒနာ= ဝေဒနာသုံးပါးပါ ဘုရား"။ "တရားလေးပါးဆိုတာ ဘာတွေလဲ"။ "သစ္စာလေးပါးပါ ဘုရား"။ "တရားငါးပါးဆိုတာ ဘာတွေလဲ"။ "ခန္ဓာငါးပါးပါ ဘုရား"။ အဲဒီလို မေးခွန်း(၁၀) ရပ်မေးတာ။ အဲဒီလို မြတ်စွာဘုရားမေးတဲ့ မေးခွန်းများကို "သောပါက" သာမဏေလေးက ဖြေကြားနိုင်တယ်။ မြတ်စွာဘုရား မေးတိုင်းမေးတိုင်း သောပါကသာမဏေ ဖြေကြားတယ်။ အဲဒီ မေးခွန်း (၁၀)ရပ် ဖြေကြားနိုင်လို့ သောပါကသာမဏေ သိမ်တက်စရာမလိုဘူး။ ရဟန်းဖြစ်ခွင့်ပေးတယ်။ ဒါလဲ သီးခြားအခွင့်အရေးဖြစ်လို့ အခြားပုဂ္ဂိုလ်များနဲ့ မဆိုင်ဘူး။ ဒီနည်းနဲ့ရဟန်းဖြစ်တာလဲ အခုမရှိတော့ဘူး။

နံပါတ် (၈)ကတော့ ဉီးပဥ္စင်းတို့ ရဟန်းပြုတဲ့နည်းပေါ့။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရဟန်းလောင်းများ ရဟန်းပြုတဲ့နည်းက ဉတ်(၁)ကြိမ်၊ ကမ္မဝါစာ (၃)ကြိမ် ဖတ်ပြီးတော့ ရဟန်းပြုတယ်။ အဲလို ရဟန်းပြုတဲ့အခါ အချက်(၅)မျိုး၊ အချက်အလက် (၅)မျိုး ပြည့်စုံမှ ရဟန်းပြုလို့ရတယ်။

(၁) ဝတ္ထု - ရဟန်းလောင်းက အပြစ်အနာအဆာ (၁၃)မျိုး ကင်းရတယ်။

(၂) ဉတ္တိ - ဆရာတော်တွေ ဖတ်တဲ့ ဉတ်ကလဲ အပြစ်ကင်းစင်ရတယ်။

(၃) သိမ် - သိမ်ကလဲ သိမ်ပျက်(၁၁)လုံး မဟုတ်ရဘူး။

(၄) ကမ္မဝါစာ - ကမ္မဝါစာကလဲ အပြစ်ကင်းရတယ်။

(၅) ပရိသတ် - ကာရကသံဃာကလဲ အနည်းဆုံး ဒီဒေသမှာ (၅)ပါးရှိရတယ်။ မဇ္ဈိမဒေသ ဗုဒ္ဓဂယာတို့မှာတော့ သိမ်ထဲမှာ အနည်းဆုံး (၁၀)ပါး ခြံရံရတယ်။ ဆန္ဒတူညီမှု ညီညာဆက်စပ် စည်းဝေးရမယ် စသည် ရှိရပါတယ်။

http://www.dhammadownload.com



## "ဝတ်၊ ဥ တ်၊ သိမ်၊ ကာ၊ ပရိသ်၊ ငါးတန် သမ္ပတ္တိ"

သမ္ပတ္တိစက် (၅)မျိုးနဲ့ ပြည့်စုံမှ ရဟန်းဖြစ်တယ်။ နေရာတကာမှာ ဖြစ်နိုင်ပါ့မလားဆိုတော့ ဟိုလွန်ခဲ့တဲ့ (၁၄)နှစ်က အိန္ဒိယနိုင်ငံ သံရုံးက ဝန်ထမ်းရဟန်းဝတ်ဖို့ ဘုန်းကြီးပင့်လို့ သွားရတယ်။ မဇ္ဈိမဒေသဖြစ်တော့ ရဟန်း(၁၀)ပါးပြည့်အောင် ညဥ့်လုံးပေါက်ကားစီး၊ ညဥ့်လုံးပေါက် ရထားစီးပြီး သွားရ၊ လာရတယ်။ တစ်ချို့ ဗာရာဏသီကို ဒေလီကနေ လာရတယ်။ တစ်ချို့ သာဝတ္ထိကလာတယ်။ တစ်ချို့ ဗုဒ္ဓဂယာက လာတယ်။ တစ်ညဥ့်လုံးရထားစီး၊ ကားစီး စီးရတယ်။ (၁၀)ပါးပြည့်တယ်။ (၁၀)ပါးမပြည့်ရင် ရဟန်းမဖြစ်ဘူး။ ဟိုမဇ္ဈိမဒေသမှာ (၁၀)ပါးခြံရံမှ ရဟန်းဖြစ်ပါတယ်။ ဒီမှာကတော့ ရဟန်းတော် (၅)ပါးအရံရှိရင် ဖြစ်ပါတယ်။

မဇ္ဈိမဒေသမှာ (၁၀)ပါးရှိမှ။ မဇ္ဈိမဒေသကို ဘယ်လိုသတ်မှတ် သလဲလို့ဆိုတော့-

**"ဂဇင်္ဂလ သလလ သေတကဏ္ဏိကာ**
**ထူဏဂါမ ဥသီရ ဓဇမဇ္ဈိမာ"**

အရှေ့တည့်တည့်က ဂဇင်္ဂလရွာ၊ တောင်ယွန်းယွန်းက သလလဝတီမြစ် (သလ္လာဝတီမြစ်) (အခု ချင်းတွင်းမြစ်)၊ တောင်ဘက်က သေတကဏ္ဏိကနိဂုံး အနောက် ထူဏရွာ၊ မြောက်အရပ်၊ ဥသီရဒ္ဓဇ တောင်၊ အဲဒီလို မဇ္ဈိမဒေသကို သတ်မှတ်ပါတယ်။ အဲဒီလို သတ်မှတ် ထားတော့ မုံရွာအနောက်ဖက် ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲ စသည်တို့ဟာ မဇ္ဈိမဒေသထဲ ရောက်နေတယ်။

တစ်ခါတုံးက ယင်းမာပင်မှာ သိမ်တက်ဖို့ စောင့်နေကြတယ်။ ဘာပြုလို့လဲမေးတော့ မဇ္ဈိမဒေသဖြစ်လို့ (၁၀)ပါး ပြည့်အောင် စောင့်နေ ကြတာပါဘုရားတဲ့။ မဇ္ဈိမဒေသဆိုတော့ ရဟန်း (၁၀)ပါးပြည့်မှ ရဟန်းခံ ရတယ်။ မဇ္ဈိမဒေသဆိုရင် ဖိနပ်အထပ်ထပ် မစီးရဘူး။ အဲဒီဒေသက မဇ္ဈိမမို့ ရဟန်း(၁၀)ပါးပြည့်မှ ရဟန်းခံတယ်ဆိုရင် ဖိနပ်အထပ်ထပ်မစီးဖို့

http://www.dhammadownload.com



သတိပြုရမယ်လို့ ဆရာတော်ကြီးတစ်ပါးက မိန့်တယ်။

ထားကြပါစို့ ဒီမှာ ရဟန်းပြုနည်းက (၈)မျိုးရှိခဲ့ပေမယ့် အခု သာသနာတော်မှာ ရဟန်းပြုနည်းက တစ်မျိုးထဲကျန်တော့တာ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ရဟန်းပေါင်း (၂၀၀၀)ကျော် နာဂလိုဏ်ဂူမှာချည်းပဲ ရဟန်းပြုတာ။ ရဟန်းပေါင်း (၂၀၀၀)ကျော်သွားပါပြီ။ ရဟန်းပြုနည်း (၈)မျိုးထဲက ကျန်တဲ့ တစ်နည်းလေးနဲ့ပဲ ပြုခွင့်ရခဲ့တာ ဒါကြောင့် ဒုလ္လဘ။

ဒီမှာ ဒီကျန်တစ်နည်းနဲ့ ရဟန်းပြုဖို့လွယ်ပေမယ့် အခြားဒေသ၊ အခြားနိုင်ငံတွေမှာ လွယ်သလားဆိုတော့ ဒေသနယ်မြေတိုင်းမှာ ပြုဖို့ မလွယ်ပါဘူး။ နိုင်ငံခြားမှာ ရဟန်းပြုကြတယ်။ တစ်ချို့သုံးပါးနဲ့ ကမ္မဝါဖတ်လိုက်တာပဲ။ ကျေနပ်အောင်သာ လုပ်ရတာ ရဟန်းမဖြစ်ဘူး။

ဟိုလွန်ခဲ့တဲ့ (၇)နှစ်လောက်က နယူးဇီလန် ဘုရားသွား တည်တော့ တောင်ဝင်ရိုးစွန်းနဲ့ မိုင်(၂၀၀၀)ပဲလိုတဲ့ ဝယ်လင်တန်ဆိုတဲ့ မြို့မှာ ရဟန်းခံပွဲတစ်ခု ရှိတယ်။ ထီးတင်ပွဲအပြီးပေါ့။ ဘယ်မှာ ရဟန်းခံ မလဲဆိုတော့ ဓမ္မာရုံထဲ ရဟန်းခံမှာတဲ့။ သိမ်မရှိဘူးလား (မရှိဘူးတဲ့) ဒီလိုပဲ ဒီမှာရဟန်းခံတာပဲတဲ့။ အင်္ဂလိပ်ရဟန်းတွေက ရဟန်းခံပေးမလို့ ဓမ္မာရုံထဲမှာတဲ့။ ဓမ္မာရုံထဲ ရဟန်းခံလို့မှ မရပဲ။ ဘေးနားမှာ ရေတွေ ရှိတယ်။ ရေသိမ်ပြုပြီး ရေသိမ်မှာ ရဟန်းခံပါလား။ အဲဒီလိုဆိုရင် အဆင်ပြေတယ်လို့။ မဟုတ်ဘူးတဲ့ အခါတိုင်းလဲ ဓမ္မာရုံထဲမှာ ရဟန်းခံ နေကျပဲတဲ့။ နယူးဇီလန် ဝယ်လင်တန်မြို့က သြော် ဂလန်မြို့ကို ညနေကျမှ ပြန်ဖို့ပဲ။ ဒါပေမယ့် အဲဒီသိမ်မပါတဲ့ ရဟန်းခံပွဲ မတက်ချင် တာနဲ့ နံနက်ပိုင်း ပဲ ပြန်ခဲ့ကြရဘူးတယ်။

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၄၇ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ တန်ခူးလဆန်း(၁)ရက်နေ့ ရောက်လာပြီ။လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (၁၂)ကြိမ်မြောက် ဒုလ္လဘရဟန်းတော်နဲ့ ရှင်သာမဏေတို့အား နေ့စဉ်ဟောနေကြ တရားဆက်ဟောပါမယ်။

တရားလဲထိုင် တရားလဲနာ အဲဒါမှ ပိုပြီးတော့ ပြည့်စုံတယ်။ ဟိုလွန်ခဲ့တဲ့ ၂၅၄၇ နှစ်ကာလက ဖြစ်စဉ်လေးတစ်ခု မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံသွားပြီ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတော့ ရာဇဂြိုဟ်ပြည် "ဝဿကာရပုဏ္ဏား" အမတ်ကြီးက အရှင်အာနန္ဒာကို လျှောက်တယ်။ "အရှင်ဘုရား အာနန္ဒာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားပြီ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားပြီ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတော့ ဘုရားကိုယ်စား ကိုးကွယ်ဖို့ တစ်ပါးသော ရဟန်းများ ထားရှိပါသလားဘုရား"။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားပြီး မြတ်စွာဘုရားကိုယ်စား ရဟန်းတစ်ပါးများ ထားရှိပါသလား ဘုရား။

"ငါဘုရား ပရိနိဗ္ဗာန်စံသွားရင် ငါဘုရားကိုယ်စား အဘယ် ရဟန်းကို အားကိုးကြလို့ ဒီလိုထားခဲ့တာများ ရှိပါသလား"တဲ့။ အဲဒီလို မေးလျှောက်တဲ့အခါ ညီတော်အာနန္ဒာက ဘုရားကိုယ်စား အားထား ရမယ့် ရဟန်းတော် မထားခဲ့ဘူးတဲ့။ "ဘုရားကိုယ်စားရာကိုယ်စား၊ တစ်ပါးရဟန်း ရှိပါသလား"။ (မဇ္ဈိမပဏ္ဏာသ) "ဘုရားကိုယ်စား ရာကိုယ်စား တစ်ပါးရဟန်း ထားမရှိ"။ အရှင်အာနန္ဒာက ဘုရားပရိနိဗ္ဗာန် စံသွားတဲ့အခါ ဘုရားကိုယ်စား အားထားဖို့ရာ အဘယ်ရဟန်း တစ်ပါး ကိုမျှ မထားခဲ့ပါဘူး။ ဒါကြောင့် အားလုံးလိုက်ဆိုကြ။ "ဘုရားကိုယ်စား ရာကိုယ်စား၊ တစ်ပါးရဟန်း ရှိပါသလော။ (ဝဿကာရက မေးတယ်။) "ဘုရားကိုယ်စား ရာကိုယ်စား။ တစ်ပါးရဟန်း ထားမရှိ"၊ အရှင်အာနန္ဒာ မထေရ်က အဲဒီလို ဖြေလိုက်တယ်။ မာဂဓမင်းအမတ်ကြီးက ထပ်မေး ပြန်တယ်။ "မြတ်စွာဘုရားက ဘုရားကိုယ်စား အားထားရမယ့် ရဟန်းတစ်ပါး မထားခဲ့ရင် အရှင်ဘုရားတို့ကကော ရွေးချယ်သတ်မှတ်ပြီး

http://www.dhammadownload.com



ဘုရားကိုယ်စား အားထားရမယ့် ရဟန်းအဖြစ် သတ်မှတ်ထားတာ ရှိပါသလား"။ အဲဒီလို မေးလိုက်တော့ အရှင်အာနန္ဒာက "အလေးအမြတ်ထားရမယ့် ရဟန်းတစ်ပါး ရွေးချယ်သတ်မှတ်ထားခြင်းလဲ မရှိပါဘူး"လို့ ဖြေတယ်။ "ရွေးချယ်သတ်မှတ် ရဟန်းမြတ် ရှိလတ်ပါသေးလော? "ရွေးချယ်သတ်မှတ် ရဟန်းမြတ်၊ လေးမြတ်ကင်းလေ၏"။ ရွေးချယ်သတ်မှတ်ထားတဲ့ ရဟန်းရယ်လို့လဲ မရှိပါဘူးတဲ့။ ဒါဖြင့်ရင် မြတ်စွာဘုရားကိုယ်စား ဘာကိုများ အားကိုးရမလဲဘုရား။ မြတ်စွာဘုရားကိုယ်စား အားကိုး အားထားပြုဖို့ ဘာများထားခဲ့သလဲဘုရားလို့ မေးတော့ "ဘုရားကိုယ်စား မြတ်တရား ကိုးစားသင့်သည်သာ" ဘုရားကိုယ်စား ဟောတော်မူခဲ့တဲ့ တရားတော်တွေကို အားကိုးရမှာပါပဲ။

ဘုရားကိုယ်စား တရားပဲထားခဲ့ပါတယ်၊ လိုက်ဆိုကြ။ "ဘုရားကိုယ်စား မြတ်တရား ကိုးစားသင့်လေ၏" ဘုရားကိုယ်စား တရားတော်ကို ကိုးစားအားထားကြတဲ့အတွက် ညီညွတ်ပါတယ်။ ဒါကြောင့် လိုက်ဆိုကြ "တရားကိုးစား သံဃာများ အကြားမထင် ညီညွတ်၏၊ တရားကိုးစား ရဟန်းများ အကြားမထင် ညီညွတ်၏။ အရှင်အာနန္ဒာ ကိုယ်တော်မြတ်က ဘုရားကိုယ်စား တရားကို ထားခဲ့တာပါပဲတဲ့။ ဘုရားကိုယ်စား တရားတော်များကို အလေးအမြတ်ပြုနေတဲ့အတွက် ရေကိုသား၍ အကြားမထင် နို့နဲ့ရေရောသကဲ့သို့ ချင်းတွင်းမြစ်ရေနှင့် ဧရာဝတီမြစ်ရေရောသကဲ့သို့ ရဟန်းများ အကြားမထင် ညီညွတ်ပါတယ်။ ရေကိုသားလို့ အကြားမထင် သလို နွားနို့နဲ့ရေ တစ်သားထဲဖြစ်သကဲ့သို့ ရဟန်းများ အကြားမထင် ညီညွတ်ပါတယ်။ ချင်းတွင်းမြစ်ရေနှင့် ဧရာဝတီမြစ်ရေ ပင်လယ် သမုဒ္ဒရာထဲ ရောက်ရောသွားသလိုပါပဲ။ ဒါဖြင့် တရားတော်ကို ဘုရား ကိုယ်စားပြုပြီး ဘယ်လိုများ နေကြပါသလဲဘုရား မှတ်သားချင်လိုက်တာ ဘုရားတဲ့။

http://www.dhammadownload.com



တရားကိုးစား ဘယ်သို့မျှား မှတ်သားလိုပါ၏။ မာဂဓအမတ်ကြီးက “ တရားကိုကိုးစား ဘယ်သို့မျှား မှတ်သားလိုပါ၏”လို့ လျှောက်တယ်။ တရားတော်ကို ကိုးစားပြီးတော့နေတာ ဘယ်လိုဟာမျိုးပါလဲဘုရား၊ အရှင်အာနန္ဒာ ကိုယ်တော်မြတ်က ဂုဏ်(၁၀)ပါးနဲ့ ရဟန်းတော်များ ပြည့်စုံအောင်နေတာကိုပဲ ဘုရားကိုယ်စား တရားကိုကိုယ်စား ပြုနေကြတာပါပဲ။ ဘယ်ဂုဏ်တွေပါသလဲ ဘုရားလျှောက်ထားတော့ “သီလကြားမြင် ရောင့်ရဲလျှင် လေးအင်စျာန်များရှိ” သီလရှိရမယ်။ အသင်အကြားအမြင် များရမယ်။ လက်တွေ့အားထုတ် သိမြင်ထားတဲ့ ဗဟုသုတရှိရမယ်။ ဆွမ်း၊ သင်္ကန်း ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ပတ်သက်ပြီး ရောင့်ရဲရမယ်။ မိမိရှိတာလေးနဲ့ တင်းတိမ်ကာ၊ ရသမျှနဲ့ တင်းတိမ်၊ ကြုံသမျှနဲ့ ရောင့်ရဲကာ၊ စျာန်လေးပါးရှိရမယ်။ စျာန်လေးပါးဆိုတာ သမာဓိအားကောင်းလို့ ရရှိတဲ့ တရားပါပဲ စျာန်ဆိုတာ “စိုက်စိုက်စူးစူး အထူးမြဲမြန် ရှုအားသန် စျာန်ဟုခေါ်သတတ်” စိုက်စိုက်စူးစူး အထူးမြဲမြန် ရှုတာကို စျာန်တဲ့။ ပြီးတော့ သမာဓိစိတ် တည်ကြည်မှု ရတဲ့အခါ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ ဣဒ္ဓိဝိဓဉာဏ်၊ နတ်မျက်စိလို မြင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်၊ နတ်နားကဲ့သို့ ကြားတဲ့ ဒိဗ္ဗသောတဉာဏ်၊ သူတစ်ပါးစိတ်ကိုသိတဲ့ ပရစိတ္တဝိဇာနနဉာဏ်၊ ရှေးနေခဲ့ဖူးတဲ့ ခန္ဓာအစဉ်ကို သိနိုင်တဲ့ပုဗ္ဗေနိဝါသဉာဏ် အဲဒါတွေက သမာဓိအားကြောင့် ရရှိတဲ့ အကျိုးတရားတွေ။ နောက်ဝိပဿနာ တရားအားထုတ်လို့ရရှိတာက အာသဝက္ခယဉာဏ် အာသဝေါကင်းတယ်။ လိုက်ဆိုကြ-

သီလ ကြားမြင် ရောင့်ရဲလျှင်၊ လေးအင်စျာန်များရှိ၊
ဣဒ္ဓိဝိဓ စက် သောတ ပရစိတ်ကိုသိ၊
ပုဗ္ဗေနိဝါသ အာသဝ ခယဉာဏ်ရ၏။
ဤဂုဏ်(၁၀)ပါး ထေရ်မြတ်များ ညွတ်တွားရှိသေ၏။

http://www.dhammadownload.com



**ဂုဏ်(၁၀)ပါး**

၁။ သီလရှိတယ်။
၂။ အကြားအမြင်များတယ်။
၃။ ပစ္စည်းလေးပါးနဲ့ပတ်သက်လို့ ရောင့်ရဲတင်းတိမ်တယ်။
၄။ ဈာန်(၄)ပါးရှိတယ်။
၅။ ဣဒ္ဓိဝိဓ အဘိညာဏ်ရှိတယ်။
၆။ ဒိဗ္ဗစက္ခု အဘိညာဏ်ရှိတယ်။
၇။ ဒိဗ္ဗသောတ အဘိညာဏ်ရှိတယ်။
၈။ ပရစိတ္တဝိဇာနနအဘိညာဏ်ရှိတယ်။
၉။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ရှိတယ်။
၁၀။ အာသဝက္ခယဉာဏ်ရှိတယ်။

**လိုက်ဆိုကြ**

"ဤဂုဏ်(၁၀)ပါး ထေရ်မြတ်များ ညွှတ်တွားရိုသေ၏"။ တရားရှိတဲ့ ပုဂ္ဂိုလ်တွေကို ရိုသေကြတယ်။ အဲဒီလိုနည်းနဲ့ နေခဲ့တာတဲ့ "ဤနည်းကျင့်ထုံး တရားသုံး မြတ်ဘုန်းသာသနာ ရှည်လေ၏"။ "ဤဂုဏ်(၁၀)ပါး ကျင့်မြတ်များ ညွှတ်တွားရိုသေ၏"။ "တရားကိုကိုးစား ရဟန်းများ မှတ်သားကြလေဘိ"။ အကုန်ခြုံလိုက်တဲ့အခါကျတော့ ပုဂ္ဂိုလ်ရယ်လို့ သတ်မှတ်ထားတာမရှိဘူး။ မြတ်စွာဘုရားက ခိုင်းထားတာလဲ မရှိဘူး။ ပုဂ္ဂိုလ်တစ်ပါးကို လေးစားပါတော့လို့ ရဟန်းတော်များက ရွေးချယ်ထား တာလဲ မရှိဘူး။ ဒါဖြင့် ဘယ်လိုများ နေခဲ့ကြသလဲဆိုတော့ တရားရှိတဲ့ ဂုဏ်(၁၀)ပါးနဲ့ ပြည့်စုံတဲ့ ရဟန်းတော်များကို ညွှတ်တွား ကြည်ညို ပြီးတော့နေမယ်ဆိုရင် တစ်နည်းအားဖြင့် မိမိတို့ ကိုယ်တိုင်လဲ ဒီဂုဏ်တွေနဲ့ စုံလင်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နေမယ်ဆိုရင် မြတ်စွာဘုရားရဲ့ သာသနာရှည်တယ်။

http://www.dhammadownload.com



တစ်နည်းအားဖြင့် တရားကို ကိုယ်စားပြုတဲ့ ရဟန်းတော်များရဲ့ နေပုံထိုင်ပုံသည် ဒီနည်းနဲ့ပါပဲ။ အကုန်ခြုံပြီးတော့ ကြည့်မယ်ဆိုရင် ဂုဏ်(၁၀)ပါးနဲ့ပြည့်စုံရမယ်။ ဂုဏ်(၁၀)ပါးနဲ့ပြည့်စုံတော့ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်တယ်။ အာသဝေါတရားတို့နဲ့ပတ်သက်လို့ သိ၊ ပယ်၊ ဆိုက်၊ ပွား လေးပါးကိုစွ အပိုင်ရနိုင်တဲ့ အာသဝက္ခယဉာဏ်လဲ ရှိတယ်။ အဲဒီဂုဏ်တွေဟာ သူ့အလိုလို ရောက်လာတာမဟုတ်ဘူးတဲ့။ အခု ဦးပဥ္စင်းတို့ အားထုတ်နေတဲ့ သမာဓိကျင့်စဉ်ကနေ လာတာပါပဲ။ အဲဒီကျင့်စဉ်ကလဲ သီလကိုအခြေခံတာပါပဲ။ **"သီလပရိဘာဝိတော သမာဓိမဟဖ္ဖလော ဟောတိ မဟာနိသံသော"** အဲဒီစကားကို မြတ်စွာဘုရား ပရိနိဗ္ဗာန် စံကာနီးတော့ အထပ်ထပ်မိန့်တာပဲ။

သီလပရိဘာဝိတော= သီလနဲ့ထုံမွမ်းအပ်သော၊ သမာဓိ= သမာဓိသည်၊ မဟာဖ္ဖလော= အကျိုးကြီးလှပါပေ၏။ မဟာနိသံသော= အာနိသင်ကြီးလှပါပေ၏။ သီလအခြေခံထားပြီး ရရှိထားတဲ့သမာဓိ အကျိုးကြီးအာနိသင်ကြီးတယ်။ **သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ**။ မဟာနိသံသာ= အဲဒီတည်ကြည်ငြိမ်သက်မှု သမာဓိက တွန်းပို့လိုက်တဲ့ ဝိပဿနာဉာဏ်ပညာ ၊မဂ်ပညာ၊ ဖိုလ်ပညာ အဲဒီအဆင့်ဆင့်သော ပညာများဟာ အသိဓါတ်ဟာ အကျိုးကြီးပြီး အာနိသင်ကြီးပါပေတယ်။ အဲဒီလို တရားရှိတဲ့ ရဟန်းတော်များကို လေးစားပြီးတော့နေခြင်းဖြင့် တရားရှိတဲ့ပုဂ္ဂိုလ် တရားရှင်ကို လေးစားပြီး တော့နေခြင်းဖြင့် သာသနာတော်မှာ ရဟန်းတော်များ ညီညွတ်ကြ တာပါပဲ။

အခုအရှင်မြတ်များ ကျင့်နေတဲ့ သီလ, သမာဓိ, ပညာ **သိက္ခာသုံးပါးဟာ** အကျဉ်းချုပ်ပါပဲ။ အကျယ်ဆိုရင် မဂ္ဂင်(၈)ပါး၊ မဂ္ဂင်(၈)ပါးအကျယ် ပွားလိုက်တော့ ဗောဓိပက္ခိယ(၃၇)ပါး၊ (၃၇)ပါးသော ဗောဓိပက္ခိယတရားကို အကျယ်ပွားလိုက်တော့ ပိဋကတ်(၃)ပုံ၊ နိကာယ်(၅)ရပ်၊ အင်္ဂါ(၉)တန်၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ပွားလာပါတယ်။

http://www.dhammadownload.com



ဓမ္မက္ခန္ဓာ (၈၄၀၀၀)ကို ချုံးလိုက်ရင် အင်္ဂါ(၉)တန်၊ အင်္ဂါ(၉)တန်ကို ချုံးလိုက်ရင် နိကာယ်(၅)ရပ်၊ နိကာယ်(၅)ရပ်ကို ချုံးလိုက်ရင် ပိဋကတ်(၃)ပုံ၊ ပိဋကတ်(၃)ပုံကို ချုံးလိုက်ရင် ဗောဓိပက္ခိယ(၃၇)ပါး၊ ဗောဓိပက္ခိယ(၃၇)ကို ချုံးလိုက်ရင် မဂ္ဂင်(၈)ပါး၊ မဂ္ဂင်(၈)ပါးကို ချုံးလိုက်ရင် သီလ၊ သမာဓိ၊ **ပညာ။ အဲဒီက** စရဏ ဝိဇ္ဇာ၊ တစ်နည်း သမထ ဝိပဿနာ (၂)မျိုးတိုင်အောင် **ချုံးပြော**လို့ရပါတယ်။

ဗောဓိပက္ခိယ(၃၇)ပါးက မုချသာသနာ၊ သာသနာတည်တယ်ဆိုတာ အဲဒီဗောဓိပက္ခိယ(၃၇)ပါး တည်တာကို ခေါ်တာပါပဲ။ ဗောဓိပက္ခိယကို ချုံ့လို**က်တော့** မဂ္ဂင်(၈)ပါး၊ မဂ္ဂင်(၈)ပါးကို ချုံ့လိုက်တော့ သီလ, သမာဓိ, ပညာ၊ **သီလ,** သမာဓိ, ပညာကို ချုံ့ပြန်တော့ သမထ ဝိပဿနာ။ တစ်နည်းအားဖြင့် စရဏနဲ့ ဝိဇ္ဇာ(၂)ပါး ထိအောင် ချုံ့လို့လဲရပါတယ်။ လွယ်အောင်၊ ရှင်းအောင်ပြောရင် သီလ၊ သမာဓိ၊ ပညာပါပဲ။

အခုမိမိတို့ ရဟန်းဘဝရောက်တဲ့အခါလေးမှာ အားထုတ်နေကြတဲ့ လမ်းစဉ်ဟာ သီလကတော့ သိမ်ထဲကရခဲ့ပြီး "ဝတ်၊ ဥတ်၊ သိမ်၊ ကံ၊ ပရိသံ၊ ငါးတန် သမ္ပတ္တိ" ဆိုတဲ့အတိုင်း အင်္ဂါငါးမျိုးနဲ့ ပြည့်စုံအောင် ဆောင်ရွက်ပေးတော်မူကြတဲ့အတွက် သီလတွေ အများကြီး မိမိခန္ဓာကိုယ်မှာ ထူးထူးခြားခြား တည်ရှိသွားပြီ။ သမာဓိကတော့ အားထုတ်ပြီးတော့ ယူရတယ်။ အားထုတ်နေကြတာပါပဲ အချိန်ကတော့ နည်းနည်း နည်းပါတယ်။ တပည့်တော်တို့ လယ်တီဝိပဿနာ တရား စခန်းမှာ အနည်းဆုံး(၉)ကြိမ် တရားထိုင်ရပါတယ်။ တခါတရံ (၇)ရက် တရားစခန်းမှာ (၁၁)ကြိမ်ပါ၊ (၁၁)နာရီပါ။ ထွက်လေဝင်လေက တစ်နာရီလျှင် (၁၀၀၀)ခန့်လောက် (၉)နာရီ (၉၀၀၀)၊ (၁၁)နာရီဆိုလျှင် (၁၁၀၀၀)လောက် ရှုကြ၊ ရှိုက်ကြ၊ ထုတ်ကြ၊ မှုတ်ကြပါတယ်။

အခု တစ်နေ့(၄)ကြိမ်ဆိုရင် (၄၀၀၀)ခန့် အလျော့အပေါ့နဲ့ဆိုရင် တစ်နေ့(၃၀၀၀)ခန့်လောက်။ ဒါလေးက လုပ်ငန်းသဘောအရ

http://www.dhammadownload.com



ပြောတာပါ။ မြတ်စွာဘုရားသာသနာ ဘယ်လိုများ ထမ်းရပါလိမ့်။ ဘုရားသာသနာမှာ ဘယ်လိုများနေထိုင်ရပါလိမ့်။ ကောင်းကောင်းတော့ နေချင်တယ်။ ဘယ်လိုများနေရပါလိမ့်။ အလုပ်တာဝန်တွေနဲ့ အနယ်နယ် အရပ်ရပ်သွားပြီး လုပ်ကြ ကိုင်ကြတယ်။ သို့သော်လဲ တခါတရံ အနားယူတဲ့ အချိန်ကလေးတွေ ရှိတယ်။ အဲဒီအနားယူတဲ့ အချိန်ကလေးမှာ သရဏဂုံ ဆောက်တည်မယ်။ အနန္တော အနန္တငါးပါး ရှိခိုးမယ်။ မေတ္တာပွားမယ် သုံးဆယ့်တစ်ပုံရှိ မိဟောင်းဖဟောင်း၊ ဆွေဟောင်း မျိုးဟောင်းတို့ကို အမျှဝေမယ်၊ အမျှယူမယ်။ ကိုယ်ကလဲ ယူရအုံးမှာ။ ဆောင်ရွက်စရာ ကိစ္စလေးတွေပြီးတဲ့အခါ တရားထိုင်မယ်။

ဘယ်လိုတရားထိုင်ရမလဲ။ ဘယ်လိုထိုင်ရမလဲဆိုတော့ ဟိုလွန်ခဲ့တဲ့ (၂)နှစ်လောက်က အသက်(၆၀)လောက်ရှိတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်က ပြောတယ်။ တရားတော့ ထိုင်ချင်ပါတယ်။ ဘယ်လို ထိုင်ရမှန်း မသိလို့တဲ့ တရားပျောက်တော့ ကိုယ်မှာရှာ၊ တရားရှာတော့ ကိုယ်မှာတွေ့။ "တရားပျောက်တော့ ဘယ်မှာရှာရမှာတုံး"။ "ကိုယ်မှာ ရှာရမှာပါဘုရား"။ "တရားရှာတော့ ဘယ်မှာတွေ့မှာတုံး"။ "ကိုယ်မှာ တွေ့မှာပါဘုရား"။ ဟောဒီနားတင်ပဲ မဝေးဘူး။ ဒါကြောင့် **"နိဗ္ဗာန် ရွှေပြည် ဤကသည် မည်မျှတာပေါင်း ဝေးသနည်း"**။ ဟောမနေ့ကပြောတဲ့ ကျည်းကန်ရှင်ကြီးက နိဗ္ဗာန်ရွှေပြည်ဟာ ဤကနေ ဘယ်လောက် တာပေါင်းဝေးသလဲလို့ မေးတော်မူတယ်။ ဖြေတဲ့ ဆရာတော်က မဝေးဘူးတဲ့ ဒီနားလေးမှာပဲတဲ့။ ဘယ်နားမှာလဲဆိုတော့ **"ဗျာမတ္တေ ကဠေဝရေ သမနကေ သသညကေ"** စိတ်နဲ့ သညာနဲ့တကွ ဤတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်အတွင်းမှာပဲ နိဗ္ဗာန်ရှိတယ်။ ဒီအတွင်းမှာ လောကခေါ်တဲ့ ဒုက္ခလဲရှိတယ်။ ဒီတစ်လံမျှ လောက်ရှိတဲ့ ခန္ဓာကိုယ်ကြီးအတွင်းမှာပဲ ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်း တရားလဲရှိတယ်။

http://www.dhammadownload.com



ဒီအတွင်းမှာပဲ ဒုက္ခချုပ်ရာ နိဗ္ဗာန်၊ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းလဲရှိတယ်။ ဘယ်လောက်မှ မဝေးဘူး ဒီနားမှာပဲတဲ့။ စိတ်နှင့်တကွ သညာနှင့်တကွသော ဤကိုယ်ခန္ဓာမှာရှိပါတယ်တဲ့။ ဒါဖြင့် အဲဒီနိဗ္ဗာန်ကို ကြားရုံလေးနဲ့ မကျင့်ပဲနဲ့ ရောက်ပါမလားဆိုတော့ သမ္မာပဋိပန္န ကောင်းစွာကျင့်တဲ့ ပုဂ္ဂိုလ်ဟာ ရောက်နိုင်ပါတယ်။ ဘယ်နည်းနဲ့သွားရမလဲ။ မဂ္ဂင်(၈)ပါး အကျင့်တရားနဲ့ သွားရမှာပါပဲ။ မဂ္ဂင်(၈)ပါး လမ်းစဉ်ဟာ အကောင်းဆုံး လမ်းစဉ်ပဲ နိဗ္ဗာန်သို့ရောက်ဖို့ရာ လမ်းစဉ်ပဲတဲ့။ လောကကြီးက သိပ်သွားနိုင်ကြတာနော်။ အချို့ လေယာဉ်ကြီးတွေနဲ့၊ ဂျက်လေယာဉ်ကြီးတွေ (၆)နာရီသွားတဲ့ခရီးကို တစ်ချို့ လေယာဉ်တွေက (၃)နာရီနဲ့ အရောက်သွားတယ်။ တော်တော့်ကို သွားနိုင်ကြတာပဲ။ အဲဒီလို ယာဉ်ရထား၊ ကားတွေနဲ့သွားရင် ရောက်မလား ဆိုတော့ မရောက်နိုင်ဘူး။ **"ဂမနေန နဂန္တဗ္ဗော နပတ္တဗ္ဗော ကုဒါစနံ"** ယာဉ်ရထား စသည်နဲ့ သွားလို့ကတော့ မရောက်နိုင်ဘူး။ ဘာနဲ့ ရောက်အောင်သွားရမှာလဲ။ "သီလ သမာဓိ ဝိပဿနာ ကျင့်ပွားခြင်း ခေါ်တဲ့ မဂ္ဂင်(၈)ပါး ကျင့်စဉ်တရားနဲ့ သွားမှသာလျှင် နိဗ္ဗာန်ဆိုတဲ့ ရွှေပြည်တော်ကြီးကို ရောက်နိုင် ပါတယ်။ နိဗ္ဗာန်ချမ်းသာရဲ့ အဓိပ္ပါယ်ကို သဘောဘ ယ်လို ပေါက်နိုင်မလဲ ဆိုတော့ အနာရောဂါ ဖိစီးနှိပ်စက်နေတဲ့ လူတစ်ယောက် အင်မတန်ကို နာကျင်တာ၊ ကိုက်ခဲတာ၊ မခံမရပ် နိုင်အောင် ခံစားနေရတာ။ သမားတော်ကောင်းတစ်ဦး၏ ရောဂါ ဓာတ်စာကို မှီဝဲလိုက်တဲ့အခါ ရောဂါဝေဒနာ ပျောက်သွားလို့ ချမ်းသာသလို။ ယခုလဲ မြတ်ဗုဒ္ဓ၏ သမ္မာပဋိပတ် ကောင်းမြတ်သော မဂ္ဂင်အကျင့်မြတ်ကို ကျင့်ကြံပွားများ အားထုတ်လိုက် ရတဲ့အတွက် အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းပြတ်သွားခြင်းဟာ အငြိမ်းဓာတ် နိဗ္ဗာန်ရဲ့ ချမ်းသာစစ် ချမ်းသာမှန်ပါပဲ။ ဒါကြောင့် လိုက်ဆိုကြ- "ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်းပြည်နိဗ္ဗာန်"။ "ဘေးပေါင်းတရံ မဆက်ဆံ နိဗ္ဗာန်မြတ်ချမ်းသာ၊ တောင့်တပူပန် ကင်းဆိပ်ညံ့ နိဗ္ဗာန်မြတ်ချမ်းသာ၊

http://www.dhammadownload.com



နိဗ္ဗာန်မှာ တောင့်တမှု မရှိဘူး။ ပူပန်မှုမရှိဘူး။ ဘေးပေါင်းတရံဆိုတာ ဘယ်ဘေးတွေလဲဆိုတော့ (၂၅)ပါးသောဘေး၊ (၉၆)ဖြာသော အနာရောဂါ၊ အားလုံးလောကသားတွေ ရာဇဝတ်ဝါ အစရှိတဲ့ (၂၅)ပါးသော ဘေးတွေ၊ (၃၂)ပါးသော ကံကြမ္မာ၊ ဒုက္ခဝေဒနာတွေ အမြဲခံစားနေတဲ့ နေရာတွေ။ နိဗ္ဗာန်မရောက်သေး ခင်မှာတော့ တစ်နေ့နေ့ တစ်ကွေ့ကွေ့ ကြုံတတ်တာကိုး။ "ထင်းခွေမကြုံ ရေခပ်ကြုံ" ဆိုတဲ့ စကားလိုပဲ။ (၉၆)ဖြာသော အနာရောဂါတဲ့။ ဟိုနားမှာ သာသနာတော်မှာ အလွန်ထင်ရှားကျော်ကြားတဲ့ ဆရာတော်(၁)ပါး။ လွန်ခဲ့တဲ့ (၃-၄)လထဲက တစောင်းအိပ်လို့ မရဘူး။ ဒီမှာ ကျန်းမာရေး စစ်ဆေးတဲ့အခါကျတော့ ကောင်းတယ်၊ ကောင်းတယ်ကြီးပဲ ပြောနေကြ တယ်။ တစ်နေ့က သွားပြီး စစ်ဆေးလိုက်တဲ့ အခါမှာတော့ သိပ်မကောင်း ဘူး။ အစကတော့ နံရိုးကျည်းပေါင်းတက်တဲ့ သဘောပါပဲ။ အခုတော့ လဲပဲ တစ်ပါတ်ကို တစ်ကြိမ်လောက်ပြရမယ်ဆိုတော့ အရွယ်ကလဲ ဘုန်းကြီးတို့အောက် ငယ်ပါသေးတယ်။ ရောဂါက မထင်မှတ်ပဲနဲ့ ဖြစ်လာတယ်။

အဲဒီတော့ (၉၆)ဖြာသော ရောဂါ၊ (၁၆)ပါးသော ဥပဒ္ဒဝေါ၊ (၁၀)ပါးသော ဒဏ်တဲ့၊ လက်ခြေတွေ ပြတ်သွားခြင်း စသည်တွေ။ "ဘေးပေါင်းတရံ မဆက်ဆံ၊ နိဗ္ဗာန် မြတ်ချမ်းသာ"။ ဘယ်ဘေးမှ မရှိတာကို နိဗ္ဗာန်၊ မိထွေးတော် ဂေါတမီထေရီမကြီးက မြတ်စွာဘုရားကို လျှောက်တယ်။ "သူပရိနိဗ္ဗာန်စံတော့မလို့"ပါပဲ။

**"ယတ္ထမစ္စုဝါဇရာဝါနတ္ထိ၊ အပ္ပိယေဟိ သမာဂမော။**
**ပိယေဟိ ဝိယောဂေါနတ္ထိ၊ တံ ဝဇိဿံ အသင်္ခတံ"။**

နေရာတစ်နေရာရှိတယ်ဘုရား ဇီဝိန်ပျက်ကြွေသေရခြင်းလဲ မရှိဘူး။ ဆွေးမြေ့ ယိုယွင်းအိုမင်းတာလဲ မရှိဘူး။ ကျင်နာကိုက်ခဲရောဂါ စွဲတာလဲ မရှိဘူး။ မချစ်ယှဉ်တွဲ ချစ်သူကွဲလဲ မရှိဘူး။ ကံစိတ်ဥတု အာဟာရတို့ မပြုပြင်အပ်ပဲနဲ့ အလွန်အေးမြချမ်းသာတဲ့ အဲဒီနေရာကို

49(A)

http://www.dhammadownload.com



တပည့်တော် သွားမလို့ပါဘုရား။

နေရာတခုဟာ ဇိဝိန်ပျက်ခွင်းသေရခြင်း မရှိဘူး၊ သချိုင်းမရှိတဲ့ နေရာ၊ ဆေးရုံလဲ မရှိဘူး၊ သူအိုလဲ မရှိဘူး၊ ဘိုးဘွားရိပ်သာလဲ မရှိဘူး၊ အဲဒီနေရာ သွားမလို့ပါ ဘုရားတဲ့။ အခု ဘယ်လောက်စွမ်းအင်ရှိတဲ့ သူပဲဖြစ်ဖြစ်၊ သန်းပေါင်းများစွာ ချမ်းသာတဲ့ လူတွေရဲ့ နေထိုင်ရာ သိပ်စွမ်းကြတာပဲ။ လကမ္ဘာကိုတက်တက်၊ အင်္ဂါဂြိုလ်ကို သွားလိုသွား၊ သို့သော်လဲ မသေအောင်တော့ ဘယ်သူမှမတတ်နိုင်ဘူး။ မအိုအောင်လဲ မတတ်နိုင်ဘူး။ မနာအောင်လဲ မတတ်နိုင်ဘူး။ ဘုန်းကြီး မော်စကိုမြို့ ရောက်တော့ ဟိုတုံးက လကမ္ဘာကို ပထမဆုံးတက်ခဲ့တဲ့ ဂါဂါရင်ရဲ့ အရိုးက ကလင်မလင်နန်းတော် မြို့တံတိုင်းမှာ ကပ်ထားတာ၊ လကမ္ဘာကို ရောက်ခဲ့တဲ့ပုဂ္ဂိုလ်ပဲ။ လကမ္ဘာကို ရောက်တဲ့ နည်းတော့ သူတို့သိတယ်။ အခု အင်္ဂါဂြိုလ် ရောက်တဲ့နည်းလဲ သူတို့သိတယ်။ နိဗ္ဗာန်ရောက်တဲ့ နည်းတော့ မရှိဘူး၊ မသိဘူး။ ဒါကြောင့် ကမ္ဘာ့သိပ္ပံပညာရှင်တွေ မရေးဆွဲနိုင်တဲ့ မြေပုံကတော့ နိဗ္ဗာန်မြေပုံပဲလို့ ပြောချင်တယ်။

စောစောကပြောတဲ့ အိုတာမရှိဘူး။ သချိုင်း မရှိဘူး။ ဘိုးဘွား ရိပ်သာ မရှိဘူး၊ ဆေးရုံ မရှိဘူးဆိုတဲ့နေရာ နိဗ္ဗာန်။ အခုတော့ ဘယ်လောက်ချမ်းသာချမ်းသာ ဝင်ဒါမီယာမှာ (၁၀)ပေလောက်ရှိတဲ့ အုတ်တံတိုင်းကြီးတွေကာလို့ သံပန်းတွေနဲ့ လူသူလေးပါး မဝင်နိုင်အောင် စီမံထားကြပါတယ်။ တံတိုင်းကြီးတွေ ကြည့်ပြီးတော့ စဉ်းစားမိတယ်။ အင်း-လူတော့ တားလို့ရတယ်၊ သူခိုးတော့ ကာလို့ရတယ်။ အိုတာကို ကာလို့မရဘူး။ နာတာကို ကာလို့မရဘူး။ သေတာကို ကာလို့မရဘူး။ အပါယ်ဘေးလဲ ကာလို့မရဘူး။ အဲဒီတော့ ကာလိုရတဲ့နည်းကတော့ မဂ္ဂင်(၈)ပါး အကျင့်တရားခေါ်တဲ့ သီလ သမာဓိ ဝိပဿနာ ရှုပွားခြင်း ဖြင့် ကာရံမှသာလျှင် အိုနာသေတရားများနဲ့ အပါယ်မကျအောင် ကာကွယ်နိုင်မှာပါ။

http://www.dhammadownload.com



မဂ္ဂင်(၈)ပါးနည်းနဲ့ ဒီနည်းနဲ့သွားမှ အိုနာသေလွတ်မှာပါပဲ။

**ယတ္ထမစ္စုဝါ ဇရာဝါနတ္ထိ၊ အပ္ပယေဟိ သမာဂမော။**

**ပိယေဟိ ဝိပ္ပယောဂေါနတ္ထိ၊ တံ ဝဇိဿံ အသခ်တံ။**

မိထွေးတော် ဂေါတမီထေရီမ ကြီးက နိဗ္ဗာန်ဟာ မချစ်ယှဉ်တွဲ ချစ်သူကွဲလဲ မရှိဘူးတဲ့။ မိမိအလိုရှိအပ်တဲ့ အာရုံတွေနဲ့ လူတိုင်းလူတိုင်း တွဲပြီးတော့ နေချင်တာ။ အဲဒီလို တွဲပြီးတော့ မနေရဘူး။ အလိုမရှိတဲ့ အာရုံဝတ္ထု **သက်ရှိ**သက်မဲ့တွေနဲ့ မတွေ့မကြုံ မဆုံစည်းချင်ဘူး။ မဆုံစည်းချင်လဲ ဆုံစည်းပြီးတော့ နေကြရတာ။ ချစ်လှပါတယ်၊ မြတ်နိုးပါတယ်ဆိုတဲ့ သူတွေနဲ့ကျတော့ တွဲပြီးနေချင်ကြတာပဲ။ သို့သော် အနည်းငယ် ရက်အနည်းငယ် အတွင်းမှာပဲ ပျောက်သွားနိုင်တာပဲ၊ လက်တွေ့တရားတွေပါပဲ၊ ပွဲတွေ့တရားတွေပါပဲ သတိမထားမိကြဘူး။ အိုဘေး၊ နာဘေး၊ သေဘေး၊ ကွဲဘေး၊ မွဲဘေးတွေ ကြုံနေကြရတာပဲ။ **"ဘေးပွဲရယ်ကြုံ အေးသဲတုန်း ကိုယ်စီကုတ်ပါလို့ အားထုတ်သင့်သား"**။ ဘေးတွေကတော့ ကြုံနေတာပဲ။ ကြိုးစားပြီးတော့ အားထုတ် သင့်တာတော့ အမှန်ပဲ။ **"သို့ပါကို ဘယ်တော့ ဘာလိုလိုနဲ့ ဘာဝနာ သီခေါင်လွင့်တယ်ကွယ် ဖျင်းဖင့်အများ"**၊ ဒီအိုဘေး၊ နာဘေး သေဘေးတွေက ဘယ်လိုမှန်း မသိဘူး။ ကြုံချင်မှ ကြုံမှာဆိုတော့ နေသာထိုင်သာ လေးနဲ့နေပြီး တရားလဲ အားထုတ် ဖြစ်ချင်မှဖြစ်မယ်။ သို့ပါကို ဘယ်တော့ ဘာလိုလိုနဲ့ ဘာဝနာသီခေါင် လွင့်တယ်။ ဖျင်းဖင့်အများတဲ့၊ ဒုလ္လဘ အရှင်မြတ်များ ကံကောင်းထောက်မလို့ သာသနာတော်ကြီးနဲ့ တွေ့ရတဲ့ အခါလေးမှာ အားထုတ်ကြ ဖို့လိုပါတယ်။ လင်္ကာလေးတွေ ဆိုပြီးတော့ တရားနိဂုံးချုပ်ကြရအောင်-

၁။ ဘုရားကိုယ်စား ရာကိုးစား တစ်ပါးရဟန်းရှိပါသလော?

၂။ ဘုရားကိုယ်စား ရာကိုးစား တစ်ပါးရဟန်း ထားမရှိ။

၃။ ရွေးချယ်သတ်မှတ် ရဟန်းမြတ် ရှိလတ်ပါသေးလော့?

၄။ ရွေးချယ်သတ်မှတ် ရဟန်းမြတ် လေးမြတ်ကင်းလေ၏။

http://www.dhammadownload.com



၅။ ဘုရားကိုယ်စား မြတ်တရား ကိုးစားခဲ့လေ၏။
၆။ တရားတော်ကိုးစား ရဟန်းများ အကြားမထင် ညီညွတ်၏။
၇။ တရားတော်ကိုးစား မြတ်တရား မှတ်သားလိုပါ၏။
၈။ သီလ၊ ကြားမြင် ရောင့်ရဲလျှင် လေးအင်ဈာန်များရှိ။
၉။ ဣန္ဒြိယ စက်သောတ ပရစိတ်ကိုသိ။
၁၀။ ပုဗ္ဗေနိဝါသ, အာသဝ, ခယဉာဏ်ရ၏။
၁၁။ ဤဂုဏ်(၁၀)ပါး ထေရ်မြတ်များ ညွှတ်တွား ရှိသေ၏။
၁၂။ ဤနည်းကျင့်ထုံး တရားသုံး မြတ်ဘုန်းသာသနာ တည်လေ၏။
၁၃။ တရားကိုကိုးစား မြတ်တရား မှတ်သားကြလေဘိ။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ တန်းခူးလဆန်း(၄)ရက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုလ္လဘရဟန်း သာမဏေများအား ဟောကြားအပ်သော တရားတော်။

ယနေ့ ဟောကြားမှာက အိမ်မက်နဲ့ပတ်သက်ပါတယ်။ အိမ်မက် လို့လဲခေါ်ကြပါတယ်။ အိပ်နေတုံးမှာ မြင်တဲ့မက်တဲ့အတွက် အိမ်မက် မြင်တယ်လို့ ခေါ်ပါတယ်။ အဲဒီအိမ်မက်ဟာ တကယ်တန်း အိပ်ပျော် နေတဲ့သူတွေ မမက်ဘူး။ "မျောက်မြီး" အိပ်တဲ့ပုဂ္ဂိုလ် ငိုက်တဲ့သဘော အဲဒီအချိန်မှာ မြင်မက်တာ။ မျောက်များသစ်ပင်ပေါ် တက်ပြီး အိပ်တာပါပဲ။ တကယ်အိပ်ရင် လိမ့်ကျမှာ။ ဒါကြောင့် အိပ်လဲအိပ်တယ်၊ ပျော်လဲမပျော်ဘူး။ အဲဒီအခါမျိုးမှာ အိမ်မက် မက်တာပဲ။ အိမ်မက်က (၄)မျိုးရှိတယ်။

## အိပ်မက် (၄)မျိုး

### (၁) ဓာတုက္ခောဘ အိမ်မက်

ဓာတ်ခြောက်ခြားလို့၊ သွေးလေမညီညွတ်ဖြစ်လို့ မက်တဲ့ အိမ်မက်။ တခါတရံပြေး၊ တခါတရံကောင်းကင်ပျံတက် အမျိုးမျိုးပေါ့။ အဲဒါ ဓာတ်ခြောက်ခြားလို့ မက်တာပါ။ ဒီအိမ်မက်နဲ့ပတ်သက်ပြီး အကျိုးအပြစ် မရှိပါဘူး။ အိမ်မက်တိတ္ထုံဟာလဲ မမှန်ပါဘူး။

### (၂) အနုဘူတပုဗ္ဗအိမ်မက်

မိမိ တွေ့ဖူး၊ ကြုံဖူး၊ ဆုံဖူး၊ ပြောခဲ့၊ ဆိုခဲ့တာတွေ ပြန်ပြီးမက်တယ်။ ဒီအိမ်မက်ကလဲ တွေ့ဖူး ကြုံဖူးတာတွေမက်လို့ အကျိုးအပြစ်မရှိပါဘူး။

### (၃) ဒေဝတော ပသံဟာရအိမ်မက်

နတ်တွေက အိမ်မက်ပေးတယ်၊ ရုက္ခစိုးတွေက အိမ်မက်ပေး တယ်၊ ရဟန္တာအရှင်မြတ်ကြီးတွေက အိမ်မက် ပေးတယ် ဒီလိုရှိတယ်။

http://www.dhammadownload.com



နတ်တွေက အိမ်မက်ပေးတာက မှားတာ, မှန်တာ (၂)မျိုးရှိနိုင်တယ်။ ရဟန္တာအရှင်မြတ်ကြီးတွေက အိမ်မက်ပေးတာကတော့ အမှန်ပဲ။ နတ်တွေက အိမ်မက်ပေးတာက "ဒေဝတော မယံဟာရ"တဲ့။ တချိန်က ရဟန်းတော်တစ်ပါးကို မတည့်လို့ မုန်းလို့ ရှင်ဘုရင်နဲ့ပတ်သက်ပြီး ရုက္ခစိုးနတ်က အိမ်မက်ပေးဖူးတယ်။ ရှင်ဘုရင်(၇)ရက်ကြာရင် နတ်ရွာစံမယ်တဲ့ အမှားပေးတဲ့ အိမ်မက်ပေါ့။ မမှန်တော့ အဲဒီရဟန်း အသတ်ခံရတယ်။

## (၄) ပုဗ္ဗနိမိတ္တ အိမ်မက်

မိမိရှေ့မှာဖြစ်မည့် အချက်အလက်တွေကို အိမ်မက်ပေးတာ။ ဒီအိမ်မက်ကို နတ်တွေကလဲ ပေးနိုင်တယ်။ သူတော်ကောင်းတွေကလဲ ပေးနိုင်တယ်။ ရုက္ခစိုးတွေကလဲ ပေးတယ်။ ဘုရားအလောင်းတော်ကြီးတွေလဲ ဒီအိမ်မက်မျိုး မက်ခဲ့ဖူးတယ်။ ဘုရားအလောင်းတော်ကြီး အိမ်မက်ကြီး (၅)ခု "မဟာသုပိနသုတ္တန်"။ အဲဒီတုံးက အလောင်းတော်ကြီးဟာ ဘာအိမ်မက် မက်လိုက်သတုံးဆိုတော့-

(၁) ဘုရားမဖြစ်မီ ဘုရားအလောင်းတော်မှာ ဤမြေကြီးက အိပ်ရာ၊ ဟိမဝန္တာတောင်မင်းက ခေါင်းဦး၊ အရှေ့သမုဒ္ဒရာပေါ်မှာ လက်ယာလက်ထား၊ တောင်သမုဒ္ဒရာပေါ် ခြေတော်နှစ်ဖက် တင်ထားရပုံ အိပ်မက်က ဘုရားဖြစ်မည်လို့ ဟောရမှာပါ။

(၂) တိရိယာခေါ်တဲ့ မြက်မျိုးက ချက်မှအထက်တက်၍ ကောင်းကင်အထိရောက်သည်ဟု မြင်မက်တယ်။ အဲဒီအိပ်မက်က မဂ္ဂင်(၈)ပါး တရားလမ်းစဉ် နတ်လူတို့အား ပြသနိုင်မည်လို့ ဟောဆိုပါတယ်။

(၃) ပိုးလောက်တွေ ခေါင်းကအမဲ၊ ကိုယ်ကအဖြူ မြတ်စွာဘုရား ခြေထောက်တော်က ဒူးဆစ်အထိ ပြည့်နေအောင်

http://www.dhammadownload.com



တက်တယ်။ အဲဒီအိမ်မက်ရဲ့ အကျိုးက ဥပါသကာ၊ ဥပါသိကာ၊ ဒကာ၊ ဒကာမတွေ အများကြီးကိုးကွယ်လိမ့်မယ်။ ဒီလိုဟောရတယ်။

(၄) အရောင်အမျိုးမျိုးရှိတဲ့ ငှက်လေးကောင်တို့သည် အရပ်လေးမျက်နှာမှ လာကြပြီး ဘုရားရှင်ခြေတော်ရင်း၌ တန့်နား၍ အဖြူရောင်ချည်းဖြစ်သွားပုံ အိပ်မက်က အမျိုးလေးပါးမှ ရဟန်းပြုကြပြီး မဂ်ဖိုလ်တရားထူးရကြလိမ့်မည်ဟု အိပ်မက်တိတ္ထုံ ထုတ်ဆိုရပါတယ်။

(၅) "အလောင်းတော်ဟာ မစင်တောင်ကြီးပေါ် တက်ရတယ်။ ခြေထောက်ကို မစင်မလူးဖူးတဲ့။ ဒီအိပ်မက်ရဲ့ ဟောစာတမ်းကဘာလဲဆိုတော့ "ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး"ပစ္စည်းလေးပါးတွေ ပုံနေအောင်ရသော်လဲပဲ မြတ်စွာဘုရားမှာ တွယ်တာမှု မရှိဘူးတဲ့။ ဒီအိမ်မက်တိတ္ထုံကို ဒီလိုဟောရတယ်။

အိမ်မက်တွေက အမျိုးအစားအားဖြင့် လေးမျိုးရှိပါတယ်။ "ပုဗ္ဗနိမိတ္တ"ကတော့ မှန်ပါတယ်။ ဘုန်းကြီးတို့ ဒီသုကုမာရဒီပနီကျောင်းဆောင်၊ ဥတ္တမပုရိသဒီပနီ ကျောင်းဆောင်ကြီးတွေ ဆောက်တော့မယ်ဆိုတော့ မဆောက်ခင် (၃)ရက် လောက်အလိုမှာ ဆင်ဖြူတော်လေးတစ်စီးက မွေ့ရာ ပေါ်မှာ နှာမောင်းလေးရမ်းပြီးတော့ ဘုန်းကြီးကို ပင့်ခေါ်နေတဲ့ သဘောပေါ့။ အဲဒါနဲ့ အဲဒီဆင်ဖြူတော်လေးကို ပွေ့ချီပြီး ရှိုးကစ်ထဲ ထည့်ထားရတယ်လို့ အိမ်မက်မက်တယ်။ အိမ်မက်က ဆန်းလှချည်လား။ ဆင်ဖြူတော်ဆိုတာ မြင်ဖူးတာလဲမဟုတ်၊ အခုဆင်ဖြူတော်တွေက နောက်မှရောက်လာတာ။ နောက် (၃)ရက်ကြာတော့ နိုင်ငံတော်အကြီးအကဲများ အစိုးရအဖွဲ့များ ရောက်လာပြီးတော့ အကြီးအကဲများရဲ့ ဆန္ဒအလျှောက် ဒီနေရာတွေမှာ ကျောင်းဆောက်မယ်လို့ ဆိုပြီးတော့ စီစဉ်ဆောက်လုပ်ကြတာပါပဲ။ ဆင်ဖြူတော်

http://www.dhammadownload.com



အိမ်မက်က မြင်မက်ခဲ့တာကိုး။

လွန်ခဲ့တဲ့(၁)နှစ်လောက်ကတော့ ဆင်ဖြူတော်တစ်စီးက တောင်ပေါ်ကဆင်းပြီးတော့ ရေကန်လေးတစ်ခုထဲမှာ ရေချိုးတာ။ ရေချိုးနေတော့ ဆင်ဖြူတော်ကို ကန်ဘောင်ရိုးပေါ်က ထိုင်ကြည့်နေတော့ ဆင်ဖြူတော်ရဲ့ မျက်လုံးထဲက မျက်စိအကြည်ဓာတ်ကလေးကို လှမ်းပြီးတော့ မြင်နေရတယ်။ သေသေချာချာ အိမ်မက်တိတ္တံကိုတော့ မပြောနိုင်ဘူးပေါ့။ သို့သော်လဲ ဆင်ဖြူတော်အိမ်မက်ကို တစ်သက်လုံးမှ နှစ်ကြိမ်လောက်ပဲ မက်ဖူးတယ်ဆိုရမှာပါပဲ။ အဲဒီတော့ ဒီအိမ်မက်တွေကလဲ အင်မတန်ဆန်းကြယ်တယ်။

**အိပ်မက်ပေးတရား**

အရှင်မဟာကစ္စည်းဆိုတဲ့ မထေရ်မြတ်ကြီးက ဘုရင်စဏ္ဍပဇ္ဇောတမင်း ဥဇ္ဇေနီပြည့်ရှင်ကို အိမ်မက်ပေးပြီးတော့ တရားဟောဖူးတယ်။ အိမ်မက်ပေးတဲ့ပုဂ္ဂိုလ်က ရှင်မဟာကစ္စည်း မထေရ်မြတ်ကြီး။ ဘုရားသာသနာတော်မှာ ဘုရားရယ်၊ အဂ္ဂသာဝက (၂)ပါး၊ ဒီနောက်မှာ မဟာထေရ်ကြီး (၄)ပါး။

ဘုရားသာသနာတော်မှာ-

(၁) မြတ်စွာဘုရား
(၂) အဂ္ဂသာဝကကြီး (၂) ပါး
(၃) မဟာထေရ်မြတ်ကြီး (၄) ပါး

မဟာထေရ်မြတ်ကြီး (၄)ပါးက-

(၁) ရှင်မဟာကောဋ္ဌိက
(၂) ရှင်မဟာကစ္စည်း
(၃) ရှင်အနုရုဒ္ဓါ
(၄) အရှင်မဟာကဿပ

http://www.dhammadownload.com



ပြီးတော့မှ မဟာသာဝကကြီး (၈)ကျိပ်ထဲက မဟာသာဝကကြီးတွေ ဒီလိုစဉ်ရပါတယ်။ မဟာထေရ်ကြီး (၄)ပါးမှာ ပါဝင်တဲ့ အရှင်မဟာကစ္စည်း မထေရ်မြတ်ကြီးက ဥဇ္ဇေနီပြည့်ရှင် ဘုရင် စဏ္ဍပဇ္ဇောတမင်းကို အိမ်မက် ပေးပြီးတော့ ဆုံးမခဲ့ဖူးတယ်။ အဲဒီ အိမ်မက်က -

**နပရဿုပ နိဓာယ၊ ကမ္မံ မစ္စဿ ပါပကံ။**

**အတ္တနာ တံ နသေဝေယျ၊ ကမ္မဗန္ဓူဟိ မာတိယာ။**

သူတစ်ပါးလုပ်တဲ့မကောင်းမှုကို အတုလိုက်ပြီးတော့ မလုပ်ပါနဲ့။ အဲဒီတုန်းက ပုဏ္ဏားတွေက သားကောင်တွေသတ်ပြီးတော့ ယဇ်ပူဇော်ဖို့ရာ ဥဇ္ဇေနီပြည် ဘုရင်စဏ္ဍပဇ္ဇောတမင်းကို ပြောနေကြတာကိုး။ အဲဒါနဲ့ ပတ်သက်ပြီး "သူတစ်ပါးပြုလုပ်တဲ့ မကောင်းမှု အကုသိုလ်ကံကို အတုလိုက်ပြီး မပြုလုပ်ပါနဲ့။ သတ္တဝါတွေဟာ ကံသာအမိ၊ ကံသာအဖ ဖြစ်ပါတယ်။ သတ္တဝါတွေဟာ ကံသာလျှင်ဆွေမျိုးပါပဲ။ ပထမစကားတစ်ခုနဲ့ အိမ်မက်ပေးလိုက်တယ် အဲဒါကို လင်္ကာလေးစီထားတယ်။ **"ဘယ်သူပြုပြု မကောင်းမှု တုရှဲမပြုရာ၊ ကိုယ်ပြုသည့်ကံ မကောင်းဒဏ် အမှန်တွေ့မည်သာ"**၊ ဒီအိမ်မက်က မထမဆုံး အိမ်မက်ပဲ သူတပါးပြုတဲ့ အကုသိုလ်ကို တုပြီးမပြုပါနဲ့တဲ့။ ဘာကြောင့်လဲ ဆိုတော့ သတ္တဝါတွေဟာ ကံသာအမိ၊ ကံသာအဖ၊ ကံသာဆွေမျိုးပဲ၊ ကိုယ်ပြုတဲ့ကံ မကောင်းဒဏ်တွေဟာ အမှန်ကိုယ်ပဲ ခံရမှာပဲ "ကိုယ့်ကာယကံ ကိုယ့်စီပြန်၊ ကိုယ့်ဝစီကံ ကိုယ့်စီပြန်၊ ကိုယ့်မနောကံ ကိုယ့်စီပြန်မှာပဲ"ကိုး၊ နောက်ထပ်ပြီး အိမ်မက်တစ်ခု ပေးလိုက်တာက-

**နပရေဝစနာ စောရော၊ နပရေဝစနာ မုနိ။**

**အတ္တာစနံ ယထာဝေဒိ၊ ဒေဝါပိနံ တထာဝိဒူ။ ။**

သူတစ်ပါးကနေပြီးတော့ ဒီကောင်ဟာ တေလေဂျပိုးပါပဲ။ လူဆိုးသူခိုးပါပဲလို့ ပြောတာနဲ့ပဲ တေလေဂျပိုးဖြစ်မသွားပါဘူး၊ လူဆိုးသူခိုး ဖြစ်မသွားပါဘူး။ ကိုယ်မကောင်းတာ ပြုကျင့်မှသာ တေလေဂျပိုး ဖြစ်မှာပါပဲ၊ လူဆိုးသူခိုးဖြစ်မှာပါပဲ။ **"နပရေ ဝစနာမုနိ"** သူတပါးက

http://www.dhammadownload.com



ဒီပုဂ္ဂိုလ်ဟာ သူတော်ကောင်းပါပဲလို့ပြောတိုင်း သူတော်ကောင်း ဖြစ်မလာပါဘူး။ မြတ်တဲ့အကျင့်ကို ကျင့်မှသာ သူတော်ကောင်း ဖြစ်နိုင်ပါတယ်။ မိမိကိုယ်တိုင် မိမိအခြေအနေကို သိသလို နတ်တွေကလဲ သိပါတယ်။ အဲဒီစကားတွေ အကျဉ်းချုပ်လိုက်ရင် " **အကျင့်ကောင်းတာ မကောင်းတာ ကိုယ်သာလိုရင်းတည်း"**။ အကျင့်ကောင်းတာ မကောင်းတာ ဘယ်သူလိုရင်းလဲ (ကိုယ်သာလိုရင်းပါဘုရား) လိုက်ဆိုကြ "အကျင့်ကောင်းတာ မကောင်းတာ ကိုယ်သာလိုရင်းတည်း။ ဟော သူတပါးက ဂျပိုးသူခိုး ပြောတာနဲ့ ကိုယ်ဂျပိုးသူခိုး ဖြစ်မသွားပါဘူး။ သူတပါးက လူယုတ်မာ လူစုတ်ချာလို့ပြောတာနဲ့ လူယုတ်မာ လူစုတ်ချာ ဖြစ်မသွားပါဘူး၊ လိုက်ဆို **"ဘေးကပြောတာ ဝေဖန်တာ ဘာမျှမဆိုင်တည်း အကျင့်ကောင်းသူ မကောင်းသူ ဘယ်သူသိမည်နည်း"**။ ဘေးကနေ သူတော်စင် သူတော် ကောင်းကြီးပြောရုံမျှနဲ့ သူတော်စင် သူတော်ကောင်း မုနိဖြစ်မသွားပါဘူး၊ အကျင့်ကောင်းတာ မကောင်းတာ ဘယ်သူမှ မသိနိုင်ပါဘူးတဲ့ သိနိုင်တာက-

**"မိမိစိတ်က ဧကန္တ မုချသိသတည်း၊ နတ်တွေကလဲ ဉာဏ်နည်းပဲ အမြဲသိသတည်း"** မိမိစိတ်က ကောင်းတာ မကောင်းတာကို သိသလို နတ်တွေ ဗြဟ္မာတွေကလဲ သိပါတယ်။ ဒါကြောင့် ဒုလ္လဘ ရဟန်းတော်များ သိက္ခာချတဲ့အခါ အင်္ဂါ(၆)မျိုးရှိတယ်။ " သိက္ခာတင် ပဥ္စင်္ဂ၊ သိက္ခာတင် အင်္ဂါ(၅)၊ သိက္ခာချ ဆဋင်္ဂ ၊သိက္ခာချ အင်္ဂါ(၆) သိက္ခာချ ဆဋင်္ဂဆိုတာ ဘာလဲ။ စိတ်, စိတ်ဆိုတာ လူထွက်လိုတဲ့ စိတ်ရှိရမယ်၊ ခေတ်ခေတ္တပဒ ဆိုတာ ပြောနည်း ဆိုနည်းမှန်ရမယ်။

| | | |
|---|---|---|
| ကာလ | - | ပစ္စုပ္ပန်ကာလနဲ့ ပြောရမယ်၊ |
| ပယောဂ | - | နှုတ်ကမြွက်ရတယ်၊ တပည့်တော်ကို လူလို့၊ သာမဏေလို့ သတ်မှတ်ပါ စသည်။ |
| ပုဂ္ဂလ | - | နတ်တွေစီသွားပြီး သိက္ခာချလို့ မဖြစ်ဘူး၊ ကိုယ်က လူဝတ်လဲမယ်လို့ ကြံတာနဲ့ နတ်ကသိပြီသား ဖြစ်ပြီ။ |

http://www.dhammadownload.com



အသိကစောနေတယ်၊ ပစ္စုပ္ပန်မကျဘူး၊ မိမိကပါဠိလို ပြောရင် ပါဠိလိုသိမှ၊ မြန်မာလိုပြောမယ်ဆိုရင် မြန်မာလိုသိမှ ကြားတဲ့ပုဂ္ဂိုလ်က အရေးကြီးတယ်။ အရိယဘာသာနဲ့ မိလက္ခုဘာသာ (၂)မျိုးရှိတယ်၊ အရိယဘာသာနဲ့ မိလက္ခုစီသွားပြောလို့ သိက္ခာမကျဘူး၊ မိလက္ခုဘာသာနဲ့ အရိယာစီသွားပြောလို့လဲ သိက္ခာမကျဘူး။ အင်္ဂလိပ်လိုပြောရင် အင်္ဂလိပ်လိုနားလည်မှ သိက္ခာကျတယ်။ နတ်တွေက စောစောသိထားတဲ့အတွက် နတ်တွေထံ သိက္ခာမကျဘူး၊

ဝိဇာနန - မိမိပြောတဲ့ဘာသာအလိုက် သိက္ခချပေးတဲ့ ပုဂ္ဂိုလ်က ပစ္စုပ္ပန်ကျကျသိရမယ်။

ဒီနေရာမှာ ဒုတိယအိမ်မက်က- သူတပါးစကားကြောင့် ကဲ့ရဲ့မှုကြောင့် မိမိဟာ လူယုတ်မာ ဖြစ်မသွားနိုင်ဘူး။ သူတပါးက ချီးမွမ်းလို့လဲ မိမိဟာ သူတော်ကောင်းစင်စစ် ဖြစ်မသွားနိုင်ဘူး၊ အဲဒီတော့ ဝေဖန်တာက အဓိကမဟုတ်ဘူး၊ မိမိရဲ့ အကျင့်က အဓိက၊ မိမိရဲ့ စိတ်ထားကောင်း, မကောင်းကို နတ်တွေကလဲ သိကြပါတယ်ကွာ။ ဟောနံပါတ်(၂) အနေအားဖြင့် ဥဒ္ဒေနီပြည်ရှင် ဘုရင်စဏ္ဍပဇ္ဇောတမင်းကို အိမ်မက် ပေးပြီးတော့ တရားဟောတာ။ တတိယအိမ်မက် ဘယ်လိုပေးသလဲ။

**ပရေစ နဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ၊**

**ယေစတတ္ထ ဝိဇာနန္တိ၊ တတောသမ္မန္တိ မေဓဂါ။**

ငါတို့ဟာ တစ်နေ့နေ့ သေရမယ်လို့ တစ်ချို့ ပုဂ္ဂိုလ်တွေက မသိကြဘူး။ အဲဒီအထဲမှာ ထူးခြားတဲ့ ပညာရှင်တွေက ငါတို့ဟာ တနေ့နေ့ သေရမှာပဲလို့ သိကြတယ်။ အဲဒီလို သေရမှာ သိတဲ့အတွက် ကြောင့်မို့ စိတ်ယုတ် စိတ်ကြမ်း စိတ်သရမ်းတွေ၊ အကျင့်ဆိုး အကျင့်မှား အကျင့်သရမ်းတာတွေ ငြိမ်းပြီးတော့ သွားနိုင်တယ်။ ဒါဘာလဲဆိုတော့

http://www.dhammadownload.com



မရဏာနုဿတိ ကမ္မဋ္ဌာန်းပွားများ အားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေ၊ "ငါတစ်နေ့ မုချသေရမယ်"လို့ တာဝန်တွေ ထမ်းဆောင်နေစဉ်မှာပင် ဒီကမ္မဋ္ဌာန်း ပွားလို့ရတယ်။

မော်တော်ကား မောင်းရင်း, စီးရင်း, အလုပ်တာဝန် ထမ်းဆောင်နေရင်းလဲ "ငါတစ်နေ့နေ့ မုချသေရမယ်" လို့ ပွားများနိုင်ခြင်းသည်ပင် "မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနေတာပါပဲ"။ငါတစ်နေ့နေ့ မုချသေရမယ်။ ငါ့အားသေခြင်းသည် အမြဲဖြစ်လိမ့်မယ်" လို့ မရဏာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းနေတဲ့ ပုဂ္ဂိုလ်များဟာ မာန်မာနထွက်စရာရှိလဲ မထွက်ဘူး၊ မာန်မာန မထောင်တော့ဘူး၊ ဒုစရိုက်တရားတွေလဲ ကြောက်လာတယ်။ မရဏာနုဿတိ မရှိတဲ့ ပုဂ္ဂိုလ်များကတော့ ဒုစရိုက်တွေ အကုသိုလ်တွေ မကောင်းတဲ့တရားတွေ ပြုရမှာမကြောက်ဘူး၊ "ဥစ္စာပစ္စည်း ရှာဖွေတဲ့အခါ ပညာရှာဖွေတဲ့အခါကတော့ သေရမှာကို စဉ်းစားနေလို့လဲ မဖြစ်ဘူးတဲ့ တရားရှာတဲ့အခါ သေမင်းက ဆံပင်ကို လာဆွဲနေသလို ကျင့်ရမယ်။ အဲဒီလို နီတိပညာရှိကြီးများက ဆိုထားတာလဲ ရှိပါသေးတယ်။ **"ငါတနေ့နေ့ မုချ သေရမယ် ငါရဲ့ သေခြင်းတရားဟာ အမြဲဖြစ်တယ်"**လို့ သတိလေး တွေ အမြဲရှိဖို့ **"တစ်နေ့သောခါ သေရမှာကို ကောင်းစွာမသိ မိုက်မဲဘိမူ၊ မိမိစိတ်ထား ပေါက်လွှတ်ထား၍ မတရားအမှု အများပြုသည် ဒုစရိုက်မဆုံး ဖုံးသတည်း၊"**

တစ်နေ့သောအခါ မိမိသေရမှာကို ကောင်းစွာမသိပဲနဲ့ ပေါက်လွှတ်ထားလို့ရှိရင် အကုသိုလ်မကောင်းမှုတွေ များများပြုပြီးတော့ ဒုစရိုက်တွေ ဖုံးလွှမ်းသွားမယ်။ **"တစ်နေ့သောအခါ သေရမှာကို ကောင်းစွာမြင်သိ ပညာရှိမူ မိမိစိတ်အား ထိန်းချုပ်ထား၍ မတရားအမှု သူမပြုသည့် ဒုစရိုက်ခပ်သိမ်း ငြိမ်းသတည်း"**။ တစ်နေ့နေ့တော့ သေရမှာပဲကိုးလို့ မြင်တဲ့ ပညာရှင်များကတော့ မိမိရဲ့စိတ်ကလေးကို ထိန်းချုပ်ပြီးတော့ စိတ်တေလေ စိတ်လေပွေ

http://www.dhammadownload.com



စိတ်ကြမ်း၊ စိတ်သရမ်းလေး ကို ထိန်းသိမ်းပြီးတော့ မတရားတဲ့ အမှုကို သူမပြုဘူး၊ ဒုစရိုက်တွေ ငြိမ်းပြီးတော့ သွားတယ်၊ ဒုစရိုက်တွေ ငြိမ်းသွားတာနဲ့ သံသရာဝဋ် ဇာတ်သိမ်းဖို့ နီးစပ်သွားတာပဲ။

ဒါကြောင့် ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ဝိသိဋ္ဌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပခုက္ကူအရှင် နေမိန္ဒထေရ်က **"ငါသည် တနေ့နေ့ မုချသေရမည် မသေမီ ကောင်းသော အလုပ်ကို ကြိုးစားလုပ်မည်"** အဲဒီလို အဓိဋ္ဌာန် သင့်တယ်လို့ အမြဲမပြတ် ဆုံးမလေ့ရှိပါတယ်။ လိုက်ဆိုကြ- "ငါသည် တနေ့နေ့ မုချသေရမည်၊ မသေမီ ကောင်းသော အလုပ်ကို ကြိုးစားလုပ်မည်။ ဟော နံပါတ်(၃) အိမ်မက်နဲ့ ဩဝါဒ ပေးတာ။ နံပါတ်(၄)က-

**"ဇီဝတေ ဝါပိ သပ္ပညော၊ အပိ ဝိတ္တ ပရိက္ခယော။**
**ပညာယစ အလာဘေန၊ ဝိတ္တဝါပိ နဇီဝတိ။"**

ဒါကဘာလဲဆိုတော့ စည်းစိမ်ဥစ္စာမရှိပေမဲ့ အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ်ပညာဓာတ်ကလေးနဲ့ နေတဲ့အခါ အမှားမပြု တော့ဘူး။ အမှားမပြုတဲ့အခါ ကုသိုလ်တရားတွေ ပြည့်ပြီးတော့ လာနိုင်တယ်။ လူတစ်ယောက်ဟာ စည်းစိမ်ဥစ္စာတော့ မရှိဘူး။ ဒါပေမဲ့ အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ်ပညာဓာတ်လေးတွေ တော့ ရှိနေတဲ့အတွက် သူဟာ မကောင်းမှုတွေ မပြုဘူး၊ ကုသိုလ် ကောင်းမှုတွေ များစွာရနိုင်တယ်။ လူတစ်ယောက်ကတော့ စည်းစိမ် ဥစ္စာကတော့ ပြည့်ပါရဲ့။ ဒါပေမဲ့ အသိဓာတ်၊ အလိမ္မာဓာတ်၊ ဝိသမဓာတ်တွေ တိုးပွားများပြားနေတဲ့အတွက် ထောင်သောင်းမက မိုက်လုံးထွားပြီး မကောင်းတဲ့ အသက်ရှင်ခြင်းနဲ့ ရှင်နိုင်တယ်။ အရှင်မဟာကစ္စည်း မထေရ်မြတ်က ဥဇ္ဇေနီပြည်ရှင် ဘုရင်စဏ္ဍပဇ္ဇောတ မင်းအား အိမ်မက်နဲ့ တရားဟောတာ၊ ဒါကြောင့် လိုက်ဆိုကြ-

**"စည်းစိမ်ဥစ္စာ မရှိပါလဲ အလိမ္မာအသိ ပညာရှိမူ အသိ ရှေ့ထား ဦးဆောင်သွား၍ အမှားမပြု တရားရှုလျှက် ကုသလ**

http://www.dhammadownload.com



**ထောင်သောင်း ပြည့်လျှံပေါင်းသည် ကောင်းသော အသက်ရှင်သူတည်း"**၊ ဟော စည်းစိမ်ဥစ္စာမရှိပေမဲ့ အသိဓာတ် အလိမ္မာဓာတ်က ပြည့်ပြီးတော့ ကုသိုလ်တွေ ထောင်သောင်းမက ရရှိနိုင်တယ်။ ရှေ့ဆက်ပြီးတော့ **"စည်းစိမ်ဥစ္စာ ပြည့်စုံပါလဲ ပညာမရှိ မိုက်မဲဘိမူ အသိမပါ အရာရာ၌ မိစ္ဆာဝိသမ မှားယွင်းလှသဖြင့် အကုသလ ထောင်သောင်း မိုက်လုံးဆောင်းသည် မကောင်းသော အသက်ရှင်သူတည်း"**၊ စည်းစိမ်ဥစ္စာ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ အသိဓာတ် အလိမ္မာဓာတ် ဉာဏ်ပညာ ဓာတ်က မကွပ်ကဲနိုင်လို့ ရှိရင်တော့ မိစ္ဆာလမ်းစဉ်၊ ဝိသမလမ်းစဉ် အကုသိုလ်တွေ ထောင် သောင်းမက မိုက်လုံးထွားနိုင်ပါတယ်။

## ကန်းယောင်ဆောင်

အရှင်မဟာကစ္စည်းမထေရ်က စဏ္ဍပဇ္ဇောတမင်းကြီးအား အိမ်မက်နဲ့ တရားဟောတာ။ စဏ္ဍပဇ္ဇောတမင်းနဲ့ အရှင်မဟာကစ္စည်း မထေရ် အချင်းချင်းတွေ့ကြတဲ့အခါမှာ အိမ်မက်နဲ့ ဟောတဲ့တရား (၄)ပုဒ်အပြင် အပိုအဖြစ်ထပ်ပြီးတော့ ဟောသေးတယ်။ အဲဒါက ဘာလဲဆိုရင် စဏ္ဍပဇ္ဇောတမင်းကြီး အရာရာကိစ္စမှာ မြင်တာတွေရှိတယ်။ နားနဲ့ကြားတာတွေရှိတယ်။ အဲဒီလို မျက်စိနဲ့မြင် နားနဲ့ကြားတာတွေထဲမှာ ကြားတာတော့ အကုန်ကြားနေတာပဲ။

**"သဗ္ဗံသုဏာတိသောတေန သဗ္ဗံ ပဿတိစက္ခုနာ၊**
**နစဒိဋ္ဌံ သုတံ ဓီရော၊ သဗ္ဗံ ဥဇ္ဈိတု မရဟတိ။**

ဒါက ဘာကိုဆိုသလဲဆိုတော့ မျက်စိကလဲ မြင်စရာရှိတာ အကုန်မြင်တာပဲ။ နားကလဲ ကြားစရာရှိတာ အကုန်ကြားတာပဲ။ ဒါပေမဲ့ မြင်တိုင်း ကြားတိုင်း လက်ခံရမှာလဲ မဟုတ်ဘူး။ စွန့်ပစ်ရမှာလဲ မဟုတ်ဘူး။ တစ်ချို့ မြင်တာတွေကျတော့ လက်ခံထား၊ တစ်ချို့ မြင်တာတွေကျတော့ မြင်ပေမဲ့ ပြောလို့ မဖြစ်ဘူးတဲ့။ မမြင်ယောင်ဆောင်

http://www.dhammadownload.com



မျက်စိကန်းယောင် ဆောင်ရတယ်။

တခါတရံကျတော့ နားကကြားပါတယ်၊ ဒါပေမဲ့ ပြောလို့ မဖြစ်ဘူး၊ နားပင်းယောင်ဆောင်ရတယ်။ အဲဒီတော့ ကြားလဲ ကြားတယ်၊ မြင်လဲ မြင်တယ်။ မကြာသေးခင်ကပဲ မတ်လ(၃)ရက်က ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူကြီးထဲမှာ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖွဲ့ရဲ့ စတုတ္ထအစည်းအဝေးမှာ- နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နဲ့ အကျိုးတော်ဆောင်ဆရာတော်တို့ကို ဘုန်းကြီးကပဲ ရာသက်ပန် တည်ရှိဖို့တင်ခဲ့တာပါပဲ။ (၂၅)ရာခိုင်နှုန်းနဲ့ မဖြုတ်မပယ်ပဲနဲ့ သက်တော်ရှည်သမျှ ကာလပတ်လုံး ဥက္ကဋ္ဌအဖြစ်၊ အကျိုးတော်ဆောင် အဖြစ်နဲ့ ရာသက်ပန်ထားတော်မူသင့်ကြောင်း အဆိုပြုတဲ့အခါ သက်တော်(၉၀)ကျော်၊ (၈၀)ကျော် ဆရာတော်ကြီးတွေကို အချို့ပုဂ္ဂိုလ် တွေက ကန့်ကွက်လိုက်ကြတယ်။ ကန့်ကွက်နေတဲ့အခါ ဘုန်းကြီးတို့ စကားပြောစင်ပေါ်တော့ ရောက်နေပြီး ပြောခွင့်အချိန် မသင့်သေးတော့ မပြောခဲ့ပါဘူး ကြားနေတာပဲ။ တစ်လုံးမှ မပြောခဲ့ပါဖူး၊ ကိုယ်အလှည့် ရောက်မှသာ တင်သွင်းစရာရှိတာလေးတွေ တင်သွင်းပြီးတော့ ကုသိုလ်ယူခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်လို့ (၁)ရက်ကြိုတင် အိမ်မက် မက်တယ်။ ကျောင်းတိုက်ကြီးတစ်ခုလုံး နှင်းရည်ဖုံးပြီး နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီကြီးရဲ့ ငှက်ပျောဖူးကြီး လှုပ်တော်မူပုံကို မြင်မက် ပါတယ် သိပ်မှန်တာပါပဲ။

သက်တော်(၉၀)ကျော်၊ (၈၀)ကျော် ဆရာတော်ကြီးတွေ ငြိမ်ငြိမ် ဆိမ်ဆိမ်နဲ့ သံဃာအဖွဲ့အစည်းအဆင့်ဆင့်မှာ ဆောင်ရွက်တော်မူ နိုင်ကြပါစေသော်လို့ ကုသိုလ်ရရှိဘို့သာ အဓိကထားတင်ပြခဲ့တယ်။ ကြားနေပါတယ် ဒါပေမဲ့ အံ့တုစရာတော့ မလိုဘူး၊ နားလဲကြားပါရဲ့ နားပင်းယောင်ဆောင်တယ်၊ စကားလဲပြောတတ်ပါရဲ့ အ-သလိုပဲ နေခဲ့တယ်။ အဲဒီတော့ အရှင်မဟာကစ္စည်းကလဲ ဒီအတိုင်းပဲ ဆုံးမတယ်၊ မိမိတို့ တာဝန်အသီးသီး ထမ်းဆောင်တဲ့အခါမှာ ကြားပါရဲ့ မကြားချင်

http://www.dhammadownload.com



ယောင်ဆောင်ရတာတွေ ရှိပါတယ်။ တခါတရံ မြင်တော့ မြင်တယ်၊ ကန်းယောင်ဆောင်ရတာတွေလဲ ရှိပါတယ်။ တခါတရံမြင်တာ ကြားတာတွေရှိတယ်၊ အ,ချင်ယောင်ဆောင်နေရတယ်၊ နေရာတကာ တိုင်း ပြောလို့မဖြစ်ဘူး။ တစ်နေ့မှာ ခဝါသည်တစ်ယောက်ရဲ့ အိမ်မှာ သူခိုးကပ်တယ်။ ဟောင်ရမယ့်တာဝန်က ခွေးရဲ့တာဝန်။ သိတဲ့ မြင်းကမြည်တယ်။ ခဝါသယ်က အချိန်အခါမဟုတ်ပဲနဲ့ ဟီးရ၊ မြည်ရမလား၊ အိမ်ရေးပျက်လိုက်တာဆိုပြီး ခဝါထုတဲ့ ဒုတ်နဲ့ရိုက်လို့ မြင်းသေရှာတယ်။ ဟောင်ရမှာက ခွေးက ဟောင်ရမှာ၊ ခွေးကမဟောင်ပဲ မြင်းကဟီးပြတော့ မြင်းသေရရှာတယ်။ အမှန်တော့ သူ့သခင်အိမ်မှာ ခွေးအလုပ် မြင်းဝင်ရှုပ်လို့ ဝါးရင်းဒုတ်နဲ့ ရိုက်သတ်ခံရရှာသတဲ့။

ဒါလေးတွေဟာ တာဝန်ထမ်းဆောင်တဲ့အခါမှာလဲ သိပ်အရေးကြီးတာပေါ့၊ ကိုယ်ပြောရမည့်နေရာပြောမှ ကိုယ်ပြောရမည့် နေရာမဟုတ်ပဲနဲ့ပြောရင် ဒုက္ခဖြစ်တတ်ထာပါဘဲ။ ဒါသတိထားစရာလေးတွေ အများကြီးရှိပါတယ်၊ အရှင်မဟာကစ္စည်းမထေရ်မြတ်က စဏ္ဍပဇ္ဇောတ မင်းကြီးကို ထပ်ပြီးတော့ သတိပေး ဩဝါဒပေးတာ-

**စက္ခုမဿ ယထာ အန္ဓော၊ သောတဝါ ဗဓိရောယထာ၊**
**ပညဝန္တော ဒုပ္ပညော ယထာ၊ ဗလဝါဒုဗ္ဗလော၊**
**အတ္တာ အတ္ထေ သမုပ္ပန္နေ သယေထ မတသာယိကံ။**

ဟော- ဘယ်လောက်များပြောထားသလဲဆိုရင် မိမိအကျိုးစီးပွား ဖြစ်ထွန်းမည်ဆိုက မြင်သော်လဲ မမြင်ချင်ယောင်ဆောင်ပြီးတော့ ကန်းသလိုတာ နေလိုက်ပါ။ မြင်နေ ကြားနေပေမဲ့ ကန်းယောင် နားပင်းယောင်ဆောင်ပါ။ သိလဲသိတယ်၊ အင်အားလဲရှိတယ်ဆိုပေမဲ့ လူသေလိုသာ နေလိုက်ပါ။ ဒါလေးကို ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ဘုရား၊ မဟာသုတဒီပနီကျမ်းပြု အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ အရှေ့လယ်တီတိုက် ဆရာတော်က လင်္ကာလေး တွေ စီထားတာ စာရှာဖို့တော့ ခက်တယ်။ ကြားဘူးကြရဲ့လား အိမ်မက်နဲ့

http://www.dhammadownload.com



တရားဟောတာ ကြားဘူးမည်မထင်ပါ။ ဟုတ်တယ်၊ ဘုန်းကြီးတို့တောင် ကြားဖို့ခက်တာကိုး။ အရှေ့လယ်တီဆရာတော် ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်ကိုယ်တိုင် ရှာပေးတာ။ ဒုလ္လဘရဟန်းတော်အတွက် ကျေးဇူးလဲများတယ်၊ သိသင့်သိထိုက်တဲ့ အချက်အလက်အများကြီး။ ဒါကြောင့်-

- ကိုယ်ကျိုးကိစ္စ ကိုယ့်ကိစ္စပြုကြ အပြီးတည်း၊
- ကိုယ်ကျိုးမရှိ အပြစ်ငြိရှောင်ဘိ မလွဲတည်း၊
- မမြင်သင့်ရာ တွေ့သောအခါ မမာသူကန်းတည်း
- မမြင်လေအောင် ဟန်တွေဆောင် ရှောင်လေကိုယ်လွတ်တည်း။

မမြင့်သင့်ရာ တွေ့သူမှာ ဟရိတစရသေ့ကြီး နန်းတော်ထဲ ဆွမ်းဘုန်းပေးရန် ကြွလာတဲ့အခါ မိဖုရားက ကပြာကယာ ထလိုက်လို့ မြင်ရသဖြင့် ဒုက္ခရောက်ခဲ့ရဘူးတယ်။

- မမြင်သင့်ရာ တွေ့သောခါ၊ ပမာသူကန်းတည်း၊
- မမြင်လေအောင် ဟန်တွေဆောင် ရှောင်လေကိုယ်လွတ်တည်း၊
- မကြားသင့်ရာ တွေ့သောခါ ပမာနားပင်းတည်း။
- မကြားလေရောင် ဟန်တွေဆောင် ရှောင်လေကိုယ်လွတ်တည်း၊

မကြားသင့်တာတွေ တွေ့ရင် နားပင်းသလို နေလိုက်ပါ။ တပေါင်းလဆန်း(၁၃)ရက်က မဟာပါဏလိုဏ်ဂူထဲမှာ ဒီလိုပဲ နေလာခဲ့တာ။ တချို့ပုဂ္ဂိုလ်တွေက ဘာပြုလို့ ပြန်မပြောသလဲ ဘာပြုလို့ ငြိမ်နေသလဲလို့ ပြောကြတော့။ နားပင်းသလိုပဲ နေလိုက်တာပဲ ကောင်းပါတယ်လို့ ဖြေလိုက်ရတယ်။

- မပြောသင့်ရာ တွေ့သောခါ ပမာသူအတည်း၊

ကိုယ်ကတော့ သိပါရဲ့၊ တတ်ပါရဲ့။ မပြောသင့်တဲ့နေရာ မပြောတာက အကောင်းဆုံးပါပဲ။ အဲဒါကြောင့်မို့- သိတိုင်းလဲ မဟန့်၊ ရှိတိုင်းလဲ မပြနဲ့၊ သိတိုင်းဟက ကာလီဒါသကဲ့သို့ သေရတတ်သည်။ သိတိုင်းလဲဟလို့ မဖြစ်ဘူး၊ ရှိတိုင်းလဲပြလို့ မဖြစ်ဘူး၊ သူခိုးရွှေရ တပြပြ

http://www.dhammadownload.com



ဆိုတဲ့စကားလို မပြသင့်တဲ့ နေရာမှာ မပြရဘူး။

- မပြောနိုင်အောင် ဟန်တွေဆောင် ရှောင်လေကိုယ်လွှတ်တည်း၊
- မပြုသင့်ရာတွေ့သောခါ၊ ပမာချိုနဲ့သူတည်း
- မပြုသင့်တဲ့နေရာမှာ ချိုနဲ့ပြီး အင်အားမရှိသူလို့ သေသူပမာ ငြိမ်ငြိမ်သာနေပါ ဟူသတည်း။

သေနေသူပမာ ငြိမ်ပြီးတော့သာ နေလိုက်တဲ့၊ မပြောသင့်ရာတွေ့သောအခါ ပမာသူအတည်း၊ မပြောတတ်ယောင် ဟန်တွေဆောင် ရှောင်လေကိုယ်လွှတ်တည်း။ မပြုနိုင်ယောင် ဟန်တွေဆောင်၊ ရှောင်လေကိုယ်လွှတ်တည်း၊ သေသူပမာ ငြိမ်ငြိမ်သာနေပါ ဟူသတည်း၊ ကစ္စည်းထေရ်မြတ် ဟောကြားလတ်မှတ်လေ သက်ဆုံးတည်း။ အရင်က အိမ်မက်နဲ့ဟောတဲ့ ဩဝါဒကလေးမျိုး၊ အရှင်မဟာကစ္စည်းမထေရ်က စတ္တာပဇ္ဇောတမင်းကို အိမ်မက်နဲ့ ဩဝါဒပေးတာက (၄)မျိုး၊ နောက်ထပ်ပြီး မပြည့်စုံသေးလို့ တွေ့ဆုံတဲ့အခါ ထပ်ဟောပြီး ဖြည့်ပါတယ်။ ကဲ-လင်္ကာလေးတွေ ရွတ်ဆိုကြရအောင်-

ဘယ်သူပြုပြု မကောင်းမှု တုရှဲမပြုရာ။
ကိုယ်ပြုသည့်ကံ မကောင်းဒဏ် အမှန်တွေ့မည်သာ။
အကျင့်ကောင်းတာ မကောင်းတာ၊ ကိုယ်သာ လိုရင်းတည်း။
ဘေးကပြောတာ ဝေဖန်တာ၊ ဘာမျှမဆိုင်တည်း။
အကျင့်ကောင်းသူ မကောင်းသူ၊ ဘယ်သူ သိမည်နည်း။
မိမိစိတ်က ဧကန္တ မုချသိသတည်း။
နတ်တွေကလဲ ဤနည်းပဲ အမြဲသိသတည်း။

တစ်နေ့သောခါ သေရမှာကိုကောင်းစွာမသိ မိုက်မဲဘိမှု မိမိစိတ်အား ပေါက်လွှတ်ထား၍ မတရားအမှုအများပြုသည် ဒုစရိုက်မဆုံးဖုံးသတည်း။

တစ်နေ့သောခါ သေရမှာကို ကောင်းစွာမြင်သိ ပညာရှိမူ မိမိစိတ်အား ထိန်းချုပ်ထား၍ မတရားအမှု သူမပြုသည့် ဒုစရိုက်ခပ်သိမ်းငြိမ်းသတည်း။

http://www.dhammadownload.com



ငါသည် တနေ့နေ့ မုချသေရမည်၊ မသေမီ ကောင်းသော အလုပ်ကို ကြိုးစားလုပ်မည်။

စည်းစိမ်ဥစ္စာ မရှိပါလဲ လိမ္မာအသိ ပညာရှိမှု အသိစိတ်ထား ရှေ့ဆောင်သွား၍ အမှားမပြုတရားရှုလျှက် ကုသလထောင်သောင်း ပြည့်လျှံပေါင်းသည် ကောင်းသော အသက်ရှင်သူတည်း။

စည်းစိမ်ဥစ္စာ ပြည့်စုံပါလည်း ပညာမရှိ မိုက်မဲဘိ၍ အသိမပါ အရာရာ၌ မိစ္ဆာဝိသမ မှားယွင်းလှသဖြင့် အကုသလထောင်သောင်း မိုက်လုံးဆောင်းသည် မကောင်းသော အသက်ရှင်သူတည်း။

ကိုယ်ကျိုးမရှိ အပြစ်ငြိ ရှောင်ဘိမလွဲတည်း။

မမြင်သင့်ရာ တွေ့သောခါ၊ ပမာသူကန်းတည်း။

မမြင်လေအောင် ဟန်တွေဆောင်၊ ရှောင်လေကိုယ်လွတ်တည်း။

မကြားသင့်ရာ တွေ့သောခါ၊ ပမာနားပင်းတည်း။

မကြားလေယောင် ဟန်တွေဆောင်၊ ရှောင်လေ ကိုယ်လွတ်တည်း။

မပြောသင့်ရာ တွေ့သောခါ၊ ပမာသူအတည်း။

မပြောတတ်ယောင် ဟန်တွေဆောင်၊ ရှောင်လေကိုယ်လွတ်တည်း။

မပြုသင့်ရာ တွေ့သောခါ၊ ပမာချိနဲ့လှသူတည်း။

မပြုနိုင်အောင် ဟန်တွေဆောင်၊ ရှောင်လေကိုယ်လွတ်တည်း။

သေသူပမာ ငြိမ်ငြိမ်သာ၊ နေပါဟူသတည်း။

ကစ္စည်းထေရ်မြတ် ဟောပြလတ် မှတ်လေသက်ဆုံးတည်း။

(ထေရဂါထာ ၄-၃ အုပ်-၁၄၈-၁၅၀)

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပခုက္ကူမြို့ အတုလအတိအဂ္ဂမဟာ ရာပြည့်ရတု

ဤအချိန်ကား ဤကျောင်းတိုက်ကြီးရဲ့ နှစ်တစ်ရာပြည့် "အတုလအဂ္ဂမဟာ ရာပြည့်ရတု " ကျင်းပနေချိန်ဖြစ်ပါတယ်။ တိုက်ထွက်ဂိုဏ်းပေါင်းစုံ တပည့်ကြီးငယ်အပေါင်း သုံးထောင်ကျော် ခညောင်းနေကြပါတယ်။ ကမ္ဘာအဝှမ်းမှာ ရတုအထိမ်းအမှတ်ကို အမျိုးမျိုး ခေါ်ဝေါ်သတ်မှတ် အသုံးပြုလျှက် ပွဲကြီးသဘင်တွေ ဆင်နွဲကြပါတယ်။ အသက်(၁၀)နှစ်ရောက်ချိန်မှာ ချည်ထည်ရတု နောက် (၁၀)နှစ်စသည်မှာ ပိုးထည်ရတု၊ သံဖြူရတု၊ သံမဏိရတု၊ ကြေးနီရတု၊ ငွေရတု၊ ပုလဲရတု၊ သန္တာရတု၊ နီလာရတု၊ ပတ္တမြားရတု၊ ရာပြည့်ရတုဟု ခေါ်ဝေါ်သမှတ်လျက် ပွဲတွေကျင်းပကြပါတယ်။ မြန်မာနိုင်ငံမှာတော့ (၂၅)နှစ်မှာ ငွေရတု၊ (၅၀)နှစ်မှာ ရွှေရတု၊ (၇၅)နှစ်မှာ စိန်ရတု၊ (၈၅)နှစ်မှာ ပတ္တမြားရတု ရာပြည့်ရတုပွဲများ ကျင်းပလေ့ရှိကြပါတယ်။

ငွေရတုကို မဟာရတုလို့ဆိုသင့်ပါတယ်။ ရွှေရတုကို အဂ္ဂရတု၊ စိန်ရတုကို အဂ္ဂမဟာရတု၊ ပတ္တမြားရတုကို အတုလရတု၊ ရာပြည့်ရတုကို "အတုလအဂ္ဂမဟာရာပြည့်ရတု " လို့ခေါ်ဆိုရင် သင့်မယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် ဤကျောင်းတိုက်ကြီး၏ ယခုကျင်းပနေတဲ့ ရာပြည့်ရတုကို " အတုလအဂ္ဂမဟာ ရာပြည့်ရတု " လို့ပြောခဲ့ပါတယ်။ ကမ္ပည်းထိုးသင့်ပါတယ်။ ဘယ်လို ဖြတ်သန်းလျှောက်လှမ်းပြီး နှစ်တစ်ရာပြည့်လာပါသလဲလို့ မေးစရာရှိပါတယ်။ အဖြေက လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၉၂)နှစ်က ပွင့်တော်မူခဲ့တဲ့ မြတ်ဗုဒ္ဓကိုယ်တော်တိုင် (၄၅)ဝါတိုင်တိုင် နေ့ညဥ့်မနေမနား ရည်ရွယ်ချက် (၂)မျိုးနဲ့ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာ ဓမ္မစေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို တည်ထားတော်မူခဲ့ပါတယ်။ ရည်ရွယ်ချက်(၂)မျိုးက ဘဝငြိမ်းချမ်းရန်၊ ဆင်းရဲအားလုံး နိဂုံးချုပ်ရန်တို့ ဖြစ်ပါတယ်။

ဟောတော်မူအပ် တည်ထားအပ်သော ဓမ္မစေတီတော်မြတ် ပိဋကတ်သုံးပုံသည် အစ၊ အလယ်၊ အဆုံး ကောင်းခြင်းဂုဏ်နှင့်

http://www.dhammadownload.com



ပြည့်စုံပါတယ်။ အနက်၊ သဒ္ဒါနှင့် ပြည့်စုံပါတယ်။ အလုံးစုံပြည့်စုံပြီး ဖြည့်စွက်စရာ၊ ပယ်နှုတ်စရာ မရှိပါ။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ မြတ်တဲ့ကျင့်စဉ် ပါရှိပါတယ်။

**အထူးမှာကြားတော်မူချက်**

ကမ္ဘာ့မြေပြင် လူ့လောကမှာ ထူးခြားလှသော ဗုဒ္ဓမြတ်စွာ ပင်မပဒေသာပင်ကြီး ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီ ပဒေသာပင်ကြီးက လောကုတ်၊လောကီ နှစ်လီသော အကျိုးထူးကို ပေးစွမ်းနိုင်ပါတယ်။ ကိုယ်နှုတ်ယဉ်ကျေးအောင် ဆုံးမထားတဲ့ သီလအနှစ်၊ စိတ်ယဉ်ကျေးအောင် ဆုံးမထားတဲ့ သမာဓိအနှစ်၊ အမြင်မှန်အနှစ်သာရ ပြည့်ဝပါတယ်။ သိ၍မကုန် သီးပွင့်စုံသို့ အဖုံဖုံ အစားစား များပြားမြင့်ကြွယ် တင့်တယ်ပါ တယ်။ ညို၊ ရွှေ၊ ဖြူ၊ နီ မှောင်ရီပြိုးပြက် တခဲနက်သော အဆင်းရှိတဲ့ ခြောက်ပါးသော ရောင်ခြည်တော်ဆိုတဲ့ ကျယ်ပြန့်တဲ့အရိပ် ရှိပါတယ်။ အဲဒီပင်မ ဗုဒ္ဓဘုရားပဒေသာပင်ကြီး လောကမှ ပျောက်ကွယ်မသွားမီ ပင်ပွားပဒေသာ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရက်၊ ဓမ္မစေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို (၄၅)ဝါတိုင်တိုင် ကိုယ်တော်တိုင် ပွားစေတော်မူခဲ့ပါတယ်။

အဲဒီ ဓမ္မစေတီတွေကို လူ့ပြည်မှာ လေးသောင်းနှစ်ထောင်၊ နတ်ပြည်မှာ လေးသောင်းနှစ်ထောင်၊ ဘုရားကိုယ်တိုင် တည်ထားကိုးကွယ်ခဲ့ပါတယ်။ ဘုရားကိုယ်တော်တိုင် တည်ထားကိုးကွယ်ခဲ့တဲ့ ဓမ္မစေတီ ဘုရားကိုယ်စား ဘုရားတွေပါပဲ။

အဲဒီ ဘုရားကိုယ်စား ဓမ္မစေတီတော်တွေ ရေရှည်တည်တံ့ဖို့ အရေး ပရိနိဗ္ဗာန်မစံမီကလေးမှာပင် ဝေသာလီရဟန်းတော်များ အစည်းအဝေးမှာ ဟောဒီလို မိန့်တော်မူခဲ့ပါတယ်။ "ငါဘုရားထူးခြားတဲ့ ဉာဏ်အမြင်နဲ့ သိမြင်ဟောကြားထားတဲ့ တရားတော်တွေ၊ တစ်နည်းအားဖြင့် (၃၇)ပါးသော ဗောဓိပက္ခိယတရားတော်တွေကို-

http://www.dhammadownload.com



(၁) ရိုရိုသေသေ ပို့ချသင်ယူမှတ်သား နာကြားဆောင်ထားကြ၊
(၂) ဓမ္မစေတီ ဘုရားကိုယ်စား ဘုရားက မိန့်တဲ့စာထဲပါတဲ့ တရားကျင့်စဉ်တွေကို လက်တွေ့ မျက်တွေ့ အသုံးချကြ၊ သုံးစွဲကြ၊ ပွားများကြ၊ ကျင့်ကြံကြ အားထုတ်ကြ။

ဒီလုပ်ငန်း(၂)ရပ် သင်တို့လိုက်နာရင် ငါဘုရားသာသနာ ငါဘုရားရဲ့ ကျင့်စဉ်တာရှည်တည်မယ်။ ငါဘုရားရဲ့ မြတ်တဲ့လမ်းစဉ် တာရှည်တည်ရင် နတ်လူအားလုံး အကျိုးစီးပွားများ ချမ်းသာပွားမယ်" အဲဒီလို မိန့်မှာခဲ့ပါတယ်။

## တာဝန်အသီးသီးယူ စာပေပို့ချတော်မူကြ

အဲဒီလိုမိန့်မှာတော်မူပြီး ခန္ဓာအဖြစ် ဇာတ်သိမ်းငြိမ်းတော်မူခဲ့ ပါတယ်။ သာသနာတည်အောင် စာသင်၊ စာချနေခြင်းဟာ အားလုံး အတွက်ပါပဲ။ ဘုရားပရိနိဗ္ဗာန်စံတော်မူသည်မှ (၃)လ၊ (၅)ရက်အကြာ ကဆုန်လပြည့်နေ့ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီး ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့မှာ အရှင်မဟာကဿပ အမှူးပြု ရဟန္တာအရှင်မြတ်ကြီး (၅၀၀)တို့ စုဝေးတော်မူကြပြီး ထားတော်မူခဲ့တဲ့ ပင်ပွားပဒေသာ သုံးပုံပိဋကတ်၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ ဓမ္မစေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို ပေါင်းစုရွတ်ခါ သံဂါယနာ တင်တော်မူခဲ့ကြပါတယ်။ ဝိနည်း ပိဋကတ်ကို သင်္ဂါယနာတင်ပြီးတော့ အရှင်ဥပါလိအား၊ တပည့်များအား ဝိနည်းပို့ချဖို့ တာဝန်ပေးတော်မူခဲ့ ကြသလို၊ ဒီဃနိကာယ်ကို ပို့ချဖို့ အရှင်အာနန္ဒာအား၊ မဇ္ဈိမနိကာယ်ကို ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ တပည့်များအား၊ သံယုတ္တ နိကာယ်ကို အရှင်မဟာကဿပအား၊ အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါ အား **"ဣမံ တုယှံ နိဿိတကေ ဝါစေဟိ"** ဤနိကာယ်ကို အရှင်ဘုရား တပည့်တွေကို ပို့ချပါ။ ပို့ချစေပါလို့ တာဝန်ပေးတော်မူခဲ့ပါတယ်။ အဘိဓမ္မာပိဋကတ်ကို သံဂါယနာတင်ပြီး ရဟန္တာများ စုပေါင်းရွတ်ဖတ်

http://www.dhammadownload.com



ပါတယ်။ ခုဒ္ဒကနိကာယ်ကိုလဲ ထို့အတူ သင်္ဂါယနာတင်ပြီး ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပါတယ်။ ပိဋကတ်တော်တစ်ပုံ သင်္ဂါယနာတင်ပြီးတိုင်း မြေလှုပ်ပူဇော်ခဲ့ပါတယ်။ ပိဋကတ်သုံးပုံကို ဝေပုံချ၊ ပို့ချသင်ယူ စေခဲ့ပါတယ်။

## ပရိဘောဂစေတီထိုက်သည့် ဇေတဝန်ပမာ

ဒီ **"အတုလအတိအဂ္ဂမဟာရာပြည့်ရတု"** ကျင်းပရာ ပခုက္ကူ၊ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးဟာ ပရိဘောဂစေတီထိုက်တဲ့ ဇေတဝန်ကျောင်းတိုက်ကြီးလိုပါပဲ။ ပရိဘောဂစေတီထိုက်တဲ့ ဇေတဝန် ကျောင်းတိုက်ကြီးကို ဦးညွှတ်ရှိခိုးကြရအောင်-

ဇေတဝနံ= ဓမ္မစေတီတော်များစွာတို့၏ တည်နေရာဇေတဝန် ကျောင်းတိုက်ကြီးသည်၊ သုဘံ= ကျက်သရေ မင်္ဂလာဖြာဖြာ ရှိတော်မူ ပါပေ၏။ ရမ္မံ= မြင်မြင်သူရ ရှင်ရှင်လူတို့ ကြည်ဖြူရွှင်ပြုံးစိတ်နှလုံးကို မွေ့လျော်စေတတ်ပါ၏။ သန္တသံဃနိသေဝိတံ= ကိလေသာမလိမ်း ငြိမ်းချမ်းတော်မူကြသည့် ဘုရားစသော သံဃာတော်အပေါင်း၏ သုံးစွဲ နေထိုင် သီတင်းသုံးရာ ဖြစ်တော်မူပါပေ၏။ ဓမ္မနိဃ္ဃောသနိန္နာဒံ= မြတ်ဘုရား၏ တရားတော်ဟောတော်မူသံ၊ အရှင်သာရိပုတ္တရာစသော အရှင်မြတ်တို့၏ တရားအသံ၊ အရှင်အာနန္ဒာ၏ ပိဋကတ်သုံးပုံ ရွတ်ဆိုသံ စသည်တို့ဖြင့် ခြိမ်းဟိန်းနေပါ၏။

ဓမ္မဝေပုလ္လံ= တရားတော်ရတနာ ပြန့်ပွားရာ ဖြန့်ဝေရာ ဖြစ်ပါ ပေ၏။ အဟံ= အတုလအဂ္ဂ မဟာရာပြည့်ပွဲသဘင် နွှဲဆင်ရန်လာ တပည့် တော်သည်။ တာဒိသံ= ထိုကဲ့သို့ သဘောရှိသော၊ ဗုဒ္ဓဝိဟာရံ= ဘုရား ကျောင်းတော်ကို ဝါပရိဘောဂစေတီထိုက်၍ ဓမ္မစေတီများစွာတို့၏ တည်နေရာဘုရားကျောင်းတော်ကို၊ သိရသာ= ဦးခေါင်းဖြင့်၊ သဗ္ဗဒါ= အခါခပ်သိမ်း၊ ဝန္ဒာမိ= ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီး**

ဒီပခုက္ကူ ဝိသုတာရာမကျောင်းတိုက်ကြီးက အဲဒီဇေတဝန်ကျောင်းတိုက်ကြီးလိုပါပဲ။

* မြန်မာပြည်မှာ ဤကျောက်တိုက်ကြီးသည် ဘုရားကိုယ်စား ပိဋကတ်သုံးပုံ ဓမ္မစေတီအများဆုံး တည်ရှိရာ ကျောင်းတိုက်ကြီး၊
* အရှင်မဟာကဿဖစသော ရှေးထေရ်ကြီးတို့ ငါးစု ငါးပုံ ခွဲဝေပြီး ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် ပို့ချသင်ယူသလို သင်ယူပို့ချရာ ကျောင်းတိုက်ကြီး၊
* ဓမ္မစေတီတော်တွေကို ဘီဒိုကြီးတွေထဲ ကိုးကွယ်ရုံမထားပဲ တိုက်တည်နည်းတွင် ထေရ်အရှင်က လက်ထဲကိုင် လက်တွေ့အသုံးချ သင်ယူပို့ချစေခဲ့တဲ့ ကျောင်းတိုက်ကြီး၊

ဤသို့ စသည် ဂုဏ်ရည်ထုံမွှမ်း ဤခရီးစဉ်အတိုင်း နှစ်ပေါင်းတစ်ရာ လျှောက်လှမ်းလာခဲ့တဲ့ ဤမဟာဝိသုတာရာမ ကျောင်းတိုက်ကြီးကို နိုင်ငံတော်အစိုးရရယ်၊ ဂေါပကအဖွဲ့ဝင်များနှင့် ဒကာ၊ ဒကာမတွေရယ် အားလုံး ဒီကျောင်းတိုက်ကြီး ဒီခရီးစဉ်တစ်လျှောက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကူညီခဲ့ကြပုံတွေ တွေးကြံမိတိုင်း ဝမ်းသာစရာ၊ ဝမ်းသာစရာ။ ဤမဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ အတုလအဂ္ဂမဟာရာပြည့် ဝန္ဒနာ ဂါထာတစ်ပုဒ်ရေးသား ထုတ်ဖော်ကျူးသီ ပူဇော်ကြရအောင် လက်အုပ်ချီကြ။

**သိရိံ မဟာသုတာရာမံ၊ ဓမ္မစေတီယ အာဝုတ္တံ၊**
**ဓမ္မနိဂ္ဂေါသ နိန္နာဒံ၊ သိရသာဟံ သတံ ဝန္ဒေ။ ။**

သိရိံ= အသိအလိမ္မာ ဉာဏ်ပညာနှင့် ဘုန်းကံတန်ခိုး ကျက်သရေ အမျိုးမျိုးတို့၏ တည်ရာဖြစ်ပေထသော၊ ဓမ္မစေတီယ အာဝုတ္တံ= သုံးပုံ ပိဋကတ်၊ ငါးရပ်နိကာယ်၊ ကိုးကွယ်အင်္ဂါ ဓမ္မခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ဓမ္မစေတီတော်ပေါင်းတို့၏ တည်နေတန့်နားရာ

http://www.dhammadownload.com



သင်ကြားပို့ချရာဖြစ်ထသော၊ ဓမ္မနိဋ္ဌေါသနိန္နာဒံ= စာချစာသင် ရဟန်းရှင် ရာပေါင်းများစွာတို့၏ ဥပုသ်ပြုသံ၊ ဘုရားဝတ်ပြုသံ၊ ပရိတ်ရွတ်သံ၊ စာပေပို့ချသံ၊ စာအံစာကျက်၊ စာလှည့်စာဆိုတို့၏ တရား အသံမျိုးစုံဖြင့် ခြိမ်းဟိန်း၍နေထသော၊ သတံ ဝဿ သတံ= အနှစ်တစ်ရာတိုင်တိုင်၊ ဓမ္မဝေပုလ္လံ= တရားတော်ရတနာ ဖြန့်ဖြူးပြန့်ပွား ဝေငှရာဖြစ်သော၊ မဟာသုတာရာမံ- မဟာဝိသုတာရာမံ= မဟာဝိသုတာရာမ နာမည်တော် သမိုက် ကျောင်းတိုက်တော်ကြီးကို၊ ဝါ- တိုက်တည်နည်းထွင် ရေစကြို ဆရာတော်ကြီးစသော ဓမ္မစေတီတော် ဒါယကာဆရာတော် အဆက် ဆက်နှင့် မဟာဝိသုတာရာမ စာချစာသင် အရှင်မြတ်အပေါင်းကို၊ အဟံ= အတုလအဂ္ဂမဟာ ရာပြည့်ပွဲတော် နွဲဆင်ရန်လာ တပည့်တော်သည်၊ သိရသာ= ဦးခေါင်းဖြင့်၊ ဝန္ဒေ= ရိုသေလေးစား ညွတ်တွားရိုကျိုး ရှိခိုးပါ၏ ဘုရား။

သာဓု - သာဓု သာဓု

## ဦးခေါင်းဖြင့် ရှိခိုးပါ၏

အဋ္ဌကထာကျမ်းပြု အရှင်မဟာ ဗုဒ္ဓဃောသ မဟာထေရ်မြတ် သည် ကျမ်းဦးပဏာမပြုရာတွင် ဘုရားရှင်ကို ရှိခိုးပါ၏၊ တရားတော်ကို ရှိခိုးပါ၏၊ တရားတော်ကို ရှိခိုးပါ၏၊ သံဃာတော်ကို (သိရသာ ဦးခေါင်းဖြင့်)ရှိခိုးပါ၏လို့ ပဏာမပြုတော်မူလေ့ရှိပါတယ်။ ဘုရားတရား ရှိခိုးရာနှင့်မတူ သံဃာကို ရှိခိုးတဲ့အခါကျမှ (သိရသာ= ဦးခေါင်ဖြင့်)ဟု ကရိဏ်စကားထည့်ရခြင်းမှာ ပင်မပဒေသာ ဘုရားပရိနိဗ္ဗာန်စံပြီးရာ အခါဝယ် ပင်မပဒေသာဘုရားကို ဘုရားမှန်းသိရလေအောင် ပင်ပွား ပဒေသာ ဓမ္မစေတီတရားတော်တွေကို မဂ်ဖိုလ်နိဗ္ဗာန်တရားတော်ကို တရားမှန်းသိရအောင် ရှေ့ဆောင်လမ်းပြ ထိန်းသိမ်းရာမှာ သံဃာတော် များ အရေးပါလှပါတယ်။ ဒါကြောင့် ထူးထူးခြားခြား သိရသာ= ဦးခေါင်း ဖြင့်ဆိုတဲ့ စကားလုံး ထည့်ပြီးရှိခိုးပါတယ်။

မိခင်ဇရာဝတီ

http://www.dhammadownload.com



ဒါကြောင့် ဘုန်းကြီးတို့လဲ ဘုရားမပျောက်အောင် စာသင်စာချ နေကြသည့် ဆရာတော်၊ သံဃာတော်များ၊ ဘုရားကိုယ်စား တရား ဟောတော်မူနေသော ဓမ္မစေတီတော်များကို တည်ထားကိုးကွယ် နေကြသော စာချစာသင် အရှင်မြတ်များကို ဦးခေါင်းဖြင့် ဦးညွှတ်ရှိခိုး ပါတယ်။ ကဲ- ကြည့်ကြ၊ ကြည့်ကြ။ ဘုန်းကြီးတို့ ကျောင်းတိုက်ကြီး ကျောင်းတိုက်ကြီးနေ ဆရာတော်အဆက်ဆက် တိုက်အုပ်၊ တိုက်ကြပ်၊ စာချဆရာတော် အဆက်ဆက်တွေ၊ ရှေးရဟန္တာအရှင်မြတ်ကြီးတွေလိုပဲ ဝိနည်းငါးကျမ်းကစ နိကာယ်ငါးရပ် ပို့ချသွားတော်မူကြတယ်။ ပို့ချနေတော်မူကြတယ်။ ဆရာတော်ကြီး ဦးပညာသည် နိကာယ်ငါးရပ် ပို့ချပေးခဲ့သည့်အပြင် ချင်းတောင်တန်း သာသနာပြုလုပ်ငန်းကိုလည်း ဒုတိယကမ္ဘာစစ်ကြီးမပြီးမီကပင် ဆောင်ရွက်တော်မူခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးချိန်မှာလဲ "မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်" အား တောင်တန်းသာသနာပြုအတွေ့အကြုံ ဟောပြောတိုက်တွန်း ဦးဆောင်တော်မူခဲ့ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် သမိုင်းစာအုပ် စာမျက်နှာ (၉ ၊ ၁၀၊ ၁၁)တို့၌ ဆရာတော် ဦးပညာ၏ ချင်းတောင်တန်းသာသနာပြုပုံကို မှတ်တမ်းတင်ထားခဲ့ပါတယ်။ တောင်တန်းသာသနာပြုအစ ချင်းတောင် တောင်ပိုင်းက ဟူ၍လည်း ကောင်း၊ တောင်တန်းသာသနာပြုအစ ပခုက္ကူ ဆရာတော် ဦးပညာက ဟူ၍လည်းကောင်း မှတ်တမ်းတင်ခဲ့ကြပါတယ်။

အဲဒီလို နိကာယ်ငါးရပ်ပို့ချသွားတော်မူကြတဲ့ စာချဆရာတော် တို့၏ စာရင်းဇယားမှတ်တမ်းကြီး တစ်ခုပြုလုပ်ထားသင့်ပါတယ်။ အထိမ်းအမှတ်ပြတိုက်တစ်ခု ရှိသင့်ပါတယ်လို့ အကြံပြုပါတယ်။ အခု အတုလအဂ္ဂမဟာရတုမှာ ဘုန်းကြီးတို့က ရှေးရှေးဆရာတော်ကြီး (၄)ပါးတို့ရဲ့ ပုံတော်ကြီးတွေ(၄)ပေ၊ (၆)ပေ ဓာတ်ပုံကြီးတွေ ကွန်ပျူတာနဲ့ ချဲ့ကူးပြီး ပူဇော်ထားပါတယ်။ စာချဆရာတော်ကြီးအားလုံးရဲ့ ပုံတော်တွေ စုံအောင် ပူဇော်ထားသင့်ပါတယ်။ အခု ရာပြည့်ပူဇော်ပွဲမှာ ကျောင်းတိုက်

http://www.dhammadownload.com



ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ပြောချင်သလောက်များ ပြောရမယ်ဆိုရင် ပါးစပ်မဆံ့အောင် များပါတယ်။ ပခုက္ကူ အရှင်ကေသလာသ ရေးထားသလို အများကြီးပါပဲ။ ဒီကျောင်းတိုက်ကြီးမှာနေပြီး စာသင်ဘူးကြတဲ့ ဆရာတော်များကလဲ ညဥ့်တိုင်းဆက်ဆက်ပြီး ဟောကြားပြောကြဦးမှာ။ ခြံထွက်အသီးအပွင့်တွေပါ။ ခြံထွက်အသီး အပွင့်တွေပဲလို့ မြတ်မြတ်နိုးနိုးနဲ့ မြိန်မြိန်ရှက်ရှက် စားသုံးနာကြားကြပါ။ ယခုနှစ် ပိဋကတ်သုံးပုံဆောင် အရှင်သုန္ဒရဆိုရင်လဲ ပခုက္ကူအနွယ် အဆက်ပါပဲ။ နိဂုံးချုပ်အနေနဲ့ ဂါထာများ ရွတ်ဖတ်ပူဇော်ပါဦးမယ်။

**ဦးထိပ်ဖြင့် ထမ်းရွက်ပါအံ့ဘုရား**

**ရဇောဟာရောမှိ ထေရာနံ၊ သာသနံ ယေသမာဘတံ၊**

**ပါဒဋ္ဌိနိစ သဗ္ဗာနိ၊ တေသံ ဝဟာမိ မတ္ထကေ။**

ယေသံ ထေရာနံ= သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းကြပျော်ပျော် ရှေးခေတ်ခုပေါ် ရေစကြို ဆရာတော်ဘုရားကြီးစသော ဆရာတော်ကြီးတို့သည်၊ သာသနံ= ဘုရားအဆုံးအမတော်ကို၊ ဝါ= ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အဖွင့်သံဝဏ္ဏနာနှင့်တကွ၊ ပရိယတ္တိသာသနာ= အဆိုပါ ပရိယတ္တိသာသနာတော်က ပြသည့် သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရား ပဋိပတ္တိသာသနာတော်ကို၊ အာဘတံ= သင်ယူပို့ချကျင့်ကြံလျက် ရွက်ဆောင်ထမ်းပိုးတော်မူခဲ့ကြလေပြီ။ အဟံ= တပည့်တော် သည်၊ တေသံ ထေရာနံ= သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းကြ ပျော်ပျော် ထိုမဟာထေရ်ကြီးတို့၏၊ ရဇောဟာရော= ခြေဖွဲ့ကပ်တွယ် မြူမှုန်ပယ်ဖို့ အလွယ်ချိပ်ထား ခြေသုပ်အလားသည်၊ အမှိ= အမှန်စိတ်ထား နှိမ့်သောအားဖြင့် လေးစားလျှက်သာ ဖြစ်ရိုးပါတည်း။

http://www.dhammadownload.com



တေသံ ထေရာနံ= သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းကြပျော်ပျော် ထိုမဟာထေရ်ဆရာတော်ကြီးတို့၏၊ သဗ္ဗာနိ= ကြွင်းမဲ့ဥဿုံအလုံးစုံကုန်သော၊ ပါဒဋ္ဌိနိစ= သာသနာ့ဝန်ဆောင် အခေါင်ထွဋ်မြတ်ခြေရိုးဓာတ်တို့ကိုလည်း၊ မတ္ထကေ မတ္ထကေန= ဦးထိပ်ဖြင့်၊ သမ္ပဋိစ္ဆာမိ= လေးလေးစားစား ထမ်းရွက်ထားပါအံ့ဘုရား။

သာဓု - သာဓု - သာဓု

## အောင်ပွဲရဂါထာများ

ဆက်ပြီးတော့ အောင်ပွဲရဂါထာများ ရွတ်ဖတ်ပူဇော်ပါဦးမယ်။ ဒီအောင်ပွဲရဂါထာတွေ ဖေါ်ဆောင်တော်မူပုံလေးက သာသနာတော်အနှစ်လေးရာကျော် ပေထက်အက္ခရာမတင်မီက သီဟိုဠ်မှာ စဏ္ဍာလတိဿ သူပုန်ဘေးကြောင့် (၁၂)နှစ်တိုင်တိုင် ငတ်မွတ်ခေါင်းပါး သေကြေပျက်စီး ဘေးကြီးဆိုက်ရောက်ပြီးနောက် ဘေးငြိမ်းခါစ ပိတုရာဇ အမည်ခံ ဝဋ္ဋဂါမဏိမင်းလက်ထက်မှာ သာသနာတော် တည်ထွန်းခြင်း အကြောင်းရင်းက “ ပဋိပတ်”ပါပဲလို့ အကျင့်အားသန် ပံသုကူဆောင် မထေရ်တို့က အဆိုပြုကြပါတယ်။ ပိဋကတ်စာပေ အားသန် ဓမ္မကထိကမထေရ်တို့က ပရိယတ်သည်သာသနာအရှည် တည်ထွန်းကြောင်းလို့ဆိုတော်မူကြငြင်းတော်မူကြရာမှာ ယခုရွတ်မည့်ဂါထာများ ဆောင်တော်မူပြီး စာပေကျမ်းဂန် အားသန်တော်မူကြသော ဓမ္မကထိကမထေရ်မြတ်တို့ အောင်ပွဲရတော်မူခဲ့ကြဘူးပါတယ်။ ပြောအားရှိလွန်းလှပါတယ်။

## အောင်ပွဲရဂါထာသုံးပုဒ်

**(က) ယာဝတိဋ္ဌန္တိ သုတ္တန္တာ၊**
**ဝိနယော ယာဝဒိပ္ပတိ။**
**တာဝရက္ခန္တိ(ဒက္ခန္တိ)အာလောကံ၊**
**သူရိယေ အဗ္ဘုဋ္ဌိတေယထာ။**

http://www.dhammadownload.com



ယာဝ= အကြင်မျှလောက်၊ သုတ္တန္တာ= သုတ္တန် အဘိဓမ္မာတို့သည်၊ တိဋ္ဌန္တိ= သင်အံပို့ချ အသုံးချလျှက် တည်ကုန်၏။ ယာဝ= အကြင်မျှလောက်၊ ဝိနယော= ဝိနည်းသည်၊ ဒိပ္ပတိ= ထွန်းတောက်ပ၏။ တာဝ= ထိုမျှလောက်၊ သူရိယေ အဗ္ဘုဋ္ဌိတေယထာ= နေတက်ရာအခါ၌ကဲ့သို့၊ အာလောကံ= သာသနာတော်ရောင်ကို၊ ရက္ခန္တိ= စောင့်ရှောက်တွေ့မြင်ရကုန်၏။ ဒက္ခန္တိ= တွေ့ရမြင်ရကုန်၏။

(ခ) **သုတ္တန္တေသု အသန္တေသု၊**
**ပမုဋ္ဌေ ဝိနယမှိစ။**
**တမော ဘဝိဿတိ လောကော၊**
**သူရိယေ အတ္ထင်္ဂတေယထာ။**

သုတ္တန္တေသု= သုတ္တန်, အဘိဓမ္မာတို့သည်၊ အသန္တေသု= မထင်ကွယ်ပျောက်ကုန်သည်ရှိသော်၊ ဝိနယမှိစ= ဝိနည်းသည်လည်း၊ ပမုဋ္ဌမှိ= မသင်မကြား မပို့ချပဲ ကွယ်ပျောက်သွားသည်ရှိသော်၊ သူရိယေ အတ္ထင်္ဂတေယထာ= နေဝင်ရာအခါ၌ကဲ့သို့၊ လောကော= လောကသည်၊ တမော= သာသနာတော်ရောင်ပျောက်၍ အမိုက်မှောင်ကျသည်၊ ဘဝိဿတိ= ဖြစ်ပါလိမ့်မည်တည်း။

သာဓု - သာဓု - သာဓု

(ဂ) **သုတ္တန္တေ ရက္ခိတေသန္တေ၊**
**ပဋိပတ္တိ ဟောတိ ရက္ခိတာ။**
**ပဋိပတ္တိယံ ဌိတော ဓီရော၊**
**ယောဂက္ခေမာ နဓံသတိ။**

သုတ္တန္တေ= သုတ္တန်, ဝိနည်း, အဘိဓမ္မာကို၊ ရက္ခိတေ= သင်ဟောပို့ချ၍ စောင့်ရှောက်အပ်သည်၊ သန္တေ= ဖြစ်ထင်ရှားသည်ရှိသော်၊ ပဋိပတ္တိ= သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို၊ ရက္ခိတာ=

http://www.dhammadownload.com



စောင့်ရှောက်ထိန်းသိမ်းအပ်သည် မည်သည်၊ ယောတိ= ဖြစ်ပါပေ၏။ ပဋိပတ္တိယံ= သီလ သမာဓိ ပညာသိက္ခာသုံးရပ် အကျင့်မြတ်၌၊ ဌိတော= တည်သော၊ ဓီရော= ပညာရှိသည်၊ ယောဂက္ခေမာ= ယောဂလေးပါး၊ လောဘ ဒိဋ္ဌိ မောဟ တို့၏ ကုန်ခြင်းမှ၊ ဝါ= ယောဂလေးပါး လောဘ ဒိဋ္ဌိ မောဟတို့၏ ကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်မှ၊ နဓံသတိ= မလျှောမကျ မပျက်မစီးသာတည်း။

သာဓု သာဓု သာဓု

## တရားလေးစားကြည်ညိုရာမှ

အဲဒီလို သာသနာတော်အရှည် တည်တံ့ရေး ပရိယတ္တ ဓမ္မစေတီတော်များသာ အရေးပါပုံ အောင်ပွဲရ ဂါထာများအရ ချမ်းသာလိုသူ မှန်သမျှတို့ဟာ အဲဒီတရားဓမ္မစေတီတော်တွေကို လေးစားကြရ၊ တရားလေးစားရာမှ တရားရှင် တရားမြတ်ဘုရားနှင့် တရားမပျောက်အောင် သင်အံ့ပို့ချလိုက်နာကြသော သံဃာတော်များကို လေးစားကြည်ညိုကြရပုံ ဂါထာလေးနဲ့ နိဂုံးချုပ် ပူဇော်ပါ့မယ်။

**မာနေန္တိ ဓမ္မကာမာ ယေ၊ ဓမ္မမာဂမ္မ ဒေသကံ။**

**ဗုဒ္ဓဥ္စာမတဒံ သံဃံ၊ ဓမ္မောဇာ မတလိမ္ပိတံ။**

ယေ= အကြင်နတ်နှင့် ဗြဟ္မာ ရဟန်းရှင်လူတို့သည်၊ ဓမ္မကာမာ= ချမ်းသာ ဖို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနောရွှင်ပျို နှစ်လိုကြကုန်သည်ဖြစ်၍၊ ဓမ္မံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ် အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှစွာ ဓမ္မစေတီတော်မြတ် ပိဋကတ်တရားတော်ကို၊ မာနေန္တိ= မြတ်နိုးကြပေကုန်၏။ တေ= ထိုဓမ္မစေတီတော်မြတ် ပိဋကတ်ကို မြတ်နိုးကြကုန်သော သူတို့သည်၊ ဒေသကံ= လေးဆယ်နှင့်ငါး ချိန်မအားအောင် ဟောကြားတော်မူတတ်ပါသော၊ အမတဒံ= မြိုက်ရည်ချိုစိမ့် ပီတိငြိမ့်အောင် ဟောမိန့်သာကြူ ပေးသနားတော်မူတတ်ပါပေသော၊ ဗုဒ္ဓဥ္စ= အကျင့်

http://www.dhammadownload.com



စရိုက် အသင့်လိုက်၍ အမြိုက်ရည် တိုက်ကျွေးတော်မူတတ်သည့် တရားသခင် ဘုရားရှင်ကိုလည်း၊ မာနေန္တိ= ကျေးဇူးဂုဏ်သိရ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွေ့ပြောင်းပဲ နှစ်ထောင်းအားရ ကြည်ညိုမြတ်နိုး ကြရကုန်သည် တကား။

ဓမ္မောဇာမတလိမ္ပိတံ= ကိလေချေးမြူ ဖွေးဖွေးမြူ၍ မွှေးကြူ ပျံ့ငြိမ်း အမြိုက်ရည် လိမ်းတော်မူအပ်သော၊ သံဃဉ္စ= ရှစ်ယောက် အရိယာ မြတ်သံဃာကိုလည်း၊ မာနေန္တိ= မြတ်နိုးကြရပေကုန်၏။ သုခုမဉာဏ ဂေါစရံ= နူးညံ့သိမ့်မွေ့သော ဉာဏ်တော်၏ ကျက်စားရာ ဖြစ်သော၊ ဓမ္မံ= ပိဋကတ်သုံးပုံ တရားတော်ကို၊ ဝါစကံ= သင်ဟောပို့ချ တော်မူခဲ့ကြသော၊ သံဃဉ္စ= ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရား စသော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်အောင် လက်ဆင့်ကမ်းပခုံး ပြောင်း၍ တပည့်တော်တို့နှင့် ဤသာသနာတော် တိုက်တိုက်ဆိုင်ဆိုင် ကြုံရဆုံရလေအောင် အဆင့်ဆင့် သယ်ဆောင်တော်မူလာကြသော ဆရာတော်၊ သံဃာတော် အရှင်မြတ်များကိုလည်း၊ မာနေန္တိ= ကျေးဇူး ဂုဏ်သိရ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင် မရွေ့ပြောင်းပဲ နှစ်ထောင်း အားရ ကြည်ညိုမြတ်နိုးကြရပါကုန်သည် ဘုရား။

သာဓု - သာဓု - သာဓု။

http://www.dhammadownload.com



# ဗုဒ္ဓဘာသာ ဗုဒ္ဓယဉ်ကျေးမှုကို စတင်တည်ထောင် ဦးဆောင်တော်မူခဲ့သော ရှင်တော်ဗုဒ္ဓ၏ကျန်းမာရေးဆိုင်ရာ အဆိုအမိန့်များ

**ကန်တော်ကြီး ပဲလေ့ဟော်တယ်၊ ရန်ကုန်မြို့။**
**(၁၇-၁၂-၂၀၀၃)**

မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါအပေါ် တန်ပြန်ဆောင်ရွက်ရာ၌ ဗုဒ္ဓဘာသာ ဝင်များပါဝင်မှုဆိုင်ရာ တစ်ရက်တာ နှီးနှောဖလှယ်ပွဲ၌ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ ကိုယ်စားလှယ် ရန်ကုန်မြို့၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရကျောင်း နယ်စပ်ဒေသနှင့်တိုင်းရင်းသား ကလေးသူငယ် များ ဖွံ့ဖြိုးရေးကျောင်း ကျောင်းအုပ်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဘဒ္ဒန္တဇာဂရာဘိဝံသ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ၏ ဆွေးနွေးတင်ပြချက်။

## ဗုဒ္ဓဘာသာ ဗုဒ္ဓယဉ်ကျေးမှုကို စတင်တည်ထောင်ဦးဆောင်တော်မူခဲ့သော ရှင်တော်ဗုဒ္ဓ၏ ကျန်းမာရေးဆိုင်ရာ အဆိုအမိန့်များ

လွန်ခဲ့သောနှစ်ပေါင်း ၂၅၉၂ နှစ်က ပွင့်ထွန်းပေါ်ပေါက်ခဲ့သော ဂေါတမရှင်တော်ဗုဒ္ဓသည် လောကလူသားများနှင့် လောကသား အားလုံးတို့၏ ဥသျှောင် ရှေ့ဆောင်ဆီမီး မီးရှူးတန်ဆောင်ကြီး ဖြစ်ခဲ့ပါတယ်။

မိခင်ဇရာဝတီ

http://www.dhammadownload.com



မျက်မြင်ဘဝ ကြီးပွားချမ်းသာရေးနှင့် နောင်တမလွန်ဘဝ ကြီးပွားချမ်းသာရေးတို့အတွက် အဆိုအမိန့်များစွာကို ဆိုမိန့်လမ်းညွှန် တော်မူခဲ့ပါတယ်။ ယင်းအဆိုအမိန့်များစွာကို (၂၆)ရာစုသို့တိုင် တပည့်အဆက်ဆက် တို့က လက်ဆင့်ကမ်း ပခုံးပြောင်း သယ်ဆောင် သိမ်းဆည်းထားခဲ့ပါတယ်။

ကမ္ဘာတွင် စကားအများဆုံး၊ အဆိုအမိန့်အများဆုံး ထားနိုင်ခဲ့သော ဘာသာရေးခေါင်းဆောင်ကြီးအဖြစ် စာမျက်နှာပေါင်း (၃)သောင်းကျော်ရှိ စာအုပ်များနှင့် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု တင်စားပြောဆိုထားခဲ့ကြသော မန္တလေးတောင်ခြေရှိ ကျောက်စာများက သက်သေခံလျက်ရှိပါတယ်။

အဆိုအမိန့်များစွာဖြင့် ရှေ့ဆောင်ရွာတွင် ဟုတ်မှန်ကျိုးရှိ သူတစ်ပါးတို့ လက်ခံနိုင်သော စကားမျိုးနှင့် သူတစ်ပါးတို့ လက်မခံကြသော်လည်း မကြိုက်ကြသော်လည်း ဟုတ်မှန်ကျိုးရှိသော စကားမျိုးကိုသာ သုံးနှုန်းပြောဆို ညွှန်ကြားတော်မူခဲ့ပါတယ်။

ကမ္ဘာလောက၌ အဲဒီလို စကားနှစ်မျိုးကို အများဆုံးပြောကြားနိုင်သည့် ပုဂ္ဂိုလ်ထူးကြီးလို့ အသိအမှတ် ပြုကြရ၊ လေးစားကြည်ညိုကြရပါတယ်။ ယင်းသို့ များပြားပိဋကတ်သုံးပုံ တရားကို ဟောကြားနိုင်သည့် ပုဂ္ဂိုလ်ဆိုတာ (၂၆)ရာစုအတွင်း ရှင်တော်ဗုဒ္ဓတစ်ပါးတည်းသာ တစ်ဆူတည်းသာရှိကြောင်း မျက်မြင်သက်သေများအရ ပြောဆိုနိုင်ပါတယ်၊ သိသာထင်ရှားပါတယ်။

အဆိုပါ စကားတော် အဆိုအမိန့်များထဲက ကျန်းမာရေးဆိုင်ရာ အဆိုအမိန့်ညွှန်ကြားချက်များကို အနည်းငယ်မျှ ထုတ်ဖော်ပြောကြားလိုပါတယ်။

* ရှင်တော်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က အာဂန္တုဧည့်သည် ရဟန်းတော်များ ရောက်လာကြပါလျှင် ရှင်တော်ဗုဒ္ဓက စတင်နှုတ်ဆက်စကား မိန့်ကြားရာမှာ-

http://www.dhammadownload.com



"ရဟန်းတို့၊ ခန့်ကျန်းသာလို့ မာကြရဲ့လား"ဆိုတဲ့ ကျန်းမာရေး ဆိုင်ရာ နှုတ်ဆက်မေးခွန်း ပထမဆုံး မေးမြန်းတာကို တွေ့မြင်ရတဲ့ အတွက် ရှင်တော်ဗုဒ္ဓကိုယ်တိုင် မည်မျှကျန်းမာရေးကို အလေးထား ကြောင်း ထင်ရှားလှပါတယ်။

ကမ္ဘာလူသားအများစုတို့ကလည်း "How are you"၊ မြန်မာတို့ ကလည်း "နေကောင်းရဲ့လား"လို့ နှုတ်ခွန်းဆက်ကြသဖြင့် ကျန်းမာရေး သည် မည်မျှအရေးကြီးကြောင်း ထင်ရှားပါတယ်။

* ထို့ပြင် တပည့်ရဟန်းတော်များအား မှီရာ ပစ္စည်းလေးပါး ခွင့်ပြုရာတွင် နံပါတ် (၄)၌ ကျန်းမာရေး အတွက် ဆေးပစ္စည်းကို ထည့်သွင်းခွင့်ပြုခဲ့ပါတယ်။

* ထို့ပြင် လောကကြီးပွား တိုးတက်လိုသူတိုင်း ပြည့်စုံရမည့် အချက်အလက် (၆)မျိုးကို ဆိုမိန့်ရာတွင် ဘဝကြီးပွားချမ်းသာရေး လမ်းညွှန်ရာတွင် ရှေ့တန်းတင်ညွှန်ကြားတော်မူခဲ့ပါတယ်။

* ထို့ပြင် လောကကောင်းကျိုး ရယူမှုအမျိုးမျိုး၊ အခွင့်အလမ်း အမျိုးမျိုး ရှိတာတွေထဲက အနာရောဂါ ကင်းရှင်းကွာ၍ ကျန်းမာခြင်း ဆိုတဲ့ အကျိုးထူး အခွင့်အလမ်းဟာ အကောင်းဆုံး ကောင်းကျိုးရယူမှု၊ အကောင်းဆုံး အခွင့်အလမ်းရလာဒ်ကို ရယူလိုက်ခြင်းပါပဲလို့လဲ ကျန်းမာရေးရဲ့ တန်ဖိုးကြီးမားပုံကို ဆိုမိန့်တော်မူခဲ့ပါတယ်။

မှန်ပါတယ်။ လောကလူသားတွေဟာ ကျန်းမာနေဆဲကာလ ကျန်းမာရေးရဲ့တန်ဖိုးကို မသိကြသော်လည်း မကျန်းမာသောအခါ ကျန်းမာရေးရဲ့တန်ဖိုးကို သိလာကြပါတယ်။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါစွဲကပ်နေသောသူသည် ဒီရောဂါပျောက်ကင်း လိုမှုထက် ပိုလွန်သော ရယူလိုမှု နောက်တစ်ခုတောင့်တဖွယ်ထားရှိရန် မဖြစ်နိုင်တာကို ကြည့်သောအားဖြင့် အကျိုးထူးအခွင့်အလမ်းအားလုံး ထဲမှာ ကျန်းမာရေးသည်သာ အမွန်ဆုံး၊ အကောင်းဆုံး ရလာဒ်ကောင်း ဖြစ်သည်မှာ ထင်ရှားပါတယ်။

မိခင်ဇရာဝတီ

http://www.dhammadownload.com



ထို့ပြင် ရှင်တော်ဗုဒ္ဓသည် မိမိတပည့်များအား အဆိုအမိန့်တို့ကို သင်ကြားရေးလုပ်ငန်း၊ လက်တွေ့လိုက်နာကျင့်ကြံ အားထုတ်ရေးလုပ်ငန်း ဟူသော လုပ်ငန်းစဉ်ကြီး(၂)ရက်ကို ချမှတ်ထားခဲ့ပါတယ်။ အဆိုပါ လုပ်ငန်း(၂)ရပ်အနက် လက်တွေ့လိုက်နာ ကျင့်ကြံအားထုတ်ခြင်း လုပ်ငန်းကို ကြိုးပမ်းကြသူ တပည့်များသည် မက်မောမှု၊ လိုချင်တပ်မက်မှု၊ စိတ်မသက်သာနှလုံးနာမှု၊ အကြမ်းဖက်လိုမှု၊ စိတ်တိုကိုယ်ကြမ်းပြုမှု၊ ဇဝေဇဝါ မသိမိုက်မဲမှုတို့ကို မီးပုံမီးကြီးပမာ အဆိပ်အတောက်အသွင် မြင်တော်မူကြရေး လောကရှိသမျှဖြစ်သမျှ ဆိုးကျိုးဟူတို့၏ ရေသောက် မြစ်ပမာ မြင်တော်မူကြရေးအတွက် ယင်းတရားဆိုး၊ တရားပျက်တို့ကို အမြစ်ပါမကျန် တွန်းလှန်ဖြိုဖျက်ရန် ချမှတ်ထားသည့် လမ်းရှစ်သွယ် အတိုင်း လျှောက်လှမ်းကာ အစဉ်ထာဝရ ငြိမ်းချမ်းပြီး အေးမြသာယာ ချမ်းသာလို့ ခေါ်တဲ့ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးသို့ ဝင်ရောက်နိုင်ကြ ပါတယ်။

| **ဒီဘက်ကမ္ဘာ၌** | **နိဗ္ဗာန်ရွှေမြို့တော်ကြီး၌** |
|---|---|
| မွေးဖွားသည် | မမွေးဖွား |
| အိုသည် | မအို |
| နာသည် | မနာ |
| သေသည် | မသေ |
| ရောဂါမျိုးစုံစွဲကပ်သည် | ရောဂါလုံးဝမရှိ |

ဒီလိုနှိုင်းယှဉ်ပြီး ဤဘက်ကမ္ဘာမှ ဟိုမှာဘက်ကမ်းရှိ နိဗ္ဗာန်တည်း ဟူသော ငြိမ်းချမ်းရေး ရွှေမြို့တော်သို့ အရောက်သွားလိုသူတိုင်းအတွက် ပြည့်စုံရမည့် ညွှန်ကြားချက် ငါးမျိုး ချမှတ်ထားရာတွင်လည်း "အညီ ချက်ချေ အစာကြေ၍ ကျန်းမာရေးကောင်းခြင်း" ဆိုတဲ့ အချက်အလက် တစ်ခု ထည့်သွင်းညွှန်ပြတော်မူခဲ့ပါတယ်။ ထို့ပြင် ယင်းသာသနာ့လုပ်ငန်း စဉ်ကြီး (၂)ရက်ကို ထမ်းပိုးအံ့ဟူသော ရည်ရွယ်ချက်ဖြင့် ရှင်တော်ဗုဒ္ဓ၏ သာသနာ့နယ်ပယ်သို့ ဝင်ရောက်၍ လုပ်ငန်းစဉ်(၂)ရပ်ထမ်းကာ

http://www.dhammadownload.com



ရဟန်းပြုလိုကြ သူများကို-

ဝဲ၊ ပွေးနာ၊ အိုင်းအနာ၊ နူနာ၊ ချောင်းဆိုး၊ တီဘီသွေးပါ၊ အနာရောဂါ၊ အရူးရောဂါတွေကင်းရှင်းရဲ့လားလို့ မေးမြန်းပြီး အဆိုပါ ရောဂါတွေ ကင်းရှင်း၍ ကျန်းမာရေးကောင်းမွန်မှ ရဟန်းပြုရန် လက်ခံတော်မူပါတယ်။ မကျန်းမာသူများကို သာသနာ့နယ်ပယ်သို့ ဝင်ရောက်မှု တားမြစ်တော်မူခဲ့ ပါတယ်။ ဒီအချက်ကို ကြည့်သောအားဖြင့် ရှင်တော်ဗုဒ္ဓသည် မည်မျှကျန်းမာရေး အလေးထားကြောင်း သိသာလှ ပါတယ်။ ထို့ပြင် (၂၀)ရာစု လူသားများ တွေ့ကြုံခဲ့ရသည့် စိန်ခေါ်မှုတွေကို ပြန်လည်သုံးသပ်သင့် ပါတယ်။ (၂၀)ရာစုသည် (၂၁)ရာစုရဲ့ လမ်းညွှန် ဆရာ ဖြစ်ပါတယ်။ အကျိုးအကြောင်း အဆိုးအကောင်းကို ညွှန်ပြနေပါတယ်။ ထို့ကြောင့်ပင် (၂၀)ရာစု ကုန်လွန်ခါနီး(၂၁)ရာစု မဆန်းအရောက်မှီကာလတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြပါတယ်။ (၂၁)ရာစုမှာ ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို အံတုရင်ဆိုင် ကျော်လွှားနိုင်ရန် ဆွေးနွေးခဲ့ကြပါတယ်။ (၂၀)ရာစု လူသားတို့သည် လောဘဇောတိုက် မက်မောမှု၊ တပ်မက်မှု၊ အလိုကြီးမှု၊ အကြမ်းဖက်လိုမှု၊ သတ်လိုဖြစ်လိုစိတ်၊ မသိမိုက်မဲမှုတို့ များပြားခဲ့ကြတာကြောင့် ပျက်စီး ဆုံးရှုံးမှုကြီးတွေနဲ့ ကြုံတွေ့ခဲ့ကြရပါတယ်။

အစာရေစာ ငတ်မွတ်ခေါင်းပါး၍ သန်းပေါင်းများစွာ သေကျေ ပျက်စီးဆုံးရှုံးမှု၊ လက်နက်ဘေးအန္တရာယ်ထိခိုက်စူးရှ၍ သန်းပေါင်း များစွာ သေကြေပျက်စီးဆုံးရှုံးမှု၊ အနာရောဂါမျိုးစုံ ဖိစီးနှိပ်စက် စွဲကပ်ကျရောက်၍ သန်းပေါင်းများစွာ သေကြေပျက်စီးဆုံးရှုံးမှုဆိုတဲ့ ကပ်ကြီးသုံးပါးတို့ရဲ့ စိန်ခေါ်မှုကြီးတွေနဲ့ တွေ့ကြုံဆုံဆည်းပြီး အံမတုနိုင် အရှုံးပေးဆလံသ ခေါင်းမထောင်နိုင်ပဲ ရှိခဲ့ကြပါတယ်။ အဲဒီစိန်ခေါ်မှုတွေ ထဲက ပလိပ်ရောဂါ၊ ကျောက်ရောဂါ၊ တီဘီရောဂါ၊ ကင်ဆာရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါတို့ရဲ့ စိန်ခေါ်မှုကို အံမတုနိုင် အရှုံးပေးခဲ့ရသဖြင့် အိမ်လုံးကျွတ်၊ ရွာလုံးကျွတ် သေကြေမှု၊ ဆုံးရှုံးမှုကြီးတွေ တွေ့ကြုံခဲ့ကြ

http://www.dhammadownload.com



ရပါတယ်။ (၂၀)ရာစုနောက်ပိုင်း (၁၀)စုနှစ်များ၌ ကမ္ဘာ့ဆေးပညာရှင်များ အကူအညီဖြင့် ပလိပ်ရောဂါ၊ ကျောက်ကပ်ရောဂါတို့ရဲ့ စိန်ခေါ်မှုကို အံတုနိုင်အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဆေးတွေ့ခဲ့ပါတယ်။ တီဘီရောဂါ၏ စိန်ခေါ်မှုကိုလဲ ဆေးတွေ့၍ တစ်စိတ် တစ်ဒေသ နိုင်နင်းအံတုနိုင်ခဲ့ပါပြီး၊ ကင်ဆာရောဂါ၊ အေအိုင်ဒီအက်ရောဂါတို့နှင့် ပတ်သက်လို့ သက်သာ စေရုံ၊ အခိုက်အတန့် တားဆီးရုံမျှ အဆင့်နဲ့ပဲ အံတုရင်ဆိုင်နိုင်ပါသေး တယ်လို့ သိရပါတယ်။ ဆလံသ အရှုံးပေး ခေါင်းငုံ့ခံရဆဲပင် ဖြစ်နေပါ သေးတယ်လို့ ဆိုနိုင်ပါတယ်။

ထို့ပြင် (၂၀)ရာစုမှသည် (၂၁)ရာစုသို့ ကူးပြောင်းရွှေ့လျား လားခဲ့ကြသော လူသားများသည် ရာစုသက်တမ်းတစ်ခုလုံး နေခွင့်ရရန် အသက်ရှည်ဖို့ ခက်ခဲလှပါတယ်။ (၂၁)ရာစုမှာ ကြုံတွေ့ရမည့် စိန်ခေါ်မှု တွေကို အံတုရင်ဆိုင်ကျော်လွှားနိုင်ဖို့ ကြိုတင်ပြင်ဆင်ခဲ့ကြပါတယ်။ ကမ္ဘာ့ လူထုကြီးသည် အို၊ နာ၊ သေတို့ရဲ့စိန်ခေါ်မှုကိုတော့ အောင်ပွဲခံသည်အထိ အံတုရင်ဆိုင် ကျော်လွှားနိုင်ရန် နည်းလမ်းမျှ တွေ့ဖို့ခက်ခဲလှပါတယ်။ အဆိုပါ အို၊ နာ၊ သေတို့ရဲ့ စိန်ခေါ်မှုကို အံတုရင်ဆိုင်ကျော်လွှားနိုင်ရန် ရှင်တော် ဗုဒ္ဓသည် “ငါဘုရား ညွှန်ပြမိန့်ဆိုထားတဲ့လမ်းစဉ်အတိုင်း ကြိုးစားကြ၊ ကျူတဲအိမ်ကို ဆင်ပြောင်ကြီးက ဖျက်ဆီးသလို သေမင်းရဲ့ စစ်သည်တွေကို အနိုင်တိုက်ကြ ဖျက်ဆီးကြကုန်” လို့ အဆိုးဝါဆုံး ဆင်းရဲဖြစ်တဲ့ သေခြင်းရဲ့ စိန်ခေါ်မှုကို အံတုယှဉ်ပြိုင် အနိုင်ရကျော်လွှား နိုင်ရန် ထွက်ပေါက်ရှာ၍ လမ်းရှစ်သွယ်ဖြင့်သွားရန် နည်းပေးလမ်းပြ ပေးတော်မူနိုင်ပါတယ်။

တီဘီ၊ ကင်ဆာ၊ အေအိုင်ဒီအက်စ် ရောဂါဆိုးကြီးများ၏ စိန်ခေါ်မှု၊ ငတ်မွတ်ခေါင်းပါးမှု၊ စစ်မက်ဖြစ်ပွားမှုတို့ရဲ့ စိန်ခေါ်မှုများက (၂၁)ရာစု၌ ပိုမိုများပြားလာဖွယ် ရှိပါတယ်။ ယနေ့ကမ္ဘာ၌ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားမှု သန်းပေါင်း(၄၀)ရှိပြီး တစ်နေ့လျှင် ရှစ်ထောင်ခန့် အဆိုပါ ရောဂါကြောင့် သေကြေနေပါတယ်။ (၂၁)ရာစု

http://www.dhammadownload.com



အစပိုင်း သုံးနှစ်ပွဲဦးထွက် ခရီးမှာပင် ယခုတွေ့ကြုံနေကြရသော ရောဂါဆိုးကြီးများ၊ ငတ်မွတ်ခေါင်းပါးမှုများ၊ စစ်မက်ဖြစ်ပွားမှုများက သက်သေပြလျှက် ရှိပါတယ်။

ထို့ကြောင့် (၂၁)ရာစု လူသားတို့အပေါ် အဆိုပါစိန်ခေါ်မှု အမျိုးမျိုးကို အံတုရင်ဆိုင် အနိုင်ရ ကျော်လွှားနိုင်ရန် နည်းမှန် လမ်းမှန် လမ်းစဉ်ကို ရှင်တော်ဗုဒ္ဓက ချမှတ်ညွှန်ကြားတော်မူခဲ့ပါတယ်။ အာရှနိုင်ငံ အားလုံးနှင့် ကမ္ဘာသူ ကမ္ဘာသားများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဆက်စပ်ယှက်နွယ်မှုကို စိန်ခေါ်နေသော ပြည်သူ့ ကျန်းမာရေးပြဿနာကို ဖြေရှင်းရာဝယ် အထောက်အကူအများကြီး ရနိုင်မည့် ဖော်ပြလတ့်ပါ လမ်းစဉ်အဆိုအမိန့်ကို လေ့လာလိုက်နာ မြီးစမ်းကြည့်စေချင်ပါတယ်။ ရှင်တော်ဗုဒ္ဓသည် အိမ်ရာထောင်သူ လူတို့အား မိမိလင်၊ မိမိမယားမှ အခြားအမျိုးသား၊ အမျိုးသမီးတို့အပေါ် စိတ်နဲ့မျှ မပြစ်မှားပဲ တစ်လင် တစ်မယားစနစ်ကို အားပေးညွှန်ပြဂုဏ်ပြု ဟောကြားတော်မူခဲ့ပါတယ်။ တစ်လင်တစ်မယားစနစ်ထား၍ တရားနှင့် လျော်သော အိမ်ထောင်ရေးကို တည်ဆောက်နိုင်ပါလျှင် လုံခြုံစိတ်ချ အေးမြသော လူ့ဘောင်လောကဖြစ်ပြီး ကျန်းမာရေးကောင်းကျိုးလဲ ရနိုင်ပါတယ်။ ထိုပြင် မိမိလင်သား၊ မိမိမယားဖြင့်သာ ရောင့်ရဲတင်းတိမ်မှု သည် အသက်ရှည်ဆေးတစ်ခုဖြစ်ကြောင်းကို ဟောကြားတော်မူခဲ့ ပါတယ်။ အဆိုပါ အချက်(၂)ချက်တို့နဲ့ ပတ်သက်လို့ သိင်္ဂါလောဝါဒ သုတ္တန်၊ ဓမ္မပါလ ဇာတ်တော်တို့ကား သက်သေသာဓကများဖြစ်ပါတယ်။ ထို့ပြင် မိမိနှင့်မျှတသင့်လျော်သော သွားမှု၊ လာမှု၊ နေမှု၊ ထိုင်မှုရှိခြင်း၊ မိမိနှင့် သင့်လျော်သော အစားအစာကို စားသောက်ခြင်း၊ အတိုင်းအရှည် သိခြင်း၊ ဆေးဝါးခတ်စာ စားသုံးခြင်း၊ အစာကြေခြင်း၊ အချိန်မဲ့အခါမဲ့ သွားမှု၊ လာမှု၊ ရှောင်ရှား၍ အချိန်အခါအားလျော်စွာ သွားတတ်၊ လာတတ်ခြင်း (အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုပ်ဟု ဆိုရိုးစကား ရှိပါတယ်။) ယုတ်ညံ့သော လိင်ဆက်ဆံမှုမှ ရှောင်ရှားနိုင်ခြင်း

http://www.dhammadownload.com



အထူးအားဖြင့် သူတပါးသားမယားနှင့် လိင်ဆက်ဆံခြင်းမှ ရှောင်ရှား နိုင်ခြင်း၊ မည်သူနှင့်မဆို လိင်ဆက်ဆံခြင်းမှ ရှောင်ကြဉ် နိုင်ခြင်း၊ ဖော်ပြပါ အချက်အလက်တို့သည် အသက်ရှည်ခြင်းရဲ့ အခြေခံ အကြောင်းတွေ ပါပဲလို့ ဟောဖော်ညွှန်ကြားတော်မူခဲ့ပါတယ်။

ထို့ပြင် မြတ်ဗုဒ္ဓနှင့်တရား၊ သံဃာ၊ သုံးမျိုးကို ဦးထိပ်ထား အားထားကိုးကွယ်သူ ဥပါသကာ ဥပါသိကာတို့သည် သူတပါးတို့ ပိုင်ဆိုင်၍ မိမိပိုင်မဆိုင်သော သားမယားတို့ကို ခိုးယူပေါင်းသင်း လိင်ဆက်ဆံပျော်ပါးခြင်း မပြုရဟူလည်းကောင်း၊ မည်သူနှင့်မဆို လိင်ဆက်ဆံခြင်း မပြုရဟူ၍လည်းကောင်း အခြေခံ အလေ့သီလ အကျင့်၌ ထည့်သွင်းဟောကြားတော်မူခဲ့ပါတယ်။ ထို့ပြင် ဥပါသကာ အမျိုးသားများ၊ ဥပါသိကာ အမျိုးသမီးများသည် မူးယစ်ဆေးဝါး အသားသုံးစွဲသောက်သုံးမှု၊ ဖောက်ကားရောင်းဝယ်မှု၊ လူကုန်ကူးခြင်း၊ ပြည့်တန်ဆာခေါင်းလုပ်မှု၊ အဆိပ်၊ လက်နက်ရောင်းဝယ်မှုတို့ဖြင့် အသက်မွေးမှုတို့ ရှောင်ကြဉ်ကြရန် လမ်းညွှန်တော်မူခဲ့ပါတယ်။ ဤအချက်တွေကို ကြည့်သောအားဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု တိုက်ဖျက် ရေး၊ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက် ကာကွယ်ရေးတို့ကို မြတ်ဗုဒ္ဓ သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅၉၂)နှစ်ကပင် ဦးဆောင်တော်မူ ခဲ့ကြောင်း ထင်ရှားပါတယ်။

ထို့ပြင် ဘဝပျက်စီးဆုံးရှုံးမှုကို ဖြစ်စေတတ်သော မိန်းမကြူး၊ မူးယစ်ကြူး၊ လောင်းကစားကြူးဆိုတဲ့ ကြူးသုံးကြူးကို အယူး ရှောင်ရှားရန် ဟောတော်မူပြန်ပါတယ်။ ကျေးဇူးတော်ရှင် ကမ္ဘာကျော်လယ်တီ ဆရာတော် ဘုရားကြီးက ကျန်းမာရေး ရရှိရေးနှင့်ပတ်သက်၍ "စောစောအိပ်ထ ပြုကျင့်က တွင်းပကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်း ရှောင်ခွာတိမ်း ကင်းငြိမ်းလွန် ကျန်းမာ"လို့ ဆိုမိန့်တော်မူခဲ့ပါတယ်။ ယခုခေတ် လူငယ်လူရွယ်တို့သည် အကြောင်းအမျိုးမျိုးကြောင့် ညဉ့်သန်းခေါင်မှ အိပ်စက်တတ်ကြပါတယ်။ နေမြင့်မှ နံနက်(၉)နာရီ

http://www.dhammadownload.com



(၁၀)နာရီမှ အိပ်ရာထတတ်ကြပါတယ်။ အလဟဿ အားအင်ကုန်ခမ်းပြီး ခုခံအားကျဆင်းမှုရောဂါကို ဖိတ်ခေါ်နေတတ်ကြပါတယ်။ ထို့ကြောင့် စောစောအိပ်၊ စောစောအိပ်ရာမှ ထမြောက်နိုးကြားရန် ပညာပေး စည်းရုံးသင့်ပါတယ်။ အလားတူ ကျေးဇူးတော်ရှင် လယ်တီဆရာ တော်ဘုရားကြီး၏ တပည့်ကြီး ဂန္ထကာရက အရှင်ကေဝလာဘိဝံသ မဟာထေရ်မြတ်က "ကျန်းမာရေးချို့တဲ့အောင် စာကြိုးစားသူကို မိမိတို့က မချီးမွမ်း"ဟု မိန့်တော်မူ၍ သတိပေးထားခဲ့ဘူးပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်၍ ဖော်ပြပါအတိုင်း ညွှန်ကြားလွှာ ထုတ်ပြန်တော်မူခဲ့ပါတယ်။

## "အေအိုင်ဒီအက်စ်ရောဂါ ရဟန်းတော်များ၌ ဖြစ်ပွားနေမှုနှင့် ပတ်သက်၍ သိရှိလိုက် နာရန် ထုတ်ပြန်ညွှန်ကြားခြင်း"

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၃၈)ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံးကြီး အုပ်ချုပ်ရေးအဖွဲ့က ဇီဝိတန ဒါန သံဃာ့ဆေးရုံးကြီးတွင် လာရောက်၍ ဆေးကုသမှုခံယူကြသည့် ဂိလာနရဟန်း သာမဏေများတွင် အေအိုင်ဒီအက်စ်ရောဂါ လက္ခဏာ များရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သာသနာ့တော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆရာတော်များအနေဖြင့် ယင်းရောဂါမှာ ကူးစက် ပြန့်ပွားတတ်သည့် သဘာဝကိုသိရှိ၍ တားဆီးကာကွယ်ပေးရန် လိုက်နာ ဆောင်ရွက်သင့်ကြောင်းဖြင့် တင်ပြလျှောက်ထားလာပါသည်။

၂။ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့က အဆိုပါ ရောဂါဖြစ်ပွားနိုင်သော အကြောင်းအချက်အလက်များကို ဖော်ပြလတ္တံ့ပါ အတိုင်း တင်ပြထားပါသည်-

(က) ဂိလာနရဟန်းသာမဏေများကို သွေးစစ်အတည် ပြုချက်အရ အေအိုင်ဒီအက်စ်ရောဂါဖြစ်နေသည့် ရဟန်း(၁၅)ပါး တွေ့ရှိရပါကြောင်း။

http://www.dhammadownload.com



( ခ) ရဟန်းတော်များအနေဖြင့် ရောဂါဖြစ်သူနှင့် တစ်ကျောင်းတည်းနေ၍ ဆံချခြင်း၊ လက်သည်းညှပ်ခြင်း၊ မုတ်ဆိတ်ကျင်စွယ်ရိတ်ခြင်း ပြုလုပ်ရာ၌ ယင်းတို့ အသုံးပြုသည့် သင်တုံးဓား၊ မုတ်ဆိတ်ရိတ်ဓား၊ လက်သည်းညှပ်များမှ တစ်ဆင့် ကူးစက်နိုင်ပါကြောင်း၊ သွားနုတ်ခြင်း၊ ဆေးထိုးခြင်းဖြင့် ကူးစက်နိုင်ပါကြောင်း နှင့် ဂိလာနများ၏ အရေပြားရောဂါ၊ ဝဲရောဂါများမှ တဆင့် ကူးစက်နိုင်ပါကြောင်း၊

( ဂ) အေအိုင်ဒီအက်စ်ရောဂါနှင့် တီဘီရောဂါတို့မှာ ယှဉ်တွဲဖြစ်ပေါ်လာနိုင်ပါကြောင်း

(ဃ) ရဟန်းသံဃာတော်များမှာ ယင်းရောဂါဖြစ်ပွားနေကြောင်း သတင်းများပြန့်လာပါက နိုင်ငံခြားသားများ၊ အခြားဘာသာဝင်များအနေဖြင့် အဖြစ်မှန်ကို မသိကြဘဲ မူးယစ်ဆေးဝါးသုံးစွဲမှု၊ မေထုနသံဝါသမှုများကြောင့် ဖြစ်သည်ဟု အထင်မှားပြီး ရဟန်းကောင်း၊ ရဟန်းမြတ်များကို ပြစ်မှားမိပါက အကုသိုလ်ဖြစ်ပွားနိုင်ပါကြောင်း။

(င) အချို့ဂိလာန ရဟန်းများမှာ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပြီးမှ ရဟန်းဘဝဖြင့် ဘဝနိဂုံးချုပ်လိုကြ၍ ရဟန်းဝတ်ကြသည်ဟု သိရှိရပါကြောင်း၊ ယင်းရောဂါဆိုးရှိသည်ဟု မသင်္ကာပါက နီးစပ်ရာဆရာဝန်ထံ စစ်ဆေးထောက်ခံချက် တောင်းပြီးမှ ရဟန်းဝတ်သင့်ပါကြောင့်၊ အေအိုင်ဒီအက်စ် ရောဂါလက္ခဏာများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါကြောင်း-

(၁) ပိန်ချုံး၊ အသားအရေခြောက်ခန်း အားပြတ်ခြင်း
(၂) ဆေးမင်ကြောင် တစ်ကိုယ်လုံးထိုးထားခြင်း

http://www.dhammadownload.com



(၃) ပါးစပ်နှင့်လျှာတွင် မကွဲရှ အဖြူစက်ရှိခြင်း
(၄) အဖျားကြာရှည်ခြင်း
(၅) အဆုတ်တီဘီ + အကြိတ်တီဘီဖြစ်ခြင်း
(၆) အကြိတ်များကြီးခြင်း၊ (ချိုင်း၊ ပေါင်ခြံ၊ လည်ပင်း)
(၇) အရေပြားအနာ၊ တစ်ကိုယ်လုံးအနှံ့ ရေယုန်မီးလောင်ဖုပြစ်ခြင်း
(၈) ကြာရှည်စွာ ဝမ်းပျက်ခြင်း

၃။ ထို့ကြောင့်ပင် ယင်းရောဂါဆိုး ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဖော်ပြလတ္တံ့ပါအတိုင်း လိုက်နာကျင့်သုံးကြပါရန် ညွှန်ကြားလျှောက်ထားအပ်ပါသည် -

(က) ဒုလ္လဘရဟန်းခံပွဲ၊ ရှင်ပြုပွဲပြုလုပ်ပေးရာ၌ ယင်းရောဂါဆိုးစွဲကပ်နေသူ မပါဝင်ရေးအတွက် သတိပြုဆောင်ရွက်ကြရန်။

(ခ) မိမိကျောင်းတွင် ဒုလ္လဘရဟန်းခံပွဲ၊ ရှင်ပြုပွဲပြုလုပ်ပါက သင်တုံးဓား၊ မုတ်ဆိတ်ရိတ်ဓားများရောယှက်ခြင်း မပြုဘဲ သီးခြားစီ အသုံးပြုရန်။

(ဂ) ရောဂါရှိသည်မှာ ယုံမှားသံသယရှိပါက နီးစပ်ရာဆေးရုံတွင် ဆေးစစ်ခံစေ၍ ရောဂါကင်းရှင်းကြောင်း အထောက်အထားရမှ ရှင်ပြုရဟန်းခံ ဆောင်ရွက်ပေးရန်

(ဃ) မလွှဲမရှောင်သာ မိမိတို့ကျောင်းတွင် လက်ခံထားရှိရမည်ဆိုပါက သီးခြားနေရာ သီးခြားအသုံးအဆောင်များ ထားရှိ၍ ဆရာဝန် ညွှန်ကြားချက်နှင့်အညီ လိုက်နာ ကျင့်သုံးဆက်ဆံစေခြင်း ပြုလုပ်ကြရန်။

၄။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အချက်များကို သိရှိလိုက်နာကြစေရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့များ ရပ်/ကျေးရွာ သံဃာ

http://www.dhammadownload.com



နာယကအဖွဲ့များက မိမိနယ်မြေဒေသတွင်းရှိ ဘုန်းတော်ကြီးကျောင်း စာသင်တိုက်များ ရိပ်သာများအားလုံးသို့ သြဝါဒများပေးကြရန် ညွှန်ကြားအပ်ပါသည်။ ထို့ပြင် ရှင်တော်ဗုဒ္ဓသည် လူမှုရေးနယ်ပယ်၌ လူလိမ္မာ လူယဉ်ကျေးတို့ဖြစ်၍ ကျန်းမာကြစေရန် ညွှန်ကြားရုံမျှမက အဆင့်မြင့်နေနည်း၊ ထိုင်နည်းများကိုပါ ဆက်လက်ညွှန်ကြားတော်မူခဲ့ပါတယ်။ ငတ်မွတ်ခေါင်းပါး အစားရှား၍ သေကျေပျက်စီးရခြင်းဆိုတဲ့ သေကျေပျက်စီးမှုကြီး၊ လက်နက်မျိုးစုံ ထိခိုက်စူးရှ၍ သေကျေပျက်စီးခြင်း၊ အစာရေစာ ငတ်မွတ်ခေါင်းပါး၍ သေကျေပျက်စီးခြင်းဆိုတဲ့ ကပ်ကြီး သုံးမျိုးတို့က (၂၁)ရာစုလူသားတို့အပေါ် စိန်ခေါ်မှု၊ အိုနာသေတို့ရဲ့ စိန်ခေါ်မှုတို့ကို အံတုရင်ဆိုင်ယှဉ်ပြိုင် ကျော်လွှားနိုင်ရန် ယင်းစိန်ခေါ်မှုတို့ရဲ့ အခြေအမြစ်ကို သိဖို့လိုပါတယ်။ အဲဒီစိန်ခေါ်မှုရဲ့ အခြေအမြစ်လက်သည်တို့ကား (၂၁)ရာစုသားတို့၏ ကိုယ်စိတ်အတွင်း၌ စွဲကပ်ခိုအောင်းပူးကပ်နေသော လောဘဇော တိုက်မှု၊ မက်မောမှု၊ လိုချင်စိတ်၊ အကြမ်းဖက်လိုစိတ် ခက်ထန်ကြမ်းကြုတ်မှု၊ မနာလိုမုန်းတီးမှု၊ အကျိုးအကြောင်း အဆိုးအကောင်းကို ဝေခွဲမသိမှု၊ မိုက်မဲမှုတို့ ဖြစ်ပါတယ်။ အဲဒီ အခြေအမြစ်လက်သည်တို့ကို ဖယ်ရှား သုတ်သင်နိုင်ရန် ရှင်တော်ဗုဒ္ဓသည် "အဆင့်မြင့်နေနည်း၊ ထိုင်နည်း" ကိုညွှန်ပြတော်မူခဲ့ပါတယ်။

## အဆင့်မြင့်နေထိုင်နည်း

၁။ - သူတစ်ပါးအသက်သတ်ခြင်း
- သူတစ်ပါးဥစ္စာကို ခိုးယူခြင်း
- သူတစ်ပါးသားမယားကို ခိုးယူလိင်ဆက်ဆံခြင်း
- လိမ်ညာပြောဆိုခြင်း
- မူးယစ်ဆေးဝါး သုံးစွဲရောင်းဝယ်ခြင်း

ဤ(၅)မျိုးမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ အခြေခံအလေ့အကျင့်သီလနှင့် ပြည့်စုံအောင်နေနိုင်ပါစေ။

http://www.dhammadownload.com



၂။ (၂၁)ရာစုလူသားအားလုံးတို့အပေါ် အသက်ရှည်စေချင်စိတ်၊ ချမ်းသာစေချင်သည့် စိတ်ကို အဖန်ဖန်ဖြစ်စေပါ။ ဆင်းရဲစေလိုစိတ် မဖြစ်ပါစေနဲ့။

၃။ (၂၁)ရာစု လူသားအားလုံးတို့သည် မိမိတို့ရဲ့ကိုယ်ခန္ဓာကို (၃၂)ပုံ ပုံပြီး စက်ဆုပ်ရွံ့ရှားဖွယ်မြင်အောင် ထင်အောင်ရှုကြည့်ပါ။ ကျင့်သုံးကြည့်ပါ။

## ရှုကြည့်ပုံ

ငါ၏တစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်မှာ -

မြေအုပ်စု(၂၀) - ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညို့(ကျောက်ကပ်)၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

ဤအစု(၂၀)တို့သည် စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်ပါတယ်။ လူတို့ တည်နေရာမြေကဲ့သို့ ခက်မာနူးညံ့သဘောရှိပါတယ်။

ရေအုပ်စု(၁၂) - သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ဤ(၁၂)မျိုးတို့ကို စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်အောင် အဖန်ဖန် ရှုကြည့်ပါ။ ဤ(၁၂)မျိုးတို့သည် ပကတိရေကဲ့သို့ ဖွဲ့စေးတတ်ပါတယ်။ ယိုးစီးတတ်တဲ့ သဘောရှိပါတယ်။ ဖွဲ့စေးယိုစီးသဘော မြင်အောင် ထင်အောင်ရှုကြည့်ပါ။ ဒီနည်းနဲ့ ဖွဲ့စည်းတည်ဆောက်ပုံချင်း တူညီသော ကမ္ဘာ့လူထုသန်းပေါင်း (၆၃၀၀)ကျော်(၂၁)လူသားတိုင်း၏ ကိုယ်ကို (ခွေရုပ်လွှာကို)(၃၂)ပုံ ပုံပြီး နဂိုအရှိအတိုင်း စက်ဆုပ်ရွံ့ရှာဖွယ် ထင်အောင် မြင်အောင် ရှုပါ။ စက်ဆုပ်ရွံ့ရှာဖွယ် မြင်ပါက မတရားလိုချင်ခြင်း၊ သူတပါးသားမယားကို လွန်ကျူးလိုင်ဆက်ဆံခြင်းမှ ကင်းရှင်းသဖြင့် ရောဂါဆိုး ဖိစီးနှိပ်စက်မှု မရှိနိုင်တော့ပါ။ မခံသာအောင် ပူတဲ့

http://www.dhammadownload.com



အပူဓာတ်၊ ရက်ခြားဖျားခြင်းစတဲ့ အပူ၊ ဝမ်းမီးအပူ၊ ကိုယ်ကိုရင့်ရော်စေတတ်၊ အိုမင်းစေတတ်တဲ့ အပူဆိုတဲ့ အပူအအေးသဘောကို မြင်အောင်ကြည့်ရှုပါ။ အထက်ဆန်သောလေ၊ အောက်စုန်ဆင်းသောလေ၊ ဝမ်းတွင်း၌ ဖြစ်သောလေ၊ အကြောစသည်တို့၌ ဖြစ်ပွားသောလေ၊ ကိုယ်အင်္ဂါကြီးငယ်တို့၌ လျှောက်သောလေ၊ ထွက်လေ ဝင်လေ၊ တွန်းကန်လှုပ်ရှားသဘောရှိတဲ့ ဖော်ပြပါ လေ၏သဘောတို့ကို မြင်အောင် ထင်အောင်ကြည့်ရှုပါ။

အဲဒီလို ခက်မာနူးညံ့သဘောရှိတဲ့ မြေဓာတ်(၂၀)၊ ဖွဲ့စည်းယိုစည်း သဘောရှိတဲ့ ရေဓာတ်(၁၂)၊ ပူအေးသဘောရှိတဲ့ မီးဓာတ်(၄)၊ တွန်းကန် လှုပ်ရှား သဘောရှိတဲ့ လေဓာတ်(၆)မျိုးတို့ဖြင့် ၊ (၃၁)ရာစု လူသားများ၏ ကိုယ်ခန္ဓာကိုယ်ဖွဲ့စည်းထားမှု၊ ရုပ်ဓာတ်အပေါ်၌ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်၊ အသိဓာတ် နာမ်(၆)မျိုးတို့ဖြင့် လွှမ်းခြုံထားပုံကို ရှုကြည့်ပါ။ ကမ္ဘာလောကကြီးသည် အတွင်းက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်နဲ့ အပြင်က အဆင်း၊ အသံ၊ အနံ့၊ အရသာမျိုး၊ တွေ့ထိစရာ၊ ကြံသိစရာတို့ ပေါင်းဆုံမိရာမှ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်၊ အသိ (၆)မျိုးဖြစ်လာကြပါတယ်။ ဒီ(၆)မျိုးသုံးလီကတဆင့် ချစ်မုန်းနှစ်ရပ်ဖြစ်ကာ ရှုပ်ထွေးပွေးလီနေ ပါတယ်။ အဲဒီရုပ်ဓာတ်နှင့် အသိဓာတ်နာမ်မှ တပါးအခြား ငါ၊ သူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာ မရှိပုံကိုလည်းကောင်း၊ (၃၁)ရာစု လူသားများသည် ရုပ်ဓာတ်အစု၊ နာမ်ဓာတ်အစု၊ သဘော(၂)ခုသာ ရှိပုံကို ရှုကြည့်ပါ။ ဖြစ်ပြီးပျက်သွားနေပုံ ရှုကြည့်ပါ။

အဲဒီအဆင့်မြင့် နေထိုင်နည်းကို လိုက်နာကျင့်သုံး၍ လမ်းရှစ်သွယ်ဖြင့်သွား၍ အထွဋ်အထိပ်ရောက်သူ သူတော်ကောင်းသည် မက်မောမှု၊ တပ်မက်မှု၊ လောဘဇောတိုက်မှု၊ မတရားလိုချင်စိတ်၊ အကြမ်းဖက်လိုမှု၊ ကြမ်းကြုတ်ခက်ထန်မှု၊ မသိမိုက်မဲ တွေဝေမှုတို့ကို

http://www.dhammadownload.com



လွန်မြောက်ပြီး အိုနာသေတို့ရဲ့ စိန်ခေါ်မှုကိုပင် အံတုယှဉ်ပြိုင်အနိုင်ရယူနိုင်ပါလိမ့်မည်။

✳ လွယ်ကူသော အဆင့်မြင့်နေထိုင်နည်းတစ်ခု ထပ်မံဟောတော်မူခဲ့ပါသေးတယ်။

(၂၁)ရာစု လူသားတို့ကို ချုပ်ကိုင်နေသည်မှာ စိတ်ပင်ဖြစ်ပါတယ်။ စိတ်ဆိုးတာနဲ့ လူဆိုးပါတယ်၊ စိတ်မိုက်တော့ လူမိုက်ပါတယ်။ စိတ်သရမ်းတော့ လူသရမ်းပါတယ်။ စိတ်တေလေ စိတ်လေဖွဲဖြစ်တော့ လူတေလေ လူလေဖေ ဖြစ်ပါတယ်။(၂၁)ရာစု လူသားတိုင်းကိုချုပ်ကိုင် ပဲ့ကိုင်ပေးနေသော စိတ်ကို ယဉ်ကျေးလိမ္မာအောင်ပြုကျင့်ပုံကလွယ်ပါတယ်။ နှာသီးဖျား၌ ထွက်လေ၊ ဝင်လေတိုးထွက် တိုးဝင်ခိုက်ကိုရှုမှတ်ပါ။ (၂၁)ရာစု လူသားတိုင်း အသက်ရှုရိုက်ထုတ်မှုတ်နေကြပါတယ်။ တစ်နာရီလျှင် အကြိမ်တစ်ထောင်ခန့် တစ်ရက်လျှင် နှစ်သောင်းလေးထောင်ခန့်ရှုရှိုက်ထုတ်မှုတ်နေကြပါတယ်။ အဲဒီလို ရှုရိုက်နေတော့နှာသီးဖျား၊ နှားခေါင်းဝမှာ ထွက်လေ၊ ဝင်လေ၊ ထွက်ခိုက် ဝင်ခိုက်စူးစိုက်၍ နေ့စဉ် အချိန်မိနစ်(၃၀)ခန့်မျှ ရှုမှတ်နေပါ။ စိတ်ငြိမ်လာပါလိမ့်မည်။ စိတ်ငြိမ်လာပြီးဆိုရင် ရာခိုင်နှုန်း(၅၀) အရှုပ်အထွေးပြဿနာရှင်းလင်းနိုင်ပါပြီ၊ အောင်မြင်လာပါပြီ။ နောက်တစ်ဆင့်တက်ပြီးထွက်လေ ဝင်လေရဲ့ တွန်းကန်လှုပ်ရှားသဘောရဲ့ မမြဲပုံကို ဉာဏ်နဲ့ဆက်ရှုပါ၊ ကြည့်ပါ။ ရှုမြင်တတ်တဲ့ စိတ်ရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ မပိုင်မစိုးပုံကိုဆက်ကြည့်ရှုပါ။ ကောင်းကင်မှာ မိုးတိမ်လှိုင်း၊ ရေပြင်မှာ ရေလှိုင်းများလိုတလှုပ်လှုပ် တရွရွ ဖြစ်နေတာ ပျက်နေတာ မြင်လာလျှင် အောင်ပွဲခံဖို့နီးကပ်လာပါပြီ။ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်တော့မှာပါ။ တစ်လောကလုံး ဖြစ်နေတယ်၊ ပျက်နေတယ်၊ မြင်လာပါလိမ့်မည်။

ဒီလိုအဆင့်မြင့်နေနည်းနဲ့ နေထိုင်ကြရန် သတိမမေ့ကြနဲ့လို့ အကြိမ်ပေါင်း တစ်သောင်းခြောက်ထောင်ကျော် မိန့်ကြားခဲ့တဲ့ရှင်တော်ဗုဒ္ဓ၏ စကားတော်ကို သတိမေ့ကြနဲ့လို့ အကြိမ်ပေါင်း တစ်သောင်း

http://www.dhammadownload.com



ခြောက်ထောင်ကျော်မိန့်ကြားခဲ့တဲ့ ရှင်တော်ဗုဒ္ဓ၏ စကားတော်ကို လိုက်နာလျှက် တစ်ရက်လျှင် အကြိမ်ပေါင်း(၁၆၀၀၀)ကျော် ရှုရှိုက် ထုတ်မှုတ်နေတဲ့ ထွက်လေ ဝင်လေကို စွမ်းနိုင်သမျှ ရှုမှတ်ပြီး စိတ်ဆိုး စိတ်သွမ်း စိတ်သရမ်း ကင်းဝေး၍ မကျန်းမာခြင်းစသော လူ့ဘဝအရှုပ် အထွေး ပြဿနာပေါင်း (၁၆၀၀၀)ကျော်တို့ကို (၂၁)ရာစု လူသားတိုင်း ဖြေရှင်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဘုန်းကြီးရဲ့စကား ဆွေးနွေးချက်ကို နိဂုံးချုပ်လိုက်ပါတယ်။

(၂၁)ရာစုလူသားများ ကပ်ကြီးသုံးပါးမှ လွန်မြောက်နိုင်ပါစေ။

http://www.dhammadownload.com



# မြန်မာ့အသံမှ အသံလွှင့်တရား
# အင်အားပြည့်စုံ ဘေးရန်လုံတရားတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ယနေ့ဆိုလျှင် (၂၅၈၆)ကြိမ်မြောက် "ဓမ္မစကြာ" အခါတော်နေ့ ဖြစ်ပါတယ်။ ဓမ္မစကြာ ဒေသနာတော်မြတ်ကြီးတည်ရှိတွေ့ကြုံ ဆုံဆည်းနာကြားနေရတာကိုက အင်မတန် မွန်မြတ်လှပါတယ်။ သူတော်ကောင်းတို့ရဲ့ နားထဲခံတွင်းထဲမှာ ဒီတရားထည့်ခွင့်ရတာဟာ တန်ဘိုးမဖြတ်နိုင်ပါဘူး။ ဓမ္မစကြာတရား တော်မြတ်ရဲ့ စွမ်းအင်စွမ်းအားကြောင့် ကြောက်မက်ဖွယ်ဘေးတွေ စိုးရိမ်ပူဆွေး စိတ်မအေးရတာတွေ အခံရခက် မသက်သာလှတဲ့ ဆင်းရဲတွေ စခန်းသိမ်းပြီး ငြိမ်းချမ်းတဲ့ဘဝ ငြိမ်းချမ်းတဲ့ ကမ္ဘာကြီး ငြိမ်းချမ်းတဲ့ လောကကြီး တည်ဆောက်နိုင်ပါတယ်။ (၄၅)ဝါ တိုင်တိုင် ဟောခဲ့သမျှ တရားတော်တွေ လမ်းညွှန်ချက်တွေဟာ ငြိမ်းချမ်းတဲ့ဘဝ ငြိမ်းချမ်းတဲ့ ကမ္ဘာလောကကြီးဖြစ်လာဘို့ ဦးတည်ဟောကြားခဲ့တာပါ။ တရားတွေ အားလုံးဟာ ဒီသစ္စာတရားတော်ထဲ အကျုံးဝင်သွားတာချည်း ပါပဲ။ ယခုဟောမည့် တရားတော်က " အင်အားပြည့်စုံရန်မျိုးလုံ " တရားတော်ဖြစ်ပါတယ်။ ဘယ်လိုအင်အားတွေရှိက ဘယ်လိုရန်တွေ လုံတယ် ကျော်လွှားနိုင်တယ်ဆိုတာ ဆက်နားထောင်ကြည့်ကြရအောင်။ နံပါတ်(၁) ပညာဗလခေါ်တဲ့ အသိဉာဏ်အင်အား ဖြစ်ပါတယ်။ ဤတရားတွေက အပြစ်မရှိကောင်းကျိုးပေးတတ်တဲ့ ကုသိုလ်တရားတွေ။ ဤတရားတွေက အပြစ်ရှိပြီး မကောင်းကျိုး ဆိုးကျိုးပေးတတ်တဲ့ အကုသိုလ်တရားတွေ၊ ဤတရားတွေ အပြစ်ရှိပြီး မကောင်းကျိုး၊ ဆိုးကျိုးပေးတတ်တဲ့ တရားတွေ၊ ဤတရားတွေက မည်းညစ်ပြီး အမှောင်ထဲရောက်အောင် တွန်းပို့တတ်တဲ့ တရားတွေ။ ဤတရားတွေက ဖြူစင်ပြီး အလင်းဓာတ် ဆောင်နိုင်တဲ့ တရားတွေ၊ စသည်ခွဲခြား သိနိုင်တဲ့

http://www.dhammadownload.com



အသိဉာဏ်အင်အား ဖြစ်ပါတယ်။

အဲဒီဉာဏ်ပညာအင်အားကို ရဖို့ရန် ပိဋကတ်စာပေ သင်ကြားကြရ၊ နာကြားရပါတယ်။ အဲဒီ ဉာဏ်ပညာအင်အား ရရှိနိုင်ဖို့ အခွင့်အလမ်း နယ်ပယ်ကျဉ်းမြောင်းလှပါတယ်။ လူတိုင်း မရနိုင်ပါဘူး။ ပင်ကိုယ်က သူတော်ကောင်း စိတ်ဓာတ်ပြည့်ဝသူဖြစ်စေကာ ဘုရားပွင့်ခိုက် သာသနာစည်ပင်ပွင့်လန်းခိုက်နဲ့ မကြုံမဆုံပါလျှင် ဒီဉာဏ်ပညာ ရဖို့ မလွယ်ပါဘူး။ ယခု တရားနာနေကြတဲ့ သောတရှင် သူတော်စင်တွေဟာ ကုသိုလ်၊ အကုသိုလ် ခွဲခြားသိနိုင်တဲ့ ဉာဏ်ပညာအင်အားရဖို့ အခွင့်သာနေပါပြီ။ ဘုရားရှင် ပေါ်ထွန်းခဲ့တာ ဒီဉာဏ်ပညာ အင်အား ရဖို့ အခွင့်သာခဲ့တဲ့အတွက် သမ္မာဒိဋ္ဌိမဂ္ဂင်ရဲ့ အခြေခံအင်အားကောင်း တစ်ရပ်ရနေကြပါပြီး စတုသစ္စ သမ္မာဒိဋ္ဌိ သစ္စာမြင်နိုင်တဲ့ အသိဉာဏ် ရရေးအတွက် ထွက်လေဝင်လေ ရှုမှတ်ခြင်းစတဲ့ နည်းတွေနဲ့ တဆင့်တက်ဖို့ပဲ လိုပါတော့တယ်။

နံပါတ်(၂)အနေနဲ့ ထကြွလုံးလ ဝီရိယအင်အားကို အသုံးပြုကြရမှာပါ။ ကုသိုလ် အကုသိုလ် မခွဲခြားနိုင်ပဲ ဝီရိယအင်အားကို အလွဲအသုံးချမိပါက ပြာဖုံးမီးခဲ ကိုင်မိသလို မှားမှားယွင်းယွင်း အားထုတ်ပြုလုပ်မိတဲ့အတွက် အပြစ်ရပြီး အကျိုးမရ ဖြစ်သွားနိုင်ပါတယ်။ အသိဉာဏ်ပညာအင်အားအပေါ် ရပ်တည်ပြီး ဝီရိယအင်အားကို အသုံးပြုမှ အကျိုးရ အပြစ်ကင်းဖြစ်နိုင်ပါတယ်။ဖြောင့်မှန်ကောင်းမွန်တဲ့ ဝီရိယကမှ ငြိမ်းချမ်းတဲ့ ဘဝကို ဦးတည်နိုင်ပါတယ်။ အဲဒီဖြောင့်မှန်ကောင်းမွန်တဲ့ ဝီရိယဆိုတာ-

(က) ဒီဘဝ မိမိသန္တာန်မှာ တခါတရံမျှ မဖြစ်ဘူးသေးတဲ့ မကောင်းတဲ့ အပြု၊ မကောင်းတဲ့ အပြော၊ မကောင်းတဲ့အကြံတွေ မပေါ်လာ၊ မဖြစ်လာအောင် လုပ်လူပြုတဲ့ ဝီရိယ အင်အားက တစ်မျိုး။

(ခ) မတော်တဆ မိမိသန္တာန်မှာ အကုသိုလ် အညစ်အကြေးတွေ ဖြစ်ပေါ်လာခဲ့လျှင် နောင်တဖန် မဖြစ်ဖို့အရေး အလေးပေး ဆောင်ရွက်တဲ့ ဝီရိယအင်အားကောင်းက တလီ။

http://www.dhammadownload.com



(ဂ) မိမိသန္တာန်မှာ မဖြစ်ဘူးသေးတဲ့ ကောင်းမွန်ဖြောင့်မှန် အကျိုးရှိတဲ့အလုပ်၊ အပြော၊ အကြံ၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေ ရှင်ပြကြည်နူးအထူးရရှိရန် အားထုတ်ခြင်း သမ္မဝါယာမ ဝီရိယ အင်အားကောင်းကတစ်နည်း။

(ဃ) မိမိသန္တာန်မှာ ဖြစ်ပေါ်ပြီးဖြစ်တဲ့ ကုသိုလ်လုပ်ငန်းတွေ မဆုတ်ယုတ်ရအောင် တိုးပွားစည်ပင်ရအောင် ကြံစည် ပြောဆို ပြုလုပ်ခြင်းဆိုတဲ့ ဝီရိယအင်အားကောင်းတဖုံ။

အဲဒီလို ဝီရိယ အင်အားမျိုးစုံ တည်ရှိအောင် ကြိုးစားနိုင်ပါက ဝီရိယအင်အားပြည့်စုံနေပါပြီ၊ အလုံးစုံရှိသမျှ လောကသားတို့ရဲ့ ရိုသေသမှု အလေးအမြတ်ပြုအပ်တဲ့ ဂုဏ်ထူးဘွဲ့ခံ ပုဂ္ဂိုလ်ကြီး ဖြစ်ပေါ်လာရခြင်းဟာ အဲဒီ ဝီရိယစွမ်းအား အထွဋ်အထိပ်ရောက်လို့ပါပဲ။

နံပါတ်(၃)ရှေ့ကပြောခဲ့တဲ့ အသိဉာဏ်အင်အား ဝီရိယအင်အား နှစ်ရပ်အခြေခံလိုက်တော့ “ အနဝဇ္ဇဗလခေါ် အပြစ်မရှိတဲ့ အင်အားရှင် ဖြစ်လာနိုင်ပါပြီ။ ဒီကမ္ဘာလောကကြီးမှာ သတ္တဝါတိုင်းဟာ ကိုယ်နဲ့ ပြုလုပ်၊ နှုတ်နဲ့ပြော စိတ်နဲ့ ကြံစည်နေကြပါတယ်။ ကိုယ်နှုတ်နှလုံးသုံးပါး သုံးပါးတို့ရဲ့ ပြုမှုပြောဆိုကြံစည်းချက်တွေကို အခြေခံပြီး လူဆိုး၊ လူမိုက် လူကောင်း လူလိမ္မာ ခေါ်ဆိုကြရပါတယ်။ ဒီသုံးမျိုးမကောင်းတာနဲ့ -

(၁) သက်သတ်ခိုးမှု၊ ကာမေသု သုံးခု ကာယကံ။

(၂) မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေး ခြောက်ခြိမ်း၊ အပြိန်းစကား နေ့စဉ်ပွား၊ လေးပါးဝစီကံ။

(၃) သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု၊ သူ့သက်ဇီဝေ၊ သေစေချင်၊ အယူ မှောက်မှား၊ ဤသုံးပါး၊ မှတ်သား မနောကံ။

(၄) ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူ ပွားပြန်မူ မှတ်ယူလေးဆယ် (၄၀)ကံဆိုတဲ့အတိုင်း။

ဒုစရိုက်(၁၀)ပါး ဒုစရိုက်(၁၀)ပါးမှ ဒုစရိုက်လေးဆယ်(၄၀) ဖြစ်လာပါတယ်။ အဲဒီ ဒုစရိုက်ခေါ်တဲ့ ကမ္ဘာဖျက်တရားတွေဟာ မျက်စိ

http://www.dhammadownload.com



စတဲ့ တံခါးမလုံလို့ ဝင်လာတဲ့ လောဘ၊ ဒေါသ စတာတွေကို အခြေခံပါတယ်။ ကိုယ်နှုတ်နှလုံး သုံးမျိုးဖြောင့်မှန်ပါက သုစရိုက်တွေ ဖြစ်လာပါတယ်။ ကာယသုစရိုက်(၃)ပါး၊ ဝစီသုစရိုက်(၄)ပါး၊ သမ္မာအာဇီဝ ထည့်ပြီး အာဇီဝဋ္ဌမက သီလရယ် ဗြဟ္မစိုရ် တရားရယ်၊ ဒီနှစ်မျိုးဟာ ကမ္ဘာစောင့်တရားတွေ ဖြစ်ပါတယ်။ အဲဒီ ကမ္ဘာစောင့်တရားတွေ ထွန်းကားလာဘို့ အယူဖြောင့်မှန်တဲ့ သမ္မာဒိဋ္ဌိက **အချုပ်ပမာန** ကျလှပါတယ်။ ကမ္ဘာစောင့် တရားကြီးများမှ တဆင့်တက်လို့သာလျှင် သတိပဋ္ဌာန်ဗောဇ္ဈင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်ပါတယ်။ ကိုယ်နှုတ်နှလုံးသုံးပါး ပြောင်းပျော့သူတော်ကောင်း မလေ့အတိုင်း မဇ္ဈိမပဋိပဒါလမ်းစဉ် ကျင့်သုံးနေနိုင်ပါက အပြစ်မရှိတဲ့ အင်အားရှင် ဖြစ်ပါပြီ။ (၇)နှစ်တိုင်တိုင် ခြေရာကောက်ရှာတဲ့ မာရ်**န**တ် အပြစ်ရှာမရလို့ လက်မှိုင်ချအရှုံးပေးရ ခြင်းဟာ ဘုရားရှင်ရဲ့ **အနဝဇ္ဇဗလ** စွမ်းအင်ကြောင့် ဖြစ်ပါတယ်။

နံပါတ်(၄) နောက်အင်အား တစ်ခုက " သင်္ဂါဟကဗလ" ခေါ်တဲ့ ချီးမြှင့်မှု အင်အား ဖြစ်ပါတယ်။ အဲဒီ ချီးမြှင့်မှုဟာ ချစ်ဖွယ်စကား၊ ပေးကမ်းခြား၍၊ စီးပွားဆောင်လင့်၊ ကိုယ်တူကျင့်ဟု၊ လေးဆင့် သင်္ဂြိုဟ်၊ သူကိုထောက်ထား၊ ကောင်းမှုအားကြောင့် ဆိုတဲ့အတိုင်း လေးမျိုးရှိတယ်။ အဲဒီလေးမျိုးက မိဘနဲ့ သားသမီး၊ ဆရာနှင့် တပည့် မင်းစိုးရာဇများနှင့် တိုင်းသားပြည်သူ ဝန်ထမ်းကြီးငယ်အားလုံး ထိုက်သင့်သလို လိုက်နာကျင့်သုံး အသုံးချရမည့် ချီးမြှင့်မှုတွေပါဘဲ။ နေရာထိုင်ခင်း စားနပ်ရိက္ခာ ရာထူးဌာနန္တရစသည့် ပေးကမ်းခြင်း၊ ချီးမြှင့်ခြင်း သာယာချေငံ နှုတ်သံချိုချို ပြောဆိုချီးမြှင့်ခြင်း၊ မိဘဆရာမင်းစိုးရာဇာတို့က သားသမီး တပည့်တပန်း တိုင်းသူပြည်သားတို့ကို ကောင်းစေလို၍ ကုသိုလ်ပညာ ဥစ္စာခနေ သယာယများ ဘယ်သို့ပွားအံ့လို့ တောင့်တကြောင့်ကြပြီး အကျိုးများဘို့ စီမံခန့်ခွဲပြီး ချီးမြှင့်ခြင်း၊ မိဘရော မင်းစိုးရာဇာတို့ပါ မိမိတို့ကို အရည်အချင်းပြည့်ဝတဲ့ သားသမီးတပည့်များ ဖြစ်ရလေအောင်

http://www.dhammadownload.com



သင်ပြတိုက်တွန်းလမ်းညွှန်ပြီး ချီးမြှင့်မှု အင်အားရှိပြီလို့ ခေါ်ဆိုနိုင်ပါတယ်။ အထူးသဖြင့် တရားတော်ကို သင်ဟောပို့ချပြီး ဓမ္မစေတီ တည်ထားကိုးကွယ် လှူဒါန်းတဲ့နည်းနဲ့ ချီးမြှင့်ခြင်းဟာ အကောင်းဆုံး ပေးကမ်းချီးမြှင့်ခြင်း ဖြစ်ပါတယ်။

တရားကို လိုလားမြတ်နိုးတဲ့ တပည့်တပန်း ဒါယကာ ဒါယိကာမ များအား တရာတော်ကို အဖန်ဖန် အထပ်ထပ်ဟောကြား သင်ကြားပို့ချပေးတဲ့နည်းနဲ့ ချီးမြှင့်ခြင်းဟာ အကောင်းဆုံး ချစ်ဖွယ်စကား ပြောကြားခြင်းပါပဲ။ ရတနာသုံးတန် ကံကံ၏အကျိုးအပြစ်ကို မယုံကြည်သူကို ယုံကြည်အောင် သီလမရှိသူကို သီလရှိအောင်၊ အသိဉာဏ်အဆင့်ဆင့် ရရှိ တိုးမြှင့်အောင် ပြုလုပ်ပေးခြင်းဟာ အကောင်းဆုံး အကျိုးဆောင် လုပ်ငန်း၊ အကျိုးပြုလုပ်ငန်းဖြစ်ပါတယ်။ မိမိရသလောက် ရောက်သလောက် ဉာဏ်အဆင့်ဆင့် တရားအသိအဆင့်ဆင့် ရောက်ရလေအောင် နည်းပေးလမ်းပြခြင်းဟာ အကောင်းဆုံး ကိုယ်တူ ကျင့်ခြင်း ဖြစ်ပါတယ်။ အိုသောတရှင် တရားနာအပေါင်းတို့ ယခုဟောဆိုပြသခဲ့တဲ့ အင်္ဂုတ္တရနိကာယ် စတုရင်္ဂဗလ သုတ်တော်ဟာ အင်အားတွေနဲ့ ပြည့်စုံအောင် စုဆောင်းနိုင်ကြသော သောတရှင်အပေါင်းသည် အသက်မွေးဝမ်းကြောင်း ဘေးကို ကျော်လွှန်နိုင်ပြီး သာယာဝပြောနိုင်ကြရအောင် နာမည်ပျက်ဘေးကို ကျော်လွှာနိုင်ပြီး နာမည်ကောင်းရနိုင်အောင် ပရိသတ်စိုးရွံ့တဲ့ ဘေးကျော်လွှန်ပြီး ပရိသတ်ဗိုလ်ပုံအလယ်မှာ ရဲရင့်ရလေအောင် ဘေးတကာတို့တွင် အဆိုးဆုံးသေဘေးကို ကျော်လွှန်နိုင်ကြပြီး အမြိုက်ဓာတ်ကိန်းငြိမ်းချမ်းနိုင်အောင် မကောင်းမှုပြုသူ ဒုစရိုက်သမားတို့ရဲ့ ဘုံဌာန ဘုံဘဝကို ကျော်လွှန်နိုင်ပြီး ကောင်းမှုပြုသူ ကုသိုလ်ရှင်တို့ စံမြန်းရာ သုဂတိဘုံနန်းမှာ စံမြန်းနိုင်ကြရအောင် အင်အားပြည့်စုံ ရန်မျိုးလုံးကြောင်း ကောင်းစွာဟောပြဤပုညကြောင့် အင်တွေအားတွေနဲ့ ပြည့်စုံကြပါစေကုန်သတည်း။ ယနေ့ ဟောကြား မြတ်တရားကြောင့် အင်အားပြည့်စုံ ရန်မျိုးလုံ အကုန်ချမ်းသာကြပါစေကုန်သတည်း။

...င်ဗလသုတ်ဝတ်

http://www.dhammadownload.com



**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်**
**ပဓာန နာယက**
**နာဂလိုဏ်ဂူဘုရားကုန်းမြေ**
**ကလေးဝတောရစာသင်တိုက်ဆရာတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

# လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ

**မြန်မာ့ရှပ်သံမှ ဟောကြားတော်မူသော**
**ဓမ္မစကြာအခါတော်နေ့ တရားတော်**

သာသနာတော်နှစ် ၂၅၃၈ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၆ နှစ်၊ ၂၅၈၂ ကြိမ်မြောက်၊ ဝါဆိုလပြည့်နေ့၊ ဓမ္မစကြာအခါတော်နေ့ တရားတော်။

ယနေ့ ဝါဆိုလပြည့်နေ ဓမ္မစကြာအခါတော်နေ့လို့ ဗုဒ္ဓဘာသာဝင်တိုင်း သိကြတဲ့အတိုင်း ဓမ္မစကြာတရားတော်ကို အထူးအာရုံထားကာ ဟောကြ၊ ပြောကြ၊ နာကြ၊ ကြံစည်အားထုတ်ပွားများကြရပါတယ်။ ဓမ္မစကြာတရားတော်ကို မဟောကြားမီ ဖြစ်စဉ်ကလေးတစ်ခု စဉ်းစားကြည့်ကြပါစို့။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၂ နှစ်၊ နှစ်လက မဇ္ဈိမဒေသ နယ်ပယ်အတွင်းရှိ ဥရုဝေလတောအုပ် နေရဉ္ဇရာမြစ်ကမ်းသာ ဗောဓိပင်ရင်း အပရာဇိတအောင်ပလ္လင်တော်မှာ မာန်အမျိုးမျိုး၊ ရန်အမျိုးမျိုးတွေ အောင်မြင်တော်မူ၊ ဝိဇ္ဇာဉာဏ်အလင်းခါတ်ကြီးကို ရတော်မူပြီး ဘုရားစင်စစ် ဖြစ်တော်မူခဲ့တဲ့ မြတ်ဗုဒ္ဓဟာ (၇)ရက်(၇)လီ သီတင်းသုံးတော်မူပြီးတော့ အဇပါလ ဆိတ်ကျောင်းညောင်ပင်

http://www.dhammadownload.com



အောက်မှာ သီတင်းသုံးတော်မူစဉ်တုန်းက ကိုယ်တော်မြတ်သိတော်မူ၊ မြင်တော်မူထားတဲ့ တရားတော်တွေရဲ့ နက်နဲခက်ခဲမြင်နိုင်ခဲပုံ၊ သတ္တဝါများရဲ့ အာရုံငါးပါးလိုက်စား ယစ်မူးနေပုံ မီးဖိုချောင်သုံး လက်နှီးစုပ်ပမာ ကိလေသာအညစ်အထေး ပေရေလိမ်းကျံ နေပုံကို ဆင်ခြင်တော်မူမိတော့ တရားဟောဖို့ဘက်သို့ စိတ်ညွတ်တော်မမူ၊ ဒါနဲ့ သဟမ္ပတိ ဗြဟ္မာမင်းကြီးက ဒီလို လျှောက်ထားခဲ့ပါတယ်။

**ပါတုရဟောသိ မာဂဓေသု ပုဗ္ဗေ၊**
**ဓမ္မောအသုဒ္ဓေါ သမလေဟိ စိန္တိတော။**
**အပါပုရေတံ အမတဿ ဒွါရံ၊**
**သုဏန္တု ဓမ္မံ ဝိမလေ နာနုဗုဒ္ဓံ။**

ဘန္တေ - အစိန္တေယျ= ဂုဏ်ပေါင်းခသည့်၊ သမန္တစက္ခု= သုံးလူ့ ထွဋ်ထား အိုမြတ်ဘုရား၊ ပုဗ္ဗေ= ရှင်တော်ဘုရား ထင်ကျော်ကြား၍ တရားစက်ချီ မပွင့်မီက ရှေးမဆွ၌၊ မာဂဓေသု= ရာဇဂြိုဟ်နဂရ ပြည်ဌာန ဝယ် ခွန်သရစ်ဝိုင်း မဂဓတိုင်းတို့၌၊ သမလေဟိ= ကိလေသာအညစ် အကြေး ရောထွေးကပ်ငြိ အမြဲတမ်းရှိနေကြကုန်သော၊ ဆဟိသတ္ထာ ရေဟိ= ဗာလတံဆိပ်ခပ်နှိပ်လေပြီး တိတ္ထိဆရာကြီးခြောက်ဦးတို့သည် စိန္တိတော= အနုမာန မျက်ရမ်းဆ၍ ဓမ္မထင်မှတ် ကြံစည်အပ်သော၊ အသုဒ္ဓေါ= နိဗ္ဗာန်ကမ်းပေါက် မလှမ်းရောက်၍ လမ်းကောက်သဖွယ် မစင်ကြယ်သော၊ ဓမ္မော= မသူတော်တို့၏ တရားတု တရားယောင်များ သည်၊ ပါတုရဟောသိ= နိဗ္ဗာန်မြို့ကြီး ပိတ်ကာဆီးလျက် အသီးသီး ဖြစ်ပေါ်နေခဲ့ပါပြီဘုရား။

ရှင်တော်ဘုရား မပွင့်ပေါ်မီက မာဂဓတိုင်း ရာဇဂြိုဟ်မှာ မိုက်ရှုပ် ညစ်နောက် အပူမပျောက်ကြသေးတဲ့ ဘုရားအတု၊ ဆရာအတုကြီး တွေက တရားအတုအယောင်တွေ ဖြန့်ဝေပြီး နိဗ္ဗာန်မြို့ကြီးကို ပိတ်ဆို့ ထားခဲ့ပါတယ် ဘုရား။ အမတဿ= အမြိုက်နိဗ္ဗာန်မြို့တော်ကြီး၏၊ ဧတံဒွါရံ= ဤအရိယာ မဂ်တံခါးကို၊ အပါပုရ= အချက်ကျကျ ဝင်ခွင့်

http://www.dhammadownload.com



ရအောင် ဖွင့်ပြတော်မူပါဘုရား။ ဝိမလေန= မိုက်ရှုပ်ညစ်နောက် အပူပျောက်သည့် ဘုရားရှင်သည်၊ အနုဗုဒ္ဓံ= ဉာဏ်ယဉ်တော်အလျောက် အစဉ်လျှောက်၍ ပြီးမြောက်ကုန်စင် သိမြင်တော်မူအပ်သော၊ ဓမ္မံ= ဝိမုတ်စီးပွား ရသာများသည့် ချိုပျားအဖျော် တရားတော်ကို၊ သတ္တာ= လူ့ရွာလူဘုံ ရှေ့ကံဟုန်ဖြင့် ခုကြုံရောက်လာ သတ္တဝါတို့သည်၊ သုဏန္တု= ကြည်လင်အေးမြဘေးမခအောင် တွေးဆကြည်ဖြူ နာယူခွင့်ရကြပါ စေကုန်ဘုရားလို့ လျှောက်ထားတောင်းပန်ပါတယ်။

ဆက်ပြီးတော့ လျှောက်ထားပုံက- ဝရဇိန်လက်နက် မိုးကြိုးစက်သို့ ထက်မြက်သော ပညာရှိတော်မူသော မြတ်စွာဘုရား၊ ကျောက်တော်ထက်ပေါ် ရပ်၍ ပတ်ဝန်းကျင်လောကကြီးကို ကြည့်သကဲ့သို့ တအုံ့နွေးနွေး စိတ်မအေးပဲ ပူဆွေးညှိုးပိန် စိုးရိမ်နေကြတဲ့သူတွေ ပဋိသန္ဓေ အိုနာသေဟု ကမ္ဘာကြေလည်း မသေမပျောက် လူလေးယောက်တို့ ဝင်ရောက်နောက်မွေ ညှဉ်းပန်းခံနေရတဲ့ ကမ္ဘာ့လူထုကြီးကို တရားဖြင့်ပြီး ပြဿဒ်ကြီးပေါ်တက်၍ ကြည့်ရှုတော်မူပါ့ဘုရား။

ကြောက်ရွံ့ခြင်းကင်း၊ ရဲတင်းတော်မူသော မြတ်စွာဘုရား အောင်အပ်ပြီးသော စစ်မြေပြင်ရှိတော်မူသော မြတ်စွာဘုရား၊ တရားမဟောပဲ ကြောင့်ကြမဲ့နေခြင်းမှ ထတော်မူပါဘုရား၊ လှည်းမှူးကြီးသဖွယ် လှည့်လည်တော်မူပါ့ဘုရား၊ တရားမိုးပေါက် သွန်းမြောက်ရွာချမူပါဘုရား၊ တရားသိသူ သိနိုင်သူတွေ ရှိပါလိမ့်မည်ဘုရားလို့ ပြည့်ပြည့်စုံစုံ လျှောက်ထားတောင်းပန်တဲ့အခါ ဘုရားရှင်က -

သဟမ္ပတိဗြဟ္မာကြီးရဲ့ တောင်းပန်ချက် - သတ္တဝါတွေအပေါ် ကရုဏာသက်တော်မူတဲ့အတွက် ဗုဒ္ဓစက္ခုခေါ် သတ္တဝါတို့ရဲ့ ဣန္ဒြေ အနုအရင့် အလိုဆန္ဒ အစဉ်ကိန်းဝပ်နေတဲ့ တရားတွေကို မြင်နိုင်စွမ်းရှိတဲ့ ဘုရားမျက်လုံး တော်ဖြင့် ကြည့်ရှုတော်မူလိုက်လို့ ကြာလေမျိုးပမာ ပုဂ္ဂိုလ်လေးမျိုးလေးစားကို မြင်တော်မူတော့-

http://www.dhammadownload.com



**အပါရုတာ တေသံ အမတဿဒွါရာ၊**
**ယေသောတဝန္တော ပမုဥ္စန္တုသဒ္ဓံ၊**
**ဝိဟိံသသညီ ပဂုဏံ နဘာသိံ၊**
**ဓမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေ။**

ဗြဟ္မေ= သုံးဘုံတိုက်သား အကျိုးများဘို့ လျှောက်ထားလေဘိ အို သဟမ္ပတိဗြဟ္မာ၊ အဟံ= ငါဘုရားသည်၊ ဝိဟိံသသညီ= အကျိုးမထွန်း ကိုယ်ညှိုးနွမ်းမည် ထင်မှတ်ရည်၍၊ ပဏီတံ= အလွန်အချက် ဂုဏ်ထူး တက်၍ မြတ်သည်ထက် မြတ်သော၊ ပဂုဏံ= ကမ္ဘာ့အဆက်ဆက် မကွာဘက်လျက် နှစ်သက်ရာမှီး လေ့လာအပ်ပြီးသော၊ ဓမ္မံ= ပရမာဏုမြူ အလားတူသည့် ထုံကြူပြန့်ပွား မြတ်တရားကို (ဝါ) အပါယ်ဝဋ်ဘေး ကင်းလွတ်ဝေးဘို့ ချိုအေးအဖျော် တရားတော်ကို၊ မနုဇေသုမနုဇာနံ= လူတို့အား၊ နဘာသိံ= ဟောကြားလိုစိတ် မရှိခဲ့ပေ။ ယေ= အကြင်သူ တို့သည်၊ သောတဝန္တော= ပါရမီထုံမြင့် အငုံရင့်၍ ပွင့်အံ့သဖွယ် အသင့်ရွယ်လျက် သိလွယ်တုံဘိ ထောင်နားရှိကြပေကုန်၏။ တေသံ= ထိုသူတို့၏၊ အတ္ထာယ= အကျိုးငှာ၊ အမတဿ= နိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းရေးမြို့တော်ကြီး၏၊ ဒွါရာ= အရိယာမဂ်တံခါးကို၊ မယာ= အဏ္ဏဝါကူး ကူးတို့မှူးသို့ ရည်စူးစိတ်ထား ငါဘုရားသည်၊ အပါရုတာ= ဖွင့်လှစ်အပ်ပြီ၊ တေ= ထိုသူတို့သည်၊ သဒ္ဓံ= ငါဘုရားနှင့် ငါကဟောကြား မြတ်တရား၌ တက်ပွားကြည်ယုံ သဒ္ဓါဟုန်ကို၊ ပမုဉ္စန္တု ဖရဏာ= ဆွတ်ဆွတ်ဖြာဖြာ ညွတ်လျက်အခါခါ လွှတ်ကြပါကုန်လော့လို့။

နိဗ္ဗာန်တည်းဟူသော ဘေးမဲ့တော်ကြီး ငြိမ်းချမ်းရေးမြို့တော်ကြီး ဆီသို့ သွားရောက်နိုင်အောင် အရိယာမဂ်တံခါးကြီး ဖွင့်လိုက်ပါပြီဆိုတဲ့ ခွင့်ပြု ချက်ရတော့မှ သဟမ္ပတိ ဗြဟ္မာကြီး ဘုရားရှင်ကို ရှိခိုးပြီး ပြန်သွားခဲ့ပါတယ်။ ဘုရားရှင်က အဲဒီလို ခွင့်ပြုပြီးတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၂ နှစ် ယခုလို ဝါဆိုလပြည့်နေ့က ဓမ္မစကြာဒေသနာလက်တော်ဖြင့် နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးရဲ့ အရိယာမဂ်တံခါး စတင်ဖွင့်ပေး

http://www.dhammadownload.com



ခဲ့ပါတယ်။ နှစ်ပေါင်း ၂၅၈၂ နှစ်ကြာသည့်တိုင် နိဗ္ဗာန်တံခါးဖွင့် ဓမ္မစကြာ တရားတော်ကို နာကြား ခွင့်ရကြတဲ့ နားပိုင်ရှင်တွေ ရွှတ်ဆိုပူဇော်ခွင့် ရကြတဲ့ ခံတွင်းပိုင်ရှင်တွေ၊ စိတ်အာရုံထုံမွမ်းပြီး ဆင်ခြင်ပွားများခွင့်ရကြတဲ့ စိတ်နှလုံးပိုင်ရှင်တွေ အားလုံး ဘုန်းရှင်ကံရှင် သမ္မာရှင်တွေ ဖြစ်ကြပုံကို မိထွေးတော် ဂေါတမီရဟန္တာ ထေရီမကြီးက-

**မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဃ္ဃါနိ ဟိတာနိစ၊**
**ယေတေဝါကျာနိ သုဏန္တိ၊ တေပိဓညာ နရုတ္တမ။**

နရုတ္တမ - သုံးမည်လူနတ် ထိုထက်မြတ်သည့် တုလွတ်ဘုန်းမော် အို -သားတော်ဘုရား၊ ယေ= အကြင်သူတို့သည်၊ တေ= သားတော်အရှင် ဘုရား၏၊ မဓုရာနိ= သာယာချိုမြိန် တင်းတိမ်အားရဖွယ်ကောင်းကုန်သော၊ ပဟဋ္ဌာနိ= စိတ်နှလုံးကို ချမ်းငြိမ်အေးမြစေနိုင်ကုန်သော၊ ဒေါသဃ္ဃါနိ= ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အပြစ်အနာအဆာ အဆိုးအရွဲ့ အကျိုးမဲ့ တို့ကို ချိုးဖဲ့ ဖျက်ဆီးနိုင်ကုန်သော၊ ဟိတာနိ= ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီးပွားတို့ကို ဖွံ့ဖြိုးခိုင်ဖြိုး ရယူစေနိုင်ကုန်သော၊ ဝါကျာနိ= နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်သို့ ရောက်စေတတ်ငြား တရားတော် မြတ်တို့ကို၊ သုဏန္တိ= နာယူမှတ်သား ကျင့်ကြံပွားများခွင့် ရကြပါကုန်၏။ တေ= ထိုဘုရား တရားတော်မြတ် စကားရပ်တို့ကို နာယူမှတ်သား ကျင့်ကြံ ပွားများခွင့် ရကြသူတို့သည်၊ ဓညာ= ရှေးအကြောင်းရင်း ကောင်းခဲ့ခြင်း ကြောင့် ပြည့်တင်းဂုဏ်ဝါ ဘုန်းရှင်ကံရှင် သမ္မာရှင်တို့ ဖြစ်ကြပါပေ ကုန်သည်ဘုရားလို့ လျှောက်ထားခဲ့ဘူးပါတယ်။ ယနေ့ နာယူမှတ်သား ကျင့်ကြံပွားများခွင့် ရကြတဲ့ ဘုန်းရှင်ကံရှင် သမ္မာရှင်တို့အတွက်-

## ဂုဏ်မျိုးစုံလွှမ်းခြုံသည့်တရားတော်

၁။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၂ နှစ်၊ ဝါဆိုလပြည့်နေ့က အရှင် အညာသိ ကောဏ္ဍညနှင့် နတ်ပြဟ္မာများစွာတို့သဏ္ဍာန်မှာ "ဖြစ်သမျှတရား အားလုံးချုပ်ပျောက်ခြင်းအဆုံးရှိပါတကား"လို့

http://www.dhammadownload.com



မြင်နိုင်တဲ့ ဓမ္မစက္ခုခေါ် သောတာပတ္တိမဂ်ဉာဏ် မျက်လုံးကြီးရစေတော်မူခဲ့တဲ့ ဓမ္မစကြာတရားတော်။

၂။ ဘုရားရှင် လည်စေတော်မူခဲ့တဲ့ တရားစကြာကို "ချွတ်ယွင်းဖောက်ပြန် မမှန်ကန်ပါလို့" နတ်ဗြဟ္မာဘုံ အဆင့်ဆင့်က နတ်ဗြဟ္မာ တွေက မနှောင့်ယှက်နိုင်ဘဲ တစ်ခဲနက် ကြွေးကြော် အသံကုန်ဟစ်အော် ထောက်ခံချက်ပေးခဲ့ရသည့် ဓမ္မစကြာတရားတော်။

၃။ တစ်သောင်းသော လောကဓာတ်တွင် ကြီးမားကျယ်ပြန့်သော အလင်းရောင်ဓာတ်ကို ဖြစ်ပေါ်စေနိုင်ခဲ့သည့် ဓမ္မစကြာတရားတော်။

၄။ တစ်သောင်းသော လောကဓာတ် မဟာပထဝီကို တုန်လှုပ်စေနိုင်ခဲ့သည့် ဓမ္မစကြာတရာတော်။

၅။ (၄၅)ဝါပတ်လုံး ဟောကြားတော်မူအပ်တဲ့ တရားတွေကို ခြုံမိငုံမိအောင် စုရုံးထားသလို သိမ်းသွင်းဟောကြားအပ်သည့် ဓမ္မစကြာတရားတော်။

၆။ မြတ်ဘုရား၏ တရားဟောနည်းနှစ်မျိုးဖြင့် အရိယာ မဂ်တံခါးဖွင့်ပေးရာမှာ အနုပုဗ္ဗိကထာခေါ် ဒါနစသော ဟောစဉ် တရားကို ရံခါသာ ဟောတော်မူ၍ ထာဝစဉ်လက်မလွှတ်တမ်း ပင်ထွက်ဉာဏ်ဖြင့် သိမြင်ဟောကြားသည့် သာမုက္ကံသိက ဒေသနာခေါ်၍ဓမ္မစကြာဒေသနာတော်။

၇။ ပထမဆုံး အရိယာမဂ်တံခါးဖွင့်၍ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးသို့ ပို့ဆောင်ခဲ့တဲ့ ဓမ္မစကြာတရားတော်။ ယခုပြဆိုခဲ့ပြီး ဂုဏ်(၇)ရပ် ဒေသနာဂုဏ် အဖုံဖုံတို့ဖြင့် လွှမ်းခြုံထားတဲ့ ဓမ္မစကြာဒေသနာတော်မြတ်ကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိုယ်စီဉာဏ်မီ ယှဉ်ကပ်လျက် ရွှတ်ဖတ်ပူဇော်ကြပါစို့ အရှင်မြတ်တို့ဘုရား။

မိခင်ဇရာဝတီ

http://www.dhammadownload.com



# ဓမ္မစကြာပါဠိတော်

## (၁)ဓမ္မစကြာနိဒါန်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဧဝံ မေ သုတံ - ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။

## (၂) အယုတ်တရားနှစ်ပါး

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။ ကတမေဒွေ - ယော စာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။ ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

## (၃) အလယ်အလတ် အကျင့်တရား

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ -

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာ ကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

http://www.dhammadownload.com



## (၄) ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ နလဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

## (၅) သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြ တတြာဘိနန္ဒိနီ။

သေယျထိဒံ- ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ။

## (၆) နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

## (၇) မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ- သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

## (၈) ဒုက္ခသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၉) ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

http://www.dhammadownload.com



## (၁၀) ဒုက္ခသစ္စာ၌ ကတဉာဏ်

" တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၁) သမုဒယ သစ္စာ၌ သစ္စဉာဏ်

" ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၂) သမုဒယ သစ္စာ၌ ကိစ္စဉာဏ်

" တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၃) သမုဒယ သစ္စာ၌ ကတဉာဏ်

" တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၄) နိရောဓသစ္စာ၌ သစ္စဉာဏ်

" ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၅) နိရောဓသစ္စာ၌ ကိစ္စဉာဏ်

" တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

http://www.dhammadownload.com



## (၁၆) နိရောဓသစ္စာ၌ ကတဉာဏ်

" တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၇) မဂ္ဂသစ္စာ၌ သစ္စဉာဏ်

" ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၈) မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

" တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၉) မဂ္ဂသစ္စာ၌ ကတဉာဏ်

" တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ ဘာဝိတ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၂၀) ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ နသုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရ ကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သ ဒေဝ မနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ " တိ ပစ္စညာသိံ။

http://www.dhammadownload.com



## (၂၁) ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သ မာရကေ သဗြဟ္မကေ သ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ " အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ " တိ ပစ္စညာသိံ။

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ " အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ" တိ။

## (၂၂) ပဉ္စဝဂ္ဂီရဟန်းတို့ တရားကို နှစ်သက်ကြပုံ

ဣဒ'မဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



တရားနိဂုံးအနေနဲ့ -

**ကရောန္တေဝံ သဒ္ဓဟန္တိ၊ ယေသန္တာ သန္တသာသနံ။**
**နိဗ္ဗိန္ဒန္တိ ဘဝဂတေ၊ နိဗ္ဗိန္ဒန္တာ ဝိရဇ္ဇရေ။**

ယေသန္တာ= သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်း အကြင်သူတော်ကောင်းတို့သည်၊ သန္တ သာသနံ= အေးအေးမြမြ ဟောညွှန်ပြသည့် ဗုဒ္ဓဟောဖော် အဆုံးအမတော်ကို၊ သဒ္ဓဟန္တိ= ကြောင်းကျိုး နှစ်တန် ခွဲဝေဖန်၍ အမှန်ကိုပင် လက်ခံသိမ်းပိုက်ကြကုန်၏။ တေသန္တာ= သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်း ထိုသူတော်ကောင်းတို့သည်၊ ဧဝံကရောန္တိ= နိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းရေးမြို့တော်သို့ ရောက်ကြောင်း လမ်းကောင်းကျင့်စဉ် မဂ္ဂင်ရှစ်တန် တရားမှန်ကို ကျင့်ကြံပွားများ ဤသို့သာ အလေးထားပြုကြကုန်၏။ တေသန္တာ= နိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းရေးမြို့တော်သို့ ရောက်ကြောင်း လမ်းကောင်းကျင့်စဉ် မဂ္ဂင်ရှစ်တန် တရားမှန်ကို ကျင့်ကြံပွားများ အားထားကြသူတို့သည်၊ ဘဝဂတေ= ဘဝဖန်ခါ သံသရာဝယ် ခန္ဓာနာမ်ရုပ် ဒုက္ခသစ္စာနှင့်စပ်သမျှ အဝဝ၌၊ နိဗ္ဗိန္ဒန္တိ= သာသနာတော်က ပေးသည့် အသိဉာဏ် ရင့်သန်ကြသဖြင့် ငြီးငွေ့ကြပေကုန်၏။ နိဗ္ဗိန္ဒန္တာ= တရားမြင်တွေ့ ငြီးငွေ့ကြကုန်သည်ဖြစ်၍၊ ဝိရဇ္ဇရေ= မဂ်ဉာဏ်သို့ဆက် တရားတက်၍ တက်မက်တွယ်တာ တဏှာကင်းဝေး ငြိမ်းအေးကြလေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## (နေ့ပိုင်း) ဓမ္မစကြာ အသံလွှင့်တရားတော်

ယနေ့နံနက်ပိုင်းက ဓမ္မာစကြာဒေသနာတော်ရဲ့ နိဒါန်းပိုင်း တစ်စိတ်တစ်ဒေသနှင့် နိဗ္ဗာန်ရွှေမြို့တော်ကြီးရဲ့ အရိယာမဂ် တံခါးဖွင့်ပေးတော်မူခဲ့ပုံကို ဟောခဲ့ပါတယ်။ ဘုရားရှင်ဖွင့်ပေးတော်မူခဲ့တဲ့ နိဗ္ဗာန်ရွှေမြို့တော်ရဲ့ အရိယာ မဂ်တံခါးကြီး ပွင့်ပါပြီလို့ မိထွေးတော် ဂေါတမီ ထေရီမကြီးက -

**ယံ နဒိဠ္ဌ ပုရာဏေဟိ၊ တိတ္ထိကာစရိယေဟိပိ၊**

**တံ ပဒံ သုကုမာရီဟိ၊ သတ္တဝဿာဟိ ဝေဒိတံ။**

နရုတ္တမ= သုံးမည်လူနတ် တို့ထက်မြတ်သည့် တုလွတ်ဘုန်းမော် အို သားတော်မြတ်ဘုရား၊ ပုရာဏေဟိ= ဘုရားမပွင့်ခင် ရှေးယခင်က လူတွင်ထင်ပေါ် အကျော်အမော် ဖြစ်ကြကုန်သော၊ တိတ္ထိကာ စရိယေဟိပိ= အယူဝါဒ ကိုယ်တိုင်စ၍ ဂဏဦးစီး တိတ္ထိဆရာကြီး တို့သော်မှ၊ ယံပဒံ= ရောက်သင့်ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက် သိရန် အကြင်နိဗ္ဗာန်ကို၊ နဒိဠ္ဌ= တွေးလိုက် ကြံလိုက် ဉာဏ်မြင်ဆိုက်အောင် တိုက်ရိုက်ထင်ထင် မတွေ့မြင်နိုင်ခဲ့ကြပါချေ။

တံပဒံ= ရောက်သင့်ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက် သိရန် ထိုနိဗ္ဗာန်ကို၊ သတ္တဝဿာဟိ= မိဘကိုချစ် နွဲ့တုန်းဖြစ်၍ (၇)နှစ်အရွယ် ငယ်ရှာကြကုန်သော၊ သုကုမာရီဟိ= ရှေးဘုန်းရှေးကံ ဂုဏ်တန်ရင့်ပြီး အမျိုးငယ်တို့သော်မှ၊ ဝေဒိတံ= သားတော်ဘုရား မိန့်တရားကြောင့် မျက်ဝါထင်ထင်တွေ့မြင်ခွင့် ရခဲ့ပေပြီဘုရား။ အဲဒီလို လက်တွေ့မျက်တွေ့ လျှောက်ထားချက်တွေများစွာ ရှိပါတယ်။ ပင်ထွက် ဉာဏ်ဖြင့် သစ္စာသိမြင် ဘုရားစင်စစ်ဖြစ်ပြီး နှစ်လပြည့်သည့် ယခုလို ဝါဆိုလပြည့်နေ့မှာ ရိုက်တီးခဲ့တဲ့ တရားစည်သံကြီးဟာ လောကဓာတ် တစ်သောင်းလုံး ဟိန်းခဲ့ပါတယ်။ သိလွယ်မြင်လွယ်ရေးအတွက် ဦးစားပေး ဟောကြားခဲ့တာမို့ စကားတော်ဟာ တိုတောင်းလှသော်လည်း တာဝတိံသာနတ်ပြည်မှာ ဆက်လက်ပြီး သစ္စယမိုက် သစ္စဝိဘင်းတို့မှာ

http://www.dhammadownload.com



အကျယ်တဝင့် ဟောတော်မူပြန်ပါသေးတယ်။ အခါအားလျော်စွာ **သစ္စာသံယုတ်** စသည်နဲ့ ဇာတ်တော်(၅၅၀) အဆုံးဒေသနာ နိဂုံးတိုင်းမှာလည်း ဟောကြားခဲ့တာကိုကြည့်ရင် ဒီဓမ္မစကြာဒေသနာတော်ရဲ့ အရေးကြီးအရာရောက်ပုံကို သိနိုင်ပါတယ်။ မိမိရဲ့ဆွေတော်၊ မျိုးတော်တွေ ဆက်နွယ်ကြသူတွေကို ချစ်ခင်မြတ်နိုးတယ်။ တကယ်အကျိုးလိုလားတယ် ဆိုလျှင် "သစ္စာတရားဟောကြ" ဆိုတဲ့ ဘုရားရှင်ရဲ့ မိန့်တော်မူချက်ကလည်း အားရကျေနပ်ဖွယ် ဖြစ်ပါတယ်။ ဒီဓမ္မစကြာဒေသနာတော်မှာ "အရိယသစ္စာ" တရားတော်တွေဆိုတာ-

ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာပေါင်း သူတော်ကောင်းတို့ သိအပ်တဲ့ အမှန်တရားတွေဖြစ်ပါတယ်။ မိုက်ရှုပ်ညစ်နောက် အပူပျောက်စင် ဘုရားရှင်ဟောကြားထားအပ်တဲ့ အမှန်တရားတွေ ဖြစ်ပါတယ်။ အရိယာဖြစ်အောင် အရိယသိဒ္ဓိမြောက်အောင် ပြုပေးနိုင်တဲ့ အမှန်တရားတွေဖြစ်ပါတယ်။ အခွန့်ရှည်စွာ ဘယ်မျှကြာ လည်း တစ်ခါတစ်ရံ မဖောက်ပြန်ဘဲ အစဉ်မြဲကို သစ္စာဆို၏ ဆိုတဲ့ စကားအတိုင်း "သစ္စာ" ရဲ့အဓိပ္ပါယ်ကို သိနိုင်ပါတယ်။ အဲဒီအရိယသစ္စာ ဆိုင်ရာ ပါဠိဟောစဉ်ကို မိမိကျွမ်းကျင်ရာဘာသာဖြင့် သင်ယူပါ၊ ဖွင့်ဆိုချက်ကို နာယူပါ၊ မေးမြန်းပါ၊ နှုတ်ထဲရော စိတ်ထဲပါ ရွတ်ဆိုနိုင်အောင် လေ့ကျင့်ပါ။ ဆင်ခြင်ပွားများပါ။ ပိုင်းခြားသိအောင် ကြိုးစားပါ။

"သိ၊ ပယ်၊ ဆိုက်၊ ပွား အစဉ်သွား လေးပါးသူ့ကိစ္စာ၊ သစ္စာလေး၀ ဆုံးတိုင်က ရလိမ့်နိဗ္ဗာန်သာ"ဆိုတဲ့ အကျိုးတရားတွေ ရပါလိမ့်မယ်။ သင်ယူချိန်ကစပြီး အကျိုးတရားအဆင့်ဆင့် ရနိုင်ပါတယ်။ "တရားစကြာ ဒေသနာကို ကောင်းစွာသင်ယူ သင်ပြမူကား ထိုသူစီးပွား ကြားမြင်များ သဖြင့် စဉ်စားဉာဏ်ကြွယ် အမြင်ကျယ်၏။ မကွယ်စေကာ ကိလေသာ လည်း သူငါ ရန့်ကြမ်း ဖြစ်စတမ်းသို့ ပရမ်းပတာ ဖြစ်မလာဘဲ ဣသာ မစ္ဆေရ မထကြွဘူး။ ရာဂဒေါသော မာန၊ မောဟတို့ အပြောမကျယ် သေးငယ်ငယ်မှစ၍ ပဟာန်တဒင်္ဂနှင့် ဝိက္ခမ္ဘန ပယ်နိုင်ကြသည်

http://www.dhammadownload.com



သင်ချအကျိုး စာတန်ခိုးမှ ဆထက်ပိုးဆက် ဉာဏ်တိုးတက်၍ မြတ်ဆုံးမဂ်ဉာဏ် ဖိုလ်နိဗ္ဗာန် ဧကန်ရမည်တည်း" ဆိုတဲ့ စကားအတိုင်း အဆင့်ဆင့် အကျိုးတရားများရရှိနိုင်ရန် သစ္စဝိဘင်း အခန်းကြီး(၁၄)ခန်း ဖွင့်ဆိုချက်များမှ သစ္စာ(၄)ပါး အစဉ်ထားပုံဟောပါ့မယ်။

" လောကီဘုံဝယ် သာယာဖွယ်ဟု တာတွယ်လေငြား ဝေနေများကို တရားသံဝေ ရပစေဟု ထွေထွေဒုက္ခ ဦးစွာပြ၏" ဆိုတဲ့အတိုင်း လောကီဘုံမှာ တွယ်တာသာယာနေသူတွေကို သံဝေဂရကြပါစေလို့ ဆင်းရဲတဲ့အမှန်တရားတွေကို " ခန္ဓာနာမ်ရုပ် အကောင်ပုပ် ဒုက္ခသစ္စာသာ " လို့ ရှေးဦးစွာ ဟောတော်မူခဲ့ပါတယ်။ ဒီဒုက္ခသစ္စာ ရုပ်နာမ်တွေက ဉာဏ်နဲ့ပိုင်းခြားသိရမည့် တရားတွေဖြစ်ပါတယ်။ ဝိပဿနာရှုတယ်ဆိုတာ ဒီရုပ်နာမ်တွေကို မြင်အောင် ကြည့်ရတာပါပဲ။ " ဒုက္ခသောင်းပြောင်း တရားပေါင်းလည်း အကြောင်းမဲ့စွာ မဖြစ်ရာရှင့် မဟာဗြဟ္မက္ကသရဟု ဘုရားတစ်သင်း မဖန်ဆင်းတည်း၊ ထန်ပြင်းသော့သွမ်း တဏှာစွမ်းကြောင့် ပရမ်းပတာ ဖြစ်ကြရာဟော သမုဒယောတဲ့ ဒီလင်္ကာအတိုင်း ဆင်းရဲတဲ့ ရုပ်နာမ်ရခြင်းရဲ့ အကြောင်းဟာ လောဘ တဏှာပါပဲလို့ သိစေချင်တာနဲ့ ခန္ဓာငါးခု ခင်တွယ်မှုသမုဒယသာ " လို့ ဆက်ဟောပါတယ်။ ဒီတရားက ပယ်ရမည့် တရားပါ။

သုံးလောကတွင် ဒုက္ခထင်၍ လွတ်ခွင်ထွက်ရာ ရတတ်ဖြာသော် သက်သာစေရန် အနေဖန်လျက် ခေမံနိရောဓ သုံးကြိမ်ပြ၏ ဆိုတဲ့အတိုင်း ဒုက္ခတွေ ပွေလီရှုပ်နေပြီလို့ မြင်သူတွေ၊ ဒုက္ခစခန်းသိမ်းချင်သူတွေ သက်သာရာရစေဖို့ "ဒုက္ခ သမုဒယံ ငြိမ်းရာမှန် နိဗ္ဗာန်နိရောဓာ" လို့ နိရောဓသစ္စာကို ဟောပါတယ်။ ဒီတရားက ဉာဏ်ဖြင့်ရောက်ရမည့် တရားပါ။ နိဗ္ဗာန်စခန်း ရောက်ဖို့မှန်းက ဤလမ်းဖြင့်တက် ဤမဂ်ကိုပွားမိန့်သည့်လားသို့ လေးပါးမြောက်တွင် မဂ်လမ်းထွင်သည် ဟောစဉ်လက်ရိုး ဆူဆူတည်းဆိုတဲ့ အတိုင်း "နိဗ္ဗာန်ရောက်ချင် မြတ်မဂ္ဂင်ခေါ်တွင် မဂ္ဂင်သာ" လို့ (၄)နံပါတ်မှာ ဟောခဲ့ပါတယ်။ ဒီတရားက ပွားများရမဲ့

http://www.dhammadownload.com



တရားပါ။

ပြီးတော့ သစ္စာ(၄)ပါးရဲ့ ဥပမာ(၂)မျိုးစီလောက် ဆက်ဟောပါ့မယ်။ ရောဂါသုတ်သင်း ပျောက်ခြင်းဆေးမြတ် ပမာကပ် လေးရပ် ဥပမာဆိုတဲ့အတိုင်း ယခုဒုက္ခသစ္စာ ခန္ဓာနာမ်ရုပ်ရနေကြတာဟာ အနာဆိုး အနာပျက်ရောဂါ အဆိပ်ပင်ကြီးပေါက်နေတာ၊ ရနေတာနဲ့တူတယ်။ ခန္ဓာနာမ်ရုပ်အပေါ် တွယ်တာနေတာဟာ အဆိပ်ပင်ရဲ့ အမြစ်နဲ့တူပါတယ်။ ခန္ဓာနာမ်ရုပ်ငြိမ်းသွားတဲ့ နိရောဓသစ္စာဟာ အဆိပ်ပင်ကြီးပြတ်သွားသေသွားတာနဲ့ တူပါတယ်။ မဂ္ဂင်ကျင့်စဉ်များဟာ အဆိပ်ပင်ဖြတ်နည်း ခုတ်နည်းတွေပါပဲ။

အနာဆိုး အနာပျက်ကြီး ပျောက်အောင် ကုသနိုင်တဲ့ ဆေးကောင်းဝါးကောင်း ကျင့်စဉ်တရားကောင်းများကို အကြောင်းပြုပြီး တရားရှင် ဘုရားသခင်ကို မြတ်နိုးကြရပါတယ်။ ဆေးကောင်း၊ ဝါကောင်းကျင့်စဉ်တို့ကို စားသုံးကြ၍ အမြိုက်ရည် လိမ်းကျံထားတဲ့ အရိယာသံဃာတော်များ၊ ယနေ့နှစ်ပေါင်း ၂၅၈၂ နှစ်တိုင်အောင် ဤသာသနာတော်ကျင့်စဉ် ဆေးကောင်း ဝါးကောင်းတွေကို ရှေးမိဘ ဘိုးဘွားတို့၏ ပစ္စည်းအထောက်အပံ့ရယူပြီး၊ လက်ဆင့်ကမ်း ပခုံးပြောင်းကာ အဆင့်ဆင့် သင်ယူပို့ချ နာကြားသယ်ယူတော်မူလာကြသော ဆရာတော်၊ သံဃာတော် အရှင်မြတ်များကို မြတ်နိုးကြရပါတယ်။ ဒါကြောင့် တရားနိဂုံးအနေနဲ့ -

**မာနေန္တိ ဓမ္မ ကာမာ ယေ၊ ဓမ္မ မာဂမ္မ ဒေသကံ၊**

**ဗုဒ္ဓဉ္စာ မတဒံ သံဃံ၊ ဓမ္မောဇာမတ လိမ္ပိတံ။**

ယေ= ပြဟ္မာနတ်လူ အကြင်သူတို့သည်၊ ဓမ္မကာမာ= ချမ်းသာဖို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနော၌ငံပျို နှစ်လိုကြကုန်သည်ဖြစ်၍၊ ဓမ္မံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်ကျယ်ပွားကျင့်စဉ် ဆေးကောင်းဝါးကောင်းများကို၊ မာနေန္တိ= မြတ်နိုးကြပေကုန်၏။

http://www.dhammadownload.com



တေ= ထိုတရားမြတ်နိုး ဆေးကောင်းဝါးကောင်း ကျင့်စဉ် မြတ်နိုးကြသူတို့သည်၊ ဓမ္မမာဂမ္မ= သံသရာဝဋ်ဖွေ့ ကစ္ဆက်ခွေမှ လွတ်စေနိုင်ကြောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍၊ (ဝါ) အနာရောဂါ နာမ်ရုပ်ငြိမ်ကြောင်း ဆေးကောင်းဝါးကောင်း ကျင့်စဉ်အပေါင်းကို စွဲမှီ၍၊ ဒေသကံ= လေးဆယ်နှင့်ငါး ချိန်မြင့်လျားအောင် ဟောကြားတော်မူတတ်ပါပေသော၊ အမတဒံ= မြိုက်ရည်ချိုစိမ့် ပီတိငြိမ့်အောင် ဟောမ်န့်သာကြုပေးသနာတော်မူတတ်ပါပေသော၊ ဗုဒ္ဓဥ္စ= အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရည် တိုက်ကျွေးတတ်သည့် ကျေးဇူးကြီးမား တရားသခင်ဘုရားရှင်ကိုလည်းကောင်း၊ ဓမ္မောဇာမတလိမ္ပိတံ= ကိလေချေးမြူဖွေးဖွေးဖြူ၍ မွှေးကြူပုံ့ငြိမ်း အမြိုက်ရည် လိမ်းတော်မူအပ်သော၊ သံဃဥ္စ= ရှစ်ယောက်အရိယာ မြတ်သံဃာကိုလည်းကောင်း၊ (ဝါ) ယနေ့တိုင် ဆေးကောင်းဝါကောင်း သာသနာကျင့်စဉ်များကို လက်ဆင့်ကမ်းပန်းပြောင်း၍ သယ်ဆောင်တော် မူလာကြသော ဆရာတော် သံဃာတော် အရှင်မြတ်များကိုလည်းကောင်း၊ မာနေန္တိ= ကျေးဇူးဂုဏ်သိရ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင် မရွေ့ပြောင်းပဲ နှစ်ထောင်းအားရ ကြည်ညိုမြတ်နိုးကြရပါကုန်သည်တကား။

**သာဓု - သာဓု - သာဓု**

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
ပဓာန နာယက
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ
လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ
ဟောကြားတော်မူသော
(၁၀-၄-၂၀၀၄) မှ (၁၈-၄-၂၀၀၄) အထိ
၁၃၆၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၆)ရက် စနေနေ့မှ
၁၃၆၆ ခု၊ ဦးတန်ခူးလကွယ် တနင်္ဂနွေနေ့အထိ
ကျင်းပသော သင်္ကြန်အခါလယ်တီဝိပဿနာ
အထူးတရားစခန်း (၁)

**နာဂလိုဏ်ဂူကလေးဝတောရတရားစခန်း**
**ယောဂီ (၄၅၀)တို့အား ဟောတော်မူသည့်တရားတော်**

**သင်္ကြန်တရားစခန်း**

ယနေ့ ၁၃၆၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၆)ရက်၊ (၁၀-၄-၂၀၀၄) စနေနေ့။

ယနေ့ဆိုလျှင် ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာကမ္မဋ္ဌာန်း ဒေးထုတ်ကြသည့် ယောဂီအပေါင်းတို့၏ ဘုရား, တရား, သံဃာ

http://www.dhammadownload.com



ရတနာသုံးဖြာတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ကြရသော ရတနတ္တယ ပဏာမကုသိုလ်ကံ စသည်တို့ကြောင့် မိမိတို့ အားထုတ်ကြဆဲ၊ အားထုတ်ကြမည့် သမထ ကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း နည်းနာနိဿယများကို လျှင်လျှင်မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေဖြိုးမောက် တန်ခိုးတောက်လောက်အောင် အားထုတ်နိုင်ကြသဖြင့် ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ လျှင်မြန်စွာ စံမြန်းရောက်ရှိနိုင်ကြ ပါစေသတည်း။

## (၈)ပါးသီလပေးတော်မူသည် အဘယ့်ကြောင့် တရားအားထုတ်ရသလဲ?

ယနေ့ သာသနာတော်နှစ် ၂၅၄၇. ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၆)ရက်နေ့။

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက် သုကုမာရဒီပနီ သုံးထပ်ကျောင်းဆောင်မှာ (၆)ကြိမ်မြောက် ဖွင့်လှစ်တဲ့ လယ်တီဝိပဿနာ (၇)ရက်သကြံန်အထူး တရားစခန်း။

ဒီတရားစခန်းမှာ နှစ်တိုင်း၊ နှစ်တိုင်းနဲ့မတူပဲနဲ့ တမူထူးခြား ပါတယ်။ (၇)ရက်မျှမကပဲနဲ့ (၉)ရက်အချိန်ရနေတော့ (၇)ရက် တရားစခန်းမဟုတ်ပဲ (၉)ရက်တရားစခန်း ဖြစ်ပါတယ်။ အဖွင့်အပိတ်နဲ့ (၉)ရက် တစ်နေ့(၉)နာရီအားထုတ်ရတော့ ဗုဒ္ဓဘုရားရဲ့ သာသနာဓမ္မ တွေကို အားထုတ်တဲ့ နာရီပေါင်းဟာ (၆၃)နာရီ ဖြစ်ပါလိမ့်မယ်။ (၆၃)နာရီ တိုင်းသာ သာမန်အနေအားဖြင့် ပြောကြမယ်ဆိုရင် တစ်နေ့(၁)နာရီ အားထုတ်တယ်ဆိုကြပါစို့၊ (၂)လနဲ့(၃)ရက်စာ ရှိပါတယ်။ ဒီရက်ပိုင်း လေးမှာ အင်မတန်အကျိုးရှိတဲ့ သာသနာ့လုပ်ငန်းတွေ လုပ်ကြမယ်။ တနည်းအားဖြင့်တရားအားထုတ်ကြမယ်၊ အဲဒီတော့ ဘာကြောင့် တရား

http://www.dhammadownload.com



အားထုတ်ကြသလဲ။ အဘယ်အကျိုးငှာ တရားအားထုတ်ကြပါသလဲလို့ မေးရင်၊ ခပ်ကျဉ်းကျဉ်းလေး ဖြေကြမယ်ဆိုရင် **“ပုထုဇဉ်ဘ၀က အရိယာ ဘ၀ရောက်အောင်”** တရားအားထုတ်ပါတယ်။ ပုထုဇဉ်မှာလဲ ပထမ အဆင့် “အန္ဓပုထုဇဉ်ဘ၀က”ကလျာဏပုထုဇဉ်ဖြစ်အောင် တရားအားထုတ်ပါတယ်။ “ကလျာဏပုထုဇဉ်အဖြစ်က အရိယာဖြစ်အောင် တရားအားထုတ်ပါတယ်။

## ပုထုဇဉ်ဆိုတာ

ပုထုဇဉ်ဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်သလဲ။ “ပုထုဇ္ဇန ဘာဝေါ မဟာသာဝဇ္ဇော” ပုထုဇဉ်အဖြစ်ဟာ အပြစ်သိပ်ကြီးပါတယ်။ ပုထုဇဉ်ဘ၀နဲ့နေရတာ ကြောက်စရာချည်းပဲ။ လန့်စရာချည်းပဲ။ အပြစ်အင်မတန်များပါတယ်။ အင်မတန်အပြစ်များတဲ့ဘ၀ကို ပုထုဇဉ်ဘ၀လို့ ခေါ်ပါတယ်။ ပုထုဇဉ်ဟာ အမိကိုသတ်မှု ပြုနိုင်ပါတယ်။ အဘကိုသတ်မှု ရဟန္တာကိုသတ်မှု၊ ဘုရားကိုသွေးစိမ်းတည်အောင်ပြုမှု၊ သံဃာသင်းခွဲမှု ဆိုတဲ့ ကြီးလေးတဲ့အပြစ်တွေ လွန်ကြူးနိုင်ပါတယ်။ အဖြူရောင်မသန်း အမဲရောင်လွှမ်း ဦးခေါင်းမဖော်နိုင်အောင် နစ်မြုပ်နိုင်တဲ့အမှု မှားကြီးတွေ ပြုလုပ်နိုင်ပါတယ်။

## ပုထုဇဉ် (၂)မျိုး

အဲဒီ ပုထုဇဉ်က (၂)မျိုး ရှိပါတယ်။

**“ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာ ဒိစ္စဗန္ဓုနာ**
**အန္ဓပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော။”**

အာဒိစ္စဗန္ဓုနာ= နေမင်း၏အဆွေဖြစ်တော်မူသော၊ ဝါ- နေမျိုးနေနွယ် ဖြစ်တော်မူသော၊ ဗုဒ္ဓေန= မြတ်စွာဘုရားသည်၊ ဒုဝေ ပုဇ္ဇနာ= ပုထုဇဉ်(၂)မျိုးတို့ကို၊ ဝုတ္တာ= ခွဲခြားကာ ဟောကြားတော်မူအပ် ပါပေကုန်၏။ နေမင်း၏အဆွေဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်ကိုယ်တော်

http://www.dhammadownload.com



တိုင် ပုထုဇဉ်(၂)မျိုး ဟောပါတယ်။ **"အန္ဓ ပုထုဇ္ဇနော ဧကော"** တစ်ယောက်က အန္ဓပုထုဇဉ်၊ အန္ဓပုထုဇဉ်ဆိုတာ ပုထုဇဉ်အကာဏ်းကို ခေါ်တာပါပဲ။

"ကလျာဏေကော ပုဇ္ဇနော" တစ်ယောက်က ကလျာဏ ပုထုဇဉ်၊ ကောင်းတဲ့ပုထုဇဉ်။ ဒီလိုဆိုတော့ သိနေကြတဲ့စကားပါပဲလေ။ အန္ဓပုထုဇဉ်= အကာဏ်းပုထုဇဉ်၊ ကလျာဏပုထုဇဉ်= အကောင်း ပုထုဇဉ်။

အန္ဓပုထုဇဉ်နဲ့ စာလို့ရှိရင်တော့ ကလျာဏပုထုဇဉ်က ကောင်းပါတယ်။ ကလျာဏပုထုဇဉ်ဖြစ်အောင် တော်တော်လေး ကြိုးစားရတယ်။ အဲဒီ ကလျာဏပုထုဇဉ်ကနေပြီးတော့ အရိယာဖြစ်အောင် ကြိုးစားရတယ်။ အန္ဓပုထုဇဉ်ဆိုတာ ဘာလဲ။ အန္ဓပုထုဇဉ်ဆိုတာ ခန္ဓာငါးပါး၊ တစ်နည်းအားဖြင့် ရုပ်နာမ်(၂)ပါးနဲ့ ပတ်သက်ပြီးတော့၊ တစ်နည်းအားဖြင့် အာယတန (၁၂)ပါး၊ ဓာတ် (၁၈)ပါး၊ ခြုံပြီး ပြောရင်တော့ ရုပ်နဲ့နာမ် (၂)မျိုးပါပဲ။ ခန္ဓာငါးပါးဟောတဲ့အခါ ရုပ်ကိုတစ်ပါးထဲ။ နာမ်ကို (၄)ပါး ထားဟောပါတယ်။ အာယတန (၁၂)ပါး ဟောတဲ့အခါ ရုပ်အာယတန ချည်း (၁၀)ပါး၊ ရုပ်နာမ်ရောရက် (၁)ပါး၊ နာမ် (၁)ပါး။

ဓာတ် (၁၈)ပါး ဟောတဲ့အခါ ရုပ်သက်သက် (၁၀)ပါး၊ နာမ်သက်သက်က (၇)ပါး၊ ရုပ်နာမ်ရောရက်က (၁)ပါး။ ခန္ဓာ (၅)ပါး၊ အာယတန (၁၂)ပါး၊ ဓာတ် (၁၈)ပါးကို ခြုံလိုက်တော့ ရုပ်နဲ့နာမ် (၂)ပါးပါပဲ။ ခန္ဓာ (၅)ပါးဖြစ်စေ၊ အာယတန (၁၂)ပါးဖြစ်စေ၊ ဓာတ် (၁၈)ပါးကိုဖြစ်စေ၊ သစ္စာ(၄)ပါးကိုဖြစ်စေ-

(၁) ဥဂ္ဂဟ = သင်ယူခြင်း
(၂) ပရိပုစ္ဆာ = မေးမြန်းခြင်း
(၃) သဝန = နာကြားခြင်း
(၄) ဓာရဏ = ဆောင်ခြင်း
(၅) ပစ္စဝေက္ခဏ = ဆင်ခြင်/စဉ်းစားပွားများခြင်း

http://www.dhammadownload.com



ခန္ဓာ(၅)ပါးစသည်မှာ- (၁) သင်ခြင်း
(၂) မေးမြန်းခြင်း
(၃) နာကြားခြင်း
(၄) ဆောင်ထားခြင်း
(၅) ဆင်ခြင်စဉ်းစား ပွားများခြင်းမရှိရင်
အန္ဓပုထုဇဉ်- အကာဏ်းပုထုဇဉ်။

ခန္ဓာ (၅)ပါး၊ အာယတန (၁၂)ပါး၊ ဓာတ် (၁၈)ပါး၊ သစ္စာ (၄)ပါးနဲ့ ပတ်သက်ပြီးတော့ သင်မယ်၊ မေးမြန်းမယ်၊ နာကြားမယ်၊ ဆောင်ထားမယ်၊ ဆင်ခြင်စဉ်းစားပွားများမယ်။ အဲဒီ (၅)မျိုးရှိခဲ့လို့ရှိရင် ကလျာဏပုထုဇဉ်။

စောစောကပြောခဲ့တဲ့ တရားအားထုတ်တယ်ဆိုတာ အဘယ် အကျိုးငှါ အားထုတ်ပါသလဲ။ ဘာကြောင့် အားထုတ်ပါသလဲမေးရင် ပုထုဇဉ်ဘဝက အရိယာဖြစ်အောင် အားထုတ်ပါတယ်ဆိုတော့ အကာဏ်းပုထုဇဉ်မှ အကောင်းပုထုဇဉ်ဘဝရောက်အောင် တစ်ဆင့် တက်ရတယ်။ အန္ဓ= အကာဏ်းပုထုဇဉ်က၊ ကလျာဏ= အကောင်း ပုထုဇဉ်ဖြစ်အောင် ကြိုးစားပြီး အကောင်းကလျာဏပုထုဇဉ်အဲဖြစ်မှ အရိယာစခန်း တက်လှမ်းနိုင်တာပါပဲ။ အဘယ်ကြောင့် ပုထုဇဉ်လို့ ခေါ်တာ ဘာလဲ။

ပုထု + ဇန

**"ပုထုကိလေသေဇနေန္တီတိပုထုဇ္ဇနာ"** စသည်ကို မြတ်စွာ ဘုရားကိုယ်တော်တိုင် ဖွင့်ဆိုဟောတော်မူတယ်။

ပုထုကိလေသေ= များစွာသော ကိလေသာတို့ကို၊ ဇနေန္တိ= ဖြစ်စေတတ်ကုန်၏။ ဣတိ တသ္မာ= ထို့ကြောင့်၊ ပုထုဇ္ဇနော= ပုထုဇဉ် မည်ပါ၏။

လောဘ, ဒေါသ, မောဟ, ထိန, မိဒ္ဓ, မာန, ဥဒ္ဓစ္စ, မိစ္ဆာဒိဋ္ဌိ, ဝိစိကိစ္ဆာ, အဟိရိက, အနောတ္တပ္ပ ဆိုတဲ့ ကိလေသာတွေ များများစားစား ဖြစ်စေတတ်တဲ့ ပုဂ္ဂိုလ်တွေကို ပုထုဇဉ်လို့ခေါ်ပါတယ်။

http://www.dhammadownload.com



**တစ်နည်း ပုထုဇဉ်**

နောက်တစ်နည်းက **"ပုထုအဝိဟတ-သက္ကာယဒိဋ္ဌိ- ကာတိ ပုထုဇ္ဇနာ"**၊ ပုထုဇဉ်ဆိုတာ သက္ကာယဒိဋ္ဌိ မပျောက်တဲ့ ပုဂ္ဂိုလ်တွေကို ခေါ်တာပါပဲ။ စောစောကပြောတဲ့ ရုပ်နာမ်တွေကို ငါပဲ၊ သူပဲလို့ စွဲလန်းပြီး အထင်လွဲနေတာ သက္ကာယဒိဋ္ဌိပါပဲ။ သက္ကာယဒိဋ္ဌိ မကင်းတဲ့ ပုဂ္ဂိုလ်တွေကို ပုထုဇဉ်လို့ခေါ်တာပါပဲ။

တရားအားမထုတ်ပဲနဲ့ သက္ကာယဒိဋ္ဌိက ပျောက်မသွားဘူး။ တရားအားထုတ်လိုက်မှ **"နာမ ရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ"** သက္ကာဒိဋ္ဌိ ကင်းအောင် ဘယ်လိုလုပ်ရလဲ။ "နာမ်ရုပ်ပိုင်းခြား သိအောင် လုပ်ရမယ်"။

မိမိခန္ဓာကိုယ်က ပြောလိမ့်မယ်။ ဒါက ရုပ်၊ ဒါက နာမ်လို့ အမြဲတမ်းပဲပြောနေတယ်။ ငါဆိုတာ ရုပ်ပါ၊ ငါဆိုတာ နာမ်ပါလို့ ပြောတော့ ပြောနေတယ်။ မသိဘူး။ အဲဒါတွေကို ဒါက ရုပ်၊ ဒါက နာမ်လို့ တရားအားထုတ်တဲ့အခါ သိလာလိမ့်မယ်။ ခန္ဓာကိုယ်က ပြောတာတွေကို ကျကျနနသိလာလိမ့်မယ်။ အဲဒီလို သိလာမှ သက္ကာယဒိဋ္ဌိ ကင်းတယ် ပုထုဇဉ်ဆိုတာ သက္ကာယဒိဋ္ဌိ မကင်းတဲ့ပုဂ္ဂိုလ်တွေကိုခေါ်တာ။ အရိယာဆိုတာ သက္ကာဒိဋ္ဌိ ကင်းတဲ့ပုဂ္ဂိုလ်တွေကို ခေါ်တာ။ သက္ကာယဒိဋ္ဌိ ရှိနေပြီဆိုရင်တော့ "ဒိဋ္ဌိသက္ကာ မကွာသမျှ လူတွင်စကြာ နတ်မှာသိကြား မိုးဖျားပြဟ္မာ ဖြစ်တုံပါလဲ ခန္ဓာပြိုကွဲ ကုသိုလ်စံက မလွဲပါယ်ရွာ ရောက်မြဲသာတည်း။"

သက္ကာယဒိဋ္ဌိ တန်းလန်းနဲ့ စကြာမင်းကြီး နတ်ရွာစံတယ်။ သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ သိကြားမင်းကြီး နတ်ရွာစံတယ်။ သက္ကာယဒိဋ္ဌိ တန်းလန်းနဲ့ ပြဟ္မာမင်းကြီး စုတေတယ်။ အဲဒီ ပုဂ္ဂိုလ်တွေဟာ သက္ကာယဒိဋ္ဌိကင်းအောင်လုပ်ပြီး အပါယ်တံခါး မပိတ်နိုင်သေးတဲ့အတွက် အပါယ်နဲ့ မဟာမိတ်စာချုပ် မပျက်ပြယ်သေးတဲ့အတွက် စာချုပ်မပျက်သေးလို့ ငရဲဖြစ်နိုင်သေးတယ်။ တိရစ္ဆာန် ဖြစ်နိုင်သေးတယ်။ ပြိတ္တာဖြစ်နိုင်

http://www.dhammadownload.com



သေးတယ်။ အသူရကာယ် ဖြစ်နိုင်သေးတယ်။

သို့သော်လဲ "ဖြဟ္မာ့ပြည်တဝင်းဝင်း ဝက်စားကျင်းတရှုံ့ရှုံ့" ဆိုတာလို့ တောက်လျှောက်တော့ မဖြစ်နိုင်ပါဘူး။ ဘဝတစ်ခုခုခြားပြီးမှ ဖြစ်တာပါ။

**တစ်နည်း**

ပုထုဇ္ဇနဆိုတဲ့ပုဒ်ကို နောက်တစ်နည်း ဘယ်လိုဖွင့်သေးသလဲ ဆိုတော့ **"ပုထုနာနာသတ္ထာရာနံ မုခုလ္လောကိကာတိပုထုဇ္ဇနာ"** ပုထုနာနာ သတ္ထာရာနံ= လောကရှိသမျှ ဆရာအမျိုးမျိုးတို့၏၊ မုခုလ္လောကိကာ= မျက်နှာကိုမော်၍ ကြည့်နေတတ်ကြ၏၊ ဣတိ တသ္မာ= ထို့ကြောင့်၊ ပုထုဇ္ဇနာ= ပုထုဇဉ်မည်ကြကုန်၏။

ဆရာအမျိုးမျိုးတို့၏မျက်နှာကို မော်ပြီးကြည့်နေတတ်တဲ့တွက် ပုထုဇဉ်၊ ပုထုဇဉ်ဟာ ဆရာများတယ်တဲ့။ "ဆရာများ သားသေ"တဲ့။ ယခုဘဝမှာ ဗုဒ္ဓဘာသာ အဘိုးအဘွား၊ မိကောင်းဖခင်၊ ဆရာသမား တွေနဲ့တွေ့လို့ ဘုရားမျက်နှာတော်ကို မော်ကြည့်နိုင်တယ်။ ရွှေတိဂုံဘုရား ထီးတော်ကို မော်ကြည့်ပြီးတော့ လက်အုပ်တချီချီနဲ့နေနိုင်တာကိုး။ ယနေ့ ပုထုဇဉ်ဘဝနဲ့ ကွယ်လွန်သွားတယ်။ တစ်ဖန် လူဖြစ်ပြီး ဖြုတ်ကနဲဆို ဆရာတစ်မျိုး ပြောင်းသွားနိုင်တယ်။ ဝါဒတစ်မျိုးပြောင်းသွားနိုင်တယ်။ ဒီဘဝမှာလဲ ပြောင်းသွားနိုင်တာပဲ။ အမေရိကန် ဆန်ဖရန်စစ္စကိုမှာ ရောက်နေကြတဲ့သူတွေ ဒီမှာတုန်းက ဝိပဿနာအဖွဲ့တစ်ခုရဲ့ အသင်းဝင် တွေ ချပ်(စ်)မှာသွားပြီးတော့ ဆရာလုပ်နေကြတယ်။

အဲဒါကို ထူးဆန်းလွန်းလို့ဆိုပြီးတော့ ကလေးတစ်ယောက်က လာလျှောက်ဖူးပါတယ်။ ဒါကြောင့် ဒီဘဝမှာလဲ ပြောင်းနိုင်တယ်။ ဘုန်းကြီးတို့ အခုဘုရားရှင်ကို ဖူးမျှော်တယ်။ နာဂလိုဏ်ဂူစေတီတော် မြတ်ကြီးကို ဖူးမျှော်တယ်။ ရွှေဟောင်းစေတီတော်ကြီးတွေ စက်တော်ရာ ဘုရားတွေကို ဖူးမျှော်တယ်။ ဂေါတမရှင်တော်ဗုဒ္ဓဆိုတဲ့ မျက်နှာတော်ကို

http://www.dhammadownload.com



မော်ကြည့်ပြီး တပည့်ခံပြီးတော့ နေကြတယ်။ အရိယာမဖြစ်သေးရင် ဒီဘဝမှာလဲ ပြောင်းလဲ ပြီးတော့ သွားနိုင်တယ်။ နောက်နောင်ဘဝတွေ ပိုပြီးပြောင်းလဲသွားနိုင်တယ်။

ဒါကြောင့်မို့ ဆရာများလွဲပြီဆိုရင် သွားပြီ။ လောကရှိသမျှ အမှားတွေထဲမှာ ဆရာမှားတာလောက် မှားတာမရှိဘူး။ လောကရှိသမျှ အနန္တအမှားတွေထဲမှာ ဆရာမှားခြင်းသည် မဟာအမှောက် မဟာအမှား ကြီး ဖြစ်ပါတယ်လို့ ဘုန်းကြီးတို့ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး တွေ မိန့်လေ့ရှိတယ်။ ယခုဘဝ ဂေါတမဗုဒ္ဓကို ကိုးကွယ်တယ်။ နောက်ဘဝတစ်မျိုး ပြောင်းသွားနိုင်တယ်။ ယခု ဒီတရား၊ နောက်တရား တစ်မျိုး ပြောင်းသွားနိုင်တယ်။ ယခု ဒီသံဃာ၊ နောက်သံဃာတစ်မျိုး ပြောင်းသွားနိုင်တယ်။ ဒါကြောင့် ပုထုဇဉ်လို့ခေါ်တာ။ မျက်စေ့ကွယ် နေသူလို မရေရာသော ဘဝနဲ့ သံသရာကြီးထဲမှာ ခရီးသွားနေတာဟာ ပုထုဇဉ်ပါ။

**နောက်တစ်နည်း**

**"ပုထုသဗ္ဗဂတီဟိ အဝုဋ္ဌိတာ ပုထုဇ္ဇနာ"**

ပုထုသဗ္ဗဂတီဟိ= အလုံးစုံသော ဂတိတို့မှ၊ အဝုဋ္ဌိတာ= မထကြကုန်၊ ဣတိ တသ္မာ= ထို့ကြောင့်၊ ပုထုဇ္ဇနာ= ပုထုဇဉ်မည်ပါတယ်။ ပုထုဇဉ်တို့ဟာ ဘယ်ဂတိကမှ လွတ်မြောက်ပါပြီလို့ မပြောနိုင်ဘူး။ ခွေးကြည့်ပြီး ခွေးဖြစ်ရမှာ ကြောက်စရာကောင်းလိုက်တာ။ အမြဲတမ်း လွတ်ပြီလားဆိုတော့ မပြောနိုင်ဘူး။ ဝက်၊ ကြက်၊ ငှက်တွေကြည့်ပြီးတော့ ကြောက်စရာကောင်းလိုက်တာ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံ ဂတိမှ လွတ်ပြီလို့ မပြောနိုင်ဘူး။ မနုဿဂတိ= လူဆင်းရဲ လူချမ်းသာဂတိမှ လွတ်ပြီလို့မပြောနိုင်ဘူး။ ဒေဝဂတိ= နတ်ပြဟ္မာဂတိမှ လွတ်ပြီလို့မပြောနိုင်ဘူး။ ဘယ်ဂတိကမှ မလွတ်မြောက်သေးတဲ့အတွက် အိုနာသေမလွတ်သေးသူ ပုထုဇဉ်။

http://www.dhammadownload.com



**တစ်နည်းအားဖြင့်**

**"ပုထုနာနာဘိသင်္ခါရေ အဘိသင်္ခရောန္တီတိ ပုထုဇ္ဇနာ"** များစွာသော ကောင်းမှု၊ မကောင်းမှု ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိသင်္ခါရ အဲဒါတွေကို ဖန်တီးတတ်တဲ့အတွက်ကြောင့် ပုထုဇဉ်။

တစ်နည်းအားဖြင့် "ပုထုနာနာဩဃေဟိ ဝုယှန္တီတိ ပုထုဇ္ဇနာ" ဩဃလေးသွယ် မြစ်ပင်လယ်မှာ ဖြုတ်မျောနေတဲ့ ပုဂ္ဂိုလ်တွေဟာ ပုထုဇဉ်။ ဩဃဆိုတာ ရေအလျင်ပါပဲ။ ဒီနေရာမှာ ရေအလျင်နဲ့တူလို့ သဒိသူပစာအားဖြင့် လောဘ-ဒိဋ္ဌိ-မောဟကို ဩဃလို့ ခေါ်ရပါတယ်။ ရေအလျင်သည် သတ္တဝါတို့ကို နစ်မြုပ်အောင် လွှမ်းဘိသတ်ဖြတ်တတ် သလို ထို့အတူပါပဲ ဒီလောဘစသည်တို့ကလဲ မိမိတို့ကိန်းရာ သတ္တဝါကို ဝဋ္ဋဒုက္ခ အပါယ်လေးပါးအထိ နစ်မြုပ်အောင် လွှမ်းဖိသတ်ဖြတ်တတ်ပါ တယ်။ အဲဒီ ဩဃက-

| | | |
|---|---|---|
| ကာမောဃ | = | အာရုံငါးပါး ကာမဂုဏ် တရားရေအယာဉ်၊ |
| ဘဝေါဃ | = | ဘဝရေအယာဉ် |
| ဒိဋ္ဌောဃ | = | ဒိဋ္ဌိရေအယာဉ် |
| အဝိဇ္ဇောဃ | = | မောဟရေအယာဉ် |

အဲဒီ ဩဃလေးမျိုး၊ တရားကိုယ်သုံးမျိုးထဲမှာ ကူးလိုက်၊ သန်းလိုက်၊ ဖြုတ်လိုက်၊ မျောလိုက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ပုထုဇဉ်။ တစ်နည်းအားဖြင့် **"ပုထုနာနာသန္တာပေဟိသန္တပ္ပန္တီတိ ပုထုဇ္ဇနာ"** ပူပန်မှုမှာတော့ ကုန်ရော့။ ပူပန်စရာမှန်သမျှ ပူနေတာ။ အပူတိုက်ခံ နေရသူဟာ ပုထုဇဉ်။ "အရှူးမီးဝိုင်းသလိုပဲ"တဲ့။ အရှူးများ ရှေ့ကအမှိုက် လေးတွေ မီးရှို့၊ နောက်အမှိုက်လေးတွေ မီးရှို့၊ ဘေးကအမှိုက်လေးတွေ မီးရှို့၊ ကြာတော့ သူ့ကို မီးကဝိုင်းထားသလို။ ပုထုဇဉ်များမှာလဲ လောဘမီး၊ ဒေါသမီး၊ မောဟမီးစတဲ့ မီး(၁၁)မျိုးဟာ ဝိုင်းအုံပြီး နေပါတယ်။ **"ပုထုနာနာ ပရိဠာဟေဟိ ပရိဒယှန္တီတိ ပုထုဇ္ဇနာ"** ပူလောင်မှု အားလုံးနဲ့ အပူလောင်ခံ နေရတဲ့အတွက် ပုထုဇဉ်။

http://www.dhammadownload.com



**"ပုထု ပဉ္စသုကာမဂုဏေသု ရတ္တာဂိဒ္ဓါ ဂထိတာ မုစ္ဆိတာ အဇ္ဈောသန္နာ လဂ္ဂါ လဂ္ဂိတာ ပလိဗုဒ္ဓါတိ ပုထုဇ္ဇနာ"** (ဒီ-ဋ္ဌ-၁-၅၉)

အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ ရသာမျိုးစုံ၊ အတွေ့အထိ မျိုးစုံ၊ ကာမဂုဏ်တို့၌ တပ်မက်ပြီး၊ တွယ်တာပြီး၊ မိန်းမောပြီး၊ ကပ်ငြိပြီး နေတတ်တဲ့အတွက်ကြောင့် ပုထုဇဉ်။

**နောက်တစ်နည်းက**

**"ပုထုပဉ္စဟိ နီဝရဏေဟိအာဝုတာ နိဝုတာ ဩဝုတာ ပိဟိတာ ပဋိစ္ဆန္နာ ပဋိကုဇ္ဇိတာတိ ပုထုဇ္ဇနာ"**။ နောက်တစ်နည်းက နီဝရဏ (၅)မျိုး၊ အပိတ်အဆို့ တရား(၅)မျိုး။ ကာမစ္ဆန္ဒ အာရုံငါးပါးကို လိုချင်တာ။ ဗျာပါဒ= သူတစ်ပါးကို သေစေချင်တာ။ ထိန, မိဒ္ဓ= ထိုင်းတာ, မှိုင်းတာ။ ဥဒ္ဓစ္စ, ကုက္ကုစ္စ= စိတ်ပြန့်လွင့်တာ နောက်တတစ်ဖန် ပူပန်တာ။

ဝိစိကိစ္ဆာ= သို့လော သို့လော သံသယဖြစ်တယ်။ အဲဒီ နီဝရဏ တရားတွေက အပေါ်ကနေ အဖုံးနဲ့ ဖုံးအုပ်ထားသလို အပေါ်ကနေ တစ်ခုခုနဲ့ စွပ်ပြီးတော့ထားသလို အဖုံးလှမ်းခံပြီးတော့ ခေါင်းစွပ်နေသလို နေရတဲ့အတွက်ကြောင့် ပုထုဇဉ်။ အဲဒီတော့ **"ပုထုဇ္ဇန ဘာဝေါ မဟာသာဝဇ္ဇော"** ပုထုဇဉ်အဖြစ်ဟာ အင်မတန်အပြစ်ကြီးပေစွ။

ပုထုဇဉ်ဘဝဟာ ဘုရားလဲပြောင်းနိုင်တယ်။ တရားလဲပြောင်းနိုင် တယ်။ သံဃာလဲ ပြောင်းနိုင်တယ်။ ငါးပါးသီလလဲ ပျက်နိုင်တယ်။ အရိယာစခန်း တက်လှမ်းသွားတဲ့အခါ ဘုရားမပြောင်းတော့ဘူး။ "ဘုရားမဟုတ်ပါဘူး"လို့ ပြောရင်ပြော၊ မပြောရင် လည်ပင်းဖြတ်မယ်။ ခေါင်း(၇)စိတ်ခွဲမယ်ဆိုလဲပဲ ဖြတ်ပါ၊ ခွဲပါ မပြောနိုင်ဘူးတဲ့။

ဘုရား, တရား, သံဃာလဲ မပြောင်းဘူး။ ငါးပါးသီလဆိုရင် မကျိုးမပေါက် မပြောက်ကြားစေရဘူးတဲ့။ အဲဒါကြောင့် အရိယာ ပုဂ္ဂိုလ်များက အပါယ်တံခါးပိတ်တာ။ အပါယ် (၄)ဘုံမရောက်တော့ဘူး။

http://www.dhammadownload.com



စောစောက ပုထုဇဉ်တွေ ဂတိ(၅)ပါး။ ဘယ်ဂတိကမှ မလွတ်သေးသလို အရိယာများကတော့ ဒီလိုမဟုတ်ဘူး။ ငရဲမကျတော့ဘူး။ တိရစ္ဆာန် မဖြစ်တော့ဘူး။ ပြိတ္တာမဖြစ်တော့ဘူး။ သောတာပန်က စပြီးလွတ်မြောက် ရေးနယ်မြေရောက်တာ။ ငြိမ်းချမ်းရေးနယ်မြေ ရောက်ပြီ။

အရိယာများ အာဇီဝကဘေး= အသက်မွေးမှုကြောင့် ဖြစ်တဲ့ဘေး တို့လဲ လွတ်တယ်။ အသိလောကဘေး= ကဲ့ရဲ့ခြင်းဘေးကလဲ•လွတ်တယ်။ ပရိသသာရဇ္ဇဘေး= ပရိသတ်ကြောက်ရွံ့တဲ့ဘေးလဲ မရှိဘူး။ မရဏဘေး= အရိယာအဆင့်အတန်း မြင့်မြင့်သွားတဲ့ပုဂ္ဂိုလ်များ ပစ္စေကဗုဒ္ဓါ မြတ်စွာဘုရားများကတော့ မရဏဘေးလဲမရှိဘူး။ ဒုဂ္ဂတိဘေး= ဘုံဆိုး, ဘဝဆိုး, ဝဋ်ဆိုး, ကြမ္မာဆိုး အဆိုးဟူသမျှ မရောက်တော့ဘူး။

ဘုန်းကြီးတို့က ဝဋ်ဆိုး ကြမ္မာဆိုးတွေမလွတ်သေးဘူး။ ဘုံဆိုး, ဘဝဆိုးတွေ မလွတ်သေးဘူး။ ဝဋ်ကြွေးမဲ့ အရိယာပုဂ္ဂိုလ်များက ဘုံဆိုး, ဘဝဆိုး, ဝဋ်ဆိုး, ကြမ္မာဆိုးက လွတ်ပြီ။ အဲဒီလို ပုထုဇဉ်နဲ့ အရိယာ နှိုင်းယှဉ် လိုက်တဲ့အခါ အင်မတန်ကွာခြားပါတယ်။ ကြားဖူးနေကြတဲ့ ဒေဝဒတ်ကြီး တို့၊ အဇာတသတ်မင်းတို့၊ ဘုရားသတ်ဖို့ ကြိုးစားခဲ့ကြတယ်။ ဒါဟာ ပုထုဇဉ်ရဲ့သဘာဝပဲ။ အရိယာဖြစ်ရင်တော့ ဒါတွေ ဘယ်ပြုတော့ မှာလဲ။ ပုထုဇဉ်များဟာ ကံကြီး (၅)ပါး ထိုက်နိုင်သေးတယ်။ အရိယာ ပုဂ္ဂိုလ်များ ဘယ်တော့မှ ကံကြီး(၅)ပါး မထိုက်တော့ဘူး။

တစ်နည်းအားဖြင့် ပုထုဇဉ်ကို ရှင်းအောင်ပြောမယ်ဆိုရင် အရိယာတို့ရဲ့တရားကို မျက်ကွယ်ပြုတဲ့ပုဂ္ဂိုလ်တွေဟာ ပုထုဇဉ်၊ အများစုက ဒီအတိုင်းကျင့်တာ။ ယုတ်ညံ့သေးသိမ် မှေးမှိန်တဲ့တရား တွေကို အောက်တန်းကျတဲ့လုပ်ငန်းတွေကို ကာယ, ဝစီ, မနော သုံးပါးလုံးနဲ့ အကျင့်ဆိုးတွေကို ကျင့်နေသူတွေကို ပုထုဇဉ်။ အရိယာ ပုဂ္ဂိုလ်များကျတော့ ယုတ်ညံ့၊ သေးသိမ်၊ မှေးမှိန်၊ အောက်တန်းကျတဲ့ အကျင့်ဆိုးတွေကို မပြုလုပ်တော့ဘူး၊ မရှိကြတော့ဘူးတဲ့။

http://www.dhammadownload.com



နောက်တစ်နည်းကတော့ သီလစသည် ဂုဏ်ကြွယ်ဝတော်မူကြသည့် အရိယာတို့မှ သီးခြားစာရင်းဝင်လို့ ပုထုဇဉ်။

ဟော- ယနေ့ လယ်တီဝိပဿနာ တရားစခန်းဝင်ရောက်ပြီး အားထုတ်ကြတဲ့ ယောဂီများဟာ ငါတို့ဟာ အကာဏ်းပုထုဇဉ်ဘဝက ကလျာဏပုထုဇဉ်ဖြစ်အောင် ကြိုးစားမယ်။ ကလျာဏပုထုဇဉ်အဖြစ်က အရိယာစခန်းတက်လှမ်းနိုင်အောင် ကြိုးစားမယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်နဲ့ "ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ ကြုံရ ဒို့သူငါ"။ "ကြုံသာကြုံရ မကြိုက်ရ မိုက်လှ မဲလှပါ"။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘအခါကြီးနဲ့ ကြုံရသော်လဲ မကြိုက်ရရင် နှစ်နှစ်ကာကာ တရားအားမထုတ်ဘူးလိုက်ရင် အလွန်မိုက်မဲရာကျပါတယ်လို့ ဘုန်းကြီးတို့ ဥပဇ္ဈာယ် မုံရွာမြို့ သပြေပင်တောရ ဆရာတော်ကြီးက သွန်သင်ဆုံးမခဲ့ဖူးပါတယ်။

အားလုံး ယောဂီသူတော်စင်များဟာ အန္ဓပုထုဇဉ်ဖြစ်နေပါက ခန္ဓာအာယတန စသည်တို့မှာ သင်ခြင်း၊ မေးမြန်းခြင်း၊ နာကြားခြင်း၊ ဆောင်ထားခြင်း၊ ဆင်ခြင်စဉ်းစား ပွားများခြင်းမရှိဘူး အဲဒီအန္ဓပုထုဇဉ်အဖြစ်မှ ကလျာဏပုထုဇဉ်အဖြစ်သို့ တက်လှမ်း နိုင်ကြပါစေ။ နာမ်ရုပ်ကို ပိုင်းခြားသိရင် သက္ကာယဒိဋ္ဌိ ခွာနိုင်တော့တာပဲ။ အတ္တဒိဋ္ဌိနဲ့ အတ္တဝါဒုပါဒါန် ပျောက်နိုင်တယ်။ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန် ကို ဖြိုခွင်းတဲ့နည်းဟာ ဗုဒ္ဓဘုရားရဲ့သာသနာတော်မှာသာ ရှိပါတယ်။ ဘယ်လိုအင်အားပြင်း လက်နက်နဲ့မှ မဖြိုခွင်းနိုင်ဘူး။ ဒါကြောင့် -

**ပဋိပတ္တိယာ လဒ္ဓဗ္ဗ ရသဿာဒ မနုတ္တရံ။**

**ဝိန္ဒိတုံ ပဒဟေနောစေ၊ ကွတ္တောတေ ဇိနသာသနံ။**

ပဋိပတ္တိယာ= ချမ်းသာလိုလား အမျိုးသားတို့ ကြိုးစားကျင့်အပ် ပဋိပတ်ဖြင့်၊ ချမ်းသာကိုရှာမှီး အမျိုးသမီးတို့ ကြိုးစားကျင့်အပ် ပဋိပတ် လမ်းစဉ်ဖြင့်၊ အနုတ္တရံ= အတုမရှိ မြင့်မြတ်သော၊ လဒ္ဓဗ္ဗရသဿာဒံ= ရအပ်မှန်စွာ သာယာဖွယ်တောင်း အကောင်းဆုံး အရသာကို၊ ဝိန္ဒိတုံ= မကြုံစဖူး အလွန်ထူးသဖြင့် ကြည်နူးပီတိ ဝွမ်းဆီထိသို့ ရရှိခံစားခြင်းငှါ၊

http://www.dhammadownload.com



ပဒဟော= ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဟု နှစ်နှစ် ကာကာ ကြိုးစားရာ သတည်း။ နောစေ= အာသာကင်းကွာ သဒ္ဓါမသန်လှ ဆန္ဒဆုတ်ယုတ် အားမထုတ်ခဲ့ပါလျှင်၊ ဇိနသာသနံ= ဂုဏ်ရည်သေတ္တာ အနှစ်စုသည့် တုမဲ့ထူးစွာ ဘုရားမြတ်သာသနာသည်၊ တေ= အခါကောင်းသင့် အခွင့်ကြုံလာ သင့်တွက်တာမှာ၊ ကွတ္ထော= ဂုဏ်အင်တင့်တိုး အဘယ်အကျိုးရှိပါအံ့နည်း။ တသ္မာ= ထို့ကြောင့်၊ လဒ္ဓဗ္ဗရသဿာဒံ= ရအပ်မှန်စွာ သာယာဖွယ်တောင်း အကောင်းဆုံးအရသာကို၊ ဝိန္ဒိတုံ= မကြုံစဖူး အလွန်ထူးသဖြင့် ကြည်နူးပီတိ ဂွမ်းဆီထိသို့ ရရှိခံစားခြင်းငှါ၊ ပဒေဟော= ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဟု နှစ်နှစ်ကာကာ ကြိုးစားရရာသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# သကြၤန်တရားစခန်း

## ပုထုဇဉ်တို့ရဲ့နယ်မြေ သဘော–ဂတိဓမ္မတာ

ယနေ့ သာသနာတော်နှစ် ၂၅၄၇ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၇)ရက်နေ့ (၁၁-၄-၂၀၀၄)။

နာဂလိုဏ်ဂူစေတီတော်မြတ်ကြီးရဲ့ ထီးတော်ရိပ်မှာ လာရောက်ပြီး သမထ၊ ဝိပဿနာကမ္မဋ္ဌာန်း ဘာဝနာ(၂)မျိုးတို့ကို ကြိုးစားအားထုတ်ကြတဲ့ ယောဂီသူတော်စင်များအား မနေ့ညဥ့်တုန်းက ပုထုဇဉ်နဲ့ ပတ်သက်ပြီးတော့ ပုထုဇဉ်မည်ပုံ၊ ပုထုဇဉ်မည်ကြောင်း အတ္တုပ္ပတ္တိ အမျိုးမျိုးပြောပြီးခဲ့ပြီ။

ယနေ့ ပုထုဇ္ဇနဘူမိ၊ ပုထုဇ္ဇနဂတိ၊ ပုထုဇဉ်တို့နယ်မြေ၊ ပုထုဇဉ်တို့ ဖြစ်တတ်တဲ့သဘော၊ ပုထုဇဉ်တို့ရဲ့ ဓမ္မတာနိယာမ၊ ပုထုဇဉ်တို့ ရောက်အပ်တဲ့သဘော သဘာဝကြီး၊ ပုထုဇ္ဇနဘူမိ၊ ပုထုဇ္ဇနဂတိလို့လဲ ခေါ်ပါတယ်။ ပုထုဇဉ်တို့ရဲ့ ဓမ္မနိယာမကြီးတွေက ဘာတွေလဲလို့ ဆိုတော့ အတ္တဒိဋ္ဌိခိုင်မြဲစွာယူလျှက်ရှိကြသဖြင့် ကိလေသာတို့၏ ထက်သန်ခြင်းပါပဲ။ သက္ကာယဒိဋ္ဌိ ခိုင်ခိုင်မြဲမြဲ ယူပြီးတော့ ထားတဲ့အတွက် လောဘကိလေသာလဲ ထက်သန်တယ်။ ဒေါသကိလေသာလဲ ထက်သန်တယ်။ မောဟကိလေသာလဲ ထက်သန်တယ်။ ကိလေသာအားလုံးဟာ ထက်ထက်သန်သန် ဖြစ်နေတယ်။

ဘာကြောင့်လဲလို့ဆိုရင်- (၁) သက္ကာယဒိဋ္ဌိကို ပြင်းပြင်းထန်ထန် ယူထားလို့ပါပဲ။ ဒါလဲ ပုထုဇဉ်တို့ရဲ့ဘူမိ၊ ပုထုဇဉ်တို့ရဲ့အဆင့်၊ ပုထုဇဉ်တို့ရဲ့ နိယာမသဘောဖြစ်ပါတယ်။ နံပါတ် (၂)အနေနဲ့တော့ ဒုစရိုက်ကံများ များပြားခြင်း၊ ပုထုဇဉ်များမှာ ဒုစရိုက်တွေ အင်မတန် များပါတယ်။ နံပါတ် (၃)ကတော့ အပါယ်လေးပါးတံခါး ဟင်းလင်းပွင့်ပြီးတော့နေခြင်း။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးပါး တံခါးဟင်းလင်းပွင့်နေခြင်း၊ ဒီအချက် (၃)ချက်ဟာ ပုထုဇဉ်တို့ရဲ့ ဘူမိ၊ ပုထုဇဉ်တို့ရဲ့ ဂတိ၊ ပုထုဇဉ်တို့ရဲ့ ဓမ္မတာ နိယာမသဘောပါပဲ။ အတ္တဒိဋ္ဌိခေါ်တဲ့ သက္ကာယဒိဋ္ဌိ

http://www.dhammadownload.com



ခိုင်မြဲစွာယူထားတဲ့အတွက် ကိလေသာထက်သန်တယ်။

သက္ကာယဒိဋ္ဌိရှိနေတဲ့အတွက် အမိသတ်တဲ့ကံကြီး၊ အဖသတ်တဲ့ကံကြီး၊ ရဟန္တာသတ်တဲ့ကံကြီး၊ သံဃာသင်းခွဲတဲ့ကံကြီး၊ မြတ်စွာဘုရားသွေးစိမ်းတည်အောင်ပြုတဲ့ကံကြီး။ အဲဒါ အနန္တရိယကံကြီးတွေ၊ ဘယ်လိုမှ ကုစားလို့မရနိုင်တဲ့ ကံကြီးတွေ၊ အဲဒီ ကံကြီးတွေဟာ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အယူပြင်းထန်တဲ့အတွက် လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာကြီးတွေ ပြင်းပြင်းထန်ထန် ဖြစ်တာပါပဲ။ ဒုစရိုက်ကံများများပြားခြင်းဆိုတဲ့ နေရာမှာ ပုထုဇဉ်များမှာ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝမှာလဲ ကာယဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါး၊ မနောဒုစရိုက် (၃)ပါး။

ကိုယ်တိုင်ပြုတဲ့ဒုစရိုက် (၁၀)ပါး၊ သူတစ်ပါးကို ဒုစရိုက်ပြုဖို့ တိုက်တွန်းတာက (၁၀)ပါး၊ သူတစ်ပါး ဒုစရိုက်ပြုနေတာကို ချီးမွမ်းတာက (၁၀)ပါး၊ သူတစ်ပါးဒုစရိုက် ပြုနေတာကို သဘောတူ ကြည်ဖြူတာက (၁၀)ပါး၊ ပေါင်းတော့ ဒုစရိုက် (၄၀)၊ အဲဒီ (၄၀)နဲ့ ညစ်နွမ်းပြီးတော့နေတာ ပုထုဇဉ် တို့ရဲ့ သဘာဝပဲ။ ကမ္ဘာ့လူထုကြီးအားလုံးဟာ ဒီဒုစရိုက်တွေနဲ့ ညစ်နွမ်းနေတယ်။

- * "သက်သတ်ခိုးမှု ကာမေသု သုံးခု ကာယကံ၊
- * "မုသားဆိုပြော ဂုံးချောရန်တိုက် အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း
  အပြိန်းစကား နေ့စဉ်ပွား လေးပါးဝစီကံ"။
- * "သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု၊ သူ့သက်ဇီဝေ သေစေချင်ဟူ၊
  အယူမှောက်မှား ဤသုံးပါး၊ မှတ်သား မနောကံ"။

**ဒုစရိုက် (၁၀)မျိုးက (၄၀)ပွား**

"ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊
ပွားပြန်မူ မှတ်ယူလေးဆယ်ကံ"။

http://www.dhammadownload.com



အဲဒီ ဒုစရိုက်ဆိုးကြီး (၄၀)ဟာ ပုထုဇဉ်တို့သန္တာန်မှာ အတုံးအခဲကြီးတွေဖြစ်ပြီး တည်ရှိပြီးနေတတ်ပါတယ်။ အဲဒီ ဒုစရိုက် တရားဆိုး တရားပျက်ကြီးတွေ ပုထုဇဉ်တို့သန္တာန်မှာ ဒုနဲ့ဒေး၊ တစ်ဘဝပြီး တစ်ဘဝ ပိုပြီးတော့ များများလာတယ်။ နံပါတ် (၃)ဖြစ်တဲ့ အပါယ်လေးပါး တံခါးဟင်းလင်းပွင့် နေတယ်။ **"စတ္တာရော အပါယာ သကဂေဟသဒိသာ"** ပုထုဇဉ်များအတွက် အပါယ်လေးဘုံဟာ ကိုယ်ပိုင်အိမ်နဲ့တူတယ်။ လူ့ဘဝ, နတ်ဘဝကတော့ တဒင်္ဂရပြီးတော့ အိမ်ငှားနေလာကြတာ။

## ပျော်မွေ့ဖွယ်နေရာ နည်းနည်းလေး

မြတ်စွာဘုရားက ဥပမာတစ်ခုဟောတာက လောကကြီးမှာ ပျော်မွေ့စရာ နယ်မြေဆိုတာ နည်းနည်းလေးပဲရှိပါတယ်။ အခု အပန်းဖြေစခန်းတွေ အပင်ပန်းခံပြီးတော့ သွားကြတယ်။ ပျော်မွေ့စရာနေရာ နည်းနည်းလေးရှိလို့ပါပဲ။ သတ္တဝါတွေဟာ လူ့ဘဝရောက်ပြီး ဘဝပြောင်းတဲ့အခါ လူက လူဖြစ်တာနည်းနည်းလေးပဲတဲ့။ လူက နတ်ဖြစ်တာလဲ နည်းနည်းလေးပဲတဲ့။ နတ်က နတ်၊ နတ်က လူဖြစ်တာလဲ နည်းနည်းလေးပဲတဲ့။

ဘယ်မှာများသလဲဆိုတော့ အပါယ်ဘုံမှာ များပါတယ်တဲ့။ အပါယ်လေးဘုံမှာလဲ တိရစ္ဆာန်က တိရစ္ဆာန်ဖြစ်တာ ပိုပြီးတော့ များပါတယ်။ တိရစ္ဆာန်က လူ၊ နတ်ဖြစ်တာ နည်းနည်းလေးပါ။ ငရဲသူငရဲသားတွေဆိုလဲ ဒီအတိုင်းပဲ။ တစ်သိန်းတစ်ယောက် ဦးခေါင်းမော်နိုင်တာပါ။ ဥပမာ- လောကန္တရိတ်ငရဲဆိုတာ ရှိတယ်။ စကြာဝဠာကြီး (၃)ခုရဲ့ အဆုံနေရာပေါ့။ သပိတ်(၃)လုံး ဆုံထားတဲ့ အခါ (၃)ခုအဆုံမှာ အကြားအပေါက်ကလေးလိုပဲ။ စကြာဝဠာကြီး (၃)ခု အဆုံလေးမှာနေတဲ့ လောကန္တရိတ်ငရဲ၊ အဲဒီမှာ လောကန္တရိတ် ငရဲသား တွေ နေကြတယ်။

မြတ်စွာဘုရားပွင့်တဲ့အခါ စသည်တို့မှာ အရောင်အလင်းတွေ ဖြစ်ပေါ်တယ်။ အဲဒီ အလင်းရောင်တွေ လောကန္တရိတ်ငရဲ ဖြတ်သန်းသွား

http://www.dhammadownload.com



တဲ့အခါ ငရဲသားအချင်းချင်းမြင်ကြတော့ အစာမှတ်ပြီးတော့ လိုက်ဟပ်ကြတယ်။ အဲဒီအချိန်လေးမှာတွင် လောဘ, ဒေါသတွေပဲ ဖြစ်ကြတယ်။ ငရဲက ငရဲဖြစ်တာများပါတယ်။ ငရဲက လူ၊ နတ်ဖြစ်တာ နည်းပါတယ်။ ဒါကြောင့်မို့ ပုထုဇဉ်များဟာ အပါယ်လေးပါး တံခါး ဟင်းလင်းပွင့်နေတယ်။ အဲဒီတော့ ပုထုဇဉ်တို့ရဲ့ဂတိ၊ ပုထုဇဉ်တို့ရဲ့ဘူမိ၊ ပုထုဇဉ်တို့ရဲ့ လားရောက်ရာ၊ တစ်နည်း အားဖြင့် ပုထုဇဉ်တို့ရဲ့ နိယာမ သဘောတရားကို လွန်မြောက်နိုင်အောင်ဆိုပြီးတော့ တရားအားထုတ်ကြရတယ်။ အရိယာစခန်း တက်လှမ်းနိုင်အောင် အဲဒီလို အရိယာစခန်း တက်လှမ်းနိုင်အောင်ကတော့ ဆိုကြပါစို့ ဗုဒ္ဓဘာသာ။

ဗုဒ္ဓဘာသာဖြစ်ရုံနဲ့ စောစောကပြောတဲ့ ပုထုဇ္ဇနဘူမိ= ပုထုဇဉ်တို့ရဲ့နယ်မြေ၊ ပုထုဇ္ဇနဂတိ= ပုထုဇဉ်တို့ရဲ့ ရောက်ရာကို ကျော်လွန်သွားသလား။ တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာဖြစ်ရုံနဲ့ ဟင်းလင်းပွင့်နေတဲ့ အပါယ်တံခါးပိတ်နိုင်သလား။ ဗုဒ္ဓဘာသာဖြစ်ရုံနဲ့ တရားဆိုး၊ တရားပျက်များဖြစ်တဲ့ (၄၀)သော ဒုစရိုက်တွေကို သန့်အောင်, စင်အောင်၊ ဒုစရိုက်တွေမှ လွတ်ကင်းအောင် ဆောင်ရွက်နိုင်သလား။ အဲဒီတော့ ကိုယ်ရယ်, နှုတ်ရယ်, စိတ်ရယ် အကျယ်ပွားလိုက်တော့ ဒုစရိုက်(၄၀)။ အဲဒီ ဒုစရိုက်တွေ ရှောင်ကြဉ်တော့ သုစရိုက်(၄၀)။အဲဒီ (၄၀)ကို ပြန်ချုံးလိုက်တော့ ကိုယ်ရယ်, နှုတ်ရယ်, စိတ်ရယ် စင်ကြယ်ရင် အပါယ်တံခါးပိတ်နိုင်တယ်။

### ဗုဒ္ဓဘာသာ (၄)မျိုး

အဲဒီထဲက စိတ်စင်ကြယ်သွားဖို့ လိုပါတယ်။ စိတ်စင်ကြယ်အောင်ဆိုပြီး အခုတရားအားထုတ်ကြရတာပါပဲ။ ဗုဒ္ဓဘာသာ (၄)မျိုး။ ဗုဒ္ဓဘာသာ။ ဗုဒ္ဓ= သစ္စာလေးပါးကို သိတော်မူတဲ့ သိ, ပယ်, ဆိုက်, ပွားလေးပါးကိစ္စ အပိုင်ရရှိတော်မူတဲ့ ဗုဒ္ဓဘုရားရဲ့။ ဘာသာ= စကားတော်။ ဗုဒ္ဓဘာသာ= သစ္စာလေးပါးကို အပိုင်ရရှိတော်မူတဲ့ မြတ်စွာဘုရားရှင်ရဲ့

http://www.dhammadownload.com



စကားတော်။ အဲဒီ စကားတော်ကို လေးစားကြည်ညိုသူဟာ ဗုဒ္ဓဘာသာ ဖြစ်ပါတယ်။ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရား ကြီးက ဗုဒ္ဓဘာသာကို လေးမျိုးလောက်ခွဲပြီး ပြတယ်။ အဲဒီတော့ ဘယ်အမျိုးအစားထဲပါတယ်ဆိုတာ မိမိတို့ကိုယ်တိုင် စဉ်းစားကြည့် ကြပေါ့။

(၁) အငယ်စား ဗုဒ္ဓဘာသာ

(၂) အလတ်စား ဗုဒ္ဓဘာသာ

(၃) အကြီးစား ဗုဒ္ဓဘာသာ

(၄) ပရမတ္ထ ဗုဒ္ဓဘာသာလို့ ဗုဒ္ဓဘာသာ (၄)မျိုး။

အငယ်စားဗုဒ္ဓဘာသာဆိုတာ- အငယ်စားဗုဒ္ဓဘာသာလဲ အင်မတန်အရေးကြီးပါတယ်။ အငယ်စားဗုဒ္ဓဘာသာ ဖြစ်ဖို့တောင် ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ "ဒသဝတ္ထုက သမ္မာဒိဋ္ဌိ" အမြင်မှန် ရှိမှ။ အဲဒီ အမြင်မှန်ကလဲ (၁၀)ပါးသောအကြောင်းအချက်တွေအပေါ် မှန်ကန်တဲ့အမြင်ရှိမှ ဒါမှအငယ်စားဗုဒ္ဓဘာသာ ဖြစ်ပါတယ်။ အငယ်စား ဗုဒ္ဓဘာသာ ဘုန်းကြီးတို့တတွေ သံဃာတော်များနဲ့ ယောဂီများရော ဖြစ်ခဲ့ကြပြီ။ ဒီဒသဝတ္ထုက သမ္မာဒိဋ္ဌိကလဲ ကမ္ဘာ့လူထုကြီးနဲ့ ကြည့်မယ် ဆိုရင် သမ္မာဒိဋ္ဌိအမြင်မှန် (၁၀)မျိုးကို အခြေခံပြီးတော့ အမြင်မှန်ရဖို့ မလွယ်ပါဘူး။

အကြောင်းအားလျော်စွာ ဆရာသမားများစီမရောက်မီက၊ တရားအားမထုတ်မီက မိကျောင်းဖကျောင်း၊ အမိအဖတို့ရဲ့ ရင်ခွင်မှာ အမိအဖတို့ရဲ့အရိပ်မှာ နေစဉ်က ငရဲကြီးလိမ့်မယ်။ ဒါလေးက ကုသိုလ်ရတယ်။ ဘုန်းကြီးတို့ကလေးဘဝက ဘုန်းကြီးမယ်တော်ကြီးက သီတင်းဝါလကျွတ်တဲ့အခါ လက်ဘက်ခွက်လေးစသည် ပြင်ပေးပြီး လူကြီးများအား ကန်တော့ခိုင်းတယ် အိပ်ခါနီးရင် "ဘုရား ဘုရား"လို့ တ,ပြီးမှ အိပ်ပါတဲ့။ မ-တပဲ အိပ်ရင် ကိုယ်စောင့်နတ်က "သစ်ပင် ချောက်ကြီး လဲသွားပြီ"လို့ ပြောလိမ့်မယ်တဲ့။ အစရှိသဖြင့် ကုသိုလ်ကံ,

http://www.dhammadownload.com



အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်တွေကို လက်ခံကျင့်သုံးပြီးလာခဲ့ကြတာ။ ဆိုကြပါစို့ "ဒသဝတ္ထုက သမ္မာဒိဋ္ဌိ" အငယ်စားဗုဒ္ဓဘာသာဆိုတာ (၁၀)ပါးသော အကြောင်း အချက်တွေကို အခြေခံပြီးတော့ အယူမှန်ခြင်း။ (၁၀)ပါးသော အကြောင်းအချက်တွေကို အခြေခံပြီးတော့ အယူမှန်ခြင်းကို အငယ်တန်းစား ဗုဒ္ဓဘာသာ။ အဲဒါ ဘာတွေလဲဆိုတော့-

(၁) အတ္ထိဒိန္နံ = စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဟာ အကျိုးရှိတယ်။

(၂) အတ္ထိယိဋ္ဌံ = စားဦးစားဖျားလေး လှူဒါန်းတာ အကျိုးရှိတယ်။

(၃) အတ္ထိဟုတံ = ကြီးကျယ်တဲ့ပူဇော်မှုတွေပြုတာ အကျိုးရှိတယ်။ ဒိလိုဉာဏ်အမြင်ရှိတာ။

(၄) အတ္ထိသုကဋ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော = ကောင်းစွာပြုအပ်တဲ့ ကံတရား အကျိုးတရားရှိတယ်။ မကောင်းသဖြင့် ပြုအပ်သော ကံရဲ့ အကျိုးပြစ် အနာအဆာရှိတယ်လို့ ဉာဏ်အမျှော်အမြင်ရှိခြင်း၊ ဒီအချက်ဟာ ထိုက်တန်သလောက် ရှိနေကြပါတယ်။

(၅) အတ္ထိအယံ လောကော = ဤလောကရှိတယ်

(၆) အတ္ထိပရောလောကော = နောက်ဘဝ တမလွန် ဘဝရှိတယ်။ နောက်လောကရှိတယ်။

(၇) အတ္ထိမာတာ = အမိလုပ်ကျွေးရင် အကျိုးရှိတယ်။ ချွတ်ချော်စော်ကားရင် အပြစ်ရှိတယ်။

(၈) အတ္ထိပိတာ = အဖကို ပြုစုလုပ်ကျွေးရင် အကျိုးရှိတယ်။ ချွတ်ချော်တိမ်းပါး စော်ကားရင် အပြစ်ရှိတယ်။

http://www.dhammadownload.com



(၉) အတ္ထိသတ္တာ ဩပပါတိကာ = ဒီဘဝကနေ လွန်မြောက်ပြီးတော့ သတ္တဝါတွေဟာ လူ့ဘဝကနေ ကွယ်လွန်သွားတဲ့အခါ ထိုထိုဘုံဘဝအထူးအားဖြင့် ကိုယ်ထင်ရှားဖြစ် နတ်ဘုံ ဗြဟ္မာဘုံ ရောက်ကြတဲ့ သတ္တဝါတွေရှိတယ်လို့ ဒီလိုဉာဏ်အမျှော်အမြင် အယူအဆ အယူမှန်ရှိတာ။

(၁၀) အတ္ထိလောကေသမဏာ ဗြဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေဣမဉ္စလောကံ ပရဉ္စ လောကံ သယံအဘိညာ သစ္ဆိကတွာ ပဝေ ဒေန္တိ။ ကောင်းကောင်းမွန်မွန် ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်တော်မူကြတဲ့ ဘုရား မြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်းသူတော်ကောင်းကြီးတွေက ဤလောကနောင်လောကကို သိပြီးတော့ ဒို့တတွေကို အသိဉာဏ်တွေ ပေးနေတာရှိတယ်။

အဲဒီ(၁၀)မျိုးကို ယုံကြည်တာ။ အရှိ(၁၀)မျိုး-

လှူဒါန်းတာ အကျိုးရှိတယ်။ စားဦးစားဖျားလေး ပေးကမ်းတာ အကျိုးရှိတယ်။ အကြီးအကျယ်ပူဇော်တာ။ နိုင်ငံတော်နှင့်ပြည်သူများ ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်တင်လှူတာ, ရွှေသင်္ကန်း ကပ်လှူတာ, စွယ်တော်မြတ်စေတီ တည်ထားကိုးကွယ်ပူဇော်မှုစသည် အကျိုးရှိတယ်လို့ ယုံကြည်တာ။ ဒါကြောင့် -

**အတ္ထိ ဒိန္နံ အတ္ထိ ယိဋ္ဌံ အတ္ထိ ဟုတံ အတ္ထိ သုကဋဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ အတ္ထိ အယံ လောကော အတ္ထိ ပရောလောကော၊ အတ္ထိ မာတာ အတ္ထိ ပိတာ၊ အတ္ထိ သတ္တ ဩပပါတိကာ၊ အတ္ထိ လောကေ သမဏာ ဗြဟ္မဏာ သမ္မဂ္ဂတာ သမ္မာ ပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။** (သီ-၁-သာမညဖလသုတ်)

http://www.dhammadownload.com



ဒီအသိ (၁၀)မျိုးဟာ ဒသဝတ္ထုက သမ္မာ ဒိဋ္ဌိ " အကြောင်း အချက် (၁၀)မျိုးကို အခြေခံပြီးတော့ အမြင်မှန်ရှိသူကို အငယ်စား ဗုဒ္ဓဘာသာ၊ စဉ်းစားပြီးကြည့်လိုက်တော့ ဘုန်းကြီးတို့တတွေ ဝမ်းသာစရာ၊ ကမ္ဘာ့လူထုကြီး သန်းပေါင်း(၆၃၀၀)ကျော်လောက် ရှိတယ်။ ကံကံ၏ အကျိုးကို ယုံကြည်တယ် ကုသိုလ်ကံ, အကုသိုလ်ကံ အခြေခံပြီး တော့ (၃၁)ဘုံမှာ ကျင်လည်ကျက်စား ပြေးသွားနေရတာ လက်ခံတယ်။ အဲဒီလို လက်ခံတဲ့ အငယ်စားဗုဒ္ဓဘာသာဖြစ်တဲ့ ပုဂ္ဂိုလ်သန်းပေါင်း(၅၀၀) ခန့်ပဲ ရှိတယ်။ အကျဉ်းချုပ်ပြီး ပြောမယ်ဆိုရင် ကမ္မဿကတာဉာဏ်ရှိခြင်းပါပဲ။

ကမ္မဿကတာဉာဏ် = ကုသိုလ်ကံသည် ကောင်းကျိုးပေးတယ်၊ အကုသိုလ်ကံသည်မကောင်းကျိုးပေးတယ်လို့ ဒီလို လက်ခံတဲ့ သိရှိတဲ့ ကမ္မဿကတာဉာဏ်ရှိလာခဲ့ကြတယ်။ အငယ်စား ဗုဒ္ဓဘာသာတော့ ဖြစ်ခဲ့ကြပြီ၊ အငယ်စား ဗုဒ္ဓဘာသာဖြစ်တဲ့ ကမ္မဿကတာဉာဏ်ဟာလဲ အလွန်အရေးကြီးတယ်၊ ကမ္မဿကတာဉာဏေဧတွာ သဗ္ဗညုဗောဓိ သတ္တာ စသည်ဖြင့် မဟာပဒါနသုတ် အဋ္ဌကထာမှာ ပြထားတဲ့အတိုင်း ဟာ ဒီကမ္မဿကတာဉာဏ်အပေါ် ခြေစုံရပ်ပြီးတော့မှ ဘုရားလောင်း ကြီးများလဲ ပါရမီဖြည့်ကြတယ်။ အဂ္ဂသာဝက၊ မဟာသာဝက အလောင်း အလျာကြီးများ ပါရမီဖြည့်ကြတယ်။ သူတော်ကောင်းဖြစ်ရေးမှာ အင်မတန် အရေးကြီးပါတယ်။ ကိုယ်တံခါးကိုယ်ဖွင့် ကိုယ်သော့ကိုယ် ကိုင်ပြီးတော့ နတ်ဘုံနတ်နန်း နတ်စခန်းတက်ချင်ရင်လဲ ကိုယ်လှေခါး ကိုယ်ထောင်ပြီးတော့ တက်ကြရတယ်။ အပါယ်လေးပါးသွားချင်ရင်လဲ ကိုယ်ဖာသာကိုယ် ခါးတောင်းကျိုက်ပြီး ဆင်းသွားရုံပဲ။

**စေလို့မရ**

တစုံတယောက်သော ပုဂ္ဂိုလ်က, အမိအဖက, ဆွေမျိုးက, ဆရာသမားက, အပေါင်းအသင်းတွေက နတ်ပြည်ရောက်စေသတည်း၊ ငရဲကျစေသတည်းလို့ စေလို့မရပါဘူး။ အဲလို စေလို့မရတာကို မရဘူးလို့

http://www.dhammadownload.com



ယုံကြည်ကြတဲ့ ဒီကမ္မဿကတာဉာဏ်ဟာ အရေးကြီးပါတယ်။ အဲဒီဉာဏ် မရှိရင် အလှူမပေးဖြစ်ဘူး။ မိဘများရှိသေမှု အားနည်းတယ်၊ ဘုရားတရားသံဃာ အပေါ်ရိုသေမှုအားနည်းတယ်။ အဲဒီတော့ အငယ်စားဗုဒ္ဓဘာသာတော့ ဖြစ်လာကြပြီး။ ကုသိုလ်ကံ အကုသိုလ်တို့ရဲ့ အကျိုးအပြစ်ကိုသိပြီး နားလည်လက်ခံပြီး အကုသိုလ် ဟာ ကြောက်စရာ ပဲလို့ ရှောင်ကြဉ်မယ်၊ မြတ်စွာဘုရားက ကုသိုလ်ကံကို လုပ်သင့်တဲ့ လုပ်ငန်းပဲ၊ ကုသိုလ်လောက် အားကိုးရတဲ့ မိတ်ဆွေ မရှိဘူးတဲ့ ကံသာအမိ ကံသာအဖ ဆိုတဲ့ နေရာမှာ ကုသိုလ်ကံသည် မိဘသဖွယ် အားကိုးထိုက် တယ်။ အကုသိုလ်ကံကတော့ ရန်သူကြီးစစ်စစ်ပဲ။ ကမ္မဿကတာဉာဏ် ကို လက်ခံပြီး ကျင့်သုံးမယ်ဆိုရင် ထိုက်တန်သလောက် အပါယ်တံခါးကို ကျဉ်းမြောင်းစေတယ်။ အလောင်းတော်ကြီးများလဲ တခါတရံ တိရစ္ဆာန်ဘဝမှာတောင် ဒီဉာဏ်ကို လက်သုံးတော်ထားကြရတယ်။

## (၂)အလတ်စားဗုဒ္ဓဘာသာ

(၂)အလတ်စား ဗုဒ္ဓဘာသာကတော့ ပဋိစ္စသမုပ္ပါဒ်တရားကို သိတဲ့ ပုဂ္ဂိုလ်တဲ့။ အဲဒီပုဂ္ဂိုလ်ဟာ အလတ်စား ဗုဒ္ဓဘာသာပဲ။

မြတ်စွာဘုရား အဝိဇ္ဇာပစ္စယာသင်္ခါရာ စသည့်ဖြင့် ပဋိစ္စသမုပ္ပါဒ် တရားတော်များကို စတင်ပြီး ဆင်ခြင်သုံးသပ်တော်မူတယ်။ ကျေးဇူး တော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးကတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်ပြီး ဒကာ ဒကာမတွေ သိရှိနားလည်အောင် ပဋိစ္စသမုပ္ပါဒ် လင်္ကာကြီးတွေရေးပြီးတော့ ထားခဲ့တာ ပဋိစ္စသမုပ္ပါဒ် အဖြေတွေလဲ ရေးပြီးတော့ထားခဲ့တာ။ ပဋိစ္စသမုပ္ပါဒ် သိလို့ရှိရင် အလတ်စားဗုဒ္ဓဘာသာ ဖြစ်ပြီး၊ ပဋိစ္စသမုပ္ပါဒ် သဘောတွေ သိအောင် ကမ္မဋ္ဌာနာစရိယများက ဟောကြားပါလိမ့်မယ်။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်လင်္ကာနဲ့ပတ်သက်လို့ "ဘဝသုံးပါး ဟုန်းဟုန်းသွားသည့် ရထားသံသရာ ယဉ်စကြာ၏ ချင်းရာ ထုပ်ပတ် သမုပ္ပါဒ်ကို အတတ်သိရန် နိဒါန်းပြန်ပိန့်၊ အမှန်လေးချက်

http://www.dhammadownload.com



သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကျ၍ အစရှိသည်ဖြင့် ဆရာတော် ဘုရားကြီးက ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်ပြီး ရှင်းအောင်လို့ (၁၃)ပုဒ် ရေးပြီးထားပါတယ်။ အဲဒီ (၁၃)ပုဒ်ကို အသက် (၃၈)နှစ်လောက်က အရကျက်ပြီး (၆)လတိုင်တိုင် တစ်နေကုန် အာဂုံ ရွတ်ဘုရားဝတ်ပြု ပူဇော်ဖူးပါတယ်။

## ပဋိစ္စသမုပ္ပါဒ် ဆွေးနွေးပွဲ

အလတ်စား ဗုဒ္ဓဘာသာဆိုတာ ပဋိစ္စသမုပ္ပါဒ် ကို သိတဲ့ပုဂ္ဂိုလ်တဲ့၊ အလတ်စားဗုဒ္ဓဘာသာဖြစ်အောင် ဒီဆွေးနွေးပွဲ တက်ကြည့်ကြဦးစို့ရဲ့။ တစ်ချိန်က အရှင်မဟာကောဋ္ဌိက မထေရ်မြတ်ကြီး ညနေချမ်းအခါမှာ အရှင်သာရိပုတြာ မထေရ်မြတ်နဲ့တွေ့ဆုံကြတယ်။ အဲလို တွေ့ဆုံကြတဲ့ အခါ အရှင်ကောဋ္ဌိက မထေရ်မြတ်ကြီးက အရှင်သာရိပုတြာကို ဘယ်လို မေးသလဲဆိုတော့-

အရှင်သာရိပုတြာ အိုတာရယ်၊ သေတာရယ်ဟာ မိမိကိုယ်တိုင် ပြုလို့ ဖြစ်သလား၊ သူတစ်ပါးပြုလို့ ဖြစ်သလား၊ သို့မဟုတ် မိမိ, သူတစ်ပါး နှစ်ဦးတို့က ဖြစ်စေသလားဒါမှ မဟုတ်ရင် သူ့ဘာသာသူ ဖြစ်နေတာ လားလို့ ဒီ(၄)ချက်ကို မေးပါတယ်။ အရှင်သာရိပုတြာ မထေရ်မြတ်ကြီးက အဲဒီ မေးခွန်းအားလုံးကို ပယ်ချတယ်။ အရှင်သာရိပုတြာက ကိုယ်တိုင် ပြုတာလဲ မဟုတ်ဘူး သူတပါးပြုတာလဲ မဟုတ်ဘူး မိမိ, သူတစ်ပါး နှစ်ဦးသားတို့ပြုတာလဲ မဟုတ်ဘူး။ အကြောင်းမဲ့ သူ့အလိုလိုဖြစ်နေ တာလဲ မဟုတ်ဘူး။ တကယ်တော့ ဇာတိပစ္စယာ ဇာတိရှိလို့ပါပဲတဲ့။

ဒါဖြင့် အဲဒီဇာတိလေးကလဲ ကိုယ်တိုင်ပြုတာလား၊ သူတစ်ပါး ပြုတာလား၊ မိမိ, သူတစ်ပါး နှစ်ဦးသားတို့ ပြုတာလား သူ့အလိုလို ဖြစ်တာလားလို့ မေးတော့၊ ကိုယ်တိုင် သင်ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး။ အဲဒါ ဘဝကို အခြေခံပြီးတော့မှ ဇာတိဖြစ်တာပါပဲလို့ ဒီလိုဖြေတော်မူတယ်။ ဘဝဆိုတာကော ကိုယ်တိုင်ပြုသလား၊ သူတစ်ပါး

http://www.dhammadownload.com



ပြုသလား၊ မိမိ, သူတစ်ပါး နှစ်ဦးသားတို့ပြုသလား၊ အလိုလိုအကြောင်းမဲ့ ဖြစ်သလားလို့မေးတော့။ အရှင်သာရိပုတ္တရာက အရှင်ကောဋ္ဌိက အမေးကိုပယ်ပြီး ဥပါဒါန်ကို ဖြေကြားပါတယ်။ ဥပါဒါန်ကြောင့် ဖြစ်ထာပါပဲ။

ဥပါဒါန်ကလဲ ကိုယ်တိုင်ပြုသလား၊ သူတစ်ပါးပြုသလား၊ မိမိ, သူတပါးနှစ်ဦးသားတို့ ပြုသလား၊ သူ့အလိုလို ဖြစ်တာလားလို့ မေးပါတယ်။ အဲဒီအကြောင်းအရာတွေ တစ်ခုမှ မဟုတ်ဘူး။ တဏှာကို အခြေခံပြီးတော့ ဥပါဒါန်ဖြစ်ပါတယ်လို့ ဖြေပါတယ်။ ပဋိစ္စသမုပ္ပါဒ် (၁၂)မျိုးကို အဲဒီလိုစုံလင်အောင် အရှင်ကောဋ္ဌိက မထေရ်မြတ်ကြီးက မေးပြီး အရှင်သာရိပုတြာ မထေရ်မြတ်ကြီးက ဖြေတော်မူပါတယ်။ တခုချင်း တစ်ခုချင်းလေး ရှင်းအောင် ပြန်ပြီးဖြေကြားပါတယ်။ အဲဒီတော့ အဝိဇ္ဇာကစပြီးတော့ ဇရာ, မရဏ အဆုံး ဇရာမရဏကစပြီး အပြန်အား ဖြင့် အဝိဇ္ဇာ တိုင်အောင် ပဋိစ္စသမုပ္ပါဒ် အချက်အလက် အင်္ဂါ(၁၂)မျိုးကို သိတဲ့ ပုဂ္ဂိုလ်ကို ဗုဒ္ဓဘာသာအလတ်စားလို့ ခေါ်ရပါတယ်။

## ဗုဒ္ဓဘာသာအကြီးစား

ဗုဒ္ဓဘာသာအကြီးစားဆိုတာ (၇)ပါးသော ဌာနတို့မှာ ကျွမ်းကျင် လိမ္မာသူကို ဗုဒ္ဓဘာသာအကြီးစားလို့ ခေါ်ပါတယ်။ (၇)ပါးသော ဌာနတို့မှာ ကျွမ်းကျင်လိမ္မာတဲ့ အမျိုးသမီးကို ဗုဒ္ဓဘာသာအကြီးစားလို့ ခေါ်ပါတယ်။

ခန္ဓာ(၅)ပါး ခန္ဓာ(၅)ပါးထဲမှာ ရုပ်နဲ့ပတ်သက်ပြီး(၇)ဌာန၊ ဝေဒနာနဲ့ပတ်သက်ပြီး (၇)ဌာန၊ သညာနဲ့ ပတ်သက်ပြီး(၇) သင်္ခါရနဲ့ ပတ်သက်ပြီး (၇)ဌာန၊ ဝိညာဏ်နဲ့ပတ်သက်ပြီး (၇)ဌာန ပေါင်းတော့ (၃၅)ဌာနတို့မှာ ကျွမ်းကျင်လိမ္မာတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးကို ဗုဒ္ဓဘာသာအကြီးစားလို့ ခေါ်ပါတယ်။ တစ်ခုလောက် ပုံစံထုတ်ပြီး ပြရမယ်ဆိုရင် ရူပံ ပဇာနာတိ ရုပ်ကိုသိမယ်။

http://www.dhammadownload.com



ရူပသမုဒယံ ပဇာနာတိ၊ ဒါ ရုပ်ပဲ ဒီရုပ်ဘာကြောင့် ဖြစ်သလဲ ရုပ်ရဲ့ အကြောင်းကိုသိတယ်။

ရူပနိရောဓံပဇာနာတိ ရုပ်ရဲ့ချုပ်ငြိမ်းပုံကိုသိတယ်။

ရူပနိရောဓဂါမိနိပဋိပဒံပဇာနာတိ ရုပ်ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့် မဂ္ဂင်ရှစ်ဖြာ ချိန်ခွင်ညှာကိုသိတယ်။

ရူပဿ အဿာဒံ ရုပ်ရဲ့ သာယာပုံကိုသိတယ်။

ရူပဿ အာဒီနဝံ ရုပ်နဲ့ပတ်သက်တဲ့ အပြစ်ကိုသိတယ်။

ရူပဿနိဿရဏံ ရုပ်ကနေထွက်မြောက်ခွင့်ကို သိတယ်။

ရုပ်နဲ့ပတ်သက်လို့ သိဖွယ်ရာ (၇)မျိုး၊ ဝေဒနာနဲ့ပတ်သက်လို့ သိဖွယ်ရာ (၇)မျိုး၊ သညာနဲ့ပတ်သက်လို့ သိဖွယ်ရာ (၇)မျိုး၊ သင်္ခါရ ပတ်သက်လို့ သိဖွယ်ရာ(၇)မျိုး၊ ဝိညာဉ်နဲ့ ပတ်သက်လို့ သိဖွယ်ရာ(၇)မျိုး။ အဲဒီ(၇)မျိုးစီကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့ကို ဗုဒ္ဓဘာသာအကြီးစား။ **"ရုပ်နဲ့ပတ်သက်ပြီး(၇)ဌာနသိတဲ့ နေရာ ပါးစပ်က ပြောတတ် ဟောတတ်တဲ့ အနေအထားကို အဟုတ်သိလို့ မဆိုရဘူး အမှတ်သိတာဆိုရပါတယ်။ ကိုယ်တွင်း မှာ ဉာဏ်တွင်းမှာ အလင်းပေါက်အောင်သိတဲ့ အသိကိုသာ အဟုတ်သိလို့ ဆိုပါတယ်"**။

အဲဒီတော့ ခန္ဓာကိုယ်တွင်းမှာ ရုပ်ရဲ့ဖြစ်ပုံရုပ်ရဲ့ ဖြစ်ကြောင်းရုပ်ရဲ့ ချုပ်ပုံ ရုပ်ချုပ်ရာသို့ ရောက်ကြောင်းဖြစ်တဲ့အကျင့် ရုပ်ရဲ့အပြစ်အနာ အဆာ ရုပ်မှ ကျွတ်လွတ်ခွင့်တွေဟာ ကိုယ်တိုင်အားထုတ်တဲ့အခါမှ သဘာဝအခြေအနေမှန်ကို သိပါလိမ့်မယ်။ ဒါကြောင့်မို့ တရား အားမထုတ်ဘဲနဲ့ ဗုဒ္ဓဘာသာအကြီးစား ဖြစ်ဖို့မလွယ်ပါဘူး။ အခု အားထုတ်နေကြတာဟာ ရုပ်ကိုသိဖို့အားထုတ်နေကြတာပါပဲ။ ဝေဒနာနဲ့ ပတ်သက်ပြီး သိဖွယ်(၇)မျိုး၊ သညာနဲ့ပတ်သက်ပြီး သိဖွယ်(၇)မျိုး၊ သင်္ခါရနဲ့ပတ်သက်ပြီး သိဖွယ်(၇)မျိုး၊ ဝိညာဏ်နဲ့ ပတ်သက်ပြီး သိဖွယ်(၇)မျိုး သိအောင်အားထုတ်နေကြတာပါပဲ။

http://www.dhammadownload.com



**ပရမတ္ထဗုဒ္ဓဘာသာ**

(၄)ပရမတ္ထ ဗုဒ္ဓဘာသာ သစ္စာသိမြင်တဲ့ သောတာပန် ပုဂ္ဂိုလ်ကို ပရမတ္ထ ဗုဒ္ဓဘာသာ သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ မြတ်ဗုဒ္ဓါတို့ကို ပရမတ္ထဗုဒ္ဓဘာသာ ပြောစရာမလိုတော့ဘူး။ သစ္စာသိဖို့ ဆိုတာ အမှန်တရားကို သိဖို့ပါပဲ။ ဘာတွေ သိရမှာလဲဆိုတော့ ပရမတ္ထတရားတွေ သိရမှာပါပဲ။ ပရမတ္ထတရားတွေကို ခြုံးလိုက်တဲ့ အခါရုပ်နဲ့ နာမ်ပါပဲ။ အဲဒီရုပ်နဲ့နာမ်ကို အမှန်တရား အတိုင်းသိတဲ့ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကို ပရမတ္ထ ဗုဒ္ဓဘာသာလို့ ခေါ်ပါတယ်။ ဒါကြောင်း ရှေ့အခါတုံးက စားချိုးလေးတစ်ခုရှိတယ်။ စာချိုးက **"ဗုဒ္ဓဘာသာဆိုတာ ဘယ်လိုဟာ ဘာလဲလို့ ဘာသာခြားတွေက မေးကြလိမ့် အဖုံဖုံ သစ္စာလေးပါးနှင့် သဗ္ဗညုတဉာဏ်တော်အာရုံ ဘုရားဂုဏ်လဲယုံ၊ တရားဂုဏ်လဲယုံ၊ သံဃာ့ဂုဏ်လဲယုံ၊ သုံးပါးသရဏဂုံ ငါးပါး သီလလုံ အပါယ်တံခါးပိတ်လို့ကုန်။ အဲဒါမှ "ဗုဒ္ဓဘာသာအစစ် ဖြစ်တယ်လို့ယုံ"**။ ဗုဒ္ဓဘာသာဆိုတာ ဘယ်လိုဟာလဲလို့ ဘာသာခြား တွေက မေးကြသည်လိမ့်မည်။ ဗုဒ္ဓဘာသာဆိုတာ ဘယ်လိုဟာ ဘာလဲလို့။ သာမန်အားဖြင့် အငယ်စား ဗုဒ္ဓဘာသာ၊ အလတ်စားဗုဒ္ဓဘာသာ၊ အကြီးစားဗုဒ္ဓဘာသာ၊ ပရမတ္ထဘာသာလို့ ခွဲခြားပြီးပြောခဲ့တယ်။ တကယ်ဗုဒ္ဓဘာသာအစစ် ဆိုတာကတော့ သဗ္ဗညုတဉာဏ်တော်ရဲ့ အာရုံဖြစ်တဲ့ သစ္စာလေးပါး သိမြင်တဲ့သူ။ ဘုရားဂုဏ်ကိုယုံ၊ တရားဂုဏ် ကိုယုံ၊ သံဃာဂုဏ်လဲယုံတယ်။ ဘုရား, တရား, သံဃာရဲ့ဂုဏ်ကို ဘယ်တော့မှ မပျက်ပျယ်ပဲနဲ့ သက်ဝင်ယုံကြည်သူ၊ ငါးပါးသီလကိုလဲပဲ ဘယ်တော့မှ မကြိုးမပေါက် မပြောက်မကြားအောင် စောင့်ရှောက်သူ၊ အဲဒီအခါမှ အပါယ်တံခါး ပိတ်နိုင်မှာ အဲဒါမှ ဗုဒ္ဓဘာသာအစစ်ဖြစ်တယ်လို့ ယုံကြည်ပါတဲ့။ အဲဒါကြောင့် ယောဂီ သူတော်စင်များ တရားအားထုတ် ကြတယ်ဆိုတာ အငယ်စားဗုဒ္ဓဘာသာကတော့ တရားအားမထုတ်ခင် ကတည်းက ထိုက်တန်သလောက် ဖြစ်ခဲ့ကြပါတယ်။

http://www.dhammadownload.com



အလတ်စား ဗုဒ္ဓဘာသာ၊ အကြီးစား ဗုဒ္ဓဘာသာ၊ ပရမတ္ထ ဗုဒ္ဓဘာသာတွေဖြစ်အောင် ကောင်းမြတ်တဲ့ တရားလမ်းစဉ် သစ္စာတရား အမှန်တရားတွေကို သိပယ်ဆိုက်ပွား လေးပါးကိစ္စအပိုင်ရစေနိုင်တဲ့ ညဏ်ထူးညဏ်မြတ်များ လက်ဝယ်ရောက်အောင် ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေသောဟု ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

မိခင်ဇရာဝတီ

http://www.dhammadownload.com



## သင်္ကြန်တရားစခန်း

ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု နှောင်းတန်ခူးလပြည့်ကျော်(၈)ရက် (၁၂-၄-၂၀၀၄) တနင်္လာနေ့ ။

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက် သုကုမာရမဂ္ဂဒီပနီ သုံးထပ်ကျောင်း ဆောင်တော်ကြီး၌ အားထုတ်နေကြတဲ့ (၉)ရက်တရားစခန်း။

## ၁၅၀၀ ကိလေသာ

ဒီတရားစခန်းမှာ ဖွင့်ပွဲနေ့က ပြောခဲ့တဲ့ စကားလေးတွေ ရှိပါတယ်။ အန္ဓပုထုဇဉ် အဖြစ်မှ ကလျာဏပုထုဇဉ်ဖြစ်အောင် အလျာဏ ပုထုဇဉ်အဖြစ်က အရိယာစခန်းတက်လှမ်းနိုင်ဖို့ရန် တရားအားထုတ် ပါတယ်။ ပုထုဇဉ် အတ္ထုပ္ပတ္တိ ပုထုဇဉ်ရဲ့ ဗျုပ္ပတ် ပုထုဇဉ်ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်တွေကို ဖေါ်ဆောင်တဲ့နေရာမှာ ပထမဆုံး ပုထုကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ ပုထုဆိုတာ များများစားစားကြီး ဇနေန္တိဖြစ်စေတတ် တယ်၊ ဘာတွေဖြစ်စေတတ်သလဲလို့ဆိုတော့ ကိလေသာတွေ၊ သတ္တဝါ တွေ ပင်ပန်းအောင် နွမ်းနယ်အောင် ပူပန်စေတတ် နှိပ်စက်တတ်တဲ့ ညှင်းပန်းတတ်တဲ့ တရားတွေကို ကိလေသာလို့ ခေါ်ရတယ်၊ ကိလေသာဆိုတဲ့ စကားလေးရဲ့ အဓိပ္ပါယ်က သတ္တဝါတို့ကို ပင်ပန်းအောင် နွမ်းနယ်အောင် ပူပန်အောင် နှိပ်စက် တတ်တဲ့တရားတွေကို ကိလေသာ။ ကိလေသာက ဘယ်နှစ်မျိုးရှိသလဲ ဆိုတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိနဥဒ္ဓစ္စ အဟီရိက အနောတ္တပ္ပ(၁၀)မျိုး၊ အဲဒီ(၁၀)မျိုးထဲက လောဘ။ လောဘက ဘယ်လောက်အထိ အာရုံပြု သလဲဆိုတော့ စိတ်အားလုံးကို တစ်ခုထဲ ထားပြီး တစ်လို့ရေတွက်ပြီးတော့ စေတသိက် (၅၂)နဲ့ပေါင်းတော့ နာမ်တေပညာသ နာမ် (၅၃)၊ နိပ္ဖန္နရုပ်က (၁၈)မျိုး၊ လက္ခဏရုပ်က(၄)မျိုး၊ ပေါင်းတော့(၇၅)မျိုး၊ အာရုံမှာစွဲငြိတတ်တဲ့ လောဘကိလေသာတစ်ခုက (၇၅)မျိုးသော တရားတို့ကို အာရုံပြုပါတယ်။



61(A)

http://www.dhammadownload.com



အဲဒီတော့လောဘတစ်ခုက (၇၅)ပွားသွားတယ်။ သန္တာန်(၂)ပါးနဲ့ မြှောက်တော့ လောဘ(၁၅၀)ဖြစ်တယ်။ သန္တာန်(၂)နဲ့မြှောက်ပွားက တရားငါးဆယ်၊ (၇၅)ပါးသောတရားတို့ကို လောဘက အာရုံပြုတယ်။ အဲဒီ(၇၅)ပါးဟာ မိမိရဲ့အတွင်းသန္တာန်မှာလဲ ရှိတယ်၊ အပြင်သန္တာန်မှာလဲ ရှိတယ်။ သန္တာန်(၂)ပါးနဲ့ မြှောက်လိုက်တဲ့ အခါလောဘပေါင်း(၁၅၀) ရှိတယ်။ လောဘ(၁၅၀)ရှိသလိုပဲတဲ့။ ဒေါသ (၁၅၀)၊ မောဟ(၁၅၀)၊ မာန(၁၅၀)၊ ဒိဋ္ဌိ(၁၅၀)၊ ဝိစိကစ္ဆာ(၁၅၀)၊ ထိန(၁၅၀)၊ ဥဒ္ဓစ္စ(၁၅၀)၊ အဟိရိက(၁၅၀)၊ အနောတ္တပ္ပ (၁၅၀)၊

လောဘတရား(၇၅) မှတ်သားကြဖို့လေ၊
သန္တာန်နှစ်ဝ မြှောက်ပင့်က တရားငါးဆယ်ရှေး၊
ဆယ်ကိလေသာ မြှောက်ပွားပါ(၁၅၀၀)ရှေး၊

ကိလေသာပေါင်း (၁၅၀၀) အပြောအားဖြင့်တော့ များပါတယ်။ (၁၅၀၀)ကိလေသာတဲ့၊ ကိလေသာဆိုတာ သတ္တဝါတို့ရဲ့ စိတ်ကို ပူပန်စေတတ် ညှင်းပန်းတတ်, နှိပ်စက်တတ်, ညစ်နွမ်းစေတတ်တဲ့ အတွက်ကြောင့် ကိလေသာ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတို့သည် သတ္တဝါတို့ရဲ့စိတ်ကို ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်တဲ့အတွက် ကိလေသာ။ အဲဒီထဲက မာန(၃)မျိုး-

၁။ ဟီနမာန် = ယုတ်ညံ့တဲ့ ပုဂ္ဂိုလ်တွေက မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကို မာန်ပြုတယ်။
၂။ သဒိသမာန် = တန်းတူချင်းမာန်ပြု၊
၃။ သေယျမာန် = မြင့်မြတ်သူရဲ့မာန် ၊

မာန်တွေကလဲ မာနဆိုတဲ့ တရားက သတ္တဝါတို့ရဲ့ စိတ်ကို ပင်းပန်းအောင် နွမ်းနယ်အောင် ညှင်းပန်းတတ်တယ်၊ နှိပ်စက်တတ်တယ် ဒါကြောင့် ကိလေသာလို့ နာမည်ပေးရတာ။ (၁၅၀၀)ကိလေသာပါ၊ ပုထုများလှကုန်သော ကိလေသေ ကိလေသာတို့ကို ဇနေန္တိ ဖြစ်စေတတ်

http://www.dhammadownload.com



ကုန်၏ ။ ဣတိတသ္မာ။ ထို့ကြောင့် ပုထုဇ္ဇနာ ပုထုဇဉ်တဲ့။ များစွာသော ကိလေသာတို့ကို ဖြစ်စေတာ ပျိုးထောင်ပြီးတော့ ပေးနေတာ ရေလောင်း ပေါင်းသင် ရှင်သန်ကြီးထွားအောင် လုပ်ပေးနေတာ အဲဒီပုဂ္ဂိုလ်တွေကို ပုထုဇဉ်တဲ့။ ကိလေသာကင်းသွားတဲ့ ပုဂ္ဂိုလ်တွေကို အရိယာတဲ့၊ ဒီလိုခေါ်ကြတယ်။ များစွာသော ကိလေသာတို့ကို ဖြစ်စေတတ်သော ကြောင့် ပုထုဇဉ်လို့ ခေါ်တယ်။

**ကိလေသာလျှော့နည်း**

အဲဒီတော့ ပုထုဇဉ်မှာ ကိလေသာတွေ လျှော့တဲ့နည်းမရှိဘူး လား။ ဘုန်းကြီးတို့ ကိလေသာလျှော့တဲ့နည်း ရှာကြစို့လား။ နောက်ပြောင် ပြီးပြောတဲ့ စကားတစ်ခုရှိပါတယ်။ အဖိုးမထိုက်သော ကိလေသာ အခွာရခက်သည်။ မမြင်ရသော ကြိုးဆယ်စင်း ဖြေရှင်းရခက်သည်။ မခိုးမထွက်သော (ရာဂ)မီးတောက် အငြိမ်းရခက်သည်။ မဝေးသော နိဗ္ဗာန်ခရီး အသွားရခက်သည်လို့ ဆိုကြတဲ့အတိုင်း **"ကိလေသာဆိုတာ ကြီးလေသာတဲ့"**။ အသက်ကြီးသွားလို့လဲ လျှော့မသွားဘူး။ ဒေါသလဲ လျှော့မသွားဘူး၊ မောဟလဲ လျှော့မသွားဘူး၊ မိမိက လျှော့မပေးနိုင်လို့ ကတော့ ကိလေသာက မလျှော့တာအမှန်ပဲ။ ရှေးပုဂ္ဂိုလ်ကြီးတွေက ကိလေသာလို ကြီးလေသာတဲ့။ ကြီးလေပိုများလေတဲ့။ လောဘလဲ ပိုများလာတယ် ဒေါသလဲ ပိုများလာတယ်။ မကျေနပ်တာတွေအားလုံး ပေါ့။ မကျန်းမမာတဲ့ အခါဆိုရင်လဲ သူ့မကျေနပ်တာနဲ့ ကိုယ်မကျေ နပ်တာနဲ့ ဆေးဝါးခတ်စာ မကျေနပ်တာနဲ့ ဆရာဝန်တို့ကို မကျေနပ် တာနဲ့ ဒီလိုရှိတာကိုး။ ဆေးဆရာ ကာဏာရိပ်ကယ်က စသည်ဖြင့် စာတွေချိုးပြီး ဒေါသသရုပ်ဖော်ခဲ့ဖူးတယ်။

အဲဒီကိလေသာက ကြီးတဲ့အခါကျတော့ ပိုများလာတတ်တယ်။ လောဘ၊ ဒေါသ၊ မောဟတွေပိုများလာတတ်တယ်။ အဲဒီကိလေသာတွေ လျှော့တဲ့နည်း မရှိတော့ဘူးလား။ ဘယ်လိုလျှော့ကြမလဲ။

http://www.dhammadownload.com



(၁) စေတီယင်္ဂဏဝတ် စေတီတော် သန့်ရှင်းအောင် တံမျက်စီးလှည်းမယ်၊ ဘုရားခြေတော်ရာ သပ္ပါယ်အောင် ရေသန့်စင်မယ်၊ ဖုံတွေသန့်ရှင်းမယ်၊ ပန်းလဲမယ်၊ အဲဒီအခါမှာ လောဘလဲမဖြစ်ဘူး၊ ဒေါသလဲမဖြစ်ဘူး၊ ကုသိုလ်ဖြစ်နေတာ အဲဒီနည်းမျိုးနဲ့လည်း ကိလေသာ လျှော့နိုင်ပါတယ်။

(၂) ပိဋကတ်တော် တရားပေစာကို သင်ကြားပို့ချ ရေးသား ဟောကြားနေမယ်ဆိုရင်လဲ ကိလေသာလျှော့ပါတယ်။

(၃) ဓုတင်အကျင့် ဓုတင် အကျင့် (၁၃)မျိုးရှိပါတယ်။ တစ်နေ့ တစ်ထပ်တည်းစားတယ်။ အဲဒီအကျင့်ဟာလဲ ဓုတင်အကျင့်ပဲ။ အခုရဟန်းပရိသတ် ယောဂီပရိတ်သတ်တွေ သုသာန်မှာတစ်ယောက်ထဲ သွားနေဖို့ခက်တယ်။ ရှေ့ကခေါင်းဆောင်သွားမယ် နောက်ကလိုက်ခဲ့ ဆိုရင်ပဲ နောက်ကလိုက်ဖို့ဆိုရင်လဲ နောက်ကလိုက်ဖို့ ခက်တယ်။ သို့သော် သာသနာတော်မှာတော့ ရှိနေတာ တချို့ဆရာတော်တွေ သုသာန်ဓုတင် ဆောင်အကျင့်တွေ ကျင့်နေကြပါတယ်။ ဆွမ်းခံတာ အိမ်စဉ်မကျော်ဘူး။ ဆင်းရဲ, ချမ်းသာလဲ မရွေးဘူး။ အိမ်စဉ်မကျော်တဲ့ အကျင့်၊ နောက်သပိတ် တစ်လုံးထဲ ဘုဉ်းပေးတယ်။ တထိုင်ထဲ ဘုဉ်းပေးတယ်။ နောက်တိစီဝရိတ် သင်္ကန်းသုံးထည်ထဲ (ဒုကုဋ်, ဧကသီ, သင်းပိုင်)သုံးတယ်။ အဲဒီလို ဓုတင်အကျင့်တွေဟာ ရှိတယ်။ လောဘကိုလျှော့နဲစေတယ်၊ မောဟကို လျှော့နည်းစေတယ်။ မနေ့တနေ့ကပဲ တိုက်အုပ်ဘုန်းကြီးက မိုးပြကနေ ဖုန်းဆက်တယ်။ မိုးပြစည်ကားရပ်ကွက် လယ်တီတောရကမ္မဋ္ဌာန်း ကျောင်းရှိတယ်။ ယောဂီအားလုံး(၁၃၀)လောက် ရှိပါတယ်။ပဒေါင်း လူမျိုးတွေ တရားအားထုတ်တဲ့အကြောင်း တချို့ပဒေါင်းလူမျိုးတွေက လည်ပင်းက ကြေးကွင်းတွေရော, ခြေထောက်က ကြေးကွင်းတွေရော ဖြုတ်ပြီးတော့ ဘရားအားထုတ်ကြတယ်တဲ့ ဒုလ္လဘရဟန်း(၈၀)။ အဲဒီ ဒုလ္လကရဟန်း (၈၀)ကိုတော့ အဲဒီမှာနေတဲ့ နတ်ရေကန်ဆရာတော် ဦးသြဘာသက ဓုတင်ဆောင်လေ့ရှိတော့ ဒုလ္လဘရဟန်း(၈၀)လုံး

http://www.dhammadownload.com



တောထဲသွားနေရတယ်။ (၃)မိုင်လောက်ရှိတဲ့ တောထဲကိုသွားနေရတာ ဆွမ်းလဲတစ်ထပ်တည်း ဘုဉ်းပေး။ တစ်ချို့ ဒုလ္လဘတွေက အသက်က (၈၀)လောက် ရှိတယ်။ ခုအထိ တောထဲမှာပဲ အားထုတ်နေကြဆဲ ရှိသတဲ့။ သာဓု ခေါ် ဖွယ်ရာပါပဲ။

သူတို့စီမှာ ပလ္လင်္ကအာဘုဇိက္ခာ တင်မလင်ခွေရမယ်ဆိုတော့ မရမချင်းအားထုတ်တာ။ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက ထိုင်မှမဟုတ်ပါဘူးတဲ့ လျော်သလိုအားထုတ်နိုင်ပါတယ်လို့ ညွှန်ကြားချက်ကရှိနေတာ သူတို့လူမျိုးတွေ တရားအားထုတ်ဘို့ လာကြတော့ တင်ပလင်ခွေဖို့လည်း ခက်တယ်။ ပဆစ်တုပ်ထိုင်ဖို့လဲ ခက်တယ်၊ ခြေဆင်းထိုင်လို့ရ မရလာလျှောက်တယ်၊ ဣရိယာပုထ် (၄)ပါးလုံး တရားအားထုတ်လို့ ရပါတယ်လို့ဆိုပြီး ခွင့်ပြုလိုက်တယ်။ တရားအားထုတ်ဖို့သာ အရေးကြီးပါတယ်။ အဲဒီတော့ ဓူတင်အကျင့် တွေဟာ ကိလေသာကို ခါထုတ်တဲ့အကျင့်တွေပဲ။ လောဘလျှော့တဲ့ နည်းပဲ၊ ဘုရားသာသနာတော်မှာ ရှိတဲ့နည်း။ ကမ္ဘာမှာ မရှိတဲ့နည်းပါပဲ။ ဘယ်ဘာသာမှမရှိဘူး။ ဗုဒ္ဓဘာသာမှတပါး လောဘ လျှော့နည်းတဲ့နည်း၊ ဒေါသလျှော့နည်းတဲ့နည်း၊ မောဟလျှော့နည်းတဲ့ နည်းတွေ ဒီအကျင့်တွေ ဘယ်ရှိမလဲ။

ဘုန်းကြီးတို့ရဲ့ သာမဏေဉပဇ္ဈာယ်ဆရာတော်ဘုရားဟာ ဝါတွင်းဆိုရင် ဧကသနိက်ဓူတင် ဆောက်တည်တယ်။ ဆွမ်းတစ်ထပ်ထဲ ဘုန်းပေးတယ်၊ တစ်ထိုင်ထဲ ဘုဉ်းပေးတယ်။ အတုလိုက်ပြီး ဆောင်ရွက် ကြည့်တော့ တစ်ဝါကျွတ်အောင် အတော်ကြိုးစားယူရတယ်။ မလွယ်ဘူး။ ဘုရားသာသနာမှာ အရှင်မဟာကဿပဆိုတဲ့ မထေရ်မြတ်ကြီးဟာ အင်မတန်ချမ်းသာတဲ့ သူဌေးသားပါပဲ။ မယ်ဘဒ္ဒါနဲ့ အိမ်ထောင်ပြုပြီး တော့ မောင်နှမလိုပဲနေခဲ့ကြတယ်။ ရဟန်းဘဝရောက်တော့ ဓူတင် (၁၃)ပါးလုံး ဆောင်တော်မူတာ အရှင်မဟာကဿပမထေရ်မြတ်ကြီး ဓူတင်ဆောင် ဧတဒဂ်ရတော်မူတယ်။ အခုထင်ရှားတဲ့ အလောင်းတော်

http://www.dhammadownload.com



ကဿပဟာ တောထဲမှာပဲနေတယ်။ တောထဲမှာ ပရိနိဗ္ဗာန်စံတယ်။ မြတ်စွာဘုရားနဲ့ သင်္ကန်းချင်းဖလှယ်ပြီး ဝတ်ထားတာကိုး။ ဘုရား သင်္ကန်းကြီး သူ့ကိုပေးခဲ့တာ။ အဲဒီ သင်္ကန်းကြီး တစ်သက်လုံးဝတ်တာ အဖာအထေးတွေချည်းပဲ။

တစ်ချိန်မှာ ဘိက္ခုနီမများက အရှင်အာနန္ဒာထံမှာ တရားနာနေကြတာ အရှင်မဟာကဿပမထေရ်မြတ်ကြီးက သင်္ကန်းချုပ်ရိုးတွေနဲ့ ကြွလာတဲ့အခါ ဘိက္ခုနီမတွေက ကဲ့ရဲ့ကြတယ်။ "ဟင်း ဘယ်က ကိုယ်တော်ကြီးမှန်း မသိဘူး။ သင်္ကန်းက ချုပ်ရိုးပေါင်းတစ်ထောင်နဲ့ ဒို့အရှင်အာနန္ဒာ တရားဟောနေတာ ဟုတ်ရဲ့သားနဲ့ နေရာဖယ်ပေးရတယ်"လို့ စသည်ဖြင့် ကဲ့ရဲ့ကြတော့ ဘိက္ခုနီမများရဲ့သင်္ကန်းက အပ်တွေနဲ့ ထိုးသလိုဖြစ်လာပြီး မနေနိုင်ကြဘူး။ "ဓုတင်အကျင့်နဲ့ ပြည့်စုံတော်မူတဲ့ မထေရ်မြတ်ကြီးကို ကဲ့ရဲ့ကြတာကိုး။" အဲဒီ ဓုတင်အကျင့်ကို ကျင့်မယ်ဆိုလို့ရှိရင်လဲ ကိလေသာတွေ မဖြစ်နိုင်ဘူးတဲ့။ လျော့ပါတယ်တဲ့။

(၄) နောက်တစ်နည်း သမထကမ္မဋ္ဌာန်းအားထုတ် မယ်၊ ဈာန်ဝင်စားမယ်၊ ပုတီးစိပ်မယ်၊ ဘုရားရှိခိုးမယ်ဆိုရင် ကိလေသာ လျော့နိုင်ပါတယ်။

## ရေငုံနှုတ်ပိတ်

ယခုယောဂီသူတော်စင်များ အားထုတ်ပြီးတော့ လာခဲ့ကြတာ (၁၀)ရက်နေ့က စပြီးတော့ သမထကမ္မဋ္ဌာန်း။ စည်းကမ်းတကျ အားထုတ်နေကြတယ်။ လယ်တီဝိပဿနာကမ္မဋ္ဌာန်း ရှုမှတ်ဖို့ စည်းကမ်းလေးတွေ ချပြီးတော့ ထားတယ်။ စည်းကမ်းတွေထဲမှာ အထူးသဖြင့် "စကားမပြောရ"ဆိုတဲ့ စည်းကမ်းပါနေတယ်။ စကားမပြောဖို့ဆိုတော့ ခက်သားပဲ။ နေ့စဉ်နေ့တိုင်း စကားပြောပြီးနေရာက "ရေငုံနှုတ်ပိတ်" စကားမပြောရဆိုတော့ နည်းနည်းတော့ခက်ပါလိမ့်မယ်။ သို့သော်လဲ

http://www.dhammadownload.com



ဘုရားရှိစဉ် ဘုရားလက်ထက်က ရဟန်းတော်တစ်ပါး ပြောသလို သိက္ခာပုဒ်တွေ အများကြီးပညတ်တဲ့အခါ ရဟန်းက မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး "တပည့်တော် သိက္ခာပုဒ်တွေများလို့ မလိုက်နာနိုင်ပါဘူး။ မကျင့်သုံးနိုင်ပါဘူး"ဆိုတော့ မြတ်စွာဘုရားက "များလို့မလိုက်နာနိုင်ရင် ကိုယ်ရယ်, နှုတ်ရယ်, စိတ်ရယ် ထိန်းသိမ်းလိုက်နာပါတဲ့"။ "သုံးမျိုးလဲ များပါသေးတယ်ဘုရား" လို့လျှောက်ထားတော့။ "သုံးမျိုးများရင် 'စိတ်' တစ်ပါးကိုပဲ နိုင်အောင်ထိန်းပါ"တဲ့။ အခုလဲပဲ စိတ်ကို ထိန်းသိမ်းတဲ့နည်းနဲ့ စည်းကမ်းချက်တွေက ထားတော့ထားတာပါပဲ။ သိပ်ပြီးတော့ တာဝန်ကြီး ကြမှာ မဟုတ်ပါဘူး။

"စကားမပြောပါနဲ့၊ စကားလုံးဝမပြောရ"လို့ ဆိုစေကာမူ အရေးကြီးလို့ ပြောစရာရှိရင်လဲ ငြင်ငြင်သာသာ ပြောပါတဲ့။ တရား ဆွေးနွေးလိုရင် တရားနားတဲ့အခါမှာ ဆရာများနဲ့ လာရောက်ဆွေးနွေး ပါလို့ ဒီလိုအခွင့်အလမ်းလေးတွေ ပေးထားပါတယ်။ စည်းကမ်းလေး တွေကို ချမှတ်ထားတဲ့အတိုင်း လိုက်နာကြဖို့လိုပါတယ်။ များသော အားဖြင့် စည်းကမ်းကိုတော့ ကြောက်ကြရုံး ထုံးစံရှိပါတယ်။ စာရင်းသွင်း စဉ်ထဲကပင် "ဘာစည်းကမ်းတွေများ ထားသေးလဲဘုရာ့" လို့ လျှောက်ကြတယ်။

### စည်းကမ်း

"မများပါဘူး၊ ရေငုံနှုတ်ပိတ်ကလေးသာ နေရမှာပါ"လို့ ပြောလိုက်တယ်။ ပြောရင်းနဲ့ သွားသတိရတယ်။ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတြားကြီးလက်ထက်မှာ တစ်ချို့ တစ်ချို့ ရဟန်းငယ်, ရှင်ငယ် တွေက သင်္ကြန်အခါမှာ ရေပက်ခံလေးဘာလေးထွက်သတဲ့၊ အဲဒါကို မင်းတုန်းမင်းကြီးက သိတဲ့အခါ သာသနာပိုင်ဆရာတော်ကို လျှောက်သတဲ့ "အရှင်မြတ်တို့ဘုရား သင်္ကြန်အခါ ရဟန်းငယ် ရှင်ငယ် တွေ ရေပက်ခံထွက်ထာတော့ မကောင်းပါဘူးဘုရား"လို့လျှောက်တယ်။

http://www.dhammadownload.com



ဆရာတော်ကြီးတွေက စည်းကမ်းစည်းမျဉ်းတွေ ထုတ်တယ်။ ရဟန်းငယ်၊ ရှင်ငယ်များ သကြံန်တွင်း ကျောင်းအပြင်မထွက်ရ၊ ရေပက်ခံမထွက်ရ စည်းမျဉ်း စည်းကမ်းထုတ်လိုက်တော့ သဘောမကျကြဘူး။ အခုအချိန်မှာ ဘာနဲ့တူသလဲဆိုတော့ ရန်ကုန်တိုင်းမှာ ရဟန်းတော်များ ည(၇)နာရီကျော်ရင် ကျောင်းအပြင်မထွက်ရ၊ အခြေခံအချက်အလက်တွေကို မြော်မြင်ပြီးတော့ စည်းကမ်းထုတ်ကြရတာ။ အခုစည်းကမ်းထုတ်သလို သင်္ဂဇာဆရာတော်ဦးစီးပြီး ဆရာတော်များ စည်းကမ်းထုတ်ကြတယ်။ "ရေပက်ခံမထွက်ကြရ၊ ကျောင်းအပြင်မထွက်ကြရ"။ အဲဒီတော့ ရဟန်းငယ်၊ ရှင်ငယ်တွေက သဘောမကျဘူး။ သဘောမကျတော့ ငြိမ်ငြိမ်မနေသေးဘူး၊ နန်းမြို့ရိုးသွားပြီးတော့ ပိုစတာတစ်ခု ရေးထားတယ်။ စာက ဘယ်လိုရေးထားသလဲဆိုရင် "ဒီထဲမှာ လူမွေကြီးရှိသည်"တဲ့။

**မွေလို့သာပ မမွေလျှင်တူးရဲ့**

မင်းတုန်မင်းကြီးကို ပြောတာပါပဲလေ။ မင်းတုန်းမင်းကြီးက ရိပ်မိတယ်။ ဒါဟာ ငါပြောတာပဲ ဆိုပြီး သင်္ဂဇာဆရာတော်ကို ပင့်ပြီး လျှောက်တယ်။ "နန်းမြို့ရိုးမှာ ပိုစတာတစ်ခုတွေ့ပါတယ်ဘုရား"လို့ လျှောက်တဲ့အခါ သင်္ဂဇာဆရာတော်က သူတို့က ပိုစတာနဲ့စာကပ်တော့ စာလုံးကြီးကြီးနဲ့ရေးပြီး ပိုစတာနဲ့ပဲ ပိုစတာတိုက်ပွဲ ဆင်တာပေါ့တဲ့။ သင်္ဂဇာဆရာတော်က ဉာဏ်သွားတယ်။ ဘယ်လို့ရေးသလဲဆိုရင် ဒီထဲမှာ လူမွေကြီးရှိတယ် ဆိုတဲ့ စာလုံးထက်ကြီးတဲ့ စာလုံးကြီးရေးပြီး **"မွေလို့သာပ၊ မမွေလျှင်တူးရဲ့"** လို့ ပိုစတာကြီးပြန်ကပ်ထားပါသတဲ့။ မှန်တာပဲ စည်ကမ်းတွေ မြတ်စွာဘုရား သာသနာမှာ အဓိကအားဖြင့် ဝိနည်းလာသီလတွေဟာ စည်းကမ်းတွေ ပါပဲ။ တရားအားထုတ်ဖို့လာတဲ့ ပုဂ္ဂိုလ်ယောဂီများကတော့ စည်းကမ်း ကြောက်မနေပါဘူး။ ဟိုတုန်းက ရဟန်းငယ်၊ ရှင်ငယ်များက ဒီစည်းကမ်း ကြောက်ကြတယ်။ မွေလို့သာပ မမွေလျှင်တူးရဲ့ ဆိုတော့ ပြီးရော နောက်ထပ်ပြောစရာမရှိဘူး။

http://www.dhammadownload.com



စည်းမျဉ်းလေးတွေ ထုတ်ထားလို့ မွေ့လိုသာပ မမွေ့လျှင်တူးရဲ့၊ ဘုန်းကြီးတို့ အလှည့်ပဲ ရန်ကုန်တိုင်းအတွင်း ရဟန်းတော်များ ညဘက်(၇)နာရီကျော်လျှင် ကျောင်းပြင်မထွက်ရလို့ ထုတ်ခဲ့တယ်။

ပြောကြတယ်၊ အခြားအခြားရဟန်းတွေက ဘာပြုလို့ အရှင်ဘုရားတို့က ညဥ့်မထွက်စေချင်တာလဲလို့ မေးကြတယ်။ ဒါဟာ အကြောင်းမဲ့ မဟုတ်ဘူး၊ မွေ့ပေးရတာ မမွေ့ရင်တူးမှာစိုးလို့၊ ဆိုကြပါစို့ တရားအားထုတ်တဲ့အခါမှာ စကားမပြောရဆိုတဲ့ စည်းကမ်းဟာ အလွန် အရေးကြီးတဲ့ အချက်ပါပဲ။ အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး (၇)ရက်တရားစခန်း အားထုတ်ခဲ့တာ ကြိုးစားပမ်းစား၊ အဲဒီတော့ မြတ်စွာဘုရားက စကားမပြောဖို့ဆိုတဲ့ အချက်ကလေးလဲ ထည့်ပြီး မိန့်တယ်။ နောက်ဂင်္ဂါတီရမထေရ်အား အားကျဖို့ကောင်းတယ်။ (၃)နှစ် ပထမတစ်နှစ် စကားမပြောဘူးလို့ အဓိဋ္ဌာန်တာ အောင်မြင်သွားတယ်။ ဒုတိယ(၁)နှစ်ကျတော့ ဒကာမတစ်ယောက်က လျှာရှည်ပြီးတော့ ဒီကိုယ်တော် အ,အ-လားမသိဘူး။ စမ်းချင်တာနဲ့ နွားနို့တွေ သပိတ်ထဲ အပြည်လောင်းတာ လျှံနေအောင်လောင်းတာ။ အဲဒီတော့ ဂင်္ဂါတီရ မထေရ်က "အလံဘဂိနီ= နှမ တော်ပြီ" လို့ စကားပြောတားလိုက် တယ်။ အဲဒီမှာ အဓိဋ္ဌာန်ပျက်သွားတယ်။ ဒုတိယနှစ်မှာ အဓိဋ္ဌာန် ပျက်တော့ တတိယနှစ်မှာ စကားမပြောဖို့ အဓိဋ္ဌာန်ပြန်တယ်။ အဲဒီတော့မှ အဓိဋ္ဌာန်အောင်ပြီး ရဟန္တာဖြစ်သွားပါတယ်။ "စကားမပြောရ" ဆိုတဲ့ စည်းကမ်းကို လိုက်နာပြီး ဂင်္ဂါတီရမထေရ်အရိယာစခန်း တက်လှမ်း နိုင်သကဲ့သို့ တက်လှမ်းနိုင်အောင် ကြိုးစားကြပါ။

အဲဒီတော့ သမထကမ္မဋ္ဌာန်း အားထုတ်ပြီးတော့လဲ ကိလေသာ တွေကို နှင်ထုတ်နိုင်ပါတယ်။ သမထကမ္မဋ္ဌာန်းကလဲ (၄၀)ရှိပါတယ်။ သမထကမ္မဋ္ဌာန်း (၄၀)ထဲက လယ်တီနည်းက နှာခေါင်းပါရင် အားထုတ် နိုင်တဲ့ ကမ္မဋ္ဌာန်း အာနာပါနကမ္မဋ္ဌာန်းပေးတာပါပဲ။ ဆရာတော်တစ်ပါးက ပြောတယ်။ ဒီကမ္မဋ္ဌာန်းက လွယ်တယ်။ ဘာပြုလို့လဲဆိုတော့ နှာခေါင်း

http://www.dhammadownload.com



ပါရင် အားထုတ်လို့ရတာပဲ။ မှန်တာပဲ၊ **"အမိဝမ်းဖြစ် ရေငုပ်နစ်တည်း၊ တွက်စစ်လေပါ ဖြဟ္မာဟူသမျှ နိရောဓနှင့် ပဥ္စမဈာန်နေ တွေဝေနေသူ သေသသူဟု မှတ်ယူဤမျှ ခုနစ်ဝ မရဝင်သက် ထွက်သက်တည်း"**တဲ့။ အဲဒီ ပုဂ္ဂိုလ်(၇)ယောက်ကလွဲရင် အားလုံးအားထုတ်နိုင်တယ်။ အမိဝမ်းက မွေးကတည်းက ထွက်လေနဲ့စခဲ့တာ။ အိပ်ပျော်သွားတာတောင်မှ မနားပါဘူးလေ။ အိပ်ပျော်တဲ့အခါ ထွက်လေဝင်လေက ပိုမှန်တယ်။ ဒါနဲ့ ပတ်သက်လို့ တစ်ချိန်မှာ အရှင်အာနန္ဒာကိုယ်တော်မြတ်က မြတ်စွာဘုရားကို လျှောက်တယ်။ "အရှင်ဘုရား ကမ္မဋ္ဌာန်းတစ်မျိုးတည်း အားထုတ်တာနဲ့ (၄)ပါး၊ (၇)ပါး၊ (၈)ပါးပြည့်စုံတဲ့ ကမ္မဋ္ဌာန်းက အဘယ်ကမ္မဋ္ဌာန်းပါလဲ ဘုရား"လို့ လျှောက်တော့။ ဘုရားရှင်က အာနာပါနကမ္မဋ္ဌာန်းပဲ။ အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်လိုက်တာနဲ့ သတိပဋ္ဌာန် (၄)ပါး အားထုတ်ပြီးသား ဖြစ်တယ်။ ဗောဇ္ဈင်(၇)ပါး ပွားများပြီးသား ဖြစ်တယ်။ ဝိဇ္ဇာ(၄)ပါးခေါ်တဲ့ မဂ်ဉာဏ်လေးပါး၊ ပွားများပြီးတော့ ဖြစ်တယ်။ ဝိမုတ္တိခေါ်တဲ့ ဖိုလ်ဉာဏ်(၄)ပါးပွားများပြီးသားဖြစ်တယ်။

ဒါကြောင့်အခု ယောဂီတို့ အားထုတ်လာခဲ့တဲ့ အာနာပါန ကမ္မဋ္ဌာန်းသည် အားထုတ်စကတော့တစ်ပါးပဲ သို့သော်လဲ သတိပဋ္ဌာန် (၄)ပါးလုံး အားထုတ်လိုက်ရသလိုပဲ ဗောဇ္ဈင်(၇)ပါးအစုံ အားထုတ်လိုက်ရသလိုပဲ။ ဝိဇ္ဇာ(၄)ပါး၊ ဝိမုတ္တိ(၄)ပါးပြီးပြည့်စုံသလိုပါပဲ။ ဒါကြောင့် မိမိတို့အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းသည် မိမိတို့သန္တာန်မှာ ညှင်းပန်းနှိပ်စက်ပင်ပန်းအောင် နွမ်းနယ်အောင်ပြုလုပ်နေတဲ့ ကိလေသာတရားတွေကို တဒင်္ဂအားဖြင့် ပယ်နိုင်ပါတယ်။ သမထအားကောင်းလာပြီ ဆိုတဲ့အခါမှာ ကိလေသာတွေကို ဝိက္ခမ္ဘနပဟာန်အားဖြင့် အကြာကြီး ပယ်နိုင်ပါတယ်။ ဒါလဲ ကိလေသာပယ်နိုင်တဲ့နည်း၊ လျှော့တဲ့နည်း တစ်နည်းပါပဲ။ နောက်တစ်နည်းကတော့ ဘာလဲဆိုရင် ဘုရားတန်းဆောင်းတွေ ဆောက်လုပ်မယ်။ ဘယ်နေ့ဘယ်ဘုရားမှာ ထီးတင်မယ်။ အခု

http://www.dhammadownload.com



သာသနာရေး႒ာနက ဗိုလ်ကြီးဝင်းဟန်တို့လို ဘယ်သွားထီးတင်မယ်။ တန်ဆောင်းဆောက်မယ် အစရှိသည်ဖြင့် အဲဒီလို စဉ်းစားနေရင်လဲပဲ ကိလေသာငြိမ်းပါတယ်။ စောစောက ပြောခဲ့တယ်၊ ပုထုဇဉ်ဆိုတာ ကိလေသာတွေ အဖြစ်များတဲ့အတွက်ကြောင့် ပုထုဇဉ်လို့ဆိုခဲ့တယ်။ ကိလေသာ ဖြတ်နိုင်တဲ့နည်းလေးတွေ ရှိပါတယ်ဆိုတာ သိစေချင်တာပါပဲ။

(၅) တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဖြဟ္မပြည်ကလာတဲ့ ပုဂ္ဂိုလ်တွေ ကိလေသာနည်းတယ်။ တချို့ စနေသားတွေ ဒေါသကြီးတယ် ပြောတယ်။ ပခုက္ကူအလယ်တိုက်ကြီးက ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် ဆရာတော်ဦးနန္ဒိယ ဘယ်လိုစိတ်ရှည်မှန်း မသိဘူး။ ဒေါသမရှိဘူးလို့ ထင်ရတယ်။ နောက် ဦးနန္ဒိယဆိုတဲ့ ကိုယ်တော်တစ်ပါးလဲ ဒီလိုပါပဲ၊ အင်မတန်ကိုစိတ်ရှည်ပါတယ်။ ဒေါသမရှိဘူး၊ အဲဒီပုဂ္ဂိုလ်တွေဟာ ဖြဟ္မာပြည်ကလာတဲ့ ပုဂ္ဂိုလ်တွေလို ဒေါသကိလေသာနည်းပါတယ်။

(၆) နောက်တမျိုးက အာရုံသစ်တွေ တွေ့တယ်၊ ကြုံတယ်၊ ခံစားရတယ်ဆိုရင် ယောနိသော မနသိကာရ သင့်တင့်အောင် နှလုံးသွင်း တာပဲ။ ဥပမာ- တင့်တယ်တဲ့ အာရုံကိုမြင်ရင် အသုဘမတင့်တယ်တဲ့ သဘောမြင်နိုင်ရင် အဲဒါအကောင်းမြင် တရားအမြင်နဲ့ ယောနိသော မနသိကာရဖြစ်ထာကိုး။ အဲဒီလို အာရုံအသစ်အသစ်တွေ တွေ့တဲ့အခါ မျိုးမှာ ယောနိသောမနသိကာရ မိမိရဲ့စိတ်ကို လမ်းရိုးလမ်းမှန်အတိုင်း ထားပြီး နှလုံးသွင်းဆင်ခြင်နိုင်မယ်ဆိုရင် ကိလေသာတွေ လျော့နည်းနိုင် ပါတယ်။

(၇) ရုပ်တရားနာမ်တရားတို့ကို ဒါကရုပ်၊ ဒါကနာမ် အစရှိ သည်ဖြင့် သူသိနေတာနဲ့ မတူဘူး ငါသိနေတာနဲ့မတူဘူး ကမ္ဘာ့လူထုကြီး သိနေတာနဲ့ မတူဘူး။ ရုပ်တရားနာမ်တရားတွေကို ထူးထူးခြားခြား မြင်နိုင်တဲ့ ဝိပဿနာဉာဏ်ဟာလဲ ကိလေသာတွေကို လျော့နည်းစေတတ် ပါတယ်။ ဝိပဿနာပိုင်းကူးကြမှာကိုး။ အဲဒီတော့ စောစောက ပြောသလို တရား(၁)ပါး အားထုတ်တာနဲ့ တရား(၄)ပါး၊ (၇)ပါး၊ (၈)ပါး ပြည့်စုံတဲ့နည်း အားထုတ်နေကြရပြီ။

http://www.dhammadownload.com



**မြတ်သောနေခြင်း**

အရှင်အာနန္ဒာမထေရ်က ဆက်ပြီးလျှောက်ထားတယ်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဘယ်လိုနေလို့ရှိရင် မြတ်သော နေခြင်းဖြစ်နိုင်ပါသလဲ မြတ်စွာဘုရားတဲ့။

မြတ်စွာဘုရားက "ချစ်သား အာနန္ဒာ အာနာပါန ကမ္မဋ္ဌာန်း တရား ပွားများအားထုတ်နေခြင်းသည်ပင်လျှင် မြတ်သောနေခြင်း၊ မြတ်စွာဘုရားတို့ရဲ့ နေခြင်းမျိုးဖြစ်တယ်"လို့ မိန့်တော်မူပါတယ်။ အခုယောဂီသူတော်စင်များ အာနာပါနတရားအားထုတ်လာခဲ့တာ (၃)ရက်ရှိပြီ။ အဲဒီ(၃)ရက်ဟာ အရိယာတို့ရဲ့နေခြင်းနဲ့ နေခြင်းပါပဲ။ ဗြဟ္မဝိဟာရ မြတ်သောပုဂ္ဂိုလ်တို့ရဲ့နေခြင်း တထာဂတဝိဟာရ ဘုရားတို့ရဲ့ နေခြင်းပါပဲ။ ဘယ်လောက်ကောင်းသလဲ မိမိတို့ဟာ အရိယာဝိဟာရ ဗြဟ္မဝိဟာရ တထာဂတဝိဟာရနေခြင်းမျိုးနဲ့ နေနေရတာပါလားလို့ စိတ်ထဲမှာ အားတက်ပြီးကြိုးစားဘို့လိုတယ်။ ဒီနေ့ဆရာဝန်မကြီး လာတယ် (၃)ရက်ရှိနေပြီဆိုတော့ ယောဂီတွေ သိပ်ပင်ပန်းနေရှာမယ် ဆိုပြီး ဖြစ်သမျှရောဂါကို ကုသနိုင်အောင် ဆေးတွေရှာနေတယ်။ ယောဂီတို့ ကတော့ အရိယာတို့ရဲ့နေခြင်း၊ ဗြဟ္မာတို့ရဲ့နေခြင်း၊ မြတ်ဘုရားတို့ရဲ့ နေခြင်းမျိုးနဲ့ နေရတာပါလားလို့ ဆိုတော့ ဝမ်းသာနေကြတယ်။ ပုထုဇဉ်ပုဂ္ဂိုလ်နဲ့ သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့အားလဲ ဒီအာနာပါန ကမ္မဋ္ဌာန်းပဲပေးပါတဲ့။

ဘယ်အကျိုးငှါပါလဲဆိုတော့ အာသဝက္ခယဉာဏ်ရဖို့ပါပဲ။ သုမင်္ဂလ, ဒုမင်္ဂလပွဲတွေအားလုံးမှာ "**ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု**"လို့ ဆုတောင်းနေကြတယ်။ "အာသဝေါတရားလေးပါး တို့ရဲ့ကုန်ရာ နိဗ္ဗာန်ကိုရပါရစေ"လို့ တတွတ်တွတ်ပဲ ဆုတောင်းနေကြ တယ်။ ဘယ်ကမ္မဋ္ဌာန်းတရား အားထုတ်ရင် အာသဝက္ခယဉာဏ် ရနိုင်ပါသလဲ ဆိုတော့ "အာနာပါနကမ္မဋ္ဌာန်းကိုပဲ အားထုတ်ပါတဲ့"။ ပုထုဇဉ်တွေရော, သေက္ခပုဂ္ဂိုလ် (၇)ယောက်ရော အသေက္ခပုဂ္ဂိုလ်

http://www.dhammadownload.com



ဖြစ်နိုင်ပါတယ်။ ဒီတရားအားထုတ်ပြီးတော့ သံယောဇဉ်အားလုံး ဖြတ်တောက်ပြီး ကိလေသာအဆိပ်တွေ ကင်းကွာပြီးတော့ အာရုံငါးပါး ကာမဂုဏ်တရားတွေ အပေါ်မှာ တပ်မက်မှု, တွယ်တာမှုတွေ, ကင်းကွာ ပြီးတော့ ရဟန္တာ အရှင်မြတ်ကြီးတွေ ဖြစ်ကြတယ်။

## ရဟန္တာအရှင်မြတ်ကြီးတွေ

ရဟန္တာအရှင်မြတ်ကြီးများလဲ အာနာပါနကမ္မဋ္ဌာန်းကို အကျိုး (၂)မျိုးကို မျှော်ကိုးပြီးတော့ အားထုတ်ရှုစားတော်မူကြတယ်။

၁။ ပထမအကျိုးက မျက်မှောက်ထင်ထင် ရှုမြင်အပ်တဲ့ဘဝမှာ ချမ်းချမ်းသာသာ နေနိုင်ဖို့ရာ အာနာပါနကမ္မဋ္ဌာန်း လက်သုံးပြုအားထုတ်ရှုစားတော်မူကြတယ်။

၂။ သတိသမ္ပဇဉ် ဖြစ်တော်မူဖို့အတွက် ရဟန္တာအရှင်မြတ် ကြီးများလဲ အာနာပါနကမ္မဋ္ဌာန်းကို လက်သုံးထား အားထုတ်တော်မူကြတယ်။

အဲဒီ အာနာပါနကမ္မဋ္ဌာန်း သမာဓိကို အခြေခံပြီးတော့မှ ဝိပဿနာအဆင့် မကြာခင်ကူးပြောင်းကြရတော့မယ်။ "ပုထုကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ"များစွာသော လောဘ, ဒေါသ, မောဟ အစရှိတဲ့ ကိလေသာတို့ကို အားကောင်းတဲ့ကိလေသာတို့ကို ထက်သန်တဲ့ ကိလေသာတို့ကို ဖြစ်စေတတ်သောကြောင့် ပုထုဇဉ်လို့ဆိုတော့ ကိလေသာလျှော့တဲ့နည်း မရှိဘူးလားဆိုရင် အခုကိလေသာကို လျှော့နေကြတာပဲ။ လျှော့တာမှ တကယ့်ကို လျှော့ရတာ။ (၉)ရက်မှာ ပထမရက်က (၃)နာရီ။ နောက်ဆုံး (၉)ရက်နေ့ကျ (၂)နာရီ၊ အလယ် (၇)ရက်က (၆၃)နာရီ၊ ပေါင်းလိုက်တော့ (၆၈)နာရီ အားထုတ်ကြရတယ်။ အပြင်မှာ တစ်နေ့ (၁)နာရီအားထုတ်တယ်ဆိုရင် (၂)လနဲ့ (၈)ရက် အားထုတ်ကြရမှာပါပဲ။

http://www.dhammadownload.com



(၉)ရက်တိုင်တိုင် ကြိုးစားအားထုတ်လာကြတာ။ တစ်ရက်နဲ့ တစ်ရက် မတူဘူး။ ကျင့်စဉ်တွေက ပြောင်းပြောင်းလာသလို သမာဓိတရားနဲ့ အမြင်၊ အသိတရားတွေဟာလဲ ပို၍ပို၍ ရင့်ကျက်ပြီး လာနေပါတယ်။ စိတ်တည်ကြည်လာတာနဲ့အမျှ တရားကြည့်ရတာလဲ ပိုပြီး မြင်လာပါတယ်။ ဥပမာအားဖြင့် ရေခွက်တစ်ခု၊ ရေ (၂)ပိဿာ, (၃)ပိဿာလောက်ထည့်။ ရောင်စုံဆိုးထားရင် မျက်နှာရိပ်ကြည့်တဲ့အခါ ဘယ်မြင်ရမလဲ။ ရောင်စုံဆိုးထားတာကိုး။ သို့မဟုတ် ရေတွေလှုပ်နေမယ် ဆိုရင်ကော မမြင်နိုင်ဘူး။

သို့မဟုတ် ပွက်ပွက်ဆူနေရင်ကော မမြင်နိုင်ဘူး။ သို့မဟုတ် ရေမှော်တွေဖုံးအုပ်နေရင်ကော မမြင်နိုင်ဘူး။ သို့မဟုတ် ညွန့်ရေတွေ ဆိုရင်လဲ ရေမှန်ကြည့်လို့ မမြင်နိုင်ဘူး။ ရေမှန်ကြည့်ချင်တဲ့သူဟာ ရောင်စုံဆိုးမထားတဲ့ ရေ၊ ငြိမ်သက်လှိုင်းမထနေတဲ့ ရေ၊ မဆူပွက်နေတဲ့ ရေ၊ မှော်တွေမဖုံးနေတဲ့ ရေ၊ ရွှံ့ညွန့်ရေမဟုတ်တဲ့ အင်မတန် ကြည်လင်နေတဲ့ ရေမှာ ရေမှန်ကြည့်ရင် ထင်ထင်ရှားရှား မြင်နိုင်ပါတယ်။ မိမိတို့သန္တာန်မှာ စိတ်ကြည်လင်မှု သမာဓိအထွဋ်အထိပ်သို့ ရောက်တဲ့ အခါမှာ-

**ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တ ဝိဇာနနံ။**
**ပုဗ္ဗေနိဝါသာ နုဿတိ၊ ဒိဗ္ဗစက္ခုတိ ပဉ္စဓာ။**

၁။ ဣဒ္ဓိဝိဓအဘိညာဉ်၊
၂။ ဒိဗ္ဗသောတအဘိညာဉ်၊
၃။ ပရစိတ္တဝိဇာနနအဘိညာဉ်၊
၄။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊
၅။ ဒိဗ္ဗစက္ခုအဘိညာဉ် ဆိုတဲ့ အဘိညာဉ် (၅)မျိုး ရရှိနိုင်ပါတယ်။ မိမိတို့သန္တာန်မှာ ဖြစ်နေတဲ့ ရုပ်တရား, နာမ်တရားတွေကို မြင်နိုင်ဖို့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်တယ်။ ထွက်လေ, ဝင်လေ လေးက ဝါယောရုပ်၊ ထွက်လေ ဝင်လေကို ရှုမှတ်နေတဲ့စိတ်က နာမ်။

http://www.dhammadownload.com



ဝင်လေထွက်လေလေးက ထိ, ထိပြီးတော့ သွားတဲ့ "ကာယပသာဒ" ထိပြီး သိပြီးသွားတာလေးက ကာယဝိညာဏ်စိတ်။ ဤကား ရုပ်၊ ဤကား နာမ်။ အဲဒီလို ဝါယောရုပ်ရယ်၊ အထိခံဖြစ်တဲ့ ကာယပသာဒရယ်၊ ထိသိစိတ်ရယ်၊ အားလုံးခြုံပြီး ကြည့်လိုက်တော့ ဒုက္ခသစ္စာတွေပါလားလို့ ဒီလိုအသိတရားတွေ ရှိမြင်ပြီး လာပါလိမ့်မယ်။

မြင်လာအောင်ဆိုပြီးတော့ အခုဟာက အခြေတည်နေတုန်း ရှိသေးတယ်။ အစပျိုးနေတာပါပဲ။ အခုနက ပြောသလို စိတ်ကလေးဟာ ကြည်သန့်ပြီးနေအောင် "သမာဓိရတည်ကြည်က စိတ္တဝိသုဒ္ဓိ" ဆိုတဲ့ အတိုင်း သမာဓိရပြီး စိတ်ကလေးကြည်သန့်ပြီးနေတဲ့ "စိတ္တဝိသုဒ္ဓိ" စိတ်ဟည်ကြည်တယ်။ "စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ" စိတ်စင်ကြယ်သွားတဲ့အခါ ရုပ်တွေ, နာမ်တွေကို ပိုင်းပြီးခြားပြီး သိနိုင်ပါတယ်၊ သိနိုင်တယ်။

**နာမ ရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ။**

ရုပ်နာမ်ကို ပိုင်းခြားသိလို့ရှိရင် သက္ကာယဒိဋ္ဌိ ကွာတယ်။ အတ္တဒိဋ္ဌိ ပြုတ်နိုင်တော့တာပဲ။ အဲဒီ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, အတ္တဝါနုပါဒါန်ကို ပယ်ဖျောက်တဲ့နည်းဟာ ဗုဒ္ဓဘုရားရဲ့ သာသနာတော်မှာသာ ရှိပါတယ်။ ဒါကြောင့်မို့ -

**ပဋိပတ္တိယာ လဒ္ဓဗ္ဗာ၊ ရသဿာဒ မနုတ္တရံ။**
**ဝိန္ဒိတုံ ပဒဟေနောစေ ကုလတ္တောတေ ဇိနသာသနံ။**

ပဋိပတ္တိယာ= ချမ်းသာလိုလား အမျိုးသားတို့ ကြိုးစားကျင့်အပ် ပဋိပတ်လမ်းစဉ်ဖြင့်၊ ချမ်းသာခိုမှီးပြီး အမျိုးသမီးတို့ ကြိုးစားကျင့်အပ် ပဋိပတ်လမ်းစဉ်ဖြင့်၊ လဒ္ဓဗ္ဗရသဿာဒံ= ရအပ်မှန်စွာ သာယာဖွယ် တောင်း အကောင်းဆုံးအရသာကို၊ အနုတ္တရံ= အတုမရှိ မြင့်မြတ်သော၊ လဒ္ဓဗ္ဗရသဿာဒံ= ရအပ်မှန်စွာ သာယာဖွယ်တောင်း အကောင်းဆုံး အရသာကို၊ ဝိန္ဒိတုံ= မကြုံစဖူး အလွန်ထူးသဖြင့် ကြည်နူးပီတိ ဂွမ်းဆီ

http://www.dhammadownload.com



ထိသို့ ရရှိခံစားခြင်း၄ါ၊ ပဒဟော= ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဟု နှစ်နှစ်ကာကာ ကြိုးစားရာသတည်း။ နောစေ= သဒ္ဓါမသန်လှ ဆန္ဒဆုတ်ယုတ်အားမထုတ်ခဲ့ပါလျှင်၊ ဇိနသာသနံ= ဂုဏ်ရည်သေတ္တာ၊ အနှစ်စုသည့် တုမဲ့ထူးစွာ ဘုရားမြတ်သာသနာသည်၊ တေ= အခါကောင်းသင့် အခွင့်ကြုံလာ သင့်တွက်တာမှာ၊ ကွတ္တော= ဂုဏ်ရည်တင့်တိုး အဘယ်အကျိုးရှိပါအံ့နည်း။ တသ္မာ= ထို့ကြောင့်၊ လဒ္ဓဗ္ဗရသဿာဒံ= ရအပ်မှန်စွာ သာယာဖွယ်တောင်း အကောင်းဆုံးအရသာကို၊ ဝန္ဒိတုံ= မကြုံစဖူး အလွန်ထူးသဖြင့် ကြည်နူးပီတိ ဂွမ်းဆီထိသို့ ရရှိခံစားခြင်း၄ါ၊ ပဒဟော= ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဟု နှစ်နှစ်ကာကာ ကြိုးစားကြရာသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**သင်္ကြန်အတူး**

ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၉)ရက်၊ (၁၃-၄-၂၀၀၄) သင်္ကြန် အကျနေ့။

**ကဏှဇာတ်**

သမထဘာဝနာ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နေကြတဲ့ ယောဂီတို့ ယနေ့ဆိုရင် (၄)ရက်မြောက်ရောက်လာကြပြီ။ အားထုတ်သားကျလာကြပါပြီ။ မနေ့ညက ဟောတဲ့တရားထဲမှာ ပုထုဇဉ်တို့ရဲ့ ကိလေသာမှ စင်ကြယ်ခြင်းရဲ့ အကြောင်းတွေထဲမှာ ပြဟ္မာပြည်က စုတေလာကြတဲ့ ပုဂ္ဂိုလ်များဟာလဲ ကိလေသာနည်းပါတယ်တဲ့။ လောဘ, ဒေါသ, မောဟ အစရှိတဲ့ ကိလေသာ(၁၀)ပါး။ တစ်နည်းအားဖြင့် လောဘ (၁၅၀)၊ ဒေါသကိလေသာ (၁၅၀)၊ မောဟကိလေသာ (၁၅၀)စသည် ပွားလာတော့ (၁၅၀၀)သော ကိလေသာတွေ ဖြစ်လာပါတယ်။ ပြဟ္မာ့ပြည်က လာခြင်းဟာလဲ ကိလေသာနည်းပါးခြင်းရဲ့အကြောင်းဖြစ်ပါတယ်။

သာဓကနဲ့ပြောမယ်ဆိုရင် ကဏှဇာတ်ကိုကြည့်ကြစို့။ ဒီဇာတ်တော်ရဲ့ ဖြစ်စဉ်အကြောင်းအချက်တွေက ဘယ်လိုလဲလို့ ဆိုတော့ ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦးရှိတယ်။ ကဏှဆိုတဲ့ပုဂ္ဂိုလ်က သူဌေးကြီးရဲ့တစ်ဦးတည်းသော သားဖြစ်ပါတယ်။ မိဘများက ကုဋေ(၈၀)ကြွယ်ဝတယ်။ ကုဋေဆိုတဲ့ အသုံးအနှုန်းက အခုခေတ်မှာ နည်းပါတယ်။ ကုဋေ(၈၀)ကြွယ်ဝတဲ့ သူဌေးကြီးရဲ့ တစ်ဦးတည်းသောသား၊ အများစုကတော့ ဘယ်လိုအသုံးချမလဲ။ ကဏှက ဘယ်လိုအသုံးချသွားသလဲ။ အများအနေနဲ့ ကုဋေ(၈၀) ကြွယ်ဝတဲ့ သူဌေးရဲ့သားလဲ ဖြစ်တယ်။ တစ်ဦးတည်းသောသားလဲ ဖြစ်တယ်ဆိုတော့ လောကီနယ်ပယ်မှာ မော်တော်ကား ကောင်းကောင်း

http://www.dhammadownload.com



စီးပြီး ပျော်မယ်၊ ပါးမယ်၊ သွားမယ်၊ လာမယ်စတဲ့ အခြေအနေမျိုးရှိမှာ ပါပဲ။ သို့သော်လဲ ကဏှာဆိုတဲ့ ပုဂ္ဂိုလ်ကတော့ အလွန်ချမ်းသာတဲ့သူဌေးရဲ့ တစ်ဦးတည်းသောသား ဖြစ်သော်လဲပဲ မိဘများကွယ်လွန်သွားတဲ့အခါ ပြဟ္မာ့ပြည်က ဆင်းလာတဲ့ပုဂ္ဂိုလ်ပီပီ ဟိမဝန္တာတောသို့ တောထွက်ခဲ့ တယ်။ ကန္ဒဝါရဏီ လို့ခေါ်တဲ့ သစ်ပင်ရင်းမှာနေခဲ့တယ်။

ကဏှာရသေ့ရဲ့အကျင့်က တောမှာနေတယ်။ သစ်ပင်ရင်း လွင်တီးခေါင်မှာနေတယ်။ အဗ္ဘောကာသိကဓုတင်နဲ့ ရုက္ခမူဓုတင်ဆောင် တယ်။ အလိုလိုကြွေကျတဲ့ အရွက်၊ အပွင့်၊ အသီးတို့ကို စားတယ်။ အခေါက်တွေကို စားတယ်။ သူထိုင်နေတဲ့ လက်တစ်ကမ်းမှာကြွေတဲ့ အပွင့်၊ အသီး၊ အရွက်၊ အခေါက်တို့ကိုပဲ စားတယ်။ အကြိမ်ကြိမ်စားတာ မဟုတ်ဘူး။ တစ်နေ့တစ်ကြိမ်ပဲ စားတယ်။ အဲဒီလို အားထုတ်လိုက်တာ မကြာခင် ဈာန်, အဘိညာဉ်, တန်ခိုးတွေရတယ်။ အဲဒီလို ကျင့်အားတွေ ပြည့်စုံနေတော့ တာဝတိံသာနတ်ပြည်က သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ တင်းလာတယ်။

ဘာအကြောင်းပါလိမ့်လို့ သိကြားမင်း စဉ်းစားတဲ့အခါ ကဏှာရသေ့ရဲ့ ခြိုးခြံချွေတာတဲ့ အကျင့်နဲ့ဈာန်, အဘိညာဉ်, တန်ခိုးတွေ ရနေတာကို သိရတယ်။ အဲဒီအခါ သိကြားမင်းက "ကဲ- ငါတရားသွား နာမယ်။ သူလိုချင်တာလေးတွေလဲ ဖြည့်ပေးမယ်။ ကန္ဒဝါရဏီ သစ်ပင်ကြီးကိုလဲ (၁၂)ရာသီ အသီး, သီးအောင်လုပ်ပေးမယ်" ဆိုပြီး သွားတယ်။ သိကြာမင်းက တိုက်ရိုက်သွားတာ မဟုတ်ပါဘူး။ ကန္ဒဝါရဏီ သစ်ပင်ရဲ့ နောက်ကွယ်မှာ ရသေ့က သစ်ပင်ကြီးရဲ့ရှေ့မှာ တရားအား ထုတ်ပြီး ဈာန်အဘိညာဉ်နဲ့နေတာ။ သိကြားမင်းကြီးက နောက်ကွယ်က နေပြီး ခနဲ့တဲ့တဲ့စကားပြောတာပေါ့။

သိကြားမင်း ॥ ॥ "မဲနက်သော မြေမှာထိုင်ကာ မဲနက်သော သစ်သီး စားသုံးပြီး၊ မဲနက်သော ယောကျ်ား အသင့်အား ငါကား မမြတ်နိုးလှတကား"လို့ ဒီစကား လှမ်းပြော တယ်။

မိခင်ဇရာဝတီ

63(B)

http://www.dhammadownload.com



ဣန္ဒဝါရဏီသစ်သီးက မှည့်လာတော့ အနက်ဖြစ်နေတယ်။ မြေကလည်း အနက်၊ ရသေ့ကလည်း ကဏှဆိုတဲ့ နာမည်အတိုင်း အနက်၊ ဒါကြောင့်- "မဲနက်သော မြေမှာထိုင်နေတာ၊ မဲနက်သော အသီးစားသုံးပြီး၊ မဲနက်သောယောက်ျား အသင့်အား ငါကား မမြတ်နိုးလှ တကား"။ သိကြားမင်းက ခနဲ့လိုက်တာ။ အဲဒီအခါ ကဏှရသေ့က ပြန်ပြောတယ်။ "အသားမဲပေမဲ့ လူမမဲပါဘူး။ ကုသိုလ်အဖြူရှိရင် မောင်ဖြူလို့ ဗြဟ္မဏလို့ ခေါ်နိုင်ပါတယ်။ အဲဒါကို ဘုန်းကြီးတို့ လင်္ကာလေးက ကဏှရသေ့က

**"အသားမဲလဲ လူမမဲ၊ ကုသိုလ်အဖြူ ရှိပါမူ၊ မောင်ဖြူခေါ်ရ ဗြဟ္မဏ"**လို့ ပြန်ပြောတယ်။ အသားမဲပေမဲ့ လူမမဲပါဘူး။ ကုသိုလ်အဖြူရှိပါမူ မောင်ဖြူလို့ ခေါ်နိုင်ပါတယ်။

"အကုသိုလ်မဲ နှလုံးစွဲ၊ မောင်မဲခေါ်ရ မောင်ကဏှ" အကုသိုလ် အမဲရောင် နှလုံးထဲစွဲပြီး နေရင်တော့ မောင်မဲလို့ခေါ်ရမှာပဲ။ လူက ဖြူနေရင်လဲ မောင်မဲပဲ။ ဘာကြောင့်လဲ အကုသိုလ်က မဲနေလို့။ ကုသိုလ်ကို သုက္က-အဖြူတရား၊ အကုသိုလ်ကို ကဏှ-အမဲတရားလို့ တင်စားပြီးတော့ ခေါ်ရတယ်။ ဒါကြောင့် "အကုသိုလ်မဲ နှလုံးစွဲ၊ မောင်မဲခေါ်ရ မောင်ကဏှ" အဲဒီလိုလဲ ပြောလိုက်ရော သိကြားမင်း မောင်မဲ၊ မောင်ဖြူ ကွဲသွားတယ်။ မောင်မဲဆိုတာ ဘယ်ဟာမျိုးကို ခေါ်တာ။ မောင်ဖြူဆိုတာ ဘယ်ဟာမျိုးခေါ်တာလို့ ဒီစကားနှစ်ခွန်းကို အတော် သဘောကျသွားတယ်။

ကုသိုလ်များတဲ့ ပုဂ္ဂိုလ်က မောင်ဖြူ အကုသိုလ်များတဲ့ပုဂ္ဂိုလ်က မောင်မဲပါပဲလို့ ကဏှရသေ့က ပြောလိုက်တဲ့အခါ ဒီစကား နှစ်လုံးရဲ့ အဓိပ္ပါယ်လေးကို သဘောကျလွန်းလို့။ သိကြားမင်းက "အရှင် ကဏှရသေ့ သင်ဘာလိုချင်သလဲ၊ ဘယ်ဆုများ တောင်းချင်သလဲ" ဆိုတော့ ကဏှရသေ့က- ဆုကတော့ (၄)မျိုးလောက် လိုချင်တယ်တဲ့။ တကယ်တမ်းကတော့ (၆)မျိုးပြောထားတာ တွေ့ပါတယ်။

http://www.dhammadownload.com



(၁) အတွင်းဒေါသ ကင်းပါရစေ။
(၂) အပြင်ဒေါသ ကင်းပါရစေ။
ဒေါသနဲ့ပတ်သက်ပြီး ရန်ငြိုးဖွဲ့ကြောင်း (၁၀)မျိုးရှိတယ်။

(၁) **အနတ္ထံ မေ အစရီတိ အာဃာတံ ဗန္ဓတိ။**
သူဟာငါရဲ့ အကျိုးမဲ့ကို ဆောင်ရွက်ဖူးတယ်ဆိုပြီး ရန်ငြိုးထားတယ်။

(၂) **အနတ္ထံ မေ စရတီတိ အာဃာတံ ဗန္ဓတိ။**
ငါ့အကျိုးမဲ့ကို ဆောင်ရွက်ဆဲဆိုပြီး ရန်ငြိုးထားတယ်။

(၃) **အနတ္ထံ မေ စရိဿတီတိ အာဃာတံ ဗန္ဓတိ။**
ငါ့အကျိုးမဲ့ကို ဆောင်ရွက်လတ့်ဆိုပြီး ရန်ငြိုးထားတယ်။

(၄) **ပိယဿ မေ မနာပဿ အနတ္ထံ အစရီတိ အဃာတံ ဗန္ဓတိ။**
ငါ့ချစ်မိတ်ဆွေရဲ့ အကျိုးမဲ့ကို ဆောင်ရွက်ဖူးတယ်လို့ ရန်ငြိုးထားတယ်။

(၅) **ပိယဿ မေ မနာပဿ အနတ္ထံ စရတီတိ အဃာတံ ဗန္ဓတိ။**
ငါ့ချစ်မိတ်ဆွေရဲ့ အကျိုးမဲ့ကို ဆောင်ရွက်ဆဲဆိုပြီး ရန်ငြိုးထားတယ်။

(၆) **ပိယဿ မေ မနာပဿ အနတ္ထံ စရိဿတီတိ အာဃာတ ဗန္ဓတိ။**
ငါ့ချစ်မိတ်ဆွေရဲ့ အကျိုးမဲ့ကို ဆောင်ရွက်လတ့်ဆိုပြီး ရန်ငြိုးထားတယ်။

(၇) **အပ္ပိယဿ မေ အမနာပဿ အတ္ထံ အစရီတိ အာဃာတံ ဗန္ဓတိ။**

(၈) **အပ္ပိယဿ မေ အမနာပဿ အတ္ထံ စရတီတိ အာဃာတံ ဗန္ဓတိ။**

http://www.dhammadownload.com



(၉) **အပ္ပိယသ မေ အမနာပဿ အတ္ထံ စရိသတီတိ အာဃာတံ ဗန္ဓတိ။**

ငါ့မုန်းသူရဲ့အကျိုးမဲ့ကို ဆောင်ပြီး၊ ဆောင်ဆဲ၊ ဆောင်လတ့် ဆိုပြီး ရန်ငြိုးထားတယ်။

(၁၀) **အဋ္ဌနကောပေအာဃာတံဗန္ဓတိ**

မိုးခြိမ်းရင် ခြိမ်းပြန်ပြီ၊ နေပူရင် ပူပြန်ပြီဆိုပြီး အရာမဟုတ်တဲ့ နေရာတွေမှာ စိတ်ဆိုးဒေါသထွက်ပြီး ရန်ငြိုးဖွဲ့တတ်တယ်။

ရန်ငြိုးဖွဲ့ခြင်းအကြောင်း (၉)မျိုး။ တစ်နည်းအားဖြင့် (၁၀)မျိုး၊ တစ်မျိုးမျိုးနဲ့ ရန်ငြိုးဖွဲ့ပြီးတော့ ဒေါသဆိုတာ ဖြစ်တတ်တယ်။

**"လောဘချဉ်ခြင်း ကင်းပါရစေ။**

**အချစ်မုန်ပြင်း ကင်းပါရစေ"**။

အဲဒီလို ဆုလေးမျိုး တောင်းဆိုလိုက်တဲ့ အခါကျတော့ သိကြားမင်းကြီးက အဘယ်ကြောင့် အတွင်းဒေါသ ကင်းပါရစေ။ အပြင်ဒေါသကင်းပါရစေ။ လောဘ ချဉ်ခြင်းကင်းပါရစေ။ အချစ်မုန်ပြင်း ကင်းပါရစေလို့ အကြောင်းမေးတဲ့အခါကျတော့-

**"စိတ်ထဲထကြွ မျက်မာန်ရှမှု၊ ဒေါသမီးပွား ဆင့်ဆင့်ပွား၍၊ များများပူခြင်း၊ လွန်ကဲခြင်း၊ အတွင်းဒေါသ ကြောက်ဖွယ်ပ"**။

အတွင်းဒေါသ ကင်းချင်တယ်ဆိုတာ အတွင်းဒေါသက ကြောက်စရာကြီး။ အတွင်းဒေါသဆိုတာ စိတ်ထဲမှာ မျက်မာန်ရှပြီးတော့ နေတာ။ ဒေါသမီးပွား စိတ်ထဲမှာ တောက်လောင်ပြီး တော့နေတာ။ ဖြစ်ပြီဆိုရင် ပူပန်မှုတွေ အင်မတန်လွန်ကဲပြီးတော့နေတာ။

တစ်ချို့ စိတ်ဆိုးတဲ့ပုဂ္ဂိုလ်တွေဟာ အတွင်းဒေါသ ဖြစ်ပြီးတော့ နေတာ၊ ခေါင်းရောဲ, ခြေရော, လက်ရော တုန်ပြီးတော့ ဒေါသ ကနေပြီး စက်နှိုးသလိုပေါ့။ မျက်လုံးမျက်ဆန်တွေ နီရဲလာတယ်။ ဒါကြောင့်မို့ အတွင်းဒေါသ ကင်းပါရစေလို့ ဆုတောင်းတာပါပဲ။

http://www.dhammadownload.com



**"ဒေါသလွန်ကဲ ပေါက်ထွက်ကွဲသော်၊ ဆဲရေးဆွဲငင် တုတ်ဓားယှဉ် အပြင်ဒေါသ ကြောက်ဖွယ်ပ"**။ ဒေါသလွန်ကဲလာရင် တုတ်ဆွဲ၊ ဓားဆွဲ ဖြစ်တတ်ပါတယ်။ ဒါကြောင့် အပြင်ဒေါသ ကင်းပါရစေလို့ ဆုတောင်းတာပါတဲ့။ အဲဒါလဲပဲ ကြောက်စရာကြီးပဲ၊ အထူးတောင် ပြောစရာမလိုဘူး။ လောဘချဉ်ခြင်း ကင်းပါရစေလို့ ဘာကြောင့် ဆုတောင်းသလဲဆိုရင်-

**"လိုချင်လောဘ ဖြစ်လာကမူ ဓမ္မ အဓမ္မ မချိန်ဆပဲ လိမ်ရညာရ လုယက်ရနှင့် ရသမျှခပင်း ယူတတ်ခြင်း ချဉ်ခြင်း လောဘ ကြောက်ဖွယ်ပ"**။ ဒေါဟဋ္ဌ= ချဉ်ခြင်းတတ်တာ။ ဗိမ္ဗိသာရ မင်းကြီးရဲ့မိဘုရားကြီး အဇာတသတ်ကိုယ်ဝန်ရစဉ်က ချဉ်ခြင်းတတ်တာ။ **သေရအုံ့**လော၊ ရှင်ရအုံ့လော၊ သေရကမန်း လိုချင်တာ၊ ဗိမ္ဗိသာရ မင်းကြီးရဲ့ လက်မောင်း သွေးသောက်ချင်တာ၊ မသောက်ရရင် သေရကမန်းပဲ။ အဲဒီလိုပြောလို့မို့ လက်မောင်းသွေးဖောက်ပြီးတော့ တိုက်ရတယ်။

"ချဉ်ခြင်းလောဘ ဖြစ်လာကမူ၊ ဓမ္မ အဓမ္မရယ်လို့ မချိန်ဆ **တော့ဘူး"**။ တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ လိမ်မယ်, ညာမယ်, လုယက်မယ်။ "ရသာလျှင် ဘနဖူး သိုက်တူးတယ်" ဆိုသလိုပေါ့။ အဲဒီလို ဖြစ်လာတဲ့ အခါကျတော့ ကြောက်စရာပဲတဲ့။ ဒါကြောင့် "ချဉ်ခြင်း လောဘ ဖြစ်လာကမူ ဓမ္မ အဓမ္မ မချိန်ဆပဲ လိမ်ရညာရ ရသမျှခပင်း ယူတတ်လျှင်း ချဉ်းခြင်းလောဘ ကြောက်ဖွယ်ပ" လို့ အဖြေပေးပါတယ်။ မှန်ပါတယ်။ လိုချင်တာဟာ လောဘကတစ်မျိုး၊ အတိလောဘက တစ်မျိုး။

အတိလောဘဆိုတာ ချဉ်ခြင်းအထိရောက်ပြီး အလွန့်ကို လိုချင်တာ။ အလွန့်ကိုရချင်တာ။ ဟိုတုန်းက သားအမိ, သားအဖ သုံးယောက်အတူနေကြတယ်။ အဖေဖြစ်သူက ကွယ်လွန်သွားတော့ ရွှေဟင်္သာလေး ဖြစ်တယ်။ ရွှေဟင်္သာငှက်က ကျန်ခဲ့တဲ့သားအမိကို ဘဝဟောင်းက သံယောဇဉ် ရွှေဟင်္သာရဲ့အတောင်လေးတစ်ခု, တစ်ခု

http://www.dhammadownload.com



နေ့စဉ်ပေးတယ်။ သူတို့သားအမိနှစ်ယောက် စားလောက်ပါတယ်။ တစ်နေ့ကျတော့ သားအမိနှစ်ယောက်တိုင်ပင်ကြတယ်။ တို့ကိုတစ်နေ့, တစ်နေ့ ရွှေဟင်္သာကြီးတစ်တောင်, တစ်တောင် ချွတ်ချွတ်ပေးနေ တာ စားလို့လောက်ရုံပဲ ကြွားလို့လဲမရဘူး။ ဝါဖို့လဲ မရဘူးဆိုပြီး ရွှေဟင်္သာ ငှက်က ရွှေတောင်တွေတစ်ကိုယ်လုံးနှုတ်တာ နှုတ်ပြီးဆောင်းနဲ့ အုပ်ထား သေးတယ်။ နောက်ပေါက်လာရင် နှုတ်ရအောင်လို့တဲ့ ရှမ်းထုံးမန်းလို့ တစ်ပွဲထိုးတော့ရတာပေါ့။ နောက်တော့ အဖြူတွေပဲပေါက်လာ တော့တယ်။ ဒါကြောင့် **"ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ၊ အတိလောဘောဟိ ပါပကော။"**လို့ မြတ်စွာဘုရားက ဟောတော်မူ တယ်။

"ယံ လဒ္ဓံ ယေန တုဋ္ဌဗ္ဗံ= ရတာလေးနဲ့တင်းတိမ်၊ အတိလော ဘောဟိ ပါပကော= အလွန်အကျွံ လိုချင်လာလို့ရှိရင် ယုတ်မာညစ်ညမ်း တဲ့သဘော ရှိတယ်။ အခု ရွှေဟင်္သာအတောင် တစ်တောင်, တစ်တောင် ရနေတဲ့ သားအမိ ရွှေဟင်္သာအတောင် နောက်ထပ်မရတော့ဘူး ဟင်္သာကြီးက ရွှေတောင်မပေါက်တော့ပဲကိုး။ ဒါကြောင့် **"လောဘော အတ္ထံ န ဇာနာတိ၊ လောဘော ဓမ္မံ နပဿတိ"**။ လိုချင်တဲ့ လောဘဟာ အကျိုးလဲမသိဘူး၊ အကြောင်းလဲမသိဘူး။

**"အန္ဓတမံ တဒါဟောတိ၊ ယံလောဘော သဟတေနရံ"**။ ပုဂ္ဂိုလ်တစ်ယောက် လောဘနှိပ်စက်လာပြီဆိုရင် အမိုက်မှောင်ကြီး ကျတော့တာပဲ။ တစ်ချိန်က လူတစ်ယောက် ဖခင်တော့မရှိ မိခင်တော့ ရှိတယ်။ သူ့အတွင်းပစ္စည်းလေးတွေ ပေးစရာ ပစ္စည်းလေးတွေ မပေးတဲ့ အခါကျတော့ ဆိုကြပါစို့။ အမိသတ်တာပါပဲ။ အခုချိန်ထိအောင် ထောင်ထဲရောက်နေတယ်။ ဘုန်းကြီးတို့ ကြားသိရပါတယ်။ **အမိကအား** ဖြင့်တော့ လိုချင်တာပါပဲ။ သာမန်လိုချင်တာကတစ်မျိုး၊ အလွန့်အလွန် လိုချင်တာက တစ်မျိုး။ အဲဒီလောဘကို ပယ်နိုင်ဖို့တရား အားထုတ်ကြ တာပါပဲ။

http://www.dhammadownload.com



ဟော- ကဏှရသေ့က လောဘချဉ်ခြင်း ကင်းပါရစေ။ အချစ်မုန်ပြင်းကင်းပါရစေ။ ဘာကြောင့် တောင်းရသလဲဆိုတော့ **"စိတ်ကိုခြုံရစ် ပူပန်ဖြစ် အချစ်ဟူက ကြောက်ဖွယ်ပ"**။ အချစ်မုန်ပြင်းဆိုတာ ဘယ်လိုဟာလဲ ဆိုတော့ ဆင်များမုန်ယိုသလိုပဲတဲ့။ အင်မတန် ပြင်းထန်ပြီးတော့ အင်မတန်ပူပန်မှုတွေ ဖြစ်တယ်။ အထုံးအဖွဲ့တွေ များတယ်။ အင်မတန် နှောင်ကြိုးတွေ များလာတယ်။ ဆင်မုန်ယိုသကဲ့သို့ အချစ်မျိုး ကင်းပါစေလို့ ကဏှရသေ့ ဆုတောင်းတယ်။ အချစ်မုန်ပြင်းကြောင့် ရှုံးသွားတာတွေတောင် ရှိခဲ့ဖူးတယ်။

တစ်ချိန်က သပြေရိုးခေါ်တဲ့ တောနေရဟန်း ဦးဝိဇယဆိုတာ မပြာဆိုတဲ့ အမျိုးသမီးတစ်ယောက်အပေါ် စွဲလမ်းပြီး အချစ်မုန်ပြင်းထန်ခဲ့ဘူးပါတယ်။ တစ်နေ့မှာ တောရွာမှမြို့သို့ မြင်းလှည်းနဲ့ ဈေးရောင်းအသွား အမှီလိုက်သော ဦးဝိဇယကို ဘိနပ်နဲ့ရွယ်လိုက်သည့်အခါ ရှုံးသွားဘူးပါတယ်။ ဈာန်အဘိညာဏ်ရ ဟရိတစရသေ့ကြီး အချစ်မုန်ပြင်းထန်လို့ မစားမသောက် ရှုံးနောက်ဘူးပါတယ်။ ဒါကြောင့် မောင်ကဏှက အချစ်မုန်ပြင်းကင်းပါရစေလို့ ဆုတောင်းပုံရပါတယ်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုန်းကြီးက **"တဏှာပူးတဲ့ အရှုးတွေရယ် အမူးမပြေ ပင်ပန်းရှာလိမ့်လေး၊ တဏှာဖန်းတဲ့ အကန်းတွေ့ရယ် အပန်းမပြေ ပင်ပန်းရှာလိမ့်လေ။ တဏှာကြိုက်တဲ့ အမိုက်တွေရယ် အဟိုက်မပြေ ပင်ပန်းရှာလိမ့်လေး"**လို့ ဆုံးမတော်မူခဲ့ပါတယ်။ ထပ်ပြီးတော့ တောင်းပါရစေဆိုပြီးတော့ နှစ်မျိုးထပ်ပြီး ဆုတောင်းတယ်။

**"အနာရောဂါ ကင်းရှင်းကွာ၊ ကျန်းမာချမ်းသာပါရစေ"**။ အနာရောဂါကင်းပြီးတော့ ကျန်းကျန်းမာမာလေး နေပါရစေ။ ယောဂီပုဂ္ဂိုလ်များ တရားအားထုတ်တဲ့အခါ ယောဂီသူတော်စင်များ ဆောင်ထားရမယ့် အချက်အလက်တွေထဲမှာ "ယုံကြည်၊ ကျန်းမာ၊ ဖြောင့်စင်းစွာနှင့်၊ မြတ်စွာဗုဒ္ဓရဲ့ ဗောဓိဉာဏ်ကို ယုံကြည်ရမယ်။ ကျန်းမာရမယ်။

http://www.dhammadownload.com



မကျန်းမာရင် ဘာမှအားထုတ်နိုင်ဘူး။ ဒါကြောင့် ကဏှာရသေ့က အနာရောဂါကင်းရှင်းပြီးတော့ ကျန်းမာချမ်းသာစွာ နေပါရစေလို့ ဆုတောင်းတယ်။

"ငါ့အကြောင်းကြောင့် အပေါင်းများစွာ သတ္တဝါရဲ့ နှစ်ဖြာကိုယ်စိတ် အနိဋ္ဌဆို အကုသိုလ်မှ ကင်းကြပါစေ" ။ ငါဆိုတဲ့အကြောင်းကြောင့် အပေါင်းများစွာ သတ္တဝါများ အကုသိုလ်မှကင်းကြပါစေ။ ကဏှာရသေ့က ဆု(၆)မျိုးတောင်းတယ်။ အဲဒီအထဲမှာ အဓိကအားဖြင့် လောဘကင်းဖို့ ဒေါသကင်းဖို့ ဆုတောင်းတာ ပါပါတယ်။ လောဘကို ပြန်စဉ်းစားမယ်ဆိုရင် စောစောကပြောသလို ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ဖိစီးနှိပ်စက်ပြီဆိုရင်တော့ အမိုက်မှောင် အားလုံးကျသွားတာပါပဲ။ အမိမှန်းမသိဘူး။ အဖမှန်းမသိဘူး။ ကျေးဇူးရှိမှန်းမသိဘူး။ ဘုရားမှန်းမသိဘူး။

လွန်ခဲ့တဲ့ (၄)၊ (၅)လလောက်က ဘုရားတွေရဲ့စိန်ဖူးတော်တွေကို လှည့်ခိုးနေကြတာတွေ ရှိတယ်။ ခိုးတဲ့ပုဂ္ဂိုလ်တွေကတော့ တစ်ဖွဲ့ထဲနဲ့ တူတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ခိုးပြီးလို့ရှိရင် ရေသန့်ပုလင်းကို ငွေမှင်သုတ်ပြီးတော့ ပြန်ပြန်ပြီးတော့ စွပ်တင်ထားခဲ့တယ်။ မေမြို့ မဟာအံ့ထူးကံသာဘုရားကြီး၊ လောကနန္ဒာဘုရားကြီးတို့ရဲ့ စိန်ဖူးတော်တွေ ပါကုန်ပြီ။ စွယ်တော်စေတီမှာ ရွှေချပြီးတော့ မရမ်းကုန်းမြို့နယ်က တာဝန်ရှိတဲ့ စခန်းမှူးတို့က မှန်ပြောင်းနဲ့ စိန်ဖူးတော် ရှိ၊ မရှိ ကြည့်နေရတယ်။ ငါးပါးသီလလုံတဲ့လူက အတော်ရှားသလို ဖြစ်တာပေါ့လေ။ တရားအားထုတ်တဲ့ လူတွေက သီလနဲ့ပတ်သက်လို့ ပြောစရာမလိုတော့ဘူး။ မကြာခင်ကလဲ ထောက်လှမ်းရေးက ဗိုလ်ကြီးတစ်ယောက်နဲ့ အရာခံဗိုလ်တစ်ယောက် နာဂလိုဏ်ဂူဘုရားကြီး စိန်ဖူးတော် ဘယ်လို အခြေအနေရှိသလဲလို့ လာကြည့်တယ်။

လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က ပြန်တင်ထားတာက ဓာတ်သားအဓိကထားတယ်။ ခြံသံကို ဖိုထိုးပြီး သံကိုအဓိကထားပြီး စိန်ဖူးတော်

http://www.dhammadownload.com



လုပ်ထားတာ။ ကြည့်တာသွားပါတော့ဗျာ။ ရတနာများများ မပါပါဘူး။ နားလည်ရင်တော့ ခိုးလောက်တယ်။ စိန်တော့မရှိပါဘူး။ ခြသံကထွက်တဲ့ သံကိုး။ သံပေမဲ့ ဒီသံက ခဲရာခဲဆစ်လုပ်ထားရတာ။ သာမန်အားဖြင့် ကြည့်မယ် ဆိုရင်တော့ ဘုန်းကြီးတို့ အဘိဓမ္မာက သိပ်သေချာတာ။ ဘာကြောင့်ခိုးသလဲ။ **"ပိသု မုသာ သမ္ဖဿာ ဒိန္နာ"** (၂)ပါးကြောင့်။ ဂုံးတိုက်တယ်၊ လိမ်ညာပြောတယ်၊ အကျိုးမရှိတဲ့ စကားပြောတယ်၊ ခိုးတယ်၊ အဲဒါတွေ အကြောင်းရှာတော့ လောဘ, ဒေါသကြောင့် ခိုးတာပဲ။ မောဟကတော့ အလိုလို ပါပြီးသားကိုး။ အကြောင်းခံတော့ လောဘကြောင့်ခိုးတယ်။ ဒေါသကြောင့် ခိုးတယ်။ မောဟကတော့ လောဘဖြစ်တဲ့အခါလဲ မောဟပါတယ်။ ဒေါသဖြစ်တဲ့အခါလဲ မောဟပါတယ်။ အကုသိုလ်စိတ် အားလုံးမှာ မောဟက ယှဉ်တာကိုး။ လောဘက လောဘနဲ့ပတ်သက်တဲ့ စိတ်တွေနဲ့မှယှဉ်တယ်။ ဒေါသက ဒေါသနဲ့ပတ်သက်တဲ့ စိတ်တွေနဲ့မှ ယှဉ်တယ်။ မောဟကတော့ အကုသိုလ်အားလုံးမှာယှဉ်တာ။ လောဘဖြစ်စေ၊ ဒေါသဖြစ်စေ အင်မတန်ဆိုးဝါးပါတယ်။

အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်းကို အာဂုံပြန်ဆိုစဉ်းတုန်းက ဘုန်းကြီးရဟန်း (၁၆)ဝါတုန်းကပေါ့။ ဓမ္မသင်္ဂဏီပါဠိတော် ပြန်ဆိုတဲ့အခါ **"တတ္ထ ကတမော လောဘော"**။ တတ္ထ= ထိုဟိတ်(၆)ပါးတို့တွင်၊ လောဘော= လောဘသည်၊ ကတမော= အဘယ်ပါနည်း။ မြတ်စွာဘုရား (၇)ဝါမြောက် တာဝတိံသာနတ်ပြည်မှာ ဟောကြားတဲ့အခါမှာ လောဘ အဖွင့်ပါတယ်။ လောဘဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတော့ ဘုရားရှင် ကိုယ်တော်တိုင် (၁၀၂)မျိုးဖွင့်ဆို ဟောပြတော်တယ်။ ဘုန်းကြီးတို့ လူ့လောကမှာ လူဆိုး သူခိုးတွေ တစ်ခါတစ်ရံရှိတယ်။ နာမည်က (၃)မျိုး၊ (၄)မျိုးနော်။ လောဘကိုတော့ ဘယ်လောက်ဆိုးသလဲဆိုရင် (၁၀၂)မျိုး မြတ်စွာဘုရား နာမည်ပေးထားပါတယ်။ ကုသိုလ်ရရုံလေးပဲ။ ဘုန်းကြီး ဟိုတုန်းကတော့ တော်တော်ကို ကျက်ထားရတာ။ တော်တော်ကျက်မှလဲ

http://www.dhammadownload.com



ပြန်ဆိုနိုင်တာ။ **"တတ္ထ ကတမော လောဘော"**။ ယောရာဂေါ၊ သာရာဂေါ၊ အနုနယော၊ အနုရောဓော၊ **နန္ဒီ**၊ နန္ဒိရာဂေါ၊ **စိတ္တဿသာ** ရာဂေါ၊ ဣစ္ဆာ၊ မုစ္ဆာ၊ အဇ္ဈောသာနာ၊ ဂေဓော၊ ပလိဂေဓော၊ သင်္ဂေါ၊ ပင်္ကော၊ (လောဘဟာ ရွံ့ညွှံပဲတဲ့)၊ ဣစ္ဆာ၊ မာယာ လှည့်ဖြားတတ်ပါတယ်၊ ဇနိကာ၊ သဥ္စနနီ၊ သိဗ္ဗိနီ၊ ဇာလိနီ၊ သရိတာ၊ ဝိသတ္တိကာ၊ သုတ္တံ၊ ဝိသဋာ၊ အာယူဟိနီ၊ ဒုတိယာ၊ ပဏိဓိ၊ သတ္တဝါတို့ သံသရာခရီးသွားနေတာ လောဘအဖော်လုပ်သွားနေတာ။

"တဏှာမိတ္တော၊ ဗဟုမာယော"။ တဏှာမိတ္တော= တဏှာဟု ခေါ် အကြည်တော်လေးကလဲ၊ ဗဟုမာယော= ကိုယ်အနာခံ သူသာ စံလျှက် နှစ်ပြန်တင်စီး အထင်ကြီးအောင် ဆင်နည်းမာယာ ပြုတတ် စွာ၏။ အဖော်ဖြစ်တဲ့ တဏှာလေးက မိတ်ဆွေပဲ။ သူကလဲပဲ ဗဟုမာယော= ကိုယ်အနာခံ သူသာစံလျှက်၊ ကိုယ်ကတော့နာလို့ သူကတော့စံလို့ပဲ။ နှစ်ပြန်တင်စီး အထင်ကြီးအောင် ဆင်နည်းမာယာ ပြုတတ်စွာ၏။ ဘုန်းကြီးတို့မှာ ပါလာတဲ့အဖော်က ကောင်းမှုကောင်းပဲ။ အဖော်က တဏှာပါပဲ။ ပဏိဓိဘဝတစ်ခုနဲ့တစ်ခု ကြိုးနဲ့ဆွဲပြီး ချီထား သလိုပဲ။ ဤဘဝမှထိုဘဝ၊ ထိုဘဝမှဤဘဝ တစ်ခါထဲ ကြိုးနဲ့ချီထား သလိုပဲ။ ဒါကြောင့် မြတ်စွာဘုရားက ဘဝရဲ့နှောင်ကြိုးကို ငါဘုရား ဖြတ်ပြီးပြီ။ ဘဝနှောင်ကြိုးဆိုတာ တဏှာကိုပြောတာပါ။

**ဝနံ၊ ဝနထော၊ သန္ထဝေါ၊ သိနိဝေါ၊ အပေက္ခာ၊ ပဋိဗန္ဓု၊ အာသာ၊ အာသီသနာ၊ အာသိသီသတ္တံ၊ အာသီသိတဗ္ဗံ၊ ရူပါသာ၊ သဒ္ဒါသာ၊ ဂန္ဓာသာ၊ ရသာသာ၊ ဖောဋ္ဌဗ္ဗာသာ။** အဆင်းမျိုးစုံ လိုချင်တယ်။ အသံမျိုးစုံ လိုချင်တယ်။ **အနံ့**မျိုးစုံ လိုချင်တယ်။ အရသာ မျိုးစုံ လိုချင်တယ်။ အတွေ့အထိမျိုးစုံ လိုချင်တယ်။

**လာဘာ၊ လာဘာသာ၊ ဓနာသာ၊ ပုတ္တာသာ**= ဥစ္စာကို လိုချင်တာ၊ သားသမီးကို လိုချင်တာ။ **ဇီဝိတာသာ**= အသက်ကို လိုချင်တာ။ **ဇပ္ပါ၊ ပါဇပ္ပါ၊ အဘိဇပ္ပါ၊ ဇပ္ပနံ၊ ဇပ္ပိတတ္တံ၊ လောလုပ္ပါ၊**

http://www.dhammadownload.com



**လောလုပ္ပါယန်၊ ပုစ္ဆဥ္စိကတာ၊ သာခုကမျှတာ၊ အဓမ္မရာဂေါ၊ ဝိသမလောဘော၊ နိကန္တိ၊ ပတ္ထနာ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ ရူပတဏှာ၊ အရူပတဏှာ၊ နိရောဓတဏှာ။**

**ရူပရာဂေါ၊ သဒ္ဒရာဂေါ၊ ဂန္ဓရာဂေါ၊ ရသရာဂေါ၊ ဖောဋ္ဌဗ္ဗရာဂေါ၊ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ။**

ရူပတဏှာ= အဆင်းအပေါ် လိုချင်မှု၊ အဆင်းအပေါ် တပ်မက်မှု၊ မိမိအဆင်းအပေါ်မှာ တပ်မက်မှု၊ သူတစ်ပါးအဆင်း အပေါ်မှာ၊ အသံလဲ မိမိအသံတပ်မက်မှု၊ သူတစ်ပါးအသံတပ်မက်မှု၊ အနံ့၊ အရသာ၊ အတွေ့အထိမျိုးစုံ၊ ကြံစည်းတွေးတောမှုကစပြီး ဓမ္မတဏှာ၊

ဩဃော= ရေအယဉ်ဆိုတာလဲ လောဘရဲ့နာမည်ပါပဲ။ ယောဂေါ၊ ဥပါဒါန်၊ စရဏ်၊ ဗန္ဓနံ။ ဒါတွေဟာ လောဘရဲ့နာမည်တွေ ပါပဲ။ အနုသယော ပရိယုဋ္ဌာနံ လတာ= နွယ်ပင်ပဲ။ လောဘရဲ့နာမည်က နွယ်ပင်တဲ့။ မာလောနွယ် သစ်ပင်တစ်ပင်ဟာ မာလောနွယ် ရစ်ပတ် လိုက်ရင် သေတာပဲ။

ငါးမျှားချိပ်ဆိုတာလဲ လောဘရဲ့နာမည်ပဲ။ မာရဝိသယော= တဏှာနဒီ၊ တဏှာဇာလံ၊ တဏှာနဒီ။ မြစ်ဆိုတာ လောဘကို ခေါ်တာပါပဲ။ တဏှာဇာလံ= တဏှာတည်းဟူသော ကွန်ယက်၊ ပချုပ်။

တဏှာသမုဒ္ဒေါ= သမုဒ္ဒရာဆိုတဲ့ တဏှာဟာလဲ လောဘရဲ့ အမည်ပဲ။ သမုဒ္ဒရာကြီး ကူးဖို့ခက်သလို တဏှာဆိုတဲ့ သမုဒ္ဒရာကြီး ကလဲ အကူးရခက်တယ်။ တဏှာသမုဒ္ဒရာလဲ ဒီလောဘပဲ။ အဘိဇ္ဈာ များတယ်လို့ ပြောနေတာဟာလဲ လောဘရဲ့နာမည်ပါပဲ။ သဗ္ဗအကုသလ မူလံ= အကုသိုလ်အားလုံးတို့ရဲ့ အခြေအမြစ်။ အကုသိုလ်ဖြစ်တယ် ဆိုတာ လောဘကြောင့်ဖြစ်တာ များတယ်၊ အကုသိုလ်လဲမည်၊ အကုသိုလ်ရဲ့ အမြစ်လဲ မည်တာက (၃)မျိုးရှိတာ။

http://www.dhammadownload.com



လောဘသည် အကုသိုလ်မည်၊ အကုသိုလ်ရဲ့အမြစ်လဲ မည်တယ်။ ဒေါသသည် အကုသိုလ်မည်၊ အကုသိုလ်ရဲ့အမြစ်လဲ မည်တယ်။ မောဟသည် အကုသိုလ်မည်၊ အကုသိုလ်ရဲ့အမြစ်လဲ မည်တယ်။ "အယံ ဝုစ္စတိ လောဘော"= ၁၀၂ မျိုးသော အဓိပ္ပါယ်တွေ (၁၀၂)မျိုးသော အချက်အလက်တွေရှိတဲ့ တရားကို လောဘလို့ ခေါ်တယ်။ အဆိုးဘက်မှာ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်။ အကောင်းဘက်မှာ အလောဘရယ်၊ အဒေါသရယ်၊ အမောဟရယ်။ ကမ္ဘာ့လူထုကြီးကောင်း၊ မကောင်း ဖြစ်ပေါ်နေခြင်းရဲ့ "အမြစ်"။

"ရေသောက်မြစ်နှယ် လွန်ကြီးကျယ်၊ ခြောက်သွယ်ဟိတ်တရား"လို့ ဒီလိုဖွင့်ဆိုတော်မူရတယ်။ သူတော်ကောင်းကြီးတွေကလဲ အလောဘ၊ အဒေါသ၊ အမောဟ အခြေခံတာပဲ။ သူယုတ်မာတွေကလဲ လောဘ၊ ဒေါသ၊ မောဟ အခြေခံတာပဲ တစ်လမ်းစီ။ ရာထူးဂုဏ်သိရ်ရဲ စည်းစိမ်ချမ်းသာရဖို့က တစ်လမ်း၊ နိဗ္ဗာန်ရဖို့က တစ်လမ်းလို့ လမ်းခွဲ ဟောသလိုပဲ။

ယခု ဘုန်းကြီးတို့ တရားအားထုတ်တယ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟရဲ့ရှေ့နားမှာ အ,လေးတစ်လုံး တိုးနိုင်ဖို့ လောဘကို အလောဘဖြစ်အောင်၊ ဒေါသကို အဒေါသဖြစ်အောင်၊ မောဟကို အမောဟဖြစ်အောင် အားထုတ်ကြရတာပါပဲ။ လောဘကလဲ ဘယ်လောက်ဆိုးသလဲ ဆိုရင် (၁၀၂) မည်ရပါတယ်။ ဩော်- လောဘကတော့ အတော်ဆိုးပါတယ်။ ဆိုးပေဆိုလဲ သူပဲ၊ လူဆိုးဆိုလဲ သူပဲ၊ ဂျပိုးဆိုလဲ သူပဲ၊ ယုတ်ဆိုလဲ သူပဲ နာမည်တွေ များတယ်။ အဲဒီတော့ အလွန်ဆိုးတဲ့ လူတွေကို ခေါ်တာကိုး။ လောဘဘယ်လောက် ဆိုးသလဲ ဆိုရင် အဲသလောက်ဆိုးတယ်။ နာမည်ဆိုး (၁၀၂)မည်ရတယ်။ လောကမှာ ဘယ်သူမှသူ့လောက် နာမည်ဆိုးမရနိုင်ဘူး။ လောဘလောက်ဆိုးတာ ဘာရှိမလဲ။

http://www.dhammadownload.com



**တဏှာအစစ် ၁၀၈**

မြတ်စွာဘုရားက သစ္စာဖွဲ့တဲ့အခါ လောဘဟာ ဆင်းရဲဟူသမျှ တို့ရဲ့ ရေသောက်မြစ် သမုဒယသစ္စာတဲ့၊ အဲဒီလောဘကိုပဲ -

**"တဏှာသုံးတန် တည်ထားပြန်၊ အာ, ကာ, သန်နှင့် မြှောက်၊**

**တဏှာအစစ် တရာ့ရှစ်၊ ဖြစ်၏ လူမှာရောက်"**။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘတဏှာကိုတည် အာရုံ(၆)ပါး နှင့်မြှောက်၊ ကာလ(၃)ပါးနှင့်မြှောက်၊ သန္တာန် (၂)ပါးနဲ့ ဆင့်ကဲဆင့်ကဲ မြှောက်လိုက်တဲ့အခါ တဏှာအစစ် (၁၀၈)ဖြစ်သွားပါတယ်။ အဲဒီတော့ ခက်ပေသားလား။ တော်ရုံတန်ရုံနဲ့တော့ ဒါတွေမပျောက်နိုင်ဘူး။ ပျောက်ဖို့ရာ ဘုရားကနည်းလမ်းပေးတာ။ အဲဒီနည်းလမ်းအတိုင်း သွားနိုင်မှ။ ရှေ့တုန်းက လူတစ်ယောက်ပြောသလိုပေါ့။ လူတစ်ယောက် က သွားမတိုက်၊ ဘာမတိုက်နဲ့ဆိုတော့ သွားတွေက ညစ်ပေနေတယ်။

ယောက္ခမက သူ့သမက် သွားတွေညစ်ပေနေတယ်။ ပိုက်ဆံ ပေးပြီး ကြံစုတ်ခိုင်းလိုက်ဦးမှဆိုပြီး ကြံစုပ်ခိုင်းလိုက်တာ။ သူ့သမက်က ဈေးထဲသွားပြီး ပိန်းဥတွေဝယ်စားလာသလို မဖြစ်ကြဖို့ ဖွတ်သည်ထက် မညစ်ဖို့တော့လိုပြီ။ အလောင်းတော် ကဏှရသေ့ ဆုတောင်းတာလေးက လောဘ၊ ဒေါသပဲ အဓိကထား တောင်းတာ။ ဒေါသ (၂)ချက်၊ လောဘ (၂)ချက်ပါပဲ။ မောဟတွက် မတောင်းတော့ဘူး။ လောဘ၊ ဒေါသကုန်ရင် မောဟလဲပါသွားတာပဲ။ သိကြားမင်းက သဘောကျလို့ ဆုပေးတယ်။ (၆)မျိုးလုံးလဲ ယူတော်မူပါ။ ဣန္ဒဝါရဏီခေါ်တဲ့ သစ်ပင်ကြီးလဲ (၁၂)ရာသီ အသီးမှိုအောင် အစိမ်းရယ်၊ အရွှမ်းရယ်၊ အမှည့်ရယ် **အဆက်မပြတ်** စေပဲနဲ့ လက်တစ်ကမ်းအတွင်းမှာ တဖြုတ်ဖြုတ် **ကြွေကျအောင်**လဲ ဖန်တီးပေးခဲ့တယ်။ စွမ်းပေသကိုး။

ထာဝရသစ်သီးအလှူကြီး လှူပြီးတော့မှ တာဝတိံသာ နတ်ပြည်သို့ ပြန်ကြွသွားပါတယ်။ ကဏှဇာတ်တော်မှာ ဒီလိုဟောထား

http://www.dhammadownload.com



တာရှိတယ်ဆိုတာသိပြီး အတုယူကျင့်သုံးနိုင်ကြပါစေ။ သိကြားမင်းက အရှင်အနုရုဒ္ဓါလောင်းလျာ ပြဟ္မာပြည်က စုတေလာတဲ့ ကဏှရသေ့က ဘုန်းကြီးတို့ မြတ်ဘုရားရဲ့အလောင်းတော် ဖြစ်ပါတယ်။ မြတ်စွာဘုရားဟာ အလောင်းတော်ဘဝ နှစ်ဥကာလက လောဘတွေကို ကြိတ်ချေခဲ့ရ၊ ဒေါသတွေကို ကြိတ်ချေခဲ့ရ၊ မောဟတွေကို ကြိတ်ချေခဲ့ရပါတယ်။ ဘဝပေါင်းများစွာ အနစ်နာခံပြီးတော့ ကိုယ့်ဆင်းရဲ စိတ်ဆင်းရဲတွေခံပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သဖြင့် သုံးလောကထွဋ်ထား မြတ်စွာဘုရားအဖြစ် ရောက်တော်မူပြီးတော့ (၂၄)သင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်းသော ဝေနေယျ သတ္တဝါတွေကို အမတအောင်ခန်း နိဗ္ဗာန်နန်း ပို့ဆောင်တော်မူခဲ့တယ်။

ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ အားလုံးယောဂီသူတော်စင်တွေ အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေဖြိုးမောက် တန်ခိုးတောက်၍ စံမြန်းနိုင်ကြပါစေသော်ဟု ဆုတောင်းရင်း ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၄၆ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်ဆန်း (၁၁)ရက်နေ့ သင်္ကြန်တရားစခန်းဖွင့်ပွဲ။

**"ကန်တော့ကြသည်"**

**ဆရာတော်ဆုပေးသည်**

"ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ရတနာသုံးရပ် ထွင့်အမြတ်တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ရသော ကောင်းမှုကုသိုလ်ကံစေတနာ၊ မိမိတို့ ပွားများအပ်သော သမထဘာဝနာကမ္မဋ္ဌာန်း, ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းရသော ကောင်းမှုကုသိုလ်ကံ စေတနာစသည်တို့ကြောင့် မိမိတို့အလိုရှိအပ် တောင်းတအပ်သော ဆုထူးဆုမြတ်တို့နှင့် ပြည့်စုံကြရပြီး ဝဋ္ဋဒုက္ခခပ်သိမ်းလျှင်မြန်စွာ ချုပ်ငြိမ်းနိုင်ကြပါစေသတည်း"။

"ပေးတဲ့ဆုအတိုင်း ပြည့်စုံရပါလို၏ဘုရား"။

**ဖွင့်ပွဲအခမ်းအနား ဆရာတော်၏ဩဝါဒ**

ယနေ့ သာသနာတော်နှစ် ၂၅၄၆ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၄ ခု၊ တန်ခူးလဆန်း (၁၁)ရက် လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်တဲ့ လယ်တီဝိပဿနာသင်္ကြန်တရားစခန်း။

ယနေ့ သင်္ကြန်ကာလမှာ မြတ်စွာဘုရား ညွှန်းပြတော်မူတဲ့၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဘုရားရှင်ရဲ့ လက်သုံးတော် ကမ္မဋ္ဌာန်းကို အားထုတ်ရမယ်ဆိုပြီး မိမိတို့ကြိုတင်ဝမ်းမြောက်ဖို့ လိုပါတယ်။ မြတ်စွာဘုရားရဲ့ လက်သုံးတော်ကမ္မဋ္ဌာန်း။

ဘယ်မှာဟောသလဲဆိုတော့ ကုရုတိုင်း၊ ကမ္မာသဓမ္မရွာမှာ မြတ်စွာဘုရားက ရဟန်းတော်များကို အမိကထားပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။ ယခုအချိန်အခါမှာ ဆိုရင်တော့ အိန္ဒိယနိုင်ငံ၊ ဒေလီမြို့ ကေလာသအရှေ့အရပ်မှာ "မဟာသတိပဋ္ဌာန်သုတ္တန် ဒေသနာတော်မြတ်"။ တစ်နည်းအားဖြင့် ယခုအားထုတ်ကြမည့် နည်းလမ်းစည်းကမ်း

http://www.dhammadownload.com



ကမ္မဋ္ဌာန်းတရားကို မြတ်စွာဘုရား ဟောကြားတော် မူပါတယ်။ ဒါကြောင့် မိမိတို့အားထုတ်မယ့်တရားသည် ဘာတရားလဲ။ ဘယ်သူ့တရားလဲလို့ မေးရင် မြတ်စွာဘုရားရှင်ရဲ့ မဟာသတိပဋ္ဌာန်တရား။

အဲဒီ မဟာသတိပဋ္ဌာန်မှာလဲပဲ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မရှိတဲ့အထဲက ကာယ၊ ရုပ်အပေါင်း၊ နာမ်အပေါင်းတို့ကို အပိုင်းကြီး (၁၄)ပိုင်းပိုင်းပြီးတော့ ပေးထားတာထဲက အာနာပါနပဗ္ဗကထာခေါ်တဲ့ ပထမဆုံးအပိုင်း ပေးထားတဲ့ နည်းနာနိဿယအတိုင်း အာနာပါန ထွက်လေဝင်လေကို ရှုမှတ်တဲ့ကမ္မဋ္ဌာန်း။ ဒီကမ္မဋ္ဌာန်းကို အလောင်းတော် သိဒ္ဓတ္ထမင်းသားလေး ဘဝတုန်းက သုဒ္ဓေါဓနမင်းကြီး လယ်ထွန်မင်္ဂလာ ဆင်ယင်ကျင်းပနေတဲ့အခါ သပြေပင်ရိပ်ကလေးမှာ သားတော်ကလေးကို ထားပြီး လယ်ထွန်မင်္ဂလာ ကျင်းပတော်မူတယ်။

အဲဒီအချိန်အခါလေးမှာ အလောင်းတော်လေးဟာ ဘဝများစွာ သံသရာက အလေ့အကျင့်များတဲ့၊ ဟောဒီထွက်လေဝင်လေ ရှုမှတ်တဲ့ "အာနာပါန" ကမ္မဋ္ဌာန်းကိုပဲ အလောင်းတော်လေး ပွားများအားထုတ် ဈာန်သမာပတ်များရပြီး ကောင်းကင်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပါတယ်။ အထိန်းတော်များရဲ့ သံတော်ဦးတင်ချက်အရ ဝမ်းသာအားရ ခမည်းတော် သုဒ္ဓေါဒန ရောက်လာပြီး ဒုတိယအကြိမ် ဦးချကန်တော့ ခဲ့ပါတယ်။

ဒီလိုဆိုရင် ယခုအားထုတ်ရမယ့် ကမ္မဋ္ဌာန်းသည် ဘုန်းကြီးတို့ ဗုဒ္ဓဂေါတမ အလောင်းတော်လေးဘဝက အသုံးချခဲ့တဲ့ ကမ္မဋ္ဌာန်း၊ ဘဝများစွာသံသရာကလဲ ဒီကမ္မဋ္ဌာန်းကိုပဲ ဦးစားပေးပြီး အားထုတ် ခဲ့တယ်။ မဟာဗောဓိ အပရာဇိတ ပလ္လင်တော်မှာ ပု-ဒိ-အာ ခေါ်တဲ့ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာဉာဏ်(၈)ပါး ရရှိပြီးတော့ ဘုရားအဖြစ်သို့ ရောက်ရှိတော် မူတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၉၁)နှစ်က ပွင့်တော်မူတဲ့ ဂေါတမ ရှင်တော်ဗုဒ္ဓ၊ ဘယ်တရားအားထုတ်ပြီးတော့ ဘုရားအဖြစ် ရောက်ရှိတော် မူပါသလဲဆိုရင် ထွက်လေဝင်လေကို ရှုမှတ်ခြင်းခေါ်တဲ့ အာနာပါန ကမ္မဋ္ဌာန်း ရှုမှတ်ပြီးဘုရားဖြစ်တာ။ ဘုရားဖြစ်တာက ကာယဂတာသတိ

http://www.dhammadownload.com



စာရင်းဝင် အာနာပါနကမ္မဋ္ဌာန်းနဲ့ ဘုရားဖြစ်တာ။ ဘုရားအဖြစ်ကို ရောက်အောင် ပို့ဆောင်နိုင်တဲ့ ကမ္မဋ္ဌာန်းကို တို့တစ်တွေအားထုတ်ရမှာ ပါလားလို့ ဝမ်းမြောက်ကြရတယ်။

လွန်ခဲ့တဲ့နှစ် ၂၅၀၀ ကျော်က ပေးခဲ့တဲ့နည်းလမ်း လမ်းမပျောက် သေးဘူး။ နည်းမပျောက်သေးဘူး။ ကံကောင်းထောက်မလို့ ဘုန်းကြီး တို့တတွေ တွေ့ကြကြုံကြရတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀)ကျော်က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးဟာ မန္တလေးမြို့ ရတနာပုံနေပြည်တော်ရွှေနန်းတော် အတွင်းဝန်ကင်းဝန်မင်းကြီးရဲ့ အိမ်တော်ဝင်းအတွင်း ကြီးကျယ်ခမ်းနား ဆောက်လုပ်ထားတဲ့ မဏ္ဍပ် တော်မှာ (၃)ညဥ့်တိုင်တိုင် လာသမျှပရိသတ်များအား အကျယ်တဝင့် အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံကို ဟောကြားတော်မူခဲ့တယ်။

ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးက ဗုဒ္ဓဘုရားရဲ့နည်းနာနိဿယတွေပဲ ဟောတော်မူပါတယ်။ ဆရာတော် ဘုရားကြီးကတော့ အများနားလည်သဘောပေါက်အောင် ဖွင့်ဆိုတာ ပေါ့။ ဗုဒ္ဓဘုရား ဘုရားအဖြစ်သို့ရောက်အောင် ပို့ဆောင်နိုင်တဲ့ အာနာပါနကမ္မဋ္ဌာန်း။ မြတ်ဗုဒ္ဓသည် (၄၅)ဝါကာလပတ်လုံး သီတင်းသုံးပြီး နေတော်မူတဲ့အခါ အချိန်များများက ဒီကမ္မဋ္ဌာန်းနဲ့ပဲ လက်သုံးတော် ကမ္မဋ္ဌာန်းပြုပြီး နေတော်မူတယ်။ တစ်ခါတစ်ရံ မျက်မှောက်ချမ်းသာကို ရလိုသဖြင့် ဈာန်ဝင်စားလိုတယ်။ သမာပတ် ဝင်စားလိုတဲ့အခါ ဒီအာနာပါနကမ္မဋ္ဌာန်းကိုပဲ ရှုမှတ်ပွားများပြီးတော့ ဈာန်သမာပတ်များ ဝင်စားတော်မူတယ်။ ဒါကြောင့် မြတ်စွာဘုရားက သာသနာတော်ကို ရောက်သစ်စရဟန်းတော်တွေကို ကမ္မဋ္ဌာန်းပေးတဲ့ အခါမှာလဲ "သတိပဋ္ဌာန်လေးပါးသာ ပေးကြ"လို့ မိန့်တော်မူတယ်။

အဲဒီလို အာနာပါနကမ္မဋ္ဌာန်းအားထုတ်လို့ သောတာပန် ဖြစ်သွားကြပြီ။ အထက်မဂ်ကို မျှော်နေကြတဲ့ပုဂ္ဂိုလ်တို့အား ဘယ်ကမ္မဋ္ဌာန်း ပေးရမလဲဆိုတော့ မဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းပဲ

http://www.dhammadownload.com



ပေးရမှာပဲ။ အာနာပါန အစရှိတဲ့ မဟာသတိပဋ္ဌာန် အားထုတ်နည်းကိုပဲ ပေးရမှာပဲတဲ့။ ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက မဟာသတိပဋ္ဌာန် သုတ္တန်ဒေသနာတော်ထဲက ကာယာနုပဿနာ သတိပဋ္ဌာန်ကို ရွေးထုတ်ပြီး အာနာပါနထွက်လေဝင်လေကို ရှုမှတ်တဲ့သတိ၊ အဲဒီ သတိကြောင့် ရရှိတဲ့သမာဓိကို ရရှိအောင် အားထုတ်တဲ့ နည်းနာနိဿယ ကို လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀)ကျော်က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဖွင့်ဆိုပေးတော်မူခဲ့တယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)ကျော်က အနာဂါမ်ဆရာသက်ကြီးလို့ ထင်ရှားလတ့်ဖြစ်တဲ့ ဦးဘိုးသက် သောကညောင်စူးနေတဲ့အခါမှာ တရားတောင်းတယ်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဒီအာနာပါနကမ္မဋ္ဌာန်းကို ချီးမြှင့်တော်မူတယ်။ အဲဒီတော့ ယနေ့ အားထုတ်ကြရတဲ့ ကမ္မဋ္ဌာန်းသည် လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀) ပတ်ဝန်းကျင်ကပေါ့။ ကင်းဝန်မင်းကြီးအိမ်တော်မှာ (၃)ညဥ့် (၃)ရက် တိုင်တိုင် တရားပေးတော်မူခဲ့တဲ့ ကမ္မဋ္ဌာန်လို့ဆိုပြီးတော့ ဝမ်းမြောက်ကြရမယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)ကျော်ကတော့ ဆရာတော်ဘုရားကြီးက အနာဂါမ်ဆရာသက်ကြီးအား ဟောပြောပြသခဲ့တဲ့ နည်းနာနိဿယအတိုင်း တို့တတွေအားထုတ်ရမယ်ဆိုပြီးတော့လဲ ဝမ်းသာအားတက်ဖွယ် ဖြစ်ပါတယ်။ အနာဂါမ်ဆရာသက်ကြီးကမှတစ်ဆင့် ဒကာကြီး ဦးဘခင်၊ ဦးဂိုအင်ကာတို့က ဒီနည်းနိဿယနဲ့ပဲ နိုင်ငံပေါင်း (၆၀)ကျော် မှာ ဒီတရားအားထုတ်ဖို့ ဖြန့်ဝေပျံ့နှံ့နေကြပြီ။

ဘုန်းကြီးတို့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇/က)၊ မဟာမြိုင်မှတ်တိုင်အနီး လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှာလဲ လစဉ်လပြည့်နေ့တိုင်း တရားစခန်းများ ဖွင့်လာခဲ့တာလဲ (၇၅)ကြိမ်။ (၇၅)ကြိမ်အထိ လယ်တီဝိပဿနာ (၇)ရက် တရားစခန်းသို့ ဝင်ရောက်အားထုတ်ကြတဲ့ ယောဂီများကိုလဲ ဒီအာနာပါနကမ္မဋ္ဌာန်း အားထုတ်

http://www.dhammadownload.com



နည်းနဲ့ပဲ တရားပြခဲ့ပါတယ်။ ယနေ့ သကြွန်အခါကာလမှာလဲပဲ ဒီကမ္မဋ္ဌာန်းကိုပဲ အားထုတ်ရမှာပါပဲ။

စဉ်းစားကြည့်တဲ့အခါ မြတ်စွာဘုရား ဒီကမ္မဋ္ဌာန်းမပေးမီ ပထမ နေရာယူပုံကိုဟောတယ်။ ဣရိယာပုဒ်အနေအထားကို ဟောတယ်။ နေရာယူပုံလေးက (၃)ဌာန။ ဒီကမ္မဋ္ဌာန်း အားထုတ်တော့မယ်ဆိုရင် (၃)ဌာန တစ်နေရာရာကိုရွေးပါ။

| | | | |
|---|---|---|---|
| (၁) | အရည | = | တောရပ် တောစခန်းများ မြန်းနိုင်ရင်တော့ ပိုကောင်းတယ်။ |
| (၂) | ရုက္ခမူလ | = | သစ်ပင်ရင်း |
| (၃) | သုညာဂါရ | = | ဆိတ်ငြိမ်ရာအရပ် တရားအားထုတ်တဲ့အခါ ဆိတ်ငြိမ်ရာအရပ်က ပိုကောင်းတယ်။ |

ဒါပေမယ့် မြို့ပြပြည်ရွာဆိုတော့ လုံးဝဆိတ်ငြိမ်ဖို့ကတော့ မလွယ်ဘူး။ ဘုန်းကြီးတို့ လှည်းကူးမြို့က လယ်တီတောရ၊ ပဲခူး မဟာကြီးတို့ကတော့ ပိုပြီးတော့ဆိတ်ငြိမ်တယ်။ နေရာရွေးပြီးတော့ ဣရိယာပုထ် အထူးသဖြင့်တော့ ထိုင်ပြီးတော့ ရှုမှတ်ပွားများပုံနည်းကို ဘုရားပေးတော်မူပါတယ်။

လယ်တီဆရာတော်ဘုရားကြီးက ဣရိယာပုဒ်လေးပါးလုံး ရနိုင်တယ်လို့ အဆိုအမိန့်ရှိပါတယ်။ "သွား, ရပ်, ထိုင်, လျောင်း" ဣရိယာပုံလေးပါးလုံးမှာ အားထုတ်နိုင်တယ်လို့ဆိုတာ စမ်းသပ်ပြီး ကြည့်တဲ့အခါကျတော့ တစောင်းလေးအိပ်ရင်း ထွက်လေဝင်လေ ရှုမှတ်တာပိုအဆင်ပြေပါတယ်။ ထိုင်ရင်း, ရပ်ရင်း, သွားရင်း ရှုမှတ်လို့ရပါတယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက ကိုယ်တိုင်လက်တွေ့ မျက်တွေ့ ရှုကြည့်ပြီးမှ မိန့်တော်မူတာပါ။ မြတ်စွာဘုရားက ထိုင်ခြင်း ဣရိယာပုထ်ကို အဓိကထားပြီးမိန့်တယ်။ သို့သော် ထိုင်ခြင်း ဣရိယာပုထ်ကို အဓိက ထားပြီးတော့ အချို့ဒေသနာတော်တွေမှာ ထိုင်ပြီးတော့ အားထုတ်

http://www.dhammadownload.com



ရမယ်လို့ ဒီလိုဟောခဲ့တာ။ သွားပြီး, ရပ်ပြီး, အိပ်ပြီး အားမထုတ်ရဘူး လားဆိုတော့ မဟုတ်ပါဘူးတဲ့။ သွား, ရပ်, ထိုင်, လျောင်းဆိုတဲ့ ဣရိယာပုထ်တွေမှာလဲ အားထုတ်လို့ရပါတယ်။

မေတ္တာပွားတဲ့နေရာမျိုးမှာ-

**"တိဋ္ဌံစရံ နိသိန္နောဝ သယာနော၊ ယာဝတဿ ဝိတမိဒ္ဓေါ။**
**ဧတံ သတိံ အဓိဋ္ဌေယျ ဗြဟ္မမေတံ ဝိဟာရ မိဒမာဟု"**

လို့ မေတ္တာပွားတဲ့နေရာမှာ သွားရင်း၊ ရပ်ရင်း၊ ထိုင်ရင်း၊ လျောက်ရင်း မေတ္တာပွားလို့ရတယ်၊သွားရပ်ထိုင်လျောက် ဣရိယာပုထ်မျိုးစုံမှာ ပွားများလို့ ရတယ်။ နောက် အာဋ္ဌာနာဋိယသုတ်တော်မှာ-

**"ဝစသာ မနသာစေဝ၊ ဝန္ဒာမေတေတထာဂတေ**
**သယနေ အာသနေဋ္ဌာနေ၊ ဂမနေစာပိ သဗ္ဗဒါ"**

ဘုရားရှိခိုးတဲ့နည်းမှာလဲ သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုထ်အားလုံးနဲ့ ရှိခိုးလို့ရပါတယ်။ သာမန်အားဖြင့် ဆိုရင်တော့ ထိုင်ပြီးရှိခိုးမှ ဖြစ်တယ်လို့ လူအများက သိနေပါတယ်။ သို့သော်လဲ လျောင်းပြီးရှိခိုးတာ၊ သွားရင်း မော်တော်ကားစီးရင်း ရှိခိုးတာ၊ ရထားစီးရင်း၊ လေယာဉ်ပျံစီးရင်းနဲ့ ရှိခိုးတာ၊ အိပ်ရင်းနဲ့လဲ ရှိခိုးလို့လဲ ရပါတယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုထ်လေးပါးလုံးနဲ့ အားထုတ်လို့ရပါတယ်။ မိုးဗြဲမှာ ပဒေါင်လူမျိုးတွေက ရိပ်သာဆောက်ပြီးတော့ လျှုဒါန်းထားလို့ ဒီနေ့ကစပြီးတော့ လယ်တီဝိပဿနာ(၇)ရက် တရားစခန်းဖွင့်ပါတယ်။

သူတို့က ဒီတရားအားထုတ်နည်းကို သဘောကျတယ်။ ဘာကြောင့် သဘောကျသလဲဆိုတော့ ခြေချင်းတွေဝတ်ထားတော့ ခြေဆင်းပြီးအားထုတ်လို့ ရတယ်ဆိုလို့ သူတို့ကသဘောကျတာ။ ခြေမဆင်းပဲ ပုဆစ်တုပ်ရမယ်ဆိုရင်နည်းနည်းခက်တယ်။ ခြေဆင်းပြီး အားထုတ်လို့ ရသလား။ ရပါတယ်၊ တရားအားထုတ်ဖို့သာ အရေးကြီးပါတယ်လို့ ဆရာတော်ဘုရားကြီးရဲ့ အဆိုအမိန့်က ရှိနေတာကိုး။

http://www.dhammadownload.com



မြတ်စွာဘုရားက နေရာယူမှန်ပါစေတဲ့။ ဣရိယာပုထ် အနေအထား။ ပြီးတော့ အားထုတ်နည်း။ အားထုတ်နည်းမှာ ဒီကမ္မဋ္ဌာန်းကို စဉ်းစားပြီးကြည့်တော့ လူတိုင်း လူတိုင်း ထွက်လေလေးကစပြီး ဖြစ်ပေါ်လာခဲ့တာ။ တစ်ဘဝလုံး အပြီးသတ်တဲ့အခါလဲ ထွက်လေလေးနဲ့ အပြီးသတ်ပါတယ်။ ထွက်လေ ဝင်လေဆိုတာ တစ်ဘဝလုံး အသုံးချတယ်။ တစ်နေ့, တစ်နာရီနဲ့ ပြောကြရအောင်။ တစ်နာရီမှာ ထွက်လေ ဝင်လေ အကြိမ်ပေါင်း (၁၀၀၀)ပတ်ဝန်းကျင်မှာ ရှိပါတယ်။ တစ်နေ့ (၂၄)နာရီ ဆိုတော့ ထွက်လေဝင်လေ အကြိမ်ပေါင်း (၂၄၀၀၀)ခန့် ထုတ်ကြ၊ မှုတ်ကြရပါတယ်။

ထုတ်မှုတ်လာတဲ့ အကြိမ်ပေါင်းများလှပြီ။ အသက် (၃၀)ရှိတဲ့ လူတွေဆိုရင်လဲ ရေတွက်မြောက်စားလိုက်တဲ့အခါ သန်းချီပြီးတော့ ထွက်လေဝင်လေတွေ အသုံးချလာကြတာ ဘုန်းကြီးတို့ အသက်(၆၀)ရှိတဲ့ သူများတော့ မပြောနဲ့တော့။ အများကြီး အသုံးချလာကြတာ။ တစ်ဘဝ နောက်ဆုံးအချိန်ကလေးထိအောင် အသုံးချတဲ့ ထွက်လေဝင်လေ။ အဲဒါကို မြတ်စွာဘုရားက ကမ္မဋ္ဌာန်း အဖြစ်ပေးတာပဲ။ လွယ်လွယ်လေး ပေးတယ်။ ထွက်လေ နှာသီးဖျားက ကပ်ပြီးတော့မှတ်။ ဝင်လေ နှာသီးဖျားက ကပ်ပြီးတော့ မှတ်။ ဒီနှစ်မျိုးပဲ ထွက်လေဝင်လေ။ တစ်ရက်တာကာလ (၂၄)နာရီမှာ အကြိမ်ပေါင်း (၂၄၀၀၀)ခန့်လောက် အသုံးချနေတဲ့ ထွက်လေ၊ ဝင်လေ။ တစ်နာရီ (၁၀၀၀)နှုန်းနဲ့ (၉)နာရီဆို (၉၀၀၀)၊ တစ်ချိန်မှာ (၁၀၀၀) ဆိုတော့ (၁၀၀)လောက် မှတ်မိလိုက်တယ် ဆိုရင်လဲ မဆိုးဘူး။

ဒီထက်တိုးပြီး (၂၀၀)လောက်၊ (၃၀၀)လောက်၊ တစ်ချိန် တစ်ချိန်မှာ တစ်နာရီပတ်ဝန်းကျင် (၁၀၀၀)လောက် မှတ်မိရင်တော့ ထွက်လေဝင်လေမှာ ငြိမ်နေပြီ။ သမာဓိရနေပြီလို့ အကဲခတ်ရမှာပါပဲ။ အဲဒီတော့ သိန်းချီ၊ သန်းချီပြီး အသုံးချလာတဲ့ ထွက်လေ၊ ဝင်လေ။ မြတ်စွာဘုရားက ဒီလေလေးကို အသုံးချတတ်ဖို့ တရားပေးတာပါ။

http://www.dhammadownload.com



ထွက်လေ၊ ဝင်လေကို သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာ အသုံးချလာကြတာ။ ဘာမှ အကျိုးမရှိဘူးလို့ ထင်မှာပဲ။ တစ်နည်းအားဖြင့် အမြဲတစေ အသုံးချ နေကြတာဆိုတော့ ဘယ်လိုလုပ်ပြီးတော့ တရားအဖြစ် ရှုမှတ်မလဲ။ တရားအဖြစ်နဲ့ ထွက်လေဝင်လေကို မြတ်စွာဘုရားက ပေးတာ။ အင်မတန် လွယ်ကူပါတယ်။ ပွားများတဲ့နည်းက (၃၂)မျိုးလောက် ရှိပါတယ်။ သို့သော် ဘုန်းကြီးတို့တရားစခန်းမှာ "သတိမြဲရာ- ပထမာ၊ ဒုမှာ ရှည်တိုသိ၊ လုံးစုံလင်းရာ တတိယာ၊ စမှာ ငြိမ်းလေဘိ"ဆိုတဲ့ နည်းလမ်းလောက်ပဲ ပြပြီးတော့ သမာဓိရဖို့ ကြိုးစားကြမှာပါပဲ။ အခါတိုင်းတော့ (၇)ရက်စခန်းဆိုပေမဲ့ (၈)ရက်လောက်ထိအောင် ကြိုးစား အားထုတ်နိုင်ကြတယ်။

ဒီနှစ်တရားစခန်းကတော့ (၈)ရက်ထိအောင် ရောက်ဖို့ မလွယ်ဘူး။ ဘုန်းကြီးတို့ နှစ်ဆန်း (၂)ရက်နေ့မှာ သောကြာနေ့ဖြစ်တော့ အဲဒီနေ့မှာ သိမ်းကြရမှာဆိုတော့ အခါတိုင်းဆို (၄)ရက်ခွဲ။ ပြီးတော့မှ ဝိပဿနာ ကူးပါတယ်။ အခုတော့ (၂)ရက်ခွဲ၊ (၃)ရက်လောက် သမာဓိယူပြီးတော့ ဝိပဿနာကူးမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ တရားအားထုတ်တဲ့ နည်းလေးရသွားဖို့ပါပဲ။ အားထုတ်နည်းလေး ရသွားတဲ့အခါ နေရင်း၊ ထိုင်ရင်း အချိန်ရရင် ရသလို တရားနဲ့ နေတတ်သွားမှာပါပဲ။ တရားနဲ့နေတတ်သွားဖို့ပါပဲ။ တရားနဲ့ နေတတ်သွားရင် ဘဝလွတ်မြောက်ဖို့ လမ်းစတွေ့ပြီ။ ဒုဂ္ဂတိဘုံက လွတ်မြောက်ဖို့ လမ်းစတွေ့ပြီ။ ဉာဏ်အဆင့်ဆင့် ရနိုင်ပြီ။ ဒါကြောင့် ဒီအာနာပါန ကမ္မဋ္ဌာန်းကို **"ကြ္ဒံ သဗ္ဗကိစ္စသာဓကံ"** ဒီကမ္မဋ္ဌာန်းက အလုံးစုံပြီးစေနိုင်တယ်။

**"လောကိယ လောကုတ္တရ ဂုဏဒါယကံ"** လောကီဂုဏ်ကျေးဇူး လောကုတ္တရာဂုဏ်ကျေးဇူးကို ပေးစွမ်းနိုင်တယ်တဲ့။ ဣဒ္ဓိဝိဓ အဘိညာဉ် အစရှိတဲ့ လောကီကိစ္စတွေ၊ ဝိပဿနာဉာဏ်ကစ အထက် လောကုတ္တရာ ဂုဏ်ကျေးဇူးတွေကို ပေးစွမ်းနိုင်တယ်။ ဒါကြောင့်

http://www.dhammadownload.com



ဒီတရားကို အားထုတ်ကြည့်တဲ့အခါမှာ အားထုတ်တတ်ဖို့ဆိုတာလဲ သိပ်မခက်ဘူး။ အားမထုတ်ဖြစ်တာပဲ ခက်တယ်။ ဒီအာနာပါနဿတိ အစရှိတဲ့ ကာယဂတာ သတိကမ္မဋ္ဌာန်းဟာ အခုအချိန်အခါမျိုးမှာ ဘုရားကလဲ ပရိနိဗ္ဗာန် စံသွားပြီ။ အဂ္ဂသာဝကကြီးတွေ၊ မဟာသာဝက ကြီးတွေ ပရိနိဗ္ဗာန် စံကုန်ကြပြီဆိုတော့ ဒီကာယဂတာသတိမှာ ပါဝင်တဲ့ အာနာပါနကမ္မဋ္ဌာန်းလောက် မိတ်ကောင်းဆွေကောင်းဆိုတာ မရှိပါဘူး။ ဒါကြောင့် အရှင်အာနန္ဒာမထေရ်မြတ်က -

**"အပ္ပတီတ သဟာယဿ၊ အတီတဂတ သတ္ထုနော၊**

**နတ္ထိ ဧတာဒိသံ မိတ္တံ၊ ယထာ ကာယဂတာသတိ"။**

အပ္ပတီတ သဟာယဿ= အပေါင်းအဖော်မရှိသည်ဖြစ်၍၊ အတီတဂတသတ္ထုနော= ဆရာကင်းမဲ့နေသော ပုဂ္ဂိုလ်အား၊ ကာယဂတာ သတိယထာ= အာနာပါနစသော ကာယဂတာသတိကဲ့သို့၊ ဧတာဒိသံ= ဤသို့သဘောရှိသော၊ မိတ္တံ= ဆွေကောင်းမျိုးကောင်းသည်၊ နတ္ထိ= မရှိပါပေ။

အခုအချိန်အခါမှာ ဘုရားမြတ်စွာနဲ့ အဂ္ဂသာဝက၊ မဟာ သာဝကများဖြစ်ကြတဲ့ မိတ်ကောင်းဆွေကောင်း မရှိတော့ဘူး။ အဲဒီအချိန်မှာ အာနာပါန ထွက်လေဝင်လေကို ရှုမှတ်တဲ့သတိ၊ အဲဒီ သတိကြောင့် ရရှိတဲ့သမာဓိ၊ အဲဒီလို ကာယဂတာသတိနဲ့တူတဲ့ မိတ်ကောင်းဆွေကောင်း မရှိဘူးဆိုတဲ့အတိုင်း။ အခုယောဂီသူတော်စင် များဟာ မြတ်စွာဘုရား လွန်တော်မူတဲ့အချိန်၊ အဂ္ဂသာဝက၊ မဟာ သာဝကကြီးတွေ လွန်သွားတဲ့အချိန်မှာ ကာယဂတာသတိ ကမ္မဋ္ဌာန်း လောက် ဆက်ဆံသင့်၊ ပေါင်းသင်းသင့်၊ ဖက်တွယ်ပြီးတော့ ထားသင့်တဲ့ မိတ်ကောင်းဆွေကောင်းဆိုတာ မရှိဘူး။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီး မိန့်သလို ပါရမီရှိ၊ မရှိစမ်းသပ်ကြည့်ကြရအောင်။ ပါရမီရှိ၊ မရှိ သမထဘာဝနာ၊ ဝိပဿနာဘာဝနာနဲ့ စမ်းသပ်ကြည့်ကြရအောင်။

http://www.dhammadownload.com



သထမဘာဝနာ၊ ဝိပဿနာဘာဝနာ ပွားများချင်စိတ်ရှိတာကိုက အထိုက် အလျောက် ပါရမီရှိနေပါပြီ။ အားလုံး ယောဂီများလဲ သတိထားကြည့်။ တရားအားထုတ်ချင်စိတ်ဖြစ်ဖို့က မလွယ်ဘူး။ အင်မတန် တိုက်တိုက် တွန်းတွန်း လုပ်ကြရတာ။ တစ်ခါတစ်ရံ အမိ၊ အဘ၊ ဆွေမျိုး၊ ညီကိုမောင်နှမတွေကို တိုက်တိုက်တွန်းတွန်းလေး လုပ်နေကြရတာ။ ဒါနဲ့ပတ်သက်လို့ မကြာသေးခင်ကပဲ အမျိုးသမီးလေးတစ်ယောက်က သူ့ယောက္ခမရယ်၊ အမေရယ်၊ အဖေရယ် တရား အားထုတ်ခိုင်းတယ်။

နောက်ကျတော့ သူ့အိမ်သားကို ဘာပြောသလဲဆိုတော့ "ကြာပြီတဲ့ သူတို့ကို လုပ်ကျွေးနေရတာ၊ အဲဒီတော့ တရားလေးဝင်စမ်း ပါ"။ ဒီအထဲများပါသလားတော့ မသိဘူး။ သူတို့ကိုလုပ်ကျွေးနေရတာ ကြာပါပြီ။ အဲဒါတွေကို ခဏနားပြီးတော့ တရားစခန်းကို ဝင်ဖြစ်အောင် ဝင်ပါလို့ တိုက်တွန်းတယ်။ သူပြောတဲ့စကားလေး အင်မတန်ကောင်းပါ တယ်။ မကြာသေးခင်က အကြောင်းအရာတစ်ခုက ကိုကျော်စွာက သူ့ဖခင်ကြီး မကျန်းမာတဲ့အခါကျတော့ "တပည့်တော်ရဲ့ ဖခင်ကြီး နာတာရှည် ဖြစ်နေတယ်။ တရားနဲ့လဲ နေစေချင်လိုက်တာ၊ ဘယ်လိုများ လုပ်ရပါ့မလဲ၊ နောက်တော့ ရှေးကလဲ တရားအမြင်ရှိတဲ့ ပုဂ္ဂိုလ်ဖြစ် နေတော့ ဒီတရားခွေကိုပဲ အနာခိုင်းလိုက်တော့ ကွာ၊ ပေးလိုက်၊ ကွယ်လွန်ခါနီး (၃)ရက်လောက် တရားနဲ့နေသွားနိုင်တယ်။ ဒီလို မိဘကျေးဇူး ဆပ်ရတာ။ အမွန်ဆုံး အမြတ်ဆုံးပဲတဲ့။ အဲဒါနဲ့ပတ်သက်လို့ မြတ်စွာဘုရားက "မာတာပိတုသုတ္တန်"လို့ မြတ်စွာဘုရားဟောတယ်။

အဲဒီသုတ္တန်ရဲ့ အကျဉ်းချုပ်ကလေးက ဘာလဲဆိုတော့ လောကကြီးပုဂ္ဂိုလ်နှစ်ယောက်ဟာ ကျေးဇူးဆပ်လို့မကုန်ဘူးတဲ့။ ဘယ်ပုဂ္ဂိုလ်လဲဆိုတော့ "အမိ"၊ "အဖ"။ ဒါဖြင့် အမျိုးကောင်းသား တစ်ယောက်၊ အမျိုးသမီးတစ်ယောက်က သူ့မိဘတွေကို ကျေးဇူးဆပ် ချင်လွန်းလို့။ သူကလဲ အသက်တစ်ရာရှည်မယ်တဲ့။ မိဘတွေကလဲ အဲဒီအချိန်ထိအောင် ရှိနေတယ်။ အသက်(၁၀၀)ကာလပတ်လုံး

http://www.dhammadownload.com



ဘယ်ပခုံး, ညာပခုံးပေါ် မိဘများတင်ပြီးတော့ ရေပူရေအေးကစပြီး လိုလေသေးမရှိအောင် အပေ့ါ, အလေးကစွန့်ပါစေ။ အစစမငြိုမငြင် အသက်တစ်ရာပတ်လုံး ပြုစုလုပ်ကျွေးသော်လဲပဲ မိဘကျေးဇူးဟာ ဆပ်လို့မကုန်နိုင်ဘူးတဲ့။

ဘုန်းကြီးတို့ ယောဂီတွေ မိဘကျေးဇူးကျေအောင် ကျေးဇူးဆပ် ချင်ကြတယ်။ ကျေအောင် ကျေးဇူးဆပ်ချင်ရင် ဘယ်လိုဆပ်ရမလဲ။ ကျေးဇူးဆပ်နည်းလေး။ စောစောကပြောတဲ့ ကိုကျော်စွာကို ဘုန်းကြီးက ဒီလို ဟောခဲ့ပါတယ်။

- သီလမရှိတဲ့မိဘ သီလရှိအောင် ဆောင်ရွက်ပေးရင် ကျေးဇူးကျေတယ်။
- ရတနာသုံးပါးကို မယုံကြည်တဲ့ သဒ္ဓါတရားမဲ့တဲ့ မိဘတွေကို သဒ္ဓါတရားရှိအောင် ဆောင်ရွက်ပေးရင် ကျေးဇူး ကျေတယ်။
- စိတ်တွေဂယောက်ဂယက်နဲ့ တည်ကြည်ငြိမ်သက်မှုမရှိတဲ့ မိဘတွေကို တည်ကြည်ငြိမ်သက်မှုရှိအောင် ဆောင်ရွက် ပေးနိုင်ရင် ကျေးဇူးကျေတယ်။
- ရုပ်တရား, နာမ်တရားတွေမသိတဲ့ မိဘတွေကို ဝိပဿနာ ဘာဝနာဖြင့် ရုပ်တရား, နာမ်တရားသိအောင် ဆောင်ရွက် ပေးနိုင်ရင် ရုပ်တရား, နာမ်တရားတွေ မြင်အောင် ထင်အောင် အားထုတ်ဖြစ်အောင် တိုက်တွန်းပေးလိုက်လို့ အားထုတ်ဖြစ်သွားမယ်။ မြင်ထင်သွားမယ်ဆိုရင် ကျေးဇူး ကျေတယ်။

ဒါဟာ မိဘများကို ကျေးဇူးဆပ်နည်းပဲ။ အဲဒီ ကျေးဇူးဆပ် နည်းဟာ အင်မတန်ကောင်းမွန်ပါတယ်။ မြတ်စွာဘုရားက ဒီနည်းနဲ့ ကျေးဇူးဆပ်ရင် ကျေတယ်တဲ့။ ယခု ဘာဝနာတရားကြိုးစား ပွားများ အားထုတ်ကြမယ်။ ယောဂီသူတော်စင်များဟာ ဘုန်းကြီးတို့ဖွင့်တဲ့

http://www.dhammadownload.com



လယ်တီဝိပဿနာ (၇)ရက်တရားစခန်းတွေမှာ သတိတရနဲ့လာရောက်နေကြတာ အလွန်များပါတယ်။ ဝမ်းသာပါတယ်။ မြတ်စွာဘုရားက သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို လမ်းစဉ်ထားခဲ့တာ။ အဲဒီ မြတ်စွာဘုရားထားတော်မူခဲ့တဲ့ သီလ, သမာဓိ, ပညာ လမ်းစဉ်အပေါ်မှာ အာရုံစိုက်ပြီး ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်သူတွေများရင် သာသနာတော်ကြီး စည်ပင်ပြန့်ပွားနေတာပါပဲ။

**“သာသနာတော်ကြီး ကြီးပွားစည်ပင် ပြန့်ပွားတယ်ဆိုတာ သီလအားဖြင့် ကြီးပွား၊ သမာဓိအားဖြင့် စည်ပင်၊ ပညာအားဖြင့် ပြန့်ပြောတာကို သာသနာတော် ကြီးပွား, စည်ပင်, ပြန့်ပြောတယ်**”လို့ ဆိုရပါတယ်။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ များများရှိပါစေ။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အမြင်ထူး, အသိထူးများ မြင်နိုင်, သိနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။ ဒါကြောင့် ရှေးဆရာတော်ကြီးများက “တရားမကျင့် လိုလိုရင့်ဟု မသင့်ယူမှား ဆောက်တည်ငြားက လေးပါးပါယ်ဘုံ သွားဖုံဖုံတည့်”။ တရားမကျင့်ပဲနဲ့ ပါရမီတွေ အလိုလိုရင့်ပါတယ်လို့ အယူမှားသွားလို့ရှိရင် အပါယ်လေးပါး ရောက်နိုင်တယ်တဲ့။

**“လူနတ်ချမ်းသာ ဘဝကြာလဲ**
**တဏှာဆင့်၍ ရှည်မြင့်ကြာညောင်း**
**ဝဲခနောင်းမှ တပြောင်းပြန်ပြန်**
**ညာမဆန်ပဲ နိဗ္ဗာန်လွဲဘိ**
**သုဂတိမျှ မသိတတ်စွာ**
**ပါယ်လေးရွာဝယ် ဖီလာအမြဲ**
**လူနတ်ပွဲနှင့် ချွတ်လွဲချော်ရမည်တကား**”။

“သီလ၊ သမာဓိ၊ ပညာ” ကျင့်စဉ်ကတရားတွေကို မကျင့်ပဲနဲ့ ပါရမီရင့်တယ်လို့ ဒီလိုမရှိပါဘူး။ အဲဒီလို အားထုတ်ခဲ့ရင်တော့ “မြုံခဲ့ချမ်းသာ” ပါရမီမရင့်ပဲ ချမ်းသာတွေ မြုံပြီးတော့ ဘဝမရင့်ပဲ

http://www.dhammadownload.com



တဏှာတွေဆင့်ပြီးတော့ သုဂတိတွေနဲ့ဝေးပြီး အပါယ်လေးရွာမှာပဲ တွဲပြီးတော့နေရလိမ့်မယ်လို့ ရှေးဆရာတော်ကြီးတွေက **ဆုံးမစကား** ရှိတယ်။ **ဆုံးမစကားရှိတဲ့အတိုင်း** လယ်တီဝိပဿနာ (၇)ရက် တရားစခန်းသို့ ဝင်ရောက်ပြီး ကျင့်ကြံအားထုတ်ကြမည့် သူတော်စင်များ မိမိတို့ကိုယ်အား, ဉာဏ်အားထုတ်ပြီးတော့ ပထမပိုင်းမှာ သမထကမ္မဋ္ဌာန်း အားထုတ်ရပါလိမ့်မယ်။ **"သမထကမ္မဋ္ဌာန်းမှာတော့ ဝီရိယနဲ့ သတိက ပြဋ္ဌာန်းပါတယ်"**။

ဝိပဿနာကမ္မဋ္ဌာန်းကျတော့ **"ဉာဏ်ပညာ"**က ပြဋ္ဌာန်းပါတယ်။ သတိ, ဝီရိယ, ဉာဏ်ပညာတို့ဟာ မိမိသန္တာန်မှာ ရှိနေသော်လဲပဲထုတ်ယူမှ သာလျှင် ရရှိနိုင်ပါတယ်။ "တရားအားထုတ်တယ်"ဆိုတာ တရားအားကို ထုတ်ယူတာ။ မိမိမှာရှိတဲ့ အားကိုထုတ်ယူရတာပါ။ အစက တရားထင်ထင်ရှားရှား ရှိနေတာမဟုတ်ဘူး။ မိမိကလူ့ဘဝကြီး ရရှိလာတော့ ထိုက်တန်သလောက် ပါရမီရှိတယ်။ ပါရမီဓာတ်ခံကတော့ ရှိနေတာပဲ။ သို့သော် တရားအားကို ထုတ်ယူမှရပါတယ်။

ပဋိပတ္တိယာ= ချမ်းသာလိုလား အမျိုးသားတို့ ကြိုးစားကျင့်အပ် ပဋိပတ်လမ်းစဉ်ဖြင့်၊ လဒ္ဓဗ္ဗရဿာဒံ= ရအပ်မှန်စွာ သာယာဖွယ်တောင်း အကောင်းဆုံးအရသာကို၊ ဝန္ဒိတုံ= မကြုံစဖူး အလွန်ထူးသဖြင့် ကြည်နူး ပီတိ ဂွမ်းဆီထိသို့ ရရှိခံစားခြင်းငှါ၊ ပဒဟေ= ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဟု နှစ်နှစ်ကာကာ ကြိုးစားရာသတည်း။

မိမိတို့ရဲ့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးဖြင့်ရမည့် ချမ်းသာများဟာ တစ်ဘဝလုံး တစ်သံသရာလုံးက မတွေ့မကြုံဖူးတဲ့ ချမ်းသာမျိုး၊ အဲဒီချမ်းသာမျိုးကို ရရှိဖို့ရာအတွက် တကယ်ဖြစ်တယ်ဆိုပြီးတော့ ကြိုးစားသင့်ပါတယ်။

နောစေ= သဒ္ဓါမသန်လှ ဆန္ဒဆုတ်၍ အားမထုတ်ခဲ့ပါလျှင်၊ အကယ်၍ ယုံကြည်မှုလဲ အားနည်းတယ်။ ဆန္ဒဆုတ်ယုတ်လို့ အားထုတ်ခဲ့ပါလျှင်၊ ဇိနသာသနံ= ဂုဏ်ရည်သေတ္တု အနှစ်စုသည့် တုမဲ့ထူးစွာ

http://www.dhammadownload.com



ဘုရားမြတ်သာသနာတော်ကြီးသည်၊ တေး အခါကောင်းလင့် အခွင့်ကြုံလာ သင့်တွက်တာမှာ၊ ကွတ္တော အဘာယ်အကျိုးပါအံ့နည်း။

သဒ္ဓါတရားမသန် ဆန္ဒဆုတ်ယုတ် အားမထုတ်ခဲ့ပါလျှင် တွေ့ခဲ့၊ ကြုံခဲ့တဲ့ ဘုရားမြတ်စွာသာသနာတော်ကြီးနဲ့ တွေ့ရကျိုးမနပ်ဘူးတဲ့။ ယနေ့ ယောဂီသူတော်စင်များ သတိတရ (၇)ရက်တာကာလ ကြိုးစားမယ်လို့ မြတ်စွာဘုရားရဲ့ သာသနာတော်ကြီး မပျောက်သေးခင် လူရယ်လို့ လာဖြစ်ကြပြီးတော့ အခွင့်ကောင်းတော့ ယူကြရမှာပဲ။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်သလို -

- **ခွင့်သာဆဲမှ မခဲချင်လျှင် အလွဲနင့်ပြင် ရှိသေးလေလိမ့်လား။**
- **ခွင့်သာတုန်းမှ မရုံးချင်လျှင် အရှုံးနင့်ပြင် ရှိသေးလိမ့်လား။**
- **ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင် အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား။**

အဲဒီလို ဆုံးမထားတော်မူတဲ့အတိုင်း မိမိတို့ဟာ အခွင့်သာဆဲလေး အားခဲမယ်။ အခွင့်သာတုံးလေး ရုန်းမယ်၊ အခွင့်သာခိုက်မှာ လိုက်မယ်လို့ဆိုပြီး မိမိတို့ရဲ့ကိုယ်အား, ဉာဏ်အားကို အားထုတ်ကြိုးစားပြီးတော့ တရားအမြင်ရှင်သန်ကြီးထွား မြန်မြန်ကြီးပေါက်နိုင်ကြပါစေလို့ ဆုတောင်းပတ္တနာပြုရင်း ဘုန်းကြီးရဲ့တရားစကား နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဖွင့်ပွဲ

ယနေ့ ၁၃၆၄ ခု၊ တန်ခူးလဆန်း (၁၁)ရက်နေ့ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်းစာသင်တိုက်၊ သုကုမာရမဂ္ဂ ဒီပနီ သုံးထပ်ကျောင်းဆောင်တွင် လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပဥ္စမအကြိမ်မြောက် သင်္ကြန်အခါ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ ကျေးဇူးတော်ရှင် လယ်တီ ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်ကိုယ်တော်တိုင် ဖွင့်ပွဲအခမ်းအနား သြဝါဒတရား ချီးမြှင့်တော်မူပြီးနောက်-

**ဖွင့်ပွဲဒုတိယပိုင်းအစီအစဉ်**
**အခမ်းအနားမှူး - ဓမ္မာစရိယ ဦးသန်းခင်**

**အစီအစဉ်(၁)အရ**

သံဃာတော် အရှင်မြတ်များနှင့် ယောဂီများ လိုက်နာရမည့် စည်းကမ်းများကို လယ်တီကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ငါးထပ်ကြီး ပြဿဒ်ကျောင်းဆရာတော် အရှင်တေဇနိယမှ ညွှန်ကြားပေးတော်မူရန် ရှိသေစွာ လျှောက်ထားပါသည်ဘုရား။

ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်းကို ဝင်ရောက်ပြီး လယ်တီဝိပဿနာ ကျင့်စဉ်များကို ကျင့်ကြံပွားများ အားထုတ်ကြတဲ့ ယောဂီသူတော်စင်များ (၇)ရက်တာ ကာလအတွင်းမှာ လိုက်နာရမယ့် စည်းကမ်း လေးတွေ မိမိတို့ ကြိုတင်ပြီးတော့ သိရှိထားရအောင် ပြောပါမယ်။

စည်းကမ်းဆိုတာ လူ၏တန်ဖိုးပါပဲ။ စည်းကမ်းရှိမှ လူဟာ တန်ဖိုးတက်တယ်တဲ့။ စည်းကမ်းရှိမှ လူဟာ တိုးတက်ပါတယ်။ မျက်မှောက်ခေတ်ကာလပဲ ကြည့်ကြပါစို့။ မြတ်စွာဘုရားရှင်ရဲ့ သာသနာ တော်မြတ်ကြီး နေရောင်၊ လရောင်ပမာ ထွန်းလင်းပြောင်၍ အဓွန့်

http://www.dhammadownload.com



ရှည်စွာ တည်တန့်ခိုင်မြဲနေခြင်းဟာ မြတ်စွာဘုရားရှင် ချမှတ်ထားခဲ့တဲ့ ဝိနည်းစည်းကမ်းတွေ လိုက်နာကျင့်သုံးနေကြလို့ သာသနာတော်မြတ်ကြီးဟာ ကြီးပွားတယ်၊ စည်ပင်တယ်၊ ပြန့်ပြောတယ်။ ဒါကြောင့် "စည်းကမ်းသည် လူ၏တန်ဖိုး"။ စည်းကမ်းရှိမှ လူဟာ တန်ဖိုးတက်ပါတယ်။

မိမိတို့အိမ် မိသားစုအတွင်းမှာလဲ စည်းကမ်းကလေးတွေ သားသမီး၊ မိသားစု လိုက်နာအောင် ထားရှိမယ်ဆိုရင် အဲဒီအိမ်ဟာ တိုးတက်ပါတယ်။ ရုံးမှာလဲ ရုံးစည်းကမ်း၊ စစ်တပ်မှာလဲ စစ်စည်းကမ်း အသီးသီးချမှတ်ပြီး လိုက်နာကျင့်သုံးတဲ့ အဖွဲ့အစည်းဟာ တိုးတက်တယ်၊ ပြန့်ပြောတယ်၊ စည်ပင်တယ်။ အဲဒီတော့ မိမိတို့လယ်တီဝိပဿနာ သကြံ်အထူးတရားစခန်းသို့ ဝင်ရောက်ပြီး တရား အားထုတ်ကြတာဆိုတော့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းက ချမှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာကြဖို့ ကျင့်သုံးကြဖို့ လိုအပ်ပါတယ်။

**စကားလုံးဝ မပြောရ**

ဆိုကြပါစို့။ စကားမပြောဖို့က သိပ်အရေးကြီးပါတယ်။ "စကားပြောရင် တရားလျှောတယ်"တဲ့။ (၇)ရက်အတွင်းလေးမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် အသိမိတ်ဆွေတွေဖြစ်ပြီး စကားတွေဖောင်ဖွဲ့ပြီး ပြောနေကြမယ်ဆိုရင် တရားမရနိုင်ဘူးတဲ့။ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး စကားပြောနေမယ်ဆိုရင် အဲဒီအသံဟာ ဆူးညောင့်ပါပဲ။ အသံဟာ တရားမရနိုင်အောင် တားတဲ့ ဆူးညောင့်ပါ။ ဒါကြောင့် စကားပြောခြင်းကို အထူးရှောင်ရှားကြပါ။ မိမိတို့ မဖြစ်မနေ တရားသဘောအရ ဆွေးနွေးချင်တယ် ဆိုရင် ဆရာသမားတွေထံ အသီးသီး လာရောက်ပြီး ဆွေးနွေးနိုင်တယ်။ မသိတာရှိရင်၊ မရှင်းတာရှိရင် မိမိကျင့်သုံးနေတဲ့ တရားဟာ ဟုတ်မှ ဟုတ်ပါ့မလားလို့ဆိုတဲ့သံသယပျောက်သွားအောင်ဒီလိုလာရောက်ဆွေးနွေးနိုင်

http://www.dhammadownload.com



ပါတယ်။

စကားမပြောရဘူးဆိုတော့ မိမိတို့ဟာ ဝဇီပိတ်ကျင့်နေကြရတာလား။ မဟုတ်ပါဘူး။ စကားပြောခြင်းသည် တရားရဲ့ အနှောင့်အယှက်ဖြစ်တဲ့အတွက်ကြောင့် အတတ်နိုင်ဆုံး မပြောဖို့ပါပဲ။ ဒါကြောင့် စကားပြောခြင်းမှ ရှောင်ရှားပါ။ ချမှတ်ထားတဲ့ စည်းကမ်းများကို လိုက်နာကြမယ်ဆိုရင် (၇)ရက်အတွင်းမှာပဲ တရားထူး, တရားမြတ်များ ရရှိခံစားရမှာ ဖြစ်ပါတယ်။ တရားဆိုတာကတော့ နိဗ္ဗာန်ရောက် ကြောင်း တရားတွေချည်းပါပဲ။ စခန်းတွေဆိုတာလဲ မြောက်များစွာ ကျင့်စဉ်တွေ အများကြီးပါ။ အဲဒီစခန်းတွေကို သွားရောက်ကျင့်ကြံ အားထုတ်ဖူး ကြမှာပါ။ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းကို လာရောက် အားထုတ်ကြတယ်ဆိုရင် လယ်တီကျင့်စဉ်အတိုင်း ပေးတဲ့တရားကို အားထုတ်ကြဖို့ပါပဲ။ ဒီစခန်းမှာ အခြားနည်းစနစ်တွေနဲ့ အားထုတ်နေရင် ရှုပ်ထွေးသွားနိုင် ပါတယ်။ ဒါကြောင့် လယ်တီကချမှတ်တဲ့ ကျင့်စဉ် အတိုင်း အားထုတ်ကြဖို့။ အခြားတရားစခန်းက နည်းတွေမှားလို့လား မဟုတ်ပါဘူး။ ဘုရားဟောတွေချည်းပါပဲ။ မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြမည့် နည်းတွေပါပဲ။ အတွေ့အကြုံခြင်းတော့ မတူကြပါဘူး။

ဥပမာ- ရန်ကုန်ကနေ မန္တလေးသွားတဲ့အခါ လေယာဉ်နဲ့သွားလဲ ရောက်တာပါပဲ။ ရထားနဲ့သွားလဲ ရောက်တာပါပဲ။ မော်တော်ကားနဲ့ သွားလဲ ရောက်တာပါပဲ။ သင်္ဘောနဲ့သွားလဲ ရောက်တာပါပဲ။ ဒါပေမဲ့ လမ်းခရီးမှာ တွေ့ကြတဲ့ အတွေ့အကြုံခြင်းတော့ မတူနိုင်ပါဘူး။ ခြားနား ကြပါတယ်။ သို့သော် မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်တွေကို ကျင့်ကြံအားထုတ်မယ်ဆိုရင် မဂ်ဖိုလ် နိဗ္ဗာန်ရကြမှာပါပဲ။ မိမိတို့ ဒီတရားစခန်းက ချမှတ်ထားတဲ့ တရားနည်းလမ်းအတိုင်း ကျင့်ကြံကြပါ၊ အားထုတ်ကြပါ၊ နည်းနာနိဿယတွေ မရောပါစေနဲ့။ လှေနံနှစ်ဖက် မနင်းပါနဲ့၊ လှေနံနှစ်ဖက်နင်းရင် ဒုက္ခရောက်တတ်တယ်။ လှေစီးပြီး ဟိုဘက်ကမ်းကို ကူးတဲ့အခါ မိမိစီးတဲ့ လှေပေါ်မှာပဲ ငြိမ်ငြိမ်သက်သက်

http://www.dhammadownload.com



စီးပြီး ဟိုဘက်ကမ်းကို ကူးပါ။

လယ်တီနည်းလမ်းအတိုင်း အားထုတ်ကြစေလိုပါတယ်။ လှေနံနှစ်ဖက်နင်းရင် ဒုက္ခရောက်တတ်ပါတယ်။ ဒါကြောင့် "သူ့ကျောင်းရောက် သူ့စာအံ"။ "ရောမရောက်ရင် ရောမလိုကျင့်ပါ"။ (၇)ရက်တရားစခန်း ကျင့်သုံးပြီးလို့ အိမ်ပြန်ကြတဲ့အခါ မိမိကြိုက်နှစ်သက်တဲ့ တရားနည်းလမ်းအတိုင်း ကျင့်နိုင်ပါတယ်။ ယခုအချိန်ကစပြီး လယ်တီတရားနည်းလမ်းအတိုင်း ကျင့်သုံးကြပါ၊ အားထုတ်ကြပါ။ မိမိတို့ဟာမနက် (၄)နာရီ ကြေးစည်တီးတဲ့အခါ အိပ်ယာက ထကြရမှာ ဖြစ်ပါတယ်။ (၄)နာရီခွဲ တစ်ချိန်ပြန်ခေါက်ရင် တရားထိုင်ကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အချိန်သည် လူ့ရဲ့တန်ဖိုး၊ စည်းကမ်းသည် လူ့ရဲ့တန်ဖိုး၊ စည်းကမ်းရှိဖို့ အသီးအသီး လိုက်နာကြပါ။

နံနက်ခင်း (၄)နာရီ ကြေးစည်ခေါက်မယ်ဆိုရင် မိမိတို့က (၃)နာရီလောက်က အိပ်ရာကနိုးနေရင်လဲ မိမိတို့အိပ်ရာမှာ ငြိမ်ငြိမ်လေးနေပေးကြပါ။ အိပ်မပျော်ဘူးဆိုပြီး တလှုပ်လှုပ် တရှားရှားဖြစ်နေရင် အခြားယောဂီတွေ နှောင့်ယှက်ရာကျပါတယ်။

**"မိမိကြောင့် သူတစ်ပါး အနှောင့်အယှက်မဖြစ်ပါစေနဲ့"**။

တစ်ချို့ပုဂ္ဂိုလ်များ စောစောစီးစီးထပြီး ဘုရားရှိခိုးတတ်ကြပါတယ်။ တစ်ချို့ အသံတွေထွက်ပြီး ရှိခိုးတတ်ကြတယ်။ အသံထွက်ရှိမခိုးကြပါနဲ့။ ကုသိုလ်တရား ပိတ်ပင်တာမဟုတ်ပါဘူး။ မိမိတို့တရားတစ်ကြိမ်အားထုတ်ရင် အစတစ်ကြိမ်၊ တရားဖြုတ်တဲ့အခါ တစ်ကြိမ်၊ တစ်နေ့ (၉)ကြိမ်ဆိုရင် အကြိမ် (၁၈)ပရိကံ ပြုကြရပါမယ်။ အဲဒီ ပရိကံမှာ "ဘုရား, တရား, သံဃာ, မိဘ, ဆရာ" အနန္တောအနန္တငါးပါး ရှိခိုးတာ ပါဝင်နေပါတယ်။ နောက် (၃၁)ဘုံမှာရှိကြတဲ့ပုဂ္ဂိုလ်တွေ မေတ္တာပို့ကြတယ်။ မြင်အပ်, မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ကြရမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ပရိက်ကိစ္စဟာ တရားမရှုမှတ်မီတစ်ကြိမ်၊ တရားရှုမှတ်ပြီး တစ်ကြိမ်၊ အရုဏ်ဆွမ်း, နေ့ဆွမ်း စားတဲ့အခါမှာရော၊ တစ်နေ့ ဘုရားရှိခိုးတာ အကြိမ်များစွာ ရှိခိုးကြပါတယ်။ ဘုရားရှိခိုးများ ပရိက်ကိစ္စမှာ ပါဝင်နေတဲ့အတွက် မိမိတို့နေရာမှာ အသံထွက်ပြီး ဘုရားရှိခိုးမှု မပြုလုပ်ကြဖို့။ မိမိတို့ဟာ တရားရချင်လို့ တရားလာအားထုတ်ကြတာ ဖြစ်လို့ တရားနည်းလမ်းမဟုတ်တဲ့ စကားပိုများကို ရှောင်ကြပါ။ စိတ်အပိုများ ရှောင်ကြပါ။

- **စာရေးခြင်း၊ စာဖတ်ခြင်းကို ရှောင်ပါ။**
- **ဆေးလိပ်၊ ကွမ်းစားခြင်းကို ရှောင်ပါ။**
- **ဒီရိပ်သာရဲ့အပြင်ဘက်ကို မထွက်ကြရပါ။**

ယခု ညွှန်ပြတဲ့ လယ်တီရိပ်သာရဲ့ စည်းကမ်းများကို လိုက်နာကြပြီး မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားများ ရရှိနိုင်ကြပါစေ။

## အစီအစဉ်အရ မြတ်စွာဘုရားထံသို့ ရုပ်နာမ်(၂)ပါး အပ်နှင်းလှူဒါန်းတဲ့အစီအစဉ်ပါ

ဒီအစီအစဉ်ကို လယ်တီကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ အရှင်ကောသလမှ ဆောင်ရွက်ပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားပါသည်ဘုရား။ သံဃာတော်အရှင်မြတ်များနှင့် ယောဂီအပေါင်းသူတော်ကောင်းတို့ မိမိတို့ရဲ့ ရုပ်နာမ်နှစ်ပါးကို မြတ်စွာဘုရားထံမှာ အပ်နှင်းရမှာဖြစ်တယ်။ ဘာကြောင့် မိမိတို့ရဲ့ ရုပ်နာမ် (၂)ပါးကို အပ်နှင်းရတာလဲဆိုရင် သံဃာတော်အရှင်မြတ်များနှင့် ယောဂီသူတော်စင် အပေါင်းတို့ဟာ မိမိတို့လုပ်ကိုင်နေကျမဟုတ်တဲ့ ဝိပဿနာကမ္မဋ္ဌာန်းတရားကို အားထုတ်မှာဖြစ်တယ်။ အဲဒီလို ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်တဲ့အခါမှာ နေ့စဉ်နေ့တိုင်း သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ အချိန်ကုန်နေကြတဲ့အတွက် စိတ်တွေပြန့်လွင့်နေတယ်။



67(B)

http://www.dhammadownload.com



ပြန်လွင့်နေတဲ့အခါ မိမိတို့ခန္ဓာကိုယ်က ဖောက်ပြန်မှုသဘော တရားတွေကို မေ့ပျောက်နေတယ်။ ဝိပဿနာရှုလိုက်တဲ့အခါ ခန္ဓာကိုယ်က ဖောက်ပြန်မှုသဘောတရားတွေ ပေါ်လာမှာဖြစ်တယ်။ ဖောက်ပြန်မှုသဘောတရားတွေ ပေါ်လာတဲ့အခါ ငါ့ရဲ့ခန္ဓာကိုယ်ပဲ၊ ငါ့ရဲ့ရုပ်နာမ်ပဲလို့ စွဲမှတ်ထားလို့ရှိရင် ယောဂီအပေါင်းသူတော်ကောင်း တွေဟာ အရိုးကျေကျေ အရေခန်းခန်း အားထုတ်နိုင်မှာ မဟုတ်ပါဘူး။ ယောဂီအပေါင်း သူတော်ကောင်းတို့ အရိုးကျေကျေ အရေခန်းခန်း အားထုတ်နိုင်အောင် ဘုရားထံမှာ အပ်နှင်းရခြင်း ဖြစ်တယ်။ အားလုံး လိုက်ဆိုပေးကြပါ။

**ဗုဒ္ဓါနံ ဘန္တေ ဩဝါဒါယ ဇီဝိတံ မေ ပရိစ္စဇာမိ။**
**ဒုတိယမ္ပိ ဗုဒ္ဓါနံ ဘန္တေ ဩဝါဒါယ ဇီဝိတံ မေ ပရိစ္စဇာမိ။**
**တတိယမ္ပိ ဗုဒ္ဓါနံ ဘန္တေ ဩဝါဒါယ ဇီဝိတံ မေ ပရိစ္စဇာမိ။**

ဘန္တေ= ရှင်တော်မြတ်ဘုရား၊ အဟံ= ဘုရားတပည့်တော်သည်၊ ဗုဒ္ဓါနံ= သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့အား၊ ဩဝါဒါယ= မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ကမ္မဋ္ဌာန်းဝင် သူတို့ကဲ့သို့ ဆိုဆုံးမခြင်းငှါ၊ မေ= တပည့်တော်၏၊ ဇီဝိတံ= ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေကို၊ ပရိစ္စဇာမိ= စွန့်လွှတ်လှူဒါန်းပါ၏ အရှင်ဘုရား။

**အစီအစဉ်အရ— မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတောင်းခံခြင်း အစီအစဉ်ပါ**

ဒီအစီအစဉ်ကိုလဲ အရှင်ကောသလမှ ဆောင်ရွက်ပေးတော်မူ ပါရန် လေးစားစွာ လျှောက်ထားပါတယ်ဘုရား။ "မြတ်စွာဘုရားထံ ရုပ်နာမ်နှစ်ပါး အပ်နှင်းပြီးတဲ့နောက်မှာ မြတ်စွာဘုရားထံက သမထ ကမ္မဋ္ဌာန်း တောင်းခံရမှာဖြစ်တယ်။ လိုက်ဆိုကြပါ"။

**အဟံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောနတ္ထာယ**
**သမထကမ္မဋ္ဌာနံ ယာစာမိ။**



68(A)

http://www.dhammadownload.com



**ဒုတိယမ္ပိ အဟံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောနတ္ထာယ သမထကမ္မဋ္ဌာနံ ယာစာမိ။**
**တတိယမ္ပိ အဟံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောနတ္ထာယ သမထကမ္မဋ္ဌာနံ ယာစာမိ။**

ဘန္တေ= ရှင်တော်မြတ်ဘုရား၊ အဟံ= တပည့်တော်သည်၊ သံသာရဝဋ္ဋဒုက္ခတော= သံသရာတည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ၊ မောစနတ္ထာယ= ထွက်မြောက်ပါခြင်းအကျိုးငှါ၊ သမထကမ္မဋ္ဌာနံ= သမထကမ္မဋ္ဌာန်းကို၊ ယာစာမိ= တောင်းခံလျှောက်ထားပါ၏ အရှင်ဘုရား။

**အစီအစဉ်အရ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးအား ကန်တော့တဲ့အစီအစဉ်**

ဒီအစီအစဉ်ကို လယ်တီကမ္မဋ္ဌာနာစရိယ သာသနာဇောတိကမ္မာစရိယ ဆရာကြီးဦးသန်းခင်က ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော်ရေးသားပြီး မြန်မာမှ ကမ္ဘာသို့တိုင်အောင် ဝိဇ္ဇာဓာတ် အလင်းရောင်၊ ပရိယတ်၊ ပဋိပတ် အလင်းရောင်များ ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်အပေါင်းကို အာရုံပြုပြီး ကန်တော့ကြပါစို့ လိုက်ဆိုတော်မူကြပါ။

**သံဃာ့ဂုဏော, အနန္တောဟု, ကျော်ဇောထင်ရှား,**
**များပြားစုံညီ, ဂုဏ်ပေါင်းတည်သည့်, လယ်တီမဟာ,**
**ထေရ်ဆရာကို, ဝန္ဒနာရိုးကျိုး, လက်စုံမိုးကာ,**
**ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။**

http://www.dhammadownload.com



**အစီအစဉ်အရ– ဘုရားနည်းတူ ဆရာများသို့ ရုပ်နာမ်နှစ်ပါး အပ်နှင်းတဲ့အစီအစဉ်ပါ**

ဒီအစီအစဉ်ကို လယ်တီကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ဗဟန်း (၁)လမ်း၊ သာရဝေါသီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်အရိယနန္ဒီက ဆောင်ရွက်ပေးပါရန် လေးစားစွာပန်ကြားပါတယ်။

သံဃာတော်အရှင်မြတ်များနဲ့ ယောဂီသူတော်စင်အပေါင်းတို့အား ဘုရားကိုယ်စား တရားပြသမည့် ဆရာများက တရားပြသရာမှာ မှားယွင်းသောလမ်းကြောင်းမှကို လမ်းမှန်သို့ရောက်အောင် တည့်မတ်ပေးရန်နှင့် တစ်စုံတစ်ခုသော အနှောင့်အယှက်အန္တရာယ်ကြုံတွေ့ခဲ့ပါရင် မေတ္တာသစ္စာဖြင့် ကာကွယ်စောင့်ရှောက်ပိုင်ခွင့်ရှိအောင် ဆရာများသို့ ကိုယ်, စိတ်နှစ်ပါး အပ်နှင်းလှူဒါန်းရမှာ ဖြစ်ပါတယ်။

သံဃာတော်အရှင်မြတ်များက ကမ္မဋ္ဌာနာစရိယ ဆရာတော်များကို အာရုံပြုပြီး ကန်တော့ပါဘုရား။ အားလုံး လိုက်ဆိုတော်မူကြပါ။

"သီလ, သမာဓိ, ပညာ၊ သိက္ခာသုံးပါး၊ အကျင့်တရားကို၊ သင်ကြားပို့ချ ဆိုဆုံးမည့်၊ ဆရာသခင်၊ ကျေးဇူးရှင်တို့အား၊ ဗုဒ္ဓါနံ ဘန္တေ သြဝါဒါယ ဇီဝိတံ မေ ပရိစ္စဇာမိ ဆိုသည့်အတိုင်း မဆိုင်းမတွ ရိုတုပ်ကွလျှက် ဗုဒ္ဓနည်းတူ ဆရာများအား ရုပ်နာမ်နှစ်ပါးကို အပ်နှင်းလှူဒါန်းပါ၏။

**အစီအစဉ်အရ– ဝေနေယျသတ္တဝါများနှင့် အပြန်အလှန်တောင်းပန်ကြသည့် အစီအစဉ်ပါ**

ဒီအစီအစဉ်မှာလဲ ဆရာကြီး ဒေါ်အရိယနန္ဒီက ဆောင်ရွက်ပေးပါရန် လေးစားစွာပန်ကြားပါတယ်။

အစမထင် သံသတရာတစ်ခွင်မှာ ကျင်လည်ကြတဲ့အခါမှာ ယောဂီတိုင်းသည် ဝေနေယျသတ္တဝါများနဲ့ ခိုက်ရန်ဒေါသ အာဃာတဖြစ်ကြဖူးသူတွေသာ များကြတယ်။ အဲဒီလို ခိုက်ရန်ဒေါသ အာဃာတ

http://www.dhammadownload.com



ဖြစ်ကြတဲ့အခါမှာ အန္တပုထုဇဉ်များနဲ့ဆိုလျှင် ဘာမှထိခိုက်နစ်နာမှု မရှိသော်လဲ အရိယာပုဂ္ဂိုလ်များအား ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့နဲ့ ပြစ်မှားမိပါလျှင် အခုလိုတရားအားထုတ်တဲ့အခါ မဂ်တား, ဖိုလ်တားဆိုတဲ့ မဂ္ဂန္တရာယ် ဖြစ်တတ်ပါတယ်။

အဲဒီအခါမှာ အလွန်နစ်နာတတ်တဲ့အတွက် ဝေနေယျသတ္တဝါများနဲ့ အပြန်အလှန်တောင်းပန်ရမယ်လို့ ဆရာ့ ဆရာများက ညွှန်ကြားထားတဲ့အတွက် ဝေနေယျသတ္တဝါများနဲ့ အပြန်အလှန်တောင်းပန်ကြရခြင်း ဖြစ်ပါတယ်။ လိုက်ဆိုကြပါ။

## တောင်းပန်ကြပါမယ်

၃၁-ဘုံ၌ ကျင်လည်ကြကုန်သော အလုံးစုံသော လူ, နတ်, ဗြဟ္မာ သေက္ခာ သေက္ခ ဖြစ်ကုန်ကြသော အရိယာပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တို့အား အစအဦး အမျိုးထား၍ များစွာဝေနေ သဗ္ဗေသတ္တာ သတ္တဝါတို့၊ အတိတ်ကာလ ရှေးဘဝက ယနေ့ကျအောင် အကျွန်ုပ်က ပြစ်မှားမိသော် ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကို အသင်တို့က သည်းခံခွင့်ပြုတော်မူကြပါ။

၃၁-ဘုံ ကျင်လည်ကြကုန်သော အလုံးစုံသော လူ, နတ်, ဗြဟ္မာ, သေက္ခာသေက္ခ ဖြစ်ကုန်ကြသော အရိယာပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တို့အား အစအဦး အမျိုးထား၍ များစွာဝေနေ သဗ္ဗေသတ္တာ သတ္တဝါတို့ အတိတ်ကာလ ရှေးဘဝမှယနေ့ကျအောင်အသင်တို့က ပြစ်မှားမိသော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကို အကျွန်ုပ်က သည်းခံခွင့်လွှတ်ပါ၏။

## အစီအစဉ်အရ ရတနာမြတ်သုံးပါးနှင့် အနန္တော အနန္တငါးပါးတို့အား ရှိခိုးခြင်းနှင့် မေတ္တာပို့သ အမျှပေးဝေရန် ဖြစ်ပါတယ်

ဒီအစီအစဉ်ကို လယ်တီကမ္မဋ္ဌာနာစရိယ သာသနာဓဇဓမ္မာစရိယ ဆရာကြီးဦးသန်းခင်က ဆောင်ရွက်ပေးပါမည်။ လိုက်ဆိုတော်မူကြပါ။

မိခင်ဇရာဝတီ

http://www.dhammadownload.com



**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊** (ဦးချပါ)
**ဓမ္မံ သရဏံ ဂစ္ဆာမိ၊** (ဦးချပါ)
**သံဃံ သရဏံ ဂစ္ဆာမိ၊** (ဦးချပါ)
**ဗုဒ္ဓဂုဏော အနန္တော၊** (ဦးချပါ)
**ဓမ္မဂုဏော အနန္တော၊** (ဦးချပါ)
**သံဃဂုဏော အနန္တော** (ဦးချပါ)
**မာတာပိတုဂုဏော အနန္တော၊** (ဦးချပါ)
**အာစရိယဂုဏော အနန္တော၊** (ဦးချပါ)

အနန္တော အနန္တငါးပါးတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။ (ဦးချပါ)

၃၁-ဘုံ ကျင်လည်ကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါ အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ။ အကျွန်ုပ်တို့၏ ဘဝအဆက်ဆက်မှစ၍ ယနေ့ထက် တိုင်အောင် ပြုခဲ့ဖူးသော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ် ကောင်းမှုအစုစုတို့ကို အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု - သာဓု - သာဓု။

**အစီအစဉ်အရ**

သမထကမ္မဋ္ဌာန်း ထိုင်ပုံထိုင်နည်းနှင့်တကွ ကျင့်ကြံပုံ ကျင့်ကြံနည်းများ ဟောပြောပို့ချဖို့ အစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို လယ်တီကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ငါးထပ်ကြီးပြဿဒ်ကျောင်း ဆရာတော် အရှင်တေဇနိယမှ ဆောင်ရွက်ပေးပါမည့်အကြောင်း လေးစားစွာ လျှောက်ထားပါသည်ဘုရား။

http://www.dhammadownload.com



သံဃာတော် အရှင်မြတ်များနဲ့ ယောဂီသူတော်စင်များအား သမထကမ္မဋ္ဌာန်း မညွှန်ကြားမီ (၇)ရက်တရားစခန်းသို့ လာရောက်ပြီး အားထုတ်ကြတာ ရှုမှတ်ရမယ့်အချိန်ဇယားတွေ ဓမ္မာရုံတံခါးဝမှာ ရှိပါတယ်။ မနက်မှာ (၄း၀၀)နာရီ အိပ်ရာထ (၄း၃၀)နာရီမှ (၅း၃၀)နာရီ တစ်ချိန်ပြီးတဲ့အခါ အရုဏ်ဆွမ်းဘုဉ်းပေးကြမယ်။ နံနက်စာ အာဟာရ သုံးဆောင်ကြမယ်။

**အချိန်ဇယား**

- (၆း၃၀)နာရီမှ (၇း၃၀)နာရီ တစ်ကြိမ်၊
- (၈း၀၀)နာရီမှ (၉း၀၀)နာရီ တစ်ကြိမ်၊
- (၉း၃၀)နာရီမှ (၁၀း၃၀)နာရီ တစ်ကြိမ်၊

**မနက်ပိုင်း (၄)ကြိမ်**

- (၁၀း၃၀)နာရီမှ နေ့ဆွမ်း၊ နေ့လည်စာ

နေ့လည်အချိန် (၃)ကြိမ်

(၁း၀၀)နာရီမှ (၂း၀၀)နာရီ တစ်ကြိမ်၊
(၂း၃၀)နာရီမှ (၃း၃၀)နာရီ တစ်ကြိမ်၊
(၄း၀၀)နာရီမှ (၅း၀၀)နာရီ တစ်ကြိမ်၊
(၅း၀၀)နာရီမှ ဖျော်ရည်

ညအချိန် (၂)ကြိမ်

(၆း၀၀)နာရီမှ (၇း၀၀)နာရီ တစ်ကြိမ်၊
(၇း၃၀)နာရီမှ (၈း၃၀)နာရီ တစ်ကြိမ်၊

(၈း၃၀)နာရီမှာ ဣရိယာပုတ်များပြင်ပြီး သက်သာတဲ့အနေ အထားနဲ့နေပါ။ လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုး တော်ဆောင် ကလေးဝဆရာတော်ဘုရား၏ တရားတိတ်ခွေကို နာယူကာ ည(၉း၀၀) နာရီအချိန်မှာ တရားသိမ်းမှာ ဖြစ်ပါတယ်။ အဲဒီတော့

http://www.dhammadownload.com



တရားရှုမှတ်ချိန် အတိုင်း တရားရှုဖို့ ပုံမှန်အိပ်ဖို့ စားချိန်ကို ပုံမှန်စားကြဖို့ ဖြစ်ပါတယ်။ တရားထိုင်ပုံ ထိုင်နည်း ညွှန်ပြရမှာဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဥပရိပဏ္ဏာသပါဠိတော် အာနာပါနဿတိသုတ်မှာ ဟောကြားထားတဲ့ ဒေသနာတော်မြတ်က-

**ဣဓ ပန ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ**
**ရုက္ခမူလ ဂတောဝါ၊ သုညာဂါရဂတောဝါ၊**
**နိသီဒတိ၊ ပလ္လင်္ကံအာဘုဇိတွာ၊ ဥဇုံကာယံ၊**
**ပဏိဓာယ၊ ပရိမုခံ သတိံဥပဋ္ဌပေတွာ။**

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ယောဂီအပေါင်းသူတော်ကောင်းတို့ တရားအားထုတ်ဖို့ရာ ထိုင်ပုံ, ထိုင်နည်း၊ ကျင့်ကြံပုံ, ကျင့်ကြံနည်းများကို ဟောကြားထားတဲ့ ဒေသနာတော်အရ ဘိက္ခဝေ= ချစ်သား, ချစ်သမီးတို့၊ ဣဓပန= ဤငါဘုရား သာသနာတော်မြတ်၌၊ ဘိက္ခု= သံသရာဘေး လာမည့်အရေးကို မျှော်တွေးကြောက်တတ်သူတော်မြတ်သည်၊ သံသရာရဲ့ဘေးဖြစ်တဲ့ အိုဘေးတွေ, နာဘေးတွေ, သေဘေးတွေ, ပဋိသန္ဓေတည်နေရတဲ့ဘေးတွေ, သံသရာရဲ့ဘေးတွေကို ကြောက်တဲ့ပုဂ္ဂိုလ်, သံသရာရဲ့ အပြစ်တွေကို ကြောက်တဲ့ပုဂ္ဂိုလ်တွေဟာ ဒီဘေးတွေ အပြစ်တွေက ကျော်လွှန်နိုင်အောင် တရားအားထုတ်ရမယ်။ တရားအားထုတ်တဲ့အခါ တရားကိုလျှင်မြန်စွာ ရနိုင်အောင် နေရာရှာရမယ်တဲ့။ ဒါကြောင့်-

| | | |
|---|---|---|
| အရညဂတောဝါ | = | တောအရပ်၌သော်လည်းကောင်း၊ |
| ရုက္ခမူလဂတောဝါ | = | သစ်ပင်ရင်း၌သော်လည်းကောင်း၊ |
| သုညာဂါရဂတောဝါ | = | ဆိတ်ငြိမ်ရာ ဘုံနန်းဗိမာန်နေရာ၌သော်လည်းကောင်း၊ |

တောအရပ်မှာဖြစ်စေ၊ သစ်တစ်ပင်ရင်း, ဝါးတစ်ပင်အောက်မှာဖြစ်စေ အခုလိုဆိတ်ငြိမ်ရာအရပ်မှာဖြစ်စေ တရားအားထုတ်ပါတဲ့။ အခု ယောဂီတို့ ရွေးထားတဲ့ နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရ

http://www.dhammadownload.com



ကျောင်းစာသင်တိုက် သုကုမာရမဂ္ဂဒီပနီကျောင်းတော်ကြီးဟာ သုညာဂါရဂုဏ်အရပ် မှန်ပါတယ်။ ပလ္လင်္ကံအာဘုဇိတွာ= တင်ပလ္လင်ခွေပါ၊ အမျိုးသမီးများက ကျုံ့ကျုံ့လေး ထိုင်ပါ။ တင်ပလ္လင်ခွေတဲ့အခါ ခြေထောက်တစ်ချောင်းနဲ့ တစ်ချောင်း ထပ်မထားအောင် ဂရုစိုက်ပါ။ ခြေထောက်ထပ်ထားမယ်ဆိုရင် မကြာခင် ညောင်းညာတက်ကိုက် ထုံကျင်မှုတွေ ဝေဒနာတွေ အမျိုးမျိုးပေါ်လာတတ်ပါတယ်။ "ပလ္လင်္ကံ= ထက်ဝက်ပလ္လင်ကို၊ အာဘုဇိတွာ= ခွေ၍"။ **"ဥဇုံကာယံ ပဏိဓာယ"**။ ကာယံ= အထက်ပိုင်းခန္ဓာကိုယ်ကို၊ ဥဇုံ= ဖြောင့်စွာ၊ ပဏိဓာယ= ထား၍။

အထက်ပိုင်းခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ခေါင်းကို မတ်မတ် ထားပါ။ ဘယ်ညာမယိမ်းစေပါနဲ့။ အလိုက်သင့်လေး ထားပေးပါ။ စိတ်အားတင်းပြီးတော့ ခါးကိုမတ်မထားပါနဲ့။ ဘယ်ဘက် ပေါင်ပေါ်မှာ ဘယ်လက်ကလေး တင်ထား၍ဖြစ်စေ၊ ညာဘက်ပေါင်ပေါ်မှာ ညာဘက်ကို တင်ထား၍ဖြစ်စေ၊ သို့မဟုတ် တင်ပလ္လင်ခွေရဲ့ အပေါ်မှာ ဘယ်လက်ပေါ်မှာ ညာလက်တင်ပြီး လက်မလေးနှစ်ချောင်းကို တေ့ဆိုင် ထား၍ဖြစ်စေ၊ မိမိကြိုက်နှစ်သက်တဲ့ ဣရိယာပုတ် အနေအထား လေးတွေ ရယူနိုင်တယ်။

ခါးကလေးဖြောင့်ဖြောင့် ခေါင်းကလေးမတ်မတ် မထားဘူးဆိုရင် ဇက်ကြောတက်မယ်၊ အိပ်ချင်စိတ်တွေ ဖြစ်ပေါ်လာတတ်ပါတယ်။ မိမိရဲ့ရှေ့တည့်တည့်က အရာဝတ္ထုတစ်ခုကို စိုက်ကြည့်နေသလို အလိုက်သင့် အလျားသင့်ကလေး။

> **ဥဇုံကာယံ ပဏိဓာယာတိ ဥပရိမံ သရီရံ ဥဇုကံ ထပေတွာ အဋ္ဌာရသ ပိဋ္ဌိကဏ္ဍကေ ကောဋိယာကောဋိံ ဥပ္ပါဋေတွာ "ဧဝံမဿ ဓမ္မံသနှာရူနိနပနမန္တိ"**လို့ အဋ္ဌကထာဆရာတွေက ဖွင့်ဆိုထားပါတယ်။

ဥဇုံကာယကံ ပဏိဓာယာတိ= ဥဇုံကာယံ ပဏိဓာယ ဟူသည် ကား၊ ဥပရိမံ= အထက်ပိုင်းဖြစ်သော၊ သရီရံ= ခန္ဓာကိုယ်ကို၊ ဥဇုံကံ=

http://www.dhammadownload.com



ဖြောင့်စွာ။ ဋ္ဌပေတွာ= ထား၍၊ (အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်လေးကို ဖြောင့်ဖြောင့်လေးထားပါ)

အဋ္ဌာရသ ပိဋ္ဌိကဏ္ဍကေ= တစ်ဆယ့်ရှစ်ချောင်းသော ကျောက်ဆူးရိုးတို့ကို၊ ကောဋိယာ ကောဋိံ= အစွန်းတစ်ဖက်က အစွန်းတစ်ဖက်ကို၊ ဥပ္ပါဋေတွာ= ထိစေ၍၊ ယောဂီတို့ရဲ့ ခန္ဓာကိုယ်မှာ တစ်ဆယ့်ရှစ်ချောင်းသော ကျောက်ဆူးရိုးတွေ ရှိတယ်။ ခါးဆစ်ရိုးလို့ ခေါ်တဲ့ တစ်ဆယ့်ရှစ်ချောင်းသော ကျောက်ဆူးရိုးတွေ တစ်ချောင်းနဲ့ တစ်ချောင်း ထိအောင်ထားပါတဲ့။ အဲဒီလို တစ်ချောင်းနဲ့တစ်ချောင်း ထိအောင်ထားပြီးတော့ ယောဂီပုဂ္ဂိုလ်တွေ ဘယ်လိုအကျိုးထူးတွေ ရရှိစေနိုင်သလဲဆိုရင် ဇဝံ= ဤသို့၊ အဿ= တစ်ဆယ့်ရှစ်ချောင်းသော ကျောက်ဆူးရိုးတို့ တစ်ချောင်း နဲ့တစ်ချောင်း ထိထားတဲ့ ယောဂီပုဂ္ဂိုလ်အား၊ စမ္မမံသနှာရူနိ= အရေ အသား အကြောတို့သည်၊ နပနမန္တိ= မကိုင်းညွတ်ကြကုန်။

အရေတွေ, အသားတွေ, အကြောတွေ မကိုင်းညွတ်ကြဘူးတဲ့။ တစ်နာရီကျင့်ပွား နာရီဝက်နားကြတဲ့ ယောဂီများ ပိုပြီးတော့ အဆင်ပြေကြပါလိမ့်မယ်။ သမာဓိတရားတွေ အသီးအသီး ရရှိနိုင်ကြပါတယ်။ ဒါကြောင့် ထိုင်ပုံ, ထိုင်နည်း စနစ်တွေကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဥပရိပဏ္ဏာသပါဠိတော် အာနာပါနသုတ်မှာ ဟောကြားထားတယ်။ အဲဒီလို ဣရိယာပုတ်တွေ အချိုးကျကျ ထိုင်ပြီးတဲ့အခါ မျက်လွှာလေးချ မျက်လုံးတွေမှိတ်လိုက်ပါမယ်။ မိမိတို့က တစ်နာရီကျင့်ပွားအားထုတ်ရမှာ ဖြစ်တဲ့အတွက် တအားကြီး မျက်စိကို တင်းတင်းကြပ်ကြပ် မှိတ်မထားပါနဲ့။ မျက်ကြောတွေညောင်းပြီး မျက်စိဖွင့်ချင်စိတ်တွေ ပေါက်လာမယ်။

မျက်စိဖွင့်လိုက်ရင် အမြင်အာရုံတွေကြောင့် အာရုံပြားနိုင်ပါတယ်။အာရုံမပြားအောင်တစ်နာရီတိတိ မျက်စိကို အသာလေး ပိတ်ထားလိုက်ပါ။ ဇင်းငယ်မျှသာ မှတ်ပါ။ **"ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"**

http://www.dhammadownload.com



သတိံ= သတိကို၊ ပရိမုခံ= ထွက်လေ ဝင်လေသို့ ရှေးရှုလျှက်၊ ဥပဋ္ဌပေတွာ= နှာသီးဖျား နှာသီးဝသို့ ခိုင်မြဲစွာ တည်ထားပြီးလျှင်၊ နိသီဒတိ= ထိုင်နေ၏။ သတိကို နှာသီးဖျား နှာသီးဝမှာ ကပ်ထား လိုက်ပါ။ အခြားအခြားသော အာရုံတွေဆီ စိတ်မရောက်စေနဲ့။ အဆင်းမျိုးစုံ, အသံမျိုးစုံ, အနံ့မျိုးစုံ, အရသာမျိုးစုံ, အတွေ့မျိုးစုံ, တွေးကြံမှုမျိုးစုံ အာရုံတွေစီလဲ စိတ်မကျရောက်စေနဲ့။

သတိလေး နှာသီးဖျား နှာသီးဝမှာ ကပ်ထားပေးပါ။ မိမိတို့ဟာ အမိဝမ်းမှ မွေးဖွားလာထဲက လေကိုရှူသွင်း ရှူထုတ်အမှုတွေ အသီးအသီး ပြုလုပ်ခဲ့ကြတယ်။ ဒီရှူသွင်း ရှူထုတ် အမှုတွေရှိလို့ အသက်ရှင် နေကြရတာ။ ဝင်လေ ထွက်လေရှိလို့ အသက်ရှင်နေကြတာပါ။မိမိတို့ရဲ့ လုပ်ငန်းတွေအပေါ်မှာ အာရုံစိုက် မသိမမှုမိပဲ နေကြရတော့ ဝင်လေကိုလဲ ဝင်လေမှန်းမသိကြဘူး။ ထွက်လေကိုလဲ ထွက်လေမှန်း မသိကြဘူး။ အမှုမဲ့ အမှတ်မဲ့နေခဲ့ကြတာ များခဲ့လှပြီ။ ယခုလို လယ်တီ ဝိပဿနာ သကြ်န်အထူးတရားစခန်းဝင်ရောက်ပြီး ကျင့်ကြံပွားများ အားထုတ် လိုက်တဲ့ အခါကျမှ ဝင်လေ၊ ထွက်လေမှန်းသိကြရတော့မယ်။ ဒါကြောင့် နှာသီးဖျား နှားသီးဝမှာ အာရုံစူးစိုက်တာနဲ့ ဝင်လေ ရှူသွင်းခြင်း အမှုတစ်ခုပြုလုပ်တိုင်း ဝင်လေလို့ မှတ်ပေးပါမယ်။ တစ်ဖန် လေကို ရှူထုတ်ခြင်းအမှုကို ပြုလုပ်တိုင်း ထွက်လေလို့ ရှူမှတ်ပေးပါမယ်။

အသံထွက်ပြီး မှတ်စရာမလို မိမိစိတ်က ဝင်လေကို ဝင်လေမှန်း သိအောင် ထွက်လေကို ထွက်လေမှန်းသိအောင် မှတ်ပါ့မယ်။ အဲဒီတော့ အမှုမဲ့အမှတ်မဲ့ မနေကြတော့ဘူး။ အမှုတ်နဲ့ အမှတ်နဲ့ တွဲယှက်ပြီး မှတ်ကြရတော့တယ်။ အမှုနဲ့ အမှတ်တွဲယှက်ပြီး ဝင်လေကို ဝင်လေမှန်း သိအောင်၊ ထွက်လေကို ထွက်လေမှန်းသိအောင် မှတ်နိုင်ကြပါပြီ။ တရားမရှုမှတ်မီက မိမိတို့ရဲ့စိတ်တွေဟာ လေတယ်၊ တေတယ်၊ ပွေတယ်၊ ရှုပ်တယ်။ စိတ်ဟာ ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုရင် မျောက်နဲ့ ဥပမာတူတယ်။ မျောက်ကလေးတစ်ကောင် သစ်ပင်ပေါ်မှာ ဟိုကိုင်း

http://www.dhammadownload.com



ကူးလိုက်၊ ဒီကိုင်းကူးလိုက် ငြိမ်ငြိမ်မနေဘူး။ ဒါကြောင့် စိတ်ဟာ မျောက်နဲ့ တူတယ်။ အလွန်လျှင်မြန်တဲ့ စိတ်ပါ။

လေကို ရှူသွင်းခြင်းအမှုကို ပြုလုပ်တိုင်း ဝင်လေလို့မှတ်တယ်။ လေကို ရှူထုတ်ခြင်းအမှုကို ပြုလုပ်တိုင်း ထွက်လေလို့မှတ်တယ်။ မှတ်နိုင်တဲ့ပုဂ္ဂိုလ်ရှိသလို မမှတ်မိတဲ့ပုဂ္ဂိုလ် ရှိတယ်။ စိတ်တွေ ဘယ်ရောက်နေပါသလဲ။ မိမိတို့သွားလာကျက်စားဖူးတဲ့နေရာတွေ နှံ့အောင် ပြေးသွားနေတယ်။ ဒါကြောင့် အဖမ်းရခက်တဲ့ စိတ်ကလေးကို အာရုံမျိုးစုံ တွေစီ မကျရောက်ရအောင် လေကိုရှူသွင်းခြင်းအမှု ပြုလုပ်တိုင်း ဝင်လေလို့မှတ်ပေးပါ။ လေကို ရှူထုတ်ခြင်းအမှုကို ပြုလုပ်တဲ့အခါတိုင်း ထွက်လေလို့မှတ်ပေးပါ။ ဒါကြောင့် မြတ်စွာဘုရားက-

**သောသတောဝ အဿသတိ၊ သတောဝ ပဿသတိ။**

သော= ထိုထက်ဝယ်ဖွဲ့ခွေ ထိုင်နေသော ပုဂ္ဂိုလ်သည်၊ သတောဝ= မလစ်စေမူ သတိပြု၍သာလျှင်၊ အဿသတိ= ထွက်လေကို ပြု၏။ သတောဝ= မလစ်စေမူ သတိပြု၍သာလျှင်၊ ပဿသတိ= ဝင်လေကိုပြု၏လို့ ဟောတော်မူခဲ့ပါတယ်။ ဝင်လေ ရှူသွင်းခြင်းအမှု ပြုလုပ်တိုင်း ဝင်လာတဲ့လေကလေးကို ဝင်လေလို့မှတ်ပေးပါ။ ထွက်လေ ရှူထုတ်ခြင်းအမှုကို ပြုလုပ်တဲ့အခါတိုင်း ထွက်လေလို့ ရှုမှတ်ပေးပါ။ အမှုနဲ့အမှတ် ရှုမှတ်တဲ့ကျင့်စဉ်လေးပါတဲ့ စူးစူးစိုက်စိုက် ရှုမှတ်ပေးတော်မူကြပါ။ ယောဂီများ တရားထိုင်ကြသည်။

http://www.dhammadownload.com



## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
## ပဓာန နာယက
## နာဂလိုဏ်ဂူဘုရားကုန်းမြေ
## ကလေးဝတောရစာသင်တိုက်ဆရာတော်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
## ဟောကြားတော်မူသော
## သင်္ကြန်အထူးတရားစခန်း
## နှောင်းတန်ခူးလပြည့်ကျော် (၁၀)ရက်

ယနေ့သာသနာတော်နှစ် ၂၅၄၇ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၁၀)ရက်၊ ခရစ် (၁၄-၄-၂၀၀၄) ဗုဒ္ဓဟူးနေ့။

နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်မြတ်ကြီးရဲ့ ထီးတော်ရိပ်မှာ ဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်ကြတဲ့ ယောဂီသူတော်စင် (၄၅၀)ကျော်တို့အား ဟောကြားသောတရားတော်။

ဒီနေ့ ပဲခူးမြို့ ရွှေဂူလေးကျောင်းမှာ ဖွင့်လှစ်တဲ့တရားစခန်း၊ ပဲခူးမြို့ အနောက်တော ရွှေးဟောင်း သမိုင်းဝင် မဟာကြီးစေတီ ထီးတော်ရိပ်အောက်မှာ ဖွင့်လှစ်တဲ့တရားစခန်းတွေကို သွားပြီးဩဝါဒ တရားများ ဟောခဲ့ပါတယ်။ ဒီတရားစခန်းမှာ (၉)ရက်ဆိုတော့ အဓိက အားဖြင့် တရားအားထုတ်ဖို့ အချိန်ကို ဦးစားပေးကြရမှာပါ။ တရား အားထုတ်တဲ့အချိန်ကို ဦးစားပေးတဲ့အနေနဲ့ ဘုန်းကြီးတို့ ညဉ့်စဉ်ညဉ့်တိုင်း

http://www.dhammadownload.com



မိနစ် (၃၀)လောက်၊ မိနစ် (၃၀)လောက်ပဲ ဟောရပါတယ်။ အပြင်က တရားပွဲတွေမှာတော့ (၁း၃၀)နာရီလောက် အချိန်ယူ ဟောကြရပါတယ်။

## ဒုစရိုက်နှင့်အကြောင်းရင်း

အခုတော့ တရားအားထုတ်ချိန်ကို ဦးစားပေးပြီးတော့ ကိုယ်တိုင်အလုပ်လုပ်၊ ကိုယ်တိုင်အားထုတ်ပြီးတော့ လမ်းစဉ်မှန်အောင်၊ အားထုတ်တဲ့တရားနဲ့ ပတ်သက်လို့ ယုံကြည်ကိုးစားမှုရှိအောင် ဆိုပြီးတော့ အနည်းငယ်မျှ ဟောကြရတာ။ အဲဒီတော့ မနေ့ညက တရားဆက်ပြီး ဟောရမယ်ဆိုရင် ဤကမ္ဘာလောကကြီးမှာ ဒုစရိုက်သမား ဒုစရိုက်သမားဆိုရင် လူတိုင်းသိသလောက်ပါပဲ။ ဒုစရိုက်ဆိုတာ ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ်က ဖြာထွက်လာတာပါပဲ။ ကိုယ်နဲ့ပြုတဲ့ဒုစရိုက်၊ နှုတ်နဲ့ပြုတဲ့ဒုစရိုက်၊ စိတ်နဲ့ပြုတဲ့ဒုစရိုက်လို့ ဒီလိုခေါ် ရပါတယ်။ ဒု + စရိတ = ဒုး မကောင်းယုတ်မာ ဆိုးညစ်စုတ်ချာသော၊ စရိတ= အကျင့်ပါပဲ။ အဲဒါကို ဒုစရိုက်လို့ ဒီလိုခေါ်ကြရပါတယ်။ နားလည်နေကြပါတယ်။ ဒုစရိုက်ဆိုလဲ နားလည်တယ်။ သုစရိုက်ဆိုလဲ နားလည်တယ်။ စကားလုံးကတော့ ပါဠိသက်ဝေါဟာရပါပဲ။

| | |
|---|---|
| ကိုယ်နဲ့ပြုတဲ့ဒုစရိုက် | (၃)မျိုး |
| နှုတ်နဲ့ပြောတဲ့ဒုစရိုက် | (၄)မျိုး |
| စိတ်နဲ့ကြံတဲ့ဒုစရိုက် | (၃)မျိုး |

ပေါင်း (၁၀)မျိုး ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်း, စိတ်တူ, ဝမ်းမြောက်မှု မှတ်ယူ (၄၀)ကံဆိုတဲ့အတိုင်း (၄၀) ပွားပါ။ အဲဒီ (၄၀)ကို ပြန်ချုံးလိုက်တော့ (၁၀)မျိုး။ (၁၀)မျိုးသော ဒုစရိုက်တို့ရဲ့အကြောင်း ရှာကြရအောင် အကြောင်းရင်းရှာတော့ ပါဏာတိပါတ= သူ့အသက်သတ်ခြင်း၊ ဖရုသဝါစာ= ကြမ်းကြမ်း တမ်းတမ်းပြောဆိုခြင်း၊ ဗျာပါဒ= သူတစ်ပါးကို သေစေလိုခြင်းဆိုတဲ့ ဒုစရိုက်များဟာ ဒေါသအခြေခံပါတယ်။ ဒေါသကို အခြေခံပြီးတော့ - သူ့အသက်သတ်တယ်။ ကြမ်းတမ်းတဲ့စကား

http://www.dhammadownload.com



ပြောတယ်။ သူတစ်ပါးကို သေစေချင်တယ်။ ပြီးတော့ ကာမေသုမိစ္ဆာစာရရယ်၊ အဘိဇ္ဈာရယ်၊ မိစ္ဆာဒိဋ္ဌိရယ်။ အဘိဇ္ဈာဆိုတာ အရပ်သုံးများပါတယ်။ အဘိဇ္ဈာ= သူတစ်ပါးပစ္စည်းကို မြင်ပြီးတော့ ကြံစည်တွေးတောတယ်။ ကြံစည်တွေးတောရုံနဲ့တော့ ဘာမှအရာမရောက်သေးဘူး။ အဲဒီမှတဆင့် "ဩော်- ငါ့ပစ္စည်းဖြစ်ရင် တော်မှာပဲ၊ ကောင်းမှာပဲ"လို့ အဲဒီလိုကြံစည်လိုက်ပြီဆိုမှ လိုချင်မျက်စိ ရှိတယ်ဆိုတော့မှ အဘိဇ္ဈာမြောက်တာ။

ကာမသုမိစ္ဆာစာရရယ်၊ အဘိဇ္ဈာရယ်၊ မိစ္ဆာဒိဋ္ဌိရယ် ရှိတာထဲက မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးရှိပါတယ်။ အတ္ထိ ဒိန္နံ၊ အတ္ထိ ယိဋ္ဌံ စသည် ဟိုတစ်နေ့ကပြောခဲ့တဲ့ အငယ်စားဗုဒ္ဓဘာသာက အရှိ (၁၀)ပါးကို အခြေခံပြီးတော့ အငယ်စား ဗုဒ္ဓဘာသာ ဖြစ်တယ်။ ဒီမိစ္ဆာဒိဋ္ဌိကတော့ မရှိ (၁၀)မျိုး လက်ခံယူဆ၊ ကျင့်သုံးတာ။ အလှူပေးတာ အကျိုးမရှိ၊ ဤလောကမရှိဘူး။ နောက်လောကမရှိဘူး စသည်ပါ အထူးသဖြင့်တော့-

**နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။**

လောကကြီးထဲမှာ ကောင်းကောင်းမွန်မွန် ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်တော်မူကြပြီးဖြစ်တဲ့ အထွဋ်အထိပ်သို့ ရောက်တော်မူကြပြီးဖြစ်တဲ့ ဘုရားမြတ်စွာ, ပစ္စေကာနှင့်အရိယာအပေါင်း သူတော်ကောင်းတွေ မရှိ။ အဲဒီ အရိယာအပေါင်း သူတော်ကောင်းတို့က ကိုယ်တိုင်သိပြီးတော့ ဟောညွှန်ပြတဲ့အချက်အလက်တွေ မရှိဘူးလို့ ယူဆတယ်။ ရှိတယ်ဆိုတာ မယုံကြည် လက်မခံ။ "ဤလောက နောင်လောကကို သိပြီးတော့ အသိဉာဏ်ပေးနေတဲ့ အရိယာအပေါင်း သူတော်ကောင်းတွေ" မရှိဘူးလို့ ဒီလိုယူဆရင် မိစ္ဆာအယူပါပဲ။

အဲဒီလို မရှိ-မရှိလို့ ယူဆတာ အားလုံးဆိုတော့ (၁၀)မျိုး။ အခြားအခြားလဲပဲ မိစ္ဆာဒိဋ္ဌိတွေ အများကြီးရှိပါတယ်။ အဲဒီလို ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိတို့ကတော့ လောဘကိုအခြေခံတယ်။

http://www.dhammadownload.com



လောဘမူလ= လောဘအခြေခံတယ်။ မနေ့ညကပြောတဲ့ "ပိသု မုသာ သမ္ဖဿာဒိန္နာ (၂)ပါးကြောင့်" ပိသုဏဝါစာ= ဂုံးတိုက်တယ်၊ မုသာဝါဒ= လိမ်ညာပြောတယ်၊ သမ္ဖပ္ပလာပ= အကျိုးမဲ့စကားပြောတယ်။ အဒိန္နာဒါနာ= သူတစ်ပါးပစ္စည်း ခိုးတယ်။ အဲဒီလေးပါးကတော့ လောဘ၊ ဒေါသ နှစ်ပါးကြောင့် ဖြစ်ကြပါတယ်။ အားလုံးဒုစရိုက် ၁၀ + ၄၀ တို့ရဲ့ အခြေခံမှာ မောဟကတော့ ပါလျှက်ပါပဲ။ ဒါကြောင့် မောဟက အကုသိုလ်စိတ်အားလုံးနဲ့ တွဲရတာ။

**ပြစ်မှုပျောက်တဲ့နည်း**

ဆိုကြပါစို့ ဘုန်းကြီးတို့ရဲ့ အလွန်ရှေးကျတဲ့ ဩကာသ ကန်တော့ချိုးမှာ- "ကာယကံ, ဝစီကံ, မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပြေပျောက်ပါစေခြင်းအကျိုးငှါတဲ့ ကာယကံချွတ်ချော်မှု၊ ဝစီကံတိမ်းပါးမှု၊ မနောကံချွတ်ချော်မှု ရှိခဲ့လို့ရှိရင် အဲဒီအပြစ်တွေ ပြေပျောက်ပါစေခြင်းအကျိုးငှါ ဘုရားကန်တော့တယ်၊ တရားကန်တော့တယ်၊ သံဃာကန်တော့တယ်၊ အမိအဖ ကန်တော့တယ်၊ ဆရာသမား ကန်တော့တယ်။ စိမ်ရေလျှောကြတယ်၊ စိမ်ရေသင့်နေတာ ပျောက်အောင်ပါပဲ။ ကာယကံ, ဝစီကံ, မနောကံ ချွတ်ချော်တိမ်းပါးမှုက ဖြစ်တတ်ကြတာကိုး။ ဖြစ်တော့ အဲဒီအပြစ်က ပြေပျောက်ပါစေရန် ရတနာ သုံးပါး ဆရာမိဘတို့ကို ကန်တော့တယ်။ ရတနာသုံးပါး မိဘ, ဆရာသမားတို့ကို ကန်တော့ရင် ပြေပျောက်စရာ အကြောင်းရှိပါတယ်။ ပြေပျောက်ကြပါတယ်၊ ပြေပျောက်သည့် သာဓကများစွာ ရှိပါတယ်။ အဲဒီတော့ပဋ္ဌာန်းပဉှာဝါရ၊ ဝိဘင်္ဂဝါရ ဥပနိဿယပစ္စည်း အဖွင့်မှာ တစ်ဆယ့်သုံးမျိုးသော ပြစ်မှုကြီးတွေ ကျူးလွန်ပြီးတော့ ရှစ်မျိုးနဲ့ဖြေဖျောက်တဲ့နည်း တွေ့ရပါတယ်။

ပြစ်မှုက (၁၃)မျိုး၊ ပြေပျောက်စေနိုင်ကောင်းတဲ့လုပ်ငန်းကြီးက (၈)ရပ်၊ နှစ်ရပ်ပေါင်း ပွားလိုက်တော့ (၁၀၄)ဖြစ်ပါတယ်။ **"ပါဏံ ဟန္တွာ**

http://www.dhammadownload.com



**တဿ ပဋိယာတတ္တာယ"** ပုဂ္ဂိုလ်တစ်ယောက်ဟာ သူတစ်ပါးအသက်ကို သတ်တယ်။ ထိုသတ်တဲ့ပြစ်မှု ပျောက်ပါစေတော့လို့-

- ဒါနံ ဒေတိ = အလှူပေး၏။
- သီလံ သမာဒိယတိ = သီလဆောက်တည်၏။
- ဥပေါသထ ကမ္မံ ကရောတိ = ဥပုသ်စောင့်သုံး၏။
- ဈာနံ ဥပ္ပါဒေတိ = သမာဓိဈာန်ကို ဖြစ်စေ၏။
- ဝိပဿနံ ဥပ္ပါဒေတိ = ဝိပဿနာ ရှုပွား၏။
- မဂ္ဂံ ဥပ္ပါဒေတိ = မဂ်ကို ဖြစ်စေ၏။
- အဘိညံ ဥပ္ပါဒေတိ = အဘိညာဉ်ကို ဖြစ်စေ၏။
- သမာပတ္တိံ ဥပ္ပါဒေတိ = သမာပတ်ကို ဖြစ်စေ၏။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ သူတစ်ပါးအသက်ကို သတ်ဖြတ်ပါတယ်။ သတ်ဖြတ်ပြီးပြီ မှန်တယ်။ ပြေပျောက်တဲ့နည်း မရှိတော့ဘူးလား ဆိုတော့ အလှူပေးတဲ့နည်းနဲ့လဲ ပြေပျောက်နိုင်ပါတယ်။ သီလဆောက်တည်ကျင့်သုံးပြီး ပြေပျောက်တဲ့နည်း ရှိပါတယ်။ ဥပုသ် စောင့်သုံးပြီးတော့ ပြေပျောက်တဲ့နည်း ရှိပါတယ်။ စိုက်စိုက်စူးစူး ထွက်လေ ဝင်လေ စသည်ကို မှတ်သားပြီးတော့ သမာဓိရအောင် အားထုတ်ပြီးတော့ ပြေပျောက်တဲ့နည်း ရှိပါတယ်။ ဝိပဿနာရှုပွားပြီးတော့လဲ ပြေပျောက်နိုင်ပါတယ်။ မဂ်ဉာဏ်ကို ဖြစ်စေပြီးတော့လဲ ပြေပျောက်နိုင်ပါတယ်။ အဘိညာဉ်ကို ဖြစ်စေပြီးတော့လဲ ပြေပျောက်နိုင်ပါတယ်။ သမာပတ် ဝင်စားပြီးတော့လဲ ပြေပျောက်နိုင်ပါတယ်။

အဲဒီနည်း (၈)မျိုးနဲ့ အကုသိုလ်ဒုစရိုက်ကို ကုစားဖို့ရာအတွက် နည်းလမ်း(၈)သွယ်နဲ့ ပြုလုပ်နိုင်တယ်လို့ အဘိဓမ္မာ ပဋ္ဌာန်းတရားတော်မှာ အတိအလင်း ဟောထားပါတယ်။ အဒိန္နံ **အာဒိယိတွာ**= သူတစ်ပါးဥစ္စာကို ခိုးပြီးတော့၊ တဿ ပဋိယာတတ္တာယ= ထိုခိုးမှုကို ပပျောက်ပါစေခြင်းအကျိုးငှါ၊ အလှူပေးတယ်၊ သီလဆောက်တည်တယ်၊ ဥပုသ်စောင့်သုံးတယ်၊ သမာဓိရအောင် အားထုတ်တယ်၊ ဝိပဿနာ

http://www.dhammadownload.com



တရားအားထုတ်လိုက်တယ်၊ မဂ်ဉာဏ်ရအောင် အားထုတ်တယ်၊ အဘိညာဏ်ရအောင် အားထုတ်တယ်၊ သမာပတ်ဝင်စားတယ်။ ဒီအချက် (၈)မျိုး ဆောင်ရွက်လိုက်ရင် စောစောကပြောတဲ့ ခိုးမှုကြီးဟာ ပပျောက်သွားနိုင်တယ်။

မုသာဘဏိတ္ဘာ= လိမ်ညာပြောဆို၍, လိမ်ညာပြောပြီးတော့ ဝစီဒုစရိုက်ကို ပပျောက်အောင် စောစောကဒါနစသည် (၈)မျိုးနဲ့ ပပျောက်အောင် ဆောင်ရွက်နိုင်တယ်။ ဂုံးတိုက်စကား ပြောကြားပြီးတော့၊ ကြမ်းကြမ်းတမ်းတမ်း ပြောကြားပြီးတော့ အလျှုပေးခြင်း အစရှိတဲ့ အချက်အကြီးများဆောင်ရွက်ပြီးတော့ ပြေပျောက်နိုင်ပါတယ်တဲ့။ ပြီးတော့ "သန္ဓိံဆိန္ဒတိ= အိမ်ခြံစပ်, နယ်စပ် ဒေသအသီးသီးပျက်စီးအောင် ဖောက်ထွန်းဝိဇ္ဇာကြီး ပြုခဲ့တယ်ဆိုကြပါစို့။ စောစောကပြောသလို ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ သီလဆောက်တည်ခြင်း အစရှိတဲ့ ကောင်းမှုကုသိုလ် (၈)ချက်ကို ပြုလုပ်တယ်ဆိုကြပါစို့။ အိမ်ခြံစပ် ဖောက်ထွင်းခဲ့တဲ့ အကုသိုလ်ကြီး ပ,ပျောက်နိုင်တယ်။

နိလ္လောပ္ပံ ဟရတိ= ပစ္စည်းဥစ္စာတွေကိုလဲ အကုန်လုံးယူတယ်။ ပရိပန္ထေ တိဋ္ဌတိ= ခရီးသည်တွေကို လုယက်တယ် ဆိုကြပါစို့။ ဂါမဃာတံ ကရောတိ= တစ်ရွာလုံး မီးရှို့တယ်၊ တစ်ရွာလုံး ဖျက်ဆီးတယ်။ နိဂမဃာတံ ကရောတိ= နိဂုံးရွာကြီးတစ်ခုလုံး မီးရှို့တယ်။ နိဂုံးရွာကြီး တစ်ခုလုံး ဖျက်ဆီးတယ်။ အဲဒီလို ပြုလုပ်ပြီးတော့ အဲဒီ အကုသိုလ် အပြစ်တွေ ပပျောက်အောင် ပယ်ဖျောက်တဲ့နည်းလမ်းက ဒါနံဒေတိ၊ သီလံသမာဒယတိ စတဲ့ (၈)မျိုးနည်းလမ်းဖြင့် ပယ်ဖျောက်နိုင်တယ်၊ ဖြေဖျောက်နိုင်တယ်။

အားလုံး အကုသိုလ်ဒုစရိုက် ပြစ်မှုမျိုးက (၁၃)မျိုး၊ ဖြေဖျောက်တဲ့ နည်းက (၈)မျိုးပါပဲ။ တမ္ဗဒါဌိ ခေါ်တဲ့ သူသတ်သမားကြီးတစ်ယောက် ရှိတယ်။ သူကပြစ်မှုရှိတဲ့သူတွေကို သတ်ဖြတ်ရတဲ့အလုပ်ကို လုပ်ရတာ။ မင်းပြစ်မင်းဒဏ်သင့်သူတွေကို သူပဲသတ်ရတယ်။ နှစ်ပေါင်း (၅၀)

http://www.dhammadownload.com



တိုင်တိုင် ဒီအလုပ်ကို လုပ်ခဲ့ရတယ်။ တစ်နေ့ကျတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က ဝိပဿနာတရား ဟောလိုက်တာ။ အဲဒီ ဟောတော်မူတဲ့အတိုင်း မိမိခန္ဓာကိုယ်ကို သွင်းရှုလိုက်တဲ့အခါ အပါယ်တံခါး ပိတ်သွားပါတယ်။ နှစ် (၅၀)လူသတ်သမား လုပ်လာတာ။ ပပျောက်သွားတာပဲ။ ဒါကို မြတ်စွာဘုရားက ဥပနိဿယပစ္စည်းအဖွင့်မှာ သေသေချာချာ ဟောထားခဲ့တာပဲ။ မကြာခင်ပဲ ဝိပဿနာ ကူးကြရတော့မှာကိုး။ ဝိပဿနာကူးကြတော့မှာဆိုတော့ အားပြုစရာတရားက ကုသိုလ်ပဲ အားကိုးစရာပဲ။ တစ်ချို့ တစ်ချို့ပုဂ္ဂိုလ်တွေ သမိုင်းကြောင်း ဇာတ်လမ်းလေးတွေ ပြန်ကြည့်တဲ့အခါ အများတွေ့နေတဲ့ အချက်အလက်ကလေးတွေကို ပင် အခြေခံပြီးတော့ ရဟန်းပြုကြ၊ ကျွတ်တမ်းဝင်ကြရတာပါပဲ။

သာဓကတစ်ခုဆိုကြပါစို့။ "သီရိဓမ္မာသောကမင်းကြီး"ရဲ့ ညီတော် "ဝီတသောက" မင်းသားရှိတယ်။ ဒီ "ဝီသောက"မင်းသားဟာ သိဒ္ဓတ္ထ မြတ်စွာဘုရားလက်ထက် သိဒ္ဓတ္ထဘုရား, သိဒ္ဓတ္ထဘုရားလို့သာ ကြားဖူး နေတာ။ ဘုရားဖူးသွားတော့ ဘုရားဖူးခရီးစဉ်က မအောင်မြင်ဘူး။ လမ်းမှာပဲ ကွယ်လွန်သွားတယ်။ သိဒ္ဓတ္ထဘုရားဆိုတဲ့ သကော်တလေးနဲ့ ကွယ်လွန်ခဲ့ရပေမဲ့ ကမ္ဘာပေါင်း (၉၀)ကျော် အပါယ်မလားပဲနဲ့။ ဒုဂ္ဂတိဘဝဆိုတာ မသိတော့ပဲနဲ့ လာခဲ့တာ။ "ဝီတသောက"မင်းသားဟာ "ဣသိဒတ္တ"အရှင်မြတ်ထံမှာ သုတ္တန်ပိဋကတ်နဲ့ အဘိဓမ္မာ ပိဋကတ်၊ ပိဋကတ် (၂)ရပ်ကို သင်ယူပါတယ်။ သင်ယူထားတယ်၊ စာတတ်နေတာပဲ။ သို့သော်လဲ တရားအားမထုတ်ဖြစ်သေးဘူး။ ရဟန်းလဲ မပြုသေးဘူး။

တစ်နေ့ကျတော့ ဆတ္တာသည်တစ်ယောက် သုံးနေတဲ့ ကြေးမုံ (မှန်)ကို ယူပြီးတော့ကြည့်တယ်။ ကြည့်လိုက်တော့ "ဟာ- ငါတော့ ဆံပင်တွေ အတော်ဖြူကုန်ပါပကော။ ပါးရေ နားရေတွေလဲ တွန့်နေပါပကော။ ဆံဖြူတယ်, ပါးရေ နားရေတွေလဲ တွန့်တယ်။ မှန်ကြည့်ရာက နေပြီးတော့ သံဝေဂရတယ်။ ဝီတသောက မင်းသားက မှန်ကြည့်တာ။



70 (B)

http://www.dhammadownload.com



တွေ့တာက ဆံပင်ဖြူနဲ့ ပါးရေ, နားရေတွေ တွန့်နေတာကို တွေ့တာ။ ပါးရေ နားရေတွေတွန့်တာ ဆံပင်ဖြူတာ ကြည့်ပြီးတော့ ဉာဏ်က သက်ဝင်လာတယ်။ ဇရာခေါ်တဲ့ အိုမင်းကြီး ရဲ့ နှိပ်စက်လာပုံကို သိတယ်။ ဆံပင်ဖြူတာကို ကြည့်ပြီးတော့ ဆွေးမြေ့ယိုယွင်း အိုမင်းလာတာကို သဘောပေါက်လာတယ်။ မှန်ကြည့်ရာကနေ အဲဒီလို သဘောပေါက်ပြီး သံဝေဂရပြီး ရဟန်းပြုခဲ့တယ်။ ရဟန်းပြုပြီး ဣသိဒတ္တ အရှင်မြတ်ထံမှာ တရားယူပြီး တရားကျင့်ပြီး အာသဝေါကင်းကွာတဲ့ ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားတာ။

ဘုန်းကြီးတို့ ယောဂီများကတော့ မှန်ကို တစ်ကြိမ်မကပါဘူး။ အကြိမ်ကြိမ်ကြည့်လာခဲ့ကြတာပါပဲ။ ရဟန်းတော်များ မှန်မကြည့်ရဘူးလို့ မြတ်စွာဘုရားက ပညတ်ပါတယ်။ သို့သော်လဲပဲ ငါဟာ အိုမင်းရင့်ရော် ပြီလား မသိဘူး။ တရားသဘောလေးနဲ့ မှန်ကြည့်မယ်ဆိုရင် ကြည့်ကောင်းတယ်တဲ့။ ဉာဏ်ရချင်တော့လဲ အလွယ်ပဲ။ ကြေးမုံမှန်ကို လူတိုင်းကြည့်နေကြတာပဲ။ တစ်ခါတစ်ရံကျတော့ ရိုးရိုးလေးနဲ့ ဆန်းဆန်း လာတာလဲ ရှိတာကိုး။ ဥပမာ- "သေတယ်၊ သေတယ်"ဆိုတဲ့ အသံများ ကြားလိုက်လို့ရှိရင် သေတာမဆန်းပါဘူး။ ရွာ, နိဂုံး, မြို့, ပြည် ကမ္ဘာ့လူထုကြီးတစ်ခုလုံးနဲ့ ဆက်ဆံတဲ့စကားလုံးပါ။ လူမျိုးအားလုံး, နိုင်ငံအားလုံးနဲ့ ဆက်ဆံပါတယ်။

ကမ္ဘာ့နိယာမကြီးပါပဲ။ သတ္တဝါတို့အစဉ်ထာဝရ တွေ့ကြုံနေရတဲ့ တရားဆိုး တရားပျက်ကြီးပါပဲ။ သေနေတာပဲ။ ဘုန်းကြီးတို့ ရန်ကုန်မှာဆိုရင် ရေဝေးတို့, ထိန်ပင်တို့မှာဆိုရင် တစ်နေ့, တစ်နေ့ အစိတ်, သုံးဆယ်အောက်လျော့မှာ မဟုတ်ဘူး။ ရိုးရိုးလေးပဲ သေခြင်း တရားကတော့ သေမှာပါပဲလို့ပဲ ဆိုရမယ်။ နောက်ပိုင်း, နောက်ပိုင်း သေချိန်ရောက်တဲ့အခါ အမိသေတယ်, အဘသေတယ်, အကိုသေတယ်, အမသေတယ်, အိမ်ရှင်သေတယ်, အိမ်ရှင်မသေတယ်။ ကိုယ်နဲ့ဆက်စပ် လာတဲ့ အခါကျတော့မှ ရင်ဘတ်စည်တီး ဖြစ်တယ်။ စဉ်းစားမိတယ်။

http://www.dhammadownload.com



"သေခြင်း"ဟာ ရိုးရိုးလေးနဲ့ ဆန်းတာပါလား။ ရိုးရိုးလေးပါပဲ။ ရိုးတာကတော့ အများတွေ့နေကျဟာကိုး။ "တကယ်တမ်း ဆန်းကြယ်လှပါပေတယ်"။ အဲဒီတော့ စောစောက ပြောသလိုပဲ။ ရတနာ (၃)ပါး၊ ဆရာမိဘတို့အပေါ်မှာ ကာယကံ, ဝစီကံ, မနောကံနဲ့ ချွတ်ချော် တိမ်းပါးမှုရှိရင် ကန်တော့လိုက်ရင်ပျောက်တယ်။

သူတစ်ပါးအသက် သတ်မယ်၊ သူတစ်ပါးပစ္စည်းခိုးမယ်၊ ဂုံးတိုက်မယ်၊ ကြမ်းကြမ်းတမ်းတမ်း ပြောမယ် အစရှိတဲ့ တစ်ဆယ့်သုံးပါးသော ပြစ်မှုမျိုးတွေ ဖြေဖျောက်တဲ့နည်းများ မရှိဘူးလားဆိုတော့ ဖြေဖျောက်တဲ့နည်းရှိပါတယ်။ အလှူပေးပြီး ဖြေဖျောက်တယ်။ သီလဆောက်တည်ပြီး ဖြေဖျောက်တယ်။ အဲဒီအထဲမှာ သမထကမ္မဋ္ဌာန်းအားထုတ်ပြီးတော့ ဖြေဖျောက်တယ်။ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ပြီးတော့ ဖြေဖျောက်တယ်ဆိုတဲ့ စကားလေးပါရှိတယ်။ ယောဂီသူတော်စင်အားလုံးထဲမှာ အချို့ အချို့ယောဂီတွေ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ အစရှိတဲ့ ဒုစရိုက်တရားတွေကို မလွဲသာ မရှောင်သာရှိခဲ့ဖူးတယ်။ ပြုခဲ့ဖူးတယ်။ စော်ကားခဲ့ဖူးတယ် ဆိုစေကာမူ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းက အင်မတန်အားကောင်းပါတယ်။ ဒါကြောင့် မိမိတို့အားထုတ်ဆဲဖြစ်တဲ့ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းက အင်မတန်အားကောင်းပါတယ်။ ရှေးရှေးပြစ်မှုဒုစရိုက်တွေကို ပပျောက်ချုပ်ငြိမ်း ရုပ်သိမ်းစေနိုင်ပါတယ်။

ကုစားလို့ရတဲ့နည်းကို မြတ်စွာဘုရားက ပဋ္ဌာန်းပါဠိတော် ဒေသနာတော်ကြီးမှာ ဟောထားတာ အဘိဓမ္မာဆိုတော့ ပုဂ္ဂိုလ်မကြည့်ဘူး၊ နှစ်ခွမဖြစ်ဘူး။ ပုဂ္ဂိုလ်ကြည့်ဟောတာ မဟုတ်ဘဲကိုး။ ဓမ္မသဘာဝသက်သက်ပဲ ဟောတာ။ ဒါကြောင့် မြတ်စွာဘုရားရဲ့ စကားတော်ကြီးကို ယုံကြည်ကိုးစား အားထားသောအားဖြင့် ဒုစရိုက်တရားတွေ ရှေးကရှိနေပါစေ မိမိတို့အားထုတ်ဆဲဖြစ်တဲ့ သမထကမ္မဋ္ဌာန်း,

http://www.dhammadownload.com



ဝိပဿနာ ကမ္မဋ္ဌာန်းတရားက တွန်းလှန်ဖြိုဖျက်နိုင်တယ်လို့ ယုံကြည်ကိုးစားပြီးတော့ အားထုတ်သင့်ပါတယ်။

## ပုဂ္ဂိုလ်နှစ်ယောက်

ဒီတရားတော်တွေနဲ့ ပတ်သက်ပြီး နောက်တစ်ခု မြတ်စွာဘုရားက ဘာဆက်ဟောသလဲဆိုတော့ "ရဟန်းတို့ ပုဂ္ဂိုလ်နှစ်ယောက်ရှိတယ်တဲ့။ အဲဒီ ပုဂ္ဂိုလ်နှစ်ယောက်ရဲ့ ကျေးဇူးကို တုံ့ပြန်နိုင်ဖို့ အင်မတန်ခက်တယ်"။ ဘယ်ပုဂ္ဂိုလ်လဲဆိုတော့ အမိနဲ့အဖပါပဲ။

ဆိုကြပါစို့။ အသိဉာဏ်ရှိတဲ့ သားတစ်ယောက်က ကျေးဇူးများလှတဲ့ မိဘတွေကို "ရာသက်လုံးပင် ပုခုံးတင်၍"၊ အသက်တစ်ရာရှည်တဲ့ အမျိုးကောင်းသားက မိဘနှစ်ပါးကို ပုခုံးပေါ်တင်ပြီး လက်ဝဲ လက်ယာ ပုခုံးပေါ်တင်ပြီး လိုလေသေးမရှိ ပြုစုလိုက်တာ နှစ်ပေါင်းတစ်ရာကြာတယ်။ အခင်းလေး, အခင်ကြီး သွားချင်ရင်လဲ ပခုံးပေါ်မှာ သွားရော။ အဝတ်အစားလဲ မလိုစေရဘူး။ ခြေဆုပ် လက်နယ်လဲ ပြုတယ်၊ ရေချိုးပေးတယ်၊ ဆုပ်နယ်ပေးတယ်၊ စားစရာတွေ အပြည့်အစုံ ပေးတယ်။ "ရာသက်လုံးပင် ပုခုံးတင်ပြီး ပြုစုလုပ်ကျွေး သော်လဲ ကျေးဇူးမကျေဘူး"။ ဒါကြားဘူးနေတဲ့စကား။ နောက်တစ်ခုက "ကိုယ့်မိဘများကို လေးစားလွန်းလို့၊ ချမ်းသာစေချင်လွန်းလို့ ကမ္ဘာကြီး တစ်ခုလုံး၊ တစ်နည်းအားဖြင့် သုံးမကုန်၊ စွဲမကုန်၊ ရတနာတွေအပြည့်ရှိတဲ့ ကမ္ဘာမြေပြင်ကြီးကို မိဘများ အုပ်စိုးမှုရအောင် စကြာမင်းဖြစ်အောင် စွမ်းနိုင်လို့ရှိရင် သားက အဲဒီလို ဆောင်ရွက်တင်မြှောက်ပေးသော်လဲ ကျေးဇူးမကျေဘူးတဲ့။ ကျေးဇူးကျေပြီလို့ မပြောနိုင်ဘူး။ မိဘတွေကို တစ်သက်လုံး လုပ်ကျွေးလဲ ကျေးဇူးမကျေဘူး။

http://www.dhammadownload.com



**ကျေးဇူးကျေတဲ့နည်း**

ကျေးဇူးကျေတဲ့နည်းလေးများ မရှိတော့ဘူးလားဆိုတော့ ရတနာသုံးတန် ကံ, ကံ၏အကျိုးကို မယုံကြည်တဲ့ မိဘများကို ယုံကြည်အောင် ဆောင်ရွက်ပေးနိုင်ရင် မိဘကျေးဇူးကျေတယ်။ (၅)ပါး, (၈)ပါး စသည် သီလမရှိတဲ့ မိဘတွေ သီလရှိအောင် ဆောင်ရွက်ပေးနိုင်ရင်၊ ဥပုသ်မစောင့်သုံးတဲ့ မိဘတွေကို ဥပုသ်စောင့်သုံးအောင် ပြုနိုင်ရင် ကျေးဇူးကျေပြီတဲ့။

နောက် တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ စိတ်ဆိုတာ သမာဓိ၊ စိတ်ဖွာဇာကျဲပြီး သမာဓိကင်းမဲ့နေကြတဲ့ မိဘတွေကို စိတ်ဖွာဇာ မကျဲအောင် အမေတရားအားထုတ်စမ်းပါ၊ အဖေ တရားအားထုတ်စမ်းပါ၊ ဘယ်တရား နည်းလမ်းလေးက ကောင်းတယ်။ တရားစခန်း မသွားချင်လဲ နေပါ။ အားထုတ်တဲ့နည်းလေးက ဒီလိုပါ။ အကယ်၍များ မိမိတို့ရဲ့မိဘကို သမာဓိရအောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် မိဘကျေးဇူးကျေပါတယ်။

နောက်တစ်ခုက ရုပ်ဓာတ်, နာမ်ဓာတ်, ပရမတ်တွေကို မမြင်ကြတဲ့ မိနဲ့ဘကို ရုပ်ဓာတ်, နာမ်ဓာတ်, ပရမတ်မြင်အောင် ဝိပဿနာဉာဏ် အဆင့်ဆင့် ရရှိအောင် ပြုပေးမယ်ဆိုရင်လဲ ကျေးဇူးကျေပါတယ်။ ကျေးဇူးဆပ်တဲ့နည်းပါပဲ။ ဒီနည်းနဲ့ပဲ ကျေးဇူးဆပ်ကြရမှာပဲ။ မနေ့ကပဲ ဘုန်းကြီးကို ဒကာမလေးတစ်ယောက်က လျှောက်တယ်။ သူတို့မိခင်ကြီး, ဖခင်ကြီး (၂)ပါးရှိတယ်။ ဖခင်က အင်မတန် ဘုရားတရားကို လေးစားပြီးတော့ အချိန်ရှိတိုင်း ရှိတိုင်းဘုရားရှေ့မှာ နေတာများပါတယ်။ မိခင်ကျတော့ သားသမီးအပေါ် သံယောဇဉ်နဲ့ မြေးတွေ အပေါ် သံယောဇဉ်နဲ့ တရားပွဲလဲ မသွားဖြစ်ဘူး။ ရိပ်သာလဲ မသွားဖြစ်ဘူး။ အဲဒါကို ညီကိုမောင်နှမတွေက ဝိုင်းပြီး တရားနာပါ၊ တရားအားထုတ်ပါဆိုပြီး တိုက်တွန်းနေရတဲ့အကြောင်း လျှောက်ထားပါတယ်။ ဒါအမှန်ပဲ သားသမီးများက အရေးကြီးပါတယ်။ ဘုန်းကြီးတို့

http://www.dhammadownload.com



တတွေပဲ ဒီလိုကျေးဇူးဆပ်ခွင့်မရတာ ရှိတယ်။ နေရာဒေသက တစ်ခြားစီ နေကြရတာက တစ်ကြောင်း၊ သားသမီးက မိဘကိုဟောရတာလဲ အတော်ခက်တယ်။ ဘုန်းကြီးတို့ "ကနီမြို့နယ်၊ ကုန်းသာရွာ"မှာ တရားစခန်းရှိတယ်။ ဒီက စာချဆရာတော် ဦးသုဟိတ ဦးဆောင်ပြီးတော့ တရားပြနေပါတယ်။ ဖွင့်တာလဲ ဒီတရားစခန်းနဲ့ တစ်ချိန်တည်းပါပဲ။

တစ်နှစ်က ဦးကောသလဆိုတဲ့ ကိုယ်တော်သွားပြီး တရားပြပါတယ်။ တရားထိုင်တဲ့အထဲမှာ သူ့ဦးလေးကပါတော့ ဘာပြောသလဲ ဆိုတော့ "ငါ့တူလေး တရားဟောနေတာပါဟာ၊ ဘယ်သူလဲလို့တဲ့" အတော်ခက်တယ်။ ဟောတိုင်းလဲ တရားနာယူကြတာ မဟုတ်ပဲကိုး။ သားသမီးများက မိဘကိုဟောတဲ့ အခါမျိုးမှာတော့ အောင်မြင်ဖို့ရာလဲ ခက်တာကိုး။ ဘုရားရှင် ဆွေတော်မျိုးတော်တို့ဆီကြွတော့ တန်ခိုး အမျိုးမျိုး ပြခဲ့ရတယ်မဟုတ်လား? ကျေးဇူးဆပ်တဲ့ နေရာမှာ-

- သဒ္ဓါတရားမရှိတဲ့မိဘ သဒ္ဓါတရားရှိအောင်၊
- သီလမရှိတဲ့မိဘ သီလရှိအောင်၊
- သမာဓိမရှိတဲ့မိဘ သမာဓိရှိအောင်၊
- ရုပ်ဓာတ်, နာမ်ဓာတ်မသိ၊ ပညာမရှိတဲ့ မိဘ ရုပ်နာမ် သိအောင် ဝိပဿနာဉာဏ် အဆင့်ဆင့်ရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးဆပ်နိုင်ပါတယ်။ ကျေးဇူးကျေပါတယ်လို့။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အပြင် သီရိဓမ္မာသောကမင်းကြီးလက်ထက် ကိုးတိုင်းကိုးဌာန သာသနာပြုကြွဖို့ စေလွှတ်ကြတဲ့အခါ သီဟိုဠ် (သီရိလင်္ကာ) သာသနာပြု ကြွတော်မူတဲ့ အရှင်မဟိန္ဒ အစရှိတဲ့ ဆရာတော်များ ဒီမိဘကျေးဇူးဆပ်ပုံတရားကို ပထမဆုံးသာသနာပြု တရားအဖြစ်နဲ့ဟောတာ ဒီ"သမစိတ္တဝဂ်" ပါပဲ။

ဒါကြောင့်မို့ မိမိတို့သဒ္ဓါတရားရှိရုံနဲ့ပြီးရော့လား၊ မပြီးဘူး။ မိမိတို့ သီလရှိရုံနဲ့ ပြီးရော့လား၊ မပြီးဘူး။ မိမိတို့သမာဓိရှိရုံနဲ့ ပြီးရော့လား၊ မပြီးဘူး။ မိမိတို့ဝိပဿနာဉာဏ်အဆင့်ဆင့် ရပြီဆိုရုံ မိဘများအား

http://www.dhammadownload.com



ကျေးဇူးဆပ်တဲ့နေရာမှာ တရားနဲ့ကျေးဇူးဆပ်တာဟာ အကောင်းဆုံး ဖြစ်တဲ့အတွက် ဘုရားရှင်ကိုယ်တော်တိုင် တာဝတိံသာကြပြီး မယ်တော် မိနတ်ကို "နို့ဖိုးဆပ်" တရားဟောတာ။ ဒီတရားတော်တွေကို သင်ယူခွင့်၊ နာကြားခွင့်၊ အားထုတ်ခွင့်ရကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကံကောင်းတဲ့ပုဂ္ဂိုလ် တွေလို့ မိထွေးတော် ဂေါတမီ အရိယာဘိက္ခုနီ အရှင်မကြီးကလဲ-

**မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဃ္ဃါနိ ဟိတာနိစ။**

**ယေတေဝါကျာနိ သုဏန္တိ၊ တေပိ ဓညာ နရုတ္တမ။**

နရုတ္တမ= သုံးမည်လူနတ် တို့ထက်မြတ်သည့် တုလွတ်ဘုန်းမော် အို-သားတော်ဘုရား။ ယေ= အကြင်အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတို့သည်၊ မဓုရာနိ= သာယာချိုမြိန် တင်းတိမ်အားရဖွယ် ကောင်းမြတ် လှကုန်သော၊ ပဟဋ္ဌာနိ= စိတ်နှလုံးကို ချမ်းငြိမ်အေးမြစေနိုင်ကုန်သော၊ ဒေါသဃ္ဃါနိ= ပစ္စုပ္ပန် သံသရာနှစ်ဖြာသော အပြစ်အနာအဆာ အကျိုး အမဲ့ အဆိုးအရွဲ့တို့ကို ချိုးဖဲ့ဖျက်ဆီးတတ်ကုန်သော၊ ဟိတာနိ= ကောင်းကျိုးချမ်းသာကိုသာ ဖြစ်စေတတ်ကုန်သော၊ တေ= အရှင်မြတ် ဘုရား၏၊ ဝါကျာနိ= ဘုရားမုခပါဌ် တရားတော်မြတ်တို့ကို၊ သုဏန္တိ= နာယူမှတ်သား ဆောင်ထားကျင့်ကြံ ကြိုးကုတ်အားထုတ်ခွင့် ရကြပေ ကုန်၏။ တေပိ= ထိုတရားကို မြတ်နိုး၍ နာကြားဆောင်ယူ ကျင့်ကြံ ကျိုးကုတ် အားထုတ်ခွင့်ရကြကုန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်လည်း၊ ဓညာ= ရှေးအကြောင်းရင်း ကောင်းခဲ့ ခြင်းကြောင့် ပြည့်တင်းဂုဏ်ဝါ ဘုန်းရှင်ကံရှင် သမ္မာရှင်များ ဖြစ်ကြပါ ကုန်သည် မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

ဒါကြောင့် ကမ္ဘာ့လူထုကြီးထဲမှာ လူနည်းစု လူနည်းစု လက်တဆုပ်စာလေးသာ အားထုတ်ခွင့်ရကြတဲ့ ဗုဒ္ဓဘုရားရဲ့ တရားတော် ကို အားထုတ်ခွင့်ရကြတဲ့ ပုဂ္ဂိုလ်တွေ၊ အမျိုးကောင်းသား၊ အမျိုးကောင်း သမီးအားလုံးဟာ ကံကောင်းကြပါတယ်တဲ့။ မိထွေးတော် ဂေါတမီ

http://www.dhammadownload.com



ရဟန္တာထေရီမကြီးက ပရိနိဗ္ဗာန်စံကာနီး အဲဒီလိုလျှောက်သွားတယ်။ နောက်ဆက်ပြီးလျှောက်တာက-

**ယံ န ဒိဋ္ဌံ ပုရာဏေဟိ၊ တိတ္ထိကာစရိယေဟိပိ။**
**တံ ပဒံ သုကုမာရီဟိ၊ သတ္တဝဿာဟိ ဝေဒိတံ။**

ပုရာဏေဟိ= ဘုရားမပွင့်ခင် ရှေးယခင်က လူတွင်ထင်ပေါ် အကျော်အမော် ဖြစ်ကြကုန်သော၊ တိတ္ထိကာစရိ ယေဟိပိ= အယူဝါဒ ကိုယ်တိုင်စ၍ ဂဏာဦးစီး တိတ္ထိဆရာကြီးတို့သော်မှ၊ ယံ ပဒံ= ရောင့်သင့် ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက်သိရန် အကြင်နိဗ္ဗာန်ကို၊ နဒိဋ္ဌံ= တွေးလိုက်ကြံလိုက် ဉာဏ်မြင်ဆိုက်အောင် တိုက်ရိုက်ထင်ထင် မတွေ့ မမြင်ခဲ့ကြပါချေ။ ဘုရားမပွင့်ခင်ထဲက ဘုရား, ဘုရားလို့ နာမည်ခံ နေကြတဲ့ ပုဂ္ဂိုလ်တွေက ရှိနေကြပါတယ်။ ဘုရားမပွင့်မီ နှစ်ပေါင်း ၁၀၀၀ ကစပြီး ဘုရားပွင့်တော့မယ်ဆိုတဲ့ ကောလာဟလကြီးက ဖြစ်နေတယ်။ အခုခေတ်ကျတော့ ကောလာဟလက အဓိပ္ပါယ်တစ်မျိုး၊ ဟိုတုန်းက ကောလာဟလကြီး ငါးမျိုးကတော့ အမှန်၊ အခုခေတ်က ကောလာဟလ တွေပါဆိုတဲ့ ကောလဟလတွေက အင်မတန်များတာ။ ကောလဟလ ဆိုတာ အုံးအုံးကြွက်ကြွက် ဖြစ်ပေါ်တဲ့ အသံဗလံလို့ အဓိပ္ပါယ်ရတယ်။ ကောလဟာလဆိုရင် လူတွေကတော့ သိနေကြတယ်။ အုံးအုံးကြွက်ကြွက် အသံထွက်လာတာကို ကောလာဟလလို့ ခေါ်ရတယ်။ "ဗုမ်ထောင် သိန်းဘာ" ဆိုတဲ့အတိုင်း ဘုရားမပွင့်မီ နှစ်ပေါင်း ၁၀၀၀ က ဘုရားပွင့် လိမ့်မယ်ဆိုတော့ ပုရာဏကဿပကြီးကလဲ ငါဘုရား၊ အဇိတကေသ ကမ္ဗလကလဲ ငါဘုရား၊ နိဂဏ္ဌနာဋပုတ္တကလဲ ငါဘုရား အယူဝါဒများတွေ ထိုက်တန်သလောက် ထူထောင်ပြီးတော့ "ဘုရား"လို့ အမည်ခံပြီးတော့ နေကြတယ်။ ဘုရားလို့ အမည်ခံပြီးတော့ အယူဝါဒတစ်ခုကို ဖန်တီး လိုက်တယ်။ နတ္ထိက အယူ၊ အကိရိယအယူ အစရှိသည် များပါတယ်။ အဇိတကေသ ကမ္ဗလ က နတ္ထိဒိန္နံ= အလှူပေးတာ အကျိုးမရှိဘူး။ နတ္ထိ ယိဋ္ဌံ= စားဦးစားဖျားလှူတာ အကျိုးမရှိဘူး။ နတ္ထိ ဟုတံ= ပူဇော်ပွဲကြီးတွေ

http://www.dhammadownload.com



လုပ်တာလဲ အကျိုးမရှိဘူး။ နတ္ထိ မာတာနတ္ထိပိတာ= မိဘတွေနဲ့ ပတ်သက်ပြီး ပြုစုတာအကျိုးမရှိဘူး။ စော်ကားပြစ်မှားရင်လဲ အပြစ်မရှိဘူး။

နတ္ထိ အယံလောကော ပရောလောကော= ဤလောကမရှိဘူး။ တမလွန်လောက မရှိဘူး။ နတ္ထိ သုကဋ္ဌ ဒုက္ကဋ္ဌာနံ ကမ္မာနံ ဖလံ ဝိပါကော= ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်တွေ ဘာမှ မရှိပါဘူး။ နတ္ထိ သတ္တာဩပပါတိကာ= ကိုယ်ထင်ရှား နတ်ပြိတ္တာတွေ မရှိဘူး။ နတ္ထိ လောကေ သံမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဥ္စ လောကံ ပရဥ္စလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ= ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တွေ လောကမှာ မရှိဘူး။ သူကတော့ ဘာသွားပြောလိုက် ပြောလိုက် "မရှိဘူး"ချည်းပဲ။ သူက "မရှိ"နဲ့ လာခဲ့တာကိုး။ အဇိတကေသကမ္ဗလကြီးက "မရှိဝါဒ ထူထောင်ထားတော့ နောက်လိုက်တွေများတယ်။ နောက်က တစ်အုန်းအုန်းနဲ့ နေတာပဲ။ အဲဒီတော့ သူကသဘောကျတယ်။ အမှန်တော့ သူကဘာမှ မသိဘူး။ မရှိဝါဒကို အရသာတွေ့ပြီးတော့ "ဘုရားကွ"လို့ အဲဒီလို နာမည်ခံလိုက်တာပဲ။

မက္ခလိဂေါသာလဆိုရင် ဘုရားဖြစ်တာ ဘယ်လိုဖြစ်သလဲဆိုရင် သူကနွားခြံထဲမွေးလို့ ဂေါသာလလို့ နာမည်ရတာ။ နောက်ဆီစက်မှာ အလုပ်လုပ်တယ်။ တစ်နေ့မှာ ဆီစက်ပိုင်ရှင်က ဆီပုန်းအထမ်းခိုင်းတာ ဆီစက်ပိုင်ရှင်က "မာခလိ" မချော်စေနဲ့နော်လို့ ပြောနေတုန်း ရှိသေးတယ်။ ခလုတ်တိုက်ပြီးလဲတော့ ဆီပုန်းမှောက်သွားတယ်။ အဲဒီမှာ ဆီစက် ပိုင်ရှင်က အဝတ်ပုဆိုးဆွဲလိုက်တဲ့အခါ အဝတ်ချွတ်ပြီး ထွက်ပြေးတယ်။ အဝတ်မပါပဲနဲ့ ရွာထဲဝင်သွားတဲ့အခါ ရွာသားတွေက "ဟာ-ဒီပုဂ္ဂိုလ် ကတော့ သန္တုဋ္ဌိ သလ္လေခ= ချိုးခြံတဲ့အကျင့်ရှိတဲ့ ပုဂ္ဂိုလ်ပဲ။ ဒါမှ ဘုရားပဲ"ဆိုပြီး ကိုးကွယ်ကြတယ်။ "မက္ခလိဂေါသာလ"လို့ ထင်ရှားတယ်။

http://www.dhammadownload.com



အဲဒီတော့ သူကစဉ်းစားတယ်။ အဝတ်ဝတ်တုန်းက ဘုန်း,မကြီးဘူး။ အဝတ်မဝတ်မှ ဘုန်းကြီးတယ်ဆိုပြီးအဝတ်မဘဲနဲ့ ဘုရားအမည်ခံတာပါပဲ၊ ဘုရားဖြစ်ပုံက အဲ့ဒီလိုဖြစ်တာ၊ ဒါပေမဲ့ သူ့နောက်လိုက်မည့် လူကအများကြီးပဲ။ ပုရာဏောဟိ= ဘုရားမဖွင့်ခင် ရှေးယခင်က လူတွင်ထင်ပေါ်အကျော်အမော်ဖြစ်ကြကုန်သော၊ တိတ္ထိကာစရိယေဟိပိ= အယူဝါဒကိုယ်တိုင်စ၍ ဂဏဦးစီး တိတ္ထိဆရာကြီးတို့သော်မှလည်း၊ ယံပဒံ= ရောက်သင့်ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက်သိရန် အကြင်နိဗ္ဗာန်ကို၊ နဒိဋ္ဌံ= တွေးလိုက်ကြံလိုက် ဉာဏ်မြင်ဆိုက်အောင် တိုက်ရိုက်ထင်ထင် မတွေ့မမြင်နိုင်ခဲ့ကြပါချေ။

“ဘုရား”အသံကြားတာနဲ့ သူတို့ကရောက်နေနှင့်ပြီ။ အဲဒီပုဂ္ဂိုလ်တွေဟာ တွေးလိုက်ကြံလိုက်နဲ့ နိဗ္ဗာန်တွေ့မသွားကြပါဘူး။ တံပဒံ= ရောက်သင့်ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက်သိရန် ထိုနိဗ္ဗာန်ကို၊ သတ္တဝဿာဟိ= မိဘကိုချစ် နွဲ့တုံးဖြစ်၍ (၇)နှစ်အရွယ် ငယ်ရှာကြကုန်သော၊ သုကုမာရီဟိ= ရှေ့ဘုန်းရှေးကံ ဂုဏ်တန်ရင့်ပြီး အမျိုးသမီးငယ်လေးတို့သော်မှ တိတ္ထိဆရာကြီးတွေ ဇရာမဆရာကြီးတွေ မရောက်နိုင်တဲ့နိဗ္ဗာန်ကို (၇)နှစ်အရွယ်သာ ရှိကြသေးတဲ့ အမျိုးသမီးငယ်များ၊ မိဘကိုချစ်တုန်းပဲ နွဲ့တုန်းပဲ။ အဲဒီအရွယ်ကလေး များသော်မှ ဝေဒိတံ= သားတော်ဘုရား မိန့်တရားကြောင့် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပေပြီ ဘုရား။

(၇)နှစ်အရွယ် ငယ်ရှာကြတဲ့ အမျိုးသမီးငယ်များသော်မှ တိတ္ထိဆရာကြီး တွေတောင် မမြင်နိုင်တဲ့ နိဗ္ဗာန်ကို မြင်ခဲ့ရပါပြီ။ ရှင်တော်ဘုရားရဲ့ တရားတော်ကြောင့် မျက်ဝါးထင်ထင် သိမြင်ခဲ့ရပါပြီလို့ မိထွေးတော်ဂေါတမီက မြတ်စွာဘုရားအား လျှောက်ထားတယ်။

ယနေ့ ယခုအားထုတ်ရတဲ့ တရားတော်သည် လောဘကုန်ရာ လောဘက္ခယ၊ ဒေါသကုန်ရာ ဒေါသက္ခယ၊ မောဟကုန်ရာ မောဟက္ခယ။ ဒုစရိုက်တရားအားလုံး အဆိုးဟူသမျှ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုတဲ့ အငြိမ်း

http://www.dhammadownload.com



မာတ်ကြီးကို ရရှိရန် မြတ်စွာဘုရား ညွှန်းပြတော်မူတဲ့အတိုင်း ကျင့်ပွား သွားကြလို့ (၇)နှစ်အရွယ် အမျိုးသမီးငယ်များသော်မှ နိဗ္ဗာန်ရကြသေးရင် ငါတို့တတွေ ဘာကြောင့် မရရမှာလဲလို့ အားခဲပြီးတော့ ကြိုးစားကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁၁)ရက်

**ယာဥ်သုံးပါး**

ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၁၁)ရက် (၁၅-၄-၂၀၀၄) ကြာသပတေး။ နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်မြတ်ကြီးရဲ့ ထီးတော်ရိပ်မှာ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းနေကြတဲ့ ယောဂီသူတော်စင်များ သမထကမ္မဋ္ဌာန်းကနေ ဝိပဿနာဖက် ကူးပြောင်းလာခဲ့ကြပြီ။

သမထကမ္မဋ္ဌာန်း အားထုတ်စဥ်အခါက နေရာကလဲ ဆိတ်ငြိမ်ဖို့လိုတယ်။ ဝီရိယကလဲ ပြင်းထန်ဖို့လိုတယ်။ ဝိပဿနာပိုင်း ရောက်တဲ့အခါကျတော့ သွားရင်း, လာရင်း, နေရင်း, ထိုင်ရင်းနဲ့ ဉာဏ်အသုံးချမှုသာ ပဓာနဖြစ်ပါတယ်။ ဝိပဿနာကတော့ ချက်ရင်း, ပြုတ်ရင်း တရားရသွားတဲ့သူတွေလဲ ရှိပါတယ်။ သွားရင်း, လာရင်းနဲ့ တရားအာရုံယူစရာတွေ ဝိပဿနာဉာဏ်ရဲ့ အစာတွေ အင်မတန်များပြားပါတယ်။ ဒါကြောင့် ယနေ့ ဝိပဿနာပိုင်း ကူးလာတဲ့အခါ သံသရာလောကကြီးမှာ ကျင်လည်ကျက်စားပြီးတော့ ဘေးဒုက္ခအမျိုးမျိုးနဲ့ ရန်အမျိုးမျိုး, မာန်အမျိုးမျိုးနဲ့ နေထိုင်ကြတဲ့ ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက နိဗ္ဗာန်ခေါ်တဲ့ ဘေးမဲ့နိုင်ငံတော်ကြီးကို ပို့ဆောင်တော်မူပါတယ်။ အဲဒီလို ပို့ဆောင်တဲ့နေရာမှာ ရောက်စေလိုတော်မူတဲ့နေရာကို လက္ခဏာယာဥ်သုံးပါးနဲ့ ပို့ပါတယ်။ လက္ခဏာယာဥ်ဆိုတာ- အနိစ္စလက္ခဏာယာဥ်၊ ဒုက္ခလက္ခဏာယာဥ်၊ အနတ္တလက္ခဏာယာဥ်ရယ်လို့ လက္ခဏာယာဥ် (၃)မျိုး။ အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တအမှတ်တံဆိပ်၊ အမှတ်တံဆိပ်ကြီးတွေ (၃)မျိုးမြင်အောင်ကြည့်တဲ့နည်းနဲ့ပဲ နိဗ္ဗာန်ကို ရောက်စေတော်မူခဲ့တာပါပဲ။

ယနေ့ ယောဂီသူတော်စင်များ ဝိပဿနာပိုင်း ကူးလာတဲ့အခါ အနိစ္စလက္ခဏာယာဥ်၊ ဒုက္ခလက္ခဏာယာဥ်၊ အနတ္တလက္ခဏာယာဥ်ကိုပဲ ဦးစားပေးပြီး စီးဖြန်းရှုပွားကြရမှာပဲ။ ဒါကြောင့်-

http://www.dhammadownload.com



**သံသာရ စာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။**
**နိဗ္ဗာန ပုရံ ပါပေသိ၊ ယာနတ္တယေန သောဇိနော။**
**ဧတေန သစ္စဝဇ္ဇေန၊ ဟောတု ဝေါ ဇယမင်္ဂလံ။**

သောဇိနော= အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာ အောင်မြင် ထိုဘုရားရှင်သည်၊ သံသာရစာရကံ လောကံ= သံသရာ၌ ကျင်လည်ကျက်စား ပြေးသွားနေသော နတ်လူပြဟ္မာ သတ္တဝါအပေါင်း ကို၊ နိစ္စံ= အမြဲ၊ ဒုက္ခပီဠိတံ= ဆင်းရဲဖြင့် နှိပ်စက်အပ်သည်ဖြစ်၍၊ ဒုက္ခပိဠိတံ= အိုဘေးဆိုးကြီး, နာဘေးဆိုးကြီး, သေဘေးဆိုးကြီး ဆင်းရဲတို့က အဖန်ဖန်အထပ်ထပ် ညှင်းပန်းနှိပ်စက်အပ်သည်ဖြစ်၍၊ နိဗ္ဗာနပုရံ= နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးသို့၊ ယာနတ္တယေန= ယာဉ်သုံးပါးဖြင့်၊ ပါပေသိ= ရောက်စေတော်မူခဲ့လေပြီ။ **ဧတေနသစ္စဝဇ္ဇေန**= ဤသို့ မဖောက်မပြန် မှန်ကန်စွာ ပြောဆိုရသောစကားကြောင့်၊ ဝေါတုမှာကံ= နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက် သုကုမာရဓမ္မဒီပနီ သုံးထပ်ကျောင်းဆောင်ကြီး၌ နှစ်ခြိုက်ရွှင်ပြ ဓမ္မနာယူ သမထ ကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း အာရုံယူနေကြကုန်သော ယောဂီသူတော်စင် အပေါင်းတို့အား၊ ဇယမင်္ဂလံ= အောင်ခြင်းမင်္ဂလာ အဖြာဖြာသည်၊ **ဇယမင်္ဂလံ**= မိမိတို့လိုချင်သော သမထကမ္မဋ္ဌာန်းအာရုံ၊ ဝိပဿနာ ကမ္မဋ္ဌာန်းအာရုံ၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုရခြင်းဟုဆိုအပ်သော ကောင်းခြင်းမင်္ဂလာ အောင်ဆုအဖြာဖြာသည်၊ ဟောတု= မုချမသွေ ဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

နိဗ္ဗာန်ကို ဘုရားကပို့တယ်ဆိုတဲ့နေရာမှာ လက်နဲ့ဆွဲတင်ပြီး ပို့တဲ့ပို့နည်းမျိုးတော့ မဟုတ်ဘူး။ လက္ခဏာယာဉ်နဲ့ အနိစ္စလက္ခဏာ ယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ်နဲ့ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်ပေါက်အောင် ရှုပွားဆင်ခြင်ခိုင်းပြီးတော့မှ

http://www.dhammadownload.com



နိဗ္ဗာန်ရွှေမြို့တော်ကြီးကို ရောက်စေတော်မူခဲ့ပါတယ်။ အဲဒီလို ရှုပွား ဆင်ခြင်မှုနဲ့ ပတ်သက်ပြီး ယနေ့ သမထကမ္မဋ္ဌာန်းမှ ဝိပဿနာကမ္မဋ္ဌာန်း ကူးပြောင်းအားထုတ်တယ်ဆိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က ဖြစ်စဉ်လေးတစ်ခု ရှိပါတယ်။

**ပဗ္ဗတူပမသုတ္တန်**

မြတ်စွာဘုရား သီတင်းသုံးတော်မူရာကို ကောသလမင်းကြီး မကြာမကြာ လာရောက်ဖူးမျှော်လေ့ရှိပါတယ်။ တစ်နေ့ကျတော့ ကောသလမင်းကြီးက မြတ်စွာဘုရားထံ ဘုရားဖူးသွားမယ်ဆိုတော့ သူခိုး (၅၀၀)က မင်းကြီးကိုဖမ်းပြီး အရိုက်အရာယူဖို့ ကြိုးစားကြတယ်။ **"ရှင်ဘုရင်တို့မည်သည် တိုင်းသူပြည်သားတို့ထက် ခြေတစ်လှမ်းသာ စမြဲ"** ဆိုတော့ ကောသလမင်းကြီးက စစ်သည်ဗိုလ်ပါများစွာဖြင့် ခိုးသား (၅၀၀)တို့ကို ဖမ်းပြီး ခိုးသားတစ်ဦးနဲ့တစ်ဦး မြင်သာတဲ့ နေရာမှာ ကြိုးနဲ့ချည်တုပ်ထားပါတယ်။ လက်ပြန်ကြိုးတုပ်ထားတယ်။ သစ်ပင်မှာ ချည်ထားတယ်။

အဲဒီလို ပြုလုပ်ပြီးမှ ကျောင်းတော်သွားရတော့ နောက်ကျသွား ပါတယ်။ နောက်ကျရတဲ့အကြောင်းကို မြတ်စွာဘုရားက သိပါတယ်။ သိပေမဲ့ "မင်းကြီး ဒီနေ့နောက်ကျမှ လာခဲ့သကိုး"လို့ မိန့်တော့ "မှန်ပါတယ်ဘုရား၊ တပည့်တော်တို့ မင်းစိုးရာဇာများ အင်မတန်အလုပ် ကိစ္စများလှပါတယ် ဘုရား"လို့ လျှောက်ထားတယ်။ ဒီအခါ မြတ်စွာ ဘုရားက သိတော်မူတာနဲ့ "ပဗ္ဗတူပမသုတ္တန်"ဆိုပြီးတော့ တောင်ကြီးတွေ၊ ကျောက်တောင်ကြီးတွေက ဥပမာပေးဟောကြားတော်မူတဲ့ ဒေသနာ တော်ကို ဆက်ပါတယ်။

"ကောသလမင်းကြီး သင့်လူယုံတော်တစ်ယောက်က သံတော်ဦး တင်လိမ့်မယ်၊ အရှေ့အရပ်က ကျောက်တောင်ကြီး (၂)လုံး တရွေ့ရွေ့နဲ့ ရွေ့လျားပြီးလာနေပါတယ်။ ရှိသမျှ မြို့သူမြို့သားတွေ သေလောက်တဲ့

71(A)

http://www.dhammadownload.com



အခြေအနေမျိုး ရှိပါတယ်တဲ့။ လူမျိုး ပျက်သုဉ်းသွားနိုင်ပါတယ်။ လူမျိုးသုဉ်းဘေးကြီး ဆိုက်နိုင်ပါကြောင်း သံတော်ဦးတင်လိမ့်မယ်။ တောင်အရပ်က လူယုံတော်၊ အနောက်အရပ်က လူယုံတော်၊ မြောက်အရပ်က လူယုံတော်တွေကလဲ ဒီလိုပဲ သံတော်ဦးတင်ကြလိမ့်မယ်။ အရပ်ရပ်က ကျောက်တောင်ကြီးတွေ တရိပ်ရိပ်နဲ့ ဘယ်လိုမှလဲ ပြေးလို့ကမလွယ်ဘူး။ အရှေ့, အနောက်, တောင်, မြောက် ကျောက်တောင်ကြီးတွေက (၂)လုံး (၂)လုံးစီ အဲဒီအခါမှာ သင့်နန်းတွင်းသူ နန်းတွင်းသားတွေက တံစိုးလက်ဆောင်တွေ ပေးပြီးတော့ ဒီဘေးဆိုးက လွတ်မြောက်အောင် ကြိုးစားဖို့ အခွင့်သာပါဦးမလား၊ အခွင့်မသာတော့ပါဘူး ဘုရား။ ကြိုးစားကော ကြိုးစားဦးမလား"ဆိုတော့ **"မကြိုးစားတော့ပါဘူးဘုရား"**။

"ဒါဖြင့် မူးကြီးမတ်ရာ သေနာပတိတွေက ဒီကျောက်တောင်ကြီးတွေ တရိပ်ရိပ်လာနေတာ။ တစ်ခါထဲ ကျောင်တောင်ကြီးတွေက လူအားလုံးကို နန်းတွင်းသူ နန်းတွင်းသားအားလုံးကို ကြိတ်ညှပ်ပြီးတော့ သတ်ဖြတ်ပြီးတော့ လူမျိုးသုဉ်းမည့်ဘေးကြီးကို တံစိုးလက်ဆောင်တွေပေးပြီး ကာကွယ်နေလို့ကော သင့်ပါ့မလား"၊ "မသင့်ပါဘုရား" မုချဧကန် လူမျိုးသုဉ်းဘေးကြီး ရောက်နေပါပြီ။ ဒါဖြင့် အဲဒီလို အချိန်မှာ သင်မင်းကြီးဘာအလုပ်လုပ်မလဲ။ ဘယ်လိုများ စီမံမလဲ၊ ဘာစီမံကိန်းများ ချလိုပါသလဲ"ဆိုတော့ ကောသလမင်းကြီးက အဲဒီလို ကြမ်းတမ်းတဲ့ လူမျိုးသုဉ်းဘေးကြီး ဆိုက်ရောက်လာတဲ့အခါမှာ -

**န အညတြ ဓမ္မစရိယာယ၊**

**န အညတြ ကုသလစရိယာယ၊**

**န အညတြ ပုညကိရိယာယ။**

အဲဒီလို ဘေးဆိုးကြီးကြုံလာတဲ့အခါမှာ တရားကျင့်ရုံမှတစ်ပါး၊ ဒုစရိုက်တရားတွေ ရှောင်ရှားပြီး သုစရိုက် တရားတွေ ကျင့်ရုံမှတစ်ပါး ကုသိုလ်ပြုရုံမှတစ်ပါး အခြားလမ်းရွေးချယ်ဖို့ မရှိပါဘုရား"လို့

http://www.dhammadownload.com



ကောသလမင်းကြီးက လျှောက်ထားတယ်။ "တရားကျင့်ရုံပဲ ရှိပါတော့တယ်ဘုရား၊ ကုသိုလ်ပြုရုံပဲ ရှိပါတော့တယ်"တဲ့။ အဲဒီလို လျှောက်ထားသလိုပဲ ၁၃၆၅ သက္ကရာဇ်ကာလ နှစ်ဆန်းတစ်ရက်နေ့ကစပြီး စက္ကန့်သံသရာလေးတွေနဲ့ ဖြစ်၊ ပျက်ပြီးတော့ လာခဲ့ကြတာ။ စက္ကန့်သံသရာ၊ မိနစ်သံသရာ၊ နာရီသံသရာ၊ ရက်သံသရာ၊ လသံသရာ၊ အခုဆိုရင် နှစ်သံသရာ မနက်ဖြန် (၁)ရက်ပဲ ကျန်တော့တယ်။ ဒီလို လည်ပတ်ပြီး လာခဲ့ကြတာ။ ရပ်ပြီးနေတာ မဟုတ်ဘူး။ ဖြစ်လာတယ်၊ ပျက်သွားတယ်။

- မြင်သိစိတ်တွေ အကြိမ်ပေါင်းများစွာ ဖြစ်/ပျက်
- ကြားသိစိတ်တွေ အကြိမ်ပေါင်းများစွာ ဖြစ်/ပျက်
- နံသိစိတ်တွေ အကြိမ်ပေါင်းများစွာ ဖြစ်/ပျက်
- စားသိ/လျှက်သိစိတ်တွေ အကြိမ်ပေါင်းများစွာ ဖြစ်/ပျက်
- ထိသိစိတ်တွေ အကြိမ်ပေါင်းများစွာ ဖြစ်/ပျက်
- တွေးကြံသိစိတ်တွေ အကြိမ်ပေါင်းများစွာ ဖြစ်/ပျက်

စိတ်ကလေးတည်ကြည်ငြိမ်သက် မလှုပ်ယှက်လို့ သမာဓိရလာတဲ့အခါ ဒါတွေကြည့်တတ်လာတယ်။ နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်မြတ်ကြီးရဲ့ ဆွဲလဲသံကို ကြားပြီးတော့ အဲဒီဖြစ်တဲ့အသံဟာ ဘယ်လိုများပျက်သွားသလဲဆိုတော့ "အနုပ္ပန္နာဝုပ္ပဇ္ဇန္တိ" အဲဒီ ကြားသိစိတ်ကလေးဖြစ်ပေါ်လာတဲ့အခါ ကြိုကြိုတင်တင် ကြားသိစိတ်ဖြစ်ပေါ်နေတာ မဟုတ်ပါဘူး။ ခေါင်းလောင်းသံကိုကြားမှ ကြားသိစိတ်ကလေးဖြစ်ပေါ်လာတာ။ "ဥပ္ပန္နာပိ နိရုဇ္ဈရေ" ကြားသိစိတ်ကလေး ဖြစ်ပေါ်လာတော့ကော ရပ်ထားလို့မရဘူး။ စုပုံထားလို့ မရဘူး။ ဆံချည်တစ်မျှင်လေးမျှ မရွေ့ပဲနဲ့ ဖြစ်ပြီးတော့ ပျက်သွားတယ်။

**"နိစ္စံ နဝါဝ သင်္ခါရာ"** မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်တွေအားလုံးဟာ အသစ်အသစ်တွေပါပဲ။ **"ဝိဇ္ဇာသဒ္ဒ သမူပမာ"** စောင်းသံများလိုပါပဲ။ စည်ပြင်တစ်ခုကို လက်ရိုက်တုံးနဲ့ တီးခတ်လိုက်တဲ့အခါကျတော့

72(A)

http://www.dhammadownload.com



သွားရေပြောင်ရယ်၊ လက်ရိုက်ဒုတ်ရယ် ထိမိမှ စည်သံထွက်ပြီးတော့ လာတယ်။ တစ်ချက်တီးလိုက်ရင် တစ်ခါကြားသိစိတ် ဖြစ်ပေါ်တယ်။ အသံမြည်ဟိန်းလာတယ်။ ကြားသိစိတ် ဖြစ်ပေါ်လာတယ်။ ကြားသိစိတ်ဟာ စောစောက ရှိနေတာလဲ မဟုတ်ဘူးတဲ့။ အသံဖြစ်ပေါ်လာတော့ ကြားသိစိတ် ဖြစ်လာတော့ အသံကို စုပုံထားဦးမှပဲ။ ကောင်းလွန်းလို့ဆိုပြီး စုပုံထားလို့ ရတဲ့ဟာလဲ မဟုတ်ဘူးတဲ့။

အသံကလဲ အသစ်အသစ်၊ ကြားသိစိတ်ကလေးကလဲ အသစ်အသစ်ဖြစ်ပေါ်လာတယ်။ အဲဒီတော့ မမြဲတဲ့သဘောလေးဟာ အင်မတန်ထင်ရှားတယ်။ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ သုံးပါးထဲမှာ အသိအခက်ဆုံးနဲ့ မထင်ရှားဆုံးလက္ခဏာဟာ အနတ္တလက္ခဏာပါ။ အနတ္တလက္ခဏာဟာ နောက်ဆုံးပန်းတိုင်ကို ရောက်စေတာပါပဲ။ အနတ္တလက္ခဏာဟာ ထင်လဲမထင်ရှားဘူး။ အသိလဲခက်တယ်။ ဘယ်ပုဂ္ဂိုလ်က ညွှန်ပြနိုင်သလဲဆိုတော့ မြတ်စွာဘုရားက ညွှန်ပြနိုင်ပါတယ်။ ဘယ်မှာသာညွှန်ပြနိုင်သူ ရှိသလဲဆိုရင် မြတ်စွာဘုရား သာသနာမှာသာ ရှိပါတယ်။

ယခု ယောဂီသူတော်စင်များ အနတ္တလက္ခဏာပေါက်အောင် ရှုနေကြတယ်။ အဲဒီ အနတ္တလက္ခဏာ ဉာဏ်ရောက်မှ ဝိပဿနာ ဉာဏ်ပြည့်စုံတာပါပဲ။ ဒါဖြင့် အဲဒီ အနတ္တလက္ခဏာကို မြတ်စွာဘုရားက ပေါ်လွင်အောင် ကမ္ဘာ့လူထုကြီးကို ဘယ်လိုများ အသိဉာဏ် ပေးခဲ့သလဲ။ ဘယ်လိုများ အသုံးချပြီးတော့ အနတ္တပေါက်အောင်၊ ဒီ, ငါကို ပယ်ဖြုတ်နိုင်အောင် ဘယ်လိုများဆောင်ရွက်ခဲ့သလဲဆိုတော့ မြတ်စွာဘုရားက အနိစ္စလက္ခဏာကို ဦးစွာပြတော်မူတယ်။ အနိစ္စလက္ခဏာ မမြဲပုံ၊ အနိစ္စအမှတ်တံဆိပ်ကြီးကို ဦးစွာပြပြီးမှ မြတ်စွာဘုရားက အနတ္တလက္ခဏာပေါက်အောင် ဒုက္ခလက္ခဏာ ဆင်းရဲပုံ၊ ဆင်းရဲတဲ့အမှတ်တံဆိပ် အရင်ပြပြီးတော့မှ အနတ္တလက္ခဏာပေါက်အောင် အနိစ္စ၊ ဒုက္ခရော ထင်ရှားအောင်ပြောပြီးတော့မှ အနတ္တလက္ခဏာပေါက်အောင် ဆုံးမတော်မူပါတယ်။

http://www.dhammadownload.com



မြတ်စွာဘုရား တရားဦးဟောတော်မူတဲ့ "ဓမ္မစက္ကပဝတ္တန သုတ္တန်"ခေါ်တဲ့ "ဓမ္မစကြာ"ဒေသနာတော်မှာ ဒုက္ခကိုဦးစွာဟောတော် မူပါတယ်။ ဒုက္ခလက္ခဏာက စတင်ပြီးတော့ ထင်ရှားအောင် ဒုက္ခ လက္ခဏာပေါက်အောင် ဟောတော်မူပါတယ်။ အနတ္တလက္ခဏာသုတ္တံမှာ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ အခြေခံပြီးမှ အနတ္တလက္ခဏာကို ပေါက်ရောက်အောင် ဟောတော်မူပါတယ်။ အဲဒီတော့ တစ်ခုချင်းလေး၊ တစ်ခုချင်းလေး အနတ္တလက္ခဏာသုတ္တန်ကျတော့ ရုပ်ကို(၁၁)မျိုးထား တယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကိုလဲ (၁၁)မျိုး၊ (၁၁)မျိုးစီ ထားပြီး မြဲသလား၊ မမြဲဘူးလား။

ဥပမာဆိုကြပါစို့ ထွက်လေဝင်လေလေးကို ရှုမှတ်ပွားများ နေတယ်။ အရှုခံဖြစ်တဲ့ ဝါယောရုပ်၊ တွန်းကန်လှုပ်ရှားတတ်တဲ့ ဝါယောရုပ်သည် "နိစ္စံဝါ အနိစ္စံဝါ"= မြဲသလား၊ မမြဲဘူးလားဆိုတော့ "အနိစ္စံဘန္တေ"= မမြဲပါဘုရား။ "ယံ ပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ"= မမြဲတဲ့ဝါယောဆိုတဲ့ ရုပ်ကလေးဟာ ဆင်းရဲသလား၊ ချမ်းသာသလား ဆိုတော့ "ဒုက္ခံဘန္တေ"= ဆင်းရဲပါတယ်ဘုရား။ မမြဲတာချည်းကို ချမ်းသာတယ်လို့မှ ပြောမဖြစ်တာ။ "ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနုတံ သမနုပဿိတုံ ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ"= မြဲလဲမမြဲ၊ ဆင်းလဲဆင်းရဲ၊ ဖောက်လွဲဖောက်ပြန် ဖြစ်နေတတ်တဲ့ ဝါယောရုပ် (လေရုပ်)ကို ဧတံမမ= ငါ့ထွက်လေ, ဝင်လေ၊ ဧသောဟမသ္မိ= အဲဒီထွက်လေ ဝင်လေသည် ငါ၊ ဧသော မေအတ္တာ= အဲဒီထွက်လေဝင်လေဟာ ငါ့ရဲ့အတ္တ။

ဒီလိုများ လွဲလွဲမှားမှား ယူဆလို့တော်ပဲ့မလားလို့ဆိုတော့ နောဟေတံဘန္တေ= ဘယ်လိုမှမသင့်ပါဘုရား။ အမေးအဖြေနဲ့သွားတာ မြတ်စွာဘုရားက အနိစ္စဉာဏ်, ဒုက္ခဉာဏ်ကို ပေါ်အောင် ဟောပြီးတော့မှ အနတ္တဉာဏ်သွင်းတော်မူတာ။ အဲဒီတော့ ဒီအနတ္တတရား တော်ကို မြတ်စွာဘုရားမှတစ်ပါး ဘယ်ပုဂ္ဂိုလ်မှစတင်ပြီး မပြနိုင်ပါဘူး။ ဒီအနတ္တ

http://www.dhammadownload.com



လက္ခဏာယာဉ်ကို အသိဉာဏ်ပေးတာ ဗုဒ္ဓဘုရားရဲ့ သာသနာတော်မှ တစ်ပါး အခြားနေရာတွေမှာ မရှိဘူး။ ဗုဒ္ဓဘုရားပွင့်တော်မူစဉ်ကလဲ လောကသားတွေနဲ့ အတ္တ၊ အနတ္တဝါဒတွေ ရှင်းရလင်းရတာတွေ များစွာ ရှိခဲ့ဖူးတယ်။ သုံးလောကထွဋ်ထား မြတ်ဘုရားက အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ လက္ခဏာယာဉ်သုံးပါးလုံးကို တစ်ကုဋေသုံးသန်း ခြောက်သိန်းမျှ ရှိတဲ့ မဟာဝဇီရဉာဏ်တော်ကြီးနဲ့ ဝိပဿနာရှုပွားတဲ့ နေရာမှာ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာယာဉ်သုံးပါး လုံး အသုံးချပြီးတော့ ဝိပဿနာ ရှုတော်မူပါတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးတို့ကတော့ အနုပဒဆိုတဲ့ ဝိပဿနာ (၁၆)ပါးဆိုတာ ရှိတယ်။ ဥပမာအားဖြင့် ပထမစျာန် ဝင်စားတယ်။ ပထမစျာန်ကထပြီး ပထမစျာန်နဲ့ပတ်သက်ပြီး တရားပေါင်း (၃၄)ပါးရှိတာထဲက ရွေးထုတ်ပြီးတော့ "ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်, ဆန္ဒ, အဓိမောက္ခ, ဝီရိယ, သတိ, တတြမဇ္ဈတ္တတာ, မနသိကာရ"လို့ ဆိုတဲ့ တစ်ဆယ့် ခြောက်ပါးသော တရားတို့ကို အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး အနုပဒဝိပဿနာအနေနဲ့ ရှုတော်မူပါတယ်။ မြတ်စွာဘုရားလဲ လက္ခဏာ ယာဉ်သုံးပါး ရှုပြီးတော့မှ ငြိမ်းတော်မူပါတယ်။ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးလဲ လက္ခဏာယာဉ်(၃)ပါး ရှုပြီးမှ ဝဋ်ဒုက္ခခပ်သိမ်း ငြိမ်းတော်မူကြတယ်။ အဲဒီလို လက္ခဏာယာဉ်သုံးပါး ရှုတဲ့နေရာမှာ ရုပ်တရား, နာမ်တရား, ရုပ်နာမ်တရားလို့ ဒီလို ရှိတာထဲက အကုန်လုံးရုပ်၊ အကုန်လုံးနာမ်၊ နာမ်ကုန်ရုပ်ကုန်တို့ရဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကို မြင်မှ ရှုစားနိုင်မှ ဝိပဿနာဖြစ်တယ်လို့ ခေါ်တာ မဟုတ်ပါဘူး။

http://www.dhammadownload.com



**မတူကြ**

တစ်ချိန်က ရဟန္တာအရှင်မြတ်ကြီးလေးပါး အသီးအသီး တရား အားထုတ်ပြီးတော့ တရားရဉာဏ်အမြင် စင်ကြယ်ခဲ့တာ။ တစ်နေ့ကျ တော့ အရှင်မြတ်လေးတစ်ပါးက ရဟန္တာကိုယ်တော်မြတ်တစ်ပါးထံ သွားမေးတယ်။ "အရှင်မြတ်ဘုရား အဘယ်တရား အားထုတ်ပြီး ဉာဏ်အမြင် စင်ကြယ်ပြီး စင်ကြယ်တဲ့နိဗ္ဗာန် ရောက်ပါသလဲဘုရား"လို့ မေးတယ်။ အဲဒီအရှင်မြတ်က "စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဆိုတဲ့ ပသာဒရုပ် (၅)ခုနဲ့ စိတ်အကြည်ဓာတ် (၆)မျိုးကို လက္ခဏာယာဉ် တင် ဝိပဿနာ ရှုပြီးတော့ ရဟန္တာဖြစ်ခဲ့ပါတယ်"လို့ ဖြေတယ်။ ဒီနည်းနဲ့ အမြင်စင်ကြယ်ခဲ့တယ် ဆိုတော့ မကျေနပ်ဘူး။ အဲဒီအဖြေက ရုပ် ၅-မျိုး၊ စိတ်ဆိုတော့ ရုပ်တွေ, နာမ်တွေ မကုန်ပဲကိုး။

မကျေနပ်လို့ ဒုတိယအရှင်မြတ်ကြီးတစ်ပါးထံ ချဉ်းကပ်ပြီး "ဘယ်တရားကို ရှုပွားပြီး ဉာဏ်အမြင်စင်ကြယ်ခဲ့ပါသလဲ"လို့ လျှောက်ထားတော့ အရှင်မြတ်က "ငါကတော့ ခန္ဓာ(၅)ပါးပဲ ဝိပဿနာ ရှုပွားဆင်ခြင်ပြီး ဉာဏ်အမြင်စင်ကြယ်ပြီး ရဟန္တာဖြစ်ခဲ့တာပဲ"လို့ ဖြေပါတယ်။ မေးတဲ့ရဟန်းတော်လေးက ခန္ဓာငါးပါးမှာ နိဗ္ဗာန်မပါ သေးတော့ မကျေနပ်သေးဘူး။ ဒီလိုနဲ့ တတိယအရှင်မြတ်တစ်ပါးစီ လျှောက်ထားတော့ အရှင်မြတ်က "မဟာဘုတ်လေးပါးပဲ ဝိပဿနာ ရှုပွားပြီး ဉာဏ်အမြင်စင်ကြယ်ပြီး ရဟန္တာဖြစ်ခဲ့တယ်"လို့ ဖြေတယ်။ အဲဒီတော့ ဒီရဟန်းကိုပိုပြီးတော့ သဘောမကျတာ။ "မြေ, ရေ, လေ, မီး" ဓာတ်ကြီးလေးပါးဆိုတော့ နည်းလှချည်လား။ ရုပ် (၂၈)ပါးထဲက (၄)ပါး ရုပ်ကမ္မဋ္ဌာန်းကိုး။ အချို့ပုဂ္ဂိုလ်များက ရုပ်ကမ္မဋ္ဌာန်း ထင်ရှားတယ်။ အချို့ ပုဂ္ဂိုလ်ကျတော့ နာမ်ကမ္မဋ္ဌာန်း ထင်ရှားတယ်။

အဲဒီလိုနဲ့ မကျေနပ်တော့ စတုတ္ထအရှင်မြတ်ထံသွားပြီး "ဘယ်တရားတွေကို သုံးသပ်ဆင်ခြင်ပြီးတော့ ဉာဏ်အမြင်စင်ကြယ်ခဲ့ ပါသလဲ"လို့ မေးလျှောက်တော့ အရှင်မြတ်က "တေဘူမက သင်္ခါရတွေ

http://www.dhammadownload.com



ဘုံသုံးပါးမှာရှိတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ရှုပွားဆင်ခြင်ပြီးတော့ ဉာဏ်အမြင်စင်ကြယ်ခဲ့ပါတယ်”လို့ ဖြေလိုက်တယ်။ လေးပါးသာ ပြည့်သွားတယ်။ မေးတဲ့ ကိုယ်တော်လေးက သဘောမကျဘူး။ သဘော မကျတဲ့အတွက် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးတော့ သူ့ရဲ့ဖြစ်ကြောင်း ကုန်စင်ကို လျှောက်ထားတယ်။ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက ကိံသုကောပမ- ပေါက်ပင်ဥပမာဆောင်ပြီးတော့ ဟောခဲ့တယ်။

**ပေါက်ပင်ဥပမာ**

ရှေးအခါတုန်းက ဆေးဆရာကြီးများရဲ့ အသုံးပါပဲ။ ပေါက်ပင်ကို ပဥ္စင်းပါးပြာချပြီးတော့ ဆေးကုသတဲ့နည်း။ အဲဒီတုန်းက ပေါက်ပင် ရှာကြတဲ့ ဇာတ်လမ်းကရှိခဲ့ဖူးတာကိုး။ အဲဒီဇာတ်လမ်းလေးကို ဖော်ထုတ် ပြီးတော့ မြတ်စွာဘုရားက အဲဒီရဟန်းလေးကို မေးပါတယ်၊ ရဟန်း ရှေးအခါက လူတစ်ယောက်ဟာ ပေါက်ပင်မသိလို့ လူတစ်ယောက်ကို မေးတဲ့အခါ ပထမဆုံးတွေ့တဲ့ လူကပြောတယ်။ အမောင် ပေါက်ပင် ဆိုတာ မီးလောင်သစ်ငုတ်လိုပါပဲ၊ သူပြောတာလဲ မှန်တာပဲ။ သူက ပေါက်ပင်ကို မီးလောင်အပြီးမှာ မြင်ဘူးတာကိုး။ မကျေနပ်သေးလို့ ဒုတိယလူကို သွားမေးတယ်။ ဒုတိယလူက- အမောင် ပေါက်ပင်ဆိုတာ အသားတစ်များလို နီရဲနေတယ်။ မှန်တာပဲ သူပြောတာက သူက ပေါက်ပင်ပွင့်နေတဲ့ အခါမြင်ဘူးတာကိုး။ တတိယလူစီ သွားမေးပြန် တယ်။ ပေါက်ပင်ဆိုတာ ဘယ်လိုဟာမျိုးလဲလို့၊ တတိယလူက အမောင် ပေါက်ပင်ဆိုတာ ကုက္ကိုပင်လိုပါပဲ။ အသီးကလဲ ကုက္ကိုသီးလိုပါပဲ။ သူပြောတာ မှန်တာပဲ။ အပွင့်ပွင့်ပြီး အသီးသီးနေတဲ့ ပေါက်ပင်ကို မြင်ဘူးတာကိုး။ ဒီလိုနဲ့ မကျေနပ်သေးလို့ စတုတ္ထလူစီ သွားမေးတယ်။ ပေါက်ပင်ဆိုတာ ပင်ညောင်ပင်လိုပါပဲတဲ့။ သူကလဲ အရွက်တွေ အခက်တွေနဲ့ စုံစုံညီညီ ဖြစ်နေတဲ့ ပေါက်ပင်ကို မြင်ဘူးတာကိုး။ ရဟန်း အဲဒီ ဥပမာအတိုင်းပဲ ရဟန်းတော်လေးပါးဟာလဲ တစ်ပါးက

http://www.dhammadownload.com



ဆဖသာတန ခေါ်တဲ့ ပဿာရုပ်ငါးခုနဲ့ မနောအကြည်၊ နောက်တစ်ပါးက ခန္ဓာငါးပါး။ နောက်တစ်ပါးက မဟာဘုတ်လေးပါး၊ နောက်တစ်ပါးက တေဘူမကသင်္ခါရအားလုံး၊ အဲဒီလို ရှုပွားပြီး ဝိပဿနာဉာဏ်အမြင်တွေက တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းကာ အရိယာစခန်း မြန်းခဲ့တယ်ဆိုတာ မှန်တာပဲလို့ မြတ်စွာဘုရား မိန့်ကြားတော်မူတယ်၊ အခု ယောဂီသူတော်စင်များဟာလဲ ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ၊ ရုပ်တစိပ်ကိုဖြစ်စေ၊ နာမ်တစ်စိပ်ကိုဖြစ်စေ မြင်အောင် ကြည့်နိုင်လို့ရှိရင် ဝိပဿနာဉာဏ်ဖြစ်ပါတယ်။

စတင်ပြီး အသုံးချလာခဲ့တဲ့ ဝါယောဓာတ် ထွက်လေ၊ ဝင်လေဟာ တစ်နာရီလျှင် တစ်ထောင်ခန့်ဖြစ်တယ်ဆိုမှတော့ တစ်ထောင်ခန့် ပျက်ထာပေ့ါ။ အဲဒီနဲ့ ဆက်နွယ်ပြီးတော့ ထိသိစိတ်ကလေးကလဲ တိုးထိမှုဖြစ်ပြီးတော့ ပျက်သွားတာပဲ။ ထိသိစိတ်ကလေးဟာလဲ အကြိမ်ပေါင်းများစွာဖြစ်၊ အကြိမ်ပေါင်းများစွာပျက်၊ အဲဒီတော့ မိမိသန္တာန်မှာ ထင်ရှားတာကို အာရုံယူပြီးတော့ ရှုပွားနိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက မဟာသတိပဋ္ဌာန်လေးပါးကို ဟောတဲ့အခါမှာ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဆိုတဲ့လေးပါး၊ စိတ်ဆိုတာ ဓမ္မထဲမပါဘူးလားဆိုတော့ ပါတယ်။ ဒါပေမယ့် ကြံစည်တွေးတောမှု သိမှုနဲ့ပတ်သက်ပြီးတော့ ရှုစားရတာပေါ်လွင်တယ်။ ဝေဒနာတဲ့၊ သီးခြားပဲ၊ ဝေဒနာ ဓမ္မထဲမပါဘူးလားဆိုတော့ ပါတာပဲ။ ဒါပေမယ့် ဝေဒနာကလဲ ညောင်းတယ်၊ ကိုက်တယ်၊ ထုံတယ်၊ ကျင်တယ်၊ နာတယ်၊ အောင့်တယ်၊ လေးတယ် ဆိုပြီးတော့ ဒါတွေဟာ အင်မတန်ထင်ရှားတယ်။ အခုလို တရားအလုပ်လုပ်တဲ့အခါ ပိုထင်ရှားတယ်။

ကာယ ရုပ်အပေါင်း၊ နာမ်အပေါင်းတို့ဟာလဲ ဓမ္မထဲမပါဘူးလားဆိုတော့ ပါပါတယ်။ သို့သော်လဲပဲ သီးခြားထွက်လာတယ်။ ဓမ္မထဲပါသော်လဲ ကာယကိုသီးခြား၊ ဝေဒနာကိုသီးခြား၊ စိတ်ကိုသီးခြား၊ ဓမ္မကိုသီးခြား။ ဒါကြောင့်မို့ အချို့အချို့ပုဂ္ဂိုလ်များမှာ ရုပ်ကမ္မဋ္ဌာန်း

http://www.dhammadownload.com



ထင်ရှားတယ်။ အချို့အချို့ပုဂ္ဂိုလ်မှာမှာ နာမ်ကမ္မဋ္ဌာန်းထင်ရှားတယ်။ အချို့အချို့ပုဂ္ဂိုလ်များမှာ ရုပ်ရောနာမ်ရော ထင်ရှားတယ်။ ဒါကြောင့် မိမိတို့ရောက်ရှိလာတဲ့ ဝိပဿနာပိုင်းမှာ ပြန်ပြီးတော့စဉ်းစားပြီးတော့ ကြည့်ပါ။ လွန်ခဲ့တဲ့ ၁၃၆၅ ခုနှစ် စတင်တာထွက်လာတည်းက ဖြစ်ပေါ်လာတဲ့ စက္ကန့်လေးတွေဖြစ်၊ မိနစ်လေးစုမိပြန်တော့ နာရီ၊ နာရီက၊ နေ့ရက်လ (၁၂)လကုန်ဆုံးတော့ သက္ကြန်တဲ့။

ဇရာမပြောင်းလဲမှုကြီးတစ်ခု၊ အဲဒီကနေပြီး တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်ကစပြီ ဘဝကြီးတစ်ခုလုံးပြောင်းလဲပြီး သွားတာမျိုး။ အဲဒီလို ပြောင်းလဲသွားတော့ တစ်နှစ်တာအတွင်း ဘာတွေဖြစ်ခဲ့သလဲ။ ဘာတွေပျက်သွားသလဲ။ သာမန်အားဖြင့်ဆိုရင် ငါဖြစ်တယ်၊ ငါပျက်တယ် လို့ပဲ အောက်မေ့ကြမှာ။ အမှန်တကယ်တော့ သတ္တဝါတို့သန္တာန်မှာ မြင်သိစိတ်တွေ အတိုင်းအတာမသိ၊ အတိုင်းအတာမရှိ မြင်သိစိတ်တွေ အများကြီးဖြစ်ခဲ့ပြီ။ ကြားသိစိတ်တွေ၊ နံသိစိတ်တွေ၊ လျှက်သိစိတ်တွေ၊ ထိသိစိတ်တွေ၊ တွေးကြံသိစိတ်တွေ အများကြီး ဖြစ်ပေါ်ခဲ့တာ။ ဖြစ်ပေါ်ခဲ့တဲ့ မြင်သိစိတ်၊ ကြားသိစိတ် စသည်တွေထဲက သဘောကျပါတယ်ဆိုတဲ့ မြင်သိစိတ်၊ ကြားသိစိတ်ကလေးများကို စုပုံပြီးထားချင်ပေမဲ့ ထားလို့မရဘူး။ အကယ်၍ စုပုံထားလို့ရရင် ရုပ်အပုံ၊ နာမ်အပုံ အပုံကြီးဟာ ဇရာမအပုံကြီးဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်-

**အနာဒိဒံ ဘဝစက္ကံ၊ ဝီတ ကာရက ဝေဒကံ။**

**နိစ္စ သုခ သုဘ တ္တေဟိ၊ သုညံ ပဿေ ပုနပ္ပုနံ။**

က္လဒံဘဝစက္ကံ= ဘဝများမြောင် ဒုက္ခဆောင်လျှက် အခေါင်ရှည်ကြာ သံသရာဘက်ယွန်း ဤစက်ဝန်းသည်၊ က္လဒံဘဝစက္ကံ= ၁၃၆၅ ခု ပဋိဒုက္ခကိုဆောင်လျှက် အခေါင်ရှည်ကြာ သံသရာဘက်ယွန်း ဤတစ်နှစ်တာစက်ဝန်းသည်၊ အနာဒိအနာဒိဝတ= ကမ္ဘာ့ ကမ္ဘာ အစရှာလည်း ရစရာပိုင်ပိုင် မရှိနိုင်ပါတကား။ (စက်သံသရာကြီး လည်ပတ်နေတာကို အစကဒီနားမှာ အဆုံးက ဟိုမှာပဲလို့ ပြောလို့မရဘူး။

http://www.dhammadownload.com



အခုနှစ် သံသရာလေးတော့ ရသေးတာပေါ့။) ဝီတကာရကဝေဒကံ= သူပြုတည်သူဖန် သူခံစံဟု ယူရန်အတ္တ လုံးဝမယှဉ် ကင်းစင်နေပြီတကား။ (တစ်နှစ်တာကာလ ခရီးစဉ်လေးပဲ ကြည့်ပါတော့။ တစ်နှစ်တာ ခရီးစဉ်လေးမှာ ဖြစ်ပွားနေတာက ရုပ်နာမ်၊ ခန္ဓာ အာယတန၊ ဓာတ် အဲဒါတွေကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သူပြုပြင်တယ်၊ စီမံတယ်၊ ဖန်တီးတယ်လို့ ဒီလိုမပြောနိုင်ပါဘူး။ ခံစားတယ်လို့လဲ မပြောနိုင်ပါဘူး။ ဒါကြောင့်-

ဝီတကာရကဝေဒကံ= သူပြုတည်ဖန် သူခံစံဟု ယူရန်အတ္တ လုံးဝ မယှဉ် ကင်းစင်လေပြီတကား၊ နိစ္စ သုခ သုဘတ္တေဟိ= မြဲရန်အချက် ချမ်းသာကွက်နှင့် နှစ်သက်ဖွယ်နော တင့်တယ်သောသဘောတို့မှ၊ သုညံ= ကြေန်လုံးလုံး ဆိပ်သုဉ်းခဲ့လေပြီတကား။ မြဲပါတယ်လို့ပြောရင် ဘယ်ဟာလဲမြဲတာ။ ဘယ်ခန္ဓာတုန်း ချမ်းသာတာ။ တင့်တယ်တဲ့ရုပ်၊ တင့်တယ်တဲ့ နာမ်ဆိုတာ ဘယ်ဟာလဲ။ အဲလို မရှိတဲ့အခါကျတော့၊ ကွာဒ်ဘာစက္က ဘဝများမြောင် ဒုက္ခဆောင်လျက် အခေါင်ရှည်ကြာ သံသရာဘက်ဖွဲ့ နှောင်ကျစက်ဝန်းသည်၊ နိစ္စသုခ သုဘတ္တေဟိ= မြဲရန်အချက် ချမ်းသာကွက်နဲ့ နှစ်သက်ဖွယ်နော တင့်တယ်သော သဘောတို့မှ၊ သုညံ= ကြေန်လုံးလုံး ဆိပ်သုဉ်းခဲ့လေပြီတကား။ တသ္မာ= ထို့ကြောင့်၊ ပုနပ္ပုနံ= တစ်နေ့ တစ်ရက်၊ တစ်နံနက်မျှ မကာစိတ်ရွဲ အမြဲထာဝရေပင်လျှင် မသေသော့ ဝိဠာန်မြင့်မြင့် နိဗ္ဗာန်ပွင့်အောင် မလင့်ပုံသေ ရှုစားသင့်ပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ကဲ- တရားနိဂုံးချုပ်တဲ့အနေအားဖြင့် အိပ်ချင်ပြေလေး လင်္ကာလေး လိုက်ဆိုလိုက်ကြပါ။

* ရန်သူဝိုင်းထား ထိုယောကျ်ားကား
ပြေးသွားဖို့ရာ လမ်းပေါက်သာလျှက်၊
ပြေးမထွက် လမ်းတွက်မဟုတ်ချေ။

* မစင်လူးလျှင် အေးကြည်လင်သည့်၊
ရေပင်ရှိလျှက် မဆေးရက် ကန်အတွက်မဟုတ်ပေ။

* အနမဂ္ဂကမ်း ဘေးဘျမ်းများစွာ၊
သံသရာမှ ထွက်ရာလမ်းမ သမထဝိပဿနာ
ကိလေသာဘင် သန့်စင်လျှော်ဆေး၊
ရေအေးလေးမဂ် ရှိပါလျှက်နှင့်
မဆေးရက်လို မသုံးလို မင်းပျိုကိုယ်တွက်ပေ။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
## ပဓာန နာယက
## နာဂလိုဏ်ဂူဘုရားကုန်းမြေ
## ကလေးဝတောရစာသင်တိုက်ဆရာတော်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ
## ဟောကြားတော်မူသော
## (၁၆–၄–၂၀၀၃) သင်္ကြန်အတက်နေ့
## ညဥ့်တရား

**ခန္ဓာငါးတန် တိုင်းနိုင်ငံ**

ယနေ့သာသနာတော်နှစ် ၂၅၄၆ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၄ ခုနှစ်၊ တန်းခူးလပြည့်၊ ၁၃၆၄ ခုနှစ် နှစ်ဆန်း(၁)ရက်နေ့ကစပြီး စာရင်းဖွင့်လာလိုက်ကြတာ ယနေ့နောက်ဆုံးနေ့။ ယနေ့ ၁၃၆၄ ခု ပြန်ဆွဲမရသောနည်းဖြင့်ကုန်သွားပြီ။ တစ်နှစ်တာကာလ စက္ကန့်ပိုင်းလေးတွေ, မိနစ်ပိုင်းလေးတွေ, နာရီပိုင်း, နေ့ပိုင်း, ညဥ့်ပိုင်း, ရက်ပိုင်း, လပိုင်း, နှစ်ပိုင်း။ အဲဒီလိုနဲ့ ကုန်ခမ်း, ကုန်ခမ်းပြီးသွားလိုက်တာ "ကာလောဃသတိဘူတာနိ" ဆိုတဲ့အတိုင်း အချိန်အခါက သတ္တဝါတွေကို ဝါးမျိုတယ်။ အဲဒါ တရား သဘောနဲ့ မကြည့်လို့ရှိရင် အချိန်ကုန်မှန်း မသိကြဘူး။ ဝါးမျိုမှန်း မသိကြဘူး။ လောကကြီးတစ်ခုလုံးဟာ အဆင်းမျိုးစုံ-ရူပါရုံ၊ အသံမျိုးစုံ-သဒ္ဒါရုံ၊ အနံ့မျိုးစုံ-ဂန္ဓာရုံ၊ အရသာမျိုးစုံ-ရသာရုံ၊ အတွေ့အထိမျိုးစုံ-ဖောဋ္ဌဗ္ဗာရုံ အင်မတန် ကြီးကျယ်ပါတယ်။ မိမိတို့ရဲ့

http://www.dhammadownload.com



ခန္ဓာငါးတန်ဆိုတဲ့ တိုင်း, ခရိုင်, နိုင်ငံကြီးမှာ အမှတ်ဖောက်ပြန်၊ အသိဖောက်ပြန်၊ အယူ ဖောက်ပြန် "ဝိပ္ပလ္လာသ' ခေါ်တဲ့ မှိုင်းတွေကလဲ တိုက်လို့။ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ ဗုံးအမြောက်တွေကလဲ ခန္ဓာငါးတန်ဆိုတဲ့ လူတိုင်း, လူတိုင်းရဲ့၊ သတ္တဝါတိုင်း, သတ္တဝါတိုင်းရဲ့ ခန္ဓာနိုင်ငံကြီးဟာ ပျက်ပျက်ပြုန်းအောင် ချေမှုန်းဖျက်ဆီးနေတယ်။ ဗုဒ္ဓမြတ်စွာ ဘုရားအဖြစ်သို့ရောက်ခါစ တိုက်ပွဲဆင်တဲ့အခါ ကာမာတေ ပထမာ သေနာ၊ တေ= သင်မာရ်နတ်ယုတ်၏ ကာမာငါးဖြာအာရုံ ကာမဂုဏ်တို့ကား ပထမာရှေးဦးစွာ ချီတက်လာသော သေနာစစ်တပ် ကြီးပါပေတည်း။ ရန်သူမာရ်နတ်ရဲ့ စစ်တပ်(၁၀)မျိုးထဲမှာ ပထမဆုံး တပ်က ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ တပ်ကြီးပဲ။ အဲဒီတပ်ကို နိုင်အောင် မြတ်စွာဘုရား ဖြိုခွင်းခဲ့တယ်။ စပြီးဖြိုခွင်းရတယ်။ အဲဒါကြောင့် ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတရားတော်မှာ ငါးဖြာအာရုံ ကာမဂုဏ်တို့ရဲ့ အပြစ်အနာအဆာတွေ များစွာဟောကြားပြီး ထားရှိတယ်။

## ကာမတို့ရဲ့အပြစ်

ဘုရားသာသနာမှတစ်ပါး အခြားဘာသာ, အခြားအယူအဆ တွေမှာတော့ ဒီအာရုံငါးပါးကို ပယ်ရှားပုံ၊ အာရုံငါးပါးရဲ့ အပြစ်အနာ အဆာဖြစ်ပုံ, အပြစ်အနာအဆာ ကြီးမားပုံ၊ ဒီလိုဟောကြားထားတဲ့ အချက်တွေက အင်မတန် နည်းပါးတယ်။

**အပ္ပဿာဒါ ကာမာ၊ ဗဟုဒုက္ခာ ဗဟုပါယာသာ**
**အာဒီနဝေါ ဧတ္ထဘိယျော၊**

ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် ငါးဖြာအာရုံ ကာမဂုဏ် တို့သည်၊ အပ္ပဿာဒါ= သာယာဖွယ်နည်းပါးကုန်၏။ ဗဟုဒုက္ခာ= မရှိ တောင့်တရှိကြောင့်ကြနှင့် သောကဘေးရန် အတန်တန်ကြောင့် အလွန်ပင် ဆင်းရဲလှပါကုန်၏။ ဗဟုပါယာသာ= မချိရောင်းရမ်း သတိခန်းအောင် ပင်ပန်းခြင်း များလှပါကုန်၏။ ဧတ္ထ ဧတေသုကာမေသု=

http://www.dhammadownload.com



ဤကာမဂုဏ်တို့၌၊ အာဒီနဝေါ= ဆွေရင်းမျိုးချာ မိတ်သဟာပင် **အနာဒရ** မညှာကြပဲ ဒေါသရန်စစ် ကြမ်းကြုတ်သောအပြစ်သည်၊ ဘိယျော= ပူဆာထူးထွေ များလှပါချေ၏။ ဣတိ= ဤသို့၊ အာဒီနဝေါ= အာရုံငါးပါး အယုတ်တရားတို့၏ အပြစ်အနာအဆာကို၊ ဘဂဝတာ= မြတ်စွာဘုရားသည်၊ ဝုတ္တော= ဟောကြားတော်မူအပ်ပါပေသတည်း။

ကာမာ- ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည် အဋ္ဌိကင်္ခလူပမာ အသားမမှီ သွားသရည်ဖြင့် ပါးဆီယိုဖိတ် ညှီစိုရိပ်ကြောင့် စိတ်မချင့်ရဲ ခွေးအိုခဲသည့် အမဲရိုးလျှင် နှိုင်းယှဉ်စရာ ဥပမာရှိကြပါကုန်၏။ အဋ္ဌိကင်္ခလူပမာ အသားမမှီ သွားသရည်ဖြင့် ပါးဆီယိုဖိတ် ညှီစိုရိပ်ကြောင့် စိတ်မချင့်ရဲ ခွေးအိုခဲသည် အမဲရိုးလျှင် နှိုင်းယှဉ်စရာ ဥပမာရှိကြကုန်၏တဲ့ လောကသားတွေကတော့ အာရုံငါးပါးကို အလွန်မြတ်နိုးနေကြတယ်။ ဘုရားရှင်များအမြင်ကတော့ ခွေးငတ်ပိန်ပမာ အရိုးလေးခဲနေသလိုပဲ မြင်တော်မူတယ်။ အဋ္ဌိကင်္ခ လူပမာ အသားမမှီ သွားသရည်ဖြင့် အသားလဲမပါဘူး။ မိမိရဲ့ သရေနဲ့ပဲ ပါးဆီယို ညှီစိုရိပ်ကြောင့် စိတ်မချင့်ရဲ ခွေးအိုခဲသည့် အမဲရိုးလျှင် ဥပမာရှိကြပါကုန်၏။ မံသပေသူပမာ= အမြဲလိုက်အုံ စိတ်မကုန်၍ အဟုန်ဗျာသီ ရှေ့ကျီးချီသည့် နံညှီမဲညစ် အသားတစ်လျှင် နှိုင်းယှဉ်စရာ ဥပမာရှိပါကုန်၏။

သုပိနကူပမာ ကာမာ ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ သုပိနကူပမာ= ရွှေအိမ်ရွှေနန်း အခန်းခန်းနှင့် စံမြန်းရပုံ ဟုတ်လေတုံနှင့် အာရုံစွဲငြိ နိုး၍ကြည့်က မရှိ သက်သက် ယွင်းကွယ်ပျက်သည့် အိမ်မက်လျှင် နှိုင်းယှဉ်စရာ ဥပမာရှိကြပါကုန်၏။ **အာရုံငါးပါးတွေဟာ** အိမ်မက်မက်သလိုပဲတဲ့။ တခါတရံ အိမ်မက်ထဲမှာ စံမြန်းရတာ ဟုတ်သလိုလိုနဲ့ အိမ်ရာကနိုးလို့ ကြည့်လိုက်တဲ့အခါ ဘာမှမရှိဘူး။

http://www.dhammadownload.com



အဲဒီလို အိမ်မက်နဲ့တူတဲ့ သဘောတရားတွေတဲ့။ သပ္ပသိရူပမာ ကာမာ ကာမာ= ကာမဂုဏ်တရားတို့သည်၊ သပ္ပသိရူပမာ= အဆိပ်ခိုအောင်း မြွေဦးခေါင်းနှင့် တူကြပါပေကုန်၏။ ကာမဂုဏ်တရားတွေဟာ အဆိပ်ခိုအောင်း မြွေဦးခေါင်းနဲ့တူကြတယ်။ အသိသူနူပမာ= မုဆိုးအားလုံး အမြဲသုံးတဲ့ စဉ်းတီတုံးနဲ့လဲတူတယ်။ ယာစိတကူပမာ= ခေတ္တခဏ တောင်းရမ်းငှားရမ်းထားအပ်သော ဥစ္စာနှင့်တူပါကုန်၏။ တိဏုက္ကူပမာ= လေညာလေထက် ဆောင်သူလက်သို့ လျှံဆက်ဟူးဟူး ပျံ့တက်ကူးသည့် မြက်မီးရှူးလျှင် ဥပမာရှိကြပါပေကုန်၏။ မြက်မီးရှူးလို မီးရှို့ပြီးတော့ ကိုင်တဲ့အခါကျတော့ လေညာလေထက် ဆောင်သူလက်ကို လောင်ကြွင်း တက်သလိုပဲတဲ့ ဒါကြောင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးက-

**ခဂ္ဂဝိသာဏ**

**ကာမာဟိစိတြာ မဓုရာ မနောရမာ၊**
**ဝိရူပရူပေန မထေန္တိ စိတ္တံ၊**
**အာဒီနဝံ ကာမဂုဏေသုဒိသွာ၊**
**ဧကောစရေ ခဂ္ဂဝိသာဏကပ္ပော။**

လို့ ဥဒါန်းကျူးတော်မူတယ်။

ကာမာ= ပုထုဇဉ်များခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ စိတြာ= အဝိဇ္ဇာနှင့်တဏှာ ချယ်လှယ်တိမ်ဖုံးကွယ်၍ တကယ်မှန်သော ဓာတ်သဘောကို ပေါ်လောမထင် ဉာဏ်မမြင်တဲ့ ပုထုဇဉ်အရှုံးအနွယ်တို့မှာ အထူးအဆန်းကျယ်ကြီးထင်ကြလေကုန်၏။ ပုထုဇဉ်တွေထင်နေတာက ရူပသဒ္ဒ စသည်မျိုးစုံ အာရုံတွေကို ဆန်းကျယ်တယ်၊ ကောင်းတယ်၊ လှတယ်၊ တင့်တယ်တယ်လို့ ထင်နေကြတယ်။ ဘာက ချယ်လှယ်သလဲဆို-တော့ အဝိဇ္ဇာနဲ့တဏှာက။ အဝိဇ္ဇာဆိုတာ မသိမှုပါပဲ။ အဝိဇ္ဇာက မသိတာ၊ တဏှာကတွယ်တာတာ။ မသိမှုနဲ့ တွယ်တာမှုနှစ်ခု ပေါင်းလိုက်တဲ့အခါ ဟော-အင်မတန်ဆန်းကြယ်တယ်လို့ ဒီလိုထင်မှတ်ကြတယ်။ မဓုရာ ခွေးငတ်ပိန်ပမာ အလားကဲ့သို့ ခုံမင်သူသတ္တဝါအများ

http://www.dhammadownload.com



တို့မှာ သကာယျပါးထင်ကြလေကုန်၏။

မနောရမာ= နူနာစွဲလျှင် မီးကိုခင်သို့ ပူပင်ဖွယ်ရေး ဒုက္ခဘေး တွေကို လေးလေးနက်နက် ဉာဏ်မသက်ပဲ တပ်မက်ပြင်းစွာ ကာမုပါဟု တဏှာမျက်ကဏ်း သူလက်စွမ်းကြောင့် ပူခမ်းကိုမမျှော်မြင် နူနာရှင် မီးကိုတွေ့သလို ကာမဂုဏ်အာရုံငွေမှာ မွေ့လျော်ဖွယ်ချည်း ထင်လေ ကုန်၏။ ဟော- တဏှာမျက်ကဏ်းကြောင့် ကျကျနနမသိနိုင်ဘူးတဲ့။ ဒါကြောင့် တဏှာမျက်ကဏ်းပျောက်အောင် တရားအားထုတ်ကြရတာ။

ဝိရူပရူပေန= ပင်ကိုသရုပ်ဓာတ်မှန်ထုတ်က စက်ဆုပ်ဖွယ်ရာ မသာအလောင်း မကောင်းသက်သက် ဖြစ်ပါလျှက်နှင့် ဤခန္ဓာကိုယ်ကို သဘာဝ အရှိအတိုင်း ထုတ်ဖြိုကြည်တဲ့ အခါကျတော့ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွားအရေ၊ အသားအကြော၊ အရိုး၊ ရိုးတွင်း ချဥ်ဆီ၊ အညှို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေးချွေး၊ အဆီခဲ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ ရွံစဖွယ်အတိ ဖြစ်နေတဲ့ခန္ဓာကိုယ်။ ဒါက သူသဘာဝ ဒါကြောင့် ပင်ကိုသရုပ် ထပ်မှန် ထုတ်က သူသဘာဝ စက်ဆုပ်ဖွယ်ရာ မသာအလောင်း မကောင်း သက်သက် ဖြစ်ပါလျှက်နဲ့ ခင်မင်ဖွယ်ရောင် ရုပ်ဆောင်ဖန်ဆင်း ဇန်းပြခင်းသဖြင့် ရုပ်ဆောင်ဖန်ဆင်းပြီး အတုအယောင် ဇန်းပြခင်းထားတဲ့ အတွက်ကြောင့်၊ စိတ္တံ= ကောက်ရိုးရိုး၌ လူရုပ်သို့ပင် တကယ်ထင်သည့် သမင်သို့နှယ် ဤကိုယ်ဝယ်တွင် လေးသွယ်ဘုတ်စု ရုပ်အထုကို ငါ့ကိုယ်ဟုသဲမဲ အစွဲပြင်းထန် ပုထုဇဉ်တို့၏ စိတ်နှလုံးကို၊ စိတ္တံ= စိတ်ကို ဘယ်သူ့ စိတ်လဲ၊ ပုထုဇဉ်တို့ရဲ့စိတ်၊ ပုထုဇဉ်တို့ရဲ့ စိတ်ကဘယ်လိုလဲဆိုရင် ကိုယ်လို့ ထင်မှတ်နေတဲ့စိတ်၊ လေးသွယ်ဘုတ်စု " ပ အာ တေ ဝါ " ခေါ်တဲ့ မြေရေမီးလေခေါ်တဲ့ ဓာတ်ကြီးလေးပါး၊ ဆံပင်၊ မွေးညှင်း အစရှိတဲ့ ဓာတ်ကြီးလေးပါးတို့ဖြင့် ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်ကို ကိုယ်လို့ သူ့ခန္ဓာ ကိုယ်၊ ငါ့ခန္ဓာကိုယ်လို့ အစွဲပြင်းထန် ပုထုဇဉ်တို့ရဲ့ စိတ်နှလုံးကို

http://www.dhammadownload.com



စာချောက် ရုပ်ကလေးကို တကယ့်လူထင်တဲ့ သမင်လိုပါပဲ။ တရားမသိ သေးတော့ ကိုယ်ကိုယ်သူသူ၊ မထေန္တိ= ခန္ဓာငါးတန် တိုင်းနိုင်ငံဝယ် ဝိပ္ပလ္လာသ မှိုင်းတွေချ၍ ခန္ဓာငါးပါးဆိုတဲ့ တိုင်းခရိုင်နိုင်ငံမှာ အသိ ဖောက်ပြန်မှု၊ အမှတ်ဖောက်ပြန်မှု၊ အယူဖောက်ပြန်တဲ့ ဝိပ္ပလ္လာသမှိုင်းတွေ မှိုင်းဗုံးတွေ ချပြီးတော့ ငါးပါးအာရုံ ကာမဂုဏ် ဗုံးအမြောက်တို့ဖြင့် ကြောက်စရာ လက်နက်တွေ ဒီခန္ဓာငါးပါးဆိုတဲ့ တိုင်းခရိုင်နိုင်ငံမှာ အာရုံငါးပါးဆိုတဲ့ လက်နက်ကြီးတွေ လက်နက်ငယ်တွေနဲ့ ပစ်ခတ်လို့ ကြောက်စရာ လက်နက်တွေ စိစိကျေ နိုင်ငံလုံးမှာ ခန္ဓာငါးပါးဆိုတဲ့ နိုင်ငံမှာ အသက်စည်းစိမ်တွေ ပြုတ်ပြုတ်ပြုန်းတဲ့အောင် ချေမှုန်းပစ်ခွင်း ကြလေကုန်၏။ ဘာတွေနဲ့ပစ်သလဲဆိုတော့ အာရုံငါးပါးနဲ့ ပစ်ခတ် တာပါပဲ။ လက်နက်တွေနဲ့ ပစ်ခတ်တယ်။

မမြင်အောင် မခုခံနိုင်အောင် ဝိပ္ပလ္လာသမှိုင်းချတယ်၊ အသိ ဖောက်ပြန်၊ အယူဖောက်ပြန်၊ အမြင်ဖောက်ပြန်အောင် မှိုင်းဗုံးချတယ်။ ဘုန်းကြီးတို့ အခု တရားအားထုတ်တယ်ဆိုတာ အသိမှန်အောင်၊ အမြင် မှန်အောင်၊ အယူမှန်အောင် အားထုတ်ကြတယ်။ ဒါကြောင့် မထေန္တိ ခန္ဓာငါးတန် တိုင်းနိုင်ငံတယ် ဝိပ္ပလ္လာသမှိုင်းတွေချ၍ ငါးပါးအားရုံ ကာမဂုဏ် ဗုံးအမြောက်တို့ဖြင့် ကြောက်စရာလက်နက်တွေ စိစိကျေ နိုင်ငံလုံးမှာ အသက်အိုးအိမ် စည်းစိမ်တွေ ပြုတ်ပြုတ်ပြုန်းတဲ့အောင် ချေမှုန်းပစ်ခွင်း ကြလေကုန်၏။ ကာမဂုဏေသု= အပြစ်ကိုတော့ဖုံးကွယ် မက်ဖွယ်ကို တော့ဗန်းတင်ပြတဲ့ ငါးပါးအာရုံကာမဂုဏ်တို့၌ အပြစ်ကို တော့ ဖုံးကွယ်၊ မက်ဖွယ်ကိုတော့ ဗန်းတင်ပြတဲ့ ရူပစသည့် အာရုံ ကာမဂုဏ်တို့၌၊ အာဒီနဝံ= အေးဖွယ်အကျိုး အေးရနိုးနှင့် အေးရာမတွေ့ အေးငွေ့မထင် ပူပင်ရှုပ်ထွေး အပြစ်ဘေးတွေကို၊ ဒိသွာ= ဘာဝနာ မှန်ပြောင်းဖြင့် ကောင်း ကောင်းကြီးချိန်ရွယ် တကယ်မျှော်မြင်ရှုဆင်ခြင်၍ အဲဒီကာမဂုဏ်တို့ရဲ့ အပြစ်အနာအဆာ အပြစ်ကိုတော့ ဖုံးကွယ်ပြီးတော့ မက်ဖွယ်လေးနဲ့ ဗန်းတင်ပြနေတာကို ဘာဝနာမှန်ပြောင်းနဲ့ ကြည့်ရမှာပါ။

http://www.dhammadownload.com



**စက်ဆုတ်ဖွယ်မြင် သမထနည်း**

ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း၊ သတ္တဝါတိုင်း သတ္တဝါတိုင်း ပြုပြင်စီစဉ်မှုလေးတွေနဲ့ မွှေးတယ်၊ အနံ့အသက်မနံ့ဘူး၊ မွှေးတယ် ကြိုင်တယ် အစရှိသဖြင့် မွန်းမံထားလို့ရတာပေါ့။ မမွန်းမံဘဲထားလို့ရှိရင် သူ့သဘာဝအတိုင်း နံတယ်၊ စော်တယ်၊ ညှီတယ်၊ ရွံ့စဖွယ်ဖြစ်တယ်။ အဲဒီလိုအပြစ်ကိုတော့ ဖုံးကွယ်မက်ဖွယ်ကိုတော့ ဗန်းတင်ပြတဲ့ ငါးဝအာရုံ ကာမဂုဏ်တို့၌ အာဒီနဝံ အေးဖွယ်အကျိုး အေးရာနိုးနှင့် အေးရာမတွေ့ အေးငွေ့မထင် ပူပင်ရှုပ်ထွေး အပြစ်ဘေးတွေကို၊ အေးမလိုလိုနဲ့ အေးရာလဲရှာမတွေ့ အေးငွေ့လဲမထင် အဲဒီအပြစ်ဘေးတွေကို၊ ဒိသွာ= ဘာဝနာမှန်ပြောင်းဖြင့် ကောင်းကောင်းကြီးချိန်ရွယ် တကယ်မြော်မြင် ရှုဆင်ခြင်၍၊ ဘာဝနာမှန်ပြောင်းနဲ့ ဆင်ခြင်တဲ့နည်းက ဘုရားသာသနာမှတပါး အခြားဘာသာမှာမရှိပါဘူး။ ဟော- သမထဘာဝနာမှန်ပြောင်းနဲ့ ကြည့်တဲ့နည်း။ ဒါကြောင့် ဒါလေးကို ဦးစွာနှုတ်ထဲကရွတ် လိုက်ဆိုကြ။ "ဤကိုယ်ကာယ တလံမျှဝယ် ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့ (ကျောက်ကပ်)၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း (သရက်ရွက်)၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ ရွံ့စဖွယ်တို့သာ ရှိပါကုန်၏"။

ဘုရားရှင်က ဒီလို အပုံ(၂၀) မြေဓာတ်(၂၀) ခန္ဓာကိုယ် ဖွဲ့စည်းပြထားတာ။ မြင်တော့မြင်နေတာပဲ။ သတိမမူ ဂူမမြင်၊ သတိမူတော့ မြူမြင်သလို မြတ်စွာဘုရားက အဲဒါတွေ စက်ဆုပ်ရွံ့ရှာဖွယ်ဆိုတာ ကြည့်ပါတဲ့။ ရှေ့ဆက်ပြီးတော့- သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေးကျင်ငယ်၊ ရွံ့စဖွယ် ညှီနံ့ဆိုး၊ အသိုးအပုတ် စက်ဆုပ်ဖွယ်တို့သာ ရှိပါကုန်၏။ ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရားက ဒီ (၃၂)မျိုးကို ရွံ့ရှာဖွယ်လို့ ရှုလို့ရှိရင် သမထကမ္မဋ္ဌာန်းဖြစ်ပါတယ်။ အဲဒီ ဘာဝနာကမ္မဋ္ဌာန်းနဲ့ မရှုလို့ရှိရင် ဒီခန္ဓာကိုယ်ဟာ ရွံ့စဖွယ်အဖြစ်နဲ့ မြင်ပါ့မလား။ (မမြင်ပါဘူး ဘုရား)မမြင်ဘူး၊ မမြင်အောင်

http://www.dhammadownload.com



ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတွေကို မွမ်းမံပြင်ဆင်ထားတာ၊ ရူပါရုံဆိုလဲ အစုံပဲ ပြင်ကြဆင်ကြ။ သဒ္ဒါရုံကလဲ အမျိုးစုံ။ ဂန္ဓာရုံအနံ၊ အနံ့နဲ့ပတ်သက်ပြီးတော့လဲ မွှေးကြိုင်ပြီးတော့နေအောင် သောင်းချီ သိန်းချီပြီးတော့ တန်ဖိုးရှိတဲ့ ရေမွှေးတွေ ဘာတွေ ထုတ်လုပ်လို့၊ တစ်ချို့ နေရာတွေမှာ ရေမွှေးတွေ ဘာတွေရောင်းနေတဲ့ ဆိုင်ကြီးတွေ အင်မတန်ကြီးကျယ်တာကိုး။ ဩော်-ဂန္ဓာရုံနဲ့ လူခန္ဓာကိုယ် မွမ်းမံရတာ အတော်ကို မွမ်းမံရတာပါလား။ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါးနဲ့ အဲဒီ အာရုံငါးပါးအပေါ်မှာ တပ်မက်တွယ်တာမှု ကင်းအောင်ဆိုတာ ဘုရား နည်းမှတပါး အခြားနည်း မရှိဘူး။ ဒါကြောင့် သမထကမ္မဋ္ဌာန်းနဲ့ ရှုစဖွယ် တွေလို့ ဒီလိုအဆင့်ဆင့်ရှုနေရင် သမထကမ္မဋ္ဌာန်း ဖြစ်တယ်။

**ခာတ်**

နည်းက(၂)နည်းကိုး။ ခာတ်အနေနဲ့ ရှုမြင့်လို့ရှိရင် ဝိပဿနာ ဖြစ်ပါတယ်။ ဥပမာဆိုကြစို့- မနေ့ညက ဟောခဲ့တယ်။ ဆံပင်လေးကို ကြည့်၊ မာတဲ့သဘောလေး နောက်ဆုံးတွေ့မယ်၊ သွေးကိုကြည့် သာမန် အားဖြင့်ဆိုရင် သွေးဆိုတာ ကြည့်လိုက်ရင် အနံ့အသက်မကောင်းဘူး၊ ကြည့်လို့ရှိရင် ဘယ်သူမှ မမြင်ချင်ဘူး၊ ယိုးစီးတဲ့ သဘောလေးရှိတယ်၊ တခါတရံ ဖွဲ့စည်းတဲ့သဘောလေး ရှိတယ်၊ ခာတ်သဘောလေး။ အဲလို စက်ဆုပ်ရွံ့ရှာဖွယ် ရှုမြင်ခြင်းနဲ့ ခာတ်သဘော ရှုမြင်ခြင်း(၂)မျိုး ရှုကြည့်မယ်ဆိုရင် ဒီခန္ဓာကိုယ်ဟာ ပထဝီ (၂၀)၊ အာပေါ (၁၂)၊ တေဇော (၄)၊ ဝါယော(၆)၊ (၄၂)ပုံ၊ ခာတ်ကြီး(၄)ပါးနဲ့ ပြီးတဲ့ ခန္ဓာကိုယ်၊ခာတ်ကောင် ခာတ်ကောင်လို့ဆိုတာ သဘောပေါက်ပါလိမ့်မယ်။ ခာတ်ကောင်ကို သဘောပေါက်မှ ခာတ်ကောင်ကို လူကောင်လို့ မှတ်-သိနေရင် ဒါသဘောမပေါက် ဉာဏ်မရောက်သေးဘူး။ ဒါကြောင့် ဒီသွား ဘာဝနာ မှန်ပြောင်းဖြင့် ကောင်းကောင်းကြီးချိန်ရွယ် တကယ်မြော်မြင် ရှုဆင်ခြင်၍၊ ကာမဂုဏ်သုဒ အပြစ်ကိုတော့ဖုံးကွယ်၊ မက်ဖွယ်ကိုတော့ ဗန်းတင်ပြတဲ့

http://www.dhammadownload.com



ငါးပါးအာရုံ ကာမဂုဏ်တို့၌၊ အာဒီနဝံ= အေးဖွယ်အကျိုး အေးရနိုးနှင့် အေးရာမတွေ့ အေးငွေ့မထင် ပူပင်ရှုပ်ထွေး အပြစ်ဘေးတွေကို၊ ဒိသွာ= ဘာဝနာမှန်ပြောင်းဖြင့် ကောင်းကောင်းကြီးချိန်ရွယ် တကယ်မြော်မြင် ရှုဆင်ခြင်၍၊ ခဂ္ဂဝိသာဏကပ္ပေါ= ပင်တည်းခန့်ခန့် အနေသန့်သည် ကြံ့ချိုနှင့်တူရွာ၊ ကြံ့များချိုတစ်ချောင်းထဲရှိတော့ ကြံ့ချိုလိုပဲတဲ့၊ ဧကော= ဖေးသူမ,သူ ဘယ်သူမခေါ် အဖေါ်နှင့်ခွဲ တစ်ယောက်ထဲသာလျှင်၊ စရေစရေယျ= (၃၁)ဘုံ အကုန်လောင်မြိုက် အမှိုက်မီးဇာ ဤတဏှာဟု ဘာဝနာ ဉာဏ်မြင်စောတဲ့၍ လေးဃသြရေပြင်ကျယ် ဝဋ်ပင်လယ် သံသရာကြီးမှ လွတ်မြောက်ရန် မဂ်ဟုန်စီး၍မို့ တသွင်တည်း ကျင့်ကြံ ပေရာသတည်း။ ကဲ-ဒီခန္ဓာကိုယ်ကြီးက ဓာတ်လေးပါးနဲ့ ပြီးတယ်လို့ ဆိုတယ်။ စာတုမဟာဘူတိကော အယံကာယော၊ မေ= ငါ၏၊ အယံကာယော= တစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်သည်၊ စာတုမဟာဘူ တိကော= ရေမြေလေမီး ဓာတ်ကြီးလေးပါးဖြင့် ပြီး၏။ ဩဒန ကုမ္မာသူပစယော= ထမင်း, မုန့်, ငါးတို့ဖြင့် ကြီးပွားစေအပ်၏။ လူ့ဘဝ ရောက်တဲ့ အချိန်ကစပြီး အစားရေစာတွေ ထမင်း၊ မုန့်၊ ငါး၊ အမဲ အစရှိသည်ဖြင့် ကြီးပွားစေအပ်တဲ့ ကိုယ်၊ အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသနဓမ္မော= မမြဲတဲ့သဘော ရှိတယ်။ နင်းပေးရတယ်၊ နှိပ်ပေးရတယ်၊ သူက နှိပ်နယ်ပေးရတယ်၊ ကွဲပျက်ခြင်း သဘောရှိတယ်။

### “ဣဒဉ္စပန မေ ဝိညာဏံ ဧတ္ထသိတံ ဧတ္ထပတိဗဒ္ဓံ”

မေ= ငါ၏၊ ဣဒံဝိညာဏံ= ဤစိတ်သည်၊ ဧတ္ထသိတံ= ဤ မဟာဘုတ်လေးပါးနှင့် တည်ဆောက်ထားသည့် ခန္ဓာကိုယ်၌နေပေ၏။ ပတိဗဒ္ဓံ= ဆက်စပ်၍နေပေ၏။ ရုပ်ကြီးထဲဆိုရင် ရုပ်သေကိုး။ နာမ်လေးနဲ့ တွဲထားမှ ကြားထဲမှာ အာကာသဓာတ်တစ်ခုထည့် ဝိညာဏ်ခေါ်တဲ့ စိတ်ကိုထည့်တော့ (၆)မျိုး။ ရဟန်းတို့ ဒီခန္ဓာကိုယ်ကြီးဟာ ဓာတ်(၆)ပါးနဲ့ ပြီးတယ်လို့ အဲဒီလိုဆိုမှ ရုပ်ရော နာမ်ရော ပြည့်စုံသွားတယ်။ အဲဒီတော့ စောစောက ဓာတ်(၆)ပါးဆိုတာ အာကာသဓာတ်နဲ့ ဝိညာဏဓာတ်

http://www.dhammadownload.com



တည့်ရမယ်။ အာကာသဓာတ်ဆိုတာ ရုပ်တစ်ခုနဲ့တစ်ခု ခြားပေးတာ စည်းတားပေးတာ။ ဝိညာဏဓာတ်ဆိုတာက ဘာလဲဆိုလို့တော့ **"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိဉာဏ်ဆို၏"**။ အာရုံကို ယူတတ်တယ်၊ အသိသဘောလေးကိုစိတ်၊ ဝိညာဏ်၊ ဓာတ် (၆)ပါး ကမ္မဋ္ဌာန်းပါ။

**မင်းကွန်းဆရာတော်ကြီး**

တစ်ချိန်က မင်းကွန်းတိပိဋကဆရာတော်ကြီးရဲ့ နေထိုင်ရာ ကျောင်းထဲ အရောင်အလင်းတွေနဲ့ နတ်သားတစ်ယောက် လာဖူးတယ်။ အရှင်ဘုရားဟာ သီလ သမာဓိနဲ့ ပြည့်စုံတယ်။ ပညာလိုနေပါသေးတယ်။ ဘာပညာလဲလို့ ပြန်မေးတော့ ဝိပဿနာပညာပါတဲ့။ ဘယ်နည်းနဲ့ အားထုတ်ရမလဲ မေးမြန်းတော့ "ဓာတ်(၆)ပါး ကမ္မဋ္ဌာန်း အားထုတ်ပါ"လို့ ပြန်ဖြေသတဲ့။ စောစောကပြောတဲ့ ဆံပင်၊ မွေးညှင်း၊ ခြေသဲ၊ လက်သဲ တို့က အာရုံကို ယူတတ်ပ့ါမလား။ (မယူတတ်ပါဘုရား) မသိတတ်ပါဘူး။

ဝိညာဏဓာတ်ကလေးနဲ့ ပေါင်းလိုက်တဲ့အခါကျမှ ဝိညာဏ ဆိုတာ အာရုံကို ယူလဲယူတတ်တယ်၊ သိလဲသိတတ်တယ်။ ဒါကိုနာမ်လို့ ခေါ်တာပါပဲ။ စိတ်ကိုနာမ်၊ အဲဒီစိတ်နဲ့ တွဲပြီးတော့နေတဲ့ စေတသိက် **"စိတ်၌မှီတွယ် စိတ်ကိုချယ် ငါးဆယ်နှင့်ဒွိတ် စေတသိက်"** ဆိုတဲ့အတိုင်း စိတ်နဲ့တွဲပြီး စိတ်ကိုချယ်လှယ်ပြီးနေတဲ့ တရားက ငါးဆယ့် နှစ်မျိုး ရှိတယ်။ နောက်နိဗ္ဗာန် တရား၊ အဲဒီတရားတွေဟာ နာမ်တရား တွေ အဲဒီတော့ ဒီနေရာမှာတော့ စိတ်ကိုဦးစားပေးပြီးတော့ စကားပြောရ အောင်။ စိတ်ဟာလဲ (၆)မျိုး ရှိပါတယ်။ လောကကြီးတခုလုံး ကြည့်လိုက် လို့ရှိရင် အကြည်ဓာတ်(၆)မျိုး၊ အာရုံ (၆)မျိုး။ အဲဒီအထဲမှာဆိုးတာက အကြည်ဓာတ်(၅)မျိုးနဲ့ အာရုံ (၅)မျိုးက လောကသားတွေကို ပိုပြီးတော့ ဒုက္ခပေးတယ်။ အဲဒီ အကြည်ဓာတ် (၅)မျိုးက ဘာလဲလို့ဆိုတော့ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊

http://www.dhammadownload.com



ကိုယ်အကြည်လို့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ။ (၆)မျိုးဆိုရင်တော့ စိတ်အကြည်ပေါ့။ အဲဒီငါးမျိုးနဲ့(သို့) အဲဒီ(၆)မျိုးနဲ့ သူ့အတွဲ့နဲ့သူ တွဲလိုက်တဲ့အခါ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ။ ကမ္ဘာလောကကြီးတစ်ခုလုံးရှိ သတ္တဝါတွေမှာ အတွင်းက(၆)မျိုးနဲ့ အပြင်(၆)မျိုး။ အတွင်းက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် (၆)မျိုး။ အပြင်က ရူပါ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ ဓမ္မာရုံ ခေါ်တဲ့ (၆)မျိုး။ ကမ္ဘာလောကကြီးမှာ ဒီအတွင်းရှုပ် အပြင်ရှုပ်နဲ့ ရှုပ်ထွေးနေသမျှ သတ္တဝါတွေ ရှုပ်ထွေးနေမယ်။ ဒီ(၆)မျိုးထက် ပိုပြီးတော့ ရှုပ်နိုင်ပါမလား၊ မရှုပ်နိုင်ပါဘူး ဘုရား။ ရှုပ်ထွေးနေတာ ဒါပဲ။ ဒီ(၆)မျိုးနဲ့ပဲ ရှုပ်ထွေးနေတာ။ အဲဒီတော့ စိတ်အားဖြင့် ဝိညာဏ်အနေနဲ့ ပြောမယ်ဆိုရင် စိတ်က(၆)မျိုး၊ ဝိညာဏ် (၆)မျိုးပေါ့။ အဲဒီ(၆)မျိုးကဘာလဲ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်လို့ စိတ်(၆)မျိုး။ စိတ်ဘယ်နှစ်မျိုးလဲ။ (၆)မျိုးပါဘုရား။ အဲဒီစိတ်(၆)မျိုးမရှိရင် ရှုပ်ပါ့မလား လောကကြီး။ (မရှုပ်ပါဘုရား)။ မြင်ပြီးတော့ ရှုပ်တယ်။

ရဟန်းတို့ အမျိုးသားတွေရဲ့စိတ်ကို ဆွဲဆောင်နိုင်တဲ့နေရာမှာ အမျိုးသမီးတို့ရဲ့ ရူပါရုံ ပြီးတော့ သဒ္ဒါရုံ၊ ဂန္ဓရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံထက် ဆွဲဆောင်နိုင်တာ ဘာတစ်ခုမျှ မမြင်ဘူးတဲ့။ ရဟန်းတို့ အမျိုးသမီးတို့ရဲ့ စိတ်ကို ဆွဲဆောင်နိုင်တာလဲ ဒီအတိုင်းပါပဲလို့ ဆိုတော့ ရှုပ်စရာရှိရင် ဒီငါးမျိုး၊ ဒီခြောက်မျိုးနဲ့ပဲ မရှုပ်ဘူးလား။ (ရှုပ်ပါတယ်ဘုရား) ဒါပဲ ဒီထက်ပိုပြီးတော့ မရှုပ်နိုင်ဘူး။ ဒီတော့ တစ်လောကလုံး ရှုပ်နေတာ ရှုပ်နေပြီ။ ဘာတွေနဲ့ ရှုပ်နေတာလဲဆိုတော့ (၆)မျိုးနဲ့ပါ။ ဝိပဿနာ ဘာဝနာမှန်ပြောင်းနဲ့ ကောင်းကောင်းချိန်ရွယ်ပြီးတော့ မရှုပ်စေနိုင်ဘူး ဆိုရင် ရှုပ်သည်ထက် မရှုပ်နိုင်ဘူးလား။ ရှုပ်နိုင်ပါတယ် ဘုရား။ ရှုပ်သည်ထက် ရှုပ်ဖို့ပဲရှိတယ်။ မရှင်းနိုင်ဘူးနော် မရှင်းနိုင်ဘူး။ ရှင်းတဲ့ နည်းက ဘုရားနည်းပဲရှိပါတယ်။ ဒါကြောင့် “ဣမဘိက္ခဝေ” ဘိက္ခဝေ= ရဟန်းတို့၊ ဣမ= ဤငါဘုရားသာသနာတော်၌၊ အစချီပြီးတော့

http://www.dhammadownload.com



တရားကမ္မဋ္ဌာန်းပေးတာ။ ငါဘုရားသာသနာတော်၌ ဆိုပြီးတော့ တရားကမ္မဋ္ဌာန်းပေးတာ။ ငါဘုရားသာသနာမှာသာ ဒါရှိတယ်နော်တဲ့ အခြားမရှိဘူး။ ဟုတ်တာပေါ့ ကမ္ဘာ့ဘာသာတွေ သိပ်မများပါဘူး။ အခြားဘာသာတွေမှာ မေးကြည့် မြန်းကြည့် လေ့လာကြည့်။ ဒီနည်းတွေ မရှိတာအမှန်ပဲ။ အဲဒီတော့ ရှုပ်နေတာလဲ ဒီ(၆)မျိုးနဲ့၊ ရှုပ်နေတဲ့ အဲဒီခြောက်မျိုးကို ရှင်းပေးရမှာ။ အဲဒီ(၆)မျိုးကို မရှင်းနိုင်လို့ရှိရင် ရှုပ်မြဲ ရှုပ်နေကြမှာပဲ။

ဥပမာ- မြင်သိစိတ်၊ မြင်တာသိတာကို အကြောင်းပြုပြီး ရာဂ ဖြစ်စရာရှိရင် မဖြစ်ဘူးလား ဖြစ်ပါတယ်။ ဒေါသဖြစ်စရာရှိရင် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။ ကြားတဲ့အခါလဲ ဒီအတိုင်းပဲ။ နံတဲ့အခါလဲ ဒီအတိုင်းပဲ။ စားတဲ့အခါလဲ ဒီအတိုင်းပဲ။ စားတဲ့ သောက်တဲ့အခါမှာ ဒီအတိုင်းပဲ။ စားနေတုန်းများ တခါတရံ ကျောက်ခဲများ ဝါးမိလို့ရှိရင် တခါတည်း ချက်ခြင်း အများအားဖြင့် ဒေါသဖြစ်သွားကြတာပါပဲ။ တွေ့တဲ့ ထိတဲ့အခါမှာလဲ ဒီအတိုင်းပဲ။ ကြံစည်တွေးတောတဲ့ အခါမှာလဲ ဒီအတိုင်းပဲ။ မိမိစိတ်ထဲက ကြံစည်တာက မတည့်တဲ့ကိစ္စတွေ ကြံစည်မိတဲ့ အခါကျတော့ အလိုလိုဒေါသဖြစ်တယ်။ အဲဒီတော့ လောဘအစွန်းလဲ မထွက်အောင်၊ ဒေါသအစွန်းလဲမထွက်အောင် နေတတ်ဖို့လိုတယ်။ အဲဒါ ဘယ်နည်းနေမလဲလို့ဆိုတော့ မြတ်စွာဘုရားရဲ့ နည်းနဲ့။ ဒါကြောင့် ကာမဂုဏေသု= အပြစ်ကိုတော့ဖုံးကွယ် မက်ဖွယ်ကိုတော့ ဇန်းတင်ပြတဲ့ ငါးဝအာရုံ ကာမဂုဏ်တို့၌၊ အာဒီနဝံ= အေးဖွယ်အကျိုး အေးရနိုးနဲ့ အေးရာမတွေ့ အေးငွေ့မထင် ပူပင်ရှုပ်ထွေး အပြစ်ဘေးတွေကို၊ ဒိသွာ ပဿန္တု= ဘာဝနာမှန်ပြောင်းဖြင့် ကောင်းကောင်းကြီးချိန်ရွယ် တကယ်မြော်မြင် ရှုဆင်ခြင်ကြပါကုန်လော့။

http://www.dhammadownload.com



**မြင်သိစိတ်**

မြင်သိစိတ်ကလေး ဖြစ်ပေါ်တယ်။ ဒါကြောင့် ဒီမြင်သိစိတ်ကလေးကို ဘယ်သူလုပ်သလဲ။ ဘုရားဖန်ဆင်းတာလား၊ တန်ခိုးကြီးတဲ့နတ်တွေက လုပ်သလား၊ စဉ်းစားကြည့်ရအောင်။ သူ့ဟာသူ ဖြစ်နေတာလား၊ အကြောင်းရှိလို့ ဖြစ်တာလား၊ ပဋ္ဌာန်းတရာတော်က-

**စက္ခာယနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ရူပါယတနံ စက္ခု ဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စ ပစ္စယော။**

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပဋ္ဌာန်းတရား ရွတ်နေကြတယ်။ ရွတ်ဖတ်ပြီးတော့ ပူဇော်ပြီးနေကြတယ်။ အဲဒါမြင်သိစိတ်ကလေး ဖြစ်ပေါ်ပုံကို ဟောတာ။

မြင်သိစိတ်ကလေး ဖြစ်ပေါ်ပုံကို ဟောတာ။ စက္ခုပသာဒ ခေါ်တဲ့ မျက်စိအကြည်ဓာတ်ကလေး၊ အဲဒီမျက်စိ အကြည်ဓာတ်ကလေး မှမရှိရင် မြင်နိုင်ပါမလား။ (မမြင်နိုင်ပါ ဘုရား)။ မြင်ဖို့ဆိုရင် မျက်စိအကြည်ဓာတ်ကလေး ရှိရမယ်။ အဲဒီ မျက်စိအကြည်ဓာတ်တော့ ရှိပါတယ်။ အဆင်းမျိုးစုံ ရူပါရုံ မရှိရင်ကော မြင်သိစိတ်ကလေး ဖြစ်ပါမလား။ (မဖြစ်ပါဘုရား)။ အဲဒါကို မြတ်စွာဘုရားက- စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ စက္ခုဉ္စ= စက္ခုပသာဒအကြည်ဓာတ်ကိုလည်းကောင်း၊ ရူပေစ= အဆင်းမျိုးစုံ ရူပါရုံတို့ကိုလည်းကောင်း၊ ပဋိစ္စ= စွဲ၍၊ စက္ခုဝိညာဏံ= မြင်သိစိတ်သည်၊ ဥပ္ပဇ္ဇတိ= ဖြစ်ပေါ်၍လာ၏။ ဒါဖြင့် မြင်သိစိတ် အကြောင်းမဲ့ဖြစ်တာလား။ (မဟုတ်ပါဘုရား)။ အကြောင်းမဲ့ဖြစ်လာတာ မဟုတ်ဘူး။ မြင်သိစိတ် အကြောင်းရှိတယ်။ စက္ခုပသာဒနဲ့ ရူပါရုံ (၂)မျိုးဆုံမိမှ မြင်သိစိတ်ဖြစ်တယ်။ အဲဒီတော့ စက္ခုပသာဒ အကြည်ဓာတ်ကရုပ်၊ ရူပါရုံကရုပ်၊ မြင်သိစိတ်ကနာမ်၊ ဟော-ဘုရားဖူးတယ်။ (၂၈)ဆူရုပ်ပွားတော်မြတ်တွေကို ဖူးမြော်တယ်။ နှစ်ကျိပ်ရှစ်ဆူ

http://www.dhammadownload.com



ရွှေ့ဟောင်းရုပ်ပွားတော်တည်းဟူသော ရူပါရုံအဆင်းတော်၊ မိမိရဲ့ စက္ခုပသာဒမျက်စိအကြည်ဓာတ်နဲ့ တိုက်ဆိုင်တော့ ငါဘုရားဖူး လိုက်တယ် မြင်သိစိတ်ကလေး ပေါ်လာတာကိုး။ ဘုရားကိုဖူးတယ် ဘုရားကိုမြင်တယ် အဲဒီလိုဆိုကြတယ်။ အဲဒီတော့ အဲဒီမြင်သိစိတ်ကလေး ကြည့်လို့ကောင်းလိုက်တာ၊ ဖူးလို့ကောင်းလိုက်တာလို့ ပြောကြတယ်။ အဲဒီ မြင်သိစိတ်ကလေးကို ကောင်းတယ်ဆိုပြီး တစ်နေရာမှာ စုပုံပြီးတော့ ထားလို့ရပါမလား။ (မရပါဘုရား)။

စောစောကလဲ မိမိစီမှာ အစုလိုက် အပြုံလိုက်ကြီး ပုံထားတာ ကော ရှိရဲ့လား။ (မရှိပါဘုရား)။ (နဂါးမျှားပူးဝင်နေတဲ့ ကလေးမများ တရားနာရန် ပြေးဝင်လာနေတဲ့အတွက် ဆရာတော်က ပရိတ်ချီပေးရန် တရားခေတ္တနားပါသည်။ အမျှပေးဝေပါ၊) စိတ်ပင်ပန်းတဲ့သဘောရှိလို့ ဒီလိုဖြစ်တာပါပဲ။ စိတ်ပင်ပန်းတဲ့သဘော ရှိတာပါပဲ။ စိတ်ပင်ပန်း လာတော့ သွေးသား ချောက်ချားလာတာပါပဲ။ စိတ်ကကောင်းတဲ့ နေရာမှာလဲ စိတ်ကအရေးကြီးတယ်။ မြတ်စွာဘုရား ရောင်ခြည်တော် လွှတ်တယ်ဆိုတာ စိတ်ကြည်လင်တဲ့အတွက်ကြောင့် သွေးကြည်လင် တယ်၊ သွေးကြည်လင်တော့ ခန္ဓာကိုယ်က အရောင်တွေထွက်လာတယ်။ အခုဟာ ရှုမှတ်တာကတော့ တရားပဲ။ သို့သော်လဲပဲ မိမိရဲ့စိတ်က ဒီတရားကို လက်မခံနိုင်တဲ့ သဘောဖြစ်လာလို့ ပင်ပန်းတာပါပဲ။ ကဲ ကဲ တရားလက်စသိမ်းကြဦးစို့။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သကြံန်တရားစခန်းပွဲ

ယနေ့သာသနာတော်နှစ် ၂၅၄၆နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ် နှစ်ဆန်း(၂) ရက်နေ့။

### နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီ

သကြံန်တွင်း လယ်တီဝိပဿနာ(၇)ရက် တရားစခန်းအားထုတ်ခဲ့ကြပြီး အောင်မြင်တဲ့အထိမ်းအမှတ်အဖြစ်နဲ့ အောင်ပွဲသဘင်ဆင်ယင်ကျင်းပနိုင်ခဲ့ပါပြီ။ ဒီအတောအတွင်းမှာ ဒီတရားစခန်းနဲ့ ပတ်သက်ပြီးတော့ ပြောမယ်ဆိုရင် တရားအားထုတ်မည့် ယောဂီတွေ (၃၀၀) လောက် ရှိမယ်ထင်မှတ်ပြီး ကျောင်းတိုက်အစီအစဉ်နဲ့ သင်လျော်သလို နေရေးထိုင်ရေးစသည် စီမံထားပါတယ်။ အရုဏ်ဆွမ်း၊ နေဆွမ်း၊ အဖျော်အလှူရှင်တွေကို စောစောကတည်းက ရှာဖွေစီမံ ထားတာ မဟုတ်ပါဘူး။ ရောက်လာတဲ့အခါကျမှ တရားဝင်ယောဂီ အချို့က တာဝန်ယူတာက တစ်မျိုး၊ တစ်ချို့ ဒကာ ဒကာမတွေက လာရောက်ပြီး အပြေးအလွှား စီမံပြီး အရုံဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည် လှူဒါန်းကြတော့ မပင်ပန်းပဲနဲ့ ပြည့်စုံသွားတယ်။

နာဂလိုဏ်ဂူဘုရားကုန်းမြေမှာ တရားအားထုတ်ကြသလို လယ်တီဝိပဿနာနည်းနဲ့ ဌာနတော်တော်များများမှာ တပြိုက်နက် သကြံန်တွင်းမှာ ဖွင့်လှစ်ထားပါတယ်။ ဖွင့်တဲ့အခါမှာ ဘယ်တရားစခန်းမှာပဲဖြစ်ဖြစ် စရိတ်ငြိမ်း တရားအားထုတ်နိုင်ဖို့ စီမံထားပါတယ်။ စီမံထားတဲ့ အတိုင်းပဲ အားလုံးအဆင်ပြေတယ် ပြောရမှာပဲ။ ကဲ ကဲ သမထတရား ဝိပဿနာတရားဟောတာလဲ များပြီ။ များလာတဲ့အခါ ဒီကုန်းမြေကြီးရဲ့ သမိုင်းကြောင်းကို ကြားလဲကြားချင်ကြမှာ၊ သိလဲ သိချင်ကြမှာပဲလို့ ထင်ပါတယ်။ ဘုန်းကြီးကလဲ ပြောချင်တယ်။ လွတ်လပ်ရေးမရခင် လွန်ခဲ့တဲ့ ၁၉၃၈ ခုနှစ်က ဟိုအနောက်ဖက် အေဝမ်းခြံကနေ ဦးအောင်ချမ်းသာဆိုတဲ့ လူသူတော်စင်ကြီးက

http://www.dhammadownload.com



ဒီကုန်းဘက်ကို မျှော်ပြီးတော့ ကြည့်တယ်။ အဲဒီတုန်းက ဒီကုန်းမြေမှာ ကျားတွေ ဘာတွေတောင် ခိုအောင်းတယ်တဲ့။ ခြုံနွယ်ပိတ်ပေါင်းတွေ အလွန်ထူထပ်နေတဲ့ တောအုပ်ကြီးပါပဲ။ အဲဒီတုံးက ရန်ကုန်တိုင်းဆိုတာ မရှိသေးဘူး။ ပဲခူးတိုင်းပဲ။ လွတ်လပ်ရေးမှ မရသေးပဲကိုး။ လွတ်လပ်ရေး မရခင် (၁၀)နှစ်တာ ကာလလောက်က၊ ပဲခူးတိုင်းမင်းကြီး ဆွတ်သင်ဗင့် ဆိုတဲ့ ပုဂ္ဂိုလ်ထံမှာ ခွင့်ပန်ပြီး ဒီကုန်းမြေနေရာကို တူးဖော်တယ်၊ တူးဖော်လိုက်တော့ အုတ်ခွက်ဘုရားတွေ ကားနှစ်စီးတိုက်လောက် ရတယ်။ အဲဒီကားကြီးနှစ်စီးတိုက်လောက်ရတော့ ဦးအောင်ချမ်းသာက တို့ဘုရားပြန်တည်ရမယ်။ တို့တည်လို့တော့ မပြီးဘူး။ ဦးအောင်ချမ်းသာ က စကား(၃)ခွန်း ဆက်ပြောတယ်။

- ကနဲ့ 'ဝ'နဲ့ ပါတဲ့ ပုဂ္ဂိုလ်လာမှ ဒီဘုရားပြီးလိမ့်မယ်။ (ပထမစကား)
- ကရင်အမျိုးသား ထီးတင်လိမ့်မယ်။ (ဒုတိယစကား)
- ဒီဘုရားကြီး ထီးတင်ပြီးရင် ဒီနားမှာ အလွန်ပင်စည်တဲ့ မြို့ရွာကြီး ဖြစ်လိမ့်မယ်။ (တတိယစကား)

မြောက်ဥက္ကလာပ စတဲ့မြို့တွေ အဲဒီတုံးက မရှိသေးဘဲကိုး။ အဲဒီ (၃)ခွန်းပြောပြီးတော့ အုတ်အနည်းငယ် စုစည်းပြီးတော့ စောင့်ဆိုင်းနေ ခဲ့ကြတယ်။ ဘုန်းကြီးတို့ ကလေးဝဆရာတော် ဘုရားကြီးက အိန္ဒိယက ပြန်လာပြီးတော့ ဟိုဘက်နားက ဆရာဝန်ကြီး ဒေါက်တာဒေးတို့အိမ်မှာ တည်းခိုနေတယ်။ အဲဒီကနေ နံနက်ခင်း ဒီဘက်ကို လမ်းလျှောက် လာတယ်။ အဲဒီအချိန်မှာ ဦးအောင်ချမ်းသာ မရှိတော့ပါဘူး။ သစ္စဝါဒီ ဘိုးဘိုးကြီးက စောင့်ရှောက်နေပါတယ်။ သစ္စဝါဒီ ဘိုးဘိုးကြီးက ကလေးဝဆရာတော်ဘုရားကို ဘယ်ကကြွလာပါသလဲ ဘုရားလို့ မေးပါတယ်။ အိန္ဒိယက ပြန်လာပါတယ်လို့ ဖြေပါတယ်။ မြန်မာနိုင်ငံ ဘယ်အရပ်ကပါလဲ ဘုရား။ ကလေးဝမြို့ကပါလို့ ဖြေတယ်။ ဒီအခါမှာ သစ္စဝါဒီဘိုးဘိုးကြီးက ဒီပုဂ္ဂိုလ် ဒီဘုရားအပြီးအစီး တည်မည့်ပုဂ္ဂိုလ်ပဲလို့

http://www.dhammadownload.com



ဆုံးဖြတ်ပြီး အုဋ္ဌခွက်ဘုရားတွေနဲ့အုတ်တွေ စုပုံပြီးတော့ အပ်ထား။ ကလေးဝဆရာတော်ဘုရားက လက်ခံပြီး ဒီစေတီကြီးတည်လိုက်တာ (၃)လနဲ့ (၅)ရက် ကြာပါတယ်။ ဒီနာဂလိုဏ်ဂူစေတီတော်မြတ်ကြီး တည်ထားတဲ့ အချိန်က (၃)လနဲ့ (၅)ရက်ပါ။

ဘုရားပန္နက်မရိုက်မီ အရင်တစ်ညဥ့်က မြတ်ဘုရားတည်မည့် နေရာလေးပဲ ရှင်းလင်းထားတယ်။ ဘေးကတော့ ခြုံနွယ်ပိတ်ပေါင်းတွေနဲ့ ကလေးဝဆရာတော်တစ်ပါးတည်း တရားအားရုံပြုပြီးနေချိန် ညဥ့်(၉)နာရီ လောက် ခြုံနွယ်ပိတ်ပေါင်းတွေထဲက တိုးပြီးတော့ အမျိုးသမီးငယ်ကလေး (၃)ယောက် ထွက်လာတယ်။ လာပြီးတော့ ကလေးဝဆရာတော်ဘုရား ကြီးကို ရှိခိုးပြီးတော့ တပည့်တော်တို့ ရိုးမကလာတာပါဘုရား၊ ဖခင်ကြီးလဲ မကြာခင် လာပါလိမ့်မယ်လို့ လျှောက်တယ်။ ပြီးတော့ ရွှေပန္နက်၊ ငွေပန္နက်များလှူထားခဲ့တာ ပြီးတော့ ပျောက်သွားကြတယ်။ မနက် ကျတော့ ချိန်ကြည့်တဲ့အခါ ရွှေပန္နက်၊ ငွေပန္နက်ဟာ (၁၃)ပဲသားရှိတယ်။ ပြောတဲ့အတိုင်း သူတို့ရဲ့ဖခင်ကြီး မကြာခင် ရောက်လာမယ်ဆိုတဲ့အတိုင်း အလွန်ကြီးမားတဲ့ ပုဂ္ဂိုလ်ကြီး မကြာခင်ရောက်လာတယ်။ ဆရာတော် ဘုရားကြီးရဲ့ ဦးခေါင်းကို လက်နဲ့ဖိတယ် သတိမလစ်အောင် တော်တော် သတိထားရတယ်လို့ ဆရာတော်ကြီးက မိန့်ဖူးတယ်။ အဲဒီ(၃)ယောက်ဟာ ရိုးရိုးလူမှ မဟုတ်ပဲကိုး။ ခြုံနွယ်ပိတ်ပေါင်းတွေထဲက တိုးပြီးတော့ လာကြတာ။ ဒီကုန်းမြေက အစထဲက အုတ်ခွက်ဘုရားတွေဆိုတာရှိတော့ ရှေ့ဟောင်းဘုရား၊ ဘုရားနဲ့ပတ်သက်တဲ့ သိုက်နန်းကပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဟိုတစ်နေ့ ကလေးတွေဟာ တရားအားထုတ်လို့ ဖြစ်တာတော့ မဟုတ်ဘူး။ သိုက်နဲ့ပတ်သက်တာလဲ ဖြစ်နိုင်ပါတယ်။ ဘုန်းကြီးတို့က တရားအားထုတ်လို့ ဖြစ်တယ်ထင်ခဲ့တာပါ။

သူတို့က ပြောတာကတော့ တစ်ရက်က ရှင်ဥပဂုတ် ဓမ္မာရုံထဲမှာ တရားသွားအားထုတ်တော့ အဲဒီ သိုက်နန်းအထက်က ထိုင်မိတယ်တဲ့။ ထိုင်ပြီးတော့ တရားအားထုတ်တော့ သိုက်ညီအစ်မသုံးယောက်

http://www.dhammadownload.com



လိုက်လာပြီးတော့ ဒီလိုလုပ်တယ်လို့ သူတို့က ပြောတယ်။ သူတို့အိမ်ကလဲ လာပြီးတော့လျှောက်တယ်။ ဒါက သံသယ ဖြစ်စရာတော့မရှိဘူး။ စောစောကထဲက ကလေးဝတောရ ဆရာတော် တွေ့ခဲ့ဖူးတယ်။ ဒီလိုနဲ့ပဲ ဆရာတော်ဘုရားကြီးက (၃)လ (၅)ရက်နဲ့ ပြီးအောင်ဘုရားတည်ပြီး၊ ကရင်အမျိုးသား ထီးတင်လိမ့်မယ် ဆိုတဲ့အတိုင်းပဲ သမ္မတကြီး ဦးဝင်းမောင်လက်ထက် ထီးတင်ပါတယ်။

ထီးတင်ပြီးရင် ဒီအနားမှာ အလွန်စည်ကားတဲ့ မြို့ပြပြည်ရွာတွေ ဖြစ်ပေါ်လိမ့်မယ်ဆိုတဲ့အတိုင်း ဗိုလ်မှူးကြီးထွန်းစိန်က ဒီမှာတည်းခိုပြီး မြောက်ဥက္ကလာမြို့ကွက် ရိုက်တာပဲ။ ဦးအောင်ချမ်းသာဆိုတဲ့ သူတော်စင် ပုဂ္ဂိုလ်ကြီးကလဲပဲ သူကိုယ်တိုင်ပြောလိုက်တဲ့ ဘာမှမမြင်ရတဲ့ မြေကြီးပေါ်မှာ ဒီနေရာမှာ ဘုရားရှိတယ်ဆိုရင် မမှားဘူး၊ ဘယ်တော့မှ မမှားဘူးတဲ့။ သူ့အမြင်က အင်မတန်ထူးခြားပါတယ်။ ဒါကြောင့်မို့ နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီဆိုတာက ဒီဦးအောင်ချမ်းသာကို အကြောင်းပြုပြီးတော့ မှည့်ခေါ်တာပါပဲ။ ဘုန်းကြီးတို့ ဒကာ ဒကာမများ နာဂလိုဏ်ဂူ ဘုရားကုန်းမြေမှာ လာပြီးတော့ တရားအားထုတ်ကြတာ နာဂလိုဏ်ဂူ ဘုရားနဲ့ ပတ်သက်ပြီးတော့ ရှေးဖြစ်စဉ်လေးက သိခဲ့ရပြီ။ ဘုန်းကြီးတို့ ဒီကုန်းမြေမှာ တောင်တန်းဒေသ၊ နယ်စပ်ဒေသ ကလေးသူငယ်များကို ပညာသင်ပေးခြင်းလုပ်ငန်းနဲ့ ရဟန်းသာမဏေများအား ပညာသင်ပေးခြင်းလုပ်ငန်း (၂)ရပ် ဆောင်ရွက်ပါတယ်။

**မျက်လုံး**

အဲဒီအထဲမှာ သာသနာ့နွယ်ဝင်ဆရာလေးများလဲ ဗုဒ္ဓစာပေ သင်လိုကသင်၊ လောကီစာပေသင်လိုကသင်၊ သင်ပေးပြီးတော့ ဒီဝိပဿနာတရားစခန်း တရားအားထုတ်ဖို့ကတော့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇)က လယ်တီမူဝိပဿနာ(၇)ရက် တရားစခန်းများကို လစဉ်ပုံမှန် မြန်မာလ၏ လပြည့်နေညဥ့်တိုင်း ဖွင့်လှစ်ပေးသွား

http://www.dhammadownload.com



ပါတယ်။ ဒါလဲပဲ အင်မတန် အရေးကြီးတဲ့လုပ်ငန်းဖြစ်လို့ပါပဲ။ အဲဒီတော့ မြတ်စွာဘုရားက လူ့ဘဝရောက်လာလို့ ရှိရင် မျက်လုံးနှစ်ဖက် ကောင်းရမယ်။ မျက်လုံးနှစ်ဖက် ရှိရမယ်။ တနည်းအားဖြင့် နှစ်ဖက်လှရမယ်၊ နှစ်ဖက်မြင်ရမယ်တဲ့။ ဘယ်ဘက်မျက်လုံး ညာဘက်မျက်လုံးကို ပြောတာလားဆိုတော့ မဟုတ်ပါဘူးတဲ့။

**နှစ်ဖက်လှ**

၁။ ဘောဂမျက်လုံး စီးပွားရေးမျက်စိ

၂။ ဓမ္မမျက်လုံး တရားရေးဆိုင်ရာမျက်စိ (သံသရာနဲ့ ပတ်သက်တဲ့မျက်လုံး ၊ တနည်းအားဖြင့်ဘဝနဲ့ ပတ်သက်တဲ့မျက်လုံး)

အဲဒီလို မျက်လုံး(၂)လုံးထဲမှာ လူတစ်ယောက်သည် အင်မတန် စီးပွားရေးလာဘ်မြင်တယ်။ စီးပွားရေးမျက်စိတော့ သိပ်ပြီးတော့ ကောင်းတာတဲ့။ တရားနဲ့ပတ်သက်လာရင် မကြည့်တတ်, မရှုတတ်ရင် ဒါတစ်ဖက်လှပဲတဲ့ ။ စီးပွားရေးလဲမမြင်၊ တရားလဲမမြင့်တဲ့ ပုဂ္ဂိုလ်ကိုတော့ အရပ်အခေါ် နှစ်ဖက်လုံး မျက်စိမကောင်းတဲ့ အန္ဓအကန်း၊ စုံလုံးကန်း လို့ ခေါ်တယ်။

**"အန္ဓဥ္စကေစက္ခုဥ္စ အာရကာ ပရိဝဇ္ဇယေ"။**

အန္ဓဥ္စ မျက်စိနှစ်လုံး မကောင်းသောသူကိုလည်းကောင်း၊ ပကတိမျက်စိကို ပြောတာမဟုတ်ဘူး၊ စီးပွားရေးမျက်စိနဲ့ ဓမ္မမျက်စိကို ပြောတာ ဧကစက္ခုဥ္စ= မျက်စိတစ်လုံးသာ ရှိတဲ့သူကိုလည်းကောင်း၊ ဧကစက္ခုဥ္စ= တစ်ဖက်လှကိုလည်းကောင်း၊ အာရကာ= ဝေးဝေးမှ၊ ပရိဝဇ္ဇယေ= ရှောင်ကြည်ရာ၏။ မျက်စိနှစ်လုံးလုံး မကောင်းတဲ့သူကို ရှောင်ရမယ်။ စီးပွားရေးမျက်စိသာ ရှိပြီး တရားမျက်လုံး မရှိတဲ့ပုဂ္ဂိုလ်ကိုလဲ ရှောင်ရမယ်။

**"ဒွိစက္ခုံပန သေဝေထ၊ သေဋ္ဌပုရိသ ပုဂ္ဂလံ"။**

http://www.dhammadownload.com



သေဋ္ဌ= မြတ်သော၊ ဒွိစက္ခုံ= မျက်စိနှစ်လုံးရှိသော၊ ပုရိသ ပုဂ္ဂလံ= ယောကျ်ား ဖြစ်သော ပုဂ္ဂိုလ်ကို၊ သေဝေထ= မှီဝဲပေါင်းသင်း ဆက်ဆံရာ၏။

ဘောဂမျက်လုံး စီးပွားရေးအမြင်လဲ ရှိရမယ်။ ဓမ္မမျက်လုံး တရားရေးအမြင်လဲ ရှိရမယ်။ မှန်တယ် လူလောကမှာ စီးပွားရေး အမြင်လဲ ရှိတယ်။ မှန်တယ် လူကောကမှာ စီးပွားရေးမျက်စိမရှိရင် လူလုံးမလှတတ်ဘူး။ လူတစ်လုံး သူတစ်လုံးမဖြစ်ဘူး။ တရားရေးမျက်လုံး မျက်စိရှိအောင် ဝိပဿနာတရားမျက်လုံး တပ်ဆင်ပေးရမယ်။ ဘဝ သံသရာစိတ်အေးရအောင်ပါပဲ။

**အဆင့်ဆင့်**

**ဟီနေန ဗြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။**
**မဇ္ဈိမေနစ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။ ။**

မြတ်တဲ့အကျင့်ကို လျော့လျော့ပေါ့ပေါ့ကျင့်ရင် မင်းမျိုး မင်းနွယ်မှာ ဖြစ်ရတယ်။ အလယ်အလတ်တန်းစားကျင့်ရင် နတ်ဗြဟ္မာ ဖြစ်တယ်၊ အမြတ်ဆုံးဖြစ်တဲ့ ဝိပဿနာအဆင့်ဆင့် အကျင့်အတိုင်း ကျင့်မယ်ဆိုရင် ကိလေသာတို့မှ သန့်ရှင်းစင်ကြယ်နိုင်တယ်။ ဒါကြောင့် တရားရေးဆိုင်ရာ မျက်စိကို ကျကျနနအသုံးချပြီးတော့ ကိလေသာမှ စင်ကြယ်ကြောင်း ကောင်းမြတ်တဲ့ ဝိပဿနာတရားများအားထုတ်ကြပါ။ ဒါကြောင့် "ရှေးကအယူ သမ္မာဖြူ၍၊ လူပဟုဖြစ်ရှောင်း အလာကောင်း၏၊ နောက်ကြောင်းတစ်ဖန် လမ်းကြောင်းမှန်အောင် မြင်ဉာဏ်မျက်စိ နှစ်ဖက်ရှိလော့"လို့ မန်လည်ဆရာတော်ဘုရားကြီးက ဆုံးမတော် မူပြြန်ပါတယ်။

ရှေးကကုသိုလ် ကံထောက်မလို့ လူရယ်လို့ဖြစ်လာရတာ။ နောက်ကြောင်းတဖန် လမ်းကြောင်းမှန်အောင် မြင်ဉာဏ်မျက်စိ နှစ်ဖက် ရှိလော့။ မျက်စိနှစ်ဖက်ရှိရမယ်။ နှစ်ဖက်လုံးစုံမှ ကြည့်ရတာ အားရှိတယ်။ အဲဒီလိုပဲတဲ့ ဘောဂမျက်လုံးခေါ်တဲ့ စီးပွားရေးမျက်လုံးလဲ ရှိအောင်

http://www.dhammadownload.com



ကြိုးစားကြ။ အရေးကြီးတာကတော့ ဓမ္မမျက်လုံးခေါ်တဲ့ တရားရေး မျက်စိဘဝနဲ့ ပတ်သက်တဲ့မျက်စိ၊ ဒီမျက်လုံးဟာ တပ်ဆင်ခွင့်ရနိုင်ဖို့ တော်တော်ခက်တယ်၊ ကမ္ဘာလူထုကြီးအတွင်းမှာ တပ်ဆင်ခွင့်ရနိုင်ဖို့ အလွန်ခက်တယ်။ ဘောဂမျက်လုံးကတော့ အလွန်ပေါများပါတယ်။ တရားမျက်လုံးက ကမ္ဘာ့လူထုကြီးအတွင်းမှာ တပ်ဆင်နိုင်ဖို့ အလွန်ခက်တယ်။ ဘောဂမျက်လုံးကတော့ အလွန်ပေါများပါတယ်။ ကမ္ဘာ့လူထုကြီးမှာ ချမ်းသာတဲ့လူတွေ ဒုနဲ့ဒေး၊ ဘောဂမျက်လုံး စီးပွားရေးမျက်စိတွေ ရထားပိုင်ဆိုင်ထားလို့ သိပ်ပြီးတော့ကြီးကျယ်တဲ့ ရတနာတွေ၊ အဆောက်အဦတွေ ရှိနေပါတယ်။

ဓမ္မမျက်လုံးခေါ်တဲ့ တရားမျက်လုံးကတော့ ကမ္ဘာ့လူထုကြီး ကဏ်းတာများပါတယ်။ မိမိတို့ကံကောင်းထောက်မလို့ ဗုဒ္ဓဘုရား သာသနာတော်ကြီးနဲ့ဆုံစည်းလို့၊ ဆုံးစည်တွေ့ကြုံပြန်တော့လဲပဲ လွန်ခဲ့တဲ့ (၂၅၉၁)နှစ်က ပွင့်တော်မူခဲ့တဲ့မြတ်စွာဘုရား။ လူ့အသက်နဲ့ပြောရင် တစ်ဘဝမှာ (၁၀၀)နှုန်းထား ဘဝပေါင်း(၂၆)ဘဝစာလောက် သက်တမ်း ကြာလာတာတောင် ဒီနည်းနာနိဿယ မပျောက်သေးဘူး။ အဲလို လမ်းမပျောက်သေးလို့ လမ်းပျောက်သွားရင်တော့ ခက်ကြပြီ။

**မရှိလေးပါး**

**အာကာသေဝ ပဒံနတ္ထိ၊ သမဏော နတ္ထိဗာဟိရေ။**
**သင်္ခါရာ သဿတာ နတ္ထိ နတ္ထိဗုဒ္ဓါနမိဥ္စိတံ။ ။**

မရှိလေးပါး ဘာတွေလဲဆိုတော့ အာကာသေဝပဒံနတ္ထိ= ကောင်းကင်မှာ ငှက်တို့ရဲ့ ခြေရာမထင်ဘူး၊ သမဏောနတ္ထိဗာဟိရေ= သာသနာ၏ ပြင်ဘက်အယူဝါဒတွေမှာ ကိလေသာကို ငြိမ်းစေတတ်တဲ့ အရိယာရဟန်းမရှိဘူး။ ဗုဒ္ဓမြတ်စွာ ဘုရားသာသနာပြင်ပမှာ အရိယာ ရဟန်းမရှိဘူး။ ဘာကြောင့်မရှိသလဲ ဗုဒ္ဓမြတ်စွာသာသနာရဲ့ ပြင်ပမှာ မဂ္ဂင်ကျင့်စဉ်မရှိလို့ပါပဲ။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသနာတော်ကြီးမှာ

http://www.dhammadownload.com



စပြီးတည်ကတည်းက မဂ္ဂင်(၈)ပါးနဲ့ တည်ခဲ့တာ မဂ္ဂင်(၈)ပါးနဲ့ တရားတည်ခဲ့တာ။ မဂ္ဂင်(၈)ပါးနဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အစရှိသည်ဖြင့် မဂ္ဂင်တွေ သိကြတဲ့အတိုင်းပဲ။ သခ်ီရာ= သခ်ီရတရားတို့သည်၊ သဿတာ= မြဲကုန်သည်။ နတ္ထိ= မရှိကုန်။ သခ်ီရတရားတွေ မြဲတယ်ဆိုတာမရှိဘူးတဲ့။ နတ္ထိ ဗုဒ္ဓါနံမိဉ္ဇိတံ= မြတ်စွာဘုရားရှင်တို့ တုန်လှုပ်မှုမရှိဘူးတဲ့။ ဘုရားရှင်တို့မှာ လောကဓံတရားကြောင့် မတုန်လှုပ်ဘူး၊ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံယဿနကမ္ပတိ။ အသောကံ ဝိရဇံခေမံ ဧတံမင်္ဂလမုတ္တမံ၊ လောကဓံတရားတွေ တရားဆိုးတရားဖျက်တွေ ဖိစီးနှိပ်စက်လို့ စိတ်မတုန်လှုပ်ခြင်းဟာ မင်္ဂလာတဲ့။ ဘုန်းကြီးတို့ ကုသိုလ်ပြုကြတဲ့အခါ ဆုတောင်းကြတယ်။ လောကဓမ္မေဟိ= ဖြစ်ကပျက်ကုန်တွေ့ကြုံကြရိုး လောကဓံတရားဆိုး တရားပျက်တို့သည်၊ ဖုသိတေ= တနေ့မမိ တနေ့မိဖြင့် တွေ့ထိခံစားရသည်ရှိသော်၊ ယေနစိတ္တေန= မတည်တန့်နိုင် မခန့်ခိုင်လတ် အကြင်စိတ်ဓာတ်ကြောင့်၊ ကမ္ပေန္တိ= တရားမမြင် နားမဝင်ပဲ အားအင်ရိန္တမ်း ပင်ပန်းတုန်လှုပ်ကြ လေကုန်၏၊ တံစိတ္တံ= ထိုကဲ့သို့သော စိတ်ပျော့စိတ်ညံ့မျိုးသည်၊ မာဟောတု= တရံတဆစ်မျှ မဖြစ်ပါစေသတည်း။

လောကဓံတရားမျိုးတရားဆိုးတို့ကြောင့် ယိမ်းယိုင်နွဲ့ပါးပျက်ပြားဆုတ်ယုတ်တဲ့ စိတ်မျိုးညံ့တဲ့စိတ်မျိုး မဖြစ်ပါစေနဲ့လို ဆုတောင်းကြတယ်။ ဆုတောင်းတာထက် ယခုကဲ့သို့ ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်လို့ တရားသားတွေ တက်သွားပြီဆိုရင် အရိယာအရှင်မြတ်ကြီးတွေလောက် ခံနိုင်ရည် မရှိပေမဲ့ အတော်အသင့် ခံနိုင်ရည်ရှိကြပြီ။

**ဘဝငြိမ်းချမ်းရေး**

အဓိကအားဖြင့်တော့ တရားနဲ့နေပါလို့ ပုဂ္ဂိုလ်တစ်ယောက်က ပြောတယ်။ တရားနဲ့မှ မနေဖူးပါဘူးဆိုရင် တရားနဲ့နေတတ်ဖို့ မလွယ်ဘူး။ အခု တရားအားထုတ်ကြတယ်ဆိုတာ တရားနဲ့နေတတ်ဖို့ လေ့ကျင့်

http://www.dhammadownload.com



နေကြတာပဲ။ ဒီပညာရပ်ကို အခြားကမ္ဘာမှာ သွားသင်လို့တော့ မရဘူး၊ ဒီပညာရပ်ဟာ မိမိခန္ဓာမှာ ဖြစ်ပျက်နေတဲ့ ရုပ်တရား နာမ်တရားတွေကို ဖြစ်ပေါ်နေတဲ့ ခဏတ်တွေကို ကြည့်ရှုတဲ့ နည်းပညာ။ ဒီပညာရပ်ဟာ ဘဝငြိမ်းရေးအတွက် အင်မတန်ကောင်းမွန်တဲ့ နည်းပညာ။ ဘဝငြိမ်းချမ်းရေးအတွက် သင်ကြားပေးနေတဲ့ နည်းပညာဟာ ကမ္ဘာ့တက္ကသိုလ်တွေမှာ မရှိပါဘူး။ ဒါကြောင့် မဂ္ဂင်ကျင့်စဉ် မရှိရင် အရိယာရဟန်းမရှိဘူး၊ မဂ္ဂင်ကျင့်စဉ်ရှိရင် အရိယာရဟန်းရှိတယ်။ မဂ္ဂင်ကျင့်စဉ်ကို ကျင့်ပြီးတော့ တရားနဲ့ နေတတ် ကြပါစေလို ဒီတရားဂါထာလေး ရွတ်ပြီးတော့ တရားနိဂုံးချုပ်ပါမယ်နော်။

**တရားနဲ့နေတတ်ကြပါစေ**

**တေဒတ္တနိ သမ္မုတံ၊ ပြဟ္မယာနံ အနုတ္တရံ။**
**နိယျန္တိ ဓီရာ လောကမှာ၊ အညဒတ္တု ဇယံ ဇယံ။**

ယေသံဓီရာနံ= အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခုံမင် အကြင်ပညာရှင်တို့အား။ အနုတ္တရံ= ထွဋ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်၍ တုရန်ယှဉ်ထား ယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ပေသော၊ အတ္တနိသမ္မုတံ= ကိုယ်စွမ်းလုံးလ အသုံးချသဖြင့် လုံးဝစုံလင် မိမိသန္တာန်တွင် ဖြစ်ပေါ်၍နေသော၊ ဧတံ ပြဟ္မယာနံ= အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား ထိုမြတ်ရထားသည်။ အတ္ထိ= ကိုယ်ပိုင်ဉာဏ်အား စွမ်းပကားဖြင့် ထင်ရှားပုံသေ ရှိပါပေ၏။ (အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီး ကိုယ်တိုင်စီးကြရပြီ)

တေဓီရာ= အရိယာ မဂ္ဂင်စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခုံမင် ထိုထိုပညာရှင်တို့သည်၊ အညဒတ္တု= စင်စစ်ဧကန် အမှန်ပင်လျှင်၊ ဇယံဇယံ= ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက်အောင်လျှက် အောင်လျှက်သာလျှင် လောကမှာ အမြဲကြုံရဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ၊ နိယျန္တိ= ဒုက္ခဘက်ဆီ ပြန်မလည်ပဲ

http://www.dhammadownload.com



ကြည်လင်အေးမြသက်သာရာရလျှက် လွတ်မြောက်ကြလေကုန်၏။ ဧဝမေဝ= ဤအတူသာလျှင်၊ တုမှေပိ သင်ယောဂီသူတော်စင် အပေါင်းတို့သည်လဲပဲ၊ အနုတ္တရေန= ထွဋ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်သည့် တုရန်ယှဉ်ထား ယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံး ဖြစ်ပေသော၊ အတ္တနိသမ္ဘူတေန= ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် မိမိ သန္တာန်တွင် ဖြစ်ပေါ်၍နေသော၊ ဇတေနပြဟ္မယာနေ= အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထားမြတ်ဘုရား၏ ယာဉ်ရထားကြီးဖြင့်၊ အညဒတ္ထု= စင်စစ်ဧကန် အမှန်ပင်လျှင်၊ ဇယံ ဇယံ= ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက်အောင်လျှက် အောင်လျှက်သာလျှင်၊ လောကမှာ အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ၊ နိယျန္တု= ဒုက္ခဘက်ဆီ ပြန်မလည်ပဲ ကြည်လင်အေးမြ သက်သာရာရလျှက် လွတ်မြောက်နိုင်ကြထွက်မြောက်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

**စာရင်းချုပ်**

ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၁၂)ရက်၊ (၁၆-၄-၂၀၀၄) သောကြာနေ့။ ယနေ့ဆိုရင် ၁၃၆၅ ခုနှစ် စာရင်းပိတ်တဲ့နေ့ပါပဲ။ ၁၃၆၅ ခုနှစ်၊ နှစ်ဆန်း(၁)ရက် စက္ကန့်ပိုင်းအချိန်ကလေးက စပြီး စာရင်းဖွင့်လာလိုက်တာ။ အခု ၁၃၆၅ ခုနှစ် စာရင်းပိတ်တော့မယ်။ အချိန်ပိုင်းလေးပဲ ကျန်တော့တယ်။ စာရင်းချုပ်လိုက်တဲ့အခါ မိမိအတွက်ဖြစ်စေ၊ မိမိ မိသားစုအတွက်ဖြစ်စေ၊ တပည့်များ, ဆရာသမားများအတွက်ဖြစ်စေ ဤနေ့လိုနေ့မှာ ပြန်လည်စဉ်းစားပြီးတော့ စာရင်းရှင်းနိုင်ရင် ကောင်းတာပါပဲ။

http://www.dhammadownload.com



အဲဒီလို စာရင်းရှင်းလိုက်တဲ့အခါ အရှုံးဘယ်လောက်ထွက်သလဲ။ အမြတ်ဘယ်လောက်ထွက်သလဲ။ ဗုဒ္ဓဘုရားရဲ့ အဆုံးအမတော်အရ ဆိုတော့ ကုသိုလ်တွေကများသလား၊ အကုသိုလ်တွေက များသလား။ အသိဉာဏ်ပညာဓာတ်တွေ တိုးပွားမှုက များသလား၊ အသိဉာဏ်ပညာဓာတ်တွေ ဆုတ်ယုတ်မှုက များသလား၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအရ အကုန်လုံး ဖြိုဖြန့်ပြီးတော့ စဉ်းစားလိုက်တဲ့အခါမှာ ယောဂီသူတော်စင်များ နောက်ဆုံးစာရင်းပိတ် စာရင်းချုပ်တဲ့ အချိန်မှာ **"ဧတဒဂ္ဂံ ဘိက္ခဝေ ဝုမိန္နံ ယဒိဒံ ပညာ ဝုမို"**။

ချစ်သားတို့ လောကမှာ ကြီးပွားတိုးတက်မှုတွေ အများကြီး ရှိပါတယ်။ ကြီးပွားတိုးတက်မှုတွေ အများကြီးထဲက အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ်ပညာဓာတ်တွေရဲ့ တိုးတက်ဖွံ့ဖြိုးမှု အမွန်ဆုံး အမြတ်ဆုံး အကောင်းဆုံးပဲတဲ့။ ဆွေတွေမျိုးတွေရဲ့ တိုးတက်မှု၊ စီးပွားရေးတိုးတက်မှု၊ စည်းစိမ်ဥစ္စာများရဲ့ တိုးတက်မှု၊ ကျန်းမာရေးနဲ့ပတ်သက်လို့ တိုးတက်မှုတွေ၊ သီလနဲ့ပတ်သက်လို့ တိုးတက်မှု၊ အသိဓာတ်၊ ဉာဏ်ပညာဓာတ် တိုးတက်မှုတွေရှိတယ်။

အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ်ပညာဓာတ်ရဲ့ တိုးတက်မှုကတော့ဖြင့် အကောင်းဆုံး၊ အမွန်ဆုံးလို့ ဟောကြားတော်မူတဲ့ ဒေသနာတော်အတိုင်း အားလုံးယောဂီသူတော်စင်များ သမထကမ္မဋ္ဌာန်းကစပြီး အားထုတ်လာတာ ဝိပဿနာဘက် ကူးလာတာ (၂)ရက်ရှိပြီ။ ဝိပဿနာဉာဏ်ပညာရဲ့ တိုးတက်မှု၊ လောကီပညာ၊ လောကုတ္တရာပညာတို့တွင် တကယ်တော့ လောကုတ္တရာပညာလို့ပြော နေကြပေမဲ့ လောကီပညာတို့တွင် အမွန်ဆုံး အထက်မြက်ဆုံး အကောင်းဆုံးဖြစ်တဲ့ ဝိပဿနာပညာပါပဲ။ အဲဒီ ဝိပဿနာဉာဏ်ပညာရှိမှ မဂ်နှင့်ယှဉ်သော လောကုတ္တရာ မဂ်ပညာဆိုတာ ဖြစ်ပေါ်နိုင်ပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟု (၇)လီဥစ္စာ ရတနာသာရ မြတ်ဓမ္မတို့နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို အာရုံပြုကြ။

http://www.dhammadownload.com



သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ, ဩတ္တပ္ပ ခေါ်တဲ့ (၇)လီဥစ္စာ ရတနာသာရ မြတ်ဓမ္မတို့နဲ့ ကြွယ်ဝချမ်းနေမယ်ဆိုရင် မြင့်မားတဲ့ချမ်းသာမှု, မြင့်မားတဲ့တိုးတက်မှု ဖြစ်ပါတယ်။ အဲဒီတော့ အကုန်လုံးစာရင်းချုံ့ပြီး ကြည့်လိုက်ရင် ပုဂ္ဂိုလ်တိုင်း၊ အထူးသဖြင့် ယောဂီသူတော်စင်များဟာ အသိဓာတ်, အလိမ္မာဓာတ်, ဉာဏ်ပညာ ဓာတ်ရဲ့ တိုးတက်မှု၊ ဒီတိုးတက်မှုနဲ့ပဲ နောက်ဆုံးစာရင်း ပိတ်လိုက်ရတာ ပါပဲ။ အင်မတန်ကို မွန်မြတ်တဲ့ ၁၃၆၅ ခုနှစ်ကြီး ဖြစ်သွားတယ်။ သို့သော်လဲ ဒုလ္လဘရဟန်းတစ်ပါးက လျှောက်ထားတယ်၊ နှစ်ပေါင်း(၃၀) အတွင်းမှာ ဒုလ္လဘရဟန်း(၂)ကြိမ်ပဲ ဝတ်ဖူးပါတယ်။ ဒုလ္လဘရဟန်း ဝတ်ပြီး လယ်တီဝိပဿနာ(၇)ရက် တရားစခန်းနဲ့ ဆုံစည်းပြီးတော့ သူ့အချိန်နဲ့သူ ကြိုးစားလိုက်ရတာ ထူးခြားတဲ့အချက်ပါပဲတဲ့။ မှန်ပါတယ်။

ယနေ့စာရင်းပိတ်ကြတာက အသိအလိမ္မာ ဉာဏ်ပညာနဲ့ စာရင်းပိတ်ခြင်းပါပဲ။ နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရ ကျောင်းတိုက်ကြီးတစ်ခုလုံး ချုံ့ပြီးတော့ ပြောမယ်ဆိုရင် နာဂလိုဏ်ဂူ ကုန်းမြေနဲ့ ပတ်သတ်ပြီးတော့ ၁၃၆၅ ခုနှစ်ရဲ့ တိုးတက်မှု၊ ဘုန်းကြီး တို့ရဲ့တိုးတက်မှု၊ စာချစာသင် အရှင်မြတ်တွေရဲ့တိုးတက်မှု၊ နယ်စပ်ဒေသ ရှင်သာမဏေငယ်များ၊ သာသနာ့နွယ်ဝင် သီလရှင်များရဲ့ တိုးတက်မှု၊ သက်ဆိုင်ရာ ဒကာ ဒကာမတို့ရဲ့ တိုးတက်မှု၊ ဒါတွေကို ပြန်ပြီးစဉ်းစား မယ်ဆိုရင် နာဂလိုဏ်ဂူဘုရားကုန်းမြေပေါ်မှာရှိတဲ့ အောင်ချမ်းသာစေတီ တော်မြတ်ကြီး ယခု ၁၃၆၅ ခုနှစ်ထဲမှာ ဘက်စုံပြုပြင်ရန် နိုင်ငံတော် အစိုးရက ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံ ဆောင်ရွက်ချက်ဟာ အနှစ်(၅၀) အတောအတွင်းမှာ ဒါဟာ ထူးခြားတဲ့ ဆောင်ရွက်ချက်ကြီးတစ်ခုဖြစ်လို့ နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်ကြီးနဲ့ ပတ်သတ်လို့ အောင်မြင် သော လုပ်ငန်းကြီးတစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဦးစီး ဆောင်ရွက်ပြီး ပင်မဒါယကာ ဦးမောင်မောင်ခဆွေ+ဒေါ်အေးအေးစိုး မိသားစုတို့ရဲ့ကုသိုလ် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်မြတ်ကြီးရဲ့

http://www.dhammadownload.com



ထီးတော်ကို ၂၀၀၄ ခုနှစ်၊ မေလ(၁)ရက်, (၂)ရက်နေ့မှာ ထီးတော်တင်လှူမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရ ဦးဆောင်တာဆိုတော့ သိန်းပေါင်း (၁၀၀၀) လောက်ရခဲ့တဲ့ စေတီတော်မြတ်ကြီးရဲ့ အောင်မြင်မှုလို့ ပြောရမှာပဲ။ သို့သော် အနီးကပ်အားဖြင့်တော့ ဘုန်းကြီးတို့ကျောင်းတိုက် ဆရာတော်များရဲ့ အနီးကပ်စောင့်ရှောက်မှုနဲ့ စေတီတော်ကြီး တည်ရှိနေတာဖြစ်သောကြောင့် ဒီစေတီတော်ကြီးကို စတင်တည်ဆောက်တော် မူသော ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားနှင့်တကွ ဘုန်းကြီးတို့ရဲ့အောင်မြင်မှုတစ်ရပ် ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ နောက်တစ်ခုကတော့ စာချစာသင် အရှင် (၁၂၀၀)ကျော်တို့အား တစ်နှစ် နှစ်ကြိမ်, သင်္ကန်းတစ်စုံ၊ တစ်စုံစီ လှူဒါန်းနိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်က ဝါဆိုပွဲမှာ သာမန်အားဖြင့် တစ်ပါးတစ်စုံကျစီ လှူဒါန်းမယ်ဆိုရင် သိန်း(၅၀)လောက်ဆိုတော့ တော်တော်နဲ့တော့ မပြည့်နိုင်ပါဘူး။ အကြောင်းအားလျော်စွာ ကမ္ဘာအေး အခမ်းအနားတစ်ခုမှာ သာသနာရေးဒုတိယဝန်ကြီးအား နိုင်ငံတော်အကြီးအကဲက ကလေးဝဆရာတော်ကို လျှောက်ထားပါတဲ့။ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို အခမ်းအနားနဲ့ ဆက်ကပ်ပါမယ်လို့ လျှောက်ထားစေခဲ့ပါတယ်။ ၁၃၆၅ ခုနှစ်၊ ဝါဆိုသင်္ကန်းလှူဒါန်းပွဲဟာလဲ ထူးခြားတဲ့ နိုင်ငံတော်အကြီးအကဲက ဦးဆောင်လှူဒါန်းတဲ့ပွဲတစ်ခု ဖြစ်ခဲ့ ပါတယ်။ ဒီနောက် ကထိန်ပွဲကျရင်လဲ ဒီရဟန်း၊ သာမဏေ၊ သီလရှင်များ အားလုံးကို သင်္ကန်းဒွိစုံတစ်စုံစီ၊ သီလရှင်များ ဝတ်စုံတစ်စုံစီ လှူနိုင်ဖို့ စုစည်းပြီးတော့ထားတာ။ တန်ဆောင်မုန်းလပြည့် ကထိန်ခင်းကာနီးတော့ အစုံ (၅၀၀)လောက်တော့ ရှိတယ်။ အစုံ (၇၀၀)လောက် လိုနေပါတယ်။ ငွေအနေနဲ့ပြောရင် သိန်း(၃၀)လောက် လိုပါတယ်။

ကထိန်ချိန်ကနီးလာပြီ။ နီးလာတော့ ဒကာမကြီးတစ်ယောက်က လျှောက်ထားတယ်။ သူငွေနှစ်သိန်းလှူပါမယ်တဲ့။ ကထိန်ခင်းဖို့

http://www.dhammadownload.com



မတည်ဖို့။ နောက်တစ်ဦးက သင်္ကန်းအစုံ (၂၀)လှူပါမယ်။ ကထိန်ခင်းဖို့ရာပါတဲ့။ ဘုန်းကြီးက ရေငုံနှုတ်ပိတ် လက်ခံထားလိုက်တယ်။ သင်္ကန်းအစုံ (၂၀)နဲ့လဲ တစ်ပါးတစ်စုံ ခွဲဝေနိုင်ဖို့ကခက်တယ်။ ငွေ (၂)သိန်းနဲ့လဲ ခက်တယ်။ ခက်ပေမဲ့ မခင်းပါနဲ့လို့ ပြောလို့လဲမဖြစ်ဘူး။ ခေါင်းကြီး နေတာတော့ အမှန်ပဲ။ ဒီကထိန်ပွဲတော့ လှူနိုင်လိမ့်မည်မဟုတ်လို့ စဉ်းစားနေတယ်။ အဲလို စဉ်းစားနေတုန်းပဲ မနက်ဖြန် (၁၇-၄-၂၀၀၄) ၁၃၆၆ ခု ဦးတန်ခူးလပြည့်ကျော် (၁၃)ရက်နေ့ (စနေနေ့) နှစ်ဆန်း (၁)ရက်နေ့မှာ ဘုန်းကြီးကိုသိမ်ထပ်မယ့် ရဟန်းဒကာလဲဖြစ် ဆရာဒကာလဲဖြစ်တဲ့-

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးအနေနဲ့ ကထိန်ခင်းမယ်လို့ နာဂလိုဏ်ဂူ ကလေးဝကျောင်းမှာ ကထိန်ရှိသလားမေးတော့ မေးမနေနဲ့လို့ အဲဒီလိုပြောရတယ်။ ခေါင်းလေးနေတာ တစ်ခါထဲပေ့ါသွားတာပေ့ါ။ အဲဒီလိုနဲ့ပဲ သံဃာတော် အရှင်မြတ်တွေ အခါတိုင်း နှစ်တိုင်းနှစ်တိုင်းလဲ လယ်ယာစိုက်ပျိုးဝန်ကြီးဌာန ကထိန်တော့ ဘုန်းကြီးပင့်တာ အသေးအဖွဲ့ကိစ္စလေးတွေ ဘုန်းကြီး ဆောင်ရွက်ပေးနေကြပါ။ တရားဟောစရာရှိတာ ဟော၊ အခြားကျောင်းတွေမှာ ခင်းတာပါပဲ။ အခြားကျောင်းတွေ ခင်းတော့လဲ ဝမ်းမြောက်ရတာပါပဲ။

ဒီဝန်ကြီးဌာနကလဲ ကထိန်ခင်းတဲ့နေရာမှာ ကျောင်းသစ်တည်ကာစ ကျောင်းတွေရွေးပြီး ခင်းလေ့ရှိတယ်။ တည်ထောင်ကာစ ကျောင်းလေးတွေဟာ ဒီဝန်ကြီးဌာနရဲ့ ကထိန်တစ်ပွဲဆိုရင် လေးငါးနှစ်စာတော့ ဖူလုံသွားတဲ့ သဘောရှိတာကိုး။ လွန်ခဲ့တဲ့ ၁၃၆၅ ခု၊ တန်ဆောင်မုန်းလ ကထိန်ပွဲမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပဒေသာပင် (၄၀)ကျော် (၅၀)လောက်ဆိုတော့ ပင့်သံဃာတွေကို ပဒေသာပင်လိုက်ပဲ လှူလိုက်တာ။ အဲဒီလိုနဲ့ ကျောင်းအတွက် ပဒေသာပင် (၃၀)နဲ့ အခြားအခြားကလှူတဲ့ ပဒေသာပင်ဆယ်ပင်လောက်ဆိုတော့ အပင်(၄၀)လောက် ဖြစ်တယ်။ အဲဒီ အပင်(၄၀)နဲ့

http://www.dhammadownload.com



လိုအပ်နေတဲ့ သက်န်းအစုံ (၇၀၀)ကိုဖြည့်တယ်။ ကျန်တဲ့တိုလီမိုလီ ပစ္စည်းများကို မဲချပြီးလှူနိုင်ပါတယ်။

လွန်ခဲ့တဲ့ ၁၃၆၅ ခုနှစ် ကထိန်ပွဲဟာလဲ ဒီကျောင်းတိုက်ကြီးရဲ့ (၅၂)ကြိမ်မြောက် ကထိန်ကြီးကျယ်ခမ်းနားတဲ့ ကထိန်ပွဲဖြစ်လို့ မှတ်တမ်းတင်ထိုက်ပါတယ်။ အဲဒီ ဝန်ကြီးဌာနကပဲ စေတီတော်ကြီးစီသွားတဲ့လမ်းကို ကတ္တရာလမ်း လှူဒါန်းခဲ့ပါတယ်။ ဗုဒ္ဓဘာသာမဟုတ်တဲ့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဘာသာခြားလူမျိုးများက ကျောင်းတိုက်ရှိ စာချစာသင် (၁၀၀၀)ကျော်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းတဲ့ အကြိမ်က အကြိမ်(၄၅)ခန့် ကျပ်သိန်း (၃၅၀)ခန့် ကုန်ကျပါတယ်။ တကယ်တော့ ဗုဒ္ဓဘာသာ မဟုတ်ကြဘူး။ တစ်ခါတစ်ရံ လူမဲတွေ၊ သံဃာ (၁၀၀၀)ကျော်ကို ပြီးအောင်ဆွမ်းလောင်းကြတယ်။ မကြာသေးမီက ဆွမ်းလောင်းသွားတဲ့ သူဌေးတစ်ယောက်ကတော့ သူကကိုယ်ပိုင်ဂျက်လေယာဉ်နဲ့လာတာ။ သူဌေးနှင့်အတူလာတာ (၁၀)ယောက်ထဲလာတယ်။ ဗုဒ္ဓဘာသာလဲ မဟုတ်ကြဘူး။ ဒီပုဂ္ဂိုလ်တွေက ဆွမ်းလောင်းမှာမဟုတ်ဘူး။ ကျောင်းက ဝိုင်းလောင်းကြပါလို့ မှာထားတယ်။ တကယ်တမ်း ဆွမ်းလောင်းတဲ့အချိန်ရောက်တော့ ကမ္ဘာ့သူဌေး **(၁၀၀)**ထဲမှာအပါအဝင်ဖြစ်တဲ့ သူဌေးနဲ့ သူဌေးကတော်တို့ သံဃာ (၁၀၀၀)ကျော်အား ကိုယ်တိုင်ပြီးအောင် လောင်းလှူသွားကြတယ်။

ဒါလဲပဲ ဘုန်းကြီးတို့ ဆွမ်းကအဓိကမဟုတ်ဘူး။ ဘာသာခြားများရဲ့ ဗုဒ္ဓဘာသာအပေါ်မှာ ဗုဒ္ဓဘာသာဘက်စီကို မျက်နှာမူလာတာ ဂုဏ်ယူတဲ့အနေအားဖြင့် အောင်မြင်မှုတစ်ခုလို့ ပြောနိုင်ပါတယ်။ လွန်ခဲ့တဲ့ မတ်လ (၂၅)ရက်နေ့ကတော့ နိုင်ငံပေါင်းစုံက သင်္ဘောကြီးနဲ့ လာကြတဲ့ ကမ္ဘာလှည့်ခရီးသည်တွေက မြန်မာ့ရိုးရာရှင်ပြုပွဲကို တွေ့ချင်လို့ဆိုပြီးတော့ ရှင်သာမဏေ(၁၀)ပါး ဝေါနဲ့နောက်က ဒေဝါဝင်းရာဇာဝင်းတွေခင်းလို့ ရှမ်းအိုးစည်ကလဲ ပါသေးတယ်။ အဲဒါတွေ အစုံကျင်းပပြီးတော့ စွယ်တော်မြတ်စေတီလမ်းအတိုင်း လှည့်လည်ပြီးတော့

http://www.dhammadownload.com



မြန်မာ့ရိုးရာရှင်ပြုပွဲအတိုင်းပဲ။ ရတုတွေဆို ရွဲ့တိုက်လို့ အဲဒီလို ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့ပါတယ်။ ဒီလို ကျင်းပနိုင်ခြင်းဟာလဲ ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် ကမ္ဘာသူကမ္ဘာသားတွေ ယခုအခါမှာ ဗုဒ္ဓဘာသာ ဓလေ့ထုံးတန်းကို အာရုံရောက်နေကြတဲ့အတွက် သာသနာတော်ရဲ့ အောင်မြင်မှုတစ်ခုလို့ ဒီလိုပြောဆိုနိုင်ပါတယ်။ နောက်တစ်မျိုးကတော့ ဘုန်းကြီးတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စပြီးတော့ သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်မှာ အပြောင်းအလဲတွေလုပ်ကြရပါတယ်။ တစ်ချို့ အဟောင်းကိုယ်တော်များ အနားယူအသစ် အစားထိုးဆောင်ရွက်ကြပါတယ်။

ဘုန်းကြီးကတော့ လွန်ခဲ့တဲ့နှစ်များကလိုပဲ။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒီရာထူးကိုပဲ အများသဘောတူကြည်ဖြူလို့ ရခြင်းဟာလဲ မှတ်တမ်းတင်ရမယ့် အချက်တစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒီကျောင်းတိုက်အတွင်းမှာ ရှိကြတဲ့ ရဟန်း၊ သာမဏေ၊ သီလရှင်များရဲ့ ပညာရေးအခန်းကဏ္ဍ ဖြစ်ပါတယ်။ အဆင့်အတန်းစုံအောင်မြင်သူ (၅၀၀၀)ကျော်ရှိခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ် ဗုဒ္ဓဒီပလိုမာတွဲ့ရ (၁၄)ဦး၊ အခြားဘွဲ့ရ (၂၀)ဦး၊ တက္ကသိုလ်အသီးသီးမှာ ပညာသင်ယူဆဲ (၃၁)ဦး ရှိပါတယ်။ တစ်ခုကတော့ ဘုန်းကြီးတို့ လယ်တီဝိပဿနာ တရားစခန်းမှာ ဟောကြားပြီးတော့ နေတဲ့တရားတော်တွေကို စုပေါင်းပြီး ဓမ္မဒါနပြုခဲ့တဲ့အတိုင်း တတိယတွဲကိုလဲ အခမဲ့ ဓမ္မဒါနပြုနိုင်ခဲ့ပါတယ်။ စာအုပ်ပေါင်း (၁၀၀၀၀) ဓမ္မဒါန ပြုနိုင်ခဲ့ပါပြီ။

ပြီးတော့ ပထမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ၁၉၉၈ ခုနှစ်တွင် ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က ဦးဆောင်၍ ကမ္ဘာ့ဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံ ညီညွတ်ရေး၊ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေး၊ ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်ထွန်းရေးနှင့် ဗုဒ္ဓဘာသာဝင်နိုင်ငံများ ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရေး ဟူသော ရည်ရွယ်ချက် (၄)ရပ်ဖြင့် ဂျပန်နိုင်ငံ၌

http://www.dhammadownload.com



ကျင်းပခဲ့ကြောင်း သိရပါတယ်။

ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပါတယ်။

တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့ပါတယ်။

ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က "မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အပြင် ထေရဝါဒဗုဒ္ဓဘာသာ၏ ရေခံမြေခံကောင်းဖြစ်နေသဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ မြန်မာနိုင်ငံ၌ လက်ခံကျင်းပရန် ပန်ကြားခဲ့ပါသည်။ ထိုပန်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ်၊ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် သဘောတူညီခဲ့ပါတယ်။

အဆိုပါ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို-

၁။ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော နိုင်ငံအချင်းချင်း ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ထွန်းကားစေရန်၊

၂။ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့ကို ဗုဒ္ဓဘာသာအချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကို အခြေခံသော ဗုဒ္ဓဘာသာ ပညာရေးထွန်းကားပြန့်ပွားစေရန်၊

၄။ ကမ္ဘာ့လူသားတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်ထွန်း အကျိုးပြုရေးအတွက် ဗုဒ္ဓဘာသာရှုဒေါင့်က ဝိုင်းဝန်းကူညီဆောင်ရွက်ရန်နှင့်

၅။ ဗုဒ္ဓ၏တရားဓမ္မများ မူရင်းမပျက် နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရန်ဟူသော ရည်ရွယ်ချက်ငါးရပ်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပရန် စီစဉ်နေကြပြီ။

မိခင်ဇရာဝတီ

http://www.dhammadownload.com



အဆိုပါ ဒီဇင်ဘာ ကမ္ဘာ့ထိပ်သီး ဗုဒ္ဓဘာသာညီလာခံမှာ အနန္တငါးပါး ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးအား ဂုဏ်ပြုပူဇော်သောအားဖြင့် ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့တဲ့ ကျမ်းစာ(၁၀)ကျမ်းတွဲကို အင်္ဂလိပ်ဘာသာဖြင့်ပြန်ဆို စီမံပြီးထားတာကို သိန်း (၅၀)ကျော်ဖိုး လှူဒါန်းဖို့ စီမံနေတာ ပြီးစီးသလောက် ရှိနေတဲ့ အတွက် ၁၃၆၅ ခုနှစ်ရဲ့ အောင်မြင်မှုမှတ်တိုင်တစ်ခုပါပဲ။ နိုင်ငံတော်သြဝါဒါစရိယ သက်တော်ရှည် ဆရာတော် (၆၃)ပါးတို့အား (၆၃)နှစ်ထဲမှာ သင်္ကန်း၊ ဆေးဝါး၊ ဓာတ်စာ ဖြင့် ပူဇော်ရခြင်း၊ (၆၃)ကြိမ်မြောက် သိက္ခာထပ်ခြင်း၊ သင်္ကန်းအစုံ (၇၅၀၀)ဦးစီးလှူဒါန်းနိုင်ခြင်း၊ အတုလ အဂ္ဂမဟာ ပခုက္ကူရာပြည့်ရတုပွဲတော်ကြီးမှာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး (၄)ပါးတို့၏ ပုံတော်ကြီးများ လှူဒါန်းခြင်း၊ မွေးရပ်မြေမှာ အစိုးရအလယ်တန်းကျောင်း ဖွင့်ခွင့်ရအောင် ဆောင်ရွက်ပေးခြင်း စသည်တို့ဟာလဲ အောင်ပွဲတွေပါပဲ။

အထူးသဖြင့်တော့ ယောဂီသူတော်စင်များ သင်္ကြန်အခါ လယ်တီဝိပဿနာအထူးတရားစခန်း ဝင်ရောက်ပြီးတော့ သမထဘာဝနာကမ္မဋ္ဌာန်း, ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတို့ကို ကြိုးကြိုးစားစားအားထုတ်ကြခြင်း၊ ပင်မလယ်တီမူဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်နှင့် တကွ အခြားအခြားမြို့နယ်အသီးသီး၊ ကျေးရွာအသီးအသီးတို့မှာ စခန်းပေါင်းများစွာ တစ်ပြိုင်နက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများကို ကျင်းပနိုင်ခြင်းဟာတော့ဖြင့် ၁၃၆၅ ခုနှစ်ရဲ့ ထူးခြားတဲ့မှတ်တိုင်ကြီးတွေထဲမှာ အလွန့်အလွန် ထူးခြားတဲ့မှတ်တိုင်ကြီးတစ်ခု စိုက်ထူနိုင်ခြင်းပါပဲ။

နောက်တစ်ခုက ထူးထူးခြားခြား ဘုန်းကြီး ၁၃၆၅ ခုနှစ်ထဲ ရောက်မှ သုဝဏ္ဏဘူမိ (သထုံပြည်)ရှိ သာသနာ့နယ်မြေ ဆံတော်ရှင် အားလုံးလိုလိုပဲ သွားရောက်ပြီးတော့ ဖူးမျှော်နိုင်ပါတယ်။ ဘီးလင်း

http://www.dhammadownload.com



ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သထုံ ပုဗ္ဗာရုံဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နန်းတော်ဦး ဆရာတော်တို့ရဲ့ အကူအညီနဲ့ ဒကာ၊ ဒကာမများရဲ့ အကူအညီနဲ့ ဆံတော်များကို သမိုင်းကြောင်းများလေ့လာပြီး ဖူးမျှော်နိုင်ခြင်းဟာလဲ မှတ်တမ်းတစ်ခုပါပဲ။ အခုချိန်ထိအောင် မြန်မာနိုင်ငံသမိုင်း သာသနာ့ သမိုင်းမှာပါဝင်တဲ့ ဓွေစက်တော်တို့ဆိုတာ မရောက်ရသေးပါဘူး။ ဘယ်နေ့ရောက်ရမလဲလို့မျှော်ပြီး ဓွေစက်တော်သမိုင်းကြောင်းတွေကို ဟောနေတာများလှပြီ။ ရောက်ဖူးတာတော့ မဟုတ်ဘူး။ သို့သော်လဲ သိပ်စိတ်ဝင်စားဖို့ကောင်းတာကိုး။ ဓွေစက်တော် မြတ်စွာဘုရား ခြေတော်ရာတွေရှိပုံ သမိုင်းကြောင်းက စိတ်ဝင်စားစရာကောင်းပါတယ်။ တစ်ချို့ ဒကာ၊ ဒကာမများက အရှင်ဘုရား အခုချိန်ထိ ဓွေစက်တော် မရောက်သေးဘူးဆိုလို့ အံ့သြစကား ပြောကြတယ်။ အလောင်းတော် ကဿပလဲ ဒီလိုပဲ။ ဘုန်းကြီးတို့ ရွာနားနီးပါတယ်။ ရန်ကုန်၊ မန္တလေးတို့က သွားလိုက်ကြတာ ဘုန်းကြီး ခုထိမရောက်ဖူးသေးဘူး။ မကြည်ညိုလို့တော့ မဟုတ်ဘူး။ အဝေးကနေ မျှော်မှန်းပြီး အဝေးဖူးအနေနဲ့သာ ရောက်နေတာ။ အခု တရားစခန်း လာကြတဲ့ပုဂ္ဂိုလ်တွေလိုပေါ့။ တစ်ချို့က တပည့်တော်တို့တော့ တရားစခန်း မဝင်ဖြစ်သေးဘူးဘုရား။ အခြား အခြားပုဂ္ဂိုလ်တွေ တရားစခန်းဝင်နေတာကိုပဲ သာဓုခေါ်နေ ရတယ်ဆိုတဲ့ အဲဒီလိုလူတွေလဲ ရှိတာကိုး။

ဘုန်းကြီးလဲ သာဓုခေါ်ပြီး ဘုရားဖူးနေရတာ ရှိပါတယ်။ တစ်နှစ်တာစာရင်းချုပ်တဲ့နေ့မှာ လူတိုင်း, လူတိုင်း၊ ပုဂ္ဂိုလ်တိုင်း, ပုဂ္ဂိုလ်တိုင်း၊ အိမ်တိုင်း, အိမ်တိုင်း၊ ကျောင်းတိုင်း, ကျောင်းတိုင်း စာရင်းချုပ်နိုင်ကြဖို့အတွက် သတိပေးတဲ့အနေအားဖြင့် ပြောကြားခြင်း ပါပဲ။ နာဂလိုဏ်ဂူဘုရားကုန်းမြေမှာ သာသနာတော်နဲ့ပတ်သက်တဲ့ တိုးတက်မှု၊ ဖွံ့ဖြိုးမှုလေးတွေကို အကျဉ်းချုပ် ပြောကြားခဲ့ပါတယ်။ အားလုံး ဒကာ၊ ဒကာမများလဲ မိမိတို့ရဲ့အောင်မြင်မှု, စီးပွားရေး

http://www.dhammadownload.com



အောင်မြင်မှု ဘယ်လောက်အောင်မြင် သလဲဆိုတာ ကိုယ့်ဘာသာကို စာရင်းချုပ် ကြည့်ကြဖို့ စာရင်းရှင်းကြဖို့ မီးရှို့ပြီးတော့ စာရင်းမရှင်းကြနဲ့။

**စကားစဉ် (၆)**

အဲဒီတော့ ဘုရားမြတ်စွာက တရားဟောတော်မူတဲ့အခါ စကားစဉ် (၆)မျိုးနဲ့ ဟောတော်မူပါတယ်။ ပထမဆုံး ဘာဟောသလဲ ဆိုတော့ "ဒါနကထာ" လှူဒါန်းပေးကမ်း၊ စွန့်ကြဲမှုနဲ့ပတ်သက်ပြီး ဒါနကထာကို ဟောတော်မူပါတယ်။ ဒါနကထာပြီးတော့ "သီလ ကထာ"ကို ဟောတော်မူပါတယ်။ သီလနဲ့ပတ်သက်ပြီး ဟောပါတယ်။ ပြီးတော့ "သဂ္ဂကထာ" နတ်ပြည်နတ်ရွာမှာ စည်ကားတယ်၊ နတ်သမီး နတ်သားတွေဟာ ဘယ်လိုစည်းစိမ်ကြီးတယ်လို့ ဟောတယ်။ နတ်ပြည် နတ်နန်း ဘုံနန်းတွေဟာ စည်းစိမ်တွေ သိပ်များတယ်။ နတ်သမီး၊ နတ်သားတွေဟာ ချွေးနဲ့လေးတောင်မထွက်ဘူး။ ချွေးမထွက်ဘူး၊ စုတေတဲ့နေ့ကျမှသာ ချွေးထွက်တာ။ နတ်သား နတ်သမီးတွေရဲ့ အလှဟာလဲ နေ့စဉ်တိုးတိုး တိုးတိုးပြီးတော့နေတယ်။ နတ်သား နတ်သမီးတို့ရဲ့ စည်းစိမ်ကြီးပုံကို ဟောကြားပြီးတဲ့အခါ "ကာမာနံ အာဒီနဝကထာ" ပုထုဇဉ်များသဘောကျတဲ့ အာရုံငါးပါး ကာမဂုဏ် တရားတို့ရဲ့ အပြစ်အနာအဆာတွေ ဆက်ဟောပါတယ်။

ပြီးတဲ့အခါ ကာမဂုဏ်အာရုံတို့မှ ထွက်မြောက်ပုံ "နေက္ခမ ကထာ" ဟောတယ်။ ပျော်ပွဲရွှင်ပွဲတွေ မျက်နှာလွှဲပြီး ကာမဂုဏ်တရား တွေကို ကျော်ခိုင်းပြီး မိမိတို့အိမ်ဂေဟာတွေကို ကျောခိုင်းကာ နေက္ခမ္မပါပဲ။ အဲဒီနေက္ခမ္မရဲ့ အကျိုးအာနိသင်တွေကို ဟောတော်မူ ပါတယ်။ ပြီးတော့ သာမုက္ကံသိကကထာကို ဟောတော်မူပါတယ်။ ပင်ထွက်ဉာဏ်နဲ့ သိတော်မူအပ်တဲ့ သစ္စာလေးပါး တရားတို့ကို ဟောတော်မူပါတယ်။ အဲဒီ (၆)မျိုးဟာ မြတ်စွာဘုရား ဟောကြားရိုး ဟောကြားစဉ်ပါပဲ။ အဲဒီလို အစဉ်အတိုင်း ဟောနိုင်သလောက်၊

http://www.dhammadownload.com



စွမ်းနိုင်သလောက် ဘုန်းကြီးတို့ ဟောပါတယ်။ တော်တော်လေးလဲ ပြည့်စုံကြပြီ။

**အနုတ္တရိယ (၆)မျိုး**

မြတ်စွာဘုရား ဟောစဉ် (၆)မျိုးရှိသလို သာသနာတော်မှာ "အနုတ္တရိယ" သာလွန်တဲ့ အချက်အလက်ကြီးတွေကလဲ (၆)မျိုး။ အဲဒီ (၆)မျိုးက -

**၁။ ဒဿနာနုတ္တရိယ**

အာရုံတွေမြင်နေရတာပဲ။ ယောဂီများ မျက်စိကောင်းကောင်းနဲ့ မြင်နေရတာပဲ။ ဖူးမျှော်ရတာတွေ အမျိုးစုံဖူးမျှော်နေရတယ်။ ဘုရားကို ဖူးမျှော်ရတာနဲ့ ရိုးရိုးလူကိုမြင်ရတာ မတူဘူး။ မိမိတို့သည် နှစ်ပေါင်း များစွာက ကိုးကွယ်ပြီးတော့ လာကြတယ်။ မင်းစိုးရာဇာ များနှင့်တကွ မင်းကြီးတွေ၊ မိဖုရားကြီးတွေ၊ သူဌေးတွေ ကိုးကွယ်လာကြတဲ့ သက်တော်ရှည် သက်တော်ရ ရှေးဟောင်းရုပ်ပွားတော်ကြီးတွေကို နေ့စဉ်ဖူးမျှော်နေကြရတယ်။ ရေဆန်ကျွန်း ဓမ္မစကြာရုပ်ပွားတော်ကြီးကို နေ့စဉ်ဖူးမျှော်နေရခြင်း နာဂလိုဏ်ဂူအောင်ချမ်းသာ စေတီတော်မြတ်ကြီး၏ ထီးတော်ကို နေ့စဉ်ဖူးမျှော်နေရခြင်းဟာလဲပဲ မြင်တဲ့နေရာမှာတော့ အကောင်းဆုံးမြင်ခွင့် ရရှိကြတယ်။ ဒါကြောင့် အနုတ္တရိယဂုဏ်မြောက်ပါတယ်။ ဒဿနာနုတ္တရိယ= မြင်တဲ့နေရာတွေမှာ အမွန်ဆုံး အမြတ်ဆုံး ဖြစ်တဲ့ဂုဏ်တစ်မျိုးပါပဲ။

**၂။ သဝနာနုတ္တရိယ**

အခု လယ်တီဝိပဿနာ (၇)ရက်တရားစခန်းအတွင်းမှာ ဆဲဆိုသံ ဘယ်ကြားမလဲ။ နားထဲမှာ ကြားနေရတာကိုက တစ်ခါလာလဲ ကြိုးစားထိုင်ပါ။ စိတ်မပြန့်လွင့်ပါစေနဲ့။ ဒီလိုမဟုတ်လား။ ကြားချင်သည် ဖြစ်စေ၊ မကြားချင်သည်ဖြစ်စေ စကားကတော့ အကောင်းချည်း ကြားနေရတာပါပဲ။ ကမ္မဋ္ဌာနာစရိယများက စကားမပြောဖို့ ပြောနေတယ်။

http://www.dhammadownload.com



ကိုယ်က ပြောချင်တယ်။ စကားမပြောပါနဲ့လို့ တားမြစ်နေတဲ့အသံဟာ အကြားကောင်းပဲ။ သာသနာတော်မှာ တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များ စကားမပြောဖို့က အရေးကြီးတယ်။ အဲဒီလိုကစ ဘုန်းကြီးတို့ ညဥ့်စဉ် ညဥ့်စဉ် ဟောကြားအပ်တဲ့တရားတော်ကို မြတ်စွာဘုရား (၄၅)ဝါကာလ ပတ်လုံး ဟောကြားထားတဲ့ ဒေသနာတော်တွေထဲက ယောဂီသူတော်စင်များနဲ့ လိုက်ဖက်မဲ့တရားလေးတွေ ရွေးထုတ်ပြီးတော့ ဟောနေတာကိုး။

ဒီထက် အကြားကောင်းတဲ့ (၇)ရက်တာ ကာလရဖို့ကတော့ မလွယ်ဘူး။ ဖရုသဝါစာ- ကြားချင်လို့တောင် မကြားရဘူး။ ပိသုဏဝါစာ- စကားမပြော ပါနဲ့ဆိုတော့ ဂုံးတိုက်လို့ဖြစ်ပါ့မလား။ မုသာဝါဒ- လိမ်ညာပြီးပြောဖို့ နေနေသာသာ စကားတောင်မပြောရပဲကိုး။ အကျိုးမရှိတဲ့စကားလဲ မပြောဖြစ်ဘူး။ ဒါကတော့ အလိုအလျောက် လုံပြီးသားဖြစ်တယ်။ အဲဒီတော့ သဝနာနုတ္တရိယဂုဏ်လဲ မြောက်ခဲ့ကြပြီ။

## ၃။ လာဘာနုတ္တရိယ

မြတ်စွာဘုရားအပေါ်မှာ ယုံကြည်ကိုးစားမှု သဒ္ဓါရရှိခြင်း၊ တရား သံဃာအပေါ် ယုံကြည်ကိုးစားမှု သဒ္ဓါရရှိခြင်း၊ ဒီလို ရရှိခြင်း ရတာတွေ အားလုံးရဲ့အပေါ် ဘုရား, တရား, သံဃာအပေါ် ယုံကြည်ကိုးစားမှု ဖြစ်ပွားမှုတွေ လာဘာနုတ္တရိယ- ရတာတွေအားလုံးထဲမှာ အမွန်ဆုံး အမြတ်ဆုံးရခြင်းပဲ။ ဒါကလဲပဲ မြတ်စွာဘုရား တရားတော်တွေကို ကိုယ်တိုင်ကြိုးစားကြည့်တော့မှ တရားတော်ရဲ့ သတ္တိတွေ၊ တရားတော်ရဲ့ ဂုဏ်တွေဟာ မိမိရဲ့စိတ်ထဲ ပိုပြီးတော့ထင်မြင်ပြီးတော့ လာပါတယ်။ အဲဒီလို ထင်မြင်လာခြင်းအားဖြင့် မြတ်စွာဘုရားအပေါ်မှာ ယုံကြည်ကိုးစားမှုဟာလဲ ပိုပြီးလာပါတယ်။ ရခြင်း ရခြင်းတွေ အများကြီးရှိတာထဲက ဘုရား, တရား, သံဃာအပေါ်မှာ သဒ္ဓါတရားကို ရရှိခြင်းသည် အမွန်ဆုံး အမြတ်ဆုံးရရှိခြင်းပဲ။

http://www.dhammadownload.com



## ၄။ သိက္ခာနုတ္တရိယ

သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာလို့ သိက္ခာသုံးပါး လောကီအတတ်သိက္ခာ ပညာတွေလဲ ရှိပါတယ်။ သင်ယူခြင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း၊ သိက္ခာနဲ့ပတ်သက်လို့ ဝိပဿနာနဲ့ ပတ်သက်တာကို သင်ယူခြင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း၊ အခု ယောဂီသူတော်စင်များ သီလနဲ့ပတ်သက်ပြီး ကျင့်ကြံပွားများ အားထုတ်ရတယ်။ သမာဓိ မရချင်လို့ကို မဖြစ်ဘူး။ စိတ်ရဲ့တည်ကြည်မှု လေးရအောင် အားထုတ်ခဲ့ရတယ်။ အသိဓာတ်, အလိမ္မာဓာတ်, ဉာဏ်ပညာဓာတ်, ဝိပဿနာဉာဏ်ပညာဓာတ် ရရှိအောင် ကြိုးစားကြ ရတယ်။ အဆင့်ဆင့်မဂ်ပညာသို့တိုင် မရစေကာမူ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို အားထုတ်ရခြင်းဟာ အမြတ်ဆုံးသင်ကြားမှု အမြတ်ဆုံး ကျင့်ကြံမှု ဖြစ်တယ်။ ဒီတော့ သိက္ခာနုတ္တရိယ ဂုဏ်လဲမြောက်ခဲ့ကြပြီ။

## ၅။ ပါရိစရိယာနုတ္တရိယဂုဏ်

ပါရိစရိယာနုတ္တရိယဂုဏ် ပြုစုလုပ်ကျွေးမှု၊ မိဘကိုပြုစုလုပ် ကျွေးခြင်း၊ သားသမီးကိုပြုစုလုပ်ကျွေးခြင်း၊ အိမ်ရှင်ကိုပြုစုလုပ်ကျွေးခြင်း၊ ဆရာသမားကိုပြုစုလုပ်ကျွေးခြင်း၊ ဘုရားအားပြုစုလုပ်ကျွေးခြင်း၊ တရား, သံဃာအားပြုစုလုပ်ကျွေးခြင်း၊ တရားစခန်းအတွင်းမှာဆိုတော့ ဘုရား, တရား, သံဃာကို ပြုစုလုပ်ကျွေးခြင်းဖြင့် အချိန်ကုန်စေတာ များပါတယ်။ လောကမှာ ဘုရား, တရား, သံဃာသည် အမြတ်ဆုံးဖြစ်ခြင်းကြောင့် ဘုရား, တရား, သံဃာအားပြုစုခြင်း လုပ်ကျွေးခြင်းသည် အမွန်ဆုံး အမြတ်ဆုံး ပါရိစရိယာနုတ္တရိယဂုဏ်မြောက်ခဲ့ကြပြီ။

## ၆။ အနုဿတာနုတ္တရိယ

အမြတ်ဆုံး အောက်မေ့မှုကိုလဲ ရခဲ့ကြပြီ။ အမြဲမပြတ် သတိပြု နေရတာက ရုပ်နာမ်ဖြစ်စဉ်ဆိုတော့ အမြတ်ဆုံး အနုဿတိဂုဏ် ရခဲ့ကြပြီ။

77(A)

http://www.dhammadownload.com



**ဓမ္မဋ္ဌိတိဉာဏ်၊ ယထာဘူတဉာဏ်**

အဲဒီတော့ ဒီဂုဏ်(၆)မျိုးဟာ အင်မတန်မြင့်မြတ်တဲ့ဂုဏ်ရည်တွေ။ ယောဂီသူတော်စင်များ ဆင်ခြင်နိုင်ကြပြီ။ ယောဂီများကို အခု ဘုန်းကြီးက တရားစကားတွေ ပြောရတယ်။ အမှန်တကယ်တော့ **"တရားအားထုတ်နေသူများအား တရားစကားပြောရတာ အကောင်းဆုံးပါပဲ။ တရားအားထုတ်နေတဲ့သူတွေကို တရားစကားပြောရတာ အရသာရှိတယ်။ မြိန်ယှက်တယ်၊ ကျေနပ်တယ်၊ အားရတယ်"**။ ဥပုသ်မစောင့်တဲ့ လူတစ်ယောက်ကို သွားပြီး ဥပုသ်စောင့်သေးလား သွားမေးလိုက်ရင် မကြိုက်ဘူး။ ရန်ကုန်မြို့မှာ သူဌေးတစ်ယောက်ရှိတယ်။ တော်တော် ချမ်းသာပါတယ်။ အသက်ကတော့ (၇၅)နှစ်လောက်ရှိပြီ။ သူ့ကိုတစ်ယောက်ယောက်က "ဘကြီး ဥပုသ်စောင့်သေးလား"လို့မေးရင် "မင်းစကားပြောစရာ ဒီပြင်မရှိဘူးလား"တဲ့။ ဘုန်းကြီးသဘောကျတယ် သူ့ကို။ စကားပြောစရာမရှိဘူး လားတဲ့။ ဥပုပ်စောင့်တာ ဝါသနာမပါဘူး။ အလှူကတော့ ဝါသနာပါတယ်။ အလှူကတော့ သိန်းရာဂဏန်း, ထောင်ဂဏန်းတွေ လှူနေတာပဲ။ ဥပုသ်စောင့်သေးလားလို့တော့ သွားမမေးနဲ့။ မေးလိုက်ရင်တော့ ခက်ပြီ။ ဒါကြောင့် မြတ်စွာဘုရား **"အသဒ္ဓဿ သဒ္ဓါကထာ ဒုက္ကထာ"** သဒ္ဓါတရား မရှိတဲ့လူများအား သဒ္ဓါတရားရဲ့ အကျိုးအာနိသင်တွေ သွားပြောရင် ဒုက္ကထာ အလကားစကားတဲ့။ သဒ္ဓါတရားမရှိတဲ့ပုဂ္ဂိုလ်ကို သဒ္ဓါတရားအကြောင်း သွားမပြောနဲ့။ နှမျောဝန်တိုတဲ့ပုဂ္ဂိုလ်ကို အလှူအကြောင်းသွားမပြောနဲ့။

သီလမရှိတဲ့ပုဂ္ဂိုလ်ကိုလဲ သီလရဲ့အကျိုးကြီးပုံကိုလဲ သွားမပြောနဲ့။ အသိ, အလိမ္မာ, ဉာဏ်ပညာအားနည်းတဲ့ ပုဂ္ဂိုလ်ကိုလဲ အသိဓာတ်, အလိမ္မာဓာတ်, ဉာဏ်ပညာဓာတ်ရဲ့ အကျိုးရှိပုံကိုလဲ မပြောနဲ့။ အခုတော့ တရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေအား တရားစကားပြောရတာ အင်မတန် အရသာရှိပါတယ်။ အရသာရှိပေမဲ့ သူ့အချိန်နဲ့သူ ကန့်သတ်ပြောရတာပေါ့လေ။ ကန့်သတ်မပြောရင်လဲ ခက်တယ်။ ဝိပဿနာပိုင်း

http://www.dhammadownload.com



ရောက်လာတော့ ဝိပဿနာစကားလေး ရှေ့ဆက်ပြောမယ်ဆိုရင် ရှေးအခါက ထွင့်ခေါင်ဆရာတော်ဘုရားကြီးက **"သမ္မသနဉာဏ်အစ ထင်ကြသင့်လှပြီ"**။ သမ္မသနဉာဏ်ကစပြီး ဉာဏ်(၁၀)ပါး ထင်သင့်ပြီ၊ မြင်သင့်ပြီ။ သမ္မသနဉာဏ်ဆိုတာ ဘယ်လိုဟာလဲဆိုတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက "ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်"တဲ့။

ပရမတ္ထတရားတွေကို ခန္ဓာဖွဲ့၊ အာယတနဖွဲ့၊ ဓာတ်ဖွဲ့ ဒီအဆင့်သိပ်ပြီးတော့ မဆောင်ရွက်ဖြစ်ကြပါဘူး။ လက္ခဏာယာဉ် တင်ပြီးတော့ တရားတွေကို သုံးသပ်ခြင်းဟာ သမ္မသနဉာဏ်။ တော့ဘူမက တရားတွေကို ခန္ဓာစသည် ဖွဲ့၊ ဖွဲ့ပြီးတော့ အနိစ္စလက္ခဏာယာဉ်, ဒုက္ခလက္ခဏာယာဉ်, အနတ္တလက္ခဏာယာဉ် တင်ပြီးတော့ သိမြင်အောင် ရှုစားအားထုတ်ခြင်းဟာ သမ္မသနဉာဏ်။ အဲဒီ သမ္မသနဉာဏ်ကိုပဲ တော်တော်ကြာတော့ ဓမ္မဋ္ဌိတိဉာဏ်= ယထာဘူတဉာဏ်လို့လဲ ခေါ်ရတယ်။ ဘာကြောင့်လဲဆိုတော့ ရုပ်တရား, နာမ်တရားတွေကိုပဲ အနိစ္စ, ဒုက္ခ, အနတ္တလို့ ဆင်ခြင်တတ်တာကိုး။

**လေးနည်း**

အနိစ္စလို့ရှုစားတတ်တယ်၊ ဒုက္ခလို့ရှုစားတတ်တယ်၊ အနတ္တလို့ ရှုပွားတတ်တယ်။ အဲဒီလို ရှုပွားတဲ့နေရာမှာ ရုပ်တရား, နာမ်တရားတွေကို "ကလာပသမ္မသနည်း"စသည် (၄)နည်းရှိပါတယ်။ သုံးသပ်ဆင်ခြင်ပွားများပုံက (၄)နည်း။

၁။ **ကလာပသမ္မသနည်း**- ဆိုတာ ဘယ်လိုဟာလဲ ဆိုတော့ အစုအပေါင်း သုံးသပ်ဆင်ခြင်နည်း။

- ဘုံသုံးပါးမှာ ဖြစ်တဲ့တရားတို့သည်၊
- မဟာဘုတ် (၄)ပါးတို့သည်၊

http://www.dhammadownload.com



- ရုပ် (၂၈)ပါးတို့သည် အနိစ္စ, ဒုက္ခ, အနတ္တချည်းသာ အဲဒီလို ရှုပွားတဲ့ ကလာပသမ္မသနနည်း၊ အစုလိုက် အပြုံလိုက် သုံးသပ်တဲ့နည်းပါပဲ။

## ၂။ အဒ္ဓါနသမ္မသနည်း

ဒါကဘာလဲဆိုတော့ ခရီးစဉ်အနေအားဖြင့် သုံးသပ်ဆင်ခြင်တဲ့နည်း ဆိုကြပါစို့။ အစုလိုက် အပြုံလိုက် သုံးသပ်တဲ့နည်းက လွန်ခဲ့တဲ့ ၁၃၆၅ ခုနှစ်၊ စက္ကန့်လေးကစ တာထွက်လာတဲ့အချိန်ကစပြီး ဖြစ်သမျှ ရုပ်တရား, နာမ်တရားတို့သည် တာထွက်လာတော့ ခရီးဆုံးဘူတာ ရောက်ပြီပေါ့။ ဒီနေ့ စာရင်းပိတ်တဲ့နေ့။ ဒါဟာ တစ်နှစ်တာသံသရာ။

တစ်ဘဝသံသရာကတော့ ဂျပန်ခေတ်တာက နေပြီးတော့ အခု ရေဝေးဟာ တစ်ဘဝသံသရာပဲ။ ဂျပန်ခေတ်တာထွက်စတုန်းက ဖြစ်ခဲ့တဲ့ ရုပ်တရား, နာမ်တရားတွေ ရေဝေးရောက်တော့ ဘာရှိသေးလဲ။ ဘာမှ မရှိဘူး။ မမြဲတဲ့သဘောပါပဲ။ မမြဲတာကြီးကို ချမ်းသာလှပါချည်ရဲ့လို့ ပွေ့ဖက်ထားရင် ဒီလောက်ရူးတာ ဘယ်ရှိမလဲ။ ဆင်းရဲတဲ့ဒုက္ခလက္ခဏာ အမှတ်တံဆိပ်ကလဲ ထင်ရှားတယ်။ မြဲလဲမမြဲဘူး၊ ဆင်းလဲဆင်းရဲတယ်ဆိုမှတော့ အနတ္တကိုယ်မပိုင် အစိုးမရလို့ပေါ့။ မြဲစေချင်တာ၊ ချမ်းသာစေချင်တာ အခွင့်မသာဘူး။ အဒ္ဓါနသမ္မသနနည်းနဲ့။ ၁၃၆၅ ခု ဦးတန်ခူးလက စပြီး ဖြစ်တဲ့ရုပ်တရား, နာမ်တရားတို့သည် ကဆုန်လ ရောက်ရင် ဘာမှမရှိတော့ဘူး။ ခပ်ကျဲကျဲ လေး၊ ဒီလိုလဲ ရှုရပါတယ်တဲ့။

## ၃။ သန္တတိသမ္မသနနည်း

သန္တတိဆိုတာ အစဉ်၊ အေးတဲ့ရုပ်အစဉ်, ပူတဲ့ရုပ်အစဉ်။ အေးတယ် စမ်းကြည့်စမ်းပါ။ တစ်ကိုယ်လုံးအေးလို့၊ တစ်ကိုယ်လုံး ပူလို့၊ ပူနေတာက အချိန်တော်တော်လေးကြာတော့ တစ်ခုထဲလို့ အောက်မေ့ရတယ်။ အေးနေတာကလဲ တစ်ခုထဲလို့ မှတ်ထင်ရတယ်။ ပူနေတဲ့ အချိန်၊ အေးနေတဲ့အချိန်မှာ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာယာဉ်တင်ပြီး ရှုပွားဆင်ခြင် သုံးသပ်ဖို့ပါပဲ။ ဒါဟာ သန္တတိသမ္မသနညာဏ်ပဲ။

http://www.dhammadownload.com



## ၄။ ခဏိကသမ္မသနနည်း

ဘယ်ရုပ်, ဘယ်နာမ်ဖြစ်ဖြစ် ဥပါဒ်, ဋ္ဌီ, ဘင်၊ ဒီထက်အသက် ပိုမရှည်ပါဘူး။ ဘုန်းကြီးတို့ အသက်ရှည်တယ်။ အသက်ရှည်တယ်။ ဒီဆရာတော်ကြီး အသက်ရှည်တယ်၊ အမေအသက်ရှည်တယ်၊ အဖေအသက်ရှည်တယ်၊ ပြောတာနေရတာ။ ဘယ်လောက်ကြာတုန်းလို့ ဆိုတော့ လက်ဖျောက်တစ်ချက်တီးတောင် မကြာဘူးတဲ့။

ဥပါဒ်, ဋ္ဌီ, ဘင်မျှသာ အသက်ရှည်တယ်။ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်တယ်ဆိုတဲ့ ဗြဟ္မာကြီးတို့၏အသက် တမ်းသည် ဖြစ်တည်ပျက်ပဲ၊ ဒီလိုနဲ့ သွားတာကိုး၊ ဒါလောက်ပဲ အသက် ရှည်တယ်။ ခဏိကသမ္မသနနည်းနဲ့ မမြဲတဲ့အချက်, ဆင်းရဲတဲ့အချက်, မပိုင်မစိုးတဲ့ အချက်ကို ပွားများနိုင်ရင် သမ္မသနဉာဏ်ပါပဲ။ ခြုံပြီးတော့ ပြောရင် အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ်ပေါက်အောင် အနိစ္စဉာဏ် - ရုပ်၊ နာမ် မမြဲပါဘူး။ ဒုက္ခဉာဏ်- ရုပ်၊ နာမ် ဆင်းရဲပါတယ်။ အနတ္တဉာဏ်- ရုပ်၊ နာမ် အစိုးမရပါဘူးလို့ အဲဒီလို ခြုံပြီးတော့ စုပြုံပြီးတော့ ရှုပွားတဲ့နည်းတွေလဲရှိပါတယ်။ ရုပ်တစ်ခုခု၊ နာမ်တစ်ခုခု လေးကို ရွေးထုတ်ပြီးတော့ အနိစ္စဉာဏ်ထင်အောင် ရှုပွားနိုင်ရင်လဲ သမ္မသနဉာဏ်ဖြစ်ပါတယ်။ ဒုက္ခထင်အောင်၊ အနတ္တထင်အောင် ရှုပွားနိုင်ရင် သမ္မသနဉာဏ်။

**အ,ဖြုတ်–အ,တိုး**

“**အနိစ္စ ဒဿနေန အလောဘောဟောတိ**” စသည် တစ်နေ့က ဟောခဲ့ပါတယ်။

လောဘရှေ့မှာ အ,တစ်လုံး တိုးနိုင်ဖို့၊ ဒေါသရှေ့မှာ အ,တစ်လုံး တိုးနိုင်ဖို့၊ မောဟရှေ့မှာ အ,တစ်လုံး တိုးနိုင်ဖို့လိုပါတယ်။

လောဘ, ဒေါသ, မောဟ တရားတွေက တရားဆိုး, တရားပျက် တွေဆိုတော့ သူတို့ရှေ့က အ,တစ်လုံးတိုးလိုက်ရင်-

http://www.dhammadownload.com



အလောဘ= မလိုချင်ဘူး။ အဒေါသ= မကြမ်းတမ်းဘူး။ အမောဟ= မမိုက်မဲဘူး။ အ,လေးတစ်လုံး တိုးလိုက်တာနဲ့ တရားဆိုး, တရားပျက်တွေက ဟရားကောင်း, တရားမွန်တွေ ဖြစ်သွားတာ။ ကုသလနဲ့ အကုသလကျတော့ ကုသလရှေ့ အ,တစ်လုံးတိုးလိုက်ရင် မကောင်းဖြစ်သွားတာ။ အ,တိုးတာချင်း မတူဘူး။ ကုသလ- ကုသိုလ်က၊ အကုသလ- အကုသိုလ်ဖြစ်သွားတယ်။ အ,တိုးတာချင်း တူပေမယ့် အဓိပ္ပါယ်ချင်း မတူဘူး။

**"အနိစ္စ ဒဿနေန အလောဘော ဟောတိ"**။

မမြဲတဲ့အမှတ်တံဆိပ်ကိုသာ မြင်အောင်အားထုတ်ပါ။ လောဘကင်းလိမ့်မယ်။

**"ဒုက္ခဒဿနေန အဒေါသော ဟောတိ"**။

ဆင်းရဲတဲ့အမှတ်တံဆိပ်ကိုသာ မြင်အောင်အားထုတ်ပါ။ ဒေါသကင်းလိမ့်မယ်။

**"အနတ္တဒဿနေန အမောဟော ဟောတိ"**။

အစိုးမရတဲ့ အနတ္တအမှတ်တံဆိပ်ကိုသာ မြင်အောင်**အား** ထုတ်ပါ။ မောဟကင်းလိမ့်မယ်။

အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့စကားလေးက ဘုန်းကြီးတို့ ဗုဒ္ဓဘာသာများမှာ ဒီစကားလုံးဟာ အင်မတန်တွင်ကျယ်ပါတယ်။ ရသေ့ကြီးတစ်ပါးနဲ့ ဘိုးသူတော်တို့ရှိကြတယ်။ ရသေ့ကြီးက ငှက်ပျောသီးလေးတစ်လုံးစားလိုက်တိုင်း ဒုက္ခ, ဒုက္ခ။ ဆွမ်းလေးဘုဉ်းပေးလဲ ဒုက္ခ၊ ဒုက္ခလို့ ညီးသတဲ့။

ဘေးက ဘိုးသူတော်က ပြောတယ်။ ဒီဒုက္ခမျိုးတော့ ရလိုက်စမ်းချင်ပါဘိ။ ဒီဒုက္ခမျိုးတော့ ဘိုးသူတော်တို့ ရလိုက်ချင်လိုက်တာတဲ့။ ရသေ့က သူ့ဆင်ခြင်မှုနဲ့သူပဲ။ မှန်တယ်။ စားနေတာကို ဒုက္ခမြင်အောင် ကြည့်ရမှာကိုး။ ဗုဒ္ဓဘာသာဝင်တွေဟာ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတာ ကတော့ နှုတ်ကတက်ပြီးတော့နေတာ။ **"အခု ယောဂီသူတော်စင်များ**

http://www.dhammadownload.com



**နဂိုတုန်းက နှုတ်တက်နေတဲ့ အနိစ္စ, ဒုက္ခ, အနတ္တ အခု တကယ် မြင်အောင် ကြည့်ရတာ။ ရုပ်ကိုတကယ်မြင်အောင် ကြည့်ရတယ်။ နာမ်ကို တကယ်မြင်အောင် ကြည့်ရတယ်။ မိမိမြင်နေတဲ့ ရုပ်နာမ်ကို အနိစ္စ, ဒုက္ခ, အနတ္တလို့ လက္ခဏာယာဉ်တင်ပြီးတော့ ရှုရတယ်"။**
တစ်နေ့က ဆရာလေးတစ်ပါးက ဘုန်းကြီးအမြဲထိုင်နေတဲ့ ဒညင်းပင် အောက် အဆောက်အအုံလေးမှာ စင်လေးပေါ် ထိုင်ပြီး ငိုနေတယ်။ "ဟဲ့ ဆရာလေး ဘာလဲ"လို့မေးတော့ "ဝိပဿနာ တက်တော့မယ်ကြားတယ် ဆိုပြီး လာငိုနေတာ"။ ဝိပဿနာတက်ရင် မေးတာလေး ဖြေရုံပါပဲဟယ်။ သိပ်မခက်ပါဘူး။ စာမေးပွဲဖြေသလိုပဲ မပြေတာ ကြက်ခြေခတ်ထားခဲ့ ပေါ့။ ပြီးတာပဲ။ မမြင်တာ မမြင်ဘူးပေါ့။ မြင်ရင် မြင်တယ်ပေါ့။ တရားမြင်တာလဲ ကိုယ်တိုင်သိတယ်။ မမြင်တာလဲ ကိုယ်တိုင်သိတယ်။

မြင်လာတဲ့ပုဂ္ဂိုလ်က "သန္ဒိဋ္ဌိက" မျက်မှောက်ထင်ထင် ရှုမြင်ရတဲ့အကျိုးရတယ်။ ဟိုတုန်းကနဲ့ မတူဘူး။ ရှေးအခါက အနိစ္စ အနိစ္စနဲ့ ပါးစပ်ကဆိုလာခဲ့တာ။

http://www.dhammadownload.com



## ငြီးချင်း

အနိစ္စ, အနိစ္စနဲ့ ဘိဇ္ဇနကိုတော့ မမြင်လို၊ ဒုက္ခ, ဒုက္ခနဲ့ နှုတ်ကသာဆိုလို့ ငြီးမိတော့တယ်။ လူ့စည်းစိမ်ရတနာ ရွှေငွေနဲ့ အမရာ ဗွေဒါတွေ တွေးလိုက်တော့ အေးတော့မလိုလို၊ အနတ္တ, အနတ္တနဲ့ ပါးစပ်ကသာဆို ငါကိုယ်နဲ့ပါကလား၊ ထင်ချက်ကယ်ကွာ ယာဉ်စကြာ ဒေသနာနှင့် တင်လက္ခဏာ ဘယ်လိုသုံးသော်လဲ၊ ဝဋ္ဋနှောင်ကို လွတ်အောင်ရုံးချင်ရဲ့ မြှူးမိတဲ့ငါးလိုပ ဘုန်းအသိသား။ ပန်းတောင်းဆရာ တော်ကြီးက ငြီးတာ။ အနိစ္စ, အနိစ္စနဲ့ ဘိဇ္ဇနကို မမြင်ဘူးတဲ့ ပျက်စီး တာမမြင်၊ ဒုက္ခ, ဒုက္ခနဲ့ နှုတ်ကသာ ဆိုလိုငြီးတာ လူ့စည်းစိမ်ရတနာတွေ ကြည်ပြီး အေးတော့မလိုတဲ့။ အနတ္တ အနတ္တနဲ့ ပါးစပ်ကသာဆိုမိတာ ငါကိုယ်လိုထင်နေတယ်၊ ယာဉ်စကြာဒေသနာလက္ခဏာသုံးပါး တင်နေပေမဲ့ နှောင်ဖွဲ့ထားတဲ့ ဝဋ္ဋဒုက္ခကလွတ်အောင် ရုံးချင်ပါရဲ့ မြှူးမိနေတဲ့ငါးလို ဖြစ်နေပါလား။ သူဟာ မြှူးမိတဲ့ ငါးလေးလိုပါပဲလို့ ငြီးထားတာ အနိစ္စ ဒုက္ခ အနတ္တ မြင်ဖို့အရေးကြီးတာကိုး။ မြတ်စွာဘုရား လွန်ခဲ့တဲ့ ၂၅၉၂ နှစ်က ဘုရားအဖြစ်ရောက်ရှိပြီး ဓမ္မစကြာဒေသနာ တော်နဲ့ ဒုက္ခမြင်အောင် သရုပ်ဖော်ထုတ်ပြခဲ့တယ်။ ဒုက္ခ(၈)မျိုး၊ ဒုက္ခတွေချည်း ပြပြသွားတော့ ပဥ္စဝဂ္ဂီငါးဦးတို့ ဒီဒုက္ခကိုမြင်တယ်။ ဘာကြောင့် ဒုက္ခဖြစ်သလဲဆိုတော့ ဆင်းရဲရုံမျှမကသေးပဲ ဖြစ်သမျှ အားလုံး ပျက်ဖို့ပါပဲတဲ့။ ဒါကြောင့် ဒုက္ခ ဒုက္ခလို့မြင်တယ်၊ ဓမ္မစကြာတရား ဟောတော့ ပဥ္စဝဂ္ဂီငါးဦးနှင့်တကွ (၁၈)ကုဋေသော ဗြဟ္မာများ အရိယာ ဖြစ်ကြတယ်။ ဆက်ပြီးတော့ အနတ္တဉာဏ်ပေါ်ပေါက်အောင် အနတ္တ လက္ခဏာသုတ္တန်ကြီးကို ဟောရတယ်။ အဲဒီကျတော့ အရိယာဘဝနဲ့တရား နာကြပြီး တရားနာနေကြရင်း အနိစ္စကစပြီး ဖြိုဖြိုလာခဲ့ကြတာ။

အနိစ္စ မြဲတဲ့အချက်ကို ဖြိုတယ်။

ဒုက္ခ ချမ်းသာတဲ့ အချက်ကို ဖြိုတယ်။

အနတ္တ ငါဆိုတဲ့ အတ္တကို ငါစွဲပြုတ်အောင် ဖြိုတယ်။

မိခင်ဇရာဝတီ

http://www.dhammadownload.com



အနိစ္စကို မြင်အောင် ကြည့်နိုင်မှ ဒုက္ခမြင်တယ်။ ဒုက္ခကို မြင်အောင်ကြည့်နိုင်မှ အနတ္တမြင်တယ်၊ "အနတ္တမြင်တယ်၊ အနတ္တလက္ခဏာသုတ္တန်ကြီး ဟောတော့မှ ပဉ္စဝဂ္ဂီ(၅)ဦး အနတ္တဉာဏ် ပေါ်ပေါက်တယ်။ အဲဒီ အနတ္တဉာဏ်ပေါ်ပေါက်မှ တရားရတယ်လို့ ခေါ်ကြတယ်။ အခု ဉာဏ်စဉ်(၁၀)ပါးထဲမှာ သမ္မသနဉာဏ်ဟာ အရေးကြီးပါတယ်။ ဒါကြောင့် "ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်" ဉာဏ်စဉ်(၁၀)ပါးကိုပဲ ပရိညာသုံးပါးနဲ့ ခွဲဝေကြည့်တာလဲ ရှိတယ်။ နာမရူပပရိစ္ဆေဉာဏ် နာမ်နဲ့ရုပ်ကို ပိုင်းခြားသိတယ်။ အဲဒါ ဉာတပရိညာ ပါပဲ။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်သည် တီရဏပရိညာ မည်ပါတယ်။ ဘင်္ဂဉာဏ် စတဲ့ ဉာဏ်(၈)ပါးဟာ ပဟာန ပရိညာ မည်ပါတယ်။ ဝိပဿနာဉာဏ်(၁၀)ပါးနဲ့ ဉာဏ်စဉ်အဆင့်ဆင့် တက်ပြီးတော့ သိတယ်ဆိုတာ အတူတူပါပဲ။ ပရိညာသုံးပါးနဲ့သိတော့လဲ ဉာဏ်(၁၀)ပါး ကုန်သွားတာပဲ။ ဝိပဿဉာဏ် အဆင့်ဆင့်တက်လှမ်းပြီးတော့ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်သို့ ရောက်ရှိနိုင်ကြတယ်။ ဝိပဿနာဉာဏ် အဆင့်ဆင့်ကနေပြီးတော့ မဂ်ဉာဏ် အဲဒီလိုသွားတာ၊ တရားတော်ရဲ့ ဂုဏ်တော်အစမှာ သွာက္ခာတ အစ, အလယ်, အဆုံး ကောင်းစွာ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ ဗြဟ္မစရိယ မြတ်တဲ့အကျင့် ဗြဟ္မစရိယ မြတ်တဲ့အကျင့်၊ မြတ်သောပုဂ္ဂိုလ်တို့ရဲ့ အကျင့်၊ အဲဒီ အကျင့်က ဘယ်လိုဟာမျိုးလဲဆိုတော့ "ပရိသုဒ္ဓ" စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ ဗြဟ္မစရိယ၊ မြတ်တဲ့အကျင့်ဆိုတာ မြတ်တဲ့ပုဂ္ဂိုလ် တို့သည် ကျင့်အပ်တဲ့အကျင့်။ ဘာတွေလဲဆိုတော့ "သီလ-သမာဓိ-ပညာဆိုတဲ့ ကျင့်စဉ်တရားဟာ မြတ်တဲ့အကျင့်ပဲတဲ့ မြတ်တဲ့အကျင့်ကို ကျင့်နိုင်ဖို့ အတွက် အခြေခံမိရိုး ဖလာအားဖြင့် ဗုဒ္ဓဘာသာ အငယ်စား ကမ္မဿကတာဉာဏ် လက်ကိုင်ထားတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဖြစ်မှ ဒီလိုအဆင့်မြင့်တရားတွေ အားထုတ်နိုင်ပါတယ်။ ကျေးလေးတစ်ကောင်ဟာ မလှမ်းမကမ်းမှာရှိတဲ့ မှည့်ရှမ်းနေတဲ့

http://www.dhammadownload.com



သရက်သီးရဲ့ အရသာကို ခံစားချင်တဲ့ အခါကျတော့ သူမျက်စိကောင်းဖို့ လိုသလိုပါပဲ။ ကမ္မဿကတာဉာဏ်ဟာလဲ နိဗ္ဗာန်ဆိုတဲ့ အမြိုက် အရသာကို ခံစားဖို့အတွက် ရရှိထားရမယ့် မျက်လုံးပါပဲ။ မျက်လုံးလေး ကောင်းလာပြီ ဆိုတော့လဲ ခြေနဲ့တောင်ပံကလဲ ကောင်းအုံးမှ၊ အဲဒီ သရက်ပင်ကို ပျံသန်းပြီးတော့ နားနိုင်မှာပါပဲ။ အဲဒီလို ခြေတောင်ပံနဲ့တူတဲ့ စရဏတရား (၁၅)ပါး၊ ခြေတောင်ပံနဲ့ ပျံသန်းပြီးတော့ သရက်ပင်ပေါ် ရောက်တဲ့အခါမှာ ကိုင်းလေးပေါ် နားလို့ ခြေတောက်က ကိုင်းကို ကုပ်ထားလို့။ ပြီးတော့ နှုတ်သီးလေးက ထက်မြက်မှ မှည့်ရွှမ်းနေတဲ့ သရက်သီးကို ဖောက်စားပြီး သရက်သီးရဲ့ အရသာကို ခံယူနိုင်မှာပါပဲ။

အခု ယောဂီသူတော်စင်များကတော့ ဒီအဆင့်တွေ ကမ္မဿကတာဉာဏ် မျက်လုံးရရှိခဲ့ကြပြီ၊ "သီဣံဘောဇာသတ်စတ္တာ" ခေါ်တဲ့ သူတော်ကောင်းဥစ္စာ(၇)ပါးအပါအဝင် စရဏ(၁၅)ပါးခေါ်တဲ့ ခြေတောင်ပံလဲ ကောင်းမွန်ခဲ့လို့၊ မှည့်ရွှမ်းတဲ့သရက်သီးကို ထိုးဖောက်ပြီး စားနိုင်တဲ့ နှုတ်သီးနဲ့တူတဲ့ဝိပဿနာဉာဏ်ကလဲ ရရှိကြပြီ။ အဲဒီ ကျေးငှက်ကလေးလိုပဲ မျက်စိလဲကောင်းမှ၊ ခြေတောင်ပံလဲကောင်းမှ နှုတ်သီးလဲကောင်းမှ သရက်သီးရဲ့ ချိုမြိန်တဲ့အရသာကို သုံးဆောင် ခံစားရသလို၊ ယောဂီသူတော်စင်များလဲ"အမတရသ" အမြိုက်အရသာ၊ အဲဒီအမြိုက်အရသာက ဘာလဲဆိုတော့"မသေတဲ့အရသာ"ပဲတဲ့။ အဲဒီ မသေတဲ့အရသာဟာ လောကရှိသမျှ အရသာတွေထဲမှာ အကောင်းဆုံး။ အခု ဘုန်းကံကြီးမားပါတယ်ဆိုတဲ့ သာမညဆရာတော်ကြီးတို့၊ ကျေးဖူးတော်ရှင် ကလေးဝဆရာတော်ဘုရားတို့၊ ဆရာတော်ကြီးတွေ နောက်ဆုံးပျံတော်မူကြတယ်။ ဘာကြောင့်လဲဆိုတော့ အမတရသ အမြိုက်နိဗ္ဗာန် ရပြီးပြီဟေ့ဆိုရင် တစ်ခါပဲပြီးပြီ။ အမတဓာတ်ရထားတဲ့ အခါကျတော့ နောက်မသေတော့ဘူး။ ဒီအမြိုက်အရသာကို ရရှိဖို့ရာ အတွက် ဒါန၊ သီလ၊ ဘာဝနာ၊ သီလ၊ သမာဓိ၊ ပညာသိက္ခာ(၃)ပါး ကျင့်စဉ်တရားတွေ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရတာပါပဲ။

မိခင်ဇရာဝတီ

http://www.dhammadownload.com



**စရဏံ ပါဒ ပက္ခံ၀၊ ဝိဇ္ဇံ တုဏ္ဍသမံ သမံ။**
**ပူရယိတွာ ပက္ခေယျုံ၊ ဘုဥ္စိတုံ အမတရသံ။**

စရဏံ သီလံ ဘောဇနသတ်စတ္တာဟု ဆိုအပ်သော စရဏ တရား(၁၅)ပါးကို၊ ပါဒပက္ခံ၀= ခြေတောင်ပံနှင့်တူစွာ၊ တုဏ္ဍသမံ= နှုတ်သီးနှင့်တူသော၊ ဝိဇ္ဇံ= ဝိဇ္ဇာ(၃)ပါးကိုလည်းကောင်း၊ ဝိဇ္ဇံ= ပု ဒိ အာ ခေါ် ဝိဇ္ဇာ(၃)ပါး ဝိပဿနာဉာဏ်အပါအဝင် ဝိဇ္ဇာ(၈)ပါးကိုလည်းကောင်း၊ သမံ= မပိုမသာ ညီညွတ်စွာ၊ ပူရယိတွာ= ဖြည့်ကြကုန်ပြီး၍၊ အမတရသံ= အမြိုက်အရသာကို၊ (ဝါ) မသေတဲ့ အရသာကို၊ ပရိဘုဥ္စိတုံ= သုံးဆောင်ခြင်းငှာ၊ ပက္ခေယျုံ= သီလ သမာဓိ ပညာ သိက္ခာ(၃)ပါး၊ စရဏ= ဝိဇ္ဇာတရားတို့ကို ဖြည့်ကျင့်လျှက် ဤသံသရာစခန်းမှ ပျံသန်းနိုင် ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

ယနေ့ ၁၃၆၆ ခု နှစ်ဆန်း(၁)ရက်၊ သာသနာနှစ် ၂၅၄၇ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ နှစ်ဆန်း(၁)ရက် (၁၇-၄-၂၀၀၄)၊ စနေနေ့၊ နှစ်ဆန်း(၁)ရက်နေ့မှာ အားလုံးယောဂီများ ကုသိုလ်နဲ့ စာရင်းဖွင့်နိုင်ခဲ့ပါတယ်။ ကုသိုလ်နဲ့စာရင်းဖွင့်ဖို့ အရေးကြီးတဲ့အတိုင်း ကုသိုလ်နဲ့ စာရင်းဖွင့်နိုင်ကြပြီ။ ကုသိုလ်ကလဲ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ် လောကုတ္တရာ(မဂ်)ကုသိုလ်လို့ ကုသိုလ်(၄)မျိုးရှိပါတယ်။ ကုသိုလ်တရားတွေဟာ အဆင့်ဆင့်မြင့်ပြီး သွားတယ်။ မြတ်ပြီး သွားတယ်။ ဒီတရားစခန်းမှာ ကုသိုလ်ရှင်တွေက အမျိုးမျိုး ရေသန့် ကုသိုလ်ရှင်၊ ယောဂီများလိုသလောက် လှူပါတယ်။ ဒီနေ့ ကလေး တစ်ယောက်က အခြားတရားစခန်းတစ်ခုကလာတော့ သမီးတို့ တရားစခန်းမှာ ရေတောင်မသောက်ရဘူးလို့ ပြောသွားတယ်။ ဟုတ်ပုံ မရပါဘူး။ ကြည့်ရတာလေ၊ သူက အဲလိုပြောသွားတယ်၊ တကယ် ပြော သွားတာ၊ ဘုန်းကြီးတို့တရားစခန်းကတော့ ဒေါက်တာပြည့်ဖြိုးအောင်တို့

http://www.dhammadownload.com



မိသားစုတို့က ရေသန့်အပြည့်အစုံ၊ ပါမောက္ခ ဒေါ်ခင်မကြီးတို့က ကြောင့်ကြစိုက်ပြီးတော့ လှူအောင်တန်းအောင် နှီးဆော်ပေးတယ်။ ပါမောက္ခ ဒေါ်ခင်မကြီး ဦးဆောင်ပြီး တပ်မတော်ဆေးတက္ကသိုလ်က သမားတော်ကြီးများ ဆရာဝန်ကြီးများ၊ ဆေးဗိုလ်လောင်းများက နံနက်(၉း၀၀)နာရီက ညနေ(၆း၀၀)နာရီအထိ ယောဂီများကို စောင့်ရှောက်ပြီး ဆေးကုသပေးကြပါတယ်။

**(၁၁-၄-၂၀၀၄)**

ဗိုလ်မှူးကြီး ခင်မောင်စိုး၊ ဒေါ်ချိုချိုဝင်း မိသားစုတို့က အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည် သံဃာကုန်၊ ယောဂီကုန် လှူဒါန်းကြပါတယ်။ (၅၀၀၀၀၀ိ/-)

**(၁၂-၄-၂၀၀၄)**

အရုဏ်ဆွမ်း၊ မိခင်ကြီး ဒေါ်ခင်လှ (တစ်လပြည့်)ရည်စူး၍ (၅၀၀၀ိ/-)

နေ့ဆွမ်း၊ နာဂလိုဏ်ဂူ ကလေးဝတောရ အာရာမာဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးဆောင် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်နှင့်တပည့်များ။ (၂၀၀၀၀ိ/-)

အဖျော်ရည်၊ မခင်ထားလွင်(မွေးနေ့)လှူဒါန်းကြပါတယ်။ (၂၅၀၀ိ/-)

**(၁၃-၄-၂၀၀၄)**

အရုဏ်ဆွမ်း၊ မိဘ(၂)ပါးအမှူးထား၍ မောင်နှမများဖြစ်ကြသော ဦးသိန်းပိုင်၊ ဒေါ်ခင်သက်၊ ဒေါ်တိုးတိုးလွင်။ (၅၀၀ိ/-)

နေ့ဆွမ်း၊ ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမအသင်း မိသားစု၊ သံဃာကုန်၊ ယောဂီကုန်။ (၂၀၀၀၀ိ/-)

မိခင်ဇရာဝတီ

http://www.dhammadownload.com



အဖျော်ရည်၊ ဦးမြင့်အောင်၊ ဒေါ်လှကြည် မိသားစု(သံဃာ)။ (၂၅၀၀၀ိ/-)

(၁၄-၄-၂၀၀၄)

အရက်ဆွမ်း၊ ဦးဝင်းဟန်(သ. သ. န)သံဃာကုန်။(၁၀၀၀၀ိ/-)
နေ့ဆွမ်း၊ ယောဂီများ စုပေါင်း။ (၁၀၀၀၀ိ/-)
အဖျော်ရည်၊ ဦးနေဝင်း မိသားစု။ (၂၅၀၀၀ိ/-)

(၁၅-၄-၂၀၀၄)

အရက်ဆွမ်း၊ ဦးတင်ထွန်းဦး၊ ဒေါ်အေးအေးသန့်မိသားစု။ (၂၀၀၀၀ိ/-)၊ ကွယ်လွန်သူ ဦးအောင်ခိုင်အား ရည်စူး၍ မောင်နှမ မိသားစု (၁၀၀၀၀ိ/-)၊ ကိုသူရိန်၊ မစုစုလှိုင်မိသားစု။ (၂၀၀၀၀ိ/-)
နေ့ဆွမ်း၊ ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမ မိသားစု (သံ. ယော) (၂၀၀၀၀၀ိ/-)
နေ့ဆွမ်း၊ ရေခဲမုန့်၊ ဆရာမကြီး ဒေါ်ခင်သက်ထားရွှေအား အမှူးထား၍ ဒေါ်မေထားလွင်၊ ဒေါ်ခင်ထားလွင်၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်သက်မာအေး၊ (၉)စည်၊
ဒေါ်ပြုံးပြုံးနွဲ့၊ ဒေါ်သက်သက်ဝါ၊ ဒေါ်သက်သက်မော်၊ ဒေါ်ဥမ္မာ၊ ဒေါ်ခင်နု၊ မနေနွယ်၊ မသက်ထား၊ မလှဲ့လှဲ့ခိုင်၊ မဇင်မာချို။ (၅)စည် (၂)ရပ်ပေါင်း ၅၆၀၀၀ိ/-
အဖျော်ရည်၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်မေထားလွင်၊ ဒေါ်သက်မာအေး၊ (၂၅၀၀၀ိ/-)

(၁၆-၄-၂၀၀၄)

အရက်ဆွမ်း၊ အဖျော်ရည်၊ မြန်မာအာမခံလုပ်ငန်းမိသားစု ယောဂီများ၊ (၇၅၀၀၀ိ/-)

မိခင်ဧရာဝတီ

http://www.dhammadownload.com



နေ့ဆွမ်း၊ ကျေးဇူးရှင်ဆရာတော်ဘုရားနှင့် ကိုဝင်းလွင်ဦး၊ ကိုနေဝင်း၊ ကိုအောင်မိုးဆွေ၊ (၁၀၀၀၀ဝိ/-)

နေ့ဆွမ်း၊ ရေခဲမုန့်၊ ဦးလှသိန်း၊ ဒေါ်ဌေးရီ မိသားစု။ (၅၆၀၀၀/-)

## (၁၇-၄-၂၀၀၄)

အရုဏ်ဆွမ်း၊ ဦးချင်ဟွာ၊ ဒေါ်တင်ကြည်၊ သမီး မသက်သက်ဝင်း မသက်သက်မော်၊ သား မောင်သက်ထွန်း၊ မခင်မာမြင့်၊ သား ရာဇာသက်ထွန်း (၅၀၀၀ဝိ/-)

အရုဏ်+နေ့ဆွမ်း/အဖျော်ရည်၊ ကိုလူဇော်၊ မသီဂီ၊ သား အောင်စေ ပိုင်စေ။ (၂၅၀၀၀ဝိ/-)

## (၁၈-၄-၂၀၀၄)

အရုဏ်ဆွမ်း၊ ဆရာတော်နှင့်တပည့်များ။ (၂၅၀၀ဝိ/-)

နေ့ဆွမ်း၊ ရေခဲမုန့်၊ ဦးမိုးဇင်၊ ဒေါ်တင်မာကြူသား မောင်မြင့်သိမ်းနိုင်၊ သမီး မဇင်မိုးကျော် မိသားစု(သံယော) (၁၁၂၀၀ဝိ/-)

နေ့ဆွမ်း၊ ပေါက်စီ၊ ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမ မိသားစု ပေါက်စီ(၅၀၀)လုံး။ (၁၀၀၀၀ဝိ/-)

အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည်၊ ရေခဲပေါက်စီများကို သူ့ရက်နဲ့သူ အဆင့်ဆင့်ကုသိုလ်တွေရရှိကြတယ်၊ ဒီတရားရက်အတွင်းမှာ ကုသိုလ်ရှင်တွေကလဲ ကုသိုလ်ပြုလိုက်ကြတာ။ အဲဒီလို ကုသိုလ် အဆင့်ဆင့် အထောက်အကူ ပြုတဲ့အတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည် သူ့အချိန်နဲ့သူ အံကိုက်ရအောင် ဝေယျာဝစ္စကုသိုလ်ရှင်များ ကလဲ ပြုဆောင်ပေးကြတယ်။ ဘုန်းကြီးတို့ ကျောင်းတိုက်မှာက စောစောထဲက အာရုံဆွမ်းကချက်နေကြ၊ သံဃာ(၁၀၀၀)ကျော်အတွက် အရုဏ်ဆွမ်းကချက်နေကြ။ တခါတရံ ဆွမ်းကျွေးရှိတဲ့ အခါချက်ပြုတ် ကြရတဲ့၊ ပုဂ္ဂိုလ်များ ညလုံးပေါက်ချက်ကြရတယ်။ အဖွဲ့တွေက အသီးသီး

http://www.dhammadownload.com



အထောက်အကူပြုလို့ ကြိုတင်ပြီး စီမံစရာတွေလဲ စီမံထားတဲ့အတွက် အစစအရာရာ ပြည့်စုံတဲ့အတွက်ကြောင့်မို့ သမထ ကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်ကြတဲ့ ယောဂီများအတွက် သူ့အချိန်နဲ့သူ အားထုတ်ခွင့်ရကြလို့ ဘယ်ကုသိုလ်ရပါသလဲလို့ မဟာကုသိုလ် ရပါတယ်။ မဟာကုသိုလ်ဆိုတဲ့နေရာမှာ မဟာကုသိုလ်(၈)မျိုးရှိတဲ့ အတွက် သူနဲ့တွဲပြီးဖြစ်တဲ့ စေတသိက်အများကြီးရှိတဲ့အတွက် သောမနဿ ဝမ်းသာပြီးတော့ ဉာဏသမ္ပယုတ် ဉာဏ်ယှဉ်ပြီးတော့ အသင်္ခါရိက မတိုက်တွန်းရပဲပြုတဲ့စိတ်၊ သင်္ခါရိက တိုက်တွန်းလို့ဖြစ်တဲ့ စိတ်၊ ကာမကုသိုလ်ထဲမှာတော့ မဟာကုသိုလ်လဲဖြစ်တယ်၊ အမြင့်ဆုံး အမြတ်ဆုံးလဲဖြစ်တယ်၊ ကုသိုလ်နဲ့စာရင်းဖွင့်တဲ့နေရာမှာ အချို့က ဒါနနဲ့ စာရင်းဖွင့်တယ်။ တချို့ပုဂ္ဂိုလ်များက အရဏ်ဆွမ်းလှူပြီးတော့၊ အချို့ ပုဂ္ဂိုလ်များက နေ့ဆွမ်းလှူပြီးတော့၊ တချို့ပုဂ္ဂိုလ်များက အဖျော်ရည်၊ တချို့ပုဂ္ဂိုလ်များ နေ့ဆွမ်းလှူပြီးတော့၊ တချို့ပုဂ္ဂိုလ်များက အဖျော်ရည် လှူပြီးတော့၊ အချို့ပုဂ္ဂိုလ်များက သောက်ရေသန့်၊ အချို့ပုဂ္ဂိုလ်များက ဆေးကုသပြီးတော့၊ အချို့ပုဂ္ဂိုလ်များက ဝေယျာဝစ္စပြုပြီးတော့ ကုသိုလ် စာရင်းဖွင့်ကြတယ်။

ပါမောက္ခ ဒေါ်ခင်မကြီး ဦးဆောင်တဲ့အဖွဲ့ကလဲ ယောဂီတွေ ကျန်းကျန်းမာမာနဲ့ တရားအားထုတ်စေချင်ကြတယ်။ ယောဂီသူတော်စင် များ ကျန်းကျန်းမာမာရှိမှ တရားအားထုတ်နိုင်ကြမယ်လို့ ယူဆထား တယ်။ ဘုရားရှင်ကလဲ ကျန်းမာရေးကောင်းမှ တရားအားထုတ်နိုင် မယ်တဲ့။ ဘုန်းကြီးတို့မှာ သာသနာတာဝန်(၂)ခု ရှိတယ်။ (၁) နိကာယ် (၅)ရပ်၊ ပိဋကတ်သုံးပုံကို သင်အံပို့ချဟောပြောပြသရေးသားတဲ့ အလုပ်၊ အဲဒီ ပိဋကတ်တော်ကပြတဲ့ ကျင့်စဉ်တွေ လိုက်နာကျင့်ကြံ အားထုတ်ရတဲ့ တာဝန် ဒီတာဝန်(၂)ရပ် သာသနာတော်မှာရှိတာ အဲဒီတာဝန်(၂)ရပ်မှာ မှီရာအားဖြင့် (၄)ပါး။ အဲဒီလို တာဝန်(၂)ရပ်ထမ်းဆောင်တဲ့အခါ၊ ကျောင်းသင်္ကန်း၊ ဆွမ်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါး၊ ကျောင်းလဲရှိမှ သင်္ကန်းလဲပြည့်စုံမှ ဆွမ်းလဲပြည့်စုံမှ ဆေးဝါးဓာတ်စာလဲ ပြည့်စုံမှသာလျှင်

http://www.dhammadownload.com



အဲဒီတာဝန်တွေကို ထမ်းဆောင်နိုင်ကြပါမယ်။ အဲဒီပစ္စည်း(၄)ပါးကို မှီရာလေးပါးလို့ခေါ်ပါတယ်။ ဒီမှီရာ(၄)ပါး အဆင်ပြေမှသာလျှင် တာဝန်ကြီး(၂)ရပ်ကို ထမ်းဆောင်နိုင်ပါတယ်။ အခု တရားစခန်းမှာ ကုသိုလ်အဆင့်ဆင့် ပြုပြီးတော့စာရင်းဖွင့်နိုင်ခဲ့ကြပြီ၊ ၁၃၆၆ ခုနှစ် စတင်တာထွက်လာတဲ့ အချိန်လေးက ကုသိုလ်နဲ့ တာထွက်လာခဲ့ကြ ပါတယ်။ ကုသိုလ်နဲ့ စာရင်းဖွင့်နိုင်တဲ့အတွက် အင်မတန်ကံကောင်း ကြတယ်။ ဘုရားရှင် သာသနာတော်ကြီးနဲ့ ပတ်သက်ပြီးတော့ ဗုဒ္ဓ ယဉ်ကျေးမှုကို အလေးထားပြီးတော့ ဒီနှစ်ဆန်းမှာ စာရင်းဖွင့်ပြီး ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံကြတယ်။ ဒါန-သီလ-ဘာဝနာဆိုတဲ့ ကုသိုလ်စာရင်းဖွင့်ကြတာပါ။ ဘာကြောင့်လဲဆိုတော့ သာသနာတော်ကြီး ရှိလို့ပါပဲ။ သာသနာတော်ကြီးရှိတဲ့ နိုင်ငံဟာ နည်းနည်းပဲရှိပါတယ်။

ဗုဒ္ဓအဆုံးအမသာသနာရှိတဲ့ နေရာဟာ နည်းနည်းပဲရှိပါတယ်။ ဗုဒ္ဓဘုရားရဲ့ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ ရှိတဲ့နေရာဟာ နည်းနည်းလေးပါ၊ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ အခြေ အမြစ်ကသိပ်ခိုင်မာပါတယ်။ ဘာပြုလို့လဲဆိုတော့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစာအုပ်ရေ (၁၀၀)ကျော်တို့နဲ့ တည်ထောင်တဲ့ သာသနာ။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကိုလဲ သင်အံပို့ချပြီးတော့ နေကြတော့ ဒီတရားတွေနဲ့ သဘောသဘာဝကို သိရှိနေကြတဲ့ ဆရာတော်တွေများ ပါတယ်။ ပရိယတ္တိသာသနာသည် သာသနာတော်၏ ရေသောက်မြစ်၊ ပဋိပတ္တိသည် သာသနာတော်၏ အနှစ်၊ သီလ၊ သမာဓိ ပညာ၊ သိက္ခာ(၃)ပါးသည် သာသနာတော်ရဲ့ အနှစ်၊ အမြစ်ရေလောင်းပြီး အနှစ်သုံးစွဲရမယ်ဆိုထားကြတယ်။ အမြစ်ရေလောင်းပြီး အနှစ်သုံးဆောင် ရအောင် ယောဂီများဟာ အနှစ်ကို သုံးဆောင်ရအောင် အမြစ် ရေလောင်းပြီး အနှစ်သုံးဆောင်ရအောင် ယောဂီများဟာ အနှစ်ကို သုံးဆောင်ရအောင် အမြစ်ရေလောင်းလို့ အနှစ်သုံးစွဲတဲ့အခါ ပွင့်လာတဲ့ အပွင့်၊ သီးလာတဲ့အသီးတို့ကို သုံးစွဲရတာဟာ ပဋိဝေဓသာသနာတော် ကြီးဖြစ်ပါတယ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ပါပဲ။ ကန်ဘောင် ရေကန်

http://www.dhammadownload.com



ကြာမျိုးစုံနဲ့ ပွင့်နေတာနဲ့ သာသနာသုံးရပ်ကို စံပြုစကားပြောကြတယ်။ ကန်ဘောင်ပေါ် ရပ်ပြီး ရေနှင့်ကြာကို ချီးမွမ်းကြတာ များပါတယ်။ ကန်ဘောင်ကို ခိုင်အောင် ဘယ်လိုလုပ်ရမယ် ဆိုတာ သိသူ၊ အားပေးသူ နည်းပါးပါတယ်။

**အံ့ဖွယ်သာသနာ**

ဗုဒ္ဓဘုရားရဲ့ သာသနာတော်ကြီးဟာ အံ့ဖွယ်(၈)ပါးနဲ့ ပြည့်စုံတယ်။ အံ့ဖွယ်(၈)ဖြာ ဗုဒ္ဓဘုရားရဲ့ သာသနာတော်ကြီး တည်ရှိနေသောကြောင့်သာ ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံပြီးတော့ ကုသိုလ်စာရင်းဖွင့်နိုင်ခဲ့ကြတာပါ။ ကုသိုလ်သည် မိတ်ဆွေ၊ အကုသိုလ်သည် ရန်သူ၊ ကောင်းမွန်မြင့်မြတ် ဖြောင့်မှန်တဲ့ မိတ်ဆွေဖြစ်တဲ့ကုသိုလ်ဟာ အကောင်းဆုံး မိတ်ဆွေပါပဲ။ အကုသိုလ်လောက် ယုတ်မာဆိုးဝါးတဲ့ ရန်သူမရှိဘူးတဲ့။ အံ့ဖွယ်(၈)ဖြာ ပြည့်စုံတဲ့ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးဟာ ပင်လယ်သမုဒ္ဒရာကြီးနဲ့တူတယ်။ ပင်လယ်သမုဒ္ဒရာရဲ့ အံ့ဖွယ်ကို ကြည့်မယ်ဆိုရင်၊ အစဉ်နက်ဝှမ်း ကမ်းကိုမလွန်၊ ရွံ့ဖွယ်ဆယ်ပြစ် တစ်မည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ဆယ်မျိုးရတနာ၊ ရသာဆားတူ၊ ကြီးသူနေရာ အံ့(၈)ဖြာ။

(၁) အစဉ်နက်ဝှမ်း - တဖြည်းဖြည်းချင်း နက်ရှိုင်းတယ်၊

(၂) ကမ်းကိုမလွန် - ရေတွေဘယ်လောက်များ သူ့ကမ်းနဲ့သူ အံကိုက်၊

(၃) ရွံ့ဖွယ်ဆယ်ပြစ် - ပင်လယ်ထဲမျောလာတဲ့ ရွံ့စရာများကို လှိုင်းနဲ့ပုတ်ပြီး ကမ်းပေါ်တင်ပြစ်တယ်။

(၄) တစ်မည်ဖြစ်ခြင်း - မြစ်ပေါင်းများစွာက စီးဆင်းလာတဲ့ အရာတွေဟာ "သမုဒ္ဒရာရေ"ဆိုတဲ့ တစ်မည်ထဲဖြစ်ခြင်း၊

(၅) မယွင်းမတိုး - သမုဒ္ဒရာမှာ ရေတွေဘယ်လောင်များများ မဆန့်ဘူးဆိုတာ မရှိသလို သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ

http://www.dhammadownload.com



သုံးအပါး ကျင့်ကြံပွားများ အားထုတ်ကြတဲ့သူ ဘယ်လောက်များများ နိဗ္ဗာန်ဝင်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက်များများ နိဗ္ဗာန်မှာ မဆန့်ဘူးဆိုတာ မရှိဘူးတဲ့ အကယ်၍ တရား ကျင့်တဲ့ ပုဂ္ဂိုလ်က နည်းပါးနေလို့လဲ နိဗ္ဗာန်ဟာ ဟောက်ပက်ပက်ဖြစ် မနေဘူးတဲ့။

(၆) ဆယ်မျိုးရတနာ - ပင်လယ်သမုဒ္ဒရာကြီးထဲမှာ ပတ္တမြားသုံးတွေ၊ ရွှေငွေပုလဲကြောင်မျက်ရွဲသန္တာ၊ သိလာ သခ်ဆယ်ဝသော ရတနာတွေရှိတယ်။

(၇) ရသာဆားတူ - ပင်လယ်သမုဒ္ဒရာမှာ ဧရာမ ငါးကြီးတွေ ဧရာမလိပ်ကြီးတွေ အဲလိုသတ္တဝါကြီးတွေရဲ့ ပျော်မွေ့ရာ ဖြစ်တယ်။ ပင်လယ်သမုဒ္ဒရာရဲ့ အံ့ဖွယ်(၈)ဖြာရှိတဲ့ အကြောင်း ပဟာရာဒ အသူရိန်ကြီးက မြတ်စွာဘုရားအား လျှောက်ထားတယ်။

မြတ်စွာဘုရားက ငါဘုရားရဲ့ သာသနာလဲ အံ့ဖွယ်(၈)ဖြာနဲ့ ပြည့်စုံတယ်ဆိုပြီးတော့ အံ့ဖွယ်(၈)ဖြာသာသနာကို ဆက်ပြီးတော့ ဟောပါတယ်။ အဲဒီ ဟောတဲ့တရားတော်လေးကို အကျဉ်းချုပ်အားဖြင့် အကျဉ်းချုပ်ကလေး **"သီလကစ နိဗ္ဗာန်ကျအောင်၊ တစတစ နက်နဲစွာ့ သာသနာ့ အံ့ဖွယ်တော်"**၊ သီလကစ နိဗ္ဗာန်ကျအောင် တဖြည်းဖြည်းလေး သမထကျင့်စဉ် ဝိပဿနာကျင့်စဉ်၊ မဂ်၊ ဖိုလ် တဖြည်းဖြည်းလေး နက်ရှိုင်းသွားတာဟာ သာသနာတော်ရဲ့ ပထမဆုံးအံ့ဖွယ်ပဲ။

**ဧဝ မေဝ ပဟာရာဒ၊ အနုပုဗ္ဗသိက္ခာဒယော။**
**ဒိသွာ ဒိသွာသာသနမှိ အဘိရမန္တိ သာဝကာ။**

ပဟာရာဒ= ပဟာရာဒအသူရိန်၊ ဧဝမေဝ= ဤအတူသာလျှင်၊ ဧဝမေဝ= သမုဒ္ဒရာကမ်းခြေ ရေစပ်ကစပြီး တဖြည်းဖြည်း နက်ဝှမ်းသွားသကဲ့သို့ပင်လျှင်၊ သာသနမှိ= သုံးပါးမြွက်ဖော် သာသနာတော်၌၊ အနုပုဗ္ဗသိက္ခာဒယော= အစဉ်အတိုင်း ကျင့်သုံးရမဲ့ သိက္ခာသုံးပါး အကျင့်

http://www.dhammadownload.com



တရားတော်တို့ကို ဒိသွာ-ဒိသွာ= မြင်ကြကုန် မြင်ကြကုန်၍၊ **သာဝကာ**= ဘုရား**စကား** လိုက်နာကြားသည့် တပည့်သားခေါ် **ရဟန်းတော်တို့**သည်၊ **အဘိရမန္တိ**= အေးချမ်းရွှင်ပျော် မွေ့လျော်တော်မူကြလေကုန်သတည်း။

သာဓု - သာဓု - သာဓု

ဒါအဲ့ဖွယ်တစ်ပါးပဲတဲ့ လိုက်ဆိုကြ။

(၁) သီလကစ နိဗ္ဗာန်ကျအောင် တစတစ နက်နဲစွာ့ သာသနာ့ အံ့ဖွယ်တော်။ အဲဒါ နံပါတ်(၁) အံ့ဖွယ်တော်တဲ့။

နံပါတ် (၂)ကျတော့၊ ဝိနည်းစည်းကမ်းကို မကျော်လွှမ်းပဲနဲ့ ရဟန်းပီပီသသနဲ့ ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြတဲ့ **အရိယာ** ကလျာဏပုထုဇဉ် ဆရာတော် သံဃာတော်တွေရှိ**တယ်၊ အဲဒါလို့** မြတ်စွာဘုရား**ရဲ့** စကားတော်တွေ လိုက်နာကျင့်ကြံ နေထိုင်ကြတဲ့ ဝိနည်းစည်းကမ်းကို မကျူးကျော်ဘဲ လိုက်နာကျင့်ကြံကုန်သော အရိယာဆရာတော် သံဃာတော်တွေကို မြင်ပြီးတော့ ပျော်ပိုက်ကြတယ်၊ ဒါကြောင့်လိုက်ဆိုကြ။

**"ဝိနည်းစည်းကမ်း မကျော်လွှမ်းပဲ ရဟန်းပီသ ကျင့်ကုန်စွာ့ သာသနာ့အံ့ဖွယ်တော်"** မြတ်စွာဘုရား ပညတ်တော်မူတဲ့ **ဝိနည်း စည်းကမ်းကို** မြတ်စွာဘုရား ပညတ်တော်မူတဲ့ ဝိနည်းစည်းကမ်းကို မကျော်လွှမ်းပဲ ကျင့်ကြံကြတဲ့ အရိယာ **အရှင်မြတ်ရဟန္တာ အရှင်မြတ်** ကြီးတွေ ဘယ်တော့မှ မကျော်လွှန်ဘူး စိတ်စေတနာပါပါနဲ့ ဒီသိက္ခာပုဒ် တွေကို မဖေါက်ဖျက်ပါဘူး။

နံပါတ်(၃)ကတော့ ရဟန်းဒုဿီလ အလဇ္ဇီဖြစ်နေပြီဆိုရင် ရဟန်းကောင်းတွေနဲ့ တစ်သိမ်တည်းမှာနေသော်လဲ ပြင်ပရောက်နေသလို ပါပဲတဲ့။ ဒါကြောင့် **"ရဟန်းဒုဿီ အလဇ္ဇီတို့ မတည်နိုင်ကြ ကင်းစင်ပ သာသနာ့အံ့ဖွယ်တော်"** ဥပုသ်ပြုကြတဲ့နေရာများ၊ ဝိနည်းကံဆောင် ကြတဲ့နေရာများ၊ ဝိနည်းကံဆောင်ကြတဲ့ နေရာမျိုးတွေမှာ **အရိယာ**

80 (A)

http://www.dhammadownload.com



အရှင်မြတ်ကြီးတွေ ပုထုဇဉ် ရဟန်းတော် အရှင်မြတ်ကြီးတွေရဲ့ ကြားမှာ အလဇ္ဇီတွေပါဝင်ပြီး နေသော်လဲပဲ သူ့ကဏ္ဍနဲ့သူတဲ့။ ပင်လယ်သမုဒ္ဒရာကြီးက ပုပ်တဲ့သတ္တဝါတွေကို လှိုင်းက ပုတ်ထုတ်လိုက်သလိုပါပဲတဲ့၊ လိုက်ဆိုကြ။

**"ရဟန်းဒုဿီ အလဇ္ဇီတို့ မတည်နိုင်ကြ ကင်းစင်ပ သာသနာ့ အံ့ဖွယ်တော်"**။

နံပါတ်(၄)ကတော့ ထူးခြားတာက ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံပေါင်း (၁၉၀)ကျော် ဘယ်လူမျိုးကပဲ ရဟန်းပြုပြုတဲ့၊ အဲဒီသူဟာ "သကျပုတ္တ" သာကီဝင်မင်းသား ရဟန်းလို့နာမည်တစ်မျိုးထဲထွက်တာ၊ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ဂိုဏ်းကြီးကိုးဂိုဏ်းရှိတယ်။ ရွှေကျင်ဂိုဏ်း၊ သုဓမ္မာဂိုဏ်း စသည်ဖြင့် ရှိကြတယ်။ နားမလည်တဲ့ ပုဂ္ဂိုလ်များကတော့ ဟိုဂိုဏ်းက ကောင်းတယ်၊ ဒီဂိုဏ်းကကောင်းတယ် အမျိုးမျိုးပြောကြတယ်။ တကယ်တမ်းကျတော့ ဘယ်လောက်ဂိုဏ်းတွေများများ အတူတူပဲ နာမည်က တစ်မျိုးထဲ၊ လူမျိုးတစ်ရာ့တစ်ပါးက ရဟန်းပြုတဲ့ ပုဂ္ဂိုလ်များဟာ သကျပုတ္တ သာကီဝင်မင်းသား ဘုရားသားတော်တွေပါပဲ။ ဒါက ဘာလဲလို့ဆိုတော့ ချင်းတွင်းမြစ်ရေ၊ စစ်တောင်းမြစ်ရေ၊ သံလွင်မြစ်ရေ၊ ဧရာဝတီမြစ်ရေတွေ ပင်လယ်သမုဒ္ဒရာထဲရောက်တဲ့အခါ ကျတော့ ဘာမြစ်ရေ ညာမြစ်ရေလို့ အသီးသီးခွဲခြားပြီး နာမည်သီးခြား ယူလို့မရဘူး၊ "သမုဒ္ဒရာရေ"လို့ နာမည်တစ်မျိုးထဲဖြစ်သလို၊ သာသနာတော်မှာလဲ "သကျပုတ္တ" သာကီဝင်မင်းသား ဘုရားသားတော်ဆိုတဲ့ နာမည်တစ်မျိုး ထဲပဲ ရှိပါတယ်။ မကြာသေးခင်က ရဟန်းပြုကြတဲ့ အရှင်မြတ်တွေလဲ သကျပုတ္တ ရှေးရှေးဆရာတော်ကြီးတွေလဲ သကျပုတ္တ နာမည်တစ်မျိုးထဲ ထွက်တယ်။ လိုက်ဆိုကြ-

"ရဟန်းဘဝရောက်လာကြသည့် သကျပုတ္တ တစ်မည်ရ သာသနာ့အံ့ဖွယ်တော်" ရဟန်းဘဝရောက်လာရင် ဘယ်လူမျိုးက ရဟန်းပြုပြု သကျပုတ္တဆိုတဲ့ နာမည်တစ်မျိုးထဲပဲ။

http://www.dhammadownload.com



နံပါတ်(၅)တော့ နိဗ္ဗာန်၊ စောစောက ပြောခဲ့သလိုပဲ တရားတွေ ကျင့်ကြံ ကြိုးကုတ်အားထုတ်လို့ နိဗ္ဗာန်ဝင်စံကြတဲ့ ပုဂ္ဂိုလ်တွေများလွန်းလို့ လက်မခံနိုင်တော့ဘူး၊ ပြည့်နေပြီလို့ မရှိဘူး။ ဒါကြောင့် မြတ်စွာဘုရား လက်ထက်က (၂၄)သင်္ချေ ကုဋေ(၆၀) ဗိုလ်ခြေ(၁)သိန်းသော ပုဂ္ဂိုလ်တွေ, အရိယာပုဂ္ဂိုလ်တွေ နိဗ္ဗာန်ကို စံမြန်သွားကြသော်လဲပဲ နိဗ္ဗာန်မှာ ပြည့်နေပြီ လက်မခံနိုင်ဘူး။ တရားအားထုတ်တဲ့ ယောဂီတွေ ဒီနှစ်တော့ ရိပ်သာတိုင်း ရိပ်သာတိုင်း အားထုတ်ကြတာများတယ်လို့ ယောဂီဒကာ တစ်ယောက်က လျှောက်တယ်၊ ပြောတဲ့ အတိုင်းလဲ များလဲများပါတယ်။ မပူပါနဲ့တဲ့ အများကြီးတရားအားထုတ်လို့ နိဗ္ဗာန်**ဆန့်**မှ **ဆန့်**ပါမလားလို့ မပူပါနဲ့တဲ့ လိုက်ဆိုကြ၊

**"ရွှေပြည်နိဗ္ဗာန် အများစံလဲ၊ ပြည့်လျှံကင်းပ၊ ထူးခြားလှ သာသနာ့ အံ့ဖွယ်တော်"**၊ နိဗ္ဗာန်ကို အများစံကြလို့ ပြည့်လျှံနေလို့ မဆန်းဘူးလို့ မရှိပါဘူးတဲ့။

နံပါတ်(၆)က **"ရသာဆားတူ"** ဆိုတဲ့အတိုင်း ပင်လယ်သမုဒ္ဒရာ ကြီးရဲ့ အရသာဟာ ဆားငံရေတစ်မျိုးထဲရှိသလိုပဲ ကိလေ**သာ**တို့မှ လွတ်ကင်းစင်ကြယ်ခြင်းဆိုတဲ့ အရသာဟာလဲ သာသနာတော်ရဲ့ အရသာထူးကြီး တစ်ခုဖြစ်ပါတယ်၊ လိုက်ဆိုကြ-

**"မင်္ဂဖိုလ်ရရှိ ခံစားဘိသည့် ဝိမုတ္တိရသ တူညီမျှ သာသနာ့ အံ့ဖွယ်တော်"**

နံပါတ်(၇)ကတော့ ဗောဓိပက္ခိယ (၃၇)ပါး ပြည့်စုံပြီးနေခြင်း၊ ပင်လယ်သမုဒ္ဒရာကြီးဟာ ရတနာမျိုးစုံတည်ရှိရာ ဖြစ်သလိုပဲ။ ဗောဓိပက္ခိယ (၃၇)ရတနာ ချုံးလိုက်တော့ သီလ၊ သမာဓိ၊ ပညာ သိက္ခာ(၃)ပါး ရတနာ၊ အကျဉ်းချုပ်လိုက်တော့၊ သမထ ဝိပဿနာ ရတနာ၊ အဲဒီလို ရတနာတွေ ရှိပြီးတော့နေခြင်းဟာ သာသနာတော်ရဲ့ အံ့ဖွယ်ပဲ။ နိကာယ်(၅)ရပ် ပိဋကတ်သုံးပုံကို ခြုံလိုက်လို့ရှိရင် ဗောဓိပက္ခိယ (၃၇)ပါး၊ (၃၇)ပါးဆိုတော့၊ ယခုယောဂီတို့ အားထုတ်နေကြတဲ့

http://www.dhammadownload.com



သတိပဋ္ဌာန်လေးပါး အပါအဝင်ပါပဲ လိုက်ဆိုကြ။

**"ဗောဓိပက္ခိယ ဓမ္မရတနာ ပြည့်စုံစွာ သာသနာ့ အံ့ဖွယ်တော်"**၊

နံပါတ်(၈)ကတော့ မင်္ဂဖိုလ်ရပြီးသား ပုဂ္ဂိုလ်ကြီးတွေရဲ့ မှီခိုရာ ဖြစ်တယ်။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်အစရှိတဲ့ အရှင်မြတ်ကြီးတွေ အိန္ဒိယနိုင်ငံကစပြီးတော့ အစဉ်အဆက် ရဟန္တာ အရှင်မြတ်ကြီးတွေ အိန္ဒိယကစပြီး "သီ သံ သ ပု အင် ဥ မ မြေ သက်ရှည် မန္တ ကောင်းကောင်းင" ဆိုတော့ အိန္ဒိယက သီဟိုဠ်ရောက်တယ်။ သီဟိုဠ်မှာ ရဟန္တာအရှင်မြတ်ကြီးတွေ အများကြီးပဲ၊ ကဲ-လိုက်ဆိုကြ။

**"မင်္ဂဖိုလ်ရပြီး ပုဂ္ဂိုလ်ကြီးတို့ ခိုမှီးပျော်ရာ မွေ့လျော်ရာ၊ သာသနာ့အံ့ဖွယ်တော်"**။

**ဆုတောင်း**

အံ့ဖွယ်(၈)ဖြာ သာသနာကို အရိပ်အမြွက်အားဖြင့် ဟောကြားလို့ ပြီးသွားတဲ့အခါ ယနေ့ နှစ်ဆန်း(၁)ရက်နေ့၊ လွန်ခဲ့တဲ့ရက်တွေကစပြီး အားထုတ်ခဲ့ကြတယ်။ (၇)ရက်တရားစခန်းဆိုလဲ ပြောလို့ရတယ်။ (၉)ရက်တရားစခန်းဆိုလဲ ပြောလို့ရတယ်။ မနက်ဖြန်ဆိုရင် တရားစခန်း ပြီးစီးအောင်မြင်ပြီးတော့ အောင်ပွဲအထိမ်းအမှတ် ကျင်းပကြမှာ။ မိမိတို့ ပြုခဲ့သမျှ ကုသိုလ်တွေနဲ့ ပတ်သက်ပြီး ထိုက်တန် သလောက် ဆုတောင်းကြမှာကိုး။ ဆုတောင်းတဲ့အခါ အတုခိုးလောက်တဲ့ ရှေးဆရာတော်ကြီးများရဲ့ ဆုတောင်းတွေရှိတယ်၊ တချို့ဆုတောင်းတွေကတော့ ကြောက်စရာကောင်းလောက်အောင် ဆုတောင်းတယ်။ မိဘအတွက်၊ ဆရာ၊ ဘုန်းကြီးအတွက် ဆုတောင်းတာရှိတယ်။ အချို့ဆုတောင်းတွေကတော့ အတုယူစရာ ကောင်းပါတယ်။

အကိတ္တိရသေ့ကတော့ တောထဲ, တောင်ထဲနေပြီး ဆုတောင်းတယ်။

http://www.dhammadownload.com



**ဓီရံပသေ့သုဏေဓီရံ၊ ဓီရေနသဟသံဝသေ။**

ဓီရံ= ရှိးသားထက်မြက် အချက်ချက်၌ နှစ်သက်ဖွယ်ကောင်း ပညာရှိသူတော်ကောင်းကို၊ ပသေ့= ထိုဤဘုံဝလေ့ ကြုံသရွေ့၌ ကြုံတွေ့ မြင်တွေ့ပါရစေ၊ ဓီရံ ဓီရဿဝစနံ= ရှိးသားထက်မြက်အချက်ချက်၌ နှစ်သက်ဖွယ်တောင်း ပညာရှိသူတော်ကောင်း၏စကားကို၊ သုဏေ= နှစ်သက်ကြည်ဖြူ နာယူပါရစေ၊ ဓီရေန= ရှိးသားထက်မြက် အချက်ချက်၌ နှစ်သက်ဖွယ်ကောင်း သူတော်ကောင်းနှင့်၊ သဟသံဝသေ= ရေစက် ဟောင်းမြင်း အကြောင်းရင်းကြောင့် ပေါင်းသင်းဆက်ဆံ နေနိုင်ပါရစေ။

အကိတ္တိရသေ့ရဲ့ ဆုတောင်း။ သူက လူမိုက်လဲ မတွေ့ချင်ဘူး။ လူမိုက်စကားလဲ မကြားချင်ဘူး။ လူမိုက်နဲ့လဲ ရေစက်မဆုံချင်ဘူးတဲ့။ ပညာရှိကို မြင်ချင်တယ်၊ တွေ့ချင်တယ်၊ ပညာရှိစကားလဲ နားထောင် ချင်တယ်။ ပညာရှိနဲ့ ပေါင်းသင်းဆက်ပြီး နေချင်တယ်။ ဘုန်းကြီးတို့ တတွေ ဗုဒ္ဓဘုရား စသောပညာရှိ၊ အဂ္ဂသာဝက၊ ရဟန္တာအရှင် မြတ်ကြီးတွေဆိုတဲ့ ပညာရှိဆရာတော်ဘုရားကြီးတွေ အဆက်ဆက် ပညာရှိကြီးများကိုလဲ တွေ့ကြရပြီ။ ဘုရားအစရှိတဲ့ သူတော်ကောင်း တွေရဲ့ စကားတွေလဲ နာကြားကြရပြီ။ ဘုရားအစရှိတဲ့ သူတော်ကောင်း တွေနဲ့ ကံကောင်းကြိုက်ကြုံလို့ ဆုံခဲ့ကြပြီ၊ အကိတ္တိရသေ့ရဲ့ ဆုတောင်းမျိုး ဆုတောင်းပြည့်နေကြပြီ။

အဲဒီတော့ အင်္ဂုသာလိနီအဋ္ဌကထာ ဆိုတာ ရှိပါတယ်၊ စာမျက်နှာ(၃၀၀)လောက်ရှိတဲ့ စာအုပ်ကြီးရေးပြီး နိဂုံးမှာ ဆုတောင်း တယ်။ အဲဒီ အရိမေတ္တယျဘုရားလောင်းကြီးလို့ နာမည်ကြီးတဲ့ အရှင်မြတ် "အရှင်မဟာဗုဒ္ဓဃောသ"က "**ယံပတ္တံကုသလံ တဿ အာနုဘာဝေန ပါဏိနော**" စတဲ့ ဂါထာနဲ့ဆုတောင်းတယ်။အဲဒီ ဆုတောင်းကို ဘုန်းကြီးတို့က လင်္ကာနဲ့ "ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ဗုဒ္ဓဟောကြား မြတ်တရား အများသိပါစေ။ အဋ္ဌသာလိနီအဋ္ဌကထာကြီးကို

http://www.dhammadownload.com



ပြုစုရတဲ့ကောင်းမှုကြောင့် ဗုဒ္ဓဟောကြား မြတ်တရား အများ သိပါစေ”တဲ့ ဆုတောင်းကို လိုက်ဆိုကြအုံး- “ဤသို့ပြုရ မြတ်ပုညကြောင့် ဗုဒ္ဓဟောကြား မြတ်တရား အများသိပါစေ၊ ဟော-မိမိတို့ ဒါနကုသိုလ်တွေ၊ သီလကုသိုလ်တွေ၊ ဘာဝနာကုသိုလ်တွေ ပြုကြတဲ့အခါ ဒီဆုတောင်း အင်မတန်ကောင်းတယ်။ ဤပုညကြောင့် မြတ်စွာဗုဒ္ဓ ဟောကြားတဲ့ တရားလူအများသိကြပါစေ။ **“သိပြီးသောအခါ တရားသာ ကောင်းစွာကျင့်ပါစေ”**၊ အဲဒီတရားသိတဲ့အတိုင်း ကောင်းစွာ ကျင့်နိုင်ပါစေ။

ကျင့်တဲ့အခါမှာ လွယ်လွယ်ကူကူလေးနဲ့ လျှင်လျှင်မြန်မြန် ထက်ထက်သန်သန်လေးနဲ့ ဉာဏ်စဉ်မှန်ပြီးတော့ နိဗ္ဗာန်ရောက်ပါစေလို့။ **“ကျင့်သောအခါ လွယ်ကူသာလျှင်၊ လျှင်စွာထက်သန် ဉာဏ်စဉ်မှန်၊ နိဗ္ဗာန်ရောက်ပါစေ”**။ တရားသိလို့ ကျင့်ကြပြီ၊ ကျင့်တဲ့အခါမှာ လျှင်လျှင်မြန်မြန် ထက်ထက်သန်သန်လေးနဲ့ ဉာဏ်စဉ်မှန်ပြီး သမ္မာသနဉာဏ်ကစပြီး ဉာဏ်စဉ်မှန်မှန်လေးနဲ့ နိဗ္ဗာန်ကိုရောက်ပါစေတဲ့။ ရှေ့ဆက်ပြီးတော့ အရှင်မြတ်က-**“ဗုဒ္ဓမြတ်စွာ သာသနာလဲ ရှည်ကြာ မြင့်ခေါင် နှစ်ငါးထောင်ဆုံးအောင်တည်ပါစေ”**။ “ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမကြီးဟာလဲ သာသနာနှစ်ငါးထောင် ပြည့်အောင်တည်ပါစေလို့ ဆုတောင်းထားတာ သာသနာနဲ့ပတ်သက်လို့ ဆက်ပြီးတော့ ဆုတောင်း တာက လိုက်ဆိုကြပါအုံး”။ **“တရားတော်အား ရှိသေငြား အများ ညွတ်ပါစေ”**၊ သတ္တဝါတွေ တရားတော်ကို ရိုသေလေးစားကြပါစေ၊ နောက်ဆက်ပြီးတော့ ရွာပြန်သောအခါ သည်းထန်စွာလျှင်၊ ပြည်ရွာခပင်း လယ်ယာတွင်း၊ မိုးမင်းရွာပါစေ၊ ရွာသင့်တဲ့အချိန်မှာ မိုးရွာပါစေလို့ ဆုတောင်းတာ။ ဆက်ပြီးတော့- **“တရားမစောင်း ရှေ့မင်းကောင်းတို့၊ ထုံးဟောင်းစံညီ တရားမှီလျှက်၊ ပြည်ရွာသေဋ္ဌနင်း ရှေးကမင်းတို့ ရင်တွင်ပေါက်ဖွား မိမိသားကို၊ သနားကြင်နာ၊ များသတ္တာ ကောင်းစွာစောင့်ပါစေ”**၊ တရားစောင့်တဲ့ ရှေးမင်းစိုးရာဇာများလိုပဲ။

မိခင်ဧရာဝတီ

http://www.dhammadownload.com



အစိုးရမင်းများ ရင်တွင်ပေါက်ဖွားတဲ့ မိမိသားကို သနားကြင်နာသကဲ့သို့ စောင့်ရှောက်နိုင်ပါစေလို့ "အရှင်မဟာဗုဒ္ဓဃောသ" အရှင်မြတ်ကြီးက ဆုတောင်းတာ။ သူ့အတွက် ဆုတောင်းတာ ကြားလိုက်ရဲ့လား။ (မကြားပါဘုရား) -သာသနာတော် ကြာရှည်တည်ပါစေ၊ သတ္တဝါတွေ တရားတော်ကို လေးစားပါစေ၊ သာသနာတော်ကြီး အနှစ်ငါးထောင် တည်ရှိပါစေ စသဖြင့် သူ့အတွက် ဘာမှမပါပဲနဲ့ ဆုတောင်းထားတဲ့နည်း။ အလားတူပဲ "ဆန်း" ကျမ်းကြီးကို ရေးတော်မူတဲ့ အရှင်သံဃရက္ခိတ မထေရ်က ဆုတောင်းထားတဲ့နည်း။ ဆန်းကျမ်းဆိုတာ အင်မတန် ခက်ပါတယ်။ သာသနာတော်မှာ ကျမ်းကြီး၊ ပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ် ဓာတုကထာ ဋီကက်ခါတဲ့။ ကျမ်းကြီးက ပဋ္ဌာန်းကျမ်း ခက်တယ်၊ ကျမ်းငယ်က ဆန်းကျမ်းခက်တယ်၊ ကျမ်းလတ်မှာ ဓာတုကထာခက်တယ် (ဋီကာကခက်တာ)။

ဘုန်းကြီးတို့ ရဟန်း(၄)ဝါက မန္တလေး ရွှေရေးဆောင် ကျောင်းတိုက်မှာ ရွှေရေးဆောင် သံကျောင်းဆရာတော် (အထူးစာချ) ဓာတုကထာ မူကဋီကာ အနုဋီကာတွဲပြီး ပို့ချပြီဆိုရင် အခြားစာဝါနဲ့ မတူဘူး အခြားစာဝါဆိုရင် ဆရာတော် စာဝါမှာ စာလိုက်သံဃာ (၆၀၀၊ ၇၀၀) လာလိုက်ကြတာ၊ ဓာတုကထာ ဋီကာကျမ်းပို့ချတဲ့ အခါကျတော့ စာလိုက်သံဃာ မရှိပြန်ဘူး၊ သေးသွယ်သော်လဲ အင်မတန်ခက်တဲ့ ဆန်းကျမ်းကိုရေးသားတော်မူတဲ့ အရှင်သံဃရက္ခိတ အရှင်မြတ်က -

**ပရတ္ထ သမ္ဘာဒနတော၊ ပုညေနာ ဓိဂ တေနာဟံ၊**
**ပရတ္ထ သမ္ပါဒနကော၊ ဘဝေယျံ ဇာတိ ဇာတိယံ။**

ဤဆန်းကျမ်းကို ရေးသားရခြင်းကြောင့် သူတစ်ပါးအကျိုး ဆောင် ရေးသားရခြင်းကြောင့် ရရှိတဲ့ ကုသိုလ်ကံကြောင့် ဘဝတိုင်း, ဘဝတိုင်း သူတပါးအကျိုးကို ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ဖြစ်ပါရစေ။

အဲဒီ အရှင်မြတ်ကလဲ သူတပါးအကျိုးကိုဆောင်ရွက်ပါစေတဲ့၊ နောက်ဘဝ အဆက်ဆက်မှာလဲ သူတပါးအကျိုးကို ဆောင်နိုင်ပါရစေ၊

http://www.dhammadownload.com



ဆရာမကြီး ဒေါ်ခင်ထားရွှေက လာလျှောက်တယ်။ သူနဲ့ပါလာတဲ့ ယောဂီတစ်ယောက်ကို ယောဂီစောင့်ရှောက်ရေးခန့်ဖို့ ကောင်းတယ်။ အခြားယောဂီတွေ မကျန်းမာတဲ့ ကိစ္စအစ စောင့်ရှောက်တဲ့ ဝါသနာ ပါတယ်တဲ့။ ပါမောက္ခ ဒေါ်ခင်မကြီးဆိုတာ သူ့သား နေမကောင်းတာ တောင် ပြစ်ထားတာ။ ကျောင်းက ကိုရင်လေးတွေကို တစ်လ(၄)ကြိမ် ကျောင်းတိုက်မှာလာပြီး ဆေးကုသပေးတာ။ အခုလဲ ယောဂီတွေသိတဲ့ အတိုင်း တပ်မတော်ဆေးတက္ကသိုလ်က သမားတော်ကြီးတွေ၊ ဆရာဝန်တွေ၊ ဆေးဗိုလ်လောင်းတွေကို ဦးဆောင်ပြီး (၉း၀၀)နာရီ ညနေ(၄း၀၀)အထိ ဆေးကုသပြီး ယောဂီတွေကို စောင့်ရှောက်ပေး နေတာ။ ကျောင်းသားတွေ နှီးဆော်ရတာ လွယ်တာမဟုတ်ပါဘူး **"စစ်ဆေး"**က မလွယ်ဘူး။ ဆန်းကျမ်းကိုရေးတဲ့ အရှင်သံဃရက္ခိတ မထေရ်ကလဲ ဒီဘဝ ဆန်းကျမ်းရေးပြီး သူတပါး အကျိုးဆောင်ရွက်ရတဲ့ ကောင်းမှုကုသိုလ်ကြောင့် ဘဝတိုင်း, ဘဝတိုင်း သူတပါးအကျိုးဆောင် နိုင်သူသာ ဖြစ်ပါရစေတဲ့။ ဒါကြောင့် သူတပါးအကျိုးဆောင်ရွက်တဲ့ အသင်းအဖွဲ့တွေဖွဲ့ပြီး ဆောင်ရွက်ကြတယ်။ ကိုယ်တနိုင်တပိုင်နဲ့ ဆောင်ရွက်တာနေကြတာလဲ ဝမ်းသာစရာပါပဲ။ အချို့ပုဂ္ဂိုလ်များကလဲ ဆေးရုံတွေမှာ လူမမာတွေ သွေးမရနိုင်လို့ သွေးရရှိရေးကြောင့်ကြ စိုက်နေတဲ့ အမျိုးသမီးတွေလဲ တွေ့ရတယ်။ ရဟန်းတော်တွေ, ကိုရင်တွေ, သာသနာ့နွယ်ဝင်တွေကို သွေးလာအလှူခံလို့ အပါး (၄၀)၊ (၅၀) လှူကြတာတွေလဲ ရှိပါတယ်။ အဝေးဆရာတော်တွေတော့ ပြောပြီး။ လယ်တီဝိပဿနာဆိုတော့ အနီးဆုံးဖြစ်တဲ့ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ ဆုတောင်း။

လွန်ခဲ့တဲ့ အနှစ်(၁၀၀)က ရေးသားထားတဲ့ ဉာဏ်စဉ်(၁၀)ပါး အပါအဝင်ပေါ့။ **"ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်"**။ ဒီလင်္ကာလေးတွေကို ရေးသားတော်မူတဲ့ ဆရာတော် ဘုရားက ဘယ်လိုဆုတောင်းသလဲဆိုတော့ **"ကျမ်းပြုပါရ**

http://www.dhammadownload.com



**ဤပုညကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းစေခလို ဆုပန်ဆို ဗိုလ်လူ သတ္တဝါ၊ သတ္တဝါအားလုံး ဒုက္ခခပ်သိမ်း ငြိမ်းကြပါစေ**"၊ နောက်ဆက်ပြီး ဆုတောင်းတယ်။ **"အနာမျိုးကင်း မိုးမင်းသည်းထန် နိုင်ငံခပ်သိမ်း တရားထိန်းငြိမ်းစေ အဖြာဖြာ**"၊ ကမ္ဘာသူ ကမ္ဘာသားတွေ အနာမျိုးကင်း ရောဂန္တရကပ်က လွတ်မြောက်ပါစေ၊ မိုးမင်းကလဲ ရွာပါစေ၊ အစာငတ်၊ ရေငတ် မဖြစ်ရအောင် ဒုဗ္ဘိက္ခန္တရကပ်မှ လွတ်ပါစေ၊ နိုင်ငံခပ်သိမ်း တရားထိန်း ငြိမ်းစေအဖြာဖြာ နိုင်ငံတိုင်းမှာရှိကြတဲ့ ပုဂ္ဂိုလ်တွေ ငါးပါးသီလ စောင့်ထိန်း ဒုစရိုက်တရားတွေ ရှောင်၊ တရားတွေ အားထုတ်ပြီးတော့ ငြိမ်းချမ်းရေး ရကြပါစေ၊ **"ရှစ်သောင်းလေးထောင် တရားရောင်လဲ မိုက်မှောက်ပယ်တွန်း ထိန်ထိန်ရွှန်း ထွန်းစေ သာသနာ**"။

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)တရားရောင်တွေဟာ မောဟ အမိုက်မှောင်တွေကို ဖြိုခွင်းပြီး သာသနာတော်ကြီး ထိန်ထိန်ရွှန်း၍ ထွန်းလင်းတောက်ပပါစေလို့ ဆရာတော်ဘုရားက ဆုတောင်းထားတာ တွေ့ရတယ်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ဆုတောင်းမှာလဲ ငါဘာရပါစေလို့ ပါသလား။ (မပါပါဘူး ဘုရား)

ကဲလိုက်ပြီးဆိုကြအုံးစို့ -

- ကျမ်းပြုပါရ၊ ဤပုညကြောင့်၊ ဒုက္ခခပ်သိမ်း ငြိမ်းစေခလို၊ ဆုပန်ဆို၊ ဗိုလ်လူသတ္တဝါ၊
- အနာမျိုးကင်း၊ မိုးမင်းသည်ထန်း၊ နိုင်ငံခပ်သိမ်း၊ တရားထိန်း၊ ငြိမ်းစေအဖြာဖြာ၊
- ရှစ်သောင်းလေထောင် တရားရောင်လဲ၊ မိုက်မှောက် ပယ်တွန်း ထိန်းထိန်းရွှန်း၊ ထွန်းစေသာသနာ၊

ဆရာတော်ဘုရားကြီးရဲ့ ဆုတောင်းမှာလဲ သူ့အတွက် မပါပါဘူး။ ကမ္ဘာသူ ကမ္ဘာသားတွေ ဒုဗ္ဘိက္ခန္တရကပ် အစရှိတဲ့ ဘေးဆိုး ကပ်ဆိုးများမှ လွတ်မြောက်ပါစေ။ လက်နက်၊ ဓား၊ လှံ စူးရှသေကျေ

http://www.dhammadownload.com



ပျက်စီးခြင်းမှ ကင်းဝေးကြပါစေ။

မဟာသုတသောမမင်း ဆုတောင်းကျတော့ ပေါရိသာဒက သူ့ကို စားတော့မယ့်ဆဲဆဲ ဘာဆုတောင်းသလဲဆိုတော့ မဟာသုတသောမမင်းက **"ပဿေယျံတံ ဝဿသတံ အရောဂံ"**၊ "ပေါရိသာဒ၊ သင် အသက်တစ်ရာ ကျန်းကျန်းမာမာနဲ့ရှိတာ ငါမြင်ချင် တယ်။ ပေါရိသာဒ သင်အသက်တစ်ရာ ကျန်းကျန်းမာမာနဲ့ ရှိတာ ငါမြင်ချင်တယ်"။ ပေါရိသာဒ အတော်သဘောကျသွားတယ်။ "သတ်မယ်လို့ဟာ ငါ့ကို အသက်ရှည်အောင် ဆုတောင်းပေးနေတယ် လွှတ်မှပဲ"ဆိုပြီး လွှတ်လိုက်တယ်။ ဆုတောင်းကောင်းလို့။ မန္တလေး မင်းတုန်းမင်းကြီးတို့, သီပေါမင်းတို့ခေတ်မှာ ကြားဘူးကြတဲ့ ဆီးဘန်းနီ ဆရာတော်ဘုရားကြီး ဆုတောင်းကတော့ ရက်စက်တယ်ဗျ၊ ဘယ်လိုလဲဆိုတော့- "ဝိနည်းမကြိုက် လောကလိုက် ဘုန်းကြီးမိုက်နဲ့ လွဲပါစေ၊ တရားမကြိုက် အများလိုက် မိဘမိုက်နဲ့ လွဲပါစေ"တဲ့။ တရားမကြိုက်ပဲ အများထုံးစံအတိုင်းနေတဲ့ မိဘများနဲ့ လွဲပါစေ။ ဘုန်းကြီးတို့ မုံရွာနေတုံးက ဦးရှင်မှာ သားလေးတွေချည်းပဲ၊ ချောချောလေးတွေ၊ ပညာကလဲ သိပ်ကြိုးစားကြတာ၊ ဆေးကျောင်းတွေတက်၊ ဦးရှင်ကတော့ သောက်စားနေတာပဲ သားတွေ စာဖတ်နေရင် "ဟဲ့ မောင်ညို ဘာစာဖတ်တာလဲ အလကား အလုပ်တွေ" အဲဒီလို။ သားတွေ စာခိုးဖတ်ပြီး အင်ဂျင်နီယာဘွဲ့၊ ဆရာဝန်ဘွဲ့ယူရတာ တွေ့ခဲ့ဘူးတယ်။ သူက ထန်းရေ ပေါ်ချိန်ဆိုရင် ထန်းတောထဲမှာ နောက်က တပည့်(၃)ယောက်နဲ့ လှည်းတစ်စီးငှားပြီး ထွက်တော့တာပဲ။ တစ်လနှစ်လ ထန်းတောထဲ အိပ်တာ၊ နေတာ သူ့အဖေတုံးကလဲ အဲဒီအတိုင်းပဲတဲ့။ ဒါပေမဲ့ လူရှုံးပေမဲ့ ဘုန်းမရှုံးဘူး ဆိုသလိုပဲ။ မုံရွာတောင်ဘက်က ဘုန်းကြီးတို့ကျောင်း ဒကာကြီးက ဦးဖေ+ဒေါ်ခင်တဲ့။ သူက မြေဧက(၅၀၀၀)ပိုင်တယ်။မုံရွာမြို့ထဲမှာ အိမ်၊ တိုက် (၁၅)လုံးလောက်ရှိပါတယ်။ သူတို့က အရက်သောက်နေတဲ့ ဦးရှင်ကို မ,စလိုက်ထာ အကုန်လုံးပဲ။ သူက လူကသာ မိုက်ရူးတာ

http://www.dhammadownload.com



ဘုန်းကမရှုးပဲ ဖြစ်နေတာ။ သူဟာသူဆိုရင် ငွေ(၉၀)၊ (၁၀၀) ရှာမစားဘူးဘူး ပြောရမှာပါပဲ။

လယ်ဇင်ဆိုတဲ့ ရွာရှိတယ်၊ ဆရာကြီး ဦးလှသိန်းတို့ လယ်တီဦးဝိလာသတို့ ရွာပါ။ အဲဒီမှာ တောသူဌေးဆိုရင် သူ့ဆွေမျိုးတွေချည်းပဲ။ ဆွေမျိုးတွေကလဲ သားသမီးမရှိတဲ့ သူကများတော့ ပေးစရာရှိရင် "မောင်ရှင်"။ မောင်ရှင်ကလဲ သောက်စားပစ်တာပဲ။ ဒါကြောင့်မို့ အဲဒီမိဘမျိုးနဲ့တွေ့ရင် ခက်တယ်။ သူက သောက်စားလာတော့ လက်တွေကတုန်တာကိုး။ အဲဒီတော့ ဘုန်းကြီးတို့က ပြောတယ် "သောက်လို့တုန်တာလား" လို့ဆိုတော့ အဲဒီမှာ ဒေါ်ခေမာကလဲ လက်တုန်တယ်။ သူက ဒေါ်ခေမာ ဘာကြောင့် လက်တုန်တာလဲ။ ကိုယ်တော်တဲ့- ဘုရားမကြိုက် မိဘမိုက်၊ ဆရာမိုက်နဲ့ လွဲပါစေ၊ အဲဒီတော့ ကြိုက်တာဆုတောင်းရုံပဲ။ ဒီနေ့ နှစ်ဆန်း(၁)ရက်ဆိုတော့၊ ကုသိုလ် စာရင်းဖွင့်တာတာ အားထုတ်လို့ရရှိထားတဲ့ ကုသိုလ်တွေနဲ့ အကိတ္တိရသေ့ဆုတောင်းမျိုးနဲ့ ဆုတောင်းမလား၊ အရှင် မဟာဗုဒ္ဓဃောသဆုတောင်းမျိုး ဆုတောင်းသဘောကျသလား၊ ကျေးဇူးတော်ရှင်လယ်တီဆရာတော်ကြီးရဲ့ ဆုတောင်းသဘောကျသလား၊ ဆီးဘန်းနီဆရာတော်ကြီးရဲ့ ဆုတောင်းသဘောကျသလား။

## ဥပဇ္ဈာယ်ဆရာတော်ကြီး၏ဆုတောင်း

သြော်- ဘုန်းကြီးရဲ့ ဥပဇ္ဈယ်ဆရာတော်ကြီး (ဟိုပုံတော်)က ဗုဒ္ဓဘာသာ လက်စွဲပန္နက် သဲကျမ်းရဲ့ နိဂုံးမှာတော့ ဆရာတော်ဘုရားရဲ့ ဆုတောင်းက "ဤသည့်ပုည၊ စွမ်းတေဇကြောင့် သတ္တဝါခပင်းအနားကင်းလျှက်၊ မိုးမင်းမှန်စွာ၊ ဝပြောသာ၍ ပြည်ရွာအတွင်း၊ ရန်မျိုးကင်းသား၊ ရောင်းခင်းလဲသာ ဝယ်ရာလဲချော၊ တောဆည်စီးပွား၊ မြို့ကားစည်ပင်၊ ပြည်လုံးရွှင်သည် အစဉ်ငြိမ်းချမ်းကြပါစေသော်။" သတ္တဝါတွေ ရောဂါဆိုး အနာဆိုးမှ ကင်းကြပါစေ၊ အစာရေစာ

http://www.dhammadownload.com



ပေါ်များကြပါစေ၊ တိုင်းပြည်အတွင်း အစဉ်သာယာ ငြိမ်းချမ်းကြပါစေ။ ကဲ- ဒီဆုတောင်းလေး လိုက်ဆိုကြ ဆုတောင်းကြရအောင်။ **“ဤသည် ပုည စွမ်းတေဇကြောင့် သတ္တဝါခပင်း၊ အနာကင်းလျှက် မိုးမင်း မှန်စွာ ဝပြောသာ၍ ပြည်ရွာအတွင်း ရန်မျိုးကင်းသား ရောင်းခင်း လဲသာ ဝယ်ရာလဲချော တောဆည်စီးပွား မြို့ကားစည်ပင်၊ ပြည်လုံးရှင်သည် အစဉ်ငြိမ်းချမ်းကြပါစေသော်”**။ ဆရာတော် ဘုရားကလဲ သူ့အတွက်မပါ။ တိုင်းသူပြည်သားများအတွက် ဆုတောင်း တော်မူခဲ့တာ။

ပြီးတော့ **“ဗုဒ္ဓမြတ်စွာ သာသနာဝယ် ဆရာအစွဲ, ငါအစွဲနှင့် ဂိုဏ်းခွဲများဖျင် ရင်တွင်စည်းနှောင် ယပ်ငယ်ဆောင်သား သွင်ယောင်ကွသိ ပုံတယိမျှ ဆောင်းဘိဒေါက်ချာ အရာရာတည့် မုတ္တာဇာလ ပမာဏလျှင် သိက္ခာတစ်ပိုင်း ကြိုးခပ်ဆိုင်းကို လွယ်သိုင်းပြီးလျှင် ဆွမ်းခံဝင်နှင့် သွင်အရပ်ရပ် ဂိုဏ်းအမှတ်ဖြင့် မစပ်မတွဲ၊ ရှေးကကွဲလဲ လက်တွဲညီညာ ပြည်မြန်မာ၌ တစ်သံဃာချည်း တစ်ရုံးစည်းသည် ဝိနည်းအတူ ဖြစ်စေသော်”**လို့။ ဆရာတော်ဘုရားက ဗုဒ္ဓဘုရားရဲ့ သာသနာတော်မှာလဲ ဆရာစွဲနဲ့ ဂိုဏ်းတွေကွဲလို့ တချို့ဘုန်းကြီးတွေက ရှေးအခါတုံးက ဒေါက်ချာကြီးတွေ ဆောင်းကြသေးတယ်။ အခုခေတ်ကြမှ ဘုန်းကြီး ဒေါက်ချာ မဆောင်းတာ။ ဆွမ်းခံသွားတဲ့အခါလဲ တချို့က သပိတ်လွယ်လေးနဲ့ တချို့က မလွယ်ဘူး၊ တချို့က ယပ်တောင်ကိုင်တယ်၊ တချို့က မကိုင်ဘူး၊ တချို့က လူတကိုယ်လုံးကွယ်တဲ့ ယပ်တောင်ကြီးတွေ ကိုင်တယ်၊ တချို့က မကိုင်ဘူး။ အခုကျတော့ ဆရာတော်တွေက သင်္ဂါယနာတင်တဲ့အခါ ယိုးဒယားတို့၊ သီဟိုဠ်တို့က ယပ်ခပ်သေးသေးလေးတွေ ကိုင်ကြတာ၊ အဲဒါကို အကြောင်းပြုပြီး ယပ်တောင်ကြီးတွေ ကွယ်သွားပြီး ယပ်တောင် ကလေးတွေ ဖြစ်လာတယ်။ အခု နောက်လူတွေဆို မြင်တောင်မြင်ဘူးမှာ မဟုတ်ဘူး၊ ရှေးကဘုန်းကြီးတွေ တန်းစီကြွရင် ယပ်တောင်ကြီးတွေ မြင်ရတာပဲ။

မိခင်ဇရာဝတီ

http://www.dhammadownload.com



ဘုန်းကြီးမျက်နှာလဲ မမြင်ရဘူး၊ တရားဟောနေလဲ ဘယ်ဘုန်းကြီးမှန်းမသိဘူး၊ အနှစ်(၅၀)အတွင်းမှာ ဒီယပ်တောင်ကြီး ပျောက်ကွယ်သွားတာ၊ ဗုဒ္ဓယဉ်ကျေးမှုတစ်ခုပဲ။ ဘုန်းကြီးတို့ ရွာကျောင်းမှာနေတော့ အခုအင်ကြင်းပင်ကဖြစ်တဲ့ ကျောက်ကြီးတွေကို သွပ်နန်းကြိုးနဲ့ ချီထားပြီး ကျောက်စည်ထိုးတဲ့ ဒုတ်နဲ့ထိုးရတာ၊ ခေါက်တဲ့အခါ (၂)မိုင်လောက်က ကြားရတယ်။ ကျောက်စည်သံကြီးတွေ ကျောက်စည်လေးလုံးလောက်ကို တစ်လုံးချင်း စဉ်ပြီးတော့ ခေါက်သွားတာ။ ဒီအသံကြားလိုက်ထာနဲ့ ကျောင်းက ကျောက်စည်ထိုးပြီး လယ်ယာထွန်တဲ့ လူတွေကလဲ ဒီအသံလေးကို အမှီပြုပြီးတော့ သွားကြလာကြရတာ၊ တချို့ကျတော့ ကျောင်းဆွမ်းပို့ဖို့ ဆွမ်းချက်ကြတယ်။ အခုတော့ အသံတင်ပျောက်တာ မဟုတ်ဘူး။ ကျောက်တုံးကြီးတွေပါ မြေကြီးထဲ မြုပ်သွားတယ်။ ဩော်- ဘယ်လိုလဲ နှစ်(၅၀)အတွင်းက ရှိနေခဲ့ဘူးတဲ့ ဒီကျောက်ကြီးတွေ ကြည့်ချင်တာ။ တစ်လုံးတော့ရတယ်တဲ့ အသံမမြည်တဲ့အလုံး ဖြစ်နေတယ်လို့တော့ ပြောတယ်။ အဲဒီတော့ ဗုဒ္ဓဘုရားရဲ့ သာသနာတော်မှာ သံဃာကလဲ သံဃာ၊ ဟိုသံဃာ ဒီသံဃာမရှိဘူး။ "သကျပုတ္တ" နာမည်တစ်မည်ထဲ သံဃာများဟာလဲ ညီညွတ်ပါစေ၊ ဆရာတော်ဘုရားက ဒါလဲ သိပ်အရေးကြီးတာ၊ သံဃာမညီညွတ်ရင် ဒကာ မညီညွတ်ဘူး။ ဒကာ မညီညွတ်တော့ ကိုယ်စောင့်နတ်တွေ ကွဲတယ်။ ကိုယ်စောင့်နတ်ကွဲတော့ စတုမဟာရာဇ်နတ်တွေလဲ ကွဲတယ်။ ဗြဟ္မာဘုံအထိ ကွဲတယ်။ ဟိုတချိန်က သံဃာကွဲခဲ့ဘူးတယ်။ သံဃာမှာ သင်္ကန်း ပခုံးတင်တဲ့ တင်ဂိုဏ်းနဲ့ ရုံဂိုဏ်းဆိုပြီး မင်းဆယ်ဆက် အနည်းဆုံးကြာခဲ့တယ်။ တစ်ခါဆုံးဖြတ်လိုက် တစ်ခါဆုံးဖြတ်လိုက် နှစ်ပေါင်း (၁၀၀)ကျော် သံဃာကွဲခဲ့ဘူးတာ။ ဒါကြောင့် ဆရာတော်က "တစ်သံဃာတည်း တစ်ရုံးစည်းသည် ဝိနည်းအတူ ဖြစ်စေသော်"လို့ ဆုတောင်းတာ။ နောက်ဆက်ပြီး ဆုတောင်းတာက- "အချင်းချင်း

http://www.dhammadownload.com



ဆွေမျိုးရင်းသို့ လေးသင်းပြဟွစိုရ် ရွှန်းရွှန်းစိုလျှက် သူတော်တရား လက်ကိုင်ထားသည့် (၈)ပါးမဂ္ဂင်မြဲစေသော်"။ ဆွေရင်းမျိုးချာလိုပဲ သူတော်ကောင်းတရား လက်ကိုင်ထားပြီး မဂ္ဂင်(၈)ပါး မြဲပါစေ။ လိုက်ဆိုကြ-

"အချင်းချင်း ဆွေမျိုးရင်းသို့ လေးသင်းပြဟွစိုရ် ရွှန်းရွှန်းစိုလျှက် သူတော်တရား၊ လက်ကိုင်ထားသည့် (၈)ပါးမဂ္ဂင် မြဲစေသော်။ ဆရာတော်ကလဲ သူ့အတွက်မပါဘူး။ သာသနာအတွက်, နိုင်ငံသူ နိုင်ငံသားတွေအတွက်, သတ္တဝါတွေအတွက် ဆုတောင်းတာသာ ဖြစ်တယ်။ ဆုတောင်းက အမျိုးမျိုးရှိပါတယ်။ ဒီဆုတောင်းနဲ့ပဲ နိဂုံးချုပ်ပြီး ရေစက် မိုးစက်ချ အမျှအတန်းဝေကြရအောင်။ "ကျမ်းပြုပါရ၊ ဤပုည ကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းစေခလို ဆုပန်ဆို ဗိုလ်သူသတ္တဝါ၊ အနာ မျိုးကင်း မိုးမင်းသည်းထန် နိုင်ငံခပ်သိမ်း တရားထိန်း ငြိမ်းစေအဖြာဖြာ။ ရှစ်သောင်းလေးထောင် တရားရောင်လဲ မိုက်မှောင်ပယ်တွန်း ထိန်ထိန် ရွှန်း ထွန်းစေသာသနာ။

သာဓု - သာဓု - သာဓု

ကဲ- အားလုံးလိုက်ဆိုကြ။ အရှင်ဘုရား တပည့်တော်များသည် လယ်တီဝိပဿနာ(၇)ရက် တရားစခန်းသို့ အိုးပစ် အိမ်ပစ် ဆွေပစ် မျိုးပစ် လာရောက်ရပြီး နေက္ခမ္မပါရမီဖြည့်ကြပြီး ကြိုးပမ်းအားထုတ်ရာတွင် ဒါနကုသိုလ်အမျိုးမျိုး၊ သီလကုသိုလ်မျိုးမျိုး၊ အနန္တော အနန္တငါးပါးအား ရှိခိုးခြင်းအကြိမ်ကြိမ် မေတ္တာပို့ခြင်းအကြိမ်ကြိမ် ဆွမ်းစသည် ဆက်ကပ် ကြပါ၏။ သောက်ရေသန့်စသော ဆေးဝါးဓာတ်စာ အကူအညီပစ္စည်း တို့ကိုလဲလှူဒါန်းကြပါ၏။ ဆွမ်းချက် ကွမ်းချက်စသည်မလပ် အရပ်ရပ် သော ဝေယျာဝစ္စကုသိုလ်တို့ကိုလဲ ပြုလုပ်ကြပါ၏။ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့ကိုလဲ ကြိုးပမ်းအားထုတ်ကြပါ၏ အရှင်ဘုရား။

မိခင်ရောဝတီ

http://www.dhammadownload.com



တပည့်တော်များသည် ဤသို့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ အပစာယန ဝေယျာဝစ္စပတ္တိ ဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌုဇုကမ္မ ကုသိုလ်များကြောင့် သမထဘာဝနာ၊ ဝိပဿနာဘာဝနာ စိတ်ကောင်း စိတ်မြတ်တို့၏ အခြံအရံအသိုင်းအဝိုင်း အထောက်အပံ့ အကူအညီ ကုသိုလ်ထူးကြီး ဖြစ်ပါစေသား။ (သမထကမ္မဋ္ဌာန်း အားထုတ်ဖို့ရာတော့ ဆုမတောင်းကြဘူး။ အဲဒီကမှ တဆင့်တက်ရမှာ)။ ဒါကြောင့် သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းနိုင်ရန် အခြေခံကုသိုလ် ရရှိကြသဖြင့် လျှင်လျှင်မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေဖြိုးမောက် တန်ခိုးတောက်၍ အာသဝက္ခယ ဉာဏ်ထူးဉာဏ်မြတ်ကို ရရှိကြသဖြင့် နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးသို့ ရရှိပါရစေ။ တပည့်တော်တို့ ပြုသမျှကုသိုလ် အဖို့အစုကို အမိအဖ အဘိုးအဘွား ဆရာသမားများ ဘဝဆွေမျိုးများ မင်းစိုးရာဇာများ ဤနာဂလိုဏ်ဂူဘုရားကုန်းမြေရှိ ပုဂ္ဂိုလ်မြတ်များ နဂါးမင်းကြီးများ အစထား၍ (၃၁)ဘုံသားတို့အား အမျှပေးဝေပါ၏။

(၃၁)ဘုံရှိ အရိယာသမုတိ ရှိရှိသမျှ သူတော်စင်အပေါင်း သူမြတ်လောင်းတို့နှင့် မိဘဘိုးဘွား ဆရာတော် သံဃာတော် လူကြီး သူကြီး မင်းစိုးရာဇာ နတ်ဒေဝါတို့က ဆွေတော်မျိုးတော်တို့က ဆရာတော် သံဃာတော်တို့က ပို့သအပ်သသော ဩဒိဿမေတ္တာ အနောဒိဿ မေတ္တာတော်ကို ကြည်ဖြူစွာ သာဓုခေါ်ပါ၏။ သာဓုခေါ်၍ လက်ခံရယူပါ၏။

ပေးဝေသော အမျှဝေသော ကုသိုလ်အဖို့အစုကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါ၏။ သာဓုအကြိမ်ကြိမ် ခေါ်ဆို၍ အမျှရယူပါ၏။ တပည့်တော်တို့၏ ကုသိုလ်အဖို့အစုကို မကြားမသိမရှိကြပါစေနှင့် ကြားကြ သိကြပါစေ။ ကြားရ သိရ၍ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်

http://www.dhammadownload.com



ကြပါစေ။ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ကြသဖြင့် ကိုယ်စိတ်ကိုယ်၌ ချမ်းသာသုခ ရရှိအေးမြကြပါစေ။ (အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့)[၃]

သာဓု - သာဓု - သာဓု

မိခင်ဇရာဝတီ

http://www.dhammadownload.com



# လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
# လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
# ပဓာန နာယက
# နာဂလိုဏ်ဂူဘုရားကုန်းမြေ
# ကလေးဝတောရစာသင်တိုက်ဆရာတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
# ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
# အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
# ဟောကြားတော်မူသော တရားတော်များ

## ရှေ့ရေး

ယနေ့ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်းစာသင်တိုက် ကျောင်းတိုက်ကြီးတည်ရှိပြီးတော့ လာခဲ့တဲ့ နှစ်(၅၀)ပြည့်မြောက်တဲ့ အခါသမယ။ ဒီအခါသမယမှာ ကြွရောက်ချီးမြောက်တဲ့ အခါတော် သံဃာတော်အရှင်မြတ် ဘုရားများအား လျှောက်ထားဖွယ် အထူးမရှိပါဘုရား။ လာရောက်ကြတဲ့ န. တ. လ စည်ပင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ထောက်ပံ့ပို့ဆောင်ရေးညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် သန်းဌေးအစရှိတဲ့ ဒကာ ဒကာမများ ကျောင်းတိုက်သက်ဆိုင်ရာ ဒကာ ဒကာမများ၊ ဘုရားဒကာ ဒကာမများ၊ ရဟန်းဒကာ ဒကာမများ အားလုံးရောက်ရှိနေကြတယ်။ ဒကာ ဒကာမများကို အထူးပြောကြားလိုတာကတော့ ဘုန်းကြီးတို့ ဤကျောင်းတိုက် ဤနေရာမှာ ယခုလို သာသနာပြုနိုင်ခြင်းဟာ အဓိကအားဖြင့်တော့ မှီရာကောင်းခြင်း ပါပဲ။ မှီရာဆိုတဲ့ နေရာမှာ - ဗုဒ္ဓဘုရားသာသနာတည်းဟူသော မှီရာ၊ ဗုဒ္ဓဘာသာဖြစ်ကြတဲ့ အမိအဘ အဘိုးအဘွားဆရာသမားဆိုတဲ့ မှီရာတွေ ရရှိခဲ့ပါတယ်။ အထူးအားဖြင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်



52(A)

http://www.dhammadownload.com



ဘုရားကြီးတည်းဟူသော မှီရာ၊ အာမိသ+ဓမ္မ ဤနှစ်ဝတ္ထုဖြင့် ချီးမြှောက်တော်မူကြကုန်သော ကျေးဇူးတော်ရှင် ဆရာတော်အသီးသီးတို့ မှီရာကို ရရှိခဲ့ပါတယ်။ အဲဒီလို အာမိသ+ဓမ္မ ဤနှစ်မျိုးတို့ဖြင့် ချီးမြှောက်တော်မူကြကုန်သော ဆရာတော်၊ သံဃာတော် အရှင်မြတ်တို့များစွာ ရှိတဲ့အနက် ယခု သက်တော်ထင်ရှား၊ ဘုန်းကြီးအား စာပေပို့ချပြီးတော့ ပေးတော်မူကြတဲ့ စာချဆရာတော်ကြီးတွေ၊ ဟိုတုန်းက စာချဆရာတော်ကြီးတွေ ယခု ထိပ်ခေါင်တင် ကျောင်းတိုက်အသီးသီးမှာ မဟာနာယကဆရာတော်ကြီးများ ဖြစ်နေပါတယ်။ အဲဒီ ဆရာတော်ကြီးများက သက်တော်ထင်ရှား ဆရာတော်ကြီး (၈)ပါးရှိ နေတာဟာ ဘုန်းကြီးတို့ရဲ့ အင်မတန် အားကောင်းတဲ့ မှီရာကြီးတွေ ဖြစ်ပါတယ်။ အထူးအားဖြင့် ပြောမယ်ဆိုရင် ဒီကျောင်းတိုက်ကို ချီးမြှောက်ပေးသနားတော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီး တည်းဟူသော မှီရာ ဒီမှီရာကြီးဟာ အင်မတန်ကြီးမားပါတယ်။ ဒီနေရာကြီးဟာ အင်မတန် ကြီးမားပါတယ်။ ဒီနေရာကြီးကိုရသဖြင့် ဘုန်းကြီးဟာ အခုလို ရဟန်း၊ သာမဏေ တစ်ထောင်ကျော် လက်ခံထား၍ စာပေပို့ချခြင်း အစရှိတဲ့ သာသနာပြု လုပ်ငန်းတွေများ ဆောင်ရွက်နိုင်တာပါပဲ။ အဲဒီလို ပရိယတ္တိစာသင်တိုက် တည်ဆောက်ပြီးတဲ့အခါ တည်ထောင်ပြီးတဲ့အခါမှာ ဒီနယ်စပ်ဒေသနှင့် တိုင်းရင်းသား ကလေးသူငယ်များကို လက်ခံပြီးတော့ ပညာသင်ကြားပေးခြင်းဆိုတဲ့ လုပ်ငန်းကတော့ နိုင်ငံတော်သံဃမဟာနယက အဖွဲ့ကြီး တည်းဟူသော မှီရာဟာ ဒါအရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ နိုင်ငံတော်သံဃမဟာနယက အဖွဲ့ကြီးက ဟိုလွန်ခဲ့တဲ့ ဆယ်နှစ်တာ ကာလက ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဘုန်းတော်ကြီး ကျောင်းတွေမှာ ကလေးသူငယ် လူမမယ်များ ပညာသင်ကြားနိုင်ရန် သာသနာ့နွယ်ဝင် သီလရှင် ဆရာလေးများ ပညာသင်ကြားနိုင်ရန် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု စည်းမျဉ်းစည်းကမ်းကို သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနနှစ်ခု ပေါင်းစပ်ပြီးတော့

http://www.dhammadownload.com



ရေးဆွဲစေပြီးတော့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးက အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီလို အတည်ပြုပြဋ္ဌာန်းချက် အရ ဘုန်းကြီးတို့ နိုင်ငံတော် သံဃမဟာနယကအဖွဲ့သုံးဖွဲ့မှာ တစ်ပါးစီ တာဝန်ယူပြီးတော့ ဘုန်းတော် ကြီးသင် ဒီစီမံကိန်းကြီး အောင်မြင်အောင် ဆောင်ရွက်ကြရပါတယ်။

အဲဒီလို ဆောက်ရွက်တဲ့နေရာမှာ ဘုန်းကြီးတို့ နိုင်ငံတော် သံဃမဟာနယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မိတ္တီလာဆရာတော် ဘုရားကြီးက ဥက္ကဋ္ဌအဖြစ်နဲ့ ဆောင်ရွက်တော်မူပါတယ်။ ဒီဆရာတော် ဘုရားကြီးရဲ့ ဒီဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများ စီမံကိန်းအောင်မြင်ဖို့ရာနဲ့ ပတ်သက်လို့ ဒီမိတ္တီလာဆရာ တော်ဘုရားကြီးရဲ့ ဆောင်ရွက်ချက်ဟာ အင်မတန် အရေးပါလှပါတယ်။ ဆရာတော်ဘုရားကြီး ဦးဆောင်ပြီးတော့ ဘုန်းတော်ကြီးသင် ပညာသင် ကျောင်းများ အရှည်တည်တံ့ပြီးတော့ မူလတန်း၊ အလယ်တန်းပညာများ သင်ကြားနိုင်ဖို့ရာအတွက် ကြိုးစားပြီးတော့ ဆောင်ရွက်ခဲ့တာ။ အခု မူလတန်း၊ အလယ်တန်းပညာ သင်ကြားခွင့်ရခဲ့ပါပြီ။ ပြီးခဲ့တဲ့နှစ်က ဆိုရင်တော့ အထက်တန်းပညာပါ သင်ကြားခွင့်ရပြီးတော့ အခု ဖြေခွင့်ရဖို့ရာနဲ့ ပတ်သက်ပြီးတော့လဲ စီမံနေပါတယ်။ အဲဒီလို ဘုန်းတော် ကြီးသင် ပညာရေးစီမံကိန်းကြီးကို အမှီပြုရတဲ့အတွက် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများရဲ့ ဒီအမြော်အမြင်ကြီးမားတဲ့ စီမံကိန်းကြီးကို အမှီပြုရတဲ့အတွက် ဘုန်းကြီးတို့ ကျောင်းတိုက်မှာ ရဟန်း၊ သာမဏေ၊ သီလရှင် (၁၀၀၀)ကျော် လက်ခံပြီးတော့ သာသနာပြု လုပ်ငန်းများ ဆောင်ရွက် နိုင်ခြင်း ဖြစ်ပါတယ်။ အဲဒီလို သာသနာဘက်က အသီးသီးမှီရာကြီးတွေ ရှိတဲ့အပြင် နိုင်ငံတော်အစိုးရတည်းဟူသော မှီရာကြီးကလဲ အင်မတန်ကြီးမားပါတယ်၊ နိုင်ငံတော်အစိုးရဆိုတဲ့ အထောက်အပံ့က အင်မတန်ကြီးမားတဲ့အတွက် အားလုံး ဒကာ ဒကာမများတွေ့နေကြတဲ့ ဤသုံးထပ်ကျောင်းတော်ကြီးက နဝတအစိုးရ လက်ထက်မှာ ဤကျောင်းတိုက်ကြီးကို (၈)လနဲ့ (၅)ရက်နဲ့ ပြီးအောင်

http://www.dhammadownload.com



ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ဟိုဘက်က ဥတ္တမပုရိသဒီပနီ ကျောင်းတော်ကြီးကို (၁၄)လနဲ့ (၁၂)ရက်နဲ့အပြီး နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကြီး ဦးဆောင်တဲ့ အစိုးရမင်း များက ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ အဲဒီလို ကြီးကျယ်ခမ်းနားတဲ့ ကျောင်းတိုက်ကြီးများ အမှီရတဲ့အတွက်ကြောင့် ရဟန်းသာမဏေ (၁၀၀၀)ကျော် ချမ်းချမ်းသာသာ သီးတင်းသုံးနေနိုင်ပါတယ်။ ထိုင်းဘုရင် မင်းမြတ်၏ နန်းသက် (၅၀)ပြည့် ဒီကျောင်းတိုက်မှာ ကထိန်ခင်းပြီး (၂)ထပ်ကျောင်း လှူဒါန်းခဲ့ဘူးပါတယ်။

အဲဒီကနေပြီးတော့ နဝကအစိုးရ၊ အေးချမ်းဖွံ့ဖြိုးအစိုးရ လက်ထက်များတွင် အထူးအားဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးနဲ့စည်ပင်သာယာရေး ဝန်ကြီးဌာနကို ဥက္ကဋ္ဌကြီး ကိုယ်တိုင်ပဲ တာဝန်ပေးပြီးတော့ စောင့်ရှောက်ခဲ့တဲ့အတွက် အထောက် အကူ ကောင်းများလဲပဲ ရရှိခဲ့ပါတယ်။ အဲဒီလို အထောက်အပံ့ကောင်း နိုင်ငံတော်အစိုးရနှင့်တကွ ဒကာ ဒကာမတွေ သက်ဆိုင်ရာဝန်ကြီးဌာန၊ ကလေးဝဆရာတော်ဘုရားကြီးနဲ့ ဆက်နွယ်ပြီးတော့နေကြတဲ့ ပဲခူး၊ မုံရွာ၊ ရန်ကုန်အစရှိတဲ့ ဌာနအသီးသီးမှာရှိကြတဲ့ ဒကာ ဒကာမတွေ့ရဲ့ ဆွမ်းသက်န်းကျောင်းဆေးပစ္စည်းလေးပါး အလှူဆိုတဲ့ အထောက်အပံ့ ဒီအထောက်အပံ့ကောင်းကိုရ၊ ဘုရားဆိုတဲ့ အထောက်အပံ့ကိုရ ဘုရားသာသနာတော် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်သံဃာမဟာနယ ဆရာတော်ဘုရားကြီးများ၊ ဘုန်းတော် ကြီးသင် မဟာနယကဆရာတော် ဘုရားကြီးများ ဘုန်းတော်ကြီးသင် ပညာရေးကြီးကြပ်မှုဗဟိုအဖွဲ့ ဆရာတော် အစရှိတဲ့ မှီရာကောင်းများ ရရှိသဖြင့် ယခုလို အားလုံး ဒကာ ဒကာမများ သိရှိရတဲ့(၁၀)နှစ်တာ ခရီးမှာ အထူးသဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားကလေးလူငယ် အပေါင်း အားလုံးဆိုရင်(၅၀၀၀)ကျော် ခြောက်ထောင်ကို လက်ခံပြီးတော့ ပညာသင်ပေးနိုင်ပါတယ်။ ငါးထောင်ကျော်၊ ခြောက်ထောင်ဆိုတာ မနည်းပါဘူး။ အထူးသဖြင့် မလေးရှားနိုင်ငံ ဗုဒ္ဓဘာသာမိသားစုများ၊

http://www.dhammadownload.com



လယ်တီဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓဘာသာမိသားစုများ၊ လယ်တီဆရာတော် ဘုရားကြီးရဲ့ ဒီပနီ(၁၀)ကျမ်းတွဲ ရိုက်ပြီးလှူဒါန်းခဲ့ပါတယ်။ ကျောင်းတိုက်မှာ သီတင်းသုံးတော်မူကြတဲ့ သံဃာတော်များ အားလုံးအတွက် ဝါဆိုသင်္ကန်းပြီးတော့ ဒကာမကြီး ဒေါ်မျှင်မိသားစုတွေကလဲ သံဃာတော်အရှင်မြတ်များကို ဗလာမဲမပါပဲနဲ့ မဲပေါင်း (၁၀၀၀)ကျော် သံဃာတော်များကို တစ်ဦးတည်း ကုသိုလ်မဲဖေါက်ပြီးတော့ လှူဒါန်းဦးမှာ ဖြစ်ပါတယ်။

ပြီးတော့ အခုအခမ်းအနားမှာ အလှူအတန်းမပြုပဲနဲ့ ဝတ္ထုများ လှူဒါန်းထားတာတွေကတော့ ဗိုလ်မှူးချုပ် စိန်လေး၊ ဒေါ်သန်းသန်းလေး မိသားစုတို့က ရေအတွက် (၁၀)သန်းကျော်၊ ဦးမြတ်ကျော်၊ မစန္ဒာတိုး၊ ကိုခင်တိုး၊ မစန္ဒာဝင်းတို့ အစရှိတဲ့ ဒကာ ဒကာမတွေ၊ ဗိုလ်မှူးချုပ် သန်းဌေး၊ ဒေါ်နွဲ့နွဲ့ဝင်းတို့ကလဲပဲ ကျပ်ငွေ(၁)သိန်း အစရှိသဖြင့် ဆက်ကပ်လှူဒါန်းပါတယ်။ ထိုင်းနိုင်ငံက ရေဘတ်သိန်းဌေး၊ ဒေါ်မေလင်း၊ ကန်တော်ကြီး ဟိုတယ် မိသားစုများကလဲပဲ ဆရာတော်ကြီးများအား ကန်တော့ဖို့ရာ လှူဖွယ်ဝတ္ထုများ လှူဒါန်းခြင်း အစရှိသည်ဖြင့် ထောက်ပံ့မှုဟာလဲပဲ ရရှိပါတယ်။

ပဲခူးမြို့က ဒကာ ဒကာမများကိုလည်းပဲ သံဃာတော် အရှင်မြတ်များကို မုန့်ပဲသွားရေစာ အစရှိသည် ဆက်ကပ်လှူဒါန်းလို့ အခြား ဒကာ ဒကာမတွေကလဲ မိမိတို့စွမ်းသလောက် လှူဒါန်းထားတာတွေ အများကြီးရှိပါတယ်။ အဲဒါတွေ အထောက်အပံ့ များစွာရရှိခြင်း၊ အမှီကောင်းများရရှိခြင်းကြောင့် ယခုလို သာသနာပြု လုပ်ငန်းများ အောင်မြင် အောင်ဆောင်ရွက်နိုင်ပါတယ်။ ဒါကြောင့် အားလုံးဟာ ကျေးဇူးရှိကြတဲ့ မှီရာဘက်ကပုဂ္ဂိုလ်တွေက ကြည့်မယ်ဆိုရင်လဲ ကျေးဇူးများစွာရှိကြ၊ အထောက်အပံ့များစွာ ပေးတဲ့ပုဂ္ဂိုလ်များ ကြည့်မယ်ဆိုရင်လဲ ကျေးဇူးများစွာရှိပါကြောင်း ပြောကြားရင်းနဲ့ ဘုန်းကြီးရဲ့စကားကို နိဂုံးချုပ်အပ်ပါသတည်း။ သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## မုံရွာမြို့
## အရှေ့လယ်တီကျောင်းတိုက်
## ပဓာန နာယကဆရာတော်
## ဘဒ္ဒန္တ ကုဏ္ဍလ (အဂ္ဂမဟာပဏ္ဍိတ)
## ဟောပြောချက်တရားများ

ဤကျောင်းတိုက်ကြီး သာသနာ့ခရီး လျှောက်လှမ်းပြီးတော့လာခဲ့တဲ့ နှစ်ပေါင်း(၅၀)ပြည့်မြောက်၍ ရွှေရတုသဘင်ကို ဆင်ယင်ကျင်းပတယ်။ ဤကျောင်းတိုက်ကြီး၏ ဦးစီးနာယကဖြစ်သော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ နှစ်ရပ်ကို ထမ်းဆောင်၍ အမျိုးဘာသာ သာသနာတိုးတက်ရာ တိုးတက်ကြောင့် နိုင်ငံတော်အစိုးရနှင့်တွဲဖက်ပြီးတော့ သာသနာပြုခဲ့သော ဒိပိဋကဓရ ဒိပိဋကကောဝိဒ နိုင်ငံတော်သံဃ မဟာနယက တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသ၏ အနှစ်ခြောက်ဆယ်ပြည့်မြောက်သော မင်္ဂလာအလှူတော်ပွဲကြီးကို ယနေ့ကျင်းပတယ်။

၁၃၁၃ ခုမှသည် ၁၃၆၃ ခုနှစ် ငါးဆယ်ပြည့်မြောက်၍ ရွှေရတုသဘင် ဆင်ယင်ကျင်းပတယ်။ ကမ္ဘာအဝှမ်းမှာတော့ မင်္ဂလာအခမ်းအနားရတုတွေ နှစ်ဆယ်ကျော်လောက်ကို တွေ့ရှိရတယ်။ ချည်ထည်ရတု (၁၀)နှစ်ပြည့်တဲ့အခါ ချည်းတယ်ရတုလို့ ဒီလိုအခမ်းအနားပြုလုပ်တယ်။ အိုးထယ်ရတု၊ သံဖြူရတု၊ သံမဏိရတု၊ ကြေးနီရတု၊ ငွေရတု၊ ရွှေရတု၊ ပုလဲရတု၊ သန္တာရတု၊ နီလာရတု၊ ပတ္တမြားရတုရာပြည့်ဆိုပြီးတော့ (၂၀)ကျော်ခန့်သူတို့ဆိုင်ရာ ဆိုင်ရာ နှစ်ပရိစ္ဆေဒအပိုင်းအခြားဖြင့် အခမ်းအနားပြုလုပ်တယ်။ မြန်မာနိုင်ငံ မှာတော့ (၂၅)နှစ်မြောက်ငွေရတုသဘင်၊ (၅၀)နှစ်မြောက် ရွှေရတု သဘင်၊ (၇၅)မြောက် စိန်ရတုသဘင်၊ (၈၅)နှစ်မြောက် ပတ္တမြားရတု သဘင်၊

http://www.dhammadownload.com



နှစ်တရာပြည့်မြောက်သော ရာပြည့်ရတုသဘင်ဆိုပြီးတော့ ငါးဌာန အားလုံး သတ်မှတ်ပြီးတော့ ပြုလုပ်ကြပါတယ်။ အဲဒီတော့ ငွေရတုသဘင် ကတော့ ဘုန်းကြီးတို့ မြန်မာပါဠိ အသုံးနဲ့သုံးမယ်ဆိုလို့ ရှိရင် မဟာရတုလို့ ဆိုသင့်တယ်။ ရွှေရတုကျတော့ အဂ္ဂရတုလို့ ဆိုသင့်တယ်။ စိန်ရတု ကျတော့ အဂ္ဂမဟာရတုလို့ ဆိုသင့်တယ်။ နောက်ရှစ်ဆယ်ပြည့် နှစ်ကြတော့ ဘာဆိုမလဲဆိုလို့ရှိရင် အတုလရတု ဆိုသင့်တယ်။ ရာပြည့်ရတုကြတော့ အတုလအတိအဂ္ဂမဟာရတုသဘင်လို့ ပါဠိဘာသာဖြင့် သုံးမယ်ဆိုလို့ရှိရင် သင့်ဖွယ်ရာရှိတယ်လို့ ဘုန်းကြီး ထင်တယ်။ အဲဒီတော့ အသက်တစ်ရာတမ်း၌ နှစ်(၅၀)သည် ထက်ဝက် အချိန်အခါကာလ ရောက်နေတယ်။ နေ့တစ်နေ့မှာ နေမင်းထွက်ပြူ လာသော အချိန်အခါနဲ့ နေဝင်သောအချိန်အခါ နှစ်ပိုင်းပိုင်းလိုက်မှ အလယ်ခေါင်ဗဟိုဌာနသည် နေမွန်းတည့်သော နေအရောင်အဝါ အထွန်းလင်းဆုံးဖြစ်သောနေ ဖြစ်ပါတယ်။

လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ အသက်ဟာ ကြည့်မယ်ဆိုလို့ရှိရင် အနှစ်(၅၀)သည် ပဓာနကျသော ပညာဒသက ပညာအမြော်အမြင်နဲ့ ပြည့်စုံသော အလယ်ဗဟိုဌာန အထွန်းအလင်းဆုံး၊ အကောင်းဆုံး၊ နောက်အသိတရားနှင့် အကြွယ်ဝဆုံးဖြစ်သော ဒသကပိုင်းလို့ ဆိုသင့်တယ်။ ဒါကြောင့် **"အနှစ်(၅၀)ပြည့်သည်ရှိသော် ရဟန်းတို့ သည်လည်းကောင်း၊ လူဒါယိကာမအပေါင်း သူတော်ကောင်း တို့သည် ဆင်ခြေ ဆင်လက်မပေးမူ၍ တရားစခန်းသို့ ကြိုးစား ပမ်းစား အားထုတ်သင့်သည်လို့ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက အနှစ်(၅၀) သတ်မှတ်ပြီးတော့ပြတယ်"**။ အင်မတန် ကောင်းမြတ်တဲ့ အနှစ်(၅၀)ရဲ့ ဝိသေသလက္ခဏာပဲ။ ဒါကြောင့် ဤကျောင်းတိုက်ကြီး တည်လိုက်တာ ၁၃၁၃ ခုက ၁၃၆၃ ခုကိုရောက်တဲ့ အခါ အနှစ်(၅၀)ဖြစ်နေတယ်။ ဤသာသနာ့ခရီးမှာ နေမွန်းတည့် နေသော အချိန်အခါကာလဖြစ်တယ်။

http://www.dhammadownload.com



ထိုနေမွန်းတည့်နေသော အချိန်အခါကာလ ဖြစ်သည် အားလျော်စွာ ဤကျောင်းတိုက် ကျက်သရေရေထွန်းလင်း တောက်ပြောင်ခြင်းသည် ဦးစီးပဓာန နာယကဖြစ်သော ဒွိပိဋကဓရ ဒွိပိဋက နိုင်ငံတော် သံဃမဟာနယက တွဲဖက်အကျိုးတော်ဆောင် အရှင်သူမြတ် ဘဒ္ဒန္တ ဇာဂရာဘိဝံသ အရှင်မြတ်ဦးစီးပြီးတော့ ဆောင်ရွက်နေတဲ့အချိန်နဲ့ ချိန်ကိုက်ဖြစ်တယ်။ သံဃတော်(၁၀၀၀)ကျော်တို့သည် သီးတင်းသုံးတော်မူတယ်။ တရားသံတို့ဖြင့် စာပေပို့ချသံတို့ဖြင့် သင်အံ့လေ့ကျက်သော အသံ၊ ပြိုင်တူအသံထုတ် မေတ္တာသံတို့ဖြင့် အချိန်မစဲ၊ အမြဲခြိမ်းဟိန်း နေသော ကျောင်းတိုက်ကြီးတစ်ခု ဖြစ်တာကို ဘုန်းကြီးတွေ့ရတယ်။ သံဃာတော်တို့၏ သက်န်းရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းလင်း တောက်ပြောင်၍ ဓမ္မအသံဖြင့် ခြိမ်းဟိန်းပြီးတော့ နေတယ်။ ဒါကြောင့် ဤကဲ့သို့သော လက္ခဏာနှင့်ပြည့်စုံသော ကျောင်းတိုက်ကြီးတစ်ခုသည် နိဗ္ဗာနပဋ္ဌနံ နိဗ္ဗာန်ဆိပ်ကမ်းလို့ ခေါ်ဆိုနိုင်တယ်။ ဒီဆိပ်ကမ်းက သွားရင် ဘယ်ရောက်မလဲ နိဗ္ဗာန်ခရီး ဖြောင့်ဖြောင့်ဖြူးဖြူးလောကဓမ္မ နှစ်ဌာနၶ ချောချောပြေပြေ အောင်မြင်နိုင်သော နေရာဌာနသို့ ရောက်နိုင်သော နေရာဌာနကြီးဖြစ်တယ်။ ဒါကြောင့် ဇေတဝန်ကျောင်းတိုက်ကြီးရဲ့ ဂုဏ်ရည်နဲ့ အင်မတန်ပြည့်စုံပြီးတော့ နေပါတယ်။

**"သုဘံ ဇေတဝနံ အာရာမံ၊ သန္တ သံ ယနိသေဝိတံ၊**
**ဓမ္မ နိဂ္ဃောသ နိန္နာဒံ၊ နိဗ္ဗာန ပဋ္ဋနံ သိယာ၊**
**တာဒိသံ ဗုဒ္ဓဝိဟာရံ အဘိဝန္ဒာမ သာဒရံ"**

ဇေတဝန်ကျောင်းတော်ကြီးကို ပရိဘောဂစေတီတော် ဖြစ်တော်မူသော ဇေတဝန်ကျောင်းတိုက်ကြီးကို ဘုန်းကြီးတို့ အာရာမ် တံတိုင်းကြီးနှင့်တကွ မြေအလုံးကို ဘုန်းကြီးတို့ လက်အုပ်ချီမိုး ရှိခိုးမိတယ်။ သုဘံ= ရှင်ချင်စဖွယ် ကြည်ညိုစဖွယ် လွန်တင့်တယ် လှစွာသော၊ အာရာမံ= စိတ်နှလုံးကို မွေ့လျော်စေနိုင်ထသော၊ ဇေတဝနံ= ဇေတဝန်ကျောင်းတော်ကြီးသည်၊ (၀၁) အနာထပိဏ်သူဌေးကြီး

http://www.dhammadownload.com



ကုသိုလ်တော် ဇေတဝန်ကျောင်းတော်ကြီးသည်၊ သန္တသံဃ နိသေဝိတံ= ကိလေသာ အပူငြိမ်း၍ အေးငြိမ်းသော သံဃာတော်တို့ အမြဲထာဝရ ကိန်းဝပ်မှီဝဲတော်မူအပ်ပါပေ၏။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး နှင့်တကွ အဂ္ဂသာဝက, မဟာသာဝက အသီတိ ရှစ်ကျိပ်ရဟန္တာကြီး အရိယာ ပုဂ္ဂိုလ်ကြီးတို့ဖြင့် အင်မတန်တင့်တောင့်တင့်တယ်ဖြစ်သော ကျောင်းတိုက် ကြီး ဖြစ်တယ်။ ရှိခိုးထိုက်သော ဂုဏ်နှင့်ပြည့်စုံတယ်။ ဒီနေရာဟာ အရိယာပုဂ္ဂိုလ်ကြီးတွေ သီတင်းသုံးတဲ့ ခြေတော်ရာ ဣရိယာပုတ်မျှ တရာဖြစ်တဲ့ ဌာနဝိသေသ ဖြစ်တယ်။ ဓမ္မနိဋ္ဌေသနိန္နာဒံ= မြတ်စွာဘုရား တရားတော်သံ အဂ္ဂသာဝက, မဟာသာဝက, ရဟန်းတော် အရှင်မြတ် ကြီးတို့၏ တရားတော်သံ အရှင်အာနန္ဒာမထေရ်မြတ်ကြီး၏ ပိဋကတ် သုံးပုံ ရွတ်ဖတ်သရဇ္ဈာယ်သံ သံဃာတော်အရှင်မြတ်တို့ ရွတ်ဖတ် သရဇ္ဈာယ်သံ တည်းဟူသော တရားအသံဖြင့် အမြဲထာဝရ ခြိမ်းဟိန်း၍ နေပါပေ၏။

ဇေတဝန်ကျောင်းတိုက်ကြီးနား သွားလိုက်လို့ရှိရင် တယ်ကျက်သရေရှိတာကိုး။ မြတ်စွာဘုရား တရားဟောသံ နာနေရ တယ်။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် အစရှိတဲ့ ရဟန္တာကြီးတို့ရဲ့ အသံဟာ အင်မတန်ကြည်ညိုစရာ ကောင်းတယ်။ တရားသံ တရံမစဲ အမြဲထာဝရ ခြိမ်းဟိန်းနေသော နေရာဌာနဖြစ်၍ ပူဇော်ထိုက်သော ဂုဏ်နှင့် ပြည့်စုံတော်မူတယ်ဆိုတာ ဘုန်းကြီးတို့ ထင်ရှားတယ်။ တသ္မာ= တို့ကြောင့်၊ နိဗ္ဗာန ပဋ္ဋနံ= ကျွတ်ထိုက်သသူ နတ်ပြဟ္မာသတ္တဝါတို့ ခေမာသောင်သို့ ဆောင်ပို့ရာဖြစ်သော နိဗ္ဗာန်ဆိပ်ကမ်းတော်ကြီးသည်၊ သိယာ= ဖြစ်ပါပေ၏။ တာဒိသံ= ထိုသို့ ဂုဏ်နှင့်ပြည့်စုံသော၊ ဗုဒ္ဓဝိဟာရံ= မြတ်စွာဘုရားကျောင်းတော် ဇေတဝန်ကျောင်းတော်ကြီးကို၊ မယံ= ယခုအခါ၌ ရောက်ရှိလာကြကုန်သော ကျက်သရေဆောင် သံဃာတော် အပေါင်းနှင့်တကွ ဒကာ ဒကာမအပေါင်း သူတော်ကောင်း တပည့်တော် တို့သည်၊ အဘိဝန္ဒာမ= ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏

http://www.dhammadownload.com



မြတ်စွာဘုရား။

အဲဒီတော့ ယနေ့ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုအပေါင်းစုကို ရေစက်သွန်းချ လှူဒါန်းသော အချိန်အခါကာလ၌ ဘုန်းကြီးတို့ ဆုတောင်းတာ လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူတဲ့အတိုင်း ပြောကြစို့ -

၁။ လောကချမ်းသာကိုသာ တောင်းတဲ့ဆုတစ်ခု ၊

၂။ မဂ်ဖိုလ်နိဗ္ဗာန် တမျိုးတည်းကိုသာ တောင်းတဲ့ဆုတစ်ခု၊

၃။ မဂ်ဖိုနိဗ္ဗာန်နဲ့ လောကချမ်းသာ, လောကီချမ်းသာ, ဓမ္မချမ်းသာနဲ့ တောင်းတဲ့ဆုတစ်ခု၊

၄။ အဲဒီ(၂)ခုစလုံး ဆုမတောင်းပဲ ပြုတဲ့ကုသိုလ် တစ်ခု အဲဒီ(၄)မျိုးရှိတယ်။

နိဗ္ဗာန်ကို ဆုတောင်းသော မဂ်ဖိုလ်နိဗ္ဗာန်တစ်မျိုးတည်းကိုသာ ဆုတောင်းပြီးတော့ လှူဒါန်းတဲ့ ကုသိုလ်တစ်မျိုးတည်းကိုသာ ဆုတောင်းပြီးတော့ လှူဒါန်းတဲ့ ကုသိုလ်သည် မဂ်ဖိုလ်နိဗ္ဗာန်လျင်မြန်စွာရ၏။ လူနတ်ချမ်းသာကိုလည်းရ၏။ နောက်တစ်ခါ လောကီချမ်းသာကိုသာ တောင်းတသော ကုသိုလ်သည် လောကချမ်းသာကိုသာ ရတယ်။ မဂ်ဖိုလ်နိဗ္ဗာန်ကိုမရဘူး။ နှစ်ပါးစုံ ဆုတောင်းတဲ့ ကုသိုလ်သည် နှစ်ပါးစုံ ရပါတယ်။ ဒီဘက်က တဏှာအစေးက လောကကို ကပ်ပြီးတော့ နေတတ်တယ်။ ဒါဖြင့် လောကီရော၊ လောကုတ္တရာရော မတောင်းပဲနဲ့ ဒါနကုသိုလ်မျိုးကြတော့ ဘယ်အကျိုးရလဲ။ ဘယ်လို ကုသိုလ်မျိုးလဲ၊ အဖျင်းဆုံး မိခင် ဖခင်တို့ကသာ သမီးတို့ကို ကျွေးတဲ့အခါ မွေးတဲ့အခါမှာ ဘယ်ဆုမှမတောင်းပါဘူး။ အဲဒါလဲ ကုသိုလ်ပဲ၊ အမေက နို့ချိုတိုက် ကျွေးတဲ့ အချိန်အခါကာလမှာ မေတ္တာ အပြည့်အဝ ဖြစ်ပြီးတော့ ဘယ်ဆုမှမတောင်းဘူး။ သားလေးကို အာဟာရကျွေးတဲ့ ဖခင်ကြီးက ကျွေးတဲ့အခါမှာလဲပဲ သူက ဘယ်ဆုမှမတောင်းဘူး အဲဒီကုသိုလ်က အဖျင်းဆုံး စကြာမင်းဆုကို ရရှိစေနိုင်တယ်။ အမေတို့ ထမင်းကျွေးတဲ့

http://www.dhammadownload.com



အခါ အဖေတို့ ထမင်းကျွေးတဲ့အခါ၊ စကြာမင်း ချမ်းသာသုခ ကြီးကို ပေးနိုင်တယ်နော်။ ဝဋ္ဋ ဝိဝဋ္ဋ ဝိမုတ္တ ဒါနကုသိုလ် အကျိုးရှိတယ်။ အဲဒီအကျိုး(၄)မျိုး၊ ဆုတောင်း(၄)မျိုးထဲမှာ ဘုန်းကြီးတို့ ဘယ်ဆုတောင်း လဲ နိဗ္ဗာချမ်းသာမြတ်ကြီးကို လျင်မြန်စွာရရှိပါလို၏ အရှင်ဘုရား နိဗ္ဗာန်ဘုရား နိဗ္ဗာန်ဆုတောင်းသည် ရှိသော် နိဗ္ဗာန်ကို မြန်မြန်ရတယ်။ နိဗ္ဗာန်မရောက်ခင်မှာ အထက်တန်းကျတဲ့ လောကီ ချမ်းသာသုခတွေကို ရရှိစေနိုင်တယ်။ အဲဒါဆုတောင်းတစ်မျိုး လယ်တီဆရာတော်ဘုရားကြီးရဲ့ ဆုတောင်း။ နောက်တစ်ခါ ကျမ်းဂန် အဋ္ဌကထာဆရာတွေ ဆုတောင်းက-

၁။ မိမိအတွက် တောင်းသောဆုတောင်း၊

၂။ သူတစ်ပါးအတွက်သာ တောင်းသောဆုတောင်း၊

၃။ နှစ်မျိုးစုံ တောင်းသောဆုတောင်း၊

လို့ ဆုတောင်း(၃)မျိုး ရှိတယ်။

အဲဒီတော့ သူတစ်ပါး အကျိုးသက်သက်သာ တောင်းတဲ့ဆုသည် အထက်တန်းစား ပထမဆုလို့ ခေါ်ပါတယ်။ **"ယံပတ္တံ ကုသလံ တဿ အာနုဘာဝေနပါဏိနော"** မိုးမင်းရွာပါစေ။ သတ္တဝါတွေ တရား သိကြပါစေ၊ ကျင့်ကြပါစေ၊ နိဗ္ဗာန်ရောက်ပါစေ။ အဲလို ဆုတောင်းတာဟာ ကိုယ်အတွက် ဘာမှမပါဘူး။ အဲဒါပထမတန်း ဆုတောင်းလို့ ခေါ်တယ်။ မိမိအတွက်က နတ်ပြည်ရောက်၍ ဘယ်ကဲ့သို့သော် အကျိုးရပါလို့၏။ နိဗ္ဗာန်ကို ရရပါလို၏။အများသတ္တဝါတွေလဲ ချမ်းသာကြပါစေလို့ ပရ+အတ္တအကျိုးနှစ်မျိုးကို ရည်ရွယ်ပြီးတော့ ဆုတောင်းလို့ရှိရင် အဲဒါက သူကဘာလဲ ဒုတိယဆုလို့ ခေါ်တယ်။ လောကီသက်သက်သာ တောင်းတဲ့ဆုကြတော့ ဒို့ဒကာ ဒကာမတွေ ရွှေတိဂုံသွားတဲ့အခါ ဘာတောင်းတုန်း၊ အခုကာလကတော့ မင်္ဂဖိုလ်ပါပါတယ်နော်။ တချို့ ကြတော့လဲ တပည့်တော် ဘာဖြစ်ရပါလို၏ အရှင်ဘုရား၊ ဘယ်ကဲ့သို့ သော အကျိုးရရပါလို၏ ဘုရား၊ ဆိုတော့ မင်္ဂဖိုလ်နိဗ္ဗာန် မပါပဲနဲ့ တောင်းလာတာ အဲဒါကတော့ ကိုယ်အတွက်သာ ကောင်းတဲ့အတွက်

http://www.dhammadownload.com



ကြောင့် သူကဘာလဲ တတိယ အညံ့ဆုံး ဆုတောင်းလို့ ခေါ်ပါတယ်။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက ကျမ်းပြီးတိုင်း၊ ကျမ်းပြီးတိုင်း မိုးမင်းရွာပါစေ၊ သတ္တဝါတွေ ချမ်းသာကြပါစေ၊ ပထမတန်းဆုကို တောင်းတယ်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက သတ္တဝါတွေ ကျန်းမာပါစေ၊ မိမိလည်းပဲ သာသနာပြုနိုင်သော မင်းဖြစ်၍ သာသနာတော်ကို စောင့်ရှောက်နိုင်ပါစေ။ သူက အတ္တ +ပရ (၂)မျိုး ဆုတောင်းတယ်။ အဋ္ဌကထာဆရာတော်တွေနော်။ အဲဒီအထဲမှာ ဘုန်းကြီး အကြိုက်ဆုံး၊ အကောင်းဆုံးဆုတောင်း၊ အယဉ်ဆုံးဆု တစ်ခုကိုတော့ ဝုတ္တောဒယ ဆန်းကျမ်းဆရာတော်ဆုဟာ အင်မတန် အံ့သြစရာကောင်းတယ်။

**ပရတ္ထ သမ္ပဒနတော ပုညေနာ မိဂတေန ဟံ**
**ပရမတ္တသမ္ပဒနကော၊ ဘဝေယျံ ဇာတိဇာတိယံ။**

ကျမ်းပြုခြင်းသည် ပရဟိတကုသိုလ်၊ ပရဟိတကုသိုလ်ကြောင့် တပည့်တော်သည် ဘဝတိုင်း ဘဝတိုင်း ပရဟိတကိုသာ ဆောင်ရွက် ရပါလို၏။ ဒီထက်ကောင်းတဲ့ဆု ဘုန်းကြီးဘယ်ကျမ်းမှာမှ မတွေ့ဖူး သေးပါ။ ဘယ်ဆရာတော်မှ ဒီဆုကို ကောင်းတဲ့စကားလုံး တစ်ခါမှ မတွေ့ဖူးသေးဘူး။ ပရဟိတကုသိုလ်ကြောင့် ပရဟိတအကျိုးကိုသာ ဆောင်ရွက်ရပါလို၏။ ပရဟိတအကြောင်းကြောင့် အတ္တဟိတကလဲ တချို့ကလုပ်တယ်။ ပရဟိတအကြောင်းကြောင့် ပရဟိတ+အတ္တဟိတ နှစ်မျိုးလဲလုပ်တယ်။ အဲဒီတော့ အခု ဆန်းဆရာတော်ကြီး အရှင်သံဃ ရက္ခိတ မဟာသာမိ အရှင်မြတ်ကြီးက ပရဟိတကုသိုလ်ကြောင့် တပည့်တော်သည် ဘဝတိုင်းဘဝတိုင်း ပရဟိတကကုသိုလ်ပြုရပါလို၏။

ကိုင်းဒါဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရ ရပါလို၏။ နိဗ္ဗာန်မရမီအတော အတွင်း၌ သူတပါးအကျိုး ကိုယ်အကျိုးလဲ ချန်ထားလို့ မရဘူး။ ကိုယ်အကျိုး(၂)မျိုးကို ဆောင်ရွက်၍ မဂ်ဉာဏ်၊ ဖိုဉာဏ်နိဗ္ဗာန်ရရပါလို၏။ အရှင်ဘုရားလို့ အာရုံပြုပြီးတော့ ဆုတောင်းပြီးတော့ ရေစက်ချကြ

http://www.dhammadownload.com



ရအောင် ကဲ-အားလုံး လိုက်ဆို-

**ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု ၊ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။ ဣမံ ပုည ဘာဂံ သဗ္ဗသတ္တာနံ သဗ္ဗဒေဝါနံ သမံ ဘာဇေမ။**

အရှင်ဘုရား ဘုရားတပည့်တော်တို့သည် ကလေးဝတောရ စာသင်တိုက်ကြီး၏ နှစ်(၅၀)မြောက် ကလေးဝတောရ စာသင်တိုက်ကြီး၏ နှစ်(၅၀)မြောက် ရွှေရတုသဘင်ကိုလည်းကောင်း၊ ကလေးဝတောရ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနယက ဖြစ်တော်မူသော ဒိပိဋကမရ၊ ဒိပိဋကကောဝိဒ၊ နိုင်ငံတော် သံဃမဟာနယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ တိရဂုဏ်ရည် အထွဋ်အထိပ်သို့ ရောက်နေသော အဒ္ဒန္တဇာဂရာဘိဝံသ အရှင်သူမြတ်ကြီး၏ အနှစ်(၆၀) ပြည့်မြောက်သော မွေးနေ့မင်္ဂလာ ဒါနကုသိုလ်ပြုလုပ်ရာဝယ်၊ ဘုရားတပည့်တော်တို့သည် အဘက်ဘက်မှ လှူဖွယ်များစွာတို့ကို ရေစက်သွန်းချ လှူဒါန်းကြကုန်၏ အရှင်ဘုရား။

သံဃတော်အရှင်မြတ်တို့အား သက်နီးအစရှိသော များစွာသော လှူဖွယ်ဝတ္ထု အစုစုတို့ကိုလည်းကောင်း၊ ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ကိုလည်းကောင်း ရေစက်သွန်းချ လှူဒါန်းကြပါကုန်၏ အရှင်ဘုရား။ ဤကုသိုလ်ကောင်းမှု အပေါင်းအစုတို့ကြောင့် ဘုရားတပည့်တော်တို့သည် မဂ်ဖိုလ် နိဗ္ဗာန်ကို ရရပါလို၏ ။ ရောက်ရပါလို၏ နိဗ္ဗာန်မရောက်မီ သံသရာခရီး၌ လှည့်လည်ရသည်ရှိသော် မေတ္တာ ကရုဏာ အပြည့်အဝရှိသော ပရဟိတအကျိုးဆောင် ပုဂ္ဂိုလ်သည် ဖြစ်ရပြီးလျှင် များစွာသော ဒုက္ခိတ သုခိတ သတ္တဝါတို့၏ ပရဟိတ အကျိုးဆောင်ရခြင်း လုပ်ငန်းမြတ်ကို အစဉ်ထာဝရ ဘဝတိုင်း ဘဝတိုင်း ကြိုးစားအားထုတ်ရပါလို၏။ ဤကုသိုလ်ကောင်းမှု၏ အဘို့ဘာဂကို မိဘဘိုးဘွား ဆရာသမား ဆွေမျိုးညာတိ သူတော်ကောင်းတို့ကို အမှူးထား၍ ကိုယ်စောင့်နတ်၊ အိမ်၊ တိုက်၊ မြို့နယ်၊ တိုင်း၊ စေတီ၊

http://www.dhammadownload.com



ကျောင်း၊ သာသနာတော်စောင့်နတ်၊ လောကပါကနတ်၊ မိဆိုင် ဘဆိုင် နတ်အစရှိသော နတ်အပေါင်းတို့နှင့် အလုံးစုံသော သတ္တဝါတို့အား အမျှ - အမျှ ပေးဝေကြပါကုန်၏။ အလုံးစုံသော သတ္တဝါအပေါင်း၊ နတ်အပေါင်းတို့သည် အကျွန်ုပ်တို့နှင့် အတူတကွ အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကြည်သာအေးမြ ချမ်းသာကြသည် ဖြစ်ကြပါစေသော်။

သာဓု - သာဓု - သာဓု

အခုသံဃာတော်(၁၀၀၀)ကျော်တို့ သီတင်းသုံးတော်မူတဲ့ အတွက်ကြောင့် သန္တသံဃနိသေတဂုဏ်နဲ့ ပြည့်စုံသော ကလေးဝတောရ စာသင်တိုက်ကြီးဖြစ်တယ်။ ကျက်သရေရှိပေစွ့တကား။ ဘုန်းကြီး ဒီကျောင်းတိုက်ကို ရောက်ရှိလာခဲ့ကြတော့ ဘုရားရှိခိုးခါနီးတဲ့အခါမှာ သံဃတော်တွေ (၁၀၀၀)လောက် တန်းစီပြီးတော့နေတာက ဘုရားကို အာရုံမပြုခင်က ကိုယ်ကအင်မတန် ကြည်ညိုပြီးတော့ ကျက်သရေဆောင်တယ်၊ ကျက်သရေရှိတယ်။ အသံ၊ တရားသံတွေ ကြားလိုက်တဲ့ အခါကြတော့ တရားဟောသံတွေ၊ စာချသံတွေ၊ စာကျက်သံတွေနဲ့ တရံမဆဲ အမြဲနေတယ်။ ဒါဟာ ကျောင်းတိုက်တစ်ခုရဲ့ ဂုဏ်ရည်အသွေး ဝိသေသလက္ခဏာဖြစ်တယ်။ ဒါကြောင့် ဤ ကျောင်းတိုက်ကို ရောက်လာသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်သွားလိုက နိဗ္ဗာန်ကို ရောက်နိုင်တယ်။ နတ်ရွာသုဂတိ သွားလိုက နတ်ရွာသုဂတိ ရောက်နိုင်တဲ့ နိဗ္ဗာန ပဋ္ဋန နိဗ္ဗာန်ဆိပ် ကမ်းတို့ဆိပ်ကြီးနဲ့ အလားသဏ္ဍာန်တူတဲ့ ဌာနဝိသေသ ဖြစ်တယ်။ ဒါကြောင့် ဤကျောင်းတိုက်ကြီး အနှစ်(၅၀)ပြည့်မြောက်၍ နေမွန်းတည့်၍ ထွန်းလင်းတောက်ပြောင် ကျက်သရေဆောင်သော အချိန်အခါကာလ၌ ရွှေရတုသဘင် ဆင်နွှဲ ပူဇော်ကြကုန်သော ယခု ရောက်ရှိလာကြကုန်သော နှလုံးပျော့ပြောင်း သူတော်ကောင်းတို့သည် ကံကောင်းကြလေစွ့တကား ထူးမြတ်သော ပူဇော်မှု သံဃာပူဇော်မှုကို ပြုကြရလေစွာတကား နိုင်ငံတော်သံဃ မဟာနာယက အရှင်မြတ်ကြီးတို့

http://www.dhammadownload.com



ကိုယ်တော်တိုင် ကြွရောက်ချီးမြှောက်တဲ့ မင်္ဂလာပွဲတော်ကြီးကို ရောက်ရှိပူဇော်ရခြင်းသည် အင်မတန် ထူးသော ကံနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တွေ ဖြစ်ပေကြကုန်တကားဟု ဘုန်းကြီး ဆိုချင်ပါတယ်။

နောက်အထူးသဖြင့် ဒီဟာနဲ့ ချိန်ကိုက်ပြီးတော့ ဘဒ္ဒန္တ ဇာဂရာဘိဝံသ အရှင်သူမြတ် ဘုန်းကြီးတို့ဆီ စာတက်တဲ့ အချိန်ကာလမှာ ဘုန်းကြီးတို့က တစ်ခေါက်ချရင် သူက အကုန်ရတယ်။ ဒီ ကိုရင် တော်တော်ထူးတယ်။ ဒီ ကိုရင် တော်တော်ထူးတယ်လို့ ဘေးကပြောကုန်ကြတယ်။ ဘုန်းကြီးတို့ စာချတာ တစ်ခေါက်ပဲချရတာ အဓိပ္ပါယ်တစ်မျိုးပဲ ပြောရတာ အဲဒီတော့ ကျုပ်တို့ကတော့ အခုသာမန်ပေ့ါလေ။ ပထမငယ်၊ ပထမလတ်၊ပထမကြီး စာချတန်းပြီးလို့ရှိရင် ပြီးသွားလိမ့်မယ် ထင်တာကိုး။

မဟုတ်ဘူး၊ ပိဋကသုံးပုံကုန်ခါနီးပါး နှုတ်ငုံဆောင်ပြီးတော့ သုတ္တန်ပါဠိတော်ကြီးတွေ၊ ဝိနည်းပါဠိတော်ကြီးတွေ အဘိဓမ္မာ အောက်ကျမ်း ငါးကျမ်း ဆိုတဲ့ အပိုင်းနှင့်တကွ တိပိဋကဓရနီးပါး အာဂုံဆောင်ပြန်ပြီးတော့ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘွဲ့ထူးရလိုက်တဲ့ အချိန်အခါကာလက အို ဒို့ မြင်ထားတဲ့အတိုင်း တယ်ထူးတဲ့ ပုဂ္ဂိုလ်ပဲ။ ဘုန်းကြီးတို့ ဂုဏ်ယူလို့ မဆုံးဘူးနော်။ ကိုယ်တို့ လယ်တီနိကာယက ထွက်ပေါ်သွားတဲ့ သာသနာအာဇာနည် အရှင်သူမြတ်တွေ၊ နိုင်ငံတော် သံဃမဟာနာယက အရှင်သူမြတ်တွေနဲ့ ပူးတွဲပြီးတော့ ဗုဒ္ဓသာသနာ တော် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးကျမ်းစာများ ထွန်းကားပြန့်သွားပြီး ပဋိပတ္တိသာသနာ့ တာဝန်ကြီးပါ ထမ်းဆောင် ပြီးတော့ အခုလို ဒကာ ဒကာမတွေ ဤကဲ့သို့သော ပုဂ္ဂိုလ်ကြီးများကို ကိုးကွယ်ကြရတာ၊ အဘက်ဘက်မှ လှူဒါန်းကြရတာ အင်မတန် ထူးမြတ်တယ်။ ကံကောင်းတယ်လို့ ဘုန်းကြီးတို့ ဆိုချင်ပါတယ်။ အဲဒီတော့ အသက်(၆၀)ဆိုတော့ ဘုန်းကြီးတို့ ဒီရဟန်းတော်တစ်ပါးကို မြတ်စွာဘုရားက လက်ယာလက်ဖြင့် ဆန့်တန်း၍ "ဧဟိဘိက္ခု"

http://www.dhammadownload.com



ခေါ်လိုက်တဲ့အခါမှာ အခု ရှေးကရဟန္တာဖြစ်မဲ့ ဧဟိဘိက္ခုခေါ်ဖြစ်မည့် ပုဂ္ဂိုလ်အား ရှိသမျှအဝတ်တွေ လူ့အဝတ် တန်ဆာတွေ၊ ခေါင်းပေါင်းစတွေ၊ အင်္ကျီတွေ၊ လုံချည်တွေ အကုန်ပျောက် ပြီးတော့ ဝါ(၆၀)ရပြီးသော၊ အနှစ်(၆၀)ရပြီးသော မထေရ်ကဲ့သို့ တင့်တယ် ကျက်သရေဆောင်သော ရဟန်းအဖြစ်သို့ ရောက်သွားတယ်။

အဲဒီမှာ အဋ္ဌကထာဆရာက အနှစ်(၆၀)ရှိပြီးသော မထေရ်ကြီး ကဲ့သို့ အင်မတန်ထိရ ဂုဏ်နှင့်ပြည့်စုံသော နှစ်ခြောက်ဆယ်မှာပဲ ဘုန်းကြီးလူလောကမှာ အလိမ္မာဆုံး အချိန်အခါကာလအဖြစ်ကို အများကို အများဆုံး အရှောင်နိုင်ဆုံး အချိန်အခါကာလ၊ ကုသိုလ်တွေ အမြဲတန်း မိမိမှာ ပြည့်နေအောင်၊ လွှမ်းနေအောင်၊ လျှံနေအောင်၊ မောက်နေအောင် လုပ်နိုင်တဲ့ အချိန်အခါကာလအနှစ်(၆၀)မှာ ဟော ဘဒ္ဒန္တဇာဂရာဘိဝံသ ဆိုရင် အနှစ်(၆၀)ရှိပြီး အနှစ်(၅၀)တုန်းက ပညာနှင့် ပြည့်စုံတယ်။ ဒီဘက်က သီလတွေနဲ့ ပဋိပတ္တိကျင့်စဉ်တွေနဲ့ ထုံးမွှမ်း လိုက်တဲ့ အခါကာလမှာ အင်မတန် တိရဂုဏ်နဲ့ မြဲမြံသော အမြော်အမြင် မြဲမြံသော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာ ဒီတရားတွေ မြဲမြံခိုင်ခံ့တဲ့ အတွက်ကြောင့် ထိရဂုဏ်နှင့်ပြည့်စုံသော အနှစ်(၆၀)ရောက်နေတာလဲပဲ အင်မတန်ထူးတဲ့ အချိန်အခါကာလပဲနော်။

နေမွန်းတည့်နေသော အချိန်ကာလနှင့်တူသော အနှစ်(၅၀) မြောက် ရွှေရတုသဘင်၊ တိရဂုဏ်နှင့်ပြည့်စုံသော အနှစ်(၆၀)ခရီးသို့ ရောက်ရှိလာသော အရှင်ဇာဂရာဘိဝံသ၏ မွေးနေ့မင်္ဂလာနှစ်ရပ်ကို ဝိသေသ(၂)ခု၊ ဝိသိဋ္ဌ(၂)ခု၊ မဟန္တ(၂)ခု၊ အဂ္ဂ(၂)ခု ထူးမြတ်တယ်။ မင်္ဂလာအခမ်းအနား(၂)ခု ပေါင်းစုံပြီးတော့ ဖြစ်ပေါ်ပြီးတော့ လာတယ်။ ကိုင်းဘုန်းကြီးတို့ အကျဉ်းချုံးကာ နိဂုံးချုပ်ကြစို့။

http://www.dhammadownload.com



## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ အဖွဲ့ ဥက္ကဋ္ဌဆရာတော်

ယနေ့ သာသနာတော်နှစ် (၂၅၄၇)နှစ် ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ် နှောင်းတန်းခူးလပြည့်ကျော် (၆)ရက် စနေနေ့ ညနေ(၆) နာရီအချိန်။ လယ်တီဝိပဿနာ ပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဆန္ဒတော်အရ လယ်တီကမ္မဋ္ဌာနာ စရိယအဖွဲ့ ဥက္ကဋ္ဌ နာဂလိုဏ်ဂူ ဘုရားကုန်မြေကလေးဝတောရ စာသင်တိုက် ပဓာန နာယဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃာမဟာ နာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်အရှင်မြတ် ၏ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုဖြင့် သကြ်န်အခါ လယ်တီဝိပဿနာ အထူးတရားစခန်းများကို တစ်နေ့တည်း တစ်ချိန်တည်း တစ်ပြိုက်တည်း ကျင်းပပြုလုပ်ခဲ့ကြပါသည်။

**အထူးတရားစခန်းကျင်းပသည့် နေရာဌာနများ**

၁။ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရစာသင်တိုက်နှင့် နယ်စပ်ဒေသ တောင်တန်းဒေသ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၊ သုကုမာရဒီပနီ သုံးထပ်ကျောင်းဆောင်။ (ယောဂီ - ၄၅၀)

၂။ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ (၃၃၇/က) လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်။ (ယောဂီ - ၂၀၀ ကျော်)

၃။ ရန်ကုန်မြို့ စဉ့်ငူရပ် ထန်းတပင်စာသင်တိုက်။ (ယောဂီ-၁၃၂)

၄။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝဏ္ဏလစ်၊ ဆရာစံလမ်း၊ သဒ္ဓမ္မာရုံ စာသင်တိုက်၊ လွတ်လပ်ရေးကျောင်းတိုက်။ (ယောဂီ -၇၅)

http://www.dhammadownload.com



၅။ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာမြို့ဦးကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း။ (ယောဂီ-၈၅)

၆။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မင်္ဂလာရာမကျောင်း။ (ယောဂီ-၅၀)

၇။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၅)ရပ်ကွက်၊ ညီမူရာမမွာရုံ။ (ယောဂီ-၉၀)

၈။ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့၊ ပြည်သဒ္ဓမဇောတိကာရုံ ကျောင်းတိုက်။ (ယောဂီ-၂၀၀ ကျော်)

၉။ ဧရာဝတီတိုင်း၊ ဘိုကလေးမြို့၊ ကျော်ဇံကျောင်းတိုက် (ယောဂီ-၁၀၀)

၁၀။ ပဲခူးမြို့၊ မဟာကြီးစေတီတော်။ (ယောဂီ-၇၅)

၁၁။ ပဲခူးမြို့၊ ရွှေဂူလေးဘုန်းတော်ကြီးသင် ပညာရေးကျောင်း။ (ယောဂီ -၂၀၀)

၁၂။ မော်လမြိုင်မြို့၊ မောင်ငံရပ်၊ ဈေးချိုလမ်း၊ ပညာရာမ ပရိယတ္တိစာသင်တိုက်။ (ယောဂီ-၇၀)

၁၃။ ကယားပြည်နယ်၊ မိုးဗြဲတရားစခန်း။ (ယောဂီ-၂၀၀)

၁၄။ ပျဉ်းမနားမြို့၊ မဟာလယ်တီစံကျောင်းတိုက်။ (ယောဂီ-၉၈၁)

၁၅။ မုံရွာမြို့၊ ရုံးကြီးလမ်း၊ ရှုပါရုံသုဓမ္မစာရီဗိမာန်တော်။ (ယောဂီ-၂၀၀)

၁၆။ ပျော်ဘွယ်မြို့၊ ရှားတောဓမ္မရိပ်သာ။ (ယောဂီ-၉၉)

၁၇။ ကနီမြို့၊ ကုန်းသာကျောင်း။ (ယောဂီ-၂၀၀)

၁၈။ လှည်းကူးမြို့၊ ရွှေကြာရံစေတီလယ်တီတောရ။



84(B)

http://www.dhammadownload.com



## တာဝန်ကျ လယ်တီကမ္မဋ္ဌာနာစရိယများ"

**အမှတ်(၁)တရားစခန်း**

ဦးတေဇနိယ၊ ဦးဝိစိတ္တ၊ ဦးကေလာသ၊ ဦးသန်းခင်၊ ဦးသိန်းဟန်၊ ဒေါ်အရိယနန္ဒီ၊ ဒေါ်ခင်ထားရွှေ၊ ဒေါ်လှလှ။

**အမှတ်(၂)တရားစခန်း**

ဦးအာဒိစ္စ၊ ဦးကာရုည၊ ဒေါ်နီလာမြင့်။

**အမှတ်(၃)တရားစခန်း**

ဦးသီလာစာရ၊ ဦးဥက္ကသ၊ ဦးပညာနန္ဒ၊ ဦးမောင်မောင်ကြီး။

**အမှတ်(၄)တရားစခန်း**

ဦးကောသလ၊ ဦးဝိစက္ခဏ၊ ဦးအေးမောင်၊ ဒေါ်သောင်းမိ။

**အမှတ်(၅)တရားစခန်း**

ဦးပညာစာရ၊ ဦးတိလောက၊ ဦးကေသရ၊ ဦးဝိမလဗုဒ္ဓတိုက်အုပ်။

**အမှတ်(၆)တရားစခန်း**

ဦးဝါယမ၊ ဦးဝိသုဒ္ဓ၊ ဦးစန္ဒောဘာသ။

**အမှတ်(၇)တရားစခန်း**

ဦးဝါယမ၊ ဦးဝိသုဒ္ဓ၊ ဦးစန္ဒောဘာသ။

**အမှတ်(၈)တရားစခန်း**

ဦးသောဘဏ၊ ဦးလှကို၊ ဦးထွန်းရင်။

**အမှတ်(၉)တရားစခန်း**

ဦးသူရိယ၊ ဦးဇဋိလ၊ ဒေါ်ဇေယျာဉာဏီ။

**အမှတ်(၁၀)တရားစခန်း**

ဦးဝိသဒ၊ ဦးပညာသာမိ(၁)။

**အမှတ်(၁၁)တရားစခန်း**

ဦးပညာသာမိ(၂)၊ ဦးဂန္ဓသာရ။

85(A)

http://www.dhammadownload.com



**အမှတ်(၁၂)တရားစခန်း**

ဦးရာဇိန္ဒ၊ ဦးဝင်းကြိုင်၊ ဦးသာထွန်း။

**အမှတ်(၁၃)တရားစခန်း**

ဦးသောဘိတ၊ ဘိက္ခုသြဘာသ။

**အမှတ်(၁၄)တရားစခန်း**

ဦးရေဝတ၊ ဦးအဂ္ဂဉာဏ၊ ဦးအာစိဏ္ဏ။

**အမှတ်(၁၅)တရားစခန်း**

ဦးကောသလဉာဏ၊ ဦးပညာဝံသ၊ ဦးဝိသုတ၊ ဒေါ်ယုသိင်္ဂီ။

**အမှတ်(၁၆)တရားစခန်း**

ဦးနာဂိန္ဒ၊ ဦးဝိလာသဂ္ဂ၊ ဦးသြဘာသ။

**အမှတ်(၁၇)တရားစခန်း**

ဦးသုဟိတ၊ ဦးဥက္ကံသ၊ ဦးကေဝလ။

**အမှတ်(၁၈)တရားစခန်း**

ဦးကြည်မြင့်၊ ဦးဝင်းမြင့်။

တရားစခန်းအလိုက် တာဝန်ကျ ကမ္မဋ္ဌာနာစရိယများသည် အချိန်မှီကြွရောက်ကြ၍ အချိန်နှင့် တပြေးညီ တရားစခန်းများ ဖွင့်လှစ်ကြပါသည်။

**လယ်တီဟူသည်**–

အင်းခမ်းတော့ လယ်တီ
လယ်တီတော့ ငှက်ကျ
ငှက်ကျတော့ ကြောင်ခုတ်
ကြောင်ခုတ်တော့ ထွန်ထောင်
ထွန်ထောင်တော့ စည်တီး
စည်တီးတော့ မိုးရွာ

ဒီတစ်ခါရွာတဲ့မိုး ချိုးဖြစ်အောင်ချိုး ဆိုသော တပေါင် "ခမ္မစဉ်စကား"အရ၊ အလွန်ထင်ရှား ကျော်ကြားတော်မူသော "အင်းခမ်း"

http://www.dhammadownload.com



ဆရာတော် ဘုရားကြီး၏နောက်မှာ ထင်ရှားပေါ်ပေါက်တော်မူလာသော "လယ်တီ" ဆရာတော်ဘုရားကြီးပင် ဖြစ်ပါသည်။ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိအကျဉ်းကို ရေးသား တင်ပြပါမည်။ ပထမလယ်တီဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း၊ ဒီပဲရင်းမြို့နယ်၊ စိုင်ပြင်ကြီးရွာ၊ ခမည်းတော်ဦးထွန်းသာ၊ မယ်တော် ဒေါ်ကြုံးတို့မှ ၁၂၀၈-ခုနှစ်-နတ်တော်လဆန်း(၁၃)ရက် အင်္ဂါနေ့တွင် ဖွားမြင်ပါသည်။ မွေးချင်း(၆)ဦးအနက် ဒုတိယသားရတနာ "မောင်တက်ခေါင်" ဖြစ်ပါသည်။ မောင်တက်ခေါင် (၁၀)နှစ်သား အရွယ်မှာ စိုင်ပြင်ရွာ၊ ကျောင်းမကျောင်းဆရာတော် ဦးနန္ဒထံ အပ်နှံ၍ ပညာသင်ကြားစေခဲ့ပါသည်။ (၁၅)နှစ်သားအရွယ်တွင် ရှင်သာမဏေ ပြုခဲ့ရာ ဘွဲ့အမည်မှာ ရှင်ဉာဏဓဇ ဖြစ်ပါသည်။ ရှင်သာမဏေဖြစ်ခါစ (၁၅)နှစ်သားအရွယ်မှာ မဟောသဓာ ဇာတ်တော်လာ "ကျေးစေရတု" ကိုရေးသားခဲ့ပါသည်။

သက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် ကဆုန်ကဆန်း(၆)ရက်နေ့တွင် စိုင်ပြင်ရွာကျောင်းမကျောင်းဆရာတော် ဦးနန္ဒကို ဥပဇ္ဈာယ်ပြု၍ ကျောင်းမကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ပါသည်။ အရှင်ဉာဏဓဇသည် ရဟန်းဘဝသို့ ရောက်လျှင် ရောက်ချင်း ဥပဇ္ဈာယ်ဆရာတော်ဘုရား၏ ခွင့်ပြုချက်အရ စာသင်ကြွတော်မူပါသည်။ အရှင်ဉာဏဓဇ စာသင်ကြွပုံမှာ အလွန်ထူးပါသည်။ စိုင်ပြင်ရွာမှ မန္တလေးမြို့တော် ရတနာပုံနေပြည်တော်သို့ အသွားလမ်းခရီး တလျှောက်မှာ ထင်ရှားသော ပိဋကတ်တော်စာပေများ ဖတ်ရှုရင်းဖြင့် မန္တလေးရတနာပုံနေပြည်တော် မြောက်ပြင် မင်္ဂလာစံကျောင်းတိုက်သို့ အရောက်ကြွတော်မူပါသည်။ မန္တလေးမြို့ ရတနာပုံနေပြည်တော် မြောက်ပြင်မင်္ဂလာစံကျောင်းတိုက် **"သုဒဿနဝရဓမ္မရာဇာဓိ ရာဇဂုရု"** ဘွဲ့တံဆိပ်တော်ရ ဒုတိယစံကျောင်းဆရာတော်ဘုရားကြီးထံမှ ဝိနည်းက ပါဠိတော် အဋ္ဌကထာများနှင့် အဘိဓမ္မာအဋ္ဌကထာ(၃)ကျမ်းကို

http://www.dhammadownload.com



သင်ယူတော်မူပါသည်။ ထိုအချိန်က ဒုတိယစံကျောင်းဆရာတော် ဘုရားကြီးသည် စာချအရာမှာ အကျော်အကြားဆုံးဖြစ်၍ စာလိုက် သံဃာတော်(၁၀၀၀)ကျော်ရှိပါသည်။

အရှင်ဉာဏဓဇသည် မကုဋ္ဌာရာမ ဆရာတော်ကြီးထံ တော်၌လည်း ဝိနည်းအဘိဓမ္မာပါဠိတော် အဋ္ဌကထာတို့ကို သင်ယူတော် မူပြန်ပါသည်။အရှင်ဉာဏဓဇသည် ယောအတွင်းဝန် ဦးဘိုးလှိုင် ထံမှလည်း သကဒါဒ(၅၀၀)ပရဝါဒ(၅၀၀)ပါဝင်သော ကထာဝတ္ထု ကျမ်းနှင့် ကဗျာ၊ လင်္ကာ၊ ရတုတေးထပ်များကိုလည်း သင်ယူပါသည်။ မင်းတုန်းမင်းတရားကြီး ပဥ္စမသင်္ဂါယနာ တင်တော်မူရာတွင် သစ်ဆိမ့်ကျောင်းတိုက်က ဝိနည်းပိဋကတ်တော်၊ စံလင်းကျောင်းတိုက်က သုတ္တန်ပိဋကတ်တော်၊ စံကျောင်းတိုက်က အဘိဓမ္မာပိဋကတ်တော် အသီးသီးတာဝန်ယူကြရာ စံကျောင်းတိုက်သားတစ်ပါးဖြစ်သော အရှင်ဉာဏဓဇသည် ရွှေနန်းတော်အတွင်း ဗြဲတိုက်တော် ရာဇပလ္လင်မှာ "ကထာဝတ္ထု" ပါဠိတော်ကို တာဝန်ယူပြီး ပြန်ဆိုတော်မူခဲ့ပါသည်။

ရဟန်းသိက္ခာ(၈)ဝါအရတွင် စံကျောင်းတိုက်၌ ပထမစာချ အဖြစ် ချီးမြှောက်ခြင်း ခံရပါသည်။ (၁၄)ဝါအရတွင် အရှင်ဉာဏဓဇသည် စံကျောင်းဆရာတော်ဘုရားကြီး၏ ပါရမီအမေးပုစ္ဆာဆိုင်ရာ အမေးပုစ္ဆာ (၂၀)ကာ ငါ့အတွက် ဖြစ်ပေါ်လာပြီးတကား" ဟု အားတက်ရွှင်လန်း ဝမ်းသာစွာဖြင့် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို မွှေနှောက်ချောက်ချား ပြီး၊ ယင်းအမေးပုစ္ဆာ(၂၀)ကို ပါဠိဘာသာဖြင့် ရေးသားဖြေဆိုကာ စံကျောင်းဆရာတော် ဘုရားကြီးအား ဆက်ကပ်လိုက်ပါသည်။ ဆရာတော်အနေဖြင့် ပထမဆုံးရေးသားသော ပထမဆုံးလက်ရာမှာ "ပါရမီဒီပနီ"ကျမ်းစာအုပ်ဖြစ်ပါသည်။ စံကျောင်းတိုက်မှာ (၁)ဝါမှ (၁၆)ဝါအထိ သီတင်းသုံးပါသည်။ ၁၂၄၈ ခုနှစ်တွင် မုံရွာမြို့အနီး လယ်တီတောရကျောင်းတိုက်တည်ထောင်ကာ တပည့်ရဟန်းသာမဏေ များအား စာပေပို့ချသင်ပေးပါသည်။ ထိုအချိန်မှ စတင်ပြီး လယ်တီ

http://www.dhammadownload.com



ဆရာတော်ဟု ထင်ရှားကျော်ကြား လာခဲ့ပါသည်။ ၁၂၅၇ ခုနှစ် တပို့တွဲလပြည့်ကျော်(၃)ရက်နေ့တွင် လယ်တီဆရာတော်ဘုရားကြီးသည် အိန္ဒိယနိုင်ငံ၊ မဟာဗောဓိသို့ နောက်ပါတပည့်များဖြင့် ဘုရားဖူးကြွတော်မူခဲ့ပါသည်။

မန္တလေး-ရန်ကုန် မီးရထားစီးရင်း (၁၃)ပိုဒ်ရှိသော ပဋိစ္စသမုပ္ပါဒ်လင်္ကာကြီးကို ရေးသားခဲ့ပါသည်။ အိန္ဒိယသို့ အသွား သင်္ဘော(၅)ရက်လေးညခရီးဗုဒ္ဓရှင်တော်မြတ်ဘုရား၏ "အဝိဇ္ဇာဟိတ" သမိုင်းဝင်ဌာနများကို လှည့်လည်ဖူးမျှော်ရင်း "ပဋိစ္စသမုပ္ပါဒ်ဒီပနီ" ကျမ်းကြီးကို အပြီးရေးသားတော်မူခဲ့ပါသည်။ မဟာဗောဓိမှ အပြန်တွံတေးဒလတောကြီးတန်း ဆပဂံတောရ၌ ဝါကပ်တော်မူပါသည်။ ပထမဆုံး ဩဝါဒကသိုဏ်းကို ရွေးချယ်လျှက် အဖြူအဝန်းအဝိုင်းတစ်ခုကို ရှေ့မှာထားပြီး အဖြူ အဖြူ ဟု စူးစိုက်ဆင်ခြင်ကာ ကသိုဏ်းအာရုံကို တဖြည်းဖြည်းချဲ့ထွင်နှလုံးသွင်းပြီးအားထုတ်တော်မူပါသည်။ ပထမဇီးဖြူသီးခန့်နောက်ဂုံညင်းတစ်လုံးစာလောက် စသည့်ဖြင့် ဖြန့်၍ပွားများရာပင်လယ်ပြင်ကဲ့သို့ ကြည်လင်သန့်ရှင်းသော ပဋိဘာဂနိမိတ် ထင်တော်မူပါသည်။ ထို့နောက် တစ်ဝါတွင်းလုံး အာနာပါနကမ္မဋ္ဌာန်းတော်ကို ရှုပွားခဲ့ပါသည်။ လယ်တီဆရာတော်ဘုရားကြီးသည် "ဆပဂံ" တောရမှ အစပြုပြီး မဟာမြိုင် တောရသေက္ခတောင်တောရ၊ ရွှေတောင်ဦးတောင်၊ လက်ပံတောင်းတောင် အင်ကြင်းမြိုင်တောရ၊ စိန်ရောင်ခြည်တောရ၊ ဝိပဿနာကုန်းတောရ၊ ဖက်တန်းတောရ၊ ကုသိနာရုံတောင် စသည့်တို့၌ လှည့်လည်ဝါဆိုကာ သမထဝိပဿနာတရားများကို ကိုယ်တိုင်လည်းကျင့်တပည့်ဒကာ ဒကာမများအားလည်း ဟောပြောပြသတော်မူခဲ့ပါသည်။

လယ်တီဆရာတော်ဘုရားကြီးသည် စာချခြင်း၊ တရားဟောခြင်း၊ သမထဝိပဿနာတရားများအားထုတ်ခြင်း၊ တရားပြခြင်းစသည့် ပရိယတ္တိပဋိပတ်သာသနာ့ တာဝန်များကို အချိန်နှင့်တပြေးညီ မအားလပ်အောင် ဆောင်ရွက်နေသည့်ကြားမှ- ၁၂၅၉ ခုနှစ်တွင် အဘိဓမ္မတ္ထ

http://www.dhammadownload.com



သဂြိုလ်ကျမ်း၏ အဖွင့်ဖြစ်သော ပရမတ္ထဒီပနီဋီကာကို ပါဠိဘာသာဖြင့် အပြီးရေးသားတော်မူပါသည်။ ယခုအခါ လယ်တီဋီကာဟု ထင်ရှား ကျော်ကြားလူသိများနေကြသော်လည်း အမည်အပြည့်အစုံမှာ "ပရမတ္ထ ဒီပနီ"ခေါ် သဂြိုလ်မဟာဋီကာသစ် ဖြစ်ပါသည်။ အဘိဓမ္မတ္ထဒီပနီခေါ် မဟာဋီကာသစ်ကို အကြောင်းပြုပြီး ပထမလယ်တီဆရာတော် ဘုရားကြီး၏နာမည်သည် ပို၍ထင်ရှားကျော်ကြားလာခဲ့ပါသည်။ ထို့နောက် လယ်တီဒီပနီကျမ်းပေါင်း(၁၀၀)ကျော်ကိုလည်း ရေးသားပြုစု တော်မူခဲ့ပါသည်။၁၂၆၅ ခု တပေါင်းလပြည့်ကျော်(၁၁)ရက်နေ့တွင် ကင်းဝန်မင်းကြီးက လူတတန် စာတတန်ဖြင့် ပင့်လျှောက်မှုကြောင့် လက်ပံတောင်းတောင်မှ မန္တလေးရတနာပုံနေပြည်တော်သို့ ကြွရောက် တော်မူပါသည်။ နန်းတွင်းရှိ ကင်းဝန်မင်းကြီးနေအိမ်ဝင်းရှိ မဏ္ဍပ် ကြီးဝယ်(၃)ရက် (၃)ည တရားပွဲကြီး ကျင်းပခဲ့ပါသည်။

ကင်းဝန်မင်းကြီး၏ အိမ်ဦးခန်း၌ သီတင်းသုံးတော်မူပြီး နေ့အခါ မေးလျှောက်သမျှအမေးပုစ္ဆာများကို ဖြေဆိုလျှက် ညအခါတရားဟော တရားပြပါသည်။ အာနာပါန အခြေခံ၍ " သမထ ယာနိက " နည်းဖြင့် ဓာတ်သဘောဝပေါက်အောင် အတ္တဒိဋ္ဌိခေါ် သက္ကာယဒိဋ္ဌိပြုတ်အောင် အလုပ်ပေးတရား ဟောကြားတော်မူပါသည်။ တစ်ညဉ့်တွင် ကင်းဝန် မင်းကြီးက ဆရာတော်၏အပါးလာပြီး မျက်ရည်ဖြိုင်ဖြိုင်ကျကာ ဝမ်းနည်းစွာဖြင့် "ဒီလောက်နက်နဲပြီး အနှစ်သာရပြည့်ဝတဲ့ အဘိဓမ္မာ ကမ္မဋ္ဌာန်းတရားများကို ဘဝရှင် မင်းတုန်းမင်းတရားကြီး နာကြားမသွားရ ရှာဘူး ဘုရား၊ နာစေချင်စမ်းပါဘိ၊ သတိရမြင်ယောင်လွန်းလို့ ဖြေမဆည် နိုင်ဘူးဘုရား ဇရပ်တန်ဆောင်း ဂူကျောင်းပြဿဒ် ပိဋကတ်ပုထိုး အမျိုးမျိုးသော ကုသိုလ်တွေပြုပြီး သာသနဒါယကာ အမည်ခံရငြား သော်လည်း ဒီတရားမျိုးကို နာကြား မသွားရလေခြင်းဘုရား"ဟု လျှောက်ထားပါသည်။ အာနာပါန ရှုပွားနည်းကိုလည်း ဟောထားတော်မူ သည့်အတိုင်း ကျမ်းစာရေးသားပေးပါရန် လျှောက်ထားသည့်အတွက်

http://www.dhammadownload.com



အာနာပါနဒီပနီကျမ်းကိုလည်း ရေးသားတော်မူခဲ့ပါသည်။

ရဟန်းရှင်လူခပ်သိမ်း သူတို့အား ဝိပဿနာဉာဏ်ကို နည်းမှန်ကျန ယထာဘူတကျအောင် အနစ္စသဘာဝ, ဒုက္ခသဘာဝ, အနတ္တသဘာဝ သင်္ခါရတို့ကို ဉာတပရိညာတီရဏပရိညာ ပဟာနပရိညာ အစီအရင်တို့ဖြင့် အသိဉာဏ်ပွင့်လင်းပြီး ဝိဇ္ဇာဓာတ်အလင်း ရစေခြင်းငှာ ကိုယ်တိုင်ကျင့် ကိုယ်တိုင်တရားပြပြီး ဝိပဿနာ ဒီပနီကျမ်းကိုလည်း ရေးသားတော်မူခဲ့ပါသည်။ လယ်တီဆရာတော် ဘုရားကြီးသည် ကင်းဝန်မင်းကြီးစသော ဒကာ ဒကာမအပေါင်းတို့အား အာနာပါန အခြေခံထား၍ သမထယာနိကနည်းဖြင့် ဓာတ်သဘာဝပေါက်ရောက်အောင် သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောကြားပြသဘိသကဲ့သို့ ဒလမြို့ တောင်ဘက် ပျော်ဘွယ်ကြီး ရွာသာယာစုပိုင်နေ အနာဂါမ်ဟု ကျော်ကြား လတ္တံ့ဖြစ်သော ဦးဘိုးသက်အား အာနာပါနကို အခြေခံ၍ သမထယာနိကနည်းဖြင့် ဓာတ်သဘာဝ ပေါက်ရောက်အောင် သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောကြားတော်မူခဲ့ပါသည်။

လယ်တီဆရာတော်ဘုရားကြီးသည့် ပရိယတ် ပဋိပတ် နှစ်ရပ်သော ပညာအရာမှာ ထင်ရှားကျော်ကြားတော်မူသောကြောင့် ၁၂၇၇ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၂၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကြီး ဖွင့်သည့်အထိမ်းအမှတ်ဖြင့် (ဒီလစ်) ပိဋကတ္တယ ပါရဂူဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆက်ကပ်ခြင်း ခံခဲ့ရပါသည်။ ဤကဲ့သို့ ဒီပနီကျမ်းပေါင်း(၁၀၀)ကျော် ရေးသားပြီး ဤကမ္ဘာကြီးအား ဝိဇ္ဇာဓာတ်အလင်းရောင် ဖြန့်ဝေတော်မူခဲ့သော-

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကျင့်ကြံပွားများအားထုတ်ခဲ့ပါသည်။ အာနာပါန အခြေခံထားပြီး သမထယာနိက ယာဉ်စကြာကြီးစီးပြီး နိဗ္ဗာန်ခရီးသွားနိုင်ကြရန်အတွက် လယ်တီဝိပဿနာ အထူးတရား စခန်းများ ဖွင့်လှစ်ကြခြင်းဖြစ်ပါသည်။ကျေးဇူးတော် ပထမလယ်တီ ဆရာတော်

http://www.dhammadownload.com



ဘုရားကြီး၏ မျိုးဆက်သစ်ဖြစ်တော်မူသော လယ်တီဝိပဿနာ ပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်ဩဝါဒါစရိယ လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယအဖွဲ့. ဥက္ကဋ္ဌဆရာတော်ဖြစ်တော်မူသော လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ်အရှင်မြတ်သည် ကျင်းပနေကြသော လယ်တီဝိပဿနာ အထူးတရားစခန်းများအား တယ်လီဖုံးဖြင့်လမ်းညွှန်ခြင်း၊ အထူးတရားစခန်းဖွင့်လှစ်ရာ ဌာနအသီးသီးသို့ မိမိကိုယ်တိုင် လက်လှမ်းမီရာ ကြွရောက်ပြီး ဩဝါဒတရားချီးမြှင့်ခြင်းများဖြင့် ဝမ်းမြောက်ဝမ်းသာ ပဋိပတ္တိတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျှက် ရှိနေပါသတည်း။

* လယ်တီက္ကတိ မဟာထေရော၊
ပရိယတ္တိ ဝိသာရဒေါ၊
ပဋိပတ္တိစမာမကော၊
ကပ္ပဝိသုတ ပုဂ္ဂလော။

* တာဒိသံ ဂုဏသမ္ပန္နံ၊
ထေရံဝန္ဒာမိသာဒရံ၊
ဧတေန သစ္စဝဇ္ဇေန၊
သဗ္ဗေပူရေန္တု သက်ပ္ပါ။

သာဓု - သာဓု - သာဓု

မိခင်ရောဝတီ

http://www.dhammadownload.com



**နာယကအဖွဲ့**

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ သပြေပင်တောရကျောင်းစာသင်တိုက်၊ တည်ထောင်တော်မူခဲ့သော ပထမ မဟာနာယက နာနာဂန္တကာရက၊ ကျေးဇူးတော်ရှင်၊ ဘဒ္ဒန္တကေဝလာဘိသ ဒုတိယပဓာန နာယက ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ ရန်ကုန်မြို့၊ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်း ကျေးဇူးတော်ရှင် သာသနာပြု ပုဂ္ဂိုလ်ကျော်၊ ကလေးဝအဘိုးဆရာတော်၊ ဘဒ္ဒန္တသာဂရမဟာထေရ်၊ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တဇာဂရာဘိဝံသတို့မှ ဆင်းသက်ပိုင်သ တည်ထားကိုးကွယ်တော် မူခဲ့ကြသည့် အနွယ်အဆက်ဝင်ပိုင်၊ စေတီပုထိုး၊ ဘုရားတန်ဆောင်း၊ ဂူကျောင်းသိမ်ဇရပ်များ အရှည်တည်တံ့ ထွန်းကား ပြန့်ပွားရေး၊ စောင့်ရှောက်ထိန်းသိမ်း စီမံအုပ်ချုပ်နိုင်ရန် အကျိုးငှာ ဖော်ပြလတံ့ပါ အဖွဲ့ကို အနွယ်တော်ဝင် တပည့်ကြီးငယ်တို့ သဘောတူ၊ ဆန္ဒတူ၊ ကြည်ဖြူလေးမြတ်ဖွဲ့စည်းအပ်ပါသည်။ ။

**(က) အဖွဲ့၏ နာမည်**

"အနွယ်တော်ဝင်ပိုင်၊ သာသနိကအဆောက်အဦများ၊ ထိန်းသိမ်း စောင့်ရှောက် စီမံအုပ်ချုပ်ရေးနာယက **ဆရာတော်များအဖွဲ့**"။

**(ခ) အဖွဲ့၏တည်နေရာ**

ရန်ကုန်မြို့၊ (၈)မိုင်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝ တောရကျောင်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

**(ဂ) အဖွဲ့တည်ထောင်**

သာသနာတော်နှစ် ၂၅၄၆-နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ ၁၉-၁၁-၂၀၀၂

http://www.dhammadownload.com



## (ဃ) ထိန်းသိမ်းစောင့်ရှောက်စီမံအုပ်ချုပ်ရေး၊ နာယက အဖွဲ့ဝင်ဆရာတော်များ

၁။ **ဘဒ္ဒန္တ ပဏ္ဍိတ**
ဒဂုံကျောင်း၊ ဘုရားကြီးကျောင်းတိုက်၊ မန္တလေး။

၂။ **ဘဒ္ဒန္တ ဝရ**
ကလေးဝတောရကျောင်း၊ နာဂလိုဏ်ဂူ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

၃။ **ဘဒ္ဒန္တ ဓမ္မိက**
ဓမ္မိကာရုံ၊ မုံရွာမြို့။

၄။ **ဘဒ္ဒန္တ ဇာဂရာဘိဝံသ**
အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ မူလအဘိဓမ္မိက၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ မဟာသန္တိသုခ ဗုဒ္ဓစင်တာတို့၏ ဩဝါဒါစရိယ၊နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်တွဲဘက်အကျိုးတော်ဆောင် ကလေးဝတောရကျောင်းစာသင်တိုက်၊ နာဂလိုဏ်ဂူ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၅။ **ဘဒ္ဒန္တ ဂုဏာလင်္ကာရ**
သာသနဓဇ ဓမ္မာစရိယ၊ ဒီဃဘာဏက၊ သပြေပင်တောရကျောင်းစာသင်တိုက်၊ မုံရွာမြို့။

၆။ **ဘဒ္ဒန္တ သောဘိတ**
ဓမ္မာစရိယ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ မြသိန်းတန်ကျောင်းတိုက်၊ ဟိုပန်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။

၇။ **ဘဒ္ဒန္တ ပညောဘာသ**
တိုက်အုပ်ဆရာတော်၊ မြသိန်းတန်ကျောင်းတိုက်၊ ဟိုပန်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။

http://www.dhammadownload.com



၈။ **ဘဒ္ဒန္တ ပညာဝံသ**
ဓမ္မာစရိယ၊ စာချ သပြေပင် တောရကျောင်း စာသင်တိုက်၊ မုံရွာမြို့။

၉။ **ဘဒ္ဒန္တ ကောသလ**
(တိုက်အုပ်) ဓမ္မာစရိယ၊ ၃၃၇(က)၊ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀။ **ဘဒ္ဒန္တ သောမ** (တိုက်ကြပ်)

၁၁။ **ဘဒ္ဒန္တ ကုသလ** နာယကအဖွဲ့ဝင်

၁၂။ **ဘဒ္ဒန္တ ဂန္ဓသာရ**
ရွှေဂူလေး၊ မဟာပဒုမ ဝိနယဓရ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (ကျောင်းအုပ်)၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၃။ **ဘဒ္ဒန္တ သာသန**
စာချ၊ မဟာဗောဓိကက္ကျွတ်အလွတ်စာသင်တိုက်၊ အနောက်တော၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၄။ **ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒ**
တိုက်အုပ်မဟာကြီးစေတီတော်၊ မဟာကြီးဘုရား ကျောင်း အနောက်တော၊ ပဲခူးတိုင်း။

၁၅။ **ဘဒ္ဒန္တ ပညာသာမိ**
ဓမ္မာစရိယ (တိုက်အုပ်)

၁၆။ **ဘဒ္ဒန္တ သြဘာသ**
ကမ္မဋ္ဌာနာစရိယ၊ လယ်တီတောရ၊ ရွှေကြောရုံ စေတီတော်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်း။

၁၇။ **ဘဒ္ဒန္တ ဝါယမ**
သာသနာဓဇဓမ္မာစရိယ၊ တိုက်အုပ်၊ ရန်ကုန်တိုင်း၊
၃-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မင်္ဂလာရာမ စာသင်တိုက်။

http://www.dhammadownload.com



၁၈။ **ဘဒ္ဒန္တ စန္ဒောဘာသ** - ဓမ္မာစရိယ (တိုက်ကြပ်)

၁၉။ **ဘဒ္ဒန္တ သုစိတ္တ**
နာယကဆရာတော်၊ မောင်းထောင်ကျောင်းတိုက်၊
မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၀။ **ဘဒ္ဒန္တ ကောသလ**
ဓမ္မာစရိယ၊ ရှုပါရုံ သုဓမ္မာစရိ သာသနာ့ဗိမာန်၊
ရှမ်းတောရပ်၊ မုံရွာမြို့၊ မန္တလေးတိုင်း။

၂၁။ **ဘဒ္ဒန္တ တေဇ**
အုပ်ချုပ်ရေးနာယကအဖွဲ့၊ ဘုန်းတော်ကြီးသင် ပညာ
ရေးကျောင်း၊ ကလေးဝတောရကျောင်း၊ နာဂလိုဏ်ဂူ
ဘုရားကုန်းမြေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ **ဘဒ္ဒန္တ ကေလာသ**
ဓမ္မာစရိယ၊ ရန်ကုန်။

၂၃။ **ဘဒ္ဒန္တ ယုဇန**
ရန်ကုန်။

၂၄။ **ဘဒ္ဒန္တ ဝိလာသဂ္ဂ**
ဓမ္မာစရိယ၊

၂၅။ **ဘဒ္ဒန္တ သုစရိတ**
ဓမ္မာစရိယ၊ ရန်ကုန်။

၂၆။ **ဘဒ္ဒန္တ သုဟိတ**
တိုက်အုပ်၊ ဓမ္မာစရိယ၊ ကလေးဝတောရကျောင်း
စာသင်တိုက်။

၂၇။ **ဘဒ္ဒန္တ ဝိစိတ္တ**
ဓမ္မာစရိယ စာချ။

၂၈။ **ဘဒ္ဒန္တ နာဂိန္ဒ**
ရှားတောဓမ္မရိပ်သာ၊ ပျော်ဘွယ်မြို့။

မိခင်ဇရာဝတီ

http://www.dhammadownload.com



၂၉။ **ဘဒ္ဒန္တ ဝိသာရဒ**
ဓမ္မာစရိယ စာချ။

၃၀။ **ဘဒ္ဒန္တ စန္ဒိမာ**
အောင်သပြေစွယ်တော်ကျောင်း၊ စဉ်အယ်ကျေးရွာ၊ တောင်ကြီးမြို့၊ ရှမ်းပြည်တောင်ပိုင်း။

၃၁။ **ဘဒ္ဒန္တ ဂုဏိက**
ဓမ္မာစရိယ သီရိမင်္ဂလာကျောင်း၊ ကုန်းသာရွာ၊ ကနီမြို့၊ မုံရွာခရိုင်၊ စစ်ကိုင်းတိုင်း။

၃၂။ **ဘဒ္ဒန္တ ဓမ္မပါလ**
အက်တောရွာ၊ အက်တောရွာကျောင်း၊ မုံရွာမြို့။

၃၃။ **ဘဒ္ဒန္တ ပဏ္ဍိတ**
မျှော်တော်ရောက်ကျောင်း၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့။

၃၄။ **ဘဒ္ဒန္တ ဓမ္မာစာရ**
ဖားမဲ့တောရကျောင်း၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့။

၃၅။ **ဘဒ္ဒန္တ သုဒဿန**
ဓမ္မာစရိယ စာချ၊ ရွှေရေးဆောင်ကျောင်းတိုက်။

၃၆။ **ဘဒ္ဒန္တ ဇနာလင်္ကာရ**
စာချ၊ သပြေပင်တောရကျောင်း၊ မုံရွာမြို့။

၃၇။ **ဘဒ္ဒန္တ ပညာဒီပ**
ဓမ္မာစရိယ၊ ကလေးဝတောရကျောင်း၊ ကလေးဝမြို့၊ စစ်ကိုင်းတိုင်း။

၃၈။ **ဘဒ္ဒန္တ ကောသလ္လ**
ကျောင်းလှေခါးရွာ၊ ကနီမြို့။

၃၉။ **ဘဒ္ဒန္တ ကေဝလ**
မိုးပြ၊ လယ်တီတောရ။

**မိခင်ဇရာဝတီ**

http://www.dhammadownload.com



(င) အန္တယ်တော်ဝင်ပိုင်အဖြစ် သတ်မှတ်၍ စောင့်ရှောက်ထိန်းသိမ်း စီမံအုပ်အုပ်ရန် သဘောတူကြသည့် အန္တယ်တော်ဝင်ပိုင်စေတီ၊ ပုထိုး၊ ဘုရား၊ တန်ဆောင်း၊ ဂူကျောင်း၊ သိမ်၊ ဇရပ်များ။

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ သပြေပင်တောရကျောင်း၊ စာသင်တိုက် တည်ထောင်တော်မူခဲ့သော ပထမ မဟာနာယက နာနာဂန္ထကာရက ကျေးဇူးတော်ရှင် ဘဒ္ဒန္တကေဝလာဘိဝံသ မဟာထေရ်၊ ဒုတိယ မဟာနာယက ဆရာတော် ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်း ကျေးဇူးတော်ရှင် သာသနာပြု အဘိုးကလေးဝဆရာတော် ဘဒ္ဒန္တ သာဂရ မဟာထေရ်၊ အဂ္ဂမဟာ ပဏ္ဍိတဒွိပိဋကဓရ ဒွိပိဋကကောဝိဒ၊ မူလ အာဘိဓမ္မိက၊ အပြည်ပြည် ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် မဟာသန္တိသုခ ဗုဒ္ဓစင်တာတို့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တ ဇာဂရာဘိဝံသဆရာတော်တို့မှ ဆင်းသက်ပိုင်သ အန္တယ်အဆက်ပိုင် ဖြစ်တော်မူကြသော စေတီ၊ ပုထိုး၊ ဘုရား တန်ဆောင်း၊ ဂူကျောင်း၊ သိမ်၊ ဇရပ် အရပ်ရပ်တို့ အရှည် တည်တံ့၍ ပြန့်ပွားရေး အလေးပေးဆောင်တော်မူရန် ဖွဲ့စည်းထားသော "စောင့်ရှောက်ထိန်းသိမ်း စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့" သည် ဖော်ပြလတ္တံ့ပါ သာသနိက အဆောက်အဦတို့ကို "အန္တယ်တော် ဝင်ပိုင်အဖြစ်" သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ်ကြရန် သဘောတူတော်မူကြသည်။

**အန္တယ်တော်ဝင်ပိုင် သာသနိကအဆောက်အဦများစာရင်း**

၁။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၁၇. ၀၁၆)ဧကရှိ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ၊ နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်ကြီးနှင့် ဘုရား တန်ဆောင်း၊ ဂူကျောင်း၊ သိမ်၊ ဇရပ်အားလုံး။

http://www.dhammadownload.com



၂။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇-က)၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်။

၃။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမစာသင်တိုက်။

၄။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ရွှေကြာရံစေတီတော်ကြီးနှင့် လယ်တီတောရကျောင်း။

၅။ ပဲခူးတိုင်း၊ ပဲခူးမြို့၊ မဟာကြီးစေတီတော်နှင့် မဟာကြီးဘုရားကျောင်းတိုက်။

၆။ ခေါင်းဆေးကန်ဘုရားကျောင်း။

၇။ ရွှေဂူလေး မဟာပဒုမဝိနယဓရ ဘုန်းတော်သင်ပညာရေးကျောင်း၊ ပဲခူးမြို့။

၈။ မျှော်တော်ရောက်စေတီတော်နှင့် မျှော်တော်ရောက်ကျောင်း၊ ပဲခူးမြို့။

၉။ ဗားမဲ့တောရကျောင်း၊ ပဲခူးမြို့။

၁၀။ ဒဂုံကျောင်း ဘုရားကြီးတိုက်၊ မန္တလေးမြို့။

၁၁။ အဘယာရာမသူဌေးကျောင်းစာသင်တိုက်၊ ရွှေရေးဆောင်တိုက်၊ မန္တလေးမြို့။

၁၂။ စစ်ကိုင်းတိုင်း၊ သုဓမ္မာစာရီ သာသနဗိမာန်၊ မုံရွာမြို့။

၁၃။ မောင်းထောင်ကျောင်းတိုက်၊ မုံရွာမြို့။

၁၄။ သပြေပင်တောရကျောင်းတိုက်၊ မုံရွာမြို့

၁၅။ ကုန်းသာရွာ၊ သီရိမင်္ဂလာကျောင်းတိုက်၊ ကနီမြို့။

၁၆။ အက်တောရွာကျောင်းတိုက်၊ မုံရွာမြို့။

၁၇။ လယ်တီတရားရိပ်သာဓမ္မာရုံ၊ မိုးပြဲမြို့။

၁၈။ ကျောက်လှေခါးရွာကျောင်း၊ ကနီမြို့။

၁၉။ ကလေးဝတောရကျောင်း၊ ကလေးဝမြို့။

http://www.dhammadownload.com



## (စ) အခြေခံ မူလစည်းမျဉ်းများ

စေတီပုထိုး၊ ဘုရားတန်ဆောင်း၊ ဂူကျောင်း သိမ်ဇရပ်တို့ကို ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ်ရေး နာယက အဖွဲ့ဝင်ဆရာတော်များ အားလုံး လိုက်နာဆောင်ရွက်ကြရန် သဘောတူတော်မူကြသော အခြေခံ မူလစည်းမျဉ်းများသည် ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

၁။ အကြည်ညိုခံကျောင်း၊ ဘ. က. ကျောင်း၊ စာသင်တိုက်ကျောင်း၊ တရားကျောင်းတို့အားလျော်သော ကျောင်းထိုင်နာယကများကို ရွေးချယ်တင်မြှောက် ခန့်ထားရမည်။

၂။ (က) ရန်ကုန်မြို့၊ နာဂလိုဏ်ဂူကလေးဝတောရ ကျောင်းတိုက်၊ လယ်တီဝိပဿနာကျောင်းတိုက်၊ ပဲခူးမဟာကြီးဘုရားကျောင်းတိုက်၊ ရွှေဂူလေးကျောင်းတိုက်၊ မုံရွာမြို့၊ သပြေပင်တောရကျောင်းတိုက်တို့၌ နာယက ဆရာတော် လစ်လပ်ခဲ့သော် အုပ်ချုပ်ရေး နာယကအဖွဲ့ဝင် ဆရာတော်အားလုံး၏ ဆန္ဒ ရယူ၍ နာယကဆရာတော် ခန့်ထားရမည်။ ဆန္ဒတူညီမှုမရခဲ့သော် ဩဝါဒါစရိယ ဆရာတော်များထံ ဩဝါဒခံယူခန့်ထားရမည်။

(ခ) အခြားကျောင်းများ၌ ကျောင်းထိုင်နာယက ခန့်ထားရာတွင် ဝန်ဆောင်နာယကအဖွဲ့က ညှိနှိုင်းတိုင်ပင်၍ ကျောင်းရှိ ကျောင်းထိုင်အင်္ဂါ ပြည့်မှီသော ရဟန်းတော်ကို ဦးစားပေး ခန့်ထားရမည်။

၃။ ညှိနှိုင်းတိုင်ပင်၍ ပြေလည်မှုမရှိပါက ဩဝါဒါစရိယ ဆရာတော်များ၏ ဩဝါဒကို ခံယူ၍ တင်မြှောက် ခန့်ထားရမည်။

မိခင်ဇရာဝတီ

http://www.dhammadownload.com



၄။ စာသင်တိုက်၌ စာချနာယကများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ခေတ်ပညာတတ် ရဟန်းသာမဏေ၊ သီလရှင်များ၊ တရားရိပ်သာ၌ ကမ္မဋ္ဌာနာစရိယများ လျော့ပါးနေပါက ဝန်ဆောင် နာယကအဖွဲ့က ဝိုင်းဝန်းဖြည့်ဆည်းပေးရမည်။

၅။ စာသင်တိုက်ကျောင်းထိုင်နာယက ဆရာတော်သည် စာသင်တိုက်များ၌ စဉ်ဆက်မပြတ် စောင့်ရှောက်ထိန်းသိမ်းနိုင်ရန် ဓမ္မာစရိယဘွဲ့ရ စသည် အရည်အချင်းရှိ ရဟန်းသာမဏေ၊ သာသနာ့နွယ်ဝင် သီလရှင်များ ပေါ်ထွန်းလာရေး ပြုစုပျိုးထောင်ပေးရမည်။

၆။ ဘ. က ကျောင်းအုပ်နာယကဆရာတော်သည် စဉ်ဆက်မပြတ်စောင့်ရှောက်ထိန်းသိမ်းနိုင်ရန် ဘွဲ့ရ ရဟန်းသာမဏေ၊ သာသနာ့နွယ်ဝင်သီလရှင်များ ပေါ်ထွန်းလာရေး ပြုစုပျိုးထောင်ပေးရမည်။

၇။ တရားရိပ်သာကျောင်းထိုင်နာယကဆရာတော်သည် ရိပ်သာများ၌ စဉ်ဆက်မပြတ် ထိန်းသိမ်း စောင့်ရှောက်နိုင်မည့် အရည်အချင်းပြည့်မီသော **တရား**ဟော၊ တရားပြနိုင်မည့် ရဟန်းသာမဏေ၊ သီလရှင်၊ အမျိုးသား အမျိုးသမီးများ ပေါ်ထွန်းလာရေး ပြုစုပျိုးထောင်ပေးရမည်။

၈။ ကျောင်းတိုက်အသီးသီးရှိ ကျောင်းထိုင်နာယကဆရာတော်သည် မိမိတို့ပြုစုပျိုးထောင်သဖြင့် ပေါ်ထွန်းလာသော ဘွဲ့ရနှင့် အရည်အချင်း ပြည့်မီသော စာရင်းကို ဝန်ဆောင်နာယကအဖွဲ့သို့ နှစ်စဉ် ဝါဆိုစာရင်းနှင့်အတူ ပေးပို့ရမည်။

http://www.dhammadownload.com



၉။ ဝန်ဆောင်နာယကအဖွဲ့သည် ပေးပို့လာသော အရည်အချင်းပြည့် တပည့်ကြီးများဖြင့် အခါအားလျော်စွာ စောင့်ရှောက်ထိန်းသိမ်းစီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့ကို အင်အားဖြည့်ထားရမည်။

၁၀။ ဤအဖွဲ့သို့ ကျောင်းတိုက်နှင့်တကွ ပါဝင်လိုကြသော အနွယ်အဆက်ဝင်ဆရာတော်ကို အုပ်ချုပ်ရေးနာယက အဖွဲ့က အသိအမှတ်ပြု လက်ခံရမည်။

၁၁။ ဝန်ဆောင်နာယကအဖွဲ့သည် နာယကရွေးချယ်ရာ၌ စွမ်ဆောင်အားနှင့် အသက်သိက္ခာကျောင်းထိုင်အင်္ဂါအရပ်ရပ်တို့နှင့် ပြည့်စုံသည့် ဆရာတော်ကို ဦးစားပေး၍ ကျောင်းထိုင်တင်မြှောက်ကြရမည်။

၁၂။ ဤအဖွဲ့က နေရာချထားပေးခံရရှိသော နာယကဆရာတော်သည် အဖွဲ့ကို လေးစားသောအားဖြင့် မငြင်းဆန်ပဲ ချထားသည့်နေရာ၌ အနည်းဆုံး(၃)နှစ်သီတင်းသုံးနေထိုင်အုပ်ချုပ်ရမည်။

၁၃။ ကျောင်းထိုင်ဆရာတော် အဖွဲ့ထံ တင်ပြ၍ မိမိအုပ်ချုပ်သော ကျောင်းတိုက်၌ စာချနာယက၊ အုပ်ချုပ်ရေးနာယက၊ တရားဟောတရားပြ ခန့်ထားရမည်။

၁၄။ ကျောင်းတိုက်အသီးသီး၌ ရန်ပုံငွေစည်းမျဉ်း ကပ္ပိယကာရကအဖွဲ့ သီးခြားစီထားခွင့် စီမံခွင့်ရှိကြရမည်။

၁၅။ ကျောင်းထိုင်နာယကဆရာတော်၏ ဝန်ဆောင်အားပျော့ညံ့၍ ယိမ်းယိုင်နွဲ့ပါးပျက်ပြား ဆုတ်ယုတ်နေလျှင် ဝန်ဆောင်နာယက အဖွဲ့က တိုင်ပင်ညှိနှိုင်း၍ ကျောင်းထိုင်နာယကအသစ် တင်မြှောက်ခန့်ထားပြီး

http://www.dhammadownload.com



မူလနာယကကို အဆိုပါ ကျောင်းတိုက်၌ ဩဝါဒါစရိယ ခန့်ထားရမည်။

၁၆။ ဝန်ဆောင်နာယကအဖွဲ့သည် အခါအားလျော်စွာ အုပ်ချုပ်ရေး၊ ပညာရေး၊ သာသနာရေးကိစ္စများ စည်းမျဉ်း ထုတ်ပြန်ပေးနိုင်သည်။

၁၇။ အုပ်ချုပ်ရေးနာယကအဖွဲ့သည် မိမိတို့အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဥက္ကဋ္ဌအကျိုးတော်ဆောင် အဖွဲ့ဝင်ဆရာတော်များကို တိုင်ပင်ညှိနှိုင်း၍ (၁၀)နှစ် တစ်ကြိမ် ရွေးချယ်ခန့်ထားရမည်။

၁၈။ အုပ်ချုပ်ရေးနာယကအဖွဲ့သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ၏ အဆိုအမိန့်၊ စာပေ၊ သာသနာပြုလုပ်ငန်းတို့ကို အရှည်တည်တံ့၍ ပြန့်ပွားရေးအလေးပေး ဆောင်ရွက်ကြရမည်။

၁၉။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ညွှန်ကြားချက်များကို အလေးဂရုပြုကြရမည်။

၂၀။ ဤအဖွဲ့အစည်းသည် ရည်ရွယ်ထားသော စဉ်ဆက်မပြတ် သာသနာတော်ပြန့်ပွားရေး၊ တည်တံ့ရေးမှတစ်ပါး အခြားနိုင်ငံရေးစသည်အတွက် မဖြစ်စေရ၊ အသုံးမချရ။

၂၁။ ကျောင်းထိုင်နာယက ဆရာတော်တစ်ပါးပါးသည် နာယကဂုဏ်ပျက်နိုင်လောက်သော လောကဓမ္မဥပဒေတစ်ရပ်ရပ်ဖြင့် ငြိစွန်းနေကြောင်း ထင်ရှားလျှင် အဖွဲ့မှ အချိန်မီ အလျှင်အမြန် ကျောင်းထိုင်နာယက အစားထိုး ရွေးချယ်တင်မြှောက်ရမည်။

http://www.dhammadownload.com



**ဩဝါဒစရိယဆရာတော်များ**

၁။ ဘဒ္ဒန္တ **ပဏ္ဍိတ** (ဒဂုံကျောင်း၊ ဘုရားကြီးတိုက်၊ မန္တလေးမြို့။)

၂။ ဘဒ္ဒန္တ **ဓမ္မိက** (ဓမ္မိကာရုံကျောင်းတိုက်၊ မုံရွာမြို့။)

၃။ ဘဒ္ဒန္တ **ဇာဂရာဘိဝံသ** (ကလေးဝတောရကျောင်း၊ ရန်ကုန်မြို့)

၄။ ဘဒ္ဒန္တ **ကောသလ္လ** (ကျောက်လှေခါးရွာ၊ ကနီမြို့။)

## ဝန်ဆောင်နာယက ဆရာတော်များအဖွဲ့

**ဥက္ကဋ္ဌဆရာတော်များ**

၁။ ဘဒ္ဒန္တ **ဂုဏာလင်္ကာရ**
သပြေပင်တောရကျောင်းတိုက်၊ မုံရွာမြို့။

၂။ ဘဒ္ဒန္တ **သောဘိတ**
မြသိန်းတန်ကျောင်းတိုက်၊ ဟိုပန်မြို့။

**အကျိုးတော်ဆောင် ဆရာတော်များ**

၃။ ဘဒ္ဒန္တ **ဂန္ဓသာရ**
(၁) ရွှေဂူလေး၊ မဟာပဒုမ ဝိနယဓရဘုန်းတော်ကြီးသင်
ပညာရေးကျောင်း၊ ပဲခူးမြို့။

၄။ ဘဒ္ဒန္တ **ရေဝတ**
(၂) ကလေးဝတောရကျောင်း၊ ရန်ကုန်မြို့

## ဝန်ဆောင်နာယကအဖွဲ့ဝင်ဆရာတော်များ

၅။ ဘဒ္ဒန္တ သုဒဿန
သူဌေးကျောင်း၊ ရွှေရေးဆောင်တိုက်၊ မန္တလေးမြို့။

၆။ ဘဒ္ဒန္တ သုဟိတ
ကလေးဝတောရကျောင်း၊ ရန်ကုန်မြို့။

၇။ ဘဒ္ဒန္တ ကောသလ
သုဓမ္မာစာရီ သာသနာ့ဗိမာန်ကျောင်း၊ မုံရွာမြို့။

၈။ ဘဒ္ဒန္တ စန္ဒိမာ
အောင်သပြေစွယ်တော်ကျောင်း၊ တောင်ကြီးမြို့။

၉။ ဘဒ္ဒန္တ ကောသလ
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မိခင်ဇရာဝတီ